
MH
SP
STEPHEN
KING
လင်းခန့်
PET SEMATARY
WHISPER OF WORDS

စတီဖင်ကင်း၏ မိတ်ဆက်စကား

ကျွန်တော် ရေးခဲ့တဲ့ စာအုပ်တွေထဲမှာ ဘယ်ဟာက ကြောက်ဖို့ အကောင်းဆုံးလဲလို့ (မကြာခဏ ဆိုသလို) အမေးခံရတယ်။ ဒီအတွက်တော့ တုံ့ဆိုင်းနှောင့်နှေးခြင်း မရှိဘဲ အလွယ်ကလေး ဖြေနိုင်ပါတယ်၊ Pet Sematary ပါ ပဲ။ စာဖတ်ပရိသတ် အတွက်တော့ Pet Sematary က ကြောက်ဖို့ အကောင်းဆုံး ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ ကျွန်တော့်ဆီ ပို့ကြတဲ့ စာတွေအရ ဆို သူတို့အတွက် ကြောက်ဖို့ အကောင်းဆုံးက The Shining ဖြစ်လိမ့်မယ် ထင်တယ်။ လူအမျိုးမျိုး၊ စိတ်အထွေထွေ ဆိုသလိုပဲ ကြောက်စိတ် ဆိုတာ ကလည်း တယောက်နဲ့ တယောက် ဘယ်တူနိုင်ပါ့ မလဲနော်။

ကျွန်တော် မှတ်မိသလောက် ကတော့ Pet Sematary ကို ရေးပြီးတဲ့နောက် ဖတ်မကြည့်တော့ဘူး ကွာ ဆိုပြီး အံဆွဲထဲ ထည့်ပိတ် ထားလိုက်မိတာပဲ။ နောက်ပိုင်း ပရိသတ်က လက်ခံလာတဲ့ အထိတောင် ကျွန်တော် ကတော့ ကိုယ့်ခံစားချက်နဲ့ကိုယ် လက်မခံနိုင်သေးဘူး။ ရှင်းရှင်း ပြောရရင် ကျွန်တော် ရေးခဲ့တာကို ဇာတ်သိမ်းကအစ ကိုယ့်ဘာသာ ပြန်ကြောက် နေ မိတယ်။ အရင်ကဆို စာအုပ် တအုပ်ကို ဘယ်လိုကြောင့် ရေးဖြစ်ပါတယ် ဘာညာ ပြောခဲ့ဖူးတယ်။ အခုလည်း ထပ်ပြော ရဦးတော့မှာပေါ့။ ကိုယ် စိုက်ပျိုးသမျှ ကိုယ်ပဲ ပြန်ရိတ်သိမ်း ရမှာကိုး။

၁၉၇၀ နှောင်းပိုင်းတုန်းကပေါ့။ ဟိုးအရင်က တက်ခဲ့ဖူးတဲ့ မိန်းတက္ကသိုလ်မှာ တနှစ်လောက် စာလာသင်ပေးဖို့ ကျွန်တော် ဖိတ်ကြားခံရတယ်။ မွေးရပ်မြေက စာရေးဆရာ တယောက် အနေနဲ့ ထူးခြားဆန်းကြယ် စာပေဘာသာရပ် အတွက် အတန်းချိန်တခု ယူပြီး သင်ပေးရတယ်။ (အဲဒီ သင်တန်းရဲ့ လက်ချာ မှတ်စုတွေကနေ Danse Macabre ဝတ္ထု အတွက် ဇာတ်လမ်း ကျောရိုး ရလာခဲ့ပြီး နောက်တနှစ်၊ နှစ်နှစ်လောက် ကြာတော့ စာအုပ် ထုတ်ဖြစ်ခဲ့တယ်။) ကျွန်တော်တို့ လင်မယားက တက္ကသိုလ် ပရဝုဏ်နဲ့ ဆယ့်နှစ်မိုင် အကွာမှာရှိတဲ့ အော်ရင်တန်မြို့က အိမ် တလုံးမှာ ငှားနေတယ်။ မိန်းပြည်နယ်ထဲက အဲဒီ မြို့ကလေးဟာ တော ဆန်ပေမဲ့ နေလို့ထိုင်လို့ အတော် ကောင်းသလို အိမ်ကလည်း ခြံနဲ့ဝင်းနဲ့ အင်မတန် ကောင်းတယ်။ ပြဿနာက ကျွန်တော်တို့ အိမ်ရှေ့ဟာ ကား လမ်းမကြီး ဖြစ်နေတာပဲ။ ကားကတော့ အတော်ရှုပ်တယ်၊ ဓာတုဗေဒ စက်ရုံက ဆီကားကြီးတွေလည်း ပါတယ်။

လမ်းတဖက်မှာ စတိုးဆိုင် တဆိုင် ရှိတယ်။ ဆိုင်ပိုင်ရှင်က ဂျူလီယိုဆန်းတစ်တဲ့။ သူက ကျွန်တော်တို့ လင်မယားကို ကလေးတွေကို ဂရုတစိုက် ကြည့်နေဖို့၊ ကလေးတွေ မွေးထားတဲ့ တိရစ္ဆာန်လေးတွေ ရှိရင်လည်း လက်လွတ်စပယ် လွှတ်မထားဖို့ မှာတယ်။ "ဒီလမ်းက တိရစ္ဆာန် သိပ်စား တာ"လို့ ဂျူလီယိုက ပြောတယ်။ အဲဒီ စကားကို ဇာတ်လမ်းထဲမှာလည်း သက်ဆိုင်ရာမှာ

နေသားတကျ ထည့်ထားတယ်။ ကျွန်တော်တို့ ငှားနေတဲ့ အိမ်အနောက်ဘက်မှာ တောအုပ်တခု ရှိတယ်။ တိရစ္ဆာန်တွေ ဘယ်လောက်တောင် အစားခံရတယ် ဆိုတဲ့ သက်သေက အဲဒီမှာပဲ။ တော ထဲမှာ သင်္ချိုင်းကလေး တခု ရှိတယ်။ အနီးအနားက ကွင်းပြင်တွေ ဘာတွေကနေ ဖြတ်ပြီး အဲဒီနေရာဆီ သွားတဲ့ လမ်းကျဉ်းကလေး တခုလည်း ရှိတယ်။ ယာယီ သဘောနဲ့ အဖြစ် လုပ်ထားတဲ့ ချစ်စရာ အဲဒီသင်္ချိုင်း ကလေး အပြင်ဘက်က သစ်ပင်မှာ Pet Sematary လို့ ရေးထားတဲ့ ဆိုင်းဘုတ်လေး တခု ချိတ်ထားတယ်။ ဒီစာသားက စာအုပ်ထဲမှာတင်မဟုတ်ဘဲ စာအုပ်ခေါင်းစဉ်ပါ ဖြစ်လာတယ်။ အဲဒီ သင်္ချိုင်းကလေးထဲမှာ ခွေးတွေ၊ ကြောင်တွေကို မြှုပ်ထားတယ်။ ငှက်ကလေးတွေ ဘာတွေလည်း ရှိတယ်။ ဆိတ်တောင် ရှိတယ်။

အဲဒီ အချိန်တုန်းက သမီးကလေးက အသက်ရှစ်နှစ်။ သူ့မှာ စမက်ကီဆိုတဲ့ ကြောင်တကောင် ရှိတယ်။ အော်ရင်တန်က အဲဒီအိမ်ကို ပြောင်းလာပြီး မကြာဘူး။ အိမ်ရှေ့အိမ်က ခြံထဲမှာ စမက်ကီ သေနေတာကို တွေ့တယ်။ အဲဒီအမှတ် ၅ လမ်းမကြီးက ကျွန်တော့် သမီးလေး သိပ်ချစ်တဲ့၊ ခုမှ ရောက်လာတဲ့ တိရစ္ဆာန် အသစ်စက်စက် ကလေးကို စားပစ်လိုက်တာပဲ ဖြစ်ရမယ်။ စမက်ကိ်ကို ကျွန်တော်တို့ Pet Sematary မှာ မြေမြှုပ် သင်္ဂြိုဟ် ပေးလိုက်တယ်။

သမီးက ကမ္ပည်းတိုင်မှာ "အမိန့် နာခံတတ်သော စမက်ကီ"လို့ ရေးတယ်။ (တကယ်တော့ ဘာအမိန့်မှလည်း နာခံတတ်တာ မဟုတ်ပါဘူး၊ ကြောင်ပဲ ဟာ)

ညရောက်လာတဲ့ အထိ အားလုံး ပုံမှန်လိုပဲ။ နောက်တော့ ကားရုံထဲကနေ တခုခုကို ထုရိုက်နေသံ ကြားရတယ်။ မီးပန်းလေးတွေ ဖောက်နေသလို တဖောက်ဖောက်နဲ့ နောက်တော့ ငိုယိုနေတဲ့ အသံပါ ပါလာတယ်။ ကျွန်တော်က ဘာများလဲလို့ သွားစပ်စု ကြည့်တော့ ဒေါသတဝက်၊ သောကတဝက်နဲ့ ဗျာများနေတဲ့ သမီးလေး ဖြစ်နေတယ်။ သူက အဲဒီလို အချိန်မှာတောင် လှရက်တာဗျား။ သင်္ဘောပေါ် ကုန်တင်ရင် တခါတလေ ကွဲမှာစိုးလို့ ပလတ်စတစ် အဖုလေးတွေ ခံပြီး ထုပ်ပိုးတဲ့ ပါကင်ပစ္စည်းတွေ ကို ဘယ်က ဘယ်လို ရှာတွေ့တယ် မသိဘူး။ သူက အဲဒီအဖုပါတဲ့ ပလတ်စတစ်စတွေပေါ် တက်ခုန်ပြီး အော်ဟစ် သောင်းကျန်းနေတာ။ ပါးစပ်ကလည်း "သူက သမီးရဲ့ကြောင်။ ဘုရားသခင် ကြောင်လိုချင်ရင် သူ့ဟာသူ မွေးပေါ့။ စမက်ကီက သမီးရဲ့ကြောင်"လို့ ရွတ်နေတယ်။ ဒီစကား ဟာ ဝမ်းနည်း ပူဆွေးရာကနေ ဒေါသအလျှောက် ပေါက်ကွဲ ထွက်လာတဲ့ လူသား တယောက်မှာ ရှိနေနိုင်တဲ့ စိတ်ကူး အစစ်ပဲလို့ ထင်မိတယ်။ "ဘုရားသခင် ကြောင်လိုချင်ရင် သူ့ဟာသူ မွေးပေါ့"လို့ စိတ်ထဲရှိရာ ပြောင်ပြောင်တင်းတင်း အာခံ အော်ဟစ်ရဲတဲ့ အတွက် သမီးကိုလည်း ချစ်တယ်။ ဆက်လုပ်ပါ၊ အချောလေးရေ။ အဖေ အားပေးတယ်။

အဲဒီတုန်းက အငယ်ဆုံး သားလေးက နှစ်နှစ်တောင် မပြည့်တတ်သေးဘူး။ သူက လမ်းစမ်း လျှောက်နေသလို ပြေးဖို့တောင် လေ့ကျင့်နေလေရဲ့။ စမက်ကီသေပြီး သိပ်မကြာခင် တနေ့၊ ကျွန်တော်တို့ မိသားစု အိမ်နောက် ဘက်

ခြံဝင်းထဲမှာ စွန်လွှတ်တမ်း ကစားကြတယ်။ တကြိမ်မှာ သားတော် မောင်က စွန်ကို ခေါင်းပေါ်ရွက်ပြီး လမ်းမပေါ် ပြေးချသွားတယ်။ စီယန်ဘ ရှိ ကုန်တင်ကားကြီးတွေ မောင်းလာတာ ကြားလို့ ကျွန်တော်က သူ့နောက် ပြေးလိုက်ပြီး ဖမ်းမိပေလို့၊ မဟုတ်ရင် ပွဲသိမ်းပဲ (ဝတ္ထုထဲမှာတော့ အော်ရင် ကို ကုန်တင်ကားပေါ့)။ အကယ်၍များ ကျွန်တော်သာ သူ့ကို ဖမ်းဆွဲ မထား လိုက်နိုင်ရင်၊ ဒါမှမဟုတ် သူ့ဘာသာ ဆက်ပြေးသွားမိရင် ဘာတွေ ဖြစ်ကုန်မလဲ မသိဘူး။ တကယ်တမ်း အကြောက်တရားနဲ့ ရင်ဆိုင်ရတဲ့အခါ ခေါင်း ထဲမှာ ဘာမှ မရှိတော့ဘူး။ သေချာတာ ကတော့ အခုထိ သူဟာ ကောင်းကောင်း မွန်မွန် ကျန်းကျန်းမာမာနဲ့ လူငယ်ကလေး တယောက် ဖြစ်နေတုန်းပဲ။

ဒါပေမဲ့ ကျွန်တော့်ရဲ့စိတ် တစိတ်တပိုင်းဟာ "အကယ်၍များ" ဆိုတဲ့ ထိတ်လန့် ချောက်ချားစရာ အတွေးန္တံထဲကနေ ဘယ်တော့မှ လွတ်မြောက် မသွားဘူး။ ကျွန်တော် သူ့ကို ဖမ်းမမိလိုက်ဘူး ဆိုပါစို့၊ ဒါမှမဟုတ် သူက လမ်းအစွန်းမှာ မဟုတ်ဘဲ လမ်းအလယ်ကောင်မှာ ချော်လဲသွားတယ် ဆိုပါစို့။

သောကမီး လောင်မြိုက် ခံရတာကို ဖော်ပြချင်လို့ စာအုပ်ထဲမှာ ဒါတွေ ဖြစ်ခိုင်းရတာကို သိမယ် ထင်ပါတယ်။ ကျွန်တော်က လက်ရှိ ဖြစ်ပျက်ခဲ့တာ တွေကို "အကယ်၍များ"ဆိုတဲ့ ကြောက်မက်ဖွယ်ရာ ခေါင်းစဉ်အောက်မှာ ရိုးရိုးကလေး ထည့်လိုက်တယ်။ တနည်း ပြောရရင် မတွေးဝံ့စရာတွေကို ကိုယ့်ဘာသာ တယောက်တည်း လျှောက်တွေး မနေတော့ဘဲ ချရေး လိုက် တာပါပဲ။

အော်ရင်တန်က အိမ်မှာ စာရေးဖို့ နေရာလွတ် မရှိပေမဲ့ ဂျူလီယို့ဆိုင်မှာ အခန်းလွတ် တခန်း ရှိတယ်။ Pet Sematary ကို အဲဒီ အခန်းထဲမှာ ရေးတာ။ ရေးရင်းနဲ့ တရက်ပြီး တရက် သဘောကျ လာမိတယ်။ သိပ်မိုက်တဲ့ ဇာတ်လမ်း တပုဒ်မို့ ကျွန်တော်လည်း ရေးရတာ စျာန်ဝင်သလို စာ ဖတ်သူတွေလည်း နှစ်ခြိုက်လိမ့်မယ်လို့ သိနေတယ်။ တနေ့ကို နည်းနည်းချင်းစီ ရေးတော့ အများကြီး ရေးလိုက်ရတယ် လို့လည်း မခံစား ရတော့ဘူး။ လက်စသတ်ပြီးတဲ့ အခါမှာတော့ ခြောက်ပတ်လောက် နား လိုက်တယ်။ ကျွန်တော့်ရဲ့ စာရေးနည်းက အဲဒီလို။ ပြီးတော့မှ ပြန်ဖတ်ကြည့်တယ်။ အဲဒီအခါ ကျွန်တော့်ဘာသာတောင် အင်မတန် ထိတ်လန့် ကြောက်ရွံ့မိတဲ့ အတွက် ဘယ်တော့မှ မထုတ်တော့ဘူး ဆိုပြီး အံဆွဲထဲ ထည့်သိမ်း ထားလိုက်တော့တယ်။ အနည်းဆုံး ကျွန်တော် သက်ရှိထင်ရှား ရှိ နေသရွေ့ ပေါ့လေ။

ဒါပေမဲ့ အခြေအနေ အကြောင်းကြောင်းကြောင့် ထုတ်ခဲ့ရတယ်။ ကျွန်တော်နဲ့ စာချုပ် ချုပ်ထားတဲ့ အစောပိုင်းက Doubleday စာအုပ်တိုက်နဲ့ စာရင်း ရှင်းအပြီးမှာ နောက်ဆုံး တအုပ် အနေနဲ့ သူ့ကို ပေးစရာ ကျန်နေတယ်။ သူ့ကို တခါမှ ဖွင့်မပြောဖူးတဲ့ Pet Sematary ကလည်း လက်ထဲမှာရှိနေတယ်။ ဘာဆက်လုပ်ရမှန်း မသိတာနဲ့ ကျွန်တော့်ရဲ့ အကောင်းဆုံး အကြံပေးဖြစ်တဲ့ ဇနီးသည်ကို ဖွင့်ဟ တိုင်ပင်ကြည့်တော့ သူက ပေးလိုက်ချေ၊ ထုတ်ပါစေလို့

ပြောတယ်။ သူကတော့ စာအုပ်က သိပ်ကောင်းတာပဲလို့ ထင်သတဲ့။ ကောင်းတာပေါ့၊ ကောင်းလွန်းလို့ကို မဖတ်ရဲတာ။

အဲဒီတုန်းက ကျွန်တော့်ရဲ့ အစောပိုင်း အယ်ဒီတာ ဘေလ်သွန်ပ်ဆင်က Doubleday စာအုပ်တိုက်ကို ရောက်နေပြီ။ (နောက်တော့ ဘေလ်က Everest House စာအုပ်တိုက်ကို အကြောင်းကြောင်းကြောင့် ပြောင်းသွားတယ်။ Danse Macabre ကို စာအုပ်ထုတ်ဖို့ အကြံပေးတာလည်း သူပဲ။ ပြီးတော့ သူပဲ တည်းဖြတ် ထုတ်ဝေခဲ့တယ်။) ဒီတော့ ကျွန်တော်က စာအုပ်ကို အယ်ဒီတာတွေထဲမှာ အကောင်အကြီးဆုံး ဖြစ်တဲ့ ဆမ်ဗောန်းဆီ ပို့လိုက်တယ်။ ဆမ်က ဒီစာအုပ်ကို သူ ကိုင်မယ်လို့ အပြီးသတ် ဆုံးဖြတ် လိုက်တယ်။ နိဂုံးကို သူ့နည်းသူ့ဟန်နဲ့ ပြင်ဆင် တည်းဖြတ် လိုက်တဲ့ အခါ စာအုပ် က ကောင်းတဲ့ အဆင့်ကနေ ပိုကောင်းတဲ့အဆင့် ရောက်သွားရော။ ဒီအတွက် သူ့ကို အမြဲတမ်း ကျေးဇူးတင်တယ်။ စာအုပ်ကို ပြန်ဖတ်တိုင်းမှာ အခုချိန်ထိ တနည်းတဖုံ သောကရောက်ရဆဲ ဖြစ်ပေမဲ့လည်း ဒီစာအုပ် ကို ရေးမိလို့ ကျွန်တော် လုံးဝ နောင်တ မရပါဘူး။

လူးဝစ်ခရိဒ်ရဲ့ အိမ်နီးနားချင်း အဘိုးကြီး ဂျထ် ပြောခဲ့တဲ့ စာအုပ်ရဲ့ ပဲ့တင်ထပ်ဆုံး စာကြောင်း “တခါတလေ သေသွားတာ ပိုကောင်းတယ် လူးဝစ်” ဆိုတဲ့ စကားကို ကျွန်တော် လွယ်လင့်တကူ ရေးနိုင်ခဲ့တာ မဟုတ် ပါဘူး။ ဒီစာသားက အမှန်တရား ဟုတ်ချင်မှ ဟုတ်လိမ့်မယ်။ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲ ပြောခဲ့တာပါ။ ဒါကြောင့်လည်း Pet Sematary ထဲက စာသားတွေက ခြောက်အိပ်မက် မက်လောက်အောင် ခံစားရစေတာ ဖြစ်မယ်။ နောင်ကျရင်တော့ အဆင်ပြေချင် ပြေသွားမှာပေါ့လေ။ ပလတ်စတစတွေပေါ် တက်ခုန်ပြီး “ဘုရားသခင် ကြောင် (ဒါမှ မဟုတ် ကလေး) လိုချင်ရင် သူ့ဟာသူ မွေးပေါ့။ ကျွန်တော်တို့ဆီကတော့ လာမယူပါနဲ့”လို့ ပြောမယ့်အစား “တခါတလေ သေသွားတာ ပိုကောင်းတယ်” ဆိုတဲ့ စကားက သောကငြိမ်းစေတဲ့ ဖြေဆည်ရာ သင်ခန်းစာတခု ဖြစ်ချင် ဖြစ်မှာပါ။ အဆုံးသတ် ပြောချင်တာကတော့ ကံစီမံရာကို လက်ခံမှ သာ စိတ်အေးချမ်းမှုကို မိမိကိုယ်မှာ ရှာတွေ့နိုင်ကြမှာ ဖြစ်ပါကြောင်း။ ဒီလို ပြောလိုက်ရင် ဒါများ ဘာထူးဆန်းလို့လဲ ဆိုတာမျိုး ပြန်စောဒကတက်ချင် တက်မှာပဲ။ ကျွန်တော်တို့လို သေမျိုး သာမန်လူတွေ အဖို့တော့ သေခြင်း တရား ဆိုတာ အလွယ်တကူ ဖြေဆည်လို့ ရတာမျိုးမှ မဟုတ်ဘဲ။ ကျွန်တော်ကတော့ မရဏ အမှောင်လောက နယ်ပယ်ကို နောက်တမျိုး လှည့်တွေးပြီး ခြေလှမ်း ကြည့်တာပါပဲ။

စက်တင်ဘာလ ၂၀ ရက်၊ ၂၀၀၀ ခုနှစ်

***

တချို့ လူတွေဟာ သူတို့ လုပ်ဆောင်ခဲ့တဲ့ အရာတွေ၊ လုပ်ခဲ့ရတဲ့ အကြောင်းရင်းတွေကို စာတစောင် ပေတဖွဲ့ ရေးသားမှတ်တမ်းတင် ကြတာ ရှိတယ်။ ဥပမာ ဂျွန်ဒင်း၊ ဟင်နရီကစ်ဆင်န်ဂျာ၊ အဒေါ့ဖ်ဟစ်တလာ၊ ကာရေချက်စ်မန်း၊ ဂျက်ဘ်မက္ကရူဒါ၊ နပိုလျံ၊ တယ်လေရန်း်ဒ်၊ ဒစ္စရေးလီ၊ ဘော့ဘ်ဒေလန်လို့ နာမည်ကျော်တဲ့ ရောဘတ်ဇင်မာမန်း၊ လေ့ဘ်ကာ၊ ချာလ်တန်ဟတ်စ်တန်၊ အာရိုဖလင်း၊ ဂန္ဓီ၊ ချားလ်အော့လ်ဆွန် စသဖြင့်။

ဘုရားသခင်ဟာလည်း သူလုပ်ခဲ့တဲ့ အရာတွေ၊ လုပ်ခဲ့ရတဲ့ အကြောင်းရင်းတွေကို စာတအုပ်၊ ဒါမှမဟုတ် စာအုပ်တွေ ရေးခဲ့တယ်လို့ လူအများစုက ယုံကြည်ကြတယ်။ လူသားတွေကို ဘုရားသခင်က ဖန်ဆင်း ပေးခဲ့တယ်လို့ ယုံကြသူတွေကလည်း ဒီလိုလူတွေ အများစုပါပဲ။ ဒါဆိုဘုရားသခင်ကို လူပုဂ္ဂိုလ် ဒါမှမဟုတ် ပုဂ္ဂိုလ်ထူး တပါးပါးလို့ ယူဆနိုင် မယ် ထင်တယ်။

တချို့ လူတွေကျတော့ သူတို့ လုပ်ခဲ့တဲ့ အရာတွေ၊ လုပ်ရတဲ့ အကြောင်းရင်းတွေ၊ ပြီးတော့ သူတို့ မြင်ခဲ့ရတာတွေကို စာနဲ့ ရေးမထားခဲ့ ကြဘူး။ ဥပမာ ဖာရိုဘုရင်ကို မံမီလုပ်ပေးခဲ့ ရတဲ့လူ၊ မဟာအလက်ဇန္ဒား အလောင်းကို ပုံမပျက်အောင် ရွှေပြား ကပ်ပေးခဲ့ရတဲ့လူ၊ ဟစ်တလာကို မြေမြှုပ် ပေးခဲ့ရတဲ့လူ၊ ဂျွန်ဝစ်ဘုသ်ကို ရင်ခွဲရတဲ့သူ၊ ဝီလျံဟိုးလ်ဒင်းကို မီးသဂြိုဟ် ပေးခဲ့ရတဲ့လူ၊ အဲလ်ဗစ်ပရက်စလေတို့၊ ပုပ်ရဟန်းမင်းကြီး ဂျွ န်(၂၃)တို့ရဲ့ အလောင်းတွေကို မပုပ်မသိုးအောင် ပြုပြင်ပေးခဲ့ရတဲ့ လူတွေ စ သဖြင့်။

သေခြင်းတရား ဆိုတာ လျှို့ဝှက် ဆန်းကြယ်တယ်၊ မြေမြှုပ် သဂြိုဟ်တာ ကတော့ လျှို့ဝှက်ချက် တခုပါပဲ။

စတီဖင်ကင်း

ပထမပိုင်း

တိရစ္ဆာန်သင်္ချိုင်း

ယေရှုက "လာဇရု အိပ်ပျော် သွားချေပြီ။ သူ့ကို ငါ သွားနှိုးလိုက်လျှင် ကောင်းမည်"ဟု ဆိုသော် တပည့်များက တယောက်ကို တယောက် ကြည့်ကာ အချို့မှာ ပြုံးကြလေ၏။ အကြောင်းကား တပည့်တော်များမှာ ယေရှုက သေခြင်းကို ရည်ရွယ် ပြောဆိုမှန်း မသိကြသော ကြောင့်တည်း။ သို့နှင့် တပည့်တော်များက "သခင်၊ လာဇရုကား အိပ်ပျော်သွားလျှင်ပင် သက်သာရာ ရပေဦးမည်"ဟု လျှောက်ကြ၏။ ထိုအခါ ယေရှုက တပည့်များ ကို မထူးဆန်းသည့်နှယ် ကြည့်ကာ "လာဇရုကား သေလေပြီ။ မှန်၏။ သူ့ဆီ သို့ ယခု သွားကြကုန်အံ့"ဟု အတိအလင်း မိန့်တော်မူ၏။

ရှင်ယောဟန်ခရစ်ဝင် (အခန်းကြီး ၁၁၊ အခန်းငယ် ၁၅)

အခန်း (၁)

လူးဝစ်ခရိဒ် အသက် သုံးနှစ်အရွယ်မှာ ကတည်းက ဖခင်ဖြစ်သူ ဆုံးပါး သွားခဲ့ပြီး အဘိုးဖြစ်သူ ကိုလည်း ဘယ်သူ ဘယ်ဝါမှန်း မသိခဲ့ရချေ။ သက်လတ်ပိုင်း အရွယ် ရောက်သည် အထိလည်း ဖခင်နေရာကို အစားထိုး ဖို့ တခါမှ သူ မမျှော်လင့်ခဲ့။ သို့သော် အခုတော့ မမျှော်လင့်ဘဲ ဖခင်အစား ရလာခဲ့လေပြီ။ သူ့အနေဖြင့် လူကြီးတို့ ထုံးစံအတိုင်း ထိုပုဂ္ဂိုလ်ကို မိတ်ဆွေ တယောက်လိုသာ ခေါ်ဝေါ် ဆက်ဆံသည်။ အချိန် အတော်ကြာတော့မှသာ ထိုပုဂ္ဂိုလ်အား သူ့ဖခင်နေရာကို အစားဝင် အရောက် နောက်ကျလှချည်။ ရဲ့ဟုအသိ ဝင်မိလေ၏။

လူးဝစ်၊ သူ့မိန်းမ၊ ကလေး နှစ်ယောက်နှင့် ဝင်စတန်ချာချီတို့ လဒီလိုမြို့ရှိ အဖြူရောင် အိမ်ကြီး တလုံးဆီ စတင် ပြောင်းရွှေ့ကြသည့် ညနေခင်း အချိန်မှာ ထိုပုဂ္ဂိုလ်နှင့် ပထမဆုံး စတွေ့ခဲ့ရသည်။ ဝင်စတန်ချာချီကား "ချာ့"ဟု အတိုကောက် ခေါ်ကြသည့် သမီးကြီး အယ်လီ၏ ကြောင်ထီးကြီး ဖြစ်သည်။

လဒ်လို တက္ကသိုလ်နှင့် အသွားအပြန် လုပ်လို့ ရနိုင်မည့် တနေရာရာမှာ အိမ်တလုံး ရှာတွေ့ဖို့အရေး တက္ကသိုလ်က ရှာဖွေရေးနှင့် နေရာချထားရေး ကော်မတီ၏ ကြိုးပမ်း အားထုတ်မှုက နှေးကွေးလွန်း လှသည်။ သူ့စိတ်ထဲ မှာ ယုံကြည်ထားသော နေရမည့် အိမ်နားသို့ နီးလာလေလေ၊ လမ်းညွှန် ဆိုင်းဘုတ်များက သူတို့အား နေရာမှန်ကို ကူညီ ပြသ ပေးနေသယောင် ရှိလာလေလေ ဖြစ်သည်။ ယင်းအဖြစ်မှာ ဂျူးလိယက်ဆီဇာ လုပ်ကြံမခံရခင် နက္ခတ်တာရာများက ကြိုတင် နိမိတ် ပြနေသည့်နှယ်။ လူးဝစ်ကတော့ ထိုသို့ပင် ဆိုးဆိုးဝါးဝါး တွေးပစ်လိုက်သည်။ ယခုအခါ သူတို့ တမိသားစု လုံး ပင်ပန်းလွန်း၍ ခြေကုန်လက်ပန်း ကျနေလေပြီ။

သွားပေါက်ခါစ သားငယ်ကလေး ဂေ့ဂျ်က တချိန်လုံး ကျီကြနေသည်။ ဇနီးသည် ရေချယ် ဘယ်လိုချော့ချော့ မအိပ်သဖြင့် နို့တိုက်ချိန် မရောက် သေးသော်လည်း ဂေ့ဂျ်ကို နို့လှန်၍ တိုက်ရ၏။ ဂေ့ဂျ်က နို့စို့ချိန်ကို သူ့မအေ ရေချယ်ထက်ပင် ပို၍ တိကျစွာ သိချင် သိနေဦးမည်။ ထို့ကြောင့်ထင့်၊ သူက ရေချယ့် နို့သီးခေါင်းကို ချက်ချင်း လှမ်းကိုက် ထည့်လိုက်သည်။ ရှီကာဂိုမှာ ပဲ တသက်လုံး နေလာခဲ့သည့် ရေချယ်ခမျာ မိန်းပြည်နယ်ထဲ ပြောင်းလာ ရသဖြင့် ဝမ်းနည်းမိ၍လား၊ ဂေ့ဂျ်ကြောင့်လား မသိ၊ မျက်ရည်များ ပိုး ပိုးပေါက်ပေါက် ကျသည်။ မအေဝိုတော့ အကြီးမ အယ်လီကပါ ရောငို၏။

ချာ့ကတော့ ဝက်ဂွန်း ကားနောက်ခန်းထဲမှာ လူးလာခေါက်တုံ့ လျှောက် နေသည်။ ရှီကာဂိုကနေ ထွက်လာခဲ့သည့် သုံးရက်လုံးလုံး တခါမှ အပြင် ထွက်ခွင့် မရသဖြင့် တညောင်ညောင် အော်နေသည့် သူ့အသံက ဆိုးဝါး လာသောကြောင့် နောက်ဆုံး၌ ချာ့ကို လှောင်အိမ်ထဲက လွှတ်ပေးလိုက် ရ၏။ သို့သော် ချာ့တကောင် ကားနောက်ခန်းထဲမှာ မရပ်မနား လူးလာ ခေါက်တုံ့ လျှောက်နေသည်ကို ကြည့်ပြီး စိတ်ပျက် အားလျော့ ရပြန်သည်။

လူးဝစ်လည်း အော်ငို ပစ်လိုက်ချင်စိတ် အနည်းငယ် ပေါက်လာသည်။ ဘန်ဂါမြို့ကို ပြန်လှည့်ပြီး တခုခု သွားစားကြရင် ကောင်းမလားဟု ရုတ်တရက် အတွေး ဝင်လာ၏။ ဤသို့ဆိုလျှင် ကားထဲမှာ ခေးစာခံ ဖြစ်နေ ရှာသော သူ့မိန်းမနှင့် ကလေး နှစ်ယောက်လည်း အပြင်ထွက်၍ ခြေဆန့် လက်ဆန့် ပြုနိုင်လိမ့်မည်။

လီဗာကို ပြားကပ်အောင် နင်း၍ နောက်ကို တချက် လှည့်မကြည့်ဘဲ ဘန်ဂါမြို့ဆီ အရောက် မောင်းနိုင်ဖို့သာ လိုသည်။ သို့သော် ဂတ်စ် အလွန် အစားမြန်သော မော်တော်ကား၏ ကာဘာရိုက်တာကြီး လေးလုံးက သူ့ အတွေးကို မဖြစ်နိုင်ဟု လှမ်း၍ သတိပေးနေသည်။

လမ်းမှာ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိရာ တောင်ဘက်ပိုင်းသို့ မောင်းသွားရ ကောင်းမလားဟု စဉ်းစား မိသေးသည်။ ထိုနေရာတွင် ဒစ္စနေးဝါးလ်ဒ် ကစားကွင်း ရှိသည်။ နာမည်ဝှက်တခု သုံး၍ ဆေးဘက် ဆိုင်ရာ အလုပ်တခုခု လျှောက်လို့ ရနိုင်လောက်သည်။ သို့သော် "တောင် ဘက်သို့ ၉၅" ဟူသော ဆိုင်းဘုတ်ကြီးဆီ မရောက်ခင်မှာပင် ကားကို လမ်း ဘေး ချရပ်၍ အပေါ့အလေး စွန့်လို့ရအောင် ချာ့ကို လှောင်အိမ်ထဲက အပြင် ထုတ်ပေးခဲ့ရသည်။

အတွေးမဆုံးခင် လမ်းကွေ့ တခုကို မြင်ရသဖြင့် ကွေ့ဝင် လိုက်တော့မှနောက်ဆုံး အကွေ့မှန်း သိသွား၏။ အကြောင်းမှာ သူတို့ ရည်မှန်းရာ ပန်းတိုင် စံအိမ်တော်ကြီးကို မားမားကြီး တွေ့လိုက် ရသောကြောင့်တည်း။ လူးဝစ်က ကားထဲမှ ထွက်ကာ မိန်းတက္ကသိုလ်က ပေးလိုက်သော ဓာတ်ပုံ ခုနစ်ပုံကို ထုတ်၍ သူရွေးချယ်ခဲ့သော အိမ်ဟုတ်၊ မဟုတ် တိုက်ကြည့်သည်။ နယူးအင်္ဂလန် ကိုလိုနီလက်ရာ အဖြူရောင် အိမ်အဟောင်းကြီး တလုံး ဖြစ်သော်လည်း သစ်လွင် တောက်ပနေအောင် ပြင်ဆင်ထားသည်။ ခြံ အကျယ်ကြီးမို့ သီးသန့် ဆန်သည်။ အောက်ထပ်မှာ အခန်းကျယ်ကြီး သုံး ခန်း၊ အပေါ်ထပ်မှာ လေးခန်း ပါသည်။ ပစ္စည်း အဟောင်းများ ထားရန် ရှည်လျားသော ဂိုဒေါင်ရုံ တလုံးလည်း ရှိသည်။ ခြံစည်းရိုးဟူ၍ မရှိဘဲ အိမ်ကို ဝန်းပတ်ထားသော တုံးတိတိ မြက်ခင်းပြင်ကြီးမှာ ဩဂုတ်လ နေရောင်ပူပူ အောက်မှာပင် ပစ်လဲ့၍ အိပ်နေချင်စရာ ကောင်းအောင် စိမ်းမြ စိုပြည်လှသည်။

အိမ်နောက်ဘက် မှာတော့ ကလေးများ အေးအေးဆေးဆေး ကစားလို့ရ သည့် ကွင်းပြင်ကြီး တခု ရှိလေ၏။ ကွင်းပြင် နောက်မှာတော့ မဆုံးနိုင် အောင် ရှည်လျားပုံရသည့် တောတန်းကြီး တခု ရှိလေသည်။ အိမ်ပွဲစား ကတော့ သူ ခန့်မှန်းရသလောက် သူ့တသက်မှာတော့ ထိုတောတန်းကို ဘယ်တော့မှ လာရှင်းလင်း ပစ်မှာ မဟုတ်ဟု ရှင်းပြသည်။

လဒ်လိုမြို့နှင့် လဒ်လို အရှေ့ဘက်ရှိ မြို့များ၏ ဧကရစ်ထောင်နီးပါး ရှိသော မြေနေရာများတွင် နောက်ဆုံး လက်ကျန် မစ်မက်အင်ဒီးယန်း လူမျိုးစုတို့ ခေါင်းချခဲ့ကြသည်။ ပြည်နယ် အစိုးရနှင့် ဗဟိုအစိုးရတို့ ထိပ်တိုက် တရား ရင်ဆိုင်ရမည့် အရှုပ်အထွေးများကြောင့် အဆိုပါနေရာ ကို နောက်တရာစုလောက်

အထိ မည်သူပိုင်ဟု ဆုံးဖြတ်နိုင်မှာ မဟုတ် ကြောင်း ပြောပြသည်။

ရေချယ်က ငိုနေရာက ချက်ချင်း ရပ်သွားပြီး ထထိုင်ကြည့်ရင်း

"ဒါ .... ဒါ" ဟု ပြောတော့ လူးဝစ်က

"ဒါပဲလေ" ဟု ပြန်ပြောလိုက်၏။

သူ စိုးရိမ်နေသည်ဟု ထင်လျှင် မှားပေလိမ့်မည်။ အမှန်မှာ ကြောက်နေခြင်းသာ ဖြစ်၏။ ဒီအိမ်မှာ နေဖို့ သူတို့ ဘဝများကို ၁၂ နှစ် အပေါင် ထားပေးခဲ့ရသည်။ မိန်းတက္ကသိုလ်မှာ ဆရာ လုပ်နေသရွေ့ အီလင်း ၁၇ နှစ် ရောက်သည့်တိုင် အိမ်ဖိုး ပေးစရာမလို။ လူးဝစ်က တံတွေး တချက် မျိုချ ကာ

"ဘယ်လို ထင်လဲဟင်" ဟု မေးတော့ ရေချယ်က

"လှတော့ လှသားပဲ" ဟု ဆိုသည်။

ထိုအခါမှ လူးဝစ်ရင်ဘတ်ထဲက အလုံးကြီး ကျသွားပြီး ဟင်းချနိုင်တော့သည်။ ရေချယ် နောက်ပြောနေခြင်း မဟုတ်မှန်း သူသိသည်။ လမ်းကွေ့ကို စဝင်လိုက် ကတည်းက ရေချယ်သည် အနက်ရောင် ကားမှန် ပြတင်းပေါက်များမှ တဆင့် ထိုအိမ်ကို မမှိတ်မသုန် ငေးကြည့် နေခဲ့သည်။ အငိုရပ်သွားသော အယ်လီကလည်း ကား နောက်ထိုင်ခုံမှ

"ဖေဖေ" ဟု လှမ်းခေါ်၏။

ဂေ့ဂျ်ပင်လျှင် ကျီကြမနေတော့။ လူးဝစ်က

"ဘာလဲ သမီး" ဟု လှမ်းမေး လိုက်သည်။

ရွှေအိုရောင် ဆံကေသာ အောက်က အယ်လီ၏ မျက်လုံးညိုကြီးများကို ကား နောက်ကြည့်မှန်က တဆင့် လှမ်းတွေ့ရသည်။ သူမက အိမ်၊ မြက်ခင်းပြင်၊ တောတန်းဘက် ဆန့်ထွက် သွားသော ကွင်းပြင်နှင့် ဟို အဝေးက တခြား အိမ်တလုံး၏ ခေါင်မိုးကို လှမ်းကြည့်နေ၏။

"ဒါ သမီးတို့ အိမ်လားဟင်"

"ဟုတ်တယ်၊ ဖေဖေတို့ နေရမယ့် အိမ်လေ သမီးရဲ့"

"ဟေး"

အယ်လီ၏ ဝမ်းသာအားရ ဟေးခနဲ အော်လိုက်သံက နားကွဲ မတတ်ပင်။ အော်လန်ဒိုရှိ ဒစ္စနေးဝါးလ်ဒ်ကို တွေ့လျှင်တောင် အယ်လီ သည်လောက် အံ့သြဝမ်းသာပါ့မလားဟု တွေးမိသည်။ လူးဝစ်က ကားကို ဂိုဒေါင်ရှုံရှေ့မှာ ရပ်ထားလိုက်သည်။ အင်ဂျင်စက် သတ်လိုက်သောအခါ ရှီကာဂိုမှာလို လူ သံတွေ ယောက်ယက်ခတ် နေအောင် မကြားရဘဲ တိတ်ဆိတ် သွားသဖြင့် ညနေစောင်းမှာ တွန်ကျူးတတ်သည့် ငှက်ကလေး တကောင်၏ တေးသီ သံကိုပင် ချိုမြပီသစွာ ကြားရသည်။

ရေချယ်က အိမ်ကို ကြည့်ရင်း

ဒါ ကျွန်မတို့ အိမ်ပေါ့နော်" ဟု ညင်သာစွာ ပြောတော့ ပေါင်ပေါ်က" ဂေ့ဂျ်က

“အိမ်” ဟု လိုက်ပြောသည်။

လူးဝစ်နှင့် ရေချယ်က တယောက်ကို တယောက် ကြည့်လိုက် မိကြ သလို အယ်လီပင် မျက်လုံး ပြူးသွား၏။

“ရှင် ကြားလိုက်လား ..”

“သူ ပြောလိုက်တာ …”

“ဘာလဲဟ ..”

သူတို့ အားလုံး တယောက် တခွန်း ပြိုင်တူ ပြောမိကြသည်ကို သတိရ သွားကာ ရယ်ကြပြန်၏။ ဂေ့ဂျ်ကတော့ ဂရုပင် မစိုက်ပဲ သူ့လက်မသူ ပြန်စုပ်နေသည်။ ဂေ့ဂျ်က “မေ့” ဟု ပြောတတ်သည်မှာ တလလောက်သာ ရှိသေးသလို “ဖေ့”လိုလို ဘာလိုလို မပီမသသာ ထွက်လာ တတ်သေးသည်။ တခြားသူ ပြောချင်နေသည် ကိုလည်း စဉ်းစားနေဟန် ရှိ၏။ အခုတော့ “အိမ်” ဟူသော စကားလုံး မတော်တဆ ထွက်လာလေပြီ။ လူးဝစ်က ဂေ့ဂျ် ကို ရေချယ့်ပေါင်ပေါ်က ဆွဲယူကာ ပွေ့ချီ ထားလိုက်သည်။

ဤသို့ဖြင့် လဒ်လိုမြို့သို့ သူတို့ ရောက်လာ လေသည်။

****

အခန်း (၂)

ဘဝတွင် ပဥ္စလက်ဆန်သော အချိန်ကာလ တဒင်္ဂတော့ အမြဲတစေ ရှိတတ်ကြသည်ဟု လူးဝစ် ယုံကြည်သည်။ ထိုခဏတာ အတွင်း ဖြစ်ပျက်သမျှတို့သည် တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းလွန်း၏။ လဒ်လိုက အိမ်ကို ရောက်အပြီး သုံးနာရီ ကြာသည် အထိတော့ မှော်ဆန်သော ဘာ အရိပ်အယောင်မျှ ပေါ်မလာခဲ့ချေ။

လူးဝစ်က အိမ်သော့ကို "လဒ်လိုက အိမ်၊ ဇွန်လ ၂၉ ရက်နေ့တွင် သော့တွဲလက်ခံရရှိ" ဟု တံဆိပ် ကပ်ထားသော စာအိတ် အညိုရောင်လေးထဲ ထည့် သိမ်းထားခဲ့သည်။ ထိုစာအိတ်ကို ကားအံဝှက်ထဲ ထည့်ခဲ့တာ သေချာသည်။ အခုတော့ ထိုစာအိတ်ကို ရှာမတွေ့။

ရေချယ်က ဂေ့ဂျ်ကို ခါးထစ်ခွင် ချီထားသည်။ အယ်လီက သစ်ပင်မှာ ဒန်းစီးရန် တွဲလောင်း ဆွဲထားသည့် ကားတာယာဆီ ပြေးသွားသည်။ ကားထိုင်ခုံအောက်ကို သုံးကြိမ်မြောက် ရှာရင်း စိတ်တို လာစဉ်မှာပင် အယ်လီ၏ စူးစူးဝါးဝါး အော်ဟစ် ငိုယိုသံ စထွက်လာသည်။ ရေချယ်ကလည်း "လူးဝစ်ရေ၊ လုပ်ပါဦး" ဟု လှမ်းအော်သည်။

အယ်လီသည် ကားတာယာပေါ်မှ ပြုတ်ကျသွားသဖြင့် ဒူးခေါင်း စုတ်သွား၏။ အောက်မှာ ကျောက်တုံး တတုံး ရှိနေသဖြင့် ပွန်းပဲ့ရာက အပေါ်ယံသာ ရှပ်ထိသွားသော်လည်း အယ်လီကတော့ ခြေထောက် ကျိုး သွားသူလို အော်ဟစ် ငိုယိုနေလေ၏။ စိတ်မရှည်တော့သော လူးဝစ်က အိမ် ဆီ လှမ်းကြည့် လိုက်တော့ ဧည့်ခန်းထဲမှာ မီးလင်းနေတာ တွေ့ရသည်။

သူက အယ့်ကို ထူပေးရင်း

"ကဲ သမီး၊ တော်လောက်ပြီကွာ။ တော်ကြာ တခြား သူတွေက လူသတ်ခံရတယ် မှတ်နေဦးမယ်" ဟု ပြောတော့ သူမက

"နာတာကိုး ဖေဖေရဲ့" ဟု ပြန်ပြောလေ၏။

လူးဝစ်က စိတ်ကို လျှော့ကာ ကားဆီ ပြန်သွားသည်။ အံဝှက်ထဲမှာ သော့စာအိတ် မတွေ့သော်လည်း အရေးပေါ်ဆေးသေတ္တာတော့ ရှိနေသည်။

သူက ဆေးသေတ္တာကို ယူကာ အယ့်ဆီ ပြန်သွားသည်။ လူးဝစ် လက် ထဲက ဆေးသေတ္တာကို မြင်တော့ အယ်လီက ခုနကထက် ပို၍ ကျယ်လောင် စွာ အော်ဟစ်ပြန်သည်။

"ဟင့်အင်း။ အရက်ပြန်နဲ့ မသုတ်နဲ့၊ စပ်တယ်။ သမီး မစပ်ချင်ဘူး ဖေဖေ"

"အယ်လီကလည်း၊ ဒါက မာကျူရိုခရုမ်းပါကွယ့်။ မစပ်ပါဘူး"

"သမီးကလည်း လိမ္မာသားနဲ့ကွယ်"

ရေချယ် ဝင်ပြောသော်လည်း မရ။

"ဟင့်အင်း၊ ဟင့်အင်း၊ ဟင့်အင်း"

"သမီး ဆေးမသိပ်ချင်ရင် ဖင်ကို အပ်နဲ့ ဆေးထိုးခံရမှာနော်"

လူးဝစ် ခြိမ်းခြောက်တော့ ရေချယ်က ဝင်ချော့သည်။
"သူ ပင်ပန်းနေလို့ပါ လူးဝစ်ရယ်"
"အင်းပါ။ ကိုယ် သိပါတယ်။ သူ့ခြေထောက်ကို ကိုင်ထားပေးဦး"
ရေချယ်က ဂေ့ဂျ်ကို အောက်ချကာ အယ့် ခြေထောက်ကို ကိုင်ပေးသည်။ လူးဝစ် ဆေးသိပ်တော့ အယ်လီခမျာ ကယောင်ချောက်ချား ထငိုသည်။ ရေချယ်ကလမ်းတဖက်ခြမ်း အိမ်က လူတယောက် ဆင်ဝင် အောက်ကနေ ထွက်လာတယ်"
လူးဝစ်က မြက်ခင်းပြင်ပေါ်မှာ လေးဖက်ထောက် တွားကြည့်ရင်း
"မိုက်တယ်ကွာ" ဟု ရေ ရွတ်မိသည်။
ထို့နောက် ဆေးပုလင်းကို အဖုံးပိတ်ကာ အယ်လီကို ရှုတည်တည် ကြည့်လိုက်ရင်း
"ကဲ ဘယ်လိုလဲ။ တကယ်တော့ နည်းနည်းလေးတောင် စပ်လည်း မစပ်ဘဲနဲ့၊ သမီးကိုက အဖြစ်သည်းတာ"
"စပ်ပါတယ်၊ တကယ် စပ်တယ်"
လူးဝစ်မှာ အယ်လီကို ရိုက်ပစ်လိုက်ချင်စိတ် တဖွားဖွား ပေါ်လာပြီး လက်များပင် ယားလာ၏။ ရေချယ်က
"သော့တွေ့လား" ဟု မေးသည်။
လူးဝစ်က ဆေးသေတ္တာကို ဆောင့်ပိတ်၍ မတ်တတ် ထရပ်ကာ
"မတွေ့သေးဘူး" ဟု ပြောလိုက်စဉ် ဂေ့ဂျ်က စူးရှစွာ ထအော်သည်။
ဂေ့ဂျ်ပုံစံက ကျီကြလို၍ အော်ခြင်း မဟုတ်ဘဲ ချီထားသော လက်ထဲကနေ တွန့်လိမ် ရုန်းကန်နေသည်။
ရေချယ်က...
"ဒီကောင်လေး ဘာထဖြစ်တာလဲ မသိဘူး" ဟု ဆိုကာ ဂေ့ဂျ်ကို လူးဝစ် လက်ထဲ အတင်း ထိုးထည့်ပေးသည်။
ဆရာဝန်ကို လင်တော်ရခြင်း၏ အကျိုးကျေးဇူးကား တခုခု မသင်္ကာသည်နှင့် ကလေးကို ခင်ပွန်းသည် လက်ထဲ ဝကွက်အပ်လို့ ရခြင်းတည်း။ ဂေ့ဂျ်က သူ့လည်ပင်းကို အတင်း ဖက်တွယ်ကာ အော်ဟစ် ငိုယိုသည်။ လူးဝစ်က ဂေ့ဂျ်ကို သူ့ကိုယ်က ခွာ၍ မြှောက်ကြည့်တော့ ဂေ့ဂျ်လည်ပင်းမှာ ဖြူဆုတ်ဆုတ် အဖုကြီးတခု ထနေသည်ကို တွေ့ရ၏။ တဝီဝီ မြည်သံကိုလည်း ကြားရသည်။ ငြိမ်သွားသော အယ်လီက
"ဟာ ပျား၊ ပျားကြီး" ဟု ထအော်ကာ နောက်သို့ အလန့်တကြား ခုန်၍ ဆုတ်လိုက်ရာ ဟန်ချက်ပျက်ပြီး ခုနက ကျောက်တုံးပေါ်ကို ဖင်ထိုင်လျက် လဲသွားသည်။ ထိုအခါ အံ့ဩထိတ်လန့် နာကျင်စွာ ထပ်ငိုပြန်လေ၏။ ရေချယ်ကလည်း
"တခုခု လုပ်ပါဦး လူးဝစ်ရဲ့။ ဘာမှ မလုပ်ဘဲ ဒီအတိုင်း ရပ်ကြည့်နေမှာ

လား” ဟု အော်သည်။

လူးဝစ်စိတ်ထဲ၌ ဒီသားအမိတတွေ တယောက်တပေါက် ပျာယာခတ် နေပုံနဲ့ ငါတော့ ရှုံးမှာပဲဟု တွေးလိုက်မိစဉ် သူတို့နောက်က အသံတခု ထွက်လာသည်။

“ပျားကို အပြင် ရောက်အောင် ထုတ်ဖို့ လုပ်၊ ပြီးရင် အနာပေါ် မုန့်ဖုတ်ဆော်ဒါလေး ဖို့ပေးလိုက်။ အဖုအပိမ့် ထနေတာ လျော့သွားလိမ့်မယ်”

သို့သော် ထိုစကားကို နယူးအင်္ဂလန် အရှေ့ပိုင်းက ဒေသခံတို့၏ လေယူလေသိမ်းမျိုးနှင့် လေးလေးပင်ပင် ဆွဲပြော လိုက်ခြင်းကြောင့် လူးဝစ်နားမှာ ရုတ်တရက် ထွေးသွားသည်။ သူ လှည့်ကြည့် လိုက်တော့ မြက်ခင်းပြင်ပေါ် မတ်တတ်ရပ်၍ အစီခံမပါသော စီးကရက် တလိပ် ခဲ ထားသော အသက် ခုနစ်ဆယ်ခန့် အဘိုးကြီးကို တွေ့ရသည်။ သူသည် လည်ပင်းရှိ အသားအရေတို့ တွန့်လိပ်ကာ ဖြူဖျော့နေသော်လည်း ကျန်းမာ ကြံ့ခိုင်ပုံ ရလေ၏။ ပြီးတော့ အပြာရောင် ချန်ဘာရေ ရှပ်အင်္ကျီပေါ်မှာ ဘော ဘောလုပ်သား ဝတ်စုံကြီး ထပ်ဝတ်ထားသည်။ မျက်နှာကတော့ နေလောင် ခံ အသားအရေမျိုး။

အဘိုးကြီးက မီးညှိမထားသော ပါးစပ်ထဲက စီးကရက်ကို လက်မနှင့်လက်ညှိုး ညှပ်၍ ဖြုတ်ကာ အိတ်ကပ်ထဲကို သပ်သပ်ရပ်ရပ် ပြန်ထည့်လိုက် ပြီး အားပါးတရ ပြုံး၍ နှုတ်ဆက်ရန် လက်တဖက် ကမ်းပေးသည်။ သူ့ အပြုံးကို လူးဝစ် ချက်ချင်း သဘောကျ သွား၏။ ထိုပုဂ္ဂိုလ်သည် မျှော်လင့်ချက်ဖြင့် သူတပါးကို ကူညီမည့် လူစားမျိုး မဟုတ်၊ တကယ့် စိတ်ရင်း စေတနာဖြင့် ပေးဆပ်မည့် သူသာ ဖြစ်သည်။ နောင်တွင် ဂျထ်ဟု သိလာရသော ထိုအဘိုးကြီးက

“ဆရာဝန်ကို ဆရာ လုပ်တာတော့ မဟုတ်ပါဘူးနော်” ဟု ဆို၏။

ဤသို့ဖြင့် လူးဝစ်သည် နောင်အခါ ဖခင်သဖွယ် ဖြစ်လာမည့် ဂျထ်ဆန်ခရန်ဒဲလ်နှင့် ဆုံခဲ့ရလေသည်။

****

အခန်း (၃)

ဂျထ်သည် လမ်းတဖက်ရှိ သူ့အိမ်မှနေ၍ မျက်နှာချင်းဆိုင် အိမ်သို့ လူးဝစ်တို့ ရောက်လာပုံကို စောင့်ကြည့် နေခဲ့သည်။ သူတို့ အခြေအနေကို ကြည့်ရတာ မဟန်သဖြင့် ကူစရာရှိလျှင် ကူညီရအောင် လမ်းတဖက်သို့ ကူး လာခဲ့ခြင်း ဖြစ်သည်။

လူးဝစ်က ဂေ့ဂျ်ကို ပခုံးပေါ် တင်လိုက်သောအခါ ဂျထ်က အနား တိုးလာပြီး လည်ပင်းက အဖုကို ကြည့်လိုက်သည်။ ထို့နောက် ဂေ့ဂျ်၏ ဦးခေါင်း လောက်ကြီးမား၍ အကြည့်ရဆိုးသော သူ့လက်ကြီး တဖက်ကို ဆန့် ထုတ်လိုက်ရာ ရေချယ်က တခုခု ဝင်တားဖို့ ပါးစပ်ဟလိုက်၏။ သို့သော် ရေချယ် ဘာတခွန်းမှ မပြောနိုင်ခင်မှာပင် ဂျထ်က လက်ကို ပြန်ရုပ်၍ ဖြန့် ပြလိုက်သောအခါ သူ့လက်ဖဝါးပေါ်၌ ပျားအသေ တကောင်ကို တွေ့ရလေသည်။ အရွယ်နှင့် မလိုက်အောင် လျင်မြန်လှသော ဂျထ်ပါပေ။”ကဲ ငါ့ကို ဘယ်သူ ဆုချမှာလဲ။ ပန်းမဝင်ပေမဲ့ ဖဲကြိုးတော့ ဖြတ်နိုင်ခဲ့တယ် ထင်တာပဲ”

ဂေ့ဂျ်ပျားတုပ်ခံရပြီးမှ လက်သည် ဖမ်းမိခဲ့သည်ကို ရည်ရွယ်၍ နောက်ပြောင် လိုက်သဖြင့် လူးဝစ်က တဟားဟား ထရယ်သည်။ ဂျထ်က အယ်လီကို ရည်ညွှန်း၍

“သူ့ကျ ထအော်ရင် နားငြီးမှာစိုးလို့ ပျားကတောင် တုပ်မသွားဘူး ထင်တယ်၊ ဟုတ်လား” ဟု နောက်ပြန်သည်။

ထိုအခါ ရေချယ်ပါ မရယ်ဘဲ မနေနိုင်တော့ချေ။ အယ်လီကတော့ ဂျသ်၏ ခပ်ဝဲဝဲ လေယူလေသိမ်း ကြောင့်လား၊ သူ့ဟာသကို နားမလည်၍လား မသိ၊ “ဘာပြောတာလဲ မေမေ” ဟု မေးသည်။ ဂေ့ဂျ်ပင်လျှင် ရယ်ရယ် မောမော ပြန်ဖြစ်လာကာ လက်မကို တပြွတ်ပြွတ် စုပ်နေလေ၏။ အဘိုးကြီးက ဇဝန ဉာဏ်တော့ ရွှင်ပုံရသည်။

လူးဝစ်က အရယ်ရပ်ကာ

“တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာ” ဟု ဆိုတော့

“ဂျထ်ခရန်ဒဲလ်ပါ။ မောင်ရင်က ဆရာဝန် ထင်ပ” ဟု ခန့်မှန်း၏။

“ဟုတ်ကဲ့။ ကျွန်တော်က လူးဝစ်ခရိဒ်။ ဒါက ကျွန်တော့်ဇနီး ရေချယ်၊ သမီးနာမည်က အယ်လီ၊ သားက ဂေ့ဂျ်”

“အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်”

“ကျွန်တော့်မှာ ပင်ပန်းလွန်းလို့ ရယ်ဖို့တောင် အားမရှိပါဘူးဗျာ”

“ဒါပေါ့၊ ဒါပေါ့”

ဂျထ်၏ “ဒါပေါ့” သည်ပင် ဝဲတဲတဲ ဖြစ်နေ၏။

“ကလေး နှစ်ယောက်ကို ခေါ်ပြီး အိမ်မှာ ခဏလာနေလေ မစ္စက်ခရိဒ် ရဲ့။ မုန့်ဖုတ်ဆိုဒါ သိပ်ပေးလို့ ရတာပဲဟာ။ ဇနီးသည်ကလည်း နှုတ်ဆက်ချင် ရှာမှာ။ သူက အဆစ်အမြစ်ရောင် ရောဂါရှိတော့ အပြင် သိပ်မထွက်ဘူး။ အရိုးတွေ သိပ်မကောင်းတာ နှစ်နှစ် သုံးနှစ်လောက် ရှိပြီမို့လေ”

ရေချယ်က လူးဝစ်ကို လှမ်းကြည့်တော့ သူက ခေါင်းညိတ် ပြသည်။

"ဒီလိုဆို သိပ်ကောင်းတာပေါ့ မစ္စတာ ခရန်ဒဲလ်ရယ်"

"ဂျထ်လို့ပဲ ခေါ်ပါကွယ်"

ရုတ်တရက် ကျယ်လောင်သော ဟွန်းသံကြီး တချက် ဝေါခနဲ ထွက်လာတူသော ထိုလမ်းကလေးကို ပြန့်ပြူး ညီညာအောင် ပြုပြင်ထားပြီး အဝေး တနေရာတွင် ချုံပုတ်များ၊ သစ်ကိုင်းခြောက်များ ဖုံးလွှမ်းသွားသဖြင့် လမ်း အဆုံးထိ မမြင်ရပေ။

"လမ်းတော့ လမ်းပဲ သမီးရဲ့" ဂျထ်က ပြုံးကာ အယ့်အား

"ဩော်၊ ဟုတ်သားပဲ။ ကြုံရင် အဲဒီ လမ်းလေးအကြောင်း ပြောကြတာပေါ့ မမလေးရယ်။ မောင်လေးကို ဆေးထည့်ဖို့ ဘာဘတို့ အိမ်ကို လိုက်မယ် မဟုတ်လားကွဲ့" ဟု မေးလိုက်၏။ အယ်လီက

"လိုက်မှာပေါ့" ဟု ဆိုကာ သူ့အတွေးနှင့်သူ မျှော်လင့်တကြီးဖြင့်

"မုန့်ဖုတ်ဆိုဒါ ကရော စူးလားဟင်" ဟု မေးလေသည်။

****

အခန်း (၄)

ဂျထ်က အရောင်လွင့်နေသော သံကြိုး အဟောင်းဖြင့် တွဲထားသော အိမ်သော့ကို ယူလာသော်လည်း လူးဝစ်က သော့ထည့်ထားသည့် အညိုရောင် စာအိတ်ကို ရှာတွေ့သွား၏။ စာအိတ်မှာ ကားအံဝှက် အတွင်း ဘက်ထဲမှာ ညပ်နေခြင်း ဖြစ်သည်။ ဂျထ်ပေးသော သော့တွဲကို ကျေးဇူးတင်စွာ အပို ဆောင်ထားလိုက်၏။ ထို့နောက် အိမ်ထောင်သက် ဆယ်နှစ်ကျော်အထိ စုဆောင်း လာခဲ့သော ပစ္စည်း ပစ္စယများကို အံဆွဲ၊ ဗီရို၊ သေတ္တာများထဲ နေရာချသည်။ ရုတ်တရက် လူးဝစ်စိတ်ထဲမှာ အိမ်လွမ်းနာဟု ခေါ်ကြသော ဝမ်းနည်းသလိုလို၊ စိတ်ခေတ် ကျသလိုလို တမျိုးကြီး ခံစားရ၏။

ဂျထ်က ငိုင်တိငိုင်တိုင် ဖြစ်သွားသော သူ့ဘေးနား ရောက်လာကာ

"ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေကြရတာပဲ" ဟု ပြောလိုက်ရာ ရုတ်တရက်မို့ လန့်၍ ခုန်လိုက်မိသည်။

"ဦးပြောတဲ့ လေသံက အဲဒီလို ခံစားချက်ကို ဦး သိနေသလိုပဲ"

"မဟုတ်တာ၊ ဘယ်သိပါ့မလဲ။ ဟိုဘက်လမ်းက အိမ်ကို ငါ့အဖေ ဆောက် ခဲ့တာလေ။ ပြီးတော့မှ မိန်းမနဲ့ ကလေးကို ခေါ်လာတာ။ ၁၉၁၀ ပြည့်နှစ်မှာ မွေးတဲ့ အဲဒီ ကလေးလေးက ငါပေါ့ကွာ"

"ဒါဆို ဦးက"

"၈၃ နှစ် ရှိပြီ"

"ဦးက အဲဒီလောက် ရှိမယ် မထင်ရပါဘူးဗျာ"

ဂျထ်က ပခုံးတွန့်ကာ

"ဘာပဲ ဖြစ်ဖြစ်လေ၊ ငါ့တသက်လုံး အဲဒီ အိမ်မှာပဲ နေလာတာ။ စစ်ကြီး ဖြစ်တော့ စစ်တပ်ထဲ ဝင်ခဲ့ရသေးတယ်။ ဒါပေမဲ့ ဥရောပမှာ အနီးဆုံး ရောက်ခဲ့တာဆိုလို့ နယူးဂျာစီ ပြည်နယ်က ဘာရွန်မြို့ပဲ။ စိတ်ပျက်စရာကြီး ပါ။ ၁၉၁၇ ခုနှစ်မှာတောင် အဲဒီမြို့က စိတ်ပျက်စရာ ကောင်းတုန်းပဲ။ ဒီကို ပြန်လာရလို့ ဝမ်းသာမိတယ်။ နောက်တော့ နော်မာနဲ့ အိမ်ထောင် ကျတယ်။ မီးရထားလမ်းပေါ်မှာပဲ အချိန် ကုန်ခဲ့ရပေမဲ့ ဟောဒီလဒ်လိုမြို့မှာပဲ နေဖြစ်တယ်။ ဆိုတော့ တမြို့လုံး အကြောင်း သိတယ်" ဟု ဆို၏။

ပရိဘောဂများ သယ်နေသည့် လုပ်သားများက စပရင် မွေ့ရာကြီးကို မ ရင်း ဂိုဒေါင်နားမှာ ရပ်၍

"ဒါကို ဘယ်နေရာမှာ ထားမှာလဲ မစ္စတာ ခရိဒ်" ဟု မေး၏။

"အပေါ်ထပ်မှာ၊ ခဏလေး ကျွန်တော် လိုက်ပြမယ်"

လူးဝစ်က လုပ်သားများဆီ သွားရင်း ခဏရပ်ကာ ဂျထ်ကို ခွင့်တောင်း သလိုမျိုး လှည့်ကြည့်သည်။ ဂျထ်က ပြုံးပြလိုက်ရင်း

"လုပ်စရာရှိတာ လုပ်ပါ။ နေရာ ချပြီးရင် ရေဆာမှာပေါ့။ ငါက ကိုးနာရီ ဆို ဆင်ဝင်အောက်မှာ ဘီယာ ထိုင်သောက် နေတတ်တယ်။ ရာသီဥတု ပူ ရင်တော့

တညလုံးလည်း ထိုင်ရင် ထိုင်နေတာ။ တခါတလေတော့ နော်မာလည်း လာထိုင်တယ်။ လာချင်ရင် လာခဲ့လေ” ဟု ပြော၏။

“အင်း၊ လာဖြစ်မှာပါ။ ဒါပေမဲ့ စောင့်တော့ မနေပါနဲ့ဗျာ”

လူးဝစ်ကတော့ ဂျထ်ကို သဘောကျသည်။ ဂျထ်၏ အချိုး မကျသည့် အပြုံးကြီးကိုရော၊ ဝဲတဲတဲ လေယူလေသိမ်းကိုပါ သဘောကျသည်။ ဆရာဝန် ဆိုသည်နှင့် မည်မျှ ရင်းနှီးသော မိတ်ဆွေ ဖြစ်ပါစေ၊ ကျန်းမာရေးအကြံဉာဏ် ကလေးတော့ လိုချင်ကြမှာပဲ မဟုတ်လား။ သက်ကြီး ရွယ်အိုများ ဆိုလျှင် ပြောပြဖို့ပင် လိုမည် မထင်။ ဂျထ်က

“မောင်ရင့်ကို တကူးတက ဖိတ်နေစရာ လိုမယ် မထင်ပါဘူးလေ” ဟု ပြောပြီး ပြုံးသည်။

သူ့အပြုံးက လူးဝစ် ဘာစဉ်းစား နေသည်ကို သေချာ သိနေသလိုမျိုး။ ဂျထ်က ပြောပြီးပြီးချင်း သူ့အိမ်ဘက်သို့ အေးအေး ဆေးဆေးနှင့် ဖြောင့်ဖြောင့် တန်းတန်း လျှောက်သွားသည်။ သူ့အသွင်က ရှစ်ဆယ်ကျော်ဟု မထင်ရ ဘဲ ခြောက်ဆယ်လောက်သာ ရှိသေးသည့်နှယ်။ ဂျထ်ကို ကြည့်ရင်း ပထမ ဆုံးအကြိမ် လူးဝစ်စိတ်ထဲမှာ သနားသလိုလို ဖြစ်သွား၏။

****

အခန်း (၅)

ညကိုးနာရီလောက် ကျတော့ လုပ်သားများ ပြန်သွားသည်။ ပင်ပန်းနေကြသည့် အယ်လီနှင့် ဂေ့ဂျ်က အခန်းသစ် အသီးသီးမှာ တချိုးတည်း အိပ်ပျော်သွားကြ၏။ ဂေဂျ်က ပုခက်ထဲမှာ အိပ်ပြီး အယ်လီကတော့ ကြမ်းပြင်ပေါ်က မွေ့ရာထဲမှာ ဖြစ်သည်။ အယ့်မွေ့ရာ ဘေးပတ်လည် တွင် ဆေးရောင်ခြယ်သည့် ရောင်စုံ ဖယောင်းချောင်းများ၊ နှမ်းစေ့လမ်း ပိုစတာများ၊ ဆေးရောင်ခြယ် စာအုပ်များ၊ သူမ၏ အဝတ်များနှင့် ဘာမှန်းမ သိသော အရာများ မွစိထနေ၏။ ချာ့ကလည်း အယ်လီ နှင့်အတူ လာအိပ်သည်။

ခုနကတော့ ရေချယ်တယောက် ဂေ့ဂျ်ကို ချီရင်း ပစ္စည်းများကို နေရာ ကျ၊ မကျ တအိမ်လုံး လိုက်ကြည့် နေသေးသည်။ လူးဝစ်ကတော့ ၁၀ ဒေါ်လာတန် ငါးရွက်နှင့်အတူ ကျသင့်ငွေ ဖြတ်ပိုင်းကို အင်္ကျီ အိတ်ကပ်ထဲ ထည့်ထားသဖြင့် ပျောက်မှာ မပူရတော့ချေ။ ပစ္စည်းများ အကုန် ချပြီးသောအခါ လူးစ်က ကျသင့်ငွေ ရှင်း၊ လက်မှတ် ထိုးပေးကာ လုပ်သားများနှင့်အတူ ပြန်ထွက်သွားသည့် ကုန်တင်ကားကြီးကို ဆင်ဝင် အောက်ကနေ ရပ်ကြည့် နေမိသည်။ ကြည့်ရတာ ဘန်ဂါမြို့မှာ ဘီယာ တခွက် တဖလား ဝင်ချကြဦးမည့်ပုံ ရသည်။ ဘီယာဆိုတော့မှ ဂျထ်ကို ပြန်သတိရ သွားသည်။ ရေချယ်နှင့်အတူ မီးဖိုချောင် စားပွဲမှာ ထိုင်မိတော့ သူမ၏ မျက်လုံးများ ချောင်ကျ နေသည်ကို တွေ့ရ၏။

"မင်း သွားအိပ်တော့လေ"

ရေချယ်က ပြုံးစစနှင့်

"အံမယ်၊ ဆရာဝန်ကြီးက အမိန့်ပေးတယ် ပေါ့လေ" ဟု ဆိုသည်။

"အင်း"

ရေချယ်က မတ်တတ် ထရပ်ကာ

"ပြီးရော၊ ကျွန်မတော့ ပင်ပန်းနေပြီ။ ဂေ့ဂျ်ကိုတော့ အပေါ်ထပ်မှာ သိပ်မှ ဖြစ်မယ်။ ကို မလိုက်သေးဘူးလား" ဟု မေးသည်။ လူးဝစ်က ချီတုံချတုံဖြင့်

"မလိုက်သေးဘူး။ လမ်းလေး တဖက် အိမ်က အဘိုးကြီးဆီ သွားမလား လို့" ဟု ပြောတော့

"လမ်းလေး မဟုတ်ပါဘူး၊ လမ်းမကြီးပါ" ဟု ဆို၏။

"ဟုတ်ပါပြီ။ သူက ကိုယ့်ကို ဘီယာ လာသောက်ဖို့ ဖိတ်ထားတယ်။ အဲဒါ သွားရင် ကောင်းမလားလို့။ ကိုယ်လည်း ပင်ပန်းထားလို့ အိပ်တော့ အိပ်ချင်နေပြီ"

"နောက်ဆုံးကျ နော်မာ ဘယ်နားနာသလဲ၊ ဘာမွေ့ရာနဲ့ အိပ်သလဲ မေးပြီး ပြန်လာခဲ့မှာ မလား"

လူးဝစ်က ရယ်သည်။ မယားများသည် လင်သည်တို့၏ စိတ်ကို တခဏချင်း ဖတ်နိုင်သည်မှာ အံ့ဩစရာလည်း ကောင်း၊ ကြောက်စရာ လည်း ကောင်းပေစွ။

"ကိုယ်တို့ လိုတုန်းက သူ ရောက်လာခဲ့တယ်လေ။ သူ့အလှည့်ကျလည်း ကိုယ်က သွားပေးရမှာပေါ့၊ မဟုတ်ဘူးလား"

“ကျေးဇူးခံ၊ ကျေးဇူးစား သဘောမျိုးတော့ မဟုတ်ပါဘူးနော်”

သူက ပခုံးသာ တွန့်ပြမိသည်။ အချိန်တို အတွင်းမှာ ဂျထ်ကို သဘောကျသည့် အကြောင်း ရေချယ့်ကို ဘယ်လို ပြောပြရပါ့။ ပြောချင်စိတ်လည်း မရှိသေးချေ။ သူက

“သူ့မိန်းမကရော ဘယ်လိုနေလဲ” ဟု မေးတော့ ရေချယ်က

“သိပ်သဘော ကောင်းပါတယ်။ ဂေ့ဂျ်တောင် သူ့ပေါင်ပေါ်မှာ ထိုင်လိုက်သေးတယ်။ ဂျထ်ပုံစံက ခဏလေးနဲ့ ရင်းနှီးတတ်ပုံ သိပ်မပေါက်တော့ ကျွန်မဖြင့် အံ့တောင် အံ့သြမိသေး။ နော်မာကတော့ အယ်လီကို အရုပ်မ ပေးဆော့တယ်” ဟု ပြောပြသည်။

“သူ့အဆစ်အမြစ်ရောင် ရောဂါက ဘယ်လောက် ဆိုးသလဲ”

“တော်တော် ဆိုးတယ်”

“ဒါဆို သူက ဝှီးချဲနဲ့ သွားတာလား”

“မဟုတ်ဘူး၊ ဖြည်းဖြည်းလေး လျှောက်တာ။ သူ့လက်ချောင်းတွေနဲ့ ဟောဒီလို”

ရေချယ်က သွယ်လျသော သူမ လက်ချောင်းလေးများကို မြှောက်၍ နော်မာ လုပ်သလို လုပ်ပြတော့ လူးဝစ်က ခေါင်းညိတ် လိုက်၏။

“ကဲပါ၊ နောက်တော့ မကျစေနဲ့နော် ကို။ အိမ်အသစ် ဆိုတော့ တယောက်တည်း နေရမှာ ကြက်သီး ထတယ်”

“အကြာကြီးလည်း သိပ်မနေနိုင်ပါဘူးကွာ”

လူးဝစ်က ပြောပြောဆိုဆို သူမကို နမ်းလိုက်သည်။

****

အခန်း (၆)

ထိုညက လူးဝစ် နောက်ကျ သွားသဖြင့် မျက်နှာကလေး ငယ်၍ ပြန်လာရသည်။ နော်မာ့ကို ကြည့်ရှု ပေးရသောကြောင့် မဟုတ်၊ ဘယ်သူကမှလည်း သူ့ကို မကြည့်ခိုင်းပါ။ နော်မာက အစောကြီး ကတည်းက အိပ်နှင့်နေလေပြီ။ အခန်းကန့်ထားသော ပေါ်တီကိုထဲမှာ ဂျထ်ကို ရိုးတိုးရိပ်တိပ် မြင်ရသည်။ ရေဒီယိုက လာနေသော Red Sox ကစားပွဲသံ ခပ်တိုးတိုး ကြားရသည်။ လူးဝစ်က ခြင်လုံဇကာ တပ်ထားသော အိမ်ရှေ့တံခါးကို ခေါက်လိုက်တော့ ဂျထ်၏ အရိပ်ဆီမှ စီးကရက်မီးက နွေည မှောင်မှောင်ထဲက ပိုးစုန်းကြူးလို ဘွားခနဲ လက်သွားသည်။ သူ့စိတ်ထဲမှာ ကိုယ့်အိမ်ကိုယ့်ယာ ပြန်လာ ရသလိုမျိုး ထူးထူးဆန်းဆန်း ခံစားရ၏။

"ဒေါက်တာလား၊ ငါတော့ မောင်ရင်လို့ ထင်တာပဲ"

"ဘီယာ သောက်ဖော်များ မျှော်နေမလားလို့ပါ"

လူးဝစ်က ပြောပြောဆိုဆို ပေါ်တီကိုထဲ ဝင်လာသည်။

ဘီယာနဲ့ ပတ်သက်ရင်တော့ ငါက ဘယ်တော့မှ မလိမ်ဘူးကွ။ လိမ်ပြော" ရင် ရန်သူပဲ။ ကဲ ထိုင်ပါဦး ဒေါက်တာ။ လိုရမည်ရ ရေခဲ စိမ်ထားလိုက်တာ နဲ့ "အတော်ပဲ

ဆင်ဝင်က ကျဉ်းမြောင်း သော်လည်း ရှည်လျားပြီး ကြိမ်ကုလားထိုင်များ၊ ဆိုဖာများ ချထားသည်။ လူးဝစ်က ခုံတလုံးမှာ ဝင်ထိုင်လိုက်တော့ အတော်ပင် ထိုင်လို့ ကောင်းလှ၏။ ဂျထ်က သံပုံး နှုတ်ခမ်းအပြည့် ရေခဲတုံးများထဲ ထည့်စိမ်ထားသော ဘလက်လေဘယ် တံဆိပ် ဘီယာဘူးတချို့ လှမ်းပေးသဖြင့် လူးဝစ်က တဘူး ယူလိုက်သည်။

"ကျေးဇူးပဲ"

ဘူးဖောက်၍ တငုံနှစ်ငုံ သောက်လိုက်တော့ ရင်ထဲမှာ အေးမြ သွားသည်။

"နောင်လည်း လာသောက်ပါ ဒေါက်တာ။ ဒီမှာ နေရတာ စိတ်ချမ်းသာ လိမ့်မယ်လို့ မျှော်လင့်မိပါရဲ့"

လူးဝစ်က အိမ်တံခါးကို ဘာကြောင့် ဖွင့်ထားပါလိမ့်ဟု သိချင်သွားကာ

"ဦးမိန်းမကော အိပ်သွားပြီလား" ဟု မေးလိုက်၏။

"တခါတလေ အပေါ်ထပ် တက်အိပ်တယ်။ တခါတလေတော့လည်း တက်မအိပ်ဘူး"

"သူ့အဆစ်အမြစ်ရောင် ရောဂါက အတော် ဆိုးတယ်ဆို၊ ဟုတ်လား"

"မဆိုးတဲ့ လူနာများ တွေ့ဖူးလို့လားကွယ်"

လူးဝစ်က ခေါင်းခါပြသည်။ ဂျထ်က

"သူလည်း အောင့်အည်း သည်းခံရှာပါတယ်။ ရောဂါအကြောင်း သိပ်မပြောဘူး။ နော်မာက မယား အလိမ္မာပါ။ ခုတော့ သူလည်း အိုရှာပြီ" ဟု ပြောသည်။

သူ့လေသံထဲမှာ ကြီးစွာသော စာနာ သနားစိတ်တို့ ပြည့်လျှံနေ၏။ လမ်းပေါ်မှာ ကြီးမား ရှည်လျားသော ခြောက်ဆီကားကြီး တစီး ဝေါခနဲ

ဖြတ်သွားသည်။ ထိုခဏမှာ လမ်းတဖက်ရှိ သူ့အိမ်ကို လှမ်းမမြင် ရတော့ချေ။ ကားပေါ်မှ "အော်ရင်ကို" ဟူသော စာလုံးကြီးကို မီးရောင်ဖြင့် မြင်လိုက်ရသည်။ လူးဝစ်က "ကြီးလိုက်တဲ့ ကားကြီး" ဟု ရေရွတ်တော့ ဂျထ်က ခေါင်းတခါခါဖြင့်

"အော်ရင်ကို ဆိုတော့ အော်ရင်တန် မြို့နားကပေါ့။ အဲဒီမှာ ခတု ခတ် မြေသြဇာ စက်ရုံ ရှိတယ်။ ဆီကားတွေ၊ အမှိုက်ကားတွေ၊ ဘန်ဂါမြို့တို့၊ ဘ ရူးဝါးမြို့တို့ဆီ နေ့ဘက် အလုပ်သွားပြီး ညဘက် ပြန်လာတဲ့ ကားတွေ သွား လိုက်ကြ၊ ပြန်လိုက်ကြနဲ့ ရှုပ်နေတာပါပဲ။ လဒ်လိုကို မကြိုက်တော့တာ အဲဒါပဲ။ အဲဒီ လမ်းမကြောင့် ငါ့လခွမ်း ... ၊ ဘယ်လိုမှကို အေးအေးဆေးဆေး နေလို့မရဘူး။ တနေ့လုံး တညလုံး သွားလာ နေကြတာ။ တခါတလေ အဲဒီ အသံတွေကြောင့် နော်မာ နိုးသွားရော။ တခါတလေများဆို ငါလို တုံး ခနဲ အိပ်ပျော်တဲ့သူတောင် လန့်နိုးတယ်" ဟု ပြောသည်။

အမြဲတစေ ဆူညံ နေတတ်သည့် ရှီကာဂိုမှ လာခဲ့သော လူးပစ်ကတော့ ဤမိန်းပြည်နယ်ကို ထူးထူးဆန်းဆန်း ကျောချမ်းစရာ ကောင်းလုနီးပါး တိတ်ဆိတ် ငြိမ်သက် လှသည်ဟု တွေးကာ ခေါင်းသာ ညိတ်သည်။ ဂျထ်က

"တနေ့ ကျရင်တော့ လမ်းအလယ်က မျဉ်းအဝါလိုင်းမှာ ဝိုင်အိုလက် ပန်းတွေ စိုက်ပြီး တားကြမှာပါ" ဟု ပြောသည်။ လူးဝစ်က...

"ဦးပြောသလိုလည်း တနေ့ကျ ဖြစ်လာမှာပါ"

ဟု ပြန်ပြောရင်း ဘီယာဘူးကို မော့ချ လိုက်သော်လည်း ဘာမှ မကျန်တော့သဖြင့် အံ့သြသွား၏။ ဂျထ်က လူးဝစ်ကို ကြည့်၍ ရယ်လိုက်ရင်း

"နောက်တဘူးသာ ယူသောက် လိုက်ပါတော့ကွာ" ဟု ဆို၏။

လူးဝစ်က ချီတုံချတုံဖြင့်

"အင်းပါ၊ နောက်တဘူးဆို တော်ပါပြီ။ ကျွန်တော် ပြန်တော့မှာ" ဟု ပြောသည်။

"ပြန်ရမှာပေါ့။ မိန်းမက စောင့်နေမှာမလား"

"ဟုတ်တယ်"

ထို့နောက် နှစ်ယောက်သား ခဏငြိမ်သွား၏။ သူတို့ နှစ်ဦးမှာ ဟိုရှေး ယခင် ကတည်းက ရင်းနှီးခဲ့ကြသည့်နှယ် ထိုသို့ ငြိမ်သက် သွားသည်ကပင် သက်သောင့်သက်သာ ရှိလှသည်။ ထိုခံစားချက်ကို လူးဝစ် အနေဖြင့် စာအုပ်ထဲမှာသာ ဖတ်ဖူးပြီး အခုမှပင် လက်တွေ့ ခံစားရလေ၏။ အစော ပိုင်းက ကျန်းမာရေး အကြံဉာဏ်ပေးဖို့ စဉ်းစားခဲ့မိသည်ကိုပင် မိမိကိုယ်ကို ပြန်ရှက်မိသည်။ အဝေးရှိ လမ်းမီးတိုင်များမှ မှိတ်တုတ် မှိတ်တုတ် မီးရောင် များက မြေပြင်ပေါ်မှာ ကြယ်တွေ လက်နေသည့် အလား။

"လမ်းမကြီးကတော့ ဖြူးနေတာပဲ။ ဒါနဲ့ မောင်ရင့် သမီးလေး မေးတဲ့ လမ်းကလေးကို မှတ်မိလား"

ဂျထ်က ပါးချိုင့်များ ခွက်ဝင်သွားအောင် ပြုံး၍ လူးဝစ်ကို မေးသည်။

အယ်လီ တညလုံး ပြောသည့် စကားများကို ပြန်စဉ်းစားမိရင်း ဘာကို ဆိုလိုမှန်း မသိသဖြင့် လူးဝစ် ခဏတော့ ကြောင်သွား၏။ ပြီးမှ သစ်ကိုင်း ခြောက် တပုံတပင် ဖုံးလွှမ်းနေသည့် တောင်ကုန်းဆီ သွားသော လမ်း ကလေးကို ဆိုလိုမှန်း သတိရသွားသည်။

“ဪ၊ သိပြီ။ သမီးကိုတောင် ကြုံရင် ပြောပြမယ်လို့ ဦးကတိ ပေးလိုက် သေးတယ် မလား”

“ဟုတ်တယ်၊ ပြောပြမှာပါ။ အဲဒီလမ်းက တောတန်းထဲ အထိဆို တမိုင်ခွဲလောက် ရှည်တယ်။ ဟောဒီ ၁၅ လမ်းမကြီးနဲ့ အလယ်လမ်း တဝိုက်က နယ်ခံကလေးတွေက အဲဒီ လမ်းကလေးကို ရှင်းလင်း ထားတာ။ သူတို့ အတွက်တော့ သုံးဖို့ အကြောင်း ရှိတာကိုး။ ငါ ငယ်ငယ်တုန်းကဆို အဲဒီ နေရာ တဝိုက်ကို ဂျင်ခြေလည်အောင် လျှောက်သွား ဖူးတယ်။ တခြား ကလေးတွေလည်း ခဏခဏ ရောက်လာ တတ်တယ်။

ကေန္တ အဲဒီ လမ်းကလေး အကြောင်း သူတို့ အချင်းချင်း လက်ဆင့် ကမ်း ကြတယ် တူပါရဲ့။ နွေဦးရောက်တိုင်း ကလေး တအုပ်ကြီး အဲဒီ လမ်း ကလေးကို လာရှင်းကြတာ တနွေလုံး ကုန်တဲ့ အထိပဲ။ အဲဒီ လမ်း အကြောင်း တမြို့လုံးက လူကြီးအားလုံး မဟုတ်တောင် အတော် များများတော့ သိကြတယ်။ ဒါပေမဲ့ ကလေးတိုင်း ကတော့ သိမှာ အမှန်ပဲ၊ လောင်း တောင် လောင်းလိုက်ချင်သေး”

အဲဒီမှာ ဘာရှိလို့လဲဟင်” “တိရစ္ဆာန် သင်္ချိုင်းလေ” လူးဝစ်က ရယ်ဟာဟာနှင့်“ “တိရစ္ဆာန် သင်္ချိုင်း ဟုတ်လား” ဟု ပြန်မေး၏။ ဂျတ်က စီးကရက်ကို မီးညှိရင်း ကြိမ်ကုလားထိုင်ကို လွှဲရင်း

“အစ ပထမတော့ ကြားရတာ နားထဲမှာ ဆန်းချင် ဆန်းနေလိမ့်မယ်။ အကြောင်းကို သိရင်တော့ မဆန်းပါဘူး။ တကယ်တော့ ဟောဒီ လမ်းမကြီး ကြောင့်ပဲ။ အဲဒီလမ်းက တိရစ္ဆာန်တွေ အများကြီး စားတယ်။ အများစု ကတော့ ခွေးတွေ၊ ကြောင်တွေပေါ့။ တကြိမ်ကတော့ ရိုက်ဒါတို့ မွေးထားတဲ့ အိမ်မွေး တောကြောင်ကြီး တကောင်ကို အော်ရင်ကို ကုန်တင်ကား ကြီး တစီး တက်ကြိတ် သွားတယ်။ ၇၃ ခုနှစ် အစောပိုင်း လောက်က ထင် ပါရဲ့။ အဲဒီတုန်းက တောကြောင်တို့၊ နံစော်ဖျံတို့ကို အိမ်မှာ မွေးတာက တရား မဝင်ဘူးလေ” ဟု ပြောပြသည်။

“တောကြောင်ကို ဘာလို့ အိမ်မှာ မွေးတာလဲ”

“ခွေးမွေးရင် ခွေးရူးပြန်မှာ ကြောက်လို့ပေါ့။ မိန်းပြည်နယ်မှာ ခွေးရူးတွေ အများကြီးပဲကွဲ့။ လွန်ခဲ့တဲ့ နှစ်အတော် ကြာကြာက စိန့်ဘားနတ် ခွေးကြီးတကောင် ခွေးရူးပြန်ပြီး လိုက်ကိုက်တာ လူလေးယောက် သေသွားဖူးတာ ကိုး။ သိပ်ကြောက်စရာ ကောင်းတာပဲ။ ခွေးကြီးကို သေနတ်နဲ့ အချက် ပေါင်း များစွာ ပစ်သတ် လိုက်ရတယ်။ တောကြောင်တို့၊ နံစော်ဖျံတို့ကိုတော့ တနှစ်နှစ်ကြိမ် ကာကွယ်ဆေး ထိုးလိုက်ရင် ပြီးပြီ။ တောကြောင် ကြီးကို မွေးထားတဲ့

ကောင်လေးတွေက သူ့ကို "ချစ်တုံးကြီး"လို့ ခေါ်ကြတယ်။ သူက ဝဖီးနေတော့ လမ်းလျှောက်ရင် ယက်ကန် ယက်ကန်နဲ့ မျက်နှာကို လျှာနဲ့ လျက်ရင်လည်း ခွေးကြီး ကျနေတာပဲ။ ကလေးတို့အဖေ မစ္စတာ ရိုက်ဒါက သူ့ကို လက်သည်းတိဖို့၊ ဝေးသင်းဖို့တောင် မုန့်ဖိုးပေးတယ်။ ဒါတောင် မတရား ပေးရမှာ။ မစ္စတာ ရိုက်ဒါက ဘန်ဂါမြို့က အိုင်ဘီ အမ် ကုမ္ပဏီမှာ လုပ်တာ။

အခုတော့ သူတို့မိသားစု ကော်လိုရာဒိုကို ပြောင်းသွားတာ ငါးနှစ်၊ ခြောက်နှစ်လောက် ရှိပြီ ထင်ရဲ့။ တောကြောင်ကြီး သေတော့ သူတို့ တော်တော်လေး စိတ်ထိခိုက် ကြမှာပဲ၊ ဟုတ်တယ်။ မတ်တီရိုက်ဒါက သူ့အ မေကို ပြဲလန်နေအောင် အော်ခေါ်ပြီး ဆရာဝန်ဆီ အတင်း လိုက်ပို့ ခိုင်းတယ်။ ငါ့အထင် တောကြောင်ကြီးက သေနေလောက်ပါပြီ။ သူတို့ မေ့မှာ မဟုတ်ဘူး။ လမ်းမကြီးပေါ် ပြေးဆင်းသွားတဲ့ ချစ်တုံးကြီးကို ဘယ်ကလေး က မေ့နိုင်ပါ့မလဲ"

လူးဝစ်စိတ်ထဲ အယ်လီမွေ့ရာ ခြေရင်းမှာ ခွေခွေကလေး လာအိပ်နေတတ်သော ချာ့ကို သွားသတိရသည်။

"ကျွန်တော့် သမီးမှာလည်း ဝင်စတန်ချာချီလို့ ခေါ်တဲ့ ကြောင်ကြီး တကောင် ရှိတယ်။ အိမ်မှာတော့ ချာ့လို့ပဲ အတိုကောက် ခေါ်ကြတယ်"

"သူက အပြင်တွေ ဘာတွေ ထွက်ရင် ဟိုဟိုဒီဒီ လျှောက်တက်တတ် သ လားကွဲ့"

ဂျထ်အမေးကို နားမရှင်းသဖြင့် လူးဝစ်က

"ဘာကို ပြောတာလဲဟင်" ဟု ပြန်မေး၏။

"ဝေးရော သင်းထားသလား"

"ဟင့်အင်း၊ မသင်းထားဘူးဗျ"

ရှီကာဂိုမှာတုန်းက ထိုကိစ္စနှင့် ပတ်သက်၍ စကားများ ဖူးသည်။ ရေချယ် က ချာ့ကို သင်းကွပ် စေချင်သည်။ တိရစ္ဆာန် ဆရာဝန်ဆီမှာပင် အချိန်းအချက် ယူထား လိုက်သေး၏။ သို့သော် ထိုကိစ္စကို လူးဝစ်က ဝင် ဖျက်သည်။ တကယ်တော့ ဘာကြောင့် ဖျက်မိမှန်း သူ့ကိုယ်သူလည်း သေချာမသိ။ ချာ့ကို ကိုယ်ချင်းစာ၍လား၊ သူ့ဘာသာ နေသော ချာ့၏ ကိုယ်အင်္ဂါ တစိတ် တပိုင်းကို တန်ဖိုးထားသည့် အနေဖြင့် ဖျက်ဆီး မ ပစ်ချင်၍လား ဘာကြောင့်မှန်း မသိပေ။ နောက်ဆုံး လူးဝစ်က သူတို့ အားလုံး နယ်ကို ပြောင်းမှာမို့ ချာ့ကို သင်းမကွပ်လည်း ကိစ္စမရှိဟု ရေချယ့် ကို ထောက်ပြသည်။ အခုတော့ ဂျထ်က မေးပြီ။

"ဒါဆို ငါပဲ သင်းပေးလိုက်မယ်။ သင်းထားတဲ့ ကြောင်က အပြင် သိပ် မထွက်တော့ဘူးလေ။ ကားလမ်းမကို ဟိုဘက် ဒီဘက် ဖြတ်ကူးရုံ ဆိုပေမဲ့လို့ ကံမကောင်းရင် ရိုက်ဒါတို့ တောကြောင်ကြီးလို အဆုံးသတ် သွားမှာစိုးလို့ "

လူးဝစ်က

"ရပါတယ်၊ ကျွန်တော့် ဘာသာ လုပ်လိုက်ပါ့မယ်" ဟု ယဉ်ကျေးစွာ ငြင်း လိုက်၏။

ဂျထ်က မတ်တတ် ထရပ်ကာ

"ဒါဆိုလည်း ပြီးတာပဲ။ ဘီယာရော" ဟု မေးသည်။ ထိုအခါ လူးဝစ်ကပါမတ်တတ် ထရပ်၍

"ဘီယာလည်း ကုန်ပြီ။ ပြန်လည်း ပြန်သင့်ပါပြီ။ မနက်ဖြန် လုပ်စရာတွေ အများကြီး ရှိသေးတယ်" ဟု ပြောလိုက်သည်။

"တက္ကသိုလ်မှာ စာ စသင်ရတော့မယ်ပေါ့"

လူးဝစ်က ခေါင်းညိတ်ပြလျက်

"ဟုတ်တယ်။ ကလေးတွေက နှစ်ပတ်လောက် ကြာတဲ့ အထိ ပြန်လာမှာ မဟုတ်သေးဘူး၊ ဆိုပေမဲ့လည်း ဘာလုပ်ရမှာလဲ ဆိုတာ သိအောင် သွားတော့ ကြည့်ရမှာပဲ" ဟု ဖြေသည်။

"အေးပေါ့။ ပွဲမဝင်ခင် အပြင်မှာ အရင် ကျင်းပ ကြည့်ရမှာပေါ့"

ဂျထ်က လူးဝစ်ကို လက်ဆွဲ နှုတ်ဆက်တော့ အဘိုးကြီး၏ အရိုးအဆစ် များ သန်မာ သေးသည်ကို သတိထားမိသည်။

"ကြိုက်တဲ့ ညသာ လာခဲ့။ နော်မာနဲ့လည်း တွေ့စေချင်ပါရဲ့။ မောင်ရင့်ကို တွေ့ရင် ခမျာ ဝမ်းသာမှာပဲ"

"ကျွန်တော်လည်း တွေ့ချင်ပါတယ်။ ဦးနဲ့ တွေ့ရတာလည်း ဝမ်းသာပါတယ်"

"မေတ္တာဆိုတာ အလျားအနံ မရှိပေမဲ့ အသွားအပြန် ရှိတယ် ဆိုသလိုပေါ့။ သိပ်မကြာခင် နေရတာ အသား ကျသွားမှာပါ"

"ဟုတ်ကဲ့။ ကျွန်တော်လည်း အဲဒီလို ဖြစ်မယ်လို့ မျှော်လင့်မိပါတယ်"

အိမ်အပြင် ရောက်တော့ ကုန်ကားတစီး ဖြတ်လာသည်ကို မြင်ရသဖြင့် လူးဝစ်က လမ်းဘေးမှာ ရပ်စောင့် နေလိုက်သည်။ အနားရောက်ခါနီးမှ ကုန်တင်ကား နောက်တွင် တခြား ကားငါးစီး လိုက်လာသည်ကို တွေ့ရ၏။ ထိုကားအားလုံး ဘက်ခ်စပေါ့တ်ဘက် မောင်းသွားကြသည်။ ထို့နောက် လူးဝစ်က ဂျထ်တို့ အိမ်ဘက် လှည့်ကာ ဆလံသ၍ လမ်းမ တဖက်ခြမ်းက သူ့ အိမ် အသစ်ဆီ ဖြတ်ကူး သွားသည်။

တအိမ်လုံး အိပ်မောကျနေသဖြင့် တိတ်ဆိတ် ငြိမ်သက်နေသည်။ အယ်လီကတော့ အနေအထားပင် ပြောင်းသွားဟန် မရှိ။ ဂေ့ဂျ်ကတော့ ပုခက်ထဲ မှာပင် ရှိနေဆဲ။ လူးဝစ်က ဂေ့ဂျ်ကို တစိမ့်စိမ့် ကြည့်ရင်း ကြည်နူးလှသဖြင့် ရင်ခုန်သံများပင် မြန်လာမိသည်။ ရှီကာဂိုနှင့် ပတ်သက်သည့် နေရာမှန် သမျှ လွမ်းလာမိသလိုလို ဆွေးဆွေးမြည့်မြည့် ခံစားရသည်။ အခုတော့ ရှီ ကာဂိုနှင့် မိုင်ပေါင်းများစွာ ဝေးလံသည့် တခါမှ မရောက်ဖူးသော နေရာ မှာ။ ထိုနေရာကို ရွေးခဲ့တာလည်း သူပါပဲလေ။

လူးဝစ်က ဂေ့ဂျ်၏ လက်ချောင်းလေးများကို ကောက်ယူ၍ နမ်းကာ ညင်သာစွာ ပြန်ချလိုက်သည်။ ထို့နောက် ဂေ့ဂျ် ပါးပြင်ကလေးကို ပုခက် တန်းများ

ကြားက တို့ကြည့်သည်။ ဂေ့ဂျ်က လူးလွန့်ကာ တဖက် လှည့် သွား၏။

"သားလေး အိပ်လို့ ပျော်ပါစေ"

သူက အသံ မထွက်အောင် အင်္ကျီချွတ်ကာ အိပ်ရာထဲ ဝင်လိုက်သည်။ တနေကုန် အင်တိုက် အားတိုက် လှုပ်ရှားခဲ့ရသဖြင့် အနားယူခြင်းကို အခု မှ စိမ်ပြေနပြေ ခံစားရသည်။ အိပ်မပျော်ခင် တံတောင် ထောက်၍ ပြတင်းပေါက်ကို လှမ်းကြည့်လိုက်၏။ သူတို့ အခန်းမှာ အိမ်ရှေ့ကို မျက်နှာ မူထားသဖြင့် လမ်းမတဖက်ရှိ ဂျထ်တို့အိမ်ကို လှမ်းမြင်ရသည်။ လသာသောည ဖြစ်သော်လည်း အရိပ်အယောင်ပင် မမြင်ရအောင် မှောင်လှသည်။ သို့သော် စီးကရက်မီး ရဲခနဲ လက်သွားသည်ကို တွေ့လိုက်သောအခါ သက်ကြီးရွယ်အိုများ အအိပ်အနေ နည်းတတ်သည်ကို သွားသတိရသည်။ ကေန္တ တခုခုကို မတ်တတ် ရပ်ကြည့်နေခြင်း ဖြစ်မည်။ ဘာကို ရပ်ကြည့်နေတာပါလိမ့်။

လူးဝစ်သည် တွေးရင်း တန်းလန်းနှင့် အိပ်ပျော်သွားလေ၏။ အိပ်မက်ထဲ မှာ သူက ဒစ္စနေးဝါးလ်ဒ်ကို ရောက်နေပြီး ကြက်ခြေနီ တံဆိပ်နှင့် အဖြူရောင် လူနာတင်ယာဉ်ကို မောင်းနေ၏။ ဆယ်နှစ်အရွယ် ရောက်နေသော ဂေ့ဂျ်က သူ့ဘေးမှာ ထိုင်နေသည်။ ချာ့ကတော့ ကားဒက်ရှ်ဘုတ်ပေါ်မှာ ထိုင်ပြီး အစိမ်းတောက်တောက် မျက်လုံးများဖြင့် လူးဝစ်ကို ကြည့်နေ၏။ သူတို့ ကားသည် ၁၈၉၀ ဝန်းကျင် မီးရထား ဘူတာရုံနားက မိန်းလမ်းမပေါ် မှာ ရောက်နေသည်။ အပြင်မှာ လူဝင်ထားသော မစ်ကီမောက် ရုပ်ကြီးကို ကလေးများ ဝိုင်းနေ၏။ မစ်ကီမောက်၏ အဖြူရောင် လက်အိတ် စွပ်ထားသော လက်ဝါးကြီးက ကလေးများ ယုံကြည်စွာ လှမ်းလာသော လက်သေး သေးများကို ဆွဲယူ ဝါးမျို နေလေသည်။

****

အခန်း (၇)

နောက်နှစ်ပတ်လောက် ကြာသည်အထိ တမိသားစုလုံး အလုပ်ရှုပ်သွားသည်။ နည်းနည်း နည်းနည်းဖြင့် လူးဝစ်သည် သူ့အလုပ်သစ်ကို လန့်လန့်လာသည်။ သူ ကိုင်တွယ်ခဲ့ရသော ကျောင်းသားပေါင်းက တသောင်း လောက် ရှိမည်ထင်ရသည်။ အများစုက မူးယစ်ဆေးနှင့် အရက် စွဲနေကြ ပြီး အချို့မှာ လူမှုရေးပြဿနာများ ခံစားနေရ၏။ အချို့က အဆင့်ကျသွား သည်ကို စိုးရိမ်ပူပန်ကာပထမဆုံး အကြိမ် အိမ်နှင့် ခွဲရသည်ကို စိတ်ဓာတ် ကျနေ၏။

မိန်းကလေး တဒါဇင်လောက်က အစားအသောက် ထိန်းခြင်းကြောင့်ပိန်သွားမှာ၊ ဝလာမှာ ကြောက်နေ ကြသည်။ လူးဝစ်က တက္ကသိုလ်ဆေးဘက်ဆိုင်ရာ ဌာနမှာ စလုပ်ခဲ့ရသလို ရေချယ်ကတော့ အိမ်အလုပ်နှင့်ပင်ရှုပ်နေ၏။

ဂေ့ဂျ်က နေရာ အသစ်နှင့် အသားကျအောင် ကြိုးစားရင်း ညအိပ်ချိန် မှားလာပြီး ဆယ်ရက်လောက် ကြာမှသာ ပုံမှန် ပြန်ဖြစ်လာ၏။ အယ်လီ ကတော့မူကြိုကျောင်း အသစ်မှာ စတက်ရသည်။ ရေချယ်ကတော့ အယ်လီ အဆင်ပြေလိမ့်မည်ဟု ပြောသည်။ အယ်လီကတော့ တချိန်လုံး သမင် တကောင် မြင်မြင်နေရသည်ဟု ဆို၏။ လူးဝစ်က ညနေစောင်းလျှင် ဂျထ် ဆီ ဘီယာသွားသောက်တတ်သည့် အကျင့် ရလာသည်။ သူကလည်း အိမ် မှ ဘီယာခြောက်ဘူးတွဲ ဆွဲဆွဲ သွားတတ်သည်။ နော်မာနှင့်လည်း တွေ့သည်။ နော်မာသည်သဘောကောင်းသော အဘွားကြီး ဖြစ်ပြီး အဆစ်အမြစ်ရောင် ရောဂါကို နာတာရှည်ခံစားနေရ သော်လည်း စိတ်ဓာတ်မကျဘဲ သည်းညည်း ခံနိုင်စွမ်း ရှိလေ၏။ လူးဝစ်က နော်မာ့ရောဂါ သိပ်ဆိုးဝါး မလာလျှင်တော့ နောက်ထပ် လေးငါးခြောက်နှစ်လောက် ထပ်နေနိုင်လိမ့် မည်ဟု တွေးမိသည်။

လူးဝစ်က နော်မာ သောက်ရသော ဆေးများကို စစ်ဆေးကြည့်တော့အနာနှင့်ဆေး တည့်နေတာ တွေ့ရသည်။ ဘာအကြံဉာဏ်မှ ထပ်ပေးစရာမလိုအပ်သည်ကိုပင် သူ့မှာ မချင့်မရဲ ဖြစ်မိသည်။ နော်မာ့ဆရာဝန် ဒေါက်တာဝေးဘရစ်ချ်က သူမကို အစွမ်းကုန် ကြည့်ရှု ပေးထားသဖြင့် နေဝင်ချိန်ကိုထိုင်ရေတွက်နေဖို့ပဲ ကျန်တော့သည်။ ရေချယ်ကလည်း နော်မာ့ကိုသဘောကျသည်။

ယောက်ျားလေး အချင်းချင်း ဘော့စ်ဘော ကတ်ပြားများ အလဲအလှယ်လုပ်သကဲ့သို့ သူမတို့ အချင်းချင်း ဟင်းချက်နည်း အပြန်အလှန် ဝေမျှကြသည်။ နော်မာက ပန်းသီးပိုင် မုန့်ဖုတ်နည်း သင်ပေးသလို ရေချယ်က ရုရှားစတိုင်အမဲသားဟင်း ချက်နည်း ပြန်ပြောပြသည်။ နော်မာသည် ကလေး နှစ်ယောက်နှင့်လည်း ပနံသင့်လှ၏။

အထူးသဖြင့် အယ်လီက နော်မာ့ကို အဘွား ငယ်ငယ်တုန်းက တော်တော်ချောမှာပဲဟု ပြောတတ်သည်။ နော်မာက အယ်လီကို တောကြောင် မွေးဖို့

မပြောတာနဲ့တင် တော်လှပါပြီဟု လူးဝစ်က ရေချယ့်ကို ပြောတော့ သူမက အကျယ်ကြီး ထရယ်သည်။ ထို့နောက် လူးဝစ်ကိုပါ ကူးစက်ကာ လင်မယား နှစ်ယောက်သား ဝါးလုံးကွဲ ရယ်ချလိုက်တော့ တဖက်ခန်းမှာ အိပ်နေသည့် ဂေ့ဂျ်ပင် လန့်နိုးသွားသည်။

မူကြို စဖွင့်သည့်နေ့ ရောက်လာတော့ လူးဝစ်က သီးသန့် လူနာခန်းနှင့် ဆေးဝါး ကိရိယာ ထောက်ပံ့ဌာနတို့ကို ကောင်းကောင်းကြီး ထိန်းချုပ် လာနိုင်ပြီ ဖြစ်၍ ထိုနေ့ကို ခွင့်ယူလိုက်သည်။ သီးသန့် လူနာခန်းတွင် လောလောဆယ် လူနာ တယောက်မျှ ရှိမနေတာကြောင့်လည်း ပါသည်။ နောက်ဆုံး တက်ခဲ့သော လူနာမှာ ကျောင်းသား သမဂ္ဂ အဆောက်အဦက လှေကားထစ်မှာ ချော်လဲပြီး ခြေထောက် ကျိုးသွားသော ကျောင်းသား တယောက် ဖြစ်သည်။ သူ့ကိုလည်း ပြီးခဲ့သည့် တပတ်ကပင် ဆေးရုံမှ ဆင်းခွင့် ပေးလိုက်သည်။

အိမ်ရှေ့ မြက်ခင်းပြင်၌ လူးဝစ်က ဂေ့ဂျ်ကို ချီထားသော ရေချယ့် ဘေးနား သွားရပ်လိုက်၏။ ထို့နောက် မစ်ဒဲလ်ဒရိုက် လမ်းမဘက်က ကွေ့လာသော အဝါရောင် ကျောင်း ဘတ်စ်ကားကြီး တစီး သူတို့ အိမ်ရှေ့မှာ လာရပ်သည်။ လျှောတံခါး ပွင့်သွားတော့ ကားထဲမှ ကလေးများ ဆူညံ ပွက်လော ရိုက်နေသံက လေထုထဲသို့ မျောလွင့် လာသည်။ အယ်လီ ကားပေါ် တက် သွားတော့ ဘတ်စ်ကားဆီမှ နဂါးကြီး တကောင် နှာမှုတ်လိုက်သည့် အလား ရှူးခနဲ လေမှုတ်သံကြီး တချက် ထွက်လာပြီး လျှောတံခါး ပြန်ပိတ်ကာ လမ်းမအတိုင်း ဆက်ထွက် သွားသည်။

ရေချယ်က ထိုမြင်ကွင်းကို ကြည့်ရင်း မျက်ရည် ကျလာတော့ လူးဝစ်က "ဟာ ရေချယ်ကလည်း နေ့တဝက်ပဲ တက်ရတာကိုကွာ" ဟု ပြောလိုက်သည်။

"နေ့တဝက်နဲ့တင် ဆိုးလှပါပြီ"

ရေချယ်က ဆူပူလိုသော လေသံဖြင့် ပြန်ပြောကာ စငိုတော့သည်။ လူးဝစ် က လက်လှမ်းတော့ ဂေ့ဂျ်က အလိုက်သင့်ပင် သူ့လည်ပင်းကို လှမ်းဖက်၏။ ရေချယ်ငိုလျှင် ဂေ့ဂျ်လည်း လိုက်ငိုတတ် သော်လည်း သည်တခါမှာတော့ ဂေ့ဂျ်က လိုက်မငိုချေ။ ဂေ့ဂျ်ကား အလိုက် သိလှသည့် သားကလေး ပါလား ဟု လူးဝစ် တွေးမိ၏။

နတုန်းကတော့ လင်မယား နှစ်ယောက် ကော်ဖီသောက်ရင်း အယ်လီ ပြန်လာရင် ဘာများ ကြားရမလဲဟု ရင်တမမနှင့် စောင့်နေခဲ့ကြသည်။ လူးဝစ်က သူ့အလုပ်ခန်းထဲ ဝင်ကာ စာရွက်များကို ဟိုရွှေ့၊ သည်ရွှေ့ လုပ်လိုက် သေး၏။ ရေချယ်ကတော့ နေ့လယ်စာကို အစောကြီး စားထားနှင့်သည်။

၁၀ နာရီ ၁၅ မိနစ်လောက် ကျတော့ ဖုန်း ထမြည်လာ၏။ နောက်တကြိမ် ထပ်မမြည်ခင်မှာပင် ရေချယ်က ဖုန်းကို အပြေးအလွှား သွားကိုင်ပြီး အသက်ပင် မရှူနိုင်သည့် လေသံဖြင့် "ဟဲလို" ဟု ထူးလိုက်သည်။ လူးဝစ်က အလုပ်ခန်းနှင့် မီးဖိုချောင်ကြား လမ်းခုလတ်မှာ မတ်တတ် ရပ်ရင်းသာ နားထောင် နေလိုက်သည်။

အယ်လို့ဆရာမ ဆက်တာ ဖြစ်မှာပါပဲ။ အယ်လီ စာမလိုက်နိုင်၍များ ကျောင်းဆက်တက်ဖို့ ခွင့်မပြုနိုင်ကြောင်း ပြော သလား မသိ။

မနက်ကတော့ လူးဝစ် ဂျထ်ဆီ ရောက်သည်။ ဂျထ်က ပြောင်းဖူးများ ချိုးနေပြီး သူ့ကို လာကူဖို့ မပြောသည်ကိုပင် လူးဝစ်က အပြစ် ဆိုလိုက် သေး၏။ ဂျထ်က

"မလိုပါဘူးကွာ" ဟု ပြောနေစဉ် နော်မာက လက်ဖက်ရည်အေးနှင့် ကိုလာကို လင်ပန်းနှင့် ထည့်ကာ ဆင်ဝင်အောက် ထွက်လာပြီး

"လူးဝစ်ရှိတော့ စကားပြောဖော် ရတာပေါ့" ဟု ဆို၏။

"အေးပါကွာ"

"ရှင်က အမြဲ အဲဒီလိုပဲ"

နော်မာက ဂျထ်ကို မျက်စောင်း တချက် ထိုးကာ ကြိမ်ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဂျထ်က

"အယ့်ကို ကျောင်းကားပေါ် တက်သွားတာ တွေ့လိုက်တယ်။ သူအဆင်ပြေမှာပါ" ဟု ပြောသည်။ နော်မာက

"အဆင်ပြေလောက်ပါရဲ့" ဟု ဆိုသည်။

အဆင်ပြေလောက်ပါရဲ့ ဆိုတော့ အဆင် မပြေတာလည်း ရှိလို့နဲ့ တူပါရဲ့ ဟု လူးဝစ်က တွေးလိုက်မိ၏။

သို့သော် အယ်လီ အဆင်ပြေ ခဲ့ပါသည်။ ကျောင်းလွှတ်ချိန် နေ့ခင်းဘက် အိမ်ပြန်လာတော့ သူ့မျက်နှာက ပြုံးလို့၊ ရွှင်လို့။ ခေါင်းပေါ်က ဖဲကြိုးတချောင်းကတော့ ဘယ်မှာ ကျပျောက်ခဲ့မှန်း မသိ။ အယ်လီက

"သမီးတို့ Old MacDonald သီချင်း ဆိုရတယ်၊ သိလား။ Carstairs Street ကျောင်းမှာ ဆိုတာနဲ့ အတူတူပဲ" ဟု ပြောတော့ ရေချယ်က လူးဝစ်ကို တချက် လှမ်းကြည့်သည်။

လူးဝစ်က အိပ်ငိုက်နေသော ဂေ့ဂျ်ကို ပေါင်ပေါ်တင်ကာ ပြတင်းပေါက်နားမှာ ထိုင်နေသည်။ ရေချယ်က ခပ်မြန်မြန်ပင် အကြည့် လွှဲသွား သော်လည်း မျက်ဝန်းထဲမှာ ဝမ်းနည်းရိပ်များကို တွေ့ရသဖြင့် လူးဝစ် စိတ် မသက်မသာ ဖြစ်သွား၏။ သားသမီးကို ချစ်ခင် တွယ်တာလွန်းသော ရေချယ့် အတွက်လည်း စိတ်မကောင်းမိ။ တို့လည်း တနေ့ အိုရမှာပဲ။ အယ်လီ လည်း သူ့လမ်းသူ လျှောက်ရမှာ၊ တို့လည်း တို့လမ်း တို့ဘာသာ လျှောက်ကြ ရမှာပဲလေဟု စိတ်ထဲက ပြောနေမိသည်။

အယ်လီက လူးဝစ်ဆီ ပြေးလာပြီး ကျောင်းမှာ ရေးခြစ်ထားသော ပုံတပုံ လာပြသည်။ ပါးစပ်ကလည်း Old MacDonald သီချင်းနှင့် ဆရာမ မစ္စက်ဘယ်ရီမန်း အကြောင်း တတွတ်တွတ် ပြောပြသည်။ ချာ့က သူမ ခြေထောက် နှစ်ချောင်းကြားမှာ ဝင်လိုက်၊ ထွက်လိုက်နှင့် ပွတ်သပ် တွန့် လိမ်၍ တညောင်ညောင် အော်နေ၏။ လူးဝစ်က လက်ညှိုးကို ပါးစပ်နား တေ့ကာ အယ်လီကို တိတ်တိတ်

နေရန် အချက်ပြ လိုက်သည်။ ယခုတော့ဂေ့ဂျ် အိပ်ပျော် သွားလေပြီ။

ဖေဖေ မောင်လေးကို သွားသိပ်လိုက်ဦးမယ်။ ပြီးရင် သမီးပြောတာ“ ”အကုန်လုံး နားထောင် ပေးမယ်နော်

ဂေ့ဂျ်ကို အိမ်ပေါ်ထပ် ချီလာတော့ စက်တင်ဘာလဆန်း နေရောင်က အိမ်ထဲကို ထိုးကျနေလေပြီ။ ဂေ့ဂျ်အခန်းထဲ ရောက်တော့ စိတ်ထဲမှာ မသိုးမသန့် ခံစားမိသဖြင့် ဘေးဘီကို လှည့်ပတ် ကြည့်မိသည်။ ဂေ့ဂျ်ကိုလည်း တင်းကျပ်စွာ ပွေ့ထားမိသဖြင့် ဂေ့ဂျ်က မသက်မသာ လူးလွန့်လာ၏။

လူးဝစ်၏ လက်မောင်း တလျှောက်နှင့် ကျောကုန်းမှာ ကြက်သီး မွေးညင်း ထလာသည်။ ဘာဖြစ်တာလဲဟ။ သူ စိတ်ရှုပ်ကာ လန့်သလိုလို ဖြစ်လာ၏။ ရင်လည်း တဒိတ်ဒိတ် ခုန်လာသည်။ ဦးရေပြားလည်း အေးခဲ ဖြစ်သွားကာ ခေါင်းနားပန်း ကြီးလာသလို ခံစားရ၏။ လူသားတို့သည် ကြောက်မက်ဖွယ်ရာ တခုခုကို ကြုံရလျှင် အက်ဒရီနလင်း ဟော်မုန်းများ ထွက်လာတတ်သည်။ ထိုအခါ မျက်စိများ အလိုလို ပြူးကျယ် လာတတ်၏။

သူ့မျက်စိလည်း ပြူးကျယ် လာသလို ခံစားရသည်။ တကယ် ပြူးထွက် လာခြင်း မဟုတ်သော်လည်း သွေးဖိအားကြောင့် ဖောင်းတော့ ဖောင်းလာ၏။ ဘာဖြစ်တာလဲ၊ သရဲ ခြောက်တာလား၊ ဘုရား ဘုရား။ သူ့အနောက် က တယောက်ယောက် လိုက်လာသလို ခံစားရသည်။ တစုံတခုကို မြင် လိုက်တော့မှာ လိုလို။

လူးဝစ်က ထအော်မိတော့မလို ဖြစ်ကာ တစုံတခုကို သွားတွေးမိပြီး ရယ်ချလိုက်သည်။ လူတွေသည် တခါတလေ မဟုတ်ကဟုတ်က လျှောက် တွေးကာ ကိုယ့်ဘာသာ လန့်လာတတ်သည်။ လူ့စိတ်သည် တဆိတ်ကို လည်း တအိတ်ဖြစ်အောင် ချဲ့ကားတတ်သည်။ သူ့အလုပ်အကိုင် အရ လူသေကောင်ပေါင်း နှစ်ဒါဇင်လောက်နှင့် ကြုံဖူးသော်လည်း တသက်နှင့်တကိုယ် တခါမှ သရဲခြောက် မခံရဖူးသလို တစ္ဆေသရဲကိုလည်း တခါမှ မမြင်ဖူးချေ။

လူးဝစ်က ဂျ်ကို ပုခက်ထဲ ထည့်ကာ စောင်ခြုံ ပေးလိုက်သည်။ ရုတ်တရက် အဖေ့ညီ အန်ကယ်ကားလ်၏ ပြခန်း အကြောင်း တွေးမိ၏။ ပြခန်းထဲမှာ ဘာကားမှ မရှိ။ တီဗွီလည်း မရှိ။ အဖုံး ဖွင့်ထားသော အခေါင်း များသာ ရှိသည်။ အန်ကယ်ကားလ်က သုဘရာဇာ တယောက် ဖြစ် နေသည်ကိုး။ ဘုရားရေ၊ ငါဘာတွေ လျှောက်တွေး နေမိပါလိမ့်။ သွားစမ်း၊ သွား။

ထို့နောက် လူးဝစ်က ဂေ့ဂျ်ကို နမ်းကာ အယ်လီ ပြောပြမည့် ပထမဆုံး ကျောင်းတက်ရက် အကြောင်း နားထောင်ရန် အောက်ထပ်သို့ ပြန်ဆင်း လာခဲ့သည်။

****

အခန်း (၈)

စနေနေ့ကျတော့ အယ်လီကလည်း ကျောင်းပိတ်၊ လူးဝစ်၏ ကောလိပ် ကျောင်းသားများလည်း ပြန်ရောက် မလာကြသေးသဖြင့် အိမ်ရှေ့ မြက်ခင်းပြင်မှာ မိသားစုလိုက် ထိုင်အပန်းဖြေ ကြသည်။ ဂျထ်က လမ်းမကို ဖြတ်ကာ သူတို့အိမ်ဘက် ကူးလာ၏။ အယ်လီက စက်ဘီးစီးလိုက်၊ ရေခဲစိမ် လက်ဖက်ရည် သောက်လိုက် လုပ်နေသလို ဂေ့ဂျ်က မြက်ခင်းပြင်ပေါ်မှာ လေးဖက်ထောက် သွားကာ ပိုးကောင် ကလေးများကို စူးစမ်းနေသည်။ ကြည့်ရတာ တချို့တလေကိုပင် ပါးစပ်ထဲ ကောက်ထည့်ဟန် တူ၏။ လူတကာ ထိုင်ရာက ထ၍

"ကျွန်တော် ခုံယူပေးမယ်လေ ဂျထ်" ဟု ဆိုတော့

မလိုပါဘူးကွာ" ဟု ပြောသည်။"

ဂျထ်က လည်ပင်းပေါက် ဟာပြဲနှင့် ရှပ်အင်္ကျီ၊ ဂျင်းဘောင်းဘီနှင့် အစိမ်းရောင် ဘွတ်ဖိနပ်ကြီး စီးထားသည်။ သူက အယ်လီကို ကြည့်ကာ

"သမီးပြောတဲ့ လမ်းကလေး ဘယ်မှာ ဆုံးသလဲ သိချင်လား အယ်လီ" ဟု မေးလိုက်၏။

အယ်လီကလည်း မျက်လုံး ကလေးများ လက်ခနဲ တောက်ပသွားကာ ချက်ချင်း ကောက်ထ၍

"ဟုတ်ကဲ့။ ကျောင်းမှာ ဂျော့ဘတ်က တိရစ္ဆာန် သင်္ချိုင်းလို့ ပြောတယ်။ မေမေ့ကို ပြောပြတော့ ဘာဘာ သိတယ်၊ မေးကြည့်ပေါ့တဲ့" ဟု ဆိုသည်။

"သိတာပေါ့ကွယ်။ သမီးကြားထားတဲ့ အတိုင်းဆို အဲဒီကို ရောက်ဖို့ လမ်း တော်တော် လျှောက်ရမှာ။ ဘွတ်ဖိနပ် စီးသွားမှ ဖြစ်မယ်။ တချို့ နေရာတွေ က မြေနည်းနည်း ပျော့တော့ ခြေထောက် နစ်တတ်တယ်"

အယ်လီက အိမ်ထဲသို့ အပြေးအလွှား ဝင်သွားသည်။ ရွှင်လန်း တက်ကြွ နေသော သူမကို ကြည့်ရင်း ဂျထ်က...

"မင်းလည်း လိုက်မယ် မဟုတ်လား လူးဝစ်" ဟု မေးသည်။

"လိုက်မှာပေါ့။ ရေချယ်ရော လိုက်မလား"

လူးဝစ်က မေးတော့ ရေချယ်က

"ဂေ့ဂျ်ကို ဘယ်လိုလုပ်မလဲ။ တမိုင်လောက် ဝေးမယ် ထင်တယ်နော်" ဟု ပြန်မေး၏။

"ကျောသိုင်းအိတ်နဲ့ လွယ်လို့ ရတယ်လေ"

ရေချယ်က ရယ်ကာ

"အိုကေလေ၊ ကိုယ့်ကျောမှာ လွယ်ရမှာနော် ဆရာ" ဟု ပြော၏။

ဆယ်မိနစ်လောက် ကြာတော့ သွားဖို့ အဆင်သင့် ဖြစ်သွားကြသည်။ ဂေ့ဂျ်မှလွဲ၍ အားလုံး ဘွတ်ဖိနပ် စီးထားကြ၏။ Gerrypack ကျောသိုင်းအိတ်ထဲမှ ဂေ့ဂျ်က လူးဝစ်ပခုံးကို ကျော်၍ ဟိုသည် လိုက်ငေး ကြည့်သည်။ အယ်လီ က လိပ်ပြာ လိုက်ဖမ်းလိုက်၊ တွေ့ကရာ ပန်းတွေ လျှောက်ခူးလိုက်နှင့် ရှေ့ဆုံးက

ခေါင်းဆောင် သွားသည်။

အိမ်နောက်ဘက် ကွင်းပြင်က မြက်တောက ခါးလယ်လောက် ရှည်လျားကာ ရွက်ဖျားများ ဝါကြင်နေကြပြီ။ နှစ်တိုင်းလိုပင် ဆောင်းဦးက နွေအရောက် နောက်ကျသည်ကို စကားတင်း ဆိုကြသည် ထင်၏။ ဒီနေ့တော့ လေထဲမှာ ဆောင်းဦး၏ အငွေ့အသက် လုံးဝမရဘဲ ဩဂုတ်လက အတိုင်းနေပူသည်။ မြက်ပင် ချုံနွယ်တို့ တိနေအောင် ရိတ်သင်ထားသော လမ်းကလေး အတိုင်း လျှောက်လာကြရင်း ပထမဆုံး တောင်ကုန်းထိပ် ရောက်တော့ လူးဝစ် လက်မောင်းမှာ ချွေးကွက်ကြီးများ ထလာသည်။ ဂျထိက လျှောက်နေရာမှ ရပ်လိုက်သဖြင့် လူးဝစ်စိတ်ထဲ၌ ဒီအဘိုးကြီး မောလာလို့ ဆက်မလျှောက်နိုင်တော့ဘူး ထင်တယ်ဟု တွေးလိုက်မိသေး၏။

သို့သော် ဂျထ်က တောင်ကုန်းထက်မှ နေ၍ လည်ပြန် လှည့်ကြည့်ရင်း

“ဒီအပေါ်ကနေ ကြည့်လိုက်စမ်း၊ ဘယ်လောက် လှသလဲ”

ဟု ဆိုကာ မြက်ပင်ရှည် တချောင်းကို ဆွဲနုတ်၍ သွားဖြင့် ကိုက်သည်။ ရေချယ်က

“ဟုတ်ပါရဲ့၊ လှလိုက်တာ။ ဒီလောက် လှမှန်းကိုက ကျွန်မကို အစောကတည်းက ဘာလို့ မပြောတာလဲ” ဟု အပြစ်တင်သလို လှည့်မေးသည်။ လူးဝစ်က ရှက်ကိုး ရှက်ကန်းဖြင့်

“ဘာလို့လဲ ဆိုတော့ ကိုယ် မရောက်ဖူးလို့ပေါ့ကွာ” ဟု ဖြေသည်။

လူးဝစ်တို့ မိသားစုမှာ ကနေ့အထိ အိမ်အနီး ပတ်ဝန်းကျင်မှလွဲ၍ အိမ်နောက်ဘက်ရှိ တောတန်းဆီသို့ တခါမှ သွားမကြည့်ဖူးချေ။ အယ်လီ ကတော့ ရှေ့မှ ဦးဆောင် နေတုန်းပင်။ သူတို့တတွေ ရပ်ကြည့်တော့ အယ်လီပါ ပြန်ရောက်လာပြီး တအံ့တဩ လိုက်ငေးကြည့်သည်။ ချာ့က သူမ ခြေဖနောင့်နားမှာ အကြောဆန့်နေ၏။

တောင်ကုန်းက သိပ်မမြင့်ချေ။ အရှေ့ဆီတွင် တောတန်းဆီက သစ်ပင် များ ထူထပ် လာသဖြင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့။ အနောက်ကို လှည့်ကြည့်လျှင်တော့ နွေနှောင်းပိုင်း၏ ရွှေရောင် ကွင်းပြင်ကြီးက ဖြောင့်ဖြူး သာယာလှသည်။ အရာရာသည် တိတ်ဆိတ် ငြိမ်သက်၍ အေးချမ်း နေသည်။ အော်ရင်ကို ဆီကားကြီးများ၏ ဘရိတ်ဆွဲသံကိုမျှ မကြားရ။

မကြာခင် ပန်နော့စကော့ အမည်ရှိ တောင်ကြားမြစ်ဆီ ရောက်လာသည်။ တခါတုန်းက သစ်ပင် ခုတ်လှဲသူတို့သည် အရှေ့ မြောက်ဘက်ရှိ ဘန်ဂါနှင့် ဒါရီမြို့များဆီ ကျွန်းတုံးများကို ဤမြစ်ကြောင်း အတိုင်း မျှောချဖူးကြသည်။ သူတို့ ရောက်နေသော နေရာကတော့ ဘန်ဂါမြို့၏ တောင်ဘက်နှင့် ဒါရီ မြို့၏ မြောက်ဘက် နည်းနည်း ကျသည်။ ညီညာ ပြန့်ပြူးသော မြစ်ရေပြင် သည် အိပ်မော ကျနေသလိုမျိုး တည်ငြိမ် အေးချမ်းစွာ စီးဆင်းလျက် ရှိသည်။ တဖက်ကမ်းကို ကူးသွားလျှင် ဟမ့်ပ်ဒန်နှင့် ဝင်းတာပို့တ် မြို့များကို ရောက်လိမ့်မည်ဟု လူးဝစ်

တွက်မိသည်။ အတော်တော့ ဝေးလိမ့်မည်။ မြစ်ကြောင်းသည် အိမ်ရှေ့က ၁၅ လမ်းမကြီးနှင့် အပြိုင် မြွေလိမ်မြွေကောက် ကွေ့ကောက် သွားခြင်း ဖြစ်နိုင်သည်။ ခေါင်းအထက် မှာတော့ တိမ်တိုက် ဖြူဖြူများက အပြာရောင် ဖျော့ဖျော့ မိုးကုပ်စက်ဝိုင်း တခွင်လုံးမှာ ဖြည်းညင်းစွာ ရွက်လွှင့် နေကြသည်။ နောက်ဆုံး၌ လူးဝစ် က

"လှလိုက်တဲ့ ရှုခင်း" ဟု ရေရွတ်လိုက်၏။ ဂျထ်က

"အရင်တုန်းကတော့ ဒီနေရာကို မျှော်လင့်ခြင်း တောင်ကုန်းလို့ ခေါ်ကြတယ်။ အခုထိ အဲဒီလို ခေါ်နေကြတဲ့ သူတွေ ရှိနေတုန်းပဲ။ ဒါပေမဲ့ မြို့ကို လူသစ်တွေ ပြောင်းလာတာ များတော့ လူအများစုက မေ့တော့တော့တောင် ဖြစ်ကုန်ကြပါပြီ။ ဒီနေရာကိုလည်း သိပ်မရောက်ကြဘူး ထင်ပါရဲ့။ တောင်ကုန်း က သိပ်မမြင့်တော့ ဒီလို မြင်ရမယ်တောင် မထင်ရဘူး၊ ဒါပေမဲ့ မြင်ရတယ် တွေ့လား" ဟု ဆို၏။

ဂျထ်က ဘာမှ ဆက်မပြောတော့ဘဲ လက်ညှိုးသာ ထိုးပြသည်။ ထို့နောက် စီးကရက် တလိပ်ကို ပါးစပ်မှာ တပ်လိုက်သော်လည်း မီးတော့ မညှိချေ။

ရေချယ်က တိုးဖွသော လေသံဖြင့်

"အကုန် လှမ်းမြင် နေရတာပဲနော်" ဟု ဆိုကာ လူးဝစ်ဘက် လှည့်၍

"ကို" ဒီနေရာကရော ကျွန်မတို့ အပိုင်ပဲလား" ဟု မေး၏။ လူးဂစ် မဖြေ လိုက်နိုင်ခင် ဂျထ်က

ပိုင်တာပေါ့။ မင်းတို့ အပိုင်ထဲ ပါတယ်လေ" ဟု ဖြေ၏။ လူးဝစ်လည်း" ထိုသို့ပင် တွေးထားတာ ဖြစ်သည်။

တောထဲမှာ ပိုအေးသည်။ တဆယ် ဒီဂရီလောက် ရှိမည် ထင်ရ၏။ လမ်း ကလေးသည် ပို၍ ကျယ်လာပြီး ပန်းအိုးများ၊ အပင် ထည့်စိုက်ထားသော ကော်ဖီဘူးခွံများဖြင့် လမ်းကြောင်း အမှတ်အသား လုပ်ထားသည့် လက္ခဏာများကို မကြာခဏ တွေ့လာရသည်။ သူတို့ လျှောက်လာသည့် ခရီးက တမိုင်၏ လေးပုံ တပုံခန့် ရှိလာပြီ။

တောင်ကုန်းအောက် ပြန်ဆင်းရသည့် အခါ ဂျထ်က အယ်လီကို လှမ်း ခေါ်ကာ

သမီးက လျှောက်နိုင်သားပဲ။ ဒါပေမဲ့ ဒီနေရာကို လာမယ်ဆို ဖေဖေနဲ့" မေမေ့ဆီမှာ အရင် ခွင့်တောင်းပြီးမှ လာရမယ်။ ပြီးတော့ ဒီလမ်းကလေး ပေါ် မှာပဲ နေမှာပါလို့လည်း ကတိ ပေးရမှာနော်" ဟု ချိုချိုသာသာ ပြောသည်။

"ဘာဖြစ်လို့လဲဟင်"

ဂျထ်က လူးဝစ်ကို လှမ်းကြည့်သည်။ ဂေ့ဂျ်ကို ကျောပိုးရတာ ပင်ပန်းလာ ပုံရသည့် လူးဝစ်က ထင်းရှူးပင်ရိပ်များ အောက်တွင် ခဏနားရန် ရပ် လိုက်၏။ ဂျထ်က လူးဝစ်အား

"ဘယ်နေရာ ရောက်ပြီလဲ သိလား" ဟု မေးသည်။

လဒ်လိုမြို့ မြောက်ဘက်လားတော့ မသိ၊ ၁၅ လမ်းမကြီးနှင့် မစ်ဒဲလ်ဒရိုက် လမ်းမကြားမှာ၊ ပြီးတော့ အိမ်နောက်ဘက်မှာ ဆိုတော့” လူးဝစ်က စဉ်းစား ကြည့်သော်လည်း တိကျသော အဖြေ မရသဖြင့် ခေါင်းယမ်း ပြသည်။ ဂျထ်က လက်မ တချောင်းဖြင့် နောက်ကို ထိုးပြကာ

“ဒီဘက်က မြို့လေ။ တောအုပ်ကတော့ မိုင်ငါးဆယ်လောက် ကျယ်လိမ့် မယ်။ လဒ်လိုမြောက်ပိုင်း တောအုပ်လို့ ခေါ်ကြတယ်။ အော်ရင်တန် မြို့စပ် အထိ ရောက်တယ်လေ။ ပြီးတော့ ရှော့ခ်ဖို့ထ်ဘက်ကို ဆက်သွားတယ်။ အဆုံးသတ်ကတော့ မင်းသိတဲ့ အတိုင်း အင်ဒီးယန်း လူမျိုးတွေ ပြန်လိုချင် နေတဲ့ အစိုးရပိုင် နယ်မြေပဲ။ လမ်းမကြီး တဖက်ခြမ်းက မောင်ရင်တို့ အိမ် လေးက တောတန်း အဆုံးမှာ ဆောက်ထားတာ လို့တောင် ပြောလို့ရတယ်။ ဒါပေမဲ့ ရေမီးအစုံ ရတော့ အဆင် ပြေတာပေါ့” ဟု ဆိုသည်။ ထို့နောက် အယ်လီဘက် လှည့်ကာ

“ဘာဘ သတိ ပေးချင်တာက သမီး တောထဲမှာ လမ်းပျောက်သွားမှာ စိုးလို့ အယ်လီရဲ့။ လမ်းကလေး ပေါ်က ဆင်းသွားတာနဲ့ ဘယ်ရောက်လို့ ရောက် မှန်းမသိ ဖြစ်သွားလိမ့်မယ်” ဟု မှာသည်။

“ဟုတ်ကဲ့၊ လမ်းပေါ်ကနေ ဆင်းမသွားပါဘူး ဘာဘ”

အယ်လီက အံ့သြနေသော်လည်း ကြောက်ရွံ့ပုံတော့ မရ။ ရေချယ်က ဂျထ် ကို စိတ်မသက်မသာနှင့် ကြည့်နေသဖြင့် လူးဝစ်ပါ နေရထိုင်ရတာ အဆင် မပြေတော့ချေ။ မြို့ခံများမှာ တောထဲ တောင်ထဲ သွားရမှာ ကြောက်ကြပုံ ပေါ်သည်ဟု လူးဝစ် ယူဆမိ၏။ လွန်ခဲ့သော အနှစ် နှစ်ဆယ်တုန်းက ကင်းထောက်လူငယ် အဖွဲ့ထဲ လူးဝစ် ဝင်ခဲ့ဖူးသည်။ ရှုံ့ဝံကြယ်ကို ကြည့်၍ လမ်းရှာ သွားတတ် ကတည်းက သံလိုက်အိမ်မြှောင်ကို မသုံးဖြစ်တော့။ သစ်ပင်၏ မည်သည့် ဘက်ခြမ်းမှာ ရေညှိတက်သည်ကို ကြည့်၍ အရပ် မျက်နှာကို ခန့်မှန်းခြင်းနှင့် ကြိုးထုံးချည်နည်း မျိုးစုံကိုလည်း သင်ခဲ့ဖူးသည်။ ဂျထ်က သူတို့ကို ကြည့်၍

“ကဲပါ၊ သိပ်လည်း စိတ်မပူပါနဲ့။ ၁၉၃၄ ခုနှစ်ကတည်းက တောထဲမှာ လူ ပျောက်တာ မရှိတော့ပါဘူး။ အနည်းဆုံး မြို့ခံတွေပေါ့လေ။ နောက်ဆုံး ပျောက်သွားတဲ့ တယောက်ကတော့ ဝေလ်ဂျပ်ဆန်တဲ့။ စတန်လေဘူးချက် ရဲ့ သူငယ်ချင်းပေါ့၊ စတန်လေက ဘက်ခ်စပေါ့တ်မြို့က အရက်ချိုးကြီးပဲ” ဟု ပြောသည်။ ရေချယ်က

ဦးပြောတဲ့ အထဲမှာ မြို့ခံ တယောက်မှ မပါဘူးဆို” ဟု ဝင် ထောက်သည်။“

သူမ၏ လေသံက ပုံမှန်မဟုတ်။ လူးဝစ်က သူမ တွေးနေသည်ကို ရိပ်မိသည်။ လူးဝစ်တို့ မိသားစုက အနည်းဆုံးတော့ မြို့ခံဟု ပြောလို့မှ မရသေး ဘဲ။ ဂျထ်က ခေါင်းညိတ်ကာ

“နှစ်နှစ် သုံးနှစ်လောက် တခါ အလည်လာတဲ့သူ တယောက် လောက်တော့ ပျောက်သွား တတ်တယ်။ သူတို့က လမ်းမကြီး အတိုင်း သွားရင် လမ်းမပျောက်ဘူး

ထင်ပြီး လျှောက်သွားတာကိုး။ ဒါပေမဲ့ ပြန်ရှာတွေ့ ကြပါတယ်။ သိပ်လည်း မစိုးရိမ်ပါနဲ့” ဟု ဖြေသည်။ ရေချယ်က

“သမင်တွေ ဘာတွေရော ရှိလားဟင်” ဟု မေးတော့ လူးဝစ် ပြုံးမိ၏။ သမင်ကိုသာ တွေ့ရလျှင် ရေချယ် ပျော်လိမ့်မည် ထင်သည်။ ဂျထ်က

“အင်း၊ သမင် တကောင် နှစ်ကောင်တော့ တွေ့မယ် ထင်တာပဲ။ ဒါပေမဲ့ သူတို့က အန္တရာယ် မပြုပါဘူး ရေချယ်ရဲ့။ မိတ်လိုက်တဲ့ ရာသီဆိုရင်တော့ တွေ့တတ်တယ်။ တခြား အချိန် ဆိုရင်တော့ ရှာရင်တောင် မတွေ့ပါဘူး။ အဲဒီ အချိန်ဆို မက်ဆာချူးဆက်က လူတွေကတော့ လာလာ ကြည့်ကြတာ ပဲ။ ဘာလို့လဲတော့ မသိဘူး” ဟု ဆို၏။ အယ်လီက”မိတ်လိုက်တဲ့ ရာသီဆိုတာ ဘာကို ပြောတာလဲဟင်” ဟု မေးတော့ ရေချယ်က

“ဘာမှ မဟုတ်ပါဘူးကွယ်။ သမီးကိုတော့ အရွယ် မရောက်မချင်း ဒီကို မ လာစေချင်ဘူး” ဟု ပြောကာ လူးဝစ်နား ကပ်လာ၏။ ဂျထ်က စိတ်မ ကောင်း ဖြစ်သွားဟန်ဖြင့်

“ကြောက်အောင် ပြောတာ မဟုတ်ပါဘူးကွယ်။ ဒီတောထဲမှာ ကြောက် စရာလည်း ဘာမှ မရှိပါဘူး။ ဟောဒီ လမ်းကလေးကလည်း ဖြူးနေတာပဲ ဟာ။ နွေဦးဆို ပိုးကောင်လေးတွေ တစီစီနဲ့။ အဆိပ်ရှိတဲ့ နွယ်ပင်တွေ၊ ဝက်သစ်ချပင်တွေတောင် မရှိပါဘူး။ ကျောင်းဝင်း အနောက်ဘက် မှာ တောင် ရှိချင်ရှိဦးမယ်။ အဲဒီ အပင်တွေကိုတော့ ရှောင်နော် အယ်လီ။ နို့မို့ဆို သုံးပတ်လောက် ဆေးစိမ်ရည်နဲ့ ချိုးနေရလိမ့်မယ်” ဟု မှာသည်။

အယ်လီက ပါးစပ်ကို လက်ဝါးကလေး အုပ်ကာ တခစ်ခစ် ရယ်၏။ ဂျထ် က ယခုထိ မယုံကြည် နိုင်သလို ဖြစ်နေသော ရေချယ့်ကို

“ဒီလမ်းက စိတ်ချ ရပါတယ်ကွယ်။ မြို့ထဲက ကလေးတွေလည်း ခဏခဏ လာနေကျပဲ။ ငါပြောပြီးပါ ပကော။ သူတို့က ဒီလမ်းကလေးကို သပ်သပ်ရပ် ရပ် ဖြစ်အောင် လာရှင်း ကြတာလေ။ ကလေးတွေကို ဘယ်သူမှ မခိုင်းဘူး။ သူတို့ဘာသာ လုပ်တာ။ အယ်လီစိတ်ထဲ တမျိုး မထင်စေချင်ဘူး” ဟု လေးနက်စွာ ပြော၍ အယ်လီကို မျက်စိတဖက် မှိတ်ပြကာ

“ဘဝမှာ ကြုံရမှာတွေ အများကြီး ရှိသေးတယ် အယ်လီရဲ့။ သမီးအနေနဲ့ လမ်းဖြောင့်ဖြောင့်သာ ဆက်သွားဖို့ပဲ။ လမ်းပေါ်က ထွက်သွားရင်တော့ ကံ မကောင်းရင် လမ်းပျောက်မှာပဲ။ ဒါဆိုရင်တော့ တခြားသူတွေက လိုက်ရှာ ရမှာပေါ့” ဟု ပြောသည်။

ထို့နောက် သူတို့ ဆက်လျှောက် လာကြသည်။ လူးဝစ်မှာ ဂေ့ဂျ်ကို အကြာကြီး ပိုးထားရသဖြင့် ကျောနာ လာသလိုလို ခံစားရသည်။ ဂေ့ဂျ်က သစ္စံပင် များကို လက်နှစ်ဖက်ဖြင့် ဆွဲဆွဲဆောင့်သည်။ တခါတခါ လူးဝစ်နံကြား ကို လှမ်းလှမ်း ကန်တတ်သေး၏။ ခြင်တအုပ်နှင့် သူတို့မျက်နှာများ ဝင် တိုးမိသည်။ လမ်းကလေးက ကွေ့ဆင်း သွားလိုက်၊ ကောက်တက် သွား လိုက်နှင့် လူးဝစ်၏

ဘွတ်ဖိနပ်များက ရေအိုင်၊ ရွှံ့ဗွက်များထဲ နင်းမိသည်။ တနေရာတွင် ကျောက်တုံး အရွယ်တော်များကို အစီအရီ ချထားသဖြင့် လှေကားထစ်များလို ဖြစ်နေသည်။ ထိုကျောက်တုံးများပေါ် နင်းတက်တော့ ဂေ့ဂျ်ခန္ဓာကိုယ်က တမုဟုတ်ချင်း ဆယ်ပေါင်လောက် လေးလံသွားသလို ခံစားရသည်။ လူးဝစ် မျက်နှာမှာ ချွေးများ သီးလာ၏။

"ကို ...၊ အဆင်ပြေရဲ့လား။ ကျွန်မ ခဏ ကူသယ်ပေး ရမလား"

"ရတယ်၊ ရတယ်"

ရင်ဘတ်ထဲမှာ နှလုံးခုန်သံ မြန်နေသော်လည်း အမှန်ပင် အဆင်ပြေနေ သေး၍ ထိုသို့ ပြောလိုက်ခြင်း ဖြစ်သည်။ သည့်ထက်ပိုသော ကာယ လေ့ကျင့်ခန်းများနှင့်လည်း သူ အသား ကျခဲ့ဖူးပြီးသား။ ဂျထ်က အယ်လီနှင့် ယှဉ် လျှောက်သည်။ သူမ၏ သံပရာဝါရောင် ဘောင်းဘီ၊ အနီရောင် အင်္ကျီက စိမ်းညို့နေသော တောတန်းထဲမှာ ထင်းထင်းကြီး တောက်ပနေသည်။ ရေချယ်က လူးဝစ်နား ကပ်၍ စိုးရိမ်သော လေသံ ခပ်တိုးတိုးဖြင့်

"ကို ...၊ သူ့ဟာသူတော့ ဘယ်သွားနေမှန်း သိပါတယ်နော်" ဟု ဂျထ်ကို ရည်ရွယ်၍ မေးသည်။

"သိပါတယ်ကွ"

ဂျထ်က ရွှင်မြူးသော လေသံဖြင့် သူတို့ကို လှည့်ပြောသည်။

"သိပ်မဝေးတော့ပါဘူး၊ တောင့်ခံ နိုင်သေးတယ် မဟုတ်လား လူးဝစ်"ဘုရားရေ၊ ဤအဘိုးကြီးကား အသက် ရှစ်ဆယ်ကျော်သည်နှင့် မလိုက် အောင် ဖျတ်လတ် ကြံ့ခိုင်လွန်းလှသည်။ ချွေးတောင် ထွက်ရဲ့လား မသိ။ လူးဝစ်က အနည်းငယ် တင်းမာသော လေသံဖြင့်

"ရပါတယ်၊ ဘာမှ မဖြစ်ပါဘူး" ဟု ပြန်ပြောသည်။

အကယ်၍ အမောဖောက် လာရင်တောင် မာနကြောင့် သည်လိုပဲ ပြောမိ မှာ ဖြစ်သည်။ လူးဝစ်သည် အံကြိတ်၍ ပခုံးမှ Gerrypack ကြိုးကို တချက် ဆွဲတင်ကာ ဆက်လျှောက်သည်။

ဒုတိယ တောင်ကုန်းထိပ်ပေါ် ရောက်လာပြီးနောက် ကုန်းဆင်းအတိုင်း ဆက်သွားရသည်။ လမ်းကလေးက ပြန်၍ ကျဉ်းမြောင်း သွားပြီး ရှေ့တွင် အယ်လီနှင့် ဂျထ်တို့က ရာသီဥတုကြောင့် စွန်းကွက် အိုဟောင်းနေသော ဆိုင်းဘုတ် တခု အောက်ရှိ ခပ်ခုံးခုံး ဂိတ်ပေါက်ဝထဲ ဝင်သွားကြသည်။ ဆိုင်းဘုတ်ပေါ်တွင် "တိရစ္ဆာန် သင်္ချိုင်း" ဟူသော အရောင် ပြယ်လွင့်နေသည့် စာလုံးမည်းကြီးများ ရေးထားသည်။

လူးဝစ်နှင့် ရေချယ်က တယောက်ကို တယောက် ရယ်ချင်ပက်ကျိနှင့် ကြည့်လိုက်မိကြပြီး နှစ်ယောက်သား တယောက်လက် တယောက်ဆုပ် ကာ မင်္ဂလာခန်းမထဲ ဝင်သလိုမျိုး ဆိုင်းဘုတ် အောက်က ဝင်လာခဲ့ကြသည်။ ထို့နောက် ဒုတိယအကြိမ် အံ့သြစရာနှင့် ကြုံပြန်၏။

တိရစ္ဆာန်သင်္ချိုင်းဟု ခေါ်သည့် အချင်း ပေလေးဆယ်ခန့် ကျယ်ဝန်းသော ထိုနေရာမှာ မြက်ခင်း တုံးတိတိနှင့် မြေကွက်လပ်ဝိုင်းကြီး ဖြစ်သည်။

ဝင်ပေါက်ဝမှ လွဲ၍ သုံးဖက်သုံးတန်တွင် ချုံနွယ် ပိတ်ပေါင်းများ ဝိုင်းပတ်ထားသည်။ ထိုချုံများထဲတွင် အချွန်အတက်များ တိုးထွက်နေသည့် သစ်ကိုင်းခြောက် အပုံကြီးက ကြောက်မက်ဖွယ်ရာ ဟီးထလျက် ရှိ၏။ ထိုသစ်ကိုင်းခြောက်ပုံပေါ် တက်ရန် ကြိုးစားလျှင် ဆူးစူးမိမှာပဲဟု လူးဝစ်တွေးမိသည်။

မြေကွက်လပ်ထဲ မှာတော့ ကလေးများ စိုက်ထူထားဟန် ရှိသော ပျဉ်ချပ်၊ ကျောက်ပြား၊ သံပြား၊ သံဘူးခွံ အပိန်အချိုင့်များ စသည့် တိုလီမုတ်စများ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ မြေကွက် နောက်ခံက သစ်ပင်ရိပ်များ ကြောင့် တိရစ္ဆာန် သင်္ချိုင်းပေါ်သို့ နေပြောက်ကလေးများ ကွက်တိ ကွက် ကြား ကျနေသည်။ ဤနေရာသည် သုသာန်သင်္ချိုင်း မြေနေရာ သတ်မှတ် ရန် အလိုအလျောက် ဖြစ်ပေါ်လာသည့်နှယ်။ သို့သော် ခရစ်ယာန် သင်္ချိုင်းနှင့်မတူဘဲ ဘာသာခြား တခုခု၏ သင်္ချိုင်းနှင့် ပိုတူသည်။ ရေချယ်က

"ချစ်စရာလေးနော်" ဟု ဆို၏။

တကယ်တော့ သူမ ဆိုလိုသည်က တမျိုးတဖုံ ထူးဆန်း နေခြင်းကိုသာ ပြောခြင်းဖြစ်သည်။ အယ်လီက

"ဟား ... "ဟု ထအော်သည်။

လူးဝစ်က ကျောပေါ်က ဝေ့ဂျ်ကို အောက်ချ လိုက်သည်။ ထိုအခါမှ ကျောကုန်းက သက်သာရာ ရတော့၏။ အယ်လီက ကမ္ဘည်းတိုင် တခုမှ တခုသို့ လျှောက်ကြည့်နေစဉ် ရေချယ်က ဂေ့ဂျ်ကို ဂရုစိုက်နေ၏။ ဂျုထ်က ကျောက်တုံး တခုကို မှီထိုင်ကာ ဆေးလိပ်သောက်သည်။ လူးဝစ်က မြေပုံ များကို သေချာကြည့်သောအခါ အစဉ်လိုက် မြှုပ်နှံထားခြင်း မဟုတ်ဘဲ စက်ဝိုင်း သဏ္ဍာန်များ ဖြစ်အောင် ဝိုင်းပတ်၍ စီထားကြောင်း သတိထား မိသည်။

မြေပုံတခုတွင် ပျဉ်တချပ် ထောင်ကာ "ကြောင်ကြီး စမက်ကီ"ဟု ရေးထားသည်။ ကလေးလက်ရေး ဖြစ်သော်လည်း ထိုနာမည်ကို ဂရုတစိုက် ရေးထားသည်။ နာမည်ရှေ့တွင် "အမိန့်ကို နာခံတတ်သော"ဟု ရေးထားပြီး အောက်တွင် "၁၉၇၁-၁၉၇၄"ဟု ရေးထားသည်။ ကျောက်ပြား တချပ်တွင်"ဘစ်ဖာ"၊ အောက်တွင် "ဘစ်ဖာ၊ ဘစ်ဖာ။ အနံ့ခံကောင်းတဲ့ တို့ဘစ်ဖာ။ တို့ ချမ်းသာအောင် မစပေးတဲ့ ဘစ်ဖာ"ဟု ကဗျာလိုလို ဘာလိုလို ရေးထားသည်။ ဂျုထ်က ...

"ဘစ်ဖာဆိုတာ ဒရက်စလာ မိသားစုက ကော့ကား စပန်နီရယ် အနွယ် ဝင် ခွေးကလေးပေါ့" ဟု ပြောပြ၏။

တချို့ မြေပုံများကိုတော့ ပန်းများဖြင့် မှတ်သား ထားသည်။ ပန်းအချို့မှာ လတ်ဆတ်ဆဲ ဖြစ်၍ အချို့ကတော့ နွမ်းနေကြလေပြီ။ သို့သော် ညှိုးလျော် ခြောက်သွေ့နေသော ပန်းများတော့ မရှိသလောက်ပင်။ တချို့ ကမ္ဘည်းစာ များကတော့ ခဲတံနှင့် ရေးထားသဖြင့် ထင်ထင်ရှားရှား မရှိသောကြောင့် ဖတ်မရချေ။

အယ်လီက

“မေမေရေ၊ ဒီမှာ ရွှေငါးမြေပုံလေး။ လာကြည့်” ဟု အော်ခေါ်သည်။

“အေး၊ အေး။ လာခဲ့မယ်”

လူးဝစ်က ရေချယ့်ကို လှမ်းကြည့်တော့ စိတ်မချမ်းသာသော မျက်နှာနှင့် မြေကွက်လပ်ဝိုင်းက လွတ်ရာမှာ ရပ်နေတာ တွေ့ရသည်။ ဒီလို နေရာမှာ တောင် ရေချယ် စိတ်ညစ်နေတာပဲ။ နာရေးနှင့် ပတ်သက်လျှင် ရေချယ် ဘယ်တော့မှ တည်တည်ငြိမ်ငြိမ် မရှိဟု လူးဝစ် တွေးမိသည်။ အင်းလေ၊ ဘယ်သူကကော သေခြင်းတရားနှင့် ပတ်သက်၍ အေးဆေး တည်ငြိမ်စွာ နေနိုင်လို့လဲ။ ကြည့်ရတာ ရေချယ့် အစ်မကြောင့် ဖြစ်မည် ထင်သည်။

ရေချယ့်အစ်မ ဇဲလ်ဒါသည် ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန် သွားခဲ့သည်။ ထိုအဖြစ်က သူမစိတ်ထဲမှာ အမာရွတ် တခုလို ဖြစ်ကျန်နေခဲ့၏။ အိမ်ထောင်သက် အစောပိုင်း ကာလတွင် ထိုကိစ္စကို သွားမစမိရန် လူးဝစ် တော်တော် သတိထားခဲ့ရသည်။ ဇဲလ်ဒါသည် ဦးနှောက် အမြေးရောင် ရောဂါနှင့် ကွယ်လွန်ခဲ့သော်လည်း နာတာရှည်ကာလ ရှည်လျားခဲ့ပုံ ရသည်။ ရောဂါဝေဒနာ ဆိုးဝါး နာကျင်စွာ ခံစားနေရသော ဇဲလ်ဒါ့ရုပ်သွင်က ရေချယ်၏ ငယ်ရွယ် နုနယ်သော စိတ်ကို ချောက်ချား စေခဲ့သည်။ ရေချယ် သာ မေ့ပစ်ချင်စိတ် ရှိခဲ့လျှင် သည်လောက် ခံစားရမှာ မဟုတ်ဟု လူးဝစ် ထင်သည်။

လူးဝစ်က မျက်စိတဖက် မှိတ်ပြတော့ ရေချယ်က ကျေးဇူးတင်စွာ ပြန် ပြုံးပြသည်။ မြေကွက်လပ် အပေါ် တည့်တည့်ကို မော့ကြည့်တော့ ကောင်းကင်ကို ရှင်းရှင်းလင်းလင်း မြင်ရသည်။

နေရောင်လည်း ရမှာပါပဲ၊ ဘာကြောင့် မြက်ထူထူ မပေါက်ပါလိမ့်။ ရေရတာ နည်းလို့များလား။

လူးဝစ်က မြေပုံပေါ်က စာများကို လိုက်ဖတ်ကြည့် မိသည်။ “ထရစ် ဇီ-၁၉၆၈၊ စက်တင်ဘာလ ၁၅ ရက်နေ့၌ ဟိုင်းဝေး လမ်းမပေါ်မှာ ကား တိုက် သေသည်”တဲ့။

“တို့ရဲ့ ယုန်ကလေး မာရီယာ အတွက် အမှတ်တရ-၁၉၆၅၊ မတ်လ ၁ရက်”။ “ဘိုကြီးပတ်တန် (ကျွန်တော်တို့ရဲ့ ခွေးလိမ္မာကြီး)-၁၉၅၈”။ “ဘီစကွတ် ကြိုက်တဲ့ ပိုလီနီရှား-၁၉၅၃”။ ပိုလီနီရှားမှာ ကြက်တူရွေး တကောင် ဖြစ်နိုင်သည်ဟု လူးဝစ် တွေးသည်။ နောက်မြေပုံ နှစ်တန်းက ဖတ်မရ။ ခပ်ဝေးဝေး တနေရာ မြေပုံ အလယ်နား လောက်တွင် ကျောက်ပြား စိုက်ထားသည့် မြေပုံတခု ရှိသည်။ ကျောက်ပြားပေါ်မှာ “အချစ်ဆုံး ခွေးမလေး ဟန်နာ(၁၉၂၉-၁၉၃၉)”ဟု ရေးထားသည်။

ချစ်ခြင်းမေတ္တာနှင့် ကြေကွဲမှုတို့၏ ပြယုဂ်များကို ဖတ်ရင်း လူးဝစ် စိတ်ထဲ မကောင်းတော့။ ဤနေရာသည် ကလေးများက သူတို့၏ သားသမီးများ သဖွယ် ချစ်ခင်မြတ်နိုး တန်ဖိုးထားသော သတ္တဝါလေးများ အတွက် အရေး တယူ ပြုပြင်

ဖန်တီးထားသည့် နေရာတခု ဖြစ်၏။ လူးဝစ်က ဂျထ်ကို "ဒီလို မြင်ရတော့ တခုခုကို ပြန်အမှတ်ရ သလိုပဲ" ဟု ပြောလိုက်ရာ ဂျထ်က ခေါင်းညိတ်၍

"အသည်း ကွဲသွားရှာတဲ့ ကလေးတွေရဲ့ အမှတ်တရ သင်္ကေတကိုး။ လာ လူးဝစ်။ ငါ မင်းကို ပြစရာ ရှိတယ်" ဟု ဆို၏။

မြေပုံ အလယ်တန်းကို ကျော်လာတော့ စက်ဝိုင်းပုံ မြေပုံကလေး တခုစီ ရောက်လာသည်။ ဂျထ်က ထိုမြေပုံပေါ်မှာ လဲကျနေသော ကျောက်ပြား ကလေး နားမှာ ရပ်ကာ ဒူးထောက်၍ ကျောက်ပြားကို ပြန်ထောင် ပေးလိုက်၏။ ဂျထ်က

"ဒီမှာ စာလုံးလေးတွေ ရှိတယ်။ ငယ်ငယ်က ငါ့ဘာသာ ဆောက်နဲ့ ထွင်း ထားတာ၊ ခုတော့ ပျက်ကုန်ပါပြီ။ ငါ ပထမဆုံး မွေးတဲ့ ခွေးကြီး သေတုန်း က ဒီနေရာမှာ လာမြှုပ်ခဲ့တာလေ။ ၁၉၁၄ တုန်းက သေသွားတာ၊ သူက အို လည်း အိုနေပါပြီ။ မှတ်မှတ်ရရ အဲဒီနှစ်မှာ ကမ္ဘာစစ်ကြီး စဖြစ်ခဲ့တာပဲ" ဟု ပြောပြသည်။

ဤနေရာတွင် အချို့ လူတွေထက် စောသော မြေပုံများပင် ရှိခဲ့ပါလား ဟူသော အတွေးကြောင့် လူးဝစ် ပြုံးမိတော့မလို ဖြစ်သွား၏။ လူးဝစ်က တခြား မြေပုံများကို လိုက်ဖတ်ကြည့် သော်လည်း တခုမှ ဖတ်မရ၊ အများ စုမှာ မြေကြီးထဲ နစ်နေကြသည်။ ဒါ တိရစ္ဆာန် သင်္ချိုင်းဟောင်းကြီးပဲဟု တွေးမိတော့ လူးဝစ် ကျောအနည်းငယ် စိမ့်သွားသည်။

"ဒီသင်္ချိုင်းက ဘယ်လောက် ကြာပြီလဲဟင်"

"မသိဘူးကွ။ ဒီကို စရောက်ဖူးတာ ငါ့ခွေးကြီး စပေါ့တ် သေတော့မှ။ အဲဒီ တုန်းက ငါတို့ သူငယ်ချင်းတွေ တအုပ်ကြီး လာကြတာ။ သူတို့က ငါ့ကို မြေပုံ ကူတူးပေးကြတယ်။ လွယ်တော့ မလွယ်ဘူး။ မြေကြီးထဲမှာက ကျောက်စရစ်ခဲတွေ အများကြီး။ နောက်တော့ တခါတလေ သူတို့ အလှည့်မှာ ငါက ပြန်ကူပြီး တူးပေးရတာပေါ့"

ဂျထ်က ပြောပြောဆိုဆို လက်ညှိုး လိုက်ထိုးကာ

"ဟောဟိုက ပိတ်လဗန်ရှာရဲ့ ခွေးပေါ့။ ဟောဟိုကတော့ အဲလ်ဘီယန်ဂ ရေ့တ်လေရဲ့ ကြောင်ကြီး သုံးကောင် တတန်းတည်း မြှုပ်ထားတာ။ အဲဒီ တုန်းက ဖရစ်ချီဆိုတဲ့ အဘိုးကြီးက ခိုတွေ မွေးထားတယ်။ ငါရယ်၊ ဂရေ့ တ်လေရယ်၊ ကားလ်ဟန်နာရယ် ခွေးကိုက်သွားတဲ့ ခိုတကောင်ကို လာ မြှုပ်ပေးဖူးတယ်" ဟု ပြောရင်း တွေးတွေးဆဆဖြင့်

"ခုတော့ သူငယ်ချင်း အုပ်စုထဲမှာ ငါပဲ ကျန်တော့တယ်။ အကုန်လုံး သေ ကုန်ကြပြီ" ဟု ဆို၏။

လူးဝစ်က ဘာမှမပြောဘဲ ဘောင်းဘီအိတ်ထဲ လက်နှိုက်၍သာ တိရစ္ဆာန် မြေပုံများကို မတ်တတ် ရပ်ကြည့်နေသည်။ ဂျထ်က

"မြေကြီးက ကျောက်စရစ် ထူတော့ ဘာပင်မှ စိုက်မရဘူး။ အသေကောင်တော့ မြှုပ်လို့ ရတယ်" ဟု ပြောပြန်၏။

ဂေ့ဂျ်က တအီအီ စငိုသဖြင့် ရေချယ်က တင်ပါးကို ပုတ်ကာ "အိုအေးအေး

အို ...” ဟု ချော့ရင်း

“သူ နို့ဆာပြီ ထင်တယ်။ ပြန်ကြရအောင်လေ ကို” ဟု ပြောသည်။

လူးဝစ် ကြည့်လိုက်တော့ ရေချယ့် မျက်ဝန်းများက အသနား ခံနေကြသည်။

“ပြန်မယ်လေ”

လူးဝစ်က Gerrypack ကို ကောက်လွယ်ကာ ရေချယ့်ဆီ သွား၍ ဂေ့ဂျ်ကို ထည့်ခိုင်းသည်။

“အယ်လီရေ၊ သမီး ဘယ်မှာလဲ”

ရေချယ်က “ဟိုမှာ ...” ဟု ဆိုကာ လက်ညှိုး ထိုးပြသည်။

အယ်လီက သစ်ကိုင်းခြောက် ပုံကြီးပေါ် ကျောင်းကစားကွင်းက ဘားတန်းလို ကုတ်ကတ် တွယ်တက် နေသည်။ ဂျထ်က

“ပြန်ဆင်းခဲ့ချေ။ သမီး နင်းထားတဲ့ အပေါက်က မခိုင်ဘူး။ သစ်ကိုင်း လည်သွားရင် သမီး ခြေသလုံးပါ လည်ပြီး ကျိုးသွားလိမ့်မယ်” ဟု သတိထား၍ အော်ပြောသည်။

မျောက်လွှဲကျော် မအယ်လီက ခုန်ချသည်။ မြေပေါ်သို့ အွတ်ခနဲ ဖင်ထိုင် လျက် ပြုတ်ကျပြီးနောက် တင်ပါးကို ပွတ်ရင်း သူတို့ဆီ လျှောက်လာ၏။ ဘာမှ ပွန်းပဲ့ မသွားသော်လည်း ဘောင်းဘီက သစ်ကိုင်းခြောက် တခုနှင့် ငြိကာ ပြဲသွားသည်။ ဂျထ်က အယ်လီခေါင်းကို ပွတ်ရင်း

“ကြည့်” တွေ့လား။ လဲနေတဲ့ သစ်ပင်တွေပေါ် တက်ရင် အန္တရာယ် များတယ်။ လိမ္မာတဲ့သူဆို အနား ရောက်တာတောင် တက်မှာ မဟုတ်ဘူး။ သစ်ပင်တွေ လဲပြီး အပုံလိုက် ဖြစ်နေရင် လျှောက်မတက်ရဘူး။ သူတို့က သမီးကို ဝါးစား ပစ်လိုက်လိမ့်မယ်” ဟု ပြောသည်။

“တကယ် ...”

“တကယ်ပေါ့ကွယ့်။ သစ်ခြောက်ပင်တွေ၊ သစ်ကိုင်းခြောက်တွေ ပုံနေတာ ကောက်ရိုးပုံကြီး ကျနေတာပဲ တွေ့လား။ အေး၊ အဲဒီပေါ် တက်လိုက်တာနဲ့ ခြေထောက်ကျွံပြီး သူတို့ ပါးစပ်ထဲ ပြုတ်ကျသွားမှာ”

အယ်လီက လူးဝစ်ကို ကြည့်ကာ

“ဟုတ်လား ဖေဖေ” ဟု မေး၏။

“ဟုတ်လို့ ပြောတာ နေမှာပေါ့ သမီးရယ်”

အယ်လီက လဲနေသော သစ်ပင်ကြီးကို လှည့်ကြည့်ကာ

“ဟွဲ့၊ နင်တို့ကြောင့် ငါ့ဘောင်းဘီ ပြဲသွားပြီဟဲ့ သစ်ပင် အကျိုးတွေရဲ့” ဟု ရန်တွေ့သည်။

လူကြီးများက အယ်လီကို ကြည့်၍ ရယ်ကြသည်။ ဖြူရော် ခြောက်သွေ့ နေသော သစ်ကိုင်းခြောက်ပုံကြီး ကတော့ မရယ်ပါ။ ၎င်းသည် ရာစုနှစ် ပေါင်း များစွာ ကတည်းက ထိုင်နေသည့် အလား နေရောင်ခြည်ထဲမှာ ငြိမ် သက် နေသည်။ လူးဝစ် အမြင်တွင်တော့ သေဆုံးသွားသော သတ္တဝါကြီး တကောင်ကောင်၏

အရိုးများ တနေရာတည်းမှာ လာရောက် စုပုံနေသည့်နှယ်။ မြင်းစီးသူရဲ တဦးဦးက အသေသတ်ခဲ့သော နဂါးကြီး တကောင်၏ အရိုးပုံကြီးများ ဖြစ်နေမလား။

တိရစ္ဆာန် သင်္ချိုင်းနှင့် "အင်ဒီးယန်းတောအုပ်" ဟု ခေါ်သော တောတန်း ကြားမှာ ထီးထီးကြီး တည်ရှိနေသော ထိုသစ်ကိုင်းခြောက် ပုံကြီးက တမျိုးတမည် ထူးဆန်းနေသလို ခံစားရသည်။ ယင်းမှာ သဘာဝတရား က ပြီးပြည့်စုံစွာ ထုလုပ်ထားသော အနုပညာ လက်ရာ တခုနှင့် တူသည်။

ဂေ့ဂျ်က ပျော်ရွှင်မြူးထူးစွာ လူးဝစ်၏ နားရွက် နှစ်ဖက်ကို လိမ်ဆွဲလိုက်တော့ သစ်ကိုင်းခြောက် ပုံကြီးရော၊ တိရစ္ဆာန်သင်္ချိုင်း နောက်ကွယ်က တောအုပ် အကြောင်းပါ သူ့စိတ်ထဲက မေ့ပျောက် သွားသည်။ အိမ်ပြန်ချိန် ရောက်ပြီ။

****

အခန်း (၉)

နောက်တနေ့မှာ အယ်လီက မျက်နှာ မသာမယာနှင့် လူးဝစ်၏အလုပ်ခန်းဆီ ရောက်လာသည်။ ထိုအချိန်၌ လူးဝစ်မှာ မော်တော်ကားပုံစံတူ မိုဒယ်လ်အရုပ်တခုကို တပ်ဆင်နေသည်။ ထိုကားမှာ 1917 Rolls-Royce Silver Ghost အမျိုးအစား ဖြစ်ပြီး ရွှေ့လျားနိုင်သော အစိတ်အပိုင်း ၅၀ ကျော် အပါအဝင် စုစုပေါင်း အပိုင်း ၆၈၀ ရှိသည်။

မိုဒယ်လ်အရုပ်များကို လူးဝစ် ဆယ်နှစ်သား ကတည်းက အရူးအမူး သဘောကျခဲ့သည်။ ပထမဆုံး စ၍ တပ်ဆင်ဖူးသည်က ဦးလေးကားလ် ဝယ်ပေးသော World War I Spad လေယာဉ်မိုဒယ်လ် ဖြစ်သည်။ ဆယ်ကျော်သက် အရွယ်မှစ၍ နှစ်ဆယ် ကျော်လာသည်အထိ ရက်ဖဲလ် လေယာဉ် မိုဒယ်လ်များ အပါအဝင် သင်္ဘော၊ တင့်ကား စသည်များ သာမက ကို့လ်ထ်၊ ဝင်ချက်စတာနှင့် ဘန့်တ်လိုင်းစပါယ်ရှယ် အမျိုးအစား သေနတ် မိုဒယ်လ်များကိုပင် တပ်ဆင်ဖူးသည်။ ပြီးခဲ့သည့် ငါးနှစ်လောက် ကတော့ အပျော်စီး သင်္ဘောအကြီးစားများကို ခံတက်ကျခဲ့သည်။ သူ့ရုံးခန်း ထဲက စင်ပေါ်မှာ လူစစ်ဆန်နီးယားနှင့် တိုက်တန်းနစ် သင်္ဘောပုံစံတူ မိုဒယ်လ်ရုပ်များ တင်ထားသည်။ ရှီကာဂိုမှ ထွက်မလာခင် ကလေးတင် အန်ဒရီယာဒိုရီယာ သင်္ဘောမိုဒယ်လ်ရုပ် တပ်ဆင်ပြီးစီးခဲ့သည်။ အခုတော့ ဂန္ထဝင်မော်တော်ကား မိုဒယ်လ်များကို အာရုံကျနေသည်။ သူ့တွက်ကိန်းအရ ဆိုလျှင် အသစ်တခုခုကို စိတ်မဝင်စားမချင်း နောက် လေးငါးနှစ်လောက် အထိတော့ မော်တော်ကား မိုဒယ်လ်များကိုသာ တပ်ဆင် ဖြစ်လိမ့်မည်ထင်၏။

ရေချယ်က ခင်ပွန်းသည်၏ ဝါသနာကို အလိုလိုက်သောအားဖြင့် အိမ်ထောင်သက် ဆယ်နှစ်ရှိသည့်တိုင် ဘာတခွန်းမျှ မပြောသော်လည်း သိပ်တော့ ကြိုက်ပုံမရ။ ဒါကလည်း ယောက္ခမကြီး၏ သဘောထားများ ကြောင့် ဖြစ်နိုင်သည်။ ရေချယ့်အဖေက သမက်ဖြစ်သူ လူးဝစ်ကို သိပ်မကြည်ချေ။ ရေချယ့်ဘက်က ကြည့်လျှင်လည်း မှန်ကောင်း မှန်ပါလိမ့်မည်။ လူးဝစ်ကလည်း ယခု အသက် ၃၇ နှစ်အရွယ်အထိ မနက်အိပ်ရာက နိုး သည်နှင့် ထပ်ခိုးပေါ် တက်ကာ မိုဒယ်လ်ရုပ်များနှင့် အလုပ်ရှုပ် နေ တတ်သည်ကိုး။

အယ်လီက သူ့ကို ကြည့်ရင်း စောင့်ရတာ စိတ်မရှည်တော့ သလိုမျိုး ပင့် သက်ကို အရှည်ကြီး ရှိုက်၍

"ဖေဖေ ..." ဟု စကားစ၏။

"ဟေ ဘာလဲ သမီးလေး၊ ဘာဖြစ်လာလို့လဲ"

"ဩော် ဘာမှ မဟုတ်ပါဘူး"

အယ့်မျက်နှာက လေသံနှင့် တခြားစီ။ ခေါင်းလျှော် ထားသောကြောင့် ရှည်လျားသော ဆံနွယ်များက ပခုံးပေါ် ကျနေကာ နေရောင်ကြောင့် ဆံပင် က အညိုရောင် မပေါက်ဘဲ ရွှေရောင်သန်း နေ၏။ ဝတ်ကောင်းစားလှများ လည်း

ဝတ်ထားသည်။ လူးဝစ် စိတ်ထဲမှာတော့ အယ်လီက ဘုရားကျောင်း မတက်သော်လည်း တနင်္ဂနွေနေ့တိုင်း ထိုသို့ လှတပတ ဝတ်စား ထား တတ်သည်ဟု ထင်သည်။

"ဘာတွေ ဆောက်နေတာလဲ ဖေဖေ"

လူးဝစ်က ရွံ့ကာကို ဂရုတစိုက် ကော်ကပ်နေရင်း ကားဘီးခွေကို လှမ်းပေးကာ

"ဒီမှာကြည့်၊ အာရ်(R) စာလုံးလေးတွေ ဆက်နေတာ တွေ့လား။ ဘယ်လောက် အသေးစိတ်လဲ။ ကျေးဇူးတော်နေ့ကျ ရှိုင်းတောင်းမြို့ကို အယ်လ်ဝမ်းအိုဝမ်း(L-၁၀၁) လေယာဉ်နဲ့ သွားရမှာ။ အဲဒီအခါ ဂျက်အင်ဂျင်ကို ကြည့်ကြည့်။ အဲဒီလို အာရ်လေးတွေ ဆက်နေတာ တွေ့ရမယ်၊ အတူတူပဲ" ဟု ပြောပြသည်။ အယ်လီက

"ဩော် ကားဘီးခွေမှာ ပါတာပဲ" ဟု ဆိုကာ ကြည့်ပြီး ပြန်ပေးသည်။

"ဖေဖေ ပိုက်ဆံတွေ အများကြီး ရတဲ့အခါ ရိုးရွိုက်ကော်မစ်ရှ်ကားကြီး ဝယ်စီးကြမယ်လေ"

လူးဝစ် အပြောကို အယ်လီက စိတ်မဝင်စားသလိုမျိုး ဘယ်လိုမှ မနေ။

"သမီးတို့က ချမ်းသာလား ဖေဖေ"

"ဟင့်အင်း၊ မချမ်းသာပါဘူး။ ဒါပေမဲ့ ထမင်းတော့ မငတ်ပါဘူးကွယ်"

"ကျောင်းမှာ မိုက်ကယ်ဘန်းစ်က ပြောတယ်။ ဆရာဝန်တွေ အကုန်လုံး ချမ်းသာ ကြတယ်တဲ့"

"ဟုတ်ပြီလေ၊ ဒါဆို သမီးက မိုက်ကယ်ဘန်းစ်ကို ပြန်ပြောပြလိုက်။ ဆရာဝန်တွေ အတော်များများ ချမ်းသာကြပါတယ်၊ ဒါပေမဲ့ အနှစ် နှစ်ဆယ် လောက်တော့ ကြာတယ်လို့။ တက္ကသိုလ် ဆေးရုံမှာ လုပ်တဲ့သူကတော့ ဘယ်ချမ်းသာမလဲ။ အထူးကုဖြစ်မှ ချမ်းသာမှာ။ သားဖွားမီးယပ် ပါရဂူတို့၊ ဦးနှောက်နဲ့ အာရုံကြော ပါရဂူတို့၊ အရိုးပါရဂူတို့ ဆိုရင်တော့ မြန်မြန် ချမ်းသာတာပေါ့။ ဖေဖေ့လို စာသင်တဲ့ ဆရာဝန်တွေကတော့ ဘယ်မြန်မြန် ချမ်းသာပါ့မလဲ သမီးရဲ့"

"ဒါဆို ဖေဖေက ဘာလို့ အထူးကု မလုပ်တာလဲ"

လူးဝစ်က မိုဒယ်လ်ရုပ်များ အကြောင်း စဉ်းစားမိသည်။ ပြီးတော့ တနေ့ နေ့မှာ လေယာဉ်ပုံတွေ၊ တင့်ကားတွေ၊ သင်္ဘောတွေ၊ သေနတ်တွေ ထပ်၍ မတပ်ဆင်ချင်တော့ဘဲ လက်အိတ်စွပ်၍ သားအိမ်ထဲ နှိုက်ရင် နှိုက်၊ မဟုတ် လျှင်လည်း ခြေဆစ်ကလေးများ ရွဲ့နေမလား၊ စောင်းနေမလား စစ်ဆေး ရင်း တသက်လုံး ဒီလို အခြေအနေမျိုးနှင့်ပင် ကုန်ဆုံးရမည့် အကြောင်း တွေးမိသည်။ လူးဝစ်က အယ်လီကို

"ဘာလို့လဲဆိုတော့ ဖေဖေ မကြိုက်လို့ပေါ့ကွယ်" ဟု ဖြေလိုက်သည်။

ချာ့က အခန်းထဲ ဝင်လာကာ သူတို့သားအဖ နှစ်ယောက်၏ အခြေအနေ ကို

အစိမ်း တောက်တောက် မျက်လုံးများဖြင့် ခဏ ရပ်ကြည့်သည်။ ထို့နောက် ပြတင်းပေါက်ပေါင်ပေါ် အသံမထွက်အောင် လွှားခနဲ ခုန်တက်၍ အိပ်မည့်ဟန် ပြင်သည်။ အယ်လီက လူးဝစ်ကို မျက်မှောင်ကြုတ်၍ ကြည့်တော့ လူးဝစ်စိတ်ထဲမှာ တမျိုးကြီး ဖြစ်သွား၏။ သူမက အခန်းထဲက မိုဒယ်လ်ရုပ်များကို လျှောက်ကြည့်ရင်း

"တိရစ္ဆာန် သင်္ချိုင်းထဲမှာ မြေပုံတွေ အများကြီးပဲနော်" ဟု ပြောသည်။ လူးဝစ်က အညွှန်း စာရွက်ကို ဖတ်လိုက်၊ ကားမီးခွက် တပ်လိုက်နှင့်

"တရာကျော်မယ် ထင်တယ်" ဟု ပြန်ပြော၏။

"အိမ်မွေး တိရစ္ဆာန်လေးတွေက ဘာလို့ လူတွေလောက် အသက် မရှည်တာလဲဟင်"

"တချို့ တိရစ္ဆာန်တွေကတော့ ရှည်ပါတယ်ကွယ်။ ဆင်တွေဆို သိပ် အသက်ရှည်တာ။ တချို့ ပင်လယ်လိပ်ကြီးတွေဆို အသက်ကြီးလွန်းလို့ ဘယ်လောက် မှန်းတောင် မသိကြဘူးလေ"

"ဆင်တို့၊ ပင်လယ်လိပ်တို့က အိမ်မွေး တိရစ္ဆာန်မှ မဟုတ်ဘဲ ဖေဖေရဲ့။

မိုက်ကယ်ဘန်းစ်က ပြောတယ်။ တနှစ်သား ခွေးက လူ့အသက်နဲ့ဆို ကိုး နှစ်သားလောက် ရှိတယ်တဲ့။ ဒါဆို အိမ်မွေး တိရစ္ဆာန်တွေက ဘယ်လိုလုပ် အသက်ရှည် ပါတော့မလဲနော်"

"ကိုးနှစ် မဟုတ်ပါဘူး သမီးရဲ့၊ ခုနစ်နှစ်ပါ။ တချို့ဟာတွေကတော့ မှန်ပါတယ်။ ခွေးတကောင် ဆယ့်နှစ်နှစ်လောက် ရှိပြီဆို အိုပြီလို့ ပြောလို့ရတယ်။ အဲဒါက ဇီဝကမ္မဖြစ်စဉ်နဲ့ ဆိုင်တယ်ကွဲ့။ ဇီဝကမ္မဖြစ်စဉ်ဟာ ခွေးနဲ့ လူ မပြောနဲ့၊ လူအချင်းချင်းတောင် တူတာ မဟုတ်ဘူး၊ ဒီလိုလေ။ တချို့လူ တွေက အများကြီး စားတာတောင် မဝဘူး၊ ပိန်ပိန်လေး။ မေမေ့လိုပေါ့။ ဟော ဖေဖေ့လို လူတွေကျတော့ အများကြီး စားလိုက်ရင် ဝတက်လာရော။ တယောက်နဲ့တယောက် ဇီဝကမ္မဖြစ်စဉ်ချင်း မတူဘူး။ ပြီးတော့ ဇီဝကမ္မ ဖြစ်စဉ်က နာရီနဲ့ တူတယ်။ ခွေးတွေရဲ့ ဇီဝကမ္မဖြစ်စဉ်က မြန်လွန်းတော့ မြန်မြန် အရွယ်ရောက်တာပေါ့ကွယ်။ လူအများစုကတော့ ခုနစ်ဆယ့်နှစ်နှစ် လောက် အထိ အသက်ရှည် ကြပါတယ်။ ခုနစ်ဆယ့်နှစ်နှစ် ဆိုတာ အကြာ ကြီးနော်"

အယ်လီအသွင်က တကယ်ပင် စိုးရိမ်ပူပန်နေဟန် ပေါ်သဖြင့် သူ့လေသံ ကို ပုံမှန်ထက် ပို၍ သိမ်မွေ့ ညင်သာစွာ ပြောပြရသည်။ လူးဝစ်အသက် သုံး ဆယ့်ငါးနှစ် ရှိပြီ။ သို့သော် သူ ဖြတ်သန်းခဲ့ရသော နှစ်ကာလများက လျှင်မြန်စွာ ကုန်ဆုံးခဲ့သလိုပင်။ အယ်လီက ချာ့ကို ကြည့်ကာ

"ကြောင်တွေကရောဟင်" ဟု မေးသည်။

"ကြောင်တွေလည်း ခွေးတွေ လောက်တော့ အသက်ရှည်ပါတယ်"

အမှန်တော့ မုသားစကားသာ ဖြစ်မှန်း လူးဝစ် သူ့ကိုယ်သူ သိပါ၏။ ကြောင်များသည် သက်စွန့်ဆံဖျား နေထိုင်တတ်သည့် သတ္တဝါများ ဖြစ်ပြီးမကြာခဏ ဆိုသလို သာမန်လူတို့၏ မျက်စိရှေ့မှာပင် သွေးသံရဲရဲနှင့် သေ ပွဲဝင်ကြတာ

များသည်။ ညဆိုလျှင် အယ့်အိပ်ရာခြေရင်း လာလာ အိပ် တတ်သော ချာ့မှာ အခုတော့ ပြတင်းပေါက်ပေါင်မှာ နေစာလှုံရင်း ဇိမ်ယူ နေပုံ ရသည်။ ချာ့ကြောင်ပေါက်လေး ဘဝက ချည်ကြိုးလုံး ကလေးလို သိပ် ချစ်ဖို့ ကောင်းသည်။ နောက်တော့ အတောင်တဖက် ကျိုးနေသော ငှက် တကောင်ကို လိုက်ခုတ်တာ လူးဝစ် မြင်ဖူးသည်။ ချာ့မျက်လုံးက စူးစမ်း လိုစိတ် အပြည့်နှင့် အစိမ်းရောင် စိုလက် တောက်ပနေသဖြင့် သွေးအေး ရက်စက်လိမ့်မည်ဟု လူးဝစ် ကျိန်ပြောရဲသည်။

သို့ရာတွင် ချာ့သည် သူလိုက်ခုတ်သော အကောင်ပလောင်ကို အသေ သတ်ပစ်တာ မရှိသလောက် ရှားလေ၏။ မှတ်မှတ်ရရ တခါတုန်းက လူးဝစ်တို့ တိုက်ခန်း နှစ်ခုအလယ်က လမ်းကြားထဲမှာ ကြွက်ကြီး တကောင် ကို ချာ့ဖမ်းမိဖူးသည်။ ထိုစဉ်က ရေချယ်က ဂေ့ဂျ်၏ကိုယ်ဝန် ခြောက်လနှင့်။ ချာ့နှင့် ထိုကြွက်ကြီး နှစ်ကောင်သား သွေးသံရဲရဲနှင့် လုံးထွေး ကုတ်ဖဲ့ နေတာ မြင်တော့ ရေချယ့်ခမျာ ရေချိုးခန်းထဲ အပြေးအလွှား သွားအန်ရသည်။

သက်စွန့်ဆံဖျား ရှင်သန်၍ သက်စွန့်ဆံဖျား သေဆုံးကြသော သတ္တဝါများ ထဲမှာ ကြောင်လည်း ပါသည်။ ခွေးလိုက်လို့ ကြောင်ပြေးလျှင် ကာတွန်းများ ထဲမှာသာ လွတ်လိမ့်မည်။ တကယ့်လက်တွေ့မှာတော့ တစစီ ဖြစ်သွားကြတာ များ၏။ အဆိပ်လူးထားသော အမဲစားမိ၍ သို့မဟုတ် ကားတိုက်၍ စသည့် အကြောင်းရင်းများကြောင့် သေကြတာလည်း ရှိသေးသည်။ ကြောင် တို့သည် တိရစ္ဆာန်လောက မှာတော့ ဥပဒေဘောင်အပြင်ဘက်မှာ နေ၊ ဥပဒေဘောင် အပြင်မှာပင် သေကြသော လက်ရဲဇက်ရဲ ငမိုက်သားများ ဖြစ်သောကြောင့် အိုမင်းမစွမ်း ဖြစ်သည်အထိ အသက်ရှည်အောင် မနေကြရချေ။ သို့ရာတွင် ထိုအကြောင်းအရာ များအား သေခြင်းတရားနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် စူးစမ်း လေ့လာနေသော ငါးနှစ်သမီးကို ပြောပြလို့ နားလည်မှာ မဟုတ်၊ ပြောပြဖို့လည်း မသင့်ဟု ထင်သည်။

“ဖေဖေပြောတာ ဒီလိုလေ။ ချာ့က အခု သုံးနှစ်ပဲ ရှိသေးတာ။ သမီးက ငါး နှစ် ရှိပြီ။ ဒီတော့ သမီး အထက်တန်း ကျောင်းတက်တဲ့ ဆယ့်ငါးနှစ်အရွယ် ရောက်တဲ့အထိ ချာ့က ရှင်ဦးမှာပဲ။ အကြာကြီး နေရဦးမှာ”

“ဟင့်အင်း၊ သမီးကတော့ အကြာကြီးလို့ မထင်ပါဘူး”

အယ်လီအသံက တုန်ယင်လာ၏။ လူးဝစ်က မိုဒယ်လ်တပ်နေသည်ကို လက်လျှော့ကာ အယ်လီကို သူ့အနား လက်ယပ် လှမ်းခေါ်၏။ အယ်လီ သူ့ ပေါင်ပေါ် လာထိုင်တော့ ဝမ်းပန်းတနည်း ဖြစ်နေသည့် သမီးအလှ ရှုမဝ ကလေး အယ်လီကို ကြည့်ရင်း သနားသွားမိသည်။ အယ်လီက အသားညို သဖြင့် ရီကာဂိုက လုပ်ဖော်ကိုင်ဖက် ဖြစ်သူ တိုနီဘန်တန်က သူမကို “ကုလား မင်းသမီးလေး” ဟု ခေါ်တတ်သည်။

“ဒီမယ် သမီးလေးရဲ့၊ ဖေဖေလည်း ချာ့ကို အသက် တရာလောက် အထိ ရှည်စေချင်တာပေါ့။ ဒါပေမဲ့ သဘာဝတရားကို လွန်ဆန်လို့မှ မရဘဲ”

“သဘာဝတရားကို ဘယ်သူက လုပ်တာလဲ။ ဘုရားသခင် မဟုတ်လား”

အယ်လီက အပြစ်တင်လိုသည့် လေသံဖြင့် မေးတော့ လူးဝစ် ရယ်ရ အခက်၊ ငိုရအခက် ဖြစ်သွားသည်။ အယ်လီက အတည် ပြောနေခြင်း ဖြစ်၍ အရေးမစိုက်သလို ဖြစ်သွားမှာလည်း စိုး၏။

“ဘုရားသခင် မဟုတ်လည်း တခြား တယောက်ယောက်ပေါ့”

“ဟင့်အင်း၊ ချာ့ကို ဟို တိရစ္ဆာန်လေးတွေလို မဖြစ်စေချင်ပါဘူး”

အယ်လီက ရုတ်တရက် မျက်ရည် ပိုးပိုးပေါက်ပေါက် ကျကာ ဒေါသတကြီး ဖြစ်လာ၏။

“ချာ့ မသေရဘူး။ ချာ့က သမီးရဲ့ကြောင်လေ၊ ဘုရားသခင်ရဲ့ကြောင်မှ မဟုတ်ဘဲ။ ဘုရားသခင် ကြောင်လိုချင်ရင် သူ့ဟာသူ မွေးပေါ့။ ချာ့က သမီး ကြောင်ပဲဟာ”

အယ်လီငိုသံကြောင့် မီးဖိုချောင်ထဲက ရေချယ် အပြေးအလွှား လာကြည့်သည်။ အယ်လီက လူးဝစ် ရင်ဘတ်ထဲ ခေါင်းစိုက်၍ တရှုံ့ရှုံ့ ငိုနေ၏။ လူးဝစ် က အယ်လီကို ချီ၍

“သမီးရယ်၊ ချာ့က သေမှ မသေသေးဘဲ။ ဟောဟိုမှာ အိပ်နေတယ်လေ” ဟု ချော့၏။

“ဒါပေမဲ့ သူသေမှာလေ။ တချိန်ကျ သေမှာပဲ”

အယ်လီအနေဖြင့် မရဏတရား၏ အနက်အဓိပ္ပာယ်ကို ရေရေရာရာ မသိသော်လည်း တွေးကြည့်ရုံမျှနှင့် ကြောက်မက် တုန်လှုပ်ဖွယ်၊ ဝမ်းနည်း နာကျင်ဖွယ် ခံစားရသဖြင့် ငိုကြွေးမိသည်ကို လူးဝစ် နားလည်ပါ၏။ သူမ၏စိတ်ထဲမှာ တိရစ္ဆာန်သင်္ချိုင်းထဲက သတ္တဝါကလေးများ အတိုင်း တနေ့နေ့မှာ သေခြင်းတရားက ချာ့ဆီ ရောက်လာလိမ့်မည်ကို ရိပ်မိသွား သဖြင့် ချာ့ကိုလည်း ထိုသင်္ချိုင်းထဲမှာ မြှုပ်နှံရမှာကို တွေးမိလိမ့်မည်။ အကယ်၍ ချာ့သေခဲ့လျှင် မရဏမင်းသည် တချိန်ချိန်မှာ သူမ၏ မိခင်၊ ဖခင်၊ သူမ၏ မောင်လေးနှင့် သူမဆီပင် ရောက်လာ ပေလိမ့်မည်။ အယ်လ့်အနေဖြင့် မရဏတရားကို ရေးတေးတေးသာ သဘောပေါက် နိုင်သော်လည်း တိရစ္ဆာန်သင်္ချိုင်း ကိုတော့ အမှန်တကယ် တည်ရှိကြောင်း သိ နေ၏။

ကြောင်များ၏ သက်တမ်းနှင့် ပတ်သက်၍ အယ်လ့်ကို သည့်ထက်မက လိမ်ပြောလို့ရမှန်း လူးဝစ် သိသည်။ သို့သော် မုသားစကားသည် တချိန်တွင် ဘူးပေါ်သလို ပေါ်လာမှာပဲ ဖြစ်သည်။ ကလေးများက ရီပို့တ်ကဒ်မှာ မိဘလက်မှတ် လိမ်ထိုးသော်လည်း နောက်ပိုင်းမှာ အလိမ် ပေါ်ကြသည် ချည်း ဖြစ်သည်။ လူးဝစ်ငယ်ငယ်က သူ့မိခင် လိမ်ပြောဖူးတာ တခုကို အမှတ်ရမိသည်။ မိန်းမများသည် ကလေးလိုချင်လျှင် နှင်းရည်စိုသော မြက်ခင်းမှာ လိုက်ရှာရုံနှင့် တွေ့ကြသည် ဆိုသော မုသား။ ထိုကိစ္စအတွက် အမေ့ကို သူလုံးဝ ခွင့်မလွှတ်ခဲ့သလို ထိုသို့ ယုံကြည်မိသည့် သူ့ကိုယ်သူ လည်း ဘယ်တော့မှ ခွင့်မလွှတ်ချေ။

“သမီးရယ်၊ ဘဝဆိုတာ ဒီလိုပါပဲ။ ဒါက ဘဝရဲ့ တစိတ် တပိုင်းကိုးကွဲ့”

"အဲဒီအပိုင်းက မကောင်းဘူးလေ ဖေဖေရဲ့"

လူးဝစ် ဘာမှ ပြန်မဖြေနိုင်တော့။ ငို၊ ငို၊ ပြီးရင် ရပ်သွားမှာပဲဟု လူးဝစ် တွေးလိုက်၏။ ယုံကြည် လက်ခံရန် ခက်ခဲသော အမှန်တရား ဟူသည် ဘယ်တော့မှ လွယ်ကူ အေးဆေးစွာ ပြီးဆုံးသွားသည် မရှိချေ။

လူးဝစ်သည် အယ့်ကို ချီထားရင်း စက်တင်ဘာ လေထုနှင့်အတူ လွင့်မျောလာသည့် ဆန်းဒေးစကူးက ခေါင်းလောင်းသံကို နားထောင် နေ မိသည်။ အယ်လီသည် ငိုရင်း သူ့ပခုံးကို ခေါင်းမှီ၍ အိပ်ပျော် သွားလေ၏။ ပြတင်းပေါက် ပေါင်ပေါ်က ချာ့သည်လည်း အယ့်လမ်းစဉ် လိုက် သွား၏။ သို့နှင့် အယ်လီကို အိပ်ရာထဲ သိပ်၍ မီးဖိုချောင်ထဲ ဆင်းလာခဲ့သည်။

ရေချယ်က ကိတ်မုန့် ဖုတ်နေ၏။ လူးဝစ်က ရေချယ့်ကို မနက်ခင်းကြီးမှာ အယ်လီ သည်လို ပြန်အိပ်သွားခြင်းသည် အယ်လီလုပ်နေကျ အပြုအမူ မဟုတ်သဖြင့် အံ့သြမိကြောင်း ပြောပြလိုက်သည်။ ရေချယ်က ဒယ်အိုးကို မီးဖိုမှ ချကာ

"ဘယ်ဟုတ်ပါ့မလဲ။ ကြည့်ရတာ မနေ့ညက သူအိပ်မပျော်ဘူး ထင်ပါရဲ့။

အိပ်ရာထဲမှာ လူးလွန့် နေတာတော့ ကြားတယ်။ ချာ့ကလည်း မနက် သုံးနာရီလောက် ထအော်တယ်။ အယ်လီ ငြိမ်ငြိမ်မနေရင် သူအဲဒီလို အော် နေကျ" ဟု ပြောသည်။

"ဘာလို့ အိပ်မပျော်တာပါလိမ့်"

သူ့စကား ကြားတော့ ရေချယ်က စိတ်ဆိုးမာန်ဆိုးဖြင့်...

ဘာလို့လဲ ကို သိပါ့တော်။ ဟိုတိရစ္ဆာန် သင်္ချိုင်းကြောင့်ပေါ့။ အဲဒီ အကြောင်း တွေးနေလို့ အိပ်မပျော်တာပေါ့ ကိုရဲ့။ သမီးက သင်္ချိုင်း ဆိုတာကို အခုမှ မြင်ဖူးတာလေ။ ပြီးတော့ အဲဒီအကြောင်း တွေးရင်း "စိတ်မ ကောင်း ဖြစ်တာပဲ နေမှာ။ ကျွန်မတော့ ကို့မိတ်ဆွေကြီး ဂျထ်ကို တောင် တက် ခရီးစဉ်အတွက် ကျေးဇူးတင်ကြောင်း သဝဏ်လွှာ မပို့နိုင်ပေါင်" ဟု ဆို၏။

ဂျထ်က ချက်ချင်းကြီး သူ့မိတ်ဆွေဟု သုံးနှုန်း လိုက်သောကြောင့် လူးဝစ် စိတ်ထဲမှာ ရယ်ချင်သလို ဖြစ်သွား သကဲ့သို့ တချိန်တည်းမှာပင် စိတ်အ နှောင့် အယှက်လည်း ဖြစ်သွားမိသည်။

"ရေချယ်ရယ်"

"ကျွန်မကတော့ အယ်လီကို နောက်တခေါက် ထပ်ခေါ် မသွားစေချင် ဘူးနော်၊ ကြိုပြော ထားပါရဲ့"

"ရေချယ်ကလည်း၊ ဂျထ်က လမ်းကလေး ဘယ်ရောက်တယ် ဆိုတာပဲ လိုက်ပြတာကို"

"အဲဒါ လမ်းမှ မဟုတ်ဘဲ"

ရေချယ်က ဒယ်အိုးကို မီးဖိုပေါ် ပြန်တင်ကာ ကိတ်မုန့် နောက်တလုံးခပ်သွက်သွက် ဖုတ်ပြန်သည်။ ပါးစပ်မှလည်း

"အဲဒါ အမင်္ဂလာ နေရာကြီး။ ကျက်သရေမရှိ၊ ဘာမရှိ။ ကလေးတွေက လည်း အဲဒီနေရာကို သွားကြသတဲ့၊ အံ့ပါရဲ့တော်။ ဒီမြို့က ကလေးတွေက ဘယ်လိုတွေမှန်းကို မသိဘူး။ ကျွန်မတော့ သူတို့ကို အယ်လီနဲ့ မပေါင်းစေ ချင်ဘူး" ဟု တတွတ်တွတ် ပြော၏။

လူးဝစ်က ဘာမှ ထပ်မပြောတော့ဘဲ သူမကို ကြည့်၍သာ နေသည်။ နှစ်တိုင်းလိုလို သူ့မိတ်ဆွေ တယောက်ယောက်၏ အိမ်ထောင် အကွဲအပြဲ ဇာတ်လမ်းကို ကြားရတတ်၏။ သူတို့ဆီက ထွက်လာသည် မှာလည်း တလေသံတည်း။ တယောက်နဲ့ တယောက် မလေးစားလို့၊ နားလည်မှု မရှိ လို့ စသည်။ ပထမတော့ နားမလည် သော်လည်း အိမ်ထောင်ကျတော့ ထို အရာကို ရေးတေးတေး သဘောပေါက်သလို ရှိလာပြီး ကိုယ့်အိမ်ထောင် အပေါ်တောင် တခါတလေ သံသယ ဝင်ဝင် လာတတ်သည်။ ငါးမျှားချိတ် ကို မမြင်၊ ငါးစာကိုသာ မြင်ခြင်းကို အိမ်ထောင်ပြုခြင်းဟု ခေါ်သတဲ့လား။ ဆန်းတော့ ဆန်းသည်။ ကိုယ့်အိမ်ထောင်ဘက်ကို မည်မျှ နားလည် သဘောပေါက်သည် ဖြစ်စေ၊ တိုင်နှင့်ခေါင်း ပြေးဆောင့် ပစ်လိုက်ချင်သည့် အခိုက်အတန့်ကတော့ ရှိမြဲ။ တယောက်စိတ်ကို တယောက်က သိချင် သိလိမ့်မည်၊ သို့သော် သဘောထားချင်း ကတော့ အစဉ် တိုက်ဆိုင်နေမှာ မဟုတ်။

"ရေချယ်ကလည်း"

"တိရစ္ဆာန်သင်္ချိုင်း ဆိုတာက ဘာမှမှ မဟုတ်တဲ့ဟာ"

ရေချယ်က သူ့အလုပ်ခန်းဆီ ဇွန်းတချောင်းဖြင့် ထိုးပြကာ

"ဘာမှ မဟုတ်ဘဲနဲ့ သူက အဲဒီမှာ ငိုပါ့မလား။ တိရစ္ဆာန် သင်္ချိုင်းက သူ့အတွက် ဘာမှ မဟုတ်ဘဲ နေမလား။ စိတ်ဒဏ်ရာ ရသွားရင် ဘယ်လိုလုပ်မလဲ ကိုရဲ့။ ဟင့်အင်း၊ မဖြစ်ရဘူး။ သူ့ကို အဲဒီနေရာ ထပ်မသွား ခိုင်းတော့ဘူး။ အဲဒါ ကောင်းရာမွန်ရာ သွားတဲ့လမ်း မဟုတ်ဘူး။ အခုပဲ ကြည့်၊ ချာ့ကို တောင် သေမယ်လို့ တွေးတတ်နေပြီ" ဟု ပြောသည်။

ထိုခဏ၌ လူးဝစ်စိတ်ထဲတွင် သူနှင့်ပြောနေသူမှာ ရေချယ်မဟုတ်ဘဲ အယ်လီ ဖြစ်နေသလို ထင်မိ၏။ အယ်လီနှင့် ရေချယ် တပုံစံတည်း။ သူတို့ သားအမိသည် အပြင်ပန်း၌ ဆူပူပေါက်ကွဲ လွယ်ရာမှာသာ မဟုတ်၊ အတွင်း စိတ်ထဲမှာ ကျိတ်၍ အပူမီးတောက်ရာ မှာလည်း တူလှ၏။

"ရေချယ်ရယ်၊ ချာ့ကလည်း တနေ့ သေမှာပဲလေ"

ရေချယ်က သူ့ကို စိတ်ဆိုး မာန်ဆိုးဖြင့် စိုက်ကြည့်ပြီး တလုံးချင်း ပြောသည်။

"အဲဒါကြောင့် ခက်တာပေါ့။ ချာ့က ဒီနေ့ သေမှာမဟုတ်ဘူး၊ မနက်ဖြန် လည်း မသေဘူး..."

"ကို ပြောချင်တာက..."

ရေချယ်က စကားစ အပြတ်မခံဘဲ ဆက်ပြောသည်။

"နောက်နှစ် အတော် ကြာတဲ့အထိ သေမှာ မဟုတ်သေးဘူးလေ..."

"အဲဒီလိုပြောလို့ မရဘူးလေကွယ်..."

"ဂလဆဲ..."

ရေချယ်က အကျယ်ကြီး အော်ပြော လိုက်သည်။

"ကျွန်မတို့ သူ့ကို ကောင်းကောင်းမွန်မွန် ထားတာပဲ။ သူသေမှာ မဟုတ်ဘူး။ ဒီအနီးအနား ပတ်ဝန်းကျင်က ဘယ်သူမှလည်း သေမှာ မဟုတ်ဘူး။ ဒါကို ဘာလို့ ကလေးကို အရွယ်နဲ့ မလိုက်တာတွေ ခေါင်းထဲ အတင်း ရိုက် ထည့်နေကြတာလဲ"

" ..."

သို့သော် ရေချယ်က သူပြောတာကို နားမထောင်ဘဲ ဒေါသတကြီး ဆက်ပြောသည်။

"အိမ်မွေးတိရစ္ဆာန်ပဲ ဖြစ်ဖြစ်၊ မိတ်ဆွေ သူငယ်ချင်းပဲ ဖြစ်ဖြစ်၊ ဆွေမျိုးသားချင်းပဲ ဖြစ်ဖြစ် သေတယ်ဆိုတာ ဘာမှန်းသိအောင် မကြိုးစားချင်ပါနဲ့တော့ရှင်။ အဲဒီ ...၊ အဲဒီ တိရစ္ဆာန်သင်္ချိုင်း ဆိုတာကိုလည်း အပျော်သွားကြည့်စရာလို မသတ်မှတ်ကြပါနဲ့တော့၊ မလုပ်ကြပါနဲ့တော့ရှင်"

ရေချယ်က ပြောရင်းဆိုရင်း ပါးပြင်ပေါ် မျက်ရည်များ စီးကျလာသည်။ လူးဝစ်က နှစ်သိမ့် ချော့မော့ဖို့ သူမပခုံးကို လှမ်းကိုင်သော်လည်း ခပ်ကြမ်း ကြမ်း ရုန်းပစ်သည်။ သူမက ဆက်၍

"ထားလိုက်ပါတော့။ ကျွန်မပြောလည်း ကိုက နည်းနည်းမှ နားထောင်မှာ မှ မဟုတ်တာ" ဟု စကားနာ ထိုးပြန်သည်။

လူးဝစ်က သက်ပြင်း တချက် ချကာ ပြီးလာ ပါစေတော့ဟူသော မျှော်လင့်ချက်ဖြင့်

"ကိုလေ ... မမြင်ရတဲ့ ထောင်ချောက်ကြီး တခုထဲ ပြုတ်ကျ သွားသလိုပဲ သိလား" ဟု ချော့သည်။

သို့သော် ယင်းအစား ဒေါသမီးတို့ အလျှံတညီးညီး တောက်လောင်နေသော ရေချယ့် မျက်ဝန်းများဖြင့်သာ အကြည့်ခံရသည်။ ရေချယ်သည် စိတ်ဆိုးနေရုံမျှသာ မဟုတ်၊ နာကြည်းနေခြင်း ဖြစ်သည်။ ရုတ်တရက် လူးဝစ်သည် ရည်ရွယ် မထားပါဘဲ

"ရေချယ် ညက ကောင်းကောင်း အိပ်ပျော်ရဲ့လားဟင်" ဟု မေးလိုက်မိ၏။ ရေချယ်က ထီမထင်ဟန်ဖြင့် တဖက် လှည့်သွားသည်။ မျက်ဝန်းထဲကနာကြည်းရိပ်များ ကိုတော့ သူ မြင်ဖြစ်အောင် မြင်လိုက်၏။

"ဩော် မေးမှ မေးတတ်ပလေ။ သိပ်လည်တာပဲနော်။ ကိုက မပြောင်းလဲသေးဘူးပဲ လူးဝစ်ရဲ့။ တခုခု မဖြစ်လိုက်နဲ့၊ ရေချယ့်ကို အပြစ်ပြောဖို့ပဲ စဉ်းစားနေတာကိုး။ ဟုတ်တယ်မလား။ ဘာလဲ၊ ဒါဟာ ရေ ချယ့်စိတ်ထဲမှာ ကျိတ်ခံစားနေတဲ့ တခြား အကြောင်း တခုခုကြောင့်လို့ ပြောမလို့ မဟုတ်လား"

ရေချယ့်လေသံက "ကို"မှ "လူးဝစ်"ဖြစ်လာသလို "ကျွန်မ"မှ "ရေချယ်"

ဖြစ်လာ၏။ လူးဝစ်က

“ဒါတော့ မတရားဘူးကွာ” ဟု ပြောလိုက်၏။

“မတရားဘူး ဟုတ်လား”

ရေချယ်က ကိတ်မုန့်ဒယ်အိုးကို မီးဖိုပေါ်မှ ခုံပေါ်သို့ ဒုန်းခနဲ ဆောင့်ချလိုက်သည်။ နှုတ်ခမ်း နှစ်လွှာကိုတော့ တင်းနေအောင် စေ့ထား၏။ လူးဝစ် က စိတ်မရှည်တော့ဘဲ

“သေခြင်းတရားကို စူးစမ်းတာဟာ ကလေးတယောက် အတွက် အဆန်းမဟုတ်ဘူး ရေချယ်။ ကိုက သူ့ကို အမှန်အတိုင်း ပြောပြတာ။ သူငိုတာလည်း သဘာဝကျတာပဲ။ ကိုတို့ အပြုအမူတွေက မှုမမှန်တာ ဘာမှမရှိဘူး” ဟု ပြော၏။

“ဪ သဘာဝ ကျတယ်တဲ့လား။ ဘာမှမဖြစ်တဲ့ သူ့ကြောင်ကို သေ မှာ ကြောက်ပြီး ငိုတာက သဘာဝကျသတဲ့လား၊ ဟင်း”

“တော်တော့ကွာ၊ မင်းပြောတာ ဘာအဓိပ္ပာယ်မှ မရှိဘူး”

“ကျွန်မကလည်း ဆက်မဆွေးနွေး ချင်ပါဘူး”

“အေး၊ ဒါပေမဲ့ ငါတို့ ... ဟာကွာ။ မင်းကျတော့ ပြောချင်ရာ ပြောပြီး ကိုကျတော့ ပြောခွင့် မရှိတော့ဘူးလား”

လူးဝစ် ပြောရင်း ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်လာ၏။ ရေချယ်က

“သူ အဲဒီကို ထပ်မသွားရဘူး။ စိတ်ချရတဲ့အခါ ကျွန်မဘာသာ ပြောမယ်။ ဒါပဲ၊ ဆက်မပြောနဲ့တော့” ဟု ဆို၏။

“အယ်လီက ကလေး ဘယ်လိုရသလဲ ဆိုတာတောင် မနှစ်ကတည်းက သိပြီးပြီ”

လူးဝစ်က တမင် ပြောလိုက်ခြင်း ဖြစ်၏။ သူက ဆက်၍

“မင်း မှတ်မိလား။ တို့နှစ်ယောက်လုံး ပြောပြဖို့ သဘောတူခဲ့တယ်လေ” ဟု ပြောသောအခါ ရေချယ်က

“အဲဒါနဲ့ ဘာမှမဆိုင်ဘူး” ဟု ဆို၏။ လူးဝစ်က ခပ်ကြမ်းကြမ်းပင်

“ဆိုင်တာပေါ့ကွ။ ချာ့အကြောင်း သူနဲ့ကို ပြောနေတုန်းက ဘာသွားတွေးမိလဲ သိလား။ အမေ ငါ့ကို လိမ်ပြောခဲ့တာတွေ သွားသတိရတယ်။ အဲဒီ အလိမ်အညာတွေကို ငါတသက်လုံး မမေ့ဘူး။ မိဘတွေ ပြောခဲ့ဖူးတဲ့ အလိမ်အညာ စကားတွေကို ဘယ်သားသမီးမှ မေ့မှာ မဟုတ်ဘူးကွ သိရဲ့ လား” ဟု ပြောချလိုက်သည်။ ရေချယ်က

“ကလေး ဘယ်ကမွေးမွေး တိရစ္ဆာန်သေချိုင်းနဲ့ ဘာဆိုင်လို့လဲရှင့်” ဟု ပြန်အော်သည်။

သူမ၏ မျက်လုံးများက မွေးဖွားခြင်းနှင့် သေဆုံးခြင်း ဘာမှမဆိုင်သည့် အကြောင်းကို တနေ့လုံး၊ တညလုံး ထိုင်ငြင်းရလျှင်လည်း ငြင်းမည့်ပုံ။ သူမ၏ မျက်လုံးများက ရှင် ဘယ်လောက် ပြောနိုင်မှာလဲ လူးဝစ်၊ ကျွန်မ ကတော့ လုံးဝ လက်မခံဘူးဟု စိန်ခေါ် နေသလိုလို။ သို့သော် သူ ကြိုးစား ကြည့်သည်။

"ကလေးတွေ အကြောင်း သူ သိတယ်လေကွာ။ ဒီတော့ တောထဲက ဟို နေရာက အရာအားလုံးရဲ့ အဆိုးသတ်လား ဆိုတာ သိချင်လာမှာပေါ့။ ဒါမှ သဘာဝမကျရင် ဘာလဲ။ ကိုကတော့ တောထဲက အရာဟာ သဘာဝအကျ ဆိုး"

"ရှင် အဲဒါကို ထည့်ထည့်ပြောတာ မတော်နိုင်ဘူးလား"

ရုတ်တရက် ရေချယ်က အော်ထည့် လိုက်သည်။ အော်တာမှ အကျယ် ကြီး။ လူးဝစ်ပင် လန့်ဖျပ်၍ နောက်ဆုတ် လိုက်မိရာ တံတောင်နှင့် စင်ပေါ် က ဂျုံမှုန့်အိတ် တိုက်မိသွားပြီး အောက်ပြုတ်ကျကာ အိတ်ပွင့် ထွက်သွားသဖြင့် အဖြူရောင် အခိုးအငွေ့များ ထောင်းခနဲ ထလာ၏။ သူက ယူကျုံးမရစွာ

"ကံကောင်းလို့" ဟု ရေရွတ် မိသည်။

အပေါ်ထပ်မှ ဂေ့ဂျ်၏ ငိုသံ ထွက်လာ၏။ ရေချယ်လည်း ငိုနေလေပြီ။ သူမ က

"ကောင်းပ၊ ရှင်လုပ်လို့ ကလေးလည်း နိုးသွားပြီ။ တနင်္ဂနွေ မနက်ခင်း လေးကို အေးချမ်း သာယာစေလို့ ကျေးဇူးပါပဲ" ဟု ပြောကာ လူးဝစ်ဘေးက ဖြတ်ထွက် သွားသည်။

သူက ရေချယ့်ပခုံးကို လက်တဖက်ဖြင့် လှမ်းကိုင်၍

"တခုလောက် မေးပါရစေဦး။ ကိုက ဆရာဝန် တယောက်အနေနဲ့ သိထားလို့ပါ။ အကယ်၍ ချာ့မှာ လူကီးမီးယားတို့၊ ဒစ္စတန်းပါးတို့ ဖြစ်ရင် မင်း ပြောပြချင်ပါ့မလား။ ကြောင်တွေ လူကီးမီးယား ဖြစ်လွယ်တာ မင်း သိ ပါတယ်။ မင်း ပြောပြချင်ပါ့မလား ရေချယ်" ဟု မေးလိုက်၏။

သူမက ရှူးရှူးရှားရှား မဖြစ်ရုံတမည် ထိန်းချုပ် ထားရသော လေသံဖြင့်

"ကျွန်မ သွားပါရစေ" ဟု ပြောသည်။

သူမ၏ လေသံထဲမှာ ဒေါသတို့ စွက်နေသော်လည်း ဝမ်းနည်းခြင်း၊ နာကျင်ခြင်းတို့ပါ ရောယှက်နေ၏။ မျက်လုံးများကလည်း စိတ်ရှုပ်ထွေး၍ ထိတ်လန့်နေပုံ ရသည်။ သူမအကြည့်က ကျွန်မ အဲဒီအကြောင်း မပြောချင်ဘူး၊ မပြောပါရစေနဲ့ဟု ပြောနေ သယောင်ယောင်။

"ကျွန်မ သွားမယ်။ ဂေ့ဂျ် ပုခက်ထဲက ထွက်မကျခင် ကျွန်မ သွားမှ ဖြစ် မယ်"

"မပြောပြချင်ဘူး မလား။ အဲဒီအကြောင်း မပြောကြေးလို့ အယ်လီကို ပြောလို့ ရပါတယ်။ သူတော်ကောင်းတွေက အဲဒီလို မပြောကြဘူးပေါ့လေ။ မြေပဲ မြှုပ်ပစ်လိုက်ကြတာ အဲ ...၊ မြှုပ်တယ်ဆိုတဲ့ စကားလုံးကိုပါ မပြောနဲ့ ပေါ့။ တော်ကြာ သူ နားရှုပ် သွားဦးမယ်"

"ကျွန်မ ရှင့်ကို မုန်းတယ်"

ရေချယ်က ဆို့နင့်ကြေကွဲစွာ ရေရွတ်သောအခါ သူ စိတ်မကောင်းတော့ ချေ။ သို့သော် သိပ်နောက်ကျ သွားခဲ့ပြီ။

"ရေချယ် ..."

ရေချယ်က သူ့ကို ခပ်ကြမ်းကြမ်း တွန်းဖယ်ကာ

"ကျွန်မဘာသာ နေပါရစေရှင်။ တော်လောက်ပါပြီ" ဟု ငိုယို၍ ပြောသည်။

တံခါးဝနား ရောက်တော့ သူ့ဘက်လှည့်ကာ

"ကျွန်မ ဒီအကြောင်းကို အယ်လီရှေ့မှာ ထပ်မပြောချင်ဘူး လူးဝစ်။ အတည်ပြောတာ။ သေခြင်းတရားနဲ့ ပတ်သက်ရင် သဘာဝကျတယ် ဆိုတာ မရှိဘူး။ ဆရာဝန် တယောက် အနေနဲ့ ရှင် အသိဆုံး ဖြစ်ပါမှာ" ဟု ပြော၏။

သူမ၏ ပါးပြင်မှာတော့ မျက်ရည်များ စီးကျနေဆဲ။ ထို့နောက် ရေချယ်က ချာခနဲ လှည့်ထွက် သွားသည်။ မီးဖိုချောင်ထဲမှာတော့ လူးဝစ်သာ ကျန်ခဲ့သည်။ သူတို့၏ စကားသံများ ကတော့ ပဲ့တင်ထပ်နေဆဲ။ နောက်ဆုံး၌ လူးဝစ်သည် တံမြက်စည်း တချောင်း ယူကာ အမှိုက်များကို လှည်းကျင်းရင်း ရေချယ်နှင့် လုံးဝ သဘောထား မတိုက်ဆိုင်ခဲ့သော နောက်ဆုံး စကားဝိုင်း ကို ပြန်စဉ်းစားမိသည်။ ဆရာဝန် တယောက် ဖြစ်နေသောကြောင့် သေခြင်းတရား အကြောင်း သူကောင်းကောင်း သိသည်။ မရဏဟူသည်ကား ကမ္ဘာပေါ်တွင် သဘာဝအကျဆုံး အရာတခု ဖြစ်သည်။

"ဇဲလ်ဒါ ..."

သူ့ပါးစပ်မှ ကျယ်လောင်စွာ ရေရွတ် မိသည်။

"ဘုရားရေ၊ ဇဲလ် ဒါကြောင့် ရေချယ် ဒီလို ဖြစ်နေတာပဲ"

သူ့ခေါင်းထဲသို့ မေးခွန်းတခု ဝင်လာ၏။ ရေချယ့်ပြဿနာကို ဒီအတိုင်း ထားလိုက်မလား၊ တခုခု ကြိုးစား ကြည့်မလား။

လူးဝစ်က ဂေါ်ပြားကို အမှိုက်ပုံးထဲ ကော်ထည့်လိုက်တော့ လျှောကျသွားသော ဂျုံမှုန့်များဆီက အခိုးအငွေ့ ပါးပါးကလေး ထလာသည်။

****

အခန်း (၁၀)

အေးမြသော ထိုညနေခင်း၌ လူးဝစ်၊ ဂျထ်နှင့် နော်မာတို့ ဂျထ်တို့ ဆင်ဝင်အောက်မှာ ထိုင်ရင်း ရေခဲစိမ် လက်ဖက်ရည် သောက်ကြသည်။ အိမ်ရှေ့လမ်းမကြီးပေါ်မှာတော့ အားလပ်ရက် အိမ်ပြန်သည့် ကားများကြောင့် လမ်းပိတ်မတတ် ပြည့်ကျပ်နေ၏။ မနက်ဖြန်ဆိုလျှင် မိန်းတက္ကသိုလ် ဆေးရုံမှာ ဂျူတီချိန်အပြည့် ပြန်ဝင်ရဦးမည်။ ကျောင်းသားများလည်း ဒီနေ့ ပြန်ရောက်ကြသဖြင့် အော်ရင်ကိုနှင့် ကျောင်းပရဝုဏ်ထဲက အဆောင်များမှာ လူပြည့် နေလောက်ပြီ။ ရေချယ်ကတော့ တနေကုန် အေးတိအေးစက် သာ ဆက်ဆံ၏။ လမ်းကူး၍ အိမ်ပြန်ရောက် လျှင်လည်း ရေချယ် အိပ်နှင့် နေမှာကို သိသည်။ ဂေ့ဂျ်ကိုပါ ခေါ်သိပ်ချင် သိပ်ထားနိုင်၏။ ခုတင်ပေါ်က ပြုတ်မကျဖို့ သူတို့နှစ်ယောက်ကြားမှာ ဂေ့ဂျ်ကို ထားရလိမ့်မည်။ ထိုအခါ ဂေ့ဂျ်၏ တကိုယ်စာ ထိုအကွာအဝေးလေးကို လူးဝစ်စိတ်ထဲမှာ ကန္တာရ ကြီး ခြားထားသလို ခံစားရဦးမည်။ ဂျထ်က

အယ်လီ ဟိုကိစ္စကို စိတ်ထဲ သိပ်မထားပါစေနဲ့လို့ မျှော်လင့်မိတယ်” ဟု“ ပြောသည်။

လူးဝစ်အနေဖြင့် ဂျထ်ကို စိတ်ထဲမှာ မနှစ်မြို့သလိုလို တမျိုးကြီး ခံစားရသည်မှာ အဆန်းမဟုတ်တော့ချေ။

“ဆောရီးဗျာ။ ဦးက အထင်နဲ့ ရမ်းပြောတာလား။ ဘာလို့လဲဆိုတော့ အယ်လီက အဲဒီကိစ္စကြောင့် နည်းနည်း စိတ်ဆိုးနေတယ်။ ဟုတ်တယ်၊ ဦးက ဘယ့်နှယ်ကြောင့် ဒီလို ခန့်မှန်း မိတာလဲ”

ဂျထ်က ဇနီးဖြစ်သူ နော်မာ့လက်ကို ညင်သာစွာ ကိုင်ရင်း မိန့်မိန့်ကြီး ပြုံးကာ

“ကလေးတွေ သွားလာ နေကြတာကို မြင်နေရတယ်လေး မဟုတ်ဘူး လား နော်မာရယ်” ဟု အဖော်ညှိ၏။ နော်မာခရန်ဒဲလ်က

“ဒါပေါ့၊ အထုပ်အပိုး ကိုယ်စီနဲ့လေ။ တို့က ကလေးတွေကို ချစ်ပါတယ်” ဟု ပြောသည်။ ဂျထ်က

“တခါတလေ တိရစ္ဆာန် သင်္ချိုင်းဟာ သူတို့အတွက် ပထမဆုံး နဖူးတွေ့ဒူးတွေ့ ကြုံရတဲ့ မရဏ ခရီးလမ်း ဖြစ်နေတတ်တယ်။ လူတွေ သေတာကို တီဗွီထဲမှာပဲ မြင်ဖူးကြတာကိုး။ ဒါပေမဲ့ စနေနေ့ ညနေခင်း လာတတ်တဲ့ ရှေးခေတ် ကောင်းဘွိုင်ရုပ်ရှင်တွေ ကြည့်ရင် သေတယ် ဆိုတာ ဘယ်လို မှန်း ရိပ်တော့ ရိပ်မိကြပါတယ်။ အဲဒီထဲမှာဆို သေတယ် ဆိုတာ ရင်ဘတ် တို့၊ ဗိုက်တို့ကို လက်နဲ့အုပ်ပြီး မြင်းပေါ်က ပြုတ်ကျ သွားတာပဲ။ တောင်ကုန်း ပေါ်ကဟာက ရုပ်ရှင်တွေ၊ တီဗွီ ဇာတ်လမ်းတွေထက် အများ ကြီး ပိုပြီး လက်တွေ့ဆန်တာ မောင်ရင် သိမှာပါ” ဟု ပြောသည်။

လူးဝစ်က ခေါင်းညိတ် ပြသော်လည်း စိတ်ထဲမှ “အဲဒါ ကျွန်တော့်မိန်းမကို

ပြောပြရမှာ၊ ဘာလို့ သွားမပြောတာလဲ”ဟု တွေးနေမိသည်။ ဂျထ်က

“တချို့ ချာတိတ်တွေကတော့ ဘယ်လိုမှကို မနေဘူးဗျာ။ ကလေးတချို့က စပ်စုလိုစိတ်နဲ့ တွေ့ကရာလေးတွေ ကောက်ထည့်ပြီး အိမ်ပြန်ကြတာပဲ။ အများစုကတော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ တချို့တလေ ကျတော့လည်း .... ဒါနဲ့ ဟောလိုဝေးကလေးကို နော်မာ မှတ်မိလား” ဟု သူ့မိန်းမဘက် လှည့်မေးသည်။

နော်မာက ခေါင်းညိတ်ပြသည်။ လက်ကတော့ ကိုင်ထားသော ဖန်ခွက်ထဲက ရေခဲတုံးလေးများကို အသာအယာ လှုပ်နေ၏။ ဖန်ခွက်ကို ရင်ဘတ်နားမှာ ကိုင်ထားစဉ် ဖြတ်သန်းသွားသော ကားရှေ့ မီးရောင်ကြောင့် ရေခဲတုံး လေးများ လက်ခနဲ ဖြစ်သွားသည်။ သူမက

ဟောလိုဝေးကလေးကတော့ အိပ်မက်ဆိုးတွေ မက်သတဲ့။ အိပ်မက်ထဲမှာ“ အလောင်းကောင်တွေ မြေကြီးထဲက ထွက်လာတယ်ဆိုလား သေချာတော့ မမှတ်မိတော့ဘူး။ နောက်တော့ သူ့ခွေးက အစာအဆိပ်ပစ်တာ စားမိပြီး သေသွားတယ်။ ဒါတမြို့လုံး သိနေတာပဲ၊ မဟုတ်ဘူးလား ဂျထ်ရယ်” ဟု ပြောသည်။ ...ဂျထ်က ခေါင်း တညိတ်ညိတ်ဖြင့်

“အစာအဆိပ်ပစ်တာ ...။ အင်း၊ လူအများစုကတော့ ဒီလိုထင်တာပဲ။ အဲဒီတုန်းက ၁၉၂၅ ခုနှစ်ပေါ့။ ဘီလီဟောလိုဝေးက ဆယ်နှစ်သားလောက်ပဲ ရှိဦးမယ်။ အသက်ကြီးလာတော့ ပြည်နယ်လွှတ်တော် အမတ် ဖြစ်လာတယ်။ အောက်လွှတ်တော်အမတ် ဝင်ပြိုင်သေးပေမဲ့ ရှုံးသွားတယ်။ နောက်တော့ ကိုရီးယား ထွက်သွားတာပဲ” ဟု ဆို၏။ နော်မာက မှတ်မိလာဟန်ဖြင့်

“သူနဲ့ သူငယ်ချင်း အပေါင်းအပါ တချို့က ခွေးအတွက် ဈာပနပွဲလေး လုပ်ကြသေးတယ်။ ခွေးကတော့ မျိုးစပ်ခွေးပါ၊ ဒါပေမဲ့ ကောင်လေးက သူ့ခွေး ကို သိပ်ချစ်တာ။ မြေမြှုပ်သင်္ဂြိုဟ်မယ် လုပ်တော့ အိပ်မက်ဆိုးတွေ မက် ထားတာမို့ သူ့မိဘတွေက သိပ်သဘော မတူချင်တာ မှတ်မိသေးတယ်။ နောက်တော့လည်း ဘာမှ မဟုတ်တော့ပါဘူး။ သူ့ထက် လူကောင်ကြီးတဲ့ ကောင်လေး နှစ်ယောက်က ခေါင်းတလား လုပ်ပေးကြတာလေ၊ ဟုတ်တယ်မလား ဂျထ်” ဟု မေးသည်။ ဂျထ်က ရေခဲစိမ် လက်ဖက်ရည်ကို တစိမ့်စိမ့် သောက်ရင်း

“ဒင်းန်နဲ့ ဒါနာဟောလ်လေ။ သူတို့နှစ်ယောက်ရယ်၊ ဘီလီရယ်၊ နောက် .... ဘယ်သူဆိုလား။ ချာတိတ် တယောက်ကွာ၊ သူ့နာမည်အစကို မေ့နေလို့။ ဘိုဝီမိသားစုက ဆိုတာတော့ သေချာတယ်။ သူတို့ကလေး တသိုက်ထဲကပဲ။ နော်မာ မှတ်မိလား၊ ဘိုဝီတို့က မစ်ဒဲလ်ဒရိုက် လမ်းမပေါ်က ဘရွန်ချက် အိမ်အိုကြီးမှာ နေသွားတာလေ” ဟု ဆိုရာ နော်မာက ယင်းမှာ မနေ့ တနေ့ကပင် ဖြစ်ပျက်ခဲ့သလို စိတ်လှုပ်ရှားစွာဖြင့်

မှတ်မိတာပေါ့။ ဘိုဝီမိသားစုက ချာတိတ်ပဲ။ အလန်လား၊ “ ဘာ့တ်လားတော့ မသိ” ဟု ဆိုလေ၏။

ကေန္တ ထိုအဖြစ်အပျက်ကို သူမစိတ်ထဲမှာ စွဲနေပုံ ရသည်။ ဂျထ်က

"ကန်ဒဲလ်လည်း ဖြစ်နိုင်တာပဲ။ ထားပါ၊ သူတို့တတွေ အခေါင်း ဘယ်သူ ထမ်းမလဲ ဆိုတဲ့ကိစ္စနဲ့ အချင်းများကြတာ မှတ်မိသေးတယ်။ ခွေးက သိပ် အကြီးကြီးတော့ မဟုတ်ပေမဲ့ နှစ်ယောက်တော့ သယ်မှရမှာ။ ဟောလ် မိသားစုက ကောင်လေးတွေက ခေါင်းတလားကို သူတို့ လုပ်ကတည်းက သူတို့ပဲ သယ်ပါ့မယ်လို့ ပြောတယ်။ အမြွှာညီနောင်လည်း ဖြစ်တာကိုး။ ဘီလီက ဘိုဆာ့ကို မသိဘဲနဲ့တော့ အခေါင်း မထမ်းရဘူးလို့ ဆိုတယ်။ ဘိုဆာ ဆိုတာ ခွေးကို ပြောတာ။ ဘီလီက "သေသူနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေပဲ ခေါင်းတလား ထမ်းရတယ်လို့ အဖေက ပြောတယ်။ ခေါင်းတလား လုပ် ပေးရုံနဲ့တော့ ဘယ်လက်သမား ဆရာကိုမှ မထမ်းခိုင်းဘူး"လို့ ပြောတယ်" ဟု ဆို၏။

ပြောပြီး ထိုစကားကို ဂျထ်ရော နော်မာပါ ရယ်မောလိုက်ကြ သော်လည်း လူးဝစ်ကတော့ သွားပေါ်ရုံသာ ပြုံးသည်။ ဂျထ်က ဆက်ပြော၏။

"သူတို့ ထချတော့မလို ဖြစ်နေတုန်း ဘီလီအစ်မ မန်ဒီဟောလိုဝေးက ဖြိတိန်စွယ်စုံကျမ်း စတုတ္ထတွဲကြီးကို သွားယူလာတယ်။ အဲဒီအချိန်တုန်းက သူ့အဖေ စတီဖင်ဟောလိုဝေးက ဟောဒီ ဘန်ဂါမြို့ဘက်ခြမ်းရော၊ ဟိုဘက်က ဘတ်ခ်စပေါ့တ်မြို့ဘက်ခြမ်းမှာပါ တဦးတည်းသော ဆရာဝန်လေ လူး ဂစ်ရဲ့။ စွယ်စုံကျမ်း အစုံလိုက် ဝယ်နိုင်တာလည်း သူတို့ တမိသားစုပဲ ရှိတယ်"

"လျှပ်စစ်မီးတွေ စထွန်းတဲ့ အိမ်ကလည်း သူတို့ ပထမဆုံးပေါ့" ဟု နော်မာက ကြားဖြတ် ပြော၏။ ဂျထ်က ဆက်ပြန်သည်။

"ထားပါ၊ မန်ဒီက စာအုပ်ကြီး လက်ထဲပိုက်ပြီး ဂါဝန် တကားကားနဲ့ အပြေးအလွှား ရောက်ချလာတယ်။ ဘီလီနဲ့ ဘိုဝီ … အင်း၊ ငါတော့ ကန်ဒဲလ် လို့ ထင်တာပဲ။ ကန်ဒဲလ်က ၁၉၄၂ ခုနှစ် အစောပိုင်းကျတော့ ပန်ဆာကိုလာ မြို့က ဖိုက်တာပိုင်းလော့ သင်တန်းမှာ ထရိန်နင်ဆင်းရင်း လေယာဉ်ပျက် ကျပြီး မီးလောင်တဲ့အထဲ ပါသွားရှာတယ်။ အဆိပ်မိသေသွားတဲ့ ခွေးအိုကြီးကို မြုပ်မယ့်အရေးမှာ သူတို့နှစ်ယောက်က ဟောလ်အမြွှာ နှစ်ကောင်ကို ချမယ် နှက်မယ် တကဲကဲ လုပ်ကြတာပေါ့"

လူးဝစ်က တခိခိ စဖြစ်လာပြီး တဟားဟားနှင့် အကျယ်ကြီး ရယ်ချလိုက်သည်။ ထိုအခါမှပင် ရေချယ်နှင့် ကတောက်ကဆ တင်းမာလာခဲ့သည်များ ပြေလျော့ သွားလေ၏။ ဂျထ်က ဆက်ပြောသည်။

"မန်ဒီက "ဟဲ့၊ ဟဲ့ နေကြဦး။ ဒီမှာကြည့်"လို့ ဆိုတော့ သူတို့လည်း ရပ်ပြီး လှည့်ကြည့် ကြတယ်။"

"အင်း …၊ သူသာ မပြဘူးဆိုရင် …"

"ဂျထ်…"

ဂျထ်၏စကား မဆုံးခင် နော်မာက သတိပေးသလိုမျိုး ဝင်ဟန့်သည်။

"ဆောရီး အချစ်ရေ။ ဟိုဇာတ်လမ်းကို ကျော်သွားမှာပါ။ မင်းလည်း သိ သားနဲ့"

“ကျွန်မလည်း အဲဒီလိုပဲ ထင်ပါတယ်”

“မန်ဒီက စာအုပ် ဖွင့်ပြလိုက်တော့ ဈာပနပွဲများဆိုတဲ့ ခေါင်းစဉ် အောက်မှာ ဝိတိုရိယ ဘုရင်မကြီးရဲ့ နတ်ရွာစံတဲ့ အခမ်းအနား ဓာတ်ပုံကို တွေ့ရကယ်။ သူ့ရဲ့ခေါင်းတလား တဖက် တချက်စီမှာ လူပေါင်း လေးထောင့် ဆယ့်တယောက် ဝန်းရံထားတယ်။ တချို့ကတော့ ချွေးတွေသံတွေနဲ့ အခေါင်းကို မလို့၊ တချို့ကတော့ နာရေးဝတ်စုံတွေ ဝတ်ပြီး တခုခုကို စောင့်နေကြသလိုမျိုး မတ်တတ်တွေ ရပ်လို့ပေါ့။ မန်ဒီက “တိုင်းရေးပြည်ရာနဲ့ ဆက်စပ်တဲ့ ဈာပန တခုသာဆိုရင် လူတွေ လိုချင်သလောက် ရမှာပဲ။ စာအုပ်ထဲမှာတော့ ဒီလိုပဲ”လို့ ပြောတယ်”

“ဒီတော့ ပြဿနာက ရှင်းရောလား” ဟု လူးဝစ်က မအောင့်နိုင်တော့ဘဲ မေးလိုက်သည်။

“ဒီတော့ လူ မလာ၊ လာအောင် လှည့်ပတ် ခေါ်ကြရတာပေါ့။ ကလေးအယောက် နှစ်ဆယ်လောက် ရတယ်။ မန်ဒီရှာပြတဲ့ ဓာတ်ပုံထဲကလိုတော့ ဦးထုပ်ရှည်တွေ၊ ဂါဝန် ဖားဖားကြီးတွေနဲ့ ရောက်လာကြတာ မဟုတ်ဘူး ပေါ့လေ။ မန်ဒီက ဒီကိစ္စကို ကိုင်တယ်။ ကိုင်လည်း ကိုင်တွယ် နိုင်ခဲ့ပါတယ်။ ကလေးတွေကို တန်းစီခိုင်းပြီး ဒေဇီတို့၊ ဒုဓလီတို့၊ သစ်ခွတို့ စတဲ့ တောရိုင်း ပန်းတပွင့်စီ လိုက်ပေးတယ်။ ပြီးတော့ အသုဘလိုက်ပို့တဲ့ လူ တန်းအတိုင်း ထွက်ကြတာပေါ့။ သူ့စကားကို နားထောင်ကြတယ်ဗျာ၊ အံ့ ရော။ မန်ဒီဟောလိုဝေးကို လွှတ်တော်ထဲ သွင်းဖို့ မဲပေးရမှာလို့ ငါအမြဲ တွေးမိတယ်”

ဂျထ်က ခေါင်းတခါခါနှင့် ရယ်ရင်း ဆက်ပြောသည်။

“ထားပါ၊ ဒီလိုနဲ့ ဘီလီတယောက် တိရစ္ဆာန် သင်္ချိုင်းကို အိပ်မက်ဆိုး ထပ်မမက်တော့ဘူး ပေါ့လေ။ သူ့ခွေးအတွက် ပူဆွေးသောက ရောက်တာ လည်း ရောက်တာပေါ့လေ။ နောက်တော့လည်း ဒီလိုပါပဲ။ သေသောသူ ကြာရင် မေ့ဆိုသလိုပေါ့။ ငါတော့ ဒီလိုပဲ ထင်တာပဲ”

လူးဝစ်က ဆတ်ဆတ်ထိ မခံသော ရေချယ့်စိတ်ဝေဒနာကို ပြန်စဉ်းစားမိသည်။ နော်မာက ပုံစံပြောင်း၍ ထိုင်လိုက်ရင်း

“မောင်ရင့်သမီး အယ်လီလည်း ဒီလိုပဲ ပြီးသွားမှာပါ။ ကေန္တတို့က သေတဲ့ အကြောင်းချည်း ပြောနေတယ်လို့ စဉ်းစားနေတာ ဖြစ်ရမယ်။ ဂျထ်နဲ့ တို့ ကတော့ ကြိုစဉ်းစား ထားပြီးသားပါ။ လောလောဆယ်တော့ တို့နှစ် ယောက်လုံး ဘယ်သူမှ သွားရဦးမယ် မထင်သေးပါဘူးလေ” ဟု ဆိုရာ လူးဝစ်က

“ဟာ၊ မဟုတ်တာ။ အဲဒီလို မဟုတ်ပါဘူး။ အထင်မလွဲပါနဲ့” ဟု ပြောရသည်။

“ဒါပေမဲ့ မရဏတရား အကြောင်း နည်းနည်းပါးပါး သိထားတာ ဆိုးတယ်ရယ်လည်း မဟုတ်ပါဘူး။ အခုခေတ်မှာ အင်း ... ၊ ဘယ်လိုပြောရမလဲ မသိဘူး။ သေတဲ့အကြောင်း ဘယ်သူမှ ပြောလည်း မပြောချင်၊ စဉ်းလည်း မစဉ်းစားချင်ကြဘူး ထင်ပါရဲ့။ တီဗွီတွေ ဘာတွေမှာ ပါလာရင်လည်း ခလုတ်ကို

ထပိတ် လိုက်တာပဲ။ ဒီအကြောင်းအရာက ကလေးတွေရဲ့စိတ်ကို တနည်းနည်းနဲ့ ထိခိုက် နာကျင်စေလိမ့်မယ်လို့ ထင်ကြတာကိုး။ နာရေး ဆိုလည်း ကလေးတွေ ကြည့်လို့မရအောင် အလုံပိတ် ခေါင်းတလားပဲ လိုချင်ကြတော့တာ။ လူတွေက သေခြင်းတရားကို မေ့ထားချင်ကြပုံပါပဲ။ ပြီးတော့လည်း တချိန်တည်းမှာ ခုနကလို ရုပ်ရှင်မျိုးတွေ ပြနေပြန်ရော"

ဂျထ်က ပြောနေရင်းမှ နော်မာ့ကို ကြည့်ကာ ချောင်းတချက် ဟန့်၍...

"အဲဒီလို ပြတော့လည်း ကြည့်မိကြပြန်ရော မဟုတ်လား။ မျိုးဆက်တခု ကနေ နောက်တခု ပြောင်းလာပုံကိုက ကြောင်တောင်တောင်နဲ့၊ မဟုတ် ဘူးလား" ဟု မေး၏။ လူးဝစ်က

"အင်း၊ ကျွန်တော်လည်း အဲဒီလို ထင်တာပဲ" ဟု ဖြေလိုက်သည်။ ဂျထ်က တောင်းပန်လုနီးပါး လေသံမျိုးဖြင့်"အင်းလေ၊ တို့မွေးလာတဲ့ အချိန်ကာလချင်းမှ မတူဘဲ။ တို့တုန်းကတော့ သေခြင်းတရားနဲ့ နီးနီးကပ်ကပ် နေထိုင်ခဲ့ရတယ်။ ကမ္ဘာစစ်ကြီး ဖြစ်ပြီးတော့ ကူးစက်ငှက်ဖျားရောဂါ ကြုံရတယ်။ မိခင်တွေက ကလေးနဲ့အတူ သေပွဲဝင်ကြရတယ်။ ဒီဘက် ခေတ်မှာတော့ ဆရာဝန်တွေက ဆေး တောင်ဝှေးနဲ့ တချက်ယမ်းပြီး ကုပေးလိုက်သလို ပျောက်သွားကြပြီကိုး။ နော်မာတို့၊ ငါတို့ ငယ်ငယ်ကတော့ ကင်ဆာရောဂါ ဖြစ်ပြီပဲဆိုတာနဲ့ သေ မိန့်ကျတာပဲ။ ၁၉၂၀ ခုနှစ်တွေတုန်းက ခေတ်ကင်တာတွေ ဘာတွေမှ မရှိ သေးဘဲ။ စစ်ပွဲကြီးနှစ်ခု ကြုံရတယ်။ လူသတ်မှုတွေ၊ ဆူဆိုက်လုပ်တာတွေ ..." ဟု ပြောရင်း ခဏလောက် ငြိမ်သွားပြီးမှ

"တို့ကတော့ မရဏတရားဆိုတာ ရန်သူလည်း ဟုတ်၊ မိတ်ဆွေလည်း ဟုတ်လို့ ယူဆတာပဲ။ ၁၉၁၂ ခုနှစ်၊ သမ္မတ တက်ဖ်လက်ထက်မှာ ငါ့အစ်ကို ပိထ်က အူအတက်ပေါက်ပြီး သေခဲ့တယ်။ ပိတ်သေတော့ ၁၄ နှစ်ပဲ ရှိ သေးတာ။ သူက မြို့ထဲက ကလေးတွေ အားလုံးထက် ဘေ့စ်ဘောကစားတာ တော်တယ်။ အဲဒီတုန်းကဆို ဆေးကျောင်းမှာ အပူအစပ်တွေ အလွန်အကျွံစားလို့၊ တခြား ဘာဖြစ်လို့ အူအတက် ပေါက်တတ်တယ် ဆိုတာမျိုး သင်ရဦးမှာ မဟုတ်ဘူး။ အဲဒီအချိန်မှာပဲ မရဏမင်းက အိမ်ထဲဝင် ပြီး ကိုယ်နဲ့ ထမင်းအတူတူ ထိုင်စားနေပြီ၊ တခါတလေ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံ ကိုယ်ပြန်ခံ ရသလိုပေါ့" ဟု ပြောသည်။

သည်တကြိမ်မှာတော့ နော်မာက ဝင်မထောက်တော့ဘဲ တိတ်ဆိတ်စွာ ပင် ခေါင်း တညိတ်ညိတ် လုပ်နေ၏။ လူးဝစ်က မတ်တတ်ထရပ်၍ အကြောအခြင် ဆန့်ကာ

"ကျွန်တော် သွားမှဖြစ်မယ်။ မနက်ဖြန် အလုပ်ရှုပ်မှာမို့လို့" ဟု ပြောလိုက်သည်။

ထိုအခါ ဂျထ်ကလည်း မတ်တတ်ထရပ်၍

အေးကွယ်၊ မနက်ဖြန်ကျ လက်မလည်အောင် စလုပ်ရတော့မှာ မဟုတ်" လား" ဟု ပြော၏။

နော်မာကလည်း မတ်တတ်ရပ်ဖို့ ကြိုးစားသဖြင့် လက်တဖက်ဖြင့် ကူထပေးရသည်။ သူမက မျက်နှာတချက် ရှုံ့မဲ့၍ ထလာ၏။ လူးဝစ်က

"ဒီည နေရထိုင်ရတာ မသက်သာဘူးလား" ဟု မေးတော့

"သိပ်အဆိုးကြီးလည်း မဟုတ်ပါဘူး" ဟုသာ ဖြေ၏။

"အိပ်ရာဝင်ခါနီး နွေးနွေးထွေးထွေး ဖြစ်အောင် မီးလေးဘာလေး လှုံလိုက်ဦး"

"အေးပါကွယ်။ အမြဲလှုံပါတယ်။ ဪ ဒါနဲ့ လူးဝစ်၊ အယ်လီကို သိပ်လည်း စိတ်ပူမနေပါနဲ့။ ဒီဆောင်းဦးမှာ သူငယ်ချင်း အသစ်တွေ ရလာမှာဆိုတော့ ဟိုနေရာကိုပဲ စိတ်ရောက်နေမှာ မဟုတ်ပါဘူး။ တရက်ရက်ကျရင် သူတို့ကလေးတွေ တောင်ပေါ်တက်ပြီး ဆိုင်းဘုတ် ဆေးသုတ်တာတို့၊ ပေါင်းမြက် ရှင်းတာတို့၊ အပင်စိုက်တာတို့တောင် လုပ်ချင်လုပ်ကြဦးမှာ။ လိုအပ်ရင် တခါတလေ သူတို့ဘာသာ သွားသွားလုပ်နေကျကိုး။ အဲဒီအခါ ကျ သူ့ဘာသာ အဆင်ပြေသွားလိမ့်မယ်။ ဒါဆို မရဏသဘောကိုလည်း နည်းနည်းပါးပါး နားလည်သွားမှာပေါ့လေ"

လူးဝစ်က စိတ်ထဲကနေ ကျွန်တော့်မိန်းမသာ ဘာမှမပြောပါစေနဲ့လို့ ဆုတောင်းတယ်ဟု ဆိုမိ၏။

ဂျထ်က…

"လာလို့ရရင် မနက်ဖြန်ည လာခဲ့ဦးလေ၊ ကောလိပ်ကျောင်းက အကြောင်းတွေ ပြောပြပါဦး။ ခရစ်ဘော့ဂျ်ဖဲလေး ဘာလေး ကစားရင်းပေါ့" ဟု မှာ၏။ လူးဝစ်က"အင်း၊ ဒါဆို ဆနဲ့ နိုင်အောင် ဦးကို အရင်ဆုံး မှုးအောင် တိုက်မှရမယ် ထင်တယ်" ပြောလိုက်၏။

ဂျထ်က အလွန်တရာ ရိုးသားဖြောင့်မတ်စွာဖြင့်

"ငါ့ကို အရူးလုပ်နိုင်တဲ့နေ့မှပဲ ဆနဲ့ နိုင်လိမ့်မယ် မောင်ရင်" ဟု ဆို၏။

သို့နှင့် လူးဝစ်သည် ရယ်ရယ်မောမောဖြင့် လမ်းခွဲကာ သူ့အိမ်ရှိရာ လမ်းမတဖက်ခြမ်းသို့ ကူးလာခဲ့သည်။ ညနက်ချေပြီ။

ရေချယ်က ဂေ့ဂျ်နှင့်အတူ သန္ဓေသားလောင်း အနေအထားမျိုးဖြင့် ခွေခွေကလေး တဖက်လှည့်၍ အိပ်နေ၏။ လူးဝစ်က နောင်ကျ အဆင်ပြေ သွားမှာပါလေဟု ယူဆလိုက်သည်။ သူတို့အိမ်ထောင်ရေးမှာ အေးစက်သော အချိန်များ၊ ကတောက်ကဆ ဖြစ်ရသော အခြေအနေများစွာ ကြုံတွေ့ခဲ့ ဖူးသည်။ ဤတကြိမ်ကတော့ အဆိုးဆုံး။ ဝမ်းနည်းခြင်း၊ ဒေါသထွက် ခြင်း၊ စိတ်မချမ်းမြေ့ခြင်းများ တပြိုင်တည်း ဖြစ်ပေါ်နေသည်။ စိတ်ဆိုးပြေ အောင်လည်း ချော့ချင်သည်၊ ဘယ်လို ချော့ရမှန်းလည်း မသိ။ ဦးတည်ရာမဲ့ နေသလို ခံစားရသည်။ အိမ်ထောင်တခု တည်ဆောက်ရာမှာ ရေရှည် တည်တံ့ဖို့ အထိအခိုက် ခံနိုင်ရမည်ကို သိသော်လည်း သည်လောက် ပြင်းထန်လိမ့်မည်ဟုတော့ အရင်က မထင်မိခဲ့ချေ။ တနေ့ကျလျှင် မိတ်ဆွေ တယောက်ယောက်ဆီမှ ("အင်း၊ တခြားသူဆီ မပြောခင်

ငါ့ကြို ပြောထားမှ ဖြစ်တော့မယ် ထင်တယ် လူးဝစ်ရေ။ မဂ္ဂီနဲ့ ငါ ကွဲသွားကြ ပြီ” ဟု ရေးထားသော) စာတရွက်၊ သို့မဟုတ် သတင်းစာထဲမှာ ပါလာမည့် အကွဲအပြဲ သတင်း၏ ကာယကံရှင်မှာ မိမိကိုယ်တိုင် ဖြစ်သွားနိုင်သည်။

လူးဝစ်က တိတ်ဆိတ် ငြိမ်သက်စွာဖြင့် ဘောင်းဘီတိုကို ချွတ်ကာ နှီးစက်ကို မနက် ခြောက်နာရီ ပေးလိုက်သည်။ ထို့နောက် ရေချိုးသည်၊ ခေါင်းလျှော်သည်၊ မုတ်ဆိတ် ရိတ်သည်။ ရိုးလိတ်ဆေး တပြား ဝါးစားပြီးသွားတိုက်သည်။ ဆေးစားရခြင်းမှာ နော်မာဖျော်တိုက်သော ရေခဲစိမ် လက်ဖက်ရည်ကြောင့် အစာမကြေမှာ စိုး၍ ဖြစ်သည်။ မဟုတ်လျှင်လည်း အိပ်ရာပေါ်က ရေချယ့်ပုံစံကို မြင်ပြီး ဗိုက်ထဲမှာ ခိုးလို့ခုလု ခံစားရမှာ စိုး၍လည်း ဖြစ်နိုင်သည်။ အိပ်ရာကို သူပိုင်ကိုယ်ပိုင် ခွဲနေလို့ ဘာအဓိပ္ပာယ် ရှိမှာလဲ။

ပြီးတာတွေ ပြီးခဲ့ပြီ။ ညနေခင်းသည် မသိလိုက် မသိဘာသာပင် ကုန်ဆုံးသွား၏။ သူ အိပ်ရာထဲ ဝင်နေသော်လည်း အိပ်မပျော်ချေ။ သူ့စိတ်ကို နှောင့်ယှက်နေသည့် အခြားအရာတခု ရှိသေး၏။ ရေချယ်နှင့် ဂေ့ဂျ်တို့၏ အသက်ရှူသံများကို အနီးကပ် နားထောင်ရင်း တနေ့က အဖြစ်ကို စိတ် ရောက်သွားသည်။

ဘိုကြီးပတ်တန်၊ ဟန်နာ၊ အလိမ္မာဆုံး ခွေး၊ တို့ရဲ့ ယုန်ကလေး မာရီယာ၊ ပြီးတော့ ဒေါသထွက်နေသော အယ်လီ။ ချာ့ကို မသေစေချင်ဘူး။ သူက ဘုရားသခင်ရဲ့ ကြောင်မှမဟုတ်ဘဲ။ ဘုရားသခင် ကြောင်လိုချင်ရင် သူ့ဟာ သူ မွေးပါလား။

ထို့အတူ ဒေါသထွက်နေသော ရေချယ်။ ဆရာဝန်တယောက်အနေနဲ့ ရှင်အသိဆုံး ဖြစ်မှာပါ။

မရဏတရားကို လူတွေက မေ့ချင်ကြတယ် ထင်ပါရဲ့ဟု ပြောနေသော နော်မာခရန်ဒဲလ်။ ပြီးတော့ ဂျထ်၏ အခြားသော ခေတ်ကာလတခုခုမှ လာသည့် လေသံမျိုးဖြင့် “မရဏမင်းက အိမ်ထဲဝင်ပြီး ကိုယ်နဲ့ ထမင်း အတူတူ ထိုင်စားနေပြီ၊ တခါတလေ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံ ပြန်ခံ ရသလိုပေါ့” ဟူသော စကား။

လူးဝစ် အသက်လေးနှစ်အရွယ်က အမေပြောခဲ့သည့် မုသားစကားများကလည်း ထိုလေသံဖြင့်ပင် ကြားယောင် လာမိ၏။ သူ့အသက် ၁၂ နှစ်မှာ ရူသီဆိုသော အစ်မဝမ်းကွဲ တယောက် ကားမတော်တဆမှုဖြင့် သေသွားသည်။ ထိုအခါကျတော့ အမေက အမှန်အတိုင်း ပြောပြ၏။ ဖြစ်ပုံမှာ စည်ပင်သာယာဌာနက ဂေါ်ပြားကားကြီး၏ သော့ကို ကလေးတယောက် က ရလာသည်။ ထိုကလေးက ကားသော့ဖွင့်ပြီး အပျော်တက်မောင်း သော်လည်း ဘယ်လိုရပ်တန့်ရမှန်း မသိသဖြင့် ရူသီရှိနေသော ဖခင်ဖြစ် သူ၏ ကားကို ဝင်တိုက်သည်။ ကလေးမှာ အတွင်းကြေနှင့် အသေးစား ပြတ်ရှဒဏ်ရာများ ရသွားသော်လည်း ဦးလေး ကားလ်၏ ဖဲလိန်း မော်တော်ကား ကလေးကတော့ စိစိညက်ညက် ကြေသွားသည်။ လူးဝစ်က အမေ့ကို သူ မသေနိုင်ပါဘူးဟု

ပြန်ဖြေမိသည်။ သူက အမေ့စကားကိုသာ ကြားရပြီး မမြင်ရသဖြင့် ဘယ်လိုနေမှန်း မသိ။ သူသေသွားပြီတဲ့၊ အဲဒါ ဘာ ကို ပြောတာပါလိမ့်ဟုသာ ကလေးအတွေး တွေးနေမိသည်။ နောက်ပြီးတော့ သူ့ကို ဘယ်သူ မြေမြှုပ်မှာလဲ။ သုဘရာဇာ တဦးဖြစ်သည့် ရှုသိ့ အဖေ၊ လူးဝစ်ရဲ့ ဦးလေး ကားလ်လား။ ဦးလေး ကားလ်ကို ထိုသို့လုပ်မည့် သူဟု ဘယ်လိုမှ ပုံဖော်ကြည့်လို့ မရ။ လူးဝစ်မှာ စိတ်ရှုပ်၍ ထိတ်လန့်လာ ရင်း ထိုမေးခွန်းကိုသာ အရေးအကြီးဆုံးဟု မှတ်ယူနေမိသည်။ ယင်းမှာ ဆံပင်ညှပ်သမားရဲ့ ခေါင်းကို ဘယ်သူက ညှပ်ပေးသလဲဟူသော မေးခွန်းလို အတော် ခေါင်းစားရသည်။

အမေက ဒွန်နီဒိုနာဟူး မြှုပ်မှာပေါ့ဟု ပြန်ဖြေသည်ကို မြင်ယောင် ကြည့်မိသည်။ အမေ့မျက်လုံးထဲမှာ သွေးကြော အနီကလေးများ ပေါ်နေသည်။ အ မေ့ပုံက အချိန်အတော် များများ၌ ပင်ပန်းနေဟန် ပေါက်သည်။ ပြီးတော့ ဖျားနာ၍ မောပန်းနုံးချည့် နေသလိုလို။

"ဒွန်နီက နင့်ဦးလေးရဲ့ အချစ်ဆုံး သူငယ်ချင်းပဲဟာ။ ဒါပေမဲ့ လူးဝစ်ရယ်၊ ရှုသီလေး သနားပါတယ်။ ခမျာ မချိမဆံ့ ခံစားနေရပုံကို ငါဖြင့် တွေးတောင်မကြည့်ရဲဘူး။ ငါနဲ့အတူ လိုက်ဆုတောင်းစမ်း လူးဝစ်ရယ်၊ ဆုတောင်းပေး မယ် မလား။ ရှုအတွက် ဆုတောင်း ပေးလိုက်ပါကွယ်။ အမေ့ကို ကူမှ ဖြစ်မယ်"

သို့နှင့် သားအမိနှစ်ယောက် မီးဖိုချောင်ထဲမှာ ဒူးထောက် ထိုင်ကာ ဆုတောင်းကြ၏။ ယင်းမှာ မရဏတရား အိမ်ကို ရောက်လာသဖြင့် ဆုတောင်းရခြင်း ဖြစ်ကြောင်း၊ ရှုသီခရိဒ်၏ ဝိညာဉ်တော်အတွက် ဆုတောင်းပတ္ထနာ မေတ္တာပို့သရခြင်းမှာ သူမ၏ ခန္ဓာကိုယ် မရှိတော့ သောကြောင့်ဟု ဆိုလိုကြောင်း နောင်အခါမှ သဘောပေါက် လာသည်။ လူးဝစ် အိပ်ပျော်မသွားခင် ရှုသီသည် ပုံပျက်ပန်းပျက် အသွင်ဖြင့် သူ၏ ဆယ့် သုံးနှစ်ပြည့် မွေးနေ့ပွဲသို့ ရောက်လာသည်ကို သွားမြင်၏။ သူမ၏ မျက်လုံး များက ပါးပြင်ပေါ် တွဲလောင်း ကျနေပြီး ဆံပင်နီနီများထဲမှာလည်း အပြာ ရောင်မှိုများ ပေါက်နေ၏။ ထိုပုံရိပ်သည် ထိတ်လန့် ချောက်ချားမှုကို နှိုးဆွ သကဲ့သို့ မရဏလမ်းသို့ မြန်းသွားသည့် ချစ်ခင်ရသူတဦး၏ ကြောက်မက် ဖွယ်ရာ အသွင်သဏ္ဌာန်ကိုလည်း ပုံဖော်မိလေသည်။ စိတ်ထဲက လှိုက်တက် လာသော ပြင်းပြသည့် ကြောက်ရွံ့ ဝမ်းနည်းမှုဖြင့်

"သူ မသေနိုင်ပါဘူး။ မသေပါဘူး အမေရဲ့။ သား သူ့ကို ချစ်တယ်" ဟု အော်ဟစ် လိုက်သောအခါ

အမေက...

"သူ သေရှာပြီ သားရဲ့။ ဆောရီးပဲကွယ်၊ ဒါပေမဲ့ သေသွားပြီ။ ရှုသီ မရှိတော့ဘူး" ဟု ပြန်ဖြေသည်။

အမေ့အသံက အတက်အကျ မရှိ၊ ခံစားချက် မပါ။ သို့သော် ပုံရိပ်တွေ ကတော့ အပြည့်အသိပ်။ နို့ဝင်ဘာလ၏ ကောင်းကင်အောက်က ခြောက်ကပ်

သေဆုံးနေသော ကွင်းပြင်များ၊ တစစီ ပြန့်ကျဲနေသည့် အဖျားကော့တက်နေသော ညိုညစ်ညစ် နှင်းဆီပွင့်ဖတ်များ၊ အညှိတက်၍ပျက်စီး ဆွေးမြည့်ကာ ရေလုံးဝမရှိသော ဖုန်အလိမ်းလိမ်းနှင့် ရေကူးကန် အလွတ်များ။

လူသေက လူသေပေါ့၊ ဘာတွေများ ထပ်ပြီး လိုအပ်နေလို့လဲဟု တွေးရင်း လူးဝစ် တုန်ယင် လာသည်။ ရုတ်တရက် သူသည် အလုပ်သစ်၏ ပထမဆုံး နေ့ မတိုင်မီ ယခုညတွင် ဟိုးအရင်က ပူဆွေးသောက ရောက်ခဲ့ရသည်များ ကို တွေးနေသဖြင့် ယခုထိ အိပ်မပျော်ခြင်း ဖြစ်ကြောင်း သိသွားသည်။ သူ လုပ်စရာ ကျန်သေးသည် ကိုလည်း မေ့နေမိသည်။

သို့နှင့် လူးဝစ်သည် အိပ်ရာမှ ထကာ လှေကားဆီ သွားသည်။ ထို့နောက် ရုတ်တရက် အယ့်အခန်းထဲ ကွေ့ဝင်လိုက်၏။ ပဂျားမားအပြာရောင် ဝတ်ထားသော အယ်လီက ပါးစပ်ဟောင်းလောင်း ပွင့်ကာ အေးချမ်းစွာပင် အိပ်ပျော်နေသည်။ အရုပ်မပုံများနှင့် ထိုညအိပ်ဝတ်စုံက အယ်လီ ကလေး လေး မဟုတ်တော့မှန်း သက်သေပြနေသည်။ ဘုရားရေ၊ မျက်စိရှေ့မှာတင် ပေါက်လာသော ပြောင်းဖူးကလေးလို တနေ့တခြား ကြီးပြင်း လာပါပေါ့ လား အယ်လီရယ်ဟု တွေးလိုက်မိ၏။ ချာ့က သူမ၏ ကားထားသော ခြေချင်းဝတ်များ ကြားမှာ အိပ်နေသည်။

အောက်ထပ်ရှိ ဖုန်းဘေးက နံရံတွင် ထွေလီကာလီ စုကပ်သည့် ဘုတ်ပြား တချပ် ရှိသည်။ ဘုတ်ပြားပေါ်တွင် ကျသင့်ငွေ ဖြတ်ပိုင်းများ၊ မှတ်စုတို များ၊ အမှာ စာရွက်လေးများကို အပ်နှင့် တွယ်ထားသည်။ ဘုတ်ပြား ထိပ် ဆုံးတွင် စာလုံးအကြီးများဖြင့် ရေချယ် သေသပ်စွာ ရေးထားသည့် "အမြန် ဆုံး လုပ်ရမည့် အရာများ"ဟူသော စာကြောင်း ရှိသည်။ လူးဝစ်က တယ်လီဖုန်း စာအုပ်ကို ယူကာ နံပါတ်တခုကို ရှာကြည့်သည်။ ပြီးနောက် မှတ်စုတို စာရွက် အလွတ်တခုပေါ် ချရေးသည်။ နံပါတ်အောက်တွင် တိ မွေးကုဆရာဝန် ကွမ်တင်အယ်လ်ယိုလန်ဒါ၊ ချာ့အတွက် ရက်ချိန်းယူဖို့ ဖုန်းဆက်ရန်၊ ယိုလန်ဒါ သင်းမကွပ်ပေးပါက တခြားသူကို ညွှန်းပေးဖို့ ပြောရန် ဟု ရေးသည်။

လူးဝစ်က သင်းကွပ်ချိန် တကယ်ရော တန်ပြီလားဟု သိချင်စိတ်ဖြင့် စာရွက်ကို ကြည့်မိရင်းက အချိန်တန်ပြီ ဖြစ်ကြောင်း သဘောပေါက် သွားသည်။ သည်လို ဆိုးဆိုးဝါးဝါး ခံစားရသည့်အခါ တခုခု ထလုပ်စရာ ပေါ်လာတတ်သည်။ ဤကိစ္စအတွက် သည်မနက်နှင့် ယခုည ကြားထဲက တချိန်ချိန်မှာ သူ့ဘာသာ ဆုံးဖြတ်ပြီးသား ဖြစ်နှင့်သည်။ သူ့ကိုယ်သူ ဆုံးဖြတ်ထားမိမှန်းပင် မသိခဲ့။ ဖြစ်နိုင်ပါက ချာ့ကို လမ်းတဖက်ခြမ်းသို့ ဖြတ်မကူးစေချင်ပေ။ အချိန်မတန်ခင် သင်းကွပ်လိုက်လျှင် ချာ့တကောင် ဝတက် လာလိမ့်မည်ဟူသော စိတ်ကူးက ခေါင်းထဲ ပြန်ပေါ်လာသည်။ ချာ့ကို သူ့သဘာဝအတိုင်းသာ ရှိနေစေချင်သည်။

အပြင်ဘက်ရှိ မှောင်မည်းနေသော ၁၅ လမ်းမကြီးပေါ်သို့ ကုန်တင်ကားကြီးတစီး ဖြတ်သွားသော အခါ သူဆုံးဖြတ်ချက် ချလိုက်သည်။

ထို့နောက် မှတ်စုတိုကို အပ်နှင့် တွယ်ကာ အိပ်ရာပြန်ဝင်သည်။

****

အခန်း (၁၁)

နောက်တနေ့မနက်သို့ ရောက်၍ မနက်စာ စားကြသောအခါ အယ်လီက ဘုတ်ပြားပေါ်မှာ တွယ်ထားသော မှတ်စုတိုအသစ်ကို တွေ့သွားပြီး အဲဒါ ဘာအဓိပ္ပာယ်လဲဟု လူးဝစ်ကို မေးလေ၏။

"အသေးစား ခွဲစိတ်မှုလေးတခု လုပ်ရမှာကို ပြောတာ သမီးရဲ့။ ချာ့ကို တိမ္မွေးကု ဆရာဝန်ဆီမှာ တညလောက် သွားထားချင် ထားရလိမ့်မယ်။ သူ အိမ်ပြန်ရောက်လာတဲ့အခါ ခြံဝင်းထဲမှာပဲ နေတော့မှာ၊ ဟိုဟိုဒီဒီ လျှောက် သွားချင်တော့မှာ မဟုတ်ဘူး"

"လမ်းလည်း ဖြတ်မကူးတော့ဘူးပေါ့ ဟုတ်လား"

အယ်လီက ငါးနှစ်ပြည့်ချင်မှ ပြည့်ဦးမည် ဖြစ်သော်လည်း နားလည်တာတော့ သေချာသည်ဟု တွေးရင်း

"ဒါပေါ့ လမ်းဖြတ် မကူးတော့ဘူးပေါ့" ဟု ထောက်ခံ လိုက်သည်။

"ဟေး.."

အယ်လီက ပျော်ရွှင်မြူးထူးစွာ ထအော်သဖြင့် ဒီကိစ္စတော့ ဒီမှာတင် ပြီးပြီဟု ယူဆလိုက်သည်။ အယ်လီ လွယ်လင့်တကူ သဘောတူလိုက်သဖြင့် သူ ပင်ခဏတွေဝေ သွားသေး၏။ ပြီးမှ အယ်လီလည်း ချာ့အိမ်က ထွက်သွား မှာကို ဘယ်လောက် စိတ်ပူနေမှန်း နားလည် သွားသည်။ ကေနဲ့ တိရစ္ဆာန် သင်္ချိုင်းနှင့် ပတ်သက်၍ အယ့်အပေါ် ရေချယ့်တွက်ကိန်း လွဲပုံမရ။ ဂေ့ဂျ်ကို မနက်စာအဖြစ် ကြက်ဥ ခွံ့နေသော ရေချယ်က သူ့ကို ကျေးဇူးတင်ဟန် တချက် လှမ်းကြည့်သည်။ လူးဝစ်လည်း အခုမှ ရင်ချောင် သွားသလို ခံစားရသည်။ ထိုအကြည့်ကြောင့် သူ့အပေါ် ရေချယ့်အေးစက်မှု များလည်း ပြီးဆုံးသွားပြီဟု သဘောပေါက် လိုက်သည်။

နောက်တော့ အဝါရောင် ကျောင်းကားကြီး ကသုတ်ကရက် ဆိုက်လာပြီး အယ်လီကို တင်ခေါ် သွားသည်။ ရေချယ်က သူ့ဆီ လာပြီး လည်ပင်းကို သိုင်းဖက်ကာ ညင်သာစွာ နမ်းသည်။

"အစောကတည်းက ဒီလိုစီစဉ်လိုက်ရင် ရသားနဲ့၊ ကိုက ချစ်ဖို့ကောင်းပါတယ်။ ကျွန်မသာ မိန်းမရိုင်းကြီး ဖြစ်သွားတာ၊ ဆောရီးနော်"

လူးဝစ်က ရေချယ့်ကို အနည်းငယ် စိတ်စနိုးစနောင့် ဖြစ်စွာ ပြန် နမ်းသည်။ "ဆောရီးနော်" ဆိုသည့် ထိုစကားက ပိုဆိုးသည်။ မသိရင် အရင် က ဒီလိုမျိုး တခါမှ မဖြစ်ခဲ့ဖူးသလိုလို။ ရေချယ် စိတ်ပုံမှန် ပြန်ဖြစ်လာ လျှင် ထိုစကားကို ကြားရတတ်တာပဲ။

ထိုအချိန်တွင် ဂေ့ဂျ်က အိမ်ရှေ့တံခါးမကြီးဆီ ယိုင်တိယိုင်တိုင် သွားကာ တံခါးအောက်ဆုံး မှန်ချပ်မှတဆင့် ပြောင်ရှင်းနေသော လမ်းမကြီးကို ကြည့်နေ၏။ သူက အောက်လျှော ကျနေသော သေးခံကို အေးအေး ဆေးဆေး ဆွဲတင်ရင်း

"ဘတ်စ်၊ အယ်လီ၊ ဘတ်စ်" ဟု ပြောသည်။

"သူကြီးတာ မြန်သားပဲနော်"

လူးဝစ်စကားကို ရေချယ်က ခေါင်းညိတ်ကာ

"အကြီး မြန်လိုက်ပုံကတော့ ပြောမနေနဲ့။ သေးခံလဲပေးရတာ လက်ကို မလည်ဘူး" ဟု ဆိုသည်။ လူးဝစ်က

"သေးခံ ဝတ်စရာ မလိုတော့တဲ့ အထိသာ စောင့်ပါကွာ။ နောက်ကျ သူ့ဘာသာ လုပ်တတ် သွားလိမ့်မယ်" ဟု ပြောတော့ ရေချယ်က ရယ်သည်။

လင်မယား နှစ်ယောက်ကြားမှာ ဘာပြဿနာမှ ရှိမနေတော့၊ အကုန်အဆင်ပြေသွားပြီ။ ရေချယ်က နောက်သို့ဆုတ်ကာ သူ့နက်တိုင်ကို ပြင် ပေးသည်။ ပြီးတော့ သူ့ကို တချက် မော့ကြည့်ကာ အတွန့်တက်ချင် သလို လိုနှင့် ပြန်ငုံ့သွားသည်။ လူးဝစ်က

"မကျေနပ် သေးဘူးလားကွယ်" ဟု မေးတော့ သူမက

"မဟုတ်ပါဘူး၊ ကိုက သိပ်ကောင်းပါတယ်" ဟု ဖြေ၏။

"အင်းလေ၊ ကိုသိသားပဲ။ ကို့ပုံစံက တနှစ်ကို ဒေါ်လာနှစ်သိန်း ဝင်တဲ့ နှလုံးခွဲစိတ် ဆရာဝန် တယောက်ပုံမှ ပေါက်ရဲ့လား"

"မပေါက်ပါဘူး၊ အဘိုးကြီး ဖြစ်သွားတဲ့ပုံပဲ ပေါက်တာ" ဟု ပြောကာ တခစ်ခစ် ရယ်၏။ လူးဝစ်က လက်ပတ်နာရီကို တချက် ကြည့်ကာ

"ကို ဖိနပ်လဲပြီး သွားတော့မယ်" ဟု ပြောလိုက်သည်။

"ကျောင်းပြန်ဖွင့်ရင် ကြုံရမှာကို ကြိုတွေးပြီး စိတ်လှုပ်ရှား နေတာလား ကို"

"အင်း၊ နည်းနည်းပါ"

"ဘာမှ စိတ်ပူမနေနဲ့။ ပတ်တီး ပတ်ပေးတာ၊ အအေးမိ နှာစေးတာတွေ၊ အရက်နာ ကျတာတွေ အတွက် ဆေးညွှန်း ပေးတာနဲ့တင် တနှစ်ကို ခြောက်သောင်း၊ ခုနစ်သောင်းလောက် ရတာပဲဟာ"

လူးဝစ်က

"သန်းတွယ်တာ ပျောက်တဲ့ လိုးရှင်းလည်း ပေးတယ်လေ" ဟု ပြောပြီး ပြုံးပြ လိုက်သည်။

လူနာဆောင်ကို ပထမဆုံး ရောက်သွားချိန်တွင် သူ အအံ့ဩဆုံး အရာမှာ လူနာပမာဏက အလယ်အလတ်တန်းစား တက္ကသိုလ် ကျောင်းတခုမှာ ရှိသင့်သည်ထက် ပိုများနေခြင်းပင် ဖြစ်၏။ စစ်စခန်းတခုက လူနာ ပမာဏလောက်ပင် ရှိမည် ထင်ရသည်။

သူနာပြု ခေါင်းဆောင် မစ္စ ဂျိုအန်းရှားလ်တန် ကတော့ အပြစ်တင်ချင် သလို အပြုံးဖြင့်

"အနီးအနားက တက္ကသိုလ်ပြင်ပ အဆောင် တိုက်ခန်းတွေက တော်တော် အခြေအနေ ဆိုးတယ်။ ရှင် သိလာမှာပါ"ဟု ပြောဖူးသည်။

သူလည်း ထိုသို့ပင် ယူဆမိသည်။ ရေချယ်က

"ကောင်းသောနေ့လေး ဖြစ်ပါစေနော်" ဟု ဆိုကာ မခွဲနိုင် မခွာရက်ဖြင့်

နမ်းပြန်သည်။

သို့သော် သူ့ဆီမှ ခွာသွားသောအခါ ရုပ်ကို ပြန်တည်ပြီး

"ဒီမယ်၊ ကိုက အလုပ်သင်လည်း မဟုတ်ဘူး၊ ဒုတိယနှစ် ကျောင်းသားလည်း မဟုတ်ဘူး။ အုပ်ချုပ်ရေးမှူး ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် သတိရ ဦး" ဟု မှာ၏။

လူးဝစ်က ရို့ကျိုးသော အမူအရာဖြင့်

"ဟုတ်ကဲ့ပါ ဒေါက်တာ" ဟု ဖြေတော့ နှစ်ယောက်လုံး ထပ်ရယ် မိကြပြန်သည်။

ထိုခဏတွင် "ဇဲလ်ဒါကြောင့် ဆတ်ဆတ်ထိမခံ ဖြစ်သွားတာ မဟုတ်လား ချစ်လေး၊ စိတ်ထဲမှာ မြှုံထားတာတွေ ရှိနေလို့လား။ စိတ်ကျရောဂါ ပြန်ထလာလို့လား ဟင်" ဟု မေးကြည့်ရ ကောင်းမလား တွေးမိသည်။ ဇဲလ်ဒါ ဘယ်လိုများ သေသွားလို့လဲ။ သို့သော် အခုတော့ သူ မမေးသေး။ သေခြင်း တရားသည် ကလေးမွေးခြင်းလိုပင် အရာအားလုံးထဲမှာ အကြီးကျယ်ဆုံးဖြစ်နေတတ်မှန်း၊ ၎င်းသည် အနာကျက်ဖို့ ခဲယဉ်း၍ အချိန်ယူရသော စိတ် ဒဏ်ရာမှန်း သူလို ဆရာဝန် တယောက် အနေဖြင့် သိထားတာတွေ အများကြီး ရှိပါသည်။ ထို့ကြောင့် မေးမည့်အစား ရေချယ့်ကိုသာ ထပ်၍ နမ်းကာ အိမ်က ထွက်လာ လိုက်သည်။

ထိုနေ့က နေလို့ထိုင်လို့ ကောင်းသော နေ့တနေ့ ဖြစ်သည်။ မိန်းပြည်နယ်သည် နွေနှောင်းလက်ကျန် အသွင်ဆောင် ထားသဖြင့် ကောင်းကင်က တိမ်ကင်းစင်၍ ပြာလွင်သည်။ အပူချိန်က ၇၂ ဒီဂရီတိတိ မှာ တန့်နေသည်။ လူးဝစ်က လမ်းမပေါ်မှာ တန်းစီနေသာ ကားတန်း အဆုံးမှာ ဘီးလိမ့်ဝင်ရင်း ကားပိတ်၊ မပိတ် လှမ်းကြည့် လိုက်၏။ လမ်း ဘေးရှိ ရွက်ကြွေများပေါ်မှ ဆင်းသွားတတ်ကြသည့် ကားလမ်းကြောင်းကို မတွေ့ရသဖြင့် ပျော်သွားပြီး ဆက်စောင့် နေလိုက်သည်။

ဒီမနက် ရေချယ်က တိမွေးကုဆရာဝန်ကို ဖုန်းဆက်ခေါ်ပြီး သင်းခိုင်းလိမ့်မည်။ "တိရစ္ဆာန်သင်္ချိုင်း" နှင့် ဆိုင်သော ဘယ်အရာမှ ရှိလာတော့မှာ မဟုတ်။ သင်္ချိုင်းကို စာလုံးမှားပေါင်း ထားပုံက ရယ်စရာတောင် ကောင်း သေး၏။ အခုလို လှပသော စက်တင်ဘာ မနက်ခင်းမှာ အမင်္ဂလာဖြစ်သည့် သေခြင်းတရား အကြောင်း တွေးစရာကို မလို။

လူးဝစ်က ကားရေဒီယိုကိုဖွင့်ရင်းRamones အဖွဲ့၏ Rockaway Beach သီချင်း လာနေသံ ကြားတော့ အသံချဲ့ကာ အားရဝမ်းသာနှင့် စိတ်လိုလက်ရ လိုက်ဆိုသည်။ သူ့အသံက သိပ်တော့ မကောင်းလှ။

****

အခန်း (၁၂)

တက္ကသိုလ် နယ်မြေထဲ ကွေ့ဝင် လိုက်သည်နှင့် ပထမဆုံး သတိထားမိသည့် အရာက ကားပိတ်ခြင်း ဖြစ်သည်။ ကားများ၊ စက်ဘီးများနှင့် ရွရွ ကလေး အပြေး လေ့ကျင့် နေသူများကြောင့် ရှေ့ကို တိုးချင်တိုင်း တိုးမရတော့။ ဒန်းဟော ခန်းမဘက်က ထွက်လာသူ နှစ်ယောက်ကို ရှောင်ဖို့ ကားကို အမြန် ရပ်လိုက်ရသည်။ ဘရိတ်ကို ဆောင့်နင်း ချရသဖြင့် ခါးပတ်ကြိုးက ပခုံးမှာ တင်းခနဲ ဖြစ်သွားပြီး ပွန်းတီးရ၏။ အပြေးကျင့်နေသူများ၊ စက်ဘီးသမားကြောင့် အမြဲတမ်း စိတ်အနှောင့်အယှက် ဖြစ်ရသည်။ တယောက်က သူ့ဘက် လှည့်မကြည့်ဘဲ လက်ခလယ် ထောင်ပြသွား၏။ လူးဝစ်ခမျာ သက်ပြင်းချရုံမှအပ ဘာမှမတတ်နိုင်ဘဲ ဆက်မောင်းရသည်။

ဒုတိယတခုက ကားပါကင်မှာ လူနာတင်ကား ရှိမနေခြင်း ဖြစ်သည်။ ထို့အတွက် စိတ်ထဲမှာ ကသိကအောက် ဖြစ်သွား၏။ ကျောင်းတွင်း လူနာ ဌာနကို အချိန်တိုအတွင်း ကုသနိုင်သည့် အဖျားရောဂါနှင့် မတော်တဆမှုများ အတွက်သာ ရည်ရွယ်ထားသည်။ အဝင်ခန်းမတွင် ပစ္စည်းကိရိယာ အစုံအလင် ထားရှိသော စာစစ်ခန်းနှင့် ကုသခန်း သုံးခုရှိသည်။ ထိုအခန်း နောက်မှာ ခုတင် ၁၅ လုံးစီနှင့် လူနာဆောင် နှစ်ခုရှိသည်။ ခွဲစိတ်ခန်း မရှိ သလို ခွဲစိတ်ခန်းနှင့် တူတာတောင် မရှိ။ ပြင်းထန်သော မတော်တဆမှုများ ကြုံလာရလျှင် မိန်းပြည်နယ် အရှေ့ပိုင်း ဆေးရုံကြီးသို့ အပြေးသွားရန် လူနာတင်ကား ရှိသည်။ ဆရာဝန် လက်ထောက် စတိဗ်မာစတာတန်က လူးဝစ်ကို ဆေးရုံအနှံ့ လိုက်လံပြသရင်း လွန်ခဲ့သော နှစ်နှစ်ကလူနာတင်ကား ၃၈ စီး ထားခဲ့ကြောင်း သူက ရှင်းပြသည်။ ကျောင်းသား ဦးရေ တသောင်းကျော်၊ တက္ကသိုလ် အတွင်းရှိ လူဦးရေစုစုပေါင်း တသောင်း ခုနစ်ထောင်ကျော် နီးပါး ရှိသည်။ သူ ပထမဆုံး အလုပ်စဆင်းသည့် နေ့ကျတော့မှ လူနာတင်ကား တစီးမျှ မရှိ။

လူးဝစ်က “ဒေါက်တာ ခရိဒ်အတွက်သာ” ဟု လတ်လတ် ဆတ်ဆတ် ဆေးသုတ် ရေးခြယ်ထားသော နေရာမှာ ကားကို ရပ်ပြီး အထဲကို အပြေးတပိုင်း ဝင်ချသွား၏။ ဆံပင်ဖြူနေပြီ ဖြစ်သော်လည်း ပိန်ပိန်ပါးပါးနှင့် ကျက်သရေရှိသည့် အသက် ငါးဆယ်ကျော် အမျိုးသမီးကြီး ရှားလ်တန်ကို ပထမဆုံး စာစစ်ခန်းထဲမှာ တွေ့သည်။ သူမက ဟောလ်တားတော့ပ်နှင့် ဂျင်းဘောင်းဘီ ဝတ်ထားသည့် မိန်းကလေးတဦးကို ကိုယ်ပူချိန် တိုင်းနေသည်။ ကောင်မလေးကို ကြည့်ရတာ သိပ်မကြာခင်ကပဲ နေလောင်အခံ လွန်လာပုံ ရသည်။ အပေါ်ယံ အရေပြားလွှာ ကလေးများ ကွာကျနေ ကြောင်း လူးဝစ် စူးစမ်း လေ့လာမိ၏။ လူးဝစ်က

“မင်္ဂလာ မနက်ခင်းပါ ဂျိုအန်း။ လူနာတင်ကားရော ဘယ်မလဲ” ဟု မေးတော့ ရှားလ်တန်က ကျောင်းသူကလေး၏ ပါးစပ်ထဲက သာမိုမီတာတံကို ထုတ်၍ ဖတ်ကြည့်ရင်း

“ဪ၊ အဲဒါလား။ ဆိုးဆိုးဝါးဝါး မတော်တဆမှု တခု ဖြစ်လို့တဲ့။ မနက် ၇

နာရီလောက်က စတိဗ်မာစတာတန် လာယူသွားတယ်” ဟု ဖြေသည်။
“ကောင်းပါတယ်”

လူးဝစ်က ပြောသာ ပြောလိုက်သော်လည်း စိတ်တော့ သက်သာမသွား ချေ။ အနည်းဆုံး အရေးပေါ် ကိစ္စတခုခု ဖြစ်လာမှာ ကြောက်သည်။

“ဘယ်အချိန် ပြန်လာမလဲ”

သူ့အမေးကို ရှားလ်တန်က ရယ်ကာ

“ဒီဇင်ဘာ ၁၅ ရက်လောက် ကျရင်တော့ ခရစ္စမတ်ဖဲကြိုးတွေ ချည်ပြီး ပြန်ရောက်လာမယ် ထင်တာပဲ” ဟု နောက်ရင်း ကျောင်းသူကို တချက် ကြည့်ကာ

“နင် ကိုယ်ပူချင်သလို ဖြစ်နေပြီ။ အက်စ်ပရင် နှစ်လုံးသောက်။ ဘားဆိုင်တွေနဲ့ ဝေးဝေးနေ” ဟု ပြောသည်။

မိန်းကလေးက ခုတင်ပေါ်မှ ဆင်းကာ လူးဝစ်ကို ကျေးဇူးတင်သလို လှစ်ခနဲ ကြည့်၍ ထွက်သွားသည်။ ရှားလ်တန်က မဲ့ကာရွဲ့ကာနှင့်

“လာမယ့်စာမေးပွဲရဲ့ ပထမဆုံး ဖောက်သည်ပေါ့” ဟု ဆိုကာ သာမိုမီတာ တံကို ခါသည်။

“ခင်ဗျားကို ကြည့်ရတာ သိပ်ကျေနပ်ပုံ မရဘူးနော်”

“သူတို့ပုံကို ကြည့်တာနဲ့ ဘယ်လိုလူလဲ သိပြီးသား” ဟု ဆိုကာ ပြတင်းပေါက်ဆီ မေးငေါ့ပြသည်။

လူးဝစ် ကြည့်လိုက်တော့ နေလောင်အခံလွန်၍ အရေပြားအလွှာများ ကွာနေသော မိန်းခလေးက Gannett Cumberland-Androscoggin အိပ်ဆောင်ဘက်ဆီ တင်ပါးကို လူသတိထားမိအောင် တမင် ဟိုသည်ယမ်း၍ လမ်းလျှောက် နေသည်။ ရှားလ်တန်က သာမိုမီတာတံကို ပိုးသတ်စက်ထဲ လွှတ်ချလိုက်ရင်း

“ရှင့်ရဲ့ စိတ်ကျရောဂါသည် ကောလိပ် ကျောင်းသား ကျောင်းသူတွေလေ။ ကြည့်နေ၊ သူ့ကို နောက်ထပ် အကြိမ် နှစ်ဆယ်လောက် တွေ့ရဦးမှာ။ အစမ်းစာမေးပွဲ နီးလာတိုင်း ဆေးလာပြတာ စိတ်လာလိမ့်မယ်။ နောက်ဆုံး စာမေးပွဲကြီးမတိုင်ခင် တပတ်လောက် အလိုကျ သူ့ကိုယ်သူ အဆုတ်ပဲ ရောင်တော့မလိုလို၊ လည်ချောင်းပဲ နာသလိုလို သံသယ ဝင်လာလိမ့်မယ်။ စာမေးပွဲ နီးလာလေလေ၊ ရောဂါဘယ ပိုထူလာလေလေပဲ” ဟု ပြောသည်။

“အပြစ်ချည်းပဲ လိုက်မြင် နေတာတော့ မဟုတ်ပါဘူးနော်”

သူက အနည်းငယ် စိတ်ရှုပ်စွာ မေးတော့ သူမက မျက်စိတဖက် မှိတ်ပြ လိုက်သဖြင့် ရယ်ချင်သလို ဖြစ်သွားသည်။

“ဘယ်ကလာ၊ စိတ်ထဲကို မထားတာ။ ရှင်လည်း သူတို့ပြောတိုင်း အဟုတ် မှတ်မနေနဲ့ဦး” ဟု ဆိုသည်။

“စတီဖင်ရော ဘယ်မလဲ”

“Blue Cross-Blue Shield က နောက်ဆုံး ရောက်လာတာတွေကို ကြည့်ပြီး

ရှင့်ရုံးခန်းထဲမှာ မေးလ်ပြန်နေလေရဲ့”

ရှားလ်တန် မည်သို့ပင် အပြစ်ပြောပြော သူ့စိတ်ထဲမှာ ပေ့ါသွား၏။ သို့နှင့် ရုံးခန်းထဲ ဝင်လိုက်သည်။ ထိုနေ့မနက် ၁၀ နာရီဝန်းကျင်တွင် လူနာဆောင် သို့ ဗစ်တာပတ်စကောင်း ဟူသော သေအံ့ဆဲဆဲ လူငယ်တယောက် ရောက်လာသည်မှ အစပြု၍ ထိတ်လန့် ချောက်ချားဖွယ် အိပ်မက်ဆိုးကြီး ကျရောက် လာတော့မည်ကို လူးဝစ်ခမျာ ကြိုမသိနိုင်ခဲ့ရှာချေ။

ရုံးခန်းထဲ ရောက်ပြီးနောက် အရာရာက အလွန်တရာ တည်ငြိမ် တိတ်ဆိတ် နေသည်။ လူးဝစ် ဆေးရုံရောက်ပြီး တနာရီခွဲမျှ အကြာ ၉ နာရီတွင် စေတနာ့ဝန်ထမ်း ဆေးရုံအကူ မိန်းကလေး နှစ်ယောက် ရောက်လာသည်။ သူတို့က မနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လုပ်အား လာပေးကြခြင်း ဖြစ်သည်။

လူးဝစ်က သူတို့ကို ဒိုးနပ်တခုနှင့် ကော်ဖီတခွက်စီ ဒါနပြုကာ သူတို့ လုပ်ဆောင်ရမည့် တာဝန်နှင့် ဦးစားပေး ဆောင်ရွက်ရမည့် အရာများကို ဆယ့်ငါးမိနစ်လောက် စကားပြောသည်။ ထို့နောက် ရှားလ်တန် ရောက်လာ ပြီး သူတို့ကို ခေါ်သွားသည်။ ရှားလ်တန်၏

“အန်ဖတ်တွေ၊ မစင်တွေနဲ့များ ခတ်မတည့်တာမျိုး ရှိလား။ ဒီမှာ နှစ်ခု လုံး ကြုံရမှာနော်” ဟု မေးနေသံ ကြားလိုက်သည်။

“ဘုရား”

လူးဝစ်က ဘုရားတကာ မျက်နှာပူစွာဖြင့် မျက်လုံးကို လက်နှင့် အုပ်ထား လိုက်မိသော်လည်း ပြုံးနေ၏။ ရှားလ်တန်လို အဘွားအို ပေါက်စနဲ့တော့ ခက်ရချည်သေးရဲ့၊ အမြဲတော့ အပြစ်ပဲ မြင်မနေနိုင်ပါဘူးလေ။ ထို့နောက် လိုအပ်သော ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာ အစုံအလင် တောင်း ဆိုသည့် Blue Cross-Blue Shield ဖောင်စာရွက်များကို စာရင်းဖြည့်သည်။ စတိဗ်မာစတာတန်က မကျေမနပ် လေသံဖြင့် “နှစ်တိုင်း ဒီလိုချည်းပဲ။ နှလုံး အစားထိုး ကုသဖို့ လိုအပ်တဲ့ အထောက်အပံ့ ပစ္စည်းတွေအတွက် ဆို ပြီး ခန့်မှန်းခြေ ဒေါ်လာ ရှစ်သန်းဖိုးလောက် ချရေးလိုက်စမ်းပါ လူးဝစ်ရာ။ ဒါမှ မှတ်မှာ” ဟု ပြောသည်။ ကော်ဖီ တခွက်စာလောက် ငွေအစွန်း ထွက် သွားလျှင်ပင် ပယ်ချ ခံရနိုင်ကြောင်း တွေးရင်း အလုပ်ထဲ စိတ်နစ်နေစဉ် ဆေးရုံ အဝင်ခန်းမဘက်မှ Waiting Room ဆီ ပြေးရင်းလွှားရင်း အော်ဟစ် လိုက်သော မာစတာတန့် အသံကို ကြားလိုက်ရသည်။

“လူးဝစ်ရေ၊ ဟေး ...။ ဒီကို လာစမ်းပါဦး။ အရေးတော့ ပေါ်ပြီ”

မာစတာတန့်အသံက ကြောက်လန့် တုန်လှုပ်နေသလို ဖြစ်နေသဖြင့် လူးဝစ် အလျင်အမြန် ထွက်လာသည်။ ဝရန်းသုန်းကား ထထွက် လိုက်သော ကြောင့် ထိုင်နေသည့် ကုလားထိုင်ကို ဆောင့်ကန် ထုတ်လိုက်သလို ဖြစ် သွားသလား ထင်ရ၏။ ပိန်ပိန်ပါးပါးနှင့် ရဲတယောက် မာစတာတန်ရှိရာ ဘက်မှ ပေါ်လာပြီး ရှားလ်တန်၏”ဖယ်ကြစမ်း၊ သွား ...၊ သွားကြ” ဟူသော စူးခနဲ အော်ထည့်လိုက်သံ

အနောက်က ပါလာသည်။

လူးဝစ်က Waiting Room ဘက် ပြေးချလာသည်။ ပထမဆုံး သတိထားမိသည်က သွေးစသွေးနများ၊ သွေးတွေ မတရား ထွက်နေသည်။ စေတနာ့ဝန်ထမ်းမလေး တယောက်က တရှုံ့ရှုံ့ ငိုနေ၏။

ဖြူဖပ်ဖျော့တော့နေသော အခြားတယောက်က လက်သီးဆုပ် နှစ်ဖက်ကို ပြဲကားထားသော ပါးစပ်ထောင့်နား ဖိကပ်ထားသဖြင့် မျက်နှာတခုလုံး တွန့်လိမ် မဲ့ရွဲ့နေ၏။ မာစတာတန်က ငိုက်စိုက် ကျနေသော လူနာ ကောင်ကလေး၏ ခေါင်းကို ထိန်းကိုင်ရင်း ကုန်းကုန်းကွကွ ဖြစ်နေသည်။ လူးဝစ်ကို တွေ့တော့ မျက်လုံးအပြူးသား၊ ပါးစပ် အဟောင်းသားနှင့် ထိတ်လန့်တကြား ဖြစ်နေ၏။ စကားပြောဖို့ ကြိုးစားသောလည်း တခွန်းမျှ ထွက်မလာ။

တက္ကသိုလ်ဆေးရုံ၏ မှန်တံခါးချပ်ကြီးများ နားတွင် မျက်ခုံးပေါ် လက်နှင့် ကာ၍ ချောင်းကြည့်သူတွေ ဝိုင်းအုံလာ၏။ ထိုမြင်ကွင်းကြောင့် လူးဝစ်စိတ်ထဲ ခြောက်နှစ်သားခန့်က မနက်ဘက် အမေ အလုပ်မသွားခင် ဧည့်ခန်းထဲ တီဗွီ ထိုင်ကြည့်ဖူးတာကို သွားသတိရသည်။ ကြည့်သည့် အစီအစဉ်က ဒွေဗ်ဂါရိုဝေး တင်ဆက်သည့် တူဒေးရှိုး။ ဒွေဗ်၊ ဖရန့်ခ်ဘလဲရ်နှင့် မျောက်လိမ္မာကြီး ဂျေဖရက်မတ်တို့ကို အိမ်အပြင်ဘက် မှန်ပြတင်းပေါက်မှ တဆင့် မိုးတိုးမတ်တတ် ရပ်ကြည့်နေကြသည်။ ထိုစဉ်က တံခါးတွေကို ဘာမှလုပ် မရသဖြင့် “ကန့်လန့်ကာတွေ ပိတ်လိုက်” ဟု ထအော်ခဲ့သည်။

“ကန့်လန့်ကာတွေ ပိတ်လိုက်”

သူက လုပ်အားပေး မိန်းကလေးကို အလောတကြီး အော်ပြောလိုက်သော်လည်း သူမက ချက်ချင်း ထမလုပ်သောအခါ ရှားလ်တန်က

“ဟဲ့ လုပ်လေ၊ ကောင်မလေးရဲ့” ဟု လှမ်းငေါက်သည်။

ထိုအခါမှ လုပ်အားပေး မိန်းကလေးက အသိဝင်လာသလိုမျိုး အစိမ်းရောင် ပြတင်းပေါက် ကန့်လန့်ကာများကို တဖျပ်ဖျပ် ဆွဲပိတ်သည်။ ရှားလ် တန်နှင့် မာစတာတန်တို့ကလည်း လူနာကောင်လေးနှင့် တံခါးကြား ဟို သည်ကူးလျက် မြင်ကွင်းကို တတ်နိုင်သမျှ ဖုံးကြသည်။ ရှားလ်တန်က

“လူနာတင်လှည်းရော ဆရာ” ဟု မေးတော့ လူးဝစ်က မာစတာတန့်ဘေး နားမှာ ငုတ်တုတ် ထိုင်ချလိုက်ရင်း

“လိုရင် သုံးဖို့ သွားယူထားလိုက်။ ငါ သူ့ကို တချက်မှ မကြည့်ရသေးဘူး” ဟု ပြန်ဖြေလိုက်၏။ ရှားလ်တန်က ကန့်လန့်ကာ ပိတ်ပြီးသွားသော လုပ်အားပေး နှစ်ယောက်ကို

“သွားယူ” ဟု ပြောသည်။

မိန်းကလေး တယောက်က လက်သီးဆုပ်ကို ပါးစပ်ထောင့်နား ပြန်ကပ် လိုက်ရင်း ရှားလ်တန်ကို ကြည့်ကာ အမလေး၊ အဘလေး တနေသည်။

“အမလေး လုပ်မနေနဲ့။ လာ၊ သွားမယ်”

ရှားလ်တန်က မိန်းကလေးကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲသွားလေရာ သူမ၏ အဖြူနှင့် အနီ အစင်းကျား စကတ်လေးပင် ဝဲခနဲ ခါယမ်းလွင့်ပျံ သွား၏။ လူးဝစ်မှာ သူ၏ ပထမဆုံး လူနာကို အပေါ်က ကုန်းကြည့်ရသည်။

ကောင်ကလေးမှာ ခန့်မှန်းခြေ အသက် ၂၀ ခန့်သာ ရှိမည်။ သုံးစက္ကန့်ပင် မကြာလိုက်၊ ကောင်ကလေး ဘာဖြစ်နေသည်ကို သူသိသွား၏။ လူငယ် လေးခမျာ အသက်ငင် နေရှာသည်။ ဦးခေါင်း တခြမ်းက ကြေမွနေပြီး လည်ပင်းရိုး ကျိုးနေ၏။ ညှပ်ရိုးက တွန့်လိမ်ဖောင်းကား နေသော ညာဘက်ပခုံးမှ ငေါထွက်နေသည်။ ခေါင်းဆီမှ တစက်စက် ကျနေသော သွေးနှင့် ဝါကြင့်ကြင့် ချွဲပျစ်ပျစ် အရည်များက ကော်ဇောထဲ စိမ့်ဝင်နေ၏။

ကြေမွကွဲပြဲနေသော ဦးခေါင်းခွံ ဘက်ခြမ်း၌ ပြူတပြူတ ဖြစ်နေသော အဖြူရောင်ညစ်ညစ် လူဦးနှောက်ကို လူးဝစ် မြင်ရသည်။ မသိလျှင် ကျိုးပဲ့ နေသော ပြတင်းပေါက်မှ တဆင့် ချောင်းကြည့် နေသည့်နှယ်။ အဝ အကျယ် ၅ စင်တီမီတာလောက် ရှိမည့်ပုံ ရသည်။ အကယ်၍ ဇုနတ်ဘုရား လို နဖူးမှ ကလေးမွေးမည် ဆိုလျှင် ကောင်လေး၏ ဦးခေါင်းထဲမှာလည်း ကလေးတယောက် ဖွားလုဖွားခင် ဖြစ်နေသည်နှင့် တူ၏။ ဤအခြေအနေ မှာပင် အသက် ရှင်နေသေးတာ အတော်ကို အံ့သြဖို့ ကောင်းသည်။ ရုတ်တရက် သူ့စိတ်ထဲမှာ “တခါတလေ ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ကံ ပြန် ခံရသလိုပေါ့” ဟူသော ဂျုထ်၏ စကားသံနှင့် “သေတော့လည်း သေတယ်လို့ ပဲ မှတ်ရမှာပေါ့” ဟူသော အမေ့စကားသံကို ပြန်ကြားယောင်မိတော့ ရှုးသွပ်စွာ ရယ်ချလိုက်ချင် သလိုလို ဖြစ်သွား၏။

သေတော့လည်း သေတယ်ပေါ့၊ ဟုတ်ပါပြီလေ။ သေလည်း အေးတာပဲ ကိုယ့်လူရေ။

လူးဝစ်က

“လူနာတင်ကား ခေါ်တော့” ဟု မာစတာတန်ကို လှမ်းအော် လိုက်သည်။

“လူးဝစ်၊ လူနာတင်ကားကလေ,..၊ ဟို”

လူးဝစ်က ကိုယ့်နဖူး ကိုယ်ပြန်ရိုက်မိရင်း

“ဟာ ဟုတ်သားပဲ၊ ဘုရားရေ” ဟု ရေရွတ်လျက် အကူအညီ ရလိုရငြား ရှားလ်တန်ဘက် လှည့်ကာ

“ဒီလိုကေ့စ်ဆိုရင် ခင်ဗျား ဘယ်လိုလုပ်လဲ ဂျိုအန်း။ တက္ကသိုလ်ပရဝုဏ် လုံခြုံရေးကို လှမ်းခေါ်တာလား၊ အီးအမ်စီစီ(Eastern Maine Community College)ကို ခေါ်တာလား” ဟု မေးလိုက်၏။

ဂျိုအန်းအသွင်က ပျာယာခတ်ကာ စိတ်ဆိုးသွားပုံ ရသည်ဟု လူးဝစ် ထင်မိသည်။ ထိုအမူအရာမျိုး သူမမှာ တွေ့ရတာ ရှား၏။ သို့သော်

“ကျွန်မ မသိဘူး ဆရာ။ ဆေးရုံမှာ ကျွန်မ ရှိတဲ့အချိန် အရင်က တခါမှ ဒီ လို မဖြစ်ဖူးဘူး” ဟု ခပ်တည်တည် လေသံဖြင့် ပြန်ဖြေ၏။

လူးဝစ် စဉ်းစားလို့ ရသလောက် ခပ်မြန်မြန် စဉ်းစားလိုက်ပြီး

"တက္ကသိုလ် ရဲအဖွဲ့ကို ဖုန်းလှမ်းဆက်လိုက်။ အီးအမ်စီစီက လူနာတင်ကား လွှတ်နေချိန် စောင့်နေလို့ မရတော့ဘူး။ မီးသတ်ကား တစီးနဲ့ဖြစ်ဖြစ် ဘန်ဂါမြို့ကို. ခေါ်သွား ခိုင်းလိုက်။ မီးသတ်ကား ဆိုတော့ အနည်းဆုံး ဥသြဆွဲပြီး အချက်ပြမီး ဖွင့်လို့ရမှာပဲ။ အဲဒီလိုသာ သွားလုပ်ချေတော့ ဂျိုအန်းရေ" ဟု ပြောလိုက်သည်။

ရှားလ်တန် ချက်ချင်း ထွက်သွားသော်လည်း လူနာကို စာနာ သနားခြင်း ကြီးစွာ တချက် လှမ်းကြည့်လိုက် သေးသည်ကို လူးဝစ် သတိထား မိသည်။ ထိုအကြည့်ကို ဘာသာပြန် လိုက်သော် ဤလူငယ်လေးမှာ သူတို့ ဘာလုပ်ပေးပေး သေမှာက သေမှာပဲ ဟူသော အဖြေကို ရ၏။ အလွန်အမင်း နေလောင် ခံထားရသော အသားအရေ၊ တောင့်တင်းကြံ့ခိုင်သော ကြွက်သားဗလနှင့် အဖြူလိုင်းများ ပါသော အနီရောင် အားကစား ဘောင်းဘီတို ဝတ်ထားသောကြောင့် . ထိုလူငယ်သည် နွေရာသီ လမ်းပြင် လုပ်သား အဖွဲ့တခုခုက၊ သို့မဟုတ် အိမ်ဆေး သုတ်သမား၊ သို့မဟုတ် တင်းနစ်ဆရာ တယောက်ယောက် ဖြစ်နိုင်သည်။ လူနာတင်ကားဖြင့် သယ်သွားလျှင်လည်း လမ်းမှာပင် သေချင် သေသွားလိမ့်မည်။

သေအံ့ဆဲဆဲ လူငယ်သည် မယုံကြည်နိုင်စရာ ကောင်းစွာ လှုပ်ရှား နေသည်။ မျက်လုံး အပွင့်သားနှင့် မျက်တောင် တဖျပ်ဖျပ် ခတ်နေသည်။ မျက်လုံးပြာပြာထဲက မျက်ကြည်လွှာမှာ သွေးတွေ ဝိုင်းနေ၏။ မျက်လုံးသေများနှင့် ပတ်ပတ်လည် လျှောက်ကြည့် နေသော်လည်း ဘာတခုမှ မြင်ပုံမ ရ။ ခေါင်းကို ရွှေ့ဖို့ ကြိုးစားသဖြင့် လူးဝစ်က မလှုပ်နိုင်အောင် အားနှင့် ဖိ၍ ထိန်းပေးရသည်။ ကျိုးနေသော လည်တိုင်ကို အားမနာနိုင်တော့။ ဦးခေါင်း ထိသွားသဖြင့် နာကျင်သည့် အသိလည်း ရှိနေဟန် မရတော့။ ဦးခေါင်းမှာ လည်း အပေါက်ကြီး တပေါက်၊ ဘုရားရေ၊ ခေါင်းမှာ အပေါက်ကြီး ဖြစ် နေပါလား။

"သူ ဘာဖြစ်လာတာလဲဟင်"

လူးဝစ်က စတိဗ်ကို မေးသည်။ မသိလျှင် စတိဗ်က အခင်းဖြစ်ရာမှာပဲ ရှိ နေခဲ့သလိုလို သူ့မေးခွန်းက ကြောင်တောင်တောင်နှင့် အဓိပ္ပာယ် မရှိ။ သို့သော် လောလောဆယ် မေးစရာကလည်း သူပဲ ရှိသဖြင့်

"ရဲတွေ သယ်လာတာလား" ဟု ထပ်မေးလိုက်၏။

"ကျောင်းသား တချို့က သူ့ကို စောင်နဲ့ ထမ်းသယ် လာတာပဲ။ ဘာဖြစ်လာတာလဲတော့ ကျွန်တော်လည်း မသိဘူး"

ဖြစ်ပျက်ပုံကို သိအောင် ကြိုးစားရမှာက သူ့အလုပ် ဆိုတော့လည်း လူးဝစ်က

"သူတို့ကို သွားရှာလာခဲ့။ နောက်အခန်း တခုထဲ ခေါ်သွားချေ။ သူတို့ကို မေးကြည့်ဦးမယ်။ ကောင်လေးကို မြင်ပြီးပြီ ဆိုပေမဲ့ အခု အခြေအနေကို ထပ်မမြင်စေချင်ဘူး" ဟု ပြောလိုက်၏။

လက်ရှိ အနေအထားမှ ဝေးရာသို့ ပြေးချင်နေပုံရသည့် မာစတာတန်က

စိတ်သက်သာရာ ရသွားဟန်ဖြင့် ထထွက်သွားသည်။ မာစတာတန် တံခါးဖွင့်လိုက်တော့ စပ်စုစိတ်ဖြင့် တယောက် တပေါက် စိတ်လှုပ်ရှားစွာ ပြောဆိုနေကြသံများ ဝေါခနဲ ဝင်လာ၏။ ရဲကားဥသြဆွဲသံ တစီစီကိုလည်း ကြားလိုက်ရသည်။

တက္ကသိုလ်လုံခြုံရေး ရောက်လာတော့မည်ကို သိသွား၍ တနည်းတဖုံ စိတ်သက်သာရာ ရသွားသလိုလို။

သေအံ့မူးမူး လူငယ်က လည်ချောင်းထဲမှာ တဆို့ နေသလိုမျိုး ဂူးဂူးဂါး ဂါး ဖြစ်နေသည်။ တခုခု ပြောဖို့ ကြိုးစားနေတာပဲ။ ညည်းညူတာလား ဘာလား မသိ၊ အနည်းဆုံး ဘာစကား တလုံးမှ ရှင်းရှင်းလင်းလင်း ပီပီသ သ မထွက်နိုင်ဘဲ မသဲမကွဲ ဖြစ်နေ၏။ လူးဝစ်က လူငယ်လေးကို ကုန်းကြည့်ကာ

"မင်း သက်သာ သွားမှာပါကွာ" ဟု ပြောလိုက်သည်။

ထိုအခါ ရေချယ်နှင့် အယ်လီကိုလည်း ထိုသို့ ပြောခဲ့မိကြောင်း သတိရ ကာ ဗိုက်ထဲမှာ အောင့်ခနဲ ဖြစ်သွားပြီး ပျို့တက် လာသဖြင့် ပါးစပ်ကို လက် နှင့် အုပ်ထားလိုက် ရသည်။ လူငယ်လေးက

"ကား ...၊ ဂါး" ဟု ဆို၏။

ဘေးဘီဝဲယာကို ကြည့်မိတော့ အခု လောလောဆယ် သူနှင့် သေခါနီး လူနာ နှစ်ဦးတည်းသာ ရှိမှန်း သတိထားမိသည်။ အခန်းနံပါတ် နှစ်က ဗီရိုထဲမှာ လူနာတင်လှည်း ရှိတယ်ဟု လုပ်အားပေး မိန်းကလေးတွေကို ရှားလ် တန် အော်ပြောနေသံ ပါးပါးကလေး ကြားရသည်။ အလုပ်မှာ ပထမဆုံးနေ့ ဆိုတော့ မိန်းကလေးတွေက အခန်းနံပါတ် နှစ်ကိုရော သိပါ့မလားဟု လူးဝစ် သံသယ ဝင်မိ၏။ တွေ့တွေ့ချင်း ဆောက်နှင့် ထွင်းဆိုသလို သူတို့ခမျာ စ စချင်းနေ့မှာပင် ကေ့စ်အကြီးကြီးနှင့် ကြုံရရှာသည်။ အစိမ်းရောင် ကော်ဇောမှာ ယခုအခါ လူငယ်လေး၏ ဦးခေါင်းမှ အကွက်လိုက် ပြန့်ကား စီးကျလာသော သွေးများ စိမ့်ဝင် လာသောကြောင့် ခရမ်းရောင် ထူထူကြီး ဖြစ်သွား၏။ ဦးနှောက်ရည်များ ကတော့ ထပ်ထွက် မလာတော့။

"တိရစ္ဆာန် သင်္ချိုင်းမှာ"

လူငယ်က ဝမ်းခေါင်းသံကြီးဖြင့် စကားစပြောပြီး ပါးစပ်ကြီး ပြဲလာ၏။ ကန့်လန့်ကာ ထပိတ်သော လုပ်အားပေး မိန်းကလေး ကယောင်ချောက်ချားနှင့် ပါးစပ်ကို အကျယ်ကြီး ဟမိသွားသလိုမျိုး။ လူးဝစ်က ထိုသို့ ကြားလိုက်မိတာ မဟုတ်လောက်ပါဘူးဟု မယုံကြည်နိုင်စွာဖြင့် ကောင်လေးကို ငုံ့၍ သေချာ စိုက်ကြည့်သည်။ ပြီးနောက် မသိစိတ်ထဲ စွဲ နေတာကို ယောင်ပြီး နားကြားမှားတာ ဖြစ်မယ်ဟု တွေး၏။ သို့သော် ခဏ လောက် အကြာ၌ လူးဝစ်သည် ထိုအဖြစ်ကို မယုံချင်ယုံချင်နှင့် ယုံလိုက်ရသည်။ ထိုအခါ ရှူးသွပ်ချင်စရာ ကောင်းသည့် ထိတ်လန့် ချောက်ချားမှု ဟူသော အကြောက်တရား လှိုင်းလုံးကြီးက သူ့အသွေးအသားထဲမှ တလိပ် လိပ် လှိုက်တက် ထကြွကာ ဝမ်းဗိုက်ပါမကျန် တကိုယ်လုံးသို့ တဝုန်းဝုန်း

ရိုက်ခတ်သွားသဖြင့် ကြက်သီးများ ထလာသည်။ စကားပြောသည်ကို ယုံသော်လည်း လူငယ်လေး၏ သွေးအလိမ်းလိမ်း ပါးစပ်ဖျားမှ ထွက်လာသော စကားလုံးများက သဲသဲကွဲကွဲတော့ မဖြစ်တန်ရာ။ ထင်ယောင်ထင်မှား ဖြစ်ခြင်း ဟူသည် အမြင်အာရုံမှာရော အကြားအာရုံမှာပါ ဖြစ်ပေါ်တတ်သည် မဟုတ်လား။

"မင်း ဘာပြော လိုက်တာလဲ"

လူးဝစ်က သူ့ကို တိုးတိုးလေး မေး၏။ သည်တခါတော့ လူငယ်ပြောသော စကားလုံးများမှာ စကားပြောတတ်သော ကြက်တူရွေး သို့မဟုတ် ကျီးကန်း တကောင်ဆီမှ ထွက်လာ သလိုမျိုး မမှားနိုင်တော့ဘဲ ရှင်းလင်း ပီသ နေလေသည်။

"အဲဒါက တကယ့်သင်္ချိုင်း မဟုတ်ဘူး"

သွေးများ ပေကျံနေသော သူ့မျက်လုံးများက ဝိုင်းတိဝိုင်းတိုင်၊ သူ့ပါးစပ်က ငါးကြင်း အသေတကောင် ကဲ့သို့ ဟပြဲကြီး ဖြစ်နေသဖြင့် သွားများကို ဖြဲပြ နေသည့်အလား။ လူးဝစ်သည် ချောက်ချားမှုကြောင့် နှလုံးကို လက်အေး ကြီးများဖြင့် ဆွဲဆုတ် ဖျစ်ညှစ် ခံရသလိုမျိုး အောင့်မျက် လာသလို သွေး အလိမ်းလိမ်းနှင့် တွန့်လိမ် ပွဲရွဲ့နေသော ဦးခေါင်းကြီး အနားမှ ဝေးရာသို့ ပြေးရန် ခြေလှမ်း ပြင်မိသည်။ သူသည် ဘာသာရေးကို နှစ်နှစ်ကာကာ မ ကိုးကွယ်၊ မကျင့်ကြံခဲ့သလို သဘာဝလွန် လျှို့ဝှက် ဆန်းကြယ် ဖြစ်ရပ်များ ကိုလည်း မယုံကြည်ခဲ့။ သည်လို အခြေအနေမျိုး ကြုံရလိမ့်မည်ဟု တသက်နှင့် တကိုယ် တခါမှ မတွေးဖူးချေ။ စိတ်ထဲမှာ ထွက်ပြေးဖို့ တိုက်တွန်း နေသော်လည်း သူကတော့ ထိုခံစားချက်များကို ဆန့်ကျင် ရုန်းကန်ရင်း လူငယ်အနားကို ပို၍ တိုးကပ်လိုက်၏။

"မင်း ဘာပြောလိုက်တာလဲ"

သူက ဒုတိယမ္ပိ ထပ်မေး လိုက်ပြန်၏။ သွားအဖြဲသား ရုပ်သွင်ကြီးက အကြည့်ရဆိုး လိုက်ပါဘိ။ သေအံ့ဆဲဆဲ လူငယ်က တိုးတိုးလေး ပြန် ဖြေသည်။

"ယောကျ်ားတယောက်ရဲ့ အသည်းနှလုံး မြေသားက ကျောက်ခဲ ပိုထူတယ် လူးဝစ်။ ဒါပေမဲ့လည်း အမြစ် တွယ်သွားပြီဆိုရင် ဘာပင်ဖြစ်ဖြစ် ရှင်သန်ကြီးထွား လာတာပဲ"

လူးဝစ်တွဲ့။ သူ့နာမည်ကို ခေါ်လိုက်တာ မဟုတ်လောက်ပါဘူးဟု စိတ်ထဲ က တွေးသည်။ ဘုရားရေ ...၊ မဟုတ်သေးဘူး။ သူ ငါ့နာမည်ကို ခေါ်လိုက်တာ၊ ဟုတ်တယ်။

"မင်း ဘယ်သူလဲ၊ မင်း ဘယ်သူလဲ"

လူးဝစ်က ခြောက်ကပ် ပါးလျသော လေသံဖြင့် တုန်ယင်စွာ မေးလိုက်၏။

"အင်ဂျန်းက ငါ့ငါးလေးကို ယူသွားတယ်"

"မင်း ...၊ ငါ့နာမည်ကို မင်း ဘယ်လိုလုပ်"

"ရှင်းပေး၊ ငါတို့ကို၊ သိထားရမှာက"

"မင်း"

"ကား"

လူငယ်က ဂူးဂူးဂါးဂါး ပြန်ဖြစ်သွားသည်။ သူ၏အသက်ရှူသံ၊ အတွင်း ဒဏ်ရာများ၊ စည်းချက်ညီညီ မလှုပ်ရှားနိုင်ခြင်း တို့ကြောင့် သေတော့မည် ဟု လူးဝစ် သိလိုက်၏။ သို့သော် ထိုလူငယ်ကို ရှုးမိုက်စွာ လှုပ်ရမ်း၍

"ဘာပြောတာလဲ" ဟု မေးနေမိ၏။

"ဂါး"

အားကစား ဘောင်းဘီတိုနှင့် လူငယ်သည် တကိုယ်လုံး ခိုက်ခိုက် တုန်လာပြီး ရုတ်တရက် ကြွက်သားများ မာကျော တောင့်တင်း သွားသည်။ မျက်လုံးမှ ငေးတိငေးငိုင် အကြည့် ခေတ္တ ပျောက်သွားပြီး လူးဝစ်၏ မျက်လုံးများကို လိုက်ရှာနေသလိုလို ဖြစ်လာ၏။ ထို့နောက် အရာအားလုံး ချက်ချင်းလိုလို ရပ်တန့်သွားသည်။ ဆိုးဝါးသော အနံ့အသက် တခုလည်း ထွက်လာ၏။ လူးဝစ်က ထိုလူငယ် စကားထပ်ပြော လိမ့်ဦးမည်ဟု ထင် လိုက်မိသေး၏။ ထို့နောက်တွင် မျက်လုံးများသည် ခုနကအတိုင်း ငေးတိ ငေးငိုင် ဗလာသက်သက် ပြန်ဖြစ်သွားကာ အသက် မပါတော့ချေ။ လူနာ သေသွားပြီ။

လူးဝစ်က ကြမ်းပြင်ပေါ် ငုတ်တုတ် ထိုင်ချလိုက်သော အခါ အကျီနှင့် ခန္ဓာကိုယ် ကပ်၍ တင်းခနဲ ဖြစ်သွား၏။ သူ့တကိုယ်လုံး ချွေးစေးများ ရွှဲ နစ်နေသည်။ တလောကလုံး အမှောင်ဖုံး သွားသည့်နှယ် မြင်မြင်သမျှ မည်းနက် မှောင်မိုက်လာ၏။ လောကကြီး တခုလုံး သွက်သွက် ခါနေသကဲ့သို့ မတ်တတ်ရပ်၍ ထောက်တည်ခြင်းငှာ မစွမ်းသာတော့ချေ။ လူးဝစ် သည် လူသေကို မျက်နှာလွှဲ၍ ဒူးနှစ်လုံးကြား ခေါင်းငုံ့ထားမိ၏။ တအောင့်လောက် ကြာတော့မှ လောကကြီးက သဘာဝအတိုင်း ပြန်၍ အသက်ဝင် လာသည်။

****

အခန်း (၁၃)

ဇာတ်ကရန် အလှည့်ကျ စောင့်ဆိုင်း နေကြသလိုမျိုး အခန်းထဲမှာ လူများစွာ ပြည့်လာသည်။ သူ့စိတ်ထဲတွင် နောက်ကျို ရှုပ်ထွေး၍ ထင်ယောင်ထင်မှား ဖြစ်နေသကဲ့သို့ ခံစားနေရ၏။ ယင်းခံစားချက်နှင့် ပတ်သက်၍ စိတ်ပညာ အတန်းမှာ သင်ခဲ့ဖူးသော်လည်း ယခင်က တခါမှ မခံစားခဲ့ရဖူးချေ။ ယခုမူ ထိုခံစားချက်များသာ ကြီးစိုးနေသဖြင့် အလွန်အမင်း စိုးရိမ် ကြောက်လန့်လျက် ရှိသည်။ တယောက်ယောက်က အယ်လ်အက်စ်ဒီ မူးယစ်ဆေးများ အလွန်အကျွံ ခိုးထည့်လိုက်သော အရက် ခွက်ကို သောက်မိပြီး အာနိသင် ပြနေသလိုနှင့် တူလောက်သည်ဟု သူယူဆသည်။

အခြေအနေ အရပ်ရပ်ကိုက သူ့အတွက် တမင် စီမံထားသလိုမျိုး။ အခန်းထဲမှာ သူနှင့် သေခါနီးလူနာ နှစ်ယောက်တည်း ကျန်ခဲ့ချိန်ကျမှ ထ ဖြစ်သည်။ ထိုသူမှာ ရှေးခေတ် ဂရိပြည်က နိမိတ်ဖတ်သည့် နတ်ဝင် သည်လိုမျိုး သူ့ကံကြမ္မာကို ဟောကိန်း ထုတ်သွားသည့်နှယ်။ ပြောပြီးပြီး ချင်း သေဆုံးသွားသဖြင့် အခန်းထဲမှာ သူတယောက်တည်း ကျန်ရစ်ခဲ့သည်။ နောက်တော့ လူတွေ ပြန်ရောက် လာကြ၏။

စေတနာ့ဝန်ထမ်း မိန်းကလေးများက လည်ပင်းနှင့် ကျောရိုး ထိခိုက်ဒဏ်ရာရသည့် လူနာများ အတွက် အသုံးပြုသော လူနာတင်လှည်းကို ရှေ့တယောက် နောက်တယောက် တွန်းယူလာသည်။ ရှားလ်တန်က တက္ကသိုလ် ပရဝုဏ်ထဲက ရဲများ လာနေပြီဟု ပြောရင်း သူတို့နောက်ကလိုက်လာသည်။ သေဆုံးသွားသော လူငယ်သည် ရွှရွှကလေး အပြေးလေ့ ကျင့်နေစဉ် ကားတိုက်ခံလိုက်ရခြင်း ဖြစ်သည်။ ထိုအခါ မနက်ခင်းက သူ့ ကားရှေ့မှ ဖြတ်ပြေးသွားသော အပြေး လေ့ကျင့်သူများကို သတိရကာ ဗိုက် အောင့်ချင် သလိုလို ဖြစ်လာ၏။ ရှားလ်တန်၏ နောက်မှာ မာစတာတန်က လုံခြုံရေးရဲသား နှစ်ယောက်နှင့်အတူ ဝင်လာပြီး

"လူးဝစ်ရေ၊ ပတ်စ်ကောင်းကို သယ်လာတဲ့ သူတွေကလေ ..."ဟု ပြော ကာ တဝက် တပျက်နှင့် ရပ်တန့်သွားပြီး

"လူးဝစ်၊ အဆင်ပြေရဲ့လား" ဟု မေး၏။

"ပြေပါတယ်"

လူးဝစ်က ပြောပြောဆိုဆို မတ်တတ် ထရပ်သည်။ ခေါင်းထဲမှာ မူးနောက်ရီဝေလျက် ဟိုဘက်သွားတော့မလို သည်ဘက် သွားတော့မလို ယောင်တိယောင်နနှင့်-

"သူ့နာမည်က ပတ်စ်ကောင်းတဲ့လား" ဟု မေး၏။ ရဲသား တယောက်က

"သူနဲ့အတူ အပြေးလေ့ကျင့်တဲ့ မိန်းကလေး ပြောပုံအရ ဗစ်တာပတ်စ်ကောင်းတဲ့" ဟု ဖြေသည်။

လူးဝစ်က လက်ပတ်နာရီကို ကြည့်ကာ နှစ်မိနစ် နှုတ်လိုက်သည်။ ပတ်စ်ကောင်းကို သယ်လာစဉ်က ကျန်ရစ်ခဲ့သော အခန်းဆီက မိန်းကလေး တယောက်

သည်းသည်းထန်ထန် ရှိုက်ငိုနေသံကို ကြားရ၏။ ကျောင်းတော် ကြီးက ကြိုဆိုပါတယ် မိန်းကလေးရေ၊ စာမေးပွဲလည်း ဖြေနိုင်ပါစေဟု စိတ်ထဲက ဆိုမိသည်။ ပြီးတော့မှ-

“မစ္စတာ ပတ်စ်ကောင်း မနက် ၁၀ နာရီ ၉ မိနစ်မှာ ဆုံးသွားပါတယ်” ဟု ပြောလိုက်သည်။

ရဲသား တယောက်က လက်ဖမိုးနှင့် ပါးစပ်ကို သုတ်သည်။

မာစတာတန် က...

“လူးဝစ်၊ ခင်ဗျား အဆင်ပြေ ပါတယ်နော်။ ခင်ဗျားပုံစံက လန့်စရာကြီး” ဟု ဆို၏။

လူးဝစ်က ပြန်ဖြေရန် ပါးစပ်ဟလိုက်စဉ် စေတနာ့ဝန်ထမ်း မိန်းကလေး တယောက်က လူနာတင်လှည်းကို လွှတ်ကာ ဆေးရုံအပြင် အပြေး ထွက်၍ သွားအန်ချသည်။ ဖုန်းတလုံးကလည်း ထမြည်သည်။ ရှိုက်ငိုနေသော မိန်းကလေးက “ဗစ်တာရေ၊ အဖြစ်ဆိုးလှချည်လား ဗစ်တာရဲ့” ဟု သေသူ၏ အမည်ကို အထပ်ထပ် တကာ စတင်၍ အော်ဟစ်ငိုယိုလေ၏။ ထိုအခါ အခြေအနေများ ရုတ်ရုတ်သဲသဲ ရှုပ်ထွေးကုန်သည်။ ရဲသား တယောက်က အလောင်းအုပ်ဖို့ စောင်တထည်လောက် ရမလားဟု ရှားလ် တန်ကို မေး၏။ သူမက ပေးလို့ရ၊ မရ မသိပါဟု ပြန်ပြောသည်။

ပတ်စ်ကောင်းသည် တိရစ္ဆာန်သင်္ချိုင်း အကြောင်း တကယ် ပြောသွားခဲ့ သလား။ သူ့နာမည်ကို ခေါ်သွားတာရော တကယ်ပဲလား။ လူးဝစ်သည် ထို အတွေးများထဲ ချာချာလည်ရင်း လောကကြီးနှင့် ခဏလောက် အဆက်အသွယ် ပြတ်နေ၏။ အကယ်၍ ပတ်စ်ကောင်းသည် သေငယ်ဇော မျောကာ တကယ်ပင် စကားပြောခဲ့သည် ဆိုငြားအံ့၊ ထိုစကားများကို လူးဝစ်ဘာသာ နားကြားမှား၍ အဓိပ္ပာယ်ကောက် လွဲခြင်းသာ ဖြစ်မှာပါဟု စဉ်းစားသည်။ ပတ်စ်ကောင်းသည် ရောက်လာ ကတည်းက စကားပီပီသသ ပြောဆိုနိုင်ခြင်း မရှိ၊ ဝူးဝူးဝါးဝါး ဂူးဂူးဂါးဂါးသာ ဖြစ်နေသည် မဟုတ် လော။

လျှောက်လွှာ ၅၃ စောင်ထဲကမှ လူးဝစ်ကို ရွေးချယ်ခဲ့သည့် စီမံခန့်ခွဲရေး ကိုပဲ အပြစ်တင်ရလား မသိ။ အခန်းထဲမှာ လူများ ရှုပ်ယှက်ခတ် နေသော်လည်း သူ့လောက် ဘယ်သူမှ ဩဇာအာဏာ မရှိကြ။ လူးဝစ်က သည်မှာ ရာထူးအကြီးဆုံး။ သည်နေရာမှာ ဖြစ်သမျှ သူ့မှာ တာဝန်ရှိသည်။ သူက မာစတာတန့်အား

“ကောင်မလေးကို စိတ်ငြိမ်ဆေး တလုံး ပေးလိုက် စတိဗ်” ဟု ပြောလိုက်မှ နေသာထိုင်သာ ရှိသွားသည်။

“ရဲကို စောင်တထည် ပေးလိုက် ဂျိုအန်း”

“ကျွန်မတို့မှာမှ မရှိဘဲ ဆရာ”

“ဘယ်နည်းနဲ့ဖြစ်ဖြစ် ရှာပေးလိုက်။ ပြီးရင် စေတနာ့ဝန်ထမ်း ကောင်မလေးကို သွားကြည့် လိုက်ဦး”

ပြောပြောဆိုဆိုနှင့် လူးဝစ်က လူနာတင်လှည်းကို ကိုင်ထားဆဲဖြစ်သော

အခြား စေတနာ့ဝန်ထမ်း မိန်းကလေးကို လှမ်းကြည့် လိုက်သည်။ သူမက အိပ်မွေ့ချခံရသူလို ပတ်စ်ကောင်း၏ အလောင်းကို စိုက်ကြည့်နေ၏။

"မိန်းကလေး"

လူးဝစ်က စူးခနဲ လှမ်းခေါ် လိုက်တော့ သူမ၏ မျက်လုံးများက အလောင်းဆီမှ ရွေ့သွားကာ

"ဘ ...၊ ဘာ ... ဘာလဲဟင်" ဟု မေး၏။

"ဟိုကောင်မလေး နာမည်က ဘာလဲ"

"ဘယ် ...၊ ဘယ်သူလဲဟင်"

"သွားအန်တဲ့ တယောက်လေကွာ"

လူးဝစ်က တမင် ငေါက်လိုက်၏။

"ဂျူ...၊ ဂျူဒီ။ ဂျူဒီဒလက်ဆီယို"

မင်းနာမည်ကရော"

"ကာလာ"

မိန်းကလေး၏ လေသံ အနည်းငယ် တည်ငြိမ်လာ၏။

"ဂျူ့ကို သွားကြည့်လိုက် ကာလာ။ ပြီးရင် စောင်ယူပေးလိုက်။ စစ်ကြောခန်း အမှတ်တက အိမ်သုံး ပစ္စည်းတွေထားတဲ့ ဗီရိုထဲက အပုံထဲ မှာ သွားရှာကြည့်ချေ။ သွားတော့၊ အကုန်သွား။ မင်းတို့ ဘယ်လောက် ကျွမ်းကျင်လဲ ကြည့်ရတာပေါ့"

သူတို့ ထွက်သွားပြီး သိပ်မကြာလိုက်၊ တဖက်ခန်းက ဆူညံအော်ဟစ်နေသံများ တိတ်သွား၏။ ခုနက ရပ်သွားသော တယ်လီဖုန်းက နောက်တခေါက် ထပ်မြည် လာသည်။ လူးဝစ်က ဖုန်းမကိုင်ဘဲ လက်ခံခလုတ်ကို ဖိ ထားလိုက်သည်။ အသက်ကြီးကြီး ရဲသား တယောက်က အကင်းပါးပုံ ပေါက်သည်။ လူးဝစ်က သူ့အား

"ဘယ်သူ့ကို ထပ်ကြည့်စရာ ရှိသေးလဲ။ စာရင်း လုပ်ထားတာ ရှိလား" ဟု မေးလိုက်သောအခါ ရဲသားကြီးက ခေါင်းညိတ်ပြ၍

"ခြောက်နှစ်အတွင်း ဒီလိုအခြေအနေ ဆိုးတာ တယောက်မှ မဖြစ်ဖူးဘူး။ စာမေးပွဲ စစ်ဖို့ ခက်တော့တာပဲ" ဟု ပြောသည်။

"သေချာတာပေါ့"

လူးဝစ်က ဖုန်းကောက်ကိုင်ကာ ခလုတ်ကို လွှတ်လိုက်၏။ တဖက်မှ

"ဟဲလို၊ အခု လာကိုင်တာ ဘယ်သူလဲ" ဟု စိတ်လှုပ်ရှားစွာ မေးလိုက်သော အသံတသံ စထွက်လာသည်။

လူးဝစ်က ဖုန်းလိုင်းကို ဖြတ်ချ၍ အကြောင်း ကြားရမည့် သူများထံ သူ့ဘာသာ ဖုန်းပြန်ခေါ်သည်။

****

အခန်း (၁၄)

အခြေအနေများက ညနေ ၄ နာရီကျော်မှ တဖြည်းဖြည်း တည်ငြိမ်လာသည်။ လူးဝစ်နှင့် တက္ကသိုလ် လုံခြုံရေးမှူး ရစ်ချတ်အာဗင်က သတင်းထုတ်ပြန်ဖို့ လုပ်ရသည်။ လူရွယ်ကလေး ဗစ်တာပတ်စ်ကောင်းသည် သူငယ်ချင်း နှစ်ယောက်နှင့်အတူ အပြေးလေ့ကျင့်နေသည်။ ထိုအထဲက တယောက်မှာ သူ၏ ဇနီးလောင်းလျာ ဖြစ်သည်။ မိန်းပြည်နယ် ဟေးဗန်း မြို့က အသက် ၂၃ နှစ်အရွယ်ရှိ ထရေးမွန့်ဝစ်သားစ် ဆိုသူက လန်ဂျေးလ် အမျိုးသမီး အားကစားရုံမှ ထွက်လာရင်း အရှိန်လွန်ကာ ကျောင်းပရဝုဏ် ထဲ ရောက်လာခြင်း ဖြစ်သည်။ ဝစ်သားစ်၏ ကားနှင့် ပတ်စ်ကောင်းတို့ အရှိန်ပြင်းစွာ တိုက်မိသွားပြီး ပတ်စ်ကောင်းမှာ လွင့်ထွက်၍ သစ်ပင်နှင့် ခေါင်း ဆောင့်မိသည်။ သူ့ကို သူငယ်ချင်းများနှင့် အနီးအနားရှိ ဖြတ်သွားဖြတ်လာတို့က စောင်တထည်နှင့် ပတ်ကာ လူနာဌာနသို့ သယ်လာခဲ့ကြခြင်း ဖြစ်၏။ မိနစ်အနည်းငယ် ကြာသောအခါ ပတ်စ်ကောင်း ကွယ်လွန် သွားရှာလေသည်။ ဝစ်သားစ်သည် မဆင်မခြင် မောင်းနှင်မှုနှင့် ယာဉ်တိုက် မှုကြောင့် လူသေစေမှုတို့ဖြင့် အမှုဖွင့် ခံရ၏။

တက္ကသိုလ် သတင်းစာ အယ်ဒီတာက ပတ်စ်ကောင်းသည် ဦးခေါင်း ဒဏ်ရာ ပြင်းထန်စွာ ရရှိ၍ သေဆုံးရသည်ဟု ပြောလို့ရကြောင်း ရှင်း ပြသည်။ ပြတင်းပေါက် အကျိုးအပဲ့မှ တဆင့် ချောင်းကြည့် နေသလိုမျိုး ဦးနှောက်များ ပြူထွက် နေသည်ကို စဉ်းစားမိသော လူးဝစ်က သေဆုံးရခြင်း အကြောင်းရင်းကို ပန်နေ့ဘ်စကော့ ကောင်တီမှ တရားဝင် ကြေညာတာ ပိုကောင်းသည်ဟု ဆိုသည်။ အယ်ဒီတာက ပတ်စ်ကောင်း ပတ်စ် ကောင်းကို သယ်လာသော လူရွယ် လေးဦးကရော မည်သည့် အကြောင်း ကြောင့် သေဆုံးရသည်ကို သတိထားမိပါ သလားဟု မေးမြန်းသောအခါ လူးဝစ်က

"လုံးဝ မသိပါဘူး။ အတော်တော့ စိတ်မချမ်းသာ စရာပါပဲ။ ကျွန်တော့် အမြင်တော့ မစ္စတာ ပတ်စ်ကောင်းဟာ သေလောက်တဲ့ ကားတိုက် ဒဏ်ရာ မျိုး ရခဲ့ပုံပါ" ဟု ဖြေလိုက်၏။

အခြားမေးခွန်း အနည်းငယ် ရှိသေးသော်လည်း အဖြေမှာ သတင်းစာ ညီလာခံကျမှ တကယ် အဆုံးသတ် သွားသည်။ လောလောဆယ် လူးဝစ် သည် တနေ့တာ ဖြစ်ပျက်ခဲ့သမျှကို လုံးစေ့ပတ်စေ့ ပြန်လည် စဉ်းစား တွေးတောရင်း ရုံးခန်းထဲမှာသာ ထိုင်နေမိသည်။ သို့မဟုတ် ဖြစ်ခဲ့သမျှကို ပြည်ဖုံးကား ချပစ်လိုက်ဖို့ ကြိုးစား နေခြင်းလည်း ဖြစ်နိုင်၏။ စတိဗ်မာစတာတန် ကတော့ သတင်းစာ ညီလာခံကို တက်ပြီးသည်နှင့် လွန်ခဲ့သော တနာရီခန့်ကပင် အိမ်ပြန်သွားသည်။ ညနေခင်း သတင်းအတွက် အချိန်မီ အောင် ပြန်သွားခြင်း များလားဟု လူးဝစ် သံသယဝင်မိ၏။ သူနှင့် ရှားလ် တန်ကတော့ front file ထဲက ကတ်ပြားများကို ယူကြည့်ရင်း အလုပ် ဆက် လုပ်ရသည်။ ဖိုင်ထဲတွင် ဆီးချိုရောဂါသည် ၂၃ ယောက်၊ ဝက်ရူးပြန်သူ ၁၅ ယောက်၊ ပါဒရက်ဝေဒနာရှင် ၁၄ ယောက်နှင့်အတူ သွေးကင်ဆာ

ရောဂါသည်၊ ဦးနှောက်နှင့် အာရုံကြော ရောဂါသည်၊ ကြွက်သား ပုံမမှန် ရောဂါသည်၊ ဆွံ့အနေသူ နှစ်ယောက်နှင့် လူးဝစ် မသိလိုက်သော သွေးအားနည်း ရောဂါသည် တယောက်၏ ကေ့စ်တို့ ရှိသည်။ မကြာခင် ရှားလ်တန် ရောက်လာပြီး လူးဝစ်၏ စားပွဲခုံပေါ် ပန်းရောင် မှတ်စု စာရွက် ပိုင်းလေး တခု လာပြသည်။ စာထဲတွင် မနက်ဖြန် မနက် ၉ နာရီတွင် ဘန်ဂါမြို့က ကော်ဇော ရောက်လာမည်ဟု ဖော်ပြထားသည်။

"ကော်ဇော ဟုတ်လား"

"ကော်ဇောက လဲမှ ဖြစ်မှာ။ စွန်းထင်း နေတာတွေက ပျောက်သွားဖို့ လမ်းမမြင်ဘူးလေ ဒေါက်တာရဲ့"

ရှားလ်တန်က တောင်းတောင်းပန်ပန် ပြောသည်။

ဟုတ်သားပဲ၊ သွေးစွန်း ရာတွေက ဘယ်ပျောက်ပါ့မလဲ။ သို့သော် သူလိုနေတာ တခု ရှိသေးသည်။ တောင်တွေး မြောက်တွေး လျှောက်တွေးနေစဉ် ညတာဝန်ကျသူနာပြု မစ္စ စက် ဘိုင်လင်းစ်က အခန်းဝမှ ခေါင်းပြူ၍...

"ဒေါက်တာ ခရိဒ်၊ ဆရာ့မိန်းမ ဖုန်းခေါ်နေတယ်။ လိုင်းနံပါတ် တစ်မှာ" ဟု သတင်းပေး၏။

လက်ပတ်နာရီကို ကြည့်လိုက်တော့ ညနေ ၅ နာရီခွဲခါနီးပြီ။ တကယ်တော့ လွန်ခဲ့သော တနာရီခွဲလောက် ကတည်းက သူ အလုပ်ဆင်းသင့်သည်။

"အိုကေ နန်စီ။ ကျေးဇူး"

လိုင်းနံပါတ် တစ်ကို ကောက်ကိုင်၍

"ဟိုင်း မိန်းမ၊ ကိုယ် အလုပ်လေး နည်းနည်းရှုပ်" ဟုသာ ပြောရသေးသည်။ ရေချယ်က

"အဆင်ပြေရဲ့လား လူးဝစ်" ဟု မေး၏။

"အင်း၊ ပြေပါတယ်"

"ရေဒီယို သတင်းထဲက လာတာ ကြားလိုက်လို့။ စိတ်မကောင်း လိုက်တာ ကိုရယ်" ဟု ဆို၍ ခဏလောက် ရပ်ပြီးမှ

"ကိုပြန်ဖြေနေတဲ့ အသံလည်း ကြားတယ်။ အဆင်ပြေပုံ ရသားပဲ" ဟုပြော၏။

"ဟုတ်လား၊ ကောင်းတာပေါ့"

"ကို အဆင်ပြေတာ သေချာရဲ့လား"

"အင်း၊ သေချာပါတယ် ရေချယ်ရဲ့"

"အိမ်ပြန်လာခဲ့တော့နော်"

"အင်း"

အိမ်ဟူသောအသံ ကြားရသည်ကိုက မင်္ဂလာရှိပေစွ။

****

အခန်း (၁၅)

အခန်းတံခါးဝမှာ ရေချယ်နှင့် တိုးတော့ သူ ပါးစပ် အဟောင်းသား ဖြစ်သွား၏။ ရေချယ့်ခန္ဓာကိုယ်မှာ သူ စွဲလမ်းနှစ်သက်သော ဘရာစီယာနှင့် ထုတ်ချင်းဖောက် မြင်ရမတတ် ပါးလွှာသော အတွင်းခံ ဘောင်းဘီမှလွဲ၍ ဘာမှဝတ်မထားချေ။ လူးဝစ်က-

"တယ် အရသာရှိမယ့်ပုံပဲ။ ကလေးတွေရော"

"မစ်ဆီဒန်းဒရစ်ဂျ် လာခေါ်သွားတယ်။ ရှစ်နာရီခွဲမှ ပြန်လာကြမှာ ဆိုတော့ အိမ်မှာ ကိုနဲ့ ကျွန်မပဲ။ နှစ်နာရီခွဲလောက် အချိန်တွေကို အလဟဿ မဖြုန်းဘဲ နေကြရအောင်လေ"

သူမက လူးဝစ်အား အိမ်နံရံဆီ တွန်း၍ ဖိလိုက်၏။ သူ့နှာခေါင်းထဲမှာ ခပ်သင်းသင်း ရနံ့တမျိုး ရသည်။ နှင်းဆီရေမွှေး နံ့လားတော့ မသိ။ ရေချယ်နှင့် နှုတ်ခမ်းချင်း ဖလှယ်ကာ တရှိုက်မက်မက် နမ်းရှုပ်ပြီးသောအခါ လူးဝစ် က အက်တက်တက် လေသံဖြင့်

"နေပါဦး။ ညစာက မင်းလား" ဟု မေးတော့ ရေချယ်က

"အချိုပွဲပါရှင်။ ဒါပေမဲ့ ကိုမကြိုက်တာ မရှိစေရဘူးလို့ ကတိပေးနိုင်ပါရဲ့"

ရေချယ့်ကို ဆွဲဖက်သောအခါ သူမက လှစ်ခနဲ လက်မောင်းအောက်မှ ရုန်းထွက်၍ သူ့လက်ကို ဆွဲကာ

"အိမ်ပေါ်ထပ် အရင် တက်ရအောင်ကွယ်" ဟု ဆို၏။

****

ရေချယ်က သူ့ကို ပူချစ်နေသည့် ရေချိုးဇလုံဆီ ဆွဲခေါ်လာပြီး အင်္ကျီကို ဖြည်းညင်းစွာ ချွတ်ပေးသည်။ ပြီးနောက် ရေထဲသို့ ထိုင်စေကာ မသုံးဘဲ တွဲ လောင်း ဆွဲထားတတ်သည့် ကြမ်းရှရှ ရေမြှုပ်လက်အိတ်ဖြင့် သူ့တကိုယ် လုံးကို ညင်သာစွာ ကြေးတွန်း၍ ရေဆေးပေးသည်။ ဆိုးဝါးသော သည် ကနေ့ အဖြစ်အပျက်များ ဖြည်းညင်းစွာ လျှောကျ ပျောက်ကွယ် သွားသလို လို။ ရေချယ်လည်း ရေစိုနေ၏။ အတွင်းခံက ဒုတိယ အရေပြားလွှာလိုလို။ လူးဝစ်က ရေချိုးဇလုံထဲက ထထွက်ရန် ပြင်တော့ ရေချယ်က ညင်သာစွာ ပြန်ဖိသည်။

"ဘာလုပ်တာ ..."

လူးဝစ်ခမျာ စကားဆုံးအောင် မပြောနိုင်ရှာတော့။ ရေချယ့်ရေမြှုပ် လက်အိတ်က သူ့ကို ညင်သာစွာ ဆုပ်နယ်နေ၏။ ဖြည်းဖြည်း လေးလေးနှင့် အထက်မှ အောက်၊ အောက်မှ အထက် အပြန်ပြန် အလှန်လှန် တင်းမခံနိုင် တော့လု နီးပါး ပွတ်တိုက် ရွှေ့လျားရင်း။

"ေရချယ်"

"ရှူး"

ရေချယ်က သူ့ကို စကားအစမခံဘဲ တိတ်တိတ်နေဖို့ အချက်ပြ၏။ သူ့တကိုယ်လုံး ချွေးပြန်လာသည်။ ရေချိုးဇလုံက အပူရှိန်ကြောင့်တော့ မဟုတ်။

ခံစားချက်တို့ အရှိန်တက်လာစဉ် ရေမြုပ်လက်အိတ် ရွှေ့လျားမှုက ရပ်သွားတော့မလိုမျိုး တဖြည်းဖြည်း နှေးလာသော်လည်း မရပ်ဘဲ ဆုပ်ညှစ်လိုက်၊ ဖြေလျှော့လိုက် အဖန်ဖန် ပြုနေရာ နားစည်များပင် ပွင့်ထွက်တော့မယောင် အင်အားတို့ ယိမ်းယိုင် ပြင်းရှလာ၏။ စကားပြောလို့ ပြန်ရတော့မှ လူးဝစ် က တုန်ယင်သော လေသံဖြင့်

"ဘုရားရေ၊ မင်းဘယ်က ဒါတွေ တတ်လာတာလဲဟင်" ဟု မေးမိသည်။

ရေချယ်က မပွင့်တပွင့် လေသံဖြင့်

"မိန်းကလေး ကင်းထောက်အဖွဲ့က" ဟု ဖြေ၏။

****

ရေချယ်က အမဲသားဟင်း နှပ်ထားသဖြင့် ထမင်းမှ စားရပါတော့ မလား ဟု တွေးပူနေသော လူးဝစ်ခမျာ နှစ်ပန်းကန်တောင် စားဖြစ်လိုက်သည်။ ပြီးနောက် သူမက အိမ်ပေါ်ထပ်သို့ ရှေ့ကနေ တက်သွားပြန်၏။

"ဒီတခါ ကို့အစွမ်းအစကို ကြည့်ရသေးတာပေါ့"

လူးဝစ်လည်း သူ့အခန်းကဏ္ဍကို ကောင်းကောင်းကြီး ကပြ အသုံး တော် ခံနိုင်ခဲ့သည်ဟု သူ့ကိုယ်သူ ယုံသည်။

****

ရေချယ်က အပြာရောင် ပဂျားမားဝတ်စုံ အဟောင်း လဲဝတ်ပြီး လူးဝစ်က ဖလန်နယ် ရှပ်အင်္ကျီနှင့် အရောင်လွင့်လုနီးနီး ကော်ကျူလိုင်း ဘောင်းဘီကို လဲဝတ်သည်။ ထို့နောက် ကလေးများကို သွားခေါ်သည်။

မစ်ဆီဒန်းဒရစ်ဂျ်က မတော်တဆမှု အကြောင်း သိချင်သည်ဟု ဆိုသဖြင့် လူးဝစ်က ရိပ်ဖမ်းသံဖမ်းတော့ ပြောပြလိုက်သည်။ နောက်တနေ့ ဘန်ဂါ နေ့စဉ် သတင်းစာထဲ ပါလာလျှင်တော့ သူပြောပုံထက်မက ဆိုးဝါးချင် ဆိုးဝါးနိုင်သည်။ တဆိတ်ကို တအိတ် ချဲ့ကား ပြောတတ်သည့် ကောလာဟလ သတင်းစကားမျိုးကို သူမနှစ်သက်ချေ။ မစ်ဆီက ကလေးထိန်းခ တပြားမှ မယူသလို ညနေစောင်းတုန်းက ရေချယ်နှင့် နှစ် ပါးသွားလေး ကနိုင်ခဲ့သည့်အတွက် မစ်ဆီကို ကျေးဇူးတွေသာ/ တင်ခဲ့ ရ၏။

မစ်ထိုအိမ်မှ သူတို့အိမ်ဆီ အပြန်လမ်း၌ ဂေ့ဂျ်က လျင်မြန်စွာ အိပ်ပျော်သွားသလို အယ်လီပင် သမ်းဝေကာ မျက်လုံးများ စင်းလာ၏။ အိမ်ရောက်တော့ လူးဝစ်က ဂေ့ဂျ်ကို သေးခံအသစ်နှင့် အိပ်ရာဝင်ဝတ်စုံ လဲပေးကာ လက်ပုခက်ထဲ ထည့်သိပ်သည်။ ပြီးတော့ အယ်လီကို ပုံပြင်စာအုပ် ဖတ်ပြ၏။ အယ်လီက ထုံးစံအတိုင်း "အရိုင်းကလေးတို့ ပျော်စံရာ" ဖတ်မပြသဖြင့် စူပွစူပွ လုပ်သည်။ လူးဝစ်က သူမအား "ဦးထုပ်ထဲက ကြောင်"စာအုပ် က ပိုကောင်းသလိုမျိုး နားချ၍ ဖတ်ပြရသည်။ ငါးမိနစ် ကြာပြီးနောက် အယ်လီ အိပ်ပျော်သွားသဖြင့် လူးဝစ်က ပွေ့ချီယူကာ အပေါ်ထပ် ပို့ရ၏။ ရေချယ်က အယ့်ကို

အိပ်ရာပေါ်မှာ အကျအန အိပ်ရအောင် ပြင် ပေးသည်။

အောက်ထပ်ကို ပြန်ဆင်းလာတော့ ရေချယ်က နို့တခွက်နှင့် ညေ့်ခန်းထဲမှာ ထိုင်နေသည်။ ပေါင်တဖက်ပေါ်မှာ ဒေါ်ရသီဆေးရားစ် စာအုပ်တအုပ်က ဖွင့်လျက်သား။

"လူးဝစ်၊ အဆင်ပြေရဲ့လား"

"ပြေပါတယ် အချစ်ရဲ့။ အရာ အားလုံးအတွက် ကျေးဇူးပါကွာ"

ရေချယ်က

"စိတ်ကျေနပ်ဖို့သာ အဓိကပါ ရှင်ရယ် ..."ဟု ပြောကာ နှုတ်ခမ်းတွန့်ရုံ ပြုံး၍

"...ဂျထ်ဆီ ဘီယာ သွားသောက်ဦးမှာလား" ဟု မေး၏။

သူက ခေါင်းခါလျက်

"ဟင့်အင်း၊ ဒီညတော့ မသွားတော့ဘူး။ ကို တကယ် ပင်ပန်းနေပြီ" ဟု ဖြေသည်။

"ကျွန်မလည်း တခုခု သောက်ဖို့ ပြင်ပေးရင် ကောင်းမလားလို့"

"ပြင်ထားပြီးပြီလို့ ထင်ပါတယ်နော်"

"ဒါဆိုလည်း ကိုယ့်ဘာသာ နို့တခွက် သွားဆွဲတော့ ဒေါက်တာ၊ ပြီးရင် အိပ်ကြစို့၊ နော်"

လူးဝစ်စိတ်ထဲမှာ အိပ်မက်လား၊ တကယ်လား ဝေခွဲမရ ဖြစ်နေသည်။ အလုပ်သင် ဘဝတုန်းက ကြောက်လန့်ဖွယ် အတွေ့အကြုံများနှင့် ရင်ဆိုင်ရသည်များကို စိတ်ထဲမှာ ပြန်ပြန်ပေါ်လာ တတ်သည်။ သို့သော် ရှောရှောရှူရှူတော့ အိပ်ပျော် သွားတတ်သည်။ သာမန်လူ တယောက် သည် လောကကြီးနှင့် အဆက်ပြတ်၍ အိပ်ပျော်သွားရန် ၇ မိနစ်သာ လိုအပ်သည်ဟု သူ ဖတ်ဖူးသည်။ သိစိတ်နှင့် မသိစိတ် တလှည့်စီ လည်ပတ်ရန် အချိန် ၇ မိနစ်သာ လိုသည်တဲ့။ ၇ မိနစ်ခြားတခါ ဟိုဘက် သည်ဘက် ပြောင်းလဲတတ်သည့် ကစားကွင်းထဲက သရဲခြောက်သော အိမ်ကြီး၏ နံရံတွေလိုပေါ့လေ။ တမျိုးတဖုံတော့ ကျောချမ်းစရာ ကောင်း သည်ပင်။ အတွေးထဲ မည်မျှ နစ်သွားသည် မသိ။ အဝေးမှ လာသလိုမျိုး ရေချယ်၏

"... သန်ဘက်ခါလေ" ဟူသော တစွန်းတစ စကားကို ကြားတော့မှ လူးဝစ် သတိပြန်ဝင် လာ၏။

"ဟင်"

"တိမ္မေးကုဆရာဝန် ယိုလန်ဒါလေ။ ချာ့ကို သန်ဘက်ခါ လာခေါ်မယ်တဲ့"

"ဩော်"

ချာ့အကြောင်း ပြောတာပဲ။ ရွှေဥတွေ ရှိနေတုန်း အသက်တမျှသာ တန်ဖိုးထားပေတော့ ငါ့ကောင်ကြီး ချာ့ရေ။

ထို့နောက် လူးဝစ်သည် အိပ်ရာဝင်သည်နှင့် ဘာအိပ်မက်မှ မမက်တော့ဘဲလျှောခနဲ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။

****

အခန်း (၁၆)

နောက်တော့ တခုခုကြောင့် သူ နိုးသွားသည်။ အိပ်ရာပေါ်က ငေါက်ခနဲ ထထိုင် စေလောက်သည့် ကျယ်လောင်သော အုန်းခနဲ အသံတသံ ကြောင့် လားတော့ မသိ။ အယ်လီများ ခုတင်ပေါ်က လိမ့်ကျသလား၊ ဂေ့ဂျ်များ ပုခက်ထဲက ပြုတ်ကျသလား။ တိမ်တအုပ် နောက်ကွယ်မှ ရွက်လွှင့်နေသော လရောင်က တခန်းလုံးကို အေးစက်ဖြူလွစွာ လွှမ်းခြုံထားသည်။ ပြီးတော့ အခန်းတံခါးဝမှာ မတ်တတ် ရပ်နေသော ပတ်စ်ကောင်းကို သူ တွေ့ရသည်။ ကျယ်လောင်သော အသံကြီးမှာ ပတ်စ်ကောင်းက တံခါးကို ဆောင့်၍ တွန်းဖွင့်လိုက်ခြင်း ကြောင့်တည်း။

သူ့ခေါင်းမှာ ဘယ်ဘက် နားထင်နောက်က စ၍ ချိုင့်ဝင်နေသည်။ ခြောက်သွေ့နေသော ကြက်သွေးရင့်ရောင် သွေးစီးကြောင်းရာများက မျက်နှာပေါ်မှာ အင်ဒီးယန်းများ စစ်တိုက်ထွက်ရန် ဆေးခြယ်ထားသလို အစင်းလိုက်နှင့် ရင်ညွန့်ညှပ်ရိုး ဖြူဖြူများက ငေါထွက်နေသေး၏။

"လာလေ ဒေါက်တာ။ ကျွန်တော်တို့ သွားရမယ့် နေရာတွေဆီ သွားကြ ရအောင်"

လူးဝစ် ဘေးပတ်လည်ကို ကြည့်လိုက်တော့ ရေချယ်က အဝါရောင် ဂွမ်းကပ်စောင် အောက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျနေသည်။ ပတ်စ် ကောင်းကို ပြန်ကြည့်မိရာ ၎င်းမှာ လူသေတကောင် ဖြစ်သော်လည်း တနည်းတဖုံ မသေသေးသလိုမျိုး ခံစားရသဖြင့် ကြောက်စိတ် မဝင်မိ ချေ။ အကြောင်းရင်းကို ချက်ချင်း နားလည် သွားမိသောကြောင့်လည်း ဖြစ်နိုင်သည်။

ဤအဖြစ်ကား အိပ်မက်ပင် ဖြစ်သည်ဟု သူ တွေးမိ၏။ သေသူသည် ပြန်၍ ရှင်လာမည် မဟုတ်။ ထိုသို့ နားလည်လိုက်၍သာ စိတ်သက်သာရာ ရပြီး ကြောက်စိတ်များ လွင့်ပါးနေခြင်း ဖြစ်၏။ ပတ်စ်ကောင်းဟူသော ထို လူရွယ်သည် ဘန်ဂါမြို့ရှိ ရေခဲတိုက်ထဲမှာ ရောက်နေပြီး ဖြစ်သည်။ ယခု အချိန်တွင် ရောဂါဗေဒပညာရှင်က ဂျစ်ဆောပဟေဠိ ဆက်သလိုမျိုး ၎င်းအား ရင်ကို ခွဲစိတ်စစ်ဆေး၍ ဦးနှောက် တသျှူးစနမူနာ ထုတ်ယူကာ ဦးခေါင်းခွံထဲ နေရာတကျ ပြန်ထည့်ဖို့ ကြိုးစား နေလောက်ပြီ။

သွားလေသူ ရူသီ၏ အဖေ၊ သူ့ဦးလေး ကားလ်က ရောဂါဗေဒ ပညာရှင်များ ထိုသို့ ပြုလုပ်ရပုံကို ပြောပြဖူးသည်။ မရဏဟူသည့် စကားကို လေသံ မျှပင် မကြားဝံ့သူ ရေချယ်သာဆို ထိတ်လန့်တကြား အော်ဟစ်လိုက်မည့် ဖြစ်ခြင်း။ ဒါပေမဲ့ ပတ်စ်ကောင်း ဆိုတာမှ မရှိတော့ဘဲ ရေချယ်ရယ်။

ပတ်စ်ကောင်းသည် ခြေချောင်းမှာ ကတ်ပြားတရွက် ချိတ်လျက်သားဖြင့် ရေခဲတိုက် အခန်းထဲမှာပဲ ရှိသည်။ အပြေးလေ့ကျင့်သော အနီရောင် အားကစား ဘောင်းဘီတိုတောင် ဝတ်ထားမှာ မဟုတ်တာတော့ သေချာ သလောက်ပင်။

သို့သော် အိပ်ရာပေါ်က မထဘဲ မနေနိုင်အောင် ဖြစ်နေသည်။ ပတ်စ် ကောင်း၏ မျက်လုံးများက သူ့ကို မမှိတ်မသုန် ကြည့်နေ၏။ လူးဝစ်က စောင်ကို

ဆွဲလှန်ကာ ကြမ်းပြင်ပေါ် ခြေထောက် ချလိုက်သည်။ ရွှေခြေဖဝါး အေးစက်စက် ကော်ဇောကွက် အဖုကလေးများကို နင်းမိသည်။ အိပ်မက်သည် အမှန်တကယ် ဖြစ်ပျက် နေသကဲ့သို့ ရှင်းလင်းပီသ လှသည် တကား။ ပတ်စ်ကောင်းက တဖက်လှည့်ကာ အောက်ထပ်သို့ ဆင်းသွား သည်အထိ ပတ်စ်ကောင်း နောက်သို့ လိုက်မသွားမိမှန်း အသေအချာ သိနေ ကခဲ့သည်။ သို့သော် လိုက်မသွားဘဲလည်း မနေနိုင်အောင် ဖြစ်ရပြန်၏။ သို့သော် အိပ်မက်ထဲမှာပင်လျှင် လမ်းပျောက်သွားသော လူသေတကောင်၏ အထိအတွေ့ကို မခံစားလိုချေ။ သို့ပေမဲ့လည်း သူ လိုက်သွားမိ ပြန်သည်။ ပတ်စ်ကောင်း၏ အားကစား ဘောင်းဘီတိုကို ရေးရေး မြင်နေ ရ၏။

သူတို့သည် ညေ့ခန်း၊ ထမင်းစားခန်းနှင့် မီးဖိုချောင်ကို ဖြတ်လာသည်။ လူးဝစ်သည် စတေရှင်ဝက်ဂွန်နှင့် ဆစ်ဗစ်ကားများ သိမ်းထားသော ကားဂိုဒေါင်ရုံနှင့် မီးဖိုချောင် ဆက်သွယ်ထားသည့် တံခါးချက်ကို ပတ်စ် ကောင်း ဖွင့်ဝင်လိမ့်မည်ဟု မျှော်လင့်မိသော်လည်း ၎င်းက ထိုသို့ မလုပ် ချေ။ ပတ်စ်ကောင်းသည် တံခါးကို မဖွင့်ဘဲ သာသာကလေး ဖြတ်သန်း ဖောက်ထွက် သွားလေ၏။ ထိုအဖြစ်ကို မြင်ရသောအခါ လူးဝစ်က တအံ့တ သြဖြင့် ဘယ့်နှယ်ဟာတုန်းဟု တွေးသည်။ သြော် အဲဒီလို ထွက်လို့ ရရင် လူ တိုင်း လုပ်နိုင်တာပဲ။

သူက ထိုသို့ ဖောက်ထွက်ရန် ကြိုးစားသော အခါ၌ မာကျောသော သစ်သားနှင့်သာ မိတ်ဆက်ရလေ၏။ ဧကန္တ သူသည် အိပ်မက်ထဲမှာပင် ခေါင်းမာသော လက်တွေ့သမား ဖြစ်နေဟန် တူ၏။ လူးဝစ်က ယေးလ် တံဆိပ် သော့ဘုကို သူ့ဘာသာ လှည့်ဖွင့်ကာ တံခါးချက်ကို မ၍ ကားဂိုဒေါင် ရုံထဲ ဝင်လိုက်သည်။

ပတ်စ်ကောင်းကား မရှိတော့ချေ။ လူးဝစ်က ပတ်စ်ကောင်း မည်သို့မည်ပုံ ထွက်သွားပါလိမ့်ဟု လိုက်သိချင်နေ၏။ အိပ်မက်ထဲက ပုံရိပ်များမှာ မကြာခဏ ထိုသို့ ဖြစ်တတ်သလို နေရာများသည်လည်း မျက်စိတမှိတ် အတွင်း အမျိုးမျိုး ပြောင်းလဲ သွားတတ်သည်ပဲ။ ဥပမာ ပထမတုန်းက ရေကူးကန်ဘေးမှာ အဝတ်မပါ ကိုယ်ဗလာဖြင့် ရော်ဂျာနှင့် မစ်ဆီဒန်းဒရစ်ဂျ်တို့ စုံတွဲအား သူ့မယားနှင့် ကိုယ့်မယား နေရာ ပြောင်းသွားလျှင် ဖြစ်လာ နိုင်ချေ ရှိသည်များကို ဆွေးနွေးနေစဉ် မျက်တောင်တချက် ခတ်အပြီး၌ ဟာဝိုင်အီ မီးတောင် တလုံးပေါ် တက်လျက်သား ဖြစ်နေသလိုမျိုး။ ပတ်စ် ကောင်းကို မမြင်ရတော့တာ နောက်တခန်း ကူးသွားသောကြောင့် ဖြစ် နိုင်၏။ အိပ်မက်အခန်း ၂ အစပျိုးနေခြင်း ဖြစ်မည်ထင့်။

သို့သော် ကားဂိုဒေါင်ရုံ တံခါးကို မ၍ ထွက်လိုက်သောအခါ ပတ်စ် ကောင်းကို ပြန်မြင်ရ၏။ မှိန်ပျသော လရောင်အောက်၌ ၎င်းသည် လမ်း ကျဉ်းကလေးဆီ ဦးတည်နေသော ခြံဝင်း နောက်ဘက်မှာ မတ်တတ်ရပ် နေသည်။

ယခုသော် အကြောက်တရားက ညစ်ပတ်သော အခိုးအငွေ့နှင့်အတူ သူ့

ခန္ဓာကိုယ်ထဲ ညင်သာစွာ စိမ့်ဝင်၍ တကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။ တောင် ပေါ်သို့ ထပ်မတက်လိုသဖြင့် သွားနေရာမှ တုံ့ခနဲ ရပ်လိုက်သည်။ ပတ်စ် ကောင်းက သမင်လည်ပြန် လှည့်ကြည့်ရာ လရောင်ထဲတွင် ၎င်း၏ မျက်လုံးများက ငွေရောင် ထနေလေသည်။ ငေါထွက်နေသော အရိုးနှင့် ခြောက်ကပ် နေသော သွေးခဲတို့ကြောင့် လူးဝစ်စိတ်ထဲတွင် ကြောက်ရွံ့မှုဖြင့် အူအသည်းများ လှုပ်လှုပ်ရွရွ ဖြစ်လာလေ၏။ ၎င်း၏ အကြည့်ကို ခုခံရန် အင်အား မရှိချေ။ စိတ်ညှို့ခံထားရသော၊ ချုပ်ကိုင် လွှမ်းမိုးခံထားရသော၊ မည်သည့်ကိုမျှ ပြုပြင်ပြောင်းလဲ၍ မရသော အိပ်မက် ဖြစ်ပုံရသည်။ ယင်း မှာ ပတ်စ်ကောင်း သေရပုံကို ပြောင်းလဲ မရနိုင်သလိုမျိုးနှင့် တူသ ယောင်ယောင်။ အနှစ် နှစ်ဆယ်လောက် စာသင်ထားသော်လည်း သစ်ပင်နှင့် အရှိန်ပြင်းစွာ ဝင်ဆောင့်၍ ခေါင်းပေါက်သွားသည့် ကောင်လေး တယောက်ကို ခေါ်လာသည့်အခါ ဘာတခုမှ ဖြစ်ဖြစ် မြောက်မြောက် လုပ်မ ပေးနိုင်ဆဲပါ တကား။ ထို့ကြောင့် လူတွေက ဆရာဝန်ကိုလည်း ရေပိုက်ပြင်သမား၊ မိုးခေါ်သူ၊ သို့မဟုတ် ပလတ်စတပတ်စ တီဗွီကြော်ငြာထဲက လိုအပ်လျှင် ရောက်လာတတ်သည့် ခေါင်းဖြူကြီးကဲ့သို့သာ မှတ်ယူကြဟန် တူသည်။

ထိုအတွေးများ သူ့စိတ်ထဲက လွင့်ပြယ် သွားသည့်တိုင် လူးဝစ်သည် လမ်း ကျဉ်းကလေး ခေါ်ဆောင်ရာ အတိုင်း ဆက်လျှောက် နေမိ၏။ သူသည် ပတ် စ်ကောင်း မျက်နှာပေါ်က သွေးခြောက်ကဲ့သို့ ကြက်သွေးရင့်ရောင် ထနေသော အားကစား ဘောင်းဘီနောက်သို့ လိုက်လာမိသည်။

ဤအိပ်မက်ကို သူ မနှစ်မြို့ချေ။ သို့သော် အလွန်တရာ လက်တွေ့ဆန်လှ သဖြင့် အကုန်လုံးကို မနှစ်သက်တာလည်း မဟုတ်ပြန်။ အေးစက်စက် ကော်ဇောကွက် အဖုကလေးများ၏ အထိအတွေ့၊ နံရံနှင့် တံခါးများကို ဖောက်ထွင်း ဖြတ်သန်း၍ ထွက်လို့ ရသင့်ပါလျက် သာမန်အတိုင်း တံခါးချ က်ဖွင့်၍ ထွက်ရခြင်းမျိုး၊ ယခုလောလောဆယ် ဗလာခြေဖဝါးမှ တဆင့် ခံစားရသည့် နှင်းရည်စက် ကလေးများ၏ အေးစိမ့်မှု၊ ဂျော်ကီဘောင်းဘီတို မှ လွဲ၍ ဘာမှဝတ်မထားသော သူ့ခန္ဓာကိုယ်ပေါ် တချက် တိုက်ခတ်သွား သည့် ညလေပြည်။ သစ်ပင်တွေအောက် ရောက်တော့လည်း ချွန်မြမြ ထင်းရှူးရွက် ရှည်ကလေးများနှင့် ခြေဖဝါးကို ထိုးမိပြန်သည်။ လက်တွေ့ ဆန်သင့်သည်ထက် အနည်းငယ်မျှ ပို၍ လက်တွေ့ဆန်နေသော အိပ်မက်ပါ တကား။

ဘာမှ မဖြစ်ပါဘူးလေ၊ ငါက အိမ်က အိပ်ရာထဲမှာပဲဥစ္စာ။ ဘယ်လောက် ရှင်းလင်းပီသပါစေ၊ တခြား အိပ်မက်တွေလို ဒါလည်း အိပ်မက် တခုပါပဲ။ မနက်ကျရင် ရယ်စရာကြီး ဖြစ်နေမှာ။ နိုးကြားနေတဲ့ ငါ့စိတ်က အဆက်အစပ် မရှိတာ၊ သဘာဝမကျတာကို ရှာတွေ့ လာမှာပါ။

သစ်ခြောက်ပင် တပင်၏ အကိုင်းငယ် တခုက သူ့လက်ရုံး ကြွက်သားကို ထိုးမိသွားသဖြင့် သူ့မျက်နှာ ရှုံ့မဲ့သွား၏။ သူ့ရှေ့တွင် တောင်ပေါ် တက်နေသော

ပတ်စ်ကောင်း၏ အလိုအလျောက် ရွေ့လျားနေသော အရိပ် သာလျှင် ရှိလေရာ "ငါဟာ လူသေတကောင် ခေါ်ဆောင်လာတဲ့ တောအုပ် ထဲ လိုက်လာခဲ့တာပဲ။ တိရစ္ဆာန်သင်္ချိုင်း ရှိတဲ့ တောင်ပေါ်လိုက်လာမိတာ ပါ လား။ ဒါ အိပ်မက် မဟုတ်ဘူး။ ဘုရား၊ ကယ်တော်မူပါ။ ဒါ အိပ်မက်ကို မဟုတ်ဘူး။ ဒါ တကယ် ဖြစ်နေတာပါလား" ဟူသော လူးဝစ်၏ ကြောက်ရွံ့ မှုက သူ့စိတ်ထဲမှာ ပို၍ ပီပြင်စွာ ရုပ်လုံး ပေါ်လာလေ၏။

သူတို့သည် တောထူသော တောင်ကုန်းမှ ခပ်ဝေးဝေး တနေရာသို့ လမ်းလျှောက် ဆင်းလာကြသည်။ လမ်းကြောင်းမှာ သစ်ပင်များကြားမှ မြွေလိမ်မြွေကောက် ပုံသဏ္ဌာန် မကျတကျ ကွေ့ဝိုက် သွားရသလို ချုံနွယ် ပိတ်ပေါင်းများထဲ တိုးရသည်လည်း ရှိ၏။ ဖိနပ်တော့ မပါ။ ခြေထောက် အောက်က မြေသားမှာ ပျော့စိအေးစက်၍ တလှမ်း လှမ်းတိုင်း ဗွိခနဲ နစ် ဝင်နေရာ တဖဝါးချင်းသာ လှမ်းရသောကြောင့် ခရီးမတွင်လှချေ။ ခြေချောင်းများ ကြားသို့ ရွှံ့များ စိမ့်ဝင်လာသည်ကို ခံစားရသဖြင့် တွယ်ကပ် ပေရေမနေအောင် ကြိုးစားရသလို အိပ်မက် မက်နေခြင်းပါလား ဟုလည်း ကြိတ်မှိတ် ယုံစားနေရသည်။ ရေဆေးချလို့တောင် ပြောင်ပါ့မလား မသိ။

ရှင်းလင်းသော မြေကွက်လပ်သို့ ရောက်သောအခါ လသည်လည်း တိမ်စိုင်များကြားမှ လွတ်လပ်စွာ တဖန်ပြန်၍ ရွက်လွှင့်နေလေပြီ။ လရောင်က တိရစ္ဆာန်သင်္ချိုင်း မြေပေါ် လင်းလင်းချင်းချင်းပင် သာနေသဖြင့် ဘုတ်ပြား ပေါ်မှာ မြေဖြူဖြင့် ရေးထားသော စာလုံးများ၊ သံဘူးခွံများ၊ မြေကြီးထဲမှ တဝက်တပျက် ထွက်နေသော ကမ္ပည်းတိုင်များကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ပတ်စ်ကောင်းက "အမိန့်ကို နာခံတတ်သော ကြောင်ကြီး စမက်ကီ" ဟုစာရေးထားသော မြေပေါ် လဲကျနေသည့် ကမ္ပည်းတိုင် အနီးမှာ ရပ်တန့် လိုက်ပြီး လူးဝစ်ကို ပြန်လှည့်ကြည့်သည်။ သူ့စိတ်ထဲမှာ ထိတ်လန့် ချောက်ချားမှုများ ရှန်းကြွလာ၏။ ပတ်စ်ကောင်းကား သူ့ကို ပါးဖြဲနားဖြဲ ပြုံး ပြနေ၏။ သွေးအလိမ်းလိမ်းဖြင့် တွန့်လိမ်ပွဲရွဲ့နေသော ပတ်စ်ကောင်း၏ နှုတ်ခမ်းများကြားမှ သွားများကို အတိုင်းသား မြင်ရ၏။ ဖြူဖပ်ဖြူရော် အလောင်းကောင်ကြီးမှာ အဝတ်စကြီး တလွင့်လွင့်ဖြင့် လရောင်ထဲမှာ လမ်းပြ နေလေသည်။

၎င်းက လက်တဖက် မြှောက်ကာ လက်ညှိုး ထိုးပြ၏။ လက်ညှိုး ညွှန်ရာ သို့ ကြည့်လိုက်မိသော လူးဝစ်ခမျာ မျက်လုံး အပြူးသား၊ ပါးစပ် အဟောင်းသားဖြင့် မေးခိုက်ခိုက်တုန်ကာ တအီအီ ညည်းညူ မိလေ၏။ အေးစက်သော ပါးပြင်ပေါ်" ကျဆင်းလာသော မျက်ရည်များကြောင့် အလွန်အမင်း တုန်လှုပ် ချောက်ချားသဖြင့် ငိုကြွေးနေမိမှန်း သိလိုက်ရသည်။

အယ်လီကို ပြုတ်ကျမည်စိုး၍ ဂျုထ် အလန့်တကြား သတိပေးခဲ့သော သစ်ကိုင်းခြောက် အပုံကြီးမှာ အရိုးပုံကြီး ဖြစ်နေ၏။ ပေါင်ရိုး၊ တံတောင်ရိုး၊ အောက်မေးရိုး၊ လက်ဆစ်ရိုး၊ အံသွား၊ ရှေ့သွား စသဖြင့် တရွရွ လှုပ်ရှားနေသော

လူအရိုး၊ တိရစ္ဆာန် အရိုးများဆီက ကလောက်ကလက် မြည်သံများ ထွက်နေသည်။ -

ပတ်စ်ကောင်းက သူ့ဆီ လျှောက်လာ၏။ ၎င်း၏ သွေး အလိမ်းလိမ်းနှင့် သွားအဖြဲသား မျက်နှာကြီးကို ဖြာကျနေသော လရောင်ဖြင့် မြင်လိုက်ရသောအခါ လူးဝစ်တယောက် အသိစိတ်ပင် လွတ်သွားတော့မလို ဖြစ်ကာ ဒူးထောက် ကျသွား၏။ ထိုစဉ် ခေါင်းထဲသို့ အတွေးတခု ဝင်လာသည်။ မင်းဘာသာမင်း အော်လို့ နိုးသွားတာ အကြောင်း မဟုတ်ဘူး။ ရေချယ်၊အယ်လီ၊ ဂေ့ဂျ်တို့ပါ လန့်နိုးပြီး လိုက်အော်ကြရင် တအိမ်လုံး ဆူညံ ပွက် လောရိုက်ကုန်မယ်၊ နောက် ဘေးအိမ်တွေပါ နိုးကုန်မယ်။

လူးဝစ်နားထဲတွင် လေသံတိုးလျလျဖြင့် ပြောလိုက်သံ တခုခုကို ကြားလိုက်ရသလို ခံစားရ၏။ အိမ်ရှေ့ လှေကားထစ် တနေရာရာမှာ ထိုင် နေသော ကလေးတယောက်က သူ့ကို လေချွန် သင်ပေးနေသံလိုလို။ ပတ် စ်ကောင်းက သူ့အနား ရောက်လာကာ ငုံ့၍ စကားပြောသည်။

“တချို့တံခါးတွေကို မဖွင့်ရဘူး”

လူးဝစ်က မော်ကြည့်လိုက်ရာ ၎င်း၏မျက်နှာ၌ ကရုဏာ သက်ဟန်မျိုး တွေ့လိုက်မိသည်ဟု အထင်မှားမိသည်။ အမှန်မှာ ကရုဏာဖြင့် ပြောဆိုခြင်း လုံးဝမဟုတ်ဘဲ အလွန်တရာ စိတ်ရှည် သည်းခံနေဟန်ဖြင့် ပြောနေခြင်း သာ ဖြစ်၏။ ၎င်းသည် အရိုးပုံကြီးကို လက်ညှိုး ထိုးပြနေဆဲ ဖြစ်သည်။

“ခင်ဗျား စိတ်ထဲမှာ ဘယ်လောက်ပဲ ခံစားနေရပါစေ၊ အဲဒီနောက်ကို မ သွားပါနဲ့ ဒေါက်တာ။ တားဆီး ကာရံထားတယ် ဆိုကတည်းက ချိုးဖျက် ကျော်လွှားဖို့ မဟုတ်ဘူး။ အဲဒီနေရာဟာ ခင်ဗျား သိတာထက် ပိုပြီး စွမ်းအား ကြီးတယ်။ ရှေးကျတယ်။ ဘယ်တော့မှ ရပ်တန့်မှာ မဟုတ်ဘူး။ ဒါ ကို မြဲမြဲ မှတ်ထားပါ”

လူးဝစ် အော်ဟစ်ဖို့ ကြိုးစား သော်လည်း မရချေ။ “ကျုပ်က မိတ်ဆွေ တယောက် အနေနဲ့ ရောက်လာတာပါ”

ပတ်စ်ကောင်းက မိတ်ဆွေဟု ပြောလိုက်သတဲ့လား။ သူ မထင်ပါ။ ပတ်စ်ကောင်းက သူနားမလည်သော ဘာသာခြား စကားတခုခု ပြောရင်း လူးဝစ်က မိတ်ဆွေဟု နားကြားမှားတာ ဖြစ်မည်။ ရုန်းရင်းဆန်ခတ် ဖြစ်နေသော သူ့စိတ်ထဲ၌ ပတ်စ်ကောင်းဆီမှ မိတ်ဆွေဟူသော စကားလုံးမျိုး ကြားလောက်စရာ မရှိဟု ထင်သည်။

“ခင်ဗျား ပျက်စီးတော့မယ်။ ခင်ဗျားချစ်တဲ့ အရာအားလုံး ပျက်စီးဖို့ နီးလာ ပြီ ဒေါက်တာ”

ပတ်စ်ကောင်းက တဖြည်းဖြည်း အနားကပ်လာရာ သူပါ သေသွားတော့မ လို ခံစားရ၏။ ၎င်းက သူ့ဆီ လက်လှမ်း လာသည်။ အရိုးအဆစ်တို့၏ စိတ် မချမ်းမြေ့ဖွယ် ကလောက်ကလက် အသံများနှင့်အတူ။ ၎င်း၏လက်က ရုန်း ထွက်ရန် လူးဝစ် အသေအလဲ အင်အားရှိသမျှ ကြိုးစား ရုန်းကန်သည်။ ငုံ့ ကျလာသည့်

ပတ်စ်ကောင်း၏မျက်နှာက သူ့အပေါ် အုပ်မိုးလာ၏။

“မြဲမြဲ မှတ်ထားပါ ဒေါက်တာ”

သူ အော်ဟစ်ဖို့ ကြိုးစားသည်။ လောကကြီးက လည်ထွက် သွား၏။ လရောင်ဖြာသော ညသန်းချိန်း၏ မြေတိုက်ဂူထဲမှာတော့ အရိုးများ လှုပ်ရှား နေသည့် တဖြောက်ဖြောက် အသံများက သူ့နားထဲမှာ ကြားနေဆဲ။

****

အခန်း (၁၇)

သာမန်လူ တယောက် အနေဖြင့် အိပ်ပျော်ရန် ၇ မိနစ် ကြာသော်လည်း ဟန်းဒ်၏ လူသား ဇီဝကမ္မဗေဒအရ သာမန်လူ တယောက် အနေဖြင့် အိပ် နေရာမှ နိုးရန် ၁၅ မိနစ်မှ မိနစ် ၂၀ အထိ ကြာသည်။ အိပ်စက်ခြင်းကို ရေကူးကန် တခုအဖြစ် ယူဆကြည့်လျှင် မြုပ်သွားချိန်ထက် ပြန်ပေါ်လာ ချိန် ပိုကြာသည့်နှယ်ပင်။ အိပ်စက်သူသည် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ အိပ်ပျော်ကာစ အခြေအနေသို့ အဆင့်ဆင့် ပြန်လည် တက်လှမ်း လာသောအခါ "နိုးတဝက် အိပ်စက်ခြင်း"ဟု ခေါ်တတ်သော အိပ်၍ မပျော့်တ ပျော် အခြေအနေသို့ ရောက်လာသည်။ ထိုအဆင့်တွင် အိပ်စက်သူသည် ပြင်ပအသံများကို ကြားနိုင်သလို တခုခု လာမေးလျှင်ပင် ပြန်၍ တုံ့ပြန် ပြောဆိုနိုင်သည်။ သို့သော် ဘာမေး၍ ဘာပြန်ဖြေမိသည် ကိုတော့ သိချင်မှ သိသည်။ အိပ်မက်လိုလို တကယ်လိုလို မရေမရာ အခြေအနေမျိုး။

လူးဝစ်သည် အရိုးများ လှုပ်ရှားနေသလိုမျိုး တဖြောက်ဖြောက် အသံများ ကို ကြားရပြီးနောက် ထိုအသံသည် တဖြည်းဖြည်း သတ္တုဆန်ဆန် စူးရှ ပြတ်သား လာ၏။

ပြောင်းခနဲ အသံတချက်။ အော်ဟစ်သံ တသံ။ တခုခု လိမ့်နေသံ။ ဟုတ်သည်။ လှုပ်ရှားနေသော စိတ်အလျဉ်မှ သူ့အတွေးက ပို၍ သေချာ လာ၏။ အရိုးများ လိမ့်ဆင်း ကျနေသလိုမျိုး။ သမီးဖြစ်သူ၏ "ယူလိုက်လေ၊ ဂေ့ဂျ်ရဲ့။ သွားယူလိုက်" ဟူသော အသံကို ကြားရ၏။

ဂေ့ဂျ်၏ မြူးထူးစွာ အော်ဟစ်သံကို ဆက်ကြား ရသောအခါ လူးဝစ်၏မျက်လုံးများ ပွင့်သွားပြီး သူ့အိပ်ခန်း မျက်နှာကြက်ကို မြင်ရလေ၏။ အိပ်မက်လား၊ တကယ်လား သေချာအောင် စောင့်နေလိုက်သည်။ ဘုရား၊ သိကြား မလို့ တကယ်ပါပဲလား။ သူ အိမ်ပြန်ရောက်လေပြီ။ အားလုံးက အိပ်မက်ပါလား။ မည်မျှ ဆိုးဝါး ကြောက်မက်ဖွယ် ကောင်းပါစေ၊ ထိုအရာ အားလုံးမှာ အိပ်မက်သာလျှင် ဖြစ်သည်။

သတ္တုဆန်သော အသံတချက် ထပ်ပေါ် လာပြန်သည်။ ယင်းမှာ အပေါ်ထပ် ကြမ်းပြင်တွင် လိမ့်နေသော ဂေ့ဂျ်၏ အရုပ်ကားလေး တစီး၏ အသံသာ ဖြစ်သည်။

"ယူလိုက်လေ ဂေ့ဂျ်ရဲ့"

ဂေ့ဂျ်က "ယူလိုက်၊ ယူလိုက်၊ ယူလိုက်" ဟု ထအော်၏။ စင်္ကြံလမ်း တလျှောက် ခြေဗလာနှင့် ပြေးလွှားနေသော ဂေ့ဂျ်၏ ခြေသံ တဖတ်ဖတ်၊ မောင်နှမ နှစ်ယောက် တခစ်ခစ် ရယ်မောနေကြသံ။

လူးဝစ်က ညာဘက်သို့ စောင်းငဲ့ကြည့်တော့ ရေချယ့်နေရာမှာ လွတ် နေသည်။ စောင်များက တဝက်တပျက် လိပ်တက်နေ၏။ နေမြင့်နေပြီ။ လက်ပတ်နာရီကို ကြည့်လိုက်တော့ ရှစ်နာရီ ထိုးတော့မည်။ ရေချယ်က သူ့ ကို မနှိုးဘဲ အိပ်ပါစေဟု တမင် ထားရစ်ခဲ့ဟန် တူ၏။

ပုံမှန်ဆိုလျှင် သူ့အနေဖြင့် မနိုးရကောင်းလားဟု စိတ်ထဲ တနုံ့နုံ့ ဖြစ်နေမှာ ပင်။ သို့သော် သည်မနက် ထိုသို့ မဖြစ်မိ။ အသက်ကို အရှည်ကြီး ရှူသွင်း ကာ သက်ပြင်း ချလိုက်မိသည်။ နေရောင်က ပြတင်းပေါက် သံတိုင်များ ကြားမှ တိုးဝင်နေ၏။ တကယ့်လောကထဲ ပြန်ရောက်လာတာ မမှားနိုင်တော့ချေ။ နေရောင်ဖြင့် ဖုန်မှုန့် ကလေးများကိုပင် မြင်ရ၏။ အပေါ်ထပ်သို့ အော်ပြောလိုက်သော ရေချယ်၏ "အောက်ဆင်းပြီး မုန့်လာစားကြတော့။ ဘတ်စ်ကားကို အပြင်ထွက် စောင့်ရဦးမယ်လေ အယ်လီ"ဟူသော အသံထွက်လာသည်။

"ဟုတ်ကဲ့"

ခုနကထက် ပိုကျယ်သော အယ်လီ ခြေသံ တဖတ်ဖတ်ကို ကြားရ၏။

"ရော့ ဒီမှာ နင့်ကား။ ငါ ကျောင်းသွားတော့မယ် ဂေ့ဂျ်"

ဂေ့ဂျ်က ဒေါသတကြီး ထအော်သည်။ တကယ်တော့ "အယ်လီကလည်း နေပါဦး"ဟု ဗလုံးဗထွေး ပြောဆိုနေခြင်း ဖြစ်နိုင်သည်။ ရေချယ့်အသံ ထပ် ပေါ်လာပြန်၏။

"အောက်ဆင်း မလာခင် သမီးအဖေကို တချက် သွားနှုတ်ဆက်လိုက်ဦး"

အင်္ကျီအနီနှင့် ဆံပင်ကို နောက်စည်း ထားသော အယ်လီ အခန်းထဲ ဝင် လာ၏။

"ဖေဖေ နိုးနေပြီ သမီး။ လုပ်စရာရှိတာ လုပ်၊ ကျောင်းကား မီအောင် သွား စောင့်ချေ"

"ဟုတ်ကဲ့ ဖေဖေ"

အယ်လီက အနားလာ၍ အနည်းငယ် ပေပွနေသော သူ့ပါးကို နမ်းပြီး လှေကားမှ လှစ်ခနဲ ပြေးဆင်း သွားသည်။ အိပ်မက်ကို သတိရစိတ်က တဖြည်းဖြည်း မှုန်ဝါး ပျောက်ကွယ်လာ၏။ ကောင်းလိုက်တာ။

"ဂေ့ဂျ်ရေ၊ ဖေဖေ့ကို လာနမ်းပါဦး သားရဲ့"

ဂေ့ဂျ်က ဂရုတောင် မစိုက်ဘဲ ပါးစပ်မှ "ယူလိုက်၊ ယူလိုက်၊ ယူလိုက်"ဟု အကျယ်ကြီး အော်လျက် အယ်ထို့နောက်ကိုသာ သူပြေးနိုင်သမျှ ပြေးလိုက် သွားသည်။ သေးခံနှင့် ရာဘာ ဘောင်းဘီသာ ဝတ်ထားသော ဂေ့ဂျ်၏ ခန္ဓာကိုယ် သေးသေးလေးကို လှစ်ခနဲ လှမ်းမြင် လိုက်ရ၏။ ရေချယ်က

"လူးဝစ်၊ ရှင် နိုးပြီလား" ဟု လှမ်းမေး၏။ သူ အိပ်ရာမှ ထထိုင်၍"အင်း" ဟု ပြန်ဖြေ လိုက်သည်။ အယ်လီက

"တွေ့လား၊ သမီး ပြောသားပဲ။ သွားပြီနော်၊ ဘိုင့်" ဟု ပြောသည်။

အိမ်ရှေ့တံခါးမှ ဖြန်းခနဲ အသံထွက်လာပြီး ဂေ့ဂျ်၏ အာခေါင်ခြစ် အော်နေသံကို ကြားရ၏။ ရေချယ်က

"ကြက်ဥ တလုံးလား၊ နှစ်လုံးလား" ဟု လှမ်းမေးပြန်သည်။

လူးဝစ်သည် စောင်ကို ဖယ်၍ ကော်ဇောပေါ် ခြေနှစ်ချောင်း ချကာ "ကြက်ဥ

မစားတော့ဘူး၊ ကွေကာပဲ လုပ်လိုက်တော့။ အလုပ်ကို ပြေးရတော့မယ်” ဟု ပြောရန်အသင့် ပြင်လိုက်စဉ် စကားလုံးများက လည်ချောင်း ထဲမှာပင် ပျောက်ကွယ် သွားလေ၏။

သူ့ခြေထောက်များကား ရွံ့အလူးလူးနှင့် ထင်းရှူးရွက်ချွန်များ စိုက်ကာ ညစ်ပတ် နေလေသည်။

ဘူးထဲမှ ရုတ်တရက် ခုန်ထွက်လာသော အရုပ်ကဲ့သို့ လူးဝစ်၏ နှလုံးသည် လည်ချောင်းမှ ဝုန်းခနဲ ခုန်ထွက် သွားတော့မယောင် လန့်ဖျပ်ကာ ရင်ခုန်သံ တဒိတ်ဒိတ် မြန်ဆန်လာပြီး မျက်လုံးများ ပြူးသွားသည်။ စောင်များကို ကန်ချလိုက်သောအခါ ခုတင်ခြေရင်းတွင် ထင်းရှူးရွက်ချွန်များ ပွစာကြဲ နေသည်ကို တွေ့ရ၏။ အိပ်ရာခင်းကား ရွံ့စက်များ ပေပွ၍ ညစ်ပတ် နေလေသည်။

“လူးဝစ်ရေ”

ဒူးခေါင်းတွင် ပေကျံနေသော ထင်းရှူးရွက်ချွန်များကို မြင်ရသောအခါ ရုတ်တရက် သူ့ညာလက်ကို မြှောက်ကြည့် လိုက်၏။ သူ့လက်ရုံး ကြွက်သား တွင် လတ်လတ်ဆတ်ဆတ် အစင်းရာကြီး တခု ရှိနေသည်။ အိပ်မက်ထဲ မှာ သစ်ခြောက်ပင်၏ အကိုင်း တကိုင်းနှင့် ထိုးမိသောနေရာ အတိအကျ။

ငါ အော့်လိုက် မိတော့မယ်။

တကယ်လည်း အော့်လို့ရမှန်း သိနေသည်။ ခန္ဓာကိုယ်ထဲမှာ အော့်ဟာစ် ပစ်လိုက်ချင်စိတ်က ရုန်းကြွလာ၏။ သူမြင်ရသမျှ အကုန်လုံး အစစ်အမှန် ပင် ဖြစ်ကြောင်း ခံစားရသည်။ ထင်းရှူးရွက်ရှည်များ၊ အိပ်ရာခင်းပေါ်က ရွှံ့ စက်များ၊ လက်မောင်းမှ သွေးစို့နေသော အစင်းရာ။ အားလုံး အစစ်ချည်း သာ။

အော့်လိုက်တော့မယ်။ ငါ ရူးတော့မယ် ထင်တယ်။ ဘာကိုမှ လိုက်မ စဉ်းစားချင်တော့ဘူး။

“လူးဝစ်ရေ…၊ ရှင် ပြန်အိပ် သွားတာလား”

ရေချယ်က ပြောပြောဆိုဆိုနှင့် လှေကားမှ တက်လာသံ ကြားရ၏။ သူ ဘာလုပ်ရမလဲဟု နှစ်စက္ကန့်၊ သုံးစက္ကန့်လောက် အပြင်းအထန် စဉ်းစားလိုက်၏။ သူ့ခြေထောက် ရွံ့လူးနေတာ၊ စောင်တွေ ကြမ်းပေါ် အပုံ လိုက် ကျလျက် အိပ်ရာခင်း ညစ်ပတ် ပေပွနေတာ ရေချယ် မြင်သွားလို့ မ ဖြစ်။

သူက…

“နိုးနေပြီ” ဟု ရွှင်မြူးသော လေသံဖြင့် လှမ်းပြော လိုက်သည်။

လျှာကို မတော်တဆ ရုတ်တရက် ကိုက်မိကာ သွေးစို့သွား၏။ သူ့စိတ်မှာ ပါးစပ်မှ ပြောသည့်နေရာ ရောက်မနေဘဲ ဟိုဟိုဒီဒီ လျှောက်တွေးနေ၏။ ရေချယ်က အပေါ်ထပ် ရောက်ခါနီး လှေကားနှစ်ထစ်၊ သုံးထစ်အလိုတွင် ဆက်တက် မလာဘဲ

“ကြက်ဥ နှစ်လုံးလား၊ သုံးလုံးလားလို့” ဟု လှမ်းမေး၏။

တော်ပါသေးရဲ့။

လူးဝစ်က “နှစ်လုံး၊ မွှေကြော်” ဟု ပါးစပ်ထဲ တွေ့ကရာ

ပြန်ဖြေလိုက်၏။”ကောင်းတာပေါ့”

ရေချယ်က ပြောပြောဆိုဆို ပြန်ဆင်းသွား၏။ သူမ ထွက်သွားတော့မှ စိတ်သက်သာရာ ရလိုရငြား မျက်လုံးများကို ခဏ မှိတ်လိုက်မိသည်။ ထိုအခါ ပတ်စ်ကောင်း၏ ငွေရောင် မျက်လုံး ဖြူဖြူကြီးများကို မြင်ယောင် လာသဖြင့် မျက်စိကို ကမန်းကတန်း ပြန်ဖွင့်ရ၏။ လူးဝစ်သည် ဘာမှ ထပ် မစဉ်းစားတော့ဘဲ ခပ်သွက်သွက် လှုပ်ရှား လိုက်သည်။ အိပ်ရာခင်းများကို သေချာ လှန်ကြည့်တော့ စောင်များက ဘာမှမဖြစ်၊ အဆင်ပြေသည်။ သို့နှင့် အိပ်ရာခင်း နှစ်စကို ဆွဲထုတ်၍ လုံးထွေး ယူလာပြီး အဝတ်လျှော် တံလျှောက်ထဲ ပစ်ချ၍ ရေစိမ် ထားလိုက်၏။ ထို့နောက် ရေချိုးခန်းထဲ အပြေးတပိုင်း ဝင်ကာ ရေပန်းကိုင်၍ ခြေထောက်နှင့် ခြေဖဝါးများကို ဆေးကြောလေ၏။ ရေမှာ အလွန်ပူသော်လည်း ဂရုမပြုအားတော့ချေ။

တဖြည်းဖြည်း စိတ်လက်ပေါ့ပါး၍ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်း နိုင်သောအခါ လူသတ်သမားတို့ သက်သေ အထောက်အထားများ ဖယ်ရှား ရှင်းလင်းနေစဉ် ခံစားရသလိုမျိုးများ ဖြစ်နေသလားဟု တွေးမိသည်။ ထိုသို့ တွေးမိတော့မှ ခြေလက်တို့ အခြောက်ခံရင်း မိမိအဖြစ်ကို ရယ်မောမိလေသည်။ ရေချယ်က

“ဟောတော်၊ အပေါ်က တယောက်။ ဘာတွေ သဘောကျနေတာတုံ” ဟု လှမ်းမေး၏။ လူးဝစ်ကလည်း ရယ်နေရင်းမှ

“ကိုယ့်အတွေးနဲ့ကိုယ် ရယ်တာပါဟ” ဟု ပြန်ဖြေသည်။

သူ ကြောက်လန့် ခဲ့ပါသည်။ သို့သော် ကြောက်၍မျှဖြင့်တော့ မရယ်ဘဲ မနေနိုင်ချေ။ အိပ်ရာခင်းစများကို အဝတ်လျှော်စက်ထဲ ပစ်ထည့် နိုင်ခဲ့ခြင်းမှာ သူလုပ်သမျှထဲ အကောင်းဆုံးပင် ဖြစ်ရမည်။

မစ်ဆီဒန်းဒရစ်ဂျ်သည် တပတ်လျှင် ငါးရက် အိမ်လာ၍ သန့်ရှင်းရေးနှင့်အဝတ်လျှော်ခြင်း အမှုကို ပြုလေ့ရှိသည်။ ထိုအိပ်ရာခင်းစများကို ရေချယ် ပြန်မသုံးမချင်း တွေ့တော့မှာ မဟုတ်။ ပြန်တွေ့သည့် အချိန်မှာလည်း သန့် ရှင်း နေပေလိမ့်မည်။ မစ်ဆီပြန်ပြောမှသာ သိဖို့အကြောင်း ရှိသည်။ မစ်ဆီ ပြန်ပြောမည်ဟု သူ မထင်။ ခရိဒ်တို့ လင်မယားဟာ အိပ်ရာထဲမှာ ထင်းရှူး ရွက်ချွန်တွေ၊ ရွှံ့တွေ ပေအောင် ဘယ်လို ကမြင်းကြော ထသလဲ မသိဟု သူ့ လင်သည်ကိုတော့ အတင်းတုပ်ချင် တုပ်နိုင်သည်။ မသကာ ခန္ဓာကိုယ်ခြယ် သည့် ဆေးတွေ ဘာတွေဆို ဟုတ်သေး။ ဤသို့ တွေးမိသောအခါ လူးဝစ်မှာ တဟားဟားနှင့် တယောက်တည်း ပို၍ပွဲကျသွား၏။ အဝတ်အစား လဲတော့ သူ မရယ်တော့ဘဲ နေသာထိုင်သာ ရှိလာကြောင်း သူ့ကိုယ်သူ သိသွားသည်။ ဘယ်လိုသိသလဲ မပြောတတ် သော်လည်း သိတော့ သိနေ၏။ အခန်းသည် အခုတော့ အခင်းစ လွတ်နေသော အိပ်ရာမှ လွဲ၍ ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။ သူ့မှာ စိုက်နေသော ဆူးကို နုတ်ပစ် နိုင်ခဲ့ပြီ။ သက်သေ မကျန်တော့။ သို့သော် ထိုဆူးသည် သူ့စိတ်ထဲမှာတော့ စိုက်နေဆဲ။ ရှင်းမပြတတ်သော အရာများနှင့်

ကြုံသည့်သူတိုင်း သည်လိုပဲ လုပ်မှာဟု သူ တွေးသည်။

ဂေ့ဂျ်က သူ့ခုံမှာသူ ထိုင်၍ စားပွဲတခုလုံး ပေပွအောင် မုန့်စားနေသည်။ ကော်ဖီတခွက်နှင့် ကြက်ဥကြော် ကိုင်လာသော ရေချယ်က မီးဖိုချောင်ထဲ မှ ထွက်လာသည်။

"အပေါ်ထပ်မှာ ဘာတွေ ရယ်နေတာလဲ ကိုရဲ့။ မသိရင် ရူးသွားတဲ့ အတိုင်းပဲ။ ကျွန်မတောင် နည်းနည်း လန့်သွားတယ်"

လူးဝစ်က ဘာပြောရမှန်း မသိသော်လည်း ပါးစပ်အရင် ဟကာ ရှေ့တပတ်က ဈေးတန်းထောင့်မှာ ကြားခဲ့သည့် ဟာသတပုဒ် ဖြစ်ကြောင်း၊ ဂျူးလူမျိုး အပ်ချုပ်ဆရာ တယောက် ဝယ်လာသော ကြက်တူရွေးမှာ "အေရီယယ်ရှာရွန် ကလိုင်းနေတယ်" ဟူသော စကားကိုသာ တတွတ်တွတ် ရွတ် နေကြောင်း ပြောပြလိုက်သည်။ သူ့စကားဆုံးတော့ ရေချယ်ပါ လိုက်ရယ်သည်။ ထိုအခါ ဂေ့ဂျ်ကလည်း ဘာမှန်း ညာမှန်း မသိဘဲ လိုက်ရယ်၏။

ကောင်းတယ်။ သူ့ရဲကောင်းလေးဟာ အခုတော့ အိပ်ရာခင်းစ ရွှံ့ပေတာ၊ ရေချိုးခန်းထဲ အရူးလို ရယ်မိတာတွေ အတွက် သံသယ အဝင် မခံရတော့ ဘူးပေါ့။ ပြီးရင် သတင်းစာလေး ဘာလေး ဖတ်ပြီး မနက်တိုင်း လုပ်နေကျ အတိုင်း ပုံမှန်နေသွားရုံပဲ။

လူးဝစ်က သူ့ကိုယ်သူ ထိုသို့တွေးကာ သတင်းစာ ကောက်လှန်သည်။ မင်းလုပ်ရမှာ ဒါပဲဟု ဆက်တွေးရင်း သက်သောင့် သက်သာ နေလိုက်သည်။ ခေါင်းထဲမှာတော့ ဆက်စဉ်းစား နေသေး၏။

ကဲ၊ ပြီးပြီလေ။ မလွယ်ပေဘူးလား၊ ငှက်ပျောသီး အခွံနွှာ စားရသလောက်တောင် မခက်တဲ့ဟာ။ ဒီလိုရှင်းပြလို့ မရတဲ့ ဖြစ်ရပ်တွေကို မိုးလေသည်းတဲ့ တညညကျမှ မိတ်ဆွေတွေနဲ့ မီးကလေး ဖိုပြီး စားမြုံ့ပြန်ရမှာ။

လူးဝစ်က ကြက်ဥကြော် စား၊ ရေချယ်နှင့် ဂေ့ဂျ်ကို နမ်းကာ ဆေးဖြူ သုတ်ထားသော အဝတ်လျှော်ပုံး ခြေရင်းကို တချက် ကြည့်၍ အိမ်ထဲမှ ထွက်လာ၏။ အစစအရာရာ အဆင်ပြေသွားပြီ။ နွေနှောင်းပိုင်းသည် သူ့ သဘာဝအတိုင်း မပြောင်းမလဲ လှပမြဲ။ ကားဂိုဒေါင်ရုံက ထွက်လာတော့ လမ်းကျဉ်း ကလေးကို တချက် လှမ်းကြည့်မိသေး၏။ ဘယ်လိုမှ မနေတော့။ ကြက်သီး မွေးညင်းတောင် မထမိ။ ခဲတလုံးကို အသာလေး ကျော် ခွ သွားသလိုမျိုး ရင်ဆိုင် ဖြတ်ကျော်နိုင်ခဲ့ပြီ။

အရာအားလုံး အဆင်ပြေ ချောမွေ့သွားပြီဟု မှတ်ယူ ထားသော်လည်း ၁၀ မိုင်ကျော် မောင်းလာ ပြီးသည့်အခါ တုန်လှုပ်ဖွယ်ရာ အသိတခုက သူ့ကို ပြင်းစွာ ရိုက်ခတ်လာ၏။ ထိုအခါ လူးဝစ်သည် ကားကို အဝေးပြေး လမ်းမကြီးပေါ်မှ ရုတ်တရက် ကွေ့ချကာ ဆင်းစ်ဟူသော တရုတ် စားသောက်ဆိုင်၏ ကားပါကင်ထဲ မောင်းဝင် လိုက်သည်။ မနက်ပိုင်း မို့လား မသိ၊ ပါကင်မှာ ကားတစီးတလေပင် မရှိ။ ထိုစားသောက်ဆိုင် သည် ပတ်စ်ကောင်းကို လာပို့သော မိန်းပြည်နယ် အရှေ့ပိုင်းဆေးရုံ (Eastern Maine Medical Center)နှင့် သိပ်မဝေးချေ။

ထိုအသိမှာ ပတ်စ်ကောင်းသည် အီးအီးအမ်စီဟု အတိုခေါ်သော ထိုဆေးရုံဆီ ရောက်လာပြီး သူနှင့် ဆုံခဲ့ရခြင်းကို ပြန်အမှတ်ရ လိုက်မိသောကြောင့် ဖြစ်၏။ ထိုအသိမှာ ဆင်းစ် စားသောက်ဆိုင်နှင့် ဘာမှ မပတ်သက်။ ပတ်စ် ကောင်းသည် ဤဆိုင်ကို ဝင်၍ မိုဂူဂိုင်ပန် တပန်းကန်လောက် ဝင်စားလိမ့်မည်ဟု သူ မထင်ချေ။ (မိုဂူဂိုင်ပန် ဟူသည်မှာ အမေရိကန်ပုံစံ ချက်ထားသော တရုတ်ဟင်းလျာ တမျိုး၏အမည် ဖြစ်သည်။ စကားချပ်)

ထိုအသိကြောင့် သူ့စိတ်ထဲ၌ ကူကယ်ရာမဲ့စွာ ထိတ်လန့် ကြောက်ရွံ့ လာ၏။ သဘာဝလွန် ကြောက်မက်ဖွယ် တစုံတရာ ကြောင့်လည်း မဟုတ်၊ တောက်ပသော နေရောင်ခြည်ထဲမှာ ရှိနေသည့်အတွက် အမှောင် ကို စိုးရွံ့ပုံမျိုးလည်း မဟုတ်။ ထိုနေရာမှာ ပတ်စ်ကောင်း ရှိနေခဲ့သည် ဟူသော အမှန်တရားကို တွေးမိရုံဖြင့် တုန်လှုပ် ချောက်ချားမိပုံမျိုး။ သူ့စိတ် ထဲမှာ အချိန် အတော်ကြာအောင် စိုက်နေခဲ့သော မမြင်ရသည့် ဆူးငြောင့် တခုလိုမျိုး။

"ထပ်မတွေးနဲ့တော့၊ ထပ်မစဉ်းစား ပါနဲ့တော့"

ကားရေဒီယိုကို စမ်းတဝါးဝါး လှမ်းဖွင့်လိုက်တော့ Joan Baez ၏ Diamonds and Rust သီချင်းသံ ထွက်လာ၏။ ချိုကြည် အေးမြသော သူမ၏ အသံကြောင့် နေသာထိုင်သာ ရှိလာပြီး သီချင်းဆုံးတော့မှ ကား ဆက်မောင်း နိုင်တော့သည်။

ဆေးရုံကို ရောက်တော့ သူ့ကိုယ်သူ စိတ်မချသဖြင့် ရှားလ်တန်ကို ဟဲလို တခွန်းသာ နှုတ်ဆက်၍ ရေအိမ်ထဲ အပြေးဝင်မိ၏။ သူ စိုးရိမ်သလို ရုပ် ပေါက် မနေသောကြောင့် တော်သေးသည်။ မျက်တွင်း နည်းနည်း ချိုင့်နေ သော်လည်း ယင်းကို ရေချယ်ပင် သတိမထားမိခဲ့။ မျက်နှာကို ရေအေးအေးဖြင့် ပက်၍ သစ်ကာ အခြောက်ခံသည်။ ဆံပင်ဖြီးသည်။ ထို့နောက် ရုံးခန်း ဆီ ထွက်လာ လိုက်သည်။

အခန်းထဲ၌ စတိဗ်မာစတာတန်နှင့် အိန္ဒိယ ဆရာဝန် ဆာရန်းဒရားဟာဒူး တို့ ကော်ဖီသောက်ရင်း စားပွဲပေါ်က ဖိုင်များနှင့် အလုပ် ရှုပ်နေကြသည်။ မာစတာတန်က

"မောနင်း လူးဝစ်" ဟု နှုတ်ဆက်သည်။

"မောနင်း"

"မနေ့က မနက်လို မဖြစ်ဖို့တော့ မျှော်လင့်မိတယ်ဗျာ"

"ဒါပေါ့။ ခင်ဗျား စိတ်လှုပ်ရှား စရာလေးတွေ လွတ်သွားတယ် ဆာရန်း"

မာစတာတန်က စပ်ဖြဲဖြဲနှင့်...

"ဆာရန်းဒရားလည်း မနေ့ညက သူ့ဟာနဲ့သူတော့ စိတ်လှုပ်ရှားစရာတွေ ကြုံခဲ့ပါသတဲ့လေ။ လူးဝစ်ကို ပြောပြလိုက်ပါဦး ဆာရန်းဒရားရဲ့" ဟု ဆို၏။

ဆာရန်းဒရားက မျက်မှန်ကို သုတ်ရင်း ပြုံးကာ

"မနက် တနာရီလောက်မှာ ကောင်လေး နှစ်ယောက်က ယာဒီဆိုတဲ့ သူ တို့ သူငယ်ချင်းမလေးကို ခေါ်လာတယ်။ ကောင်မလေးက တက္ကသိုလ် ပြန် တက်ရတဲ့

အထိမ်းအမှတ်နဲ့ သောက်စား မူးရူးလာတာ။ ပေါင်မှာ ရှရာကြီး တခု ဆိုးဆိုးဝါးဝါး ရလာတယ်။ ကျွန်တော်က အနည်းဆုံး လေးချက်တော့ ချုပ်ရမယ်လို့ ပြောတော့ ကောင်မလေးက ချုပ်လိုက်လို့ ပြောတယ်။ အဲဒါနဲ့ ချုပ်မယ်ဆိုပြီး ဟောဒီလို ငုံ့ပြီး ချုပ်တာပေါ့လေ”

ဆာရန်းဒရားက ပေါင်တဖက်ကို ဆလံပေးသည့်ဟန် ပြုကာ သရုပ်ဖော်ပြ၏။ သူ့အမူအရာကို ကြည့်၍ ဘာဆက်ဖြစ် လာတော့မည်ကို တွေးရင်း လူးဝစ် ရယ်ချင်ပက်ကျိ ဖြစ်လာ၏။

“ကျွန်တော် ချုပ်နေတုန်း ဒင်းက ခေါင်းပေါ်ကို အန်ချတာဗျာ”

မာစတာတန်က ဝါးခနဲ ထရယ်သလို လူးဝစ်ပါ လိုက်ရယ်မိ၏။ ဆာရန်းဒရားက သည်လို အဖြစ်မျိုး ဘဝအဆက်ဆက်က ကြုံလာခဲ့ရသဖြင့် မ ထူးဆန်းတော့သလိုမျိုး တည်ငြိမ်စွာ ပြုံး၏။ အရယ် ရပ်သွားတော့ လူးဝစ် က...

“ခင်ဗျား ဂျူတီချိန်က ဘယ်လောက်တောင် ကြာနေပြီလဲ ဆာရန်းဒရား ရဲ့” ဟု မေး၏။

“သန်းခေါင်က စတာ၊ အခုပဲ ပြန်တော့မလို့။ နှုတ်ဆက် သွားပါဦးမယ် လေ ဆိုပြီး စောင့်နေတာ”

“ဩော် ဒါဖြင့် ကောင်းပါပြီဗျာ။ အခု အိမ်ပြန်ပြီး အိပ်လိုက်ပါဦး”

လူးဝစ်က ဆာရန်းဒရား၏ လက်ညိုညို ပိန်ပိန်လေးကို ဆွဲယူ နှုတ်ဆက်သည်။ မာစတာတန်က

“စားပွဲပေါ်က ဖိုင်တွေတောင် ပြီးခါနီးပြီပဲကို။ ဟာလေလုယာလို့ နှုတ်ဆက်သွားပါဦး ဆာရန်းဒရားရဲ့” ဟု ဆို၏။

“တော်ပါဗျာ။ ကျွန်တော်က ခရစ်ယန်မှ မဟုတ်တာ”

“ဒါဆိုလည်း Instant Karma ထဲက ခေါရပ်အပိုဒ်လေး ဘာလေးတော့ ရွတ်သွား”(Instant Karma ဆိုသည်မှာ ဂျွန်လင်နွန်၏ သီချင်းတပုဒ် ဖြစ်သည်။ စကားချပ်)

“ခင်ဗျားတို့ နှစ်ယောက်လုံး တောက်ပ နိုင်ကြပါစေဗျာ”

ဆာရန်းဒရားက ပြုံးလျက်နှင့်ပင် တံခါးအသာ ဖွင့်၍ ထွက်သွားသည်။ လူးဝစ်နှင့် မာစတာတန်တို့က သူ့နောက်ကျောကို လိုက်ကြည့်ရင်း ခဏ လောက် အသံတိတ် နေကြပြီးမှ တယောက်ကို တယောက် ကြည့်ပြီး မ ပြုံးဘဲ ဝါးလုံးကွဲ ထရယ်ကြလေသည်။

****

အခန်း (၁၈)

၁၀ နာရီ ထိုးသည်အထိ Upjohn ဆေးကုမ္ပဏီမှ ကိုယ်စားလှယ် ချက်ချင်း ပေါ်မလာသောအခါ သူကိုယ်တိုင် ဝင်ပြောတော့မည်ဟု ဆုံးဖြတ်၍ မော်ကွန်းထိန်း ရုံးခန်းသို့ ဖုန်းလှမ်းဆက်၏။ မစ္စက် စတေပယ်လ်တန် က ဇစ်တာပတ်စ်ကောင်း၏ မှတ်တမ်းကော်ပီကို ချက်ချင်း ပို့လိုက်ပါမည် ဟု ပြောသည်။ ဖုန်းချလိုက်သောအခါ Upjohn ဆေးကုမ္ပဏီက ကောင် လေး သူ့ဆီ ရောက်နေလေပြီ။ သူက လူးဝစ်ကို ဘာမှမပေး၊ ယင်းအစား New England Patriots ကစားပွဲလက်မှတ် တစောင်လောက် လျှော့ဈေးနှင့် ဝယ်မလားဟုသာ မေး၏။ လူးဝစ်က

"ဟင့်အင်း" ဟု ငြင်းလိုက်သောအခါ သူက မှုန်တေတေနှင့်

"ဝယ်မယ်လို့လည်း မထင်ပါဘူး" ဟု ပြော၍ ထွက်သွား၏။

နေ့လယ်ခင်းသို့ ရောက်သော် Bear's Den စားသောက်ဆိုင်သို့ လမ်းလျှောက် သွား၍ တူနာဆင်းဒ်ဝှစ်ချ်နှင့် ကိုလာတဘူး ဝယ်ယူကာ ရုံး ခန်းထဲ ပြန်၍ နေ့လယ်စာ စားရင်း လာပို့ထားသော ပတ်စ်ကောင်း၏ မှတ်တမ်းကို စစ်ဆေးသည်။ ပတ်စ်ကောင်းသည် တိရစ္ဆာန်သင်္ချိုင်းရှိရာ လဒ်လို မြောက်ဘက်ပိုင်း သို့မဟုတ် တနေရာရာနှင့် အဆက်အစပ် ရှိမ လားဟု လိုက်ရှာကြည့်၏။ ဤသူငယ်သည် လဒ်လိုမြို့မှာ မွေးဖွားကြီးပြင်း လာသလော၊ သို့မဟုတ် ထိုနေရာမှာ ခွေး၊ ကြောင် တကောင်ကောင်ကို များ မြှုပ်နှံထားခဲ့သလော။

သို့သော် ဘာဆက်နွယ်မှုကိုမှ ရှာမတွေ့ချေ။ ပတ်စ်ကောင်းသည် နယူးဂျာစီ ပြည်နယ်၊ ဘန်ဂါဖီးလ်ဒ်မြို့က ဖြစ်ပြီး ယူအမ်အို(University of Maine, Orono)ဟု ခေါ်သော မိန်းတက္ကသိုလ်မှာ လျှပ်စစ် အင်ဂျင်နီယာ လာတက် ခြင်း ဖြစ်၏။ သူနှင့် ထိုသူငယ်ကြားမှာလည်း တခြားသူများထက် ပို၍ ဆက်နွယ်စရာ ဘာအကြောင်းရင်းမှ မရှိချေ။

လူးဝစ်သည် ကိုလာဘူးထဲက လက်ကျန်ဖင်ကပ် အချိုရည်ကို အသံမြည် အောင် စုပ်သောက်လိုက်ပြီး ဘူးခွံကို အမှိုက်ပုံးထဲ လှမ်း၍ ပစ်ထည့် လိုက်၏။ နေ့လယ်စာက . ဟုတ်တိပတ်တိ မဟုတ်သော်လည်း ကောင်းကောင်းတော့ စားဖြစ်လိုက်သည်။ တုန်လှုပ် ချောက်ချားမှု မရှိတော့။ မနက်ခင်းက ထိတ်လန့်ဖွယ် အဖြစ်မှာ ဘာအဓိပ္ပာယ်မှ တိတိကျကျ ရေရေရာရာ အဖြေမရဘဲ အိပ်မက်နှင့်သာ ပြီးပစ်လိုက်ရမည့်ပုံ ရှိသည်။ ဘာအဆက်အစပ်မှ မရှိ။

သူက စာရွက်ပေါ် လက်နှင့် တတောက်တောက် ခေါက်ရင်း ဖုန်းကို ပြန် ကိုင်သည်။ အီးအမ်အမ်စီကို ဖုန်းဆက်၍ ရင်ခွဲခန်းကို မေးသည်။ ရင်ခွဲရုံ စာရေးနှင့် ဆက်သွယ်မိတော့ လူးဝစ်က သူ့ကိုယ်သူ မိတ်ဆက်ကာ

"ခင်ဗျားတို့ဆီမှာ ကျွန်တော်တို့ရဲ့ ကျောင်းသား တယောက် ရှိတယ်။ ဇစ်တာပတ်စ်ကောင်းတဲ့၊ သူက" ဟု ပြောလိုက်စဉ် တဖက်မှ

"မရှိတော့ပါဘူး" ဟု ပြန်ဖြေသည်။ လူးဝစ်က တံတွေးတချက် မျိုချ၍ စိတ်ကို ထိန်းကာ

"ဘာရယ်ခင်ဗျ" ဟု ပြန်မေးလိုက်၏။

"မနေ့ညကပဲ အလောင်းကို သူ့မိဘတွေ လေယာဉ်နဲ့ ပြန်လာသယ်သွားတယ်။ ဘရွတ်ကင်းစမစ် ရေခဲတိုက်က လူတယောက်တော့ အစောင့် အနေနဲ့ ထည့်လိုက်တယ်။ သူ့ကို ဒဲလ်တာ ... ၊ (စာရွက်လှန်သံ တဖျပ်ဖျပ်) ဒဲလ်တာလေကြောင်းလိုင်း Flight 109 ပေါ် တင်ပေး လိုက်တာပဲ။ သူ ဘယ်သွားမယ်လို့ ထင်လို့လဲ"

"မဟုတ်ပါဘူး၊ အဲဒီလို သဘောနဲ့ ပြောတာ မဟုတ်ဘူး။ ဟိုဟာပါ ... ၊ ဟိုလေ..."

ဟိုလေ၊ ဘာဖြစ်လဲ။ ငါ ဘာလို့ နှောက်ကြောင်း လိုက်နေမိတာလဲ။ ဒီကိစ္စ နဲ့ ဘာပတ်သက်စရာ ရှိသေးလို့လဲ။ သူ့ဘာသာ ပြီးသွားပါလေ့စေပေါ့၊ မေ့သွားပါလေ့စေပေါ့။ အဓိပ္ပာယ် မရှိတာ။ ကိုယ့်ဒုက္ခ ကိုယ့်ဘာသာ ရှာသလို ဖြစ်နေတာပဲ။

လူးဝစ်သည် သူ့အတွေးနှင့်သူ

"ဩော် မြန်လိုက်တာလို့ ပြောမလို့ပါ" ဟု စကားကို လျှောချလိုက်၏။

"မြန်ဆို ဒေါက်တာ ရင်းဖ်ဝစ်ခ် မနေ့ညနေကပဲ ရင်ခွဲပြီးတာလေ။ (စာရွက်လှန်သံ ခပ်ဖျော့ဖျော့ ထပ်ထွက် လာပြီးနောက်) ၃ နာရီ၊ မိနစ် ၂၀ လောက်က။ နောက်တော့ သူ့အဖေ ရောက်လာပြီး စီစဉ်စရာ ရှိတာတွေ အားလုံး လာလုပ်တယ်။ ကျွန်တော် ခန့်မှန်း ကြည့်ရသလောက် ဒီမနက် ၂ နာရီလောက်ဆို အလောင်းက နယူးဝက်ခ်မြို့ ရောက်လောက်ပြီ"

"ဩော် ဟုတ်သားပဲ။ ဒီကေ့စ်မှာ"

သူ့စကား မဆုံးခင် စာရေးက

"အဲ အလောင်း လာသယ်သူ တယောက်ယောက်က စနောက်ပြီး တခြား တနေရာကို သယ်မသွားဘူး ဆိုရင်ပေါ့လေ။ အဲဒီလိုမျိုး ဖြစ်ဖူးတယ်။ ဒဲလ်တာလေကြောင်း လိုင်းနဲ့တော့ မဟုတ်ဘူး။ ဒဲလ်တာက တကယ်ကောင်းတဲ့ လေယာဉ်ပါ။ အာရိုစတုခ်ကောင်တီမှာ ငါးသွားမျှားရင်း လမ်းမှာ သေတဲ့ လူတယောက်တုန်းက ဖြစ်တာ။ ဘယ်နယ်ထဲ ရောက်နေမှန်း မသိလို့ နေရာကို မြေပုံထဲ အတော် ရှာယူရတယ်။ ခွေးမသားက ဘီယာကို ဘယ်လို

မော့ချလဲ မသိဘူး၊ လက်ကိုင်ကွင်း နင်ပြီး သေတာ။ တောထဲက သူ့ အလောင်းကို သယ်ထုတ်ဖို့ အပေါင်းအပါတွေကို လိုက်ခေါ်ရတာ နှစ်ရက် လောက် ကြာတယ်။ မင်နီဆိုးတားပြည်နယ်၊ ဂရင်းဖောလ်စ်မြို့က သူ့အိမ် ဆီ လေကြောင်းလိုင်း တခုက ကုန်သေတ္တာ တလုံးထဲ ထည့်ပြီး ပို့လိုက် တာ လမ်းမှာ ဘယ်ကောင်က နှောက်လိုက်လဲ မသိဘူး။ မိုင်ယာမီ၊ ဒက်စ်မွိုင်းစ်နဲ့ ဒါကိုတာ မြောက်ပိုင်းက ဖာဂိုအထိ ရောက်သွားတယ်။ နောက်တော့ တယောက်ယောက်က သိသွားပြီး ဆက်သယ် မသွားတော့ဘူး။ ကြားထဲ မှာ သုံးရက်လောက် စောင့်နေရတော့ ဂျောင်ဒဖလိုအစား ကူးအွေ့ဒ်တွေ ထိုးထည့် ကြသလား မသိ၊

အလောင်းက မည်းနက်ပြီး ဝက်ကင်အပုပ်နံ့ ထွက်နေတာ။ အိတ်လာသယ်တဲ့လူ ခြောက်ယောက်လောက် မူးမေ့ကုန် သတဲ့။ ထားပါ၊ ဒါ ကျွန်တော် ကြားဖူးတာ ပြောပြတာ” ဟု ပြောရင်း စိတ်ပါလက်ပါ ရယ်မောနေပြန်၏။ လူးဝစ်က မျက်လုံးစုံမှိတ်ကာ

“ဟုတ်ပါပြီဗျာ။ ကျေးဇူးပါ”

“ခင်ဗျား လိုချင်ရင် ဒေါက်တာ ရင်းဇ်ဝစ်ခ်ရဲ့ ဖုန်းနံပါတ် ပေးလိုက်မယ် လေ ဆရာ။ ဒါပေမဲ့ သူက မနက်ဆိုရင် အော်ရွန်နိုမှာ ဂေါက်ရိုက် သွား နေကျ”

“ရပါတယ်”

သူ ဖုန်းချလိုက်သည်။ မည်မျှ ထူးဆန်း ရှုးနှမ်းသော အိပ်မက် မက်သည် ဖြစ်စေ၊ ပတ်စ်ကောင်း၏ အလောင်းမှာ ဘန်ဂါဖီးလ်တွင် နာရေးလုပ်နေသော သူ့အိမ်သူ ပြန်ရောက်နေတာ သေချာ သလောက် ရှိသည်။ ပြည်ဖုံးကား ချသင့်ပြီ။ ပြီးတာတွေ ပြီးပါစေတော့။

ညနေ အိမ်သို့ အပြန်လမ်းတွင်တော့ ခုတင်ခြေရင်းရှိ အညစ်အကြေးများ နှင့် ပတ်သက်၍ စိတ်သက်သာရာ ရအောင် မိမိကိုယ်ကို ရိုးရိုးကလေးပင်ဖြေရှင်းချက် ထုတ်လိုက်လေ၏။ ယင်းကား သူ ကြုံရသည်မှာ sleepwalking (အိပ်မက်မက်၍ လမ်းထလျှောက်ခြင်း) တမျိုးမျိုး ဖြစ်၍ အလုပ်ဝင်စ ပထမဆုံးနေ့တွင် သူ့ဆေးခန်းထဲ ကျောင်းသား တယောက် သေသွားသည်ကို စိတ်ထဲ၌ မကျေမနပ် ဖြစ်ကျန်ကာ စွဲလမ်း မိသောကြောင့် ဟုပင်။

ထိုအကြောင်းပြချက်ဖြင့် အရာအားလုံးကို ဖြေရှင်းလို့ ရသည်။ အိပ်မက် သည် မယုံနိုင် လောက်အောင်ကို လက်တွေ့ဆန်၏။ အကြောင်းမှာ ယင်း၏ အဓိက အစိတ်အပိုင်းများ ဖြစ်သည့် ကော်ဇော၏ အထိအတွေ့၊ အေးစိမ့်သော နှင်းစက်၊ သူ့လက်မောင်းကို ထိုးမိသော သစ်ကိုင်းခြောက် စသည်တို့ မှာ အစစ်အမှန်များ ဖြစ်နေသော ကြောင့်တည်း။ ထို့ကြောင့် ပတ်စ်ကောင်း သည် တံခါးကို ဖောက်ထွက် ဖြတ်သန်း နိုင်သော်လည်း သူကတော့ ထိုသို့ လိုက်လုပ်၍ မရခြင်း ဖြစ်၏။

သူ့စိတ်ထဲမှာလည်း ပုံရိပ်တခု ပေါ်လာသည်။ မနေ့ညက ရေချယ်သည် အောက်ထပ်သို့ ဆင်းလာပြီး သူ့ကို အိမ်နံရံဆီ တွန်း၍ ဖိခဲ့၏။ အိပ်မက်ထဲ မှာ အိမ်နံရံကို ဖောက်ထွက်ဖို့ ကြိုးစားသော်လည်း မရခြင်းမှာ အတားအဆီးဟု သူ့စိတ်ထဲ စွဲနေသော ကြောင့်တည်း။ နောက်တော့ အဖိခံ ရသူမှာ ရေချယ်သာ ဖြစ်သွားသည် မဟုတ်လား။ ထိုအတွေးကြောင့် သွား များ ပေါ်လာအောင်ပင် ပြုံးမိ၏။

sleepwalking ကြောင့် အိပ်မက်လိုလို တကယ်လိုလို ဖြစ်နေသည့် အချိန် မှာပင် သူ့စိတ်က အိပ်မက် မက်ရခြင်း အကြောင်းရင်းကို ပြန်ဆန်းစစ် နိုင် ခဲ့၏။ တိရစ္ဆာန်သင်္ချိုင်းကို လမ်းလျှောက် သွားခဲ့ခြင်းမှာလည်း မကြာသေးမီ က ကြုံခဲ့ရသော အခြား စိတ်ဖိစီးမှုနှင့် ဆက်နွယ်နေသည်။ ယင်းမှာ ဇနီး သည်နှင့် အချေအတင် စကားများခဲ့သော ရန်ပွဲ၏ အကျိုးဆက် ကြောင့်တည်း။

ထိုကိစ္စမှာလည်း ပထမဆုံးအကြိမ် မရဏသဘောကို မေးခွန်းထုတ် သည့် သမီးဖြစ်သူ၏ အတွေးကြောင့် ဖြစ်သည်။ သူအိပ်ရာဝင်ချိန်မှာ မသိစိတ်က ထိုအကြောင်းအရာကို စွဲလမ်းနေခြင်း ဖြစ်ရမည်။

အိမ်သို့ အဆင်ပြေ ချောမွေ့စွာ ပြန်ရောက်လာခြင်းက ကံကောင်းလှသည်။ မည်သို့မည်ပုံ သွားခဲ့၊ ပြန်ခဲ့သည်ကိုပင် မမှတ်မိတော့။ အကယ်၍ သည်မနက်ကျမှ တိရစ္ဆာန် သင်္ချိုင်းထဲ အက်ိမီမပါ ကိုယ်ဗလာနှင့် နှင်းရည် များ စိုရွှဲကာ ပြန်နိုးလာခဲ့လျှင် ဘယ်လိုနေမလဲ မသိ။ ရေချယ့်ကိုလည်း ဘယ်လို ရှင်းပြရမလဲ မသိတော့။ အခုတော့ အားလုံး ပြီးဆုံးသွားပြီ။

ထိုသို့ တွေးမိတော့ အတိုင်းမသိ စိတ်သက်သာရာ ရမိသည်။ ဟုတ်ပြီ၊ နေဦး။ ပတ်စ်ကောင်း သေခါနီးတုန်းက ပြောခဲ့တာတွေကျ ဘယ်လိုလုပ်မတုံး။ သူ့စိတ်က ထိုသို့ မေးခွန်းထုတ်ရန် ကြိုးစားသည့် ခဏ၌ အတွေးတို့ကို နေရာမှာတင် ခပ်မြန်မြန် ရပ်တန့် ပစ်လိုက်၏။

ထိုညနေတွင် ရေချယ် မီးပူတိုက်နေပြီး အယ်လီနှင့် The Muppet Show အစီအစဉ် အတူ ထိုင်ကြည့်နေစဉ် လူးဝစ်က ရေချယ့်အား အပြင်ထွက်၍ လေကလေးဘာလေး ရှူဖို့ ဟိုနားဒီနား လမ်းထွက် လျှောက်ဦးမည်ဟု ပြော လိုက်သည်။ သူမက မီးပူတိုက် နေရာမှ မော့မကြည့်ဘဲ

"ဂေ့ဂျ်ကို သိပ်ဖို့ အချိန်မီ ပြန်လာမှာလား။ ကိုရှိရင် သူအိပ်တာ ပိုမြန်မှန်း သိပါတယ်နော်" ဟု ဆို၏။

"ပြန်လာမှာပေါ့"

အယ်လီက တီဗွီ အကြည့် မပျက်ဘဲ

"ဘယ်သွားမလို့လဲ ဖေဖေ" ဟု လှမ်းမေး၏။

"အပြင်ခဏ သွားမလို့ သမီး"

ပြောပြောဆိုဆို သူ ထွက်လာ လိုက်၏။ ၁၅ မိနစ်လောက် ကြာတော့ တိရစ္ဆာန် သင်္ချိုင်းထဲ သူ ရောက်သွားသည်။ လူးဝစ်စိတ်ထဲမှာ ဤနေရာသို့ အရင်က ရောက်ခဲ့ဖူးသလိုမျိုး (Déjàvu) ခံစားချက်ကို ပီပီပြင်ပြင် ခံစား ရသဖြင့် ဘေးပတ်လည်ကို သေသေချာချာ စူးစမ်းလေ့လာ ကြည့်သည်။ ထိုအခါ သံသယဖြစ်စရာ မရှိလောက်အောင် သေချာသွား၏။ စမက်ကီဘာ ညာ ရေးထားသော ကမ္ပည်းတိုင်ပြား ကလေးမှာ မြေမှာ လဲကျနေသည်။ အိပ်မက်ထဲမှာ ပတ်စ်ကောင်း ထိုအနီးအနား ရပ်နေရာမှ အဆုံးသတ်ခါနီး မှာ သူ့အနား တိုးလာသည်ကို မြင်ယောင်မိ၏။ ထို့နောက် သစ်ကိုင်းခြောက် ပုံကြီးဆီ လျှောက်သွားသည်။

ထိုအရာကြီးကို သူ လုံးဝ မနှစ်မြို့ချေ။ ရာသီဥတုဒဏ်ကြောင့် ဖြူရော် ဖွေး ဆုတ်နေသည့် သစ်ကိုင်းခြောက်များက ရွှစိရွှစိ ဖြစ်နေသော အရိုးပုံကြီး အဖြစ် ပြောင်းလဲနေသည်ကို ပြန်မြင်ယောင်ပြီး ကျောစိမ့်လာ၏။ စိတ် တင်း၍ သစ်ကိုင်း တချောင်းကို လက်နှင့် သွားတို့ကြည့်သည်။ ထိုအခါ ပိုက်ချောင်းများ ချိန်ညှိ၍

စုပုံထား သကဲ့သို့ ဖြစ်နေသည့် သစ်ကိုင်း တချို့က အနေအထား ပျက်ကာ အပုံကြီးဘေးသို့ ပြုတ်ကျ လာ၏။ လူးဝစ်က သူ့ ဖိနပ်ကို လာမထိခင် နောက်သို့ ခုန်ရှောင်သည်။

ထိုသစ်ကိုင်းခြောက် ပုံကြီးကို သူ ဘယ်ညာပတ်၍ လိုက်ကြည့်သောအခါ နှစ်ဖက်လုံးတွင် တိုးမပေါက်နိုင်အောင် ထူထပ်စွာ စုပုံထားကြောင်း တွေ့ ရ၏။ သူ့ဦးနှောက်လောက် ဖြင့်တော့ ထိုအပုံကြီးကို ဖြတ်လို့ ရမှာ မဟုတ် ဟု တွေးမိသည်။ မြေပေါ်မှာလည်း အဆိပ်နွယ်ပင်များ အုံလိုက် ကျင်းလိုက် ပေါက်နေ၏။ ထိုအပင်များတွင် သူ မြင်ဖူးသမျှထဲ အကြီးဆုံးနှင့် ကြောက် စရာ အကောင်းဆုံးဟု ဆိုရမည့် ဆူးချောင်းများလည်း ရှိသည်။

လူးဝစ်က ဂျင်းဘောင်းဘီ အိတ်ထဲ လက်နှိုက်ကာ အနောက်ဆုတ်၍သစ်ကိုင်းခြောက်ပုံ အလယ်တည့်တည့်ကို ရပ်ကြည့်သည်။

ဒါကြီးပေါ် တက်ဖို့တော့ ကြိုးစားမှာ မဟုတ်ပါဘူးနော်၊ တက်မလို့လား။ ဟင့်အင်း။ ငါက ဘာလို့ ဒီလို မိုက်ရူးရဲ လုပ်ချင်ရမှာလဲ။ ကောင်းတယ်၊ ခဏလောက် စိတ်ပူပါရစေဦး လူးဝစ်ရဲ့။ တော်ကြာ ခြေထောက်ကျိုးလို့ ကိုယ့်ဆေးခန်းထဲ ကိုယ့်ဘာသာ ပြန်သွား နေရမယ်နော်။ ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါ့မယ်။ ဟုတ်သားပဲ။ ကဲ မှောင်လည်း မှောင်လာပြီ။

လူးဝစ်သည် သူ့ဘာသာ အတွေးဖြင့် မေးလိုက်၊ ဖြေလိုက် လုပ်ပြီးနောက် သစ်ကိုင်းခြောက်ပုံပေါ် စတက်လေ၏။ တဝက်လောက်သာ တက်ရသေး သည်၊ သူ့ခြေထောက်အောက်မှ တဖြောက်ဖြောက် မြည်သံ ထွက်လာသလို ခံစားရ၏။

အရိုးပုံထဲ လိမ့်ကျတော့မှာပဲ ဒေါက်တာရယ်။

သစ်ကိုင်းခြောက်ပုံကြီး ရွှဲ့စောင်းလာသဖြင့် သူ ပြန်ဆင်းရသည်။ ရှပ်အင်္ကျီအောက်နားစက ဘောင်းဘီထဲက ထွက်လာ၏။ လူးဝစ်သည် အထိအခိုက် မရှိဘဲ မြေပေါ် ပြန်ရောက်လာပြီး လက်နှစ်ဖက်မှာလည်း ဖုန် အလိမ်းလိမ်း ပေကျံနေ၏။ ထို့နောက် အိမ်ရှိရာ လမ်းကြောင်း အတိုင်း ပြန် ရန် ပြင်သည်။ ကလေးတွေ အိပ်ရာမဝင်ခင် ပုံပြင် ဖတ်ပြရဦးမည်။ ကလေး တွေ အိပ်သွားလျှင် မီးဖိုချောင်ထဲမှာ ဇနီးသည်နှင့် လက်ဖက်ရည် သောက်ရ ဦးမည်။ တိမ္မေးကု ဆရာဝန်ဆီ ရောက်တော့မည်ကို မသိရှာသော ချာ့ကို လည်း ဂရုစိုက်ရဦးမည်။ မသွားခင် စိမ်းလန်း တိတ်ဆိတ်နေသော မြေကွက်လပ်ကို သူ သေချာ ကြည့်ရှုလိုက်သည်။

ဘယ်က ရောက်လာမှန်း မသိသော မြူခိုး လက်တံများက မြေပြင်ကို စ၍ ရစ်သိုင်း လွှမ်းခြုံလာ၏။ စတုန်းဟင့်ချ် ကျောက်တိုင်တွေလို ဖြစ်နေတဲ့ စက်ဝိုင်း အထပ်လိုက် ပုံသဏ္ဍာန် မြေပုံအားလုံးဟာ လဒ်လိုမြောက်ပိုင်းကကလေးတွေ မျိုးရိုးစဉ်ဆက် ကိုယ့်ခြေကိုယ့်လက်နဲ့ ဖန်တီးထားတာမှ ဟုတ်ရဲ့လား။ သစ်ကိုင်းခြောက်ပုံကြီး ယိမ်းယိုင် မလာခင်က ထိပ်ဖျားဆီ တချက်တော့ လှမ်းကြည့်မိခဲ့သည်။ ထိုသစ်ကိုင်းခြောက်ပုံ နောက်ကွယ်၌ ပို၍ နက်ရှိုင်းသော

တောအုပ်ထဲသို့ သွားရာ လမ်းကြောင်းတခု ရှိကိုရှိ သည်ဟု သူ ကျိန်တွယ် ပြောရဲသည်။

အဲဒါ မင်းအလုပ်လား လူးဝစ်။ ထားလိုက်စမ်းပါ။ ဟုတ်ပါပြီ။

လူးဝစ် အိမ်ကိုသာ လှည့်ပြန် လိုက်သည်။

ရေချယ် အိပ်ရာဝင်ပြီး တနာရီလောက် ကြာသည်အထိ သူမအိပ်ဘဲ ဆေးပညာဂျာနယ် တပုံတခေါင်းကို လိုက်ဖတ်နေမိသည်။ အိပ်ဖို့အရေး တွေးမိသည်နှင့် စိတ်လှုပ်ရှား လာသည်ကို စိတ်ထဲမှ ငြင်းဆန်နေ၏။ ယခင် က တခါမှ သည်လို မဖြစ်ဖူးချေ။ sleepwalking နောက်တခေါက် ထပ်၍ ဖြစ်မည်၊ မဖြစ်မည်ကို သူ ယတိပြတ် ပြောလို့မရ။

ရေချယ် အိပ်ရာက ထလာသံကို သူ ကြားရ၏။ သူမက

"ကို၊ လာတော့လေ အချစ်ရယ်" ဟု ညင်သာစွာ လှမ်းခေါ်၏။ သူက

"ခုပဲ လာတော့မလို့" ဟု ဆိုကာ မီးအိမ်ကို ပိတ်၍ ထသွားသည်။

ထိုညက အိပ်ပျော်ဖို့ ၇ မိနစ်ထက် ပိုကြာခဲ့သည်။ သူ့နံဘေးက ရေချယ်၏ ရှည်လျား တည်ငြိမ်သော အသက်ရှူသံကို နားထောင်ရင်း ဗစ်တာပစ်တ် ကောင်း၏ တစ္ဆေပုံရိပ်လွှာသည် အိပ်မက် မဆန်လှကြောင်း တွေးမိ၏။ သူ မျက်လုံး မှိတ်လိုက်လျှင် အခန်းတံခါး ဝုန်းခနဲ ပွင့်သွားပြီး ညှော်သည်တော်ကြီး တယောက် အားကစား ဘောင်းဘီတိုနှင့် မတ်တတ် ရပ်နေမည်ကို မြင်ရမှာ ကြောက်သည်။

လရောင် ဆမ်းထားသော စက်ဝိုင်းသင်္ချာန် မြေပုံများရှိရာ အေးစက်စက်တိရစ္ဆာန် သင်္ချိုင်းထဲမှာ သတိဝင်ပြီး နိုးလာလျှင် တောထဲက လမ်းကြောင်း အတိုင်း အိမ်ကို လမ်းလျှောက် ပြန်လာရမည်ဟု တွေးရင်း သူ အိပ်ပျော် သွားသည့် အချိန်၌ ညသန်းခေါင် ကျော်သွားလေပြီ။ ဘာအိပ်မက်မှ မမက်။ မနက် ၇ နာရီခွဲတွင် ပြတင်းပေါက်ကို လာမှန်သော ဆောင်းဦးမိုးသံ ကြောင့် သူ ဆတ်ခနဲ နိုးသွားသည်။ စိုးရိမ်စိတ်ဖြင့် စောင်များကို ဆွဲလှန်ကြည့်တော့ ခြေရင်းမှာ ဘာအညစ်အကြေးမှ မရှိ၊ ဖြူစင် သန့်ရှင်းလျက်။ အနည်းဆုံးတော့ သူ့ခြေဖဝါးများလည်း သန့်စင်နေသည်။ ရေချိုးတော့ လေချွန်နေမိမှန်း သူ့ကိုယ်သူ သတိထားမိ၏။

****

အခန်း (၁၉)

ရေချယ်က ချာ့ကို တိမ္မွေးကု ဆရာဝန်ဆီ သွားပို့နေစဉ် ဂေ့ဂျ်ကို မစ်ဆီ ဒန်းဒရစ်ဂျ်က ထိန်းထား၏။ ထိုညက အယ်လီခမျာ ၁၁ နာရီကျော်သည် အထိ အိပ်မပျော်ဘဲ ချာ့မရှိရင် မအိပ်တတ်ဘူးဟု တဗျစ်တောက်တောက် ပြောဆိုလျက် ရေတခွက်ပြီး တခွက် ထသောက် နေလေသည်။ နောက်ဆုံး လူးဝစ်က အိပ်ရာထဲ သေးပေါက်ချမည် စိုး၍ ထပ်မသောက်ဖို့ တားသောအခါ ရက်စက် လှပါသည်ဟု စိတ်ကောက်၍ ငိုယိုလေ၏။ ရေချယ်နှင့် လူးဝစ်က တယောက်ကို တယောက် မျက်ခုံးပင့်၍သာ ကြည့် လိုက် မိကြသည်။

"သမီးက ချာ့တခုခု ဖြစ်မှာ စိုးရိမ်နေတာ ကိုရဲ့။ ငိုပါလေ့စေ၊ ထားလိုက်"

"အကြာကြီးတော့ ငိုမှာ မဟုတ်ပါဘူးကွယ်။ ကိုတော့ အဲဒီလို မျှော်လင့်မိ တာပဲ"

သူပြောတာ မှန်သွား၏။ အယ်လီငိုသံက တဖြည်းဖြည်း ရှိုက်သံ၊ ကြို့ထိုး သံ၊ ညည်းညူသံအဖြစ် ပြောင်းလာပြီး နောက်ဆုံး၌ တိတ်သွား၏။ လူးဝစ် အပေါ် တက်ကြည့်တော့ အယ်လီက ချာ့ဝင်အိပ်ခဲ့သော ကြောင်အိပ်ရာကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ပွေ့ပိုက်ရင်း ကြမ်းပြင်မှာ အိပ်ပျော် နေသည်ကို တွေ့ရ၏။

သူက ကြောင်အိပ်ရာကို အယ်လီ လက်ထဲမှ ဖယ်ကာ ခုတင်ပေါ် တင်သည်။ ချွေးစို့နေသော သူမမျက်ခုံးပေါ်က ဆံစများကို အသာ သပ်တင်ကာ နမ်းလိုက်၏။ ထို့နောက် တခုခု လုပ်ပေးရန် စိတ်ပိုင်းဖြတ်ကာ ရေချယ့်ရုံးခန်း သဖွယ် ပြင်ဆင်ထားသော အခန်းငယ်ထဲ ဝင်၍ စာရွက် တရွက် ပေါ်တွင် စာလုံးအကြီးများဖြင့် "မနက်ဖြန် ပြန်လာမယ်၊ ချစ်တဲ့ ချာ့" ဟု ရေးသည်။ ထိုစာရွက်ကို ကြောင်အိပ်ရာ အောက်ခြေမှာ ပင်အပ်နှင့် တွယ် ထားလိုက်၏။ ပြီးမှ ရေချယ့်ကို ရှာရင်း အိပ်ခန်းထဲ ဝင်ကြသည်။

သောကြာနေ့မှာ ချာ့ အိမ်ပြန် ရောက်လာသည်။ အယ်လီက ချာ့အတွက် သူမ၏မုန့်ဖိုးထဲမှ ကြောင်စာတဘူး ဝယ်လာခိုင်းသည်။ အယ်လီ သည်း သည်းလှုပ်ချက်က ဂေ့ဂျ်ကိုပင် ချာ့အား အထိမခံပေ။ ဂေ့ဂျ်အော်တော့ မိဘ နှစ်ပါးလည်း မည်သို့ လုပ်ရမှန်းမသိ ဖြစ်ကုန်၏။ အယ်လီ အမျက်တော် ရှ မှာကို ဘုရားမကြိုက်၊ နတ်မကြိုက် အလုပ်လို ကြောက်ရ၏။

လူးဝစ်မှာ ချာ့ကို ကြည့်ပြီး စိတ်မကောင်း။ ရယ်စရာ ကောင်းပေမဲ့ မရယ် ချင်ဘဲ သနားပဲ သနားသည်။ ချာ့မှာ ယခင်ကလို တက်ကြွသည့် လက္ခဏာ မရှိတော့။ လမ်းလျှောက်ရာတွင် ထီမထင်ဟန် မရှိတော့ဘဲ နာလန်ထကာစ လူမမာကဲ့သို့ လေးတိ လေးကန်နှင့် ဂရုတစိုက် ခြေလှမ်းသည်။ အယ်လီ လက်နှင့် ခွံ့ကျွေးသည် ကိုတော့ လက်ခံ၏။ အိမ်အပြင် ထွက်ချင်ဟန်လည်း မရှိသလို အမှိုက်ပုံ အနားပင် သီချင်ဟန် မရှိတော့။ ယခုလို ပြောင်းလဲ လိုက်သည်ကပင် ပိုကောင်းသေးတော့။ ရေချယ်နှင့် အယ်လီကတော့ သတိထားမိပုံ မရချေ။

****

အခန်း (၂၀)

အင်ဒီးယန်းနွေက မသိလိုက် မသိဘာသာပင် ကုန်ဆုံး သွားသည်။ မြင်မြင်သမျှ သစ်ပင်တို့မှာ ကြေးဝါရောင် ပြောင်းပြီးသည့်နောက် ဖျော့တော့ သွား၏။ အေးစက်၍ မိုးရွာသော အောက်တိုဘာလ လယ်ကို ကျော်လွန် ပြီးသောအခါ သစ်ရွက်များ စကြွေလာသည်။ အယ်လီက ကျောင်းမှာ လုပ်လာသော ဟယ်လိုဝင်း အဆင်တန်ဆာများ တပွေ့တပိုက်ကြီး အိမ်ယူလာပြီး ဝေ့ဂျ်အား ခေါင်းပြတ် မြင်းစီးသမား ဇာတ်လမ်းကို ဖျော်ဖြေပြလေ၏။ ထို ညနေတွင် ဝေ့ဂျ်က "အစ်ချီဘော့ဘရိန်း"ဟူသော နာမည်ကို တတွတ်တွတ် ရွတ်ကာ ပျော်နေလေ၏။ အမှန်မှာ ဝေ့ဂျ်က ခေါင်းပြတ် မြင်းစီးသမား ဇာတ်လမ်းထဲမှ "အစ်ခါဘာခရိန်း"ဟူသော ဇာတ်ကောင်၏ အမည်ကို မပီကလာပီကလာ ရေရွတ်ခြင်း ဖြစ်သည်။ သူတို့ကို ကြည့်ပြီး ရေချယ် ရယ် လိုက်သည် မှာကား အတော မသတ်တော့ချေ။ ထိုဆောင်းရာသီ အစော ပိုင်းသည် သူတို့ မိသားစုအတွက် ပျော်စရာ ကာလလေးတခု ဖြစ်ခဲ့လေသည်။

တက္ကသိုလ်ကျောင်းက လူးဝစ်၏ အလုပ်မှာ အထိုင်ကျလာပြီး သူ့ အချိန်ဇယားနှင့်သူ သာသာယာယာ လည်ပတ်လာသည်။ သူ လူနာကြည့်သည်။ ကောလိပ်ကောင်စီ အစည်းအဝေးများ တက်သည်။ ကျောင်းသူများ ကို လိင်နှင့် ပတ်သက်သော ကူးစက်ရောဂါများ အတွက် ကျောင်းဆေးရုံ သီးသန့်ခန်းမှာ နှစ်သိမ့်ဆွေးနွေး အကြံပေးနေပါကြောင်းနှင့် ဆောင်းတွင်း မှာ ကူးစက် ပျံ့နှံ့လွယ်သည့် အအေးမိ နှာစေးကဲ့သို့ သာမန် ရောဂါဝေဒနာများ အတွက် အဖျား ပျောက်ဆေးများဖြင့် ကြိုတင် ကာကွယ်ကြရန် တိုက်တွန်း နှိုးဆော်ရင်း ကျောင်းသတင်းစာမှာ ခေါင်းစီးစာတွေ တာဝန် ယူ၍ ရေးသည်။ စကားဝိုင်းများ ဖွဲ့၍ ဦးဆောင် ဆွေးနွေးပေးသည်။ အောက်တိုဘာလ ဒုတိယပတ်တွင် တက္ကသိုလ်နှင့် ကောလိပ် ဆေးဌာန အတွက် နယူးအင်္ဂလန်ရှိ စည်းဝေးပွဲကို သွားတက်ရသည်။ သူက ကျောင်းသားလူနာ ဆေးကုသမှုမှာ ကြုံတွေ့ရသော မျှော်လင့်မထားသည့် အကျိုးရလဒ်များ ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းဖတ်သည်။ ထိုစာတမ်းထဲ တွင် ဗစ်တာပတ်စ်ကောင်း အကြောင်းကို "ဟင်နရီမွန်တက်ဇ်" အမည်ဝှက်ဖြင့် ရေးထည့် ထားသည်။ စာတမ်းကို ပရိသတ်များက ကောင်းစွာ လက်ခံ ကြ၏။ ထို့နောက် နောက်စာသင်နှစ်အတွက် ဆေးရုံဘတ်ဂျက်ကို စ တွက်သည်။

ညနေခင်းတိုင်း သည်လည်း ပုံမှန်လုပ်ရိုး လုပ်စဉ်အတိုင်း လည်ပတ် နေသည်။ ညစာ စားပြီး ကလေးများနှင့် နေသည်။ နောက်ပိုင်း၌ ဂျထ်နှင့် အတူ ဘီယာတခွက် တဖလားလောက် သွားချတတ်သည်။ တခါတလေ အိမ်မှာ မစ်ဆီရှိနေလျှင် ရေချယ်ပါ တနာရီလောက် လိုက် လာတတ်၏။ နော်မာပင် တခါတရံ လာထိုင်တတ်သည်။ အများစု ကတော့ ဂျထ်နှင့် လူးဝစ် နှစ်ယောက်တည်းသာ ဖြစ်၏။ ဂျထ်နှင့် အနေ ကြာလာလေ၊ နေရထိုင်ရ ပိုအဆင်လာလေ ဖြစ်သည်။ အဘိုးကြီးက လဒ် လိုမြို့ သမိုင်းကြောင်းကို

လွန်ခဲ့သော အနှစ် သုံးရာလောက်က စပြော တတ်သည်။ မသိလျှင် ထိုစဉ်ကတည်းက သူရှိနေခဲ့သလိုလို။ ဂျထ်က စကားသာ များသော်လည်း ဟိုဟိုဒီဒီတော့ လိုက်မပြချေ။ သူ့စကားကို လူးဝစ်က မပျင်းမရိ နားထောင်တတ် သော်လည်း တကြိမ်တွင် ရေချယ်က လက်မောင်းနှင့် ကွယ်၍ ခိုးသမ်းသည်ကို တွေ့ဖူးသည်။

ညဆိုလျှင် ၁၀ နာရီ မထိုးခင် သူ့အိမ်ဘက် ပြန်ကူးလာတတ်သည်။ ပြီး လျှင် ရေချယ်နှင့် ချစ်စခန်း ဖွင့်သည်။ လက်ထပ်ပြီးစ ပထမဆုံး တနှစ် အတွင်းကပင် ချစ်စခန်းဖွင့်သည့် အကြိမ်ရေ သည်လောက် မများဖူးချေ။ ယင်းမှာ ဤဒေသရှိ အာတီးရှန်းတွင်း ရေကြောင့်ဖြစ်မည်ဟု ရေချယ်က ယုံကြည်၏။ လူးဝစ်ကတော့ မိန်းပြည်နယ်က လေထုကြောင့် ဟုသာ ယူဆ၏။

ပတ်စ်ကောင်း၏ အဖြစ်ဆိုးမှာ ပထမနှစ်ဝက် စာမေးပွဲ နီးလာသည်နှင့် အမှု ကျောင်းသားတို့၏ အာရုံထဲမှာ သာမက လူးဝစ်၌ပါ တိုးတိတ် ဖျော့တော့သွား၏။ ကာယကံရှင်၏ မိသားစုကတော့ ဝမ်းနည်း ကြေကွဲဆဲ ဖြစ် နေလိမ့်မည်။ မျက်နှာချင်း မဆိုင်ဝံ့စရာ မျက်ရည်ကြီးငယ် အသွယ်သွယ်နှင့် သနားစရာ ပတ်စ်ကောင်း၏ ဖခင်ကို တယ်လီဖုန်းမှ တဆင့် ပြော ဖြစ်သည်။ သူက လူးဝစ်ကို အစွမ်းကုန် ကြိုးစားပေးရဲ့လား သေချာချင်သည်။ လူးဝစ်ကလည်း ပါလာသမျှလူ အကုန်လုံး အမြင်ပင် ဖြစ်ကြောင်း သေချာ ပြောပြသည်။ သူ့သားသည် ရောက်လာ ကတည်းက သေလုမြောပါး ဖြစ်နေကြောင်း၊ ကော်ဇောပင် ပေကျံ သွားကြောင်းနှင့် ထင်ယောင်ထင်မှား ဖြစ်ခဲ့သည့် အခြေအနေများ ကိုတော့ ပြောမပြလိုက် ချေ။ ဤအရာများမှာ သူ့တယောက်တည်းသာ မေ့ပစ်လို့ မရသည့် အကြောင်းခြင်းရာ ဖြစ်နေသည်ပဲ။ ပတ်စ်ကောင်းကို မတော်တဆ သေဆုံး သွားသည်ဟု ယူဆထားသူတို့ အတွက် ယင်းတို့ကို ပြည်ဖုံးကား ချပစ်လိုက် ပြီ။

အိပ်မက်မက်၍ sleepwalking ဖြစ်ခဲ့ခြင်းကို မှတ်မိနေဆဲ ဖြစ်သော်လည်း ယခုအချိန်၌ တခြား တယောက်ထံ၌ ဖြစ်ပေါ်ခဲ့သလိုမျိုး သို့မဟုတ် တီဗွီ မှာ ကြည့်မိခဲ့သော အစီအစဉ် တခုလိုမျိုးသာ ခံစားရတော့သည်။

လွန်ခဲ့သော ၆ နှစ်က ချီကာဂိုမှာ ပြည့်တန်ဆာ တယောက်စီ သွားခဲ့သလို မျိုး ခပ်ပေါ့ပေါ့သာ သဘောထား လိုက်သည်။ ပတ်စ်ကောင်း သေရခြင်း အကြောင်းရင်း ကိုလည်း သူ မတွေးတော့။

ဟယ်လိုဝင်းညမှာ ဆီးနှင်းတွေ ခဲနေအောင် အေးသည်။ လူးဝစ်နဲ့ အယ်လီတို့ သားအဖက ဂျထ်ဆီ လာလည်၏။ စုန်းမဝတ်စုံနှင့် အယ်လီက နော်မာ့မီးဖိုချောင်နားက တံမြက်စည်းကို ခွစီးချင်သဖြင့်

“ဒါလေးက သမီး တွေ့ဖူးသမျှထဲမှာ ချစ်စရာ အကောင်းဆုံးပဲ။ ဟုတ်တယ်မလား ဂျထ်” ဟု စကားခေါ်သည်။

ဂျထ်က သူမစကားကို ထောက်ခံရင်း စီးကရက် တလိပ် မီးညှိကာ

“ဂေ့ဂျ်ရော။ သူ့ကို သမီးက အကျႌ လဲပေးထားတယ်ဆို” ဟု မေး၏။

အမှန်မှာ အိမ်တွင် ရေချယ်နှင့် မစ်ဆီက ပိုးကောင် အရုပ်ဝတ်စုံကြီးများ ဝတ်ပြရန် စီစဉ် ထားသောကြောင့် ဂေ့ဂျ်ကို ခေါ်ထားရန် ကြံစည်ထား၏။ သို့သော် ကံဆိုးရှာသော ဂေ့ဂျ်က အဆုတ်အအေး မိသွား၏။ ညနေ ၆ နာရီ တွင် အပြင်ဘက်၌ အပူချိန်က ၄၀ ဒီဂရီသာ ရှိသည်။ ဂေ့ဂျ်၏အဆုတ်ကို နားထောင် ကြည့်သောအခါ မဆိုစလောက် ပြင်းနေသဖြင့် လူးဝစ်က စီစဉ် ထားသမျှ ဖျက်စေလိုက်သည်။ ရေချယ်က သိပ်တော့ မကျေနပ်သော်လည်း သဘောတူ လိုက်၏။ အယ်လီက ဂေ့ဂျ်ကို သူမ၏သကြားလုံး ပေးမည်ဟု ကတိပေးလိုက်သည်။ သူမက ကြိုတင် ပြင်ဆင် ထားသော လေသံဖြင့်

"ဂေ့ဂျ်ကို သနားလိုက်တာ" ဟု ဆို၏။

ဘာမှမသိသော ဂေ့ဂျ်က ဆိုဖာပေါ် ထိုင်ကာ တီဗွီ ကြည့်နေသည်။ သူ့ ဘေးမှာ ချာ့က မှိန်းနေ၏။ ဂေ့ဂျ်က သိပ်စိတ်မဝင်စား သလိုမျိုး

"အယ်လီ စုန်းမ" ဟု ပြန်ပြောကာ တီဗွီဘက် ပြန်လှည့် သွား၏။ အယ်လီက သက်ပြင်းတချက် ထပ်ချကာ

"သနားလိုက်တာ ဂေ့ဂျ်ရယ်" ဟု ဆိုပြန်၏။

အယ်လီ ပြောနေပုံက စိတ်ထဲက မပါသလို လူးဝစ် ခံစားရသည်။ ထို့နောက် သူမက လူးဝစ်၏လက်ကို ဆွဲကာ

"သွားရအောင် ဖေဖေ။ သွားမယ်၊ သွားမယ်၊ သွားမယ်" ဟု ပြောသဖြင့် သားအဖ နှစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်၏။ လူးဝစ်က ဂျထ်အား

"ဂေ့ဂျ်က အအေးမိနေလို့ဗျာ" ဟု ပြောပြလိုက်သည်။ နော်မာက

"ဖြစ်ရလေဟယ်။ ဒီတော့လည်း နောက်နှစ်ကျ ပိုပျော်ဖို့ ကောင်းသွားတာ ပေါ့။ အိတ်ကိုင်ထား အယ်လီ၊ ဟဲ့...၊ ဟဲ့"

နော်မာသည် စားပွဲပေါ်ရှိ ပန်းကန်လုံးထဲက ပန်းသီး တလုံးနှင့် စနစ်ကာ ချောကလက် အပြားကြီးကို ဆွဲယူရာ နှစ်ခုလုံး လက်ထဲက လွတ်ကျ သွားလေ၏။ အရိုးနှင့်အရေ ဖြစ်နေသော အဘွားကြီး၏ လက်ကို ကြည့်ကာ လူးဝစ် အနည်းငယ် ထိတ်လန့် သွားသည်။ သူ လှမ်းကောက် သော်လည်း ပန်းသီးက ကြမ်းပြင်မှာ လိမ့်သွား၏။ ဂျထ်က ချောကလက်ပြားကို ဖမ်းမိ ပြီး အယ့်အိတ်ထဲ ထည့်ပေးသည်။ နော်မာက

"နောက်တလုံး ယူပေးမယ် သမီးလေး။ အဲဒီတလုံးက နာသွားပြီ" ဟု ဆိုလိုက်ရာ လူးဝစ်က

"ရပါတယ်" ဟု ဆိုကာ ထိုပန်းသီးကို လိုက်ကောက်ပြီး အိတ်ထဲ ထည့် ပေးရန် ပြင်နေစဉ် အယ်လီက အိတ်ကို သေချာ ပိတ်၍ ကိုင်ကာ ထထွက် ရင်း

"သမီး ပန်းသီးအနာကြီး မယူချင်ဘူး ဖေဖေ။ အညိုကွက်တွေနဲ့ အော့ အော့ကြီး" ဟု ပြောလိုက်ရာ လူးဝစ် စိတ်ဆိုး သွား၏။

"အယ်လီ၊ သမီးပြောတာ သိပ်ရိုင်းတာပဲ"

"ကလေးက အမှန်အတိုင်း ပြောတာပဲကို။ မဆူပါနဲ့ လူးဝစ်ရယ်။ ကလေး

မှပဲ အမှန်ပြောတာ မင်း သိပါတယ်။ ဒါကြောင့်ပဲ ကလေး ဖြစ်နေတာပေါ့။ အညိုကွက်တွေက အော့အန်ချင်စရာ ကြီးပဲဟာ”

အယ်လီက ဖအေကို တွေ့တယ်မလား ဟူသော အကြည့်ဖြင့် ကြည့်ရင်း

“ကျေးဇူးတင်ပါတယ် မစ္စက် ခရန်ဒဲလ်” ဟု ဆို၏။ နော်မာက

“ရပါတယ် သမီးရဲ့”

ဂျထ်က သူတို့ကို ပေါ်တီကိုအောက် အထိ လိုက်ပို့သည်။ တစ္ဆေလေး နှစ်ကောင် လျှောက်လာရာ အယ်လီက သူမကျောင်းမှ သူငယ်ချင်းများမှန်း မှတ်မိသွားပြီး သူတို့ကို မီးဖိုချောင်ဘက် ခေါ်သွားသဖြင့် ဂျထ်နှင့် လူးဝစ်တို့ နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့၏။ လူးဝစ်က

“သူ အဆစ်ရောင်တာ ပိုဆိုးလာတယ်နော်”

ဂျထ်က ခေါင်းညိတ်ကာ စီးကရက်ကို ပြာခွက်ထဲ ခြွေချလိုက်၏။

“ဟုတ်တယ်။ ဆောင်းဦးပေါက်တို့၊ ဆောင်းတွင်းတို့ဆို ပိုဆိုးပြီ။ ဒါပေမဲ့ ဒီတခေါက် ကတော့ တွေ့ဖူးသမျှထဲ အဆိုးဆုံးပဲ”

“သူ့ဆရာဝန်က ဘာပြောလဲ”

“မပြောဘူး။ ပြောလို့လည်း မရဘူး။ နော်မာက သွားမပြတော့ဘူးလေ”

“ဘာရယ်၊ ဘာဖြစ်လို့ မပြတာလဲ”

ဂျထ်က လူးဝစ်ကို ကြည့်သည်။ တစ္ဆေလေး နှစ်ကောင်ကို စောင့်နေသော စတေရှင်ဝက်ဂွန်း၏ ကားရှေ့ မီးရောင်ဖြင့် ဂျထ်တယောက် ဘာပြောရ မှန်းမသိ ဖြစ်နေပုံကို သူမြင်ရ၏။

“မောင်ရင့်ကို ဘယ်အချိန် တိုင်ပင်ကြည့်ရ ကောင်းမလဲ စဉ်းစားနေခဲ့တာလူးဝစ်။ ခင်မင်မှုကို အခွင့်အရေး ယူသလို ဖြစ်နေမှာလည်း စိုးတယ်။ မောင်ရင် သူ့ကို ကြည့်ပေးလို့ ရမလား”

မီးဖိုချောင်ထဲမှ တစ္ဆေလေး နှစ်ကောင်၏ ဝူးဝူးဝါးဝါး ခြောက်လှန့်သံနှင့် တပတ်လုံး လေ့ကျင့်ထားသော အယ်လီ၏ ကြောက်လန့်တကြား ရယ်သံ ကို ကြားရ၏။ ဟယ်လိုဝင်း ပီသသော အသံဗလံများပါပေ။

“နော်မာက ဘာဖြစ်တာလဲ။ သူ တခုခုကိုများ ကြောက်နေလို့လား ဂျထ်”

ဂျထ်က လေသံကို နှိမ့်ကာ

“ရင်ဘတ်ထဲက အောင့်အောင့် နေတာ။ ဒေါက်တာ ဝေးဘရစ်ဂျ်ဆီလည်း ထပ်မပြတော့ဘူး။ ငါကတော့ နည်းနည်း စိုးရိမ်တာပေါ့လေ”

“နော်မာကရော စိုးရိမ်ရဲ့လား”

ဂျထ်က ချီတုံချတုံဖြင့်

“ငါ့စိတ်ထင် သူကြောက်နေတယ် ထင်ပါရဲ့။ ဒါကြောင့်သာ ဆရာဝန်ဆီ

သွားမပြချင်တာ ဖြစ်မယ်။ ဘက်တီကော့စလော ဆိုတဲ့ သူ့မိတ်ဆွေဟောင်း တယောက် ပြီးခဲ့တဲ့လကပဲ အီးအမ်အမ်စီမှာ ဆုံးသွားတယ်။ သူက နော်မာ့ အသက်အရွယ် လောက်ပဲ။ ဆိုတော့ သူ ကြောက်နေတာ”

“ကျွန်တော် သူ့ကို ကျေနပ် ဝမ်းမြောက်စွာ ကြည့်ရှုပေးမှာပါ ခင်ဗျာ။ ကျွန်တော့်အတွက် ဘာပြဿနာမှ မရှိပါဘူး”

ဂျထ်က ကျေးဇူးတင်စွာဖြင့်

“ကျေးဇူးတင်ပါတယ် လူးဝစ်ရယ်။ တညလောက် သူနဲ့ ထိပ်တိုက်တွေ့ ပြီး အတင်းအကျပ် မေးရမှာပဲ။ ငါ့စိတ်ထင် ...” ဟု ဆိုကာ စကားစ ဖြတ်၍ ဘာကြောင့်မှန်းမသိ ခေါင်း တညိတ်ညိတ်ဖြင့် လူးဝစ်ကို တည့်တည့် ကြည့်သည်။

ထိုစဉ်က တဦး၏ ခံစားချက် အခြား တဦးထံ မည်သို့ ကူးစက်သွားမှန်း လူးဝစ် သေချာ မမှတ်မိတော့။ ထိုအကြောင်းကို စဉ်းစားရန် ကြိုးစား သော်လည်း ခေါင်းနောက်တာသာ အဖတ်တင်သည်။ သူသေချာ မှတ်မိသည်မှာ တစုံတရာ မှားယွင်း နေသည်ကို သဘောပေါက် လိုက် ခြင်းသာ ဖြစ်၏။ လူးဝစ်သည် ဂျထ်ကို သတိလက်လွတ် စိုက်ကြည့် နေမိသည်။ ထိုခဏတွင် သူဘာမှ ဟန်မဆောင် လိုက်နိုင်ချေ။

“ဝိုးဟိုးဟိုး...၊ ဝူးဟူးဟူး”

မီးဖိုချောင်ထဲက တစ္ဆေလေး နှစ်ကောင်၏ ဝူးဝူးဝါးဝါး ခြောက်လှန့်သံသည် ရုတ်တရက် တပိုင်းတစ ရပ်တန့်သွားကာ တစ္ဆေလေး တကောင် က ထိတ်လန့်တကြား ထအော်၏။

“ဖေဖေရေ…”

အယ်လီအော် ခေါ်လိုက်သံမှာ အထိန်းအကွပ်မဲ့၍ အထိတ်တလန့် ရှိ လှ၏။

“ဖေဖေရေ...၊ မစ္စက် ခရန်ဒဲလ် လဲသွားပြီ”

“ဘုရားရေ”

လက်တဖက်မှာ တံမြက်စည်း တချောင်း ဆုပ်ကိုင်ရင်း အယ်လီက အနက်ရောင်အင်္ကျီ တလွင့်လွင့်နှင့် ပေါ်တီကိုဆီ ပြေးလာ၏။ တစ္ဆေလေး နှစ်ကောင်က သူမနောက်က ငိုယို၍ ပြေးလိုက်လာ၏။ ဂျထ်က ဇနီးသည်၏ နာမည်ကို တကြော်ကြော် ဟစ်ခေါ်ရင်း အသက် ရှစ်ဆယ်ကျော်ဟု မထင်ရ သည့် အံ့လောက်စရာ အရှိန်မျိုးဖြင့် အိမ်တံခါးကို ဖြန်းခနဲ ဆောင့်တွန်း၍ ပြေးဝင်သွား၏။ အသက်အရွယ်နှင့် မလိုက်အောင် ပေါ့ပါး ဖျတ်လတ်လွန်း သည့် အဘိုးကြီးပါ တကား။ မဟုတ်သေး၊ ထို့ထက် ပိုသည်။ မသိလျှင်လူငယ် တယောက်အလား ပေါ့ပါး သွက်လက်လွန်း လှ၏။

လူးဝစ်က ကုန်း၍ အယ်လီပခုံးနှစ်ဖက်ကို ကိုင်ကာ

“ဟောဒီ ပေါ်တီကိုမှာပဲ နေနော် သမီး။ နားလည်လား” ဟု ပြောသောအခါ အယ်လီက

“သမီး ကြောက်တယ် ဖေဖေ” ဟု တိုးတိုးလေး ပြော၏။

တစ္ဆေလေး နှစ်ကောင်က မအေကို တမ်းတရင်း သူတို့ကို ကျော်ကာ လမ်း အတိုင်း ပြေးဆင်း သွားလေရာ ကိုင်ထားသော သကြားလုံး အိတ်များဆီမှ အသံစုံ ထွက်နေ၏။ လူးဝစ်က ဧည့်ခန်းကို အပြေးအလွှား ဖြတ်ကာ မီးဖိုချောင်ထဲ

ဝင်လိုက်သည်။ သူ့ကို ပြန်လာရန် အော်ခေါ်နေသော အယ်လီကိုတော့ လျစ်လျူရှု ထားလိုက်၏။

နော်မာက ပန်းသီးနှင့် ချောကလက်ပြားလေးများ တင်ထားသည့် စင် အနီးရှိ စားပွဲနားက ဖယောင်းပုဆိုးပေါ်မှာ လဲနေသည်။ သူ လဲကျစဉ်က ပန်းကန်လုံးကို လှမ်းဆွဲလိုက်ဟန် တူ၏။ ဏပမနထ တံဆိပ် အုပ်ဆောင်း ပန်းကန်လုံးလေး တလုံးလည်း အနီးမှာ မှောက်နေသည်။ ဂျထ်က သူမ၏ လက်ကောက်ဝတ် တဖက်ကို အနွေးဓာတ် ရအောင် ပွတ်သပ်ရင်း လူးဝစ် ကို မျက်စိမျက်နှာ ပျက်လျက် မော့ကြည့်ကာ

"လုပ်ပါဦး လူးဝစ်ရယ်။ နော်မာ့ကို ကယ်ပါဦး။ သူ သေတော့မယ် ထင်ပါ ရဲ့" ဟု အကူအညီ လှမ်းတောင်း၏။

"တဖက်ကို လှည့်လိုက်"

ပြောပြောဆိုဆိုဖြင့် ဒူးထောက် ထိုင်လိုက်ရာ Spy တံဆိပ် ပန်းသီးအရက် ပုလင်းပေါ် ထောက်မိပြီး ကွဲသွားသည်။ ဒူးခေါင်းမှာ အရည်နှင့် ထိသည့် ခံစားမှုမျိုး ရလာသလို ရုတ်တရက် မီးဖိုချောင်ထဲမှာ ပန်းသီးအရက်နံ့ ဖုံးသွား၏။ ထိုစဉ် ပတ်စ်ကောင်း အကြောင်း ထပ်တွေးမိပြန်ရာ ဆက်မတွေး ဖြစ်အောင် ခေါင်းထဲမှ ခပ်မြန်မြန် ထုတ်ပစ်လိုက် ရသည်။ နှလုံးခုန်သံကို စမ်းမိသော်လည်း ဖျော့တော့ အားနည်း၍ မြန်နေသည်။ တချက်ချင်း မှန် မှန် ခုန်နေပုံမျိုး မဟုတ်ဘဲ အကြောဆွဲသလို ဆန့်ငင်ဆန့်ငင် ခုန်နေခြင်း သာ။ နှလုံးခုန် ရပ်သွားတတ်သော Extreme Arrhythmia ဟုခေါ်သည့် ပြင်းထန်အဆင့် နှလုံးခုန် ပုံမမှန်သော ရောဂါဝေဒနာ။ စိတ်ထဲတွင် "ခင်ဗျားနဲ့ အဲလ်ဗစ်ပရက်စလေတို့ ရောဂါဝေဒနာ လာတူနေပါကလား နော်မာ" ဟု တွေးမိသည်။ နော်မာ့အပေါ်အင်္ကျီကို ချွတ်လိုက်တော့ အောက်ခံ အဝါနုရောင် ဖဲသားဝတ်စုံ ပေါ်လာသည်။ လူးဝစ်က နော်မာ့ ခေါင်းကို တဖက်သို့ စောင်းလှည့် ပေးလိုက်ပြီး ရင်ဘတ်ကို ဖိ၍ အဆုတ် ကို မထိခိုက်မိအောင် ဂရုစိုက်ရင်း စီပီအာ စလုပ်ပေးသည်။

"ဒီမယ် ဂျထ်"

"ပြော"

"အယ်လီကို အိမ်ပြန်ခေါ် သွားပေးပါ။ ကားမတိုက်မိအောင် ဂရုစိုက်ဦး။ ပြီးရင် ဖြစ်ကြောင်းကုန်စင် ရေချယ့်ကို ပြောပြပြီး ကျွန်တော့်ဆေးအိတ် ယူလာခဲ့။ စာကြည့်ခန်းထဲကဟာ မဟုတ်ဘူး၊ အိမ်ပေါ်ထပ် ရေချိုးခန်းထဲ က အပေါ်ဆုံး စင်ပေါ်ကဟာ။ သူ အဲဒီအိတ်ကို သိမှာပါ။ ပြီးရင် ဘန်ဂါ ဆေးရုံကို ဖုန်းဆက်ပြီး လူနာတင်ကား တစီး လွှတ်ပေးပါလို့ ပြော ခိုင်းလိုက်"

"ဘတ်စ်ပေါ့တ်မြို့က ပိုနီးတယ်"

"ဘန်ဂါမြို့က ပိုမြန်တယ်။ သွားတော့။ ဖုန်းကို ဦးမခေါ်နဲ့၊ ရေချယ့်ကို ခေါ် ခိုင်း။ ဆေးအိတ် လိုနေပြီ"

အကြောင်းစုံ သိရလျှင် ရေချယ် ဒီကို ဆေးအိတ် လာပေးမှာ မဟုတ်ဟု

သူထင်သည်။ ဂျထ ထွက်သွားပြီး အိမ်ရှေ့တံခါးမှ ပြန်းခနဲ အသံကြားရ၏။ နော်မာရယ်၊ သူရယ်၊ ပန်းသီး အရက်နံ့ရယ်သာ ကျန်ရစ်ခဲ့သည်။ ညှော်ခန်းမ ထဲရှိ နာရီမှ ခုနစ်နာရီထိုးသံ တဒင်ဒင် ထွက်လာ၏။ ရုတ်တရက် နော်မာ့ ထံက နာမှုတ်သံ အရှည်ကြီး တချက် ထွက်လာပြီး မျက်ခွံများ တရွရွ လှုပ် လာ၏။ လူးဝစ်စိတ်ထဲ၌ အေးစက် ကြောက်မက်ဖွယ် အိပ်မက်ဆိုးကြီးထဲ ရုတ်တရက် နစ်မြုပ်သွားသည့်နှယ် ခံစားလိုက်ရသည်။

သူ့မျက်လုံးတွေ ပွင့်လာတော့မယ်။ ဘုရားရေ၊ သူ မျက်လုံး ဖွင့်တော့မယ်။ ပြီးရင် တိရစ္ဆာန်သင်္ချိုင်း အကြောင်း စပြောတော့မှာပါလား။

သို့သော် နော်မာက သူ့ကို မှတ်မိသလိုမျိုး စိတ်ရှုပ်ထွေးစွာဖြင့်သာ ကြည့်၍ မျက်စိ ပြန်မှိတ်သွား၏။ လူးဝစ်သည် သူထင်သလို မဟုတ်ဘဲ အဓိပ္ပာယ်မဲ့ ကြောက်ရွံ့မိသဖြင့် သူ့ကိုယ်သူ ရှက်ရွံ့သွားလေ၏။ တချိန် တည်းမှာပင် မျှော်လင့်ထားသလို စိတ်သက်သာရာလည်း ရသွား၏။ နော်မာ့မျက်လုံးထဲတွင် နာကျင်ရိပ် တချို့ကို မြင်ရသော်လည်း သေလုမြောပါး ဖြစ်လောက်အောင် မပြင်းထန်မှန်း သဘောပေါက် သွား၏။

ယခုမှပင် လူးဝစ်လည်း အသက်ကို ရဲရဲရှူနိုင်ပြီး ချွေးထွက် လာသည်။ စီပီအာ ပြုလုပ်ခြင်းသည် တီဗွီမှာ သရုပ်ပြသလောက် မလွယ်ကူချေ။ မနက်ဖြန်ကျ သူ့လက်မောင်းနှင့် ပခုံးတွေ ကိုက်ခဲနေမှာ မြင်ယောင် မိ၏။

"ကျွန်မ ဘာလုပ် ပေးရမလဲ"

အသံလာရာ လှမ်းကြည့် လိုက်တော့ အညိုရောင် ဆွယ်တာနှင့် မိန်းမ တယောက် တံခါးနားမှာ မဝံ့မရဲ မတ်တတ် ရပ်နေသည်ကို မြင်ရသည်။ လက်တဖက်ကို ရင်ဘတ်ပေါ်မှာ လက်သီး ဆုပ်ထား၏။ တစ္ဆေလေးတို့၏ အမေ ဖြစ်မည်ဟု သူထင်၏။ လူးဝစ်က

"ဟင့်အင်း ..." ဟု ပြောလိုက်ပြီးမှ"ဟုတ်ကဲ့။ အဝတ်တစလောက် ရေဆွတ်ပေးပါလား ခင်ဗျာ။ ပြီးရင် ရေ ညှစ်ပြီး သူ့နဖူးပေါ် တင်ပေးပါ" ဟု ပြောလိုက်၏။

အမျိုးသမီးက သူပြောသလို ချက်ချင်း လုပ်ပေးသည်။ လူးဝစ် ငုံ့ကြည့်တော့ နော်မာ့မျက်လုံးများ ပြန်ပွင့် နေသည်ကို တွေ့ရ၏။ သူမက

"တို့ လဲသွားတယ် လူးဝစ်ရယ်။ သတိလစ်သွားတာ ထင်တယ်" ဟု တိုးတိုးလေး ပြော၏။

"နှလုံး ထိသွားတာမျိုးပါ။ သိပ်စိတ်မပူပါနဲ့။ အခုလောလောဆယ် နား လိုက်ဦး၊ စကားမပြောနဲ့ နော်မာ"

လူးဝစ်က ခဏအနားပေးကာ နှလုံးခုန်သံ ပြန်စစ်ကြည့်တော့ အလွန် မြန် နေသေးကြောင်း တွေ့ရ၏။ ပုံမှန်အတိုင်း ခုန်လိုက်၊ ဆက်တိုက် ခုန်လိုက်၊ ပုံ မှန်အတိုင်း ပြန်ခုန်လိုက်နှင့် မော့စ်ကုဒ် လွှင့်နေသည့်နှယ်။ အခြေအနေ မ ကောင်းသေး သော်လည်း နှလုံးခုန် ပုံမမှန်ခြင်းထက်တော့ သာသေးသည် ဆိုရမည်။

အမျိုးသမီးက အဝတ်ယူလာပြီး နော်မာ့နဖူးပေါ် တင်ပေးကာ ရှိုး တိုးရှုန့်တန့်နှင့် နောက်ပြန်ဆုတ် သွား၏။ ထိုစဉ် ဂျထ်က လူးဝစ်၏ ဆေးအိတ်နှင့် ပြန်ရောက် လာသည်။

“ဘယ်လိုလဲ လူးဝစ်”

“ကောင်းသွားမှာပါ”

လူးဝစ်က ဂျထ်ကို ပြန်ဖြေသော်လည်း နော်မာ့ကိုသာ ကြည့်ရင်း ပြော၏။

…ဆေးရုံကား လာနေပြီတဲ့လား”

“မောင်ရင့်မိန်းမ ခေါ်နေတာပဲ။ ငါတော့ စောင့်မနေလိုက်ဘူး”

နော်မာက လေသံတိုးတိုးဖြင့်

“ဆေးရုံလား…၊ ဟင့်အင်း” ဟု ဆိုသောအခါ လူးဝစ်က”သွားရမှာပေါ့။ ရောဂါ ရှာဖွေတာ၊ ကုသတာပြီးရင် အိမ်ပြန်လာလို့ ရတာ ပဲ နော်မာရယ်။ တခုခု ထပ်ပြောရင် ဟောဒီ ပန်းသီးတွေအကုန် စားခိုင်း မှာနော်။ အလယ်အူတိုင်ပါ စားခိုင်းမှာ”

နော်မာက ခပ်ယဲ့ယဲ့ ပြုံးကာ မျက်စိမှိတ်သွား၏။ လူးဝစ်က ဆေးအိတ်ကို ဖွင့်ကာ ဟိုနှိုက်ဒီနှိုက်ဖြင့် Isodil ဆေးဘူးကို ထုတ်၍ ပိစိညှောင့်တောက် ထိုဆေးလေး တလုံးကို လက်ဖဝါးထဲ ထည့်ကာ ဆေးဘူးကို ပြန်ပိတ်၏။ ထို့နောက် ဆေးလုံးကို လက်ညှိုး၊ လက်မတို့ဖြင့် ညှပ်ယူကာ

“နော်မာ၊ ကျွန်တော် ပြောတာ ကြားရလား” ဟု မေး၏။

“ကြားတယ်”

“ဒါဆို ပါးစပ်ဟာ၊ နော်မာ ကျွန်တော်တို့ကို လိမ်ထားတာ ကြာပြီ။ ခုတော့ ဆေးသောက် ရမယ်။ ဆေးကို လျှာအောက် ထည့်ထားရမှာ။ တလုံး တည်း၊ သေးသေးလေး။ အရည် ပျော်သွားတဲ့အထိ ငုံ့ထားချေ။ နည်းနည်း ခါးပေမဲ့ ဘာမှမဖြစ်ဘူး၊ ဟုတ်ပြီလား”

နော်မာ ပါးစပ် ဟလိုက်တော့ အောက်သိုးသိုး အာခံတွင်းနံ့ ထွက်လာ၏။ ထိုခဏ၌ မီးဖိုချောင်ထဲရှိ ပန်းသီးနှင့် သကြားလုံးများကြား လဲနေသော နော်မာ့အတွက် စိတ်ထိခိုက် သွားသည်။ သူမ ၁၇ နှစ်အရွယ်က အိမ်နီးနားချင်း ယောကျ်ားသားတို့၏ အမြင်မှာ အလှသွေး ကြွယ်နေခဲ့မည့်ပုံ ကို မြင်ယောင် မိ၏။

ဆေးတိုက် လိုက်တော့ နော်မာ့မျက်နှာ အနည်းငယ် ရှုံ့မဲ့သွားသည်။ ဆေး အရသာက နည်းနည်းတော့ ခါးသည်။ သို့သော် ကိစ္စမရှိ။ နော်မာသည် ကူ ကယ်ရာမဲ့ ဗစ်တာပတ်စ်ကောင်း မဟုတ်။ သူမကတော့ တရက်ပြီး တရက် အသက်ရှင်ဖို့ ကြိုးစားလိမ့်မည်ဟု သူထင်သည်။

နော်မာ့လက်တဖက် လေထဲ မြောက်လာကာ ဟိုသည် လိုက်စမ်းတော့ ဂျထ်က ညင်သာစွာ ဆွဲယူထား လိုက်သည်။ လူးဝစ်က ထိုင်ရာမှ ထကာ မှောက်နေသော ပန်းကန်လုံးကို ယူ၍ သကြားလုံးများ လိုက်ကောက် ထည့်၏။ ခုနက အမျိုးသမီးက သူမကိုယ်သူမ မစ္စက် ဘတ်ဒင်ဂျာဟု မိတ် ဆက်ကာ လူးဝစ်ကို

ကူညီပေးသည်။ ကားထဲ၌ သားတော်မောင် နှစ် ယောက်တည်း ထားခဲ့သဖြင့် ကြောက်နေမည်စိုး၍ ပြန်သွားတာ ပိုကောင်း မည်ဟု ဆိုသောအခါ လူးဝစ်က

“ကူညီပေးတာ ကျေးဇူးတင်ပါတယ် မစ္စက် ဘတ်ဒင်ဂျာ” ဟု ပြော လိုက်၏။ သူမက

“ကျွန်မဖြင့် ဘာမှလည်း မလုပ်ပေးလိုက် ရပါဘူးရှင်။ ဒါပေမဲ့ အိမ်ရောက် ရင်တော့ ဘုရားရှေ့ ဒူးထောက်ပြီး ဆုတောင်း ပေးနေမှာပါ ဒေါက်တာ ခရီ ဒ်” ဟု ခပ်လေးလေး ပြန်ပြောတော့ လူးဝစ်က အားနာနာဖြင့် လက်ကာပြ ရ၏။ ဂျထ်က

“ငါလည်း ဒီလိုပါပဲကွယ်” ဟု ဆိုကာ လူးဝစ်လက်ကို လှမ်းကိုင်သည်။

ဂျထ်၏ လက်များက တည်ငြိမ်နေ၏။ ထိတ်လန့်မှုများ ကင်းစင်၍ စိတ် ပြန်ထိန်းနိုင် သွားလေပြီ။

“မောင်ရင့် အပေါ်တော့ အကြွေးတင် သွားပြီ လူးဝစ်”

“ထားလိုက်စမ်းပါဗျာ”

လူးဝစ်က ပြန်ရန် ပြင်နေသည့် မစ္စက် ဘတ်ဒင်ဂျာဆီသာ လက်ညှိုး ထိုးပြလိုက်သည်။ သူမက ပြုံး၍ လက်ကာပြ၏။ လူးဝစ်က ပန်းသီးတလုံး ကောက်စားသည်။ တခန်းလုံး ပျံ့လွင့်နေသော Spy ပန်းသီး အရက်နံ့က ချိုမွှေးလှ၏။ ဒီညတော့ အသက် တချောင်းကို ကယ်နိုင်လိုက်ပြီဟု တွေးကာ ပန်းသီးကိုသာ အားရပါးရ ဆက်စား နေမိသည်။ ထိုအခါမှ သူ အလွန် ဆာလောင်နေမှန်း သတိထားမိ၏။ ဂျထ်က

“မောင်ရင့် ကျေးဇူးကို ပြန်ဆပ်ပါရစေကွယ်။ အခွင့်ကြုံရင် ငါ့ကို အရင် ဆုံး သတိရပေးပါ”

“ဟုတ်ပါပြီဗျာ။ ပြောပါ့မယ်”

မိနစ် ၂၀ လောက် ကြာတော့ ဘန်ဂါဆေးရုံက လူနာတင်ကား ရောက်လာ၏။ နော်မာ့ကို ကားနောက်ခန်းထဲ တင်နေသည်ကို လူးဝစ်က အပြင်ထွက်၍ မတ်တတ် ရပ်ကြည့်ပေးသည်။ ရေချယ် တယောက် ဧည့် ခန်း ပြတင်းပေါက်မှ ထွက်ကြည့် နေသည်ကို မြင်တော့ သူ လက်လှမ်း ပြ လိုက်သည်။ ရေချယ်က လက်တဖက် ပြန်မြှောက်ပြ၏။

ဥသြသံ ပိတ်ကာ မီးရောင် တဖျတ်ဖျတ်နှင့် ထွက်ခွာသွားသော လူနာတင်ကားကို သူနှင့် ဂျထ်တို့ မတ်တတ် ရပ်ကြည့်၍ ကျန်ခဲ့သည်။ ဂျထ် က

“ငါလည်း ဆေးရုံကို အခုတခါတည်း လိုက်သွားရ ကောင်းမလားပဲ”

“သူ့ကို ဒီည ဘယ်သူနဲ့မှ တွေ့ခွင့်ပေးမှာ မဟုတ်ဘူး ဂျထ်။ အီးစီဂျီရိုက်ပြီး အထူးကြပ်မတ် ကုသဆောင်မှာ ထားဦးမှာ။ ၁ နာရီအတွင်း ဘယ်ဧည့် သည်မှ အတွေ့ခံမှာ မဟုတ်ဘူး”

“သူ သက်သာ လာမှာပါနော် လူးဝစ်။ တကယ် အဆင်ပြေရဲ့လားဟင်”

လူးဝစ်က ပခုံးတွန့်၍

“ဘယ်သူမှတော့ အာမ မခံနိုင်ဘူးလေ။ heart attack ဖြစ်နေတာကိုး။

ဘာပဲဖြစ်ဖြစ် ဒီလောက် ခံနိုင်တာပဲ တော်လှပါပြီ။ ကျွန်တော့်စိတ်ထင် သူ ပြန်ကောင်း လာမှာပါ။ ဆေးကုပြီးရင် အရင်ထက်တောင် ပိုကောင်းချင်ကောင်းလာဦးမယ်”

ဂျထ်က ချက်စတာဖီးလ်ဒ်တလိပ် မီးညှိရင်း ဟူးခနဲ သက်ပြင်း မှုတ်ထုတ်သည်။ လူးဝစ်က ပြုံးကာ လက်ပတ်နာရီကို ကြည့်တော့ ၈ နာရီ ထိုးဖို့ ၁၀ မိနစ်သာ လိုတော့သည်ကို တွေ့ရ၏။ အချိန်က ထင်တာထက်ပို၍ အကုန်မြန်နေသလိုပင်။

“အယ်လီ သကြားလုံး တောင်းတာ ကျွန်တော် လိုက်ပေးလိုက်ဦးမယ် ဂျထ်ရေ”

“အေး၊ အေး။ လိုက်ရမှာပေါ့။ အများကြီး ရပါစေ ဆုတောင်း ပေးလိုက်တယ်လို့ ပြောလိုက်ပါဦး လူးဝစ်ရယ်”

“ပြောလိုက်ပါ့မယ်ဗျာ”

အိမ်ရောက်တော့ အယ်လီက စုန်းမဝတ်စုံ ဝတ်ထားဆဲ ဖြစ်သည်။ ရေချယ်က ညအိပ်ဝတ်စုံ လဲရန် ချော့မော့ ပြောကြည့်သော်လည်း နှလုံးရောဂါကြောင့် ပျက်သွားသည့် သူမ၏ အစီအစဉ်ကို ဆက်လက် အကောင်အထည် ဖော်နိုင်ကောင်းသည်ဟု မျှော်လင့်လျက် အယ်လီက တင်းခံနေ၏။ ထို့ကြောင့် လူးဝစ်က သူမအား ကုတ်အင်္ကျီ ထပ်ဝတ်လာဖို့ ပြောသောအခါ ဟေးခနဲ လက်ခုပ်လက်ဝါး ထတီးလေ၏။

“အပြင်ထွက်မယ်ဆို တော်တော်တောင် နောက်ကျ နေပြီနော် လူးဝစ်”

“ကားယူ သွားမယ်လေ။ လုပ်ပါ ရေချယ်ရဲ့။ သူ့ခမျာ တလလောက် စောင့်နေခဲ့ရတာကို”

“အင်းလေ”

ရေချယ် ပြုံးသွားသည်ကို မြင်သော အယ်လီက ဟေးခနဲ ထပ်အော်၍ အဝတ်ဗီရိုဆီ ပြေးသွား၏။

“နော်မာရော သက်သာရဲ့လား”

“သက်သာမယ် ထင်ပါတယ်”

သူ့စိတ်ထဲ အဆင်ပြေသည်ဟု ခံစားရ၏။ ပင်ပန်းသည်၊ သို့သော် အဆင်ပြေ၏။

“အသေးစားလေး တခုပါ။ ဂရုတော့ စိုက်ရမှာပေါ့။ ရေချယ် ၇၅ နှစ်လောက် ရောက်ရင်လည်း စိတ်သွားတိုင်း ကိုယ်မပါတော့မှာကို သိထားရ မှာပဲလေ”

“ကို ရှိနေတာ ကံကောင်းတာပေါ့”

“ကို လုပ်ပေးနိုင်လို့ ကံကောင်းတာ”

ထိုစဉ် အယ်လီ ပြန်ရောက်လာ၏။

“ကဲ အဆင်သင့် ဖြစ်ပြီလား၊ စုန်းမလေး”

“အဆင်သင့်ပဲ။ လာ၊ သွားမယ်။ သွားမယ်၊ သွားမယ်”

တနာရီလောက် ကြာတော့ သကြားလုံး အိတ်တဝက် ရလာပြီး အိမ် ပြန်လာခဲ့ကြသည်။ လူးဝစ်က နားရအောင်ဟု ပြောစဉ် အယ်လီက ကန့် ကွက်သေးသော်လည်း မကြာခင် သူမလည်း ပင်ပန်းလာပြီး တော်လိုက် ကြ၏။ အပြန်လမ်းတွင် အယ်လီက အလန့်တကြားဖြင့်

"မစ္စက် ခရန်ဒဲလ် နှလုံးရောဂါဖြစ်တာ သမီးကြောင့်များလား မသိဘူး။ အနာပါတဲ့ ပန်းသီးကို မယူလို့များလား ဖေဖေ" ဟု မေး၏။

လိုရာ ဆွဲတွေးတတ်သော ကလေးတို့၏ ရယ်ရွှင်ဖွယ် ထိုစိတ်ကူးကြောင့် လူးဝစ်ခမျာ အံ့အားသင့်လျက် အယ်လီကို ကြည့်၍သာ နေသည်။ ကလေး များသည် အယူသီးသလို အစွဲအလမ်း ကြီးတတ်၏။ ထမင်းဆီဆမ်း ရွှေလင်ပန်းမှအစ ဒေဝေါအဆုံး လူကြီးများ ခြောက်လှန့်တတ်သော လိုမ့်လုံးများကို ယုံစား၏။ သို့နှင့် တိရစ္ဆာန်သချိုင်းနှင့် ထိုမြေပေါ်ရှိ သဘာဝ အလျောက် ဖြစ်နေသော စက်ပိုင်းရာများကို သူ့စိတ်ထဲမှာ သွားတွေးမိ ပြန်၏။ သို့သော် ထိုစိတ်ကူးကို သူ့ဘာသာ ပြန်၍ ရယ်စရာလုပ်ရန် ကြိုးစား ကြည့်သော်လည်း မရချေ။

"မဟုတ်ပါဘူး သမီးရယ်။ သမီးက ဟိုတစ္ဆေလေး နှစ်ကောင်နဲ့ ရှိနေတာပဲ ဟာ"

"တစ္ဆေမဟုတ်ပါဘူး။ ဘတ်ဒင်ဂျာ အမြွာနှစ်ယောက်ပါ"

"ဟုတ်ပါပြီ။ သမီး သူတို့နဲ့ ရှိနေတုန်း မစ္စတာ ခရန်ဒဲလ်က သူ့မိန်းမ ရင်ဘတ် အောင့်အောင့် နေတယ်လို့ ဖေဖေ့ကို ပြောပြတယ်။ သမီးတို့ ရှိနေ လို့သာ သူ့အသက်ကို ကယ်နိုင်ခဲ့တာ၊ အနည်းဆုံးတော့ သမီးတို့ကြောင့် ပို ဆိုးမသွားတာပေါ့ကွယ်"

သည်တခါ အံ့အားသင့်ရသူက အယ်လီ ဖြစ်သွား၏။ လူးဝစ်က ခေါင်းညိတ်ပြကာ

"သူက ဆရာဝန် ပြရမှာ။ ဖေဖေက ဆရာဝန်ပဲလေ။ ဒီညက သရဲခြောက် ခံမလား၊ မုန့်ကျွေးမလား ဆိုပြီး သကြားလုံး လိုက်တောင်းတဲ့ ညဆိုတော့ ဖေဖေပါ လိုက်လာမိတာ ကောင်းသွားတာပေါ့"

အယ်လီက အကြာကြီး စဉ်းစားပြီးမှ ခေါင်းညိတ်သည်။

"ဒါပေမဲ့ သူသေချင် သေသွားမှာပဲလေ။ နှလုံးရောဂါ ဖြစ်တဲ့သူတွေက သေကြတာချည်းပဲ။ ရှင်ရင်တောင် ဒီတခေါက်ပြီး နောက်တခေါက်၊ နောက်တခေါက်ပြီး နောက်တခေါက်၊ နောက်တခေါက်ပြီး နောက် တခေါက် ထပ်ဖြစ်ရင်း ဝုန်းဆို သေရော"

"နေပါဦး၊ ဒီလောက် ရွှေဉာဏ်တော် စူးရောက်တဲ့ စကားကို သမီး ဘယ်က တတ်လာပါလိမ့်၊ ပြောပြပါဦး"

အယ်လီက လူးဝစ်တွန့်နေကျ ပုံစံမျိုး ပခုံးတွန့်ပြလိုက်၏။ သူမ၏ အမူအရာကြောင့် လူးဝစ်ခမျာ ရယ်ချင်ပက်ကျိ ဖြစ်သွားသည်။ အယ်လီက သူ့ကို သကြားလုံးအိတ် ကိုင်ခိုင်းသည်ကပင် အလွန်တရာ စိတ်ချ ယုံကြည် လုနီးပါး

လက္ခဏာဖြစ်မှန်း ရိပ်မိသဖြင့် အယ့်သဘောထားကို စစ်ကြော ကြည့်မိ၏။

ချာ့သေမှာကို တွေးရုံဖြင့် ကယောင်ချောက်ချား ဖြစ်လုနီးပါး ခံစားရသော အယ်လီသည် အဘွားလို ခင်တွယ်ရသည့် နော်မာခရန်ဒဲလ် သေမှာကိုတော့ စိတ်အေးလက်အေး ရှိလှ၏။ ပြောပုံကို ကြည့်၊ "ဒီတခေါက်ပြီး နောက် တခေါက်၊ နောက်တခေါက်ပြီး နောက်တခေါက်၊ နောက်တခေါက် ပြီး နောက်တခေါက် ထပ်ဖြစ်ရင်း ဝုန်းဆို သေရော"တဲ့။

အိမ်ရောက်တော့ မီးဖိုချောင်ထဲမှာ ဘယ်သူမှ မရှိတော့သော်လည်း အိမ်ပေါ်ထပ်မှ ရေချယ့် လှုပ်ရှားသံကို ကြားရ၏။ သူက အယ့်သကြားလုံး အိတ်ကို စားပွဲကောင်တာပေါ် ချကာ...

"အဲဒီလိုမျိုးတော့ လုံးဝ မဖြစ်နိုင်ဘူး အယ်လီရဲ့။ နော်မာ နှလုံးရောဂါ ဖောက်တာက တကယ့်ကို အသေးစား အဆင့်မို့လို့ ဒီလောက်ပဲ ခံရတာ။ ပြီးတော့ ဖေဖေက နည်းမှန် လမ်းမှန် ပြုစုပေးလိုက် နိုင်လို့လည်း ပါတယ်။ တကယ်လို့ သူ့နှလုံးသာ တကယ်တမ်း ပြင်းပြင်းထန်ထန် ထိထားခဲ့မယ်ဆို ရင် သူ"

အယ်လီက ဝမ်းသာအားရ ဖြစ်လုနီးပါး လေသံဖြင့်

"ဟုတ်တာပေါ့၊ သမီး သိသားပဲ။ ဒါပေမဲ့ သူက အသက်ကြီးနေပြီ ဆိုတော့ သိပ်မကြာခင် သေမှာပဲ။ မစ္စတာ ခရန်ဒဲလ်ရောပဲ။ သမီး မအိပ်ခင် ပန်းသီး တလုံးလောက် စားလို့ရမလား ဖေဖေ"

လူးဝစ်က စဉ်းစဉ်းစားစားနှင့် သူမကို ကြည့်ကာ

"ဟင့်အင်း။ အပေါ်တက်၊ သွားတိုက်တော့ သမီး"

ကလေးတွေကို တကယ် နားလည်တဲ့သူများ ရှိရောရှိပါ့မလား သူသိချင် မိ၏။

တအိမ်လုံး အထိုင်ကျ၍ နှစ်ယောက်သား အိပ်ရာပေါ် ယှဉ်၍ လှဲကြ သောအခါမှ ရေချယ်က

"အယ့်အခြေအနေ အတော် ဆိုးသလား။ ဝမ်းပန်းတနည်း ဖြစ်နေ သေးလား ကို" ဟု ညင်သာစွာ မေး၏။

မဖြစ်ပါဘူးဟု သူတွေး၏။ လူအိုတွေ နာကြ၊ သေကြတာကို အယ်လီ သိသည်။ ကြိုးခုန်လျှင် ၁၃ ကြိမ်အရောက်၌ ချော်လဲသွားပါက အချစ်ဆုံး သူငယ်ချင်း တယောက်ယောက် သေတတ်သည်ဟု ယုံကြည် ထားသလို မျိုး သိသည်။ ဖမ်းထားသည့် နံ့ကောင် တံတွေးထွေးလျှင် လွှတ်ပေးရမည့် အကြောင်း သိသည်။ တိရစ္ဆာန် သင်္ချိုင်းထဲက စက်ဝိုင်းထဲမှာ အိမ်မွေး တိရစ္ဆာန်လေးများ မြှုပ်ထားသည် ကိုလည်း သိသည်။ သိသမှ တဖက် ကမ်းတောင် လွန်နေသေး၏။

"မဖြစ်ပါဘူး။ သူ့ဟာသူ သာသာယာယာပဲ။ အိပ်စို့ ရေချယ်ရယ် နော်"

ထိုညက သူတို့ အိပ်ပျော်ကြ သော်လည်း ဂျထ်တယောက်တော့ အိပ်မ ပျော်ရှာချေ။ ပြီးတော့ ဆီးနှင်းများလည်း ခဲတောက်အောင် အေးလာပြန်၏။ မနက်စောစော တိုက်ခတ်သော လေက အပင်ပေါ်က သစ်ရွက် လက်ကျန် များကို

ခူးခြွေသွား၏။ သစ်ပင်များမှာ အကိုင်းချည်းသာ ကျန်ရစ်ကာ ညိုသော အဆင်းဖြင့် ဆွဲဆောင်မှု ကင်းမဲ့ကုန်၏။ ထိုလေကြောင့် လူးဝစ် အိပ်ရာမှ နိုးသွား၏။ လှေကားပေါ် တက်လာသော ခြေသံ ထွက်လာသဖြင့်အိပ်ချင်မူးတူးနှင့် စိတ်ရှုပ်စွာ တံတောင်ထောက်၍ ထကြည့်သည်။ ဖြည်းညင်း နှေးကွေးစွာ တရွတ်ဆွဲ၍ တက်လာသော ခြေသံ။

ယင်းမှာ ပတ်စ်ကောင်း ပြန်ရောက် လာခြင်းသာ ဖြစ်မည်။ သူသေတာ အခုဆိုရင် နှစ်လတောင် ကျော်ပြီပဲဟု တွေးမိ၏။ အိပ်ခန်းတံခါး ပွင့်လာ လျှင် ရွှံ့ပွံ့ပျက်စီးနေသော ချောက်ချားဖွယ်ရာ ကြီးကို မြင်ရလိမ့်မည်။ အားကစား ဘောင်းဘီမှာ မှိုတက်၍ အသားဟူ၍ မရှိတော့ဘဲ ဟောင်းလောင်းပေါက် ဖြစ်နေလိမ့်မည်။ ဦးနှောက်ကတော့ အရိအရွဲများ ဖြစ်နေလောက်ပြီ။ မျက်လုံးများသာလျှင် ကြောက်ခမန်းလိလိ တောက်ပ၍ အသက်ဝင် နေလိမ့်မည်။ ဤတကြိမ်တွင် ပတ်စ်ကောင်းက စကားပြော မှာ မဟုတ်ချေ။ လည်ချောင်းရှိ အသံကြိုးများမှာ အသံပင် မထွက်နိုင် လောက်အောင် ဆွေးမြည့်ပျက်စီး ကုန်လောက်ပြီ။ သို့သော် မျက်လုံးများက သူ့ဆီလာဖို့ လက်ယပ် ခေါ်လိမ့်မည်။

"ဟင့်အင်း"

ခြေသံ ပျောက်သွား၏။

သူ အိပ်ရာမှထကာ တံခါးဆီ သွား၍ ဆွဲဖွင့်ကြည့်သည်။ သူ့မျက်နှာကား ကြောက်ရွံ့မှုကြောင့် ရှုံ့မဲ့နေပြီး အံကို တင်းတင်း ကြိတ်လျက် တကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်ယင်နေ၏။ ပတ်စ်ကောင်း ရှိနေမှာပါပဲ။ အချိန် အတော်ကြာ ကတည်းက သေဆုံးနှင့်ပြီးသော သံစုံတီးဝိုင်း ခေါင်းဆောင် တယောက်လို လက် တမြှောက်မြှောက်နှင့် ခေါ်ဖို့ ကြိုးစား နေလိမ့်မည်။

ဂျထ်ကတော့ "သည်လိုဟာမျိုး မရှိပါဘူးကွာ"ဟု ပြောဖူးသလား မသိ။ တံခါး ဖွင့်လိုက်တော့ ဘာမှရှိမနေဘဲ တိတ်ဆိတ်ခြင်းသာ ကြီးစိုးနေ၏။ လေသံမှအပ ဘာမှမကြားရ။ သို့နှင့် သူ အိပ်ရာဆီ ပြန်ဝင်ကာ အိပ်လိုက်လေ၏။

****

အခန်း (၂၁)

နောက်တနေ့၌ လူးဝစ်သည် အီးအမ်အမ်စီရှိ အထူးကြပ်မတ် ကုသဆောင်သို့ ဖုန်းဆက်ကာ နော်မာ့အခြေအနေကို မေး၏။ နော်မာသည် ၂၄ နာရီအတွင်း heart attack ပြန်ထနိုင်ဆဲပင် ရှိသေးသည် ဆို၏။ သူမ၏ဆရာဝန် ဒေါက်တာ ဝေးဘရစ်ဂျ်က

"ကျွန်တော်ဖြင့် မိုင်နာကေ့စ်လို့လည်း မပြောမိပါဘူး။ ကြောက်စရာ မလိုဘူးလို့သာ ပြောတာ။ သူ့မှာ ခင်ဗျားပေးတဲ့ အသက်ပဲ ရှိတော့တာ ဒေါက်တာ ခရိဒ်ရေ" ဟု ဆိုသည်။

ရက်အနည်းငယ် ကြာပြီးနောက် လူးဝစ်က ပန်းတစည်း ဝင်ဝယ်၍ ဆေးရုံကို လိုက်သွား၏။ နော်မာ့ကို အောက်ထပ်ရှိ သီးသန့်ခန်းထဲ ရွှေ့ထား သဖြင့် ကောင်းသော လက္ခဏာဟု ဆိုရမည်။ ဂျထ်လည်း သူမနှင့်အတူ ရှိ နေ၏။ ပန်းများကို မြင်တော့ နော်မာက အံ့အားသင့်ကာ သူနာပြု တယောက်ကို ပန်းအိုးတလုံး သွားယူခိုင်းသည်။ ဂျထ်က နော်မာ ညွှန်ကြားသည့်အတိုင်း ပန်းကို ရေဆေး၍ အခန်းထောင့်က စားပွဲပေါ် တင် ပေးသည်။ အိုးထဲက ပန်းများကို သုံးကြိမ်မြောက် ပြင်ပြီးနောက် ဂျထ်က

"ကဲ ဒီလောက်ဆို တော်ရောပေါ့ အမေကြီးရယ်" ဟု စိတ်မပါသလို ပြော၏။

နောက်ဆုံး၌ နော်မာက လူးဝစ်ကို ကြည့်ကာ အားတုံ့အားနာဖြင့်

"မောင်ရင် လုပ်ပေးခဲ့သမျှကို ကျေးဇူး တင်ချင်လို့ပါကွယ်။ ဂျထ်က ပြောတယ်၊ ဒေါ်လေးမှာ မင်းပေးတဲ့ အသက်ပဲ ရှိတော့တယ်တဲ့" ဟု ဆို၏။ လူးဝစ်လည်း မနေတတ် မထိုင်တတ် ဖြစ်ကာ

"ဂျထ်က အပိုတွေ လျှောက်ပြောတာပါ" ဟု ဆိုရသည်။ ဂျထ်က ပြုံးမယောင်နှင့် မျက်မှောင်ကုတ်၍

"ဘယ်ကလာ အပိုတွေ ပြောရမှာတုံး။ မောင်ရင့်အမေကရော ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားကို ဘယ်တုန်းကမှ လွှတ်ခနဲ မထွက်ဖူး ဘူးလားကွယ်" ဟု မေး၏။

မပြောပါ၊ သူ မှတ်မိသလောက် အနည်းဆုံး အမေ တခါမှ မပြောခဲ့ချေ။ သို့သော် မာန်တက်ခြင်းသည် အကုသိုလ်ဖြစ်ရာ အကြောင်းရင်း တဝက် ဖြစ်ကြောင်း တလွဲမာန မထားမိဖို့တော့ ပြောဖူးသည်။

"ဒီမယ် နော်မာ၊ ကျွန်တော် လုပ်သမျှဟာ ကျွန်တော် စိတ်ချမ်းသာဖို့ လုပ်တာချည်းပဲ"

"မောင်ရင်က စိတ်ကောင်း ရှိတဲ့သူပါကွယ်။ ဟောဒီက တို့လူကို တနေရာရာ ခေါ်သွားပြီး ဘီယာ တခွက်လောက် ဒကာခံခိုင်း လိုက်ပါဦး။ တို့တော့ ပြန်အိပ်ချင် လာပြီ။ သူ့ကို ခွာထုတ်လို့ ရမယ့်ပုံ မပေါ်ဘူး"

ဂျထ်က ပျာပျာသလဲ ထရပ်ကာ

"ကောင်းလှ ချည်လား၊ ဒီလိုဆိုလည်း သွားမယ်လေ လူးဝစ်ရေ၊ သူ စိတ်မ

ပြောင်းခင် မြန်မြန်ထ” ဟု ဆို၏။

ကျေးဇူးတော်နေ့ မတိုင်ခင် တပတ်လောက် နှင်းတွေ စကျလာ၏။ နိုဝင်ဘာ ၂၂ ရက်နေ့တွင် လေးလက်မအထိ နှင်းထူလာသော်လည်း အားလပ်ရက် မတိုင်မီ တရက်အလိုမှာ ကောင်းကင်က ပြာလွင် ရှင်းသန့်၍ အေးစက် နေလေသည်။ ချီကာဂိုရှိ ရေချယ့်မိဘများဆီ အလည်သွားရန် လူးဝစ်က သူ့မိသားစုအား ဘန်ဂါလေဆိပ်ကို လိုက်ပို့သည်။

“မဟုတ်သေးဘူးနော်။ ကျေးဇူးတော်နေ့မှာ တယောက်တည်း အိမ်နားဝန်းကျင် လျှောက်သွား နေရမှာ။ ကျွန်မတော့ သိပ်မကြိုက်လှဘူးနော် လူးဝစ်”

လွန်ခဲ့သည့် တလလောက် ကတည်းက ရေချယ် ထိုသို့ ပြောနေတာ ယခုဆို အကြိမ် ၂၀ လောက်ပင် ရှိပြီလား မသိ။ နှင်းကာ ဂျာကင် အထူကြီး ထဲမှာ မျက်လုံးအဝိုင်းသား ဖြစ်နေသည့် ဂေ့ဂျ်ကို လူးဝစ်က လက်ပြောင်း၍ ချီသည်။ အယ်လီက မှန်ပြတင်းနံရံ တချပ်မှ တဆင့် အဲရ်ဖို့စ် ဟယ်လီ ကော်ပတာ တစီး ထွက်ခွာသွားသည်ကို ကြည့်နေ၏။

“ကိုလည်း ဘီယာသောက်ရင်း ငိုနေမှာမှ မဟုတ်ဘဲကွာ။ ဂျထ်နဲ့ နော်မာတို့က ကို့အတွက် ကြက်ဆင်သား ချက်ကျွေးဖို့ လုပ်နေတာပဲ။ အားလပ်ရက် မှာ ဟိုဟိုဒီဒီ လျှောက်သွားဖို့လည်း ဘယ်တုန်းကမှ စိတ်မပါဘူး။ ညနေ ၃ နာရီဆို ဘောလုံးပွဲ ထိုင်ကြည့်ရင်း ဘီယာလေး ဘာလေး သောက်ပြီး ၇ နာရီဆို အိပ်ပြီပဲ။ မင်းကိုလည်း ကလေးနှစ်ယောက်နဲ့ လွှတ်လိုက်ရတာ ကြိုက်လှတယ်ရယ် မဟုတ်ဘူး”

“ကျွန်မက ဘာမှမဖြစ်ဘူး။ ပထမတန်းက လိုက်ရမှာ ဆိုတော့ မင်းသမီးပဲလေ။ ဂေ့ဂျ်ကလည်း လိုဂန်ကနေ အိုဟဲရ်အထိ အိပ်လိုက်သွားမှာ”

“ထင်တယ်ပေါ့”

သူ့စကားကြောင့် နှစ်ယောက်သား ရယ်ကြ၏။ လေယာဉ်ပေါ် တက်ရန် ခေါ်တော့ အယ်လီက အပြေးအလွှား ရောက်လာကာ

“သမီးတို့ လိုက်ရမယ့် လေယာဉ်က လှမ်းခေါ်နေပြီ မေမေ။ လာ၊ လာ။ တော်ကြာ ထားခဲ့ဦးမယ်” ဟု ပြောရာ ရေချယ်က ပန်းရောင် လေယာဉ်လက်မှတ် ၃ စောင်ကို တင်းတင်း ဆုပ်လျက်

“မဟုတ်တာကွယ်၊ မထားခဲ့ပါဘူး” ဟု ပြန်ပြောလိုက်၏။

ရေချယ်က ကြွက်ကတိုး သားမွေးလား ဘာလား မသိ၊ အညိုရောင် သားမွေးကုတ်အကျႌ အထူကြီးကို ဝတ်ထား၏။ မည်သို့ပင်ဆိုစေ၊ သူမအသွင်က ချစ်မြတ်နိုးဖွယ် ကောင်းလေသည်။ သူ့မျက်လုံးမှာ ဘယ်လိုခံစား ချက် ပေါ်သွားလဲတော့ မသိ၊ ရေချယ်က သူ့ကို အတင်းဖက်လိုက်ရာ ဂေ့ဂျ် မှာ ကြားထဲက ညပ်နေတော့၏။ ဂေ့ဂျ်က အံ့အားသင့်ဟန် ပေါ်သွား သော်လည်း စိတ်တော့ ဆိုးမသွားချေ။

“ချစ်တယ် လူးဝစ်ခရိဒ်ရယ်”

"မေမေကလည်း...။ လာပါဆို၊ လာတော့၊ လာ"

အယ်လီက စိတ်မရှည်တော့သလို လှမ်းအော်သည်။

"အေးပါကွယ်၊ လာပါပြီ။ ကောင်းကောင်း နေနော် ကို"

လူးဝစ်က စပ်ဖြဲဖြဲနှင့်

"စိတ်ချပါဆို။ ဂရုစိုက်မယ်နော်။ အမျိုးတွေကိုလည်း ကိုက နှုတ်ဆက်လိုက်ပါတယ်လို့ ပြောလိုက်ပါဦး ရေချယ်"

"ကိုကလည်းနော်"

ရေချယ်က နှာခေါင်း ရှုံ့ပြ၏။ သည်ခရီးကို လူးဝစ် မလိုက်ဖြစ်သည့် အကြောင်းရင်းကို သူမ ကောင်းကောင်း သိပါ၏။ ရေချယ့်ကို အရူးလုပ်၍ မရ။ သူတို့တတွေ လေယာဉ် လျှောက်လမ်းဆီ ဝင်သွားသည်ကို သူ စောင့် ကြည့် နေမိ၏။ ထိုနေ့မှစ၍ နောက်တပတ် အထိ သူတို့ကို မမြင်ရတော့ သဖြင့် လွမ်းရတော့မည်။ သူက ကုတ်အင်္ကျီထဲ လက်နှိုက်၍ ခုနက အယ်လီ စောင့်ကြည့် နေခဲ့သော မှန်ပြတင်းမှတဆင့် လေယာဉ်ဝမ်းထဲအထုပ်အပိုးများ ထည့်နေသည်ကို ကြည့်နေမိသည်။

အဖြစ်မှန်က ရှင်းပါသည်။ လိတ်ခ်ဖောရက်စ်မြို့က ရေချယ့်မိဘများ ဖြစ်သော မစ္စတာနှင့် မစ္စက် အာဝင်ဂိုးမန်းတို့က သူ့ကို အစကတည်းက မနှစ်သက်ခဲ့ကြချေ။ ဆင်းရဲ ကျပ်တည်းသော မိသားစုမှ ပေါက်ဖွားလာသည့် လူးဝစ်ကို ပိုက်ဆံ မရှိသောကြောင့် ဆေးကျောင်း ဆက်မတက်နိုင်၍ သမီးဖြစ်သူကို ပိုင်းသည်ဟု ယူဆကာ သူတို့နှစ်ဦး၏ ချစ်ခရီးလမ်းကို ဝင် ရောက် နှောင့်ယှက်ခဲ့ကြ၏။

တကယ်ပင် ဤသို့ ဖြစ်ခဲ့သော်လည်း လူးဝစ်က အားလုံးကို ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့၏။ ရေချယ် မသိခဲ့သော၊ ဘယ်တော့မှလည်း သိမှာ မဟုတ်သော အဖြစ်တခု ရှိခဲ့သည်။ အာဝင်ဂိုးမန်းက လူးဝစ်ကို ဆေးကျောင်း ပြီးသည်အထိ ကျူရှင်စရိတ်စက အကုန်လုံး ပေးမည်၊ သည့်အတွက် ရေချယ်နှင့် ချက်ချင်း အဆက်ဖြတ်ပေးဖို့ တောင်းဆိုသည်။ သည်လောက် ရက်စက်၍ ဇာတ်နာအောင် လုပ်တာမျိုး သူတခါမှ မကြုံဖူးချေ။ သူ့မှာ ပင်ပန်းနေပြီဟူသော အကြောင်းရင်း တခုပဲ ရှိ၏။ စာသင်ခန်းထဲမှာ တပတ်ကို ၁၈ နာရီ အချိန်ကုန်သည်။ နောက်ထပ် နာရီ ၂၀ က စာအုပ်ပုံထဲ ခေါင်းနစ်နေရသည်။ ဝှိုက်ဟောလ်ဟိုတယ်မှာ စားပွဲထိုးရတာ ၁၅ နာရီ ရှိသည်။ ပြီးတော့ စိတ်လည်း ပူနေရသည်။ ထိုညနေ မစ္စတာ ဂိုးမန်းလုပ်ပုံက ရယ်ရအခက်၊ စိတ်ဆိုးရအခက်။ ဆေးပြင်းလိပ် တလိပ် ခဲကာ လူးဝစ်ကို ကြည့်လိုက်၊ သူ့မိန်းမသူ ကြည့်လိုက် လုပ်နေသည့် သွေးအေးသော အမူအရာကြောင့် မစ္စတာ ဂိုးမန်းကို သည်ထက်မက ကြောက်ဖို့ ကောင်းလိမ့်မည်ဟု ထင်ထားခဲ့၏။ သူ့သမီးနှင့် အိပ်သည့် အကြောင်း ဘယ်အချိန် ထ ပြောမလဲဟုလည်း စိုးရိမ်လာသည်။ သို့သော် ယင်းအစား ဂိုးမန်းက ရုပ်ရှင်မင်းသား နိုဝယ်ကောင်းဝဒ် မျက်နှာပေးနှင့် ချက်စာအုပ်ကို ထုတ်ကာ ရုပ်ရှင်တွေ ဆန်ပြလေရာ

လူးဝစ်တယောက် ပေါက်ကွဲလေတော့၏။ သူ့အား သမီးဖြစ်သူကို ဟင်းရွက်ကန်စွန်း လောက်သာ သဘောထားသည့် တဘိုတည်းသမား၊ အရာရာကို ငွေနှင့် ပေါက်လျှင် ရမည်ထင်သော ဦးနှောက်မရှိသူ အဖြစ် စွပ်စွဲပစ်လိုက်သည်။ အချိန် အတော်ကြာသောအခါ ဂိုးမန်းက ဤနည်းဖြင့် ဖြေရှင်းမှပင် စိတ်ချမ်းသာရာ ရမည်ဖြစ်ကြောင်း သူ့ ကိုယ်သူ ဝန်ခံသည်။

ဂိုးမန်းက လူးဝစ်ကို အိမ်ရိပ်တောင် မနင်းရဟု ရာဇသံ ပေးသလို အိမ် အနား ရစ်သီရစ်သီ လာလုပ်ပါက ခွေးမောင်းသလို ပစ်သတ်မည်ဟု ခြိမ်းခြောက်၏။ လူးဝစ်က ဂိုးမန်းအား ချက်စာအုပ်ကို ပြန်ယူပြီး ကိုယ့်ဖင် ကိုယ် ပြန်ဆို့ထားလိုက်ဟု ဆဲ၏။ ဂိုးမန်းက လူးဝစ်ကို သူ့အစား ခွေးအမြီး ဖြတ်ပေးစားသည်ကမှ အလားအလာ ရှိဦးမည်ဟု နှိမ်၏။ လူးဝစ်က ဂိုးမန်း၏ ချက်စာအုပ်ဘေး၌ သူ့ကိုယ်ပိုင် BankAmericard နှင့် American Express Gold Card တို့ကို ဘေးချင်းယှဉ်ချကာ သည်ကတ်များဖြင့် သူ့ စာအုပ်ကို ကလော်ပစ် လိုက်မည်ဟု ကြိမ်းဝါး၏။ သို့သော် အဆုံးမှာတော့ ရေချယ့်မျက်နှာကို ထောက်ကာ သမက်လောင်းနှင့် ယောက္ခမလောင်းတို့ ကြား ထိုအဖြစ်များ ပေါ်မလာခဲ့ချေ။

ဂိုးမန်းစိတ်ထဲမှာ ရေချယ်သည် "ရေအိုင်နက်ထဲက သတ္တဝါကြီး" ရုပ်ရှင် ထဲက အကောင်ကြီးနှင့် လက်ထပ်ရမည်ကဲ့သို့ ခံစားနေရနိုင်သည်။ လက်ထပ်သည့်နေ့က ဆိုလျှင်လည်း အင်္ကျီကော်လာထက်က အာဝင်ဂိုးမန်း၏ မျက်နှာက အီဂျစ်ကျောက် ခေါင်းတလားပေါ်မှာ ထုထားသည့် မျက်နှာလို မပြုံးမရယ် မျက်နှာသေနှင့် ဖြစ်နေသည်။ မင်္ဂလာလက်ဆောင် က တရုတ်ပြည်ဖြစ် ကြွေထည် ပန်းကန်ပြား ခြောက်စုံနှင့် မိုက်ခရိုဝေ့မီးဖို တလုံးသာ ဖြစ်၏။ ပိုက်ဆံလုံးဝ လက်ဖွဲ့မပေးချေ။ လူးဝစ် ဆေးကျောင်းမှာ အသည်းအသန် စာလုပ်ရသော နေ့ရက်များ၌ ရေချယ်က မိန်းမဝတ် အထည်ဆိုင် တခုမှာ စာရေးမ ဝင်လုပ်၏။ ထိုအချိန်မှစ၍ ရေချယ့်ခမျာ မိဘနှင့် ခင်ပွန်းကြား ဗျာများခဲ့ရသည်မှာ ယခုထိပင် ဖြစ်သည်။ အထူးသဖြင့် မွေးသဖခင် ကျေးဇူးရှင်နှင့် လင်တော်မောင် လူးဝစ်။

တက္ကသိုလ် ကျောင်းပိတ်ရက်နှင့် တိုက်နေသဖြင့် ချီကာဂိုသို့ လူးဝစ် လိုက်သွားလို့ ရသည်။ အချိန်ဇယားအရ ရေချယ်တို့ထက် သုံးရက် စော၍တော့ ပြန်လာရမည်။ ဘာမှ မခက်။ သို့သော် တဖက်မှာ အီဂျစ် ဘုရင် မာယာရှင် ယောက္ခထီးရယ်၊ သူ့မိန်းမ မနုဿဗီဟ ဖင်နှစ်ခွ ယောက္ခမရယ်နှင့် လေးရက်တော့ သည်းခံနေရပေမည်။ သားသမီးအချစ်၊ မြေးအနှစ် ဆိုသည့်အတိုင်း ကလေးများနှင့် ကတော့ ပန်သင့်လှသည်။ လူးဝစ်အနေဖြင့် ၁၀ နှစ်မျှ ကြာညောင်းပြီ ဖြစ်သော်လည်း ထိုညနေက ဂိုးမန်း နှင့် အကျယ်အကျယ် ဖြစ်ခဲ့သည့် ကိစ္စကို မေ့ပစ်ကာ ပြန်လည် သင့်မြတ်ဖို့ ရန် ရှိပါဦးမလားဟု သံသယ ဝင်မိသည်။ ဂိုးမန်းလည်း သိပ်တော့ ထူးမည် မထင်ပေ။ ခက်သည်က နဂါးမှန်း သိအောင် အမောက်ထောင်ပြ ထားမိသဖြင့် လူးဝစ် ကိုယ်တိုင်ကိုက ပြန်လည် သင့်မြတ်ဖို့

စိတ်ကူးမရှိသလို အချိန် ကာလကလည်း အခုထိ သင့်မြတ်အောင် ဆောင်ရွက် မပေးနိုင်ခဲ့ချေ။ သူ လိုက်လာလျှင်လည်း ဘာမှတော့ ပြောကြမည် မဟုတ်၊ သို့သော်ငြားလည်း ယင်းအစား စကားလူကြုံပါး၍ သူ့သမီးနှင့် မြေးများကိုသာ ယောကျ္ာမ လင်မယားဆီ လွှတ်လိုက်ရတာ ပိုစိတ်ချမ်း သာသည်။

Delta ၇၂၇ လေယာဉ်ကြီးက လျှောက်လမ်းမှ ခွာ၍ လှည့်နေသည်။ လေယာဉ်ရှေ့ ပြတင်းပေါက် တခုဘေးမှ အယ်လီ ပျာပျာသလဲ လက်လှမ်း ပြနေတာ မြင်ရ၏။ လူးဝစ်က ပြုံး၍ တခွတာ ပြန်ပြလိုက်သည်။ ထို့နောက် ဂေ့ဂျ်ကို အယ်လီလား၊ ရေချယ်လား မသိ၊ ပြတင်းပေါက်ဆီ တိုးပေးတာတွေ့ရ၏။ လူးဝစ် လက်ပြတော့ သူ့ကို မြင်လို့လား ဘာလား မသိ၊ အယ် လို လိုက်တုကာ တခွတာ လှမ်းပြ၏။

"အန္တရာယ်ကင်း၊ ဘေးရှင်းပါစေ"

လူးဝစ်က ထိုသို့ ရေရွတ်ရင်း ကုတ်အင်္ကျီဇစ်ကို ဆွဲပိတ်ကာ ကားပါကင် ဆီ ထွက်လာ၏။ လေက ဆောင်းထားသော အမဲလိုက်ဦးထုပ် ကျွတ်မတတ် အားပြင်းပြင်း တိုက်နေသဖြင့် ခေါင်းပေါ် လက်နှစ်ဖက် အုပ်ထားရသည်။ ကားဆီရောက်တော့ တံခါးဖွင့်ဖို့ သော့စမ်းရင်း လေဆိပ်မှ ထိုးတက်သွားသော ဂျက်လေယာဉ်ကြီးကို မော့ကြည့်လိုက်၏။ ယခုတော့ စိတ်ထဲမှာ အထီးကျန် သလိုလို မျက်ရည်ဝဲချင် သလိုလို တကယ်ပင် ခံစားလာရသဖြင့် လက်မြှောက်၍ နှုတ်ဆက် မိပြန်သည်။

ထိုညနေ Route ၁၅ လမ်းမကို ဖြတ်ပြန်လာပြီးနောက် ဂျထ်၊ နော်မာတို့နှင့်အတူ လွှမ်းလွှမ်းနှင့် ဘီယာနှစ်ဘူး၊ သုံးဘူးလောက် သောက်လိုက်သည်။ နော်မာက သူမကို ခွင့်ပြုထားသော ဝိုင်တခွက် သောက်၍ မူးသွားသည်။ ထိုသို့သောက်ဖို့ ဒေါက်တာ ဝေးဘရစ်ဂျ်ကိုယ်တိုင် တိုက်တွန်းထားခြင်း ဖြစ်၏။ ထို့နောက် မီးဖိုချောင်ထဲ ဝင်လာခဲ့ကြသည်။

ဂျထ်က Marek တံဆိပ် မီးဖိုလေးကို ဖိုလိုက်သဖြင့် ဝိုင်းထိုင်လိုက် ကြသည်။ ဘီယာက အေးအေး၊ လူက နွေးနွေးနှင့် ဂျထ်က မိန်းပြည်နယ်ရှိ မက်ချိုင်းရက်စ်မြို့မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က မစ်မက်အင်ဒီး ယန်းများက ဗြိတိသျှတို့အား ရရာလက်နက် စွဲကိုင်၍ ခုခံတွန်းလှန်ခဲ့ကြပုံ ကို ပြောပြ၏။ ထိုအချိန်က မစ်မက်လူမျိုးစုမှာ အတော် ကြောက်စရာ ကောင်းသည်ဟု ဆို၏။ ယခုအချိန်ထိ ထိုလူမျိုးစု ရှိနေသည်ဟု ထင်နေသော ပြည်နယ်နှင့် အစိုးရရှေ့နေ အနည်းငယ် ရှိသည်ဟု ထင်ကြောင်း လည်း ထပ်လောင်း ပြောပြသည်။

ထိုညနေက အေးချမ်း သာယာသော်လည်း အိမ်ပြန်ချိန် ရောက်သောအခါ ဘယ်သူမှမရှိဘဲ အိမ်ဟောင်းလောင်း ကသာ စောင့်ကြိုနေ၏။ မြက်ခင်းပြင် နှင့် ခြံဝင်းထဲကို ဖြတ်လာတော့ ဖိနပ်ကို နှင်းရည်စိုသည်ကို အေးတိအေးစက် ခံစားရသည်။ အိမ်ဝ ရောက်တော့ အထဲက တယ်လီဖုန်း မြည်သံ ထွက်လာသဖြင့် အိမ်ရှေ့တံခါးကို ကမန်းကတန်း ဖွင့်၍ အပြေးအလွှား ဝင်လိုက်၏။ ဧည့်ခန်းမကို

ဖြတ်လာတော့ မဂ္ဂဇင်း စာအုပ် ထားသည့် စင်ကို ဝင်တိုက်မိသလို မီးဖိုချောင်ထဲ ရောက်တော့လည်း နှင်းရည်စိုနေသော ဖိနပ်ကြောင့် ဖယောင်းပုဆိုး ကြမ်းခင်းပေါ်မှာ လျှောခနဲ ချော်လဲတော့မလို ဖြစ်သွားသည်။ သူက ဖုန်းကို စွပ်ခနဲ ကောက် ကိုင်၍

“ဟဲလို” ဟု ထူးလိုက်တော့

“လူးဝစ်လား” ဟူသည့် ရေချယ့်အသံကို ကြားရသည်။

အသံက နည်းနည်း တိုးသော်လည်း လုံးဝ အဆင်ပြေနေပုံ ရ၏။

“..ရောက်ပြီလို့ လှမ်းပြောတာ။ ဘာပြဿနာမှ မကြုံရဘူး”

“ကောင်းပါလေ့ဗျာ”

ဘုရားသိကြား မလို့ ရောက်သွားကြပြီကိုးဟု တွေးရင်း လူးဝစ်က ပြောပြောဆိုဆိုနှင့် အောက်မှာ ထိုင်ချလိုက်သည်။

****

အခန်း (၂၂)

ကျေးဇူးတော်နေ့မှာ ဂျထ်နှင့် နော်မာတို့ တည်ခင်း ကျွေးခံသော ညစာက အတော်ကို အရသာ ရှိလှသဖြင့် စားသောက်ပြီး ပြန်လာသည့် လူးဝစ်မှာ ဗိုက်တင်း၍ အိပ်ချင်လာသည်။ သူက အိမ်ပေါ်ထပ် တက်ကာ အိပ်ခန်းထဲ ဝင်လိုက်၏။ တိတ်ဆိတ် အေးချမ်းမှုကို ခဏလောက် တဝကြီး ခံစား၍ ခုတင်ပေါ် လှဲချလိုက်သည်။ ညနေ ၃ နာရီကျော်ရုံသာ ရှိသေးသည်။ အပြင်ဘက်မှာ ဆောင်း နေရောင်ခြည်ကို ရိုးတိုးရိပ်တိတ် မြင်နေရသေး၏။

တရေးလောက်တော့ မေးဦးမှဟု တွေး၍ အိပ်လိုက်ရာ လျှင်မြန်စွာပင် အိပ်ပျော် သွားလေ၏။

အိပ်ခန်းထဲက ဖုန်းမြည်သံကြောင့် သူနိုးသွားသည်။ မှောင်လုပြီဖြစ်၍ ဖုန်းကို မမြင်မကန်းနှင့် လိုက်စမ်းရ၏။ အိမ်ထောင့်နားမှာ ဝေ့ဝဲ တိုက်ခတ် နေသော လေသံက မီးဖိုကို လေတိုက်သလိုမျိုး ခပ်တိုးတိုး ကြားရသည်။

"ဟဲလို"

ရေချယ်လား မသိ၊ ကျေးဇူးတော်နေ့မို့ ချီကာဂိုက နောက်တခေါက် ထပ် ဆက်တာ များလား။ သူမက အယ်လီကို ဖုန်းပေးလိုက်လျှင် အယ်လီက ပြောမည်။ ပြီးနောက် ဂေ့ဂျ်ကို ပေးလျှင် ဝူးဝူးဝါးဝါး ပြောလိမ့်မည်။ ညနေ က ဘောပွဲကြည့်ဖို့ ရည်ရွယ်ရင်းမှ ဘယ်လို အိပ်ပျော်သွားမှန်း မသိလိုက်။ သို့သော် ဖုန်းဆက်သူက ရေချယ် မဟုတ်၊ ဂျထ် ဖြစ်နေ၏။

"လူးဝစ်လား၊ မောင်ရင်တော့ ပြဿနာ တက်ပြီနဲ့ တူတယ်"

လူးဝစ် လူးလဲ ထလိုက်သော်လည်း အိပ်ချင်မူးတူး ဖြစ်နေဆဲ။

"ဂျထ်လား၊ ဘာပြဿနာလဲ"

"တို့ခြံထဲမှာ ကြောင်တကောင် လာသေနေတာ တွေ့တယ်။ တို့စိတ်ထင် မောင်ရင့် သမီးကြောင်များ ဖြစ်နေမလားလို့"

လူးဝစ် ရုတ်တရက် တောင့်ခနဲ ဖြစ်သွား၏။

"ချာ့လား၊ သေချာလို့လား ဂျထ်ရယ်"

"မပြောတတ်ဘူး၊ ရာနှုန်းပြည့် သေချာမယ်လို့တော့ မထင်ပါဘူး။ ဒါပေမဲ့ သူနဲ့ တူတာတော့ သေချာတယ်"

"ဒုက္ခပါပဲ။ ကျွန်တော် လာခဲ့မယ် ဂျထ်"

"ကောင်းပါပြီဗျာ"

ဖုန်းချပြီးနောက် တမိနစ်လောက် သူ ထိုင်နေမိ၏။ ထို့နောက် ရေချိုး ခန်းထဲ ဝင်ကာ ကိုယ်လက် သန့်စင်ပြီး ဖိနပ်စီး၍ အောက်ထပ်သို့ ဆင်းလာ ခဲ့သည်။

ချာ့ဟုတ်ချင်မှ ဟုတ်မှာပါလေ။ ရာနှုန်းပြည့်တော့ မသေချာဘူးလို့ ဂျထ် ပြောသွားပဲဟာ။ ခွပဲ၊ ဒီကြောင်က ချီမသွားရင် သူ့ဟာသူတောင် အောက် ထပ် ဆင်းချင်တာ မဟုတ်ပါဘူး။ ဘာဖြစ်လို့ လမ်းတဖက်ကို ကူးရမှာလဲ။ သို့သော် သူ့စိတ်ထဲမှာ ချာ့မှန်း သေချာ နေသလိုပင်။ ညဘက် ရေချယ် ဖုန်း ဆက်ရင်

အယ်လီကို ဘယ်လိုပြောရပါ့။ ဖုန်းကတော့ ဆက်မှာပဲ။

ရေချယ့်ကို သူ ပြောနေမည့်ပုံကို ကြားယောင် မိသည်။ (ကိုသိတာပေါ့၊ ဘယ်သက်ရှိမဆို တချိန်ချိန်မှာ ဒါကြုံကို ကြုံရမှာပဲ။ ဆရာဝန် တယောက်အနေနဲ့ကို အသိဆုံး) ကားလမ်း တဖက်ကို ကူးရင် ဘာဖြစ်တတ်တယ် ဆိုတာ ရေချယ့်ကို ရှင်းပြရမည့်သူက လူးဝစ်ပဲလား။ သူကရော ချာ့တခုခု ဖြစ်လာမယ်လို့ တကယ်ယုံထား ဖူးသလား။ သူ ပြန်စဉ်းစား ကြည့်၏။

တခါက သူနှင့်အတူ ပိုကာကစားသော ဝစ်ကတ်ဆူလီဗန် ဆိုသည့် လူတယောက် မေးဖူးတာ သွားသတိရ၏။ ဆေးရုံမှာ ခဏခဏ မြင်နေရတဲ့ ကိုယ်တုံးလုံး မိန်းမတွေကို ကြည့်ပြီး စိတ်မကြွဘဲ ဘာလို့ ခင်ဗျား မိန်းမနဲ့ ကျမှ စိတ်ပါရတာလဲတဲ့။ လူးဝစ်က ထိုကိစ္စမှာ လူတွေ လျှောက်ထင်နေ သလို မဟုတ်ကြောင်း၊ အစမ်းသပ်၊ အစစ်ဆေးခံမည့် မိန်းမက ဝတ်ထား သမျှကို ဖြုန်းခနဲ ချွတ်ချပေးရတာ မဟုတ်ကြောင်း၊ ရင်သား၊ ပေါင်၊ လိင် အင်္ဂါ စသည့် လိုအပ်သော နေရာများကိုသာ ကွက်ဖောက်ထားသော အဝတ် စဖြင့် ကာကွယ်ထားကြောင်း၊ ဆရာဝန်၏ ဂုဏ်သိက္ခာကို လေးစားသော အားဖြင့် သူနာပြု တယောက်လည်း အနားမှာ ရှိကြောင်း ရှင်းပြ၏။ ဝစ် ကတ်က လက်မခံ။ ရင်က ရင်၊ တင်က တင် ဘာဆိုင်သလဲ။ တချိန်လုံး စိတ်ကြွရင် ကြွ၊ မဟုတ်ရင်လည်း စိတ်ကိုက ကြွမလာခြင်းသာ ဖြစ်သည်ဟု ဆို၏။ လူးဝစ် ပြန်ပြောနိုင်သမျှမှာ ခင်ဗျားမိန်းမရဲ့ ရင်သားနဲ့တော့ ဘယ်တူ ပါ့မလဲ ဟုသာ ဖြစ်၏။

အခုလည်း သူ့မိသားစုက ဒီသဘောမျိုးသာ ယူဆမှာပဲဟု တွေးသည်။ တိရစ္ဆာန် သင်္ချိုင်းက အိမ်မွေး တိရစ္ဆာန်တွေနဲ့ ချာ့နဲ့ လားလားမျှ မ သက်ဆိုင်။ သူတို့ဟာသူတို့ သေကြတာ ချာ့နဲ့ ဘာဆိုင်သလဲ။

ဆရာဝန်များသည် ဘယ်ကိစ္စကိုမဆို ရောထွေးပစ်၍ မရဘဲ သူ့အကန့်နှင့် သူ ထားရကြောင်း ဝစ်ကတ်ကို ရေလည်အောင် သူ ရှင်းမပြနိုင်ခဲ့။ ရင်သား သည် ကိုယ့်မိန်းမ၏ ရင်သား မဟုတ်သရွေ့ ကိုယ်အင်္ဂါ အစိတ်အပိုင်း တခု သာ ဖြစ်၏။ အလုပ်ကိစ္စတခုသာ ဖြစ်၏။

ကိုယ်နှင့်မဆိုင်သမျှ ကိုယ့်ကိစ္စ မလုပ်လို့ ရသော်လည်း ဆိုင်လာခဲ့သည် ရှိသော်....။ ကိုယ့်သားသမီး ဆိုလျှင်ကော၊ ကိုယ့်သားသမီးရဲ့ ကြောင်ဆိုလျှင် ကော။ ညောင်ဦးကမ်းပါး ပြိုတာနဲ့ ရေစကြိုက နွားမကြီး ပေါင်ကျိုးတာ ဘာဆိုင်သလဲ၊ ဒေါက်တာဟာ အတော် ရယ်ရတာပဲ။ မဆိုင်တာတွေ အတင်း ဆက်စပ် ယူနေမိသလားဟု လူးဝစ် သူ့ကိုယ်သူ တွေးမိ၏။

တော်ပြီ။ လျှောက်မတွေးတော့ဘူး။ တဆင့်ချင်းစီ သွားတာပေါ့။

သို့သော် တနေ့နေ့ ချာ့သေမှာကို တွေးပြီး ကယောင်ချောက်ချား ဖြစ်ခဲ့သည့် အယ်လီပုံကို ပြန်မြင်ယောင် မိပြန်၏။ တော်တော်မိုက်တဲ့ ကြောင် ပဲ၊ ဘာလို့များ ကြောင်မွေး မိပါလိမ့်။

" ချာ့"

ဘာသံမှ ပြန်မလာ၊ မီးဖိုကို လေတိုးသည့် တချွတ်ချွတ် အသံသာ ကြားရ၏။ ဧည့်ခန်းထဲရှိ ချာ့မကြာခဏ တက်ထိုင်နေတတ်သည့် ဆိုဖာခုံရှည် ကြီးပေါ်မှာလည်း ဘာမှမရှိ၊ ရေဒီရေတာ အပူပေးစက်ပေါ်မှာလည်း နတ္ထိ။ အသံကြားသည်နှင့် ပြေးလာတတ်သော ကြောင်စာခွက်ကို တဒေါက်ဒေါက် ခေါက်ကြည့်သည်။ သည်တကြိမ်မှာ ဘယ်ကြောင်မှ ပြေးမလာတော့။ ဘယ်တော့မှလည်း ရောက်လာမှာ မဟုတ်တော့။ ထိုအတွေးကြောင့် လူးဝစ် လန့်သွား၏။

ကုတ်အင်္ကျီနှင့် ဦးထုပ် ကောက်ဆောင်းကာ အိမ်ရှေ့တံခါးမှ ထွက်၏။ ထို့နောက် အိမ်ထဲ ပြန်ဝင်လာကာ လက်ဆေးကန် အောက်ရှိ နံရံကပ်ဗီရိုကို ငုတ်တုတ်ထိုင်၍ ဖွင့်၏။ အထဲမှာ ပလတ်စတစ်အိတ် နှစ်မျိုး ရှိသည်။ အဖြူ ရောင်အိတ်အသေးများက အိမ်ထဲက အမှိုက်များ ပစ်ဖို့၊ အစိမ်းရောင် အိတ် အကြီးများက အမှိုက်ပုံးကို စွပ်ထားဖို့။ လူးဝစ်က အစိမ်းရောင် အိတ် တလုံးကို ယူလိုက်၏။ ချာ့က အလေးချိန် စီးသည်။

အိတ်ကို ဂျာကင်အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်၏။ လက်ချောင်းများ ကြားက အေးစက် ချောကျိနေသော ပလတ်စတစ် အိတ်သား၏ အထိအတွေ့ကို သူ မနှစ်သက်ချေ။ ထို့နောက် အိမ်မှ ထွက်ကာ လမ်းတဖက်ရှိ ဂျထ်တို့အိမ် ကို ကူးသွားသည်။

ညနေ ၅ နာရီခွဲလောက် ရှိပြီမို့ ဆည်းဆာပင် ပျောက်၍ ရှမ္ပေ့ခင်းတို့က အသက်ဝင် လှပမနေတော့ချေ။ နေဝင်ချိန်၏ လက်ကျန် အရိပ်အယောင် များ အဖြစ် မြစ်ပြင်ပေါ်ရှိ မိုးကုပ်စက်ဝိုင်း၌ ထူးဆန်းသော လိမ္မော်ရောင် အနားသတ်မျဉ်း များသာ ကျန်ရစ်ခဲ့၏။ လေက Route ၁၅ လမ်းမအတိုင်း တဖြောင့်တည်း တိုက်ခတ်နေသဖြင့် လူးဝစ်ပါးပြင်မှာ အေးစက် ထုံကျဉ် လာပြီး ဝင်သက် ထွက်သက်တို့ကို အဖြူရောင် အခိုးအငွေ့များ အဖြစ် မြင် နေရသည်။ ဆတ်ခနဲ သူ တုန်တက် သွား၏။ ချမ်းသောကြောင့် မဟုတ်၊ အထီးကျန်သလို ခံစားရသောကြောင့် ဖြစ်၏။ ထိုခံစားချက်က တင်စား ဖော်ပြစရာ မရှိအောင် စူးရှ ပြင်းပြလှသည်၊ ရင်မဆိုင်ဝံ့သလိုမျိုး။ စိတ်နှလုံးထဲဝယ် ထိထိခိုက်ခိုက် ခံစားရ၏။

ဒက်ဖဲလ်ကုတ် အစိမ်းရောင်ကြီး ဝတ်ထားသော ဂျထ်ကို လှမ်းမြင်ရသည်။ သားမွေးခေါင်းစွပ် အရိပ်ကြောင့် သူ့မျက်နှာကို မမြင်ရ။ သူက နှင်းခဲ နေသော ခြံဝင်းထဲက မြက်ခင်းပေါ်မှာ ကျောက်ရုပ် တရုပ်လို မတ်တတ် ရပ်နေ၏။ ငှက်တို့လည်း အိပ်တန်း တက်ကုန်သည်ထင့်၊ ဘာတေးသံမှ မသီ ဆိုကြသလို ဂျထ်ပုံစံက ဆည်းဆာချိန်ရီထဲက အသက်ဝိညာဉ်မရှိသော အရာဝတ္ထု တခုနှယ်။

လူးဝစ် လမ်းပေါ် ဖြတ်တက် လာတော့ ဂျထ်က သူ့ကို နောက်ပြန်ဆုတ်ဖို့ လက်လှမ်း ပြသည်။ လေတဟူးဟူး တိုက်နေသဖြင့် ဂျထ် ဘာတွေ အော် ပြောနေမှန်း သူမကြားရ။ လေသံက စူးရှပြင်းထန် လာသည်ကို ရုတ်တရက် သဘောပေါက် သွားသည့် တခဏ၌ လူးဝစ်က နောက်ပြန်ဆုတ် လိုက်၏။ ထိုစဉ်

ဥသြဆွဲသံကြီး တခု ထွက်ပေါ်လာပြီး အော်ရင်ကို ကုန်ကားကြီးတစီး ဝေါခနဲ ဖြတ်မောင်း သွားလေရာ သူ့ဘောင်းဘီနှင့် ဂျာကင်အင်္ကျီစတို့မှာ လေအရှိန် ဟပ်၍ တဖတ်ဖတ် လွင့်သွားလေ၏။ ဆက်သွားမိပါက ထိုကားကြီးရှေ့ ဖြတ်လျှောက်သလို ဖြစ်ပြီး အိုးစားကွဲဖို့ သီသီလေး လိုသည်။ သည်တကြိမ်မှာ မဖြတ်ခင် ဘယ်ညာ နှစ်ဖက်စလုံး ကို ကြည့်မိတော့ ခုနက ကားကြီး၏ ကားနောက် မီးရောင်ကိုသာ ဆည်းဆာရောင်ထဲ မှုန်ဝါးဝါး တွေ့ရသည်။

"ကျုပ်ဖြင့် မောင်ရင့်ကို အော်ရင်ကိုကားကြီး တိုက်သွားပြီ မှတ်တာ။ ဂရု လေးဘာလေး စိုက်ပါကွဲ့ လူးဝစ်ရဲ့"

အနား ကပ်လာသည့်တိုင် ဂျထ်၏မျက်နှာကို သေချာမတွေ့ရ။ ဂျထ် မဟုတ်ဘဲ တခြား တယောက်ယောက်လည်း ဖြစ်နေနိုင်သည်ဟု တွေးကာ စိတ်မသက်မသာ ဖြစ်လာ၏။ လူးဝစ်က ဂျထ်ခြေဖဝါးနားမှာ ခြေကားရား၊ လက်ကားရား လဲနေသည့် အမွေးပွ သတ္တဝါကို ငုံ့မကြည့်သေးဘဲ

"နော်မာရော" ဟု မေးလိုက်သည်။

"ကျေးဇူးတော်နေ့ ဆိုတော့ ဘုရားကျောင်းမှာ လုပ်အား သွားပေးလေရဲ့။ စားသောက် ပြီးကြတဲ့အထိ နေမယ် ထင်တာပဲ။ ဘာမှမစားဘဲတော့ နေမှာ မဟုတ်ပါဘူး။ သူလည်း ဆာနေတာနဲ့ အတော်ပဲ"

လေတချက် ပြင်းပြင်း တိုက်ထည့် လိုက်သောကြောင့် ခေါင်းစွပ် လန်ကျ သွားသဖြင့် ဂျထ်အစစ် ဖြစ်မှန်း လူးဝစ် တွေ့ရ၏။

"မိန်းမတွေချည်း စုပြီး ပါတီ လုပ်ကြသလိုမျိုးပါပဲကွာ၊ ဆန်းဒွစ်ကလွဲပြီး ဘာမှလည်း သိပ်စားကြမှာ မဟုတ်ပါဘူး။ နေ့ခင်းက အနပ်ကြီး စားထား ကြတာပဲ။ ၈ နာရီဝန်းကျင် လောက်တော့ ပြန်လာလိမ့်မယ်"

လူးဝစ်က အောက်ကကြောင်ကို ဒူးထောက်၍ ငုံ့ကြည့် လိုက်သည်။ စိတ် ထဲကနေ ချာ့ မဖြစ်ပါစေနဲ့ဟု ပြင်းပြင်းပြပြ ဆုတောင်း နေမိသည်။ လက်အိတ်စွပ် ထားသော လက်ချောင်းများဖြင့် လည်ကုပ်မှ တဆင့် ကြောင်ခေါင်းကို ညင်သာစွာ လှည့်ကြည့်လိုက်၏။ တခြားသူရဲ့ကြောင် ဖြစ် ပါစေ၊ ဂျထ်အထင် မှားပါစေ။

ကြောင်သေကား ချာ့ပင် ဖြစ်တော့၏။

သို့သော် သူ လုံးဝ မျက်နှာပျက် မသွားမိသလို လမ်းမပေါ် ဖြတ်မောင်း နေသော ဆီကားကြီးများနား ကိုလည်း ပြေးမသွားမိချေ။ ချာ့၏ တဝက်တပျက် ပွင့်နေသော မျက်လုံးများက ဖန်ဂေါ်လီ အစိမ်းရောင် တောက်နေ၏။ သွေးစီးကြောင်းကလေး တခုက ဟနေသော ပါးစပ်မှ ကျနေသည်။ သွေးဒလဟော ပေပွမနေသော်လည်း သူ့ရင်ဘတ်မှ ခါးစည်း အဝတ်အဖြူကိုတော့ စွန်းသွားသည်။

"မောင်ရင်တို့ ကြောင်လား လူးဝစ်"

"ဟုတ်တယ်၊ ကျွန်တော်တို့ကြောင်"

လူးဝစ်က ပြောရင်း သက်ပြင်းချ၏။ အယ့်လောက် အသည်းအသန် မဟုတ်တောင် သူ့နည်း သူ့ဟန်ဖြင့် လူးဝစ်လည်း ချာ့ကို ချစ်တော့ချစ်မှန်း

သူ့ကိုယ်သူ သတိထားမိသည်။ ငေးသင်းပြီး ကတည်းက ချော့ ပြောင်းလဲ သွားသည်။ ဝလာပြီး အသွားအလာ နှေးသွားသလို အယ်လီအိပ်ရာ၊ ဆိုဖာ ခုံနှင့် သူ့အစာပန်းကန်ပြားမှ လွဲ၍ အိမ်အပြင် ထွက်ခဲလှသည်။ အခုတော့ သေရှာပြီ။ သူ့အမြင်မှာတော့ ချော့က ယခင်ပုံစံထက် ဘာမှ ထူးခြားမနေချေ။ အပ်လို ချွန်ထက်နေသော ကြောင်သွားလေးများ အပြည့်နှင့် သွေးစတို့ ပေနေသော တောင့်ခဲနေသည့် ပါးစပ်ပေါက် ကျဉ်းကျဉ်းလေးက အဟောင်းသား ပွင့်လျက် မာန်ဖီနေသယောင်။ မျက်လုံးသေများက ဒေါမာန်ဟုန် ပြင်းပြနေပုံ ရ၏။ သင်းကွပ်ထားသော ဘဝကို မလိုချင်သဖြင့် အရှက်နှင့် အသက်များ လဲလိုက်လေသလား။ နောင်ဘဝကျမှ သဘာဝ အတိုင်း ပြန်နေတော့မည်ဟု ဆုံးဖြတ်ကာ သေပစ်လိုက်လေ သလား။

"ဒါ ချော့ပဲ။ သွားပြီ၊ အယ်လီကို ကျွန်တော် ဘယ်လို ပြောရမှန်း မသိတော့ဘူး"

ရုတ်တရက် သူ အကြံတခု ရလာ၏။ ချော့ကို တိရစ္ဆာန် သင်္ချိုင်းမှာ နာမည်မတပ်ဘဲ မြှုပ်လိုက်မည်။ ဒီည အယ်လီ ဖုန်းဆက်လျှင် ချော့ အကြောင်း မပြောဘဲ နေလိုက်မည်။ မနက်ဖြန်ကျ ချော့ကို မတွေ့မိဘူး ဘာ ညာ ပြောထားမည်။ သန်ဘက်ခါကျတော့ ချော့တကောင် ဟိုဟိုဒီဒီ လျှောက်သွားနေတာ ဖြစ်မယ်ဟု ရောချလိုက်မည်။ ကြောင်တွေက တခါတလေ ဒီလို လုပ်တတ်တာပဲဟာ။ အယ်လီ စိတ်တော့ ဆိုးမှာပဲ၊ သေချာတယ်။ နောက်ကျရင် သူ့အလိုလို မေ့သွားမှာပါ။ ရေချယ့်ကိုလည်း ချော့သေသွားတာ ပြောပြစရာ မလိုတော့။

သူ့စိတ်ထဲမှာ ငကြောက်ဟု စွပ်စွဲလိုက်သံ ကြားမိ၏။ ဟုတ်တယ်၊ စကား မများချင်ဘူး။ ဘယ်သူက ရန်ဖြစ်ချင်မှာလဲ။

"အယ်လီက ဒီကြောင်ကို သိပ်ချစ်တာ မဟုတ်လား"

"အင်း"

ဂျုထ်အမေးကို လူးဝစ်က တွေတွေငေးငေး ပြန်ဖြေ၏။ ချော့ခေါင်းကို ထပ် လှည့်ကြည့်တော့ တောင့်တင်းစ ပြုလာတာ တွေ့ရသည်။ သို့သော် ဦးခေါင်း က လိုအပ်သည်ထက် ပို၍လွယ်ကူစွာ လှည့်လို့ ရနေ၏။ ဩော် ဇက်ကျိုး သွားတာကိုး။ ဖြစ်ပျက်ပုံကို လူးဝစ် ဆက်စပ် ကြည့်လိုက်သည်။

ချော့ လမ်းဖြတ် ကူးသည်။ အကြောင်းရင်း ကိုတော့ ဘုရားသာ သိလိမ့်မည်။ ကား သို့မဟုတ် ကုန်ကား တစီးက သူ့ကို ဝင်တိုက်လိုက်ရာ လည်ပင်းရိုး ကျိုးသွားပြီး ဂျုထ်တို့ခြံထဲ လွင့်စဉ်သွားတာ ဖြစ်ရမည်။ မဟုတ် ရင်လည်း တောင့်ခဲနေသော မြေပေါ် ပြုတ်အကျမှာ ဇက်ကျိုးတာ ဖြစ် နိုင်၏။ အဲဒါက အရေးမကြီး၊ ဇက်ကျိုးခြင်းကသာ အဓိက ကျသည်။ နောက်တော့ ချော့ သေသွား၏။

သူ ဂျုထ်ကို ချော့၏နိဂုံးအကြောင်း ပြောပြဖို့ မော့ကြည့်တော့ ဂျုထ်က မိုးကုပ်စက်ဝိုင်း ဆီက ဖျော့တော့တော့ လိမ္မော်ရောင် အနားသတ်ကို ငေး ကြည့်နေ၏။ ခေါင်းစွပ်က နောက်ပြန်ကျနေသဖြင့် အတွေးနက်နေသော

တင်းမာသည့် သူ့မျက်နှာကို ရှင်းရှင်းလင်းလင်း မြင်ရသည်။ ဂျထ်၏ မျက်နှာတိ မျက်နှာထားက ခက်ထန် နေသလိုပင်။

လူးဝစ်က အင်္ကျီအိတ်ကပ်ထဲက အိတ်အစိမ်းကို ထုတ်ကာ ဖြန့်သည်။ လေတိုက်နေသဖြင့် လွင့်မထွက်အောင် လက်ထဲမှာ တင်းကျပ်စွာ ဆုပ်ထား ရ၏။ ကြွပ်ကြွပ်အိတ်သံ တဖြန်းဖြန်းကြောင့် ဂျထ် သတိပြန်ဝင်လာပုံ ရသည်။

"အင်းလေ၊ သူ အတော်လေးကို ချစ်မှာပါပဲ"

ချစ်ခဲ့မှာပဲဟု မပြောဘဲ ချစ်မှာပါပဲဟု ဆိုသောကြောင့် လူးဝစ် စိတ်ထဲမှာ အနည်းငယ် ကြက်သီး ထသွား၏။ မှိန်ဖျော့သော အလင်းရောင်၊ အအေး ဒဏ်နှင့် လေ စသည့် အနေအထား တခုလုံးက သူ့ကို ကျောစိမ့်၍ ကြောက်အား ပိုအောင် ဖန်တီး နေသည့်နှယ်။

သူက အိတ်နှုတ်ခမ်းဝကို ဖြဲကာ ချာ့ကို အမြီးကနေ ဆွဲမလိုက်၏။ နှင်းထု ထဲ နစ်ဝင်နေသော ချာ့၏ခန္ဓာကိုယ်မှ ဖြိခနဲ မြည်သံ ထွက်လာသဖြင့် ရှုံ့မဲ့ လိုက်မိသည်။ ၎င်း၏ ကိုယ်ထည်ထဲမှာ မရဏမင်း ခိုအောင်းသကဲ့သို့ ချာ့က မယုံကြည်နိုင်လုနီးပါး လေးလံလှ၏။ ဘုရားရေ၊ သဲအိတ်ကြီး မရသလိုပါလား။ ဂျထ်က အိတ်အစွန်း တဖက်ကို လာကိုင်ပေးသဖြင့် လူးဝစ်က ထူးထူးဆန်းဆန်း စိတ်မချမ်းမြေ့ဖွယ်ရာ လေးလံလှသော ချာ့ကို အိတ်ထဲ ထည့် လို့ ရသွား၏။

"ကဲ အခု မောင်ရင် ဘာလုပ်မှာလဲ"

"အမှိုက်ပုံးထဲ ထည့်ပြီး မနက်ကျ မီးရှို့ရမှာပေါ့"

"တိရစ္ဆာန် သင်္ချိုင်းထဲမှာလား"

လူးဝစ်က ပခုံးတွန့်၍

"အင်း၊ အဲဒီမှာ လုပ်ဖြစ်မယ် ထင်တာပဲ"

"အယ်လီကို ပြောမှာလား"

"အဲ ... အဲဒါတော့ စဉ်းစား ရဦးမယ်"

ဂျထ်က အကြာကြီး စဉ်းစားနေပြီးမှ ဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့်

"ဒီမှာ ခဏနေဦး လူးဝစ်" ဟု ဘာလုပ်မည်မှန်း မပြောမဆိုနှင့် ထွက် သွား၏။ သူ့အနေဖြင့် ဆိုးဝါးသော သည်လိုညမျိုး၌ အပြင်မှာ စောင့်မနေ ချင်ပေ။ ဂျထ်က အသက်အရွယ်နှင့် မလိုက်အောင်ပင် လျှောခနဲ ပျောက် သွားသဖြင့် ဘာမှပြောချိန် မရလိုက်ချေ။ ပြောစရာလည်း မရှိ။ သူ့ကိုယ်သူ သူ မဟုတ်သလို ခံစားရ၏။ ဂျထ် ထွက်သွားသည်ကို သည်အတိုင်း ကြည့် နေမိသည်။

ဂျထ် အိမ်ထဲ ဝင်သွားသဖြင့် ကလစ်ခနဲ တံခါးပိတ်သံ ကြားရသောအခါ သူ့မျက်နှာကို တိုက်ခတ်နေသော လေထဲ မော့ထား လိုက်မိ၏။ ချာ့ အလောင်း ထည့်ထားသော အမှိုက်အိတ် ကတော့ ခြေထောက်ကြားမှာ တ ဖတ်ဖတ် လွင့်နေသည်။

ကျေနပ် နှစ်သိမ့်ခြင်း။

ဟုတ်သည်၊ မိန်းပြည်နယ်ကို ပြောင်းလာ ကတည်းက ပထမဆုံးအကြိမ်

သူ့အိမ်သူ့ယာလို ခံစားရခြင်းပါပေ။ ဆောင်းဝင်ကာစ နေဝင်ရီတရောမှာ မတ်တတ်ရပ်ရင်း စိတ်မချမ်းမြေ့မှုနှင့် ရွှင်ပျ လန်းဆန်းမှုကို ထူးထူးဆန်း ဆန်း တပြိုင်တည်း ခံစားနေရ၏။ ထိုသို့ပဲ မခံစားဖူးတာလား၊ အသက်ကြီးလို့ မေ့သွားတာလားတော့ မသိ။

စိတ်ထဲမှာ တခုခု ဖြစ်တော့မည်ဟု ထင်နေသည်။ ထူးခြား ဆန်းပြားသော တစုံတခု။

ခေါင်းကို မော့ချလိုက်တော့ မှောင်ရီပျိုးစ ပြုလာသည့် ကောင်းကင်ယံမှာ ဆောင်းတွင်း ကြယ်များကို မြင်ရ၏။ မည်မျှ ကြာအောင် ရပ်နေမိမှန်း မသိ၊ ပေါ်တီကိုမှ ခတ်မီးရောင် တခုကို မြင်ရပြီး ဂျထ်က အိမ်ရှေ့လှေကား အတိုင်း ဆင်းလာ၏။ ဂျထ်ကိုင်လာသော ခတ်မီးကြီးမှာ လေးလုံးထိုး ခတ်မီး အကြီးစား ဖြစ်၏။ အခြား လက်တဖက်မှာတော့ ဂေါ်ပြားနှင့် ပေါက်ချွန်း ကိုင်ထားသည်။ ဂျထ်က လက်တဖက် အားနေသော လူးဝစ် ကို ဂေါ်ပြား လှမ်းပေး၏။

"ဘာလုပ်တာလဲ ဂျထ်ရဲ့။ သူ့ကို ဒီည မမြှုပ်သေးဘူးလေ"

"ေအး"

"မြှုပ်လို့ရပါတယ်။ သွားမြှုပ် ကြတာပေါ့"

ခတ်မီးရောင် နောက်ကွယ်မှ ဂျထ်မျက်နှာကို မမြင်ရချေ။

"မှောင်နေပြီလေ ဂျထ်ရဲ့။ အချိန်လင့်နေပြီ။ ပြီးတော့ အေးလည်း အေး"

"လာစမ်းပါကွာ။ ပြီးအောင်သာ လုပ်ကြပါစို့"

လူးဝစ်က ခေါင်းတခါခါဖြင့် အတွန့်တက်ဖို့ ကြိုးစားသော်လည်း ဘယ်လိုအကြောင်းပြရမှန်း မသိ ဖြစ်နေသည်။ တရှဲရှဲ တိုက်ခတ်နေသော လေနှင့် ကြယ်ရောင် ပြိုးပြက် လင်းလက်နေသော အနက်ရောင် ကောင်းကင် အောက်မှာ သူတို့လုပ်နေပုံက ဘာအဓိပ္ပာယ်မှ မရှိသလိုပင်။

"မနက်ဖြန်အထိ စောင့်လို့ ရတာပဲ။ မြင်သာ ထင်သာ ရှိတဲ့အချိန်ကျမှ"

"သူက ကြောင်ကို ချစ်ရဲ့မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့"

ဂျထ်က ကျိုးကြောင်း ဆက်စပ်ပြသည့် လေသံမျိုးဖြင့်

"မင်းကရော အယ်လီကို မချစ်ဘူးလား" ဟု ညင်သာစွာ မေး၏။

"ရော်၊ ချစ်တာပေါ့ဗျာ။ ကျွန်တော့်သမီး ပဲဟာ"

"ဒါဆို လိုက်သာ လာခဲ့တော့"

သို့နှင့် လူးဝစ်လည်း လိုက်လာခဲ့လေ၏။ ဤသို့ဖြင့် ထိုညက တိရစ္ဆာန် သင်္ချိုင်းဆီ နှစ်ကြိမ်မြောက် (သုံးကြိမ်မြောက်လည်း ဖြစ်နိုင်၏) ရောက်ခဲ့ ပြန်၏။ တလမ်းလုံး ဂျထ်ကို စကားပြောရန် ကြိုးစားသော်လည်း ဂျထ်က ဘာမှ ပြန်မဖြေသဖြင့် လက်လျှော့ လိုက်ရ၏။ လက်တဖက်မှာ ချာ့၊ တဖက်မှာ ဂေါ်ပြား ကိုင်လာရသဖြင့် လက်မောင်းများပင် ကိုက်ခဲလာ သလိုလို။ သစ်ပင်တွေကြားမှ တိုးထွက်လာသော လေကလည်း သေလု အောင် အေးစက်လှသဖြင့် အရေပြားတွေ

ထုံကျဉ်နေ၏။ တောထဲ ရောက်တော့ စကားထဲ ထည့်ပြောရ လောက်အောင် နှင်းကျမနေတော့။ ဂျထ်၏ ခေတ်မီး အလင်းရောင်က နှင်းမှုန်တို့ကို ဖောက်ထွက် လင်းဖြာ နိုင်တာ ကြောင့်လည်း ပါ၏။ လျှို့ဝှက်သော တစုံတရာက မငြင်းဆန်နိုင်အောင် ဆွဲငင်ညှို့ယူ နေသလိုပင်။ မကောင်းဆိုးဝါး ဆန်သော လျှို့ဝှက် ဆန်းကြယ်မှု။

အရိပ်တွေ ကျဲပါးသွားတော့ စိတ်ထဲမှာ ပေါ့ပါးသလို ခံစားရ၏။ နှင်းစက် တို့က တလဲ့လဲ့ လက်နေ၏။ ဂျထ်က

"ဒီမှာ ရပ်" ဟု ဆိုလိုက်ရာ လူးဝစ်က အိတ်ကို အောက်ချ၍ နဖူးက ချွေးကို လက်ဖျံနှင့် သုတ်လိုက်၏။

ဒီမှာ ရပ်ဆိုပါလား။ ဂျထ်က နှင်းတို့ ခပ်ပါးပါး လွှမ်းခြုံထားသော ငုတ်တုတ်ထိုင်၍ အမောဖြေနေဟန် ခေါင်းငုံ့ထား၏။ ဦးတည်ရာမဲ့ လျှောက်ထိုးမိသော ခေတ်မီးရောင်ထဲမှာ ဆိုင်းဘုတ် အမှတ်အသားများကို မြင်လိုက်သည်။

"အဆင်ပြေရဲ့လား ဂျထ်"

"ပြေပါတယ်။ ခဏလေး အမောဖြေချင်လို့"

လူးဝစ်လည်း သူ့ဘေးထိုင်ကာ အသက်ကို ပြင်းပြင်း ရှူနေမိသည်။

"သိလား၊ ကျွန်တော့်စိတ်ထဲမှာ ခြောက်နှစ်လောက် ပိုငယ် သွားသလိုပဲ။ သမီးရဲ့ကြောင်ကို မြှုပ်ဖို့ လုပ်နေချိန် ဒီလိုပြောရတာ ကြောင်တော့ ကြောင်တယ်။ ဒါပေမဲ့ ဒါ အမှန်အတိုင်း ပြောပြတာ ဂျထ်။ ကျွန်တော် နေလို့ ကောင်းတယ်"

ဂျထ်က အသက်တချက်၊ နှစ်ချက်လောက် ခပ်ပြင်းပြင်း ရှူ၍

"အင်း၊ သိပါတယ်။ တခါတလေ ဒီလို ဖြစ်တတ်တာပဲ။ ဒီနေရာမှာ အဲဒီ လိုအစွမ်း သတ္တိမျိုး ရှိတယ်။ ပြောပြရင် ယုံချင်မှာတောင် မဟုတ်ဘူး။ ဘိန်းဖြူထိုးရင် ကောင်းသလိုမျိုး ဆေးစွဲ နေသလိုပေါ့။ တကယ်တော့ တချိန်လုံး အဆိပ်သင့် နေတာ။ ဆေးက ခန္ဓာကိုယ်နဲ့ အတွေးတွေကို သူ့နည်း သူ့ဟန်နဲ့ အဆိပ်ခတ် နေတာ။ ဒီနေရာလည်း အဲဒီလိုပဲ လူးဝစ်။ ဒါကို မမေ့ နဲ့။ ဦးလုပ်ရပ် မှန်ပါစေလို့ ဘုရားဆီမှာ မျှော်လင့်မိတယ်။ မှန်တယ်လို့ ထင်ပေမဲ့ တကယ်လား ဆိုတော့လည်း မသေချာဘူး။ အိုလာလို့လား မသိဘူး၊ တခါတလေ ခေါင်းသိပ် နှောက်တာပဲ"

"ဦးပြောတာ ကျွန်တော် နားမလည်ဘူး"

"ဒီနေရာဟာ အစွမ်းရှိတယ် လူးဝစ်။ အဲ ခုရပ်နေတဲ့ နေရာကို ပြောတာ မဟုတ်ဘူး။ တို့သွားမယ့် နေရာကို ပြောတာ"

"ဂျထ်"

"လာ"

ဂျထ်က မတ်တတ် ပြန်ရပ်လိုက်သည်။ ခေတ်မီးရောင်က သစ်ကိုင်း ခြောက် ပုံကြီးကို ထိုးထား၏။ ဂျထ်က သစ်ကိုင်းခြောက်ပုံဆီ လျှောက်သွားရာ ရုတ်တရက်

လူးဝစ်စိတ်ထဲမှာ အိပ်မက်မက်၍ လမ်းထလျှောက် မိသည့် အဖြစ်ကို သတိရသွား၏။ အိပ်မက်ထဲမှာ ပတ်စ်ကောင်း ပြောခဲ့တာနဲ့များ ပတ်သက်နေ မလား။

ခင်ဗျား စိတ်ထဲမှာ ဘယ်လောက်ပဲ ခံစားနေရပါစေ၊ အဲဒီနောက်ကို မသွားပါနဲ့ ဒေါက်တာ။ တားဆီးထားတယ် ဆိုကတည်းက ချိုးဖျက်ဖို့ မဟုတ်ဘူး။

သို့သော် ယနေ့ည အထိဆိုလျှင် ထိုအိပ်မက် သို့မဟုတ် သတိပေးစကား ကြားခဲ့ဖူးတာ လအတော် ကြာသွားခဲ့ပြီ။ အခု လောလောဆယ် လူးဝစ်စိတ် ထဲမှာ တမလွန်ဘဝကို အရှင် လတ်လတ် ရောက်နေသလို ခံစားရပြီး စိတ် လှုပ်ရှားမှု အပြည့်နှင့် အရာရာကို ရင်ဆိုင် ကျော်လွှားဖို့ အသင့် ဖြစ် နေသည်။ အိပ်မက်ထဲကို ကိုယ်တိုင်ကိုယ်ကျ ရောက်လာသည်နှင့် တူ၏။

ဂျထ်က သူ့ဘက် လှည့်ကြည့် လိုက်ရာ ခေါင်းစွပ်ကြောင့် မျက်နှာကို လုံးလုံး မတွေ့ရသဖြင့် ထိုခဏ၌ သူ့မျက်စိထဲတွင် ပတ်စ်ကောင်း ကိုယ်တိုင်သူ့အရှေ့မှာ ရောက်နေသကဲ့သို့ မြင်ယောင် မိလေ၏။ မှိန်ဖျော့သွားသော လရောင်အောက်၌ သားမွေး ခေါင်းစွပ်ထဲမှ ပါးစပ် အဖြဲသားနှင့် ဗလုံးဗထွေး ပြောဆိုနေသော ဦးခေါင်းခွံကြီးကို သွားမြင်သဖြင့် ရေခဲရေနှင့် အပက်ခံရသလို ဖြန်းခနဲ ကျောထဲက စိမ့်တက်သွား၏။

"ကျွန်တော်တို့ အဲဒါကို ကျော်တက်လို့ မရဘူးလေ ဂျထ်ရဲ့။ ခြေထောက် ကျိုးသွား လိမ့်မယ်။ အဲဒါမှ ပြန်ဖို့ ကြိုးစားရင်း တောင့်ခဲပြီး သေကုန်ဦး မယ်"

"ငါ့နောက်က လိုက်မှာသာ လိုက်ခဲ့စမ်းပါ။ အောက်ကို ငုံ့မကြည့်နဲ့။ ချီတုံချတုံ လုပ်မနေနဲ့။ ဒီဟာကြီးကို ဖြတ်သွားလို့ ရတဲ့လမ်း ငါသိတယ်။ မြန်မြန်ဆန်ဆန် သေသေချာချာသာ လုပ်"

ကေန္တ ဒါ အိပ်မက်ပဲ ဖြစ်ရမယ်။ ညနေဘက် တရေးအိပ်လိုက်ရင် ပြန်မှ နိုးမလာတတ်ဘဲဟု လူးဝစ် စတွေးလာ၏။ တကယ်လို့ အိပ်ရာက နိုးနေတယ်ဆိုရင် ဒီသစ်ပုံဆီ လာဖြစ်မယ်တောင် မထင်ဘူး။ ဒါပေမဲ့ အခုတော့ ရောက်နေပါ ပကောလား။ ငါ့စိတ်နဲ့ငါ လုပ်နေမိတာပဲ။ ဒီတော့ အိပ်မက်ပဲ ဖြစ်ကိုဖြစ်ရမယ်၊ ဟုတ်တယ်မလား။

ဂျထ်က သစ်ကိုင်းခြောက်ပုံကြီး အလယ် တည့်တည့်မှ ဘယ်ဘက်သို့ မဆိုစလောက် စောင်းသွားရာ ခတ်မီး အလင်းရောင်က လဲကျနေသော သစ်ပင်နှင့် သစ်လုံးအိုကြီးများ ရောနှော စုပုံနေရာသို့ ဖြာကျသွား၏။ မီးရောင်စက်ဝန်းက အနားတိုးသွားလေလေ ပို၍ သေးငယ်သွားလေလေပင်။

ဂျထ်သည် သူ တွက်ဆထားသော နေရာရောက်လာမှန်း သေချာသည်နှင့် တုံ့ဆိုင်းတွေဝေခြင်း အလျှင်းမရှိဘဲ သစ်ကိုင်းခြောက်ပုံပေါ် စတက် လေ၏။ ဂျထ်သည် တွယ်တက်သည်လည်း မဟုတ်၊ ကုန်းကုန်းကွကွလည်း မလုပ်ဘဲ ကျောက်ဆောင် တောင်စောင်း သို့မဟုတ် သဲသောင်ပြင်ဆင်ခြေလျှော အတိုင်း တက်သွား သလိုမျိုး အသာအယာပင် တက်သွားခြင်း ဖြစ်၏။ လှေကားထစ်အတိုင်း

တက်သွားသည့်နှယ် နောက်တလှမ်း အား မည်သည့်နေရာ ခြေချရမည်ကို အတိအကျ သိနေပုံဖြင့် လမ်းလျှောက်၍ တက်သွားသည်။

လူးဝစ်ကလည်း သူ့အတိုင်း အနောက်မှ တက်လိုက် လာ၏။

သူလည်း အောက်ကို ငုံ့၍ပင် မကြည့်၊ ခြေကုပ်စရာလည်း လိုက်မရှာချေ။ စိတ်ထဲ၌ သစ်ကိုင်းခြောက်ပုံ ကြီးသည် သူ ခွင့်မပြုသရွေ့ သူ့ကို အန္တရာယ် ပေးလို့ မရဟု ထူးထူးဆန်းဆန်း အသေအချာ ယုံကြည် နေမိ၏။ ယင်းမှာ ကံကိုယုံ၍ ဆူးပုံနင်းသည့် လူမိုက်တို့၏ ယုံကြည်မှုမျိုး ဖြစ်၏။

သို့သော် အလုပ်တော့ ဖြစ်လေသည်။ ဘယ်သစ်ကိုင်းခြောက်ဆီမှ ချွတ်ခနဲ အသံတချက် ထွက်မလာသလို အစွယ်ငေါငေါ အသင့် ထုတ်ထားသည့် သစ်အတိုအစများ ကိုလည်း တကြိမ်မှ ထိရှမသွားချေ။ ရာသီဥတု ဒဏ်ကြောင့် အရောင်ကျွတ်၍ ဖြူဖွေးနေသော ထိုသစ်စများနှင့်သာ ရှလိုက် မိလျှင် သွေးသံရဲရဲနှင့် ရုပ်ပျက် ဆင်းပျက် ဖြစ်သွားနိုင်၏။ အတုံးအရုံး လဲကျနေသည့် သစ်ပင်များစွာကို ဖုံးလွှမ်းနေသော ရေညှိခြောက်များပေါ် နင်းရသည့် သူ့ရှူးဖိနပ်ကလည်း ချော်ထွက် မသွားခဲ့။ ဟက်ရှ်ပါပီတံဆိပ် လုတ်ဖာရှူးအမျိုးအစား ထိုဖိနပ်မှာ သစ်ပုံပေါ် တက်ရန်တော့ တကူးတက ညွှန်းထားပုံ မရချေ။ လူးဝစ်သည် ရှေ့သို့လည်း မကိုင်း၊ နောက်သို့လည်း မယိုင်ဘဲ လိုက်တက် နိုင်၏။ လေက အနီးအနားရှိ ထင်းရှူးပင်များကြားမှ ခပ်ပြင်းပြင်း တေးသီနေ၏။

ထိုခဏ၌ သစ်ကိုင်းခြောက်ပုံ ထိပ်ဖျားတွင် မတ်တတ်ရပ်၍ ဓာတ်မီး ထိုး ကြည့်နေသော ဂျထ်ကို တွေ့ရသဖြင့် မမြင်မစမ်းနှင့် အောက်ကို ခြေချရသည်။ ဓာတ်မီးရောင်က တဖက်ခြမ်းရှိ သစ်ပင်တို့၏ အကိုင်းများပေါ်ဦးတည်ရာမဲ့ လျှောက်သွားနေ၏။ အတားအဆီး၏ တဖက်ခြမ်း၊ ဟုတ်သည်။ သစ်ပုံကြီးကား အရံအတားပင် ဖြစ်၏။ တားဆီးထားခြင်း မဟုတ်လျှင် အဘယ်ကြောင့် ဤသို့ ဖန်တီး ထားရမည်နည်း။ သို့သော် မည်သည့် အရာကို တားဆီးထားသည့် အရံအတားလဲတော့ မသိ။

ထိပ်ဆုံးကို ရောက်လာတော့ ညာခြေထောက်ကို လဲကျနေသော သစ်ပင် အိုကြီးပေါ်၊ ဘယ်ခြေထောက်ကို ထင်းရှူးကိုင်းလား ဘာလား မသိ၊ အကိုင်း တကိုင်းပေါ် ထောက်ကာ ခဏ ရပ်လိုက်၏။ အောက်ကို ငုံ့မကြည့်သော်လည်း ချော့အလောင်း ထည့်ထားသော အိတ်နှင့် အလေးချိန် ပို ပေါ့သော ဂေါ်ပြားကို လက်တဖက်မှ တဖက်သို့ ပြောင်းကိုင်လိုက်ပြီး မျက်နှာကို မော့ထား လိုက်သည်။ လေမပြတ် တိုက်နေသဖြင့် သူ့ဆံပင်တို့ ဖွာလန်ကြဲ ကုန်၏။ လေက သန့်စင်အေးစက်၍ အတောမသတ် တိုက်ခတ် လှသည်တကား။

ထို့နောက် ဖြည်းဖြည်း ညင်သာစွာ အောက်သို့ စဆင်းသည်။ တကြိမ် တွင် သူ့ခြေဖဝါးအောက်မှ လူ့ဗလကြီး လက်ကောက်ဝတ်လောက် ရှိသော သစ်ကိုင်း တုတ်တုတ်ကြီးဆီက ဂျွတ်ခနဲ ကျယ်လောင်စွာ အသံထွက် လာ၏။ သို့သော် စိုးရိမ်ပူပန်စိတ် လုံးဝ မဖြစ်မိ။ ၎င်းထက် လေးလက်မ လောက် နိမ့်သည့်နေရာက

သစ်ကိုင်းကြီး တခုပေါ်ကို ဆတ်ခနဲ လှမ်း တက် လိုက်နိုင်၏။ ယိုင်၍ပင် မသွား။ ပထမ ကမ္ဘာစစ်အတွင်း ကျည်ဆန်တဝှီးဝှီး အနားမှာ ဖြတ်နေသည့် ကြားက မြောင်းထိပ် တောက်လျှောက် အထိ တစ်ပါရေရီတေးသွား အလိုက်ကို ဝီစီမှုတ်ရင်း စစ်သားများ ပျော် ပျော်ပါးပါး လမ်းလျှောက် သွားကြပုံကို နားလည်သလို ရှိလာသည်။ ဤ အဖြစ်မှာ ရူးချင်စရာ ကောင်းသော်လည်း ထိုသို့ ထူးဆန်း ရှူးနှမ်းခြင်းကပင် အံ့သြ ရင်ခုန်ဖွယ်ရာ ဖြစ်လေ၏။

လူးဝစ်က ဂျထ်ထိုးထားသော မီးရောင်စက်ဝန်း တည့်တည့်ကို ကြည့်ရင်း တထစ်ချင်း ဆင်းလာသည်။ ဂျထ်က သူ့ကို မတ်တတ်ရပ် စောင့်နေ၏။ အောက်ရောက် လာတော့ ကျေနပ် ပျော်ရွှင်မှုက သူ့တကိုယ်လုံးကို စီး ဆင်း သွားသည်။ လူးဝစ်က ဂေါ်ပြားကို ချ၍ ဂျထ်ပခုံးကို လက်နှင့် ပုတ် ရင်း

"ကျွန်တော်တို့ ကျော်နိုင်ခဲ့ပြီဗျ" ဟု ထအော်၏။

ငယ်ငယ်က သဘော်ရွက်တိုင်လို လေထဲမှာ ယိမ်းခါနေသော ပန်းသီးပင် ထိပ်ဖျားဆီ တက်ခဲ့ပုံကို ပြန်သတိရ လာ၏။

"ကျွန်တော်တို့ လုပ်နိုင်ခဲ့ပြီဗျ နော်"

"မလုပ်နိုင်ခဲ့ရင် ဘယ်လိုနေမယ် ထင်လဲ"

လူးဝစ် တခုခုပြောရန် ပါးစပ်ဟ လိုက်၏။ မလုပ်နိုင်ခဲ့ရင် ...။ ဘုရားရေ သည်တောင်ကို မကျော်နိုင်ခဲ့လျှင် အခုလောက်ဆို သူတို့ သေနေလောက်ပြီ ပဲ။ ထိုသို့ တွေးမိတော့ ပါးစပ် ပြန်ပိတ်သွား၏။ သစ်ကိုင်းခြောက်ပုံနား ဂျထ် ကပ်သွား ကတည်းက သူ့ဘာတခွန်းမှ မမေးမိချေ။ ပြီးတော့ တဖန် ပြန်၍ ဆင်းရဦးမည်ကိုလည်း စိတ်မပူမိ။

"ဘာမှတော့ မဖြစ်နိုင်ဘူး ထင်တာပဲ"

"ကဲပါ၊ လာ။ သုံးမိုင် ကျော်ကျော်လောက် လမ်းနည်းနည်း ထပ်လျှောက် ရဦးမှာ"

သူတို့ လမ်းဆက်လျှောက် ကြ၏။ ဆက်လျှောက်ရန်လည်း လမ်းဖြစ် နေ၏။ ရွှေ့လျားနေသော ဓာတ်မီးရောင်ကြောင့် မြေနေရာ အတော်အတန် ကျယ်ဝန်းလှကြောင်း တွေ့ရသည်။ သစ်ပင်များက သူတို့နောက်မှာ ကျန်ရစ် ခဲ့သလို ခံစားရ၏။ အပေါ်ကို တကြိမ်၊ နှစ်ကြိမ် မော့ကြည့်မိတော့ သစ်ပင်များ အနားသတ် ထားသော ကောင်းကင်ယံမှာ ကြယ်ပြောက် ကလေးများ ကို မြင်ရ၏။ တကြိမ်တွင် သူတို့ရှေ့က လမ်းကို ဖြတ်ကျော် သွားသော တစုံတရာကို တွေ့ရ၏။ ဘာသတ္တဝါမှန်း မသိသော်လည်း ဓာတ်မီး ရောင်ကြောင့် အစိမ်း တောက်တောက် မျက်လုံးများ ရောင်ပြန်ဟပ် သွား သည်ကို သတိထားမိသည်။ ထို့နောက် ပျောက်ကွယ် သွားလေ၏။

တခါတရံ၌ လမ်းက အဆမတန် ကျဉ်းမြောင်း သွားလေရာ လမ်းဘေး က ချုံနွယ်တို့၏ အကိုင်းအခက်များနှင့် သူ့ပခုံးတို့ ကုတ်ခြစ် မိကြ၏။ ဂေါ်ပြားနှင့် အိတ်ကို လက်ဟိုဘက်၊ သည်ဘက် မကြာခဏ ပြောင်းပြောင်း ကိုင်ရသော်လည်း

သိပ်တော့ မညောင်းချေ။ စည်းချက်ကျကျ ပုံမှန် လျှောက်နေရသဖြင့် စိတ်ညို့ ခံရသည့်နှယ်ပင်။ ဤနေရာမှာ အစွမ်း သတ္တိ တခု ရှိ၏၊ ဟုတ်သည်။ ဒါကို သူခံစားရ၏။

အထက်တန်း ကျောင်းမှာ အတန်းကြီး တက်နေတုန်းက ကာလတခုကို သွားသတိရသည်။ ထိုစဉ်က သူရယ်၊ သူ့ကောင်မလေးရယ်၊ တခြား အတွဲ တချို့ရယ် မြို့ပြင်ရှိ ဓာတ်အားပေး စက်ရုံအနီးက လမ်းမကြီး၏ အဆုံး နေရာကို သွားကြသည်။ ထိုနေရာကို သူတို့ တခါမှ အကြာကြီး မနေဖူး ကြ။ လူးဝစ်၏ ကောင်မလေးက သွားကိုက်လာသဖြင့် အိမ်ပြန်ချင်တယ်၊ မဟုတ်ရင်လည်း အနည်းဆုံး တခြားတနေရာ သွားရအောင်ဟု ဆို၏။ ဓာတ်အားပေး စက်ရုံနားမှာ တိုက်နေသော လေက သူ့ကို စိတ်လှုပ်ရှား၍ နိုးကြားစေ၏။ အခုလည်း ထိုသို့ ခံစားရ၏။ သို့သော် ယခုခံစားမှုက ပို၍ အားကောင်းသည်။ ပို၍လည်း စိတ်မချမ်းမြေ့စရာ ကောင်း၏။ ဂျထ်က တောင်စောင်း တခု၏ အောက်ခြေမှာ ရပ်လိုက်သဖြင့် လူးဝစ်က သူ့ဆီ ပြေးသွား၏။ ဂျထ်က သူ့ဘက်လှည့်၍ တည်ငြိမ်သော လေသံဖြင့်

"တို့သွားနေတဲ့နေရာ ရောက်ခါနီးပြီ။ ဒီတခုကလည်း သစ်ကိုင်းခြောက်ပုံကို ကျော်တက်ရတာနဲ့ နည်းနည်း ဆင်တယ်။ စိတ်အေးအေးနဲ့ ခိုင်ခိုင် လျှောက်ရမယ်။ ငါ့နောက်ကသာ လိုက်ခဲ့၊ အောက်ကို ငုံ့မကြည့်နဲ့။ တောင်စောင်း အတိုင်း လျှောက်ရမယ်လို့တော့ ထင်တယ် မဟုတ်လား"

"ဟုတ်တယ်"

"ဒီနေရာက "ဘုရားလေးအိုင်"လို့ မစ်မက်တွေ ခေါ်ကြတဲ့ ရွှံ့အိုင် အစပ်ပဲ။ ဒီနေရာကို ဖြတ်ဖူးတဲ့ သားမွေး ကုန်သည်တွေကတော့ "လူသေအိုင်"လို့ ခေါ်ကြလေရဲ့။ တခေါက်လောက် ရောက်လာတဲ့ လူအများစုကတော့ ဘယ်တော့မှ ထပ်မလာကြဘူး"

"လူတွေဘာတွေ မြုပ်သွားတတ်တဲ့ နွံအိုင်ရှင်တွေများ ရှိလို့လား"

"အိုး အများကြီးကို ရှိတာပေါ့။ ရေခဲမြစ် အကြွင်းအကျန် သလင်းကျောက် သဲမြေနုန်းနှစ်တွေပေါ် ဖြတ်လာတဲ့ ရေစီးကြောင်းတွေဆို အမြှုပ်တွေ ပလုံ စီအောင် ထနေတာ။ ဒါကို နာမည် ပေးထားတာတော့ ရှိပါရဲ့၊ တို့ကတော့ ဆီလီကာသဲမြေလို့ ခေါ်တာပဲ"

ဂျထ်က ပြောပြောဆိုဆို သူ့ကို လှမ်းကြည့်၏။ ထိုခဏတွင် မြင်လိုက်ရသော အဘိုးကြီး၏ မျက်လုံးထဲ၌ အရောင်တမျိုး တောက်နေသယောင် ထင်မိပြီး စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာသည်။ ထို့နောက် ဂျထ်က ဓာတ်မီးရောင်ဘက် ပြန်လှည့်သွားသဖြင့် မမြင်ရတော့ပေ။

"ဒီအောက်ဘက်က လမ်းထဲမှာ ပျော်စရာ ကောင်းတာတွေ အများကြီးပဲ လူးဝစ်ရဲ့။ လေတိုက်တာ ပိုပြင်းပြီး တခုခုက ဆွဲငင် ညို့ယူ နေသလိုလို ဘာလိုလိုနဲ့"

လူးဝစ်က လမ်းစလျှောက်စဉ် ဂျထ်က

"ဘာဖြစ်နေတာလဲ" ဟု မေး၏။ လူးဝစ်က ဓာတ်အားပေး စက်ရုံဆီ

သွားသော ညအကြောင်း တွေးရင်း

“ဘာမှမဖြစ်ပါဘူး” ဟု ဖြေလိုက်သည်။

“သင်္ဘောသားတွေ ပြောပြောနေကြတဲ့ စိန့်အဲလ်မို မီးရောင်ကိုတောင် မြင်ရတတ်တယ်။ ပုံသဏ္ဍာန်ကတော့ အစုံပဲ၊ ဘာတွေမှန်းကို မသိဘူး။ ဒါပေမဲ့ သိပ်ထူးဆန်း လှတယ်ရယ်လည်း မဟုတ်ပါဘူး။ ပေါ်လာတဲ့ တချို့ ပုံသဏ္ဍာန်တွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်လာရင် တခြားဘက်ကို သာ ကြည့်နေလိုက်။ စကားပြောသံလိုလို ဘာလိုလို အသံတွေလည်း ကြား ရတတ်တယ်။ ဒါတွေကလည်း ဟိုးအောက်ဘက် ပရော့စပက်မြို့ရှိရာ တောင်ဘက်ဆီ ဆင်းသွားကြတဲ့ တင်ကြီးငှက်တွေရဲ့ အသံတွေပါ။ လေကြောင်းသင့်ရာ လွင့်လာကြတာပေါ့၊ ပျော်စရာတော့ ကောင်းတယ် နော်”

“တင်ကြီးငှက်တွေဆီက ဟုတ်လား၊ ဒီအချိန်ကြီးလည်း အော်ကြတယ်လား”

“အို သိပ်အော်တာပေါ့”

ဂျထ်ပြောသော လေသံက အလွန်တရာ ယဉ်ကျေးပျူငှာလွန်း လှသဖြင့် သဘောရိုးနှင့် ပြောခြင်း ဟုတ်၊ မဟုတ် လုံး၀ အကဲခတ် မရချေ။ အဘိုး ကြီး၏ မျက်နှာရိပ်၊ မျက်နှာကဲကို စူးစမ်း ကြည့်လိုလှ၏။ ခုနက အကြည့် မျိုးများ ပေါ်နေမလား။

"ကျွန်တော်တို့ ဘယ်ကို သွားနေတာလဲ ဂျထ်ရဲ့။ သစ်ကိုင်းခြောက်ပုံကို လွန်ပြီး ဟောဒီနေရာမှာ ဘာလာလုပ် နေရတာလဲဗျ"

"ရောက်တော့ ပြောမပေါ့ကွာ။ မြက်ဖုတ်တွေကို ကြည့်လျှောက်ဦး"

သူတို့နှစ်ဦးသည် ကျယ်ပြန့်သော တောင်ကုန်းတခုမှ တခုဆီလမ်းလျှောက်၍ ကူးကြ၏။ လူးဝစ်စိတ်ထဲမှာ လမ်းလျှောက် နေရသည်နှင့် မတူ၊ တကူးတက အားစိုက်မနေရဘဲ ခြေဖဝါးများကသာ လမ်းကြောင်းကို သူ့အလိုလို ရှာဖွေ သွားလာ နေသကဲ့သို့ ရှိ၏။ တကြိမ်တွင် ရေခဲပြင် အပေါ်ယံလွှာ ခပ်ပါးပါး တခုပေါ် ဖြတ်လျှောက် လာစဉ် ဘယ်ခြေထောက် မှာ လျှောခနဲ ချော်သွားသဖြင့် ရေခဲလွှာ ကျိုးပဲ့ သွားသည်။ သူက ရေစိုသွားသော ခြေထောက်ကို အလျင်အမြန် ဆွဲထုတ်၍ ဆက်လျှောက် လိုက်နိုင်၏။ အိုင်ထဲက ရေသည် အေးစိမ့်၍ တနည်းတဖုံ ချွဲကျိစေးကပ် နေသည်ကို ခံစားရ၏။

တောအုပ်ထဲမှာ မျောလွင့်နေသော ခတ်မီးရောင်ကြောင့် ငယ်စဉ်က စွဲစွဲလမ်းလမ်း ဖတ်ခဲ့ဖူးသော ပင်လယ်ဓားပြ ဇာတ်လမ်းများကို ပြန်အမှတ် ရမိ၏။ ညအမှောင် လရောင် အောက်မှာ တိုက်ရာပါ စပိန်ရွှေဒင်္ဂါးများကို မြှုပ်နှံနေသော လူဆိုးများ။ သေဆုံးသွားသော ပင်လယ်ဓားပြ၏ ဝိညာဉ်က ခိုးထုပ်ခိုးထည်ကို စောင့်ကြပ် နေခဲ့လိမ့်မည် ဟူသော အယူကြောင့် ရင်ဘတ် တည့်တည့်မှာ သေနတ် ဒဏ်ရာနှင့်အတူ ရွှေဒင်္ဂါး သေတ္တာပေါ်မှာ လူဆိုးတယောက် မှောက်လျက် လဲနေလိမ့်မည်။ ထိတ်လန့် ချောက်ချား ဖွယ် ကောင်းသော ထိုအယူမှာ စာရေးဆရာ၏ အာဘော်လည်း ဖြစ်နိုင်၏။

သူတို့ကတော့ ရတနာရွှေငွေ လာမြှုပ်တာ မဟုတ်၊ သမီးဖြစ်သူ၏ ဖေးသင်းထားသော ကြောင်ထီးကြီး တကောင်ကိုသာ လာမြှုပ်ခြင်း။ ထို အတွေးကြောင့် လူးဝစ်စိတ်ထဲမှာ ဝါးလုံးကွဲ ရယ်နေ မိသော်လည်း အပြင် ပန်းမှာတော့ ကြိတ်မှိတ် မျိုသိပ် ထားလိုက်၏။ စကားသံလိုလို ဘာလိုလို တွေလည်း မကြားရသလို စိန့်အဲလ်မို မီးရောင်ကိုလည်း မတွေ့မိချေ။ မြက်ဖုတ် တဒါဇင်လောက် နင်းလျှောက် ပြီးသည့်နောက် အောက်ကို ငုံ့ ကြည့်မိသည့်အခါ ခြေဖဝါး၊ တံကောက်ခွက်၊ ဒူးနှင့် ပေါင်တဝက်လောက်မှာ မြူထုထဲ နစ်မြုပ် ပျောက်ကွယ် နေသည်ကို တွေ့ရ၏။ ချောမွတ် ပြောင်လက်နေသော မြေလျှောက် မြူထုသည် အလင်းရောင်ပင် တိုးမ ပေါက်အောင် ဆွတ်ဆွတ်ဖြူနေရာ ကမ္ဘာ့အပါးလွှာဆုံး နှင်းစီးကြောင်း ကြီးထဲ ဖြတ်လျှောက် နေရသည့်နှယ်။

လေထုထဲမှာ အလင်းရောင် တမျိုးမျိုး ရှိနေပုံ ရ၏။ ယခင်ထက် ပို၍ ပို နွေးလာသလို ခံစားရသည်။ ဒါကို သူကျိန်တွယ် ပြောဝံ့၏။ သူ့အရှေ့မှာ ဂျထ်က သတိကြီးကြီး ထား၍ တရွေ့ရွေ့ သွားနေသည်။ ဂျထ်ပခုံးမှာ ချိတ် ထားသော ပေါက်ချွန်း၏အစွန်း ခပ်တုံးတုံးကို မြင်ရ၏။ ထိုပေါက်ချွန်း ကြောင့် ရတနာမြှုပ်နှံဖို့ သွားနေသည့် လူတယောက်အသွင်က ပို၍ ပီပြင် လာ၏။ သူ့စိတ်ထဲ၌ တကိုယ်တော် စွန့်စားခန်း ထွက်နေရသလိုမျိုး ရှုးကြောင်ကြောင် စိတ်ကူး ဝင်လာ၏။ ရုတ်တရက်

အခုချိန် ရေချယ်သာ အိမ်ကို ဖုန်းလှမ်းခေါ်လျှင် ဘယ်လို လုပ်မလဲဟု တွေးမိသည်။ လာကိုင်သူ မဲ့နေသော ဖုန်းမှာ ကလင်ကလင်နှင့် တမြည်တည်း မြည်နေပေရော့မည်။

အဘိုးကြီးက လမ်းအလယ်ကောင်မှာ ရပ်တန့်လိုက်သဖြင့် လူးဝစ်က သူ့နောက်ကျောကို ဝင်တိုက်မိတော့မလို ဖြစ်သွား၏။ ဂျထ်က တခုခုကို လှမ်းမျှော်နေပုံမျိုး ခေါင်းကို ဘေးသို့ မော့၍ ပါးစပ်ကို တင်းတင်း စေ့ ထား၏။

"ဂျထ် ... ဘာဖြစ်လို့လဲ"

"ရှူး"

လူးဝစ် ပါးစပ်ပိတ်သွားကာ ဘေးဘီကို စိတ်မသက်သာစွာ လှည့်ပတ်ကြည့်သည်။ သည်နေရာတွင် မြေလျှောက်မြူထုက ပါးလျ သွားသော်လည်း ကိုယ့်ဖိနပ်ကိုယ်တော့ မမြင်ရသေးချေ။ ထို့နောက် သစ်ကိုင်းများ ကျိုးသံနှင့် ချိုတိုးသံ တဖြောက်ဖြောက် ကြားရ၏။ ကြီးမားသော သတ္တဝါ တကောင်က တနေရာရာမှာ ရွေ့လျားနေသည်။ ဦးချိုပြား ဆတ်တကောင်ကောင် များလားဟု မေးရန် ပါးစပ် ဟလိုက်သော်လည်း ပြန်ပိတ်ထား လိုက်သည်။ အမှန်မှာ ဝက်ဝံများလားဟု စိတ်ထဲ ပေါ်လာခြင်း ဖြစ်၏။

လူးဝစ်လည်း ဂျထ်ကို တုပကာ ခေါင်းကို တဖက်သို့ မော့လျက် လိုက်နားထောင် ကြည့်၏။ တကယ်တော့ တမင်လုပ်ခြင်း မဟုတ်၊ သူ့အလိုလို လိုက်လုပ်မိခြင်း ဖြစ်သည်။ ပထမတော့ အသံက ဝေးပုံ ရသော်လည်း နောက်တော့ အလွန် နီးကပ်လာ၏။ ဝေးသွားလိုက်၊ နီးလာလိုက်နှင့် သူတို့ ကို လှည့်ပတ်ချောင်းမြောင်း နေသယောင်ယောင်။ လူးဝစ်နဖူးမှ ချွေးသီး များက ပါးပြင်ပေါ် စီးကျလာ၏။ သူက ချာ့ကို ထည့်ထားသော အိတ်ကို လက်တဖက်မှ တဖက်သို့ ပြောင်းကိုင်သည်။ လက်ဖဝါးပြင်က စိုစွတ် လာသဖြင့် ပလတ်စတစ်အိတ် အစိမ်းကို ကိုင်ရတာ ချောကျိကျိနှင့် လက်သီးဆုပ်ထဲမှ လွတ်ကျတော့မလို ဖြစ်လာ၏။ ယခုအခါ ထိုသတ္တဝါကို အချိန်မရွေး ဘွားခနဲ မြင်ရနိုင်သည်ဟု သူထင်သည်။ ထိုသို့ မြင်ရလောက် အောင် နီးကပ်နေပုံလည်း ရ၏။ ကြီးမားသော အမွေးထူထူ ခန္ဓာကိုယ်ကြီး ဆီမှ ရှေ့ခြေ နှစ်ချောင်းများ ဝုန်းခနဲ မြောက်တက်၍ ပေါ်ထွက်လာလေမ လား။

ဝက်ဝံလည်း မဖြစ်နိုင်ဟု သူတွေးမိသည်။ ဘာကောင်မှန်း လုံးဝ စဉ်းစား လို့ မရ။ ထို့နောက် ထိုသတ္တဝါသည် ဝေးရာသို့ ထွက်ခွာ ပျောက်ကွယ် သွား လေ၏။ လူးဝစ်သည် ပါးစပ် ဟလိုက်သော်လည်း အဲဒါ ဘာကြီးလဲဟင် ဟူသော စကားကတော့ လျှာပေါ်မှာပဲ ကျန်ရစ်နေ၏။ ထိုစဉ် ကျောချမ်းဖွယ်၊ ကြက်သီးထဖွယ်၊ သွေးပျက် ချောက်ချားဖွယ် စူးစူးရှရှ ရယ်သံကြီး တခု အမှောင်ထဲက ထွက်ပေါ် လာသည်။ ထိုအသံသည် မြင့်ရာမှ နိမ့်ရာသို့ မျောလွင့်လာပြီး ဝေ့ဝဲလှည့်ပတ်နေ၏။ လူးဝစ်ခမျာ တကိုယ်လုံးရှိ အကြောအခြင်များ တောင့်တင်းသွားပြီး ကိုယ်ရောစိတ်ပါ လေးလံဖိစီးကာ

ခေါင်းနားပန်းများ ကြီးလာလေရာ ပြန်ပဲ လှည့်ပြေးချင် သလိုလို၊ ရွံ့ညွန် အိုင်ထဲသာ ခေါင်းနှစ်၍ ဝပ်နေလိုက်ချင် သလိုလို ဖြစ်လာ၏။ ခြောက်ကပ်ကပ် ရယ်သံကြီးသည် အဆုံးစွန်အောင် စူးရှကျယ်လောင် လာပြီးနောက် အပိုင်းအပိုင်း အပြတ်ပြတ် ပြိုကွဲသွားကာ ငိုညည်းသံလိုလို ပြောင်းလဲသွားပြီး နောက်ဆုံး၌ လုံးဝ ပျောက်ကွယ် သွားလေ၏။

အထက် တနေရာတွင် ရေစီးသံလိုလို ကြားရလေရာ မသိလျှင် ကောင်းကင်မှာ မြစ်တစင်း စီးဆင်း နေသယောင်ပင်။ လေတိုက်သံ တဝီး ဝီးမှအပ ဘုရားလေးအိုင်သည် တိတ်ဆိတ် ငြိမ်သက် နေလေ၏။ ယခုအခါ တွင် လူးဝစ် တကိုယ်လုံး ကြက်သီးမွေးညင်း ထ၍ တုန်ယင်နေပြီး အပေါ့ ပဲ သွားချင်သလိုလို အလေးပဲ စွန့်ချင်သလိုလို ခံစားရ၏။ ကြောက်စိတ် ကြောင့် ခန္ဓာကိုယ် တခုလုံးက အသွေးအသား အားလုံး တရှရှ ဖြစ်နေကြသည်။ တံတွေးထွေးလို့ မရအောင်ပင် အာခေါင်များလည်း ခြောက်ကပ် လာ၏။ သူက လေသံတိုးတိုးဖြင့်

“ဘုရား ဘုရား အဲဒါ ဘာသံကြီးလဲ” ဟု မေးရာ ဂျထ်က သူ့ကို လှည့်ကြည့်သည်။

မိန်ပျသော အလင်းရောင် အောက်၌ အဘိုးကြီး၏ ရုပ်သွင်မှာ အသက် တရာ့နှစ်ဆယ်ရှိပုံ ရနေလေ၏။ ခုနက မြင်ရသော ထူးဆန်း ရှုးနှမ်းသည့် အရိပ်အယောင် မျိုးတော့ မျက်လုံးမှာ ပေါ်မနေတော့ပေ။ ဂျထ်၏မျက်နှာက အိုစာသွားပြီး ထိတ်လန့်တကြား ဖြစ်နေပုံ ရ၏။ သို့သော် လူးဝစ်ကို ပြန်ပြောသော လေသံကတော့ တည်ငြိမ်လှသည်။

“တင်ကြီးငှက် တကောင် အသံပါကွာ။ လာ၊ သွားရအောင်။ ရောက်တော့မယ်”

သူတို့ ဆက်လျှောက် လာကြတော့ မြက်ဖုတ်များကို တွေ့ရပြန်၏။ လေထု ထဲရှိ အလင်းရောင်က ပိုမှိန်သွားသည်။ မြေလွတ်မြေရိုင်း တခု၏ အထိအတွေ့မျိုး ခံစားရ၏။ လူးဝစ်က ဂျထ်အနောက် သုံးပေအကွာက လိုက်လာသည်။ နှင်းစက် တွဲလွဲခိုနေသော မြက်ပင်ပုများကို နင်းလိုက်တိုင်း နှင်းစက်များက ဖန်ကွဲစများလို လွင့်ထွက် ပြန့်ကျဲသွားကြ၏။ ထို့နောက် သစ်ပင်များ ရှိရာ ရောက်လာ ကြပြန်သည်။ နှာခေါင်းထဲမှာ ထင်းရှူးနံ့ ရသ လို အပ်နှင့်တူသည့် ထင်းရှူးရွက်ချွန် များနှင့်လည်း ထိမိ၏။ မကြာခဏ သစ်ကိုင်းတို့၏ အခက်အလက်များနှင့်လည်း အသားကို ခြစ်မိသည်။

လူးဝစ်သည် လိုက်သာ လာရသော်လည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေ မှန်း မသိသလို ဘယ်အချိန် ရှိပြီကိုလည်း မမှန်းဆ နိုင်တော့ချေ။ အရှေ့မှ သွားနေသော ဂျထ်က ရပ်၍ လူးဝစ်ကို လှည့်ကြည့်ကာ

“ဟောဒီမှာ လှေကားထစ်တွေ တွေ့လား၊ ကျောက်သားကို ထွင်းထားတာ။ ၄၂ ထစ်လား၊ ၄၄ ထစ်လား၊ ဘယ်နှထစ်ရှိလဲ မမှတ်မိတော့ဘူး။ ငါ့နောက် ကသာ လိုက်ခဲ့။ ထိပ်ကို ရောက်အောင် တက်ရမှာ” ဟုပြောသည်။ ဂျထ်က

ရှေ့မှတက်သွားရာ လူးဝစ်လည်း နောက်က လိုက်တက်ရပြန်၏။ ကျောက်လှေကားထစ်များမှာ နင်းတက်၍ရအောင် ကျယ်သော်လည်း အနိမ့်အမြင့်တော့ မညီချေ။ ဖိနပ်အောက်မှာ ကျောက်စ ကျောက်နကလေးများ တက်နင်း မိသည်ကို ခံစားရ၏။ ၁၂ ထစ်၊ ၁၃ ထစ်၊ ၁၄ ထစ်။

လေက အေးစိမ့် ကြမ်းရှလာသဖြင့် သူ့မျက်နှာတခုလုံး ထုံလာသည်။ သစ်ပင်တန်းကို အပေါ်စီးမှ မြင်ရသည်အထိ တက်ရမည်လား မသိ။ အပေါ် ကို မော့ကြည့်တော့ မှိန်ပျသော အလင်းရောင်ဖြင့် အမှောင်ကို အန်တုနေသည့် ကြယ်ပေါင်း ကုဋေကဋာကို မြင်ရ၏။ တလောကလုံး ကြယ်တွေချည်းသာ စိုးမိုးထားသည့်နှယ်။ သူ့ဘဝမှာ တခါမှ သည့်မျှ သေးငယ်သည်ဟု မ ခံစားရဖူးချေ။ ဟိုးအပြင်ဘက် ကမ္ဘာလောကမှာရော အသိဉာဏ်ရှိသည့် တစုံတရာ ရှိနေသလား။ ဤတကြိမ်တွင် တခါက သူ့ကိုယ်သူ မေးခဲ့ ဖူးသည့် ယင်းအဖြေကို သိချင်စိတ်အစား အကယ်၍ ထိုအရာသည် အင်းဆက် ပိုးမွှားများကို စားသောက် နေထိုင်သည့် သတ္တဝါ တမျိုးမျိုးသာ ဖြစ်ခဲ့လျှင် ဟူသော အတွေးဖြင့် ကျောချမ်းသွား၏။ ၂၆ ထစ်၊ ၂၇ ထစ်၊ ၂၈ ထစ်။

နေပါဦး။ ဒီကျောက်လှေကားထစ်တွေကို ဘယ်သူတွေက ထွင်းထားခဲ့ပါ လိမ့်။ မစ်မက်ဆိုတဲ့ အင်ဒီးယန်း လူမျိုးတွေလား၊ သူတို့က သွားလေရာ စူး တွေ၊ ဆောက်တွေ သယ်သွား ကြတာလား။ ဂျထ်ကို မေးတော့ ကြည့်ရ မည်။ အကြောင်းမှာ "သွားလေရာ ကိရိယာ တန်ဆာပလာတွေ သယ်သွား တတ်သည့် အင်ဒီးယန်း လူမျိုးများ" ဟူသည် "အမွေးထူသားရဲ တိရစ္ဆာန် တမျိုးမျိုး"သာ ဖြစ်လိမ့်မည်ဟု သူထင်သည်။ ခုနက တောထဲမှာ သူတို့ အနား ရွှေ့လျားလာသော သတ္တဝါလည်း ဖြစ်နိုင်၏။ ထိုစဉ် ခြေတချက် ချော်သွားသဖြင့် ကျောက်သားနံရံကို လက်ဖြင့် လှမ်းကိုင်၍ ထိန်းလိုက်ရသည်။ ကျောက်သားနံရံသည် အဖုဖုအထစ်ထစ် ဆက်ကြောင်းရာ ဗရပွနှင့် ဆွေးမြည့်နေသဖြင့် ခြောက်ကပ် ရှိရွဲနေသော အရေပြားကို ကိုင်ရသလို ထင်မိ၏။

"အဆင်ပြေရဲ့လား လူးဝစ်"

"ရပါတယ်"

လူးဝစ်က အသက် ထွက်မတတ် ဟောဟဲ ဆိုက်နေပြီး အိတ်ထဲက ချာ့ အလေးချိန်ကြောင့် လက်မောင်း ကြွက်သားများ တဒိတ်ဒိတ် ခုန်နေသည်။ ၄၂ ထစ်၊ ၄၃ ထစ်၊ ၄၄ ထစ်။

"၄၅ ထစ်ပဲ။ ငါ မေ့သွားတာ။ မရောက်တာလည်း ၁၂ နှစ်လောက်တောင် ရှိရော့မယ်။ နောက်တခေါက် ထပ်လာရမယ် လို့လည်း ထင်မှ မထင်ဘဲ။ ရောက်ပြီ၊ တက်လာခဲ့"

နောက်ဆုံး တထစ်သို့ လှမ်းအတက်မှာ ဂျထ်က ပြောပြောဆိုဆိုနှင့် လူးဝစ်ကို လက်မောင်းမှ ဆွဲတင်၏။

"တို့ ရောက်လာပြီကွ"

လူးဝစ်က ဘေးဘီကို လှည့်ပတ် ကြည့်ရှုလိုက်သည်။ လရောင်က မှိန်ပျသော်လည်း ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း မြင်ရအောင်တော့ လင်း၏။ သူတို့သည် ကျောက်စရစ်ခဲ အစအနများ ပြန့်ကျဲနေသော မြေသား ထဲမှ လျှာမည်းကြီးတခု ထိုးထွက်နေသလို ဖြစ်ပေါ်နေသည့် ကျောက်ဖျာ ချပ်လွှာ တခုပေါ်မှာ မတ်တတ် ရပ်နေကြခြင်း ဖြစ်သည်။ တခြားဘက်ကို ကြည့်လိုက်သောအခါ သူတို့ ဖြတ်သန်းလာခဲ့သော ထင်းရှူးပင်တို့၏ ထိပ်ဖျားကို လှမ်းမြင်ရ၏။ တောင်ထိပ်သည် ပထဝီမြေပြင် အနေအထား အရ သာမန်နှင့်မတူ၊ အရီဇိုးနား၊ နယူးမက္ကစီကို ပြည်နယ်တို့မှာသာ တွေ့ရတတ်သည့် မတ်စောက်၍ ကျယ်ပြန့်သော တောင်ကလပ် တခုနှင့် တူသည်။ တောင်ပြတ်ရွှေ့လား၊ တောင်ကုန်းလား၊ တောင်ကလပ်လား မသိ နိုင်သော ထိုတောင်ထွတ်ဖျား ပေါ်တွင် သစ်ပင်ဟူ၍ လုံးဝမရှိဘဲ မြက်များ သာ ပေါက်နေ၏။ ဤနေရာ၌ နှင်းတို့သည် နေရောင်ကြောင့် ခဲမနေ၊ အရည်ပျော်ကြ၏။ ဂျထ်ဘက်ကို လှည့်ကြည့်တော့ သူ့မျက်နှာကို လေအေးအေး တချက် ဝှူးခနဲ ဖြတ်တိုက် သွားသဖြင့် မြက်ခြောက်များ ယိမ်းသွား ကြလေရာ ဤနေရာသည် တောင်ကလပ် မဟုတ်ဘဲ တောင်ကုန်းတခုသာ ဖြစ်မှန်း သဘောပေါက် သွားလေ၏။ သူတို့ရှေ့က မြေပြင်က သစ်ပင် များဘက် မြင့်တက် သွားသော်လည်း ညီညာပြန့်ပြူး နေပုံကတော့ သိသာလှသည်။ သို့သော် နယူးအင်္ဂလန်ရှိ တောင်ကုန်းများ သဘာဝအတိုင်း နိမ့်ရာမှ မြင့်သွားပုံမျိုးနှင့်လည်း မတူဘဲ တမျိုးတမည် ထူးခြားနေ၏။ သွားလေရာ ကိရိယာ တန်ဆာပလာတွေ သယ်သွားတတ်သည့် အင်ဒီးယန်း လူမျိုးတွေရဲ့ လက်ချက်ကြောင့် နေမှာပေါ့၊ ရုတ်တရက် စိတ်ထဲက ထိုသို့ တွေးလိုက်မိသည်။

ဂျထ်က "လာဟေ့"ဟု ဆိုကာ သစ်ပင်များရှိရာ ၂၅ ကိုက်လောက်ကို အရှေ့က ဦးဆောင် သွားသည်။ သည်နေရာမှာ လေပိုကြမ်း၏။ သို့သော် လေထုက သန့်စင်နေသည်။ သစ်ပင်များ အနားတွင် အမျိုးမျိုးသော အထိမ်းအမှတ် သင်္ကေတနှင့် မြေပုံများစွာကို မှောင်ရီပျိုးပျ အလင်းရောင် အောက်မှာ တွေ့ရ၏။ အထူးသဖြင့် သူမြင်ဖူးသမျှထဲ၌ သက်တမ်း အကြာဆုံး၊ အရှည်လျားဆုံး ထင်းရှူးပင် အိုကြီးများ။ သီးခြားဆန်၍ မြင့်မားလှသော ဟင်းလင်းပြင် တခုနှယ်။ သို့သော် ဘာမှမရှိသော ထိုခံစားချက်ကို က တသိမ့်သိမ့် တုန်ခါလျက်။

မည်းမည်းသာ မြင်ရသော အထိမ်းအမှတ် မြေပုံများမှာ ကျောက်ခဲများကို အစုလိုက် ပုံထားခြင်းများ ဖြစ်လေ၏။ ဂျထ်က

"မစ်မက်တွေက ဟောဒီ တောင်ကုန်းထိပ်ကို ရှင်းလင်းထားတာ။ ဘယ်လိုရှင်းလဲတော့ ဘယ်သူမှ မသိဘူး။ မာယာလူမျိုးတွေ ပိရမစ် ဘယ်လို ဆောက်မှန်း မသိကြသလိုပေါ့။ မစ်မက်လူမျိုးတွေ ဘယ်လိုလုပ်ခဲ့ မှန်း မသိကြဘူး" ဟု ဆို၏။

"ဘာဖြစ်လို့ အဲဒီလို လုပ်တာလဲ"

"ဒါဟာ သူတို့ သင်္ချိုင်းမြေမို့ပေါ့။ အယ့်ကြောင်ကို ဒီမှာ မြေမြှုပ်လို့ ရအောင်

မောင်ရင့်ကို ခေါ်လာတာ။ သိလား၊ မစ်မက်တွေက လူရယ်၊ တိရစ္ဆာန်ရယ် မခွဲခြားဘူး။ ပိုင်ရှင်သေရင် မွေးထားတဲ့ တိရစ္ဆာန်တွေကိုပါသူတို့ဘေးနား ထည့်မြှုပ်တာပဲ”

ထိုစကားကြောင့် အီဂျစ်လူမျိုးများ အကြောင်း သွားသတိရ၏။ အီဂျစ်များသည် သခင် သေဆုံးပါက မွေးထားသော တိရစ္ဆာန်များကိုပါ အစုလိုက် အပြုံလိုက် သတ်ဖြတ်ပစ် တတ်ကြသည်။ သို့မှသာ တမလွန်ဘဝတွင် သခင်ဖြစ်သူနှင့် အတူတကွ သစ္စာရှိစွာ နေထိုင် သွားလိမ့်မည်ဟု အယူရှိ ကြ၏။ ဖာရိုဘုရင် တပါး၏ သမီးတော် သေဆုံးစဉ်က အိမ်မွေးတိရစ္ဆာန် တသောင်းကျော် သတ်ဖြတ်ပစ်ခဲ့ကြောင်း သူဖတ်ဖူး၏။ ထိုအထဲတွင် ဥဒေါင်း ၂၀၀၀ နှင့် ဝက်အကောင် ၆၀၀ ပါဝင်၏။ ဝက်များကို လည်လှီးမ သတ်ခင် ကွယ်လွန်သူ မိန်းမပျို အနှစ်သက်ဆုံး ရေမွှေးဖြစ်သည့် နှင်းဆီနံ့ ထွက်အောင် သုတ်လိမ်းသည်ဟူ၏။

မာယာလူမျိုးများ ပိရမစ် ဆောက်သော်လည်း ဘာအတွက်မှန်းတော့ ဘယ်သူမှ တိတိကျကျ မသိကြချေ။ တချို့က စတုန်းဟင့်ချ် အထိမ်းအမှတ် ကျောက်တိုင်လို အတိတ်က အဖြစ်အပျက်များကို စီစဉ်တကျ မှတ်သား ထားခြင်းနှင့် လမ်းကြောင်းပြသည့် သဘောမျိုးဟု ဆိုကြသည်။ သို့သော် အီဂျစ်များ ပိရမစ် ဆောက်သည့် ရည်ရွယ်ချက်ကိုတော့ အသေအချာကို သိသည်။ ယင်းမှာ ကြီးကျယ်မြင့်မြတ်သူ တယောက်ယောက် ကွယ်လွန်သည့် အထိမ်းအမှတ် သင်္ကေတ ကမ္ဘာ့အကြီးမားဆုံး ဂူသင်္ချိုင်းကြီး ဖြစ် လေ၏။ “ဤနေရာတွင် အမိန့်ကို နာခံတတ်သော ဒုတိယမြောက် ရမ်မဆီးဘုရင် လဲလျောင်း နေသည်”ပေါ့လေ။ ထိုစိတ်ကူးကြောင့် လူးဝစ်တယောက် တဟားဟား ထရယ်မိ၏။ ဂျထ်က မအံ့သြသည့်ပုံဖြင့် သူ့ကို ကြည့် ရင်း

“ကဲ မောင်ရင့်ကြောင်ကို မြှုပ်ဖို့ ဆက်လုပ်ချေ။ ဦး ဆေးလိပ် တဖွာလောက် သောက်ဦးမယ်။ ကူညီချင်ပေမဲ့လည်း ကိုယ့်ဘာသာ လုပ်မှရမှာ။ မြှုပ်ရမယ့်ဟာကို သက်ဆိုင်သူ ကိုယ်တိုင် မြှုပ်ရတယ်။ သူ့နည်းအတိုင်း လုပ်မှ အောင်မြင်တာ”

“ဘာတွေလဲ ဂျထ်ရာ။ ကျွန်တော့်ကို ဘာလို့ ဒီခေါ်လာတာလဲ”

“ဘာလို့လဲဆိုတော့ မောင်ရင်က နော်မာ့အသက်ကို ကယ်ခဲ့လို့ပေါ့ကွာ”

ဂျထ်လေသံက ရင်ထဲက လာသည့်အတိုင်း လှိုက်လှိုက်လှဲလှဲ။ လူးဝစ်စိတ်ထဲမှာ ထိုအတိုင်းသာ ထင်သော်လည်း ခုနက မြင်ခဲ့သော ဂျထ်၏အကြည့် ကို ရုတ်တရက် သတိရကာ လိမ်ပြောနေသလို သို့မဟုတ် လိမ်ပြောဖို့ ကြိုးစားနေသလို ခံစားရ၏။ သို့သော် မြင့်မားလှသော ဤနေရာမှာ လိမ် ပြောစရာ ဘာကိစ္စမှ မရှိ။ ကိစ္စရှိသည်က ဆံပင်တွေ ရှုပ်ပွလာအောင် တိုက်ခတ်နေသည့် လေသာ ဖြစ်သည်။ ဂျထ်က သူ့အနောက်ရှိ သစ်ပင် ခြေရင်းမှာ ထိုင်ကာ ချက်စတာဖီး စီးကရက် တလိပ်ကို နှုတ်ခမ်းမှာ တပ်၊ လက်နှင့် အုပ်၍ မီးညှိသည်။

“မစခင် ခဏ နားဦးမလား လူးဝစ်”

"ရတယ်။ ဘာမှမဖြစ်ဘူး"

လူးဝစ်က အလိုက်သင့် ဖြေလိုက်သော်လည်း ဂျထ်က အမှုမထားသည်ကို တွေ့ရ၏။ စိတ်ထဲမှာ တခုခု လွဲချော်နေသလိုလို၊ သေချာ စဉ်းကြည့်တော့ လည်း ဘာမှ မထူးခြားသလိုလို ခံစားရသဖြင့် ဆက်မတွေးတော့ချေ။ သူသိ ချင်တာ တခုပဲ ရှိသည်။

"ချော့ကို မြှုပ်လို့ ရပါ့မလား။ မြေသားက သိပ်ပါးလွန်း သလိုပဲ"

လှေကားထစ် အစွန်းနားက ကျောက်စရစ်ခဲ ရှင်းသော မြေနေရာကို လူးဝစ်က မေးငေါ့ပြတော့ ဂျထ်က ဖြည်းညင်းစွာ ခေါင်းညိတ်သည်။

"ဟုတ်တာပေါ့။ မြေသားက အလွှာပါးတာပဲ။ ဒါပေမဲ့ မြက်တွေ ပေါက်အောင်တော့ နက်ပါတယ်။ ဒီလောက်ဆို မြှုပ်လို့ ရတာပဲ လူးဝစ်ရဲ့။ ပြီးတော့ တခြားသူတွေလည်း ဒီနေရာမှာ လာလာမြှုပ် နေကြတာပဲ။ အဲ ဒါပေမဲ့ သိပ်တော့ မလွယ်လောက်ဘူး"

သူလည်း ထိုသို့ တွေးမိ၏။ မြေပြင်သည် ကျောက်စရစ်ခဲ ထူ၍ မာသည်။ သို့သော် တခဏအတွင်း၌ ပေါက်ချွန်းနှင့် တူးလျှင်တော့ ရနိုင်ကြောင်း စဉ်းစားမိ၏။ ထို့ကြောင့် ပေါက်ချွန်းကို သုံးကာ မာကျောသော မြေကြီးနှင့် ကျောက်သားကို ခွဲသည်။ လွတ်သွားသော မြေနေရာကို ဂေါ်ပြားနှင့် တူးသည်။ ထိုအခါ လက်တွေ နာလာပြီး တကိုယ်လုံး ပြန်၍ သွေးပူလာ၏။ ကောင်းတာ လုပ်တာပဲလေ ဟူသော စိတ်ကူး ဝင်လာသည့်အခါ ခွဲစိတ်ဒဏ်ရာကို ပြန်ချုပ်လျှင် တခါတလေ လုပ်နေကျအတိုင်း နှုတ်ခမ်း ကို တင်းတင်းစေ့၍ တဟင်းဟင်းဖြင့် သီချင်းပင် ထည်းလေ၏။

တခါတလေ ပေါက်ချွန်းက ကျောက်သားကို ပေါက်မိသဖြင့် မီးထပွင့်သည်။ ချမ်းအေး၍ ခိုက်ခိုက်တုန်ခြင်းက လက်မှတဆင့် သစ်သား လက်ကိုင်ဆီ ကူးစက်တုန်ခါ၏။ လက်ဖဝါးမှ အရည်ကြည်ဖု ထလာသည် ကို ခံစားရသော်လည်း ဂရုမစိုက်တော့။ တကယ်တော့ သူလည်း တခြား ဆရာဝန် အများစုလိုပင် သူ့လက်သူ ဂရုစိုက်လေ့ရှိပါ၏။ သစ်ပင်များကို ဖြတ်သန်း တိုက်ခတ်လာသော လေက သူ့အထက်နှင့် ပတ်ပတ်လည်မှာ သီချင်း ညည်းဆို နေသလိုပင်။

ကျောက်သားတို့ ပွဲ့ထွက်ကာ ပျော့ပျောင်းသော မြေသားနှင့် ထိခတ်မိသည့် အသံကို ကြားသည့်အခါ ဂျထ်ကို သမင်လည်ပြန် လှည့်ကြည့်သည်။ ပြီး နောက် မြေကြီးထဲ နစ်နေသော ကျောက်တုံးများကို ကုန်း၍ ဆွဲထုတ်ကာ ပုံထားလိုက်၏။ လူးဝစ်ကြည့်နေတာ တွေ့တော့ ဂျထ်က

"မောင်ရင့်ကျောက်ပုံကို မောင်ရင်ပဲ လုပ်ရမှာ" ဟု ပြော၏။

"ဩော်"

လူးဝစ်က ထိုသို့သာ ရေရွတ်၍ လုပ်စရာ ရှိတာ ပြန်လုပ်၏။ မြေပုံကို အလျားသုံးပေ အနံနှစ်ပေ တူးသည်။ နှစ်ပေကျော်လောက် နက်အောင် တူး ပြီးသည့်အခါ ပေါက်ချွန်း၏ ပေါက်ချက်တိုင်း နီးပါး မီးပွင့်လာ၏။ ထိုအခါ

ပေါက်ချွန်းကို ဘေးချ၍ ဂျထ်ကို သည်လောက်ဆို အဆင်ပြေလားဟု မေး လိုက်၏။ ဂျထ်က ထိုင်ရာမှ ထ၍ သာမန်ကာလျှံကာ တချက်ကြည့်ကာ

"ဦး အမြင်တော့ ရလောက်ပါပြီ။ ဘာပဲဖြစ်ဖြစ်လေ မောင်ရင် အဆင်ပြေရင် ပြီးတာပဲ" ဟု ဆိုသည်။

"ဘာအတွက် ဒီလို လုပ်ရတာလဲ ပြောဦးလေ"

ဂျထ်က ပြုံးယောင်ပြုကာ

"မစ်မက်တွေက ဒီတောင်ကုန်းကို မှော်ဆန်တဲ့ နေရာတခုလို့ ယုံကြည်ကြတယ်။ မြောက်ဘက်မှာ ရှိတဲ့ ဘုရားလေးအိုင်ကနေ အရှေ့ဘက်အထိ ကျယ်တဲ့ ဒီတောအုပ် တခုလုံးပေါ့။ ဒီနေရာကို သူတို့ပဲ ပြုပြင် ဖန်တီးထားတာ။ သူတို့ အလောင်းတွေကိုလည်း တခြားဟာတွေနဲ့ ဝေးရာ ဟောဒီမှာ လာမြှုပ်ကြတယ်။ တခြား တိုင်းရင်းသားတွေ ကတော့ ဒီနေရာကို ဝေးဝေး က ရှောင်ကြလေရဲ့။ မြောက်အမေရိက တိုင်းရင်းသားတွေဖြစ်တဲ့ ပန်နော့ ဘ်စကော့ လူမျိုးတွေဆို ဒီနေရာဟာ သရဲတစ္ဆေတွေနဲ့ ပြည့်နေတယ်လို့ ဆို ကြလေရဲ့။ နောက်ပိုင်းကျတော့ တိရစ္ဆာန်သားမွေး ရောင်းစားဖို့ ထောင်ချောက်ဆင် ဖမ်းတဲ့ မုဆိုးတွေပါ ဒီလို ပြောလာကြတယ်။ ဦးယူဆတာတော့ သူတို့ထဲက တချို့ဟာ ဘုရားလေးအိုင်က မီးရောင်ကို မြင်ပြီး နာနာဘာဝတွေလို့ ထင်ကြတာနဲ့ တူပါရဲ့" ဟု ပြော၍ ပြုံးပြ၏။

လူးဝစ်က စိတ်ထဲမှ တကယ်တော့ ဒီလိုမထင်ဘူး မဟုတ်လားဟု ပြန်မေး နေမိသည်။

"နောက်ပိုင်းကျတော့ မစ်မက်တွေ ကိုယ်တိုင်တောင် မလာကြတော့ဘူး။ မစ်မက်လူမျိုး တယောက်က ဟောဒီနေရာမှာ ဝမ်ဒီဂိုးကို တွေ့တယ်လို့ ပြောပြတယ်။ မြေခိုက်တယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ငယ်ငယ်က ကြားဖူး သလောက် ပြန်ပြောရရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး သူတို့ တိုင်းရင်းသား လူမျိုးစုတွေ စုံညီ အစည်းအဝေး လုပ်ခဲ့ကြတယ်တဲ့။ ဒါပေမဲ့ အရက်ချိုး အဘိုးကြီး စတန်လေ ဘာဆိုလား၊ နောက်ကနာမည် မသိတော့ပါဘူး။ တို့ ကတော့ သူ့ကို စတန်လေဘူးချက်လို့ ခေါ်တာပဲ။ သူ့ဆီက ကြားဖူးတာ။ သူ မို့ ကြံကြံဖန်ဖန် ပြောတတ်ပလေတယ်"

ဝမ်ဒီဂိုး ဆိုသည်မှာ မြောက်ဘက်ပိုင်းရှိ နိုင်ငံများက နတ်တမျိုးဟု ယူဆကြောင်းသာ လူးဝစ် သိထားသဖြင့်

"ဒီမြေက ခိုက်တယ်လို့ ထင်လား" ဟု မေးလိုက်၏။

ဂျထ်က ပြုံးသည်၊ သို့မဟုတ် သူ့နှုတ်ခမ်းများက ပြုံးသလို တွန့်ကွေး သွားကြသည်။ ထို့နောက် အေးဆေး ညင်သာစွာ

"ဒီနေရာက အန္တရာယ် ရှိတယ်လို့တော့ ထင်တာပဲ။ ဒါပေမဲ့ ခွေးတွေ၊ ကြောင်တွေ၊ အိမ်မွေး တိရစ္ဆာန်တွေလောက်ကတော့ ဘာမှ မဖြစ်ပါဘူး လေ။ ကဲ မောင်ရင့်ကြောင်ကို မြှုပ်ဖို့ ဆက်လုပ်ဦး လူးဝစ်" ဟု ဆို၏။

လူးဝစ်က အိတ်ကို မြေတွင်းထဲ ချကာ အပေါ်ကနေ မြေပြန်ဖို့သည်။

အခုတော့ သူ ချမ်းစိမ့်၍ ပင်ပန်းနေ၏။ ပလတ်စတ်စ အိတ်ပေါ် မြေကြီးများ တဖုတ်ဖုတ် ပြုတ်ကျနေသံက စိတ်ပျက်စရာ ကောင်းလှသည်။ သို့သော် ဤနေရာကို ရောက်လာခဲ့သည့် အတွက်မူ နောင်တမရ။ တကိုယ်တော် စွန့် စားရသည့် ခံစားချက်လည်း မှေးမှိန်သွားပြီ။ သည်စွန့်စားခန်းကြီး မြန်မြန် ပြီးပါစေဟုသာ ဆုတောင်းနေမိ၏။ အိမ်ကို အကြာကြီး ပြန်လျှောက် ရဦး မည်လေ။

လူးဝစ်က နောက်ဆုံး တချက်အဖြစ် မြေကြီးကို ဂေါ်ပြားနှင့် ပျင်းရိပျင်းတွဲ ကော်၍ တွင်းထဲ ဖို့ပြီးနောက် ပြီးသွားပြီဟူသော အဓိပ္ပာယ်ဖြင့် ဂျထ်ကို လှည့်ကြည့်ရာ ဂျထ်က

"မောင်ရင့် မြေပုံကလည်း …" ဟု ဆိုသောအခါ လူးဝစ်က

"ဟာ ဂျထ်ကလည်း …၊ ကျွန်တော် အရမ်း ပြိုင်းနေပြီဗျ" ဟု ပြန်ပြော၏။ ဂျထ်က သိပ်မကျေနပ်သော်လည်း အေးဆေးသော လေသံဖြင့်

"အယ့်ကြောင်ပဲဟာ။ သူလည်း ကောင်းကောင်းမွန်မွန် ဖြစ်စေချင်မှာ ပဲ" ဟု အတွန့်တက်ရာ လူးဝစ်က သက်ပြင်းချ၍

"ဟုတ်ပါပြီ" ဟု ဆိုသည်။

မြေပုံပေါ် ကျောက်ခဲပုံရတာ ဆယ်မိနစ်လောက် ကြာ၏။ ဂျထ်က ကျောက်ခဲတွေ တခုချင်း လှမ်းပေးသည်။ အလုံးစုံ ပြီးစီးသွားသောအခါ ချာ့၏မြေပုံသည် ကန်တော့ချွန် သဏ္ဍာန် ကျောက်ခဲပုံကလေး ဖြစ်သွား၏။ ထိုအခါမှ လူးဝစ်လည်း အနည်းငယ် စိတ်ချမ်းသာ သွားသည်။ ကြယ်ရောင် ထဲတွင် တခြား ကျောက်ပုံများထက် စာလျှင် ချာ့မြေပုံက တမျိုးတမည် ထောင်ထောင် မတ်မတ်လေး ဖြစ်နေသည်။ အယ်လီကိုတော့ ဘယ်တော့ မှ မမြင်စေလို။ သည်နေရာကို ရောက်ဖို့ လူဆွဲတတ်သော နွံအိုင်ရှင်များကို ဖြတ်ရမည်ဆိုပါက စိုးရိမ်စိတ်ကြောင့် ရေချယ် တယောက် ဆံပင်ဖြူ သွား နိုင်၏။ သူကတော့ မြင်ရပြီ။ ကောင်းကောင်း မွန်မွန် သပ်သပ်ရပ်ရပ် ပါပဲ။

လူးဝစ်က မတ်တတ်ရပ်၍ ဘောင်းဘီ ဒူးခေါင်းနားကို ဖုန်ခါရင်း

"မြေပုံ အများစုက ပြိုနေတယ်နော်" ဟု ဂျထ်ကို ပြော၏။

ယခုမူ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်ရပြီး ဖြစ်သောကြောင့် ကျောက်ခဲများ ပြန့်ကျဲနေသည့် နေရာ အတော်များများကို တွေ့ရသည်။ ဂျထ်က သူကိုယ်တိုင် တူးခဲ့၊ ဖို့ခဲ့ဖူးပုံရသော မြေပုံတခုက ကျောက်ခဲများ ပြန့်ကျဲနေသည်ကို ကြည့်နေ၏။

"ဒါပေါ့။ ဒီနေရာက ကြာလှပါပြီလို့ ပြောသားပဲ"

"ကဲ အခု ကျွန်တော်တို့အလုပ် ပြီးပြီလား"

ဂျထ်က လူးဝစ်ပခုံးကို ပုတ်၍

"ပြီးပါပြီကွာ။ မင်း ကောင်းကောင်း လုပ်ခဲ့တာပဲ လူးဝစ်။ လုပ်မယ်လို့ လည်း သိနေတယ်။ ကဲ အိမ်ပြန်ကြစို့" ဟု ပြောသည်။

" … "

လူးဝစ်က စကား စလိုက်သော်လည်း ဂျထ်က ပေါက်ချွန်းကို ကောက်ကာ လေ့ကားထစ်ကို စဆင်းနေပြီ။ လူးဝစ်က ဂေါ်ပြားကို သွားကောက်၍ အပြေးတပိုင်း လိုက်လျှောက် ရသည်။ တချက် ပြန်လှည့်ကြည့်တော့ ချာ့၏မြေပုံက မှောင်ရိပ်ထဲ နစ်မြုပ် ပျောက်ကွယ် သွားပြီဖြစ်၍ သေချာ မ ကြည့်ဖြစ်တော့ချေ။

တောအုပ်ထဲက ထွက်၍ သူ့အိမ်ကို အပေါ်စီးက လှမ်းမြင်ရသည့် ကွင်းပြင်ထဲ ပြန်ရောက်လာတော့ ရုပ်ရှင်ကို နောက်ပြန်ရစ် လိုက်သလို ပါ လားဟု ပင်ပန်းနေသည့် ကြားက တွေးမိသေး၏။ နောက်ပိုင်းတွေ သူ သိပ် မမှတ်မိတော့။ ထိုညနေက လက်ပတ်နာရီ ချွတ်၍ လှဲလိုက်သည်မှစကာ တချိုးတည်း အိပ်ပျော် သွားခဲ့သည်။ နာရီက အိပ်ရာနားက ပြတင်းပေါက် ပေါင်ပေါ်မှာပင် ရှိနေလိမ့်ဦးမည်။ တကိုယ်လုံး ကိုင်အရိုက် ခံထားရသလို နာကျင် ကိုက်ခဲနေတာပဲ သိသည်။ လွန်ခဲ့သော ၁၆ နှစ်၊ ၁၇ နှစ် တခုသော နွေရာသီ၌ ရှီကာဂိုမြို့ရှိ အထက်တန်းကျောင်း တခုမှာ ပထမဆုံး ကျောင်းတက်သည့် နေ့ကစ၍ မတူမတန်သလို ဆက်ဆံခံရသည့် ခံစားချက်ကိုပင် မမှတ်မိတော့ချေ။

တောင်ပေါ်ကို သူတို့ သွားစဉ်ကအတိုင်း အောက်ကို ပြန်ဆင်း လာကြ ခဲ့၏။ သည်ခရီးနှင့် ပတ်သက်၍ မှတ်မိတာ နည်းနည်းပဲ ရှိသည်။ သစ်ကိုင်း ခြောက် ပုံကြီးပေါ်မှာ အရှေ့ကို ငိုက်ပြီး ခလုတ် တိုက်မိသေး၏။ ပီတာပန် စွန့်စားခန်း ဖွင့်ရသလိုလို။ ဘုရားရေ၊ ငါ့မှာ ပျော်စရာ စိတ်ကူးတွေ ပျောက် နေခဲ့ပါလား။ အောက်ဆင်းသည့်အခါ ဂျထ်က သူ့ဆီ လက်လှမ်း၍ ခပ်ကြမ်း ကြမ်းနှင့် ခိုင်မြဲစွာ ထိန်းကိုင် ပေးသည်။ ခဏလောက် ကြာတော့ ကြောင် ကြီး စမတ်ကီတို့၊ ယုန်ကလေး ထရစ်ဇီတို့၊ မာတာတို့ နောက်ဆုံး အနေဖြင့် အနားယူ အိပ်စက်သည့် နေရာကို ပင်ပန်း ဆင်းရဲစွာ ခရီးဆက်ရသည်။ ထိုနေရာကို မိသားစုနှင့်လည်း တကြိမ် လာဖူးသလို ဂျထ်နှင့်လည်း နှစ် ယောက်တည်း ထပ်ရောက်ရ၏။

အိပ်မက်ထဲ၌ တိရစ္ဆာန် သင်္ချိုင်းကို ဗစ်တာပတ်စ်ကောင်းနှင့် ရောက်ခဲ့စဉ် က စိတ်ထဲမှာ လေးလံ နေခဲ့သော်လည်း တကယ့်တကယ် ရောက်လာတော့ ပျင်းရိ ပျင်းခြောက် ဖြစ်နေသလိုပင်။ ညဘက်ချင်း အတူတူ အိပ်မက်ထဲမှာ သွားခဲ့ရပုံနှင့် အခုသွားရပုံ ထိုနှစ်ခုကြား ဘာတူညီမှုမှ မရှိ။ လက်တွေ့ သွား ကြည့်တော့မှ သည်စွန့်စားခန်းကြီး တခုလုံးက ဝီလ်ကီကော်လင်း၏ ဇာတ်လမ်းမျိုးဆန်စွာ အန္တရာယ် များလှဘိခြင်း။ ဒေါနှင့်မောနှင့် အားနှင့် မာန်နှင့် ပေါက်ခဲ့သောကြောင့် လက်မှာလည်း အရည်ကြည်ဖုတွေ ထခဲ့၏။ ဒါသည်ပင် အနည်းဆုံး ထိခိုက်မှု။ ပြန်တွေးကြည့်လျှင် သစ်ကိုင်းခြောက်ပုံ ပေါ်က ပြုတ်ကျ၍လည်း သေနိုင်၏။ သူတင် မဟုတ်၊ နှစ်ယောက်လုံး။ စိတ် ကသာ တည်တည်ငြိမ်ငြိမ် ဖြစ်နေလျှင် သည်လုပ်ရပ်မျိုးကို တကယ်တမ်း လုပ်မိမည် မထင်။ လတ်တလောမှာတော့ တမိသားစုလုံး ချစ်ရသည့် အိမ် မွေး တိရစ္ဆာန်တကောင် သေသွားသည့်အပေါ် စိတ်မကောင်း ဖြစ်တာရောစိတ်ရှုပ်တာရောကြောင့် သည်လို လုပ်လိုက်မိခြင်းဟု မှတ်ယူမိသည်။

အိမ်မွေးတိရစ္ဆာန် ဆိုတာမျိုးက အခုမရှိလည်း တချိန်ကျ တကောင်ကောင် ပြန်ရောက် လာဦးမှာပင်။

နှစ်ယောက်သား စကားတခွန်းမှ မဆိုမိဘဲ လျှောက်လာရင်း ကားလမ်းမဘက် ရောက်လာသည့်အခါ ရပ်လိုက်ကြ၏။ လေကတော့ တဝူးဝူး တဝေါဝေါ တိုက်နေဆဲ။ လူးဝစ်က ဘာမပြော ညာမပြောနှင့် ဂျထ်ကို ငေါ်ပြား လှမ်းပေးတော့

"ငါကတော့ အတတ်နိုင်ဆုံး ရှင်းပြခဲ့တာပဲ။ လွယ်လာဘစ်ဆန် ဒါမှ မဟုတ် ရှုသီပတ်စ်တော့ နော်မာ့ကို အိမ်ပြန်ပို့ နေလောက်ပြီ။ နော်မာတော့ ငါ ဘယ်တွေများ ရောက်နေပါလိမ့်လို့ သိချင်နေမှာပဲ" ဟု ဆို၏။ လူးဝစ်က

နော်မာ ဆေးရုံမှ အိမ်ပြန် မရောက်သေးမှန်း အခုမှ သိရသဖြင့် လူးဝစ် အံ့ဩသွားပြီး

"ဘယ်အချိန်ရှိပြီလဲ သိလား၊ နာရီရော ပါရဲ့လား" ဟု မေးလိုက်၏။ ဂျထ်က ဘောင်းဘီ အိတ်ကပ်ထဲက အိတ်ဆောင်နာရီကို ထုတ်ကာ

"ပါတာပေါ့။ အဝတ်အစား လဲသလိုလိုနဲ့ အချိန်ဆွဲ နေခဲ့တာပဲဟာ။ ပြီးမှ သူ့ချည်း လွှတ်လိုက်တာ" ဟု ပြောပြီး နာရီအဖုံးကို ဖွင့်ကြည့်သည်။

"ရှစ်နာရီ ခွဲပြီးပြီ"

နာရီအဖုံးကို ဖြောက်ခနဲ ပြန်ပိတ်လိုက်စဉ် လူးဝစ်က မထုံတက်သေးနှင့်

"ရှစ်နာရီ ခွဲပြီးပြီလား၊ ဒီလောက်ပဲ ရှိသေးတာလား" ဟု ထပ်မေးသည်။

"မောင်ရင်က ဘယ်အချိန် ရှိပြီ ထင်လို့လဲ"

"အဲဒီထက် နောက်ကျနေပြီ ထင်လို့"

"ကဲ မနက်ဖြန်မှပဲ တွေ့ကြမယ် လူးဝစ်ရေ"

ဂျထ်က ပြောပြောဆိုဆို လှည့်ထွက်သွားပြီးမှ တခုခု မေးချင်သလိုမျိုး ပြန်လှည့်ကြည့်သည်။ သို့သော် လူးဝစ်က ဦးစွာ

"ကျွန်တော်တို့ ဒီညလုပ်ခဲ့တာက ဘာလဲ ဂျထ်" ဟု မေးလိုက်ရာ

"မောင်ရင့်သမီးရဲ့ ကြောင်ကို မြေသွား မြှုပ်တာလေ၊ ဘာဖြစ်လို့လဲ" ဟု ပြန်မေး၏။

"ဒါပဲလား"

"ဒီအပြင် ဘာရှိသေးလို့တုံး။ မင်းက လူကောင်း တယောက်ပါ လူးဝစ်။ ဒါပေမဲ့ အမေးအမြန်း သိပ်ထူတာပဲ။ တခါတလေ လူတွေဟာ မှန်တယ် ထင်တာကို လုပ်ကြတယ်။ ဆိုလိုတာက မှန်လည်း မှန်တယ်လို့ စိတ်ထဲမှာ ယုံကြည် ထားတယ်။ လုပ်ပြီးကိုင်ပြီး အဆုံးကျမှ မှန်ပါ့မလား ဆိုပြီး မေးခွန်း ထုတ်ကြတယ်။ ဒါဟာ စိတ်ထဲမှာ ရှိတဲ့အတိုင်း လုပ်ခဲ့ပေမဲ့ ဦးနှောက်က တခုခုကို မကျေနပ်လို့ပဲ။ သူတို့လုပ်ရပ်က မှားများ သွားပြီ လားလို့ ထင်ကြတယ်။ ဦးပြောတာ မောင်ရင် သဘောပေါက် ရဲ့လား"

"ပေါက်ပါတယ်"

သူ့စိတ်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေသည်ကို ဂျထ်က တလမ်းလုံး သိနေခဲ့သလို ထင်မိ၏။ ဂျထ်က သူ့ကို သေချာ စိုက်ကြည့်ကာ

"သူတို့ မတွေးမိတာက အဲဒီလို သံသယ ဖြစ်နေမယ့်အစား စိတ်ထဲမှာ ရှိတာကို အရင်ပြန်မေး ကြည့်သင့်တာပဲ။ ပြီးမှ လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ် ပေါ့။ မောင်ရင်က ဘာတွေ စဉ်းစား နေတာလဲ" ဟု မေး၏။ လူးဝစ်က

"ဦးပြောတာ မှန်တယ် ထင်ပါရဲ့" ဟု လေးတွဲ့စွာ ဖြေ၏။

"လူတယောက် သူ့စိတ်ထဲမှာ ဖြစ်နေတာတွေကို ပါးစပ်ကနေ များများစားစား ထုတ်ပြောပြလို့ မကောင်းတာတွေ ရှိတယ် မဟုတ်လား"

"အင်းလေ ..."

"မပြောနဲ့ပေါ့။ ပြောဖို့လည်း မလိုဘူးလေ"

တည်ငြိမ်သော ဂျထ်လေသံက လူးဝစ် အလွယ်တကူ သဘောတူ လိုက်သည်ကို မကျေမနပ် ဖြစ်နေတာ သေချာလှ၏။ ထိုလေသံကြောင့် လူးဝစ် ကျောထဲ စိမ့်တက် သွားသည်။

"ဒါတွေက လျှို့ဝှက်ထားတဲ့ အရာတွေပဲ။ မိန်းမတွေက နှုတ်လုံတယ်လို့ ယူဆရပေမဲ့ လူနည်းစုလောက်ပဲလို့ ထင်တယ်။ ဘယ်မိန်းမမဆို တခုခုကို သိသွားရင် ပြောပြချင်ကြတဲ့ သူချည်းပဲ။ ယောကျ်ားတွေရဲ့ စိတ်ကိုတော့ ဘယ်တော့မှ နားလည်လာမှာ မဟုတ်ဘူး။ ယောကျ်ား တယောက်ရဲ့ စိတ်နှလုံးက ကျောက်ခဲထက် ပိုမာတယ်။ မစ်မက်သုသာန် ဟောင်းကြီးက ကျောက်သား မြေလွှာလိုပေါ့။ မြေကြီးနဲ့ အောက်ခြေ ကျောက်သားက နီးနီး လေးပဲ။ ဒါပေမဲ့ ကိုယ်စိုက်တဲ့အပင် ပေါက်ချင်ရင်တော့ ကျောက်သားကို ခွဲထုတ် ဖယ်ရှားပစ်ရတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သူပေါက်ချင်ရာ ပေါက်တာကို လက်ခံရမှာပဲ။ မေးမနေပါနဲ့တော့ လူးဝစ်ရာ။ ဖြစ်လာတာကို လက်ခံပြီးသာ စိတ်ထဲက အတိုင်း လုပ်စမ်းပါ"

"ဒါပေမဲ့ ..."

"ဒါပေမဲ့ဆိုတာ ရှိသေးလို့လား။ ဖြစ်လာတာကို လက်ခံပြီးသာ စိတ်ထဲက အတိုင်း လုပ်လိုက်။ အနည်းဆုံးတော့ ကိုယ်မှန်တယ် ထင်တာ လုပ်ခဲ့တာ ပဲ။ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်လာမယ်လို့ မျှော်လင့်တယ်။ နောက်တခါ ဆိုရင်တော့ မှားမှာပဲ။ အမှားကြီးကို မှားမှာ"

"အနည်းဆုံး ကျွန်တော်မေးတာ တခုလောက်တော့ ဖြေပါလားဗျာ"

"အင်း၊ နားထောင် ကြည့်ရတာပ။ ပြောကြည့်လေ ဘာများလဲလို့"

"အဲဒီနေရာကို ဦးက ဘယ်လိုလုပ် သိတာလဲ"

ယင်းမှာ အပြန် တလမ်းလုံး လူးဝစ် စဉ်းစားနေခဲ့သော မေးခွန်းဖြစ်၏။ ဂျထ်သည် တိုင်းရင်းသားရုပ် ပေါက်မနေသော်လည်း မစ်မက်များနှင့် တစိတ်တပိုင်း ပတ်သက် နေလိမ့်မည်ဟု သံသယဝင်မိ၏။ သူမဟုတ်လျှင် လည်း ဘိုးဘေးဘီဘင် တယောက်ယောက် ကတော့ ထိုအန်ဂလို သိုင်း အဝိုင်းထဲက ဖြစ်မှာ ရာနှုန်းပြည့်

သေချာသည်။ ဂျထ်က အံ့အားသင့်စွာ

"ဘာဖြစ်လို့လဲ။ စတန်လေဘူးချက် ဆီက သိတာလေ" ဟု ဖြေ၏။

"သူပြောပြလို့ပေါ့လေ ဟုတ်လား"

"ဘယ်ကသာ။ ဒီလိုနေရာဟာ တခြားသူကို ပြန်ပြောပြ ဖြစ်မယ့် နေရာမျိုး မဟုတ်ဘူး။

ဆယ်နှစ်သားတုန်းက ဦးရဲ့ခွေးကြီး စပေါ့တ်ကို အဲဒီမှာ သွားမြှုပ်တယ်လေ။ စပေါ့တ်က ယုန်တကောင်နောက် လိုက်ရင်း ဆူးအထစ်တွေပါတဲ့ ဝါယာကြိုးတွေပေါ် ဖြတ်ပြေးမိတာ။ အဲဒီဒဏ်ရာကနေ ပိုးဝင်ပြီး သေရှာပါလေရော"

ယခင်က လူးဝစ် ကြားခဲ့ဖူးတာနှင့် မတူ၊ တခုခုတော့ လွဲနေ၏။ သို့သော် လူးဝစ်ခမျာ ဆက်မမေး နိုင်လောက်အောင် ပင်ပန်းနုံးချည့်နေပြီး ဂျထ်ကလည်း ဘာမှ ထပ်မပြောတော့ဘဲ အသိရခက်သော မျက်လုံးများဖြင့်သာ ကြည့်နေ၏။ လူးဝစ်က

"ဂွတ်နိုက် ဂျထ်" ဟု နှုတ်ဆက် လိုက်သည်။

"ဂွတ်နိုက်"

အဘိုးကြီးက ပေါက်ချွန်းနှင့် ဂေါ်ပြားကို ကိုင်ကာ လမ်းမတဖက် ကူး သွား၏။ လူးဝစ်က

"ကျေးဇူးပဲနော်" ဟု အော်ပြောလိုက် သေးသော်လည်း ဂျထ်က လှည့်မကြည့်တော့ဘဲ ကြားရကြောင်း လက်တဖက်သာ မြှောက်ပြ၏။

အိမ်ထဲ ရောက်တော့ နောက်ဖေးရှိ ဖုန်းက ရုတ်တရက် ဖုန်းထမြည် လာ သဖြင့် ပေါင်ရင်းနှင့် ကျောကုန်းတို့ နာနေသည့်ကြားမှ ရှုံ့မဲ့လျက် အပြေးအလွှား သွားရသည်။ ဖုန်းက ၆ ကြိမ်၊ ၇ ကြိမ်လောက် မြည်ပြီးမှ မီးဖိုချောင် ပူပူနွေးနွေးထဲ ရောက်လာ၏။ ဖုန်းမြည်သံလည်းအရပ်၊ လက် ကလည်း ဖုန်းကို လှမ်းအကိုင် ကွက်တိ ဖြစ်သွားသဖြင့် ဟဲလိုဟု ပြောလိုက် သော်လည်း တတူတူ မြည်သံသာ ကြားရတော့သည်။

ရေချယ် ဖြစ်လိမ့်မည်။ ပြန်ခေါ်မှ။

သို့သော် ဖုန်းခေါ်တာက ကိစ္စမရှိ၊ ရေချယ် မဟုတ်ဘဲ တခြားသူက လာ ကိုင်လျှင် ဟူသော အတွေးက ရုတ်တရက် ဝင်လာ၏။ ယောက္ခမဖြစ်သူ လာကိုင်လျှင် ဘာပြောရမှန်း မသိဘဲ ကိုးရိုးကားရား ဖြစ်နိုင်၏။ ချက် စာအုပ်ကြီး တကိုင်ကိုင်နှင့် ယောက္ခထီးကြီး လာကိုင်လျှင် ပိုဆိုးမည်။ ပြီးမှ ရေချယ်ထံ ရောက်မည်။ နောက် အယ်လီဆီ။ အခုချိန်ဆို အယ်လီ အိပ်ဦးမှာ မဟုတ်။ ရှီကာဂိုမှာ တနာရီ အချိန် ပိုစောသည်။ အယ်လီက ချာ့ ဘယ်မှာလဲ မေးမှာပဲ။ ဘယ်လိုဖြေရပါ့။

ဘာမှ မဖြစ်ပါဘူး၊ ကောင်းပါတယ်။ အော်ရင်ကို ထရပ်ကား တစီးတောင် ဝင်တိုက် သွားသေးတယ်။ အော်ရင်ကို ထရပ်ကားမို့ တော်သေးတာ ကွဲ့။ တခြားဟာဆို အလွမ်းသယ်လို့တောင် ရမှာမဟုတ်ဘူး။ ဖေဖေပြောချင်တာ သမီး သိတယ်မလား။ မသိဘူးလား၊ ရပါတယ်။ မသိလည်း ဘာမှ မ ဖြစ်ပါဘူး။ ထရပ်ကား

တိုက်တော့ သေသွားတာပေါ့ကွယ်။ ဒါပေမဲ့ ဒဏ်ရာ အမှတ်အသား ဘာဆိုဘာမှ မကျန်ဘူးနော်။ ဂျထ်နဲ့ ဖေဖေက သူ့ကို မစ်မက် သုသာန်ဟောင်းကြီးမှာ သွားမြှုပ်လိုက်တယ်။ အဲဒါက တိရစ္ဆာန် သင်္ချိုင်းကို ဆက်ချဲ့ထားတဲ့ နေရာမျိုးပါပဲ။ လမ်းလျှောက် သွားရတာများသိပ်အံ့ဩစရာ ကောင်းတယ်။ တချိန်ကျရင် သမီးကို ခေါ်သွားမယ်လေ။ သူ့ကို မှတ်ထားတဲ့နေရာ အဲလေ၊ မှားလို့။ သူ့ကျောက်ပုံလေးမှာ ပန်းတွေ သွားချပေး ကြတာပေါ့။ နွှံအိုင်ရှင်တွေ ခဲသွားရင်၊ ဆောင်းတွင်းကျ ဝက်ဝံကြီးတွေ အိပ်ကုန်ရင် သွားကြတာပေါ့လေ။

သူ ဖုန်းကို ပြန်ချပြီး လက်ဆေးကန်ဆီ သွားကာ ရေနွေး ဖြည့်လိုက်၏။ ထို့နောက် ရှပ်အင်္ကျီကို ချွတ်၍ လျှော်သည်။ ဝက်တကောင်လို ချွေးတွေ ထွက်နေပြီး ဝက်နံ့ပါ ထွက်နေ၏။ ရေခဲသေတ္တာထဲမှာ အသားဟင်းတုံး တချို့ ကျန်သေးသည်။ လူးဝစ်က အသားကို အတုံးကြီးကြီး လှီးကာ ရိုမန်မီးလ် ပေါင်မုန့်တချပ်ပေါ် တင်၍ ဘာမြူဒါ ကြက်သွန်နီ ထူထူနှစ်ကွင်း လှီး ထည့်သည်။ ထို့နောက် ခဏလောက် စိတ်အေးလက်အေး စဉ်းစားခန်း ဝင် လိုက်သေး၏။ ပြီးမှ ပေါင်မုန့် နောက်တချပ် အပေါ်က ထပ်တင်၍ အချဉ် ရည် ညှစ်ထည့်သည်။ ရေချယ်နှင့် အယ်လီသာ အနားမှာ ရှိလျှင် သူလုပ်ပုံ ကို ကြည့်ပြီး နှာခေါင်းရှုံ့ ကြလိမ့်မည်။

လူးဝစ်က သူတို့ မသိတာပဲ ကောင်းတယ်ဟု ကျေနပ်စွာ တွေးရင်း ထိုဆင်းဝှစ်ချ်ကို အငမ်းမရ စားပစ်လိုက်၏။ အရသာ ရှိလှပါဘိ။ "ဝက်နံ့ ထွက်သောသူသည် ဝံပုလွေလို စားသောက် တတ်၏" ဟူသော ကွန်ဖြူးရှပ်၏ ဆို ရိုးတခုကို တွေးမိသောအခါ ပြုံးလိုက်မိ၏။ မုန့်စားရင်း နွားနို့ကိုလည်း တဂွပ်ဂွပ်နှင့် ဘူးလိုက် မော့သောက် ပစ်လိုက်သည်။ ရေချယ်သာ တွေ့လျှင် မျက်မှောင်ကြုတ်၍ ကြည့်နေ ပေလိမ့်မည်။ ထို့နောက် အပေါ်ထပ်သို့ တက်၍ အဝတ်အစား လဲကာ သွားမတိုက်တော့ဘဲ အိပ်ရာ ဝင်လိုက်၏။ ထိုအခါမှ နာကျင်ကိုက်ခဲ နေသည်များ တစတစ လျော့ပါး ပျောက်ကွယ် သွားလေ၏။

လက်ပတ်နာရီက သူထားခဲ့သော နေရာမှာပင် ရှိနေဆဲ။ နာရီကို ကြည့်လိုက်တော့ ၉ နာရီ ၁၀ မိနစ်။ မယုံနိုင်စရာ ကောင်းလှပါ တကား။ သူက မီးမှိတ်ကာ တစောင်းလှဲ၍ အိပ်လိုက်သည်။

မနက် သုံးနာရီကျော် လောက်မှာ သူပြန်နိုးလာပြီး ရေအိမ်ဝင်သည်။ ဖြူဆွတ် တောက်ပနေသော ရေချိုးခန်း မီးချောင်းကို မျက်တောင် ပုတ်ခတ် ပုတ်ခတ် ကြည့်ရင်း မတ်တတ်ရပ် သေးပေါက်သည်။ ရုတ်တရက် ဂျထ်၏ ရှေ့နောက် မညီသော စကားကို သွားသတိရကာ မျက်လုံး ကျယ်သွား၏။

ညတုန်းက ဂျထ် ၁၀ နှစ်သားအရွယ်က သူ့ခွေးသည် ယုန်တကောင် နောက် လိုက်ရင်း ဝါယာဆူးကြိုး ငြိကာ ပိုးဝင်၍ သေသည်ဟု ဆိုခဲ့သည်။ လွန်ခဲ့သော နွေရာသီတရက် သူတို့အားလုံး တိရစ္ဆာန် သင်္ချိုင်းသို့ ရောက်ခဲ့ စဉ် ကတော့ သူ့ခွေးသည် အိုမင်း၍ သေဆုံး သွားသဖြင့် ထိုသင်္ချိုင်းမှာ မြှုပ် ခဲ့သည်ဟု ဆို၏။ ကျောက်ပြားပေါ်မှာ ထွင်းထားသည့် စာလုံးများ နှစ် ကာလ ကြာညောင်း၍

ပျက်ယွင်း နေသည်ကိုပင် ထောက်ပြခဲ့သေး၏။

လူးဝစ်က အိမ်သာရေ ဆွဲချပြီးနောက် မီးမိတ်ကာ အိပ်ရာထဲ ပြန်ဝင်သည်။ နောက်တခု လွဲနေတာ ရှိသေး၏။ ဂျထ်သည် ၁၉၀၀ ပြည့်နှစ်မှာ မွေးခဲ့သည်။ သူ့ခွေးကို တိရစ္ဆာန် သင်္ချိုင်းမှာ မြုပ်ခဲ့စဉ် အချိန်ကာလသည် ပထမကမ္ဘာစစ်ကြီး စဖြစ်သည့် နှစ်တုန်းကဟု ဆိုခဲ့၏။ ပထမ ကမ္ဘာ စစ်သည် ၁၉၁၄ တွင် ဥရောပ၌ စတင်ဖြစ်ပွားကာ ၁၉၁၇ ခုနှစ်ကျမှ အမေ ရိကန်နိုင်ငံပါ ပါဝင်လာခြင်း ဖြစ်၏။ ဤအတိုင်းဆိုလျှင် ဥရောပမှာ စစ် ကြီး စဖြစ်သည့်နှစ်ကို တွက်ကြည့်ပါက ဂျထ်သည် ၁၄ နှစ်သားအရွယ် ရှိ နေရမည်။ သို့မဟုတ် စစ်ပွဲကြီးထဲ အမေရိကန် စတင်ပါဝင်လာသည့် အချိန် ကို ဆိုလိုခြင်း ဖြစ်လျှင် ၁၇ နှစ်အရွယ် ရှိနေရမည်။

သို့သော် အခုညကျတော့ သူ့ခွေးကြီး စပေါ့တ်သည် ဂျထ် ၁၀ နှစ်သား အရွယ်မှာပင် သေသွားသည် ဆို၏။ ကောင်းပြီ၊ ဂျထ်သည် အဘိုးကြီး တယောက် ဖြစ်၏။ အဘိုးကြီးများသည် မှတ်ဉာဏ် ချွတ်ယွင်းတတ်သဖြင့် အတိတ်က အဖြစ်အပျက်များ ရောထွေးနေခြင်း ဖြစ်တန်ရာသည်။ သူ့ကိုယ် သူလည်း ယခင်က အလွယ်တကူ စဉ်းစားလို့ရသည့် နာမည်နှင့် လိပ်စာများကို မေ့လျော့တာ ပိုများလာသည့် လက္ခဏာတွေ သတိထားမိသည်ဟု ပြော ဖူး၏။ တခါတလေ မနက်အိပ်ရာ ထလာလျှင် မနေ့ညက မအိပ်ခင် ကြံရွယ်ထားသည့် အိမ်အလုပ်များကို မမှတ်မိတော့ဟုလည်း ဆိုဖူး၏။ သို့သော် ဂျထ်သည် သူ့အသက်အရွယ်နှင့် စာလျှင် မယုံနိုင်စရာ ကောင်း လောက်အောင် သွက်လက် ပေါ့ပါးလွန်း၏။ သည်လို အနေအထားမျိုးနှင့် ကျတော့လည်း မေ့လျော့တတ်သည်ဟု ဆိုရမှာ မဖြစ်နိုင်သလို အသက်အရွယ်အရ ဟုတ်ချင်လည်း ဟုတ်နေနိုင်ပြန်၏။

မေ့တတ်တာပဲ ဖြစ်မှာပါဟု လူးဝစ်က ဇွတ်မိတ်၍ ယူဆလိုက်သည်။ လွန်ခဲ့သော အနှစ် ၇၀ လောက်က ခွေးတကောင် သေသွားသည့် အကြောင်း မည်သူက သေချာ မှတ်မိပါ မည်နည်း။ နှစ်တွေ သည်မျှ ကြာခဲ့ သဖြင့်လည်း မည်သို့မည်ပုံ သေသွားသည်ကို ဂျထ်မမှတ်မိတာ ဘာမှတော့ အံ့သြစရာ မရှိချေ။ မေ့ပစ်လိုက်စမ်း လူးဝစ်။

သို့သော် သူ ပြန်အိပ်မရတော့။ အချိန် အတော်ကြာသည့် တိုင်အောင် အိပ် မပျော်သဖြင့် အပြင်မှာ လှည့်ပတ် တိုက်နေသည့် လေသံ တဝှီးဝှီးကို ကြား နေရသည်။ တချီတွင် အိပ်ပျော် သွားတော့မလို ဖြစ်သွား၏။ ထိုအခိုက် လေ့ကားကို ခြေဗလာဖြင့် တထစ်ချင်း နင်းတက်လာသံကို ကြားရသလို ထင်မိသောကြောင့် ပတ်စ်ကောင်းများလားဟု တွေးလိုက်မိသည်။ ငါ့ ဘာသာ နေပါရစေတော့ ပတ်စ်ကောင်းရာ။ လုပ်ခဲ့ပြီးတာက လုပ်ခဲ့ပြီးပြီ။ သေတဲ့သူကလည်း သေသွားပြီပဲ။ ခြေသံများ တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ် သွား၏။

ရှင်းမပြနိုင်သည့် အရာများစွာကို ကြုံတွေ့ ခဲ့ရသောကြောင့် လူးဝစ်သည် အိပ်မက် မက်သည်ဖြစ်စေ၊ နိုးသည်ဖြစ်စေ ဗစ်တာပတ်စ်ကောင်း လောက် ကို မမြင်တော့သလို စိတ်ထဲမှာလည်း ဘယ်လိုမှ မနေတော့ချေ။

****

အခန်း (၂၃)

နောက်တနေ့မနက် ကိုးနာရီမှ သူနိုးသည်။ တောက်ပသော နေရောင်ခြည်က အိပ်ခန်း၏ အရှေ့ဘက် ပြတင်းမှတဆင့် စီးဝင်နေ၏။ ထိုစဉ် တယ်လီဖုန်း မြည်လာသဖြင့် လှမ်းကိုင်ရင်း သမ်းဝေလိုက်၏။

"ဟဲလို"

"ဟိတ်၊ နိုးလိုက်သလို ဖြစ်သွားလား။ ဟုတ်မှာပါလေ"

ရေချယ့်အသံ။ သူက ပြုံးရင်း

သူပဲ နိုးပြီးတော့၊ ခွေးမလေး" ဟု စလိုက်သည်။"

"ဟယ်၊ ရိုင်းလိုက်တာ။ ရှင်ကမှ ဝက်ဝံဆိုးကြီး။ မနေ့ညက ဖုန်းခေါ်သေးတယ်။ ဂျထ်တို့အိမ် ရောက်နေတာလား"

မဆိုစလောက် အချိန်ခဏလေးသာ တွေဝေ သွား၏။

ဟုတ်တယ်။ ဘီယာလေး နည်းနည်းပါးပါး သွားသောက်တာပါ။ နော်မာ" က ကျေးဇူးတော်နေ့ မုန့်စားပွဲဆိုလား အဲဒီကို သွားတယ်လေ။ ကိုလည်း "ဖုန်းတချက်တော့ ဆက်ဦးမလို့ပဲ၊ ဒါပေမဲ့ သိတယ်မလား

ခဏလောက် စကားပြောကြရာ ရေချယ်က လူးဝစ် ဖြည့်ဆည်း မပေးနိုင်သည့် သူမ၏ မိသားစုအကြောင်း ဖောက်သည်ချသည်။ ယောက္ခထီး ကြီး၏ ဦးခေါင်း တနေ့တခြား ပို၍ အပြောင် မြန်လာကြောင်း ကြားရတော့ အနည်းငယ် ကျေနပ်မိသလိုလို။

"ဂေဂျ်နဲ့ ပြောဦးမလား"

ရေချယ့်အမေးကြောင့် သူ ပြုံးဖြီးဖြီး ဖြစ်သွား၏။

"အင်း၊ ပြောတာပေါ့။ ဟိုတခါလို ဖုန်းကို ချမသွားစေနဲ့ဦးနော်"

စကား တွတ်ထိုးနေသံ သူကြားရ၏။ ရေချယ်၏ "ဖေ့ဖေ့ကို နှုတ်ဆက် လိုက်ပါဦး သားလေးရဲ့" ဟူသော ချော့မော့ ပြောဆိုနေသံက ခပ်တိုးတိုး။ နောက်တော့ ဂေ့ဂျ်က

"ဟိုင်း၊ ဖေရီး" ဟု လှမ်းခေါ်သည်။ လူးဝစ်က အူမြူးသွားကာ

"သားလေးရေ၊ ဂေ့ဂျ်။ ဘာတွေ လုပ်နေတုန်းကွ။ နေကောင်းလား။ ဘိုးဘိုးကြီး ဆေးတံ သောက်နေတာကို သွားဆွဲသေးလား။ ဆွဲမှာပါ။ ဒီတခါ သူစုထားတဲ့ တံဆိပ်ခေါင်းတွေကို အမှိုက်ပုံးထဲ သွားလွှင့်ပစ်လိုက် ချေ" ဟု မြှောက်ပေးလိုက်၏။

ဂေ့ဂျ်က စက္ကန့် ၃၀ လောက် ပျော်ပျော်ကြီး တဝူးဝူး တဝါးဝါးနှင့် စကားပြောသည်။ မေမေ၊ အယ်လီ၊ ဘိုးဘိုး၊ ဘွားဘွား၊ ကား၊ ထွက်၊ အီး စသည့် စကားလုံးတွေ တတ်လာ၏။ ဂေ့ဂျ်က ထရပ်ကားကို ထွက်ကားဟု မ ပီကလာ၊ ပီကလာ အသံထွက်သဖြင့် ရယ်နေရ၏။

နောက်တော့ ရေချယ်က ဂေ့ဂျ်ဆီက ဖုန်းကို လက်လွှဲယူရာ ဂေ့ဂျ်က စိတ်ဆိုး၍ ဝါးခနဲ ထငိုလေ၏။ သားလေးကို သူသိပ်ချစ်သည်။ စကားပြောလိုက်

ရ၍လည်း ကျေနပ်မိသည်။ လွမ်းလည်း လွမ်းလှ၏။ သို့သော် နှစ်နှစ် ပင် မပြည့်သေးသော ကလေးငယ်နှင့် စကား ပြောရသည်မှာ အရူးနှင့် ဖဲကစားဖို့ ကြိုးစားသည်နှင့် နည်းနည်းတူ၏။ အရူးက ဖဲချပ်တွေ လျှောက်ဖွ သလိုမျိုး ကလေးကလည်း ပြောချင်ရာ ပြော၏။ ရေချယ်က

"အဲဒီမှာ ဘယ်လိုဖြစ်နေပြီလဲ" ဟု မေးသည်။

"အဆင်ပြေပါတယ်"

ဒီတခါတော့ လူးဝစ်က တုံ့ဆိုင်းမနေဘဲ ဖြေလိုက်၏။ သို့သော် စကားလွှန်ခဲ့တာ ကိုတော့ သတိထား နေရသည်။ မနေ့ညက ဂျထ်တို့အိမ် သွားနေတာလားဟု ရေချယ်က စမေးသည်ကို သွားပါသည်ဟု ဖြေခဲ့၏။ ရုတ်တရက် စိတ်ထဲမှာ ဂျထ်ပြောသည့် စကားကို ပြန်ကြားယောင် လာသည်။ ယောကျ်ား တယောက်ရဲ့ စိတ်နှလုံးက ကျောက်ခဲထက် ပိုမာတယ်။ ဒါပေမဲ့ ကိုယ်စိုက်တဲ့အပင် ပေါက်ချင်ရင်တော့ ကျောက်သားကို ခွဲထုတ် ဖယ်ရှား ပစ်ရတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သူပေါက်ချင်ရာ ပေါက်တာ ကို လက်ခံရမှာပဲ။

"အင်း၊ ခေါင်းထဲမှာ နည်းနည်း ငြီးစီစီ ဖြစ်နေလို့။ လွမ်းတယ်"

"ဘာလဲ၊ အားလပ်ရက်မှာ ကိုကတော့ မပျော်ရဘူးလို့ ပြောချင်တာလား"
"မဟုတ်ပါဘူး၊ ကိုက အေးအေးဆေးဆေး နေရတာ ကြိုက်လို့ပါ။ တကယ်ပြောတာ၊ သွားသွားချင်း တရက်ကတော့ တမျိုးကြီးပဲ။ မနေ တတ်ဘူး"

"သမီး ဖေဖေနဲ့ ပြောလို့ရမလား မေမေ" နောက်ကွယ်က အယ့်အသံ ကြားရသည်။ "ကိုရေ၊ ဒီမှာ အယ်လီက ပြောချင်လို့တဲ့"

"အိုကေ၊ ပေးလိုက်လေ"

သူနှင့် အယ်လီ ၅ မိနစ်လောက် စကားပြော လိုက်ရသည်။ အဘွားပေးသည့် အရုပ်မအကြောင်း၊ မွေးမြူရေးခြံများဆီ အဘိုးနှင့် ခရီးထွက်သည့် အကြောင်း၊ ပေါင်မုန့်လုပ်တာကို မည်သို့မည်ပုံ ဝိုင်းကူရကြောင်း၊ ဂေ့ဂျ်က အဝတ်လဲပေးလျှင် ထွက်ထွက် ပြေးကြောင်း အရှည်ကြီး ပြောပြ၏။ "တိရစ္ဆာန်တွေက အရမ်းနံတာပဲ ဖေဖေ" ဟု ပြောတော့ လူးဝစ် စိတ်ထဲကနေ သမီးအဘိုးက အစကတည်းက ကြင်နာတတ်တဲ့သူမှ မဟုတ်တာ၊ သမီး ကို နံနံစော်စော် နေရာတွေဆီ ခေါ်သွားတာပေါ့ဟု တွေး၏။ ဂေ့ဂျ်က ညှော် ခန်းထဲ လျှောက်ပြေးပြီး အဘိုး၏ စာဖတ်ခန်း အဝတည့်တည့်မှာ အီအီးတွေ ပါချလိုက်ကြောင်း ကြားရသည့်အခါ လူးဝစ်တယောက် ပါးစပ် နားရွက် ချိတ်အောင် ပြုံး၍ ဒါမှ ငါ့သားကွဟု စိတ်ထဲက ချီးကျူးလိုက်၏။

ဖုန်းချတော့မှ ဖြစ်မည်ဟု တွေးကာ သမီးအမေကောဟု မေးရန် ပြင်လိုက်စဉ် အယ်လီက

"ချာ့ရော နေကောင်းလား ကောက်ကာငင်ကာ မေး၏။ ဖေဖေ၊ သမီးကို လွမ်းနေလား" ဟု

ထိုအခါ လူးဝစ်မျက်နှာပေါ်က စပ်ဖြဲဖြဲ အပြုံးမှာ ရုတ်ခြည်း ပျောက်ကွယ်

သွား၏။ သို့သော် သူက …

“ကောင်းပါတယ်၊ ကောင်းမှာပါ။ မနေ့ညက အမဲသားစတူး ကျန်တာ ကျွေးပြီး အပြင် ထုတ်ပေးထား လိုက်တယ်။ ဒီမနက်တော့ မတွေ့မိဘူး။ ဖေဖေလည်း ခုမှ နိုးကာစ ဆိုတော့လေ” ဟု ဘာဆို ဘာမှ မဖြစ်သလိုမျိုး ယုံကြည်အောင် လှည့်ပတ် ဖြေလိုက်နိုင်၏။

မင်းတော့ လက်သည် တရားခံ ဖြစ်တော့မှာပဲ။ ခံစားချက်က သခွားသီးလို အေးစက် လိုက်ပါဘိ။ အသေကောင်ကို နောက်ဆုံး မြင်တာ ဘယ်အချိန်က လဲ ဒေါက်တာ ခရိဒ်ရဲ့။ ကိုယ့်ကိုယ်ကိုယ် ထိုသို့ ပြန်မေးမိသည်။ အစာ စားဖို့တော့ ဝင်လာခဲ့ပါရဲ့။ အမဲသားစတူးလည်း ပန်းကန်ပြားထဲ ရှိနေပါရဲ့။ အဲဒီ ကတည်းက မတွေ့တော့တာ။

“အင်းလေ၊ ဒါဆိုရင်လည်း သမီးအစား တချက်လောက် နမ်းပေးပါ”

“ထွီ၊ ကိုယ့်ကြောင် ကိုယ့်ဘာသာ နမ်း”

အယ်လီ တခစ်ခစ် ရယ်သည်။

“မေမေနဲ့ ပြောဦးမလား ဖေဖေ”

“ပြောမှာပေါ့။ ပေးလိုက်ပါဦး”

အယ်ကိစ္စ သည်လိုနှင့် ပြီးသွား၏။ ချာ့အကြောင်း လုံးဝ မပါစေဘဲ သူနှင့် ရေချယ် ခဏလောက် စကားပြောသည်။ ချစ်တယ်ဟု အပြန်အလှန် ပြောပြီးနောက် ဖုန်းချလိုက်၏။

“အဲဒါပဲ”

လူးဝစ်က နေရောင်ခြည် လင်းဖြာနေသော အခန်းကို တယောက်တည်း လှမ်းစကား ပြောသည်။ ချာ့အကြောင်း လိမ်ပြောသည့် ကိစ္စနှင့် ပတ်သက်၍ အဆိုးဆုံးမှာ သူ့၌ အပြစ်ရှိသည်၊ ဆိုးယုတ်သည်ဟု လုံးဝ မ ခံစားရခြင်း ဖြစ်နိုင်၏။

****

အခန်း (၂၄)

ကိုးနာရီခွဲ ဝန်းကျင်မှာ စတိဗ်မာစတာတန်က အားရဝမ်းသာ ဖုန်းလှမ်းဆက်သည်။ ကျောင်းထဲမှာ လူသူမရှိ၊ ရှင်းလင်းနေသဖြင့် တက္ကသိုလ်ထဲ လာပြီး ရက်ကက်ဘောလေး ဘာလေး ကစားကြမလားဟု မေး၏။ တနေကုန် ကစားလို့တောင် ရသည်ဟု ဆို၏။

ကျောင်းဖွင့်လျှင် ရက်ကက်ဘော ကစားရန် အခန်းလွတ်ဖို့အရေး တခါတလေ နှစ်ရက်လောက် ကြာအောင် စောင့်ရတတ်၏။ ဝမ်းသာ အူမြူးရသည့် အကြောင်းရင်းကို လူးဝစ် သိပါသော်လည်း ဆိုနေကျအတိုင်း ဆေးကျောင်းကောလိပ် မဂ္ဂဇင်းအတွက် ဆောင်းပါးတခု ရေးချင်သဖြင့် မလာတော့ပါဟု ငြင်းလိုက်သည်။

"သေချာရဲ့လားဗျ။ လုပ်လည်း လုပ်၊ နားလည်း နားပေါ့။ အလုပ်ချည်း ဖိလုပ်နေရင် ဂိသွားဦးမယ်။ သိတယ်မလား"

"နောက်မှ ခေါ်ကွာ။ အဲဒီအခါကျ ရရင် ရမှာပေါ့"

"ဒါဆိုလည်း နောက်တခေါက် မှပေါ့ဗျာ"

မာစတာတန် ဖုန်းချသွားသည်။ ဤတကြိမ်မှာတော့ မုသားတဝက် ပြောလိုက်ခြင်း ဖြစ်၏။ ဆောင်းပါး ရေးရမှာတော့ မှန်သည်။ ယင်းမှာ လူနာသီးသန့် ဌာနတွင် ဖြစ်ပွားတတ်သော ရေကျောက်၊ အနမ်းရောဂါဟု ခေါ်ကြသော မိုနိုန်ျူကလီရိုဆစ် ကဲ့သို့သော အနေနီးရာမှ ကူးစက်တတ်သည့် အပယိက ဖျားနာမှုများ အကြောင်းသာ ဖြစ်သည်။ အဓိကအကြောင်းရင်းကတော့ အကြီးအကျယ် နာကျင် ကိုက်ခဲ နေသောကြောင့် ဖြစ်၏။ ယင်းကို ရေချယ်နှင့် ဖုန်းပြောပြီး သွားတိုက်ဖို့ ရေချိုးခန်းထဲ ဝင် လိုက်မှ သိရသည်။ ကြောင်သေ ထည့်ထားသော အိတ်ကိုထမ်းရသဖြင့် ပခုံးတွေ နာပြီး ကျောအောင့်သလို တံကောက်ခွက် တွေလည်း ညောင်းနေ၏။ ကိုယ့်အသွင်ကိုယ် စိတ်ကူးနှင့် ပုံဖော်ကြည့်ပြီးနောက် သည်ပုံစံနှင့် ဆိုလျှင် မာစတာတန်နှင့် ရက်ကက်ဘော သွားကစားသည့်အခါ ပေါ့ပါးသွက်လက် နေရမည့်အစား အဆစ်ရောင်ရောဂါ ထနေသည့် အဘိုးအို တယောက်လို ကုန်းကွချည့်နဲ့ နေပေလိမ့်မည်။

သည်လို ပြောကြကြေးဆိုလျှင် မနေ့ညက တောထဲ တောင်ထဲ လျှောက်သွားခဲ့တာ သူ တယောက်တည်း မဟုတ်။ ၈၅ နှစ်နား နီးနေသည့် အဘိုး အို တယောက်နှင့်အတူ သွားခဲ့ခြင်း ဖြစ်၏။ ဂျတ်ရော ဒီမနက် သူ့လိုပင် ဆိုးဆိုးဝါးဝါး နာကျင် ကိုက်ခဲနေသလား သိချင်မိ၏။

တနာရီခွဲလောက် ကြာအောင် ဆောင်းပါးကို ထိုင်ရေး လိုက်ပြီးနောက် စိတ်မပါတော့ချေ။ တိတ်ဆိတ် ငြိမ်သက်ခြင်းကို မခံစားနိုင်တော့သဖြင့် နောက်ဆုံး၌ ဂျွန်ဟုပ်ကင်းစ် တက္ကသိုလ်မှ တကူးတက အော်ဒါမှာ ဝယ်ထားသော ပုံနှိပ်စာရွက်များနှင့် ရုံးသုံးစက္ကူအဝါ စာအုပ်များကို စာရိုက်စက် အထက်က စင်ပေါ် အပုံလိုက် တင်ထား လိုက်သည်။ ထို့နောက် သားမွေး ခေါင်းစွပ် ကုတ်အင်္ကျီကို

ဝတ်ကာ လမ်းမတဖက်ကို ကူးလာခဲ့၏။

ဂျထ်နှင့် နော်မာတို့ အိမ်မှာ မရှိကြသော်လည်း သူ့နာမည် ရေးထားသော စာအိတ် တလုံးကို ပေါ်တီကို တံခါးကြားထဲ ညှပ်ထည့်ထားတာ တွေ့ရသည်။ သူက စာအိတ်ကို ယူ၍ ဖွင့်ကြည့် လိုက်၏။

ငါတော့ မယား အလိမ္မာလေးနဲ့အတူ ဘက်စ်ဖို့တ်ကို ဈေးဝယ် ထွက်သွားတယ် လူးဝစ်ရေ။ အမ်ပိုရီရမ်ဂယ်လိုရီရမ်မှာ ပန်းကန်စင်တခု ဝင်ကြည့်ဦးမှာ။ အိမ်ကဟာက နော်မာ့မျက်စိထဲမယ် အနှစ် ၁၀၀ လောက် ရှိပြီ ထင်ရလို့တဲ့။ ရောက်တုန်း ရောက်ခိုက် မက်လျူပ်စ်ဆိုင်မှာ နေ့လယ်စာ ဝင်စား ဖြစ်မလား မသိဘူး။ ညနေစောင်းမှ ပြန်ရောက် လောက်မယ်။ အဲဒီကျမှ ဘီယာလေး တဘူး နှစ်ဘူးလောက် လာသောက်ချင် သောက်လေ။

မောင်ရင့် မိသားစုကတော့ မောင်ရင့် မိသားစုပေါ့လေ၊ ငါလည်း ဝင်မ စွက်ဖက်ချင်ပါဘူး။ ဒါပေမဲ့ အယ်လီလေးသာ ငါ့သမီး ဖြစ်ခဲ့ရင် သူ့ ကြောင်ကလေး လမ်းမပေါ်မှာ ကားတိုက် ခံလိုက်ရတယ်လို့ ပြောထွက်မှာ မဟုတ်ဘူးကွယ်။ ကျောင်းပိတ်ချိန် အားလပ်ရက် ကလေးမှာ ဝမ်းနည်း မ နေစေချင်ဘူး။

သြော် ဒါနဲ့ မနေ့ညကကိစ္စကို ငါကတော့ တခြားသူရော လဒ်လို မြောက် ပိုင်း တပိုက်မှာရော ထပ်ပြောမှာ မဟုတ်ဘူးနော်။ မစ်မက်သုသာန် ဟောင်းကြီး အကြောင်း သိကြတဲ့ တခြားသူတွေလည်း ရှိတယ်။ မြို့ထဲက တချို့သူတွေလည်း အဲဒီမှာ တိရစ္ဆာန်လေးတွေ သွားမြှုပ်ကြတာပဲ။

အဲဒီနေရာက တိရစ္ဆာန် သင်္ချိုင်းရဲ့ တခြားဘက် အပိုင်းလို့ ပြောချင်လည်း ပြောလို့ရတယ်။ ၁၉၆၇၊ ၆၈ လောက်က အဲဒီမစ်မက်သုသာန်မှာ ဟန်ရတီ ဆိုတဲ့ နွားသိုးကြီး တကောင် ကိုတောင် တက်မြှုပ်ဖူးတယ်။ ယုံချင်ယုံ၊ မ ယုံချင်လည်းနေ။ စတက်ပိုးလ် လမ်းမဘက်မှာ နေတဲ့ အဘိုးကြီး ဇက်မဂို ဗန်ရဲ့ နွားသိုးပဲ။ ဟား၊ ဟား။ သူရယ်၊ တခြားကောင်လေး နှစ်ယောက်ရယ် နွားသိုးကြီးကို အဲဒီအပေါ် ဝိုင်းတင်ရတာလို့ ပြောတယ်။ ငါ့နှယ် တွေးတွေး ပြီး ရယ်လိုက်ရတာ ဖတ်ဖတ်ကို မောရော။ ဒါပေမဲ့ ဒီနားက လူတွေ ကတော့ အဲဒီအကြောင်း ပြောတာ မကြိုက်ဘူးကွ။ တခြား အပြင်လူ သိ သွားမှာကိုလည်း သဘောမကျဘူး။ တချို့လူတွေက အယူသီးတယ်လေ။ လွန်ခဲ့တဲ့ အနှစ် ၃၀၀ ကျော်လောက်က ဓလေ့ထုံးတမ်း၊ အစွဲအလမ်းတွေကိုအခုထက်ထိ ယုံကြည် နေကြတုန်းပဲ။ သူတို့ အယူသီးတာကို အပြင်လူ သိ သွားရင် ပြက်ရယ်ပြုမှာစိုးလို့နဲ့ တူပါရဲ့။ သိတော့ရော၊ ဘာများ ဖြစ်မှာမို့လို့ လဲ။ ငါ့စိတ်ထင် ပြက်ရယ်ပြုမှာတော့ မဟုတ်ပါဘူးကွာ။ ထားပါ၊ အဲဒီလို တွေ ရှိတယ်။ ဆိုတော့ ငါ့ကို သနားသောအားဖြင့် ဒီကိစ္စကို နှုတ်ပိတ်နေ ပေးပါကွာ၊ နော်။

ဒီညဖြစ်ဖြစ် နောက်အားတဲ့အခါ ဆက်ပြောကြတာပေါ့။ အဲဒီအခါကျ မောင်ရင် ပိုသဘောပေါက် လာမှာပါ။ ဒါပေမဲ့ လောလောဆယ်တော့ မောင် ရင် ကိုယ့်လုပ်ရပ်ကိုယ် ဂုဏ်ယူနေမယ်လို့ ထင်ပါရဲ့။

"ဂျထ်"

စာကြွင်း - ဒီစာထဲ ဘာတွေ ရေးထားတယ် ဆိုတာ နော်မာ မသိဘူး။ သူ့ ကို တမျိုး ပြောထားတယ်၊ မသိစေချင်လို့။ တို့နှစ်ယောက် အိမ်ထောင်ပြု ပြီးတဲ့ အနှစ် ၈၀ မှာ လိမ်ပြောတာက ဒီတခုတည်းတော့ ဘယ်ဟုတ်ပါ့မ လဲ။ ယောက်ျား အများစုက မိန်းမတွေကို လိမ်တဲ့နေရာမှာ တော်ကြတယ် မဟုတ်လား။ ဒါပေမဲ့ ဘုရားကိုတော့ လိမ်လို့ ဘယ်ရပါ့မလဲကွာ။

ကဲ၊ ညကျမှ လာခဲ့။ တို့တတွေ နည်းနည်းပါးပါး မူးကြတာပေါ့ ဟုတ်ပြီ လား။

"ဂျေ"

လူးဝစ်က လှေကားထစ် ထိပ်ဆုံးမှာ ရပ်ရင်း စာကို မျက်မှောင်ကြုတ်၍ ဖတ်နေမိသည်။ ပေါ်တီကိုက ဟာလာဟင်းလင်း၊ ကြိမ်ထည်များကို နွေဦး ကျမှ ပြန်ချထားမည် ထင်၏။ အယ်လီကို ကြောင်သေသွားတယ် မပြောပါ နဲ့တဲ့။ သူ မပြောခဲ့ပါ။ တခြားတိရစ္ဆာန်တွေလည်း အဲဒီမှာ မြုပ်တယ်တဲ့ လား။ လွန်ခဲ့တဲ့ အနှစ် ၃၀၀ လောက်က အယူသီးမှုတွေက ဘာလဲ။

အဲဒီအခါကျ မောင်ရင် သဘောပေါက်လာမှာပါ။

သူက ထိုစာကြောင်းကို လက်ညှိုးနှင့် ထောက်ရင်း မနေ့ညက လုပ်ရပ်ကို အခုမှ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ဝိုးတိုးဝါးတား ဖြစ်နေ လေ၏။ မသိလျှင် ဆေးကြောင်၍ လုပ်မိခဲ့သလိုလို၊ အိပ်မက်လိုလိုနှင့် မှတ်ဉာဏ်တို့က အာတာပူစီလို အရည်ပျော်ကျ သွားသည် ထင်၏။ သစ်ကိုင်းခြောက် ပုံကြီးပေါ် တက်ခဲ့တာ၊ နွံအိုင်ထဲမှာ ထူးဆန်းသော အလင်းရောင် တမျိုး လက်နေတာ မှတ်မိသော်လည်း ဆေးအာနိသင် မပြေ ခင် မေ့ဆေးဆရာဝန်နှင့် စကားပြောခဲ့သည်ကို မှတ်မိတာမျိုးနှင့် တူ၏။

ယောက်ျား အများစုက မိန်းမတွေကို လိမ်တဲ့နေရာမှာ တော်ကြတယ် မဟုတ်လား။

မိန်းမနဲ့ သမီးပဲ ထားပါတော့လေ။ သို့သော် ရင်ထဲမှာတော့ တထိတ် ထိတ်။ ဒီမနက် သူ့ခေါင်းထဲမှာ တမျိုး၊ ဖုန်းပြောတော့ တမျိုး ဖြစ်နေလိမ့်မည်ကို ဂျထ်က ကြိုရိပ်မိနေပုံ ရသည်။ စာကို ဖြည်းဖြည်းချင်း ခေါက်ကာ စာအိတ်ထဲ ပြန်ထည့်လိုက်၏။ ထို့နောက် စာအိတ်ကို ဘောင်းဘီ နောက် အိတ်ကပ်ထဲ ထည့်ကာ အိမ်ဘက် ပြန်ကူး လာလိုက်သည်။

****

အခန်း(၂၅)

ထိုနေ့လယ် တနာရီ ဝန်းကျင်မှာ ချော့သည် ကလေးကဗျာထဲက ကြောင် လို လိမ်ဖယ်လိမ်ဖယ်နှင့် အိမ်ပြန်လာ၏။ ထိုအချိန် လူးဝစ်က ကားရုံထဲမှာ လေကာဝိုက်ပါ သုတ်သည့် အရည်ပုလင်းများ၊ အခဲပျော်ဆေး၊ ချွန်ထက်သည့် ကိရိယာများ စသည့် ဂေ့ဂျ် လက်လှမ်း မီနိုင်သော နေရာမှ အန္တရာယ်ရှိသော ပစ္စည်းပစ္စယများကို ဆွဲထုတ် ရှင်းလင်းရင်း အလုပ်ရှုပ်နေ၏။ သံတချောင်း ရိုက်နေစဉ် ချော့သည် အမြီး တထောင်ထောင် ဟိုကြည့် သည်ကြည့် နှင့် တလှမ်းချင်း ဝင်လာ၏။ လူးဝစ်သည် တူလည်း လက်ထဲက ပြုတ်မ ကျသလို လက်မကိုလည်း ချော်မရိုက်မိ။ ရင်လည်း တချက်မှ မခုန်ဘဲ တချက်သာ စိတ်လှုပ်ရှား သွား၏။ ဗိုက်ထဲမှာ ဝါယာကြိုးတစ မီးထ လက်သလို ပူခနဲ တချက် ခံစားရပြီး အလင်းအား ပြင်းလွန်း၍ ဒဏ်မခံ နိုင်ဘဲ ဖောင်းခနဲ ထပေါက်သွားသော မီးသီး တလုံးကဲ့သို့ ချက်ချင်းလိုလို ပြန်အေးစက် သွား၏။

နောက်ပိုင်း၌ ထိုသောကြာ ကျေးဇူးတော်နေ့ မနက်မှာ ပြန်လာမည်မှန်း သာ သိခဲ့ပါက ချော့ကို ညကြီးမင်းကြီး မစ်မက် သုသာန်အထိ သွားမပြပ်ဘဲ သတင်းစာ ထိုင်ဖတ်ရင်းသာ စောင့်နေမိမှာပဲဟု သူ့ကိုယ်သူ ပြောမိသည်။ လူးဝစ်က တူကို ဂရုတစိုက် အောက်ချကာ ပါးစပ်ထဲ ဖိထားသော သံချောင်းများကို လက်ဖဝါးထဲ ထွေးထည့်သည်။ သံချောင်းများကို အလုပ်သမားဝတ် ရှေ့ဖုံးခါးစည်း အိတ်ကပ်ထဲ ထည့်လိုက်ပြီး ချော့ဆီ သွား၍ ကောက်ချီသည်။

အချိန်စီးတုန်း ပါလားဟု စိတ်လှုပ်ရှားစွာ မသက်မသာ တွေးမိ၏။ ချော့သည် ကားတိုက် မခံရခင်ကလိုပင် လေး၏။ တိရစ္ဆာန် အရှင်တကောင်၏ အလေးချိန်မျိုး ရှိနေ၏။ အိတ်ထဲ ထည့်ထမ်းခဲ့တုန်းကထက် ပိုလေး၏။ သေသွားတုန်းကထက် ပိုလေး၏။

ဤတကြိမ်တွင် ခုနကထက်ပို၍ စိတ်လှုပ်ရှားလာပြီး ရင်ဘတ်ထဲမှ ဒိတ်ခနဲ ထခုန်တော့မလို ဖြစ်ကာ မျက်စိရှေ့က ကားရုံသည် တံလျှပ်ရေပြင်လို ဝါးလာ၏။

ချော့က နားရွက်များ ကုပ်ကာ အချီခံသည်။ လူးဝစ်က ချော့ကို အပြင်ဘက်ရှိ နေရောင်ထဲ ထုတ်လာကာ နောက်ခြေနှစ်ချောင်း ချထိုင်ပေး၏။ ချော့က လက်ပေါ်မှ ဆင်းရန် ကြိုးစားသော်လည်း လူးဝစ်က အဆင်းမခံဘဲ သူ့ပေါင် ပေါ် တင်ထားလိုက်သည်။ အခုတော့ သူ့နှလုံးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားပုံ ရသည်။ ရင်မခုန်တော့။

မနေ့ညက ဇက်ကျိုး၍ အရိုးမရှိတော့သလို ဆုံလည်လှည့်လို့ ရနေခဲ့သော ချော့ခေါင်းကလေးကို သတိရသွားကာ လည်ဆံမွေးတွေကို ညင်သာစွာ ပွတ်သပ်လိုက်၏။ ကြွက်သားများ ကလည်း အကောင်းအတိုင်းပင် ရှိနေပြီး ဘယ်လိုမှ မနေချေ။ သူက ချော့ကို မြှောက်ကာ နှုတ်သီးကို ကြည့်လိုက်၏။ ထိုအခါ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ချော့ကို မြက်တောထဲ အမြန် လွှတ်ချကာ မျက်လုံးမှိတ်၍ သူ့မျက်နှာသူ လက်တဖက်နှင့် အုပ်ထားလိုက် မိ၏။

ကမ္ဘာကြီး တခုလုံး လည်ထွက် နေသည်။ အရက် အသောက်လွန် သွားသလိုမျိုး ခေါင်းထဲမှာ တရိပ်ရိပ် မူးဝေကာ ဖျားချင်သလိုလို ဖြစ်လာ၍ သတိထားနေရ၏။ ချာ့နှုတ်သီးမှာ သွေးခြောက်များ အခဲလိုက် ကပ်နေပြီး ရှည်လျားသော နှုတ်ခမ်းမွေးများ၌ ဟက်ဖ်တီပလတ်စတစ်အိတ် အစိမ်းနှစ်စ ငြိနေ၏။

ဒီညဖြစ်ဖြစ် နောက်အားတဲ့အခါ ဆက်ပြော ကြတာပေါ့။ အဲဒီအခါကျ မောင်ရင် ပိုသဘောပေါက် လာမှာပါ။

ဘုရားရေ၊ အခုတော့မှ သိချင်စိတ်တို့ ပိုရုန်းကြွလာ၏။ ဂျထ်ပြောတာကို သဘောပေါက်ဖို့ အနီးဆုံး စိတ်ကျန်းမာရေး ဆေးရုံကို သွားပြမှ ဖြစ်တော့မ လား မသိ။

ချာ့ကို အိမ်ထဲ ဝင်ခိုင်းကာ သူ့အစာ ပန်းကန်ပြား အပြာရောင်ကို သွားယူသည်။ တူနာငါးနှင့် အသည်းတို့ ပါဝင်သော ကြောင်စာဘူးကို ဖောက်၍ အစာညိုညိုများကို ဇွန်းဖြင့် ကော်နေစဉ် အမွေးဖွာလန်ကျဲနေသော ချာ့က သူ့ခြေကျင်းဝတ်ကို ဟိုတိုးသည်တိုး လာပွတ်သပ်၏။ ချာ့နှင့် ထိမိသည့် အခိုက် ကြက်သီးများ ထ လာသဖြင့် အံကို တင်းတင်းကြိတ်ရင်း ခြေထောက်ဖြင့် တွန်းလွှတ် နေမိသည်။ ကြောင်မွေးများ ထူပိန်း ချောကျိနေ ပုံကို တမျိုးကြီး ခံစားရ၏။ ဘယ်လို စကားလုံးဖြင့် ဖော်ပြရမလဲ မသိ၊ ရွံ့ရှာစက်ဆုပ်စရာ။ ချာ့နှင့် ထိထိ၊ မထိထိ ဂရုမစိုက်မိအောင် ကြိုးစားနေ မှန်း သူ့ကိုယ်သူ သတိထားမိ၏။

ကြမ်းပြင်ပေါ် အစာပန်းကန် ချပေးလိုက်တော့ ချာ့က အပြေး သွားစားသည်။ ကြောင်မွေးထဲမှာ ခိုက်သည်ဆိုသော မြေမှုန် မြေသားတွေ ပါလာမှာပဲ။ နှာခေါင်းထဲမှာ ထိုမြေကြီးနံ့ကိုပင် ရနေကြောင်း သူ ကျိန်တွယ် ပြောဝံ့သည်။

ချာ့အစာ စားနေသည်ကို နောက်ဆုတ်၍ ကြည့်နေလိုက်၏။ လျှာနှင့် လျက်၍ စားနေသံက တပြတ်ပြတ် ထွက်နေ၏။ ယခင်က ချာ့အစာစားလျှင် တပြတ်ပြတ် အသံထွက်ဖူးသလား သူ မသိ။ ထွက်နိုင်သည်။ သူ သတိမထားမိတာ ဖြစ်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ထိုအသံကလည်း ရွံ့စရာကောင်း၏။ အယ်လီဆိုလျှင် ထိုအသံကြောင့် ဝေ့ခနဲ အော့အန် ပြလိမ့်မည်။

လူးဝစ်က ချာခနဲ လှည့်ထွက်၍ လှေကားပေါ် တက်သည်။ ပထမတော့ ပုံမှန်အတိုင်း လမ်းလျှောက်၍သာ တက်လာသော်လည်း အပေါ်ထပ် စင်္ကြံ လမ်းပေါ် ရောက်သည်နှင့် အိပ်ခန်းရှိရာသို့ အပြေးတပိုင်း လှမ်းသွား၏။ အခန်းထဲ ရောက်သည်နှင့် အောက်ခံ ဘောင်းဘီကအစ မနက်ကမှ အသစ် ထုတ်ဝတ် ထားသော်လည်း အကုန်ချွတ်ကာ လျှော်စရာ အဝတ်ခြင်းထဲ လုံး၍ ပစ်ထည့် လိုက်၏။ ထို့နောက် ရေချိုးကန်ထဲ ဝင်၍ ခံနိုင်စွမ်း ရှိ သလောက် အပူရှိန်ကို အမြင့်ဆုံး ထားကာ ရေချိုး၏။

တကိုယ်လုံး ရေနွေးငွေ့များ ဖုံးလွှမ်းလျက် ရေပူနှင့် စိမ်လိုက်တော့မှ

ခန္ဓာကိုယ် ကြွက်သားတွေ ပြေလျော့သွားသလို ခံစားရ၏။ ခေါင်းလည်း ရှင်းသွားသည်။ အချိန်ကြာ၍ ရေတဖြည်းဖြည်း အေးလာသောအခါ ငိုက်မျဉ်းချင်သလိုလို ဖြစ်လာ၏။

ချော့သည် ကလေးကဗျာထဲက ကြောင်လို လိမ်ဖယ် လိမ်ဖယ်နှင့် အိမ် ပြန်လာခဲ့သည်။

ဒါတွေအားလုံး တခုခုတော့ လွဲနေ၏။ မနေ့ညနေက ချော့သည် ကားတိုက် ခံရသော်လည်း သိသိသာသာတော့ ပုံပျက်ပန်းပျက် ဖြစ်မနေဟု သူ တွေးခဲ့၏။ ပြန်စဉ်းစား ကြည့်တော့ ဟိုင်းဝေး လမ်းမပေါ်မှာ ကားတိုက်ခံရသော ရှဉ့်၊ ကြောင်၊ ခွေးတို့မှာ လူဒန်ဝိန်းရိုက်၏ "နံစော်ဖွံ့အသေ" သီချင်း ထဲကလို သွေးအလိမ်းလိမ်းနှင့် အူကလီတွေ ပြန့်ကျဲကာ ခေါင်းတခြား ကိုယ်တခြား ဖြစ်နေတတ်ကြသည် ကိုသာ မြင်ဖူး၏။

အခုတော့ ရှင်းလင်း သိသာလာပြီ။ ချော့သည် ပြင်းထန်စွာ အရိုက်ခံရပြီး မူးမေ့သွားတာ ဖြစ်၏။ မစ်မက်သုသာန်ကို သူသယ်လာသည့် အချိန်မှာ မ သေဘဲ သတိလစ်နေခြင်းသာ ဖြစ်မည်။ ကြောင်တွေမှာ အသက်ကိုးချောင်းရှိသည်ဟု ပြောကြသည် မဟုတ်လား။ အယ့်ကို ဘာမှ မပြောလိုက်မိတာ တော်သေးသည်။ ချော့ သေဘေးကြုံခဲ့တာ အယ်လီ မသိစေရ။ ဒါဆို လည်ဆံမွေးနှင့် နှုတ်သီးမှ သွေး၊ ဇက်ကျိုးနေပုံက ...။

သူသည် ဆရာဝန်သာ ဖြစ်သည်၊ တိရစ္ဆာန်ဆရာဝန် (တိမွေးကု) မဟုတ်။ သူ ဆေးစစ်ချက် အယူအဆ မှားတာ၊ ဒါကြောင့်ပဲ ဖြစ်မည်။ အနီးကပ် ကြည့်ရအောင် ကလည်း မြင်သာထင်သာ အခြေအနေမျိုး မဟုတ်။ ကောင်းကင်မှာ အလင်းရောင် ပျောက်၍ ၂၀ ဒီဂရီလောက် အေးနေချိန် ဂျုထ်၏ မြက်ခင်းပြင်ပေါ် ဆောင့်ကြောင့်ထိုင်၍ ကြည့်ရခြင်း။ ပြီးတော့ သူက လက်အိတ် ဝတ်ထားခဲ့၏။

မြွေလိုလို နဂါးလိုလို သတ္တဝါ တကောင်၏ ဦးခေါင်းနှင့်တူသော ပုံမကျ ပန်းမကျ ဖောင်းပွပွ အရိပ်တခု ရေချိုးခန်းနံရံမှာ ပေါ်လာသည်။ သူ့ပခုံး ကို တစုံတရာက မထိတထိ ရုပ်တိုက် ဖြတ်သန်း သွား၏။ လူးဝစ်သည် ခါတ်လိုက် ခံရသလိုမျိုး ဆတ်ခနဲ တုန်သွားသဖြင့် ကန်ထဲက ရေတွေ ဗွမ်း ခနဲ စဉ်ထွက်ကုန်ရာ ကြမ်းပြင်ပေါ်က အခင်းကို ရေစိုကုန်သည်။ ကြောက်ရွံ့ တွန့်ဆုတ်စွာ အနောက်ကို တဖြည်းဖြည်း လှည့်ကြည့်လိုက်တော့ သူ့ကို စိုက်ကြည့်နေသော ချော့၏ စိမ်းဖန့်ဖန့် ဝါကြင့်ကြင့် ကြောင် မျက်လုံးများနှင့် တည့်တည့် တိုးလေ၏။ ချော့သည် ရူးကြောင်ကြောင် အကြည့်ဖြင့် အရက်မူး နေသလိုမျိုး ဖြည်းညင်းစွာ ရှေ့ယိမ်းလိုက်၊ နောက်ယိုင် လိုက်နှင့် အိမ်သာခွက်ပေါ်မှာ ထိုင်နေသည်။

လူးဝစ်က ချော့ကို ကြည့်ရင်း မနှစ်မြို့စွာ နောက်ကို ဆုတ်နေမိသည်။ သွား တို့ စေ့နေသဖြင့် ပါးစပ်ထဲက အော်သံ ထွက်မလာတော့။ ကားတိုက် မခံရမီ က ချော့ကို သည်လိုပုံစံမျိုး ဘယ်တုန်းကမှ မမြင်ဖူးချေ။ သားကောင်ကို စိတ် ညို့ အိပ်မွေ့ချနေသည့်နှယ် ဖြည်းညင်း သာယာစွာ လွှဲယမ်းနေပုံမျိုး။ ပထမဆုံးနှင့်

နောက်ဆုံးအဖြစ် ၎င်းသည် ချော့မဟုတ်ဘဲ တခြား ကြောင်တကောင် ဖြစ်သည်ဟူသော အတွေးဝင်လာ၏။ အယ့်ကြောင် ချော့နှင့် ခွဲမ ရအောင် တူသော ကြောင်တကောင်။

သူ ကားရုံထဲမှာ စင်ရှင်းနေတုန်း ထိုကြောင်က ဟိုသည်ငေးမော ကြည့်ရှု လျက် ဝင်လာသည်။ ချော့အစစ်သည် တောထဲက မတ်စောက်သော ကမ်းပါးယံထိပ်ရှိ ကျောက်ပုံအောက်က မြေကြီးထဲမှာ ရှိနေဆဲ။ ရယ်ချင် စရာ ကောင်းသည့် နားရွက်နှင့် နောက်ခြေဖဝါးရှိ အမှတ်အသားများက တထေရာတည်း တူသော်လည်း ယခု အကောင်ကတော့ စုတ်ပြတ်နေ၏။ ထိုအမှတ်အသားမှာ ချော့ကြောင်ပေါက်ဘဝ မြို့ဆင်ခြေဖုံးရှိ အိမ်မှာ နေခဲ့ရ စဉ် အယ်လီ နောက်ဖေးတံခါး ဆောင့်ပိတ်ရာမှ ရလာခဲ့ခြင်း ဖြစ်၏။ ထို့ ကြောင့် ၎င်းသည် ချော့သာ ဖြစ်၏။ ဟုတ်သည်။ လူးဝစ်က ကွဲအက်သော လေသံဖြင့် ချော့ကို ...

"ထွက်သွားစမ်း" ဟု မောင်းထုတ် လိုက်၏။

ချော့က သူ့ကို ခပ်ကြာကြာ စိုက်ကြည့် နေသေးသည်။ ဘုရားရေ ...။ ချော့ မျက်လုံးတွေက အရင်နဲ့ မတူ၊ တမျိုးတဖုံ ထူးခြား ကွဲပြားနေ၏။ ချော့က အိမ်သာခွက်ပေါ်မှ ခုန်ဆင်း လိုက်သော်လည်း ကြောင်တွေ ခုန်ချသလိုမျိုး လှလှပပ ကျမသွားချေ။ ထို့နောက် ဒယီးဒယိုင် ထရပ်ရာ တင်ပါးဆုံက ရေချိုးကန်နှင့် တိုက်မိ၏။ နောက်တော့ ထွက်သွား လေသည်။

ဒီကောင် ...၊ မဟုတ်သေးဘူး။ သင်းထားတာ ဆိုတော့ ဒီကောင်လို့ ခေါ်လို့ မရတော့ဘူး။ ဒင်းလို့ ခေါ်ရမယ်။

လူးဝစ်က ရေချိုးကန်ထဲမှ ထွက်၍ ခန္ဓာကိုယ်ကို အမြန် ခြောက်အောင် လုပ်သည်။ မုတ်ဆိတ် ရိတ်သည်။ အဝတ်အစား လဲပြီးလုမှာ ဖုန်းထမြည် လာ၏။ တိတ်ဆိတ် ခြောက်ကပ်နေသော အိမ်ထဲမှာ ဖုန်းသံက စူးခနဲရုတ်တရက် ထွက်လာသဖြင့် လူးဝစ်ခမျာ ဘာလုပ်ရမှန်း မသိဘဲ မျက်လုံး အပြူးသားနှင့် ဟိုလှည့် သည်လှည့် ဖြစ်နေပြီးမှ ဖုန်းခွက်ကို သွားကိုင်၍ မြှောက်ထား လိုက်မိသည်။ ပြီးမှ ဖြည်းဖြည်းချင်း ပြန်ချကာ နားထောင် လိုက်၏။ အက်ဒရီနလင်းကြောင့် ကြွက်သားတွေ တောင့်တင်း၍ ရင်တ ထိတ်ထိတ် ဖြစ်နေ၏။

ဖုန်းမှာ စတိဗ်မာစတာတန် ဆက်ခြင်း ဖြစ်သည်။ ရက်ကက်ဘော ကစား ဦးမှာလားဟု မေးသဖြင့် လူးဝစ်က အင်းဟု ဆိုကာ မန်မိုရီရယ် အားကစား ခန်းမကို တနာရီအတွင်း အရောက် လာခဲ့မည်ဟု ချိန်းလိုက်၏။ တကယ်တော့ အချိန်ကို အလဟဿ အကုန် မခံနိုင်သော်လည်း အခုအချိန်မှာတော့ ရက်ကက်ဘော ကစားတာပဲ ကောင်းမည်ဟု တွေးမိသောကြောင့် ဖြစ်၏။ အိမ်ကနေတော့ ထွက်ရမည်။ ဆန်းကြယ်သော ထိုကြောင်နှင့် ဝေးဝေးမှာ သာ နေချင်၏။

သူက ရှပ်အင်္ကျီ အမြန် ကောက်စွပ်ကာ ဘောင်းဘီတိုတစုံ၊ တီရှပ် တထည်နှင့် တဘက် တထည်ကို ဇစ်ဖွင့်၍ အိတ်ထဲ ထည့်ပြီး အောက်ထပ်ကို ကသောကမျော ဆင်းလာ၏။ ချော့က အောက်ဘက်မှ လေးခုမြောက်

လှေကားထစ်မှာ လှဲနေသဖြင့် ကြောင်ကို ကျော်ခွ၍ ဆင်းလိုက်ရာ ချော်လဲတော့မလို ဖြစ်သွား၏။ လှေကားလက်ရန်းကို လှမ်းဆွဲလိုက်မိ၍သာ ဝရုန်းသုန်းကားပြုတ်မကျခြင်း ဖြစ်၏။

အောက်ရောက်တော့ လှေကားခြေရင်းမှာ မတ်တတ်ရပ်၍ အသက်ကို အလုအယက် ရှူနေမိသည်။ ရင်တွေ တဒိန်းဒိန်း ခုန်နေသလို အက်ဒရီနလင်းဟော်မုန်းများကလည်း တကိုယ်လုံးသို့ အလုအယက် စီးဆင်း နေ၏။

ချာ့က မတ်တတ် ထရပ်ကာ အကြောဆန့်သည်။ သူ့ကို ပြုံးမဲ့မဲ့နှင့် ကြည့်နေသလိုလို။

လူးဝစ် အိမ်ထဲက ထွက်လိုက်သည်။ ဒီကြောင်ကို အိမ်ပြင် ထုတ်ထားတာ ကောင်းမည်။ ဒါကို သူသိသော်လည်း မထုတ်မိချေ။ သည်အချိန်မှာ ဒင်းကို သူ့လက်နှင့် ကိုင်ရွှေ့ဖို့ မပြောနှင့်၊ ထိတောင် မထိချင်ပေ။

****

အခန်း (၂၆)

ဂျဏ်က သစ်သား မီးခြစ်ဆံကို စီးကရက် တလိပ် မီးညှိ၍ ခါထုတ် လိုက်သည်။ အောက်ခြေမှာ ဆေးပြယ်၍ ဖတ်မရလုနီးပါး ဖြစ်နေသော ဂျင်ဘင်း နံကြော်ငြာနှင့် သံပြာခွက်ထဲ မီးခြစ်ဆံကို တောက်ထုတ် လိုက်၏။

"အဲဒီနေရာအကြောင်း ငါ့ကို ပြောပြခဲ့တာ စတန်လေဘူးချက်ပဲကွ"

ဂျထ်က ပြောလက်စကို ရပ်၍ စဉ်းစားသည်။ သူတို့အရှေ့က ဆီစုပ်အဝတ် ခင်းထားသော မီးဖိုချောင် စားပွဲပေါ်မှာ ဘီယာခွက်တွေ ချထားသော်လည်း နှစ်ယောက်လုံး တတို့မျှ မတို့ရသေး။ သူတို့အနောက်ရှိ နံရံနှင့် ကပ်၍ ချထားသော ရေနံဆီ စည်ပိုင်းထဲက တဗွက်ဗွက် အသံသုံးခါ ထွက်လာပြီး ငြိမ်သွားသည်။

လူးဝစ်က မာစတာတန်နှင့်အတူ အဆာပြေ ညစာအဖြစ် လူရှင်း သလောက် ဖြစ်နေသော ဘဲရ်စ်ဒန်ဆိုင်မှာ သဘော်သား ဆင်းဝှစ်ချ်တွေ စားထား၏။ မိန်းပြည်နယ်ရှိ စားသောက်ဆိုင်မှာ ဟိုဂီ သို့မဟုတ် ဂရင်ဒါ သို့မဟုတ် ဂျိုင်ရို တခုလောက် ပေးပါဟု ဝယ်လျှင် ဘာမှာမှန်း မသိကြ။ ဆပ်ဘ် သို့မဟုတ် ဝှဘာဂါ ပေးပါဟု ပြောမှ သဘော်သား ဆင်းဝှစ်ချ်မှန်း သိကြသည်။ ဒါကို လူးဝစ် အစောကြီးကပင် သိထား၏။ အစာလေး ဝင် သွားတော့မှ ချာ့ ပြန်ရောက် လာခြင်းနှင့် ပတ်သက်၍ ဘာမှမဖြစ်တော့ဘဲ နေသာထိုင်သာ ပိုရှိလာသလို အရာရာကို သေချာ ပြန်သုံးသပ် နိုင်လာသည်။ သို့သော် ထိုကြောင် ရှိနေနိုင်သည့် လူမရှိသော အိမ် မှောင်မှောင် မည်းမည်းကို တယောက်တည်း ပြန်နေဖို့တော့ စိတ်မရဲသေးချေ။

နော်မာက တီဗွီကြည့်ရင်း၊ ကောင်တီ အဆောက်အဦ အသေးလေးတခု နောက်မှာ နေဝင်သွားသည့် နမူနာ ပုံစံငယ်တခု လုပ်ရင်းမှ သူတို့နှင့် ခဏ လာထိုင်သည်။ ခေါင်မိုးကို ဖောက်ထွက်၍ ပေါက်နေသော သစ်ပင်ပေါ်က လက်ဝါးကပ်တိုင်က ဝင်နေသော နေလုံးနှင့်အပြိုင် အရိပ်မည်း ထင်နေပုံ။ နော်မာက ခရစ္စမတ် မတိုင်ခင် တပတ်အလိုကျ ဘုရားကျောင်းမှာ ရောင်း ဖို့ တခုခု လုပ်နေတာဟု ဆို၏။ ထိုပွဲက အမြဲတမ်း ပွဲကြီး ပွဲကောင်း ဖြစ်သည်။ စတီးခွေမှာ တပ်ထားသော အဝတ်စကို ဖောက်ချုပ်နေသော အပ်တချောင်းနှင့်အတူ သူမ၏ လက်ချောင်းများက ကျင်လည်စွာ လှုပ်ရှားနေ၏။ ဒီည သူမထံမှာ အဆစ်ရောင် ရောဂါလက္ခဏာ စိုးစဉ်းမျှ မတွေ့ရချေ။ လူးဝစ်ကတော့ အေးသော်လည်း အလွန် ခြောက်သွေ့သော ရာသီဥတုကြောင့် ဖြစ်မည်ဟု ထင်၏။ နှလုံးရောဂါလည်း ပြန်သက်သာ နေ ပြီ။ မျက်တွင်းချောင် သွားသဖြင့် လူးဝစ်စိတ်ထဲမှာ ပိုငယ် သွားသည်ဟုပင် ထင်၏။ နော်မာငယ်စဉ်က ရုပ်သွင်ကို ခန့်မှန်းလို့ ရသည်။

ကိုးနာရီ လေးဆယ့်ငါးမိနစ် ကျတော့ အိပ်တော့မည်ဟု နှုတ်ဆက်၏။ ထိုအခါ စကားမပြောဘဲ ဆေးလိပ်ချည်း ဖိသောက်နေသော ဂျထ်နှင့် သူ နှစ်ယောက်တည်းသာ ကျန်ခဲ့၏။ လူးဝစ်က ပုံမှန်လေသံဖြင့်

"စတန်လေဘူးချက်က ဘာတဲ့လဲ" ဟု စကား လမ်းကြောင်း

ပေးလိုက်သည်။

ဂျထ်က အခုမှ သတိ ဝင်လာသလိုမျိုး မျက်တောင် ပုတ်ခတ် ပုတ်ခတ်နှင့် "ဩော် ဟုတ်သားပဲ" ဟု ဆိုကာ ဆက်ပြောသည်။

"လဒ်လိုမှာ ရှိတဲ့သူတိုင်း၊ ဘတ်ခ်စပို့တ်တဝိုက်နဲ့ ပရော့စပက်၊ အော်ရင် တန်ရောပါပဲလေ။ အားလုံးက သူ့ကို စတန်လေဘူးချက်လို့ ခေါ်ကြတယ်။ ငါ့ခွေးကြီး စပေါ့တ် သေတုန်းက ၁၉၁၀ ခုနှစ်။ ဆိုလိုတာက ပထမဆုံးအကြိမ် သေတုန်းကပေါ့လေ။ စတန်လေက အဘိုးကြီး ဖြစ်နေပြီ။ ရှူးတယ် ဆိုတာ ထက်တော့ ပိုမယ်။ ခုနက ပြောတဲ့ နေရာ တဝိုက်က တချို့သူတွေ က မစ်မက်သုသာန်ကို သိကြတယ်။ ဒါပေမဲ့ ငါ ကြားခဲ့ရတာတော့ စတန် လေ့ဆီကပဲ။ သူကလည်း သူ့အဖေဆီက ကြားခဲ့တာတဲ့။ သူ့အဖေကလည်း သူ့အဘိုးဆီက တဆင့်ပေါ့။ သူတို့ တမိသားစုလုံးက ကနေဒါလူမျိုးတွေ"

ဂျထ်က ရယ်မောရ၍ ဘီယာတငုံ သောက်သည်။

"မီးကျိုးမောင်းပျက် အင်္ဂလိပ်စကားနဲ့ သူပြောပြတာကို ငါ့နားထဲမှာ အခု ထိ ကြားယောင် မိတုန်းပဲ။ ၁၅ လမ်းမကြီးပေါ်က မြင်းရုံကို ကျောပေး ထိုင်နေတဲ့ ငါ့ကို သူက တွေ့တာ။ အဲဒီတုန်းကတော့ ဘန်ဂါဘတ်ခ်စပို့တ် လမ်းမ ကြီးပေါ့။ အခုတော့ အဲဒီနေရာက အော်ရင်ကို ဓာတ်အားပေး စက်ရုံ ဖြစ်နေ ပြီလေ။ စပေါ့တ်က မသေသေးပေမဲ့ သေတော့မှာ။ အဖေက ငါ့ကို အနားမှာ ရှိမနေစေချင်တာမို့ တဖက်လှည့်နဲ့ ကြက်စာ သွားကျွေးခိုင်းတယ်။ သူဘာ လို့ ရှောင်ခိုင်းမှန်း ငါကောင်းကောင်း သိတာပေါ့"

"သူက ခွေးကို သတ်မလို့လား"

"စပေါ့တ်ကို ငါ ဘယ်လောက် ချစ်မှန်း အဖေက သိတယ်။ ဒါကြောင့် ကိစ္စ ရှင်းနေတုန်း ငါ့ကို တခြားမှာ သွားနေခိုင်းတာ။ ကြက်စာ သွားကျွေးပြီး နောက်တော့ ငါလည်း အဲဒီနားက ခုံသွေးကျောက် အဟောင်းကြီးပေါ် ထိုင်ပြီး အော်ငိုတော့တာပဲ"

ဂျထ်က ပြုံးယောင်ပြုရင်း ခေါင်းကို ဖြည်းဖြည်း သက်သာ ယမ်းသည်။

"နောက်တော့ အဘိုးကြီး စတန်လေ ရောက်လာတာပဲ။ မြို့ခံလူတချို့က သူ့ကို နူးညံ့တဲ့စိတ် ရှိတယ်လို့ ထင်ကြပေမဲ့ တချို့ကျတော့လည်း အန္တရာယ် ရှိတယ်လို့ ထင်ကြတယ်။ သူ့အဘိုးက ၁၈၀၀ ခုနှစ် အစောပိုင်း ကာလတွေ တုန်းက သားမွေး မုဆိုးလည်း ဟုတ်၊ သားမွေး ကုန်သည်လည်း ဟုတ်တယ်။ သူက မာရီတိုင်းစ်ကနေ ဘန်ဂါ၊ ဒါရီတလျှောက် သွားလာနေတာ။ တခါတလေ သားရေဝယ်ဖို့ တောင်ပိုင်းက စကူဟေဂန်အထိ အဝေးကြီး ရောက်တယ်လို့ ကြားဖူးတယ်။ သားရေစိမ်းတွေ တင်လာတဲ့ ဝက်ဝွန်းကား ကြီး မောင်းသွားတာ။ ခရစ်ယာန် အစစ်ဖြစ်ပြီး ဘာသာရေးလည်း ကိုင်းရှိုင်းတော့ မူးလာရင် ရှင်ပြန်ထမြောက်ခြင်း အကြောင်း တရားဟော တတ်တယ်တဲ့။ စတန်လေက သူ့အဘိုးအကြောင်း သိပ်ပြောပြချင်တာ။ သူ့အဘိုး က အင်ဒီယန်း ဆွေကြီးမျိုးကြီး

တစုက ပေါက်ဖွား ဆင်းသက်လာတာ ဆိုတော့ အင်ဒီးယန်းတွေဆို ဘာမျိုးနွယ်ဖြစ်ဖြစ် သိပ်ယုံတာ။ သူက သမ္မာကျမ်းစာထဲမှာ အဆိုရှိထားတဲ့ ပျောက်ဆုံး သွားတယ်ဆိုတဲ့ အစ္စရေး လူမျိုး တဦးရဲ့ အနွယ်ဝင်တဲ့လေ။ ဒီတော့ အင်ဒီယန်းတွေရဲ့ ဗာဟီရဝါဒ အစွဲကလည်း သူ့မှာ ရှိနေတယ်။ သူတို့ရဲ့ မှော်အတတ်တွေကလည်း ကြောက်ဖို့ ကောင်းအောင် စွမ်းတယ်။ ဒီအတွက် အင်ဒီယန်းတွေ အားလုံး ငရဲကျမယ်ဆိုတာ ယုံတယ်လို့ ပြောတယ်။ ဒါပေမဲ့ တချိန်တည်းမှာ သူက ခရစ်ယာန်လည်း ဖြစ်နေပြန်တယ်။

စတန်လေ့အဘိုးက မစ်မက် သုသာန်ကြီးကို ဝယ်လိုက်တော့ အင်ဒီးယန်းတွေက သူ့ကို သိပ်ကျေးဇူး တင်ကြတယ်။ တခြား မုဆိုးတွေ၊ ကုန်သည်တွေက သူ့လောက် မပေးနိုင်တော့ အနောက်ပိုင်းကို စားကျက်ပြောင်း သွားရတယ်။ သူ့အဘိုးဟာ သမ္မာကျမ်းစာ တအုပ်လုံး အလွတ်ရတယ်လို့ စတန်လေက ပြောတယ်။ အဲဒီအချိန်တုန်းက သမင်ရေကုန်သည်တွေ၊ သစ်ခုတ်သမားတွေလည်း ရောက်မလာ သေးတော့ မစ်မက်တွေက သူ့အဘိုးဟောတဲ့ တရားတွေ သိပ်နာချင်ကြ သတဲ့။ သူကလည်း ဘုန်းကြီးဟောသမျှ တရားတွေ ပြန်ပြောရတာပေါ့”

ဂျထ် ငြိမ်သွားသဖြင့် သူ စောင့်နေ လိုက်သည်။

“မစ်မက်တွေက စတန်လေ့အဘိုးကို ဝမ်ဒီဂိုးကြောင့် ဘုရားလေးအိုင်ရော၊ ကျောက်လှေကားထစ်ရော အကုန်လုံး မြေခိုက်နေလို့ သုသာန်ကို သူ တို့ မသုံးတော့ဘူးလို့ ပြောတယ်။ ဥရောပမြောက်ပိုင်းက ဝမ်ဒီဂိုးနတ် အကြောင်းတော့ မောင်ရင်လည်း ဒီခေတ်လူပေမဲ့ ကြားဖူးမယ် ထင်ပါရဲ့။ တို့ခရစ်ယာန်ဇာတ်လမ်း တချို့နဲ့တော့ သွားဆင်တယ်။ နော်မာသာ ကြားလို့ ကတော့ ဘုရားသခင်ကို မရိုသေရကောင်းလားဆိုပြီး ငါ့ကို သတ်မှာပဲ။ ဒါပေမဲ့ အဲဒီဇာတ်လမ်းက အမှန်ပဲ လူးဝစ်ရဲ့။ တခါတလေ ရာသီဥတု ကြမ်းပြီး ဆောင်းတာရှည်လို့ အစာရေစာ ပြတ်လပ်သွားရင် မြောက်ပိုင်းက အင်ဒီးယန်းတွေ ယဇ်ကောင်နဲ့ ပူဇော်ပသရတဲ့ နေရာတခု ရှိတယ်။ ဗလိနတ်စာ ကျွေးရသလိုမျိုးပေါ့”

“အဲဒါက လူနဲ့ ယဇ်ပူဇော် ရတာလား”

ဂျထ်က ပခုံးတွန့်၍

“ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ကြည့်ရတာ .. သက်ကြီးရွယ်အို တယောက်ယောက်ကို စတေးတယ်နဲ့ တူပါရဲ့။ သူတို့အဆိုအရ ဝမ်ဒီဂိုး ဟာ ရွာတွေ၊ စခန်းချတဲ့ နေရာတွေကို ရောက်လာပြီး လူတွေ အိပ်ပျော်နေ ချိန်မှာ သူတို့ကို လာတို့သွားတာတဲ့။ လာအတို့ ခံရတဲ့သူရဲ့ အသွေးအသားနဲ့ ဝမ်ဒီဂိုးကို ပူဇော်ဆက်သ ရသတဲ့။ အစာ ငတ်တဲ့အချိန်မှာ ဇာတ်တူသား ပြန်စားတာပဲ”

လူးဝစ်က ခေါင်း တညိတ်ညိတ်ဖြင့် “နတ်ဆိုးလို့ပဲ ဆိုပါတော့” ဟု ထောက်သည်။

“ဒါပေါ့။ ငါ့အထင် ဒီနားတဝိုက်က မစ်မက်တွေဟာ တချိန်တုန်းက ဒါ

မျိုးတွေ လုပ်ကြတယ်နဲ့ တူပါရဲ့။ သူတို့ သတ်စားခဲ့တဲ့ လူရိုးတွေကို ဟိုး ကမ်းပါးထိပ်မှာ တက်မြှုပ်ထားတာ တဒါဇင်လောက် ရှိမယ် ထင်ပါရဲ့”

“ပြီးတော့ အဲဒီမြေက ခိုက်တယ်လို့ ဆုံးဖြတ် လိုက်တယ်ပေါ့”

“အဲဒါနဲ့ စတန်လေ ရောက်လာရော။ သူက မြင်းရုံအတွက် သောက်ရေဖြည့်ဖို့ ထွက်လာတာနဲ့ တူတယ်။ သူလည်း အသက်ကြီးပြီ ဆိုတော့ ခါးကိုင်း နေပြီ။ သူ့အဘိုးသေတော့ ဒေါ်လာ တသန်းလောက် ကျန်ရစ်ခဲ့တယ်လို့ ပြောကြတာပဲ။ စတန်လေက ပစ္စည်း အဟောင်းတွေ ရောင်းတယ်။ သူက ငါ့ကို ဘာဖြစ်လို့ ငိုနေတာလဲလို့ မေးတော့ ငါလည်း ပြောပြ လိုက်တာပေါ့။ သူက မင်းသာ သတ္တိရှိရင် အကောင်းအတိုင်း ပြန်ဖြစ်အောင် လုပ်လို့ရတဲ့ နည်း ရှိတယ်လို့ ပြောတယ်။ ငါက စပေါ့တ်သာ ပြန်ကောင်းလာမယ်ဆို ကျွန်တော် ဘာပေးရပေးရ ပေးမယ်ဗျာ။ သူ့ကို ပြန်ကုပေးနိုင်တဲ့ တိရွေးကု တယောက်ယောက်ကို သိသလားလို့ မေးတော့ ဘယ်တိရွေးကုမှ ငါမသိဘူး ကောင်လေးရ။ ဒါပေမဲ့ မင်းခွေးကို ပြန်ကောင်းလာအောင် လုပ်လို့ရတဲ့ နည်းကိုတော့ သိတယ်။ အခု အိမ်ပြန်ပြီး ခွေးကို ဂုန်နီအိတ်ထဲ ထည့်ပေးပါ လို့ မင်းအဖေကို ပြောလိုက်။ မြေမမြှုပ်ရဘူးနော်၊ အိတ်ကို တိရစ္ဆာန်သင်္ချိုင်း အထိ ဆွဲယူသွား။ အဲဒီက သစ်ကိုင်းခြောက် ပုံကြီးရဲ့ အရိပ်ထဲမှာ ချထားခဲ့ ချေ။ အဲဒီလို လုပ်ပြီးတဲ့အခါ ငါ့ဆီ ပြန်လာပြောလို့ မှာတယ်။ အဲဒီလို လုပ်တာနဲ့ ဘယ်လိုလုပ် ပြန်ကောင်း လာမှာလဲလို့ မေးတော့ စတန်လေက ည ကျရင် မအိပ်နဲ့ဦး။ ငါ မင်း အခန်း ပြတင်းပေါက်ကို ကျောက်ခဲနဲ့ ပေါက် လိုက်မယ်။ အဲဒီအခါကျမှ ထွက်လာခဲ့ချေ။ သန်းခေါင်လောက် ဖြစ်ရင် လည်း ဖြစ်မယ်။ အိပ်ပျော်သွားရင်တော့ မင်းထိုက်နဲ့ မင်းကံ။ ငါလည်း ဘာ မှလုပ်ပေးလို့ မရဘူး။ ငရဲအိုးထဲ ဖောက်ထိုးကျမယ့် မင်းခွေးကို နှုတ်သာ ဆက်လိုက် ပေတော့လို့ ပြောတယ်”

ဂျထ်က လူးဝစ်ကို တချက်ကြည့်ကာ စီးကရက် တလိပ် မီးညှိ ပြန်သည်။

“ငါလည်း စတန်လေ ချပေးလိုက်တဲ့ အစီအစဉ်အတိုင်း ဆက်လုပ်တာ ပေါ့။ အိမ်ပြန်ရောက်တော့ အဖေက စပေါ့တ်ကို မခံစားရအောင် ခေါင်းထဲ ကျည်တတောင့် ပစ်ထည့် လိုက်ရတယ်လို့ ပြောတယ်။ ငါက တိရစ္ဆာန် သင်္ချိုင်း အကြောင်း တလုံးမှကို မဟာဘူး။ အဖေက စပေါ့တ်သာဆိုရင် သူ့ အလောင်းကို တိရစ္ဆာန်သင်္ချိုင်းမှာ မင်းကိုယ်တိုင် သွားမြှုပ် စေချင်ပါ့မလား လို့ မေးတယ်။ ငါလည်း မြှုပ်စေချင်မှာပါလို့ ဖြေလိုက်တယ်။ ဒီလိုနဲ့ ငါလည်း ခွေးကို ဂုန်နီအိတ်ထဲ ထည့်ပြီး ဆွဲသွား လိုက်တယ်။ အဖေက အကူအညီလိုရင် ပြောလို့ ဆိုပေမဲ့ ငါက စတန်လေ ပြောထားတဲ့အတွက် ငြင်းလိုက်တယ်။ အဲဒီညက အိပ်လို့ကို မပျော်ဘူး။ ညတာရှည်ပုံကလည်း တသက်လောက် ကြာသလိုပဲ။ ကလေးဆိုတာ ဘယ်လိုလဲ မောင်ရင် သိပါတယ်။ မနက် ရောက်တဲ့အထိ မအိပ်ဘဲ နေရမှာလား မသိဘူးလို့လည်း ထင်မိတယ်။ နောက်တော့ ၁၀ နာရီလား၊ ၁၁ နာရီလား မသိဘူး ထိုးသွားရော။ တချက်တချက် အိပ်ပျော်သွားပေမဲ့ လန့်လန့်နိုးတယ်။ အိပ်ပျော်

မသွားအောင် တယောက်ယောက်က ထတော့ ဂျထ်၊ ထ၊ ထလို့ လှုပ်နှိုးနေသလို”

ထိုအကြောင်း ကြားရတော့ လူးဝစ် မျက်ခုံးပင့်မိ၏။ ဂျထ်က ပခုံးတွန့်ကာ

“အိမ်အောက်ထပ် နာရီက ၁၂ နာရီထိုးသံ ကြားတော့ ထထိုင်ပြီး ပြတင်းပေါက်က ဖြာကျနေတဲ့ လရောင်နဲ့ အဝတ်အစား လဲလိုက်တယ်။ နောက်တော့ နာရီဝက်ကနေ တနာရီသာ ထိုးသွားတယ်။ စတန်လေ ပေါ် မလာဘူး။ သူ ငါ့ကို ပြောထားတာ မေ့သွားပြီနဲ့ တူတယ်။ သောက်ပြင်သစ် ကြီး ဘာညာနဲ့ တယောက်တည်း ဆဲနေမိတယ်။ ငါအဝတ်အစားတွေ ပြန် ချွတ်ဖို့ လုပ်နေတုန်း ပြတင်းပေါက်ကို ခဲနှစ်လုံး ခပ်ပြင်းပြင်း လာမှန်တယ်။ မှန်တောင် ကွဲတော့မလို့ပဲ။ ခဲတလုံးကြောင့် မှန်တချပ် အက်ရာ ထင်သွားတယ်။ နောက်မနက်မှ သတိထားမိတာ။ အမေကတော့ ဆောင်း ရောက်တဲ့အထိ မသိဘူး။ နှင်းခဲထိလို့ အက်တယ်ပဲ ထင်သွားတယ်။ ငါ လည်း ပြတင်းပေါက် ဖွင့်ပြီး ထွက်ကြည့် လိုက်တယ်။ ချာတိတ်တွေ ည သန်းခေါင် အိမ်အပြင် ထွက်ချင်ရင် လုပ်ကြသလို မျိုးလေ”

သူ ဆယ်နှစ်သား အရွယ်က မှောင်မှောင် မည်းမည်း ထိုအချိန်ကြီးကို အပြင် ထွက်ချင်ခဲ့သလား၊ မထွက်ချင်ခဲ့ဘူးလား မမှတ်မိတော့ သော်လည်း လူးဝစ် လိုက်ရယ်မိသည်။ သူ ထွက်ချင်ခဲ့လျှင်လည်း နေ့ဘက်မှာ ဘာသံမှ မထွက်သည့် ပြတင်းပေါက်တွေက တကျွိကျွိ မြည်နေမှာ သေချာ၏။

“ငါ့လုပ်ရပ်က သူခိုးလမ်းပြ ဖြစ်နေသလား မသိဘူး။ တိတ်ဆိတ် နေတော့ အောက်ထပ်က အိပ်ခန်းထဲမှာ အဖေ လှွဖြတ်နေသံကို ကြားရတယ်။ စတန်လေက အိမ်ရှေ့လမ်းမမှာ ဒယီးဒယိုင်နဲ့ မတ်တတ် ရပ်စောင့်နေတာ တွေ့ရတယ်။ မသိရင် လေခပ်ပြင်းပြင်း အတိုက် ခံနေရသလိုမျိုး။ တကယ်တော့ လေပြည်တောင် မတိုက်ဘူး။ ဒီလောက် မူးနေတာ သူ ရောက်လာမယ်လို့ ငါမထင်ခဲ့ဘူး။ သူက မင်းဆင်းလာမှာလား၊ ငါတက်လာရမှာလား လို့ အော်မေးတယ်။ သူ့စိတ်ထဲမှာတော့ တိုးတိုးလေး ပြောနေတာလို့ ထင် ရင်လည်း ထင်မှာပေါ့၊ ငါလည်း အဖေသိသွားမှာ သေအောင် ကြောက်တော့ ရှူးလို့ လုပ်ပြတယ်။ စတန်လေက ဘာပြောတာလဲလို့ ခုနကထက် ပို ကျယ်တဲ့ အသံကြီးနဲ့ လှမ်းမေးတယ်။ ငါ့မိဘရဲ့အခန်းသာ အဲဒီဘက်မှာ ရှိ နေလို့ကတော့ သေပြီပဲ။ ဒါပေမဲ့ သူတို့အခန်းက အခု ငါနဲ့ နော်မာ့အခန်းလို မြစ်ဘက် မျက်နှာမူထားလို့ပေါ့”

“လှေကားကနေ အသေအလဲ ပြေးဆင်းရမယ် ဆိုတာ လောင်းရဲတယ်။ ဘီယာ ယူဦးမလား”

လူးဝစ်က ပုံမှန် သူ့လစ်မစ်ဖြစ်သော ဘီယာနှစ်ဘူး ကုန်သွားပြီ။ သို့သော်ဒီည အခြေအနေ ကောင်းပုံ ရ၏။ ဂျထ်က စီးကရက် အသစ်တလိပ် မီး ထပ်ညှိကာ

“ဆင်းရတော့တာပေါ့” ဟု ဆိုရင်း လူးဝစ် ခုံပြောင်း ထိုင်သည်ကို စောင့် ပြီးမှ ဆက်ပြောသည်။

"လှေကားကနေတော့ ဘယ်ဆင်းရပါ့မလဲ။ အဲဒီက ဆင်းရင် အဖေနဲ့ အမေတို့အခန်းကို ဖြတ်သွားရမှာ။ အိမ်နံရံ အပြင်ဘက်မှာ ကပ်ပေါက်နေတဲ့ အိုင်ဗီနွယ်ပင်တွေကို ကုတ်ကတ်ပြီး အမြန်တွယ်ဆင်း ရတာပေါ့။ အဲဒီတုန်းက စတန်လေနဲ့ တိရစ္ဆာန်သင်္ချိုင်းကို သွားရမှာ ကြောက်တော့ ကြောက်ပေ မဲ့ အဲဒီထက် အဖေသိသွားမှာကို ကြောက်တာက ပိုများတယ်။ အဲဒါတော့ ပြောရဲတယ်"

ဂျထ်က ဆေးလိပ် မီးခိုးများကို မှုတ်ထုတ်၍ ဆက်ပြော၏။

"ဒီလိုနဲ့ နှစ်ယောက်သား တောင်ပေါ် တက်ခဲ့ကြတယ်။ စတန်လေ ချော်လဲတာ အကြိမ်ကြိမ်ပဲ။ ခြောက်ခါလောက် ရှိမယ် ထင်တယ်။ မတရား သောက်ထားတာမို့ သူ့ဆီက ချဉ်စုတ်စုတ်အနံ့ ထွက်နေတယ်။ တခါဆို တုတ်တချောင်းနဲ့ လည်ပင်း ထောက်မိပြီး ပေါက်မတတ် ဖြစ်သွားသေးတယ်။ သူက ပေါက်ချွန်းနဲ့ ဂေါ်ပြား ယူလာတယ်။ တိရစ္ဆာန်သင်္ချိုင်းကို ရောက်တော့ အဲဒါတွေကို ငါ့ပေးပြီး တွင်းတူးခိုင်းတယ်။ ငါ တွင်းတူးနေတဲ့ အချိန်မှာ သူက လောကကြီးနဲ့ အဆက်ပြတ် နေတာပေါ့။ ဒါတောင် လျှော့သောက် လာတဲ့ပုံ။ သူက ငါ့ကို သစ်ကိုင်းခြောက်ပုံကြီးကို ကျော်ပြီး ဟိုး နောက်ဘက် တောအုပ်ထဲ ဆက်သွားရမယ်။ အဲဒီမှာ နောက်ထပ် သင်္ချိုင်း မြေ တနေရာ ရှိသေးတယ်လို့ ပြောတယ်။ ငါက မတ်မတ်တောင် မရပ်နိုင် တဲ့ သူ့ကို ကြည့်လိုက်၊ သစ်ကိုင်းခြောက်ပုံကို ကြည့်လိုက်နဲ့ ခင်ဗျား တက် လို့ရမှာ မဟုတ်ဘူး စတန်လေ၊ ပြုတ်ကျလို့ ဇက်ကျိုး သေနေဦးမယ်လို့ပြောလိုက်တယ်။ သူက ငါလည်း မကျိုးစေရဘူး၊ မင်းလည်း မကျိုးစေရဘူး။ ငါ လမ်းလျှောက်လို့ ရတယ်။ မင်းလည်း မင်းခွေးကို ဆွဲလာလို့ ရတယ် လို့ ပြောတယ်။ သူပြောတာ အမှန်ပဲ။ စတန်လေက သစ်ကိုင်းခြောက် ပုံကြီး ပေါ် တက်သွား လိုက်တာများ ငှက်ပျောသီး အခွံနွှာ စားသလို ရှောရှောရှူရှူပဲ။ အနောက်ကို လုံးဝ လှည့်မကြည့်ဘူး။ ငါကတော့ စပေါ့တ် ကို အပေါ် ရောက်အောင် သယ်လာ ရတာပေါ့။ စပေါ့တ်ရဲ့ ကိုယ်အလေးချိန် က ၃၅ ပေါင်လောက် ရှိမယ်။ ငါကလည်း ပေါင် ၉၀ လောက် ရှိတော့ နောက်တနေ့လည်းကျရော တကိုယ်လုံးကို နာကျင် ကိုက်ခဲနေတာပဲ။ မောင်ရင်ရော ဒီနေ့ အဲဒီလို ဖြစ်သလား"

လူးဝစ်က မဖြေဘဲ ခေါင်းသာ ညိတ်ပြလိုက်သည်။ ဂျထ်က ဇာတ်လမ်း ဆက်၏။

"ဒီလိုနဲ့ ဆက်လျှောက် ကြတာပေါ့။ ငါ့စိတ်ထဲမယ် တကမ္ဘာလောက် ကြာတယ် ထင်တာ။ အဲဒီအချိန်က တောအုပ်ကြီးက ပိုကျောချမ်းဖို့ ကောင်းတယ်။ သစ်ပင်တွေဆီက အော်တဲ့ငှက်တွေ ပိုများတယ်။ တချို့ဟာတွေဆို ဘာငှက်မှန်းတောင် မသိဘူး။ အဲဒီနားမှာ ကျင်လည် ကျက်စားနေတဲ့ တိရစ္ဆာန်တွေလည်း ရှိတယ်။ အများစုကတော့ ဆတ်တွေ၊ သမင်တွေပေါ့။ နောက်တော့ ဝက်ဝံတွေ၊ သစ်ကြောင်တွေရောပဲ။ စပေါ့တ်ကို တရွတ်တိုက် ဆွဲလာရင်း အရှေ့ကနေ လျှောက်နေတဲ့ စတန်လေကို ကြည့်ပြီး ငါဟာ အင် ဒီးယန်း

တယောက် နောက်ကနေ လိုက်နေမိပါ ပကောလားလို့ အပျော် လျှောက်တွေးမိတယ်။ မျက်လုံးထဲမှာ စတန်လေ ပျောက်သွားပြီး ဆေးခြယ် ထားတဲ့ မျက်နှာနဲ့ တိုမာဟော့ခ် ရဲတင်းတလက် ကိုင်ထားတဲ့ အင်ဒီယန်း တယောက်ပုံ ပေါ်လာတယ်။ စတန်လေက ဒယီးဒယိုင် ဖြစ်မနေတော့ သလို ချော်လည်း မလဲတော့ဘဲ အကြံတခုခု ထုတ်နေသလိုမျိုး ဖြောင့်ဖြောင့် တန်းတန်းနဲ့ အေးအေးဆေးဆေး ခေါင်းမော့ လျှောက်နေတယ်။ ဘုရားလေးအိုင် အစပ်ရောက်တော့ သူက ငါ့ကို လှည့်စကား ပြောတယ်။ အဲဒီတော့မှ သိလိုက်တယ်။ စတန်လေ ဒယိမ်းဒယိုင် ဖြစ်မနေတော့တဲ့ ချော် မလဲတော့တဲ့ အကြောင်းရင်းက ကြောက်နေလို့ပဲ။ သူ့ဘာသာ ကြောက်လို့ ဂနာမငြိမ် ဖြစ်နေတာ။ သူပြောတာက မနေ့ညက မင်းကို ငါပြောတာတွေနဲ့ အတူတူပဲ။ တင်ကြီးငှက်တွေနဲ့ စိန့်အဲလ်မိုမီးတောက် အကြောင်းရယ်၊ ဘာ မြင်မြင် ဘာကြားကြား ဂရုစိုက် မနေဖို့ရယ်။ အရေးအကြီးဆုံးက တခုခု က ကိုယ့်ကို စကားလာပြောသလို ခံစားရရင် ပြန်မပြောဖို့ပေါ့။ နောက်တော့ နွံအိုင်ကို စပြီး ဖြတ်ကူးကြတယ်။ အဲဒီမှာ ငါမြင်ခဲ့ရတာ တခု ရှိတယ်။ ဘာလဲ ဆိုတာတော့ မပြောတော့ပါဘူး။ ငါ့အသက် ၁၀ နှစ်အရွယ် အဲဒီကတည်းက တွက်ရင် တောင်ကမ်းပါးယံပေါ် တက်ခဲ့တာ ငါးကြိမ် လောက်တော့ ရှိမယ်။ နောက်တခါ လုံးဝ ထပ်တက်မှာ မဟုတ်တော့ဘူး လူးဝစ်။ မနေ့ညက မစ်မက်သုသာန်ကို သွားခဲ့တဲ့ ခရီးက ငါ့အတွက် နောက်ဆုံး အကြိမ်ပဲ”

ငါ ဒါတွေကို ယုံလို့ ထိုင်နားထောင် နေမိတာလားဟု လူးဝစ် ကိုယ့်ဘာသာ ပြန်မေးမိသည်။ ဘီယာသုံးဘူး ဝင်သွားပြီဖြစ်၍ ပါးစပ်မှ ထုတ်မပြောသော်လည်း စိတ်ထဲမှာတော့ တယောက်တည်း အမေးအဖြေ လုပ်နေ မိသည်။ ပြင်သစ် အဘိုးကြီး တယောက်၊ အင်ဒီးယန်း သုသာန်မြေ၊ ဝမ်ဒီ ဂိုးဟု ခေါ်သော အရာ၊ အသက်ပြန်ဝင် လာသော အိမ်မွေး တိရစ္ဆာန်များ စသည့် အကြောင်းတွေကို ယုံလို့ ထိုင်နားထောင် နေတာ မဟုတ်။ ဟုတ်ရော ဟုတ်ပါ့မလား။ ဘုရားသခင် အလိုတော်အရ ကြောင်သည် သတိလစ်နေ ခြင်း ဖြစ်သည်။ ပြင်းထန်သော အရှိန်ဖြင့် အတိုက်ခံလိုက်ရသဖြင့် မေ့မြော သွားခြင်းသာ ဖြစ်၏။ အခု ကြားရသည်များမှာ စိတ် ကယောင်ချောက်ချားဖြစ်နေသော သက်ကြီးရွယ်အို တယောက်၏ ရောက်တက်ရာရာ စကား များသာ ဖြစ်သည်။ ယင်းမှလွဲ၍ ဘာမှမဖြစ်နိုင်။ မဖြစ်နိုင်မှန်းကိုလည်း သူ သိသည်။ ဘီယာ သုံးဘူးနှင့်တော့ ထိုအသိကို ပြောင်းလဲ၍ မရ။ သုံးဆယ့် သုံးဘူး သောက်လည်း ပြောင်းလဲမှာ မဟုတ်။

ချာ့ သေခဲ့သည်၊ ဒါက တပိုင်း။ အခုတော့ ရှင်နေပြီ၊ ဒါက နောက် တပိုင်း။ တခုခု ကွဲပြားနေတာ၊ ချာ့မှာ တခုခု မှားနေတာ ရှိသည်။ ဒါက တတိယ တပိုင်း။ တစုံတရာ ဖြစ်ခဲ့တာတော့ သေချာသည်။ ဂျဒ် သည် ကျေးဇူး ဆပ်သောအားဖြင့် ချာ့ကို ဆေးကုပေးခဲ့၏။ ထိုဆေးသည် မစ်မက် သုသာန်မှာသာ ရသော်လည်း ဆေးကောင်း ဝါးကောင်းတော့ ဖြစ် ဟန်မတူ။ သူ့မျက်လုံးကို ကြည့်သည်နှင့် ဂျဒ်

တခုခုကို သိနေမှန်း လူးဝစ် သိသည်။ မနေ့ညက ဂျထ်မျက်လုံးထဲမှာ တွေ့ခဲ့ရသည့်၊ သို့မဟုတ် တွေ့ခဲ့ သည်ဟု ထင်ရသည့် အရိပ်အယောင်ကို ပြန်စဉ်းစား ကြည့်လိုက်၏။ ပျော်နေသလိုလို၊ အူမြူးနေသလိုလို အရိပ်အယောင်။ လူးဝစ်နှင့် ချာ့ကို ညကြီးမင်းကြီး ခေါ်ဆောင်သွားဖို့ ဆုံးဖြတ်ချက်မှာ ဂျထ်၏ စိတ်ရင်း အမှန် ရော ဟုတ်ရဲ့လားဟု တွေးမိခဲ့သည်ကို ပြန်သတိရသွား၏။ အကယ်၍ မဟုတ်ပါက မည်သူ့ဆန္ဒအရ ဆုံးဖြတ်ခဲ့တာလဲ။ အဖြေရှာ မရသဖြင့် စိတ်မသက်သာစရာ ထိုမေးခွန်းကို အတွေးထဲက မောင်းထုတ် လိုက်၏။ ဂျထ်က သူ့ဇာတ်လမ်းကို ဆက်ပြန်သည်။

"ငါ စပေါ့တ်ကို မြှုပ်ပြီး ကျောက်ခဲ ပုံလိုက်တယ်။ ငါ လုပ်ကိုင်ပြီးတော့ စ တန်လေက အိပ်ပျော်နေပြီ။ သူ့ကို အတင်း လှုပ်နှိုးပြီး ကျောက်လှေကား ၄၄ ထစ်ကို ဆင်းကြတော့ ..."

"၄၅ ထစ်ပါ"

လူးဝစ် ထောက်ပြသည်ကို ဂျထ်က ခေါင်းညိတ်၍ ဆက်ပြောသည်။

"ဟုတ်သားပဲ။ ၄၅ ထစ်။ အဲဒီ လှေကားထစ် ၄၅ ထစ်ကနေ ဆင်းလာကြ ပြီး အပြန်မှာ စတန်လေက ခုနကလို ဂနာမငြိမ် ထပ်ဖြစ် လာပြန်တယ်။ နွံ့ အိုင်ကို ဖြတ်၊ တောအုပ်ထဲက ထွက်၊ သစ်ကိုင်းခြောက် ပုံကြီးကို ကျော်ပြီးတဲ့အခါ လမ်းမပေါ် ပြန်ရောက် လာကြတယ်။ နောက်ဆုံးတော့ အိမ်ပြန် ရောက် သွားကြတာပေါ့။ ငါ့စိတ်ထဲမှာ ၁၀ နာရီလောက် အချိန်ကုန် သွားတယ် ထင်မိပေမဲ့ မှောင်နေတုန်းပဲ။ ငါက စတန်လေ့ကို အခု ဘာဖြစ်မှာလဲ လို့ မေးတော့ စောင့်ကြည့်၊ သူက ဘာဖြစ်လာမလဲ သိလိမ့်မယ်လို့ ပြန်ပြောတယ်။ ပြီးတော့ ဒယီးဒယိုင်နဲ့ ပြန်သွားရော။ အဲဒီညက သူ မြင်းရုံ နောက် ဘက်ခြမ်း အပြင်မှာ အိပ်တယ်နဲ့ တူပါရဲ့။ နောက်တော့ ငါ့ခွေးကြီး စပေါ့တ်က စတန်လေ့ထက် နှစ်နှစ်ပိုကြာအောင် နေလိုက်ရတယ်။ သူ့အသည်းက အခြေအနေ မကောင်းတော့ဘူးလေ။ ၁၉၁၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ကလေးနှစ်ယောက်က လမ်းပေါ်မှာ တောင့်တောင့်ကြီး မှောက်လျက် လဲသေနေတဲ့ စတန်လေ့ကို တွေ့ကြရတယ်။ ငါကတော့ အဲဒီညတုန်းက အိုင်ဗီ နွယ်ပင်တွေကနေ ခိုတက်ပြီး အခန်းထဲ ပြန်ဝင်ရတယ်။ ပြီးတော့ ခေါင်းအုံး ပေါ် ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားတာ နောက်တနေ့ မနက် ကိုးနာရီ လောက် အထိ မထနိုင်ဘူး။ နောက်တော့ အမေ လှမ်းခေါ်တာနဲ့ ထလာရတယ်။ အဖေက မီးရထားလမ်း လုပ်အား သွားပေးတာမို့ မနက် ခြောက် နာရီလောက် ကတည်းက အိမ်မှာ မရှိတော့ဘူး"

ဂျထ်က ခဏရပ်၍ စဉ်းစားလိုက်ပြီး

"အမေက လှမ်းခေါ်တာ မဟုတ်ဘူး လူးဝစ်ရဲ့။ ငါ့ကို အသားကုန် အော်ခေါ်တာ" ဟု ဆိုရင်း ရေခဲသေတ္တာဆီ ထသွားကာ မေးလား ဘီယာတဘူး ထုတ်လာ၏။ သူ့မျက်နှာက ခေါင်းအထက်ရှိ မီးအလင်းရောင်ကြောင့် နီကို တင်းအရောင် ဝါထိန်နေသည်။ ဂျထ်က ဘီယာ တဝက်လောက် မော့သောက်ကာ

ဝှေ့ခနဲ လေတကက်လိုက်ပြီး နော်မာ အိပ်စက်နေသည့် အခန်းဆီ တချက် လှမ်းကြည့်လိုက်၏။ ပြီးမှ လူးဝစ်ဘက် ပြန်လှည့်ကာ

"ဒီအကြောင်း ပြောရတာ ခက်လိုက်တာ။ ငါ့စိတ်ထဲမှာ ဒါတွေကို ဘယ်သူ မှ မပြောဘဲ မေ့ထားတာ နှစ်တွေ ကြာလှပြီ။ တချို့သိတဲ့သူတွေ ရှိပေမဲ့ သူ တို့ကလည်း ငါ့ကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး တခွန်းမှ မဟဘူး။ လိင် ကိစ္စ အကြောင်းလိုပေါ့။ မင်းကိုတော့ ငါပြောပြမယ် လူးဝစ်။ ဘာလို့လဲဆိုတော့ မင်းမှာလည်း အခု အဲဒီလို အိမ်မွေး တိရစ္ဆာန်တကောင် ရှိနေလို့ပဲ။ အန္တရာယ် ပေးနိုင်တဲ့ အကောင်မျိုး မဟုတ်ပေမဲ့ နည်းနည်းတော့ ထူးဆန်း နေမယ်။ ငါပြောတာ မှန်ရဲ့လား" ဟု မေး၏။

ရေချိုးကန်နှင့် တင်ပါး တိုက်မိအောင် အိမ်သာခုံပေါ်မှ ကိုးရိုးကားရား ခုန် သွားသည့် ချာ့ကို သူပြန်တွေး ကြည့်လိုက်၏။ သူ့မျက်လုံးကို တည့်တည့် စိုက်ကြည့်နေသော ကြောင်မျက်လုံးများ။ ထိုအကြည့်သည် ရှူးကြောင်ကြောင် ဖြစ်နေသော်ငြား တုံးအမိုက်မဲပုံမျိုး လုံးဝ မဟုတ်။ နောက်ဆုံး၌ လူးဝစ် ခေါင်းညိတ်ပြလိုက်သည်။

"ငါအောက်ထပ် ဆင်းလာတော့ အမေက ပန်ထရီခန်းထဲက ထောင့်တထောင့်မှာ နံရံနဲ့ ကျောနဲ့ ကြောက်လန့်တကြား ကပ်နေတယ်။ သူ ဆွဲမိဆွဲ ရာ ဆွဲချထားတဲ့ ကန့်လန့်ကာ အဖြူတွေလည်း အောက်မှာ အပုံလိုက် ကျနေတယ်။ အပေါက်ဝမှာ ရပ်နေတာက ငါ့ခွေးကြီး စပေါ့တ်။ တကိုယ် လုံး ညစ်ပတ်နေပြီး ခြေထောက်မှာ ရွံ့တွေ ပေကျံနေတော့ မိုးခိုသားပေါ်က အမွေးတွေက ကပ်ပြီး ထုံးနေတယ်။ စပေါ့တ်က မာန်ဖီနေတာလည်း မဟုတ်ဘူး၊ ဘာမှ မလုပ်ဘူး။ ဒီအတိုင်း ရပ်ပဲ ရပ်နေတာ။ အမေ့ကို ကြောက်အောင် ခြောက်ခြောက်၊ မခြောက်ခြောက် သူ့ကြောင့် အမေ နံရံမှာ ကပ်နေမိတာတော့ အမှန်ပဲ။ အမေက သေလုအောင် ကြောက်ဒူးတုန် နေရှာတယ်။ မောင်ရင်ကတော့ မိဘတွေအပေါ် ဘယ်လို သဘောထားလဲ မသိ ပေမဲ့ ငါကတော့ သူတို့ နှစ်ယောက်လုံးကို သိပ်ချစ်တယ်။ အမေ ကြောက် နေတာလည်း မြင်ရော စပေါ့တ်ကို မတ်တတ် ရပ်လျက်သား တွေ့ရလို့ ပျော် သွားတာတွေ ပျောက်ကုန်တယ်။ အဲဒီမှာ သူရပ်နေတာကိုတောင် မအံ့သြမိတော့ သလိုပဲ"

"အဲဒီခံစားချက်ကို ကျွန်တော် သိပါတယ်။ ဒီမနက် ချာ့ကို မြင်လိုက်ရ တုန်းက ကျွန်တော်လည်း ...၊ ဘာနဲ့တူလဲဆိုတော့ ဟို ..."

သဘာဝ မကျတာလား။ ထိုစကားလုံးက သူ့စိတ်ထဲမှာ ချက်ချင်း ပေါ်လာသော်လည်း ထိုအတိုင်းလည်း မဟုတ်ပြန်ချေ။

"... ဟိုလိုမျိုးနဲ့ တူတယ်"

ဂျတ်က စီးကရက် အသစ်တလိပ် မီးညှိကာ မီးခြစ်ဆံကို မဆိုစလောက် ခါထုတ်လိုက်ရင်း ဆက်ပြော၏။

"ဟုတ်တယ်။ အမေက ဘောင်းဘီတိုလေးနဲ့ ဆင်းလာတဲ့ ငါ့ကို တွေ့တော့

နင့်ခွေးကို အစာမြန်မြန် သွားကျွေးစမ်း ဂျထ်။ ကန့်လန့်ကာတွေ သွားမဖွ ခင် ဒီကနေ တခါတည်း ခေါ်သွားလို့ အော်ပြောတယ်။ ငါက ပေါင်မုန့် အစအနလေးတွေ ချပြီး ခေါ်တော့ အစက မလာသေးဘူး။ ပထမတော့ သူ့ နာမည်ကို ပြန်မမှတ်မိဘူးနဲ့ တူတယ်။ ငါ့စိတ်ထဲလည်း ဒါ စပေါ့တ်မှ ဟုတ်ရဲ့လားလို့ ထင်လိုက်မိတယ်။ စပေါ့တ်နဲ့တူတဲ့ တခြား လမ်းဘေးခွေး တွေ ဘာတွေများလားပေါ့"

"ဟုတ်တယ်ဗျ"

လူးဝစ်က ဝင်ထောက်ခံသည်။ ဂျထ်က ခေါင်းညိတ်၍

"နှစ်ကြိမ် သုံးကြိမ်လောက် ခေါ်တော့မှ ရောက်လာတယ်။ ငါ့ကို တွေ့ကြည့်နေပြီးမှ မှတ်မိ သွားသလိုမျိုး ဆတ်ခနဲ ဖြစ်သွားတာ။ ပေါ်တီကိုဆီ ခေါ် သွားတော့လည်း တံခါးဆီ တည့်တည့် ပြေးမသွားဘဲ လဲတော့မလိုလို ဘာ လိုလိုနဲ့။ ပေါင်မုန့်ကို စားတော့ စားပါရဲ့၊ ဒါပေမဲ့ မဝါးဘဲ မျိုချတယ်။ အဲဒီ မှာ ဘာများ ဖြစ်ခဲ့ပါလိမ့်လို့ တွေးရင်း ပထမဆုံးအကြိမ် လန့်သွား မိတယ်။ သူ့ကို သနားတာနဲ့ ငါက ဒူးထောက်ပြီး ဖက်ထားလိုက်တယ်။ စပေါ့တ်ကို ပြန်တွေ့ရတာ သိပ်ဝမ်းသာမိတယ်။ သူကလည်း ငါ့မျက်နှာကို လျှာနဲ့ ပြန် လျက်တယ်။ ပြီးတော့ ..." ဟု ဆိုကာ တုန်တုန်ယင်ယင်နှင့် ဘီယာကို အကုန် မော့ချလိုက်ပြီးမှ

"သူ့လျှာကြီးက အေးစက်နေတာပဲ လူးဝစ်ရယ်။ သူ့လျှာနဲ့ အလျက် ခံရတာဟာ ငါးကြင်း အသေကောင်နဲ့ ပွတ်သပ် ခံလိုက်ရ သလိုမျိုးပဲ" ဟု ပြော လေ၏။

ခဏလောက် နှစ်ယောက်သား စကားသံ တိတ်သွားသည်။ လူးဝစ်က

"ဆက်ပြောလေ" ဟု တောင်းဆို၏။

"သူ အစာစားတယ်။ စားပြီးတော့ သူ့ကို ရေချိုးပေးတယ်။ ပေါ်တီကို အောက်မှာ သူ့အတွက်ဆိုပြီး ရေချိုးဇလုံ အဟောင်းကြီးတခု ရှိတယ်။ စပေါ့တ်က ရေချိုးရမှာ အရမ်းမုန်းတာ။ သူ့ကို ရေချိုးဖို့ဆိုရင် အဖေနဲ့ ငါ နှစ် ယောက်လုပ်မှ ရတယ်။ သားအဖနှစ်ယောက် အဝတ်ဗလာနဲ့ ဘောင်းဘီ တွေလည်း စိုတော့တာပဲ။ အဖေ ဆဲရင် စပေါ့တ်က ကြောက်သလို ရှုံ့သလိုနဲ့ ပြန်ကြည့်နေရော။ ခွေးတွေက ဒီလိုချည်းပဲ။ ပြီးရင် ဖုန်တော သဲတောထဲ သွားလူးကြရော။ အမေလှန်းထားတဲ့ အဝတ်တန်းနားမှာ ရေလာခါလို့ ကတော့ အမေက သားအဖ နှစ်ယောက်လုံးကို အော်လည်း အော်၊ ခွေးကို လည်း တွေ့ကရာနဲ့ ကောက်ပစ် တော့တာပဲ။ ဒါပေမဲ့ အဲဒီနေ့က စပေါ့တ် ဟာ ရေဇလုံထဲမှာ ထိုင်ပြီး ငါ ရေချိုးပေးတာကို ငြိမ်ခံနေတာများ တချက်တောင် မလှုပ်ဘူး။ အဲဒီလိုကြီးတော့ ငါလည်း သဘောမကျပါဘူး။ ဘာနဲ့တူ သလဲ ဆိုတော့ ဟို၊ အသားတုံးကြီးကို ရေဆေး နေရသလိုပဲ။ ရေချိုးပြီးတော့ တဘက် အဟောင်း တထည်နဲ့ ခြောက်အောင် သုတ်တဲ့အခါ ဝါယာ ကြိုးစ ရှထားတဲ့ ဒဏ်ရာတွေကို တွေ့တာပေါ့။ အဲဒီနေရာက အသားတွေက ချိုင့်ဝင်နေပြီး အမွေးတွေမှ မရှိတော့တာ။ မသိရင် လွန်ခဲ့တဲ့ ငါးနှစ်ကျော် လောက်က ရထားတဲ့ ဒဏ်ရာ ဟောင်းတွေလိုပဲ။ အနာကျက်ပြီး အမာရွတ် တွေပဲ ကျန်နေတော့တဲ့ပုံမျိုး"

လူးဝစ်က သည်လို ဒဏ်ရာမျိုးကို အကြောင်း အားလျော်စွာ မြင်ခဲ့ရဖူးသဖြင့် ခေါင်းတညိတ်ညိတ် လုပ်သည်။ သူ့ဦးလေးထံမှာ သုဘရာဇာ လက်ထောက် လုပ်ခဲ့စဉ်က ထိုဒဏ်ရာများသည် ဘယ်တော့မှ ပြန်မကျက်နိုင်ကြောင်း မြင်ဖူးထား၏။ အသားကို မြေကြီးဖြင့်လည်း ဖြည့်ဆည်းလို့ မရ။

"နောက်တော့ သူ့ခေါင်းမှာလည်း အဲဒီလို အချိုင့်ရာတွေ တွေ့တယ်။ ဒါပေမဲ့ အဲဒီနေရာမှာ အမွေးဖြူဖြူတွေ အကွက်လိုက်လေး ပေါက်နေတယ်။ နားရွက်နားမှာပေါ့"

"ဦးအဖေ ပစ်ထည့်လိုက်တဲ့ နေရာပေါ့နော်" ဂျထ်က ခေါင်းညိတ်ပြ၏။ လူးဝစ်က

"လူ သို့မဟုတ် တိရစ္ဆာန် တကောင်ရဲ့ ခေါင်းကို သေနတ်နဲ့ ပစ်တယ် ဆိုပေမဲ့ ခေါင်းအလယ် တည့်တည့်ကို ပစ်တယ်လို့ ပြောတာမှ မဟုတ်ဘဲ ဂျထ် ရဲ့။ ကျည်ဆံက ဦးခေါင်းခွံကို ထိပြီး စက်ဝိုင်းခြမ်းပုံစံ ကွေးထွက်သွားတယ် ဆိုတာ သိတဲ့လူ နည်းတယ်။ ဦးနှောက်ကို ထုတ်ချင်းဖောက်ထွက် သွားတယ်ပဲ ထင်ကြတာ။ ညာဘက် နားထင်ကို သေနတ်နဲ့ တေ့ပစ်ပြီး သေသွားတဲ့ ယောကျ်ား တယောက်ရဲ့ ကေ့စ်ကို ကျွန်တော် မြင်ဖူးတယ်။ ကျည်ဆံက သူ့ခေါင်းထဲ ဝေ့သွားတဲ့အတွက် ခေါင်းတဖက်ခြမ်းက သွေးပြန်ကြော က ပွင့်ထွက်သွားတာ။ ကျည်သွားရာ လမ်းကြောင်းက မြေပုံလိုပဲ" ဟု ရှင်းပြ၏။ ဂျထ်က ပြုံး၍ ခေါင်းညိတ်ကာ ...

"the Star လား၊ the Enquirer လားတော့ မသိဘူး။ နော်မာယူတဲ့ သတင်းစာ တစောင်မှာ ငါဖတ်ဖူးတာ မှတ်မိတယ်။ ဒါပေမဲ့ အဖေက စပေါ့တ် သေသွားပြီလို့ ပြောရင် အဲဒါ တကယ် သေသွားတာမို့လို့ပဲ" ဟု ဆို၏။

"ဟုတ်ပါပြီ။ ဦးက အဲလိုဆိုတော့လည်း အဲလိုပေါ့လေ"

"မောင်ရင့်သမီးရဲ့ ကြောင်ကရော သေသွားတာလား"

"အဲဒီတုန်းကတော့ သေသွားတာ သေချာပါတယ်"

"မောင်ရင်က ဆရာဝန်ပဲ၊ ဒီကိစ္စကို ပိုသေချာ သိမှာပေါ့"

"ဦးပြောပုံက ကျွန်တော်ကပဲ အရာရာ တိတိကျကျ သေသေချာချာ သိနေရမလို ဖြစ်နေပြီ။ ကျွန်တော်က ဘုရားမှ မဟုတ်ဘဲ။ မှောင်လည်း မှောင်နေတာ ဆိုတော့ ..."

"မှောင်တာတော့ သေချာတယ်။ ပြီးတော့ သူ့ခေါင်းက လည်ထွက်နေတာပဲ။ မင်းသူ့ကို မကြည့်တော့ စာအိတ်မှာ ကပ်ထားတဲ့ ကော်တိပ်ခွာသလို နှင်းတောထဲက ဆွဲထုတ်ရတာလေ လူးဝစ်ရဲ့။ ရှင်နေတဲ့ အရာဆိုရင် အဲဒီလို ဘယ်ဖြစ်ပါ့မလဲ။ ကိုယ်ငွေ့ရှိနေရင် လဲကျတဲ့နေရာမှာ နှင်းတွေ အရည်ပျော်နေမှာပေါ့"

တခြား အခန်းထဲက နာရီက ၁၀ နာရီခွဲပြီ ဖြစ်ကြောင်း ပြနေ၏။

"ဦးရဲ့အဖေ အိမ်ပြန်ရောက်လို့ ခွေးကို တွေ့တော့ ဘာပြောလဲ"

"အနည်းနဲ့အများတော့ သူ့ကို စောင့်ရင်း လမ်းမပေါ် ထွက်ပြီး ဂေါ်လီ

လိမ့်နေမိတာပဲ။ စိတ်ထဲမှာ အမှားတခုခု လုပ်မိသလို ခံစားရတယ်။ အရိုက်ခံရချင်လည်း ခံရနိုင်မှန်း သိတယ်။ ရှစ်နာရီလောက် ကျတော့ အဖေက အလုပ်သမားဝတ်စုံကြီးနဲ့ pillowtick ဦးထုပ်ကြီး ဆောင်းပြီး ပြန်ရောက် လာတယ်။ အဲဒီလို ဦးထုပ်မျိုး မြင်ဖူးရဲ့လား"

လူးဝစ်က ခေါင်းညိတ်၍ လက်နှစ်ဖက် နောက်ပစ်ကာ တချက် သမ်းဝေလိုက်၏။ ဂျထ်က

"အေးလေ၊ အချိန်လည်း လင့်နေပြီဆိုတော့ မြန်မြန် ဇာတ်သိမ်းလိုက်တော့မယ်" ဟု ဆို၏။

"ရပါတယ်၊ အဲဒီလောက်လည်း နောက်မကျသေးပါဘူး။ ဘီယာသောက်တာ ပုံမှန်ထက် နည်းနည်း များသွားလို့။ ဆက်ပါဦး ဂျထ်ရဲ့။ အေးအေးဆေးဆေး ပြော။ ကျွန်တော် နားထောင်ချင်ပါတယ်"

"အဖေက ညစာကို ဝက်ဆီသံပုံး အဟောင်းတခုနဲ့ ထည့်ယူသွားတတ်တယ်။ သူက လေကလေး တချွန်ချွန်နဲ့ ဘာမှ ပါမလာတော့တဲ့ အဲဒီသံပုံးကို လက်ကိုင်ကနေ ရမ်းတမ်းရမ်းတမ်း ဆွဲပြီး ခြံတံခါးကနေ ဝင်လာတယ်။ မှောင်နေပေမဲ့ ငါ့အရိပ်အယောင်ကို လှမ်းတွေ့တော့ ခေါ်နေကျအတိုင်း "သားလေးရေ ဂျထ်ကင်"လို့ လှမ်းခေါ်တယ်။ ပြီးတော့ "မင်းအမေ ဘယ်မှာ တုံး"လို့ မေးနေတုန်း စကားမဆုံးခင် စပေါ့တ်က အမှောင်ထဲကနေ ထွက် လာတယ်။ စပေါ့တ်က အရင် လုပ်နေကျအတိုင်း ပြေးလည်း မကြို၊ ဝမ်းသာအားရလည်း ခုန်ပေါက်မနေဘဲ အမြီးနှန့်ပြီး လျှောက်ပဲ လျှောက် လာတာ။ အဖေ့ခမျာ လက်ထဲက ပုံးကြီး လွတ်ကျပြီး နောက်ပြန်ဆုတ် သွားရော။ ဘာလို့ လှည့်မပြေးလဲတော့ မသိဘူး။ ဒါပေမဲ့ ခြံစည်းရိုးနဲ့ ကျောနဲ့ ကပ်တဲ့အထိဆုတ်ပြီး မတ်တတ်ပဲ ရပ်ရင်း ခွေးကို ကြည့်နေတယ်။ စပေါ့ တ်က ပတတ်ရပ်လိုက်တော့ အဖေက ရှေ့ခြေနှစ်ချောင်းကို ဖမ်းဆွဲ ထားလိုက်တယ်။ သိတယ်မလား၊ ကပွဲမှာ ဂုဏ်သရေရှိ မိန်းမပျိုတဦးနဲ့ လက် ချင်းဆုပ်ပြီး အတူတွဲက နေသလိုမျိုး။ အဖေက ခွေးကို အကြာကြီး စိုက်ကြည့်ပြီးမှ ငါ့ဘက် လှည့်ပြီးတော့ သူ့ကို ရေချိုးပေးရမယ်လေ ဂျထ်ရဲ့။ မင်းသွားပြီး ထည့်မြှုပ်ထားတဲ့ မြေကြီးနံ့တွေ နံနေတာပဲလို့ ပြောတယ်။ နောက်တော့ အိမ်ထဲ ဝင်သွားရော"

"အဲဒီတော့ ဦးက ဘာဆက်လုပ်လဲ"

"အဖေက သူ့ကို ရေနောက်တကြိမ် ထပ်ချိုးပေးတာပေါ့။ ငါအိမ်ထဲ ဝင်သွားတော့ ကိုးနာရီတောင် မထိုးသေးဘူး၊ အမေက အိပ်နှင့်ပြီ။ အဖေက တို့ တွေ စကားပြောရအောင် ဆိုပြီး သူနဲ့ ငါ မျက်နှာချင်းဆိုင် ထိုင်ကြတယ်။ အဲ ဒါက သူ ငါ့ကို ပထမဆုံးအကြိမ် လူကြီး တယောက်လို သဘောထားပြီး စကားပြောတာပဲ။ လမ်းမတဖက် မင်းတို့အိမ်ကနေ တောရိုင်းနှင်းဆီနံ့နဲ့ ပျားရည်စုပ် ပန်းနံ့တွေ လွင့်နေတယ်"

ဂျထ်က သက်ပြင်းချရင်း ဆက်ပြော၏။

"အဖေနဲ့ ဒီလို စကားပြောရတာ ကောင်းမယ်လို့ ထင်ဖူးတယ်။ ဒါပေမဲ့ မကောင်းပါဘူး။ ကောင်းတဲ့စကား ပြောရတာ မဟုတ်ခဲ့ဘူး၊ ဒီညလိုပဲ။ ဘာနဲ့သွားတူလဲ ဆိုတော့ မှန်တွေ အထပ်ထပ် ထောင်ထားတဲ့ မှန်ဝက်ပါကြီးလို ပဲ။ အကုန်လုံး တခုကို တခုကို ရောင်ပြန်ဟပ် နေကြတယ်။ ဟောဒီ ဇာတ်လမ်းကို တယောက်က တယောက်ဆီ ဘယ်နှကြိမ်လောက်များ လက်ဆင့်ကမ်း ခဲ့ကြပြီးပြီလဲ မသိဘူး။ နာမည်တွေသာ ပြောင်းသွားတယ်။ ဇာတ်လမ်းကတော့ အတူတူပဲ။ လိုင်ကိစ္စ အတွေ့အကြုံမျိုးနဲ့ သွားတူ မနေဘူးလား"

"ဦးအဖေက ဒီ အကြောင်းကို သိတယ်ပေါ့"

"သိတာပေါ့ကွာ။ အဖေက အဲဒီနေရာ မင်းကို ဘယ်သူ ခေါ်သွားတာလဲလို့မေးတယ်။ ငါပြောပြလိုက်တော့ အဖေက သူထင်တဲ့အတိုင်းပဲ ဆိုတဲ့ပုံစံနဲ့ ခေါင်း တညိတ်ညိတ် လုပ်နေတယ်။ တကယ်တော့ ငါ့စိတ်ထင် အဲဒီအချိန် တုန်းက လဒ်လိုမြို့က လူခုနစ်ယောက်၊ ရှစ်ယောက်လောက် အဲဒီကို ရောက်ခဲ့ပြီး လောက်ပြီ။ ဒါကို ငါလည်း နောက်ပိုင်းမှ သိရတာ။ ဒီလို ရှုးရှူးမိုက်မိုက် တကယ် လုပ်မိဖို့အတွက် လက်သည် တရားခံက စတန်လေ ဘူးချက်ပဲလို့ အဖေ သိနေပုံပဲ"

"ဦးအဖေကို ဘာလို့ သားကို အဲဒီနေရာ လိုက်မပို့တာလဲလို့ မမေးဘူး လား"

"မေးတာပေါ့။ အချိန် အတော်ကြီး ကြာအောင် ပြောကြ ဆိုကြတာမို့ တနေရာရာ မှာတော့ မေးခဲ့တာပဲ။ အဖေက အဲဒီနေရာက ခိုက်တယ်၊ ကိုယ် မွေးထားတဲ့ တိရစ္ဆာန် သေသွားတဲ့ လူတွေအတွက် ကောင်းတာ ဘာတခု မှ လုပ်မပေးနိုင်ဘူးလို့ ပြောတယ်။ စပေါ့တ်က မင်းကို ချစ်သလိုမျိုး မင်းသူ့ ကို ချစ်တာကော ဟုတ်ရဲ့လားလို့ အဖေက မေးတယ်။ အဲဒီအချိန်ဟာ ငါ့ အတွက် အဖြေရ အခက်ဆုံးပဲ။ ငါ့ရဲ့ခံစားချက်တွေကို ပြောပြနေတာဟာ အရေးကြီးလို့ပဲ လူးဝစ်။ ဘာလို့လဲဆိုတော့ ဒီလုပ်ရပ်က မကောင်းဘူးဆို ရင် ချာ့ကို ဘာလို့ အဲဒီမှာ သွားမြှုပ်ခိုင်း ရတာလဲလို့ မောင်ရင်က အနေးနဲ့ အမြန် မေးတော့မှာ မို့လို့ပဲ"

လူးဝစ် ခေါင်းညိတ်သည်။ အယ်လီ ပြန်ရောက်လာလျှင် ချာ့ကို ဘယ်လို ထင်မလဲမသိ။ မာစတာတန်နှင့် ရက်ကက်ဘော ကစားကြတုန်းက သူ့စိတ် ထဲမှာ ထိုသို့ လျှောက်တွေး နေမိခဲ့သည်။

"ပြန်ရှင်လာတာ ထက်စာရင် အစကတည်းက သေသွားတာ ပိုကောင်းတယ်လို့ ကလေးတွေကို သိစေချင်လို့ လုပ်မိတာလားတော့ မပြောတတ်ဘူး။ အယ်လီ မသိတာတခု ရှိသေးတယ်။ မသိလောက်ဘူးလို့ ငါ့စိတ်မှာထင်နေတယ်။ ဘာလို့လဲဆိုတော့ မောင်ရင့်မိန်းမလည်း ဒါကို မသိဘူးလေ။ အခုတော့ မင်းလည်း လုပ်စရာရှိတာ ဆက်လုပ်နေတာပဲ။ ငါ မှားသွားတာရှိ ရင် ပြောပါဦး"

လူးဝစ်က တခုခုပြောရန် ဟလိုက်ပြီးမှ ပြန်ပိတ်သွားသဖြင့် ဂျထ်က တလုံးချင်း ဆက်ပြောသည်။ သူစကားပြောပုံက လွန်စွာ နေးကွေးလှသဖြင့်

မနေ့ညက ဘုရားလေးအိုင်မှာ တောင်ပူစာ တခုမှ တခုဆီ ကူးသွားရ ပုံနှင့်ပင် တူ၏။

“ငါသိတာတော့ နှစ်တွေ ကြာလှပါပြီ။ လက်စတာမော်ဂန် သူ့နွားသိုးကြီးကို အဲဒီအပေါ် တက်မြှုပ်တဲ့အကြောင်း ပြောဖူးတယ်နော်။ ဘလက်အန်းဂ တ်စ်မျိုး အဲဒီနွားသိုးကြီး နာမည်က ဟန်ရတီတဲ့။ နွားသိုးကို ပေးတဲ့နာမည် က ဘယ်လောက် ကြောင်သလဲ။ ဟန်ရတီက ကိုယ်တွင်းအင်္ဂါ ဘာဖြစ်လို့လဲတော့ မသိဘူး၊ သေသွားရော။ လက်စတာက စွတ်ဖားလှည်းပေါ် အဲဒီ ကောင်ကြီး တင်ပြီး တောင်စောင်း အတိုင်း ဆွဲတင်တာ။ သစ်ကိုင်းခြောက် ပုံကြီးကို ဘယ်လို ကျော်သလဲတော့ ငါလည်း မသိဘူး။ ဆန္ဒရှိရင် ဘာမဆို လုပ်နိုင်သွားရော မဟုတ်လား။ နောက်ဆုံး သုသာန်မြေဆီ ရောက်သွားရော ဆိုပါတော့။ ငါ အမှန်အတိုင်း ပြောပြတာနော်။ အင်း၊ ဒီလိုနဲ့ ဟန်ရတီကြီး ပြန်ရောက် လာတယ်ပေါ့။ နှစ်ပတ်လောက် ကြာတော့ လက်စတာက သူ့ကို ပစ်သတ်လိုက်တယ်။ နွားသိုးကြီးက ကြမ်းလာလို့တဲ့။ ဒါပေမဲ့ ဒီလောက် အထိ ဖြစ်သွားတဲ့ တိရစ္ဆာန်ဆိုလို့ အဲဒီတကောင်ပဲ ငါ ကြားဖူးတယ်။ အများစုကတော့ နည်းနည်းလေး ထုံထိုင်း နေ့ကွေးပြီး နည်းနည်းတော့ ...”

“နည်းနည်းတော့ အသေကောင်လိုပဲနော်”

“ဟုတ်တယ်။ နည်းနည်း အသေကောင် ဆန်တယ်။ ဘာနဲ့တူလဲဆိုတော့ သူတို့ကို ကြည့်ရတာ တနေရာရာ ရောက်ပြီးမှ ပြန်ရောက် လာကြသလိုမျိုးပဲ။ အလုံးစုံတော့လည်း မဟုတ်ပြန်ဘူး။ လောလောဆယ် အယ်လီက ဒါ ကို သိမှာ မဟုတ်ဘူး။ ကားတိုက်ခံရလို့ သေသွားတာရော ပြန်ရောက်လာ တာပါ သိမှာ မဟုတ်ဘူး။ ဆိုတော့ သင်ခန်းစာ ပေးနေတာကို မသိရင်တော့ ဘယ်ကလေးမှ သင်ခန်းစာ ယူတတ်မှာ မဟုတ်ဘူး”

“တခါတလေ အကြောင်း တိုက်ဆိုင် လာရင်တော့ ရမှာပါ” လူးဝစ်က ဂျထ်ထက် သူ့ကိုယ်သူ ရည်ရွယ်၍ ပြောသည်။ ဂျထ်က

“ဟုတ်တာပေါ့။ တခါတလေတော့ ရတာပေါ့။ အမှန်တော့ သေတယ်ဆိုတာ နာကျင်မှုတွေ ကုန်ဆုံးပြီး လှပတဲ့ အတိတ်ကာလတွေ စတင် လာတာ ပဲ။ ဒါကို နားလည်ရင်လည်း နားလည်သွားမှာပဲ။ မရဏတရား ဆိုတာ ဘဝ ရဲ့အဆုံးသတ် ဖြစ်သလို နာကျင်မှုတို့ ချုပ်ငြိမ်းရာပဲလေ။ ဒါကို ပြောပြရမှာ မဟုတ်ဘူး။ သူ့ဘာသာ နားလည်လာအောင် လုပ်ပေးရမှာ။ အကယ်၍ အယ်လီက ငါ့လို သဘောထားခဲ့ရင် သူ့ကြောင်ကို ဆက်ချစ်သွားမှာပဲ။ ချာ့ က ကြမ်းတမ်းလာမှာ မဟုတ်သလို ကိုက်မှာလည်း မဟုတ်ဘူး။ အဲဒီလိုမျိုး လည်း တခုမှ ဖြစ်လာမှာ မဟုတ်ဘူး။ အယ်လီက ချာ့ကို ဆက်ချစ်နေဦး မှာ။ ဒါပေမဲ့ အဆုံးသတ်ကိုတော့ သူ့ဟာသူ ဖန်တီး သွားပါလိမ့်မယ်။ နောက်ဆုံး ချာ့သေသွားရင်လည်း စိတ်သက်သက် သာသာနဲ့ သက်ပြင်းချ သွားနိုင်မှာပါ”

“ဒါကြောင့်မို့ ကျွန်တော့်ကို အဲဒီကို သွားမြှုပ် ခိုင်းတာပေါ့လေ”

လူးဝစ် အခုမှပင် စိတ်သက်သာရာ ရ၍ နေရထိုင်ရ ပိုကောင်း လာသည်။

သူ့မှာ ရှင်းပြစရာ ရှိသော်လည်း ထိုအရာကို အကြောင်းရင်း ခိုင်လုံစွာ ဝေဖန် ပိုင်းခြားဖို့ထက် ယင်းက စိတ်ခံစားမှုပေါ်တွင် မူတည်နေသဖြင့် ခပ် ရှုပ်ရှုပ် ဖြစ်နေ၏။ ယခုလို အခြေအနေမှာတော့ ဂျထ်ပြောသည်ကို လက်ခံ နိုင်မှန်း သူ့ကိုယ်သူ သိသည်။ မနေ့ညက ဂျထ်မျက်နှာမှာ မြင်လိုက်ရသည့်ခပ်ရွှင်ရွှင် အမူအရာကိုလည်း မေ့ချင်သည်။

"ဟုတ်ပြီလေ၊ ဒါဆိုလည်း .."

ဂျထ်က အထိတ်တလန့် ဖြစ်သွားသော အမူအရာဖြင့် သူ့မျက်နှာသူ လက် နှစ်ဖက်ဖြင့် အုပ်လိုက်၏။ လူးဝစ်က နှလုံးရောဂါများ ရုတ်တရက် ထ ဖောက်တာလားဟု တွေးလိုက်မိပြီး စိုးရိမ်စိတ်နှင့် ခုံမှ ကုန်းထလိုက်၏။ သို့သော် ပုံမှန် လှုပ်ရှားနေသော ရင်ဘတ်ကို တွေ့ရတော့မှ အဘိုးကြီး တခုခုကို စိတ်ထိခိုက်၍ မငိုမိအောင် အားတင်းလိုက်ခြင်း ဖြစ်မှန်း နားလည်သွား၏။ ဂျထ်က ထူးဆန်းသော အက်တက်တက် လေသံဖြင့်

"အဲဒါကြောင့် လုပ်ခဲ့ကြတာပဲ။ ဒါပေမဲ့ အဲဒီလို ဖြစ်မသွားဘူး။ ငါလည်း အဲဒီ အကြောင်းရင်းကြောင့် လုပ်ခဲ့တာ။ စတန်လေ လုပ်ခဲ့တာလည်း အဲဒါ ကြောင့်ပဲ။ လက်စတာ မော်ဂန်လည်း အတူတူပဲ။ ဟန်ရတီကို့ စားကျက်ထဲ ထားထားရင်းက ဘာကြောင့်မှန်း မသိ ရူးသွားသလိုမျိုး ကလေးတွေ နောက် ပြေးလိုက်တာတောင် လင်ဒါလက်ဗက်စ်ရဲ့ ချိုးချိုးမျိုးနွယ် ခွေးကလေး ကားတိုက်ခံရလို့ လင်ဒါ့ကို လက်စတာ ခေါ်သွားခဲ့တာလည်း အဲဒီ အကြောင်းပြချက်ကြောင့်ပဲ။ သူ တနည်းနည်းနဲ့ လုပ်တာ။ တနည်း နည်းနဲ့ လုပ်ခဲ့တာ လူးဝစ်။ မင်းရော အဲဒီလို လုပ်သလား" ဟု မေး၏။ လူးဝစ်က အလန့်တကြားဖြင့် ...

"ဘာကို ပြောနေတာလဲ ဂျထ်" ဟု ပြန်မေး၏။

"တူညီတဲ့ ဒီအကြောင်းရင်းကြောင့်ပဲ လက်စတာရော၊ စတန်လေရော၊ ငါ ရော လုပ်ခဲ့ကြတာ။ မင်းကတော့ မင်းနဲ့ ဆက်နွှယ်လာလို့ လုပ်ရတာ။ သုသာန်မြေဟာ လျှို့ဝှက်ထားတဲ့ နေရာတခု ဆိုတော့ မင်းက သိချင်လာတယ်။ ကောင်းစေလိုပုံပေါ်တဲ့ ရည်ရွယ်ချက်ကြောင့် ဆိုတာမှန်းလည်း သိ သွားပြီ။ ဘာဖြစ်လို့ ..."

ဂျထ်က စကားမဆက်ဘဲ မျက်နှာပေါ်က လက်ကို ဖယ်ကာ မျက်တွင်း ဟောက်ပက်ထဲမှ အလွန်ရှေးဆန်သော မျက်လုံးများဖြင့် လူးဝစ်ကို တည့် တည့် ကြည့်သည်။

"မင်း အဲဒီကို ရောက်သွားတယ်။ မြေမြှုပ်ရတယ်။ အကြောင်းရင်းကို လိုက်ရှာတော့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေလို့ ထင်တယ်။ ဒါပေမဲ့ အများစုဟာ လုပ်ချင်လို့ လုပ်တာပဲ။ ဒါမှမဟုတ် လုပ်ကို လုပ်ရမှာမို့ပဲ။ အဖေကတော့ အဲဒီနေရာ အကြောင်းတွေ ကြားဖူးတဲ့အတွက် ငါ့ကို ခေါ်မသွားဘူး။ ရောက်လည်း မရောက်ဖူးဘူး။ စတန်လေက အပေါ်ကို ရောက်ဖူးတယ်။ သူက ငါ့ကို ခေါ်သွားခဲ့တယ်။ အနှစ် ၇၀ လောက် ကြာတော့ အားလုံးဟာ

သည့်တကြိမ်တွင်လည်း ဆုံးအောင် မပြောဘဲ ခေါင်းကိုသာ ခါရင်း လက်ဖဝါးနှင့် အုပ်၍ ချောင်းခြောက် ဆိုးသည်။

"ဒီမယ် လူးဝစ်။ ငါ ကြားဖူးသမျှထဲမှာ လက်စတာရဲ့ နွားသိုးကြီးပဲ ကြမ်းတမ်းတဲ့ အသွင်ပြောင်း သွားတာ။ မစ္စက် လက်ဗက်စ်ရဲ့ ခွေးလေး လည်း စာပို့သမားကို တကြိမ်လောက်တော့ ကိုက်ခဲ့ချင် ကိုက်ခဲ့မှာပဲ။ နောက်ပြီးတော့ တခြားဟာတွေ ကြားရတာ ရှိသေးတယ်။ တိရစ္ဆာန်တွေ ဟာ နည်းနည်းတော့ ရိုင်းလာတတ်တယ်။ ဒါပေမဲ့ စပေါ့တ်ကတော့ ခွေး လိမ္မာကြီးပါပဲ။ ရေဘယ်လောက် ချိုးပေးပေး သူ့ဆီက မြေကြီးစော် နံနေပေ မဲ့ ခွေးလိမ္မာကြီး ဖြစ်ခဲ့တာပဲ။ နောက်ပိုင်း အမေက သူ့ကို လုံးဝ အကပ်မခံ တော့ပေမဲ့ ခွေးလိမ္မာကြီးကနေ တပြားသားမှ လျော့မသွားပါဘူး။ ဒါပေမဲ့ မင်းဒီည အိမ်ရောက်လို့ ချာ့ကို အပြင်ထုတ်ပြီး သတ်ပစ်လိုက်ရင်လည်း ငါ ဘာတခွန်းမှ ပြောမှာ မဟုတ်ပါဘူး။ မင်းမှာ အဲဒီနေရာကို သွားရဖို့ ကံ ပါလာတယ်။ ကောင်းတဲ့ ရည်ရွယ်ချက်ကိုလည်း ရှာတွေ့တယ်။ ဒါပေမဲ့ ငါပြောတာလည်း မှားနိုင်တာပဲ လူးဝစ်။ ငါလည်း ဒါပဲ ပြောနိုင်တယ်။ လက်စတာရော စတန်လေပါ မှားနိုင်တယ်။ ငါလည်း ဘုရားမှ မဟုတ်ဘဲ။ ဒါပေမဲ့ သေရာကနေ ပြန်ရှင်အောင် လုပ်တာဟာ ဘုရားသခင်ကို လှည့်စားသလို ပဲ။ ဟုတ်တယ်မလား"

လူးဝစ် ပါးစပ်ဟပြီး ပြန်ပိတ် သွားပြန်၏။ ဘာများ မှားမှာမို့လို့လဲ။ ကြောင်ကို ထပ်သတ်ဖို့ သွားတာမှ မဟုတ်ဘဲ။ ဂျုဒ်က ဘီယာဘူးကို မော့သောက်ကာ ဘူးအလွတ်များနှင့် အတူ ဘေးချ ထားလိုက်သည်။

"ငါ စိတ်ထင်ရာ ပြောတာ လွန်သွားပြီ"

"တခုလောက် မေးလို့ ရမလား ဂျုဒ်"

"ရပါတယ်"

"အဲဒီအပေါ်မှာ လူ တယောက်ယောက်များ မြှုပ်ဖူးသလား"

ဂျုဒ်၏ လက်မောင်း ဆတ်ခနဲ တုန်သွားပြီး ဘီယာဘူးများကို တိုက်မိ သွားသဖြင့် စားပွဲပေါ်မှ နှစ်ဘူး ပြုတ်ကျသွားရာ တဘူးက ကွဲထွက် သွား၏။

"ဘုရား ဘုရား ဘယ်လိုများ ပြောလိုက်ပါလိမ့် လူးဝစ်ရာ။ မမြှုပ်ဖူးပါဘူး။ ဘယ်သူက မြှုပ်မှာလဲ။ ဒီအကြောင်းကိုတောင် မပြောချင်ဘဲနဲ့များ"

လူးဝစ်က စိတ်မသက်မသာနှင့်

"ကျွန်တော်က စပ်စုကြည့်တာပါ" ဟု ပြောသောအခါ ဂျုဒ်က

"တချို့အရာတွေက စပ်စုလို့ မကောင်းဘူး" ဟု ဆိုလေ၏။

ဂျုဒ်အသွင်က ပထမဆုံး အကြိမ်အဖြစ် တကယ်ပင် အိုမင်းချည့်နဲ့ဟန် ပေါက်သွား၏။

အိမ်ပြန်ရောက်တော့ ဂျုဒ်တယောက် ရုတ်ခြည်း အိုစာသွားဟန်ကိုတွေးရင်း နားမလည် နိုင်အောင် ဖြစ်ရသည်။ သူ့အသွင်က လိမ်ပြောနေပုံ ရသည်။

****

အခန်း (၂၇)

လူးဝစ်သည် ကားရုံထဲ ရောက်တော့မှ သူတကယ် မူးနေမှန်း သိသွား၏။ အေးစိမ့်စိမ့် အပြင်ဘက်မှာ လကို တိမ်ဖုံးနေပြီး ကြယ်ရောင်သာ ရှိသည်။ ကိုယ့်အရိပ်ကို မမြင်ရသော်လည်း ကွဲကွဲပြားပြားတော့ မြင်ရသည်။ ကားရုံ ထဲ ရောက်တော့ ဘာမှ မမြင်ရတော့။ တနေရာရာမှာ မီးခလုတ် ရှိလိမ့် မည်။ ဘယ်နေရာ ရှိမှန်း စဉ်းစားမရ။ သူ့လမ်းသူ မှန်းဆ၍ ဖြည်းဖြည်း သက်သာ လျှောက်လာစဉ် ခေါင်းထဲမှာ ရီဝေဝေ ဖြစ်နေ၏။ ထိုစဉ် ဒူးခေါင်း ဆီမှ မျက်ခနဲ ဖြစ်သွားပြီး ချော်လဲတော့မလို ဖြစ်သွားသည်။ သူ့အပေါ် တခုခု ပြိုကျလာမည်စိုး၍ လန့်သွားသေး၏။ ပြီးမှ ခြေထောက်နှင့် တိုက်မိသည်မှာ အယ်လီကလေးစီး စက်ဘီးနှင့် ဂေ့ဂျ်၏ ခရော်လီဂေတာ ကားရုပ် ဖြစ်နေမှန်း သိသွား၏။

နံရံဘက်ကို စမ်းတဝါးဝါး လုပ်ရင်း သစ်သားစတခု လက်ဖဝါးကို စူး သွားသဖြင့် အမှောင်ထုကို မကျေမချမ်း ဆဲဆိုမိ၏။ ကားရုံကို ပြောင်းပြန် စမ်းနေမိသလား မသိ။ မီးခလုတ်ကို ရှာမတွေ့ချေ။ ဘယ်နေရာ ဘာရှိမှန်း ပင် မသိတော့။ အိမ်တံခါးရော မီးဖိုချောင်ပါ ဘယ်ဘက်မှန်း မသိ။ ကြောင် ကိုရော အိမ်ထဲ ထားမိခဲ့သလား မမှတ်မိ။

လက်ဖဝါးမှ စူးတူး စူးတူးနှင့်ပင် အကန်းလို စမ်းတဝါးဝါး လျှောက်ရ ပြန်၏။ ထိုအခါ မျက်မမြင် အဆိုတော် စတီဗီဝမ်းဒါး၏ ဖျော်ဖြေပွဲကို ရေချယ်နှင့်အတူ သွားခဲ့တာ သွားသတိရသည်။ ဘယ်တုန်းကလဲ၊ လွန်ခဲ့သော ခြောက်နှစ်ခန့်ကလား မသိ။ ဟုတ်နိုင်သည်။ နောက်တော့ အယ်လီကိုယ်ဝန် ရ၏။ စင်ပေါ်မှာ မြွေတွေလို ရှုပ်ယှက်ခတ်နေသော ကေဘယ်ကြိုးတွေကို ခလုတ် မတိုက်မိအောင် ဝမ်းဒါးကို လူနှစ်ယောက်က အသံညှိ တူရိယာဆီ ခေါ်လာပေးသည်။ နောက်ပိုင်း သူကဖို့ မတ်တတ် ထရပ်သောအခါ နောက်ခံသီဆိုသူ မိန်းကလေး တဦးက ရှင်းလင်းသော နေရာ တခုဆီ ဂရုတစိုက် ခေါ်သွားပေး၏။

ဝမ်းဒါး ကောင်းစွာ ကနိုင်ခဲ့သည်ကို သူမှတ်မိ လိုက်သည်။ သူသည် ကောင်းစွာ ကနိုင်ခဲ့သော်လည်း ထိုသို့ ကနိုင်ဖို့ လူတယောက်က သူ့ကို လက်တဖက် ကူတွဲပေးရ၏။ အခုလည်း သူ့ကို မီးဖိုချောင်ဆီ ကူတွဲလိုက်ပို့ ပေးမည့် လက်တဖက် ရှိလျှင် ကောင်းပေစွ။ သို့သော် ထိုအတွေးကြောင့် ချက်ချင်း တုန်တက် သွား၏။ အမှောင်ထဲကနေ လက်တဖက် ထွက်လာ သည် ဆိုလျှင် သူ ဘယ်လောက်တောင် အော်လိုက် မိလိမ့်မလဲ။

သူ ရင် တထိတ်ထိတ်နှင့် မတ်တတ် ရပ်နေမိသည်။ ကဲ၊ တော်စမ်း။ သောက်ရေးမပါတာတွေ လျှောက်တွေး မနေနဲ့။ ဟိုသောက်ကြောင်က ဘယ်နားမှာလဲ။

သူ့လက်က တခုခုကို လှမ်းပုတ်မိသည်။ စတေရှင်ဝက်ဂွန်းကား ဘန်ပါ။ ခုနက တိုက်မိသော ညို့သကျည်းမှ နာကျင်မှုကြောင့် မျက်ရည်များပင် ဝဲရ၏။ သို့နှင့် ငဟစ်ငှက်လို ခြေတချောင်း ထောက်၍ မတ်တတ်ရပ်ရင်း နာသော

ခြေထောက် တဖက်ကို ဆွဲမကာ ပွတ်ရသည်။ အနည်းဆုံး သူ ရောက်နေသည့် နေရာကို သိရပြီ။ စိတ်ထဲမှာ ကားရုံ အနေအထားကို သေချာ ပြန်စဉ်းစား ကြည့်သည်။ မျက်စိကလည်း အမှောင်ထဲမှာ ကျင့်သား ရလာပြီး ကြောင်ကို အိမ်အပြင် ချီထုတ်ဖို့ မဆိုနှင့်၊ လက်နှင့်ပင် မထိချင် သောကြောင့် အိမ်ထဲမှာ ထားခဲ့ကြောင်း ပြန်သတိရသွား၏။

ထိုစဉ် ချာ့က ပူနွေးသော အမွေးထူထူ ခန္ဓာကိုယ်ကြီးဖြင့် သူ့ခြေချင်းဝတ်ကို ရေဝဲကတော့ ထိုးသလိုမျိုး တိုးဝှေ့ပွတ်သပ်ကာ ခြေသလုံးကို မြွေတကောင် လာလိမ်သလိုမျိုး အမြီးဖြင့် ရစ်ပတ်ဆွဲညှစ်လိုက်ရာ လူးဝစ်သည် ပါးစပ်ကို အကျယ်ကြီး ဟ၍ အားခနဲ အော်ဟစ်လိုက်လေတော့၏။

****

အခန်း (၂၈)

"ဖေကြီးရေ"

အယ်လီသည် လေယာဉ်ပေါ်က ဆင်း၍ လူးလာ ခေါက်တုံ့ သွားနေသော ခရီးသည်များ ကြားမှ သူ့ဆီ ပြေးလာ၏။ အများစုက မတ်တတ်ရပ်၍ ပြုံးစိစိနှင့် ကြည့်နေကြသဖြင့် ရောက်ချင်ဇော အားကြီးနေသည့် အယ်လီ အစား နည်းနည်း ရှက်သွားမိသည်။ သို့သော် သူသည်လည်း မျက်နှာကြီး ပြုံးဖြီးနေမှန်း သူ့ကိုယ်သူ သိနေ၏။ ဂေ့ဂျ်ကို ချီထားသော ရေချယ်က အယ့် အော်သံကြောင့် လူးဝစ်ကို တွေ့သွားသည်။ ဂေ့ဂျ်က ဝမ်းသာအားရနှင့်

"ဖေရီး" ဟု အော်ကာ ရေချယ့်လက်ထဲမှ တွန့်လိမ်၍ ဆင်းလာရာ သူမက ပြုံး၍ အောက်ချ ပေးလိုက်၏။ ရေချယ့်အပြုံးက နွမ်းလျလျ ဖြစ်နေသည်ဟု ထင်မိသည်။ ဂေ့ဂျ်က အယ်လီနောက်ကို ခုန်ဆွခုန်ဆွ ပြေးလိုက်ရင်း

"ဖေရီး၊ ဖေရီး" ဟု အော်လာ၏။

ဂေ့ဂျ် ဝတ်ထားသည့် ဂျန်ပါကို ယခင်က သူတခါမှ မမြင်ဖူးသဖြင့် သူ့အ ဘိုး လက်ချက် ဖြစ်မည်ဟု တွက်လိုက်၏။ အယ်လီက သူ့ဆီ ဒရောသောပါး ပြေးလာပြီး သစ်ပင်တပင်လို တွယ်တက်သည်။ လူးဝစ်က သူတို့ နှစ် ယောက်လုံးကို ကုန်း၍ ဖက်ထားလိုက်ပြီး

"ပြန်တွေ့ရတာ ဝမ်းသာတယ်ဟေ့" ဟု ပြောလိုက်၏။

ရေချယ်က လက်တဖက်မှာ ခရီးဆောင်အိတ်ကို ချိတ်၍ အိတ်ဆောင် စာအုပ် ကိုင်ထားပြီး နောက်တဖက်မှာ ဂေ့ဂျ်၏ သေးခံအထုပ်ကို ကိုင်ရင်းရောက်လာ၏။ သေးခံ အထုပ်ပေါ်တွင် မိဘများ၏ စိတ်နှလုံးကို ကိုင်လှုပ် ရန် ရည်ရွယ်ထားသည့် "သားက မကြာခင် ကြီးလာတော့မှာနော်" ဟူသော စာသားကို စာလုံးအကြီးဖြင့် ရိုက်နှိပ်ထား၏။ သူမအသွင်က စာတမ်း အရှည်ကြီး တစောင် ပြုစုပြီးစီး သွားသော ပရော်ဖက်ရှင်နယ် ခေတ်ပုံဆရာမ တဦးနှင့် တူနေသည်။ လူးဝစ်က ကလေး နှစ်ယောက် ကြားမှ ကုန်းကုန်းကွကွနှင့်ပင် ရေချယ့်နှုတ်ခမ်းကို လှမ်းနမ်းသည်။

"ပင်ပန်း နေသလိုပဲနော်"

"ပင်ပန်းတာပေါ့။ ဘော်စတွန်ကို ဘာပြဿနာမှ မတက်ဘဲ ရောက်သွား ပေလို့။ လေယာဉ်ပြောင်း စီးရတာရော၊ အတက်အဆင်းမှာရော ဘာမှ မ ဖြစ်လို့။ မြို့ပေါ်ကနေ လေယာဉ်ကွေ့တော့ ဂေ့ဂျ်က အောက်ကို ငုံ့ကြည့်ပြီး "လှတယ်၊ လှတယ်"လို့ ပြောတယ်။ ပြီးလည်းပြီးရော အန်ချလိုက်တာ သူ့ တကိုယ်လုံးကို ရွှဲသွားတာပဲ"

"ဟေ ဖြစ်ရလေ"

"သူ့ကို အိမ်သာထဲ ဝင်လဲပေး ရတာပေါ့။ ဗိုင်းရပ်စ်တို့ ဘာတို့ကြောင့်တော့ ဟုတ်မယ် မထင်ပါဘူး။ လေယာဉ် မူးတာပါ"

"အိမ်သွားရအောင်။ အမဲသား ငရုတ်သီးချက် လုပ်ထားတယ်"

အယ်လီက လူးဝစ်နားရွက်နား ကပ်၍ ပျော်ရွှင် မြူးထူးစွာဖြင့်

"ငရုတ်သီး ငရုတ်သီး" ဟု အော်ထည့်လိုက်ရာ ဂေ့ဂျ်ကပါ နားရွက်နောက်တဖက်နား ကပ်၍

"ငရုတ်သီး ငရုတ်သီး" ဟု လိုက်အော်သဖြင့် ဖုန်းသံကို နားကပ်၍ ထောင်ရသကဲ့သို့ ဆူညံနေတော့၏။

"ကဲ လက်ဆွဲသေတ္တာ မြန်မြန်ယူပြီး ဒိုးကြစို့"

"ဖေဖေ ချာ့ရော နေကောင်းရဲ့လား"

ထိုမေးခွန်းကို သူမျှော်လင့် ထားပြီးသား ဖြစ်သော်လည်း အယ်လီသည်လောက် စိတ်ပူနေမည် ဟုတော့ မထင်မိချေ။ သူမ၏ အပြာရင့်ရောင်မျက်လုံးများ ကြားက စိုးရိမ်ပူပန်နေသော အကြည့်မှာ လေးနက်လွန်း လှ၏။ လူးဝစ်က မျက်မှောင်ကြုတ်၍ ရေချယ့်ကို တချက် လှမ်းကြည့်သည်။ ရေချယ်က တိတ်ဆိတ် ငြိမ်သက်စွာဖြင့်

"သူလေ တပတ်လုံး အိပ်ရာထရင် အော်အော်ပြီး လန့်နိုးလာတာ။ အိပ်မက်ဆိုးတွေ မက်လို့"

"သမီးလေ ချာ့ကို ကားတိုက် သွားတယ်လို့ချည်း အိပ်မက် မက်နေတယ်"

"ကျွန်မအထင် ပွဲတော်နေ့က ကြက်ဆင်သား ဆင်းဝှစ်ချ်တွေ အစားများသွားလို့ အစာမကြေဖြစ်ပြီး မက်တာပဲ ဖြစ်မယ်။ ဝမ်းပျက်မလို ဖြစ်လို့ စိတ် ကို အနားပေးထား ရတယ်။ လေဆိပ်ထဲက ထွက်ကြရအောင်"

လူးဝစ်က

"ဘာဖြစ်လို့လဲ သမီးရဲ့။ ချာ့က ..." ဟု လေးတွဲ့စွာ ပြောလိုက်၏။

ဟုတ်တယ်၊ နေကောင်းပါတယ်။ တနေကုန် အိမ်နား တဝိုက် လှဲရင်း ဖေဖေ့ကို ရှူးကြောင်ကြောင် မျက်လုံးစိမ်း ကြီးတွေနဲ့ လိုက်ကြည့်နေတာ။ မသိရင် ကြောင်တကောင် လို့တောင် မထင်ရဘူး။ ကောင်းလိုက်သမှ ဟို ဘက်ကမ်းတောင် လွန်နေသေးတယ်။ ဖေဖေဆို ထိတောင် မထိချင်လို့ ည တုန်းက တံမြက်စည်းနဲ့တောင် လှည်းထုတ် လိုက်သေးတယ်။ လှည်းထုတ် လိုက်တော့လည်း ထွက်သွားတာပဲ။ နောက်တနေ့ အိမ်တံခါး ဖွင့်ကြည့် လိုက်တော့ မနက်စာ အနေနဲ့ ကြွက်လား၊ ဘာလားတော့ မသိဘူး။ အကောင် တကောင်ရဲ့ ကလီစာတွေကို စားနေတာ တွေ့တယ်။ အဲဒီမနက်က ဖေဖေ သူ့ကို အစာမှ မကျွေးတာ။ နောက်ပြီးတော့ ...။

"... နေကောင်းပါတယ်"

ထိုအခါမှ အယ်လီက မျက်မှောင်ကြုတ်ရာမှ ပြေလျော့ကာ

"ဩော်၊ တော်သေးတာပေါ့။ သမီးက အဲဒီလို အိပ်မက်မက်တော့ သေသွားပြီ ထင်နေတာ"

လူးဝစ်က ပြုံးကာ

"ဟုတ်လား။ အိပ်မက် မက်တာက ပျော်စရာ ကောင်းတာပဲဟာ၊

မဟုတ်ဘူးလား”

“အိပ်မက်”

ဂေ့ဂျ်က မပီတပီ ထအော်ကာ လူးဝစ်၏ ဆံပင်ကို လှမ်းပုတ်သည်။

“ကဲ လာ”

သူတို့အားလုံး အထုပ်အပိုးများ သွားယူပြီးနောက် ကားရပ်ထားသည့် နေရာဆီ ထွက်လာကြရာ ဂေ့ဂျ်က “လှတယ် လှတယ်” ဟု ကြို့ထိုး သလို မျိုး ထူးဆန်းသော လေသံဖြင့် စကားစ ပြောသည်။ သည့်တကြိမ် မှာတော့ သူက အစည်းအဝေး အတွက် ကြိုဝတ်ထားသော နှစ်ချောင်းထိုး သိုးမွေးအင်္ကျီ အသစ်နှင့် လူးဝစ်ပေါ် ရွဲစိုအောင် အန်ချသည်။ ကေန္တ လှတယ်ဟူသော စကားလုံးမှာ ဂေ့ဂျ်က အန်တော့မယ်၊ ဆောရီးပဲနော်။ ဘေး ဖယ်နေဟု ဆိုလိုခြင်း ဖြစ်ရာ၏။

ဂေ့ဂျ်ကို ကြည့်ရတာ ဗိုင်းရပ်စ်ပိုး တခုခုကြောင့် အန်နေခြင်း ဖြစ် နိုင်သည်။ ဘန်ဂါလေဆိပ်မှ ၁၇ မိုင် ကွာဝေးသော လဒ်လိုက အိမ်ကို ကား မောင်း၍ ပြန်လာစဉ်မှာပင် ဂေ့ဂျ်က ကိုယ်ပူသည့် လက္ခဏာတွေ စပြကာ မှိန်း၍ လိုက်လာ၏။ လူးဝစ်က ကားကို ရုံထဲ ဖင်ဆုတ်၍ သွင်းနေစဉ်မျက်လုံးထောင့်မှ တဆင့် နံရံနား ကပ်၍ ထူးဆန်းသော မျက်လုံးများဖြင့် ကားကို မမှိတ်မသုန် စိုက်ကြည့်နေသော ချာ့ကို တွေ့လိုက်၏။ ထို့နောက် အမြီးကို ထောင်၍ ကုပ်ချောင်းချောင်းနှင့် ထထွက်သွားသည်။

ခဏနေတော့ ကားတာယာလေးခု ထပ်၍ ပုံထားသော နေရာ၌ ကြွက် တကောင် ဗိုက်ပွင့်၍ သေနေသည်ကို တွေ့သွားသည်။ ရေချယ်နှင့် ကလေးတွေ ထွက်သွားတော့မှ နှင်းတွေ ယူပြီး ဖုံးရမည်။ မှောင်ရိပ်ကျနေသော ကားရုံထဲမှာပင် ကြွက်၏ အတွင်း ကလီစာတွေက ရဲရဲနီနေ၏။ လူးဝစ်က ကားထဲမှ အမြန်ထွက်ကာ ကားတာယာပုံကို တမင် တိုက်ချလိုက်ရာ နှစ်ခုပြုတ်ကျ၍ ကြွက်အပေါ် အုပ်သွား၏။ လူးဝစ်က ဟာခနဲ တလိုက်တော့ အယ်လီက

“ဖေဖေကလည်း သတိလက်လွတ်နဲ့” ဟု ထပြောသည်။ လူးဝစ်က ရင် တထိတ်ထိတ်နှင့်ပင် စိတ်သက်သာစွာ

“အေးကွာ” ဟု သံယောင်လိုက် ပြော၏။

ချာ့သည် သေရွာပြန် မဖြစ်ခင်က ကြွက်တကောင်တည်း ကိုသာ သတ် ဖူးကြောင်း ပြန်သတိရသွား၏။ တခါတလေ ကြွက်တွေနောက် ပြေး လိုက်၍သာ ကစားတတ်သည်။ သည်လို တစစီ လုပ်မပစ်တတ်ချေ။ အစာ ဝလင်အောင် ကျွေးထားသည့်တိုင် ကြွက်ကို မြင်လျှင်တော့ ဘယ်ကြောင်မ ဆို စိတ်ဝင်တစား လိုက်ကြည့်နေမှာပင်။ ကြောင်အနည်းငယ် ကတော့ သည့်ထက် ပိုဆိုးနိုင်၏။ ဒါကို သူသိသည်။ ရေချယ်က ပင်ပန်းကာ အသည်းယားသော လေသံဖြင့်

“အဲဒီမှာပဲ မတ်တတ်ရပ် နေတော့မှာလား၊ ဒီကို လာကူဦးလေ ကိုရဲ့”

“ဆောရီးပါ အချစ်ရယ်”

လူးဝစ်က မီးသွေးတုံးလေးလို ပူနွေးနေသော ဂေ့ဂျ်ကို လာချီသည်။

****

ထိုညက အဖျားတက်လာသော ဂေ့ဂျ်ကို ညေ့ခန်းထဲက ဆိုဖာပေါ်မှာ ထားကာ လူးဝစ်၏လက်ရာ နာမည်ကျော် ငရုတ်သီးချက်ကို မိသားစု သုံး ယောက်သာ စားလိုက်ရ၏။ ဂေ့ဂျ်က စားဖို့လည်း စိတ်မပါဘဲ ရေကျက်အေး ထည့်ထားသော ပုလင်းတလုံးနှင့် တီဗွီက လာသော ကာတွန်း အစီအစဉ်ကို ထိုင်ကြည့်နေသည်။

ညစာ စားပြီးတော့ အယ်လီက ကားရုံတံခါးကို ဖွင့်ကာ ချာ့ကို လှမ်းခေါ်သည်။ လူးဝစ်က ပန်းကန်ဆေးရင်း ကျန်ခဲ့ပြီး ရေချယ်က အပေါ်ထပ် မှာ အထုပ်အပိုးတွေ ဖြေနေ၏။ ချာ့ရောက်လာမည် မဟုတ်ဟု သူ ထင်ထားသော်လည်း ရောက်လာ၏။ ချာ့သည် လှုပ်လီလှုပ်လဲ့ဖြင့် ခပ်နှေးနှေး လျှောက်လာသည်။ ကေန္တ အပြင်ကနေများ ပုန်းလျှိုး ကွယ်လျှိုးနှင့် ချောင်းနေသလား မသိ။ ချောင်းမြောင်းခြင်း။ ထိုစကားလုံးက သူ့စိတ်ထဲ တမုဟုတ်ချင်း ဝင်ရောက်လာ၏။ အယ်လီက

"ချာ့ရေ၊ ချာ့" ဟု ဆိုကာ ကြောင်ကို ကောက်ချီ၍ ပွေ့ဖက်လိုက်သည်ကို လူးဝစ် ရေတစက်စက် ကျနေသော လက်ကို ငြိမ်ငြိမ်ထားကာ အခန်းထောင့် တနေရာမှ စောင့်ကြည့် နေမိသည်။ အယ့်မျက်နှာက ပြုံးပျော် နေရာမှ တဖြည်းဖြည်းနှင့် တခုခုကို ဝေခွဲမရ ဖြစ်လာသည်ကို မြင်ရ၏။ ကြောင်ကတော့ သူမ၏ လက်မှာထဲ ငြိမ်နေပြီး နားရွက်တွေ ကုပ်ကာ ပြန် ကြည့်နေ၏။

လူးဝစ် စိတ်ထဲမှာ ထိုခဏကို အတော် ကြာသည်ဟု ထင်မိသည်။ အယ်လီက ချာ့ကို အောက်ပြန်ချလိုက်ရာ ကြောင်က အနောက်ကို တချက်မှ လှည့် မကြည့်ဘဲ ထမင်းစားခန်းထဲ တလှမ်းချင်း ဝင်သွား၏။ ကြွက်သတ်ကောင်ကြီးဟု စိတ်ထဲ ပေါ်လာသည့်နာမည် လျှောက်ပေး လိုက်၏။ ဘုရား ရေ၊ ငါတို့ ဘာတွေ လုပ်နေမိပါလိမ့်။ အယ်လီက လေသံကို နှိမ့်ကာ

"ဖေဖေ" ဟု လှမ်းခေါ်သည်။

"ဘာလဲ သမီး"

"ချာ့အနံ့က တမျိုးပဲ"

"ဟုတ်လား"

လူးဝစ်က လေသံကို ပုံမှန်ဖြစ်အောင် မနည်း ထိန်းရသည်။ အယ်လီက စိတ်ညစ်စွာဖြင့်

"ဟုတ်တယ်။ နံတယ်။ အရင်က အဲဒီလို မနံပါဘူး။ သူ့အနံ့က၊ သူ့အနံ့က…"

"တနေရာရာမှာ သွားပြီး လူးလိမ့်ထားလို့ နေမှာပေါ့။ ဘာနံ့ပဲဖြစ်ဖြစ် နောက်ကျ ပျောက်သွားမှာပါ"

"သမီးလည်း အဲဒီလိုပဲ ထင်ပါတယ်"

အယ်လီက လူကြီးလေသံဖြင့် ပြောကာ ထွက်သွား၏။ လူးဝစ်က နောက်ဆုံး ကျန်သည့် ခက်ရင်း တချောင်းကို ဆေးကြော၍ ရေဆင်း ပေါက်ကို

ဖွင့်ချလိုက်သည်။ ရေဆင်းပေါက်မှ ဆပ်ပြာရေ ဒလဟောကျနေ စဉ် ပြတင်းပေါက်မှ တဆင့် အပြင်ဘက်ကို လှမ်းကြည့်နေမိသည်။ ရေကျ သံ ရပ်သွားတော့ အပြင်ဘက်က လေတိုက်သံကို ခပ်ဖျော့ဖျော့ ကြားရသည်။ မြောက်အရပ်က တိုက်ခတ်လာသော လေက ဆောင်းကို ခေါ်လာ ချေပြီ။ သူ့ကိုယ်သူလည်း ဘာမှန်းမသိဘဲ စွတ်ကြောက်နေမိမှန်း နားလည် လာ၏။

***

“တရာ့သုံး ဟုတ်လား ကို။ သေချာရဲ့လား”

“ဗိုင်းရပ်စ်ကြောင့် ဖြစ်တာမို့ပါ”

လူးဝစ်က အပြစ်တင်လိုဟန် ပေါက်နေသော ရေချယ့်ကို စိတ်မပူစေလို၍ သိပ်အရေး မကြီးသည့်ပုံ ပေါက်အောင် ကြိုးစား ကြည့်သည်။ သူမ ပင်ပန်း နေပြီ။ ရေချယ်ကတော့ ဒီနေ့ တနေကုန် ကလေးများနှင့်အတူ ခရီးရှည် ထွက်လာခဲ့ရ သော်လည်း ခုထိ စိတ်မအေးနိုင်သေး။ ခုပဲ ၁၁ နာရီ ရှိနေပြီ။ အယ်လီက အခန်းထဲမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော်လည်း ဂေ့ဂျ် ကတော့ နိုးတဝက် အိပ်တဝက်နှင့် မှိန်းနေ၏။ ပြီးခဲ့သော တနာရီ လောက်က ဂေ့ဂျ်ကို လစ်ကွီပရင် တိုက်ထားသည်။

“အဖျားပျောက်ဆေး တိုက်ထားတာပဲဟာ။ မနက်ကျ ကိုယ်ပူ ကျသွားမှာ ပါကွယ်”

“အန်ပစလင် မတိုက်ဘူးလား။ တခြားဟာကော”

လူးဝစ်က စိတ်ရှည်ရှည် ထားကာ

“အအေးမိတာ၊ လည်ချောင်း ပိုးဝင်တာဆိုရင်တော့ တိုက်မှာပေါ့။ ခုဟာ က ဗိုင်းရပ်စ်ဝင်တာ ဆိုတော့ အဲဒါတွေ တိုက်လည်း ဘာမှ မထူးဘူးလေ။ ဝမ်းချုပ်ပြီး ရေဓာတ် ပိုဆုံးရှုံးတာပဲ ရှိမယ်”

“ဗိုင်းရပ်စ်ကြောင့် ဆိုတာရော သေချာရဲ့လား”

“ဒီမယ် နောက်တမျိုး လှည့်စဉ်းစား ရမယ် ဆိုရင်လည်း အဲဒါ ကို့အလုပ် ပါကွ”

လူးဝစ် ခပ်ဆတ်ဆတ် ပြောလိုက်တော့ ရေချယ်က

“ကျွန်မကို အော်စရာ မလိုပါဘူး” ဟု ပြန်အော်၏။ ထိုအခါ သူကလည်း

“ကို အော်နေတာမှ မဟုတ်ဘဲ” ဟု ပြန်အော်သည်။

“ခုကို အော်နေတာပဲလေ။ မအော်ပါဘူးလို့ အော်ပြောနေတာပဲ”

ရေချယ်က နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်ကာ မျက်နှာကို လက် တဖက်ဖြင့် အုပ်လိုက်၏။ သူမ၏ မျက်တွင်းကလေးများ ညိုနေတာ တွေ့တော့ လူးဝစ် သူ့ကိုယ်သူ သိပ်ရှက်သွား၏။ သို့နှင့် သူမ၏ ဘေးနားမှာ ထိုင် ချလိုက်ကာ

“ဆောရီးပါ ရေချယ်ရယ်။ ကိုလည်း ဘာတွေ ဖြစ်နေမှန်းကို မသိပါဘူး။ တောင်းပန်ပါတယ်နော် ဟုတ်ပြီလား” ဟု နှစ်သိမ့်၏။ ရေချယ်က ခပ်ယဲ့ယဲ့ ပြုံးကာ

“ထပ်လည်း မပြောနဲ့၊ ရှင်းလည်း ပြမနေနဲ့တော့။ ကိုက အဖေတို့ဆီ

သွားတာကို ပြောချင်နေတာ မဟုတ်လား။ ဂေ့ဂျ်ရဲ့ အဝတ်အံဆွဲတွေ ဖွင့်ကြည့် ရင် ကိုစိတ်ဆိုးမှာ စိုးရိမ်နေတာ။ အခုတော့ ရေချယ့်ကို သနားနေတုန်း တခါတည်း ပြောထားလိုက်ရင် ကောင်းမယ် ထင်တယ်"

"ဘာကို စိတ်ဆိုးရမှာလဲ"

ရေချယ်က ခပ်ယဲ့ယဲ့ ထပ်ပြုံးကာ

"အမေနဲ့ အဖေက ဂေ့ဂျ်အတွက် အင်္ကျီဘောင်းဘီ အသစ်ဆယ်စုံ ဝယ်ထည့် ပေးလိုက်တယ်။ ဒီနေ့ဝတ်ထားတာ အဲဒီအထဲက တစုံပေါ့"

"သူ အသစ်ဝတ်ထားမှန်း ကို သတိထားမိပါတယ်"

လူးဝစ်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ရေချယ်က မျက်မှောင်လှလှ လေး ကြုတ်၍

"ကို သတိထားမိတာ ရေချယ် သိသားပဲ" ဟု ပြောသောအခါ သူ့စိတ်ထဲ၌ မရယ်မိဘူးဟု ထင်သော်လည်း ရယ်လိုက်မိ၏။

"ပြီးတော့ အယ်လီ့အတွက် အသစ် ခြောက်စုံရောပဲ"

"ခြောက်စုံ ဟုတ်လား"

လူးဝစ်က လည်ပင်း ထညှစ်တော့မလို ထအော်၏။ စိတ်ထဲမှာလည်း ရှင်း မပြတတ်အောင် နာကျင်၍ ရုတ်တရက် ဒေါသ ထွက်သွားသည်။

"ဘာဖြစ်လို့ ဝယ်ပေး လိုက်တာလဲ။ ရေချယ်ကရော ဘာလို့ လက်ခံခဲ့တာ လဲ။ လိုမှ မလိုဘဲ။ ကိုလည်း တတ်နိုင်ရဲ့သားနဲ့"

ဒေါသကြောင့် စကားတွေ ဗလုံးဗထွေး ဖြစ်လာသဖြင့် ဆက်မပြောတော့ ဘဲ တုံးတိတိနှင့်သာ ရပ်လိုက်၏။ လက်စသတ်တော့ လူးဝစ်တယောက် ချာ့ကို ထည့်ထားသော ပလတ်စတစ် အိတ်အား လက်တဖက်မှ တဖက် သို့ မနိုင်မနင်း ပြောင်းကိုင်၍ ညကြီးမင်းကြီး တောထဲ လျှောက်သယ် နေရ ချိန်မှာ လိတ်ဖောရက်စ်က အကျင့်ယုတ်ကြီး အာဝင်ဂိုးမန်းက မြေးမကို ငွေ နှင့် မျှား၍ သိမ်းသွင်းဖို့ အလုပ်ရှုပ် နေခဲ့သည်ကိုး။ ထိုခဏ၌ "သူက အင်္ကျီ ခြောက်ထည်ပဲ ဝယ်ပေးတာ၊ ငါက သူ့ကြောင်ကို သေရာက ရှင်အောင် လုပ် ပေးခဲ့တာကွ။ ကဲ ဘယ်သူက ပိုချစ်တာလဲ ပြောစမ်းပါ" ဟု အော်မေး လိုက် ချင်၏။ သို့သော် ထိုစကားများကို မပြောမိအောင် ချုပ်တည်း ထားလိုက်သည်။ သည်လို အကြောင်းအရာမျိုး တခွန်းမှ မပြောမိစေရ လုံးဝ။ ရေချယ်က သူ့လည်ပင်းကို ညင်သာစွာ တို့ထိကာ

"လူးဝစ်ရယ်။ သူတို့လည်း ကလေးတွေကို ချစ်လို့ ဝယ်ပေးတာပဲဟာ။ နားလည် ပေးလိုက်ပါကွယ်။ ပြီးတော့ သူတို့က အိုလည်း အိုနေကြပါပြီ။ အဖေ့ကိုဖြင့် ကောင်းကောင်းတောင် မမှတ်မိတော့ဘဲနဲ့"

"သိပ်မှတ်မိတာပေါ့"

လူးဝစ် နှုတ်ခမ်းလှုပ်ရုံမျှ ရေရွတ်တော့ ရေချယ်က

"နားလည် ပေးလိုက်ပါ ကိုရယ်၊ နော်။ သူတို့ဘက်လည်း တချက်လောက်

ငဲ့ကြည့်ပါကွယ်။ ဒါဆို ကိုနာကြည်းနေတော့မှာ မဟုတ်ဘူး” ဟု ဖေးဖေးမမ ဆိုရှာ၏။

လူးဝစ်က သူမကို အကြာကြီး စိုက်ကြည့် နေပြီးမှ

“ကို နာတယ်။ မနာသင့်ပေမဲ့ နာတယ်” ဟု ပြန်ပြော လိုက်သည်။

ရေချယ် တခုခုပြောဖို့ ပြင်လိုက်စဉ် အခန်းထဲမှ အယ့်အော်ခေါ်သံ ထွက်လာ၏။

“ဖေကြီးရေ၊ မေကြီးရေ၊ လာပါဦး” ရေချယ်က ထလိုက်သော်လည်း လူးဝစ်က ပြန်ဆွဲချကာ

“ဒီမှာ ဂေ့ဂျ်နဲ့ နေခဲ့ချေ။ ကို သွားမယ်”

ဘာပြဿနာမှန်း သူ သိနေသလို ရှိ၏။ ကြောင်ကို သူ အိမ်အပြင် ထုတ်ထားသည်ပဲ။ အယ်လီ အိပ်ရာ ဝင်သွားတော့ မီးဖိုချောင်ထဲမှာ အစာ ပန်းကန်ကို တရှုံ့ရှုံ့ လုပ်နေသော ချာ့ကို ဖမ်း၍ အပြင်ထုတ်ထား လိုက်သည်။

ချာ့ အယ်လီနှင့်အတူ အိပ်မှာကို မကြိုက်။ သည့်ထက်တော့ မပို။ အယ်ှအိပ်ရာထဲ ချာ့ဝင်အိပ်နေမှာကို တွေးလိုက်တိုင်း ဦးလေး ကားလ်၏ နာရေးဝန်ဆောင်မှု အခန်းကို မဆီမဆိုင် သွားသတိရ၏။ အယ်လီက ချာ့ တခုခုလွဲနေတာ သိလာတော့မည်ဖြစ်ပြီး ချာ့ကတော့ ယခင်ကထက် အခြေအနေ ပိုကောင်းလာ၏။

သူ အခန်းထဲ ဝင်လာတော့ အယ်လီက မျက်စိကျယ် မနေဘဲ အိပ်ချင်မူးတူးနှင့် ထထိုင်နေ၏။ ချာ့က ပြတင်းပေါက် မှန်ပေါင်ပေါ်မှာ လင်းနို့ တကောင်လို ခြေကားရား လက်ကားရား ဖြန့်ထား၏။ မျက်လုံး များလည်း ပွင့်နေပြီး အရောင် တလက်လက် တောက်နေသည်။ အယ်လီက ညည်းညူသလို လေသံမျိုးဖြင့် …

“သူ့ကို အပြင် ထုတ်ထားလိုက် ဖေဖေ။ သိပ်နံတာပဲ” ဟု ပြောသည်။ လူးဝစ်က လေသံကို တည်ငြိမ်အောင် လျှော့၍ …

“ရှူး၊ အိပ်တော့နော် သမီး”

ထိုအဖြစ်ကို ကြည့်၍ ပတ်စ်ကောင်း သေပြီးနောက် sleepwalking ဖြစ်သော မနက်ဘက်ကို သွားသတိရ၏။ သီးသန့် လူနာဌာနတွင် မိမိပုံစံအား ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီဟု ထင်ကာ သန့်စင်ခန်းထဲ ဝင်၍ ကိုယ့်ကိုယ် ကိုယ် မှန်ပြေးကြည့်မိခဲ့သည်။ သို့သော် ထင်ထားသည်ထက် အများကြီး ပို အဆင်ပြေနေ၏။ သူ့လိုပင် လျှို့ဝှက်ချက်ကို စိတ်ထဲမှာ သိုသိပ်ဖုံးကွယ်ကာ အပူရုပ်ကို ဟန်လုပ် ထားရသူတွေ ဘယ်လောက်တောင် ရှိနေမလဲ မသိ၊ သိ ချင်လှ၏။

အို အခုဟာက လျှို့ဝှက်ချက်မှ မဟုတ်ဘဲ။ ကြောင်ပဲဟာ။

အယ်လီပြောတာ မှန်၏။ ချာ့အနံ့က စူးရှ နံဟောင်လွန်းလှ၏။ သူက အသက်အောင့်၍ ကြောင်ကို အခန်းပြင် ထုတ်ကာ အောက်ထပ်ကို သယ် သွား၏။

သည့်ထက် ဆိုးဝါးသော အနံ့အသက်များ ရှိပါ၏။ ခပ်ရွတ်ရွတ် ပြောရ လျှင် မစင်နံ့သည် ပိုဆိုး၏။ လွန်ခဲ့သော တလလောက်က သူတို့အိမ်ကို ပက်ဖာနှင့် သားများ ကုမ္ပဏီမှ မိလ္လာစုပ်စက်ဖြင့် ကန်လာစုပ်သည်ကို လာ ကြည့်သော ဂျထ်က "ချန်နယ်ဖိုက်ရေမွှေးမှ မဟုတ်တာ လူးဝစ်ရာ" ဟု ပြောခဲ့၏။ အသားပေါ်က ဒဏ်ရာပုပ်သော အနံ့သည်လည်း ဆိုး၏။ ယင်း ကို ဆေးကျောင်းမှာတုန်းက ဆရာဝန်ကြီး ဘရေဆာမန်းက hot flesh ဟု ခေါ်တတ်သည်။ ဆေးဗစ်ကား၏ အိတ်ဇောပိုက်မှ ထွက်လာသော အနံ့ သည်လည်း ဆိုး၏။

သည့်ကြောင်နံ့ကလည်း တမျိုးဆိုး၏။ ဘယ်က ဘယ်လို ထွက်လာသည်မသိ။ ကျန်အိမ်သား သုံးယောက်လုံး အပေါ်ထပ် ရောက်သွားတော့ ကြောင် ကို တံမြက်စည်းဖြင့် အပြင်ဘက် လှည်းထုတ်ခဲ့သည်။ ချာ့ပြန်ရောက် လာ ကတည်းက လက်ဖျားနှင့်ပင် မတို့တာ တပတ်လောက် ရှိပြီ။ အခုတခေါက်က ဒင်းကို ပထမဆုံး ကိုင်ရခြင်း ဖြစ်၏။ ကြောင်က ရောဂါ ရနေ သလိုမျိုး သူ့လက်ထဲမှာ ငြိမ်လိုက်လာသည်။ အိမ်ထဲကို ဘယ်ခွေးတိုးပေါက် က ပြန်ဝင်လာသလဲ မသိ။ ရုတ်တရက် ပတ်စ်ကောင်း မီးဖိုချောင်နှင့် ကားရုံကို ဖောက်ထွင်း ဖြတ်သန်းသွားသော ဟိုတလောက အိပ်မက်ကို ပြန် သတိရသွား၏။ အိမ်ထဲကို ဝင်စရာ ဘယ်ခွေးတိုးပေါက်မျှ မရှိနိုင်။ ချာ့သည် အိမ်နံရံကို တစ္ဆေတကောင်လို ဖောက်ထွင်း ဖြတ်သန်း၍ ဝင်ရောက် လာ ခဲ့ခြင်းပေလော။

"ဟာကွာ အဲဒါတွေ ခေါင်းထဲက ထွက်စမ်း"

သူ့ဘာသာ ခပ်တိုးတိုး ရေရွတ် လိုက်သော်လည်း မဆိုစလောက် ကျယ် သွား၏။ ချာ့က သူ့လက်ထဲမှ ကုတ်ဖွဲ့၍ ရုန်းထွက်တော့ မလားဟု ထင် လိုက်သော်လည်း မဟုတ်။ ပူနွေး၍ နံစော်နေသော ချာ့သည် သူ့မျက်လုံး နောက်က အတွေးများကို လိုက်ဖတ်နေသလို လူးဝစ်မျက်နှာကို ငြိမ်ငြိမ် ကလေး စိုက်ကြည့်နေ၏။ အိမ်တံခါးကို ဖွင့်၍ ချာ့ကို ကားရုံထဲ လွှတ်ပေး လိုက်ပြီး

"သွား သွား၊ ကိုယ့်ဘာသာ ကြွက်လိုက်သတ်ချင် သတ်နေ" ဟု ပြောလိုက်သည်။

ချာ့က တင်ပါးဆုံ ရမ်းတမ်း ရမ်းတမ်းနှင့် ကိုးရိုးကားရား ဆင်းသွား၏။ သူ့ကိုလည်း မျက်လုံးစိမ်းများဖြင့် မုန်းတီး စက်ဆုပ်စွာ တချက် လှမ်းကြည့်လိုက်ပုံ ရသည်။ နောက်တော့ အရက်မူးနေသလို ရိုးတိုးယိုင်တိုင်နှင့် ထွက်သွား၏။

ဂျထ်ရေ၊ ခင်ဗျား နှုတ်လုံပါစေဗျာဟု စိတ်ထဲက တွေးမိသည်။ လက်ဆေး ကန်ဆီ သွား၍ လက်နှစ်ဖက်နှင့် နဖူးကို ခွဲစိတ်မှုတခု ပြုလုပ်ပြီးသလိုမျိုး သေချာ ဆေးကြောလိုက်သည်။ မင်းမှာ အဲဒီနေရာကို သွားရဖို့ ကံပါလာတယ်။ ကောင်းတဲ့ ရည်ရွယ်ချက်ကိုလည်း ရှာတွေ့တယ်။ ကောင်းတဲ့ ရည်ရွယ်ချက်တွေ ဖြစ်မယ့်ပုံလည်း ရတယ်။ ဒါပေမဲ့ မင်းနဲ့ ဆက်နွှယ်လာ လို့သာ လုပ်ရတာ။

ဂျထ်ကို သူ အပြစ်မတင်ပါ။ သူ့စိတ်နှင့်သူ လုပ်ခဲ့ခြင်းဖြစ်၍ ဂျထ်ကို အပြစ်တင်လို့ မရ။ ရေဘုံပိုင်ခေါင်းကို ပိတ်ပြီးနောက် လက်တွေကို တဘက်နှင့်

သုတ်၍ အခြောက်ခံ လိုက်သည်။ ရေသုတ်နေရင်းက လက်ဆေးကန် အထက်ရှိ ပြတင်းပေါက်မှ တဆင့် မှောင်မိုက်နေသော ည ကို ငေးနေမိသည်။

အဲဒီနေရာကို သွားရဖို့ ငါ့မှာ ကံပါလာ သတဲ့လား။ ဟင့်အင်း၊ မပါချင်ပါဘူး။

လူးဝစ်က တဘက်ကို တန်းပေါ် ပြန်လွှားလိုက်ပြီး အပေါ်ထပ် တက်ခဲ့သည်။ ရေချယ်က အိပ်ရာထဲ ရောက်နေပြီ။ စောင်ကို မေးစေ့ရောက်အောင် ခြုံထားပြီး ဂေ့ဂျ်ကို စောင်နှင့် အကျအန ပတ်ပေးထား၏။ သူမက လူးဝစ် ကို တောင်းပန်သလို ကြည့်ကာ

"သူ့ကို ဒီည ဒီမှာပဲ သိပ်မလို့။ ရတယ်မလား ကို။ စိတ်ချရအောင် ဘေး နားမှာပဲ ထားချင်တယ်ကွယ်။ ကိုယ်တွေလည်း အရမ်း ပူနေတယ်"

"မဟုတ်တာ၊ ရပါတယ်။ ကို အောက်ထပ်က ဆိုဖာပေါ် သွားအိပ်ပါ့မယ်"

"ဖြစ်ရဲ့လားဟင်"

လူးဝစ်က

"ဖြစ်ပါတယ် ရေချယ်ရဲ့။ ဒီမှာ အိပ်ရင် ဂေ့ဂျ်ကို ဖိမိမှာ စိုးတယ်။ ကို အောက်မှာ သွားအိပ်တော့ ရေချယ်လည်း စိတ်မပူရတော့ဘူးပေါ့" ဟု ဆို ကာ ပြုံး၍

"ဩော် ဒါနဲ့ ဂေ့ဂျ်ဆီကနေ မင်း အဖျားကူးမှာတော့ သေချာတယ်။ ဘာမှတော့ မဖြစ်ဘူးမလား" ဟု မေးလိုက်၏။ သူမက ပြန်ပြုံးပြကာ ခေါင်းခါ၍

"အယ်လီက ဘာဖြစ်လို့လဲ" ဟု မေး၏။

"ချာ့ကြောင့်ပါ။ အခန်းထဲမှာ မထားချင်လို့တဲ့"

"အယ်လီက ချာ့ကို အခန်းထဲ မထားချင်ဘူး ဟုတ်လား။ ဟုတ်ရော ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ နံလို့တဲ့။ ကိုလည်း ချာ့ဆီက အနံ့နည်းနည်း ထွက်နေတယ် လို့ ထင်တယ်။ သူများတကာရဲ့ မြေဆွေးပုံတို့ ဘာတို့ထဲ လူးလာခဲ့သလားမှ မသိတာ"

"ဆိုးတာပေါ့။ ဂျွန်မက ကို သမီးကို လွမ်းသလို အယ်လီလည်း ချာ့ကို လွမ်းနေမယ်လို့ ထင်နေတာ"

"ဩော် ဩော်"

လူးဝစ်က ရေချယ့်ကို ကုန်း၍ နမ်းကာ

"အိပ်တော့ကွယ်"

"ချစ်တယ် ကိုရယ်။ အိမ်ပြန်ရောက်လာတာ ဝမ်းသာတယ်။ ဆိုဖာပေါ်မှာ အိပ်ခိုင်းရတာ ဆောရီးပဲကွယ်"

"ရပါတယ်"

လူးဝစ်က အခန်းမီး ပိတ်၍ အောက်ထပ်သို့ ဆင်းလာခဲ့၏။ ထို့နောက် ဆိုဖာကို ခေါက်၍ အိပ်ရာပြင်သည်။ အိပ်ရာခင်းပြီးနောက် ဗီရိုထဲက စောင်နှစ်ထည် ထုတ်ကာ ဖြန့်ခင်းသည်။ အကျီလဲရန် ပြင်ရင်း တံ့ခနဲ ရပ်ကာ ချာ့ အိမ်ထဲ ပြန်ရောက် နေသေးသလားဟု တွေးမိ၏။ တပတ်လောက် လျှောက်ကြည့်ဦးမှပဲဟု စဉ်းစားကာ

တံခါးချက်များ အားလုံး ထိုးထားရဲ့လား သေချာအောင် စစ်သည်။ အောက်ထပ် တခုလုံးရှိ ပြတင်းပေါက်များရော တံခါးများကိုပါ စိတ်တိုင်းကျ စစ်ဆေးပြီးနောက် အရာရာကို မှန်မှန်ကန် ကန် ဆောင်ရွက် ပြီးစီးသွားသလို ခံစားရ၏။ ချာ့ကို ဘယ်နေရာမှ မတွေ့။

“ကဲ ဒီည ထပ်တွေ့ရရင် တွေ့ရကြည့်”

သူ မီးပိတ်၍ အိပ်လိုက်၏။

ဆိုဖာအောက်က သံတိုင်နှင့် ကျောကုန်းတို့ ထိမိကြသည်။ မသက်မသာ အိပ်ရသဖြင့် ညလယ်လောက်ကျ နိုးလာဦးမလား မသိဟု စဉ်းစားရင်း အိပ်ပျော်သွား၏။ သို့သော် သူနိုးလာသောအခါ တိရစ္ဆာန် သင်္ချိုင်းအလွန်က သုသာန်မြေထဲ ရောက်နေလေသည်။ သည်တကြိမ်မှာတော့ သူ တယောက်တည်း ဖြစ်နေ၏။ ချာ့ကို သူကိုယ်တိုင် သတ်လိုက်သည်။ နောက်တော့ ဘာကြောင့်မှန်းမသိ ဒုတိယအကြိမ် အဖြစ် အသက်ပြန်သွင်း ဖို့ ဆုံးဖြတ် လိုက်သည်တဲ့။ မည်သည့် အကြောင်းရင်းကြောင့် ထိုသို့လုပ်ရ မှန်း သူလည်း မသိ၊ ဘုရားပဲ သိလိမ့်မည်။ ဒီတခေါက်မှာ တွင်းကို ပိုနက် အောင် တူး၍ မြှုပ်ခဲ့သဖြင့် ချာ့တကောင် သူ့ဘာသာ တူး၍ ထွက်မလာ နိုင်တော့ချေ။ မြေကြီးအောက် တနေရာရာက ကြောင်အော်သံကို သူကြား ရသည်။ အသံက မသိလျှင် ကလေးတယောက် ငိုနေသည့်အလား။ ငိုသံ သည် မြေသားကို ထိုးဖောက် ဖြတ်သန်း၍ ထွက်လာ၏။ အသံရော၊ အနံ့ပါ။ ပုပ်သိုး ဆွေးမြည့်နေသော ရွံ့ရှာ စက်ဆုပ်ဖွယ်ရာ အနံ့အသက်။ ထိုအနံ့ကို ရှူမိတော့ အလေးတုံး တခုခုနှင့် ဖိချလိုက်သလိုမျိုး ရင်ဘတ်တခုလုံး လေးလံလာ၏။ ငိုသံက ဆက်လက် ထွက်ပေါ်နေဆဲ။ ရင်ဘတ်ကလည်းလေးလံ ဖိစီးနေဆဲ။

“လူးဝစ်”

ရေချယ်၏ အလန့်တကြား ခေါ်သံ။

“လူးဝစ်ရေ”

သူမ၏ အသံက ပို၍ ထိတ်လန့်တကြား ဖြစ်လာသည်။ ကြောက်ရွံ့ တုန်လှုပ်နေပုံလည်း ရ၏။ ငိုသံသည် တခုခု တစ်ဆို့ သွားသလိုမျိုး အဆက်ပြတ်၍ တဟွတ်ဟွတ် ဖြစ်လာသည်။ ဂေ့ဂျ်၏ ငိုသံ။

မျက်လုံး ဖွင့်ကြည့်လိုက်တော့ သူ့မျက်လုံးနှင့် တည့်တည့် လေးလက်မပင် မပြည့်သော အကွာအဝေး၌ ချာ့၏ စိမ်းဖန့်ဝါကြင်နေသော ကြောင်မျက်လုံး များကို တန်းတွေ့လိုက် ရသည်။ ကြောင်နှင့် ပတ်သက်သည့် ယုံတမ်း စကားတွေထဲကလို အသက်ထွက်မှာကို စောင့်နေသလိုမျိုး ချာ့က သူ့ ရင်ဘတ်ပေါ်မှာ အကျအန ထိုင်နေ၏။ အပုပ်နံ့က တညောင်ညောင် အော် နေသော ဒင်းဆီမှ လွင့်လာခြင်းပင်။

လူးဝစ်သည် အံ့အားလည်းသင့်၊ ရွံလည်း ရွံ့ကာ အားခနဲ အော်ဟစ်လိုက် ပြီး ကြောက်အား လန့်အားဖြင့် လက်နှစ်ဖက်ကို အားကုန် ဝှေ့ယမ်း ပစ်လိုက်ရာ ချာ့က ရင်ဘတ်ပေါ်မှ ကိုးရိုးကားရား ခုန်ဆင်း၍ သူနှင့် ဝေးရာ သို့ ယိုင်တိုင် ယိုင်တိုင်နှင့် လျှောက်သွားလေ၏။

ဘုရား၊ ဘုရား။ ဒင်းက ငါ့အပေါ် ရောက်နေပါလား။ ငါ့ကို တည့်တည့် ကြီး စိုက်ကြည့် နေတာပါလား၊ မြတ်စွာဘုရား။

နိုးလာမှ ပါးစပ်ထဲ ပင့်ကူဝင်သွားမှန်း သိသွားသလိုမျိုး သည့်ထက်ပို၍ စက်ဆုပ်ရွံရှာ မိလေ၏။ ထိုခဏ၌ အန်ချမိတော့မလိုပင် ဖြစ်သွားသည်။

"လူးဝစ်ရေ"

သူ စောင်ကို ဆွဲဖယ်ကာ လှေကားဆီ ကမူးရှူးထိုး ပြေးချသွား၏။ အိပ်ခန်းမီးက ဖျော့တော့စွာ လင်းနေပြီး ရေချယ်က ညအိပ်ဂါဝန်နှင့် လှေကားထိပ်မှာ မတ်တတ် ရပ်နေ၏။

"သူ အန်ပြန်ပြီ လူးဝစ်ရေ။ ဆို့လည်း ဆို့နေတယ်၊ ကျွန်မ ကြောက်လာပြီ"

"ကို လာပြီ"

ရေချယ့်ဆီ အပြေးလာရင်း ပြောလိုက် သော်လည်း စိတ်ထဲ၌ သူ အထဲ ပြန်ရောက် နေပါလား၊ တနည်းနည်းနဲ့တော့ အထဲ ပြန်ရောက် လာတာပဲ။ ဘယ်ကလဲဟု စဉ်းစားနေမိ၏။ မြေအောက်ထပ်က ဖြစ်နိုင်သည်။ အဲဒီမှာ ကွဲနေသော မှန်ပေါက်တချပ် ရှိနိုင်၏။ တကယ်လည်း ရှိကို ရှိရမည်။ မနက်ဖြန် သွားစစ်ကြည့်ဦးမှ။ ဟာ လခွမ်းတဲ့မှ။ မနက်ဖြန် ငါ အလုပ်သွား ရမှာပဲ။ ရတယ်လေ၊ တနေ့နေ့ စစ်တာပေါ့။

ဂေ့ဂျ်သည် အငိုရပ်ကာ တအင့်အင့်နှင့် ဆို့နင့်နေ၏။ ရေချယ်က

"လူးဝစ် လုပ်ပါဦး" ဟု အော်ဟစ်လိုက်ရာ ဂေ့ဂျ်အနား အမြန် ပြေးသွား လိုက်၏။

ရေချယ် ခင်းပေးထားသော တဘက် အဟောင်း တထည်ပေါ်မှာ ဂေ့ဂျ်၏ အန်ဖတ်တွေ ပွစာကြဲနေ၏။ ဂေ့ဂျ်သည် အန်နေသော်လည်း ထွက်မ လာဘဲ ဆို့နေသဖြင့် အသက်ရှူကျပ်ကာ မျက်နှာကလေး ပြာနှမ်းလာ၏။ လူးဝစ်က သားဖြစ်သူကို လက်မောင်းမှ ပွေ့ယူလိုက်ရာ ဒေါက်တာဒန်တန် တံဆိပ် ဝတ်စုံကလေးထဲက ဂေ့ဂျ်၏ ချိုင်းကလေးများ ပူနွေးနေသည်ကို စမ်းမိ၏။ ဂေ့ဂျ်ကို ကြို့ထိုးခိုင်း သလိုမျိုး သူ့ပခုံးပေါ် တင်၍ ကျောကုန်းကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်သည်။ ထိုအခါ ဂေ့ဂျ်၏ လည်ပင်းထဲက လေတက်ခြင်း မဟုတ်ဘဲ အော့ခနဲ အသံထွက်လာပြီး အဖတ်လိုလို အရာ များကို အန်ချလိုက်ရာ ကြမ်းတပြင်လုံး ပြန့်ကျဲ ကုန်လေ၏။ ပြီးနောက်ဂေ့ဂျ်က ဝါးခနဲ အော်၍ ငိုချလိုက်တော့မှ လူးဝစ်နားထဲ ဂီတသံအလား စိတ် အေး သွားရသည်။ သည်လို ငိုနိုင်ခြင်းမှာ အသက်ဝဝ ရှူနိုင် သွားသော ကြောင့်တည်း။

ရေချယ်က သူ့ခေါင်းသူ လက်နှစ်ဖက်ဖြင့် ဖိ၍ အိပ်ရာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ဆောက်တည်ရာ မရစွာဖြင့်

"သားလေး သေတော့ မလိုပဲနော်။ အမလေး လူးဝစ်ရယ်။ ဘုရား ဘုရား" ဟု တုန်တုန်ယင်ယင် ပြောလိုက်၏။

လူးဝစ်က ကလေးကို ချီရင်း တခန်းလုံး လှည့်ပတ် လျှောက်နေသည်။

ဂေ့ဂျ်သည် ငိုနေရာမှ တအင့်အင့်သာ ရှိုက်ရင်း ပြန်အိပ်ပျော် သွားလေ၏။

"ဆို့နေတာကို သူ့ဘာသာ ရှင်းနိုင်ဖို့ အခွင့်အရေးက ၅၀ ပဲ ရှိတာ၊ ကိုက သူ့ကို ဝိုင်းကူညီ ပေးလိုက်တာ ရေချယ်"

ရေချယ်က မယုံနိုင်စွာဖြင့်

"ဒါပေမဲ့ သားလေး သေမသွားတာပဲ တော်လှပါပြီ။ သေလမ်း နီးနေတာ နော်"

တခုသော အားလပ်ရက်တုန်းက မီးဖိုချောင်ထဲမှာ အော်ခဲ့တာကို ပြန် သတိရ သွား၏။ သူ သေမှာ မဟုတ်ဘူး။ ဘယ်သူမှလည်း သေမှာ မဟုတ်ဘူးတဲ့။

"လူတိုင်းဟာ သေဖို့ နီးကြတဲ့သူတွေချည်း ပါပဲကွယ်"

ဂေ့ဂျ်သည် အစပိုင်းက နို့ရည်များချည်း အန်ခဲ့တာ သေချာ၏။ လူးဝစ် အိပ်ပျော်သွားပြီး တနာရီခန့် အကြာ ညဉ့်လယ်လောက် ရောက်တော့ ဂေ့ဂျ်နိုးလာပြီး ဆာ၍ ငိုသဖြင့် နို့တပုလင်း တိုက်လိုက်သည်ဟု ရေချယ်က ပြောပြ၏။ ရေချယ် အိပ်ချင်မူးတူး ပြန်ဖြစ်လာသည်အထိ ဂေ့ဂျ်က နို့သောက်နေတုန်း ဖြစ်၏။ သို့နှင့် တနာရီခန့် ကြာတော့ ဆို့သလိုလို ကျပ် သလိုလို စဖြစ်လာသည် ဆို၏။

လူးဝစ်က နို့ ထပ်မတိုက်ရဟု ပြောတော့ ရေချယ်က မျက်နှာငယ်လေးနှင့် မတိုက်တော့ပါဟု သဘောတူ လိုက်သည်။ ၂ နာရီထိုးဖို့ ၁၅ မိနစ်အလိုမှာ လူးဝစ် အောက်ထပ်ကို ပြန်ဆင်းလာပြီး ၁၅ မိနစ်လောက် ကြာအောင် ကြောင်ကို လိုက်ရှာသေး၏။ မီးဖိုချောင်နှင့် မြေအောက်ထပ် ကြားက တံခါးက ဟနေသဖြင့် သူသံသယ ဝင်ထားသည့်အတိုင်း ဖြစ်သည်ဟု ယူဆ လိုက်၏။ ထိုအခါ အမေပြောပြဖူးသော ကြောင်တကောင် အကြောင်း သွားသတိရသည်။ ထိုကြောင်သည် တံခါးမပွင့်မချင်း ချက်ကို လက်ဖဝါးနှင့် ကုတ်တတ်၏။ သို့သော် ချာ့ကိုတော့ သည်လိုလုပ်မခံနိုင်။ ပြီးတော့ မြေအောက်ခန်း တံခါးမှာ သော့ရှိသည်။

မီးဖိုအောက်တွင် မှိန်းနေသော ချာ့ကို တွေ့တော့ ဇာချဲ့မနေတော့ဘဲ အိမ်ရှေ့တံခါးမှ တဆင့် အပြင်သို့ ခြေဖြင့် ကလော်ထုတ် လိုက်၏။ ထို့နောက် မြေအောက်ခန်း တံခါးကို ပြန်ပိတ်၍ ဆိုဖာအိပ်ရာဆီ ပြန်လာခဲ့သည်။

ဤတခေါက်တွင်တော့ ချက်ကို ကျအောင် ထိုးခဲ့၏။

****

အခန်း (၂၉)

မနက်ကျတော့ ဂေ့ဂျ်ကိုယ်ပူချိန်က ပုံမှန်နီးပါး ဖြစ်သွား၏။ ပါးပြင်လေးများ ကြမ်းသွားသော်လည်း မျက်လုံးလေးများ တောက်တောက် ပြောင် ပြောင် ပြန်ဖြစ်လာသလို ဘာအဓိပ္ပာယ်မှန်း မသိသော ဝူးဝူးဝါးဝါး စကား များလည်း တပုံတခေါင်းကြီး ပြန်ထွက်လာ၏။ ဂေ့ဂျ်က သူများ ပြော သမျှ အကုန်နီးပါး တုပ၍ လိုက်ပြော၏။ အုတ်ဂျုံယာဂု သောက်နေသော အယ်လီက

"ချီးလို့ ပြော ဂေ့ဂျ်" ဟု ဆိုရာ ဂေ့ဂျ်က ကွေကာမုန့် စားနေရင်းမှ

"ချီး" ဟု ပြော၏။

လူးဝစ်က ဂေ့ဂျ်စားသော ကွေကာမုန့်ကို သကြားပါရုံသာ ခွင့်ပြု၏။ ဂေ့ဂျ်ကတော့ ထုံးစံအတိုင်း ပါးစပ်ထဲ ရောက်တာက တဝက်၊ မွစာကြဲတာက တဝက်။ ဂေ့ဂျ်အပြောကို သဘောကျ သွားသော အယ်လီက တခစ်ခစ် ရယ်ကာ

"အီးပေါက်တယ်လို့ ပြော ဂေ့ဂျ်" ဟု ခိုင်း၏။

ဂေ့ဂျ်က မုန့်တွေ ပေပွနေသော မျက်နှာကို စပ်ဖြဲဖြဲ လုပ်ကာ

"ယီးပေါက်တယ်" ဟု ဆိုသည်။

အယ်လီနှင့် လူးဝစ်က တဟားဟား ထရယ်သော်လည်း ရေချယ်က မရွှင်မပျနှင့် လူးဝစ်ကို ကြက်ဥတွေ လှမ်းပေးရင်း

"ကဲ မနက်ပိုင်းကြီးကို ညစ်ညစ် ပတ်ပတ်တွေ တော်လောက်ပြီနော်" ဟုဝင်ဟန့်၏။

ဂေ့ဂျ်က ပျော်ရွှင် မြူးထူးစွာ "ချီးနဲ့ ယီးနဲ့ ချီးနဲ့ ယီးနဲ့ ချီးနဲ့ ယီး" ဟု သီချင်းလုပ်၍ ဆိုနေလေရာ အယ်လီက ကျိတ်၍ ရယ်သည်။ ရေချယ်လည်း ပြုံးတုံ့ တုံ့ ဖြစ်သွား၏။ ကောင်းကောင်းမွန်မွန် နားလိုက် ရသွားပုံလည်း ရသဖြင့် စိတ်အေး သွားပြီဟု သူထင်၏။ ဂေ့ဂျ်လည်း နေကောင်း သွားပြီ။ အိမ်လည်း ပြန်ရောက်လာကြပြီ။ ရေချယ်က

"အဲဒီလို မပြောရဘူး ဂေ့ဂျ်" ဟု တား၏။ ဂေ့ဂျ်က လေသံ ပြောင်းသွား ကာ

"လှတယ်" ဟု ပြောလိုက်ပြီး စားထားသမျှ ကွေကာမုန့်များကို ခွက်ထဲသို့ ပြန်အန်ချသည်။ အယ်လီက

"အမလေး၊ ရွံစရာကြီး" ဟု အော်၍ စားပွဲဝိုင်းမှ ထပြေး၏။

လူးဝစ်က စိတ်နှင့်ကိုယ် လွတ်သွားသကဲ့သို့ တဟားဟားနှင့် အော်ကြီး ဟစ်ကျယ် ထရယ်သည်။ ရေချယ်နှင့် ဂေ့ဂျ်က ရူးများ သွားတာလား ဟူသော အသွင်ဖြင့် သူ့ကို စိုက်ကြည့်ကြ၏။ တကယ်တော့ လူးဝစ် သူတို့ကို ပြောထား သင့်သည်။

ရူးသွားတာ မဟုတ်ဘူးဟေ့။ ရူးနေတာ ကြာလှပြီ။ အခုပဲ ပြောတော့မလို့။ ဟိုဇာတ်လမ်း ပြီးသွားပြီလား၊ မပြီးသေးဘူးလား သူ မသိ။ ပြီးသွားသလို ခံစားရသည်။ သည်မျှနှင့်ပင် တခန်း ရပ်သွားတာလည်း ဖြစ်မည်။ အနည်းဆုံးတော့ ခဏလောက် ရပ်တန့်နေလေ၏။

****

အခန်း (၃၀)

ဂေ့ဂျ်၏ အဖျားပိုးက တပတ်လောက် နေပြီးမှ အရှင်း ပျောက်သွား၏။ တပတ်လောက် ကြာတော့ လည်ချောင်း နာသည်။ နောက်တော့ အယ်လီ ရော ရေချယ်ပါ နာကြ၏။ ခရစ္စမတ်မတိုင်မီ ကာလအတွင်း သူတို့ သားအမိ သုံးယောက်ခမျာ စကားပြောလျှင် အမဲလိုက် ခွေးအိုကြီးများ အီနေသလို တ ရှီရှီ ဖြစ်နေကြ၏။ လူးဝစ်ကတော့ မခံစားလိုက်ရ။ သူ့အစား ရေချယ် ခံစား လိုက်ရပုံ ပေါ်၏။

တက္ကသိုလ်ကျောင်းက အတန်းချိန်များ၏ နောက်ဆုံး အပတ်သည် လူးဝစ်၊ မာစတာတန်၊ ဆာရန်းဒရားနှင့် ရှားလ်တန်တို့ ဗျာများရသော အချိန် ဖြစ်၏။ အအေးမိသူတော့ မရှိ၊ အနည်းဆုံးတော့ မရှိသေး။ သို့သော် လည်ချောင်းနာ၊ အနမ်းရောဂါဟု ခေါ်သော မိုနိုန်ျူကလီရိုးဆစ်နှင့် သာမန် နမိုးနီးယားကဲ့သို့သော ကေ့စ်တွေကတော့ အများအပြားပင်။

ခရစ္စမတ်အတွက် ကျောင်းမပိတ်ခင် နှစ်ရက်အလိုတွင် မူးရူး၍ ညည်းညူ နေသော တက္ကသိုလ် ကျောင်းသား ခြောက်ယောက်ကို စိုးရိမ် ပူပန်နေသော သူတို့၏ သူငယ်ချင်းများက ခေါ်ဆောင် လာ၏။ ယင်းကြောင့် ပတ်စ် ကောင်း၏ အမှုကို ပြန်သတိရစေသော အခိုက်အတန့် ကလေးများလည်း ပေါ်လာ၏။ ထိုမျောက်လောင်း ခြောက်ကောင်သည် နှင်းလျှော စွတ်ဖားပေါ် တန်းစီထိုင်၍ တောင်အောက်သို့ လျှောစီးကြသော ဟူ၏။ ခြောက်ယောက် မြောက်မှာ ငါးယောက်မြောက်ပေါ် ကုပ်ခွစီးခဲ့သည်ဟု သိရ၏။ အရှိန်မည် မျှ ရှိသလဲတော့ မသိ၊ တောင်စောင်းပေါ်မှ ထိုးဆင်းလာသော နှင်းလျှောစွတ်ဖားသည် ပြည်တွင်းစစ်သုံး အမြောက်ကြီး တလုံးနှင့် ပြေးဆောင့် လေ၏။ ရမှတ်ကား လက်ကျိုးသွားသူက နှစ်ဦး၊ လက်ကောက်ဝတ် လည် သွားသူက တဦး၊ နံရိုးကျိုး သွားသူက ခုနစ်ဦးနှင့် စုံစီနဖာ ရေတွက်မ ရအောင် ကျိုးပဲ့ကုန်ကြလေသော ဟူ၏။ ကုပ်ခွစီးခဲ့သော သူတဦး သာလျှင် မှဲ့တပေါက် မစွန်းခဲ့ချေ။ အကြောင်းမှာ စွတ်ဖားနှင့် အမြောက် တိုက်မိသောအခါ ဖိုးကံကောင်းက လွင့်စဉ်၍ နှင်းတောထဲ ခေါင်းစိုက်ကျ သွားကြောင့်တည်း။ လူအကျိုးအပဲ့များကို ရှင်းလင်း ရသည်မှာ ပျော်စရာတော့ မကောင်းချေ။ ထိုအကြောင်းကို ရေချယ့်အား ပြန်ပြောပြပြီး ရယ်သည့်အခါ သူမက ရယ်ရသည့် အကြောင်းကို သဘောမပေါက်ဘဲ ခပ်စိမ်းစိမ်း သာ ကြည့်နေ၏။ ယင်းသည် မတော်တဆမှု တခုသာ ဖြစ်၍ လူတွေ နာ ကြ၊ ကျင်ကြ၊ ဒုက္ခများကြသော်လည်း ကောင်းသွားကြမှာ ဖြစ်ကြောင်း သူမ ကို ပြောမပြတော့ချေ။ သူ ရယ်ရသည့် အကြောင်းမှာ စိတ်သက်သာရာ ရ သွားသောကြောင့် လည်းကောင်း၊ အောင်အောင်မြင်မြင် ကုသလိုက် နိုင်သောကြောင့် လည်းကောင်း တနေ့တည်း နှစ်ပွဲဆက်တိုက် အနိုင်ရသလို ခံစားရ၍ ဖြစ်သည်။

ဒီဇင်ဘာ ၁၆ ရက်နေ့မှာ အယ်လီတို့ ကျောင်းစပိတ်သည်။ ထိုအချိန်တွင်

မိသားစုဝင်များ၏ လည်ချောင်းနာ ရောဂါလည်း ပျောက်ကင်းစ ပြုလာ၏။ ခရစ္စမတ်ပွဲတော်ကို အိမ်မှာပဲ ဆင်နွှဲရန် ဆုံးဖြတ်ကြသည်။ လဒ်လိုက ဤ အိမ်ကို စတင် ပြောင်းရွှေ့လာစဉ်က စိမ်းတိမ်းတိမ်း ဖြစ်နေခဲ့သော်လည်း အခုတော့ နေနေကျ အိမ်တလုံးလို ခံစားရ၏။ ဩဂုတ်လ၏ တခုသော နေ့မှာ အယ်လီသည် ဒူးပွန်း၍ ဂေ့ဂျ်လည်း ပျားတုပ် ခံခဲ့ရ၏။

ခရစ္စမတ် အကြိုညတွင် ကလေးတွေ အိပ်သွားသောအခါ လူးဝစ်နှင့် ရေချယ်တို့သည် အောက်ထပ်သို့ သူခိုးများလို ခြေသံလုံလုံနှင့် ပြန်ဆင်း လာခဲ့ကြ၏။ လက်ထဲမှာတော့ တောက်တောက်ပပ အရောင်စုံဘူးများ ကိုင်လာသည်။ ယင်းတို့မှာ အရုပ်ကားများကို သဘောကျတတ်သော ဂေ့ဂျ်အတွက် Matchbox ပြိုင်ကားများ ပါသော အရုပ်ဘူး၊ အယ့်အတွက် ဘာဘီနှင့် ခန်းအရုပ်များ၊ အရုပ်အဝတ်များ၊ ဆိုဒ်လွှန် မော်တော်ဆိုင်ကယ် သံပတ်ရုပ် ကြီး တခု၊ မီးသီးတလုံး ထည့်သွင်းထားသော ကစားစရာ မီးဖိုလေး တခုနှင့် အခြား ထွေလီကာလီများ ဖြစ်ကြ၏။ ရေချယ်က ပိုးသား ညအိပ် ဝတ်စုံနှင့်၊ လူးဝစ်က အပေါ်ရုံ အရှည်ကြီးနှင့် နှစယောက်သား ခရစ္စမတ် သစ်ပင်မှ အလင်းရောင်ထဲမှာ ထိုင်၍ ပစ္စည်းများကို အတူတကွ ထုပ်ပိုးကြသည်။ သည့်ထက်ပို၍ စိတ်ချမ်းသာစရာ ညမျိုးကို လူးဝစ် မမှတ်မိတော့။ မီးလင်းဖိုက မီးတောက်များက မီးစိုက်ထားသော ဘုဇပတ်တုံးများပေါ်မှာ ဟိုသည် ခုန်ကူးနေကြ၏။

ချာ့က လူးဝစ်နား လာ၍ ပွတ်သီးပွတ်သပ် လာလုပ်သော်လည်း အနံ့မခံ နိုင်သဖြင့် တွန်းထုတ် လိုက်၏။ နောက်တော့ ချာ့သည် ရေချယ့်ခြေထောက် ဘေးနားမှာ ထိုင်ရန် ကြိုးစား နေသည်ကို တွေ့ရ၏။ သို့သော် သူမကလည်း စိတ်မရှည်စွာဖြင့် “ဟဲ့ကြောင်” ဟု ဆိုကာ တွန်းထုတ်၏။ ခဏကြာတော့ သူမသည် မထိချင်သော အရာကို ထိလိုက်ရသူတို့ လုပ်သည့်အတိုင်း လက်ဖဝါးကို ပေါင်နှင့် ပွတ်နေလေ၏။ သူမကိုယ်သူမ ဘာလုပ်နေမိမှန်း ပင် သတိထားမိပုံ မရဟု လူးဝစ် ထင်သည်။

ချာ့သည် အုတ်သား မီးလင်းဖိုရှေ့သို့ စိမ်ပြေနပြေ လျှောက်လာကာ မီးပုံ ရှေ့၌ ပိုးလိုးပက်လက် ပစ်လှဲလိုက်၏။ သည်ကြောင်မှာ ကျက်သရေဟူ၍ လုံးဝ မရှိတော့။ ထိုအရာအားလုံး ဟိုးတညကတည်းက ပျောက်ကွယ် သွားသည်ဟု မရဲတရဲ တွေးမိ၏။ ပြီးတော့ ချာ့မှာ ပျောက်ဆုံးနေတာ နောက်တခု ရှိသေး၏။ ချာ့သည် ကြောင်လို တညောင်ညောင် နောက်ထပ်မအော်တော့။ ဒါကို သူ သေသေချာချာ သတိထားမိ၏။ ယခင်ကဆိုလျှင် ချာ့အိပ်သောအခါ မော်တာတလုံး လည်ပတ်သလို တခူးခူးနှင့် အသံ အကျယ်ကြီး ထွက်တတ်သည်။ ထိုအသံကြောင့် ကောင်းကောင်း အိပ်မရသဖြင့် အယ်လီအခန်းကို ထထပိတ်ရသည့် ညများ ရှိခဲ့၏။

အခုတော့ ကျောက်ခဲတလုံးလို၊ အသေကောင် တကောင်လို ပိုးလိုးပက်လက် အိပ်နေ၏။ မဟုတ်နိုင်၊ ဆိုဖာပေါ်မှာ အိပ်သော ညက နံစော်သော စောင်တထည်လို သူ့ရင်ဘတ်ပေါ်မှာ တက်ခွေ နေခဲ့သည်။ ပြီးတော့ ထိုညက

တညောင်ညောင် အော်ခဲ့၏။ အသံတော့ ပြုလို့ ရ သေးတာ သေချာ၏။

သို့သော် ကြောင်သည် ဆိုးသွမ်း ကြမ်းတမ်း သွားမှာတော့ မဟုတ်ဟု ဂျထ် သိနေခဲ့သည်။ မဟုတ်လည်း ခန့်မှန်းမိနေခဲ့၏။ ခြံစည်းရိုး နောက်မှာ ကွဲ နေသော မြေအောက်ထပ်က မှန်တချပ်ကို လူးဝစ် ရှာတွေ့သဖြင့် မှန် သမား ခေါ်တပ်လိုက်သည်။ ချာ့သာ ဝင်မလာလျှင် အချိန် အတော်ကြာ သည် အထိ သိမှာ မဟုတ်သောကြောင့် ကျေးဇူးတောင် တင်ရမည်။

အယ်လီက ချာ့နှင့်အတူ မအိပ်ချင်သော်လည်း တခါတလေတော့ တီဗွီ ကြည့်လျှင် ပေါင်ပေါ် ခေါ်သိပ်တတ်၏။ အယ်လီ စက်ဘီးစီးလျှင် ပလတ်စတစ် ရုပ်တွေနှင့်အတူ တင်သွားတတ် သော်လည်း သိပ်မကြာခင် "သွား သွား၊ နံတယ်" ဟု ဆိုကာ မောင်းချတတ်၏။ ဖော်ဖော်ရွေရွေတော့ ပုံ မှန် အစာကျွေး တတ်သည်။ ယခင်က ဂေ့ဂျ် အမြီးသွားဆွဲလျှင် ငြိမ်ခံ သော်လည်း အခုတော့ သူလက်လှမ်း မမီသည့် ရေနွေးငွေ့လွှတ် ကိရိယာ အောက်မှာ သွားဝပ် နေတတ်၏။

ခွေးနှင့် မတူသည်က ကြောင်သည် တသီးတသန့် နေတတ်သော သတ္တဝါ ဖြစ်၏။ တခါတလေ တစုံတယောက် သေမှာကိုပင် ကြိုသိနေတတ်သမအော်တော့။ ဒါကို သူ သေသေချာချာ သတိထားမိ၏။ ယခင်ကဆိုလျှင် ချာ့အိပ်သောအခါ မော်တာတလုံး လည်ပတ်သလို တခူးခူးနှင့် အသံ အကျယ်ကြီး ထွက်တတ်သည်။ ထိုအသံကြောင့် ကောင်းကောင်း အိပ်မရသဖြင့် အယ်လီအခန်းကို ထထပိတ်ရသည့် ညများ ရှိခဲ့၏။

အခုတော့ ကျောက်ခဲတလုံးလို၊ အသေကောင် တကောင်လို ပိုးလိုးပက်လက် အိပ်နေ၏။ မဟုတ်နိုင်၊ ဆိုဖာပေါ်မှာ အိပ်သော ညက နံစော်သော စောင်တထည်လို သူ့ရင်ဘတ်ပေါ်မှာ တက်ခွေ နေခဲ့သည်။ ပြီးတော့ ထိုညက

တညောင်ညောင် အော်ခဲ့၏။ အသံတော့ ပြုလို့ ရ သေးတာ သေချာ၏။

သို့သော် ကြောင်သည် ဆိုးသွမ်း ကြမ်းတမ်း သွားမှာတော့ မဟုတ်ဟု ဂျထ် သိနေခဲ့သည်။ မဟုတ်လည်း ခန့်မှန်းမိနေခဲ့၏။ ခြံစည်းရိုး နောက်မှာ ကွဲ နေသော မြေအောက်ထပ်က မှန်တချပ်ကို လူးဝစ် ရှာတွေ့သဖြင့် မှန် သမား ခေါ်တပ်လိုက်သည်။ ချာ့သာ ဝင်မလာလျှင် အချိန် အတော်ကြာ သည် အထိ သိမှာ မဟုတ်သောကြောင့် ကျေးဇူးတောင် တင်ရမည်။

အယ်လီက ချာ့နှင့်အတူ မအိပ်ချင်သော်လည်း တခါတလေတော့ တီဗွီ ကြည့်လျှင် ပေါင်ပေါ် ခေါ်သိပ်တတ်၏။ အယ်လီ စက်ဘီးစီးလျှင် ပလတ်စတစ် ရုပ်တွေနှင့်အတူ တင်သွားတတ် သော်လည်း သိပ်မကြာခင် "သွား သွား၊ နံတယ်" ဟု ဆိုကာ မောင်းချတတ်၏။ ဖော်ဖော်ရွေရွေတော့ ပုံ မှန် အစာကျွေး တတ်သည်။ ယခင်က ဂေ့ဂျ် အမြီးသွားဆွဲလျှင် ငြိမ်ခံ သော်လည်း အခုတော့ သူလက်လှမ်း မမီသည့် ရေနွေးငွေ့လွှတ် ကိရိယာ အောက်မှာ သွားဝပ် နေတတ်၏။

ခွေးနှင့် မတူသည်က ကြောင်သည် တသီးတသန့် နေတတ်သော သတ္တဝါ ဖြစ်၏။ တခါတလေ တစုံတယောက် သေမှာကိုပင် ကြိုသိနေတတ်သဖြင့်

ရေးခေတ်အီဂျစ် ဖာရိုဘုရင်၊ ဘုရင်မများက ကြောင်များကို မံမီလုပ်ကာ တမလွန်ဘဝ၏ အစောင့်အကြပ်များ အဖြစ် ခေါင်းတလားထဲ ထည့်တတ်ကြသော ကြောင့် သိပ်တော့လည်း အံ့ဩစရာ မရှိ။ ကြောင်သည် ထူးခြား ဆန်းကြယ်၏။

"Bat-Cycle ကို ဘယ်လို လုပ်လိုက်လဲ"

လူးဝစ်က ထုပ်ပြီးသွားသော ပစ္စည်းတခုကို လှမ်းပေးရင်း မေးလိုက်ရာ ရေချယ်က အထုပ်ကို လက်ညှိုး ထိုးပြ၏။ တခြား ပလတ်စတစ်နှစ်ထုပ်၊ သုံးထုပ်လည်း ရှိသဖြင့် ရေချယ်က

"ဟိုဟာတွေက ဘာလဲ" ဟု ပြန်မေးသည်။ လူးဝစ်က ပြုံးကာ

"အပိုပစ္စည်းတွေ"

"ကြည့်လုပ်ဦး၊ ကလေး ဇက်လည်း ကျိုးနေဦးမယ်"

"နောင်ကျ လိုလာမှာပေါ့။ ၁၂ နှစ် ရောက်လာရင် စကိတ်ဘုတ် အသစ် ဝယ်ပေး ရလိမ့်မယ်"

"အမယ်လေး ဖြစ်ရတယ် ဒေါက်တာရယ်"

လူးဝစ်က မတ်တတ်ရပ် ခါးဆန့်လိုက်ရာ ဂျွတ်ခနဲ မြည်သွား၏။

"အရုပ်တွေပဲဟာကို"

"အတူတူပဲ။ မနှစ်က မှတ်မိသေးလား"

ရေချယ် တခစ်ခစ် ရယ်တော့ လူးဝစ် ပြုံးမိ၏။

မနှစ်တုန်းက သူတို့နှစ်ယောက် အစစအရာရာ ပြင်ဆင်ရင်း မနက် လေးနာရီ ထိုးသွား၏။ ခရစ္စမတ်နေ့ မွန်းလွဲပိုင်းကျတော့ အယ်လီက အရုပ်တွေထက် ဘူးခွံတွေကို ပိုသဘောကျ နေသည်။ လူးဝစ်က အယ်လီလေးသံကို တုပကာ"ရွှံ့စရာကြီး သွား"

"အိပ်ရာဝင်ကြရအောင်။ ကို့ကို လက်ဆောင် စောစော ပေးမယ်လေ"

"ဒီမယ် အမိ၊ အဲဒါ ကျုပ် ပိုင်ပြီးသားပါနော်"

"ဆုတောင်းလေ"

ရေချယ်က လက်နှစ်ဖက် အုပ်၍ ရယ်သည်။ ထိုခဏ၌ ရေချယ်သည် အယ်လီတို့၊ ဂေ့ဂျ်တို့လိုပင် သိပ်ကို မြတ်နိုးဖွယ် ကောင်းနေ၏။

"ခဏလေး၊ ကိုလုပ်စရာ တခု ကျန်သေးတယ်"

လူးဝစ်က အိမ်ရှေ့ဧည့်ခန်း ဗီရိုဆီ အပြေးသွားကာ ဘွတ်ဖိနပ် တဖက် ထုတ်လာ၏။ မီးခံသံဆန်ခါကို ဖယ်တော့ ရေချယ်က

"ဘာလုပ်တာလဲ လူးဝစ်ရဲ့" ဟု မေး၏။

"ကြည့်နေ"

မီးလင်းဖိုရှေ့ ဘယ်ဘက်တွင် မီးခိုးရောင် ပြာတွေ အထူကြီး ဖုံးနေ၏။ လူးဝစ်က ဘွတ်ဖိနပ် တဖက်ကို ပြာပုံထဲ ခြေရာထင်အောင် နှစ်သည်။ ထို့နောက် အပြင်ဘက်က အုတ်ခဲတုံးများပေါ် တံဆိပ်ရိုက်သလို လိုက် နှိပ်၏။ ထို့နောက် ဘွတ်ဖိနပ်ကို ဗီရိုထဲ ပြန်ထားကာ

"ကဲ၊ ကြိုက်လား" ဟု မေးတော့ ရေချယ်က တခစ်ခစ် ရယ်ရင်း

"အယ်လီတော့ ရှုံးတော့မှာပဲ" ဟု ဆိုသည်။

ကျောင်းတက်သည့် နောက်ဆုံး နှစ်ပတ်တုန်းက အယ်လီတို့ သူငယ်တန်းမှာ ကောလာဟလတခု ထွက်နေသည်။ ဆန်တာကလော့စ်သည် တကယ်တော့ မိဘများပင် ဖြစ်သည်တဲ့။ လွန်ခဲ့သည့် ရက်အနည်းငယ်က ဘန်ဂါ မောလ်ရှိ Sd Deering ရေခဲမုန့်ဆိုင်မှာ ခပ်ပိန်ပိန် ဆန်တာ တယောက်ကို တွေ့ခဲ့သဖြင့် အယ်လ့်မှာ ထိုစိတ်ကူး ပြန်ဝင်လာ၏။ စင်တာသည်ကောင်တာ တခုပေါ်တွင် ထိုင်၍ မုတ်ဆိတ်ကို ဖယ်ပြီး ချိစ်ဘာဂါ စား နေ၏။

အယ့်အမြင်မှာ မုတ်ဆိတ် အတုကြောင့်ထက် ချိစ်ဘာဂါ စားသည်ကို သံသယ ဝင်သွားတာ လားတော့ မသိ။ စတိုးဆိုင်က ဆန်တာများသည် ဆန်တာကလော့စ် ဘိုးဘိုးကြီးမှ လွှတ်ထားသော ဆန်တာ ကယ်ဆယ်ရေး တပ်မတော်မှ လက်ထောက် အကူများ ဖြစ်ကြောင်း၊ ဆန်တာကလော့စ် ဘိုးဘိုးကြီးမှာ ကလေးများ ပေးပို့သော စာကို ဖတ်၍ ပစ္စည်းများ စုဆောင်း ရင်း အလုပ်ရှုပ် နေသောကြောင့် ဆန်တာ ကိုယ်စားလှယ်များ ခန့်ထားရ ကြောင်း ရေချယ်က ရှင်းပြရ၏။

လူးဝစ်က မီးခံသံဆန်ခါကို ဂရုတစိုက် ပြန်တပ်သည်။ မီးလင်းဖိုထဲမှာ ဘွတ်ဖိနပ် ခြေရာနှစ်ခု ထင်ထင်ရှားရှား ရှိသွားပြီ။ တခုက ပြာပုံထဲမှာ၊ တခုက မီးလင်းဖိုရှေ့မှာ။ ဖိနပ်ဦး နှစ်ခုလုံးက ခရစ္စမတ် သစ်ပင်ဆီ ဦးတည်နေ၏။ အကယ်၍ ထိုခြေရာ နှစ်ခုလုံးမှာ ဘယ်ဘက်များချည်းသာ ဖြစ်ကြောင်း သတိမထားမိဘူး ဆိုလျှင် လှည့်စားချက်မှာ ပြီးပြည့်စုံလှ၏။ အယ်လီက သည်လောက်တော့ ချက်ကျ လက်ကျ တွေးမိမှာ မဟုတ် လောက်ဘူး ထင်သည်။

"ချစ်တယ် လူးဝစ်ရယ်"

ရေချယ်က သူ့ကို နမ်းသည်။ လူးဝစ်က ရိုးသားစွာ ပြုံးကြည့်၍

"မင်းက အောင်နိုင်သူကို ယူထားတာပဲ အချစ်ရဲ့။ ကို့နားမှာပဲ နေစမ်းပါ။ မင်းကို ဖူးဖူးမှုတ် ထားပါ့မယ်"

အပေါ်တက်ရန် ပြင်ရင်း တီဗွီရှေ့က ဘုတ်ပြားပေါ်မှာ အယ်လီ စီသွားသည့် အုတ်ဂျုံ ကွတ်ကီးများနှင့် ရင်းဒင်းမုန့် နှစ်ခုကို လူးဝစ်က လက်ညှိုး ထိုး ပြ၏။ မဲခလော့ဘ်ဘီယာ တဘူးလည်း ရှိသည်။ သူမက စာရွက်ကြီး တရွက်ပေါ်၌ "ဆန်တာက ကွက်ကီးစားမှာလား ရင်းဒင်းစားမှာလား" ဟု ရေးထား၏။ ရေချယ်က

"ရင်းဒင်း" ဟု ဆိုကာ မုန့်တခုယူ၍ တခြမ်း ကိုက်စားလိုက်၏။ လူးဝစ် က ဘီယာဘူးကို ဖောက်ရင်း

"ဘီယာကို ဒီလောက် နောက်ကျတော့မှ သောက်ရင် အစာမကြေ ဖြစ်တော့မှာပဲ" ဟု ဆိုရာ ရေချယ်က

"အဖတ်တွေ ဆိုတော့ ဖြစ်မှာပေါ့" ဟု နောက်၏။

"ကဲ လာ"

လူးဝစ်က ဘီယာဘူးကို ချကာ တခုခုကို မေ့နေသလိုမျိုး သူ့ဝတ်ရုံ အိတ်ကပ်ကို ဟိုသည် လိုက်စမ်း၏။ တညလုံး အိတ်ထဲမှာ ဘူးကလေး တလုံး ရှိနေသည်ကို သတိထားမိသည်။

"ရော့၊ မင်းအတွက်။ အခု ဖွင့်ကြည့်လိုက်။ သန်းခေါင်တောင် ကျော်ပြီပဲ ဟာ။ မယ်ရီခရစ္စမတ်ပါ အချစ်"

ရေချယ်က သူ့မလက်ထဲ ရောက်လာသည့် ငွေရောင်စက္ကူ၊ ဖဲကြိုး အပြာ ရောင်ဖြင့် ထုပ်ထားသော ဘူးလေးကို ကြည့်ရင်း

"ဒါ ဘာလဲဟင်" ဟု မေးရာ လူးဝစ်က ပခုံးတွန့်၍

"ဆပ်ပြာတို့၊ ခေါင်းလျှော်ရည် နမူနာတို့ပါ။ ကို လုံးလုံးမေ့နေတာ" ဟု ဖြေ၏။

သူမက လေ့ကားပေါ်တက်ရင်း ဖြေကြည့်လိုက်ရာ တစ်ဖနီဘူးခွံကို မြင်ရသောအခါ၌ ဟင်ခနဲ ဖြစ်သွား၏။ အံ့အားသင့်၍ နှုတ်ခမ်းနှစ်လွှာ မဆိုစလောက် ပွင့်ဟနေရှာသော ရေချယ်သည် လေ့ကား တဝက်မှာတင် ရပ်၍ ဘူးထဲက ဂွမ်းစများကို ဖယ်ကြည့် လိုက်၏။ လူးဝစ်က မျက်နှာပူစွာဖြင့်

"ဟိုလေ။ မင်း ကြိုက်ရဲ့လား" ဟု မရဲတရဲ မေး၏။

ယခင်က သူမကို လက်ဝတ်ရတနာ တခါမျှ ဝယ်မပေးခဲ့ဖူးချေ။

ဘူးထဲမှ အရာကို ဆွဲထုတ်လိုက်တော့ ရွှေဆွဲကြိုးလေးက သူမ၏ လက်ချောင်းမှာ ချိတ်၍ တန်းလန်း ပါလာ၏။ မိန်ပျပျ အလင်းရောင် အောက်မှာ နီလာ သေး သေးလေးက ပြာလဲ့လဲ့ လင်းနေသည်။

"လူးဝစ်ရယ်။ လှလှချည်လား"

ရေချယ် မျက်ရည် လည်နေသည်ကို တွေ့ရသဖြင့် နှစ်ဦးလုံး ရင် တလှပ်လှပ်နှင့် ကြည်နူး နေမိ၏။

"မငိုပါနဲ့ကွယ်။ ဝတ်ကြည့် လိုက်ပါဦး"

"ကို မတတ်နိုင်တာကို၊ တတ်နိုင်တာလည်း မဟုတ်ဘဲနဲ့ လူးဝစ်ရယ်"

"ရှူး။ မနှစ်က ခရစ္စမတ် ကတည်းက ကို ပိုက်ဆံ ကျိတ်စုထားတာ။ ထင် သလောက်လည်း ဈေးမကြီးပါဘူးကွယ်"

"ဘယ်လောက် ရှိလဲဟင်"

"မပြောဘူး၊ အသေသတ်။ ဒေါ်လာ နှစ်ထောင်"

"နှစ်ထောင် ဟုတ်လား။ ကျွန်မ"

ရေချယ်က ရုတ်တရက် သူ့ကို တင်းကျပ်စွာ ဖက်လိုက်ရာ လေ့ကားမှ ပြုတ်ကျတော့မလို ဖြစ်သွား၏။

"ကို ရှူးနေပြီ"

"ကဲ ဝတ်ပါတော့ဆို"

လူးဝစ်က သူမကို ကူဝတ် ပေးသည်။ ရေချယ်က သူ့ဘက် လှည့်ပြကာ"အပေါ်ထပ် တက်ကြည့် လိုက်ဦးမယ်။ မှန်တောင် ပေါက်သွားမလား မ

သိဘူး”

“ပေါက်ပါစေ။ ကို ကြောင်ကို အပြင်ထုတ်ပြီး မီးလိုက်မှိတ်ဦးမယ်”

ရေချယ်က သူ့ကို စိုက်ကြည့်ကာ

“ချစ်ရည်လူးကြရင်လေ ကျန်တာတွေ အကုန် ချွတ်ပေးမယ်။ ဒါလေးတော့ ဝတ်ထားချင်တယ် ကွယ်”

“ကဲ မှန်သာ မြန်မြန် သွားကြည့်တော်မူပါ”

ရေချယ်က ရယ်သည်။ သူက ချာ့ကို လက်မောင်း တဖက်ဖြင့် ညှပ်၍ ယူလာ၏။ ဒီရက်ပိုင်း ဒင်းကို တံမြက်စည်းနှင့် လှည်းထုတ် ရလောက် အောင် စိတ်အနှောင့်အယှက် မဖြစ်တော့ချေ။ အိမ်ရှေ့တံခါးဆီ ထွက်လာ ရာ လမ်းတလျှောက်လုံး မီးတွေ မှိတ်ပစ်ခဲ့၏။ မီးဖိုချောင်နှင့် ကားရုံကို ဆက်သွယ်ထားသော တံခါးကို ဖွင့်လိုက်သောအခါ အေးစိမ့်သော လေက ခြေချင်းဝတ်ကို ဝေ့ဝဲတိုက်ခတ် လာ၏။

“မယ်ရီခရစ္စမတ် ...”

သူ့စကား တပိုင်းတစနှင့် ရပ်သွား၏။ အကြောင်းမှာ ကြီးသေတကောင် အခင်းပေါ်မှာ လဲသေနေသည်ကို တွေ့လိုက် ရသောကြောင့်တည်း။ ကြီးခေါင်းက အရုပ်ဆိုးစွာ ပျက်စီးနေ၏။ အတောင်တဖက် ပြတ်ထွက်နေ ပြီး ကိုယ်ထည်က မီးကျွမ်းထားသော စက္ကူတရွက်လို ရွှဲ့ပွဲ့နေသည်။ ချာ့က သူ့လက်ထဲမှ ချက်ချင်း တွန့်လိမ်ရုန်းကန်၍ ဆင်းသွားကာ တောင့်ခဲနေသော ကြီးသေကောင်ကို နှုတ်သီးဖြင့် မြိန်ရေယှက်ရေ လိုက်ထိုး၏။ လူးဝစ် ကြည့်နေစဉ်မှာပင် ကြောင်သည် နားရွက်များ ကုပ်ကာ ခေါင်းကို ရှေ့သို့ ဆန့်ထွက်လာသည်။ ချာ့က မျက်ဖြူလန်၍ အသက်ဝိညာဉ် ကင်းမဲ့နေသောကြီးကန်း၏ မျက်လုံးတလုံးကို ဖောက်ထုတ် လိုက်စဉ် လူးဝစ် ခေါင်းယမ်း လိုက်မိ၏။

ချာ့က ကြီးသေကို ထိုးဆွနေစဉ် လူးဝစ်ခမျာ သွေးစများ ပေကျံ၍ မျက်လုံးပေါက် ဟောင်းလောင်းနှင့် ကြီးသေကို ကြည့်ရင်း ခေါင်းတခါခါနှင့် ဖျားချင်သလိုလို ဖြစ်လာ၏။ ဒီလောက်နဲ့ ဘာမှမဖြစ်ပါဘူး။ ဒီထက် ဆိုးတာတွေ မြင်ဖူးသားပဲ။ ဟုတ်တယ်၊ ဥပမာ ပတ်စ်ကောင်း။ သူဆို ပိုဆိုး တယ်၊ အများကြီး ဆိုးတာပေါ့။ သို့သော် ယခု မြင်ကွင်းကြောင့်လည်း စိတ် မချမ်းမသာ ဖြစ်ရ၏။ ခုနက ချစ်ရည်လူးရန် စိတ်လှုပ်ရှား၍ သွေးပူနေခြင်း များလည်း ရုတ်တရက် လျော့ပါး ပျောက်ကွယ် ကုန်၏။ ဘုရားရေ၊ ကြီးက ချာ့လောက်ကို ကြီးတာပဲ။

ဒီကိစ္စကို ရှင်းပစ်ရမည်။ ခရစ္စမတ် မနက်ခင်းမှာ သည်လို လက်ဆောင် ကို ဘယ်သူမှ လိုချင်မှာ မဟုတ်။ ပြီးတော့ ဒါသည် သူ့တာဝန်။ သူ့တာဝန် ရော ဟုတ်ရဲ့လား၊ ဟုတ်၏။ သူမှလွဲ၍ လုပ်ရမည့် တခြားသူ မရှိ။ သူ့ မိသားစု ပြန်ရောက် လာသည့် ညနေကိုပင် ပြန်သတိရ၏။ ထိုစဉ်ကလည်း ချာ့သတ်ထားသည့် ကြွက်သေကောင်ကို ကားတာယာများနှင့် အုပ်လိုက်သည်။

ယောက်ျား တယောက်ရဲ့ စိတ်နှလုံးက ကျောက်ခဲထက် ပိုမာတယ် လူးဝစ်။

ကိုယ်စိုက်တဲ့အပင် ပေါက်ချင်ရင်တော့ ကျောက်သားကို ခွဲထုတ် ဖယ်ရှား ပစ်ရတယ်။

ချာ့က ရှေ့တိုးလိုက် နောက်ဆုတ် လိုက်ဖြင့် အတောင် တဖက်ကို ကိုက်ဖြတ်ဖို့ ကြိုးစားရင်း ငှက်သေကို တဂျွတ်ဂျွတ်နှင့် လောဘတကြီး ကုန်း ကိုက်နေဆဲ။ လူးဝစ်က စိတ်ထဲမှ ဒီလောက်တောင် ဖြစ်လှတာ ကဲဟာဟု ဆဲရင်း ချာ့ကို ခပ်ကြမ်းကြမ်း ပတ်ကန်ပစ်လိုက်၏။ ချာ့သည် လွင့်ထွက်သွားပြီး ဖင်ထိုင်ရက် ပြုတ်ကျ၏။ ထို့နောက် သူ့ကို စိမ်းဖန့်ဝါကြင်သော အရုပ်ဆိုးဆိုး မျက်လုံးများနှင့် ကြည့်ကာ ထွက်သွားသည်။

"စားချင်ဦး"

"လူးဝစ်ရေ၊ လာတော့လေကွယ်"

အိပ်ခန်းဆီက ရေချယ့်ခေါ်သံ ခပ်တိုးတိုး လွင့်ပျံ့လာ၏။

"လာပြီ လာပြီ"

ဒီမှာ အရှုပ်ထုပ်ကို ရှင်းနေရလို့ ရေချယ်ရေဟု စိတ်ထဲက လှမ်းပြောမိ၏။ ကားရုံထဲက မီးခလုတ်ကို စမ်းတဝါးဝါး လိုက်ရှာ၍ ဖွင့်သည်။ မီးဖိုချောင် လက်ဆေးကန်အောက်ရှိ ဗီရိုထဲက ဟက်ဖ်တီအိတ် အစိမ်းတလုံးကို ထုတ်လာပြီး ကားရုံနံရံမှာ ထောင်ထားသော ဂေါ်ပြားကို သွားယူသည်။ ထို့နောက် ငှက်သေနှင့် အတောင်ပံ အပြတ်ကို ကလော်၍ အိတ်ထဲ ထည့် လိုက်ပြီး အိတ်ကို ထုံး၍ ချည်ကာ အမှိုက်ပုံးထဲ သွားပစ်သည်။ အားလုံးပြီးတော့ ခြေချင်းဝတ်တွေ ထုံနေ၏။

ချာ့က ကားရုံတံခါးနားမှာ ထိုင်ကြည့်နေသဖြင့် လူးဝစ်က ဂေါ်ပြားနှင့် ရိုက်နှက်မည့်ဟန် ပြု၍ ခြိမ်းခြောက်လိုက်ရာ လှစ်ခနဲ ထွက်သွားလေသည်။

အပေါ်တက်လာတော့ ရေချယ်က အိပ်ရာပေါ်မှာ လှဲနေသည်။ ခုနက ပြောသည့်အတိုင်း နီလာဆွဲကြိုးမှလွဲ၍ ဘာမှ ဝတ်မထား။ သူမက လေးတွဲ့ စွာ ပြုံး၍

"ဘာလို့ ဒီလောက် ကြာနေတာလဲ ဆရာကြီးရဲ့" ဟု မေး၏။

"လက်ဆေးကန်ပေါ်က မီးသီးကျွမ်းသွားလို့ ဖြုတ်လဲနေတာ"

"လာ"

ရေချယ်က ခပ်ဖွဖွ ပြုံးကာ "ဆန်တာကလော့စ်ကြီး ရောက်လာပြီ" သီချင်းထဲက စာသားကို တိုးတိတ် ညင်သာစွာ ဆို၏။

"မင်း အိပ်ပျော်နေရဲ့လား သူသိတယ်။ နိုးနေရင်လည်း သိတယ်တဲ့။ အဲဒါ ဘာကို ပြောတာလဲ လူးဝစ်"

လူးဝစ်၏ ညအိပ်ဝတ်ရုံရှည် ကျွတ်ကျ သွားသည်။

"မအိပ်ဘဲ နေနေတဲ့ တခုခုကို ပြောတာ ဖြစ်မှာပေါ့။ ဆန်တာ ရောက်မလာခင် အိပ်ပျော်သွားမှ သိရမယ့်ဟာ ဖြစ်ချင်ဖြစ်မယ်။ ဘယ်လို ထင်လို့လဲ"

ရေချယ်က တံတောင်ထောက်၍ ထလိုက်တော့ သူမ၏ ပူနွေးချိုမြသော ဝင်သက် ထွက်သက်ကို ခံစားရ၏။

"မင်းဆိုးလား လိမ္မာလား သူသိတယ်။ လိမ်လိမ်မာမာ နေတဲ့။ ကိုကရော လိမ္မာတဲ့ ကလေးလေး ဖြစ်ခဲ့ရဲ့လားဟင်"

"ဖြစ်ခဲ့တယ် ထင်တာပဲ"

သူ့လေသံက လှုပ်လှုပ်ခတ်ခတ် ဖြစ်လာ၏။

"မြင်ရသလောက် တကယ် လိမ္မာတာကော ဟုတ်ရဲ့လား ကြည့်ရအောင်"

ပုံမှန်ဆိုလျှင် ချစ်ရေယာဉ်ကြောမှာ အတူမျောလွင့် ပြီးသည့်အခါ သူ့ဇနီးနှင့် သူ့ကိုယ်သူရော သူ့ဘဝကိုပါ ကျေနပ်နှစ်သိမ့်စွာ အိပ်စက် သွားတတ်၏။ အခုတော့ ခရစ္စမတ် မနက်ခင်းတွင် ရေချယ်၏ အသက်ရှူသံကို နားထောင် ရင်း လှဲ၍သာ နေမိသော်လည်း အိပ်မပျော်ဘဲ တံခါးဝက ငှက်သေ အကြောင်းသာ စဉ်းစား နေမိ၏။ ချာ့ပေးသော ခရစ္စမတ် လက်ဆောင်။

ငါရှိနေတာ သိထားစမ်း ဒေါက်တာ ခရိဒ်။ ငါရှင်ခဲ့တယ်။ သေခဲ့တယ်။ အခု ပြန်ရှင်လာပြီ။ ဒီသံသရာက ငါ့မှာ လည်နေပြီ။ ကိုယ်စိုက်သမျှ ကိုယ် ပြန်ရိတ်သိမ်း ရမှာပဲ။ ဒါကို မမေ့ပါနဲ့။ အခု ငါဟာ မင်းရဲ့ စိတ်နှလုံးမှာ စိုက်ထားတဲ့ အပင်တပင် ဖြစ်နေပြီ။ မင်းမှာ မင်းရဲ့မိန်းမရော၊ သမီးနဲ့ သားပါ ရှိသေးတယ်။ ပြီးတော့ ငါလည်း ရှိနေတယ်။ လျှို့ဝှက်ချက်ကို သတိရပါ။ ပြီးတော့ မင်းစိုက်ထားတဲ့ အပင်ကို ရှင်သန်အောင် ကောင်းကောင်း ပြုစု ပါ။

ထိုနေရာ အရောက်မှာ သူ အိပ်ပျော်သွား၏။

****

အခန်း (၃၁)

ဆောင်း ရောက်ပြီ။ မီးလင်းဖိုရှေ့မှာ ဆန်တာ့ခြေရာ ကျန်နေခဲ့ကြောင်း အနည်းဆုံး ယာယီ လောက်တော့ အယ်လီ ယုံသွား၏။ ဂေ့ဂျ်က သူ့ လက်ဆောင်ထုပ်တွေကို ဝမ်းသာအားရ လိုက်ဖောက် ကြည့်သည်။ ထိုနှစ် က ကလေးနှစ်ယောက်လုံး အရုပ်များထက် ဘူးတွေ လိုက်ဖောက်ရတာကို ပိုပျော်ကြ၏။

နှစ်သစ်ကူး အကြိုညမှာ ဂျထ်တို့ လင်မယား ရောက်လာပြီး ရေချယ့် လက်ရာ အက်ဂနော့ဖျော်ရည် အားပေးကြ၏။ လူးဝစ် နော်မာ့ကို အကဲခတ်ကြည့်တော့ တခါက သူ မြင်ဖူးသလိုမျိုး ထုတ်ချင်းဖောက် မြင်ရမတတ် ဖြူဖျော့နေ၏။ အဘွား ပြောသည့်အတိုင်း ဆိုလျှင် နော်မာ့နေဝင်ချိန် အစပြု နေပြီ။ သည်စကားလုံးက အဆိုးဝါးကြီး မဟုတ်လောက်ဟု ထင်၏။ အဆစ် ရောင် ရောဂါကြောင့် လက်တွေ ဖောင်းပွကာ ပုံပန်းပျက်ယွင်း နေသည်ကို ဇရာအရေး အကြောင်းများက ဖုံးကွယ်ထားဟန် တူ၏။ ခရန်ဒဲလ် လင်မယားက ဆယ်နာရီဝန်းကျင် လောက်မှာ ပြန်သွားပြီး ခရိဒ်တို့မိသားစု က တီဗွီအတူ ထိုင်ကြည့်ရင်း နှစ်ကူးကြ၏။ ယင်းသည် နော်မာ သူတို့အိမ် သို့ နောက်ဆုံးအကြိမ် ရောက်လာခဲ့ခြင်း ဖြစ်၏။

လူးဝစ်က ဇနီးသည်အတွက် စာအုပ်စင်နှင့် ဗီရိုများ ရိုက်ပေး၏။ ပေါ်ရှေး မိုဒ်တစ်ရုပ် ကိုလည်း တယောက်တည်း တပ်ဆင်ကြည့်သည်။ ဇန်နဝါရီ ၂၃ ရက်မှာ ကျောင်းပြန်ဖွင့်၏။ ထိုအခါ တက္ကသိုလ်ကျောင်းဆီ ပျော်ပျော် ကြီး အလုပ် သွားဆင်းသည်။

နွေဦး စာမေးပွဲရာသီ ပြီးဆုံး သွားကတည်းက ကျောင်းမှာ ပျောက်ချက်သား ကောင်းနေသော အအေးမိရောဂါက တဖန်ပြန်၍ ဖြစ်ပွားလာသဖြင့် အချိန်ပြည့် အလုပ်ဆင်း ရသည်။ တခါတလေ တနေ့ကို ၁၂ နာရီ လောက် ဆင်းရသဖြင့် အိမ်ပြန်ချိန်မှာ မပျော်ရတော့ချေ။

ဇန်နဝါရီ ၂၉ ရက်သို့ ရောက်သော် ရာသီဥတုက တမုဟုတ်ချင်း ပြန်၍ ပူနွေးလာ၏။ တပတ်လောက် နှင်းမုန်တိုင်း ကျ၍ အပူချိန် သုည ဒီဂရီ အောက် ရောက်သွားသေးသည်။ နွေဦးကျလျှင် ဘော့စ်ဘော ပြန်ကစားလို့ ရ မည်ထင်နေသော လက်ကျိုးသွားသည့် လူငယ် တယောက်ကို ပြုစုနေစဉ် စေတနာ့ဝန်ထမ်း သူနာပြု မိန်းကလေး တယောက်က ဆေးခန်းထဲ ခေါင်းကလေး ပြူ၍ ဇနီးသည်ဆီက ဖုန်းဝင်လာသည်ဟု အကြောင်း ကြားသည်။

လူးဝစ်က ရုံးခန်းဆီ ဖုန်းသွားကိုင်တော့ ရေချယ်က ငိုနေသဖြင့် အယ်လီ များ ချော်လဲ၍ လက်တွေဘာတွေ ကျိုး၊ ဦးခေါင်းခွံတွေ ဘာတွေများ အက် သွားလို့လားဟု ထင်ကာ အလန့်တကြား ဖြစ်သွား၏။ စွတ်ဖားစီး၍ ကျိုးပဲ့ ကုန်ကြသော တက္ကသိုလ် ကျောင်းသား တသိုက် အကြောင်းလည်း ခေါင်း ထဲ ရောက်လာ၏။

"ကလေးများ တခုခု ဖြစ်သလား ရေချယ်" ရေချယ်က ပို၍ သည်းထန်စွာ ငိုယိုလျက်

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ကလေးတွေ ဘာမှ မဖြစ်ပါဘူး။ နော်မာလေ၊ နော်မာခရန်ဒဲလ်။ သူ ဒီမနက်ကတင် ဆုံးသွားရှာပြီတဲ့ ကိုရယ်။ မနက်စာ စားအပြီး မနက် ၈ နာရီလောက်လို့ ဂျထ်က ပြောတယ်။ ကိုများ ရှိမလားလို့ အိမ်လာ ရှာသေးတယ်။ ကျွန်မက ပြီးခဲ့တဲ့ တနာရီလောက်ကပဲ ထွက် သွားပြီလို့ ပြောလိုက်တော့ သူ့ခမျာ ချက်ချင်းကို အိုစာသွားတာပဲ ကိုရယ်။

အယ်လီ အိမ်မှာ ရှိမနေလို့ တော်သေးတယ်။ ဂေ့ဂျ်ကလည်း ငယ်သေးလို့ နားမလည်ဘူး"

ထိုသတင်းကို ကြားကြားချင်း လူးဝစ် မျက်မှောင်ကြုတ် သွားသည်။ သူ တကယ်တမ်း စိတ်ပူသွားသည်က ရေချယ် ဖြစ်၏။ ထပ်ဖြစ်ပြန်ပြီ။

သေခြင်းတရားအပေါ် ထားသည့် သဘောထားကိုသာ ရှောင်လွှဲလို့ ရ မည်။ သေခြင်းတရား ကိုတော့ ဘယ်အရာမှ ဖုံးကွယ်ထားလို့ မရ။ ယင်းကို ကလေးများ မသိအောင် လျှို့ဝှက် ထားခြင်းမှာ ဝိတိုရိယခေတ်က ဂုဏ် သရေရှိ လူကြီးမင်းနှင့် အမျိုးသမီးများက လိင်ကိစ္စဟူသည် ရွံရှာ စက်ဆုပ် ဖွယ်ရာ ဖြစ်၍ ကလေးများ မသိအောင် ဖုံးကွယ် ထားရမည်ဟု ယုံကြည် ခြင်းနှင့် တူ၏။

"ဘုရားရေ၊ နှလုံးရောဂါလား"

"မသိဘူး"

ရေချယ်က မငိုတော့ သော်လည်း ရှိုက်နေသေး၏။

"ကို ပြန်လာမှာလားဟင်။ သူက ကို့မိတ်ဆွေပဲဟာ။ အခုချိန်မှာ ကို့ကို လိုအပ်နေမယ်လို့ ထင်တာပဲ"

သူက ကို့မိတ်ဆွေတဲ့။ အခုတော့ ကို့မိတ်ဆွေ ဖြစ်သွားပြီပေါ့ဟု လူးဝစ် တအံ့တသြ တွေးမိ၏။ အသက် ၈၀ လောက်ရှိသော အဘိုးကြီး တယောက်၏ မိတ်ဆွေ ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ သော်လည်း အခုတော့ ဖြစ်နေလေပြီဟု ထင်၏။ သူတို့ နှစ်ဦးကြားမှာ မိတ်ဆွေထက် ပိုသော ရင်းနှီးမှု တခုလည်း ရှိလေသည်။ လူးဝစ်သည် သူ၏ မိတ်ဆွေတယောက် ဖြစ်လာလိမ့်မည်ဟု လူးဝစ် မသိခင်မှာပင် ဂျထ်က အစောကြီး ကြိုသိနေခဲ့ပုံ ရ၏။ ကြောင်ကိစ္စမှာ ဂျထ်က သူ့ဘက်မှာမားမားမတ်မတ် ရပ်တည် ပေးခဲ့သည်။ ဂျထ်၏ ဆုံးဖြတ်ချက် မှန်ချင် မှန် နိုင်သည်။ အကယ်၍ မမှန်ခဲ့တောင် အနည်းဆုံးတော့ စေတနာ ပါခဲ့သည်။ အခုတော့ ဂျထ်ဘက်မှာ သူ ရှိနေပေးရမည်။ အရင်းနှီးဆုံး မိတ်ဆွေ တယောက်၏ ဇနီးသည် အသုဘ အတွက်။

"ကို အခု ပြန်လာမယ်"

လူးဝစ် ထိုသို့သာ ပြောပြီး ဖုန်းချလိုက်သည်။

****

အခန်း (၃၂)

နော်မာသည် နှလုံးရောဂါကြောင့် ကွယ်လွန်ခဲ့ခြင်း မဟုတ်ဘဲ မတော်တဆ ဦးနှောက် လေဖြတ်၍ ကောက်ကာငင်ကာ သေဆုံးသွားခြင်း ဖြစ်သောကြောင့် နာကျင်မှုကိုပင် ခံစား သွားရသလား မသေချာချေ။ ထို ညနေမှာ လူးဝစ်က မာစတာတန့်ကို ဖုန်းဆက်၍ ဖြစ်ပုံကို ပြောပြရာ မာစ တာတန်က ထိုနည်းအတိုင်းသာ ဆိုလျှင် နာတောင် နာလိုက်မှာ မဟုတ်ဟု ဆို၏။

ရေချယ်က ထိုအကြောင်းကို မပြောချင်သလို လူးဝစ်ကိုလည်း သူမဆီ လာအပြောမခံချေ။ အယ်လီက အံ့ဩသွားသော်လည်း သိပ်တော့ စိတ်ညစ် မနေ။ ကျန်းမာ သန်စွမ်းသော ခြောက်နှစ်သမီး တယောက်၏ တုံ့ပြန်မှုမှာ သည်လိုပဲ ဖြစ်နေရမည်ဟု လူးဝစ် ထင်၏။ အယ်လီ သိချင်သည်က နော်မာ သေတော့ မျက်လုံး ပွင့်နေသလား၊ မှိတ်နေသလား ဟူ၍သာ ဖြစ်၏။ ထို မေးခွန်းကို လူးဝစ်က အဲဒါတော့ ဖေဖေလည်း မသိဘူးဟု ဖြေလိုက်သည်။

သည်ဇနီး တယောက်တည်းနှင့် နှစ်ပေါင်း ၆၀ လောက် အတူ အိပ်ခဲ့ရသောကြောင့် ဂျထ်ခမျာ အလွန်တရာ သောကရောက်ရှာ၏။ ထိုနေ့က ၈၃ နှစ် ရှိပြီဖြစ်သော အဘိုးကြီး ဂျထ်သည် ချက်စတာဖီး စီးကရက်တလိပ်၊ ဘီယာတပုလင်းနှင့် မီးဖိုချောင်ထဲ တယောက်တည်း ငူငူကြီး ထိုင်ကာ ခံစားချက်မဲ့သော မျက်ဝန်းများဖြင့် ဧည့်ခန်းကိုသာ တွေတွေကြီး စိုက်ကြည့် နေရှာ၏။

လူးဝစ် ရောက်လာတော့ မော့ကြည့်ကာ "သူတော့ သွားရှာပြီ လူးဝစ်" ဟု စိတ်ထိခိုက် မနေသလိုမျိုး ရှင်းလင်း ပီသစွာ ပြောချလိုက်ပြီး လက်တဖက်ဖြင့် မျက်လုံးကို အုပ်လိုက်သည်။

သူ့ရင်ထဲတွင် ထိုလေသံအတိုင်း ရှင်းလင်း ပီသမနေမှန်း ရိပ်မိသဖြင့် လူးဝစ်က ပွေ့ဖက် ထားလိုက်သော အခါတွင်မူ ဂျထ်သည် စိတ်ကို လျှော့ချ လိုက်ပြီး တသိမ့်သိမ့် ရှိုက်၍ ငိုရှာလေ၏။ ထိုအခါမှ သူ့ရင်ထဲမှာ ရှင်းလင်း သွားလိမ့်မည်မှန်း လူးဝစ် သိနေသည်။ ဒါကို သဘောပေါက်၏။ သူ့ဇနီးသည် ကွယ်လွန် သွားလေပြီ။ ဂျထ်ကလည်း

"ငိုချလိုက် ဂျထ်။ အားရအောင် ငိုလိုက်ချေ။ သူလည်း နည်းနည်းပါးပါးတော့ ငိုစေချင်မှာပဲ။ မငိုရင်သာ အပြစ်တင်နေမှာ"

ဂျထ်က လူးဝစ်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်၍ ရှိုက်ငိုသောအခါ လူးဝစ်ကလည်း ပြန်ဖက်ပေး ထားလိုက်သည်။ ဆယ်မိနစ်လောက် ကြာတော့ သောကမုန်တိုင်း စဲသွားလေ၏။ ပြီးနောက် ဂျထ်ပြောသမျှကို လူးဝစ်က ဆရာဝန်တယောက် အနေနှင့်ရော မိတ်ဆွေ တယောက် အနေနှင့်ပါ သေသေချာချာ နားထောင်ပေးသည်။ ဂျထ်သည် ပြောပြီးသားကိုလည်း ပြန် ပြန်ပြောတတ်၏။ နော်မာ့အမည် ကိုလည်း သက်ရှိထင်ရှား ရှိနေသေးသလို ထည့်ထည့်ပြော၏။ သို့သော် ဂျထ်ထံမှာ ဆောက်တည်ရာ မရဖြစ်နေသည့် လက္ခဏာမျိုး လုံးဝ မတွေ့ရ။

တပတ်တလ မပြောနှင့်၊ တရက်ကလေး တောင် မခွဲခွာဖူးသော သက်ကြီးရွယ်အို စုံတွဲအနေဖြင့် ယင်းမှာ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဟု လူးဝစ် သတိထားမိသော်လည်း သွားလေသူကို အတွင်းစိတ်ထဲမှာ နက်ရှိုင်းစွာ ဆွဲဆုပ် ဖမ်းကိုင်ထားခြင်း ကြောင့်လည်း ဖြစ်နိုင်သည်ဟု ယူဆမိသည်။ အဆုံးမတော့ ဂျထ်သည် သောကပရိဒေဝမီး ပြင်းစွာ လောင်မြိုက် နေသော်လည်း စိတ်ကို သတိကပ်၍ ထိန်းချုပ် ထား နိုင်သည်ဟု ယူဆလိုက်၏။ နှစ်သစ်ကူး အကြိုညတုန်းက နော်မာ့ထံမှာတွေ့ခဲ့ရသည့် ဖြူရော် ဖျော့တော့မှုမျိုး ဂျထ်ထံမှာ လုံးဝမတွေ့ရ။

ဂျထ်က သူ့အတွက် ရေခဲသေတ္တာထဲမှ ဘီယာတဘူး ယူလာပေးသည်။ ငို ထားသဖြင့် ဂျထ်မျက်နှာက နီရဲ မို့မောက်နေ၏။

“စောတော့ စောသေးတယ်။ ဒါပေမဲ့ နေကတော့ ခြံစည်းရိုးပေါ် မေးတင် နေပါပြီ။ ပြီးတော့ ဒီလို အခြေအနေမျိုးမှာ ...”

လူးဝစ်က ဘီယာဘူးကို ဖောက်ရင်း ဂျထ်ကို ကြည့်၍

“ကဲပါ ဒါတွေ ပြောမနေပါနဲ့တော့။ နော်မာ့အတွက် သောက်ကြတာပေါ့”

“အဲဒါ ပိုကောင်းတယ်။ ကြယ်သီးတပ် မထားတဲ့ အနွေးထည် အပေါ်ရုံ ကလေးနဲ့ ဘုရားကျောင်းက ပြန်လာတတ်တဲ့ နော်မာ ၁၆ နှစ်အရွယ်က ပုံ ကို မြင်ရင် မောင်ရင် မျက်လုံး ကျွတ်ကျလောက်တယ်”

လူးဝစ်က ခေါင်းညိတ်၍ ဘီယာဘူးကို အနည်းငယ် မြှောက်ရင်း

“နော်မာ့အတွက်” ဟု ပြောတော့ ဂျထ်က သူ့ပုလင်းကို လူးဝစ်ဘီယာဘူး နှင့် ကလင်ခနဲ မြည်အောင် တိုက်လိုက်သည်။

ဂျထ်သည် မျက်ရည်တွေ ပြန်ကျလာရင်းက ပြုံးလျက် ခေါင်း ညိတ်ညိတ်ဖြင့်

“သူ ငြိမ်းချမ်းနိုင်ပါစေ။ ဘယ်ဘဝ ရောက်ရောက် အဆစ်ရောင်ရောဂါ ကင်းဝေးပါစေ” ဟု ဆုတောင်း၏။ လူးဝစ်က အာမင်ဟု ရေရွတ်ကာ သောက်ကြသည်။

ဂျထ် အမူးသောက်တာကို သည်တခါပဲ သူ မြင်ဖူးသေး၏။ ထို့နောက် ဂျထ်သည် အတိတ်က အမှတ်တရများကို စီကာပတ်ကုံး ပြောလေ၏။ လူးဝစ် သည် ဂျထ်ပြောသမျှကို နားထောင်ရင်း လေးစား ကြည်ညိုလာ၏။

ဂျထ်သည် ဘန်ဂါမြို့ရှိ ဘရွတ်ကင်းစမစ် ရေခဲတိုက်ကို ဖုန်းလှမ်းဆက်ကာ တတ်နိုင်သမျှ အကုန်စီစဉ်သည်။ နောက်ရက် ဆေးရည်စိမ်ဖို့ အ ရောက်လာရန် ရက်ချိန်းယူတာ ရသည်။ အဝတ်အစား တစုံ ထည့် ပေးလိုက်မည် ဆိုတာလည်း ရသည်။ ခေါင်းလျှော် ပေးသလား ဟုလည်း မေး၏။ နောက်ဆုံး လျှော်ခဲ့သည်မှာ တနင်္လာနေ့က ဖြစ်သောကြောင့် သေ ချိန်မှာ ညစ်ပတ်နေပေပြီ။ ယင်းကို ဦးလေး ကားလ်ဆီမှာ “အသံတိတ် အရောင်းအဝယ်” ဟု ခေါ်မှန်း လူးဝစ် သိသည်။ အခုလည်း သုဘရာဇာက ဂျထ်ကို နောက်ဆုံးတကြိမ် ရေချိုးပေးမည့် အကြောင်းနှင့် အခြား ဝန်ဆောင်မှုများကို ပြောပြနေခြင်း ဖြစ်၏။

ဂျထ်က တဖက်လူကို ကျေးဇူးတင်စကား ပြောကာ နားထောင် နေပြန်၏။ သူမကို လှလှပပ ဖြစ်အောင် ခပ်ပါးပါး ပြုပြင်ပေးမည်။ ဂျထ်က ချက်စတာဖီးတလိပ် မီးညှိရင်း

"သူသေပြီမှန်း လူတွေ သိနေတာပဲဟာ။ သိပ်သနေဖို့ မလိုပါဘူး" ဟု ပြော၏။

နာရေးမှာ အခေါင်းပိတ်မည်။ သည့်မတိုင်မီ တရက်မှာတော့ ဧည့်သည် များ ကြည့်ရှုနိုင်ရန် ဖွင့်ထားမည်ဟု ဆို၏။ ၁၉၅၁ ခုနှစ်တုန်းက မြေနေရာ ဝယ်ထားသည့် မောင့်ဟုပ်သင်္ချိုင်းမှာ သင်္ဂြိုဟ်မည်။ သုဘရာဇာ ကြိုတင် ပြင်ဆင်ထားဖို့ မြေကွက်နှင့်ဆိုင်သော စာရွက်စာတမ်းများ ပေးထားမည်။ နော်မာ့နံပါတ်က H-101၊ သူ့မြေနေရာက H-102 ဟု နောက်တော့ ပြောပြ၏။ ဖုန်းချ ပြီးသောအခါ လူးဝစ်အား

"ကမ္ဘာအလှဆုံး သင်္ချိုင်းက ဘန်ဂါမှာ ရှိတယ်။ နောက်တဘူး သောက်ဦးလေ လူးဝစ်ရဲ့။ သောက်ချင်ရင် ပြောပါတယ်။ ခဏပဲဟာ"

နည်းနည်း မူးနေသလို ရှိသဖြင့် ပထမတော့ ငြင်းလိုက်ဦး မလို့ပင်။ သို့သော် မျက်လုံးထဲမှာ ထူးဆန်းသော ပုံရိပ်တခုကို သွားမြင်၏။ ဂျထ်သည် တောထဲမှာ နော်မာ့အလောင်းကို ဆွဲယူရင်း တိရစ္ဆာန်သင်္ချိုင်း နောက်ကွယ်က မစ်မက်သုသာန်ဆီ သွားနေ၏။ ထိုသို့ သွားမြင်လိုက်သည် နှင့် ဖြန်းခနဲ ပိတ်အရိုက်ခံရသလို ဖြစ်ကာ ငေါက်ခနဲ ကောက်ထ၍ ရေခဲသေတ္တာထဲမှ ဘီယာတဘူး သွားယူသည်။ ဂျထ်က သူ့ကို ခေါင်းညိတ် ပြကာ ဖုန်းဆက်ပြန်၏။

ထိုနေ့ညနေ လူးဝစ် အိမ်ပြန်၍ ဆင်းဒ်ဝှစ်ချ်တခုနှင့် စွပ်ပြုတ် တခွက် သောက်၏။ ဂျထ်ကတော့ ညစာစားပွဲမှာ ဟိုပြေးလိုက် သည်ပြေးလိုက်နှင့် အရေးကြီးသော ဝိုင်းကို လိုက်ဧည့်ခံ နေသလိုမျိုး ဇနီးသည်၏ နောက်ဆုံး ခရီးကို စီစဉ်ရင်း အလုပ်များ၍ ကျန်ရစ်ခဲ့သည်။ နာရေးလုပ်မည့် လဒ်လို မြောက်ပိုင်းရှိ မက်သဒစ် ဘုရားကျောင်းနှင့် မောင့်ဟုပ်က သင်္ချိုင်း စီမံခန့်ခွဲ ရေး ရုံးကို ဖုန်းဆက်၏။ အမှန်တော့ သုဘရာဇာလုပ်မည့် ကိစ္စများ ဖြစ် သော်လည်း ဂျထ်ကအလျင် လောကဝတ် လှမ်းပြုခြင်း ဖြစ်သည်။ နောက်တော့ လိပ်စာများ ရေးမှတ်ထားသော စုတ်ပြဲနေသည့် သားရေဖုံးနှင့် စာအုပ် အဟောင်း တအုပ်ကို တမျက်နှာချင်း ကြည့်ကာ သက်ရှိထင်ရှား ကျန်ရှိနေသည့် နော်မာ့ဆွေမျိုးနှင့် သူ့ဆွေမျိုး အနည်းငယ်ကို ဖုန်းလှမ်း ဆက်သည်။ ဖုန်းခေါ်နေသည့် ကြားချိန် အတွင်းမှာ ဘီယာသောက်၍ အတိတ်ကို အမှတ်ရ နေသေး၏။ လူးဝစ်သည် ဂျထ်ကို ကြည့်ရင်း အလွန်တရာ လေးစား ကြည်ညို၍ ချစ်လာ၏။ ဟုတ်သည်။ သူ့နှလုံးသားက အတည်ပြု၏။ ချစ်သည်။

လမ်းတဖက်ရှိ ဂျထ်တို့အိမ်မှာ မီးတွေ ထိန်နေအောင် ဖွင့်ထားသည်။ အိမ်ရှေ့မှာလည်း ကားတွေ အစီအရီ ရပ်ထား၏။ တကယ်တော့ မနက်ဖြန် မှ ရေခဲတိုက်မှာ နာရေး စမည် ဖြစ်သော်လည်း ယနေ့ည ကတည်းက ဂျထ် ကို လာ၍ တတ်နိုင်သမျှ အားပေး နှစ်သိမ့်ကြခြင်း ဖြစ်၏။ သွားနှင့်လေသူကို ရည်စူး၍လည်း

ဝိုင်းဆုတောင်း ပေးကြသည်။ အိမ်နှစ်အိမ်ကြားမှာ ဖေဖော်ဝါရီလေက အေးစိမ့်နေအောင် တိုက်၏။ လမ်းပေါ်မှာလည်း ရေခဲ၍ အကွက် ထနေသည်။ မိန်းပြည်နယ် ဆောင်းရာသီ၏ အအေးဆုံးအပိုင်း ရောက်လာချေပြီ။

ပဂျားမားဝတ်စုံနှင့် အိပ်ရာဝင် အနမ်းခံဖို့ ဆင်းလာသည့် အယ်လီက နော်မာ နတ်ပြည် ရောက်သွား ပြီလားဟု လူးဝစ်ကို မေး၏။ ထိုမေးခွန်းကို တခြားသူ မကြားအောင် သူ့အနား တိုးတိုးလေး ကပ်မေးခြင်း ဖြစ်သည်။ ရေချယ်က နောက်နေ့ကျ ဂျထ်ဆီ သွားပို့ရန် မီးဖိုချောင်ထဲမှာ ကြက်သားမုန့် လုပ်နေ၏။

"အင်း၊ အဲဒါတော့ ဖေဖေလည်း မသိဘူး သမီး"

လူးဝစ်က ပြောပြောဆိုဆို အယ်လီကို ပေါင်ပေါ် တင်လိုက်သည်။ တီဗွီမှာတော့ သေနတ်နှင့် လိုက်ပစ်သည့်အခန်း လာနေ၏။ အယ်လီသည် မိုး ဇက်၊ ယေရှု၊ စိန့်ပေါလ်တို့ အကြောင်းထက် ရော်နယ်မက်ဒေါ်နယ်၊ စပိုက်ဒါ မန်း၊ ဘာဂါကင်းတို့ အကြောင်းကို ပိုသိချင် သိနေလိမ့်မည်။ သူမသည် ဂျူး မိသားစုမှ မိရိုးဖလာအတိုင်း ပေါက်ဖွားလာသည့် မိန်းမနှင့် မက်သဒစ် ခရစ်ယာန် ဘာသာဝင်မှ ဆင်းသက်လာသည့် ယောကျ်ားတို့မှ မွေးလာသူ ဖြစ်၏။ နာနာလောကနှင့် ပတ်သက်သော သူမ၏ စိတ်ကူး စိတ်သန်းများ မှာ ကျိုးကြောင်း ခိုင်လုံမှု မရှိဟု ပြောလို့ ရလောက်မှန်း ယူဆ၏။ ဒီ အကြောင်းတွေ ဒီအရွယ်မှာ ပြောပြလို့ ရနိုင်ပြီလားဟု စဉ်းစားကြည့်တော့ နောက်တောင် ကျနေပြီဟု အဖြေထွက်၏။ သူမအသက်က ငါးနှစ်သာ ရှိ သေး၏။ ဘုရားရေ နောက်ကျတာ မြန်လှချည်လား။ အယ်လီက သူ့ကို ကြည့်နေသဖြင့် တခုခုတော့ ပြောမှဖြစ်မည်။

"ဖေဖေတို့ သေတဲ့အခါ ဘာဖြစ်မယ် ညာဖြစ်မယ်လို့ ယုံကြည်တဲ့လူတွေရှိတယ်။ တချို့ကတော့ နတ်ပြည်ရောက်မယ်။ တချို့ကျတော့ ငရဲပြည်ပေါ့။ တချို့ကျတော့ ကလေး သေးသေးလေးတွေ ပြန်ဖြစ်လာမယ်လို့ ယုံကြည်ကြတယ်"

"ဒါပေါ့။ လူဝင်စားလေ။ တီဗွီမှာ လာတဲ့ ဇာတ်လမ်းထဲက အော်ဒရေရိုစ့် ဖြစ်သလိုမျိုးပေါ့"

အကယ်၍ အယ်လီ အော်ဒရေရိုစ့်ဇာတ်လမ်း ကြည့်ခဲ့သည်ကိုသာ ရေချယ် သိသွားပါက နောက် ဘယ်တော့မှ မကြည့်ရဘူးဟု အော်လိုက် လိမ့် မည်ဟု သူတွေးမိ၏။ အယ်လီက

"ကျောင်းမှာ မာရီ ပြောပြတာ" ဟု ဆိုသည်။

မာရီသည် အယ့်အချစ်ဆုံး သူငယ်ချင်းမ ဖြစ်၏။ မာ့ကို ကြည့် လိုက်လျှင် အမြဲတစေ ညစ်ပတ်၍ အာဟာရ ချို့တဲ့နေပုံ ရသဖြင့် အနာစက်၊ စကာဗီ၊ ပွေး စသည့် ရောဂါတခုခု ရှိနေသလို ထင်ရ၏။ လူးဝစ်နှင့် ရေချယ်က သူတို့နှစ်ဦး ပေါင်းနေကြသည်ကို ဘာမှ မပြောသော်လည်း မာရီ ပြန်သွားလျှင် ရေချယ်က အယ်လီခေါင်းမှာ သန်းတွေ ဘာတွေ တွယ်နေခဲ့ မလား စစ်ကြည့်တတ်၏။

လူးဝစ်က ရယ်၍ ခေါင်းညိတ်ပြတော့ အယ်လီက "မာ့အမေက သူ့ကို

အစီအစဉ်တွေ အကုန် ကြည့်ခိုင်းတယ်လေ”

“အေးပေါ့။ လူပြန်ဝင်စားတာပေါ့။ ဒါပေမဲ့ အဲဒါ သမီးဘာသာ စိတ်ကူးကြည့်တာ မဟုတ်လား။ ကက်သလစ် ဘာသာဝင်တွေ ကတော့ နတ်ပြည်တို့၊ ငရဲပြည်တို့ကို ယုံတယ်။ လင်ဘိုလို့ ခေါ်တဲ့ တနေရာရယ်၊ သန့်စင်ရာဌာနေလို့ ခေါ်တဲ့ တနေရာရယ် ရှိသေးတယ်။ ဟိန္ဒူနဲ့ ဗုဒ္ဓဘာသာဝင်တွေ ကတော့ နိဗ္ဗာန် ဆိုတာကို ယုံကြတယ်”ထမင်းစားခန်းနံရံမှာ အရိပ်ကျလာသဖြင့် ရေချယ်များ လာနားထောင် နေမလား လှမ်းကြည့်လိုက်၏။ မဟုတ်ချေ။ လူးဝစ်က လေသံနိမ့်၍ တလုံးချင်း ပြောပြသည်။

“နောက်ထပ် အများကြီး ရှိသေးတယ်။ ဒါပေမဲ့ ဘယ်သူ ဘာဖြစ်မလဲ ဆိုတာတော့ ဘယ်သူမှ မသိဘူးကွယ့်။ လူတွေက သိတယ် ပြောပေမဲ့ အပြော ပဲ ရှိတာ။ သူတို့ ပြောချင်တာက ကံကို ယုံကြည်တယ် ဆိုတာပဲ။ ကံဆိုတာ ဘာလဲရော သိလား”

“အင်း…”

“ဒီမယ် ဖေဖေတို့ အခု ခုံမှာ ထိုင်နေတယ်နော်။ ဖေဖေ့ခုံက မနက်ဖြန် အထိ ဒီနေရာမှာ ရှိပါဦးမလား”

“ရှိမှာပေါ့”

“ဒါဆို သမီးက ခုံဒီမှာ ရှိနေမယ် ဆိုတာကို ယုံတာပေါ့။ တကယ်လို့ ရှိမယ် ဆိုတာ သေချာရင် ဖေဖေလည်း ယုံမှာပေါ့။ ကံဆိုတာ တခုခု ရှိနေမယ်၊ ရှိနေတယ်လို့ ယုံကြည်ခြင်းပဲ။ ဟုတ်ပြီနော်”

“ဟုတ်ကဲ့”

အယ်လီက သဘောပေါက် သလိုမျိုး ခေါင်းညိတ်သည်။

“ဒါပေမဲ့ မနက်ဖြန်အထိ ဒီနေရာမှာ ရှိနေမယ်လို့ ဖေဖေတို့မှ မသိနိုင်ဘဲ။ ဟောဒီ ခုံအရှုံးက တခုခုကြောင့် ကျိုးပဲ့သွားတယ် ဆိုပါတော့”

အယ်လီက တခစ်ခစ် ရယ်သည်။ လူးဝစ်က ပြုံး၍

“ဖေဖေတို့က အဲဒီလို ဖြစ်မှာတော့ မဟုတ်လောက်ပါဘူးလို့ ယုံကြည်ထားတာကိုး။ ကံဆိုတာ သိပ်ကို ကြီးကျယ်တဲ့ အရာပဲ။ ဘာသာရေးကို တကယ်သက်ဝင် ယုံကြည်သူတွေက ကံနဲ့ သိနားလည်ခြင်းကို အတူတူပဲလို့ယုံကြည်စေချင်ကြတယ်။ ဒါပေမဲ့ ဖေဖေဆို ကိုယ့်ဟာကိုယ်တောင် မယုံဘူး။ ဘာလို့လဲဆိုတော့ အဲဒီ အကြောင်းအရာ အပေါ်မှာ အယူအဆတွေ အများကြီး ရှိနေလို့ပေါ့ကွယ်။ ဖေဖေတို့ သိတာတော့ လူတွေ သေတဲ့အခါ နှစ်ခုပဲ ဖြစ်တယ်။ ဖေဖေတို့ အသက်ဝိညာဉ်နဲ့ စိတ်ကူးတွေက သေ ပုံသေနည်း အလိုက် တနည်းနည်းနဲ့ ကျန်ခဲ့ချင်လည်း ကျန်ခဲ့မယ်။ မကျန် ခဲ့ချင်လည်း မကျန်ခဲ့ဘူး။ အကယ်၍ ကျန်ခဲ့ရင် ပြန်စဉ်းစားလို့ ရမှာပေါ့။ မ ကျန်ခဲ့ရင်တော့ သွားပြီလေ။ ပြီးရောပေါ့”

“အိပ်ပျော်သွား သလိုမျိုးလား”

သူက သေချာ စဉ်းစားကြည့်ကာ

"မေ့ဆေး ပေးလိုက်သလိုမျိုးနဲ့ ပိုတူမယ် ထင်တာပဲ"

"ဖေဖေကရော ဘာကို ယုံကြည်တာလဲဟင်"

ထိုစဉ် နံရံပေါ်က အရိပ် ရွေ့လာသဖြင့် ရပ်လိုက် ရသည်။

အရွယ်ရောက်လာတော့ သေခြင်းတရား သည်သာ အဆုံးသတ်ဟု ယုံထား၏။ သူ့စိတ်ထင် ကောလိပ်ကျောင်းသား ဘဝကတည်းက ဖြစ်မည်။ လူသေကောင် တင်ထားသော ခုတင် များစွာနားမှာ ရှိနေခဲ့ဖူးသော်လည်း အသက်ဝိညာဉ် တခုခု သူ့ကို ဖြတ်သန်း သွားသလို တခါမှ မခံစားရဖူး ချေ။ သို့သော် ပတ်စ်ကောင်း သေတုန်းကရော မဖြစ်ဖူးဘူးလားဟု အတွေး ဝင်လာ၏။ စိတ်ပညာ ပထမတန်းက ဆရာနှင့် သဘောထားချင်း တိုက်ဆိုင်တာတော့ ရှိသည်။ ဂျာနယ်၊ သတင်းစာများကို ပေးပို့တတ်သည့် သေရွာပြန် အတွေ့အကြုံများကပင် နောက်ဆုံးအကြိမ် အဖြစ် သေခြင်း တရားကို အကြောက်အကန် တွန်းလှန်ခြင်းကို ပြသည္တွန်းဆို နေခြင်းများ ဖြစ်နေနိုင်၏။ လူ့စိတ်သည် အဆုံးမဲ့ ကြံစည်စိတ်ကူး နေတတ်သဖြင့် မသေ ချင်သော စိတ်က စွဲမိစွဲရာ လှည့်စား ဖန်တီးထားသော ဟေလူစီနေးရှင်း ပုံရိပ်များ ဖြစ်နိုင်သည်။

ဒုတိယနှစ်တုန်းက ချီကာဂိုမှာ ညလုံးပေါက် အုပ်စုဖွဲ့၍ စာကျက်ကြစဉ် ကလည်း အခန်းဖော် တယောက်နှင့် သဘောထားချင်း တိုက်ဆိုင်တာ ရှိခဲ့သည်။ ယင်းမှာ သမ္မာကျမ်းစာသည် သံသယ ဖြစ်လောက်စရာ အံ့သြဘနန်း ဖြစ်ရပ်ဆန်းများနှင့် ပြည့်နှက်နေပြီး ကျိုးကြောင်း လျော်ညီစွာ ဝေဖန် ပိုင်းခြား တတ်သည့် အခုခေတ်တွင် လုံးဝ ရပ်စဲသင့်သည့် အရာများ ရှိ နေသည်ဟူ၍ ဖြစ်၏။ ပထမတော့ "လုံးဝ ရပ်စဲ"ဟူသည့် စကားလုံးကို ပြောခဲ့သော်လည်း တခြားသူများက တချို့သော ဖြစ်ရပ်ဆန်းများ (ဥပမာ တူရင်းမြို့က သူသေကောင်ပတ်စ ကဲ့သို့သော အရာများ) ရှိနေဆဲဖြစ်သည် ကို ဝိုင်းထောက်ပြသောအခါ လက်လျှော့ခဲ့ရ၏။ ထိုအခန်းဖော်မှာ မီရှီဂန် ပြည်နယ် ဒီးယားဘွန်းမြို့တွင် သားဖွားမီးယပ် အထူးကုဖြစ်ဖို့ စိတ်ကူးနေ သူ ဖြစ်၏။ သူ့အပြောက ဤသို့တည်း။

"ဒါဆို ယေရှုက လာဇရုကို သေရွာကနေ ပြန်ခေါ် လာခဲ့တာပေါ့။ ဒါ လောက်ဆို ရပြီ။ မပြောဘဲနေလို့ ရရင် မပြောတော့ပါဘူး။ ဒီလိုလေ၊ အမြွာ သန္ဓေသားလောင်း တခုက သူ့အမြွာ သန္ဓေသားလောင်းကို သားအိမ်ထဲမှာ တခါတလေ ပြန်ဝါးမျို မိတတ်တယ် ဆိုတဲ့ အယူအဆကို ကြည့်။ အဲဒါက လည်း မမွေးခင်ကတည်းက ဇာတ်တူသား စားတဲ့ မျိုးနွယ်လိုလို ဘာလိုလို နဲ့။ နောက်အနှစ် နှစ်ဆယ်၊ သုံးဆယ်လောက်ကျမှ ဇေးစ့်တို့၊ အဆုတ်တို့ထဲ မှာ သွားတွေ ပေါက်နေပါတယ် ဆိုပြီး ဖြစ်ရော။ ဒါကို ငါသက်သေပြလို့ ရ ရင် ဘာမဆို သက်သေပြလို့ ရပြီ။ ဒါပေမဲ့ သေစာရင်း ကိုတော့ ကြည့်ချင်မိတယ်။ ငါပြောတာ သဘောပေါက်လား။ လာဇရု ဂူသင်္ချိုင်းထဲက ထွက်လာတာကို မေးခွန်း ထုတ်နေတာ မဟုတ်ဘူး။ မူလ သေစာရင်းကိုပဲ ကြည့်ချင်တာ။ ငါပြောနေတဲ့ပုံစံဟာ သောမက ယေရှုကို သံရိုက်ရာချက်ကို လက်နဲ့တို့ကြည့်ရမှ၊ နံဘေးတော်ကို စမ်းကြည့်ရမှ

ယုံမယ်လို့ ပြောနေသလို ဖြစ် နေမှာပဲ။ ငါ့အထင် အဲဒီအုပ်စုထဲမှာ ရှင်လုကာ မဟုတ်ဘဲ သူကမှ တကယ့် သမားတော် ဖြစ်ရမယ်”

သူလည်း ရှုန်ကျန်ရစ်သည်ကို တကယ်မယုံခဲ့။ အနည်းဆုံး ချာ့မတိုင်မီ အထိပေါ့လေ။ လူးဝစ်က အယ်လီကို လေသံနှိမ့်၍ တလုံးချင်း ပြော ပြ၏။

“ဖေဖေတို့ ဆက်ရှိနေဦးမယ် ဆိုတာကို ယုံတာပေါ့။ ဒါပေမဲ့ အဲဒါကို ဘယ်လိုမှန်း ဖေဖေ ပြောမပြတတ်ဘူး။ လူဆိုတာ အမျိုးမျိုးရှိတော့ အမြင်လည်း အမျိုးမျိုးပေါ့။ ဘဝမှာ ကိုယ်ယုံကြည်တာ ကိုယ်ရမှာပဲလို့ ထင်တာ ပဲ။ ဖေဖေကတော့ တို့တွေ အတူတူ ဆက်ရှိနေဦးမယ်လို့ ယုံတယ်။ မစ္စက် ခရန်ဒဲလ်လည်း သူပျော်မယ့်နေရာ ရောက်နေမှာပေါ့”

“သမီးလည်း အဲဒီလိုပဲ ယုံတယ်”

အယ်လီဆီက အံ့ဩသည့် အသံမျိုး ထွက်လာသဖြင့် လူးဝစ်က အနည်းငယ် ကျေနပ်စွာ ပြုံး၏။ နည်းနည်းတော့ အားနာသလိုလို။

“ဖေဖေလည်း ဒီလိုပါပဲ။ ကဲ အခုတော့ အိပ်ချိန်တန်ပြီလို့ ယုံတယ်။ ဆယ် မိနစ်တောင် ကျော်နေပြီ”

သူက အယ်လီကို နှုတ်ခမ်းကို တခါ၊ နှာခေါင်းကို တခါ နမ်းသည်။

“တိရစ္ဆာန်လေးတွေရော ဆက်ရှိနေမယ် ထင်လား ဖေဖေ”

သူက စဉ်းစားမနေဘဲ

“အင်းပေါ့” ဟု ဖြေလိုက်ပြီး အထူးသဖြင့် ကြောင်ပေါ့ဟု ဖြည့်ပြော မိတော့မလို ဖြစ်သွား၏။ ထိုစကားလုံးက သူ့နှုတ်ခမ်းပေါ် ရောက်လာသည့် အခါ အေးခနဲ ခံစားရသဖြင့် အသံအဖြစ် ထွက်မလာချေ။

“ပြီးရော၊ မေမေ့ဆီ သွားအနမ်း ခံလိုက်ဦးမယ်”

“သွား သွား”

အယ်လီ ထွက်သွားရာနောက် လိုက်ကြည့်နေမိစဉ် ထမင်းစားခန်း တံခါး ဝ ရောက်တော့ ပြန်လှည့် ကြည့်ကာ

“အဲဒီနေ့က ချာ့ကို အိပ်မက် မက်တော့ အရူးထပြီး ငိုမိတာ” ဟု ပြော၏။

“မဟုတ်တာပဲကွယ်။ ဖေဖေကတော့ အရူးထတယ်လို့ မထင်ပါဘူး”

“အခုနေ သူသာ သေသွားရင် သမီးတော့ ငိုမိမှာပဲ”

အယ်လီက ပြောပြီးမှ သူ့ဘာသာ သေချာရဲ့လားဟု ပြန်စဉ်းစားနေပုံ ရသည်။ ပြီးမှ သေချာ သွားဟန်ဖြင့်

“ဟုတ်တယ် ငိုမှာ” ဟု ဆိုကာ ရေချယ့်ဆီ ထွက်သွား၏။

*****

အိပ်ရာထဲတွင် ရေချယ်က

“ကိုနဲ့ သမီး ပြောနေတာ ကြားတယ်”

“ရေချယ်က သဘော မတူဘူးပေါ့”

ရေချယ် စိတ်လိုလက်ရ ရှိနေသည့် အခုလိုအချိန်မှာ ပြောတာ အကောင်း

ဆုံးဟု ဆုံးဖြတ် လိုက်သည်။ ရေချယ်က ယခင်ကနှင့် မတူဘဲ ချီတုံချတုံဖြင့်

"မဟုတ်ပါဘူး ကိုရယ်။ အဲဒီလို ပြောတာ မဟုတ်ပါဘူး။ ကျွန်မ ကြောက်လို့ပါ။ ကိုလည်း ကျွန်မအကြောင်း သိသားနဲ့။ ကျွန်မက ကြောက်လာရင် အကြောက်အကန် ငြင်းရောလေ"

ရေချယ် သည်လိုပြောတာ တခါမှ မကြားဖူးချေ။ ရုတ်တရက် မိုင်းကွင်း ထဲရောက်နေသလို ခံစားရသဖြင့် အယ်လီနှင့် ရှိနေစဉ်ကထက် ပို၍သတိထားလိုက်မိ၏။

"ဘာကို ကြောက်တာလဲ။ သေမှာကိုလား"

"ကိုယ့်ကိုယ်ကိုယ်တော့ မဟုတ်ပါဘူး။ မစဉ်းစားတာတော့ ကြာလှပါပြီ။ ငယ်ငယ်တုန်းကဆို ခဏခဏ စဉ်းစားမိတယ်။ အိပ်ရေးတွေလည်း ပျက်တာပဲ။ အိပ်ရာထဲမှာဆို ရေချယ့်ကို အကောင်ကြီးတွေ လာစားကြတော့ မယ်လို့ အိပ်မက်မက်တယ်။ အကောင်ကြီးတွေ အားလုံးကလေ ရေချယ့် အစ်မ ဇဲလ်ဒါနဲ့ သိပ်တူတာပဲ"

ဟုတ်ပြီ။ နောက်ဆုံးတော့ အိမ်ထောင်သက် တလျှောက်လုံး ဒုက္ခပေးလာခဲ့သည့် ဒီကိစ္စဆီ ရောက်လာပြီပဲ။

"သူ့အကြောင်းလည်း ပြောမပြချင်ဘဲနဲ့ကွယ်"

သူ့စကားကြောင့် ရေချယ်က ပြုံး၍ သူ့မျက်နှာကို တို့ထိကြည့်သည်။

"ကိုက သိပ်ချစ်ဖို့ ကောင်းတာပဲ။ ကျွန်မ သူ့အကြောင်း လုံးဝ မပြောဘူး။ လုံးဝလည်း မစဉ်းစားဘူး"

"မင်းမှာလည်း မင်းအကြောင်းနဲ့မင်း ရှိမှာပေါ့"

"ရှိတာပေါ့ကွယ်။ ရှိတာပေါ့"

ရေချယ်က ခဏရပ်၍ စဉ်းစားကာ

"သူသေသွားတာ ကျွန်မ သိတယ်။ ဦးနှောက်နဲ့ ကျောရိုးမကြီး အမြှေး ရောင်ရောဂါနဲ့။ ကျောရိုးမကြီး အမြှေးရောင် ရောဂါတဲ့လေ။ အိမ်မှာ သူ့ ဓာတ်ပုံ လုံးဝ မရှိဘူး"

"မင်းအဖေရဲ့ ဘယ်နေရာမှာလဲတော့ မသိဘူး။ ကောင်မလေး တယောက်ရဲ့ပုံ ရှိတယ်"

"စာကြည့်ခန်းထဲမှာလေ၊ ဟုတ်တယ်။ ကျွန်မ အဲဒီတခုကို မေ့သွားတယ်။ အမေကတော့ သူ့ပိုက်ဆံ အိတ်ထဲမှာ ထည့်ထားတုန်းပဲ ထင်တယ်။ သူက ကျွန်မထက် နှစ်နှစ်ကြီးတယ်။ သူ အဲဒီရောဂါ ဖြစ်တော့ အိမ်နောက် ဘက်က အိပ်ခန်းထဲမှာ။ သူ့ကို ထုတ်မပြဝံ့တဲ့ လျှို့ဝှက်ချက် တခုလို အိမ် နောက်ဘက် အိပ်ခန်းထဲမှာ ထားတာ လူးဝစ်ရယ်။ အဲဒီမှာ သေတော့မလို ဖြစ်နေတာ။ အဲဒီအထဲမှာပဲ သေသွားတာပါပဲ။ သူက၊ သူကလေ။ ဘယ်တော့မှ ထုတ်မပြဝံ့တဲ့ လျှို့ဝှက်ချက်ပဲ"

ရုတ်တရက် ရေချယ်က ဟီးခနဲ ကြူကြူပါအောင် ငိုချလိုက်၏။ လူးဝစ်မှာ

အလန့်တကြား ဖြစ်ကာ ပခုံးကို လှမ်းဖက် ထားလိုက်သည်။

“မငိုပါနဲ့ ရေချယ်ရယ်”

“မငိုနဲ့လို့ မပြောပါနဲ့။ ငိုတာကို မရပ်ခိုင်းပါနဲ့ လူးဝစ်ရယ်။ ဒီတကြိမ်ပဲ ပြောထွက်ဖို့ အင်အား ရှိလို့ပါ။ နောက်တခါ ဘယ်တော့မှ ထပ်မပြော ချင်တော့ဘူး။ ဒီညတော့ အိပ်လို့ ရပါ့မလားတောင် မသိဘူး”

“အဲဒီ လောက်တောင် ကြောက်ဖို့ ကောင်းသလား ကွယ်”

တကယ်တော့ အဖြေကို လူးဝစ် သိပြီးသား ဖြစ်၏။ ယခင်က မဆက်စပ်မိ

ခဲ့သည့် အရာများကိုပင် ဆက်စပ် တွေးယူနိုင်အောင် ရှင်းပြပြီးသား ဖြစ်သည်။ သူမသည် ဘယ်တော့မှ အသုဘကို သွားလေ့မရှိ။ အရင်တုန်းက သူတို့ တိုက်ခန်းကို ပုံမှန် လာလည်သော အယ်လ်လေ့ဂါ ဆိုသည့် ဆေးကျောင်းသားလေး တယောက် ရှိသည်။ ရေချယ်လည်း သူ့ကို သဘောကျ၏။ သူစီးလာသော မော်တော်ဆိုင်ကယ်နှင့် ဘတ်စ်ကား တိုက်မိ ကာ သေဆုံးသွားသော အခါမှာပင် အသုဘကို မသွားခဲ့ချေ။ ထိုနေ့က အအေးမိလို့လား ဘာလား မသိ၊ ရေချယ် အပြင်းအထန် ဖျားခဲ့တာကို ရုတ်တရက် ပြန်မှတ်မိသွား၏။ နောက်နေ့ကျတော့ ပြန်ကောင်း သွားသည်။ နာရေးပြီးတော့ ပြန်သက်သာ လာ၏။ ရေချယ့်အဖျားမှာ စိတ်ကြောင့် ဖြစ်ရမည်ဟု ထိုစဉ်ကတည်းက သူ တွေးခဲ့ဖူးသည်။

“အရမ်း ဆိုးတာပဲ။ ကို မြင်ယောင်ကြည့်လို့ ရတာထက်ကို ပိုဆိုးတယ်။ သူ တဖြည်းဖြည်း အင်အား ဆုတ်ယုတ် လာတာကို တရက်ပြီး တရက် စောင့်ကြည့် နေခဲ့ကြတာ။ ဘယ်သူမှလည်း ဘာမှ လုပ်မပေးနိုင်ဘူးလေ။ သူ့ခမျာ တချိန်လုံး နာကျင် ကိုက်ခဲနေရှာတာ။ သူ့ခန္ဓာကိုယ်က တနေ့တခြား ရွဲ့စောင်း ကောက်ကွေး လာတယ်။ ခါးတွေ ကုန်းလာပြီး ပခုံးတွေ ကျုံ့ကျုံ့ လာတယ်။ သူ့မျက်နှာဆို ပုံပျက်ပန်းပျက် ဖြစ်လာတာများ မျက်နှာဖုံး စွပ်ချလိုက်သလိုပဲ။ လက်ကလေးတွေက ငှက်ခြေထောက်လို သေးသိမ် လာတယ်။ တခါတလေ ကျွန်မ သူ့ကို အစာသွားကျွေး ရတယ်။ သိပ်မုန်းတာပဲ။ ဒါပေမဲ့ ကျွန်မ တခွန်းမှ မငြင်းဘဲ လုပ်ခဲ့တယ်။ နာကျင် တာ ဆိုးလာပြီဆို သူ့ကို ဆေးတွေ စထိုးတော့တာပဲ။ သူ ရှင်နေဦးမယ် ဆို လည်း ဆေးစွဲနေမှာ။ ဒါပေမဲ့ သူ အသက်မရှင်နိုင်ဘူး ဆိုတာ အားလုံးက သိကြပြီးသားပါ။ ဒါကြောင့်ပဲ အားလုံးက လျှို့ဝှက် ထားလိုက် ကြတာပေါ့။ ကျွန်မတို့က သူ့ကို သေစေချင်တာကိုး။ ကျွန်မတို့က သူ့ကို သေစေချင်သတဲ့ ကိုရယ်။ တကယ်တော့ သူ့ကို ဒီလိုဝေဒနာတွေ ဆက်မခံစား စေချင်တာပါ။ ကျွန်မတို့က ခံစားနေရတဲ့သူ မဟုတ်တော့ ဘယ်ကိုယ်ချင်းစာ နိုင်ကြပါ့မ လဲလေ။ အဲဒါကြောင့် သူက ကျွန်မတို့ကို လူစိတ်မရှိတဲ့ သတ္တဝါတွေလို စ ကြည့်လာတယ်။ သူကိုယ်တိုင်လည်း ရွံရှာစရာ သတ္တဝါကြီး တကောင်လို ဖြစ်လာတယ်။ ဘုရား ဘုရား။ အဲဒီအသံကြီး ဘယ်လောက် ကြောက်ဖို့ ကောင်းမှန်း ကျွန်မ သိတာပေါ့”

ရေချယ်က လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထား လိုက်၏။

"ကြောက်ဖို့ မကောင်းပါဘူးကွယ်"

"ကောင်းတယ်။ သိပ်ကြောက်ဖို့ ကောင်းတယ်"

"ရေချယ်ပြောတာ မှန်ပါတယ်။ နာတာရှည် အဖျား ရောဂါသည်တွေဟာ မကြာခဏ ဆိုသလို တခုခုကို ဆာလောင်နေတဲ့ စိတ်မချမ်းသာစရာ သတ္တဝါကြီးတွေ ဖြစ်လာကြတာပဲ။ နာတာရှည် ရောဂါ ဝေဒနာသည်တွေ ဟာ သနားစရာပါကွယ်။ အိပ်ရာထဲ လဲနေတဲ့သူရဲ့ တင်ပါးမှာ အပူနာတွေ စ ပေါက်လာတဲ့အခါ အမလေး အဘလေး တနေရတာ။ ဘယ်လိုလုပ် ခံနိုင်ပါ့ မလဲ။ ဒါပေမဲ့ အဲဒီ အခြေအနေမှာ ဘယ်သူ့ကိုမှလည်း အကူအညီ တောင်း လို့ မရဘူးလေ"

ရေချယ်က သူ့ကို အားကိုးတကြီး မော့ကြည့်ပြီးမှ မယုံကြည်သလို အရိပ်အယောင်မျိုး မျက်နှာပေါ်ဖြတ်ပြေးသွား၏။

"ကိုက ဖော့ပြောနေတာပါ"

လူးဝစ်က နှစ်ခြိုက်စွာ ပြုံး၍

"ကို့ကျောင်းစာအုပ်တွေ ပြရမလား။ ဆူဆိုက်လုပ်ခြင်းရဲ့ ဝိသေသ လက္ခဏာတွေကို ကြည့်ချင်လား။ အိမ်မှာ သေလုမြောပါး ရောဂါသည် တယောက်ကို ပြုစုနေရတဲ့ မိသားစုတွေမှာ ရောဂါသည် သေပြီး ခြောက်လ အတွင်း ဆူဆိုက်လုပ်တတ်တဲ့ ဝိသေသ လက္ခဏာတွေ တွေ့ရတတ်တယ် တဲ့"

"ဆူဆိုက် ဟုတ်လား"

"အိပ်ဆေး သောက်သေတာ၊ ဂတ်စ်ငွေ့ရှူတာ၊ သေနတ်နဲ့ပစ် အဆုံးစီရင်တာ မျိုးတွေပေါ့။ သူတို့ရဲ့အမုန်း၊ ပင်ပန်းမှု၊ စက်ဆုပ်ရွံရှာမှု၊ ဝမ်းနည်းမှု တွေက အစပြုပြီး"

လူးဝစ်က ပခုံးတချက် တွန့်ကာ လက်သီးဖွဖွ ဆုပ်၍

"ကျန်ရစ်သူတွေက ငါတို့လည်း ဆူဆိုက် လုပ်သွားရ ကောင်းမလားဆိုတဲ့ခံစားချက်တွေ စဖြစ် လာတတ်ကြသတဲ့။ ဒီလို ခံစားချက်တွေနဲ့ ဘဝကို ရှေ့ဆက်လျှောက် ကြရတာပဲ"

ရေချယ်၏ မို့တို့တို့ မျက်နှာမှာ စိတ်သက်သာရာ ရသွားဟန် တူ၏။

"သူက သိပ်အကဲစမ်းတာ။ တခါတလေ အိပ်ရာထဲမှာ တမင် သေးပေါက်ချတယ်။ ပထမတော့ အမေက ရေအိမ်သွားချင်ရင် ပြောဆိုပြီး လိုက်ကူပေးတယ်။ နောက်ပိုင်း လဲရာက မထနိုင်တော့တဲ့အခါ သေးအိုး ယူထားမလား ဆိုတော့ ဟင့်အင်းတဲ့။ ပြီးတော့ အိပ်ရာထဲမှာ ပေါက်ချရော။ အဲဒီကျရင် အမေ ဒါမှမဟုတ် အမေနဲ့ ကျွန်မက အိပ်ရာခင်းတွေလည်း လဲ ပေးရတယ်။ သူက မတော်တဆပါလို့ ပြောပေမဲ့ မျက်လုံးထဲမှာ မထီတရီ ပြုံးနေတာ အသိသာကြီး လူးဝစ်ရယ်။ အဲဒီတော့ တခန်းလုံး သေးနံ့ရယ်၊ သူ့ကို ထိုးတဲ့ Jh Smith Brothers' Wild Cherry ချောင်းဆိုး ပျောက်ဆေးနံ့ လိုလို ဆေးနံ့ရယ် အမြဲတမ်း မွှန်ထူနေတာပဲ။ တချို့ညတွေဆို ကျွန်မ လန့် နိုးတယ်။ အခုလည်း အဲဒီချောင်းဆိုး ပျောက်ဆေးနံ့ ရရင် ကျွန်မစိတ်ထဲမှာ ဇဲလ်ဒါ တကယ် သေသွားတာ

ဟုတ်ရော ဟုတ်ရဲ့လားလို့ တွေးမိတယ်”

ရေချယ်က အသက်တချက် ပြင်းပြင်း ရှူလိုက်သောအခါ လူးဝစ်က သူမ လက်ကို ကိုင်၍ လက်ချောင်းလေးများကို ခပ်တင်းတင်း ဆုပ်ပေး ထား မိသည်။

“သူ့ကို အဝတ်လဲပေးတော့ ကျောကုန်းဟာ အဖုဖု ထပြီး တွန့်လိမ် ရွဲ့စောင်းနေတာပဲ။ သူသွားတော့မှာ။ သူ့ဖင်ကလေ ကျောကုန်းအလယ်ထိ တွန့်တက် လာသလိုပဲ”

ရေချယ့် အငိုမျက်လုံး ကလေးများက အခုတော့ အိပ်မက်ဆိုးကို ပြန် သတိရ သွားသော ကလေး တယောက်၏ ကြောက်လန့်တကြား အမူအရာ ဖြစ်သွားသည်။

“တခါတလေ သူ ကျွန်မကို သူ့လက်နဲ့ လာကိုင်ရင် ကျွန်မလေ မလုပ်ပါ နဲ့လို့ အော်ငို မိတော့မလိုပဲ။ တခါကဆို သူ့ကို စွပ်ပြုတ် တိုက်နေတုန်း ကျွန်မလက်ပေါ် အရည်တွေ ဖိတ်ကျ ကုန်တယ်။ သူက ကျွန်မ မျက်နှာကို လာထိတော့ ကျွန်မလေ ကိုယ့်ပါးကိုယ် ပြန်ချမိလိုက်တယ်။ သူက ပြုံးပြုံး ကြီး ကြည့်နေတာ တွေ့တော့ ကျွန်မ အသည်းအသန် အော်ငိုတော့တာပဲ။ သေခါနီးတော့ ဘာဆေးမှ မတိုးတော့ဘူး။ သူ တယောက်တည်း အော်ဟစ်နေတာ။ သူ့အရင် ပုံစံကိုလည်း ဘယ်သူမှ မမှတ်မိတော့ဘူး။ အ မေတောင် မသိတော့ဘူး။ သူကလေ အိမ်နောက်ဘက် အိပ်ခန်းထဲမှာ မုန်းတီး ရန်လိုပြီး အော်ဟစ်နေတဲ့ အရာတခုပဲ။ ကျွန်မတို့ ထုတ်မပြဝံ့တဲ့ လျှို့ဝှက်ချက်ပေါ့”

ရေချယ်က တံတွေး တချက် မျိုချလိုက်ရာ ဂလုခနဲ မြည်သွား၏။

“သူ့ရဲ့နောက်ဆုံး အချိန်မှာ မိဘတွေ အနားမှာ မရှိဘူး။ သိလား သူလေ”

ရေချယ်သည် ဖွင့်ဟဖို့ အလွန်တရာ အားတင်း ထားရသော အမူအရာဖြင့်

“သူသေတော့ အဖေတို့ အမေတို့ အနားမှာ မရှိဘူး။ ကျွန်မကတော့ ရှိနေ ခဲ့တယ်။ အဲဒီအချိန်က ပါစကားပွဲတော်ရာသီမို့ မိတ်ဆွေတွေဆီ ခဏ သွား ကြတယ်။ သိပ်လည်း မကြာပါဘူး။ ကျွန်မက မီးဖိုချောင်ထဲမှာ မဂ္ဂဇင်း ဖတ်နေတာ။ တကယ်တော့ စောင့်ပေးနေတာပေါ့။ သူက တအော်တည်း အော်နေတော့ နောက်တခါ အော်ရင် ဆေးတိုက် ရအောင်လို့။ သူအော်တာ ကြားရတာ လိပ်ပြာလွင့်မတတ်ပဲ။ အဲဒီလို အော်နေတော့ ဘယ်လိုမှ စာဖတ်လို့ မရဘူး။ နောက်လည်းကျရော ဇဲလ်ဒါက အအော် ရပ်သွားတယ်။ ကျွန်မက ရှစ်နှစ်ပဲ ရှိသေးတာလေ ကိုရယ်။ ညတိုင်းလည်း အိပ်မက်ဆိုး တွေ မက်တယ်။ ကျွန်မကျောကုန်းက ဖြောင့်နေလို့၊ ဘာဝေဒနာမှ မခံစားရ လို့၊ လမ်းမလျှောက်နိုင်လို့၊ လူကောင်း ပကတိအတိုင်း နေနိုင်လို့များ သူကျွန်မကို မုန်းနေလား မသိဘူးလို့ တွေးမိလာတယ်။ ကျွန်မကိုလည်း သတ် ပစ်ချင်မှာပဲလို့ စဉ်းစားမိတယ်။ ဒါတွေဟာ ကျွန်မရဲ့ စိတ်ကူး သက်သက် ချည်း ပါပဲလို့ အခု ဒီညအထိကို မထင်မိဘူး ကိုရယ်။ သူ ကျွန်မကို တကယ် မုန်းနေတာလို့ပဲ ထင်တယ်။ သူ ကျွန်မကို သတ်မှာတော့ မဟုတ်ပေမဲ့ ကျွန်မရဲ့ ခန္ဓာကိုယ်ကို တနည်းနည်းနဲ့ သိမ်းပိုက်ချင် နေမှာပဲ။

နတ်သမီး ပုံပြင်တွေကလို လူစားလဲလို့ရရင် လုပ်မှာပဲလို့ ထင်တယ်။ သူ အော်တာ ရပ် သွားတော့ အဆင်ပြေရဲ့လား၊ ခုတင်ပေါ်တွေ ဘာတွေကများ ပြုတ်ကျနေမ လားလို့ ကျွန်မ သွားကြည့်တယ်။ ကျွန်မ အခန်းထဲ ဝင်ပြီး ကြည့်လိုက်တော့ သူက သူ့လျှာသူ ပြန်ကိုက်ဖြတ်ပြီး မျိုချလိုက်ပုံပဲ။ လည်ချောင်းဆို့ပြီး သေမ လို ဖြစ်နေတယ်”

ရေချယ့်လေသံ အနိမ့်အမြင့်က တက်သွားလိုက်၊ ကျသွားလိုက်နှင့် မျက်ရည်များလည်း ဝဲကာ ကလေးငယ် တယောက် ကြောက်ကြောက် ရွံ့ရွံ့ နှင့် အပြစ်ကို ဝန်ခံနေသလိုမျိုး သူ့အတွေ့အကြုံကို ရင်ဖွင့်လေ၏။

“ကျွန်မ ဘာလုပ်ရမှန်း မသိဘူး။ ရှစ်နှစ်ပဲ ရှိသေးတာကိုး”

“မဟုတ်တာ၊ ရေချယ်လည်း ဘာမှ လုပ်ပေးလို့မှ မရဘဲ”

လူးဝစ်က ရေချယ့်ကို ဆွဲ၍ ဖက်ထား လိုက်သောအခါ သူမက ရေကန် အလယ်မှာ ရေမကူးတတ်ဘဲ လေ့မှောက်သွားသူလို အားကိုးတကြီး ပြန် ဖက် ထားလေ၏။

“အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ရေချယ့်ကို တယောက်ယောက်က အပြစ်တင် ခဲ့သလား”

“ဟင့်အင်း၊ ဘယ်သူမှ ရေချယ့်ကို အပြစ်မတင်ပါဘူး။ ဘယ်သူမှလည်း ဒီ ထက် ပိုကောင်းအောင်မှ မလုပ်နိုင်ဘဲ။ ဒါကြီးကို ဘယ်သူမှ မပြောင်းလဲနိုင်ဘူး။ မဖြစ်အောင်လည်း လုပ်မပေးနိုင်ဘူး။ သူက လျှာကို မျိုချထားတာမဟုတ်ဘူး ကို။ သူက အသံနက်ကြီးနဲ့၊ ဘယ်လို အသံကြီးမှန်း မသိဘူး။ ဂါး ဆ5”

စိတ်ဖိစီးနေသည့်ကြားမှ ရေချယ်က ထိုနေ့က ဇဲလ်ဒါ အသံထွက်သလိုမျိုး တုပ၍ လုပ်ပြသည်။ လူးဝစ်စိတ်ထဲမှာ ပတ်စ်ကောင်းကို ဖျတ်ခနဲ သတိရ ကာ ဇနီးသည်ကို တင်းတင်း ပွေ့ဖက် ထားမိ၏။

“တံတွေးတွေကလည်း မေးစေ့ကနေ စီးကျနေတာ”

“တော်လောက်ပါပြီ ရေချယ်ရယ်။ ရောဂါ လက္ခဏာတွေကို ကို သိပါတယ်”

ရေချယ်က ခေါင်းမာစွာ

“ကျွန်မက ရှင်းပြနေတာ။ နော်မာ့အသုဘကို ကျွန်မ ဘာလို့ မသွားနိုင်တာလဲ ဆိုတာကို ရှင်းပြနေတာလေ။ တခု ရှိသေးတယ်။ ဟိုးတလောက ကျွန်မတို့ နှစ်ယောက် မိုက်မိုက်မဲမဲ ရန်ဖြစ်ခဲ့ရတဲ့ အကြောင်းရင်းကိုရောပဲ”

“ရှုး အဲဒါကို မေ့တောင် နေပါပြီကွာ”

“ကျွန်မကတော့ မမေ့နိုင်ဘူး။ ကောင်းကောင်းကြီးကို မှတ်မိတယ်။ မှတ်မိတာမှ ဇဲလ်ဒါ အသက်ရှူကျပ်ပြီး သေသွားတဲ့ ၁၉၆၅ ခုနှစ် ဧပြီ ၁၄ ရက်နေ့ကလိုပဲ”

အခန်းထဲမှာ ခဏလောက် တိတ်ဆိတ် သွား၏။ နောက်ဆုံးမှာတော့ ရေချယ် ဆက်ပြောလေ၏။

“မှောက်လျက် လဲနေတဲ့ သူ့ကို ကျွန်မ သွားပုတ် ကြည့်တယ်။ ခြေထောက်

တွေက လိမ်ကောက်နေပြီး ခြေဖဝါးက တဆတ်ဆတ် တုန်နေတယ်။ ပြီးတော့ လေလည်သလိုမျိုး အသံတခု ထွက်လာတာ မှတ်မိတယ်။ ဒီတော့ ကျွန်မပဲ လေလည် မိတာလား၊ သူပဲ လေလည် လိုက်တာလားလို့ တွေး

လိုက်မိတယ်။ ဒါပေမဲ့ လေလည်တာ မဟုတ်ပါဘူး။ ကျွန်မအင်္ကျီနဲ့ လက်နဲ့ ပွတ်မိပြီး ထွက်လာတဲ့ အသံပါ။ သူ့ကို ပက်လက်လှန် ပေးလိုက်တဲ့အခါ တုန်လှုပ်လာတယ်။ သူ့မျက်နှာက ခေါင်းအုံးတွေထဲ ပြန်နစ်ဝင်သွားတော့ ကျွန်မစိတ်ထဲမှာ ဖဲလ်ဒါ အသက်ရှူ ကျပ်နေတာပဲ။ လူကြီးတွေ အိမ်ပြန် ရောက်လာရင် ငါက ဖဲလ်ဒါ့ကို အသက်ရှူကျပ်အောင် လုပ်ပြီး သတ်လိုက်တာလို့ ပြောကြတော့မယ်လို့ တွေးတယ်။ နင် ဖဲလ်ဒါ့ကို မုန်းနေတာလေ ရေချယ်၊ နင် သူ့ကို သေစေချင်တာ မဟုတ်လားလို့ ပြောကြမှာပဲ။ မှန်လည်း မှန်နေတာကိုး။ သူ အိပ်ရာထဲမှာ လူးလိမ့်နေတဲ့ အချိန်မှာ ကျွန်မစိတ်ထဲ ပထမဆုံး ဝင်လာတဲ့ အတွေးက ဘာလဲ သိလား။ ကောင်းလိုက်တာ၊ နောက်ဆုံးတော့ ဖဲလ်ဒါ အသက်ရှူကျပ်နေပြီ။ သေတော့မှာ ဆိုတာပဲ။ ဒီတော့ ကျွန်မ သူ့ကို မှောက်လျက် ပြန်လှဲပေး လိုက်တယ်။ သူ့မျက်နှာက မည်းနေပြီ။ မျက်လုံးတွေ ဖောင်းကားနေပြီး လည်ပင်း ကြောတွေတောင် ထောင်ထနေပြီ။ နောက်တော့ သူသေသွားတယ်။ ကျွန်မ အခန်းထဲကနေ နောက်ဆုတ် နောက်ဆုတ်နဲ့ ထွက်လာခဲ့တယ်။ ကျွန်မစိတ်ထဲမှာ အခန်း တံခါးကနေ အပြင်ရောက် သွားချင်ခဲ့တာ။ ဒါပေမဲ့ နံရံနဲ့ တိုက်မိပြီး ခါတ်ပုံ တပုံ ပြုတ်ကျလာတယ်။ ဖဲလ်ဒါ ရောဂါမဖြစ်ခင်က သိပ်ကြိုက်ခဲ့တဲ့ အော့ဇ်စာအုပ် စီးရီးတွေထဲက တအုပ်ရဲ့ ပုံပေါ့။ ကြီးမြတ်၍ ဆိုးသွမ်းသော မှော် ဆရာ အော့ဇ်ဆိုတဲ့ စာအုပ်ရဲ့ပုံ။ ဖဲလ်ဒါက ဆိုးသွမ်းဆိုတဲ့ စကားလုံးကို စကားမပီလို့ ဆိုးတွမ်းလို့ ပြောတတ်တယ်။ အမေက သူကြိုက်မှန်း သိလို့ ပုံ ကို မှန်ပေါင် သွင်းပေးခဲ့တာ။ အဲဒီခါတ်ပုံက ပြုတ်ကျပြီး မှန်ကွဲလို့ တစစီ ပြန့်ကျဲကုန်တယ်။ သူသေသွားတာ သိလိုက်တော့ ကျွန်မ အသံကုန် အော်မိတယ်။ ကျွန်မစိတ်ထဲမှာ သူ့ဝိညာဉ်က ကျွန်မကို လာသတ်တော့မယ်လို့ ထင်မိတယ်။ သူ့ဝိညာဉ်ကလည်း သူ့လိုပဲ ကျွန်မကို မုန်းနေမှာ သိတယ်။

ဒါပေမဲ့ ဝိညာဉ်ကတော့ အိပ်ရာထဲမှာ လဲနေတာ မဟုတ်ဘူးလေ။ ကျွန်မလေ၊ အော်ပြီးရင်း အော်ရင်း အိမ်ထဲကနေ ပြေးထွက်လာပြီး ပါးစပ်ကနေ “ဖဲလ်ဒါ သေပြီ၊ ဖဲလ်ဒါ သေပြီ၊ ဖဲလ်ဒါ သေပြီ”လို့ ပြောနေမိတယ်။ အင်္ကျီ လက်နား အပြဲနဲ့ လမ်းတောက်လျှောက် အော်ပြေးနေတဲ့ ကျွန်မကို အိမ်နီးနားချင်းတွေက ထွက်ကြည့် ကြတယ်။ သူတို့က ကျွန်မ ငိုနေတယ်လို့ ထင်ကြတယ်။ ကျွန်မကိုယ် ကျွန်မတော့ ရယ်နေတယ်လို့ပဲ ထင်တယ်။ ကျွန်မကြောင့်၊ အဲဒါဟာ ကျွန်မရဲ့ လုပ်ရပ်ကြောင့်လို့ တွေးနေမိတယ်”

“မင်းရဲ့ လုပ်ရပ်ကြောင့်သာ ဆိုလို့ကတော့ ကို မင်းကို အလေးပြုမိမှာပဲ”

“စိတ်ထဲက မပါဘဲ မပြောပါနဲ့”

လူးဝစ် သူမကို ပြောချင်ရာ ပြော၊ လွှတ်ပေးထားလိုက်၏။ ရေချယ့်ကို

အချိန် အတော်ကြာအောင် ခြောက်လှန့် နေခဲ့သော ကြောက်မက်ဖွယ် အတိတ်ဖြစ်ရပ် အများစုကို သူမဘာသာ ရှင်းထုတ်ပစ် နိုင်လိမ့်မည်ဟု မျှော်လင့်မိသော်လည်း သည်တပိုင်းတော့ လုံးဝ မပါချေ။ သည်အစွဲကတော့ ဘယ်တော့မှ အရှင်း ပျောက်လိမ့်မည် မဟုတ်။ လူးဝစ်သည် စိတ်ပညာရှင် မဟုတ်သော်လည်း အပေါ်ယံလောက် ကိုတော့ သိပါ၏။ ဘဝမှာ မြှုပ်နှံ မေ့ ဖျောက်ထားသော အရာများကို မည်မျှ အဆက်ဖြတ် ထားသော်ငြား အကြောင်း တိုက်ဆိုင်လျှင် ပြန်၍ တူးဖော် ကြည့်တတ်၏။ ဒီညု ရေချယ် သည် ထိတ်လန့် ရွံရှာဖွယ်၊ ကြောက်မက် တုန်လှုပ်ဖွယ် ထိုအရာ အားလုံး နီးပါးကို ပြန်လှန် တူးဖော်၍ ဖွင့်ဟ ပြောဆိုခဲ့သည်။ ဘုရား မလျှင် ယင်း မှတ်ဉာဏ်တို့သည် အနက်ရှိုင်းဆုံး အိပ်မက်တွေထဲမှာသာ ကိန်းဝပ် ငြိမ် သက် နေပေတော့မည်။ ရေချယ်က တတ်နိုင်သလောက် အားတင်း၍ ရှင်း ထုတ်နိုင်ခဲ့ပြီ။ သည့်အတွက် သူမကို လေးစားမိ၏။ စိတ်ထဲကလည်း ကောင်းချီးသြဘာ ပေးနေမိ၏။

လူးဝစ်က ညအိပ်မီးကို ထဖွင့်ကာ

“ဟုတ်ပြီ။ အဲဒီအတွက် ကို မင်းကို လေးစားပါတယ်။ မင်းအဖေနဲ့ အမေ ကို မကြိုက်တဲ့ တခြား အကြောင်းတွေ ဘာတွေ ရှိရင်လည်း ပြောလေ။ ကို အခု သိပြီပဲ။ တကယ်တော့ မင်းနဲ့ သူပဲ နှစ်ယောက်တည်း ထားခဲ့လို့မှ မရတာကွယ်။ လုံးဝ မထားခဲ့သင့်ဘူး”

သည်လို ညစ်ပတ်နံစော်သည့် အရာနှင့် အတူရှိနေချိန်မှာ သူမက အသက် ရှစ်နှစ်အရွယ် ကလေးတယောက်သာ ဖြစ်ခဲ့သည်။

“ပါစကားပွဲတော်ချိန်လေ ကိုရယ်”

“ဘာဖြစ်ဖြစ်လေ”

သူ့လေသံက အနည်းငယ် ကျယ်သွားသဖြင့် ရေချယ်က သူ့နားက နည်းနည်း ခွာလိုက်သည်။ ပတ်စ်ကောင်း သေခါနီး ဆေးရုံ ရောက်လာချိန်က လုပ်အားပေး ရောက်နေသည့် သူနာပြုလေး နှစ်ယောက်ကို သတိရ လိုက်၏။ ကာလာရက်ဗားစ် ဆိုသော တယောက်က အနည်းငယ် အကြမ်းပတမ်း ခံနိုင်ပြီး အလုပ်လည်း ကြိုးစားသဖြင့် နောက်ပိုင်းမှာ ရှား လ်တန်ပင် သိပ်သဘောကျ သွားသည်။ နောက်တယောက် ကတော့ ထို နေ့ ပြီးသွားကတည်းက ထပ်၍ ပေါ်မလာတော့ချေ။ လူးဝစ်သည် အံ့လည်း မအံ့သြသလို အပြစ်လည်း မတင်ချေ။

သူမ၏ မိဘများသည် သေခါနီး အစ်မနားမှာ ညီမဖြစ်သူကို ထားခဲ့ရမည့် အစား သူနာပြု တယောက်ယောက် ခေါ်ထားသင့်သည်။ ဘာကြောင့် မ ခေါ်ခဲ့သလဲ၊ ဆိုတော့ ပါစကားပွဲတော်ချိန် မို့တဲ့လေ။ ပြီးတော့ ထိုမနက်က မအေဖြစ်သည့် ဒိုရီဂိုးမန်းသည် အနံ့အသက် မခံနိုင်၍ ခဏလောက် ရှောင် နေခဲ့၏။ ထို့ကြောင့် ရှစ်နှစ်အရွယ် ကျစ်ဆံမြီးကလေးနှင့် ရေချယ်က ထိုတာဝန်ကို ယူရသည်။ သူမကတော့ အဲဒီမှာ နေပြီး နံပါလေ့စေပေါ့။ ရှူးနေသည့် သေခါနီး အစ်မဖြစ်သူ၏ အနံ့နှင့်အတူ မထားလိုလျှင် နှစ်တိုင်း လွှတ် နေကျ ဗားမွန့်ပြည်နယ်ရှိ Camp

Sunset ကို ပို့ထားလို့ ရသည်။

ငါ့သမီးနဲ့ ဝေးဝေးနေ၊ မင်း ဆေးကျောင်းစရိတ် ငါပေးမယ် ဆိုတာတွေ၊ အယ်လီနဲ့ ဂေ့ဂျ်အတွက် အင်္ကျီအသစ်တွေ အတွက်တော့ ပိုက်ဆံ ရှိတယ် ပေါ့။ ခင်ဗျားသမီး ကျောရိုးမကြီး အမြေးရောင်ရောဂါ ခံစားနေရတုန်းက၊ ခင်ဗျားသမီး အငယ်မ တယောက်တည်း စောင့်ကျန် နေတုန်းက ပိုက်ဆံ တွေ ထည့်ထားတဲ့ ချက်စာအုပ်ကြီး ဘယ်ရောက် နေသလဲ။ သူနာပြုရော ဘယ်မလဲ။

လူးဝစ်က အိပ်ရာထဲမှ ထထိုင်လိုက်တော့ ရေချယ်က အလန့်တကြားဖြင့်

"ဘယ်သွားမလို့လဲ" ဟု မေး၏။

"ဗေလီယံ တလုံးလောက် မင်းကို တိုက်ဖို့ သွားယူမလို့"

"ကျွန်မ မသောက်ချင် ..."

"ဒီညတော့ သောက်လိုက်ကွာ"

ဆေး သောက်ပြီးတော့ သူ့ကို နားတော့ဟု ဆိုသည်။ သူမ၏ လေသံက တည်ငြိမ်နေသဖြင့် ဆေးအာနိသင် ပြပြီဟု သိလိုက်၏။

သစ်ပင်နောက်မှာ ပုန်းကွယ်၍ "ဇဲလ်ဒါ သေပြီ" ဟု တစာစာ အော်ဟစ်နေသည့် ရေချယ့်ကို ဘေးအိမ်က လူတယောက်က သွားခေါ်လာ၏။ သူမ သည် နှာခေါင်းသွေးများ ယိုစီး၍ တကိုယ်လုံး ပေကျံနေ၏။ ထို အိမ်နီးချင်းက လူနာတင်ကားကို ဖုန်းဆက် လှမ်းခေါ်သည်။ နှာခေါင်းသွေး့ျတာ ရပ်သွားသောအခါ စိတ်ငြိမ်အောင် လက်ဖက်ရည် ပူပူတခွက်နှင့် အက်စပရင်နှစ်ပြား သောက်ရ၏။ ထိုအခါမှ မိဘများ ထွက်သွားသည့် မစ္စတာနှင့် မစ္စက် ကာဘွန်တို့၏ လိပ်စာကို ပြောပြနိုင်သည်။ ပီတာကာဘွန်သည် အဖွေ့အလုပ်က စာရင်းကိုင် ဖြစ်သည်။

ထိုညနေမှစ၍ ဂိုးမန်းတို့အိမ်မှာ အကြီးအကျယ် ပြောင်းလဲသွား၏။ ဇဲလ် ဒါ မရှိတော့။ သူမအခန်းကို သန့်ရှင်းရေး လုပ်ကာ ပိုးမွှားကင်းအောင် မှိုင်းတိုက်သည်။ ပရိဘောဂများ အားလုံးပါ မထားတော့ချေ။ အခန်းသည် သေတ္တာ အလွတ်တလုံးလို ဖြစ်သွား၏။ နောက်ပိုင်းတွင် ဒိုရီဂိုးမန်း၏ အပ်ချုပ်ခန်း ဖြစ်လာသည်။

ထိုညမှာ ရေချယ် အိပ်မက်ဆိုး စမက်၏။ မနက် ၂ နာရီမှာ နိုးလာပြီး မအေကို အော်ခေါ် ရသည်။ ကြောက်လွန်း၍ ခုတင်ပေါ်ကပင် မထနိုင်ချေ။ သူမသည် ဇဲလ်ဒါ့ကို ပက်လက်လန် သွားအောင်၊ မှောက်သွားအောင် အားစိုက်၍ လုပ်ခဲ့သဖြင့် သူမ၏ ကျောကုန်းသည် ပြင်းထန်စွာ နာနေ၏။ စိတ်ရော ကိုယ်ပါ အပြင်းအထန် အားထုတ်ခဲ့သဖြင့် အင်္ကျီပင် ပြဲသွားခဲ့သည်။ ဇဲလ်ဒါ အသက်ရှူ ကျပ်နေသည်ကို လှန်ကြည့်ပြီးမှ နဂိုအတိုင်း ပြန် ထားခဲ့သဖြင့် ရေချယ်မှလွဲ၍ လူတိုင်းက ရိုးရိုးတန်းတန်း အသက်ရှူကျပ်၍ သေသွားခဲ့သည်ဟု ယူဆကြမှာပဲ ဖြစ်၏။ သူမ၏ ကျောကုန်း နာရသည်မှာ အုတ်ဂူထဲက ဇဲလ်ဒါ၏ လက်စားချေခြင်းပင် ဖြစ်သည်ဟု ယုံသည်။ ဇဲလ်ဒါ သည် သူမ သေသွားသဖြင့် ရေချယ် ဝမ်းသာ နေမည်ကို သိ၏။ ရေချယ် တယောက် "ဇဲလ်ဒါ သေပြီ၊ ဇဲလ်ဒါ သေပြီ၊ ဇဲလ်ဒါ သေပြီ" ဟု အသံကုန် အော်ဟစ်၍ ပြေးထွက် သွားသည်ကိုလည်း

သိ၏။ တကယ်တော့ ရေချယ် သည် အော်ငိုခြင်း မဟုတ်ဘဲ အော်ရယ်ခြင်း ဖြစ်သည်ကိုလည်း သိ၏။ ဖဲလ် ဒါသည် သူမ အသတ်ခံရမှန်း ကိုလည်း သိ၏။ ထို့ကြောင့် ရေချယ့်ကို ကျောရိုးမကြီး အမြွေးရောင်ရောဂါ ပေးပစ်ခဲ့သည်။ မကြာမီ ရေချယ်၏ ကျောကုန်းသည်လည်း တွန့်လိမ် ကောက်ကွေးကာ ပြောင်းလဲ လာလိမ့်မည်။ ပြီးလျှင် တဖြည်းဖြည်း အိပ်ရာထဲ လဲ၍ ခြေသိမ် လက်သိမ်နှင့်ပုံပျက်ပန်းပျက် သတ္တဝါကြီး တကောင်အဖြစ် ပြောင်းလဲ သွားလိမ့်မည်။ မကြာခင် ရေချယ်သည် နာကျင်မှုကြောင့် ဖဲလ်ဒါ့လိုပင် အော်ဟစ်လာကာ အိပ်ရာထဲ သေးထွက်ကျ၍ နောက်ဆုံး၌ ကိုယ့်လျှာကိုယ် ကိုက်ကာ လည်ချောင်းဆို့ အသက်ရှူကျပ်၍ သေရလိမ့်မည်။ ဤကား ဖဲလ်ဒါ့ ကလဲ့ စားပင်တည်း။

သည်လို မဟုတ်မဟတ်တွေ လျှောက်ယုံမနေနှင့်ဟု ရေချယ့်ကို ဘယ်သူမှ ပြောမရ။ မအေကလည်း ပြောမရ၊ ဖအေကလည်း ပြောမရ၊ သူမကို ဆေးလာကုသည့် ဆရာဝန်က သည်လို ဆိုးဆိုးဝါးဝါးတွေ ရပ်တန်းက ရပ်ဟု အော်ငေါက်ပြောလည်း မရ။ ဒေါက်တာ မာရေးက မိဘတွေ သောကအပူ မိနေချိန်မှာ မိမိကို ဂရုစိုက်လာအောင် ကလေးကလားတွေ လုပ်မပြနှင့်ဟု ဆို၏။ သူမသည် ဖဲလ်ဒါ၏ သဘာဝလွန် ကလဲ့စားကို ခံရမည့် သားကောင် မဟုတ်သလို ယုတ်မာမှုပြုခဲ့သည်ဟုလည်း ဘုရားသခင်က အပြစ်ပေးမှာ မဟုတ်ကြောင်း သူ့ကိုယ်သူ ယုံကြည် လာသောအခါမှ နာကျင်မှုက တဖြည်းဖြည်း သက်သာ သွား၏။ ယင်းမှာ တကယ်တော့ ရှစ်နှစ်လောက် ကြာသည်ဟု လူးဝစ်ကို ပြောပြ၏။ အစ်မဖြစ်သူ သေသွားပုံကို အိပ်မက် မက်မိပါက လန့်နိုးလာပြီး အကောင်းမှ ရှိပါရဲ့လားဟု အမှောင်ထဲမှာပင် သူ့ ကျောသူ စမ်း၍ ကြည့်ရသည်မှာ လပေါင်းများစွာ ကြာ၏။ တချို့သော အိပ်မက်တွေက ပို၍ ထိတ်လန့် ကြောက်မက်ဖွယ် ကောင်းသဖြင့် အဝတ် ဗီရိုတံခါး ဝုန်းခနဲ ပွင့်လာပြီး ပုံပျက်ပန်းပျက် ကျောကုန်း၊ မျက်ဖြူလန်၍ လျှာအမည်းကြီး တန်းလန်းနှင့် ဖဲလ်ဒါ ထွက်လာကာ သူမကို အိပ်ရာပေါ် မှာ သတ်သွားသော ရေချယ်၏ ကျောကုန်းလေးကို ကောက်ကွေးတွန့်လိမ် နေသော လက်သည်း ရှည်ကြီးများဖြင့် ထိုးစိုက် ပစ်လိုက်မည်ဟု မကြာခဏ တွေးကြောက်မိလေ၏။

ရေချယ်သည် ထိုစဉ်ကတည်းက ဖဲလ်ဒါ့အသုဘရော၊ တခြား မည်သည့် အသုဘကိုမျှ မတက်တော့ချေ။ လူးဝစ်က

"ရေချယ်သာ ကိုယ့်ကို စောစော ကတည်းက ကြိုပြောပြထားရင် ရန် ဘယ်ဖြစ်ပါ့မလဲ"

"ပြောမှ မထွက်ဘဲ ကိုရယ်။ ကျွန်မလေ အဲဒီကတည်းက အဲဒီလို ကိစ္စတွေ အပေါ်မှာ နည်းနည်းတော့ ကြောက်နေတာ"

သူမလေသံက အိပ်ချင်မှုးတူး ဖြစ်လာ၏။ နည်းနည်းတော့ ကြောက်နေတာတဲ့၊ ဟုတ်တာပေါ့လေ။

"ကျွန်မလေ၊ မတတ်နိုင်ဘူး ထင်ပါရဲ့။ ကိုပြောတာ မှန်မှန်း သိပါတယ်။

သေခြင်းတရား ဆိုတာ သဘာဝပဲဟာ။ ဒါပေမဲ့ ကျွန်မရဲ့စိတ်နဲ့ ဖြစ်ခဲ့တာတွေက”

“ဟုတ်တာပေါ့”

“ကျွန်မ ကို့ကို အော်ခဲ့တဲ့နေ့ကဆို အယ်လီ စိတ်ကူးယဉ်ပြီး ငိုတာမှန်း သိသွားပဲ။ ဒါပေမဲ့ ကျွန်မ သည်းမခံနိုင်ခဲ့ဘူး။ ဆောရီးပါ ကိုရယ်”

လူးဝစ်က သူမ၏ ဆံပင်များကို ထိုးဖွကာ

“တောင်းပန်စရာ မလိုပါဘူးကွာ။ ရေချယ် အဆင်ပြေရင် ဘာပဲဖြစ်ဖြစ် ပြီးတာပါပဲ”

ရေချယ်က ပြုံး၍

“ကို သိပါတယ်။ ကျွန်မ အခု အဆင်ပြေ သွားပါပြီ။ အနှစ်နှစ် အလလ အဆိပ်သင့် နေသလို ဖြစ်နေခဲ့တာ သက်သာ သွားပါပြီ”

“သက်သာပါစေကွယ်”

ရေချယ့်မျက်လုံးများ မှိတ်သွားပြီးမှ ဖြည်းဖြည်းချင်း ပြန်ပွင့်လာ၏။

“အဖေ့ကိုလည်း အပြစ်မတင်ပါနဲ့ ကိုရယ်၊ နော်။ အဲဒီအချိန်က သူတို့အတွက်လည်း ဆိုးခဲ့တာပဲ။ ဖဲလ်ဒါ့ရဲ့ ကုန်ကျစရိတ်က မိုးလောက်ထိ မြင့် နေတာ။ လုပ်ငန်းကို မြို့ဆင်ခြေဖုံးအထိ တိုးချဲ့မယ့် အခွင့်အရေးလည်း ပျက်သွားတယ်။ မြို့ထဲက စတိုးဆိုင်တွေရဲ့ ရောင်းအားလည်း ထိုးကျသွားခဲ့တယ်။ အမေဆိုလည်း အရှုံးတပိုင်းပါပဲ။ ဖဲလ်ဒါ သေတာဟာ အစစအရာရာ ပြန်ကောင်း လာဖို့အတွက် အချက်ပဲ။ စီးပွားရေး ကျတော့ ငွေလည်း မတတ်နိုင်တော့ဘူး။ ဖေဖေက ချေးငွေရတာနဲ့ နောက်မလှည့် စတမ်း ကြိုးစားတော့တာပဲ။ ဒါကြောင့်မို့ သူတို့က ရေချယ့်ကို မဲ့တပေါက် အစွန်းမခံတာ ထင်တယ်။ ကျွန်မဟာ တယောက်တည်း ကျန်ရစ်တော့တဲ့ သမီးတင် မကဘူး ...”

“ဖဲလ်ဒါ့အပေါ် အပြစ် မကင်းသလိုလည်း ခံစားနေရတဲ့ သူမို့ပေါ့”

“ဟုတ်တယ်။ နော်မာ မြေချတဲ့နေ့ နေမကောင်းဖြစ်ရင် စိတ်မဆိုးနဲ့နော်”

“မဆိုးပါဘူးကွယ်”

လူးဝစ်က သူမ၏ လက်ကို ဆုပ်ကိုင်၍

“အယ်လီကို ခေါ်သွားလို့ ရမလား” ဟု မေးကြည့်လိုက်ရာ သူ့လက်ထဲမှ ရေချယ့်လက် တောင့်ခနဲ ဖြစ်သွား၏။

“ကိုရယ်၊ ကျွန်မ မသိဘူး။ သူက ငယ်သေးတယ်လေ”

“ကလေး ဘယ်က မွေးတယ် ဆိုတာတောင် သူသိနေတာ တနှစ် မကတော့ဘူးလေ”

လူးဝစ်က သတိပေးသလို ထပ်ပြောလိုက်တော့ ရေချယ်က နှုတ်ခမ်းကို ကိုက်၍ မျက်နှာကြက်ကို ကြည့်ရင်း အကြာကြီး တိတ်သွား၏။ နောက်ဆုံးတော့ ကို ကောင်းတယ် ထင်ရင်၊ သူ့ကို မထိခိုက်ဘူး ထင်ရင်တော့ လုပ်ပေါ့ လေ” ဟု ပြောရှာ၏။

“လာပါဦးကွယ်”

ထိုညက လူးဝစ်က ရေချယ့်ကို ရင်ခွင်ထဲ ထည့်သိပ်၏။ ဆေးအာနိသင် ပြယ်၍ ညလယ်လောက်မှာ တုန်တုန် ယင်ယင်ဖြင့် သူမ လန့်နိုးလာ သေး၏။ သူက ဘာမှ မဖြစ်ဘူးနော်ဟု နားနားကပ်၍ တိုးတိုးသက်သာ နှစ် သိမ့် ချော့မော့ ပေးလိုက်တော့ ပြန်အိပ်ပျော် သွားလေသည်။

****

အခန်း (၃၃)

"အကြင်ယောက်ျား မိန်းမတို့သည် ယနေ့အခါ ပွင့်လန်း၍ မနက်ဖြန် မီးဖို တွင်းသို့ ရောက်ကြရာမည့် တောပန်းများပမာ ဖြစ်လေ၏။ လူ့သက်တမ်း ဟူသည် ဥတုရာသီနှယ် အချိန်အခါ ကျလာလျှင် ရောက်ရှိလာပြီး ကုန်ဆုံး လျှင် ထွက်ခွာ သွားသည်သာ ဖြစ်၏။ ထို့ကြောင့် ဆုတောင်းခြင်း အမှုကို သာ ပြုကြပါစို့"

အယ်လီသည် အထူးသဖြင့် အခုလို အခြေအနေမျိုးအတွက် ဝယ်လာခဲ့သော နက်ပြာရောင် ဖျော့ဖျော့ ဝတ်စုံကလေးနှင့် လိုက်ဖက်စွာ လှပ ကြော့ရှင်းနေ၏။ သူမဘေးမှာ ထိုင်နေသော လူးဝစ်က အယ်လီ ဇက်ချိုးသံ ကို ကြား၏။ စျာပနပွဲသို့ အယ်လီ မရောက်ဖူးသလောက် ဖြစ်ပြီး ယခုတခေါက်က ပထမဆုံး ဖြစ်၏။ သည်လို တိတ်ဆိတ်မှုမျိုး ကိုလည်း ကျင့်သား မရသေးသဖြင့်လည်း တမျိုး တမည် ကြောက်ရွံ့နေသည်။

လူးဝစ် အတွက်တော့ သူ့သမီးနှင့်အတူ သည်လိုပွဲကို တက်ရခြင်းက ကြုံ တောင့်ကြုံခဲ ဖြစ်သည်။ ယခင်က သားသမီးကို မျက်စိမှိတ် ချစ်ခဲ့သော်လည်း ဒီနေ့တော့ ရှုပ်ထွေးပွေလီ လူ့လောကီထက်မှ ဘဝစာမျက်နှာ တရွက်ကို သင်ကြား ပေးနေရသယောင် ထင်မိသည်။ ဂျထ်က အနက် ရောင်ဝတ်စုံ၊ ရှူးဖိနပ်တို့ဖြင့် တမျိုးတမည် ခံ့ညားနေ၏။ သူ့ကို လုပ်ဖှာ ဝတ်စုံ၊ ရာဘာဖိနပ် အစိမ်းမှလွဲ၍ သည်လိုဝတ်တာ ပထမဆုံးအကြိမ် မြင် ဖူးခြင်းဟု လူးဝစ် ယုံ၏။

ဂျထ်က နော်မာ့အလောင်းကို ကုန်းနမ်းကာ"မင်း ရောက်လာပေးတာ ဝမ်းသာပါတယ် အချစ်ရယ်။ မင်းလည်း ကိုယ့် ကို ဒီလိုပဲ နေလိမ့်မယ်လို့ ထင်ပါရဲ့ကွယ်" ဟု ပြောလိုက်သည်။

အယ်လီက သည်မြင်ကွင်းကိုပင် မျက်လုံးကလေး အဝိုင်းသားနှင့် ငြိမ် သက်စွာ ကြည့်နေ၏။ မက်သဒစ် ဘုန်းတော်ကြီး ရေးဗားရန်းလာ့ဖ်လင်က ငြိမ်းချမ်းစွာ အနားယူနိုင်ဖို့ စောင့်ရှောက်တော် မူပါရန် ဘုရားသခင်ကို တိုင်တည်၍ ဆုမွန်ကောင်း ပေးသည်။

"အခေါင်း ထမ်းမယ့်သူတွေ ရှေ့ထွက် လာတော့မလား"

လူးဝစ် မတ်တတ် ထရပ်ရန် လုပ်တော့ အယ်လီက သူ့လက်ကို တို့ကာ ဇဝေဇဝါနှင့်

"ဖေဖေ ဘယ်သွားမလို့လဲ" ဟု တိုးတိုးလေး မေး၏။ လူးဝစ်က အယ်လီ ပခုံးကို ဖက်ကာ

"ဖေဖေ အခေါင်းသွားထမ်းပေးမလို့လေ သမီးရဲ့။ နော်မာ့ကို ဘုရား ကျောင်းအပြင် ထုတ်ကြမှာ။ အခေါင်း ထမ်းမယ့်သူ လေးယောက် ရှိတယ်။ ဖေဖေရယ်၊ ဂျထ်ရဲ့တူ နှစ်ယောက်ရယ်၊ နော်မာ့မောင်ရယ်လေ"

"ဖေဖေ့ကို ဘယ်မှာ လိုက်ရှာ ရမှာလဲ"

စင်ရှေ့ကို တချက် လှမ်းကြည့်လိုက်တော့ တခြားလူ သုံးယောက်လုံး အခေါင်းနားမှာ ဂျဏ်နှင့်အတူ ရပ်စောင့်နေသည်ကို တွေ့ရ၏။ နာရေးလာ သည့်

လူတွေလည်း သူ့အစုနှင့်သူ ကွဲကာ အချို့မှာ ငိုရှိုက် နေကြ၏။

"ဘုရားကျောင်း လေ့ကားထစ် အပြင်နားမှာ ဆင်းစောင့်နေချေ။ ဖေဖေ လာခဲ့မယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့။ မေ့မသွားနဲ့ဦးနော်"

"မမေ့ပါဘူး"

သူ မတ်တတ် ထရပ်လိုက်တော့ အယ်လီက တို့ပြန်၏။

"ဖေဖေ"

"ဘာလဲ သမီးရဲ့"

"သူ့ကို လွတ်မကျစေနဲ့ဦးနော်"

လူးဝစ် ရောက်သွားတော့ ဂျထ်က သူ့ဦးလေးက မွေးသည့် တူများနှင့် မိတ်ဆက်ပေး၏။ သူတို့သည် ရုပ်ချင်း အတော်ဆင်၍ ထွားထွား ကျိုင်း ကျိုင်းနှင့် အသက် နှစ်ဆယ်ကျော် လူရွယ်များ ဖြစ်၏။ နော်မာ့မောင် ကတော့ ငါးဆယ်ကျော်ကျော် ရှိပြီ။ မိသားစု အရင်းအချာ တဦး၏ ဈာပန ဖြစ်သော်လည်း စိတ်ခိုင်ခိုင် ထားနိုင်မှန်း မျက်နှာမှာ ပေါ်နေ၏။ လူးဝစ်က

"အားလုံးကို တွေ့ရတာ ကျေနပ်မိပါတယ် ခင်ဗျာ" ဟု နှုတ်ဆက် လိုက်သော်လည်း သူ့ကိုယ်သူ မိသားစု စည်းဝိုင်း အပြင်ဘက်က လူလို စိတ်မ သက်မသာ ခံစားရသည်။ သူတို့က ခေါင်းညိတ်ပြ၏။ ဂျထ်က

"အယ်လီ အဆင်ပြေရဲ့လား" ဟု မေးပြီး သူမဆီ ခေါင်းညိတ် ပြလိုက်သည်။

အယ်လီက သူ့ကို အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွား၊ မသွား သေချာအောင် စောင့်ကြည့် နေသယောင် သွားချင်သလို၊ မသွားချင်သလို လုပ်နေ၏။ လူးဝစ်က ထိုသို့တွေးကာ ပြုံးမိ၏။ သို့သော် ကြီးမြတ်၍ ဆိုးသွမ်းသော မော်ဆရာ အော့ဇ်အကြောင်း ခေါင်းထဲ ရောက်လာသဖြင့် မပြုံးနိုင်တော့ချေ။ အယ့်ကို လက်မြှောက် နှုတ်ဆက် လိုက်တော့ သူမကလည်း ပြန်၍ လက်ပြသည်။ ပြီးမှ ဂါဝန်အပြာလေး လွှားခနဲ ခါ၍ အပြင်ထွက် သွားသည်။ ထိုခဏတွင် အရွယ် ရောက်လာပြီဖြစ်သော အယ်လီကို ကြည့်ကာ ရင်ထဲမှာ သိမ့်ခနဲ လှုပ်ရှားသွား၏။ တွေးကြည့်ရုံမျှနှင့် ကြည်နူး ပျော်ရွှင်ရ၏။

"အဆင်သင့်ပဲလား"

တူတော်မောင် တယောက်က မေးသည်။ လူးဝစ်နှင့် နော်မာ့မောင်က ခေါင်းညိတ် ပြလိုက်၏။ ဂျထ်က ကြမ်းရှရှ လေသံဖြင့်

"ဖြည်းဖြည်း သက်သာ သွားကြနော်" ဟု မှာပြီး မြေပုံရှိရာသို့ ခေါင်းငိုက် စိုက်ချ၍ လျှောက်သွား လေ၏။

ဂျထ်က သူ့ချစ်ဇနီးအတွက် American Eternal တံဆိပ် မီးခိုးရောင် သံမဏိ ခေါင်းတလားကို ရွေးချယ် ထားသည်။ လူးဝစ်က အနောက်ခြမ်း ဘယ်ဘက်ထောင့်ဆီ သွားမ၏။ ဖေဖော်ဝါရီ ၁ ရက်နေ့မို့ ရာသီဥတုက တောက်ပ သာယာသော်လည်း အေးနေဆဲ။ ခေါင်းတလားကို သူတို့ လေးယောက်သား

ဖြည်းညင်းစွာ အပြင်သို့ သယ်ဆောင်လာသည်။ နှင်းကြောင့် ချောနေသော လမ်းကို လျှောက်လို့ ကောင်းအောင် ဘုရားကျောင်း အုပ်ထိန်းသူကလား မသိ၊ မီးသွေးပြာများ ခင်းပေးထားသည်။

ပလက်ဖောင်းထိပ်မှာ ကာဒီလက်နိဗ္ဗာန်ယာဉ် တစီးက စက်နှိုးထားသဖြင့် ဆောင်းလေထဲမှာ အဖြူရောင် အိတ်ဇောမီးခိုးများ ထွက်နေ၏။ သုဘရာဇာနှင့် ထွားကျိုင်းသော သားဖြစ်သူက ဘေးမှ မတ်တတ်ရပ်၍ အလောင်းထမ်းသူ တယောက်ယောက် လက်ချော်လျှင် ဝင်ထိန်းရန် အဆင်သင့် စောင့်ကြည့် နေကြ၏။ ဂျထ်က သူတို့ထမ်းလာသော ခေါင်း တလားကို မတ်တတ် ရပ်ကြည့်ရင်း

"နှုတ်ဆက်ပါတယ် နော်မာရယ်။ ပြန်တွေ့ကြ ဦးမယ်နော်" ဟု နှုတ်ဆက်ရင်း စီးကရက် တလိပ် မီးညှိသည်။

ဂျထ်၏ တူများသည် သူတို့ လင်မယားနှင့် ဆွေရိပ်မျိုးရိပ် ဝေးသည်။ သူတို့သည် နော်မာ့ကို ဓာတ်ပုံများမှ တဆင့်သာ သိကြသည်။ ဆွေမျိုး မကင်းသော်လည်း လူအနည်းငယ်သာ အဝင်အထွက် ရှိကြပုံ ရ၏။ အတိတ် သည် ဓာတ်ပုံ အယ်လ်ဘမ်များထဲမှာ ကျန်ရစ်ခဲ့ပြီ။ လူ့ခန္ဓာသည် စာအိတ် တလုံး ဖြစ်လျှင် အသက်ဝိညာဉ်သည် ဘုရားသခင်ဆီ ပို့မည့် စာတစောင် ဖြစ်လိမ့်မည်။ American Eternal ခေါင်းတလားသည် စာအိတ် တလုံး ဖြစ်လျှင် အလောင်းသည် စာတစောင် ဖြစ်ပေ၏။ တနေ့နေ့ အယ်လီနှင့် ဂေ့ဂျ်တို့မှာ သားသမီးတွေ ပွားစီးခဲ့သော်လည်း သူ့မြေးရင်းချာ များနှင့် ရင်းနှီး ကျွမ်းဝင် မရှိခဲ့လျှင် သည်လိုနေ့မျိုး ရောက်လာသည့်အခါ မည်သို့မည်ပုံ ဖြစ်နေမည်လဲဟု စဉ်းစား၏။

အရှေ့မှ ဦးဆောင် သွားသူများက နိဗ္ဗာန်ယာဉ် နောက်ပိုင်းထဲသို့ ပန်းတွေ ထည့်ကြသည်။ ခေါင်းကို ကားပေါ် တင်ပြီးသောအခါ လူးဝစ်က သမီးဖြစ် သူရှိရာ ပြန်လာ၏။ ထို့နောက် စတေရှင်ဝက်ဂွန်းကားဆီ လမ်းအတူ လျှောက်ကြသည်။ ကားစက်နှိုး ပြီးသောအခါ အယ်လီက

"ဘာလို့ ကားမီးတွေ ဖွင့်ကြတာလဲဟင်။ နေ့ခင်းဘက်ကြီးကို" ဟု သိချင် ဇော အားကြီးစွာ မေး၏။

"သေသူကို ဂုဏ်ပြုတဲ့ အနေနဲ့ပေါ့ သမီးရယ်"

သူလည်း ကားရှေ့မီးတွေ ဖွင့်လိုက်၏။ မြေချပွဲကို မောင့်ဟုပ်က ဓမ္မာရုံ လေးမှာ လုပ်သည်။ နာရေးပြီးတော့ သူတို့သားအဖ အိမ်ပြန်ကြသည်။ အယ်လီက ရုတ်တရက် မျက်ရည်ပေါက် ကြီးငယ် ကျလာသဖြင့် လူးဝစ်က တချက် ကြည့်လိုက်မိသည်။ အံ့တော့ အံ့ဩသော်လည်း အလန့်တကြားတော့ မဖြစ်မိ။

"ဘာဖြစ်လို့လဲ သမီး"

အယ်လီက ရှိုက်ငိုရင်း

"ကွတ်ကီးတွေ မစားရတော့ဘူး ပေါ့နော်။ သူလုပ်ပေးတဲ့ အုတ်ဂျုံ ကွတ် ကီးတွေက သမီး စားဖူးသမျှထဲမှာ အကောင်းဆုံးပဲ။ သူသေသွားပြီ ဆိုတော့ ဘယ်ထပ်လုပ်ပေး နိုင်ပါတော့ မလဲနော်။ လူတွေက ဘာလို့ သေရတာလဲ

ဖေဖေရယ်”

“အဲဒါတော့ ဖေဖေလည်း ဘယ်သိပါ့မလဲကွယ်။ ကြည့်ရတာ လူသစ်တွေ ကို နေရာပေးဖို့ နေမှာပေါ့။ သမီးတို့ ဂေ့ဂျ်တို့လို ကလေးလေးတွေ အတွက် ပေါ့”

အယ်လီက ခုနကထက် ပို၍ ငိုကြွေးရင်းမှ

“သမီး ဘယ်တော့မှ အိမ်ထောင်မပြုဘူး။ ကလေးလည်း မယူဘူး။ ဒါမှ သမီးလည်း မသေဘဲ နေမှာ။ ကြောက်စရာကြီး”

“အိုပြီးရင် နာ၊ နာပြီးရင် သေရတာပဲ သမီးရဲ့။ သေသွားတော့လည်း ဝေဒနာတွေ မခံစား ရတော့ဘူးပေါ့။ ဖေဖေက ဆရာဝန်ဆိုတော့ ရောဂါဝေဒနာတွေ အများကြီး တွေ့ဖူးတယ်။ ဖေဖေ တက္ကသိုလ်မှာ အလုပ်လုပ်ချင်ရတဲ့ အကြောင်းရင်း တခုက နေ့တိုင်း လူတွေ သေနေတာ မကြည့်ချင်တော့လို့ပဲ။ လူငယ် လူရွယ်တွေထဲ မှာလည်း ဝေဒနာ ခံစားနေကြရတဲ့ သူတွေ ရှိတာပဲ။ နာတာချင်းပဲ မတူတာ။ သမီး ယုံချင်ယုံ၊ မယုံချင်နေ။ လူ တွေက အိုလာတဲ့အခါ သေရမှာ သိပ်မကြောက်တတ် ကြတော့ဘူး။ သမီး က အသက်ကြီးဖို့ နှစ်တွေ အများကြီး အများကြီး လိုပါသေးတယ်ကွယ်”

အယ်လီက ငိုသည်။ ရှိုက်သည်။ ပြီးတော့ တိတ်သွား၏။ အိမ်မရောက်ခင် လမ်းတွင် ရေဒီယို ဖွင့်ခိုင်းသဖြင့် လူးဝစ်က ဖွင့်ပေးလိုက်သည်။ WACZ လိုင်းမှ Shakin' Stevens ၏ This Ole House သီချင်း လာနေသည်။ နောက်တော့ မကြာမီ အယ်လီက သီချင်း လိုက်ဆို၏။

အိမ်ပြန်ရောက်တော့ မအေဖြစ်သူဆီ သွားကာ နာရေးအကြောင်းဖောက်သည် ချသည်။ ရေချယ်သည် ဖြူဖျော့လျက် အတွေးနက်နေဟန် ရှိသည်ဟု သူထင်သော်လည်း သူမက စာနာသနားသော အမူအရာဖြင့် အားပေး ထောက်ခံရင်း တိတ်ဆိတ် ငြိမ်သက်စွာ နားထောင်၏။ ထို့နောက် အယ်လီက အုတ်ဂျုံ ကွတ်ကီးလုပ်နည်း သိလားဟု မေးရာ ရေချယ်က

“သိတယ်လေ။ စားချင်လို့လား” ဟု ဆိုကာ ထိုးလက်စ သိုးမွေးစကို ချ၍ ချက်ချင်းထ၏။ အယ်လီက

“ရေး ...၊ တကယ်နော် မေမေ”

“ဖေဖေ့ကိုတော့ တနာရီလောက် ဂေ့ဂျ်ကို ကြည့်ထားခိုင်း လိုက်နော်”

“ကို ပျော်ပျော်ကြီး ကြည့်ပေး ထားပါ့မယ်”

*****

ထိုညနေက လူဝစ်သည် ဒူကိန်းမက်ဒီကယ်ဒိုင်ဂျက်ထဲက ချုပ်ရိုးများ အသားတက်ခြင်းနှင့် ပတ်သက်၍ ရေးမဆွကတည်းက ဖြစ်ပွားနေခဲ့သည့် အငြင်းပွားမှုဆိုင်ရာ ဆောင်းပါးရှည်ကြီး တပုဒ်ကို ဖတ်လိုက်၊ မှတ်စု ထုတ်လိုက်နှင့် အချိန်ကုန် သွားသည်။ ယင်းမှာ အသေးစား ပြတ်ရှဒဏ်ရာ ချုပ်ခြင်းနှင့် ပတ်သက်၍ တဆိတ်ကို တအိတ် လုပ်နေခြင်းသာ ဖြစ်၏။ စာရေးသူ အဓိက အတိုက်အခံ ပြောဆိုသော အကြောင်းအရာများမှာ အပေါ်ယံကြည့်လျှင် ဟုတ်မှန်သယောင်

ထင်ရသော်လည်း စင်စစ် မှားယွင်းနေကြောင်း၊ သူထောက်ပြသည့် ဥပမာများမှာလည်း ကိုယ့်ဘက် ကိုယ်ယက်သော လိပ်တံဆိပ် ပေါက်တူးများသာ ဖြစ်ကြောင်း၊ သူ၏ သုတေသန စာတမ်းများမှာလည်း ဖြစ်ကတတ်ဆန်း ရှာဖွေပြုစုထားခြင်း သာ ဖြစ်ကြောင်း၊ အတိုချုပ်ရလျှင် သောက်ဂရု စိုက်စရာပင် မလိုကြောင်းသရော်စာဆန်ဆန် ခုခံချေပသည့် အိတ်ဖွင့်ပေးစာ တစောင် ရေးသည်။ စာအုပ်စင်၌ ထရောက်မန်း၏ ဒဏ်ရာ အနာတရ ကုသနည်း စာအုပ်ကို အသည်းအသန် ရှာနေစဉ် ရေချယ်က အောက်ထပ်ကို ဆင်းလာ၏။

"အပေါ်တက်တော့လေ ကို"

"ခဏနေ တက်လာခဲ့မယ်"

သူက ပြောပြီးမှ ရေချယ့်ကို တချက် လှမ်းကြည့်ကာ

"အဆင်ပြေရဲ့လား"

"နှစ်ယောက်လုံး အိပ်လိုက်တာ သိုးနေကြပြီ"

"ဪ၊ အင်း။ ရေချယ်ရော မအိပ်သေးဘူးလား"

"စာဖတ်နေတာ"

"တကယ်ရော အဆင်ပြေရဲ့လား"

သူမက ပြုံးကာ

"ပြေပါတယ်။ ချစ်တယ်နော်"

"ကိုလည်း ချစ်ပါတယ်ကွယ်"

စာအုပ်စင်ကို လှမ်းကြည့် လိုက်တော့ သူရှာနေသော ထရောက်မန်းကို သွားတွေ့၏။ စာအုပ်ဆီ လက်လှမ်းလိုက်စဉ် ရေချယ်က ကြိုးစား၍ ပြုံးကာ

"ကိုနဲ့ အယ်လီတို့ မရှိတုန်း ချာ့က အိမ်ထဲကို ကြွက်တကောင် ချီလာတယ်။ စိတ်ကို ရှုပ်သွားတာပဲ"

"ဘုရားရေ၊ ဟုတ်လား။ ဆောရီးပဲကွာ။ တော်တော် ဆိုးသလား"

ထိုခဏ၌ စိတ်ထဲမှာ ရှိရှာနေသလောက် မျက်နှာမှာ ပေါ်မလာပါစေနှင့်ဟု သူ ဆုတောင်းမိသည်။ ရေချယ်က လေ့ကားထစ်ပေါ်မှာ ထိုင်ချလိုက်၏။

ပန်းရောင်ဖလန်နယ် ညအိပ်ဂါဝန်နှင့် သူမသည် မျက်နှာမှာ မိတ်ကပ် လိမ်း မထားသည့်တိုင် နဖူးပြင်လေး ပြောင်တင်း နေ၏။ ဆံပင်ကို သားရေ တကွင်းနှင့် ပိုနီတေး ချည်ထားသဖြင့် ကလေးမနှင့်ပင် တူ၏။

"အဲဒီကိစ္စကို ကျွန်မပဲ ရှင်းလိုက်ပြီ။ ဒါပေမဲ့လေ သိလား၊ ကြွက်သေနား ကပ်မလာခင် ချာ့ကို ဖုန်စုပ်စက်က အတံနဲ့ တံခါးအပြင်ဘက် ခြောက်ထုတ် လိုက်တော့ ကျွန်မကို ပြန်ပြီး မာန်ဖီတယ်။ ချာ့ကလေ အရင်က တခါမှ ကျွန်မကို ပြန်မမာန်ဖူးဘူး။ အခုနောက်ပိုင်း အရင်နဲ့ မတူတော့ဘူး။ စိတ် တွေ ဘာတွေများ ပိုတိုလာတာလားဟင်"

လူးဝစ်က လေးတွဲ့စွာ

"မဟုတ်တာ။ ဒါပေမဲ့ သူ့ကို တိရစ္ဆာန်ဆေးကုဆရာဝန်ဆီ သွားပြပေးရမလား။

ရေချယ် ပြစေချင်ရင်ပေါ့”

“ဘာမှတော့ မဖြစ်ပါဘူး”

ရေချယ်က ပြောပြောဆိုဆို သူ့ကို မျက်လုံးဗလာနှင့် ကြည့်ကာ

“ကိုရော အပေါ် တက်မလာတော့ ဘူးလား။ ဟိုလေ ကို အလုပ်လုပ်နေ တာ ကျွန်မ သိပါတယ်။ ဒါပေမဲ့”

“လာရမှာပေါ့ကွယ်”

သည့်ထက် အရေးကြီးတာ ဘာမှ မရှိဟု တွေးလျက် သူ ထရပ်လိုက်၏။ တကယ်လည်း သည့်ထက် အရေးကြီးတာ ဘာမှ မရှိချေ။ စာကိုလည်း ဘယ်တော့မှ ရေးဖြစ်မှာ မဟုတ်တော့ဟု သိလိုက်သည်။ အကြောင်းမှာ မနက်ဖြန် တခြား သတင်းအသစ် တခုခုသာ ထပ်ပေါ်လာလျှင် စာစောင် ကလည်း ထိုအကြောင်းအရာ ဆီသာ ဆက်လက် ချီတက်သွားမည် ဖြစ်သောကြောင့်တည်း။ ကြွက်ကို သူပြန်ယူလာမိသလား ပြန်စဉ်းစား ကြည့်၏။ ချော့ချီလာသော ကြွက်သည် အူအခွေလိုက် ထွက်ကျ၍ သွေး အလိမ်းလိမ်းနှင့် ဖြစ်နေမှာ သေချာ၏။ ခေါင်းပင် ရှိချင်မှ ရှိလိမ့်မည်။ ဟုတ် သည်၊ သူပြန်ယူ လာမိသည်။ ထိုကြွက်သည် သူပြန်ယူ လာမိခဲ့ခြင်း ဖြစ်ရ မည်။

“အိပ်ကြစို့နော်”

လူးဝစ်က မီးတွေ လိုက်မှိတ်ကာ နှစ်ယောက်သား အပေါ်တက်ကြသည်။ သို့သော် လူးဝစ်သည် သူမ၏ ခါးကလေးကို ကိုင်၍ ချစ်ဝေဟင်ထဲ ပျံ့ဝဲနေ ချိန်မှာပင် နှင်းငွေ့ အရိုက်ခံနေရသည့် ပြတင်းပေါက် အပြင်ဘက်က ဆောင်းရာသီ၏ အော်မြည်သံကို နားစွင့်ရင်း ချာ့အကြောင်း စိတ်ရောက် နေခဲ့၏။ အယ်လီကြောင်သည် အခုတော့ သူ့ကြောင် ဖြစ်လာချေပြီ။ အခုတော့ ဒင်း ဘယ်ရောက်နေလဲ မသိ၊ တနေရာရာကနေများ ချောင်းမြောင်း နေသလား။ သတ္တဝါ တကောင်ကောင် ကိုများ သတ်ဖြတ် နေသလား။ လူ တယောက်ရဲ့ စိတ်နှလုံးက ကျောက်သားပြင်ထက် ပိုမာတယ်တဲ့။ ဆောင်း လေက သီချင်း တပုဒ်ကို ခါးသက်စွာ သီဆိုနေ၏။ သိပ်မဝေးလှသော တနေရာတွင် နော်မာခရန်ဒဲလ်သည် မီးခိုးရောင် American Eternal သံမဏိ ခေါင်းတလားထဲမှာ လဲလျောင်းနေပြီ၊ မောင့်ဟုပ်က မြေတိုက်ဂူ သင်္ချိုင်းထဲမှာ။ သူမသည် တခါတုန်းက အယ်လီတို့ မောင်နှမအတွက် သိုးမွေးဦးထုပ်ဆင်တူ ထိုးပေးခဲ့ဖူးသည်။ အခုတော့ သုဘရာဇာတွေ ဖုံးပတ် ပေးထားသည့် ပိတ်ဖြူစထဲမှာ။ သူမ၏ ပါးပြင်တွေဆိုလျှင် မည်းနက်၍ပင် နေနိုင်၏။

****

အခန်း (၃၄)

အယ်လီက အခုဆို ခြောက်နှစ် ပြည့်ပြီ။ မူကြိုကျောင်းမှ အိမ်ပြန်လာတော့ အယ်လီခေါင်းပေါ်မှာ မွေးနေ့ အထိမ်းအမှတ် အဖြစ် ရွှဲ့စောင်းနေသော စက္ကူဦးထုပ် တလုံးနှင့် သူငယ်ချင်းတွေ ဝိုင်းဆွဲပေး လိုက်ကြသည့် အယ်ပုံ အများအပြား ပါလာသည်။ ထိုပုံများထဲ၌ ခင်မင်ဖွယ်ရာ စာခြောက်ရုပ်ပုံက လက်ရာ အကောင်းဆုံး ဖြစ်၏။ နားချိန်မှာ ကျောင်းဝင်း ထဲ စကြ နောက်ကြသည့် အကြောင်းများကိုလည်း ပြောပြ၏။

အအေးမိနှာစေး ကူးစက်ရောဂါ ရာသီချိန်လည်း ကုန်ဆုံး သွားသည်။ ဘန်ဂါမြို့ရှိ EMMC သို့ ကျောင်းသား နှစ်ယောက် ပို့ပေးလိုက်ရသည်။ ဆရာဝန်ဒရာဟာဒူးက သေလုမြောပါး အဖျားကြီး၍ တက်သွားသည့် ပီတာ ဟန်ပါတမ် ဆိုသော ကျောင်းသားသစ်လေး၏ အသက်ကို ကယ်လိုက် နိုင်၏။ ဖေဖော်ဝါရီလ၏ သုညဒီဂရီအောက် ရာသီချိန် ကုန်ဆုံး သွားသော်လည်း ကောင်းကင်ကတော့ ပြာလွင်နေဆဲ။ မတ်လထဲ ဝင်လာသောအခါ ရာသီဥတုက မိုးရွာလိုက်၊ နှင်းကျလိုက်နှင့် တလှည့်စီ ပြောင်းလဲနေသဖြင့် မြေပြင်မှာ ကျင်းတွေ၊ ချိုင့်တွေ ဖြစ်လာ၏။ စိတ်သောက အကြီးအကျယ် ရောက်ခဲ့ရှာသော ဂျထ်ခရန်ဒဲလ်သည်လည်း အပူမီးတို့ ချုပ်ငြိမ်း သွား၏။ စိတ်ပညာရှင်များ၏ အဆိုအရ သောကမီးလျှံ သည် ချစ်မြတ်နိုးသူ တဦးဦး ကွယ်လွန် ပြီးပြီးချင်း သုံးရက်လောက်မှ အစပြု၍ လေးပတ်မှ ခြောက်ပတ်အထိ ကြာအောင် စွဲစွဲမြဲမြဲ တောက်လောင် နေတတ်သည် ဟူ၏။ နယူးအင်္ဂလန် သားများက ထိုကာလကို တခါတလေ “နှလုံးသွေး ခဲမတတ် အေးလှသည့် ဆောင်းတွင်းကာလ”ဟု ခေါ်တတ် ကြသည်။ သို့သော် “သေသောသူ ကြာရင်မေ့” ဟူသည့် အတိုင်း အချိန်ဟူသော သမားတော်၏ ကုစားမှုကြောင့် လူ့စိတ်ခံစားချက်သည် သက်တံနှယ်ပင် အခြားသော စိတ်ခံစားချက် တခုသို့ တဖြည်းဖြည်း ကူးပြောင်း အနည်ထိုင် လာတတ်၏။ ပြင်းစွာသော ပူဆွေး ဝမ်းနည်းမှုမှ သည် ချိုမြိန် နူးညံ့သော သောကဝေဒနာ အဖြစ်၊ ထိုသောက ဝေဒနာမှ သည် ကွယ်လွန်သူကို သတိရ တမ်းတမှု အဖြစ်၊ သတိရ တမ်းတမှုမှသည် အမှတ်တရများ အဖြစ် ကြွင်းကျန် ရစ်ခဲ့လေသည်။ ထိုဖြစ်စဉ် အဆင့်ဆင့် သည် သာမန်အားဖြင့် ဆိုလျှင်ပင် ခြောက်လမှ သုံးနှစ်အထိ ကြာမြင့် တတ်၏။ ဂေ့ဂျ်ဆံပင် ပထမဆုံး ညှပ်ရသည့်နေ့လည်း ရောက်ရှိ ကုန်ဆုံးသွားသလို သားဖြစ်သူ၏ ဆံပင်များ တဖြည်းဖြည်း ထူထဲ နက်မှောင် လာသည်ကို လူးဝစ် မြင်ရ၏။ မကြာမီ နွေဦး ရောက်လာသည်။ သို့သော် ခဏသာ ကြာလိုက်၏။

****

အခန်း (၃၅)

၁၉၄၈ ခုနှစ် မတ်လ ၂၄ ရက်သည် သူ့ဘဝ၏ နောက်ဆုံး ပျော်ရွှင်ခဲ့ရသော နေ့တနေ့ ဖြစ်ခဲ့သည်ဟု လူးဝစ် ယုံကြည်မိ၏။ နောင်လာမည့် ခုနစ် ပတ်မှာ သည်းထန်စွာ ရွာချတော့မည့် သောကမိုးသည် ထိုစဉ်တုန်းက မြူ တမှုန်စာမျှပင် အရိပ်အယောင် ပြမနေခဲ့ချေ။ အကယ်၍ ဆိုးဝါးသော အရာများသာ ဖြစ်မလာခဲ့လျှင် သူ့အနေဖြင့် ထိုနေ့ကို အစဉ်ထာဝရ သတိရမိ နေပေလိမ့်မည်။ တသက်တာ၏ ပျော်ရွှင်စရာ အကောင်းဆုံး နေ့ရက် များမှာ တလပင် မကြာ လိုက်သည့်နှယ်။ ဤသည်မှာ မကြာမီ ကြုံတွေ့ရ မည့် နာကျင် ကြေကွဲမှုအတွက် ဘုရားသခင်က သူ့အား သဘောထားကြီး စွာ ပေးသနားတော် မူလိုက်ခြင်းလည်း ဖြစ်တန်ရာ၏။

ထိုနေ့က စနေနေ့ဖြစ်ပြီး ရေချယ်နှင့် အယ်လီတို့က ဂျထ်နှင့်အတူ ဟင်း ချက်စရာ အဝယ် ထွက်သွားကြသဖြင့် သူနှင့် ဂေ့ဂျ်သာ တနေ့ခင်းလုံး အိမ်မှာ ကျန်ရစ်ခဲ့သည်။ လူးဝစ်၏ စတေရှင်ဝက်ဂွန်းက မောင်းမရသော ကြောင့် ဂျထ်၏ ဖွတ်ချက်ဖွတ်ချက် အသံထွက်နေသော ‘59 IH’ ပစ်ကပ် ကား အဟောင်းကြီးဖြင့် သွားကြသည်။ ဂျထ်သည် ထိုကားကုမ္ပဏီကို အလွန် နှစ်ခြိုက်၏။

ရေချယ်က လူးဝစ်အား ဂေ့ဂျ်နှင့်အတူ ထားခဲ့လို့ ရပါ့မလားဟု မေးစဉ်က ရပါသည်ဟု အာမဘာန္တေခံလိုက်၏။ ရေချယ် အပြင် ထွက်သည်ကိုပင် သူ ဝမ်းသာမိသည်။ ဂေ့ဂျ်သည် နေ့လယ် နှစ်နာရီ ဝန်းကျင်၌ အိပ်ရာမှ တငိုငိုတရယ်ရယ်နှင့် နိုးလာ၏။ လူးဝစ်က တတ်နိုင်သမျှ ချော့မြူသော်လည်း သားတော်မောင်က မကျေနပ်နိုင်ချေ။ ကျီကြနေသော ဂေ့ဂျ်သည် အယ့် ပန်းကန်ခွက် တလုံးကို မှောက်ချလိုက်ပြီး ပြန့်ကျဲနေသော ဖန်ဂေါ်လီလုံး များ အလယ်မှာ ထိုင်ချလိုက်သည်။ ပါးစပ်ထဲ ကောက်ထည့် လိုက်လျှင် လည်ချောင်း ဆို့သွားမှာ စိုးသဖြင့် ဂေ့ဂျ်လက် လှမ်းမမီသည့် နေရာမှာ ထား ရန် ဆုံးဖြတ် လိုက်သော်လည်း မအေဖြစ်သူ ပြန်မလာခင် ကလေးကို ငြိမ် အောင် ဘယ်လို လုပ်ရမလဲ သူမသိချေ။

အိမ်အနားမှာ လှည့်ပတ် တိုက်ခတ်နေသော နွေဦးလေသံကို နားထောင် ရင်း ဟိုဘက်အိမ်က မစ္စက် ဗင်တန်၏ ခြံဝင်း အပိုင်ထဲရှိ တိမ်ရိပ်တွေ ဖြတ်ပြေးနေသော ကွင်းပြင်ကို မျက်စိရောက် သွားသောအခါ လွန်ခဲ့သော ခြောက်ပတ်ခန့်က ကျောင်း အပြန်လမ်းမှာ ဝယ်လာခဲ့သည့် လေတံခွန်ကို သွားသတိရ၏။ ရစ်လုံးပါ တခါတည်း ဝယ်လာခဲ့သည်ပဲ။

“ဂေ့ဂျ်ရေ”

ဂေ့ဂျ်က ဆိုဖာခုံအောက်မှ ဆေးရောင်ခြယ် ဖယောင်းတံ အစိမ်းတချောင်း ရှာတွေ့သွားပြီး အယ်လီ အကြိုက်ဆုံး “အရိုင်းလေးတို့နေရာ” စာအုပ်ကို လျှောက်ခြစ်နေရာမှ “ဘာလဲ” ဟု ပြန်ဖြေသည်။

နှစ်နှစ်ပြည့်ပြီး ဖြစ်သည့် ဂေ့ဂျ်က စကားတတ်သလို လည်လည် ပတ်ပတ် လည်း ရှိလှ၏။

"အပြင် သွားကြမလား"

ဂေ့ဂျ်က စိတ်လှုပ်ရှားစွာ ထအော်၏။

"ပြင်သွားမယ်၊ ပြင်သွားမယ်။ သားသား ဖိနပ် ဘယ်မှာလဲ ဖေဖေ"

ဂေ့ဂျ်၏ ချစ်စဖွယ် ကောင်းလှသော မပီကလာ၊ ပီကလာ စကားကြောင့် လူးဝစ် အသည်းယား သွား၏။ ဂေ့ဂျ်၏ စနီကာဖိနပ်ကို ဆိုဖာခုံအောက်မှာရှာတွေ့သည်။ ကလေးငယ်များ ရှိသော မိသားစု တခုတွင် ပုလင်းခွံ၊ သေး ခံမှအစ ဆေးရောင်ခြယ် ဖယောင်းတံ အစိမ်းနှင့် မုန့်အကြွင်း အကျန်များ ညပ်နေသည့် နှမ်းစေ့လမ်း မဂ္ဂဇင်း စာအုပ်အထိ ဘယ်အရာမဆို ဆိုဖာခုံ အောက်မှာသာ ရှိတတ်ကြ၏။ သို့သော် ဂေ့ဂျ်၏ အနွေးထည်ကတော့ ဆိုဖာ ခုံ အောက်မှာ ရှိမနေဘဲ လှေကားထစ် ခြေရင်းမှာ တွေ့ရ၏။ ဂေ့ဂျ်က ခေါင်းစွပ် ဦးထုပ်အနီ မဝတ်ချင်ဘူး ဆိုသဖြင့် ခက်ခက်ခဲခဲ ရှာမနေတော့ဘဲ အိမ်ထဲမှ ထွက်လာ လိုက်၏။ သူက လူးဝစ်ကို လက်တွဲကာ

"ဘယ်သွားမို့လဲ ဖေဖေ"

"မစ္စက် ဗင်တန်တို့ ကွင်းပြင်ထဲမှာ စွန်သွား လွှတ်မယ်လေ သားရဲ့"

ဂေ့ဂျ်က နဝေတိမ်တောင်ဖြင့်

"ချွန် ဟုတ်လား"

"သားတွေ့ရင် ကြိုက်သွားမှာ။ ခဏလေးပဲ စောင့်"

လူးဝစ်က ကားရုံထဲ ဝင်ကာ သော့ရှာသည်။ ထို့နောက် ဗီရိုပုံးလေးကို ဖွင့် ကြည့် လိုက်သောအခါ သူ ထားခဲ့သည့်အတိုင်း ဘောင်ချာနှင့်အတူ ထုပ်ပိုး ထားသော စွန်ကို တွေ့ရ၏။ ဖေဖော်ဝါရီလတုန်းက မျှော်လင့်ချက် တခုခု ရလိုရငြား အားကိုး ရှာသည့် အနေဖြင့် ဝယ်လိုက်ခြင်း ဖြစ်၏။

"ဒါ ဘာရဲ"

"စွန်လေ"

လူးဝစ်က ပြောပြောဆိုဆို အိတ်ထဲက စွန်ကို ထုတ်ပြလိုက်၏။ ဂေ့ဂျ်က သူဖြေပြသော စွန်ကို စိတ်ဝင်တစား ကြည့်၏။ တောင်ပံနှစ်ဖက် အကျယ် ကို တိုင်းကြည့်လျှင် ငါးပေလောက် ရှိလိမ့်မည်။ စွန်ခေါင်းပိုင်းကို ပြူးကျယ် ဖောင်းကားနေသော မျက်စိနီနီရဲရဲနှစ်လုံး ခြယ်ထား၏။ ဂေ့ဂျ်က"ဟင် နှက်ကြီး။ နှက်ကြီးပါလား ဖေဖေရဲ့" ဟု ထအော်၏။

"ဟုတ်တယ်။ ငှက်လေ"

သူဝယ်လာသော ရစ်လုံးကလည်း ပေငါးရာလောက် ရှည်၏။ လူးဝစ်က စွန်နောက်ပိုင်းကို တုတ်တံတပ်ရင်း

"သား ကြိုက်မှာပါ"

ဂေ့ဂျ်လည်း စွန်ကို တကယ် ကြိုက်ပါ၏။ သူတို့သည် စွန်ကို မစ္စက် ဗင် တန်၏ ကွင်းပြင်ထဲ ယူသွားကြသည်။ မတ်လနှောင်းပိုင်း ကောင်းကင်က လေထန်နေ၏။ သူဘယ်အချိန် ကတည်းက စွန်မလွှတ်တော့တာလဲ၊ ၁၂ နှစ် သား

ကတည်းကလား၊ လွန်ခဲ့သော ၁၉ နှစ်ကလား မမှတ်မိတော့။

မစ္စက် ဗင်တန်သည် ဂျထ်နှင့် အသက်အရွယ် မတိမ်းမယိမ်းသာ ဖြစ်သော်လည်း ပို၍ အိုစာ၏။ သူမသည် ကွင်းထိပ်ရှိ အုတ်နှင့်ဆောက်သော အိမ်တွင် နေထိုင်သော်လည်း အပြင် ထွက်လာခဲလှ၏။ သူ့အိမ်နောက်ကွယ် ကွင်းပြင်အဆုံးသည် တိရစ္ဆာန် သင်္ချိုင်းနှင့် မစ်မက်သုသာန်သို့ ဦးတည်သွားသော တောစပ်အစ ဖြစ်၏။

စွန်ကို လေထဲသို့ မြှောက်တင် လိုက်သောအခါ ဂေ့ဂျ်က

"ချွန်ပျံနေပြီ ဖေဖေရေ" ဟု ထအော်၏။ လူးဝစ်က စိတ်လှုပ်ရှားစွာ ရယ်မောလျက်

"ဟုတ်တယ်ဟေ့။ ဘယ်အထိ ရောက်လဲ ကြည့်" ဟု ဝမ်းခေါင်းသံကြီးဖြင့် ပြန်အော်ပြော လိုက်သည်။

ရစ်လုံးကို အသာလျှော့ကိုင် ပေးလိုက်ရာ လျင်မြန်စွာ လည်ထွက်နေသော အရှိန်ကြောင့် သူ့လက်ဖဝါး၌ မီးစသေးသေးလေး ထလောင်သလို ပူခနဲ ဖြစ်သွား၏။

"စွန်ကို ကြည့်လိုက်စမ်း ဂေ့ဂျ်။ သောက်ရမ်း မိုက်တယ်နော်"

"စောက်ရမ်းမိုက်"

ဂေ့ဂျ်က ပျော်ရွှင် မြူးထူးစွာ ရယ်မောရင်း လိုက်အော်၏။

နေသည် နွေဦးတိမ်မီးခိုးရောင် နောက်ကွယ်မှာ ရွှက်လွင့်နေ၏။ အပူချိန် က ငါးဒီဂရီလောက် ချက်ချင်း တက်သွားသည့်အလား။ ဧပြီလသို့ ကူးပြောင်းရန် တာစူနေသော မတ်လ ရာသီသည် ချက်ချင်း ပူလိုက်၊ ပြန် အေး သွားလိုက်နှင့် အပျို့စိတ်လို မတည်မငြိမ် ဖြစ်နေလေ၏။ သူတို့သည် မစ္စက် ဗင်တန်၏ ကွင်းပြင်ထဲရှိ မြက်ခြောက်ပင်ရှည်များ ထဲမှာ မတ်တတ် ရပ်နေကြ၏။ ပြာလွင်သော ကောင်းကင်ယံ ထက်မှာတော့ လေစီးကြောင်းက စွန်ကို မြင့်သထက် မြင့်အောင် လွှင့်တင်နေဆဲ။

စိတ်ထဲမှာ ကလေးဘဝ ပြန်ရောက် သွားသလို ခံစားရပြီး စွန့်ကိုယ်စား ကမ္ဘာကြီးကို အပေါ်စီးမှ အုပ်မိုး ကြည့်နေရသည့်နှယ်။ မစ္စက် ဗင်တန်၏ ကွင်းပြင်သည် ကွင်းပြင်တခု သက်သက် ဖြစ်မနေဘဲ မြေပုံဆွဲသူ တယောက်၏ မျက်လုံးဖြင့် ကြည့်ရသည့်အလား နှင်းတွေ ဖုံးနေသည့် ကျောက်ဆောင်၊ တောင်တန်းများ ဝန်းရံထားသော လေးထောင့်စပ်စပ် အကွက်ကလေး တခု ဖြစ်နေ၏။ စွန်၏ မျက်လုံး နီနီရဲရဲမှတဆင့် မြစ် ရေ တသွင်သွင် စီးနေသော တောင်ကြားနှင့် အိမ်ရှေ့က လမ်းမကြီးကို လည်း အနက်ရောင် ချုပ်ရိုးကြောင်း တခုအလား မြင်ရ၏။ အခြား တဖက်တွင် ဟမ်ဒန်၊ နယူးဘာ့ဂ်နှင့် သင်္ဘောဆိပ်ကမ်း ရှိသော ဝင်းတားပေါ့တ် မြို့များကို သာမက ဘတ်စ်ပေါ့တ်ရှိ စိန့်ရီးဂျစ်မေး ဘုရားကျောင်းကို ပါ မြင်ရသယောင် ရှိ၏။ လူးဝစ်က တဟားဟား ရယ်ရင်း

"စွန်ကို ကြည့်ပါဦး ဂေ့ဂျ်ရေ" ဟု အော်ပြောသောအခါ ပါးစပ်ကြီး အဖြဲ သားနှင့် ပြုံးပျော်နေသော ဂေ့ဂျ်က စွန်ကို ပက်လက်လန်

လဲကျမတတ်မော့ကြည့်ကာ လက်နှစ်ဖက် ဝှေ့ယမ်းပြလေ၏။

ငေ့ဂျ်သည် စွန်မှတပါး အခြားအရာကိုပင် မကြည့်တော့ဘဲ စွန်ရိပ် နောက် တကောက်ကောက် လိုက်နေလေ၏။ လူးဝစ်က စွန်ကြိုးကို ငေ့ဂျ် လက်ထဲ ထည့်ပေးသောအခါ တအံ့တသြနှင့် တင်းတင်း ဆွဲထားလိုက်ပြီး

"ဘာရဲ ..." ဟု မေးလေ၏။

"ဒါ သားရဲ့စွန်လေ။ သားဘာသာ ထိန်းပေတော့"

"ငေ့ဂျ် ထိန်းရမှာလား"

ထိုအမေးက လူးဝစ်ကို မဟုတ်ဘဲ သူ့ကိုယ်သူ အတည်ပြုချက် ရယူခြင်း ဖြစ်နိုင်၏။ ငေ့ဂျ်က စွန်ကြိုးကို စမ်းဆွဲကြည့်ရာ ကောင်းကင်ထက်ရှိ စွန်က ခေါင်း တညိတ်ညိတ် ဖြစ်သွားလေ၏။ ခပ်တင်းတင်း ဆွဲလိုက်သောအခါ စွန်က လေထဲသို့ တဟုန်ထိုး ထိုးတက်သွားသည်။ ထိုအခါ သားအဖ နှစ် ယောက်သား တဟားဟား ရယ်လိုက်မိကြ၏။ ငေ့ဂျ်က အားနေသည့် လက် ကို ရှေ့သို့ ဆန့်တန်း ထုတ်လိုက်ရာ လူးဝစ်က လှမ်းကိုင် လိုက်သည်။ သူ တို့သည် မစ္စက် ဗင်တန်၏ ကွင်းပြင် အလယ်မှာ မတ်တတ်ရပ်ရင်း စွန် ကို အတူမော့ကြည့် နေမိကြ၏။

သားဖြစ်သူနှင့်အတူ ရှိနေခဲ့သည့် ထိုတဒင်္ဂကို သူဘယ်တော့မှ မေ့တော့ မှာ မဟုတ်ချေ။ စွန်နှင့်အတူ အထက်သို့ တက်သွားစဉ်က သူ့ကိုယ်သူ ကလေးဘဝ ပြန်ရောက် သွားသလို ခံစားခဲ့ရ၏။ အခုတော့ သူကိုယ်တိုင် ငေ့ဂျ် ဖြစ်နေသလိုပင်။ သူ့ကိုယ်ခန္ဓာသည် သေးကျုံ့၍ ငေ့ဂျ်ကိုယ်ထဲ ဝင်ပူး သွား သလိုလို။ ငေ့ဂျ်မျက်လုံးထဲမှ တဆင့် မြင်ရသော လောကကြီးသည် ကြီးမား ကျယ်ပြန့်ကာ အရောင်အသွေး စုံ၍ တောက်ပ၏။ မစ္စက်ဗင်တန်၏ ကွင်းပြင်သည် ဘွန်းနမီးလ် ဆားကွင်းပြင်လောက် ကြီးမား၍ စွန် က သူ့အထက် မိုင်ပေါင်း များစွာမှာ မျောလွင့်နေ၏။ လေတိုက်တိုင်း လွင့်နေသည့် လက်သီးဆုပ်ထဲက စွန်ကြိုးသည် သက်ရှိအရာ တခုအလား လူး လွန့်နေ၏။

"ချွန်ပုံနေတယ်"

ငေ့ဂျ်က ဖအေကို လှမ်းအော် ပြောသောအခါ လူးဝစ်က သူ့အား ပခုံးမှ ဆွဲ ဖက်၍ ပါးကို နမ်းပစ်လိုက်၏။ လေတိုက်ခတ်၍ ပွင့်အာလာသော တော ရိုင်း နှင်းဆီပန်းကလေး တပွင့်ကို တရှိုက်မက်မက် နမ်းရှုပ် ပစ်သလိုမျိုး။

"သားကို ချစ်လိုက်တာကွယ်"

လူးဝစ်က နှစ်ကိုယ်ကြား လေသံဖြင့် ပြောလိုက်သည်။ နှစ်လပင် ကြာ အောင် နေရတော့မှာ မဟုတ်သည့် ငေ့ဂျ်က အူမြူးစွာ တခစ်ခစ် ရယ်၏။

"ချွန်ပုံ၊ ချွန်ပုံ ဖေဖေ"

သူတို့သည် ရေချယ်နှင့် အယ်လီတို့ ပြန်လာသည်အထိ စွန်လွှတ်နေခဲ့ကြသည်။ ရစ်လုံးမှ ကုန်လုနီးပါး စွန်ကြိုးကို လွှတ်တင်လိုက်သဖြင့် စွန်က မျက်စိအောက်က ပျောက်မတတ် ထိုးတက်သွားကာ ကောင်းကင်ထဲတွင် အမည်းရောင် အစက်သေးသေးလေး တစက်မျှသာ မြင်ရလေ၏။

သားအမိနှစ်ယောက် ရောက်လာသည်ကို မြင်တော့ သူ ဝမ်းသာသွား၏။ မိနစ် နှစ်ဆယ်လောက် ကြာတော့ ရေချယ်က ဂျေ့ဂျ်ကို အအေးမိမှာ စိုး၍ လေစိမ်း အတိုက်ခံတာ တော်သင့်ပြီဟု ပြောသည်။ သို့နှင့် စွန်ကြိုးကို ပြန် ရစ်၍ သိမ်းရ၏။ လူးဝစ်က စွန်ကို ချိုင်းကြားမှာ ညှပ်ယူလာပြီး ဗီရိုပုံး ကလေးထဲ ပြန်သိမ်းထား လိုက်သည်။

ထိုညက ဂျေ့ဂျ်သည် ဟော့ဒေါ့နှင့် ပဲတွေ အများကြီး စား၏။ ရေချယ်က သူ့ကို ဒေါက်တာဒန်တန် ညအိပ်အင်္ကျီ လဲပေးသည်။ လူးဝစ်က အယ့်ကို ခေါ်၍ ဖန်ဂေါ်လီလုံးများကို သေချာ သိမ်းဆည်းရန် ချော့ပြောသည်။

တခြားအချိန်များ အထူးသဖြင့် အလုပ် ပင်ပန်းလာသည့် အခါသာဆိုလျှင် အယ်လီက ခေါင်းမာသည့်အတွက် တခါမှ နှစ်ခါ ပြောမရလျှင် အော်ထုတ် လိုက်သည်သာ ဖြစ်၏။ ဒီညတော့ စွန်ကြောင့် စိတ်ကောင်းဝင် နေသဖြင့် အယ်လီကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနေ၏။ အယ်လီက နောင်ပို ဂရုစိုက်ပါ့မယ်ဟု ဆိုကာ တီဗွီ သွားထိုင်ကြည့်သည်။ စနေနေ့ဆိုလျှင် ၈ နာရီခွဲအထိ တီဗွီကြည့်ခွင့် ရှိသည်ကို သူမ သိပ်တန်ဖိုးထားသည်။ တကယ်တော့ ဖန်ဂေါ်လီလုံးများရော အအေးမိခြင်းပါ ပြဿနာ မဟုတ်ဘဲ တကယ့် ပြဿနာ အစစ်က အိမ်ရှေ့က လမ်းမကြီးနှင့် အော်ရင်ကို ကုန်ကားကြီးတစီး ဖြစ်နေခြင်းကိုတော့ သူမသိခဲ့ရှာပေ။ ယင်းတို့သည်သာ ပြဿနာဟု ဂျထ်ကိုယ်တိုင် တခုသော ဩဂုတ်လ တရက်မှာ သူတို့ကို သတိပေးခဲ့ ဖူး၏။

ဂျေ့ဂျ်ကို သိပ်ပြီး ၁၅ မိနစ်ကြာတော့ လူးဝစ် အပေါ်ထပ် တက်ကြည့်တော့ သားဖြစ်သူက ငြိမ်နေသော်လည်း မအိပ်သေးဘဲ မျက်နှာကြက်ကို မော့ကြည့်ရင်း နို့ဘူးစို့နေမှန်း သိသွားသည်။ သူက ဂျေ့ဂျ်၏ ခြေတဖက်ကို ကောက်မကာ နမ်း၍ ပြန်ချပြီး

"ဂွတ်နိုက် ဂျေ့ဂျ်" ဟု နှုတ်ဆက်သည်။

"ချွန်ပျံနော် ဖေဖေ"

"တကယ် ပျံတာလား သားရဲ့၊ ဟုတ်လို့လား"

ပြောရင်း ဘာကြောင့်မှန်းမသိ မျက်ရည် စို့လာ၏။

"ချွန်ပျံ၊ မိုးပေါ်မှာ ပျံ"

ဂျေ့ဂျ်က တဖက်လှည့်ကာ မျက်လုံးမှိတ်၍ အိပ်သွား၏။ လူးဝစ်က အိပ်ခန်းထဲမှ အသာလှမ်းထွက်ကာ တချက် ပြန်လှည့်ကြည့်လိုက်ရာ ဂျေ့ဂျ်၏ အဝတ်ဗီရိုထဲမှ စိမ်းဖန့်ဖန့် မျက်လုံးတစုံက သူ့ကို ပြန်စိုက်ကြည့် နေသည်ကို မြင်လိုက်ရ၏။ ဗီရိုတံခါးသည် ဟရုံသာ ဟနေ၏။ သူ့ရင်ဘတ် ထဲက နှလုံးသည် ဒိန်းခနဲ လည်ချောင်းဝသို့ ခုန်တက် သွားသယောင် ထင် လိုက်မိသည်။

ဇလ်ဒါများလား၊ ဇလ်ဒါများ လျှာမည်းမည်းကြီး ထုတ်ပြ နေသလားဟု တွေးရင်း ဗီရိုတံခါးကို မရေမရာ ဆွဲဖွင့်လိုက်တော့ ချာ့ဖြစ်နေ၏။ လူးဝစ်ကို မြင်တော့ ဟောလိုဝင်း လက်ဆောင် ကတ်ပြားထဲက ကြောင်ရုပ်လို ကျောကုန်းကြီး

ခုံးထလာကာ တဝက်တပျက် ပါးစပ်ဟလာပြီး အပ်လို ချွန်ထက်သော သွားများကို ဖြဲပြလျက် ဦးခနဲ မာန်ဖီသည်။ လူးဝစ်က လေသံ ခပ်တိုးတိုးဖြင့်

“ထွက်စမ်း”

ချာ့ တုတ်တုတ်မျှ မလှုပ်ဘဲ နောက်တခါ ဦးခနဲ မာန်ဖီပြန်၏။

“ထွက်စမ်းလို့ ပြောနေတယ်လေ”

လူးဝစ်က တွေ့ကရာ ကောက်ကိုင် လိုက်တော့ ဂေ့ဂျ်၏ ချက်ဂီချက်ဂီချိုး ချိုးမီးရထားတရုပ် ပါလာ၏။ ကြက်သွေးရောင် တောက်နေသော ထို ပလတ်စတရုပ်သည် မှိန်ပျပျ မီးရောင်အောက် တွင်တော့ သွေးများ ခြောက်နေသော အရောင်နှင့် တူ၏။ သူက ချာ့ကို ထိုအရုပ်နှင့် ဖွေ့ယမ်း လိုက်တော့ ကုန်းကွလာသည့်အပြင် နောက်တကြိမ် ဦးခနဲ မာန်ဖီပြန် လေ၏။

ရုတ်တရက် လူးဝစ်သည် ဘာမှ မစဉ်းစား နိုင်တော့ဘဲ ကြောင်ကို အရုပ်နှင့် ကောက်ပေါက် ထည့်လိုက်၏။ ကြောက်လည်း ကြောက်၊ ဒေါသလည်း ထွက်ကာ အားကုန် ပစ်ပေါက် ထည့်လိုက်ခြင်း ဖြစ်သည်။ သားဖြစ်သူ၏ အခန်းထဲက မှောင်မည်းနေသော အဝတ်ဗီရိုထဲမှာ ပုန်းလျှိုးကွယ်လျှိုးနှင့်ထွက်သွားရန် ငြင်းဆန်နေသော ဒင်းကို လုပ်စရာသည် တနည်းပဲ ရှိတော့သည်ပဲ။

မီးရထားရုပ်၏ စက်ခေါင်းသည် ကြောင်ကို တည့်တည့် မှန်သွားလေရာ ချာ့သည် ကွိခနဲ မြည်ကာ ထုံးစံအတိုင်း ယိုင်တိုင်ယိုင်တိုင် ဟိုတိုက်သည် တိုက်နှင့် ထွက်ပြေး သွားလေ၏။ ဂေ့ဂျ်သည် တခုခုကို ထယောင်ကာ လူး လွန့်၍ ပြန်ငြိမ်သွား၏။ လူးဝစ်သည် နဖူးမှ ချွေးသီး ချွေးပေါက်ကြီးများ ကျ လျက် နေမကောင်းချင် သလိုလို ဖြစ်လာ၏။ အောက်ထပ်မှ ရေချယ်က အ လန့်တကြားဖြင့်

“လူးဝစ်ရေ၊ ဂေ့ဂျ် ပုခက်ထဲက ပြုတ်ကျတာလား” ဟု လှမ်းမေး၏။

“ဘာမှ မဟုတ်ဘူး ရေချယ်။ ချာ့က သူ့အရုပ်တွေနဲ့ တိုက်မိသွားတာ”

“ဩော်၊ အင်း၊ အင်း”

စိတ်ထဲမှာ ဂေ့ဂျ်ကိုယ်ပေါ် မြွေတကောင် တွားတက် လာသလိုလို၊ စာအုပ်စင်ပေါ်က ကြွက်ကြီးတကောင် ပုခက်ထဲ ခုန်ချလာသလိုလို မြင် နေရသည်ဟု ခံစားရ၏။ တကယ်တော့ အဓိပ္ပာယ်မဲ့ လျှောက်တွေး နေမိ ခြင်းသာ ဖြစ်၏။ သို့သော် ခုနကလို အဝတ်ဗီရိုထဲကနေ မာန်ဖီနေလျှင် ကော။ ဖဲလ်ဒါ၊ ဖဲလ်ဒါ့အကြောင်း တွေးနေမိပြန်ပြီလား။ ကြီးမြတ်၍ ဆိုးသွမ်းသော မှော်ဆရာ အော့ဇ်ရဲ့အကြောင်းလား။

သူက အဝတ်ဗီရိုကို ပိတ်ကာ အရုပ်တွေကို ခြေထောက်နှင့် တွန်းဖယ် လိုက်၏။ ဗီရိုတံခါးမှ ကလစ်ခနဲ ချက်ကျသံ ကြားတော့ ချိတုံချတုံနှင့် ဗီရိုကို အပြင်မှ ချက်ထိုး၍ ပိတ်လိုက်သည်။ ပြီးတော့ ဂေ့ဂျ်၏ ပုခက်ကို ပြန်သွား ကြည့်ရာ စောင်နှစ်ထည်လုံးကို ခြေထောက်နှင့် ကန်ထားသဖြင့် ဒူးနား ရောက်နေ၏။ လူးဝစ်က လုံးထွေးနေသော စောင်ကို မ၍ သေချာ ခြုံ ပေးသည်။ ထို့နောက်

မတ်တတ် ရပ်လျက်သားနှင့် သားဖြစ်သူကို အကြာကြီးကြည့်နေ မိလေ၏။

****

ဒုတိယပိုင်း

မစ်မက် သုသာန်

ဗေသနိရွာသို့ ယေရှု ရောက်တော်မူသောအခါ လာဇရုကို သင်္ဂြိုဟ်ပြီး၍ သင်္ချိုင်းတွင်း၌ လေးရက်လွန်လေပြီ။ ယေရှုကြွလာတော် မူကြောင်းကို မာသကြားလျှင် ကိုယ်တော်ကို ခရီးဦးကြိုပြုခြင်းငှာ အပြေးသွားလေ၏။ မာ သက "သခင်၊ ကိုယ်တော်ရှိတော်မူလျှင် ကျွန်မ၏မောင် မသေပါ။ ယခုသေ လျက် ရှိသော်လည်း ကိုယ်တော်သည် ဘုရားသခင်ကို ဆုတောင်းတော်မူ သမျှအတိုင်း ဘုရားသခင်က ပေးတော်မူမည်ကို ကျွန်မသိပါသည်"ဟု လျှောက်၏။ ထိုအခါ ယေရှုက "သင်၏မောင် တဖန်ပြန်၍ ထမြောက်လာ လတ္တံ့" ဟု မိန့်ကြားတော်မူလေ၏။

ရှင်ယောဟန်ခရစ်ဝင် (အခန်းကြီး ၁၁၊ အခန်းငယ် ၂၀)

အခန်း (၃၆)

လူ့စိတ်သည် ကြောက်မက်ဖွယ်ရာ တခုခုနှင့် ကြုံတွေ့ရသည့်အခါ မည်သည့် အတိုင်းအတာ ရောက်ရောက် လက်ခံရင်ဆိုင်နိုင်အောင် ကြိုးစားတတ်၏ဟူသော အဆိုသည် မှားသည့်အခါလည်း ရှိချင်ရှိပေမည်။ အကယ်၍ ထိုအဆိုသာ မှန်ခဲ့လျှင် ထိုသူ၏ ကြောက်မက်ဖွယ် ခံစားချက် အတိမ်အနက် အလိုက် စိတ်ကလိုက်၍ ရင်ဆိုင်ဖြေသိမ့်နိုင်အောင် ကြိုးစား ရပေမည်။ ကြောက်စိတ်သည် အိပ်မက်ဆိုးများကို ပေါက်ဖွားစေ၏။ အိပ်မက်ဆိုးသည် ကြောက်စိတ်ကို ပိုပြင်းထန်အောင် လှုံ့ဆော်၏။ ဤသို့အားဖြင့် ကြောက်မက်ဖွယ်ခံစားချက် တစတစ ကြီးမား နက်ရှိုင်းလာသည့်အခါ သွေးပျက်စရာ မေးခွန်းတခု ပေါ်လာ၏။ လူ့စိတ်သည် ကြောက်မက်ဖွယ် ခံစားချက်ကြောင့် သွက်သွက်ခါ ရူးသွပ်မသွားအောင် မည်သည့် အတိုင်းအတာအထိ ရင်ဆိုင် တောင့်ခံနိုင်သနည်း။ တချို့သော အခြေအနေများတွင် ရူးသွပ်မသွားစေရန် စိတ်သည် ကြောက်မက်ဖွယ် ခံစားချက် ပေ့သွားစေဖို့ အလိုအလျောက် ဖော့တွေးပစ်တတ်၏။ သို့သော် ထိုသို့ ဖော့တွေးပစ်ခြင်းကပင် ရူးသွပ်ဖို့ အစပြုလာခြင်း ဖြစ်နိုင်ပေသည်။ ထိုအခါ ရူးမသွားအောင် ဖြေတွေးလေလေ၊ ပို၍ ရူးသွပ်လေလေ ဖြစ်လာ နိုင်၏။

ယုတ္တိရှိရှိသာ တွေးတတ်ခဲ့လျှင် မေလ ၁၇ ရက်နေ့မှာ ပြုလုပ်သည့် ဂေ့ဂျ် ဝီလျံခရိဒ်၏ နာရေး၌ လူးဝစ်ခရိဒ်သည် အထက်ပါအတိုင်း တွေးမိခဲ့မည် သာ ဖြစ်၏။

ဂေ့ဂျ်ကို အခေါင်းပိတ်ပြီးနောက် မြေချရန် ဘရွတ်ကလင်းစမစ် နာရေးအိမ်မှ သယ်ထုတ်သွားသော အခါ နဂိုကတည်းက စိတ်အား ငယ်တတ်သော ရေချယ်ခမျာ အသည်းနှလုံး တစစီ ကြေပြုန်းမတတ် အော်ဟစ်၍ ငိုယို လေ၏။ ထိုအခါ ဒေါသကြီးလှသည့် ယောက္ခထီးဖြစ်သူ အာဝင်ဂိုးမန်း၏ ပြင်းထန်သော လက်သီးချက် အောက်တွင် ယုတ္တိတန်အောင် စဉ်းစားရသော အတွေးစိတ်ကူးများက လူးဝစ်ထံမှ အစအန မကျန်အောင် ပျောက် ကွယ် သွားတော့သည်။ ဆာရန်းဒရားဟာဒူးက အရူးမီးဝိုင်း အော်ဟစ်နေသော ရေချယ့်ကို စိတ်ငြိမ်ဆေးထိုး၍ ခေါ်ထုတ်သွားရသည်။

ညှော့တွေ့ချိန်သည် နေ့လယ် ၂ နာရီမှ ၃ နာရီကြားမဟုတ်ဘဲ မနက် ၁၀ နာရီမှ ၁၁ နာရီခွဲအတွင်းသာ ဖြစ်ပါမူ မီရှီဂန်ပြည်နယ် ဒီးယားဘွန်းမြို့မှ လိုက်လာသည့် မစ္စတာ အာဝင်ဂိုးမန်းက လူးဝစ်ကို လက်သီးနှင့် ထိုးဖြစ်လိမ့်မည် မဟုတ်ချေ။ အကြောင်းမှာ ရေချယ်သည် မနက်ပိုင်း၌ အသုဘအိမ်မှ ညှော့သည်များကို လာမတွေ့သလို ရောက်အောင်ပင် မလာနိုင်ရှာသဖြင့် သည်းအူပြတ်မျှ အော်ဟစ်၍ ငိုမိမှာလည်း မဟုတ်ချေ။ သူမသည် ဂျထ်ခရန် ဒဲလ်၊ စတိဗ်မာစတာတန်တို့နှင့်အတူ အိမ်မှာသာ ထိုင်နေရစ်ခဲ့သည်။ လူးဝစ်မှုကား လွန်ခဲ့သော ၄၈ နာရီ မည်သို့ ကုန်ဆုံးသွားမှန်း မသိလိုက်သလို ဂျထ်နှင့် စတိဗ်တို့ အနားမှာ မရှိဘဲ ထိုအချိန်အတိုင်းအတာကို မည်သို့ဖြတ် ကျော်ခဲ့မိမှန်းပင် မသိချေ။

စတိဗ် ချက်ချင်း ရောက်ချလာ၍သာ တော်သေးသည်။ ထိုအချိန်က လူးဝစ်အပါအဝင် မိသားစုဝင် သုံးဦးစလုံးမှာ တဦးကို တဦး ယာယီအားဖြင့် မည်သို့နှစ်သိမ့်ရမှန်း မသိအောင်ပင် နှုတ်ဆိတ်၍ နေမိကြလေ၏။ စိတ်ခေတ် အကြီးအကျယ် ကျလျက် တငိုတည်း ငိုနေသော ဇနီးသည်ကို ပင် အနည်းဆုံး ပါးစပ်ပိတ်သွားအောင် အရက်တခွက် ငှဲ့မတိုက်မိ။ မဟုတ်သေး၊ ရေချယ်တယောက် အိမ်နေရင်းအင်္ကျီအား ကြယ်သီး မှား တပ်၍ ဝတ်ထားသည်ကိုပင် သူ သတိမပြုမိခဲ့ချေ။ ရေချယ့်ခေါင်းမှ ဆံပင် သည် လျှော်လည်း မလျှော်၊ ဖြီးသင်၍လည်း မထားသဖြင့် ရှုပ်ပွနေ၏။ မျက်စိနှစ်လုံးက မျက်တွင်း ဟောက်ပက်ကြားမှ မှိုအစ် ဖောင်းကားနေပြီး မျက်နှာ အသားအရေမှာ လျော့အိတွဲကျနေသဖြင့် သက်ရှိ ဦးခေါင်းခွံ တခု နှင့် တူ၏။

ထိုမနက်က သူမသည် ထမင်းစားပွဲတွင် ထိုင်၍ မနက်စာအဖြစ် ထောပတ် သုတ်မထားသော ပေါင်မုန့်တချပ်ကို တလှုပ်လှုပ် ဝါးရင်းက အဆက်အစပ်မရှိသော စကားများကို တတွတ်တွတ် ရေရွတ်နေ၏။ တနေရာအရောက်တွင် “ကို ဝယ်ချင်တယ်ဆိုတဲ့ ဝင်နီဘာဂိုကလေ…” ဟု ဆိုသည်။ ဝင်နီဘာဂိုကား အကြောင်းကို လူးဝစ် နောက်ဆုံးပြောခဲ့ဖူးသည့်အချိန်မှာ ၁၉၈၁ ခုနှစ်က ဖြစ်လေ၏။ လူးဝစ်သည် သူ့ဘာသာ မုန့်စားနေ ရင်း ခေါင်းကိုသာ ညိတ်ပြသည်။

လူးဝစ်၏ မနက်စာမှာ ကိုကိုးဘဲရ်ဖြစ်ပြီး ယင်းမှာ ဂေ့ဂျ်အလွန်ကြိုက်သော ကွေကာမုန့် ဖြစ်၏။ သည်မနက်ကျမှ ထိုမုန့်ကို စားချင်သည့် အာသီသ ပြင်းပြလာသဖြင့် စားနေခြင်း ဖြစ်သည်။ အရသာက လူကြီး ပါးစပ်နှင့် လုံးဝ မလိုက်သော်လည်း စားပြီးရင်း စားချင်နေမိသည်။ လူးဝစ်သည် အနက်ရောင်လုံးလုံး မဟုတ်သော်လည်း မီးခိုးရောင်ရင့်ရင့် ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသည်။ မုတ်ဆိတ်ရိတ်ထားသည်။ ဆံပင်ကိုလည်း ကျကျနန ဖီးသင်ထားသဖြင့် စိတ်နှင့် လူနှင့် မကပ်သော်လည်း အပြင်ပန်း ရုပ်သွင်ကတော့ ကြည့်ရအဆင်ပြေသည်။

အယ်လီသည် အဝါရောင်အင်္ကျီနှင့် ဂျင်းဘောင်းဘီအပြာ ဝတ်ထားသည်။ သူမသည် မနက်စာဝိုင်းကို ဓာတ်ပုံတပုံ ယူလာ၏။ ထိုဓာတ်ပုံကို ရေချယ် က SX-70 ပိုလာရိုက် ကင်မရာတလုံးဖြင့် ရိုက်ခဲ့ခြင်း ဖြစ်ပြီး ထိုကင်မရာ ကို ပြီးခဲ့သော သူမ မွေးနေ့တွင် လူးဝစ်နှင့် ကလေးနှစ်ယောက်က မွေးနေ့ လက်ဆောင်အဖြစ် ပေးခဲ့ခြင်း ဖြစ်သည်။ ပုံထဲတွင် အယ်လီက Speedaway နှင်းလျှောစီး စွတ်ဖားကို ဆွဲယူနေပြီး စွတ်ဖားပေါ်မှာ မြိန့်မြိန့်ကြီး ထိုင်နေသော ဂေ့ဂျ်ကို သမင်လည်ပြန် လှည့်ပြုံးပြနေ၏။ Sears တံဆိပ် နှင်းကာ ဂျာကင် အပွကြီး ဝတ်ထားသော ဂေ့ဂျ်က ပါးစပ်အပြဲသားနှင့် ပြုံးပျော် ရွှင်မြူးနေသည်။ အယ်လီသည် ထိုပုံကို ယူလာသော်လည်း ယင်းနှင့် ပတ်သက်၍ ဘာတခွန်းမှ မပြောချေ။

လူးဝစ်သည် သူ့အရှေ့က ဇနီးနှင့် သမီးတို့ မည်သို့မည်ပုံ ဖြစ်နေသည်ကို သိမြင်နိုင်စွမ်း မရှိဘဲ မနက်စာကိုသာ စားနေ၏။ စိတ်ကတော့ မတော်တဆမှုကိုသာ အထပ်ထပ်အခါခါ မြင်ယောင်နေမိသည်။ လူးဝစ်၏စိတ်ရုပ်ရှင် ထဲမှာတော့

ဖြစ်ရပ်၏ အဆုံးသတ်တိုင်းက အမျိုးမျိုးအဖုံဖုံ ပြောင်းလဲနေသည်။

စိတ်ထဲမှာ မြင်ယောင်နေသော ဖြစ်စဉ်ထဲတွင် သူသည် ပို၍ လျင်မြန်နေ၏။ အရာအားလုံး ဖြစ်ပျက်ပြီးသည့်နောက် သူတို့အော်ဟစ်နေစဉ် ဇေ့ဂျ် က မရပ်ဘဲ ဆက်သွားနေသဖြင့် သားတော်မောင်ကို ရိုက်နှက်အပြစ်ပေးနေ မိသည်။

ရေချယ်နှင့် အယ်လီတို့၏ မူမမှန်သည့်အခြေအနေကို တကယ်တမ်း သိမြင်သွားသူက စတိဗ်ပဲ ဖြစ်သည်။ ခေါင်းတလားကို ပိတ်ထားပြီးဖြစ်၍ ဈာပနပွဲကို ရေချယ့်အား သွားမကြည့်တော့ဖို့ စတိဗ်က တားသည်။ အခေါင်းဖွင့်ထား၍ သွားကြည့်လိုက်လျှင်လည်း အော်ပြေးမှာပဲဟု လူးဝစ် တွေးမိသည်။ အယ်လီကိုတော့ လုံးဝ မသွားရန် တားထားသည်။ အယ်လီသည် ဇေ့ဂျ်၏ ဓာတ်ပုံကို လက်ထဲမှာ တင်းတင်းဆုပ်ရင်း တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်၍သာ နေ၏။

စတိဗ်သည် ရေချယ့်ကို အရက်တခွက် တိုက်၍ အယ်လီကိုတော့ အရောင်အဆင်းမရှိသော ဆေးရည်တမျိုး တိုက်သည်။ ပုံမှန်ဆိုလျှင် ဆေးသောက်ရမည်ဆိုသည်နှင့် တညည်းတညူညူ ဖြစ်နေတတ်သော အယ်လီသည် ဤတကြိမ်တွင်တော့ မျက်နှာတချက်ပင် မဲ့မသွားဘဲ တိတ်ဆိတ်စွာ သောက်ချလိုက်၏။

မနက် ဆယ်နာရီထိုးတော့ အယ်လီသည် ဓာတ်ပုံကိုင်လျက်သားနှင့် သူ့ အိပ်ရာထဲမှာ အိပ်ပျော်သွား၏။ ရေချယ်သည် တီဗွီမှ လာနေသော Wheel of Fortune အစီအစဉ်ကို ငူငူကြီး ထိုင်ကြည့်နေ၏။ မနက် ၈ နာရီ ၁၅ မိနစ်မှာ ရောက်လာသော စတိဗ်က သူမကို တခုခု မေးလိုက်တိုင်း နှေးကွေး လေးလံစွာ ပြန်ဖြေသည်။ သူမမျက်နှာတွင် စိုးရိမ်ပူပန်၍ ထိတ်လန့်တကြား ဖြစ်ရမည့် အရှူးမီးဝိုင်းအမူအရာ ပျောက်ဆုံးနေပြီး အတွေးနယ် လွန် နေဟန် ရှိ၏။

ဂျထ်က အစစအရာရာ စီစဉ်ပေးသည်။ ပြုဖွယ်ကိစ္စအဝဝကို လွန်ခဲ့သော သုံးလက သူ့ဇနီး ကွယ်လွန်စဉ်အခါကလိုပင် တည်ငြိမ်စွာ ဆောင်ရွက်သည်။ နေအိမ်မှ ထွက်မလာခင်အထိ စတိဗ်က လူးဝစ်ဘေးနားမှာ နေ ပေး၏။ သူက လူးဝစ်အား

“ရေချယ့်ကို ကြည့်ရတာ စိတ်ထိန်းနိုင်မယ့်ပုံပါ။ ညနေကျရင်တော့ သူ သွားလို့ရ၊ မရ ကြည့်လိုက်ဦးမယ်”

“အင်းပါ”

“အရက် သောက်လိုက်တော့ စိတ်နည်းနည်း ငြိမ်သွားမှာပဲ။ ခင်ဗျားရဲ့ မိတ်ဆွေကြီး ဂျထ်က ပြောတယ်၊ ညနေပိုင်း ဈာပနကို လာကြည့်တဲ့ အတောအတွင်း အယ်လီကို သူကြည့်ထားပေးမယ်တဲ့”

“ကောင်းတာပေါ့”

“သူနဲ့ အယ်လီတို့ မိုနိုပိုလီတွေဘာတွေ ကစားရင်လည်း ကစားကြမှာ ပေါ့”

“အင်း၊ အင်း”

“ဒါပေမယ့်...”

"မှန်တာပေါ့"

စတိဗ်က ဘာမှ ထပ်မပြောတော့ချေ။ သူတို့နှစ်ယောက် ကားရုံထဲမှာ ရပ်၍ စကားပြောနေခြင်း ဖြစ်၏။ ချာ့က ငှက်သေ၊ ကြွက်သေ ချီလာတတ်သော နေရာမှာ လေးတိလေးကန် ရစ်ဝဲနေသည်။

အပြင်မှာ မေလ၏ နေရောင်က တောက်ပလင်းထိန်နေသည်။ သပိတ်လွယ်ငှက်တကောင်က အရေးကြီးကိစ္စ တစုံတရာ ရှိပုံမျိုးနှင့် ကားလမ်းမအထက်မှ ရေးကြီးသုတ်ပျာ ဖြတ်ပျံသွား၏။ စတိဗ်က

"စိတ်ကို ခိုင်ခိုင်ထားပါ လူးဝစ်ရာ" ဟု သတိပေးသည်။

လူးဝစ်က စတိဗ်ပြောသည်ကို မကြားလိုက်သလိုမျိုး ဘာပြောလိုက်တာလဲဟင် ဟူသော အမူအရာဖြင့် ယဉ်ကျေးစွာ မော့ကြည့်သည်။ စတိဗ်ဘာ ပြောပြော သူတွေးနေသည့် အကြောင်းအရာကို တိုးမပေါက်ချေ။ သူသာ အနည်းငယ် ပို၍လျင်မြန်သွက်လက်ခဲ့လျှင် သားလေး၏ အသက်ကို သူ ကယ်နိုင်ခဲ့ ပေလိမ့်မည်။ သူတွေးနေသည်က ဒါပဲဖြစ်၏။ သို့သော် အနည်းကလေးသာ နောက်ကျခဲ့သောကြောင့် သည်အခြေအနေများ ဖြစ်လာခဲ့ချေပြီ။

စတိဗ်က ကရုဏာသက်စွာဖြင့်

"ကျွန်တော်ပြောလည်း ကြားမယ် မထင်ပါဘူးဗျာ။ အယ်လီလေးခမျာ အသံတောင် မထွက်တော့ဘူး။ ရေချယ်လည်း ဘာလုပ်လို့လုပ်ရမှန်း သိပုံမရအောင်ကို တုန်လှုပ် ချောက်ချားနေတယ်"

"ဟုတ်တယ်"

လူးဝစ်က စဉ်းစဉ်းစားစား ပြောသလိုမျိုး အားတင်း၍ ပြန်ဖြေ၏။ ဘာကြောင့် သည်လို ပြန်ဖြေမိသလဲ သူ့ကိုယ်သူ မသိ။

စတိဗ်က သူ့ပခုံးပေါ် လက်တဖက် တင်ကာ

"အခုအချိန်မှာ သူတို့အလိုအပ်ဆုံးက ခင်ဗျားပဲ လူးဝစ်။ သူတို့အတွက် ဒီအချိန်ထက် ပိုအရေးကြီးတာ ဘာမှမရှိတော့ဘူး ထင်တယ်၊ အားတင်းထား ပါဗျာ။ ကျွန်တော် သူ့ကို အရက်တခွက်တော့ တိုက်ထားတယ်။ ဒါပေမဲ့ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ဒီမယ် လူးဝစ်၊ ခင်ဗျား...။ ဟာကွာ လူးဝစ်ရာ။ လခွမ်းတဲ့မှုပဲ"

စတိဗ် ထအော်တော့မှ လူးဝစ်က သတိဝင်လာသလိုမျိုး အလန့်တကြားဖြင့်

"ဟုတ်တာပေါ့" ဟု ဆို၏။

စိတ်ထဲမှာတော့ ဂေ့ဂျ်တယောက် ခြံဝင်းကို ဖြတ်၍ ကားလမ်းမဆီ ပြေးသွားသည်ကိုသာ မြင်ယောင်နေ၏။ သူတို့က ဂေ့ဂျ်နာမည်ကို တကြော်ကြော် ဟစ်အော်၍ လိုက်ခေါ်သော်လည်း စိန်ပြေးတမ်း ကစား နေသည်ဟု ထင်နေရှာသော ဂေ့ဂျ်က ပြန်လှည့်မလာခဲ့ချေ။ ဂေ့ဂျ်နောက်ကို ပြေးလိုက်သွားသော လူးဝစ်သည် ရေချယ့်ကို ချန်ထားရစ်နိုင်ခဲ့ သော်လည်း ဂေ့ဂျ်ဆီတော့ ရောက်အောင် မသွားနိုင်ခဲ့။ ဂေ့ဂျ်သည် တဟားဟား ရယ်မော၍ ခြံဝင်းထဲက မြက်ခင်းပြင်ကို ကျော်ဖြတ်ကာ

ကားလမ်းမဘက် ပြေးဆင်းသွား၏။ သူ့အတွက်တော့ စိန်ပြေးတမ်းကစားနေခြင်းသာ ဖြစ်၏။ အဖေက လိုက်မည်။ သူက ပြေးမည်။ လူးဝစ်သည် ဘုရားသိကြား မလို့ ဂေ့ဂျ် ခလုတ်တိုက်၍ လဲကျသွားပါစေဟု ဆုတောင်းမိ၏။ ဟုတ်သည်။ ချော်လဲသွားပါစေ။ ချော်လဲ၍ နှာခေါင်းရိုးပဲ ကျိုးကျိုး၊ ခေါင်းပဲ ပေါက်ပေါက် ဖြစ်ချင်တာ ဖြစ်ဟု တွေးမိ၏။ အကြောင်းမှာ ဆယ်ဘီးကား ကြီးတစီး ဝေါခနဲ မောင်းချလာသံကို ကြားမိကြောင့်တည်း။

လူးဝစ်က ဂေ့ဂျ်နာမည်ကို အသံကုန်ဟစ်၍ အော်ခေါ်လိုက်သည်။ ဂေ့ဂျ် သည် သူ့အသံကို ကြားပြီး ပြေးရာမှ ရပ်ဖို့ ကြိုးစားလိုက်သည်ဟု သူယုံသည်။ ကစားနေခြင်း မဟုတ်ကြောင်းကိုလည်း ဂေ့ဂျ်နားလည်သွားပုံ ရ၏။ ကစားနေလျှင် ဘယ်မိဘမှ အသားကုန် အော်လိမ့်မည် မဟုတ်။ ဂေ့ဂျ်က ဘရိတ်အုပ်ဖို့ ကြိုးစားသည်။ ထိုအချိန်မှာပင် ကုန်တင်ကားသံက အနား နားကပ်၍ မိုးထစ်ချုန်းသလို နားကွဲလုမတတ် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ လူးဝစ်သည် လက်ကို ဆန့်တန်း၍ အင်အားကုန်သုံးကာ အလျားလိုက် ပစ်ခုန်လိုက်ရာ မစ္စဗာတန်၏ ကွင်းပြင်ထဲမှာ စွန်ရိပ်ထင် သလိုပင် မြေပြင်ပေါ်မှာလည်း ကိုယ့်အရိပ်ကိုယ် ပြန်တွေ့ရ၏။ သူ့ လက်ချောင်းထိပ်များသည် ဂေ့ဂျ်ဝတ်ထားသော ဂျာကင်အင်္ကျီပါး ကလေး၏ နောက်ကျောကို အမှန်ပင် ပွတ်တိုက်လိုက်မိလေ၏။ ရှေ့ကို တိုးသွားသော ဂေ့ဂျ်သည် ကားလမ်းမပေါ် ရောက်နေသည်။ ထရပ်ကားကြီးသည် မိုး ထစ်ချုန်းသံ ဖြစ်၏။ မျက်စိများ ပြာဝေသွားအောင် တောက်ပ ဝင်းလက်သော နေရောင်ဖြစ်၏။ ထရပ်ကားကြီးသည် ဟွန်းတီးသံ ကဲ့သို့သော ဝမ်းခေါင်းသံကြီးဖြင့် ရှည်လျား ကျယ်လောင်စွာ အော်မြည်၏။ ထိုနေ့သည် စနေနေ့ ဖြစ်၏။ လွန်ခဲ့သော သုံးရက်ကလည်း ဖြစ်၏။

လူးဝစ်က စတိဗ်အား

"ငါ ဘာမှမဖြစ်ပါဘူး။ အခုလောက်ဆို သွားသင့်ပြီ"

"ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ရင် သူတို့ကိုလည်း ကူလိုက်ပါဦး။ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်မှာပါ။ ခင်ဗျားတို့သုံးယောက်လုံး အတူတူ ကျော် ဖြတ်မှ ဖြစ်မှာ။ ဒီတနည်းပဲ ရှိတော့တယ်။ ဘယ်သူမဆို တနေ့ဒါမျိုး ကြုံ ရမယ်မှန်း လူတိုင်း သိပါတယ်"

"ဟုတ်တာပေါ့"

လူးဝစ်သည် ပါးစပ်ကသာ ထောက်ခံလိုက်သော်လည်း စိတ်ထဲမှာတော့ တနေ့က အဖြစ်အပျက်ကိုသာ ပြန်တွေးနေမိ၏။

သည်တကြိမ်တွင် ဖြစ်ရပ်အဆုံးမှာ နှစ်ပေလောက် ပိုဝေးအောင် ခုန် အုပ်လိုက်မိသည်။ ထိုအခါ ဂေ့ဂျ်၏ အင်္ကျီစကို သူဆွဲဖမ်းနိုင်သွားပြီး ယခု လောလောဆယ်အခြေအနေလည်း မကြုံရတော့ချေ။

အိမ်ရှေ့ခန်းတွင် ဂျထ်နှင့် ဆော့နေသော အယ်လီသည် မိုနိုပိုလီရုပ်ကို တိတ်ဆိတ်ငြိမ်သက်စွာ ဦးတည်ရာမဲ့ လျှောက်ရွှေ့နေ၏။ သူမသည် လက်တဖက်က

အံစာတုံးကို ခေါက်သည်။ ကျန်လက်တဖက်က မောင်နှမနှစ် ယောက် ရိုက်ထားသော ပိုလာရိုက်ဓာတ်ပုံကို ဆုပ်ထား၏။ စတိဗ်က နာရေးကို ရေချယ် သွားနိုင်လိမ့်မည်ဟု ဆုံးဖြတ်လိုက်သည်။ နောက်ပိုင်း တွင် ထိုဆုံးဖြတ်ချက် အတွက် သူ့ကိုယ်သူ အလွန်အမင်း နောင်တရခဲ့ လေ၏။

ထိုမနက်တွင် ဂိုးမန်းတို့လင်မယားက ဘန်ဂါလေဆိပ်ကို ရောက်လာပြီး ဟောလီးဒေးအင်းမှာ တည်းခိုသည်။ နေ့လယ်ခင်းတွင် ရေချယ့်ဆီ လေး ကြိမ်တိတိ ဖုန်းခေါ်သည်။ လေးကြိမ်လုံး စတိဗ်ပဲ သွားကိုင်ရ၏။ လေးကြိမ်လုံးမှာ အာဝင်ဂိုးမန်းက ခြိမ်းခြောက်ကြိမ်းမောင်း၏။ သူ့သမီးကို သူ တို့လင်မယားဆီ ထွက်လာစေချင်ကြောင်း၊ ဘယ်ခွေးသူခိုးက တားလို့ အိမ်ပေါ်က ဆင်းမလာရသလဲဟု ဆဲဆို၏။ စတိဗ်က ရေချယ်သည် သွေးလန့် ချောက်ချားမှုကို သူမဘာသာ တတ်နိုင်သလောက် ထိန်းချုပ်နေကြောင်း၊ ဈာပနပွဲ မသွားခင် အချိန်အတိုင်းအတာတခု လိုအပ်နေသဖြင့် စောင့်နေ ခြင်းဖြစ်ကြောင်း ပြန်ရှင်းပြ၏။ ထိုအခါ အာဝင်ဂိုးမန်းက ဘာမှ မသိချင်ကြောင်း၊ သူသိသည်မှာ ခရိဒ်တို့အိမ်မှာ ဖုန်းလာကိုင်သည်ကအစ ရေချယ် ပေါ်မလာဘဲ ဆွိဒင် အမေရိကန်ကပြား ဆရာဝန်လက်ထောက်က ဝင်ရောက်ခြယ်လှယ်နေခြင်းသာ ဖြစ်ကြောင်း စောင်းမြောင်းပြောဆိုသည်။ စတိဗ်က ညနေဘက် လူချင်းဆုံသည့်အခါ ရေချယ့်အား သက်ဆိုင်ရာ မိသားစုလက်ထဲ လွှဲပေးလိုက်ရလျှင် ပို၍ပင် ဝမ်းသာမိမည်ဖြစ်ကြောင်း၊ ဖြစ်နိုင်လျှင် ရေချယ့်ဘာသာ တယောက်တည်း နေရသည်ကပင် ပို ကောင်းဦးမည်ဖြစ်ကြောင်း ပြန်ပက်လိုက်သည်။ အဘိုးကြီးက ဂျူးဘာသာဖြင့် ကျိန်ဆဲကာ ပြောပြီးပြီးချင်း ဖုန်းကို ဆောင့်အောင့်၍ ချသွားသည်။

ဂိုးမန်းများ လိုက်ချလာမလားဟု တွေးကာ စတိဗ်က စောင့်နေသေး သော်လည်း အဘိုးကြီးကလည်း ရေချယ် အိမ်ပေါ်က ဆင်းအလာကိုသာ စောင့်နေပုံ ရ၏။ နေ့လယ်လောက်ကျတော့ ရေချယ် အနည်းငယ် နေသာထိုင်သာ ရှိလာပုံရသည်။ အနည်းဆုံး သောကအကျဉ်းသား ဖြစ်နေခဲ့သည့် အချိန်ကာလကို သူမဘာသာ သတိထားမိသွားပုံ ရ၏။ ရေချယ်က သူမ ဘာသာ မီးဖိုချောင်ထဲ ဝင်၍ ဆင်းဝှစ်ချ်တွေဘာတွေ ဆင်းလုပ်စရာ ရှာ၏။ စတိဗ်အား နာရေးအိမ်ကို လူတွေ လာချင်ပါ့မလားဟု မေးသဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ရေခဲသေတ္တာ ထဲမှာ ဘိုလော့ဂ်နာအသားပြားလည်း မရှိ၊ အအေးခံထားသော အမဲသားကင်လည်း မရှိ။ သို့သော် ဘတ်တာဘောလ်တံဆိပ် ကြက်ဆင်တကောင်တော့ ရှိ၏။ သို့နှင့် ယင်းကို ထုတ်ကာ လက်ဆေး ကန်ထဲ ထည့်ဆေးသည်။ အချိန်အနည်းငယ် ကြာသွားသဖြင့် စတိဗ်က မီးဖိုချောင်ထဲ ဝင်ကြည့်သောအခါ ရေချယ်တယောက် လက်ဆေးကန်နား မတ်တတ်ရပ်ကာ ကြက်ဆင် အသေကောင်ကို တွေတွေကြီး စိုက်ကြည့်၍ တအိအိ ငိုရှိုက်နေသည်ကို တွေ့ရ၏။

"ရေချယ်..."

ရေချယ်က စတိဗ်ကို မော့ကြည့်ကာ

"ဂေ့ဂျ်က ကြက်ဆင်သား သိပ်ကြိုက်တာ။ အထူးသဖြင့် အသားတွေ နီရဲမနေတာကိုပေါ့။ ဘတ်တာဘောလ်ကြက်ဆင်သားကို သားလေး နောက်တခါ ဘယ်တော့မှ စားရတော့မှာ မဟုတ်မှန်း တွေးမိသွားလို့ပါ"

စတိဗ်က သူမကို အဝတ်အစားလဲဖို့ အပေါ်ထပ် လိုက်ပို့သည်။ တကယ်တော့ ခံနိုင်ရည် ရှိမရှိ နောက်ဆုံးအကြိမ် စမ်းသပ်လိုရင်းလည်း ဖြစ်၏။ ရေချယ်သည် ရိုးရှင်းသော အနက်ရောင်ဝတ်စုံကို ခါးပတ်ပတ်၍ ဝတ်ဆင်ကာ ညနေခင်း ပွဲတက်လက်ပွေ့အိတ် အနက်ကလေး တလုံးနှင့် ပြန်ဆင်း လာ၏။ သို့နှင့် စတိဗ်က သူမကို အဆင်ပြေသည်ဟု ယူဆလိုက်သည်။ သူ့ ဆုံးဖြတ်ချက်ကို ဂျထ်ကလည်း သဘောတူ၏။

စတိဗ်က သူမအား မြို့ထဲသို့ ကားမောင်း၍ လိုက်ပို့သည်။ ပြီးနောက် သူက အရှေ့ဘက်ခြမ်းရှိ ညှိနှိုင်းဆွေးနွေးခန်းမှာ ဆာရန်းဒရားနှင့်အတူ မတ်တတ် သွားရပ်၍ အခြေအနေကို စောင့်ကြည့်သည်။ ရေချယ်က ပန်းများ ထည့် မြှုပ်ထားသော အခေါင်းဆီ တန်းဆင်းသွားသည်။ ဆာရန်းဒရားက စတိဗ် အား

"အခြေအနေ ဘယ်လိုလဲ" ဟု တိုးတိုးတိတ်တိတ် မေး၏။ စတိဗ်က လေသံကို နှိမ့်ကာ "တော်တော်ဆိုးတာပဲဗျာ။ ခင်ဗျားက ဘယ်လိုထင်လို့တုံး" ဆာရန်းဒရားက သက်ပြင်းချ၍

"ငါလည်း ဆိုးလိမ့်မယ်လို့တော့ ထင်သားပဲ"

တကယ်တော့ ပြဿနာက မနက်ဘက် အသုဘရှု ကတည်းက စတက်ခဲ့ခြင်း ဖြစ်၏။ အာဝင်ဂိုးမန်းက သမက်ကို လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းသည်။ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများ ရှေ့မှောက်တွင်မို့ လူးဝစ်သည် အနေရ ခက်ကာ ထီးထီးကြီး ကွဲထွက်နေပြီး ပါချီစီကစားနည်းထဲက အရုပ်လို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေ၏။

ညှိနှိုင်းဆွေးနွေးခန်းအပြင်ဘက်၌ သက်သောင့်သက်သာ ထိုင်စောင့်ရန်နှင့် ဆေးလိပ်သမားများ အတွက် ကုလားထိုင်လေးများ ချထားသော အခန်း ငယ်တခု ရှိသည်။ ကုလားထိုင်များမှာ ဂုဏ်သရေရှိလူကြီးမင်းများ ပွဲတက်လေ့ရှိသည့် ကလပ်ဟောင်းတချို့ဆီက အောက်ဈေးနှင့် တိုက်ရိုက် ဝယ်ယူရရှိလာခဲ့ဟန် တူ၏။ ထိုအခန်းတံခါး အပြင်ဘက်တွင် သတ္တုအအ မည်းကို ရွှေဆေး အုပ်ထားသော ပန်းချီကားတင် ဒေါက်တိုင်တခု ထောင်ထားပြီး "ဂေ့ဂျ်ဝီလျံခရိဒ်"ဟူ၍ စာလုံးအကြီးဖြင့် ရေးထားသည့် ဘုတ်ပြားတချပ် တင်ထားသည်။ အနောက်ခြမ်းရှိ ဆင်တူအခန်းအပြင် ဘက်မှာလည်း ဤအတိုင်းပင် အယ်လ်ဘက်တာဘာနမ်နီဒူးဟူသော ဘုတ် ပြားတချပ် ထောင်ထားသဖြင့် အခန်းမှားဝင်တတ်သည်။ စံအိမ်အနောက် ဘက်မှာ Riverfront Room ဟု ရေးထားသော အခန်းရှိသည်။ ညှိနှိုင်းဆွေးနွေးခန်း နှင့် ဤအခန်းကြားမှာတော့ ဒေါက်တိုင်အလွတ်တခု ထောင်ထားသော အခန်းလွတ်တခု ရှိ၏။

ယခုအင်္ဂါနေ့မနက်တွင်တော့ ထိုအခန်းကို အသုံးပြုစရာ ရှိပုံ မရ။ အိမ်အောက်ထပ်မှာ အခေါင်းထားသည့် အခန်းဖြစ် ပြီး မျက်နှာကြက်မှ မီးအိမ်ငယ်တလုံးစီ တွဲလောင်းဆွဲ၍ ထွန်းပေး ထား၏။

ဂေ့ဂျ်ကွယ်လွန်ပြီးနောက်တရက် တနင်္ဂနွေနေ့တုန်းကတော့ ဂျထ်က အခေါင်းထုတ်ဖို့ သူနှင့်အတူ လိုက်လာခဲ့သည်။ လူးဝစ်က အခေါင်းပြခန်းရှိရာ ညာဘက်ခြမ်းသို့ ဝင်ရမည့်အစား တည့်တည့်ကြီး ဆက်လျှောက်သွားသဖြင့် နာရေးစီမံခန့်ခွဲသူနှင့် ဂျထ်တို့က ချက်ချင်းလိုလို ဟာ၊ အဲဒီလမ်း မဟုတ်ဘူးလေဟု တပြိုင်တည်း ထပြောမိကြ၏။ ထိုအခါမှ ဆင်နားရွက်တံခါး ရောက်နေသော လူးဝစ်က ကျိုးနွံစွာ ပြန်လိုက်လာသည်။ တကယ်တော့ ထိုတံခါးနောက်ကွယ်မှာ ဘာရှိမှန်း သူသိပြီးသား ဖြစ်၏။ သူ့ဦးလေးက သုဘရာဇာပေပဲ။

အရှေ့ခြမ်းက အခန်းထဲ၌ ဈေးကြီး၍ နူးညံ့သော ပိတ်သားဖြင့် ပြုလုပ်ထားသည့် နောက်မှီ ခေါက်ကုလားထိုင် များအား အတန်းလိုက် သေသပ်စွာချပေးထားသည်။ အခန်းအလယ်နှင့်တူသော ဧရိယာတွင်တော့ ဂေ့ဂျ်၏ ခေါင်းတလား ရှိသည်။ လူးဝစ်က American Casket ကုမ္ပဏီမှ ပိတောက် သားဖြင့် ပြုလုပ်ထားသည့် “ထာဝရနားခိုရာ”ဟု အမည်ပေးထားသော အခေါင်းတခုကို ရွေးခဲ့၏။ ခေါင်းတလားကို ပန်းရောင်ပိုးသားဖြင့် အနားသတ်ထားသည်။ သုဘရာဇာက ယင်းမှာ လှပသော ခေါင်းတလား တလုံးဖြစ်ကြောင်း၊ အပြာရောင်အနားသတ်ဖြင့်တော့ မရှိကြောင်း ပြောပြသည်။ လူးဝစ်က သူတို့လင်မယား နှစ်ဦးလုံး ယောကျ်ားလေးမို့ ဘာ အရောင်၊ မိန်းကလေးမို့ ဘာအရောင်ဟူ၍ ခွဲခြားနေမှာ မဟုတ်ကြောင်း ပြန်ပြောလိုက်သည်။ သုဘရာဇာက ခေါင်းညိတ်ပြပြီး ဂေ့ဂျ်၏ နာရေး ကုန်ကျစရိတ်အတွက် ငွေချေခြင်းနှင့်ပတ်သက်၍ မည်သို့ကြံရွယ်ထားပါ သလဲဟု မေးကာ ဖြစ်နိုင်လျှင် လူးဝစ်၏ ရုံးခန်းသို့ လာယူပေးလို့ ရကြောင်း နှင့် သူတို့ဆီမှာ လတ်တလော ခေတ်စားနေသော အစီအစဉ်သုံးခု အကြောင်း ရှင်းပြသည်။

ရုတ်တရက် သူ့စိတ်ထဲတွင် အစီအစဉ်ကြေညာသူက ကံစမ်းမဲပေါက် ကြောင်း ဝမ်းသာအားရ ထပြောပြနေသလို ခံစားလိုက်ရပြီး အိပ်မက်ထဲက လူတယောက်လို

“အကုန်လုံးကို မာစတာကတ်နဲ့ ပေးမယ်ဗျာ” ဟု ပြောလိုက်မိ၏။ သုဘရာဇာက

“ကောင်းပါပြီ” ဟု ဆိုသည်။

ခေါင်းတလားသည် မြင်းခုံပေါ် တင်ထားသည့် လေးပေပင် မပြည့်သော အခေါင်းပုကလေး တလုံး ဖြစ်၍ ဒေါ်လာ ခြောက်ရာစွန်းစွန်းသာ ကျသင့်လိမ့်မည်ဟု တွက်ထား၏။ သို့သော် ထည့်ထားသော ပန်းများကြောင့် အတွင်းကို ကြည့်ရခက်သည်။ ထိုပန်းအနံ့ များကြောင့် နှာချေချင်သလိုခံစားရသဖြင့် အနီးကို သိပ်မကပ်ချင်ပေ။

ညှော့ခန်းမဆီ သွားသည့် တံခါးအတွင်းရှိ မင်းလမ်းထိပ်တွင် စာအုပ်တအုပ်ကို ဒေါက်တိုင်ပါသည့် စင်၌ တင်ထားသည်။ ဘောပင်တချောင်းကို လည်း တိုင်နှင့်တွဲ၍ ချည်ထား၏။ ထိုနေရာမှာ မိတ်ဆွေ အပေါင်းအသင်း များ၊ ဆွေမျိုးများနှင့် တွေ့ဆုံရန် နာရေးစီစဉ်သူက လူးဝစ်ကို နေခိုင်းသည်။ သို့မှသာ တက်ရောက်လာသည့် လူအပေါင်းတို့၏ အမည်နှင့် နေရပ်လိပ်စာ တို့ကို စာအုပ်ထဲ လက်မှတ်ရေးထိုး မှတ်တမ်းတင်နိုင်လိမ့်မည်။

သည်လိုလုပ်ရသည့် ရည်ရွယ်ချက်ကို လူးဝစ် ယောင်လို့မျှ မတွေးမိပါ။ မေးလည်း မမေးပါ။ သူ့သဘောကတော့ နာရေးပြီးလျှင် ထိုစာအုပ်ကို သူနှင့် ရေချယ်တို့ သွားသိမ်းလိုက်ရုံပဲ ဖြစ်သည်။ ထိုသို့ပြုရသည်ကပင် ရှုးချင်စရာ ကောင်း၏။

သူ့မှာ အထက်တန်းကျောင်းက နှစ်စဉ်မှတ်တမ်းရှိသည်။ ကောလိပ်ကျောင်းက နှစ်စဉ်မှတ်တမ်း ရှိသည်။ ဆေးကျောင်းက နှစ်စဉ်မှတ်တမ်း ရှိသည်။ မင်္ဂလာပွဲနေ့ဟူသော တံဆိပ်တုံး ထုထားသည့် မင်္ဂလာဆောင်မှတ်တမ်းရှိသည်။ ထိုစာအုပ်ပေါ်က ရွှေသစ်ရွက်မှာ အတုဖြစ်ပြီး အဖုံးက သားရေလည်း အတုဖြစ်သည်။ ထိုစာအုပ်ထဲက ပထမဆုံး ဓာတ်ပုံသည် မအေဖြစ်သူ၏ အကူအညီဖြင့် မှန်ရှေ့တွင် အလှထိုင်ပြင်နေသော ရေချယ့်ပုံ ဖြစ်ပြီး နောက်ဆုံးပုံမှာ ပိတ်ထားသော ဟိုတယ် တံခါး အပြင်ဘက်က ဖိနပ်နှစ်ရံပုံ ဖြစ်သည်။ အယ်လီမွေးတုန်းက မှတ်တမ်းတင် ထားသည့် ကလေးစာအုပ်လည်း ရှိသည်။

အခုတော့ ထိုစာအုပ်များထဲမှာ နောက်တအုပ် ထပ်ထည့်ရတော့မည် ပေါ့လေ။ အဲဒီ စာအုပ် နာမည်ကိုရော ဘယ်လိုခေါ်ကြမှာလဲ ကဲ။

လူးဝစ်သည် စင်ဘေးမှာ အသိမဲ့စွာ တုံဏှိဘာဝေ မတ်တတ်ရပ်ရင်း စဉ်းစားနေမိ၏။

အသုဘစာအုပ်လို့ နာမည်ပေးရမှာလား။ ဈာပနပွဲမှာ အမှတ်တရ လက်မှတ်ထိုးသူများ၏ မှတ်တမ်းလို့ ရေးရမှာလား။ ဂေ့ဂျ်ကို မြေချတဲ့နေ့ လို့ အမည်တပ်ရမှာလား။ ပိုပြီး ဂုဏ်ရှိအောင် မိသားစုဝင်တဦး၏ နာရေး လို့ မှည့်ရမှာလား။

အဖုံးကို လှန်ကြည့်လိုက်တော့ မင်္ဂလာပွဲနေ့မှတ်တမ်းစာအုပ်လိုပင် သားရေ အတုဖြစ်ပြီး ဘာခေါင်းစဉ်မှ တပ်မထားဘဲ မျက်နှာဖုံးဗလာနှင့် ဖြစ်၏။

မှန်းထားရင်တောင် လွဲဦးမည်။ ထိုမနက်က ပထမဆုံး ရောက်လာသူမှာ အယ်လီ၊ ဂေ့ဂျ်တို့နှင့် လက်ပွန်းတတီး နေခဲ့သော စိတ်ထားကောင်းသူလေး မစ်ဆီဒန်းဒရစ်ဂျ် ဖြစ်သည်။ လူးဝစ်သည် ဗစ်တာပတ်စ်ကောင်းသေသည့် နေ့က ကလေးတွေကို မစ်ဆီ အိမ်ခေါ်ထားခဲ့တာ ပြန်မှတ်မိလာ၏။ သူမက ကလေးတွေနှင့် နေနေချိန်မှာ သူနှင့် ရေချယ်တို့ ချစ်ရည်လူးခဲ့ကြသည်။ ပထမ ရေချိုးဇလုံထဲမှာ၊ နောက် အိပ်ရာထဲမှာ။

မစ်ဆီသည် တငိုတည်း ငိုရင်းမှ လူးဝစ်၏ တည်ငြိမ်လေးနက်သော မျက်နှာကို တွေ့ရသောအခါ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာပြီး လက်နှစ်ဖက်ကို ဆန့်တန်းပေးသဖြင့် လူးဝစ်က သူမကို ပွေ့ဖက်နှစ်သိမ့်ရသည်။ ဤအပြုအမူကြောင့် စိတ်သက်သာရာ ရနိုင်သည်ဟု သူနားလည် ထား၏။ မဟုတ်လျှင်လည်း ဤသို့ပွေ့ဖက်နှစ်သိမ့်ပေးခြင်းက တနည်း နည်းဖြင့်တော့ စိတ်သက်သာရာ ရစေလိမ့်မည်။ မစ်ဆီက "ကျွန်မဖြင့် သိပ် ဝမ်းနည်းတာပဲ" ဟု ဆိုရင်း ဖြူဖျော့နေသော မျက်နှာပေါ်က ရွှေအိုရောင် ဆံနွယ်များကို သပ်တင်သည်။

"ဒီလောက် ချစ်ဖို့ကောင်းတဲ့ ကလေးကျမှ ဖြစ်ရတယ် လူးဝစ်ရယ်။ ကျွန်မ သိပ်ဝမ်းနည်းမိတယ်။ အဲဒီလမ်းမက သိပ်စက်ဆုပ်ဖို့ ကောင်းတာပဲ။

ကားသမားကို ထောင်ထဲသာ တသက်လုံး ထည့်ထားလိုက်စေချင်တော့တယ်။ ကားကို ဒီလောက်တောင် အမြန်မောင်းရသလား။ သူက သိပ်ချစ်ဖို့ ကောင်းတာ။ ဉာဏ်ကလည်း ကောင်းလိုက်တာမှ အို၊ ဘုရားသခင်က ဘာ လို့ ဂေ့ဂျ်ကို ခေါ်သွားရတာလဲ ကျွန်မ မသိတော့ဘူး။ နားလည်း မလည်နိုင်ဘူး။ ကျွန်မတို့လေ သူ့ကို... ဆောရီးပါရှင်။ ကျွန်မ စိတ်မကောင်းဘူး။ သိပ် ဝမ်းနည်းတာပဲ"

လူးဝစ်က သူမကို ပွေ့ဖက်၍ နှစ်သိမ့်ပေးသည်။ မစ်ဆီက သူ့အား ရင်ချင်းအပ်၍ ဖက်ငိုသဖြင့် အင်္ကျီကော်လာပေါ် မျက်ရည်တွေ စိုကုန်သည်။ ပြီးနောက် သူမက ရေချယ်ရော ဘယ်မလဲဟင်ဟု မေးရာ နားနေကြောင်း ပြောပြလိုက်၏။ မစ်ဆီက ရေချယ့်ကို သွားကြည့်ပြီးလျှင် အယ့်အနား မှာ လိုအပ်သည့် အချိန်အတိုင်းအတာအထိ အတူနေပေးပါမည်ဟု ကတိပြုသည်။ လူးဝစ်က ကျေးဇူးတင်ကြောင်း ပြန်ပြော၏။ သို့နှင့် မစ်ဆီ လည်း နှာခေါင်းလေး တရှုံ့ရှုံ့နှင့် ထွက်သွား၏။ လက်နှင့်အုပ်၍ ကိုင်ထားသော အနက်ရောင်လက်ကိုင်ပုဝါ အထက်မှ သူမ၏ မျက်လုံးများမှာ မြင်ဖူး ခဲ့သမျှထက် ပို၍ နီမြန်းနေလေသည်။

လူးဝစ်ကို နာရေးစီစဉ်သူ မှာထားသည့်အတိုင်း စာအုပ်တွင် လက်မှတ်ထိုးရန် မစ်ဆီကို သတိပေးဖို့ မေ့သွားသောကြောင့် မစ်ဆီ ခေါင်းတလားဆီ သွားနေစဉ် လူးဝစ်က သူမကို ပြန်၍ လှမ်းခေါ်လိုက်သည်။ နာရေးစီစဉ်သူ၏ နာမည်ကိုတော့ လုံးဝ စဉ်းစားမရတော့ချေ။ ထိုသူက လူးဝစ်အား လက်မှတ်တွေ ရမလာလျှင် သေဖို့သာ ပြင်ထားဟု ပြော သွားသေး၏။

အကယ်၍ နာရေးစီစဉ်သူက mystery guest လွှတ်လိုက်ပြီး လူးဝစ်သာ လက်မှတ် မထိုးခိုင်းခဲ့လျှင် သေပြီပဲဟု တွေးကာ ထိုအတွေးကြောင့်ကယောင်ကတမ်းနှင့် ရယ်ချမိတော့မလို ဖြစ်သွား၏။ သို့သော် အလွန်တရာ ကြေကွဲဝမ်းနည်းနေသည့် မစ်ဆီမျက်လုံးများကြောင့် ရယ် ချင်စိတ်များ လွင့်ပျောက် သွားသည်။

"စာအုပ်မှာ လက်မှတ် ထိုးသွားပါဦး မစ်ဆီ" ဟု ဆိုကာ တခုခုတော့ ထပ်ပြောမှ ကောင်းမည်ဟု တွေး၍

"...ရေချယ့်အတွက်ပါ" ဟု ပြောလိုက်၏။

"ဩော်၊ ဟုတ်သားပဲ။ သနားစရာကောင်းလိုက်တဲ့ လူးဝစ်နဲ့ ရေချယ်..."

ရုတ်တရက် မစ်ဆီဆက်ပြောမည့်စကားကို လူးဝစ် ကြိုရိပ်မိသွား၏။ မျက်နှာတည့်တည့် တွေ့ပစ်လိုက်သော သေနတ်ပြောင်းဝမှ ထွက်လာမည့် ကျည်ဆန် တတောင့်လို ရှောင်လွဲလို့ မရတော့။ နောက်ထပ် မိနစ်ကိုး ဆယ်လောက် အထိလည်း ထိုကျည်ဆန် များဖြင့် အကြိမ်ကြိမ် အပစ်ခံရဦး မည်။ မနက်က ရခဲ့သော ဒဏ်ရာပင်လျှင် သွေးတို့ တစိမ့်စိမ့် ယိုစိမ့်နေဆဲ။ ညနေကျလည်း ထပ်ရဦးမည်။

"...အကြာကြီး ခံစားမသွားရတာပဲ ဘုရားသခင်ကို ကျေးဇူးတင်ပါရဲ့။ အင်းလေ၊ ဖြစ်သွားတာက လည်း သိပ်မြန်တာကိုး"

"ဟုတ်တာလေ။ အဖြစ်အပျက်က သိပ်မြန်လို့ အခုလို ဖြစ်တာပေါ့၊ ခင်ဗျားပြောတာ မှန်ပါတယ်။ ဖြစ်သွားတာ ဟောသလိုပဲ သိပ်မြန်တယ်" ဟု ပြောကာ သူမ၏ မျက်နှာကို လက်သီးဖြင့် ပိတ်ထိုး လိုက်ရင်ကောင်းမ လား။

သူမ၏ မျက်နှာကို စကားလုံးများဖြင့် ပစ်ပေါက်ရုံဖြင့် အားရမှာ မဟုတ်သောကြောင့် ထိုသို့ ရက်ရက်စက်စက် လုပ်ပစ်ချင်လှ၏။

ဖြစ်သွားတာ မြန်လွန်းလို့ ခုလို ခေါင်းတလားထဲ ရောက်နေတာပေါ့ဗျာ။

အဲဒီလို မြန်လို့ သားလေးကို အလောင်းပြင်ဖို့ သဘောတူတာကလွဲပြီး ဘာမှ လုပ်လို့ မရတော့ဘူးလေ။ အဖြစ်က သိပ်မြန်တာပေါ့ မရှေ့မစ်ဆီရယ်။ သူ လမ်းမပေါ် ရောက်လို့ တမိနစ်မှ မကြာဘူး၊ နေရာမှာတင် ပွဲချင်းပြီးတာပဲ။ ရင်းဂါးတို့ အိမ်နားအထိ လွင့်သွားတာ။ ကားက သူ့ကို တိုက်သတ်ပြီး ကြိတ်ချသွားတာဆိုတော့ ဖြစ်သွားတာ မြန်ပါတယ်လို့ တွေးလိုက်တာ ပိုကောင်းပါတယ်။

ကျွန်တော့်ဆီကနေဆို ကိုက်တရာလောက် ဝေးသွားတာ၊ ဒီထက်မက ပိုရင်လည်း ပိုပါလိမ့်မယ်။ ဘောလုံးတကွင်းစာ လောက်ပေါ့။ ဆရာဝန်ဆိုတဲ့ ကျွန်တော်လေ သူရှိရာဆီ ပြေးရင်းနဲ့ ငါ့သားလေး အသက်တော့ ရှိနေဦးမှာပါလို့ မျှော်လင့်ပြီး သူ့နာမည်ကို အထပ်ထပ်အခါခါ အော်ခေါ်နေခဲ့တာပါ။ ဆယ်ကိုက်လောက် ရောက်တော့ သူဆောင်းထားတဲ့ ဘေ့စ်ဘောဦးထုပ်လေးကို တွေ့တယ်။ ကိုက်နှစ်ဆယ်လောက် ပြေးမိတော့ စတားဝါးစ်အရုပ်ပါတဲ့ စနီကာဖိနပ်လေးတဖက်ကို တွေ့တယ်။ ကိုက်လေးဆယ်လောက် ရောက်တော့ လမ်းဘေးကို ချော်ကျနေတဲ့ ထရပ်ကားကြီးကို တွေ့တယ်။ ကားနောက်တွဲက ခေါင်းကနေ ပြုတ်ထွက် ပြီး ရင်းဂါးတို့ စပါးကျီနောက်က ကွင်းထဲ ရောက်နေတယ်။ အဲဒီအချိန်မှာ လူတွေ အိမ်ထဲကနေ ထွက်ကြည့်ကြတယ်။ ကျွန်တော်ကတော့ သားလေး နာမည်ကို ခေါ်နေဆဲပေါ့ မစ်ဆီရယ်။ ကိုက်ငါးဆယ်လောက်မှာ သူ့ရဲ့ ဂျန်ပါ ဝတ်စုံလေး ပြောင်းပြန်လန်နေတာ တွေ့တယ်။ ကိုက် ခုနစ်ဆယ်လောက် ရောက်တော့ စနီကာလေး နောက်တဖက်ဗျာ။ ပြီးတော့ ဂေ့ဂျ်ရယ်လေ။

ကမ္ဘာလောကကြီးက ချက်ချင်း မှိုင်းညို့ အုပ်ဆိုင်းသွားကာ မျက်လုံးထဲ

မြင်မြင်သမျှ အရာရာ တစစီ ဝေးလွင့်၍ မှုန်ဝါးသွား၏။ ကိုင်ထားသော စာအုပ်ဒေါက်တိုင် ထောင့်စွန်းက လက်ဖဝါးထဲ ထိုးနစ်စူးဝင် လာသည်ကို မထင်မရှား ခံစားမိ၏။ ဒါပါပဲ။

"လူးဝစ်"

မစ်ဆိုအသံက အဝေးကြီးမှာ။ နားထဲမှာ ခိုညည်းသံတွေလိုလို ထူးထူးဆန်းဆန်း ကြားရ၏။

"လူးဝစ်"

ခုနကထက် ပိုနီးလာသည်။ အထိတ်တလန့် ခေါ်သံမျိုး။ ထို့နောက် လောကကြီးက မူလအတိုင်း ပြန်၍ စုဝေး ဖြစ်တည်လာ၏။

"အဆင်ပြေရဲ့လားဟင်"

သူက

"ပြေပါတယ် မစ်ဆီ" ဟု ပြုံး၍ ပြောလိုက်သည်။

သူမက လက်မှတ်ထိုးပြီး ယောကျ်ားဖြစ်သူ ဒေးဗစ်ဒန်းဒရစ်ဂျ်ကို လက်မှတ်ထိုးရန် အလှည့်ပေးသည်။ ဒေးဗစ်က လိပ်စာကွက်တွင် ဘတ်ခ်စပေါ့တ် ကားလမ်းမဟောင်းဟု ရေးလိုက်စဉ် လူးဝစ်ကို မျက်လုံးတချက် လှန်ကြည့်ပြီး ခပ်မြန်မြန် မျက်လွှာချသွား၏။ ဂျေဂျ်ကွယ်လွန်ခဲ့ရာ ထိုလမ်းမမှာ သူတို့လင်မယား နေထိုင်သည်ကိုပင် ပြစ်မှုတခု ကျူးလွန်မိ သလိုမျိုး။ မစ်ဆီက

"ကောင်းကောင်းမွန်မွန် နေပါနော်" ဟု တိုးတိုးလေး ကပ်မှာသည်။

ဒေးဗစ်က သူ့ကို လက်ဆွဲနှုတ်ဆက်ကာ တခုခုကို ပြောသော်လည်း သဲသဲကွဲကွဲ မကြားလိုက်ရ။ သူ့လည်စလုတ် ထက်အောက်လှုပ်ရှားသွား သည်ကို ထင်ထင်ရှားရှား တွေ့လိုက်ရသောကြောင့်သာ တခုခု ပြောလိုက် မှန်း သိရ၏။ ဒေးဗစ်က ခေါင်းတလားရှိရာ သွားနေသော မိန်းမဖြစ်သူ နောက်ကို အပြေး လိုက်သွားသည်။ အခေါင်းကို အိုဟိုင်းရိုပြည်နယ်၊ စတောရီဗီးလ်မြို့ ငယ်လေးမှာ ပြုလုပ်ခြင်း ဖြစ်သည်။ ထိုနေရာကို ဂျေဂျ် လုံးဝ ရောက်ဖူးမှာ မဟုတ်သလို သိမှာလည်း မဟုတ်။

လူတွေက ဒန်းဒရစ်ဂျ်တို့နောက်မှ တန်းစီကာ လူးဝစ်အား တယောက် တလှည့် လက်ဆွဲ နှုတ်ဆက်ခြင်း၊ ပွေ့ဖက်နှစ်သိမ့်ခြင်းဖြင့် မျက်ရည်တဝဲဝဲနှင့် အားပေးကြရှာသည်။ မကြာမီ သူ့အင်္ကျီကော်လာနှင့် မီးခိုးရင့်ရောင် ကုတ်အင်္ကျီလက်မောင်း အထက်ပိုင်းမှာ စိုစိစိ ဖြစ်လာ၏။ ပန်းရနံ့သည် အပေါက်ဝထိ ဈာပန ခန်းမတခုလုံးသို့ ပျံ့လွင့်လာ၏။ ထိုအနံ့ကို ကလေး ဘဝကတည်းက သူမှတ်မိသည်။ ပန်းများအပြည့်နှင့် ချိုအီမွှေးကြိုင်သော အလောင်းသိပ်ခန်းမနံ့။

ဘုရားသခင်၏ ကရုဏာတော်ကြောင့် ဂျေဂျ်ခမျာ ဝေဒနာကို သိပ်မခံစား လိုက်ရဟု လူးဝစ် သူ့ကိုယ်သူ ပြောနေမိတာ သုံးဆယ့်နှစ်ကြိမ်လောက် ရှိပြီ။ ဘုရားသခင်သည် အံ့ချီးဖွယ်ရာတို့ကို သူ့နည်းသူ့ဟန်ဖြင့် ဆန်း ဆန်းကြယ်ကြယ်

ဖန်တီးတတ်ပေစွ။ ထိုစကားကို ပြောမိတာလည်း နှစ်ဆယ့်နှစ်ခါ ရှိပြီ။ အခုဆိုလျှင် သားလေးသည် နတ်သားများနှင့်အတူ ရှိနေပေ ပြီ။ စုစုပေါင်း ဆယ့်နှစ်ခါ။

စိတ်ကို ဖြေဆည်ရန် အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းရင်းမှပင် ထို စကားလုံးတို့က သူ့ကို ထိုးနှက်နေသလို ခံစားရ၏။ ထိုအချိန်မှာပင် ယောက္ခထီးနှင့် ယောက္ခမနှစ်ဦး ပေါ်လာသည်ကို မြင်လိုက်ရလေရာ သူ့ကိုယ် သူ အသေအကြေ နွှဲရဦးမည့် နပန်းသမားတယောက်လို ခံစားရ၏။

အာဝင်ဂိုးမန်းသည် အမှန်တကယ်ပင် အိုမင်းရင့်ရော်သွားသည်။ အသက် ဘယ်လောက် ရှိပြီလဲတော့ မသိ။ ၅၈ လား၊ ၅၉ လား။ သည်ကနေ့ တွေ့ရပုံ နှင့်ဆိုလျှင် အသက် ၇၀ လောက် ရှိပြီ ထင်ရ၏။ ပြောင်နေသော ထိပ်၊ ထူထဲသော ပုလင်းဖင် မျက်မှန်နှင့်မို့ အစ္စရေး ဝန်ကြီးချုပ် မနာချမ်ဘီဂင်းနှင့် တူ၏။ ကျေးဇူးတော်နေ့မှာ ရေချယ်တို့သားအမိတတွေ သူ့အဖေဆီအလည်သွား၍ ပြန်လာတုန်းက "အဖေတောင် တော်တော်အိုစာသွားတယ်" ဟု လူးဝစ်ကို ပြောဖူးသည်။ သို့သော် ထိုစဉ်က သည်လောက်အကြည့်ရ ဆိုးသွားလိမ့်မည် ဟု မထင်ခဲ့မိ။ အခုတော့ ရေချယ့်စကား မှန်သည်ဟု တွေးမိ၏။

အဘိုးကြီးရဲ့ မြေးတယောက် ဆုံးရှာပြီကိုး။

ယောက္ခမကြီး ဒိုရီက သူ့ယောက်ျား လက်မောင်းကို တွဲကာ လူးဝစ်ဘေးမှ ဖြတ်လျှောက်သွားသည်။ မျက်နှာကို အနက်ရောင်ပဝါ အထပ်ထပ် အုပ် ထားသဖြင့် ရုပ်ကို သေချာမမြင်ရ။ ဆံပင်ကို အထက်တန်းလွှာ အမျိုးသမီး များ အကြိုက်ဖြစ်သော အပြာရောင်ကို ခေတ်ဆန်စွာ ဆိုးထား၏။ သူမြင် ရသမျှမှာ ပဝါပါး နောက်ကွယ်မှ တချက်တချက် လက်သွားသည့် မျက်ရည်စများသာ ဖြစ်သည်။

ရုတ်တရက် ယောက္ခမနှင့် သမက်ကြား အတိတ်က အဖြစ်အပျက်များကို ခဝါချဖို့ အချိန်တန်ပြီဟု နားလည်လိုက်၏။ ရှေးယခင်ကလို မာန်မာနတွေ၊ အာဃာတတွေ ထားမနေချင်တော့။ သို့သော် ဘာကြောင့်မှန်း မသိ၊ စိတ်ထဲ မှာ လေးသွားပြန်၏။ လူးဝစ်က လေသံထွက်ရုံမျှ

"ရောက်လာပေးတာ ကျေးဇူးတင်ပါတယ် အာဝင်နဲ့ ဒိုရီ" ဟု ပြောကာ ယောက္ခထီးကို လက်ဆွဲနှုတ်ဆက်ပြီး ယောက္ခမကို အလိုက်သင့် ပွေ့ဖက်နှစ်သိမ့်ရန် လက်ကို ဆန့်၍ ရှေ့တိုးလိုက်သည်။ နှစ်ယောက်လုံးကို ပင် ပွေ့ဖက်ဖြစ်ချင် ပွေ့ဖက်ဖြစ်လိမ့်မည်ဟုလည်း ထင်မိ၏။

ဂေ့ဂျ်သည် နှစ်အိမ်ထောင်စုကြား မပြီးနိုင်မစီးနိုင် တင်းခံနေကြသော လူကြီးတွေ၏ ပဋိပက္ခကို အသက်နှင့် ရင်း၍ ချေဖျက်သွားခဲ့သည်၊ အခုတော့ ယောက္ခမနှင့် သမက်ကြားက နံရံတံတိုင်းများ ကျိုးပျက်ခဲ့လေပြီ ဟူသော ပေါပေါပဲပဲ အချစ်ဝတ္ထုတပုဒ်ထဲက ဇာတ်ကွက်လို ရူးရူးမိုက်မိုက်တွေးကာ ပထမဆုံးအကြိမ် အဖြစ် မျက်ရည်ကျလာမိသည်။

ဒိုရီကလည်း ရှေ့တိုးလာပြီး "အမလေး လူးဝစ်ရဲ့..." ဟု ဆိုကာ လက်နှစ်

ဖက်ကို သူ့ဆီ လှမ်းလိုက်စဉ် ဂိုးမန်းက သူ့မိန်းမသူ ပြန်ဆွဲလိုက်သဖြင့် ဒိုရီ ရော လူးဝစ်ပါ ဟန်ချက်ပျက်၍ ရှိုးတိုးရှန့်တန့် ဖြစ်သွားလေ၏။ သို့သော် အဖြစ်အပျက်က လျှင်မြန်လွန်းလှသဖြင့် ကာယကံရှင်များမှလွဲ၍ မည်သူမျှ သတိမထားမိလိုက်ကြ။ လူးဝစ်ကို အခန်းထောင့် တနေရာမှ မျက်စိ ဒေါက်ထောက်ကြည့်နေသော နာရေး စီစဉ်သူကတော့ မြင်လိုက်မည် ထင်၏။

လူးဝစ်က တဝက်တပျက် မြှောက်လက်စ လက်ကို ပြန်ရုပ်ကာ ကိုယ်ရှိန်သတ်လိုက်သကဲ့သို့ အာဝင်ဂိုးမန်းတို့ ဇနီးမောင်နှံကလည်း မင်္ဂလာ ကိတ်မုန့်ပေါ်က စုံတွဲအရုပ်လို တောင့်တောင့် မတ်မတ်ကြီး ရပ်နေ လိုက်ကြသည်။

အာဝင်ဂိုးမန်း၏ မျက်လုံးထဲတွင် မျက်ရည်တစမျှ မရှိဘဲ အမုန်းမီးလျှံ များဖြင့် စူးလက် တောက်ပနေသည်ကိုသာ မြင်ရ၏။ သူ့ကိုမုန်း၍ လူးဝစ်ကပဲ ဂေ့ဂျ်ကို သတ်လိုက်သည်ဟုများ ထင်နေသလား။ အာဝင်ဂိုးမန်း၏ ထို မျက်လုံးများက လူးဝစ်အား သမီးဖြစ်သူကို ပြန်ပေးဆွဲ၍ သည်လိုကြေကွဲ ဝမ်းနည်းဖွယ် ဖြစ်ရပ်ကြီးထဲ အတင်းဆွဲခေါ်သွားသည့် အကောင်ဟု စွပ်စွဲနေကြ၏။ သို့သော် ထိုမျက်လုံးများသည် လူးဝစ်ကို ကျော်လွန်၍ ဂေ့ဂျ်၏ ခေါင်းတလားရှိရာ သူ့ဘယ်ဘက်ခြမ်းဆီ ရောက်သွားသောအခါ နူးညံ့ ပျော့ပျောင်းသွားကြ၏။

လူးဝစ်သည် နောက်ဆုံး ကြိုးစားအားထုတ်သည့်အနေဖြင့်

"အာဝင်ရယ်၊ ကျေးဇူးပြုပြီး သင့်သင့်မြတ်မြတ် နေကြရအောင်လားဗျာ။ နော် ဒိုရီ" ဟု အသနားခံတောင်းပန်လိုက်၏။ ဒိုရီက"လူးဝစ်ရယ်..." ဟု ဆိုကာ လင်မယားနှစ်ယောက်သား သူ့ကို ကျော်၍ ဆက်လျှောက်သွားကြလေ၏။

အာဝင်ဂိုးမန်းဆွဲခေါ်သွား၍သာ ပါသွားသော်လည်း ဒိုရီလေသံကတော့ ကြင်ကြင်နာနာ ရှိသည်ဟု ထင်သည်။ အာဝင်ဂိုးမန်းကတော့ လူးဝစ်ကို လည်း မကြည့်၊ ဘေးဘယ်ညာကိုလည်း မကြည့်ဘဲ ခေါင်းတလားဆီကိုသာ တည့်တည့်ကြီး သွား၍ အနက်ရောင် ခေါင်းတလားလေးကို လက်နှင့် စမ်းတဝါးဝါး ပွတ်သပ်ကိုင်တွယ်နေ၏။

လူးဝစ်သည် လက်မှတ်လည်း ထိုးမသွားပါလားဟု တွေးရင်း ဝမ်းထဲမှ တ ဆစ်ဆစ် နာကျင်လာသဖြင့် မျက်နှာကို ရှုံ့မဲ့လိုက်မိသည်။

ထိုသို့ဖြင့် မနက်ပိုင်း ညှိနှိုင်းတွေ့ချိန် ပြီးဆုံးသွားခဲ့၏။ အိမ်ကို ဖုန်းလှမ်း ဆက်တော့ ဂျထ်က လာကိုင်ပြီး အဆင်ပြေရဲ့လားဟု မေးသည်။ လူးဝစ်က ပြေပါတယ်ဟု ဆိုကာ စတိဗ်နှင့် ပြောချင်ကြောင်း ဆိုလိုက်တော့ စတိဗ် ဖုန်းလာကိုင်၏။

"အဝတ်အစားတွေဘာတွေ သူ့ဘာသာ လဲနိုင်တယ်ဆိုရင် ညနေပိုင်းတော့ လာပို့လိုက်မယ်လေ၊ ဟုတ်ပြီလား"

"အင်း"

"မင်းရော နေလို့ အဆင်ပြေရဲ့လား လူးဝစ်"

"ပြေပါတယ်။ အခုလည်း ခိုင်းတဲ့အတိုင်း လုပ်ပေးနေတာပဲ"

လာသမျှ လူတွေကို လက်မှတ် ထိုးခိုင်းတာက ရတယ်။ အာဝင်နဲ့ ဒိုရီပဲ မထိုးတာ။ ထိုးမှာလည်း မဟုတ်ဘူးဟု စိတ်ထဲက ပြောနေမိ၏။

"ဟုတ်ပြီလေ။ နေ့လယ်စာ စားရင်း စကားလေးဘာလေး ပြောရအောင်လေ"

"ပြောမယ်လေ။ နာရေးလုပ်နေတဲ့အချိန် နာရီဝက်စာလောက် ကောင်းကောင်းစားလို့ ရတဲ့ဆိုင် ရှိလား"

စတိဗ်က ရွဲ့ပြောသည်ဟု ထင်သွားလို့လား မသိ။

"စိတ်အေးအေး ထားပါ လူးဝစ်ရယ်" ဟု ပြောသော်လည်း လေသံက သိပ်တော့ ကျေနပ်ပုံ မရ။

လူးဝစ် စိတ်အေးအေး ထားပါသည်။ တသက်လုံး လူတွေနှင့် ဆက်ဆံလာခဲ့သမျှ အခုမှ စိတ်ထဲရှိသည့်အတိုင်း မြင်ရသလို ခံစားရ၏။ သူ့စိတ်အထင်သက်သက်လည်း ဖြစ်နိုင်သည်။ သို့သော် လောလောဆယ် စတိဗ်ကတော့ သူ့ကို တမင်ငေါ့ပြောသလို ထင်နေခြင်း ဖြစ်မည်ဟု သံသယ ဝင်၏။ သို့နှင့် စတိဗ်အား

"စိတ်မပူပါနဲ့ဗျာ။ ဒါနဲ့ ဘင်ဂျမင်ဆိုင်ဆိုရင်ရော ဘယ်လိုလဲ"

"မပူပါဘူး။ ဘင်ဂျမင်ဆိုင်လည်း ကောင်းသားပဲ"

ထို့နောက် နာရေးစီစဉ်သူ၏ ရုံးခန်းကို ဖုန်းဆက်သည်။ အရှေ့ဘက်ခြမ်း ခန်းမထဲက ထွက်လာတော့ လူမရှိတော့သလောက် ဖြစ်နေသည်ကို တွေ့ခဲ့ရ၏။ အာဝင်နှင့် ဒိုရီတို့ကတော့ ရှေ့ဆုံးတန်းမှာ ခေါင်းငိုက်စိုက်ချ၍ ထိုင် နေဆဲပင်။ လူးဝစ်အမြင်တွင် သူတို့လင်မယားသည် သေတပန် သက်တဆုံး ထိုနေရာမှာပင် စွဲစွဲမြဲမြဲ ကျောက်ချထိုင်သွားတော့မည့်အလား။

*****

ဘင်ဂျမင်စားသောက်ဆိုင်ကို ရွေးလိုက်တာ မှန်သွားသည်။ ဘန်ဂါမြို့သည် နေ့လယ်စာ စောစောစားသည့် အလေ့ရှိသော မြို့ဖြစ်၍ နေ့လယ်တနာရီဆိုလျှင် ဆိုင်ထဲမှာ လူမရှိသလောက် ခြောက်ကပ် နေတတ်၏။ ဂျထ် လည်း စတိဗ်၊ ရေချယ်တို့နှင့်အတူ လိုက်လာသဖြင့် လေးယောက်စာ ကြက်ကြော် မှာလိုက်ကြ၏။

တကြိမ်တွင် ရေချယ်က အမျိုးသမီး သန့်စင်ခန်းဆီ ထသွားတာ ကြာလှသဖြင့် စတိဗ်က စိတ်ပူလာကာ စားပွဲထိုးမလေးအား လိုက်ကြည့်ပေးဖို့ ပြောနေစဉ် ရေချယ်တယောက် နီရဲသော မျက်လုံးတွေနှင့် စားပွဲဝိုင်းကို ပြန်ရောက်လာ၏။

လူးဝစ်က ကြက်ကြော်ကို ကိုင်လျက်သားနှင့် Schlitz ဘီယာတွေချည်း မော့နေမိသည်။ ဂျထ်က ဘာမှ မပြောဘဲ တပုလင်းပြီး တပုလင်း ဖောက်ပေး၏။ လေးယောက်လုံးက အစားကို ဟုတ်တိပတ်တိ မစားကြသဖြင့် ချစ်စဖွယ်မျက်နှာနှင့် ခပ်ဝဝ စားပွဲထိုးမလေးက အစားအစာမှာ တခုခုများ အဆင်မပြေလို့လားဟု သူမဘာသာ ရေရွတ်နေသည်ကို လူးဝစ် ကြည့်နေမိသည်။ ထို့နောက် နီရဲသော

ရေချယ့်မျက်လုံးတွေကို တွေ့တော့မှ သူမအထင် မှားသွားကြောင်း သိသွားပုံ ရသည်။

ကော်ဖီသောက်ပြီးကြတော့ ရုတ်တရက် အဆက်အစပ်မရှိ တုံးတိတိ ထပြောလိုက်သော ရေချယ့်စကားကြောင့် သူတို့အားလုံး အလန့်တကြား ဖြစ်သွားသည်။ အထူးသဖြင့် လူးဝစ်။ သူ့ခမျာ ဘီယာအရှိန်ကြောင့် ရီဝေဝေ ဖြစ်နေတာပင် ပျောက်သွား၏။

"ကျွန်မ သူ့အဝတ်အစားတွေကို ကယ်တင်ရေးတပ်မတော်ဆီ ပစ်လိုက်တော့မယ်"

ကယ်တင်ရေး တပ်မတော်(Salvation Army)သည် ဘုရားကျောင်းရှိ ဘာသာရေး အဖွဲ့အစည်း တခု ဖြစ်သည်။ တအောင့်လောက် ကြာမှ စတိဗ်က

"တကယ်ပေးပစ်လိုက်တော့မလို့လား"

"အင်း။ အများကြီး ကျန်ခဲ့တာကိုး။ ဂျန်ပါဝတ်စုံတွေ၊ ကော်ဂျူရှိုင်း ဘောင်းဘီတွေ၊ ရှပ်အင်္ကျီတွေ။ ရတဲ့သူကတော့ ဝမ်းသာမှာပါ။ အကုန် အကောင်းတွေချည်းပဲ၊ ပြန်သုံးလို့ ရတာပဲဟာ။ အဲဒီနေ့က သူဝတ်ခဲ့တာ တွေတော့ မပါဘူးပေါ့လေ။ အဲဒါတွေက....၊ အဲဒါတွေကတော့ စုတ်ပြတ် သွားတာကိုး"

နောက်ဆုံးစကားလုံးကို ပြောလိုက်စဉ် တဖန်ပြန်၍ လောင်မြိုက်လာ ဟန်ရှိသော သောက မီးကြောင့်ထင့်၊ ဆို့နင့် တုန်ယင်လာသဖြင့် ကော်ဖီခွက်ကို ခပ်မြန်မြန် ကောက်ကိုင်၍ သောက်ဖို့ ကြိုးစားသည်။ သို့သော် မရ၊ ခဏအကြာမှာပင် ရေချယ်သည် မျက်နှာပေါ် လက်ဖဝါးနှစ်ဖက်အုပ်၍ ဟီး ခနဲ ငိုချလိုက်လေ၏။

ထိုအခိုက်အတန့်တွင် အားလုံး၏ အာရုံက လူးဝစ်အပေါ် စိုက်ကျလာသဖြင့် ကမောက်ကမနှင့် အတော်ခွကျသွား၏။ ဘာလုပ်ရမှန်း မသိသော သည်လိုအခြေအနေမျိုး တချိန်ချိန် ဖြစ်လာလိမ့်မည်မှန်း စိတ်ထဲမှာ ကြို သိနေခဲ့သည်။ အခုအချိန်မှာ အထင်ရှားဆုံးနှင့် အသိသာဆုံး ဖြစ်၏။ စားပွဲ ထိုးမလေးပင် တနည်းနည်းဖြင့် သတိထားနေ၏။ သူမသည် အနီးက စားပွဲခုံပေါ်တွင် အခင်းနှင့် ငွေထည် ပန်းကန်ခွက်ယောက်များ ချနေရင်းမှ တုံ့ခနဲ ဖြစ်သွားတာ လူးဝစ် မြင်လိုက်သည်။ ခဏလောက် ဇဝေဇဝါ ဖြစ်နေ ပြီးနောက် သူသဘောပေါက်သွားသည်။ ရေချယ့်အား သူကိုယ်တိုင် နှစ်သိမ့် ပေးတာကို စောင့်နေကြခြင်း ဖြစ်၏။

သို့သော် သူနှစ်သိမ့်မပေးနိုင်ချေ။ ရေချယ့်ကို နှစ်သိမ့်ပေးချင်ပါ၏။ ဤ သည်မှာ သူ့တာဝန်မှန်းလည်း နားလည်ပါ၏။ သို့သော် ရုတ်တရက် ဘာ အကြောင်းအရင်းမှ မရှိပါဘဲနှင့် ကြောင်အကြောင်း ခေါင်းထဲ ဝင်လာ၏။ ကြောင်၊ ဟုတ်သည်။ သေနာကျ ကြောင်။ အူကလီထုတ်၍ တကိုယ်လုံးအဆုတ်ဖြဲခံထားရသော ကြွက်များ၊ ငှက်များနှင့်ချော့။ ထိုအမှိုက်သရိုက်များ ကို တွေ့လျှင်တွေ့ချင်း ဘာမှတ်ချက်မှ ချမနေဘဲ

မြေမြှုပ်ခဲ့သည်။ နောက် မလုပ်နှင့်ဟုလည်း မကန့်ကွက်ခဲ့။ ပြီးတော့ စွန်နှင့် ရစ်လုံးကို သူဝယ်လာခဲ့သည်။ ဘာလို့ ဝယ်လာခဲ့မိတာလဲ။

လူးဝစ်သည် သူ့လက်ချောင်းသူ ပြန်ငုံ့ကြည့်နေမိ၏။ သည်လက်ချောင်းများက ဂေ့ဂျ်၏ ဂျာကင် အနွေးထည်လေးကို ဖမ်းမိဖို့ သီသီကလေး ကပ်လွဲသွားခဲ့သည်။ သို့နှင့် ဂေ့ဂျ်၏ ဂျာကင်လေးကို လွတ်သွားသည်။ ပြီးတော့ ဂေ ဂျ်ကို...။

ကော်ဖီခွက်ထဲကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေရင်း ဇနီးဖြစ်သူ ငိုကြွေးနေသည်ကို နှစ်သိမ့်မနေတော့ဘဲ လွှတ်ထားလိုက်သည်။ ထိုခဏတွင်...။ ထိုခဏသည် တကယ်တော့ အတော်ပင် တိုတောင်းသော်လည်း သူတို့နှစ်ယောက်အတွက်တော့ ကြာညောင်းလှချေ၏။ ထိုခဏတွင် စတိဗ်က ရေချယ့်ပခုံးကို ခပ်ဖွဖွဖက်၍ နှစ်သိမ့်ပေးသည်။ လူးဝစ်ကိုတော့ အပြစ်တင်လို ဟန်ဒေါသမျက်ဝန်းဖြင့် လှမ်းကြည့်တာ မြင်ရ၏။ သို့နှင့် ဂျထ်ဘက်ကို မျက်နှာလွှဲလိုက်သည်။ ဂျထ်သည် ရက်ရွံ့စွာ ခေါင်းငိုက်စိုက်ချ၍ ကြမ်းပြင် ကိုသာငုံ့ကြည့်နေ၏။ ကူကယ်ရာမဲ့လှပါတကား။

*****

အခန်း (၃၇)

"တနေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ သိတယ်" ဟု အာဝင်ဂိုးမန်းက ပြောလိုက်သည်။

ဤကား ပြဿနာ စတင်ဖြစ်ပွားပုံ ဖြစ်၏။

"ငါ့သမီး မင်းကို ယူလိုက်ကတည်းက သိတယ်။ သူ့ကိုလည်း ညည်း တချိန်လုံး ဒူးနဲ့ မျက်ရည်သုတ်နေရမယ်လို့ ပြောခဲ့သားပဲ။ ခု ကြည့်စမ်း။ ကြည့်...၊ ဟောဒီလိုတွေ ဖြစ်လာတာ"

သူ့အရှေ့မှာ မတ်တတ်လာရပ်ကာ လက်ညှိုးငေါက်ငေါက် ထိုး၍ ပြောနေသော ယောက္ခထီးဖြစ်သူကို လူးဝစ် လေးတွဲ့စွာ မော့ကြည့်လိုက်သည်။ ပြီးတော့ လက်မှတ်စာအုပ်ဒေါက်တိုင်နားမှာ ညနေပိုင်း တာဝန်ကျသည့် ရေချယ်ရှိရာသို့ အလိုလို လှမ်းကြည့်မိသွား၏။ သို့သော် ထိုနေရာမှာ ရေချယ် ရှိမနေတော့။

ညနေပိုင်း ဧည့်တွေ့ချိန်က လာသည့်လူ နည်းသည်။ ဧည့်တွေ့ချိန် စအပြီး နာရီဝက်လောက်မှာ လူးဝစ်က ရှေ့ဆုံးခုံတန်းမှာ သွားထိုင်သည်။ ချိုအီ မွှေးပျံ့နေသော ပန်းရနံ့များမှလွဲ၍ ပတ်ဝန်းကျင်ရှိ ဘယ်အရာကိုမှ သတိမထားမိ၊ သိလည်းမသိချင်။ ပင်ပန်းနုံးချိ၍ အိပ်ချင်နေသည်ကိုသာ သိ၏။ ဘီယာသောက်ထားသည့် အရှိန်ကြောင့်လည်း ပါမည်။ စိတ်ကို တုံးတုံးချ လိုက်ပစ်လိုက်ဖို့ အဆင်သင့် ဖြစ်နေပြီ။ ၁၂ နာရီ၊ ၁၆ နာရီလောက် အိပ် လိုက်ပြီးလျှင်တော့ ရေချယ့်ကို နှစ်သိမ့်ပေးနိုင်လိမ့်မည် ထင်၏။

သို့နှင့် ဒူးနှစ်ဖက်ပေါ် လျော့တိလျော့ရဲ တင်ထားသော လက်နှစ်ဖက်ကို ကြည့်ရင်း ထိုင်၍ ငိုင်နေမိသည်။ သူ့အနောက်ဆီမှ နှစ်သိမ့် ချော့မော့သံ တချို့ကို ကြားရ၏။ လေးယောက်သား နေ့လယ်စာ စားပြီး ပြန်လာတော့ အာဝင်နှင့် ဒိုရီတို့ ရှိမနေတော့တာ တွေ့ရသဖြင့် စိတ်သက်သာရာ ရသွားခဲ့သည်။ သို့သော် ထိုသို့ ဆက်လက်ပျောက်နေခြင်းက ကောင်းမွန်သည့် အခြေအနေ မဟုတ်မှန်း သူသိခဲ့သင့်၏။

လူးဝစ်က

"ရေချယ် အခု ဘယ်မှာလဲ" ဟု မေးတော့ ဂိုးမန်းက အောင်နိုင်သူ တယောက် မဏ္ဍပ်တိုင် တက်ပြသလို လေသံမျိုးနှင့်

"သူ့အမေနဲ့အတူ ရှိနေတာပေါ့။ သူရှိသင့်ရှိထိုက်တဲ့နေရာမှာပေါ့လေ"

ဂိုးမန်း၏ ပါးစပ်က စကော့ချ်ဝီစကီနံ့ ပြင်းပြင်းထန်ထန် ထွက်နေ၏။ ဂိုးမန်းက လူးဝစ်ရှေ့မှာ မတ်တတ်လာရပ်သော်လည်း အပြစ် သိသာထင်ရှားသော ဝက်ခြံထဲက တရားခံကို စစ်မေးနေသော တရားခွင်က ရှေ့နေတယောက်လို ငြိမ်ငြိမ်သက်သက် ရပ်မနေဘဲ လှုပ်လှုပ်ရွရွ လုပ်နေ၏။

"ဘာရယ်၊ ဘယ်လို ပြောလိုက်တယ်"

လူးဝစ်က အခုမှ လှုပ်အနှိုးခံရသလို အလန့်တကြား ထမေးသည်။

ဂိုးမန်း တခုခု ပြောထည့်လိုက်တာ သူသိသည်။ ထိုသို့ ပြောလိုက်ရသဖြင့် ကျေနပ် သွားပုံကို ထိုလူကြီး၏ မျက်နှာမှာ အထင်အရှား တွေ့ရ၏။

"ဒီစကားထက် မှန်တာတော့ ဘာမှ မရှိဘူး။ မိဘတွေရဲ့ဆန္ဒကို ဆန့်ကျင်ပြီး မင်းကို ယူခဲ့တဲ့အတွက် တနေ့ သူ ဒီလိုတွေ ကြုံလာရလိမ့်မယ်ဆိုတာ..."

လူးဝစ်က မယုံသင်္ကာဖြင့်"အဲဒီလို ပြောခဲ့တယ်ပေါ့ ဟုတ်လား။ ခင်ဗျား တကယ်ပဲ ဒီလို ပြောခဲ့ တယ်ပေါ့လေ" ဟု ထပ်မေးလိုက်၏။

"ဒီထက်တောင် ပိုသေးတယ်။ တနေ့ကျ ဒီလိုဖြစ်ရင်ဖြစ်၊ မဟုတ်ရင် လည်း အနေးနဲ့အမြန် တခုခုတော့ ဖြစ်မှာပဲလို့ ကြိုသိနေတယ်။ ပထမဆုံး အကြိမ် မြင်ကတည်းက မင်းဘယ်လို ကောင်စားမှန်း သိပြီးသား"

အာဝင်ဂိုးမန်းက သူ့ဆီ ကုန်း၍ ပြောလိုက်ရာ ထွက်သက်မှာ စကော့ချ် ဝီစကီနံ့ ထောင်းခနဲ လွင့်ပါလာ၏။

"မင်းပါးစပ် ဟလိုက်တာနဲ့ အူဘယ်နှခွေ ပါလဲ ငါမြင်ပြီးသားပါကွ ကလိမ်ကကျစ် ဆရာဝန်ရ။ ငါ့သမီးကို ဖြားယောင်းသွေးဆောင်၊ သောက် ရေးမပါတဲ့ အိမ်ထောင်တခုကို အတင်း ဇွတ်ဖန်တီးပြီး အိမ်ဖော်လို ခိုင်း စားတာ။ ကလေးရတော့ရော ဘာထူးလဲ၊ ကလေးက လမ်းပေါ်မှာ မျောက် တိရစ္ဆာန်လို ပြေးထွက်သွားတာကို ဒီအတိုင်း ထိုင်ကြည့်နေတာမလား"

သူ့စကားများက လူးဝစ် ခေါင်းထဲ ရောက်လာသော်လည်း ပါးစပ်က

"ခင်ဗျား အဲဒီလို တကယ်ပြောလိုက်တာလား" ဟုသာ အထပ်ထပ် မေးနေမိသည်။

"မင်းဟာ ငရဲအိုး ဇောက်ထိုးကျမယ့်ကောင်"

ဂိုးမန်းသည် စူးရှပြတ်သားသော လေသံဖြင့် ခေါင်းကိုပါ ခါ၍ တခွန်း တည်း ပြောချလိုက်ပြီး သွေးကြောနီနီတွေ ထောင်နေသော မျက်လုံးညိုကြီး များမှ မျက်ရည်များ စီးကျလာ၏။ သူ၏ ဦးပြည်းက မီးရောင်ဖြူဖြူအောက် မှာ ပြောင်လက်နေသည်။

"ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားတဲ့ သမီးလေးကိုမှ အိမ်ဖော်လို ရက်ရက်စက်စက် ခိုင်းတာ။ ငါတို့လက်ထဲက ဆွဲထုတ်ရုံနဲ့တင်အားမရဘဲ သူ့အနာဂတ်ကိုပါ တစစီ ဖျက်ဆီးပစ်တာ။ ငါ့မြေးလေးကို လည်း ကားလမ်းမပေါ်မှာ ခွေးလိုဝက်လို သေခိုင်းခဲ့တာ"

ဂိုးမန်း၏ လေသံက ထိန်းချုပ် မရအောင် မြင့်လာပြီး အော်ဟစ်ဆဲဆိုသည့် အဆင့်သို့ ရောက်လာ၏။

"အဲဒီအချိန်မှာ မင်းဘယ်ရောက်နေတာလဲကွ၊ ဟင်။ ကလေး လမ်းပေါ် ထွက်သွားတဲ့အချိန်မှာ မင်းက ဆေးပညာဆောင်းပါးရေးဖို့ ငုတ်တုတ်ထိုင် စဉ်းစားနေလို့လား။ မင်းဘာလုပ်နေခဲ့တာလဲ ခွေးသူတောင်းစားရဲ့။ မင်း ဟာ သုံးစားမရတဲ့ကောင်၊ ကိုယ့်သွေးသားကိုယ် ပြန်သတ်တဲ့ကောင်"

သူ့လက်မောင်းတဖက် ဆတ်ခနဲ လွတ်ထွက်သွားသည်။ သူ၏ ရှပ်အင်္ကျီ

အဖြူ လက်ရှည်၏ လက်ကောက်ဝတ်မှ လက်ကြယ်သီးအရောင် လက်ခနဲ ဖြစ်သွားသည်ကို မြင်လိုက်ရ၏။ ထိုလက်ကြယ်သီးကို အိမ်ထောင်သက် သုံးနှစ်မြောက်တုန်းက ရေချယ် ပေးခဲ့တာ ဖြစ်သည်။ တနေ့ကျလျှင် သား ဖြစ်သူ၏ နာရေးမှာ ဖခင်ဖြစ်သူက ဤလက်ကြယ်သီးကို တပ်လာရလိမ့် မည်ဟု ရေချယ် လုံးဝ ထင်ခဲ့မှာ မဟုတ်။

သူ့လက်သီးသည် ဂိုးမန်း၏ နှုတ်ခမ်းနှင့် တည့်တည့်ကြီး မိတ်ဆက် သွား၏။ အဘိုးကြီး ခများ နောက်ပြန်လန်လဲကျသွားပြီး နှုတ်ခမ်းမှ သွေးတို့ ဖြာခနဲ ကျလာ၏။ ဤသို့ ထိုးလိုက်ရသဖြင့် သူလည်း မည်သို့မျှ စိတ်သက်သာရာ ရမသွားသလို ကျေလည်း ကျေနပ်မသွားချေ။ သူခံစား ရသမျှမှာ ဂိုးမန်း၏ နှုတ်ခမ်းသားအောက်က မာကျောသော သွားတု၏ အထိအတွေ့သာလျှင် ဖြစ်၏။

ဂိုးမန်းသည် နောက်ပြန်လန်လဲကျသွားပြီး သူ့နောက်က ဂေ့ဂျ်၏ ခေါင်း တလားကို အရှိန်ဖြင့် တိုက်မိကာ တွန်းချလိုက်သလို ဖြစ်သွား၏။ အခေါင်းပေါ်တင်ထားသော ပန်းအိုးကြီးမှာ ခွမ်းခနဲ ကျကွဲသွားပြီးတစုံတယောက်က အလန့်တကြား ထအော်သည်။

ယင်းမှာ ရေချယ့်အော်သံ ဖြစ်ပြီး ပြေးလာရန် ကြိုးစားနေသော သူမကို ပြန်ဆွဲထားရန် ကြိုးစားနေသော သူမ၏ မိခင်ဖြစ်သူနှင့် ဆွဲလားရုန်းလား ဖြစ်နေ၏။ ထိုနေရာတွင် အားလုံးပေါင်းမှ လူဆယ်ယောက်၊ ဆယ့်ငါး ယောက်ခန့်သာ ရှိသော်လည်း ရုက်ရွံ့ထိတ်လန့်ကာ ကြက်သေ သေနေ ကြ၏။

စတိဗ်က ဂျထ်ကို လဒ်လိုသို့ ပြန်ပို့လိုက်နေချိန်ဖြစ်၍ သည်လိုအခြေအနေ ကို မျက်မြင်ကိုယ်တွေ့ ကြုံမသွားခဲ့တာ ကျေးဇူးတင်ပါ၏။ သည်လို မြင်ကွင်းမျိုးကိုလည်း မြင်ချင်မှာ မဟုတ်၊ မြင်ရက်မှာ မဟုတ်။ ရေချယ်က ထိတ်လန့်တကြား

"အဖေ့ကို မလုပ်ပါနဲ့။ အဖေ့ကို မလုပ်ပါနဲ့ လူးဝစ်ရဲ့" ဟု အော်ဟစ်သည်။ ပုံလဲသွားသော ဂိုးမန်းက စူးရှသော လေသံဖြင့်

"ဩော၊ မင်းက အဘိုးကြီးတွေကို လက်သီးနဲ့ ထိုးရတာ သိပ်ကြိုက်တယ် ပေါ့လေ ဟုတ်လား။ ငါ မအံ့ဩပါဘူး၊ အခုတော့ မင်းသောက်ကျင့်ကို လူ တွေ သိသွားတာပေါ့။ ငါကတော့ လုံးဝ အံ့ဩမှာ မဟုတ်ဘူး" ဟု အော်ဟစ် ကာ သွေးများ ပါးစပ်အပြည့် လျှံကျနေရင်းမှ အံကို ကြိတ်၍ မဲ့ပြုံးပြုံးသည်။

လူးဝစ် လှည့်ကြည့်လိုက်စဉ် ဂိုးမန်းက သူ့မေးရိုးကို ပင့်ထိုးလိုက်ရာ မျှော် လင့်မထားမိသောကြောင့် အငိုက်မိကာ မင်းလမ်းပေါ် လဲသွားသဖြင့် ဒူး တဖက် ထောက်၍ ထိန်းလိုက်ရ၏။ ထိုဒဏ်ကြောင့် နောက်နှစ်နာရီအထိ အစာမျိုမရအောင် လည်ချောင်းနာသွားသည်။ လူးဝစ်က အီးခနဲ, ညည်း လိုက်သောအခါ ရေချယ်က အမလေးအဘလေး ထအော်ပြန်၏။

အာဝင်ဂိုးမန်းသည် ပါးစပ်က သွေးတစက်စက် ကျနေလျက်က လူးဝစ်ဆီသွားကာ ကျောက်ကပ်ရှိသည့်နေရာသို့ ပိတ်ကန်လိုက်သည်။ လူးဝစ်သည်

မျက်လုံးများ ပြာခနဲ ဖြစ်သည်အထိ နာကျင်သွားကာ ကြမ်းပြင်ပေါ် လေး ဘက်ထောက် ကျသွား၏။ ဂိုးမန်းက လူးဝစ်၏ ဘယ်ဘက်တင်ပါးကို ဖနောင့်ပေါက်၍ ဆောင့်ကန်ထည့်လိုက်ရာ ဤတကြိမ်တွင် ထောက်တည် ခြင်းငှာ မတတ်နိုင်တော့ဘဲ မှောက်လျက်လဲ၍ မေးစေ့နှင့် ကြမ်းပြင်တို့ ပြင်းထန်စွာ မိတ်ဆက်သံက ခွပ်ခနဲ ထွက်လာပြီး ကိုယ့်လျှာကိုယ် ပြန်ကိုက် မိလေ၏။

“သေစမ်း၊ မင်း ပြန်ထမလာနဲ့။ ခွေးသူတောင်းစား ကဲကွာ”

ဂိုးမန်းက လူးဝစ်၏ တင်ပါးနောက်တဖက်ကို ထပ်ကန်သည်။ မြေးဖြစ်သူအတွက် ကြေကွဲဝမ်းနည်းခြင်း၏ ပြယုဂ်အနေနှင့် ပထမဆုံးအကြိမ် အဖြစ် ဂိုးမန်းကို မုတ်ဆိတ်မွေး မရိတ်သင်ထားမှန်း အခုမှ လူးဝစ် တွေ့ လိုက်ရသည်။ နာရေးစီစဉ်သူက သူတို့ဆီ ပြေးလာသလို ရေချယ်ကလည်း မအေ့လက်ကို အတင်းဆွဲဖြုတ်ကာ သူတို့ဆီ အော်ဟစ်ရင်း ပြေးလာ၏။

လူးဝစ်က ဂိုးမန်း၏ ဖနောင့်ပေါက်ချက်ကို ဘေးတဖက်သို့ လိမ့်ရှောင်၍ ထထိုင်ပြီး သူ့ခြေထောက်အား ဂိုးဖမ်းသမားတယောက် ဘောလုံးဖမ်း၍ ကစားသမားများဆီ ပြန်ပေးသလိုမျိုး လက်နှစ်ဖက်ဖြင့် လှမ်းဆွဲဖမ်းချုပ် ကာ ရှိသမျှအင်အားကုန် သုံး၍ ဆောင့်တွန်းထည့်လိုက်၏။

ဂိုးမန်းသည် ထောင့်တနေရာသို့ လွင့်သွားကာ ဟန်ချက်ပျက်၍ ဂေ့ဂျ် ကလေး လဲလျောင်းနေသည့် ခေါင်းတလားပေါ် ပက်လက်လန်လဲသွားသည်။ ထိုအခါ အခေါင်းသည် တင်ထားသော မြင်းခုံပေါ်မှ ဝုန်းခနဲ မြည်၍ အောက်သို့ ပြုတ်ကျသွားကာ အခေါင်းဖုံးမှာ ထိုးထားသောချက်လည်း ဖျတ်ခနဲ တချက်ပွင့်ဟ သွား၏။ ရုန်းရင်းဆန်ခတ်ဖြစ်၍ အမလေးအဘလေး အော်ဟစ်သံများ၊ ရန်စောင်မာန်စောင် နေသံများ ကြားမှပင် ခေါင်းတလားဆီက ဂျောက်ခနဲ ချက်ပွင့်သွားသံကို လူးဝစ် အသေအချာ ကြား ရ၏။

လူတိုင်းက ခေါင်းတလားကြီး ပြုတ်ကျသွားသည်ကို တွေ့ကာ တအံ့တသြ နှင့် အထိတ်တလန့် ငေးမော၍ မှင်တက်နေမိကြသည်။ အခေါင်းဖုံးက အလုံးစုံ ပွင့်ထွက်မသွားဘဲ သူ့အရှိန်နှင့်သူ ပြန်၍ ပိတ်သွားသဖြင့် ဂေ့ဂျ်၏ ကြေကွဲဝမ်းနည်းဖွယ်ရာ အလောင်းကလေးကို မမြင်ရသော်လည်း အခေါင်းဖုံး ဟအလာတွင် မီးခိုးရောင် တစုံတရာကို ဖျတ်ခနဲ သူမြင် လိုက်ရ၏။ ယင်းမှာ မြေချသည့်အခါ ဂေ့ဂျ်အလောင်းဘေးမှာ ထည့်ပေးရန် ဝယ်ယူခဲ့သော ဝတ်စုံကလေး ဖြစ်သည်။ ပန်းရောင်လိုလို အရာကလေးကို လည်း မြင်လိုက်ရသည်။ ယင်းမှာ ဂေ့ဂျ်၏ လက်ကလေးတဖက် ဖြစ် နိုင်၏။

လူးဝစ်သည် ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်လျက်သားမှပင် သူ့ မျက်နှာသူ လက်ဖဝါးနှစ်ဖက် အုပ်ကာ ငိုလေတော့သည်။ ဂိုးမန်းကိုလည်း စိတ်မဝင်စားတော့ဘဲ သောကမီးတို့ အလျှံညီးညီး အရှိန်ပြင်းစွာ တောက် လောင်လျက် ယူကြုံးမရ အပူလုံးကြွ၍ လာ၏။ ထိုခဏတွင် သူသာ သေ သွားလိုက်ချင်သည်။ ရုတ်တရက် ဒစ္စနေးဝါးလ်ဒ်ထဲ၌ ဂေ့ဂျ်တယောက်

မစ်ကီမောက်နားရွက်ကြီး တပ်၍ ရယ်ကာမောကာနှင့် မိန်းလမ်းပေါ်က ဂူဖီ ခွေးရုပ်ကြီးအား လက်ဆွဲနှုတ်ဆက်နေပုံကို အထင်းသား သွားမြင်မိ၏။

မြင်းခုံ ထောက်တိုင်တချောင်းက အခုမှ ကျိုးကျသွားသဖြင့် ကျန်တိုင်များမှာ အရက်မူး၍ ယိုင်နဲ့ကုန်ကြသလိုမျိုး ဖြည်းဖြည်းချင်း ပြိုလဲသွားသည်။ မှောက်သွားသော ပန်းအိုးထဲက ရေများ စီးကျလာကြပြီး တချို့ ပန်းအိုးများမှာ ကွဲကုန်သဖြင့် ပန်းတွေ တစစီ ပြန့်ကျဲကုန်၏။ ဂိုးမန်းသည် လည်း ထိုပန်းတို့အလယ်မှာ ငိုကြွေးနေသည်။ ရေချယ်ကတော့ တအော်တည်း အော်ရုံသာ တတ်နိုင်တော့၏။

ရေချယ့်အော်သံကို လူးဝစ် မတုံ့ပြန်နိုင်။ နားထဲတွင် ညနေစောင်းကျရင် မီးပန်းတွေ ဖောက်မှာ ဖြစ်ပါတယ်ဟူသော ကစားကွင်းထဲက ကြေညာသံနှင့်အတူ ဂေ့ဂျ်ပုံရိပ်က အတွေးထဲမှာ မှိန်ဖျော့သွား သော်လည်း နာကျင်ခြင်း၊ ဆုံးရှုံးခြင်း၊ ကြေကွဲခြင်း၊ ရှက်ရွံ့ခြင်း၊ လိပ်ပြာ မလုံခြင်းတို့၏ မျက်ရည်စ များ စွန်းထင်းပေကျံနေသော သူ့မျက်နှာကို ဘယ်သူ့ကိုမှ အမြင်မခံချင်တော့ဘဲ လက်နှင့် အုပ်ရင်းသာ ဆက်ထိုင်နေမိသည်။ သူ သေချင်သည်။ ဘာကိုမှ မသိ၊ မမြင်၊ မကြားရဘဲ သေသွားလိုက်ချင်၏။ နာရေးစီစဉ်သူနှင့် ဒိုရီက စူးစူးဝါးဝါး အော်ဟစ်နေဆဲဖြစ်သော ရေချယ့်ကို အပြင်သို့ ခေါ်ထုတ်သွားသည်။ လွတ်နေသော အခန်းထဲ ရောက်တော့ ရေချယ် တဖြည်းဖြည်း တည်ငြိမ်လာ၏။ ထိုအခန်းသည် ပူဆွေးမှု လွန်ကဲ၍ ထိန်းမရသည့်အခါ သုံးရန် တမင်ထားသော အခန်းဖြစ်မည်ဟု ယူဆမိသည်။

ဤတကြိမ်တွင် လူးဝစ်သည် တွေတွေငေးငေး ဖြစ်နေသော်လည်း သူ့ကိုယ်သူ ထိန်းရင်း ရေချယ့်ဆီ တည်တည်ငြိမ်ငြိမ် ရောက်လာကာ ကျန်သူများအား သူတို့လင်မယား နှစ်ယောက်တည်းသာ သီးသန့်နေပါရစေ ဟု တောင်းဆိုလိုက်သည်။

****

အိမ်ပြန်ရောက်သောအခါ ရေချယ့်ကို သူကိုယ်တိုင် အိပ်ရာထဲ လိုက်ပို့ပြီး အရက်တခွက် တိုက်၏။ ထို့နောက် မေးစေ့အထိ စောင်ခြုံပေးလိုက်ကာ ဖြူရော်ရော် မျက်နှာကလေးကို သေချာကြည့်ရင်း

“ဆောရီးပါ ရေချယ်။ ကိုလေ၊ ပြန်သာ ရနိုင်မယ်ဆို ဘာမဆို ပေးဆပ်ချင်ပါရဲ့ကွယ်”

“ရပါတယ်”

ရေချယ်က ထူးထူးဆန်းဆန်း တည်ငြိမ်သော လေသံဖြင့် ပြောကာ မျက်နှာချင်း မဆိုင်ချင်သကဲ့သို့ တဖက်လှည့်၍ နေသည်။

အဆင်ပြေရဲ့လားဟုချည်း မေးနေရတာ ပင်ပန်းလွန်းလှပြီ။ ထိုစကားလုံးများက နှုတ်ဖျားအထိ တက်လာသော်လည်း ထိုမေးခွန်းမှာ သည်လိုအချိန် မှာ မေးရမည့် မေးခွန်းမျိုး မဟုတ်ဟု ယူဆကာ ပြန်လျှောကျသွား၏။ အဆင်ပြေ၊ မပြေ

သိတော့ရော သူဘာလုပ်ပေးနိုင်လို့လဲ။ သူကရော တကယ် သိချင်ရဲ့လားတောင် သူ့ဘာသာ မသိ။

နောက်ဆုံး၌ ရေချယ့်အား

"သိပ်ခံစားနေရသလားကွယ်" ဟု မေးလိုက်သည်။

သူမက မေးမှ မေးရက်တယ် ဟူသော အဓိပ္ပာယ်မျိုး ရယ်ဟဟနှင့်

"ခံစားရတာပေါ့ရှင်..." ဟု ဆိုပြီးမှ

"သိပ်ဆိုးတာပဲ..." ဟု တုန်ယင်လှိုက်ခါစွာ ပြော၏။

ရေချယ်သည် သည့်ထက်ပို၍ တစုံတရာ လိုအပ်နေပုံ ရ၏။ သို့သော် ထိုအရာကို လူးဝစ်လည်း ပေးနိုင်မှာ မဟုတ်။ ရုတ်တရက် သူမကိုရော၊ စတိဗ်ကိုရော၊ မစ်ဆီဒန်းဒရစ်ဂျ်နှင့် လည်စလုတ် တထောင်ထောင် ဖြစ်သော သူမ၏ ခင်ပွန်းကိုရော၊ အဖွဲ့သားအားလုံးကို မကျေမချမ်း ဖြစ်မိသည်။ သူ ကချည်း တသက်လုံး နှစ်သိမ့် ပေးနေရတော့မှာလားဟု စိတ်ထဲက ကျိန်ဆဲမိသည်။ ထို့နောက် မီးပိတ်၍ အခန်းထဲက ထွက်လာခဲ့၏။ ထိုအခါမှ သမီးဖြစ်သူကိုလည်း များများစားစား နှစ်သိမ့်မပေးနိုင်ခဲ့ပါလားဟု တွေးမိသည်။

ဂျထ်ဖွင့်ပေးခဲ့သော တီဗွီမှ တဖျတ်ဖျတ် အရိပ်များ ထင်ဟပ်နေသော အယ်လီအခန်းကို ကြည့်ရင်း အခန်းထဲတွင် အယ်လီမဟုတ်ဘဲ ဂေ့ဂျ်ရှိ နေသည်ဟု စွဲမြဲယုံကြည်လိုက်မိသည်။ ပတ်စ်ကောင်း သူ့ကို တောထဲသို့ ခေါ်ဆောင်သွားသည့် အိပ်မက်ဆိုးနှယ် မဟုတ်မှန်းသိနေသည့်တိုင် အမှန် ဟု ယုံကြည်နေသလိုမျိုး။

အခန်းထဲတွင် အယ်လီသည် ဂေ့ဂျ်အခန်းထဲမှ ယူလာသော ကုလားထိုင် တွင် မဆံ့မပြဲ ဝင်ထိုင်နေ၏။ ဒါရိုက်တာ ထိုင်ခုံဟု ခေါ်ကြသော ထို ကုလားထိုင်သည် ကင်းဗတ်စနှင့် ပြုလုပ်ထားခြင်းဖြစ်ပြီး နောက်မှီတွင် ဂေ့ဂျ်ဟု နာမည်ထိုးထား၏။ ထိုကုလားထိုင်များကို ရေချယ်က အီးမေးလ်ဖြင့် တကူးတက အော်ဒါမှာ၍ ဝယ်ယူထားခြင်းဖြစ်ပြီး ခုံတိုင်း၏ နောက်မှီတွင် သက်ဆိုင်ရာ မိသားစုဝင် တယောက်စီ၏ နာမည် ထိုးထား၏။

အယ်လီသည် ဂေ့ဂျ်၏ ကုလားထိုင်တွင် ကျပ်ကျပ်ညပ်ညပ် ဝင်ထိုင်နေရာ ခုံအခင်းမှာ ဖုဖောင်း၍ အပြင်ကို စူထွက်နေ၏။ သူမသည် လက်ထဲတွင် ပို လာရိုက်ဓာတ်ပုံလေးကို ကိုင်လျက်သား တီဗွီထိုင်ကြည့်နေ၏။

လူးဝစ်က တီဗွီကို လှမ်းပိတ်ကာ

"အယ်လီ၊ အိပ်ရာဝင်ချိန် ရောက်ပြီလေ သမီး" ဟု ဆိုတော့ သူမက ထိုင် ရာမှ ထကာ ခုံကို ခေါက်သိမ်းရန် ပြင်သည်။

ကြည့်ရတာ အိပ်ရာထဲ ယူသွားမည်ထင်၏။ ခုံနှင့် ပတ်သက်၍ တခုခု ပြောရကောင်းမလားဟု ချီတုံချတုံ ဖြစ်နေပြီး နောက်ဆုံး၌

"ဖေဖေ ခေါက်ပေးရမလား" ဟု မေးလိုက်သည်။

"ဟုတ်"

"သမီး ဒီည မေမေနဲ့ သွားအိပ်ပါလားဟင်"

"မအိပ်တော့ပါဘူး ဖေဖေရယ်။ ကျေးဇူးပဲ"

"သေချာတယ်နော်"

အယ်လီက တချက်ပြုံးကာ

"ဟုတ်"

"ဒါဆိုလည်း ပြီးတာပဲလေ"

အယ်လီက သူခေါက်သိမ်းပေးသော ကုလားထိုင်ကို အိပ်ရာထဲ ယူမသွားဘဲ ခေါင်းရင်းမှာ ထောင်ထားလိုက်၏။ ထို့နောက် ခတ်ပုံကို ခေါင်းအုံးပေါ် ခဏတင်ကာ ညဝတ်အင်္ကျီလဲသည်။ ပြီးသော် ခတ်ပုံကို ကောက်ကိုင်ကာ ရေချိုးခန်းထဲ ဝင်သွား၏။ အယ်လီသည် ခတ်ပုံကို ဘေးခဏချကာ မျက်နှာသစ်၊ သွားတိုက် လုပ်သည်။ ပြုဖွယ်ကိစ္စအဝဝ ဆောင်ရွက်ပြီးသော် ခတ်ပုံကို ပြန်ကောက်ကိုင်၍ အိပ်ရာဝင်၏။ လူးဝစ်သည် ထိုမြင်ကွင်းကို ကြည့်ကာ အယ့်အား ကမ္ဘာ့အငယ်ဆုံး စိတ်ကုဆရာဝန် တယောက်အလား ထင်မိလေ၏။

လူးဝစ်သည် သူမဘေးနား ဝင်ထိုင်ကာ

"သမီးကို သိစေချင်တာကလေ၊ ဖေဖေတို့တတွေ တယောက်ကို တယောက် ချစ်ချစ်ခင်ခင် ဆက်နေကြမယ်ဆိုရင် အဆင်ပြေသွားမှာပါ"

စကားကို တလုံးချင်း မနည်းဖျစ်ညှစ်ပြောရသည်မှာ နွံနစ်နေသော ကားကို တွန်းရကဲ့သို့ အားအင်ကုန်ခမ်းမောပန်းလှ၏။

အယ်လီက တည်ငြိမ်လေးနက်စွာဖြင့်

"သမီးကတော့ ဂေ့ဂျ်ပြန်လာပါစေလို့ ဘုရားမှာ ဆုတောင်းတယ်"

"သမီးကလည်းကွယ်..."

"ဘုရားသာ ဆန္ဒရှိရင် ဂေ့ဂျ် ပြန်လာနိုင်မှာပါ။ ဘုရားက ဘာမဆို လုပ်ပေးနိုင်တာပဲလေ"

လူးဝစ်က စိတ်မသက်သာစွာဖြင့်

"ဘုရားက ဒါမျိုးတွေ မလုပ်ပေးဘူးလေ သမီးရယ်"

စိတ်ထဲတွင် ရှုးကြောင်ကြောင် မျက်လုံးအစုံနှင့် အိမ်သာအဖုံးပေါ် ငုတ်တုတ် ထိုင်နေသော ချာ့ကို သွားမြင်၏။

"လုပ်ပါတယ်။ ဆန်းဒေးစကူးမှာ သမီးတို့ကို ဆရာမက လာဇရု အကြောင်း ပြောပြတယ်။ သူသေတော့ သခင်ယေရှုက "လာဇရု၊ ထ လော့"လို့ ပြောပြီး ပြန်အသက် သွင်းပေးလိုက်တယ်လေ။ ဆရာမက ပြောတယ်။ သခင်ယေရှုကသာ "ထလော့"လို့ ပြောလိုက်ရင် သင်္ချိုင်းထဲက အလောင်းတွေအကုန် ထလာကြမှာပဲတဲ့။ လာဇရု တယောက်တည်းကိုပဲ ပြန်ရှင်စေချင်လို့ နာမည်ထည့်ခေါ်ရတာ"

"ဒါတွေက ကြာခဲ့ပြီလေ သမီးရဲ့"

လွှတ်ခနဲ ထွက်သွားသော သူ့စကားကို အယ်လီက ဂရုပင် မစိုက်ဘဲ

"သမီးက အဆင်သင့် ပြင်ထားတာ။ သူ့ခတ်ပုံ အမြဲဆောင်ထားတယ်။ သူ့ခုံမှာ ထိုင်ပြီး..."

"သမီးကိုယ်နဲ့ မောင်လေးခုံက ဆံ့မှ မဆံ့ဘဲ၊ ကျိုးသွားမှာပေါ့"

"ဘုရားက မကျိုးအောင် လုပ်ပေးမှာပေါ့"

အယ်လီက တည်တည်ငြိမ်ငြိမ်နှင့် အိန္ဒြေမပျက် ဆက်ပြောနေ သော်လည်း မျက်ခွံလေးများ ဖောင်းမို့နေသည်ကို သူတွေ့ရသည်။ သမီးဖြစ် သူကို သည်ပုံစံဖြင့် မြင်ရသောအခါ အသည်းနှလုံးတို့ ကြွေပြုန်းမတတ် ခံစားရပြီး မကြည့်ရက်နိုင်အောင် ဖြစ်မိလေ၏။ ဇော့ဂျ်ခုံကျိုးသွားလျှင်တော့ တစုံတရာကို နည်းနည်းပါးပါး ပိုနားလည်လာလိမ့်မည် ထင်၏။

"သမီးလေ၊ ခါတ်ပုံကို သွားလေရာ ယူသွားမှာ။ သူ့ခုံမှာလည်း ထိုင်ဦးမှာ။

သူစားနေကျ မနက်စာကိုလည်း စားမှာ။ ပဲကို သမီး လုံးဝ မကြိုက် ပေမဲ့ စားမှာပါ။ ဇော့ဂျ်ရဲ့ ပုံပြ သရုပ်ဖော် စာအုပ်တွေကိုလည်း ဖတ်မှာ။ ပြီးတော့ သမီး...။ ဟိုလေ၊ အကုန် အဆင်သင့်လုပ်ထားမယ်။ တချိန်ချိန်မှာ သူ..."

အယ်လီသည် ပြောရင်းနှင့် ဟီးခနဲ ငိုချလိုက်၏။ လူးဝစ်က နှစ်သိမ့်စကား မပြောဘဲ အယ့်နဖူးမှ ဆံစများကိုသာ သပ်တင်ပေးနေမိသည်။ သူမ ပြောနေသည့် စကားများမှာ ရူးချင်စရာ ကောင်းနေမည် ဖြစ်သော်လည်း ဇော့ဂျ်နှင့်အတူ မျက်မှောက်မှာ ရှိနေသလို ခံစားရစေ၏။ အဓိကက နာကျင် ကြေကွဲမနေဖို့ပဲ မဟုတ်လား။ ထိုသဘောတရားကို အယ်လီ သဘောပေါက် ပုံ ရ၏။

"မငိုပါနဲ့တော့ သမီးရယ်။ တသက်လုံး ဝမ်းနည်းနေရမှာမှ မဟုတ်တာ"

၁၅ မိနစ်လောက် ငိုပြီးနောက် မျက်ရည်မခြောက်ခင်မှာပင် အယ်လီ အိပ်ပျော်သွားသည်။ ထိုအချိန်တွင် အောက်ထပ်ရှိ နာရီဆီမှ ဆယ်နာရီထိုး သံ ကြားရ၏။ တိတ်ဆိတ်ငြိမ်သက်နေသည်မို့ နာရီသံက တအိမ်လုံး ပျံ့လွင့်သွားသည်။

သမီးရှင်စေချင်ရင် ရှင်နေတယ်လို့ပဲ မှတ်ထားလိုက်ပေါ့ သမီးရယ်။ စိတ်ရောဂါကုဆရာဝန်တွေ ကတော့ ဒီလိုခံယူထားတာဟာ ဆိုးဝါးတယ်လို့ ပြောချင် ပြောမှာပဲ။ ဒါပေမဲ့ ဖေဖေ ရှိနေပါတယ်။ ဖေဖေ ဒီလိုခွင့်ပြုရတဲ့ အကြောင်းရင်းကိုလည်း ကိုယ့်ဘာသာ သိတယ်။ တနေ့ ခါတ်ပုံကို သမီး အိပ်ရာပေါ်မှာ မေ့ကျန်ရစ်ခဲ့မှာပဲ။ ဟောဒီသောကြာနေ့မှာတောင် ဖြစ်ချင် ဖြစ်နေဦးမယ်။ အိမ်နောက်ဘက်က ကွင်းထဲမှာ စက်ဘီး စီးချင်စီးမယ်၊ လမ်းလေးဘာလေး လျှောက်ချင်လျှောက်မယ်။ ဇော့ဂျ်ကတော့ သမီးနဲ့ အတူတူ ရှိမှာ မဟုတ်တော့ဘူးပေါ့။ အဲဒီအချိန်ကျရင် ဇော့ဂျ်က သမီးရဲ့ စိတ်ထဲမှာ ၁၉၈၄ ခုနှစ်က ဖြစ်ရပ်လေးတခု ဆိုတာကလွဲပြီး ပျောက်ကွယ်သွားမှာပါ။ တသသဖြစ်စရာ အတိတ်ကာလလေးတခုပေါ့။

လူးဝစ်က အယ့်အခန်းထဲမှ ထွက်ကာ လှေကားထိပ်မှာ ခဏရပ်၍ အိပ်ရာဝင်ရ ကောင်းမလား စဉ်းစားလိုက်သေးသည်။ သို့သော် သူလိုအပ် နေသည့်အရာကို ချက်ချင်းပင် သိနားလည်သွားကာ အောက်ထပ်ကို ဆင်း သွားလေ၏။

*****

လူးဝစ်က အရက်မူးဖို့ သေချာ ကြိုးစားတတ်သူ ဖြစ်သည်။ မြေအောက်ခန်းထဲမှာ Schlitz Light ဘီယာ ၅ ပုံး ရှိသည်။ လူးဝစ်ရော၊ ဂျထ်ရော၊ စတိဗ်ရော သောက်သည်။ ရုံဖန်ရုံခါ မစ်ဆီဒန်းဒရစ်ဂျ်ပင် ကလေးတွေကို ကြည့် ပေးရင်း သောက်တတ်သည်။ ကလေးတွေဟူသော စကားလုံးက သူ့ခေါင်း ထဲ ရောက်လာ၏။ ရှာရီတန်တောင် အိမ်ကို လာလည်သည့်အခါ ဝိုင်ထက် စာလျှင် ဘီယာအပျော့ကို ပိုနှစ်ခြိုက်သည်။ ထို့ကြောင့် ပြီးခဲ့သည့် ဆောင်းတွင်းက ရေချယ် အပြင်သွားစဉ် Brewer A & P မှာ Schlitz Light ဘီယာတွေ ရောင်းနေသည်ကို တွေ့သဖြင့် ဆယ်ပုံးလောက် ဝယ်လာခဲ့သည်။

တယောက်ယောက် လာလည်တိုင်း အော်ရင်တန်က ဂျူလီယို့ဆိုင်ကို ပြေးဝယ်မနေနဲ့တော့။ ကိုယ့်ကိုယ်ကိုယ် ဝိုင်ဝေဖန်ရေးဆရာ ရောဘတ်ပါ ကာများ မှတ်နေသလား။ ဆိုင်ပိတ်သွားလို့ရှိရင် ရေခဲသေတ္တာထဲက ဘယ် ဘီယာဖြစ်ဖြစ် သောက်လို့ ကောင်းသွားတာပဲဟာ၊ မဟုတ်ဘူးလား။ ဒီတော့ ဒါပဲ သောက်တော့။

ယင်းတို့မှာ ပြီးခဲ့သည့် ဆောင်းရာသီ၊ အရာရာ အဆင်ပြေချောမွေ့နေခဲ့စဉ်က ရေချယ်ပြောခဲ့သော စကားများ ဖြစ်သည်။ အရာရာ အဆင်ပြေချောမွေ့ နေခဲ့သတဲ့လား။ ရယ်စရာ ကောင်းလိုက်တာ။

လူးဝစ်က ဘီယာတပုံးကို ယူကာ ရေခဲသေတ္တာထဲ တဘူးချင်း ခွဲထည့်သည်။ ထို့နောက် တဘူးကို ယူ၍ ရေခဲသေတ္တာတံခါးကို ပိတ်သည်။ ဘီယာဘူးကို ဖွင့်သည်။ ထိုစဉ် ချာ့က စားဖိုဆောင်ထဲမှ တုန်တုန်ချိချိနှင့် ထွက်လာပြီး လူးဝစ်ကို မော့ကြည့်၏။ သူ့အနားကို သိပ်မကပ်။ ဧကန္တ လူးဝစ်ဒင်းကို ကြိမ်ဖန်များစွာ ကန်ထုတ်ခဲ့ပုံ ရ၏။

သူက ချာ့အား

"မင်းအတွက် ဘာမှ မရှိဘူး ဟေ့ကောင်။ မင်းကို ဒီနေ့ အစာကျွေးပြီးပြီလေ။ လိုချင်ရင် ကိုယ့်ဘာသာ ငှက်တွေဘာတွေ သွားသတ်စား"

ချာ့က နေရာမှ မရွေ့ဘဲ သူ့ကိုသာ ကြည့်နေ၏။ လူးဝစ်က ဘီယာကို ဘူးဝက်လောက် မော့ချလိုက်ပြီး

"မင်းလည်း အဲဒါတွေတောင် မစားတော့ဘူးလားကွ။ ဘာလဲ၊ သတ်ရုံနဲ့ တင် ကျေနပ်ပြီပေါ့လေ"

ချာ့က သူ့အတွက် စားစရာ မရှိသည်ကို သဘောပေါက်သွားပုံဖြင့် ဧည့်ခန်းထဲ လျှောက်သွား၏။ ခဏကြာတော့ လူးဝစ်ပါ ထလိုက်သွားသည်။ ထို့နောက် ခုံတလုံးမှာ ထိုင်၍ ချာ့ကို လှမ်းကြည့်လိုက်၏။

ချာ့က တီဗွီစင်နားက အခင်းပေါ်မှာ လှဲကာ သူ့ကို သေသေချာချာ ကြည့် နေ၏။ မသိလျှင် လူးဝစ် ရုတ်တရက် ဒေါသထွက်ကာ တခုခု ထလုပ်လျှင် အဆင်သင့် ထပြေးနိုင်အောင် ပြင်ဆင်ထားပုံမျိုး။

သို့သော် လူးဝစ်က ဘီယာဘူးကို မြှောက်၍

"ပန်းချီဆရာဖြစ်မလား၊ အိုလံပစ်ရေကူးသမားဖြစ်မလား၊ အမေရိကန်

သမ္မတတောင် တက်ဦးဖြစ်မလား မသိတဲ့ ငါ့သားလေး ဂေ့ဂျ်အတွက်။ မင်း ရော ဘာပြောဦးမလဲ ကြောင်အစုတ်ပလုတ်”

ချာ့က သူ့ကို ထူးဆန်း၍ ငြီးငွေ့ဖွယ်ရာကောင်းသော မျက်လုံးများဖြင့် ကြည့်၏။ လူးဝစ်က လက်ကျန်ဘီယာကို လည်ချောင်းတွေ ရှသွားသည်အထိ တဂွပ်ဂွပ်ဖြင့် မော့သောက်ပစ်လိုက်၏။ ထို့နောက် ထိုင်ရာမှ ထကာ ရေခဲသေတ္တာဆီ သွား၍ နောက်တဘူး သွားယူသည်။

ဘီယာသုံးဘူးလောက် ကုန်သွားသောအခါ ထိုနေ့အတွက် ပထမဆုံး အနေဖြင့် ရေချိန်ကိုက်လာသလို ခံစားရ၏။ တဘူးပြီး တဘူး ယူ သောက်ရင်း ဗိုက်ကယ်လာသလို ခံစားရသောအခါတွင်မူ နောက်တနာရီ လောက်ဆိုလျှင် အိပ်ပျော်ချင် အိပ်ပျော်သွားနိုင်သည်ဟု ထင်၏။

ရေခဲသေတ္တာဆီ ရှစ်ကြိမ်မြောက်လား၊ ကိုးကြိမ်မြောက်လား မသိ ထသွား မိသောအခါ ချာ့ကို တချက် လှမ်းကြည့်မိသည်။ ချာ့သည် ယခုအခါ အခင်းပေါ်တွင် မှေးစင်းစပြုနေလေပြီ။ ထိုအခိုက်မှာပင် သူ့ခေါင်းထဲသို့ ရိုး စင်းသော အတွေးတခု ဝင်လာလေ၏။

မင်း ဘယ်တော့ ဂေ့ဂျ်ကို တိရစ္ဆာန်သင်္ချိုင်းမှာ မြှုပ်မှာလဲ။

လာဇရု ထလော့။

အယ်လီ အိပ်ချင်မူးတူး ပြောသော စကားသံကိုလည်း ကြားယောင် လာ၏။

ဆရာမက ပြောတယ်။ သခင်ယေရှုကသာ “ထလော့”လို့ ပြောလိုက်ရင် သင်္ချိုင်းထဲက အလောင်းတွေအကုန် ထလာကြမှာပဲတဲ့။

ထိုအတွေးကြောင့် ကြက်သီးဖြန်းဖြန် ထသွားပြီး တကိုယ်လုံး ပြန့်နှံ့ သွားသဖြင့် တွန့်ခနဲ ဖြစ်ကာ လက်သီးကိုပင် ဆုပ်ထားလိုက်မိ၏။ ရုတ်တရက် အယ်လီ ပထမဆုံး ကျောင်းတက်သောနေ့ကို ပြန်အမှတ်ရ မိသည်။ ထိုနေ့က အယ်လီက Old MacDonald သီချင်းနှင့် ဆရာမ မစ္စက်ဘယ်ရီမန်း အကြောင်းကို ပြောပြနေစဉ် လူးဝစ်က “ဖေဖေ မောင် လေးကို သွားသိပ်လိုက်ဦးမယ်။ ပြီးရင် သမီးပြောတာ အကုန်လုံး နားထောင်ပေးမယ်နော်” ဟု ဆိုကာ အိပ်ပျော်နေသော ဂေ့ဂျ်ကို ချီ၍ အပေါ်ထပ် တက်လာခဲ့သည်။ အခန်းထဲအရောက် အတိတ်နိမိတ်ဆိုး တခုခုက သူ့ကို ရိုက်ပုတ်သတိပေးလိုက်သကဲ့သို့ ယခုလိုပင် ထူးဆန်းစွာ ကြက်သီးဖြန်းဖြန်း ထသွားခဲ့ဖူး၏။ အခုတော့ သူ တခုခုကို နားလည်လာ သလိုပင်။

စက်တင်ဘာလထဲမှာ ဂေ့ဂျ် မကြာခင် သေတော့မှာကို ကြိုသိနေခဲ့သလို လို ခံစားခဲ့ရသည်။ ကြီးမြတ်၍ ဆိုးသွမ်းသော အော့ဇ်အကြောင်းကို သူ ကြားခဲ့ရသည်။

အဓိပ္ပာယ် မရှိတာ၊ ဒါတွေက အယူသီးမှုတွေပါ။

သို့သော် ယင်းတို့မှာ လယ်ပြင်မှာ ဆင်သွားသလို ရှင်းရှင်းကြီး မှန်ကန် နေသည်။

လူးဝစ်သည် ဘီယာတချို့ကို သူ့ရှပ်အင်္ကျီပေါ် ဖွီးခနဲ ထွေးထုတ်လိုက်မိ၏။ ထိုအခါ ချာ့က သူ့ကို ကန်မည့်အချက်ပေးသံများလားဟူသော သံသယအ ကြည့်ဖြင့်

စိုးရိမ်စွာ ထကြည့်သည်။ ရုတ်တရက် ဂျထ်ကို မေးခဲ့သော မေးခွန်းတခုကို သတိရသွား၏။ ထိုမေးခွန်းကြောင့် ဂျထ်သည် တုန်ခနဲ ဖြစ်ကာ ဘီယာပုလင်းအချင်းချင်း တိုက်မိပြီး တပုလင်း ကျကွဲသွားခဲ့သည်။

"ဒီအကြောင်းတွေ မင်းပြောချင်မှာ မဟုတ်ပါဘူး လူးဝစ်ရာ" ဟု ဂျထ်က ပြောခဲ့၏။

သို့သော် အခု ပြောချင်သည်။ အနည်းဆုံး တွေးတော့ တွေးကြည့်ချင်၏။ တိရစ္ဆာန် သင်္ချိုင်းအကြောင်း။ ထိုသင်္ချိုင်း နောက်ကွယ်က မစ်မက်အင်ဒီးယန်းတို့၏ သုသာန်အကြောင်း။ ထိုစိတ်ကူးက သူ့ကို အသေအလဲ ဆွဲ ဆောင်ညှို့ယူနေသည်။ ငြင်းဆန်ဖို့ရာ မဖြစ်နိုင်လောက်အောင် ယုတ္တိကျလှသော သက်သေကလည်း အရှေ့တည့်တည့်မှာ ရှိနေသည်။

ချာ့ ကားလမ်းမမှာ သေခဲ့ရသည်။ ဂေ့ဂျ်လည်း ကားလမ်းမမှာ သေခဲ့သည်။ အခုတော့ ချာ့က သူ့အရှေ့မှာ ရောက်နေ၏။ ချာ့သည် အယ်လီ၊ ရေချယ်၊ ဂေ့ဂျ်တို့နှင့်လည်း အဆင်ပြေပြေ နေခဲ့၏။ ငှက်တွေကို ခုတ်၍ ကြွက် တွေကိုလည်း ဗိုက်ဖောက်ပစ်ခဲ့၏၊ မှန်သည်။ အကောင်ပလောင် အသေး စားတွေကို သတ်ဖြတ်ခြင်းက ကြောင်တကောင် လုပ်လေ့လုပ်ထ ရှိသည့် အရာများပဲ မဟုတ်လား။ ချာ့သည် ဖရန်ကင်စတိန်း ဇာတ်လမ်းထဲကလိုတော့ ကြောင်မိစ္ဆာ ဖြစ်သွားမှာ မဟုတ်။ သူ့နည်းသူ့ဟန်နှင့်တော့ ယခင်က လို အဆင်ပြေချောမွေ့နေသည်ပဲ။

ထိုစဉ် တိုးညင်းသော အသံတခုကို ကြားယောင်မိသည်။

မင်းဘာသာ အကြောင်းလိုက်ရှာနေတာပဲ။ ချာ့က အရင်ကလို မလိမ္မာပါဘူး။ ကျောချမ်းစရာကြီးပါ။ ကျီးကန်းကိုရော မှတ်မိလား။

"ဘု..၊ ဘုရား ကယ်...၊ ကယ်ပေလို့ပါလား"

တုန်ယင် ထစ်ငေါ့စွာ အော်ပြောလိုက်မိသော သူ့အသံကို သူပင် ပြန်မ မှတ်မိ။ ဘုရားသခင်၊ ဟုတ်သည်။ သရဲတစ္ဆေတို့၊ သွေးစုပ်ဖုတ်ကောင်တို့နှင့် ပတ်သက်၍ ဝတ္ထုထဲမှာ မဟုတ်ဘဲ အပြင်မှာ ဘုရားတရသည့် အချိန်သည် ယခုလိုအချိန်သာ ဖြစ်၏။ သည်လိုဆို ဘုရားသခင်၏ နာမတော်အရ သူဘာ တွေ တွေးနေမိပါလိမ့်။ ဘုရား၊ တရားမှအပဖြစ်သော ယုတ်ညံ့သည့် အရာများကို တွေးနေမိခြင်း။ မဟုတ်သေး၊ ပိုဆိုးသည်။ သူ့ကိုယ်သူ လိမ်နေ ခြင်း။ သူသည် ယုတ္တိယုတ္တာကျကျ အကြောင်းရှာနေခြင်း မဟုတ်၊ ဖြောင် လိမ်ရန် ကြိုးစားနေခြင်းသာ ဖြစ်၏။

ဒါဆို အမှန်တရားက ဘာလဲ။ မင်း အမှန်တရားကို သောက်ရမ်း လိုချင် နေတယ်မဟုတ်လား။ ကဲပြော၊ ဒါဆို အမှန်က ဘာလဲ။

ချာ့သည် တကယ်တော့ ကြောင်တကောင် မဟုတ်တော့။ ထိုနေရာက စ စဉ်းစားကြည့်မည်။ ချာ့သည် ကြောင်တကောင်နှင့် တူနေခြင်း၊ ကြောင် တကောင်လို ပြုမူနေခြင်းသာ ဖြစ်၏။ သို့သော် တကယ်တော့ သနားစရာ လက်ရာခပ်ညံ့ညံ့

အတုအယောင်တခုသာ ဖြစ်သည်။ လူတွေသည် ထို အတုအယောင်ကို မမြင်နိုင်ကြသော်လည်း တခုခု လွဲချော်နေမှန်းတော့ ခံစားသိရှိနိုင်ကြ၏။

ရှာရီတန် အိမ်အလည်လာသော ညကို သူမှတ်မိသည်။ ထိုညက သူတို့သည် အိမ်မှာ ခရစ္စမတ်အကြိုပွဲလေးတခု ကျင်းပနေသည်။ သည် နေရာပင် စကားပြောကြ၊ စားသောက်ကြနှင့် ဝိုင်းဖွဲ့၍ ထိုင်နေကြစဉ် ချာ့က ရှာရီတန့်ပေါင်ပေါ် ခုန်တက်လိုက်၏။ သို့သော် ရှာရီတန်က ချာ့ကို ချက်ချင်းပင် တွန်းထုတ်လိုက်ပြီး ရွံ့ရှာစက်ဆုပ်သွားဟန်မျိုး ရှုံ့မဲ့သွားလေသည်။ ထိုအဖြစ်သည် ဘာမှမထူးခြားသလို ဘယ်သူမှ အရေးတယူ မပြော ကြ။ သို့သော် ထိုနေရာမှာ တခုခု ရှိနေမှန်း၊ ချာ့သည် ကြောင်တကောင် မဟုတ်မှန်း ရှာရီတန် ခံစားလိုက်ရပုံပေါ်သည်။

လူးဝစ်က လက်ထဲက ဘီယာဘူးကို လက်စသတ်ကာ နောက်တဘူး ထပ်ယူသည်။

အကယ်၍ ဂေ့ဂျ်သာ ဤနည်းဖြင့် ပြန်ရောက်လာခဲ့လျှင် အိမ့်ကျက်သရေ ယုတ်သွားလိမ့်မည် ထင်၏။

ဘူးအဖုံးကို ဖောက်ကာ အားရပါးရ သောက်ချလိုက်၏။ အခု သူမူးနေပြီ။ အတော်လေးကို မူးနေတာ သေချာသည်။ သူ ဘာလို့ ဒီလောက် မူးအောင် သောက်မိတာလဲ။ ခုနက ခပ်ကြောင်ကြောင် စိတ်ကူးကြောင့် ဖြစ်မည်။ ထိုစိတ်ကူးက စွဲလမ်း ယစ်မူးဖွယ်ကောင်းလှဘိခြင်း။

ဂျထ်၏ စကားကို နားထဲမှာ ပြန်ကြားယောင် လာပြန်သည်။

“မင်းကတော့ မင်းနဲ့ ဆက်နွယ်လာလို့ လုပ်ရတာ။ သုသာန်မြေဟာ လျှို့ဝှက်ထားတဲ့ နေရာတခု ဆိုတော့ မင်းက သိချင်လာတယ်။ အကြောင်းရင်းကို လိုက်ရှာတော့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်ကြောင့်လို့ ထင်တယ်။ ဒါပေမဲ့ အများစုဟာ လုပ်ချင်လို့ လုပ်တာပဲ။ ဒါမှမဟုတ် လုပ်ကို လုပ်ရမှာမို့ပဲ။

ယောကျ်ားတယောက်ရဲ့ စိတ်နှလုံးက ကျောက်ခဲထက် ပိုမာတယ်။ မစ်မက် သုသာန်ဟောင်းကြီးက ကျောက်သားမြေလွှာလိုပေါ့။ မြေကြီးနဲ့ အောက်ခြေကျောက်သားက နီးနီးလေးပဲ။ ဒါပေမဲ့ ကိုယ်စိုက်တဲ့အပင် ပေါက်ချင်ရင်တော့ ကျောက်သားကို ခွဲထုတ်ဖယ်ရှားပစ်ရတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သူပေါက်ချင်ရာ ပေါက်တာကို လက်ခံရမှာပဲ”

နိမ့်ပါးတိုးလျှသွားသော မြောက်ပိုင်းသားတို့၏ လေယူလေသိမ်းနှင့် ဂျထ် လေသံကြောင့် ကျောချမ်း၍ လည်ကုပ်မှ ကြက်သီးမွေးညင်းများ ထောင် လာ၏။ မစ်မက် သုသာန်နှင့်ပတ်သက်၍ ဂျထ်ပြောဖူးသည်တို့ကို သူသေချာ ပြန်စဉ်းစားကြည့်မိသည်။ တချို့အချက်အလက်တွေကို ကောက်နုတ်၍ အစီအစဉ် ချကြည့်သည်။ လိုရင်းကို အတိုချုံးကြည့်သည်။ စာမေးပွဲကြီး ဖြေတော့မည်ဆိုလျှင် သည်နည်းအတိုင်း စီစဉ်တကျ သူလေ့လာတတ်သည်။

ခွေး၊ စပေါ့တ်ဟူသော ခွေးကြီး။

“ဝါယာကြိုးစ ရှထားတဲ့ ဒဏ်ရာတွေကို တွေ့တာပေါ့။ အဲဒီနေရာက အသားတွေက ချိုင့်ဝင်နေပြီး အမွေးတွေမှ မရှိတော့တာ”

ပြီးတော့ နွားသိုးကြီး။

“လက်စတာမော်ဂန် သူ့နွားသိုးကြီးကို အဲဒီအပေါ် တက်မြှုပ်တဲ့ အကြောင်း ပြောဖူးတယ်နော်။ ဘလက်အန်းဂတ်စ်မျိုး အဲဒီနွားသိုးကြီး နာမည်က ဟန်ရတီတဲ့။ ...လက်စတာက စွတ်ဖားလှည်းပေါ် အဲဒီကောင် ကြိုးတင်ပြီး တောင်စောင်းအတိုင်း ဆွဲတင်တာ။ ...နှစ်ပတ်လောက် ကြာတော့ လက်စတာက သူ့ကို ပစ်သတ်လိုက်တယ်။ နွားသိုးကြီးက ကြမ်းလာ လို့တဲ့။ ဒါပေမဲ့ ဒီလောက်အထိ ဖြစ်သွားတဲ့ တိရစ္ဆာန်ဆိုလို့ အဲဒီတကောင် ပဲ ငါကြားဖူးတယ်”

ကြမ်းလာတယ်။

ယောကျ်ားတယောက်ရဲ့ စိတ်နှလုံးက ကျောက်ခဲထက် ပိုမာတယ်။

နွားသိုးကြီးက ကြမ်းသွားတယ်ဆိုပါလား။

ဒါပေမဲ့ ဒီလောက်အထိ ဖြစ်သွားတဲ့ တိရစ္ဆာန်ဆိုလို့ အဲဒီတကောင်ပဲ ငါ ကြားဖူးတယ်တဲ့။

ဟန်ရတီဆိုတာ နွားသိုးကို မှည့်တဲ့ နာမည်ရော ဟုတ်ရဲ့လား။ မကြောင်လွှန်းဘူးလား။

မင်းကတော့ မင်းနဲ့ ဆက်နွယ်လာလို့ လုပ်ရတာ။ မင်းနဲ့ တနည်းနည်း သက်ဆိုင်နေတဲ့ လျှို့ဝှက်နေရာလေးတခုပေါ့။

မင်း ဘာဖြစ်တာလဲ လူးဝစ်။ လေပြင်းတွေ တိုက်နေတဲ့ကြားက အဲဒီ တောအုပ်ထဲကို မပီဝိုးတဝါး လရောင်နဲ့ ထပ်သွားချင်လို့လား။ မတ်စောက် နေတဲ့ ကျောက်လှေကားတွေပေါ် တက်ချင်သေးတာလား။ သရဲကားကြည့် နေတဲ့သူတွေဆိုရင်တော့ အဲဒီပေါ်ကို တက်သွားတဲ့ ဇာတ်လိုက်မင်းသား ဒါ မှမဟုတ် မင်းသမီးကို ညဏ်နည်းလိုက်တာလို့ ပြောမှာ။ ဒါပေမဲ့ လူတွေ ဟာ တကယ့်လက်တွေ့ဘဝမှာလည်း ကိုယ့်သေတွင်း ကိုယ်တူးတဲ့အကွက်တွေ လုပ်တာပဲနော်။ ဆေးလိပ်သောက်တယ်။ ထိုင်ခုံခါးပတ် မပတ်ဘူး။ ကဲ ဒီတော့ လူးဝစ်၊ မင်းရော။ အဲဒီအပေါ် တက်ချင်သလား။ သေသွားတဲ့ မင်းရဲ့ သားလေးကို ဒီလိုပဲ ထားလိုက်တော့မှာလား။ ဘာမှ မလုပ်တော့ဘူးလား။ တံခါးရဲ့ ဟိုးတဖက်ခြမ်းကို မသွားချင်ဘူးလား။

ကြမ်းသွားတာတဲ့...၊ ဒီတကောင်ပဲ...၊ အသားတွေကလေ...၊ လူတယောက်...၊ မင်းဟာ...၊ သူ့ရဲ့...။ ရုတ်တရက် အခန်းတခုလုံး ချာချာလည်ကာ အန်ချင်သလို ဖြစ်လာသောကြောင့် လက်ကျန်ဘီယာကို လက်ဆေးကန်ထဲ သွန်ပစ်လိုက်သည်။ ထိုစဉ် တံခါးခေါက်သံ တဒေါက်ဒေါက် ထွက်လာ၏။ လူးဝစ်က စိတ် ထင်ယောင်ထင်မှား ဖြစ်သည်ဟုပင် ယုံကြည်နေသဖြင့် ထမဖွင့်ဘဲ နေလိုက်သည်။ သို့သော် အချိန်အတော်ကြာသည့်တိုင် စိတ်ရှည်လက်ရှည် မ ကျေမနပ်နှင့် တဒေါက်ဒေါက် ခေါက်၍သာ နေ၏။ ရုတ်တရက်

မျောက်လက်ဇာတ်လမ်းကို သွားသတိရကာ ရေခဲသေတ္တာထဲ အကြာကြီး ထည့်ထားသော လက်ပြတ်ကြီးတဖက် အင်္ကျီထဲ နှိုက်ဝင်၍ တို့ထည့်လိုက် သလိုမျိုး ကြောက်စိတ်ဖြင့် အသားတွေပါ အေးစက်သွား၏။

ဒါ တကယ်မဖြစ်နိုင်ဘူး။

လူးဝစ်သည် တံခါးဆီ သတိလက်လွတ် ခြေဖျားထောက်၍ သွားကာ တံခါးချက်ကို အသိစိတ်ကင်းမဲ့စွာ ဖြုတ်လိုက်၏။ တံခါးရွက် ဖြည်းညင်းစွာ ပွင့်လာစဉ် ပတ်စ်ကောင်း ထင်တယ်ဟု တွေးနေမိသည်။ ဆိုးဆိုးဝါးဝါး ပျက်စီးယိုယွင်းနေသော ခေါင်းကြီးနှင့် ပတ်စ်ကောင်းသည် အပြေးလေ့ကျင့်သည့် ဘောင်းဘီတိုဖြင့် မတ်တတ်ရပ်နေလိမ့်မည်။ အဲဒီအပေါ်ကို တက်မ သွားနဲ့ဟူသော သတိပေးစကားကို ကလေးကဗျာ ရွတ်သလို အထပ်ထပ် အခါခါ ဆိုညည်းပြလိမ့်မည်။

အေးစက်မှောင်ပိန်းနေသော ညသန်းခေါင်ယံအချိန်တွင် ပွင့်သွားသော အိမ်တံခါးအဝ၌ လူးဝစ် တွေ့လိုက်ရသူမှာ ဂျထ် ဖြစ်လေ၏။ ဂျထ်ခေါင်းပေါ် က ဖြူဖွေးပါးလျသော ဆံပင်တို့က လေတိုးသဖြင့် လွင့်ချင်ရာ လွင့်နေ၏။

လူးဝစ်က ရယ်ပြဖို့ ကြိုးစားသည်။ အချိန်သည် နောက်ပြန်လည်သွားပုံ ရပြီး ကျေးဇူးတော်နေ့ ပြန်ရောက်နေသလို ခံစားရ၏။

ဒါဆို မကြာခင် အေးစက်တောင့်တင်းနေတဲ့ ချာ့အလောင်းကို တွေ့ပြီး ပလတ်စတစ်အိတ်ထဲ ထည့်ကာ သွားလွှင့်ပစ်ရတော့မှာပေါ့။

"ငါ ဝင်လာလို့ ရမလား လူးဝစ်"

ဂျထ်က ပြောပြောဆိုဆို ရှပ်အင်္ကျီအိတ်ကပ်ထဲက ချက်စတာဖီး ဆေးလိပ်ဘူးကို ထုတ်ကာ တလိပ်ယူ၍ နှုတ်ခမ်းမှာ တပ်သည်။

"နောက်ကျနေပြီ။ ကျွန်တော်လည်း ဘီယာသောက်ပြီးပြီ"

"အေး၊ ငါလည်း အနံ့ရပါတယ်"

ဂျထ်က မီးခြစ်ဆံတချောင်းကို ထုတ်ခြစ်လိုက်စဉ် လေတိုက်၍ ငြိမ်း သွား၏။ နောက်တချောင်း ထုတ်၍ လက်နှင့်အုပ်ကာ ညှိပါသော်လည်း လက်အစုံက တုန်ယင်နေသဖြင့် မီးငြိမ်းသွားပြန်သည်။ တတိယအကြိမ် မီးညှိရန် ပြင်လိုက်ပြီးနောက် တံခါးဝမှာ မတ်တတ်ရပ်နေသော လူးဝစ်ကို မော့ကြည့်ကာ

"ဒီပုံနဲ့တော့ မီးညှိလို့ ရမှာ မဟုတ်ဘူး။ ငါ့ကို အထဲဝင်ခိုင်းပါဦးလား လူးဝစ်ရယ်" ဟု ဆို၏။

သို့နှင့် လူးဝစ်က ဘေးသို့ ရှို့ပေးလိုက်ရာ အဘိုးကြီး အိမ်ထဲ ဝင်လာ၏။

*****

အခန်း (၃၈)

ဘီယာဘူးပုံကြားက ထမင်းစားပွဲမှာ နှစ်ယောက်သား ထိုင်လိုက်သည်။ သူတို့ပထမဆုံးအကြိမ် တွေ့စဉ်ကလည်း မီးဖိုချောင်ထဲမှာပင် ဘီယာ သောက်ခဲ့ဖူးပါလားဟု လူးဝစ် သတိရသွားကာ အနည်းငယ် အံ့ဩမိ၏။ ညှော်ခန်းကို ဖြတ်လျှောက်အလာ အယ်လီက အိပ်နေရင်း ယောင်ပြီး တချက်ထအော်လိုက်ရာ ကလေးတွေ ကျောက်ရုပ်ကစားနည်း ဆော့နေသလို မျိုး နှစ်ယောက်သား တုံ့ခနဲ ရပ်နေမိကြ၏။ သို့သော် အယ်လီက ထပ်မ အော်တော့။

"ကဲ၊ မနက်ဆိုရင်ပဲ ကျွန်တော့်သား မြေချတော့မယ့်ဟာ၊ ည သန်းခေါင်ကျော်ကြီး ဒီကို ဘာလာလုပ်တာလဲ။ ခင်ဗျားက မိတ်ဆွေကောင်း တယောက်ပါ ဂျုထ်ရယ်။ ဒါပေမဲ့ ခုလိုလုပ်တာတော့ စည်းဘောင်ကျော်ရာ မရောက်ဘူးလားဗျာ"

ဂျုထ်က ဘီယာကို မော့သောက်ကာ ပါးစပ်ကို လက်ဖနောင့်နှင့် သုတ်၍ လူးဝစ်ကို တည့်တည့်ကြီး စိုက်ကြည့်သည်။ သူ့အကြည့်က လူးဝစ်စိတ်ကို ထွင်းဖောက် သိရှိနေသလို ခံစားရသဖြင့် မျက်နှာ လွှဲနေလိုက်သည်။

"ငါဘာလို့ ဒီကို လာခဲ့သလဲ မင်းသိပါတယ်။ မင်း မတွေးကောင်းတာတွေ တွေးနေမှာ စိုးလို့ပေါ့ လူးဝစ်ရာ။ မင်းခေါင်းထဲမှာ အဲဒီအကြောင်း စဉ်းစား နေရင် ပိုဆိုးမယ်"

"ကျွန်တော် အိပ်ရာဝင်ဖို့ကလွဲပြီး ဘာမှ စဉ်းစားမနေဘူး။ မနက်ဖြန် မြေချရမှာ"

ဂျုထ်က တိုးတိတ်ညင်သာစွာဖြင့်

"ဒီည မင်းခံစားရတာတွေအတွက် ငါ့မှာ တာဝန်ပိုရှိတယ်။ ငါ့အထင် မင်းသားလေး သေရတာတောင် ငါနဲ့ ဆိုင်ချင် ဆိုင်နေမလား မသိဘူး"

လူးဝစ်က အထိတ်တလန့် မော့ကြည့်လိုက်၏။

"ဘာရယ်။ ရှူးကြောင်မူးကြောင်တွေ လာပြောမနေစမ်းနဲ့ ဂျုထ်ရာ"

"မင်း သူ့ကို ဟိုအပေါ်မှာ သွားထားဖို့ စဉ်းစားနေတယ်။ မင်းစိတ်ထဲမှာ အဲဒီအတွေး တချက်တော့ ပေါ်လာမှာပဲ၊ ငြင်းမနေပါနဲ့ လူးဝစ်ရယ်"

သူ ဘာမှပြန်မဖြေပါ။

"အဲဒါက မင်းကို ဘယ်လောက်ထိ လွှမ်းမိုးနေပြီလဲ။ ငါ့ကို ပြောပြလို့ ရမလား၊ ဟင့်အင်း။ မဟုတ်သေးဘူး။ အဲဒီမေးခွန်းကို ငါဘာသာတောင် မဖြေနိုင်တဲ့ဟာ။ ကမ္ဘာကြီးရဲ့ ဟောဒီမြို့နေရာ ကွက်ကွက်လေးမှာ ငါနေတယ်။ မစ်မက်လူမျိုးစုအကြောင်း သိတယ်။ အဲဒီနေရာကို သူတို့က အစွမ်းထက်တဲ့ နေရာတခုလို့ သတ်မှတ်ထားတာ။ ဒါပေမဲ့ သန့်စင်မွန်မြတ်တဲ့နည်းနဲ့တော့ မဟုတ်ဘူး။ ဒီအကြောင်းကို စတန်လေက ငါ့ကို ပထမဆုံး ပြောပြခဲ့တယ်။ စပေါ့တ် ဒုတိယအကြိမ် သေသွားတဲ့နောက် အဖေက ပြောပြတယ်။ အခု မစ်မက်လူမျိုးတွေရယ်၊ မိန်းပြည်နယ်ရယ်၊ အမေရိကန်အစိုးရရယ်က

အဲဒီနယ်မြေကို တရားရုံးမှာ သူပိုင်တယ်၊ ငါပိုင်တယ် အငြင်းပွားနေကြတယ်။ တကယ်က ဘယ်သူပိုင်တာလဲ။ ဘယ်သူမှ မသိဘူး လူးဝစ်။ သိတော့မှာလည်း မဟုတ်ဘူး။ ဒီနေရာကို ရဖို့ လူပေါင်းစုံ တခါမဟုတ် တခါ ကြိုးစားကြမှာပဲ။ ဒါပေမဲ့ ဘယ်သူမှ မရခဲ့ဖူးဘူး။

အဲဒီလူတွေထဲမှာ ဟောဒီမြို့ကို တည်ထောင်သူကြီးရဲ့ မြစ်တော်စပ်တဲ့ အန်ဆွန်လဒ်လိုလည်း ပါတယ်။ မိန်းပြည်နယ်ဟာ မက်ဆာချူးဆက် ပင်လယ်အော်ကိုလိုနီရဲ့ စီရင်စုနယ်ပယ်ကြီးတခု ဖြစ်ခဲ့စဉ်က သားအကြီး ဆုံး ယောသပ်လဒ်လိုကို ဂျော့ဘုရင်က တနယ်လုံး စားဖို့ ပေးခဲ့တာမို့ သူရ ထိုက်တယ်လို့ ဆိုခဲ့ဖူးတယ်။ ဒါပေမဲ့ သူရယ်၊ တခြားလဒ်လိုမြို့သားတွေ ရယ်၊ စာရွက်စာတမ်းတွေအရ သူသာလျှင် ရထိုက်တယ်လို့ ဆိုတဲ့ ပီတာဒင်းမတ်လို့ ခေါ်တဲ့ လူတယောက်ရယ်နဲ့အတူ တရားရုံးမှာ အချေအတင် ဖြစ်ကြတယ်။ ယောသပ်လဒ်လိုက ငွေကြေးချို့တဲ့ ပေမဲ့ မြေတွေ အများကြီး ပိုင်တာတော့ သေတဲ့အထိပဲ။ ဒီတော့ သောက်ရင်းစားရင်း အသိ တယောက်ယောက်ကို ကေသုံးလေးရာလောက် ပေးခဲ့မိတယ်”

လူးဝစ်က

“ပိုင်ဆိုင်မှု မှတ်တမ်းတွေ ဘာတွေ တခုမှ မရှိဘူးလားဗျ” ဟု မေးကာ ထိုသို့ မေးမိသည့်အတွက် သူ့ကိုယ်သူ ပြန်အံ့ဩနေသည်။

ဂျထ်က စီးကရက်အသစ်တလိပ် မီးညှိလိုက်ရင်း

“ဩော်၊ ငါတို့အဘိုးတွေ လက်ထက်ကျမှသာ စာရွက်စာတမ်းတွေ ဘာတွေ ဖြစ်လာတာ။ မူလတုန်းကတော့ ပိုင်ဆိုင်မှု မှတ်တမ်းဆိုတာ ပါးစပ်နဲ့ လက်ဆင့်ကမ်းကြတာပဲလေ။ ကွင်းစ်ဘယ်ရီ တောင်တန်းထိပ်မှာ မားမား ကြီး ပေါက်နေတဲ့ မေပယ်ပင်အိုကြီးကနေ အော်ရင်တန်စမ်းချောင်းစပ် အထိ၊ မြောက်ပိုင်းကနေ တောင်ပိုင်းတောက်လျှောက်ပေါ့” ဟု ဆိုကာ ရယ်စရာ များများစားစား မပါဘဲနှင့် နှုတ်ခမ်းတွန့်၍ ပြုံးသည်။

“၁၈၈၂ ခုနှစ်ကျတော့ မေပယ်ပင်အိုကြီး လဲသွားတယ်။ ၁၉၀၀ လောက်ကျတော့ ရေညှိတွေဘာတွေ တက်ပြီး ဆွေးမြေ့ပျက်စီးသွားတယ် လို့ပဲ ဆိုကြပါစို့လေ။ ပထမကမ္ဘာစစ်အပြီးနဲ့ စတော့ဈေးကွက်ပျက်တဲ့ အချိန် ဆယ်နှစ်အတွင်းမှာ အော်ရင်တန်စမ်းချောင်းက နုန်းတင်ပြီး စိမ့် မြေရွှံ့တောကြီး ဖြစ်သွားခဲ့တယ်။ ကဲ ရှုပ်မကုန်ပေဘူးလား။ ဒီတော့ အန်ဆွန်ကြီးဆီမှာ ဘယ်အဆုံးသတ်ပါတော့မလဲ။ ၁၉၂၁ ခုနှစ်မှာ အန်ဆွန်ဟာ မိုးကြိုးအပစ်ခံရပြီး သေသွားခဲ့တယ်။ အဲဒီ သုသာန်မြေနားတဝိုက်မှာပဲ”

လူးဝစ်က ဂျထ်ကို စိုက်ကြည့်နေသည်။ ဂျထ်က ဘီယာတငုံ သောက် ကာ

“ကိစ္စတော့ မရှိပါဘူး။ ပိုင်ရှင်တွေ သမိုင်းအထောက်အထားနဲ့ ရှင်းလို့ ဘယ်တော့မှ မရတဲ့ မြေနေရာတွေမှ အပုံကြီးရယ်။ အဆုံးသတ်ကျ ပိုက်ဆံ ရသွားတာတော့ ရှေ့နေတွေပဲ။ လခွမ်း၊ ချားလ်ဒစ်ကင်းက ဒါကို

ကောင်းကောင်းသိခဲ့တာပဲ။ ငါ့စိတ်ထင် အဆုံးကျ အင်ဒီးယန်းတွေပဲ ပြန်ရသွားမှာပါ။ ဒီလိုပဲ ဖြစ်သင့်တယ်ထင်တာပဲ။ မဖြစ်လည်း အရေးမကြီးပါဘူး။ ဒီညမင်းဆီ ရောက်လာတဲ့အကြောင်းရင်းက တင်မီဘတ်တာမန်းနဲ့ သူ့အဖေအကြောင်း ပြောပြချင်လို့ပဲ လူးဝစ်"

"တင်မီဘတ်တာမန်းဆိုတာ ဘယ်သူလဲ"

"တင်မီဘတ်တာမန်းဆိုတာ ဟစ်တလာ့ကို တိုက်ဖို့ စစ်ထဲ ဝင်ပြီး လဒ်လိုမြို့ကနေ နိုင်ငံရပ်ခြား ထွက်သွားရတဲ့ အသက်နှစ်ဆယ်ဝန်းကျင် ကောင်လေးတယောက်ပေါ့။ ၁၉၄၂ ခုနှစ်မှာ ထွက်သွားတာ၊ ၁၉၄၃ ခုနှစ်မှာပဲ အလံစိုက်ထားတဲ့ ခေါင်းတလားနဲ့ ပြန်ရောက်လာခဲ့တယ်။ အီတလီမှာ တိုက်ပွဲကျသွားတာတဲ့။ သူ့အဖေ ဘေလ်ဘတ်တာမန်းက ဟောဒီမြို့မှာ တသက်လုံး နေလာတဲ့သူ။ ကြေးနန်းစာ ရတဲ့အချိန်မှာ ရူးမလို ဖြစ်သွား သေးတယ်။ နောက်တော့ စကားမပြောတော့ဘူး။ သူလည်း မစ်မက် သုသာန်အကြောင်းကို သိတဲ့သူပဲ။ ဒီတော့ သူလုပ်ချင်တာကို ဆုံးဖြတ်ချက် ချလိုက်တယ်"

သူ ကျောချမ်းလာပြန်၏။ လူးဝစ်က အဘိုးကြီး လိမ်များ ပြောနေသလားဟု မျက်လုံးကို အကြာကြီး သေချာစိုက်ကြည့်နေလိုက်၏။ သို့သော်မုသားပြောသည့် အရိပ်အယောင် လုံးဝ မတွေ့ရ။ နောက်ဆုံး၌ လူးဝစ်က

"ဘာလို့ တခြားညကျမှ မပြောတာလဲ။ ကျွန်တော်တို့ ကြောင်ကို သွားမြှုပ်ပြီး ပြန်လာတော့ အဲဒီနေရာမှာ လူကို မြှုပ်ဖူးသလားလို့ ကျွန်တော် မေးခဲ့သေးတယ်လေ။ အဲဒီတုန်းက ဘာလို့ မမြှုပ်ဖူးဘူးလို့ ပြောခဲ့တာလဲ"

"မင်းသိစရာ မလိုလောက်ဘူး ထင်လို့ပါ။ အခုတော့ လိုလာပြီကိုး"

လူးဝစ် အကြာကြီး ငြိမ်ကျသွား၏။

"သူတယောက်ပဲလား"

ဂျထ်က တည်ငြိမ်လေးနက်စွာဖြင့်

"ငါသိတာတော့ သူတယောက်တည်းပါပဲ။ မြှုပ်ဖို့ ကြိုးစားဖူးတာတော့ ဒီတယောက်တည်း ဟုတ်မဟုတ် ငါမသိဘူး လူးဝစ်။ အဲဒါတော့ ငါလည်း မသေချာဘူးကွယ်။ ဘယ်သူမှတော့ လူသိရှင်ကြား မြှုပ်လိမ့်မယ် မထင်ဘူး"

ဂျထ်က အရေးအကြောင်း အစကအပြောက် ထနေသော သူ့လက်သူ ပြန်ငုံ့ကြည့်သည်။ ဧည့်ခန်းထဲက နာရီစင်ဆီမှ ၁၂ နာရီခွဲသံ ညင်သာစွာ ထွက် လာ၏။

"မင်းဟာ အလုပ်က လူတယောက်ကို အခြေအနေ စောင့်ကြည့်ခိုင်းဖို့ ဆုံးဖြတ်ခဲ့တယ်။ နောက်တော့ နာရေးအိမ်မှာ ဂူအသေပိတ်ဖို့ မမှာဘဲ အခေါင်းဖုံးအရှင် မှာလိုက်တယ်လို့ စတိဗ်မာစတာတန် လာပြော ကတည်းက မင်းနဲ့ တိုက်ရိုက်စကားပြောဖို့ ဆုံးဖြတ်လိုက်တာပဲ"

လူးဝစ်က ဂျထ်ကို ဘာမှမပြောဘဲ အချိန်အတော်ကြာအောင် စိုက်ကြည့်နေသသည်။ ဂျထ်က ရှက်ရွံ့လာသော်လည်း မျက်နှာလွှဲမသွား။ နောက်ဆုံး လူးဝစ်က"ခင်ဗျား ပြောပုံကလည်း မသိရင် ခိုးကြောင်ခိုးဝှက် လိုက်ချောင်းနေရသ

လိုပဲနော်။ အဲဒီလို ဖြစ်သွားရင် ဆောရီးပဲဗျာ”

“မင်း ဘာအခေါင်း ဝယ်လဲ မမေးခဲ့ပါဘူး”

“မေးစရာ မလိုတော့တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့”

ဂျထ် ဘာမှ ပြန်မဖြေပါ။ သို့သော် ဇီးရောင် ထလာသော အသားအရောင်ကြောင့် ခုနကထက် ပိုရှက်သွားမှန်း သိသာသည်။ သို့သော် မျက်လုံးကိုတော့ လွှဲမသွားချေ။ နောက်ဆုံး ဖော်မပြနိုင်အောင် ပင်ပန်းလာသည့် လူးဝစ်က သက်ပြင်းချကာ

“ကဲပါ၊ ထားလိုက်တော့။ ကျွန်တော်လည်း ဂရုမစိုက်ပါဘူး။ ခင်ဗျားကတောင် မှန်ချင်မှန်နေဦးမယ်။ ကျွန်တော့်စိတ်ထဲမှာ ရှိနေတာလည်း ဟုတ်ချင်ဟုတ်မှာပဲ။ အော်ဒါမှာတုန်းကတောင် ဒီလောက် မစဉ်းစားမိဘူး။ ကျွန်တော့်ခေါင်းထဲမှာ ရှိနေတာ ဂေ့ဂျ်ပဲ”

“ဂေ့ဂျ်ကိုပဲ ခေါင်းထဲ ရောက်နေတာ သိပါတယ်။ ဒါပေမဲ့ သူများတွေနဲ့ ဘာကွာလဲ မောင်ရင်က သိတယ်လေ။ မောင်ရင့်ဦးလေးက သုဘရာဇာပဲ”

မှန်၏။ အုတ်ဂူတွေ၏ ကွာခြားမှုကို သူသိသည်။ sealing vault ဟု ခေါ်သော အုတ်ဂူအသေ ပိတ်ခြင်းသည် အချိန်ကာလ ကြာမြင့်စွာ တာရှည်ခံ အောင် ရည်ရွယ်သောကြောင့် သံမဏိချောင်းများနှင့် ထောင့်မှန်စတုဂံပုံ ပုံစံခွက်တခုအဖြစ် ကွန်ကရစ်လောင်းရသည်။ ခေါင်းတလားကို ဝန်ချီစက်သုံး၍ မြေချပြီးလျှင် အပေါ်မှ ကွန်ကရစ်လောင်း၍ ဖုံးရသဖြင့် အခေါင်းဖုံးနှင့် အပေါက်နေရာမှန်သမျှကို လေလုံ၊ ရေလုံ ချိတ်ပိတ်ပစ္စည်း တမျိုး သုတ်လိမ်း၍ အသေပိတ်ရသည်။ အဲဗားလော့ခ်အမည်ရှိ ချိတ်ပိတ် ပစ္စည်းသည် သုတ်လိမ်းနေစဉ် အလေးချိန်စီးတတ်ကြောင်း ဦးလေးကားလ် က သူ့ကို ပြောပြဖူးသည်။

နွေရာသီ အားလပ်ချိန်များတွင် သုဘရာဇာလက်စွဲတော်သဘောမျိုး ဦးလေးဆီမှာ သွားအလုပ် လုပ်ရတတ်သည်။ တကြိမ်တွင် ကွတ်ကောင် တီခရိုင်ရှေ့နေရုံးက အလောင်းပြန်ဖော်ရန် အမိန့်စာတခု ရောက်လာသဖြင့် ဦးလေးကားလ်က ဂူဖွင့်မည့် အလုပ်သမားများကို ကြီးကြပ်ရန် ဂရုလန်း သို့ သွားရသည်။ ဘိုးရစ်ကားလော့က ဒေါက်တာ ဖရန်ကန်စတိန်း၊ ဒွိုက်ဖ ရိုင်းက အီဂေါ်အဖြစ် သရုပ်ဆောင်ထားသည့် ထိတ်လန့်သည်းဖိုရုပ်ရှင်ကား များကြောင့် ဂူဖောက်သည်၊ အလောင်း ဖော်သည်ဆိုလျှင် မဟုတ်တာ တခုခု လုပ်ဖို့ပဲ ဖြစ်သည်ဟု လူတွေက လွဲမှားစွာ တွေးတတ်ကြသည်။ grave liner ဟု ခေါ်သော အုတ်ဂူကတော့ ကွန်ကရစ်ဂူထဲ ခေါင်းတလား ထည့်ပိတ်ခြင်းဖြစ်သော်လည်း ချိတ်ပိတ်ပစ္စည်းမသုံးချေ။ ထိုအုတ်ဂူအမျိုး အစားမှာ လူတယောက်တည်းနှင့် အလွယ်ကလေး ဖွင့်လို့ ရသည်။ ဂျထ် ဆိုလိုသည်မှာလည်း ဒါပဲဖြစ်၏။ သူ့သားအလောင်းကို ပြန်ဖော်၍ တခြား တနေရာမှာ သွားမြှုပ်လို့ ရသည်။

ရှူး…၊ ရှူး…၊ ဒါမျိုးတွေ မပြောကြေး။ ဒါတွေက လျှို့ဝှက်ထားတာတွေ။

“ဟုတ်တယ်။ sealing vault နဲ့ grave liner ဘာကွာလဲ သိသလိုလိုပဲ။

ဒါပေမဲ့ ခင်ဗျားထင်သလို ကျွန်တော် အဲဒါချည်း တွေးနေတာ မဟုတ်ပါဘူး”

“လူးဝစ်ရယ်”

“အချိန်လင့်နေပြီဗျ။ နောက်ကျနေပြီ။ ကျွန်တော်လည်း မူးနေပြီ။ ရင်တွေလည်း ပူလှပြီ။ ခင်ဗျားပြောချင်သပဆိုလည်း ပြောချလိုက်တော့”

အစောကြီးကတည်းက ဘီယာမသောက်ဘဲ မာတီနီသောက်မိခဲ့လျှင် ကောင်းလေစွ။ သို့ဆိုလျှင် ဂျထ် တံခါးလာခေါက်ချိန်မှာ လောကကြီးနှင့် သူ အဆက်ပြတ်နေလောက်၏။

ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ် လူးဝစ်”

“ပြောမှာသာ ပြောပါ”

ဂျထ်က ခဏစဉ်းစားကာ စပြောသည်။

****

အခန်း (၃၉)

“အဲဒီအချိန်က…၊ ငါပြောချင်တာ စစ်ဖြစ်နေတဲ့ အချိန်ကာလပေါ့လေ။ ရထားက အော်ရင်တန်မှာပဲ ဂိတ်ဆုံးတာမို့ ဘေလ်ဘတ်တာမန်းက သူ့သား တင်|့အလောင်းကို ရထားတတန် ကားတတန်နဲ့ သယ်လာရတယ်။ အခေါင်းကို ရထားလုပ်သား လေးယောက်က မပြီး ချပေးတယ်။ အဲဒီထဲက တယောက်က ငါပေါ့။ အုတ်ဂူနဲ့ သေစာရင်းဌာနက စစ်သားတယောက် လည်း အဲဒီရထားနဲ့ ပါလာတယ်။ ဒါပေမဲ့ သူက ရထားပေါ်က ဆင်းမလာဘူး။ တခြားအခေါင်း ၁၂ လုံးလည်း ပါလာသေးတာကိုး။ သူက အခေါင်း တွေ ကြားထဲမှာပဲ မူးပြီး ထိုင်နေတာ။

ငါတို့လည်း တင်မ့်ကို ရင်ခွဲရုံကာဒီလက်ကားနောက်ခန်းထဲ ထည့်သယ် လာခဲ့ကြတယ်။ အဲဒီခေတ်က နာရေးကားတွေဘာတွေဆိုတာ ရှိလည်း မရှိ၊ ကြားလည်း မကြားဖူးဘူး။ အဓိကအချက်ကတော့ မပုပ်ခင် မြန်မြန်မြေချဖို့ ပဲ။ ငါတို့လုပ်သမျှကို ဘေလ်ဘတ်တာမန်းက ဘေးကနေ ရပ်ကြည့်နေတယ်။ သူ့မျက်နှာက မာကျောပြီး ဘယ်လိုပြောရမလဲ၊ ခြောက်ခန်းနေတယ်။ မျက်ရည်လည်း တစက်မကျဘူး။ အဲဒီနေ့က ရထား မောင်းတဲ့သူ က ဟူရေဂါဘာတဲ့။ ဟူရေ ပြောပုံအရ အဲဒီစစ်သားက တမင် အလည်လိုက် လာတာဆိုပဲ။ ပရက်စ်အိုင်းက လိုင်းစတုန်းအထိ ရထားစင်းလုံးပြည့် အခေါင်းတွေ သယ်သွားရမှာတဲ့။

အဲဒီအချိန်မှာ စစ်သားက ဟူရေဆီ ထလာတယ်။ ပြီးတော့ ယူနီဖောင်း အင်္ကျီထဲက ရိုင်းဝီစကီပုလင်းကို ထုတ်ရင်း “ဦးဦးအင်ဂျင်နီယာကြီးရေ၊ ဒီနေ့ မောင်းရတဲ့ ရထားက ထူးဆန်းတယ်နော်။ အဲဒါကို သိရော သိရဲ့လား” လို့ မေးတယ်။ ဟူရေက ခေါင်းခါပြတော့ “အင်း၊ ဒီလိုလေ။ အယ်လာဘား မားမှာတော့ ဒါကို အသုဘရထားလို့ ခေါ်ကြတာပဲဗျ” လို့ ပြောတယ်။ ပြီးတော့ အိတ်ကပ်ထဲကနေ စာရွက်တရွက် ထုတ်၊ မျက်မှောင် ကြုတ်ကြည့် ပြီး “ဟူလ်တန်မှာ အခေါင်းနှစ်လုံး စချရမယ်။ ပြီးရင် ပါဆာဒမ်ကက်မှာ တလုံး၊ ဘန်ဂါမှာ နှစ်လုံး၊ ဒါရီမှာ တလုံး၊ လဒ်လိုမှာ တလုံး၊ နောက်ထပ် ရှိသေးတယ်။ မသိရင် ငါက နွားနို့ပို့သမားကျနေတာပဲ။ မင်း ရော ချဦးမလား” လို့ ပြောပြီး အရက်ပုလင်း ကမ်းပေးတယ်တဲ့။ ဟူရေက ငြင်းလိုက်ပါတယ်။ ဘန်ဂါတို့၊ အာရိုစတုပ်တို့လို နယ်တွေမှာ ရထားမောင်း သမားဆီက အရက်နံ့ရရင် ပြဿနာ တက်မှာလေ။ စစ်သားကလည်း ဟူ ရေ့ကို အတင်းတော့ မတိုက်ပါဘူး။

နောက်တော့ သူတို့လည်း ထွက်သွားကြတယ်။ ဂိတ်တခုရောက်တိုင်း အလံအုပ်ထားတဲ့ အခေါင်း တလုံး၊ နှစ်လုံး ချရင်းပေါ့။ အားလုံးပေါင်း ၂၀ လောက် ရှိမယ်ထင်တယ်။ ဟူရေ ပြောပုံအရ ဘော်စတွန်အထိ ခရီးဆက်ရတဲ့ တလမ်းလုံး လဒ်လိုကလွဲရင် ဘယ်မြို့ရောက်ရောက် ဂိတ်တိုင်းမှာ သေသူရဲ့ ဆွေမျိုးတွေ ငိုယိုနေကြတာချည်းပဲတဲ့။ လဒ်လိုမှာတော့ ဘေလ် ဘတ်တာမန်းကို မြင်ရတာ ငူငူငိုင်ငိုင်နဲ့ လူမသေပေမဲ့ စိတ်သေနေတာနဲ့ တူတယ်တဲ့.။

အလုပ်လည်းပြီး၊ ခရီးလည်း ဆုံးတော့ စစ်သားကို သွားနှုးပြီး ပြန်ကြတယ်။ ဟူရေ မသောက်စဖူး မူးနေကျထက် ပိုမူးအောင် သောက်တယ်။ ဖာ သွားချတယ်။ သူ့ဘ၀မှာ တခါမှ အဲဒီလို မလုပ်ခဲ့ဖူးဘူး။ အိပ်ရာကလည်း လန့်နိုးတယ်။ နောင်ဘယ်တော့မှ အသုဘရထား မမောင်းချင်တော့ဘူးလို့ ပြောတယ်။

တင်ကွအလောင်းကို ဥရင်ကောက်ပင်လမ်းက ဂရင်းစပန်နာရေးအိမ်ကို သယ်သွားတယ်။ အခု နယူးဖရန်ကလင် ပင်မင်းဆိုင်ရှိရာက ဖြတ်သွားရင် ရောက်တာပေါ့။ နှစ်ရက်လောက် နေတော့ ရှုခင်းသာသင်္ချိုင်းမှာ စစ် အခမ်းအနားအပြည့်အစုံနဲ့ မြေမြှုပ် သင်္ဂြိုဟ်တယ်။ နောက် ၁၀ နှစ် ကြာတော့ မစ္စက် ဘတ်တာမန်း ဆုံးတယ်။ ဒုတိယမြောက် ရင်သွေးယူဖို့ ကြိုးစားနေတုန်း ဆုံးရှာတာ။

ကလေးနောက်တယောက်သာ ရှိရင် ဘာပဲဖြစ်ဖြစ် ခံစားရ သက်သာအောင်တော့ အထောက်အကူ ပြုမှာပဲလို့ ဘေလ် တို့က ထင်တယ်လေ။ အဲဒါတော့ မှန်တယ်မလား။ မင်းက ပိုကံကောင်းပါတယ် လူးဝစ်ရာ။ သမီးရော ဇနီးပါ ကျန်းကျန်းမာမာ သက်ရှိထင်ရှား ရှိ သေးတာပဲကွာ။

သားဖြစ်သူရဲ့ တပ်ခွဲက ဗိုလ်ကြီးပို့လိုက်တဲ့စာအရ တင်မီဟာ ၁၉၄၃ ခု နှစ်၊ ဇူလိုင် ၁၅ ရက်နေ့မှာ ရောမမြို့ကိုအသွား လမ်းတနေရာမှာ အပစ်ခံခဲ့ ရတာတဲ့။ သေပြီး နှစ်ရက်ကြာမှ သင်္ဘောနဲ့ တင်ပေးလိုက်တာ။ လိုင်းစ တုန်းကို ၁၉ ရက်နေ့ကျမှ ရောက်တယ်။ နောက်တနေ့မှာ ဟူရေဂါဘာ မောင်းတဲ့ အသုဘရထားပေါ် တင်ပေးလိုက်တာ။ ဥရောပမှာ ကျသွားတဲ့ အ မေရိကန် စစ်သားအများစုကို ဥရောပမှာပဲ မြှုပ်ကြတာဆိုတော့ ရထားနဲ့ အိမ်ပြန်ရောက်လာသူတွေက အထူးတလည် ဂုဏ်ပြုခံရတယ်လို့ ပြောရမှာ ပေါ့။ တင်မီက စက်သေနတ်သမား အုပ်စုကို တက်တိုက်ရင်း ကျဆုံးခဲ့တာမို့ သေပြီးမှ ငွေတံဆိပ်ဆု ချခံရတယ်။

တင်ကို သင်္ဂြိုဟ်တော့ ငါ့အထင် ဇူလိုင် ၂၂ ရက်နေ့ ဖြစ်မယ်။ လေးငါး ရက်ကြာတော့ စာပို့သမ မာဂျီဝက်ရှ်ဘန်း တယောက် ယောက်စ်မြင်းရုံ ဘက် လမ်းလျှောက်သွားတဲ့ တင်ကို စတွေ့လိုက်ရတယ်။ မာဂျီလည်း စာတိုက်ရုံးဆီ ပြန်ပြီး စာအိတ်တွေ အပြည့်ရှိနေသေးတဲ့ သားရေအိတ်ကိုဂျော့အန်ဒါးဆင်းရဲ့ စားပွဲပေါ် ပစ်ချရင်း ကျွန်မ အိမ်ပြန်တော့မယ်၊ တရေး လောက် အိပ်မှ ဖြစ်မယ်လို့ ပြောတော့ ဂျော့က ဘာဖြစ်လို့လဲ မာဂျီ၊ နေမ ကောင်းဘူးလား။ ကြည့်ပါဦး၊ မျက်နှာကလည်း သွေးဆုတ်ဖြူရော်နေတာ စင်ရော်ငှက်ကြီး ကျနေတာပဲလို့ ပြောတယ်တဲ့။

မာဂျီက ကျွန်မဘဝမှာ တခါမှ မကြုံဖူးလောက်အောင် ကြောက်နေမိလို့ ပါ။ ဘာလဲဆိုတာတော့ ပြောမပြချင်ဘူး။ ဘရိုင်ယန့်ကိုလည်း ပြောပြမှာ မဟုတ်ဘူး။ အမေ့ကိုလည်း မပြောဘူး။ ဘယ်သူ့ကိုမှ မပြောဘူး။ မယုံနိုင် စရာကောင်းလွန်းလို့ ကောင်းကင်ဘုံရောက်ပြီး ယေရှုသခင်နဲ့ တွေ့လို့ ပြော ပြပါဆိုရင်တောင် ပြောပြနိုင်ပါ့မလား မသိဘူးလို့ ပြောပြီး ပြန်သွားရောတဲ့။

တင်မီ သေသွားပြီဆိုတာ လူတိုင်း သိတယ်။ ဘန်ဂါနေ့စဉ်သတင်းစာမှာ ရော ပြီးခဲ့တဲ့ Ellsworth American သတင်းစာမှာပါ ဓာတ်ပုံနဲ့အတူ နာရေး သတင်း ပါပြီးသား။ သူ့စျာပနကို မြို့ခံလူတဝက်လောက် တက်ခဲ့ကြတာ။ အခုလည်းကျရော မာဂျီက သူ့ကို လမ်းပေါ်မှာ ဒယီးဒယိုင် သွားလာနေတာ တွေ့လိုက်ရတယ်။ ဒါပေမဲ့ မာဂျီက နောက်ဆုံးမှာ ဂျော့အန်ဒါးဆင်းကို ပြောပြသွားခဲ့ပါတယ်။ အနှစ် ၂၀ ကြာပြီးလို့ သူသေခါနီးမှာပေါ့။ ဂျော့ ငါ့ကို ပြန်ပြောပြတာက အဲဒီတုန်းက မာဂျီက သူမြင်ခဲ့ရတာကို တယောက်ယောက်ကို ပြောပြချင်နေတဲ့ပုံမျိုး။ မာဂျီပြန်ပြောပြတာ ဒီလို။

"အဲဒီနေ့က အရိပ်ထဲ ဝင်လိုက်တာနဲ့ အပူချိန် ၉၀ ဒီဂရီလောက် အေးနေပေမဲ့ တင်မီက ချီနိုဘောင်းဘီ အဟောင်းနဲ့ အရောင်လွင့်နေတဲ့ ဖလန်နယ် အမဲလိုက်ရှပ်အင်္ကျီပဲ ဝတ်ထားတယ်။ အသားအရေကလည်း ဖြူဖျော့နေ တာပဲ။ ဆံပင်တွေကို နောက်လှန်သိမ်းထားတာလည်း ကပ်နေတာပဲ။ သူ့ မျက်လုံးတွေက ပေါင်မုန့်ချပ်ထဲက စပျစ်သီးခြောက်လိုပဲ။ အဲဒီနေ့က သရဲတကောင် တွေ့လိုက်ရတာ ဂျော့ရဲ့။ ကျွန်မကြောက်တာ အဲဒါပဲ။ အဲဒီလို ကြီး တွေ့လိုက်ရလိမ့်မယ်လို့ တခါမှ ထင်မထားဘူး။ ဒါပေမဲ့ အဲဒီလို ကြုံခဲ့ ရတယ်"တဲ့။

အင်း၊ တကယ်တော့ အဲဒီလိုစကားတွေ ဟိုနားဒီနားကလည်း ထွက်ခဲ့တယ်။ အကြောင်းက တခြားလူအတော်များများလည်း တင်ကို တွေ့ လိုက်ကြရတာကိုး။ အဲဒီထဲက တယောက်ကတော့ မစ္စက် စထရက် တန်ပဲ။ မစ္စက်လို့သာ ခေါ်တာ၊ သူက အပျိုကြီးလား၊ တခုလပ်လား၊ မုဆိုးမလားလည်း အခုထိ မသိပါဘူး။ သူက ပက်ဒါဆန်နဲ့ ဟန်းကော့ လမ်းမနှစ်ခု ဆုံတဲ့နေရာက နှစ်ခန်းတွဲအိမ်ကလေးမှာ နေတာ။ သူ့မှာ ဂျက်ဇ်ဓာတ်ပြားတွေ အများကြီး ရှိတယ်။ ပိုက်ဆံတွေဘာတွေ ပေးရင် ပါတီ လုပ်ပေးတတ်တယ်။ သူက တင်ကို ပေါ်တီကိုကနေ မြင်လိုက်တာပဲ။ တင်မီက လမ်းအဆုံးထိ တည့်တည့်ကြီး လျှောက်သွားပြီးမှ သူ့ဘက် လှည့် ကြည့်တာတဲ့။

တင်မီက ခြေကုန်လက်ပမ်းကျနေတဲ့ လက်ဝှေ့သမားလိုမျိုး လက်နှစ်ဖက် တွင်တွင်ချပြီး ခေါင်းချည်းပဲ ရှေ့တိုးသွားတာ။ အဲဒါကို မြင်ရတဲ့ မစ္စက် စထရက်တန်က ပေါ်တီကိုကနေ ရင်တထိတ်ထိတ်နဲ့ ရပ်ကြည့်နေရင်း ကြောက်လွန်းလို့ လှုပ်လို့တောင် မရတော့ဘူးတဲ့လေ။ နောက်တော့ တင်မီ က သွားနေရာက ရပ်ပြီး သူ့ကို လှည့်ကြည့်တယ်။ သူလှည့်ကြည့်ပုံက မသိရင် အရက်မူးသမားတယောက် နောက်တည့်တည့်က လူကို ဇက်ကြီးလိမ် ပြီး လှည့်ကြည့်သလိုမျိုး ခေါင်းချည်းပဲ လှည့်လာတာဆိုတော့ သူ့ဘာသူ တောင် လဲကျတော့မလိုပဲ။ သူ့ကို လှမ်းကြည့်တာလည်း သိရော၊ မစ္စက် စထရက်တန်ခမျာ လက်ထဲ ကိုင်ထားတဲ့ အဝတ်လျှော်ခြင်းတောင်းကို ယောင်ပြီး လွှတ်ချလိုက်မိလို့ အဝတ်တွေ ထွက်ကျပြီး ပြန့်ကျဲကုန်တာပေါ့။

သူပြောတာက ဒီလို။

တင်မျက်လုံးတွေက ဂေါ်လီလုံးလိုမျိုး အရောင်အဆင်း မရှိဘဲ နောက်တောက်တောက်နဲ့ အသက်မပါဘူးတဲ့။ ဒါပေမဲ့ သူ့ကို တွေ့တော့ ပါးဖြနားဖြ ပြုံးပြပြီး စကားလှမ်းပြောတယ်တဲ့။ ဘာတဲ့၊ ဓာတ်ပြားတွေ ရှိသေးရင် ညကျ သူနဲ့ တပုဒ်လောက် တွဲကရအောင်တဲ့လေ။ မစ္စက် စထရက်တန် လည်း အိမ်ထဲ ပြေးဝင်သွားတာ တပတ်လောက်အထိကို ပြန်မထွက်လာတော့ဘူး။ နောက်တော့လည်း တစခန်းရပ်သွားပါတယ်။

တင်မီဘတ်တာမန်းကို တွေ့လိုက်တဲ့သူတွေ အများကြီးပဲ။ များဆို သူက တနေလုံး အဲဒီလမ်းမှာ ရှေ့လျှောက်လိုက်၊ နောက်လျှောက်လိုက် လုပ်နေတာကိုး။ အခုတော့ အဲဒီလူတွေ အတော်များများလည်း သေကုန်ကြပါပြီ။ မစ္စက် စထရက်တန်အပါအဝင် တချို့လည်း ပြောင်းသွားကြပြီ။ ဒီအကြောင်း ပြန်ပြောပြနိုင်တဲ့ ငါ့လို အဘိုးကြီး၊ အမယ်ကြီး လက်တဆုပ် စာလောက်တော့ သက်ရှိထင်ရှား ကျန်ပါသေးတယ်။

သူ့အဖေအိမ်ရဲ့ အရှေ့နဲ့ အနောက် ပက်ဒါဆန်လမ်းတောက်လျှောက် တမိုင်လောက်ကို လမ်းလျှောက်သွားတာ တို့တတွေ မြင်ခဲ့ရတယ်။ ကြယ်သီး ပြုတ်နေတဲ့ ရုပ်အင်္ကျီ၊ ဖြူဆုတ်နေတဲ့ မျက်နှာ၊ ဆံပင် ထိုးထိုးထောင်ထောင် နဲ့ မျက်နှာပေးက...၊ အမူအရာက...”

ဂျထ်က စီးကရက်တလိပ် ထုတ်၊ မီးညှိ၍ တချက်ဖွာရှိုက်လိုက်ပြီး လုံးခနဲ ထွက်လာသော အပြာရောင် အခိုးအငွေ့များကြားမှ လူးဝစ်ကို လှမ်း ကြည့်သည်။ သူပြောသည့် ဇာတ်လမ်းသည် ရှူးချင်စရာ ကောင်း သော်လည်း လိမ်ညာပြောနေသည့် အရိပ်အယောင်တော့ မျက်လုံးမှာ မရှိ။

“သိလား ဟောတီကျွန်းက ဇွန်ဘီဖုတ်ကောင်တွေအကြောင်း ဇာတ်လမ်း တွေ၊ ရုပ်ရှင်တွေ ရှိပါရဲ့၊ အဲဒါတွေက တကယ်အမှန်ရော ဟုတ်ရဲ့လား ငါမသိဘူး။ ရုပ်ရှင်တွေထဲမှာတော့ မျက်လုံးသေတွေနဲ့ ပုံမကျ ပန်းမကျ နှေးနှေး လေး သွားကြတာ။ တင်မီဘတ်တာမန်းလည်း ရုပ်ရှင်ကားထဲက ဇွန်ဘီ ဖုတ်ကောင်လိုပဲ။ ဒါပေမဲ့ ဇွန်ဘီလည်း မဟုတ်ပြန်ဘူး။ ဒီထက်ပိုတယ်။ သူ့ မျက်လုံးနောက်မှာ တခုခု ဖြစ်နေတယ်။ တခါတလေ မြင်ရတယ်။ တခါတလေ မမြင်ရဘူး။ သူ့မျက်လုံးနောက်မှာ တခုခု ရှိနေတယ် လူးဝစ်။ အဲဒါဟာ အတွေးစိတ်ကူးလို့ ငါမခေါ်ချင်ဘူး။ ဘယ်လိုခေါ်ချင်သလဲဆိုတာလည်း ငါ့ဘာသာ မသိဘူး။ အဲဒီအရာက လှည့်စားနေတာ၊ အဲဒါက တချက်။ အဲဒီအရာက တင်မီ မဟုတ်ဘူး။ မစ္စက် စထရက်တန်ကို သူနဲ့ တွဲကပါလို့ တင်နေရာကနေ ပြောနေတာ။ တင့်ဘာသာ စဉ်းစားပြီး ပြောတာ မဟုတ်ဘူး။ တင်မီ ဘတ်တာမန်းကို မဟုတ်ဘူးကွာ။ ဘာနဲ့ပိုတူလဲဆိုရင် တနေရာရာက လှမ်းအချက်ပေးလိုက်တဲ့ ရေဒီယိုသတင်းလိုပဲ။ မင်း သူ့ကိုတွေ့ရင် တွေးမိမှာက သူသာ ငါ့ကို လာထိလို့ကတော့ အော်လိုက်မယ်ဆိုတာပဲ။

တနေ့ ငါအလုပ်ကနေ ပြန်လာတော့ စာတိုက်ဗိုလ် ဂျော့အန်ဒါးဆင်း

ရောက်ချလာတာပဲ။ အဲဒီနေ့က ဇူလိုင် ၃၀ ရက်လား ဘာလားတော့ မသိဘူး။ အဲဒီနောက် ပေါ်တီကိုမှာ မီးသတ်က အလန်ပျူရင်တန်ရယ်၊ ရပ်ကွက် ဒုဥက္ကဋ္ဌ ဟန်နဘဲလ်ဘန်ဆင်န်ရယ်၊ ဂျော့ရယ်၊ ငါရယ် ရေခဲစိမ် လက်ဖက်ရည် ထိုင်သောက်ကြတယ်။ နော်မာလည်း ထိုင်နေ ပေမဲ့ ဘာမှတော့ ဝင်မပြောဘူး။

ဂျော့က ငုတ်တိုဖြစ်နေတဲ့ သူ့ညာခြေထောက်ထိပ်ကို တပွတ်တည်း ပွတ်နေတယ်။ မီးရထားသံလမ်းမှာ အလုပ်လုပ်တုန်းက ခြေထောက်ပြတ်သွားခဲ့တာ။ နေကလည်း ပူ၊ ချွေးကလည်း ပြန်တော့ ယားလို့လားတော့ မသိပါဘူး။ ထားပါ၊ သူက "ဒီကိစ္စ ဒီမှာတင် တော်သင့်ပြီ။ ခုဆို မာဂျီက ပက်ဒါဆန်လမ်းဘက်ကို စာသွား မပို့ရဲတော့ဘူး။ နောက်တခု ရှိသေးတယ်။ အဲ ဒါ အစိုးရနဲ့ အကြီးအကျယ် ပြဿနာတက်မယ့် ကိန်းနော်"လို့ ပြောတယ်။

အစိုးရနဲ့ ဘာပြဿနာ တက်မှာလဲလို့ ငါက မေးတော့ ဟန်နဘဲလ်က ဝင်ပြောတယ်။ စစ်ဌာနချုပ်က ဖုန်းဆက်တယ်။ သူတို့ဆီကို အမည်မဖော်လိုတဲ့ လူလေးငါးယောက်ဆီက စာတွေ ရောက်လာတယ်တဲ့။ အဲဒီမှာ ကင်းစ်မန်း ဆိုတဲ့ ဗိုလ်ကလေးတယောက် ရှိတယ်။ သူက အဲဒီစာတွေကို ကိုင်တွယ်ရတာ ထင်ပါရဲ့။ သူက လှမ်းပြောတယ်။

"တယောက်ယောက်က နောက်ပြောင်ပြီး တစောင်တလေ ရေးလိုက်တာဆိုရင် ကိစ္စမရှိဘူး။ စာတွေအကုန်လုံးကို တယောက်တည်းက ရေးထားတာ ဖြစ်ဦးတော့၊ ဒါရီဘားရက်စ်မြို့က ရဲဆီ ဖုန်းဆက်ပြီး လဒ်လို မြို့မှာ ဘတ်တာမန်းမိသားစုက စိတ်မနှံ့သူတယောက်ယောက်ကို လူတွေက မုန်းလို့ တိုင်နေကြတယ် ဆိုပြီး သွားစစ်ဆေးခိုင်းမှာ။ ဒါပေမဲ့ ခုက စာတွေဟာ လူမျိုးစုံဆီက ရောက်လာတာ ဖြစ်နေတယ်။ အမည်ပါပါ၊ မပါပါ၊ လက်ရေးလက်သား မတူတာကို ကြည့်တာနဲ့ သိတယ်။ သူတို့အားလုံး ပြော နေကြတာ အတူတူပဲ။ တင်မီဘတ်တာမန်းက သေသွားပြီ။ ခုတော့ အသက် ရှင်နေတဲ့ အလောင်းကြီးလို ပက်ဒါဆန်လမ်းမှာ မျက်နှာသေကြီးနဲ့ လျှောက်သွားနေတယ်။ ဒီကိစ္စကို သူကိုယ်တိုင် လာစုံစမ်းရမလား၊ လူလွှတ် ပြီး စုံစမ်းခိုင်းရမလား ပြော"တဲ့။

တင်မီ တကယ်သေလား၊ မသေဘူးလား။ မသေဘူးဆိုရင် စစ်ပြေးလား၊ ဘာလားဆိုတာ သူတို့က သိချင်နေကြတယ်။ မဟုတ်ရင် သူတို့မှတ်တမ်း တွေ ရှုပ်ကုန်တော့မှာ။ ပြီးတော့ တင်မီသာ မသေဘူးဆိုရင် အခေါင်းထဲမှာ ထည့်အမြှုပ်ခံလိုက်ရတာ ဘယ်သူလဲ။

ကြည့်စမ်း လူးဝစ်။ ဘယ်လောက်တောင် ရှုပ်ကုန်သလဲ။ တို့တတွေရေခဲစိမ်လက်ဖက်ရည် သောက်လိုက်၊ တယောက်တပေါက် ဆွေးနွေး လိုက်နဲ့ တနာရီလောက် ကြာတော့ နော်မာက ဆင်းဒ်ဝှစ်ချ် စားကြမလား လို့ မေးတယ်။ တယောက်မှ မစားချင်ကြဘူး။ တို့လည်း ပြောသာ ပြောနေ ကြတယ်။ ဂျာအေး သူ့အမေရိုက်နေတာနဲ့ နောက်ဆုံး မဖြစ်ချေဘူးဆိုပြီး ဘတ်တာမန်းတို့အိမ်ကို လိုက်သွားဖို့ ဆုံးဖြတ်လိုက် ကြတယ်။ ခုအသက်ထက်

နောက်နှစ်ဆလောက် အိုသွားရင်တောင် အဲဒီညကို ဘယ်တော့မှ မေ့မှာ မဟုတ်ဘူး။

နေဝင်ပြီး ညနေသာ စောင်းရော၊ ပူချက်က ငရဲပြည် ရောက်နေသလား မှတ်ရတယ်။ တို့အားလုံး ဘယ်သူမှ မသွားချင်ပေမဲ့ သွားမှကို ဖြစ်တော့မှာ ကိုး။ ဒါကို နော်မာက တို့ထက်အရင် သိတယ်။ သူက ငါ့ကို "ကြောက်လန့်ပြီး ဘာလုပ်ရမှန်း မသိ မဖြစ်စေနဲ့နော်။ လုပ်စရာရှိတာ ဂရုတစိုက် လုပ်ပါ။ အဲဒါ မကောင်းဆိုးဝါး တကောင်ပဲ" လို့ မှာတယ်။

သူကတော့ အဲဒီလိုကို ပြောတာ လူးဝစ်။ မကောင်းဆိုးဝါးတဲ့။ ပြီးတော့ ငါ့ နားနား ကပ်ပြီး "တခုခုဖြစ်ရင် ပြေးသာပြေး။ တခြားဘာမှ စဉ်းစားမနေနဲ့။ တခြားသူတွေလည်း သူတို့ဘာသာ လွတ်ရာလွတ်ကြောင်း ရှာကြမှာပဲ။ ရှင်တခုခုဖြစ်တာနဲ့ ကျွန်မ ရှိနေပါသေးလားလို့ စဉ်းစားပြီး ဖနောင့်နဲ့ တင်ပါး တသားတည်း ကျအောင်သာ ပြေးပေတော့" လို့ မှာတယ်။

တို့တတွေ ဟန်နဘဲလ်ရဲ့ကားနဲ့ ထွက်ကြတယ်။ ကိုယ့်အတွေးနဲ့ကိုယ် ဆေးလိပ်ဖွာရင်း လိုက်လာတာမို့ တယောက်ကိုတယောက် စကား တောင် မပြောဖြစ်ဘူး။ တို့အားလုံး ကြောက်နေကြတာ လူးဝစ်။ နောက်တော့ အလန်က ဂျော့ကို "ဘေလ်ဘတ်တာမန်းက အမှတ် ၁၅ အမြန် လမ်းမကြီးရဲ့ မြောက်ဘက်က ဟိုတောအုပ်ထဲမှာ နတ်ဆိုးနဲ့ အပေးအယူ လုပ်ခဲ့တာပဲ။ အဲဒါတော့ သေသေချာချာကို ငါပြောရဲတယ်" လို့ ဆိုတယ်။

သူ့စကားကို ဘယ်သူကမှ ပြန်မဖြေ ပေမဲ့ ဂျော့ခေါင်းညိတ်လိုက်တာတော့ ငါမှတ်မိတယ်။

ဒီလိုနဲ့ ရောက်သွားတော့ အလန်က အိမ်တံခါး သွားခေါက်တယ်။ ဘယ်သူမှ ထွက်မလာတာနဲ့ အိမ်နောက်ဘက်ကို လှည့်ပတ်ကြည့်တော့မှ သူတို့ သားအဖကို သွားတွေ့တာပဲ။ ဘေလ်ဘတ်တာမန်းက နောက်မှီ ကုလားထိုင် တလုံးပေါ်မှာ ဘီယာတဂျားနဲ့ ထိုင်နေတယ်။ တင်မီက သွေးရောင်လွှမ်း ပြီး နီရဲနေတဲ့ နေဝင်ချိန်ကို ခြံစပ်ကနေ ငေးနေတယ်။ နေညိုချိန်ကြောင့် သူ့ မျက်နှာက လိမ္မော်ရောင် တောက်နေတယ်။ မသိရင် အရှင်လတ်လတ် ရိုက် နှက်ခံထားရသလိုပဲ။ ဘေလ်ပုံစံကတော့ နတ်ဆိုးက အနိုင်ယူသွားပုံ ရတယ်။ ပေါင်လေးဆယ်လောက် ဝိတ်ကျသွားတယ်။ မျက်တွင်းတွေ ချိုင့် ဝင်နေပြီး လူက အကျီထဲ မြုပ်နေတယ်။ ပါးစပ်ကလည်း ဘယ်ဘက်ခြမ်းကို အကြောဆွဲဆွဲနေပြီ"

ဂျထ်က ပြောရင်း ပြန်စဉ်းစားနေဟန်ဖြင့် ခဏရပ်သည်။ ပြီးမှ မသိမသာ ခေါင်းညိတ်ကာ ဆက်ပြော၏။

"သူ့ပုံစံက တော်တော်ကို အခြေအနေ ဆိုးနေတာ။ တင်မီက ငါတို့ကို လှည့်ကြည့်ရင်း နှုတ်ခမ်းတွန့်ပြီး ပြုံးတယ်။ အဲဒီလိုကြီး ပြုံးတာကို မြင်ရင် အော်မိမှာပဲ။ နောက်တော့ တင်မီက နေဝင်တာ ပြန်ကြည့်နေတယ်။ ဘေလ် က မင်းတို့ တံခါးခေါက်တာလည်း ငါမကြားမိပါလားလို့ မျက်နှာပြောင် တိုက်ပြီး ပေါ်တင် လိမ်ပြောတယ်။ တကယ်တော့ အလန် တံခါးခေါက်တာ

နားလေးတဲ့သူတောင် ကြားလောက်အောင် ကျယ်တယ်။

ကျန်တဲ့သူတွေက ဘယ်သူမှ သူ့ကို စကားပြောချင်ပုံ မရတာနဲ့ ငါက "မင်းသားက အီတလီမှာ သေသွားပြီလို့ ကြားတယ် ဘေလ်"လို့ စပြော လိုက်တယ်။ သူက ငါ့ကို သေချာစိုက်ကြည့်ပြီး အဲဒါ သတင်းမှားကြီးပါလို့ပြောတယ်။ ငါက ဟုတ်လို့လားလို့ မေးတော့ ငါ့သားက ဟိုမှာ မတ်တတ်ရပ်နေတယ်လေ၊ မင်းမမြင်ဘူးလားတဲ့။ ဒါဆို ရှုခင်းသာသင်္ချိုင်း မှာ အခေါင်းထဲ ထည့်မြှုပ်ခဲ့တာ ဘယ်သူလဲလို့ အလန်က ဝင်မေးတော့ မသိဘူး၊ ဘယ်သူဖြစ်ဖြစ် ဂရုမစိုက်ဘူးလို့ ပြောပြီး စီးကရက်တလိပ် ထယူတယ်။ အဲဒီမှာ ဘူးမှောက်ပြီး စီးကရက်တွေ ပြန့်ကျဲကုန်ရော။ သူက ပြန်မ ကောက်တဲ့အပြင် နှစ်လိပ်၊ သုံးလိပ်လောက်ကို နင်းချေပစ်လိုက်တယ်။

ဟန်နဘဲလ်က "အလောင်းပြန်ဖော်တာ ဖြစ်မှာပေါ့။ ဟုတ်တယ်မလား၊ ခင်ဗျား အလောင်းကို ပြန်ဖော်သွားတာမဟုတ်လား။ စစ်ဌာနချုပ်က ဖုန်းဆက်တယ် ဘေလ်။ သူတို့က တင့်အမည်နဲ့ တခြားသူ တယောက်ယောက်ကိုများ မှားမြှုပ်မိသလား သိချင်နေကြတယ်"လို့ ပြောတော့ ဘေလ်က လေသံအကျယ်ကြီးနဲ့ "အဲဒီတော့ ဘာဖြစ်လဲကွာ။ ငါ့ အတွက် ဘာထူးလို့လဲ။ ငါ့သားကို ငါပြန်ရပြီ။ တင်မီ ဟိုတနေ့က အိမ် ပြန်လာတယ်။ စစ်အတွေ့အကြုံကြောင့် အလန့်တကြားဖြစ်ပြီး စိတ်ဝေဒ နာလိုလို ဘာလိုလို ရလာတယ်။ အခု နည်းနည်းထူးဆန်းနေတယ်၊ ဒါပဲ"လို့ ပြောတယ်။

ငါလည်း သူ့ကို စိတ်တော်တော်ဆိုးသွားပြီး "ဒီကိစ္စကို အဆုံးသတ်လိုက်ကြရအောင်ပါ ဘေလ်။ သူတို့သာ အခေါင်းကို လာဖွင့်ကြည့်လို့ အထဲမှာ အလွတ်ကြီး ဖြစ်နေတာ ဒါမှမဟုတ် ခဲလုံးတွေ ထည့်ထားတာ တွေ့သွားရင် ပြဿနာ အကြီးအကျယ် တက်မှာနော်။ အခုဖြစ်နေတာ ဘာမှန်း ကျုပ်သိတယ်။ ဟန်နဘဲလ်ရော၊ ဂျော့ရော၊ အလန်ရောလည်း သိတယ်။ ခင်ဗျား လည်း သိတယ်။ ခင်ဗျားက တောထဲမှာ အရူးလုပ်ခံလိုက်ရတာ ဘေလ်။ ဒါက ခင်ဗျားအကြောင်းနဲ့ ခင်ဗျား ပေမဲ့ ဒီမြို့မှာပါ လာဒုက္ခရောက်နေပြီ" လို့ ပြောလိုက်တယ်။

ဒီတော့ သူက "မင်းတို့ဘာသာမင်းတို့ လွတ်ရာလွတ်ကြောင်း ရှာတတ်ပါတယ်ကွာ။ ငါ့မှာ ဘာအကြောင်းရှိရှိ မင်းတို့ကို ရှင်းပြနေရမှာလား။ ဘာလဲ၊ မင်းတို့ဆုံးဖြတ်တာ ခံရမှာလား။ ငါ့စိတ်နဲ့ငါ ဘာမှ မလုပ်ရတော့ဘူးလား။ ကြေးနန်းစာ ရကတည်းက ငါ့မှာ ဘဝဆိုတာ မရှိတော့ဘူးကွ။ ငါ့သားလေး ကို ခေါ်သွားတုန်းကကျ တားလို့ ရခဲ့လို့လား။ အခု ငါ့သားလေး ငါ့ဆီ ပြန်ရောက်လာပြီလေ။ သူတို့ လာခေါ်ခွင့် မရှိတော့ဘူးကွ။ သူက ၁၇ နှစ်ပဲ ရှိ သေးတာ။ သူ့အမေ ချန်ထားရစ်တာဆိုလို့ သူပဲ ရှိတာ။ ဥပဒေလည်း လီးပဲ။ စစ်တပ်လည်း လီးပဲ။ စစ်ဌာနချုပ်လည်း လီးပဲ။ အမေရိကန်နိုင်ငံကြီးလည်း လီးပဲ။ မင်းတို့ကောင်တွေကိုလည်း လီးပဲကွာ။ အခု ငါ့သား ပြန်လာပြီ။ ဒီ အတိုင်း ဆက်နေသွားမှာ။ ငါပြောချင်တာ ဒါအကုန်ပဲ။ ဒီတော့ မင်းတို့ လည်း ကိုယ့်အိမ်ကိုယ်

လာရာလမ်းအတိုင်း ပြန်ကြပေတော့” လို့ ပြောတယ်။

ပါးစပ်ကလည်း တဆတ်ဆတ်နဲ့ အကြောဆွဲဆွဲသွားတယ်။ နဖူးမှာလည်း ချွေးသီးချွေးပေါက်ကြီးတွေ ကျလို့။ သူ့စိတ်က ပုံမှန် မဟုတ်တော့မှန်း သိလိုက်တယ်။ ငါလည်း ရှူးတောင် ရှူးချင်တယ်။ ဒီလိုဟာ၊ ဒီလိုမျိုးတွေနဲ့ ကြုံရတာကို”

လူးဝစ်ဗိုက်ထဲမှာ မအီမသာ ဖြစ်လာ၏။ ဘီယာအသောက် လွန်သွား၍ အခုတော့ အန်ချင်လာပြီ။ သိပ်မကြာခင် အန်ထွက်တော့မည်ကို သူ့ကိုယ်သူ သိနေ၏။

“အင်း၊ ငါတို့လည်း ပြန်ကြရုံအပြင် ဘာတတ်နိုင်မှာလဲ။ ဟန်နဘဲလ်က “ဘုရား ကူပါလိမ့်မယ် ဘေလ်ရာ”လို့ နှစ်သိမ့်တော့ ဘေလ်က “ဘုရားက ဘယ်တော့မှ လာမကူဘူး။ ငါ့ဘာသာ ကူခဲ့ရတာကွ” တဲ့။

အဲဒီအချိန်မှာပဲ တင်မီက ငါတို့ဆီ လျှောက်လာတယ်။ သူလမ်းလျှောက်ပုံက တမျိုးကြီးပဲ လူးဝစ်ရယ်။ အဘိုးကြီးတယောက်လိုပဲ။ ခြေတဖက် မြှောက်ဖို့ကို အကြာကြီး အားယူနေရတယ်။ ဂဏန်းတကောင် လမ်းလျှောက်တာကို ကြည့်နေရသလိုပဲ။

လက်နှစ်ဖက်ကျတော့ တွဲလောင်းကျနေတာ။ အနားရောက်လာတော့ သူ့မျက်နှာမှာ မီးလောင်ရာ လိုလို ဝက်ခြံလိုလို အနီစက်တွေကို မြင်ရတယ်။ အဲဒါ ဂျာမန်စက်သေနတ် နဲ့ အပစ်ခံရတာကြောင့် ရလာတဲ့ အမှတ်တွေမှန်း ငါသိတာပေါ့။

ပြီးတော့ သူ့ဆီက သင်္ချိုင်းမြေအနံ့ ရတယ်။ မြေကြီးထဲမှာ ပုပ်သိုး ဆွေးမြည့်နေတဲ့ အောက်သိုးသိုး အနံ့ကြီး။ အလန်က သူ့နှာခေါင်းနဲ့ ပါးစပ် ကို လက်နဲ့ လှမ်းအုပ်တယ်။ အော်ဂလီဆန်တဲ့ အနံ့ကြီးပါကွာ။ ဆံပင်ထဲမှာ ပိုးလောက်တွေ ထိုးနေသလိုတောင် တွေ့ရတော့မလိုပဲ”

“တော်တော့ဗျာ။ ဒီလောက်ဆို ရပြီ”

လူးဝစ်က အကျယ်ကြီး ထအော်သည်။ ဂျထ်က လေးနက်စွာဖြင့်

“ဒီလောက်နဲ့ မရသေးပါဘူးကွာ။ ဟုတ်တယ်၊ မလုံလောက်သေးဘူး။ အဲဒီ အခြေအနေကို ဘယ်သူမှ မတွေ့ဖူးတဲ့အတွက် ဘယ်လောက်ဆိုးသလဲ ဘယ်လိုမှ နားလည်မှာ မဟုတ်ဘူး။ သူက သေသွားပြီ လူးဝစ်။ ဒါပေမဲ့ တချိန်တည်းမှာပဲ အသက်ရှင်နေပြန်တယ်။ ပြီးတော့ သူက…၊ သူက လက်ရှိ ဖြစ်နေတဲ့ အခြေအနေတွေကို သိနေတယ်”

လူးဝစ်က ရှေ့သို့ ကုန်းကာ

“သိနေတယ် ဟုတ်လား”

“သိပ်ဟုတ်တာပေါ့။ သူက အလန့်ကို ပါးစပ်ကြီး အဖြဲသားနဲ့ အကြာကြီး စိုက်ကြည့်နေတာ။ သူ့သွားတွေကိုတောင် မြင်ရပါရဲ့။ နောက်တော့ လေသံ တိုးတိုးနဲ့ ပြောတယ်။ သူပြောတာ ကြားရဖို့ အားစိုက်နားထောင်ရတယ်။

သူ့လည်ချောင်းထဲမှာ ခဲလုံးတွေ တစ်နေသလိုပဲ။ ဘာတဲ့၊ မင်းမိန်းမက သူ

အလုပ်လုပ်တဲ့ ဆေးဆိုင်ကကောင်နဲ့ ဖြစ်နေတာ ပျူရင်တန်ရဲ့။ အဲဒီကိစ္စကို မင်းဘယ်လိုထင်လဲလို့ ပြောလိုက်တယ်။

အလန်က ကြက်သေသေသွားပြီး ပင့်သက်တချက် ရှိုက်တယ်။ တင်စကားက သူ့ချက်ကောင်းကို ထိသွားပုံပဲ။ အခုတော့ အလန်က ဂါဒန်နာက ဘိုးဘွားရိပ်သာမှာ ရောက်နေပါပြီ။ ဒါမှမဟုတ်လည်း နောက်ဆုံး သိတာတော့ အဲဒီမှာပဲ။ အခုတော့ အသက်ရှိနေဦးမယ်ဆိုရင် ကိုးဆယ်နား ကပ်နေ လောက်ပြီ။ ဟိုကိစ္စကြီးဖြစ်တဲ့ အချိန်မှာ သူ့အသက်က လေးဆယ်ဝန်းကျင် လောက်ပေါ့။ ပတ်ဝန်းကျင်မှာ သူ့နောက်မယားနဲ့ ပတ်သက်တဲ့ သတင်းတွေက သိုးသိုးသန့်သန့် ထွက်နေတာ။ အလန့်ပထမ မယားနာမည်က လူစီတဲ့။ လူစီသေပြီး တနှစ်ခွဲလောက် ကြာတော့မှ အဲဒီကောင်မလေးကို ယူ လိုက်တာ။ ကောင်မလေးနာမည်က လော်ရင်းတဲ့။ လော်ရင်းက အလန်နဲ့ မောင်နှမနှစ်ဝမ်းကွဲလောက် တော်လိမ့်မယ်။ စစ်ကြီး မဖြစ်ခင်ကတည်းက အလန်တို့လင်မယားဆီ လာနေတာ။ သူတို့ယူတော့ လော်ရင်းအသက်က နှစ်ဆယ့်လေးထက် ပိုမယ် မထင်ဘူး။ ပြီးတော့ လော်ရင်းနဲ့ ပတ်သက်ပြီး ထွက်နေတဲ့ သတင်းတွေကလည်း သိတယ်မလား။ ယောကျ်ားတွေကတော့ ဘာကြားကြား ဒီဘက်နားက ဝင်၊ ဟိုဘက်နားက ထွက်ဆို ပေမဲ့ မိန်းမတွေကတော့ သိတဲ့အတိုင်း တစိတ်ကို တအိတ်လုပ်ကြတာလေ။ ကြည့်ရတာ အလန်ကိုယ်တိုင်လည်း ဒါတွေကို ကြားပြီး ခံစားချက်တခုခု ရှိတယ်နဲ့ တူပါရဲ့။ သူက "တော်တော့။ မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း။ မဟုတ်လို့ ကတော့ မင်းဘာသာ ဘာကောင်ကြီး ဖြစ်နေနေ ငါထိုးမှာနော်" လို့ အော် ထည့်လိုက်တယ်။ ဒီတော့ ဘေလ်က "တိတ်တိတ်နေ တင်မီ" လို့ ဝင်ပြောတယ်။ ခုနကထက်လည်း ပိုအကြည့်ရဆိုးလာတယ်။ ဒါပေမဲ့ တင်မီကအဖက်တောင် မလုပ်ဘူး။

သူက ဂျော့အန်ဒါးဆင်းဘက် လှည့်ပြီး "စတိုးဆိုင်မှာ လာလုပ်နေတဲ့ မင်း မြေးက မင်းသေမှာကို စောင့်နေတာ အဘိုးကြီးရဲ့။ သူလိုချင်တာ ငွေပဲ။ ဘန်ဂါအရှေ့တိုင်းဘဏ်က မီးခံသေတ္တာထဲမှာ ထည့်ထားတယ် ဆိုတဲ့ ငွေတွေ လေ။ အေး၊ အဲဒါကြောင့် မင်းဆီ ရောက်လာတာ။ ဒါပေမဲ့ နောက်ကွယ်မှာ သူတို့မောင်နှမနှစ်ယောက်လုံးက မင်းကို "သစ်သားခြေထောက်အိုကြီး" ဆို ပြီး ဝိုင်းလှောင်နေတာကွ" လို့ ပြောလိုက်တယ်။ အဲဒီမှာ တင့်လေသံ ပြောင်းသွားတယ်။ သိပ်ရက်စက်တာပဲကွာ။ သူက ဂျော့ရဲ့မြေးကလေး လေသံမျိုးနဲ့ "သစ်သားခြေထောက်အိုကြီး" လို့ ပြောတာ သိလား။

ပြီးတော့ တင်မီက ဂျော့ကို ဆက်ပြောတယ်။ "အဲဒီပိုက်ဆံတွေ ၁၉၃၈ ကတည်းက အကုန်ပြောင်သွားပြီဆိုတာ သိသွားရင် သူတို့ မင်းကို ပစ်သွား မှာကွ သိရဲ့လား" လို့ ပြောတယ်။ ဂျော့က မျက်နှာဖြူဖျော့သွားပြီး အယောင်ယောင်အမှားမှားနဲ့ နောက်ဆုတ်လိုက်တာ သစ်သားခြေထောက် ကြီးနဲ့မို့ ဟန်ချက်ပျက်ပြီး ဘေလ်ရဲ့ ဘီယာဂျားပေါ် ဖင်ထိုင်လျက် လဲသွားတယ်။ ဘေလ်က ဘယ်လိုက ဘယ်လို မတ်တတ်ထရပ်လိုက်လဲ မသိဘူး။

သူ့သားကို "တင်မီ၊ တော်တော့လို့ ပြောနေတယ်လေ" လို့ ထဟောက်တယ်။ ဒါပေမဲ့ တင်မီက မတော်ပါဘူး။

ဟန်နဘဲလ်ကိုလည်း ဆိုးဆိုးဝါးဝါး တခုခု ပြောထည့်လိုက်တယ်။ ငါ့ကို ရောပဲ။ အဲဒီနောက် တင်မီက အသံနက်ကြီးနဲ့ ထအော်တယ်။ ငါတို့လည်း နောက်ဆုတ်နောက်ဆုတ်နဲ့ ပြေးဖို့ လုပ်တယ်။ ခြေတုကြီးနဲ့ အလုပ်ရှုပ်နေတဲ့ ဂျော့ကို လက်မောင်း တဖက်တချက်စီ ကနေ ထူပြီး တရွတ်တိုက် ဆွဲပြေးလာခဲ့ရတယ်။

တင်မီဘတ်တာမန်းက ခြံနောက်မြက်ခင်းပြင်မှာ တဟားဟား အော်ရယ်ပြီး ကျန်ရစ်ခဲ့တယ်။ နေဝင်ရီတရောမို့ ဆံပင် ဖရိုဖရဲ ဖြစ်နေတဲ့ သူ့မျက်နှာ က နီရဲနေတယ်။ ပါးစပ်ကနေ "ခြေတုကြီးရယ်၊ ဖာခေါင်းရယ်၊ မျောက်မွေးတဲ့ ကောင်မရဲ့လင်ရယ်၊ ဂွတ်ဘိုင်နော် လူကြီးမင်းတို့"လို့ လှမ်းအော်တယ်။ ပြီးတော့ အသံနက်ကြီးနဲ့ တဟားဟား အော်ရယ်ပါလေရော။ သူ့ကိုယ်ထဲ မှာ တခုခု ရှိနေတယ် လူးဝစ်။ အဲဒီအရာက အော်နေတာ"

ဂျထ်က စကားစ ဖြတ်လိုက်သည်။ ရင်အစုံက နိမ့်ချည်မြင့်ချည် ဖောင်း လိုက်ပိန်လိုက်။

"ခင်ဗျားပြောတဲ့ တင်မီဘတ်တာမန်းဆိုတဲ့ သတ္တဝါက တကယ်ရော ရှိရဲ့ လား"

"ဘုရားရေ၊ တကယ်ရှိတာပေါ့။ ငါ အမှန်အတိုင်း ပြောပြနေတာပါဟ။ ဘန်ဂါက ဖာအိမ်တခုကို ငါသွားခဲ့ဖူးတယ်။ ယောကျ်ားတယောက်မှာ လုပ်စရာ သိပ်မရှိတော့ ဒီလမ်းစဉ်ပဲ လိုက်တတ်ကြတယ်လို့ တွေးခဲ့တာ။ အဲဒီအချိန်တုန်းက တခုခုက စေ့ဆော်တိုက်တွန်းနေတယ်လို့ ထင်မိတယ်။ ဒါမှမဟုတ် ကိုယ့်မယားက မဖြည့်ဆည်းပေးနိုင်တာ တခုခုကို တခြား မိန်းမ တယောက်ကများ ဖြည့်ဆည်း ပေးနိုင်မလားဆိုတဲ့ ရူးမိုက်တဲ့ အတွေးနဲ့ပေါ့။ ယောကျ်ားတွေ မှာလည်း သူတို့ဘာသာ ကြိတ်ရွှေ့ထားတဲ့ အကွက်လေးတွေ ရှိတတ်ကြတယ်မလား။ ငါ့လုပ်ရပ်က သိပ်အဆိုးကြီး မဟုတ်ပါဘူးလို့ ကိုယ့်ဘာသာ ဖြေတွေးမိတယ်။ ဒါတွေအားလုံး ရှစ်နှစ်၊ ကိုးနှစ်လောက်တော့ ကြာခဲ့ပြီဆို ပေမဲ့ နော်မာသိရင်လည်း ငါ့ကို ထားသွား မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့စိတ်ထဲက အချစ်၊ မေတ္တာ၊ ကြည်နူးမှု၊ နွေး ထွေးမှု တခုခုတော့ ထာဝရ သေဆုံးသွားလိမ့်မယ်"

ဂျထ်မျက်လုံးများက မှုန်ရီမှိုင်း၍ နီရဲလာ၏။

သက်ကြီးရွယ်အိုများ မျက်ရည်ကျလျှင် အရုပ်ဆိုးသည်ဟု လူးဝစ် တွေးလိုက်၏။

သို့သော် ဂျထ်ကသူ့လက်ကို ဆွဲယူလိုက်သောအခါတွင်တော့ လူးဝစ် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။ ဂျထ်က

"သူက ငါတို့ကို အဆိုးတွေချည်း ပြောခဲ့တာ။ အဆိုးတွေချည်း တမင်ရွေး ပြောတာ လူးဝစ်ရဲ့။ လူဆိုတာ အကောင်းရော အဆိုးပါ ဒွန်တွဲနေတာ မဟုတ်လား။

ဘယ်ဘက်က အလေးသာတယ်ဆိုတာတော့ ဘုရားအသိဆုံး ဖြစ်မှာပဲ။ နှစ်ရက်၊ သုံးရက်လောက် ကြာတော့ လော်ရင်းတယောက် လဒ် လိုမြို့က ထွက်သွားတယ်။ ရထားပေါ် တက်သွားတာ တွေ့လိုက်တဲ့ မြို့ခံတွေ ပြန်ပြောပုံအရ ပြောင်ပြောင်လက်လက် တွေဝတ်ပြီး ဒေါက်ဖိနပ် တကားကားနဲ့ဆိုပဲ။ အလန်ကတော့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး လုံးဝ တခွန်းမဟဘူး။

ဂျော့က ၁၉၅၀ မှာ ဆုံးတယ်။ သူ့မြေးတွေအတွက် ဘာတွေ ထားရစ်ခဲ့သလဲတော့ ငါ မသိဘူး။ ဟန်နဘဲလ်က အလုပ်ထုတ်ခံရတယ်။ အဲဒီကိစ္စကလည်း တင်မီဘတ်တာမန်း စွပ်စွဲလိုက်တာနဲ့ သွားပတ်သက်နေတယ်။ ဘာ လဲဆိုတာတော့ ငါမပြောတော့ဘူး။ မင်းသိဖို့ မလိုတာလည်း ပါပါတယ်။ မြို့ ရန်ပုံငွေကို အလွဲသုံးစားလုပ်တဲ့ ကိစ္စက ပိုကြီးသွားတဲ့အတွက် ခုနကကိစ္စ ကို လူသိပ်မသိလိုက်ဘူး။ သူ့ခမျာ တသက်လုံး လူကြီးလုပ်လာခဲ့တဲ့သူဆိုတော့ အလုပ်ထုတ်ခံရတာနဲ့တင် ထိုက်တန်တဲ့ အပြစ်ဒဏ် ဖြစ်နေပြီကိုး။

ဒါပေမဲ့ ဒီလူတွေမှာလည်း ကောင်းတဲ့အချက်တွေတော့ ရှိပါတယ်။ ငါ ပြောချင်တာ အဲဒါပါ။ လူတွေက ကောင်းတာဆို တခုတ်တရ မှတ်မထား တတ်ဘူးမလား။ စစ်ကြီးမဖြစ်ခင်က အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး အတွက် ရန်ပုံငွေ ရှာပေးခဲ့တာ ဟန်နဘဲလ်ပဲ။ အလန်က ငါတွေ့ဖူးသမျှ လူတွေထဲမှာ အရက်ရောဆုံး၊ သဘော အကောင်းဆုံး။ အဘိုးကြီး ဂျော့က ခေါင်းချတဲ့ အထိ စာတိုက်ရုံးမှာပဲ လုပ်ချင်တဲ့သူ။

ဟိုသတ္တဝါကတော့ အဆိုးတွေပဲ ပြောချင်တာ။ ဆိုးကွက်တွေကိုပဲ သတိရ စေချင်တာ။ ဘာလို့လဲဆိုတော့ သူက မကောင်းဆိုးဝါးကိုး။ တို့တတွေကို ဘေးတွေ့စေချင်တာ။ စစ်တိုက်လိုက်သွားတဲ့ တင်မီဘတ်တာမန်းကတော့ သာမန်လူလိမ္မာလေးတယောက်ပါ။ ထုံထုံအအတောင် ဖြစ်ချင်ဖြစ်ဦး မယ်။ ဒါပေမဲ့ စိတ်ကောင်းနှလုံးကောင်းတော့ ရှိရှာပါတယ်။ အဲဒီ ညနေစောင်းက ငါတို့တွေ့ခဲ့ရတာကတော့ မကောင်းဆိုးဝါးပဲ။ နတ်ဆိုး လည်း ဖြစ်ချင်ဖြစ်မယ်၊ အပမှီနေတဲ့ အလောင်းကောင်လည်း ဖြစ်ချင်ဖြစ် မယ်။ ဗွန်ဘီ ဖုတ်ကောင်လည်း ဖြစ်ချင်ဖြစ်မှာပဲ။ ဒီလိုသတ္တဝါမျိုးမှာ နာမည် မရှိသေးတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ မစ်မက်တွေဆိုရင်တော့ ဘာကောင်မှန်း သိမှာပဲ။ နာမည်၊ အမျိုးအစားကိုလည်း ပြောပြနိုင် မှာပဲ”

လူးဝစ်က ယောင်နနဖြင့်

“ဘာကိုလဲ” ဟု မေး၏။ ဂျုထ်က လေသံမှန်မှန်ဖြင့်

“ဝမ်ဒီဂိုးတို့ထိသွားတဲ့ အရာကိုပေါ့” ဟု ဖြေသည်။

ထို့နောက် ပင့်သက်ရှည်ကြီး တချက်ရှိုက်ကာ ခဏတင်းပြီးမှ သက်ပြင်းချလိုက်၏။ ဂျုထ်က လက်ပတ်နာရီကို ကြည့်ကာ

“အိမ်း၊ နောက်ကျနေပြီ လူးဝစ်ရေ။ ပုံမှန်ထက် ကိုးဆလောက် ပိုပြော လိုက်မိသလိုပဲ”

“ထင်သားပဲ။ စကားကောင်းနေတာကိုး။ ဒါနဲ့ အဲဒီဇာတ်လမ်း ဘယ်လို အဆုံးသတ်သွားလဲ ပြောပြပါဦး”

နောက်နှစ်ရက်လောက် ကြာတော့ တည ဘတ်တာမန်းတို့အိမ်မှာ“ မီးလောင်တယ်လေ။ တအိမ်လုံးကို ကုန်တာပဲ။ အလန်ကတော့ ရှို့မီးပဲလို့တထစ်ချ ပြောတယ်။ အိမ်ပတ်လည်မှာ ဓာတ်ဆီတွေ ကွက်နေတာ တွေ့ရတယ်။ ”မီးငြိမ်းသွားတာတောင် သုံးရက်လောက် မီးခိုးနံ့ မပျောက်ဘူး

“ဒီတော့ နှစ်ယောက်လုံး မီးလောင် တိုက်သွင်း ခံလိုက်ရတယ်ပေါ့ ဟုတ်လား”

“ဒါပေါ့။ မီးလောင်သေကြတာ။ ဒါပေမဲ့ မလောင်ခင်ကတည်းက သေနှင့် ကြပါပြီ။ တင်မီက ရင်ဘတ်မှာ သေနတ်ဒဏ်ရာနှစ်ချက် အပစ်ခံထားရတယ်။ ဘေလ်က လက်ထဲမှာ ကိုလ်ထ်အမျိုးအစား ပစ္စတိုတလက် ကိုင်လျက်သားနဲ့။ သူ့သားသူ ပစ်လိုက်တာ ဒါမှမဟုတ် သူပစ်သလိုဖြစ် အောင် လုပ်ထားတာလည်း ဖြစ်နိုင်တယ်။ တင်မ့ကို ပစ်သတ်ပြီး အိပ်ရာ ပေါ် တင်၊ အိမ်ကို ဓာတ်ဆီလောင်း၊ ရေဒီယိုဘေးက နောက်မှီကုလားထိုင် မှာ ထိုင်ရင်း မီးခြစ်ဆံတချောင်းကို ညှိပြီး ရှို့လိုက်မယ်။ ပြီးတော့ ပွိုင့် ၄၅ ပစ္စတိုကို ပါးစပ်ထဲ ထည့်ပြီး မောင်းဆွဲချလိုက်တဲ့ပုံပဲ”

“ဘုရားရေ”

“သူတို့နှစ်ယောက်အလောင်းတွေက မီးကျွမ်းပြီး တူးချစ်နေတာ။ စစ်ဆေး တဲ့သူ ပြောတာကတော့ တင်ြအလောင်းက လွှန်ခဲ့တဲ့ နှစ်ပတ်၊ သုံးပတ် လောက် ကတည်းက သေထားတာတဲ့”

နှစ်ယောက်သား ငြိမ်ကျသွားသည်။ ခဏနေတော့ ဂျထ်က မတ်တတ်ထ ရပ်ကာ

“ငါလည်း မင်းသားလေးကို သတ်ချင်သတ်ရမယ်လို့ ချဲ့ကားပြောနေတာ မဟုတ်ဘူးနော် လူးဝစ်။ မစ်မက်တွေလည်း အဲဒီနေရာကို သိတာပဲ။ ဒါပေမဲ့ ဒါဟာ သူတို့လုပ်ခဲ့တာလို့ ပြောလို့ မရဘူး။ မစ်မက်တွေက အဲဒီမှာ အမြဲနေတာမှ မဟုတ်တာ။ အစတုန်းက သူတို့ဟာ ကနေဒါက သော်လည်းကောင်း၊ ရုရှားကသော် လည်းကောင်း၊ အာရှကသော်လည်းကောင်း ရောက်လာကြတာ ဖြစ်မယ်။ မိန်းပြည်နယ်မှာ နှစ်ပေါင်း ထောင်နဲ့ချီအောင် နေခဲ့ကြတယ်။ ဟော၊ အခုတော့ ဒီနယ်မြေမှာ သူတို့ရှိခဲ့ကြတယ်ဆိုတဲ့ အမှတ်အသား တခုတလေတောင် မကျန်ရစ်ခဲ့ဘဲ ပျောက်သွားကြပြန်ပြီ။ တို့တတွေလည်း တနေ့ ဒီလမ်းအတိုင်း သွားကြရမှာပါပဲ။ ငါတို့ရှိခဲ့ကြတယ် ဆိုတာကတော့ သူတို့ထက်ပို ထင်ရှားမှာပါ။ ကောင်းတာလား ဆိုး တာလားတော့ မသိဘူးပေါ့။

မြေနေရာဆိုတာကတော့ ဘယ်သူရောက်လာလာ၊ ဘယ်သူပိုင်ပိုင် ဘာမှ မဖြစ်ဘူး။ လျှို့ဝှက်ချက် ဆိုတာလည်း ပြောင်းသွားကြတဲ့ လူတွေဆီ ပါသွား မှာပဲ။ အဲဒီနေရာက မြေမသန့်ဘူး။ ကြောင်မြှုပ်ဖို့ မင်းကို အဲဒီ နေရာ ခေါ်မသွားခဲ့သင့်ဘူး။

အဲဒီနေရာက မင်းအတွက်၊ မင်းမိသားစုအတွက် အကျိုးရှိ နိုင်တယ်ဆိုတဲ့ အသိဝင်သွားအောင် လုပ်နိုင်တဲ့အစွမ်းရှိတာ ငါ အခုသိသွား ပြီ။ ငါ့မှာလည်း တိုက်ခိုက်နိုင်တဲ့ အင်အား မရှိတော့ဘူး။ မင်းက နော်မဲ့ အသက်ကို ကယ်ခဲ့တယ်။ အဲဒီအတွက် မင်းကို အသက်ကြွေးတခုခု ပြန် ဆပ်ချင်ခဲ့တယ်။ အဲဒီနေရာက ကောင်းမွန်တဲ့ ငါ့ဆန္ဒကို ဆိုးယုတ်တဲ့ သူ့ ရည်ရွယ်ချက်အဖြစ် ပြောင်းလဲအသုံးချခဲ့တယ်။ အဲဒီနေရာက အစွမ်းရှိတယ်။ အဲဒီအစွမ်းဟာ မိုးပေါ်က လလိုပဲ ဆုတ်နေရာက တဖြည်းဖြည်း ပြည့်လာနေတယ်။ အပြည့်ဝဆုံး အချိန်ကို ရောက်တော့မယ်လို့ ခံစားရတဲ့ အတွက် ငါကြောက်တယ်။ မင်းရဲ့ သားလေးက တဆင့် မင်းဆီ ရောက်ဖို့ ငါ့ကို အသုံးချခဲ့သလို ဖြစ်နေမှာကို စိုးတယ်။ ငါဘာကို ဆိုလိုချင်တာလဲ သိ လား လူးဝစ်”

ဂျထ်မျက်လုံးတွေက လူးဝစ်ကို အသနားခံနေကြ၏။ လူးဝစ်က

“ဘာလဲ၊ ဂေ့ဂျ်ဆုံးသွားတာကို အဲဒီနေရာက သိနေတယ်လို့ ပြောမလို့ လား”

“မဟုတ်ဘူး။ ငါက မင်းကို အဲဒီနေရာနဲ့ မိတ်ဆက်ပေးခဲ့မိတဲ့ အတွက် ဂေ့ဂျ်လေးရဲ့ အသက်ကို ရန်ရှာခဲ့တာ ဖြစ်နေမှာ စိုးလို့ပါ။ အဲဒီလိုသာ ဖြစ်နေခဲ့ ရင် မောင်ရင့်သားလေး ကွယ်လွန်ရတာ ငါ့ပယောဂ မကင်းဘူးလို့ ခံစားရ မှာ။ ငါက အားလုံးကို ကောင်းစေချင်ခဲ့ရုံပါ”

လူးဝစ်က တုန်ယင်စွာဖြင့်

“ကျွန်တော် မယုံဘူး” ဟု ပြောသည်။ အဲဒီလို မဖြစ်နိုင်။ မဖြစ်ရ။ လူးဝစ်က ဂျထ်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း

“မနက်ဖြန် ဂေ့ဂျ်ကို ဘန်ဂါမှာ သင်္ဂြိုဟ်မှာဗျ။ သူ ဘန်ဂါမှာပဲ ရှိနေတော့မှာ။ ကျွန်တော့်မှာ တိရစ္ဆာန် သင်္ချိုင်းဆီ နောက်တခါ ထပ်သွားဖို့ အကြံမရှိ ပါဘူးဗျာ”

ဂျထ်က စူးရှသော လေသံဖြင့်

“ငါ့ကို ကတိပေးပါ”

“ကျွန်တော် ကတိပေးပါတယ်ဗျာ”

သို့သော် သူ့စိတ်ထဲ၌ ထိုကတိတည်နိုင်၊ မတည်နိုင်ကို လေးလေးနက်နက် ဆင်ခြင် သုံးသပ်ကြည့်နေမိသည်။

****

အခန်း (၄၀)

ဝေါခနဲ ဖြတ်သွားသည့် အော်ရင်ကိုကုန်ကားကြီး၊ ဂျန်ပါဝတ်စုံလေးနှင့် ဇွေ့ဂျိုနောက်ကျောကို ထိရုံမျှ ထိကာ လွတ်ထွက်သွားသည့် လက်ချောင်း များ၊ အိမ်နေရင်း အဝတ်အစားနှင့် ရေချယ်၊ ဇွေ့ဂျို၏ ကုလားထိုင်လေးကို အိပ်ရာဘေး ထားကာ ခေတ်ပုံကို လက်ထဲမှာ ဆုပ်ကိုင်လျက်သား အိပ်ပျော် နေသော အယ်လီ၊ စတိဗ်မာစတာတန်၏ မျက်ရည်များ၊ အာဝင်ဂိုးမန်းနှင့် ထိုးနှက်ကြသည့် အဖြစ်၊ ဂျထ်ပြောပြသော တင်မီဘတ်တာမန်းအကြောင်း။

တကယ်တော့ ထိုအရာများ တခုမှ ဖြစ်မလာခဲ့ပါ။

ရယ်ကာမောကာ လမ်းမပေါ် ပြေးထွက်သွားသော ဇွေ့ဂျိုနောက်ကို ပြေး လိုက်နေသည့် သူ့ကိုယ်သူ အာရုံထဲမှာ ပြန်မြင်ယောင်လာသည့် အခါ ထို အရာအားလုံး စက္ကန့်ပိုင်းမှာ ပျောက်ကွယ်သွား၏။

သူ့နောက်မှ ရေချယ်၏ "ဇွေ့ဂျို၊ မပြေးနဲ့။ ပြန်လာခဲ့" ဟူသော အသံကို ကြားရသည်။ သို့သော် လူးဝစ် အသက်တောင် မရှူအားဘဲ ဇွေ့ဂျိုနောက်သို့ ပြေးလိုက်နေမိ၏။

နီးလာပြီ၊ မိတော့မည်။

ထိုအချိန်မှာပင် ကုန်ကားကြီးတစီး ဝေါခနဲ ဖြတ်ဝင်လာသံကို ကြားလိုက်ရ၏။ မှတ်ဉာဏ် ဆားကတ်ပြားတနေရာ ပွင့်သွားသလို ခံစား ရသည်။

ဂျထ်သည် လဒ်လိုကို ပထမဆုံး ရောက်လာသော ရေချယ့်အား"ကလေးတွေကို မျက်စိဒေါက်ထောက် စောင့်ကြည့်နေတာ ကောင်းတယ် မစ္စက် ခရိဒ်။ ဒီလမ်းက အိမ်မွေးတိရစ္ဆာန်တွေ၊ ကလေးတွေအတွက် မ ကောင်းဘူး" ဟု သတိပေးနေ၏။

ဇွေ့ဂျိုသည် ပြေပြစ်သော မြက်ခင်းပြင် ဆင်ခြေလျှောအတိုင်း ပြေးဆင်း ကာ တဖက်ခြမ်းရှိ အမှတ် ၁၅ ကားလမ်းမကြီးပေါ် ကွတကွတနှင့် ပြေး တက်သွား၏။ ဘုရားသိကြားမ၍ ချော်လဲသွားသင့်သော်လည်း မလဲဘဲ ဆက်ပြေးသွားသည်။ ကုန်တင်ကားကြီး မောင်းနှင်လာသံ ကျယ်လောင်စွာ ထွက်လာ၏။ ထိုအသံမျိုးကို ရံဖန်ရံခါ အိပ်ပျော်ခါစ၌ ချော့သိပ်သကဲ့သို့ ခပ် အုပ်အုပ် ကြားရလေ့ရှိသော်လည်း ယခုအခါ သူ့အတွက် အလွန်ကြောက် စရာ ကောင်းနေ၏။

ဘုရားသခင် ကယ်တော်မူပါ။ ယေရှု ကယ်မပါ။ ကျွန်တော် ဖမ်းလို့ မိပါ စေ။ လမ်းပေါ်ကို ဆက်ထွက်မသွားပါစေနဲ့။

လူးဝစ်က ပြေးလိုက်သည့် အရှိန်ကို တဆုံးမြှင့်တင်ကာ ဂိုးဖမ်းသမား ကဲ့သို့ ဒိုင်ဗင်ပစ်၍ ခုန်ဖမ်းလိုက်သည်။ မစ္စက် ဗင်တန်၏ ကွင်းပြင်ထဲမှာ စွန်လွှတ်ကြစဉ်က မြေပြင်မှာ စွန်ရိပ်လာထင်သလိုမျိုး မြက်ခင်းပေါ် ရိပ်ခနဲ ဖြတ်သန်းသွားသည့် သူ့အရိပ်သူ ဖျတ်ခနဲ မြင်လိုက်ရ၏။ လူးဝစ်၏ လက်ချောင်းများက ဇွေ့ဂျိုကျောကုန်းကို လှမ်းဆွဲလိုက်မိသည်။

သူ ဇွေ့ဂျိုကို ဆွဲလိုက်မိသည်နှင့် ရင်ခွင်ထဲ ထည့်ပွေ့ရင်း မြေကြီးပေါ်ပြုတ်

ကျ၏။ မျက်နှာအပ်၍ မှောက်ကျသဖြင့် မြေစပ်က ကျောက်စရစ်ခဲတွေနှင့် ရိုက်မိကာ နှာခေါင်းမှ သွေးများ စီးကျလာသည်။ ပေါင်ကြားထဲမှ ကပ္ပယ်အိတ်လည်း မျက်ခနဲ အောင့်သွား၏။ ဘောလုံးကန်နေတာ ဆိုရင် လည်း အားကစားအောက်ခံဘောင်းဘီ ဝတ်ခဲ့မိမှာ၊ ခုတော့ သွားပါပြီဟု တွေးမိသည်။ သို့သော် နှာခေါင်းနှင့် ကပ္ပယ်အိတ်က နာကျင်မှုသည် ဂေ့ဂျ်ဆီက ထွက်လာသော ငိုသံကြောင့် စိတ်သက်သာ ရသွားမှုကို မ ကျော်လွှားနိုင်ချေ။ ထိုအခိုက် ဝေ့ဂျ်ငိုသံသည် တပွမ်ပွမ် ဟွန်းတီး၍ ဝေါခနဲ ကျော်ဖြတ်သွားသော ကုန်တင်ကားကြီး မောင်းနှင်သွားသံ အောက်တွင် တိုးဖျော့သွား၏။

လူးဝစ်က သားလေးကို ပွေ့ချီလျက်သားနှင့် မနည်း မတ်တတ်ထရပ် သည်။

ခဏနေတော့ ရေချယ်တယောက် ငိုကြီးချက်မနှင့် ပြေးလာပြီး

"လမ်းမဘက်ကို လုံးဝ မပြေးပါနဲ့လို့ ပြောထားသားနဲ့၊ ဟင်။ လုံးဝ လုံးဝ လုံးဝ မသွားရဘူးလို့ ပြောထားတယ်လေ ဂေ့ဂျ်ရဲ့" ဟု ဆူပူမာန်မဲ၏။

မျက်ရည်အရွှဲသားနှင့် ဆုံးမသြဝါဒ ပေးနေသော မအေဖြစ်သူကို အံ့အား သင့်စွာ ငေးကြည့်ရင်း ဂေ့ဂျ်အငိုရပ်သွား၏။

"ရှင့်နှာခေါင်းမှာ သွေးတွေ ထွက်နေပါလား လူးဝစ်ရဲ့"

ရေချယ်က ပြောပြောဆိုဆိုနှင့် ရုတ်တရက် တင်းကျပ်စွာ ပွေ့ဖက်လိုက်သဖြင့် အသက်ရှူ ကျပ်သွား၏။

"အာ၊ အဲဒါက မဆိုးသေးဘူး။ ငါတော့ မြုံသွားပြီလား မသိဘူး။ နာလိုက်တာ ရေချယ်ရာ"

ရေချယ်က ကယောင်ချောက်ချား ထရယ်သည်။ ထိုခဏ၌ အကယ်၍ ဂေ့ဂျ်သေသွားခဲ့လျှင် ရေချယ်တယောက် ရူးသွားလောက်သည်ဟု တွေးမိကာ စိတ်မသက်မသာ ဖြစ်သွား၏။

သို့သော် ဂေ့ဂျ် မသေခဲ့ပါ။

ပြီးခဲ့သမျှသည် နေသာသည့် မေလ၏ တခုသော ညနေခင်းမှာ စိမ်းမြသော မြက်ခင်းပြင်ကို ဖြတ်သန်း၍ သားဖြစ်သူ၏ အသက်ကို မကယ်တင်နိုင်ခဲ့သည့်အခါ ဖြစ်ပေါ်လာမည့် အရာတို့ကို ဂေ့ဂျ်သေသွားခဲ့လျှင် ဟူသော စိတ်ကူးဖြင့် အသေးစိတ် ပုံဖော်ကြည့်မိခြင်းသာ ဖြစ်သည်။

နောက်တော့ ဂေ့ဂျ် ဂရမ်မာကျောင်း သွားတက်ရသည်။ ခုနစ်နှစ် အရွယ်ရောက်တော့ စခန်းသွင်းလေ့ကျင့်ရေး စကြသည့်အခါ ရေကူးရာမှာ ပါရမီပါသည့်အလျောက် သူ၏ ပင်ကိုစွမ်းရည်ကို ထုတ်ပြခွင့် ရသွား၏။ မိဘများနှင့် တလလောက် ခွဲနေရသည်ကို တခြားကလေးများလို ငိုဟယ် ရယ်ဟယ် လုပ်မနေသဖြင့် သူတို့ပင် အံ့သြရသည်။

၁၀ နှစ်ရောက်တော့ နွေရာသီ အားလပ်ရက်တတွင်းလုံး ရေမွန်မြို့က အင်္ဂါဝမ်လေ့ကျင့်ရေးစခန်းမှာ သွားနေသည်။ ၁၁ နှစ်မှာ လေ့ကျင့်စခန်း လေးခု ရေကူးမာရသွန်ပြိုင်ပွဲ၌ ဖဲကြိုးနီတခု၊ အပြာနှစ်ခု ရယူနိုင်ခဲ့၏။ အရပ်ကြီးသာ

ရှည်ထွက်လာသော်လည်း ဂေ့ဂျ်သည် ယခင်လို ချစ်စဖွယ် ကောင်းမြဲ။ အံ့သြအောင် လုပ်မြဲ။

အထက်တန်းကျောင်း တက်တော့လည်း ဂုဏ်ထူးဆောင်ကျောင်းသားထဲမှာ ပါသည်။ ရေကူးရာမှာ ပစ္စည်းကိရိယာ၊ နည်းပညာ စုံသည့် John Bapst ကျောင်းမှာမှ အဖွဲ့ဝင်လိုသည်ဆို၍ တကူးတက လိုက်အပ်ပေးရ၏။ ၁၇ နှစ်ရောက်တော့ ကက်သလစ်ဘာသာထဲ ဝင်မည်ဆိုသဖြင့် ရေချယ် စိတ်ဆိုး သွားသည်။ လူးဝစ်ကတော့ ထူးပြီး အံ့သြဟန်မပြ။ ဤသို့ဖြစ်ရခြင်းမှာ ဂေ့ဂျ်တွဲခုတ်နေသော မိန်းကလေးကြောင့် ဖြစ်ရမည်ဟု ရေချယ်က ယုံကြည်သည်။ မရှေးမနှောင်းမှာပင် သူတို့ အိမ်ထောင် ပြုကြလိမ့်မည်ကို ကြိုမြင် နေ၏။ ထိုသို့ဆိုလျှင် ဂေ့ဂျ်တယောက် ကောလိပ် ဆက်တက်မည့် အကြံနှင့် အိုလံပစ် အားကစားပွဲအတွက် မျှော်လင့်ချက်များ ရေစုန်မျှောပေလိမ့် မည်။ ရေချယ်ပြောပုံအရ ဤသို့အားဖြင့် ဂေ့ဂျ်အသက် ၄၀ လောက် ရောက်သည့်အခါ ဘီယာဗိုက်ကြီး တကားကား၊ စီးကရက်တဖွာဖွာနှင့် ကုန်ကားမောင်း သမားသာ ဖြစ်လာလိမ့်မည်။

လူးဝစ်ကတော့ သားဖြစ်သူကို ဒီထက်ပိုဖြစ်ထွန်းလိမ့်မည်ဟု မျှော်လင့်မိသည်။ ဂေ့ဂျ်အယူဘာသာ ပြောင်းခြင်းနှင့် ပတ်သက်၍ သူ့အဘိုး အာဝင် ဂိုးမန်းက လူးဝစ်ဆီကို အပြစ်တင်သည့် စာတစောင် လှမ်းပို့သည်။ ဂေ့ဂျ် သည် အထက်တန်း တက်သည့်နှစ်မှာ တွဲခဲ့သည့် မိန်းကလေးနှင့် မယူဖြစ် ခဲ့။ လူးဝစ်စိတ်ထင် ထိုကောင်မလေးက ပို၍စိတ်သဘောထားကောင်းမွန် သည်ဟု မြင်မိသည်။

ဝ္လန်ဟုပ်ကင်းစ်တက္ကသိုလ်ရောက်တော့ အိုလံပစ်ရေကူးအသင်းမှာ သူ့စွမ်းရည်ကို အထင်အရှား ပြသနိုင်ခဲ့သည်။ အော်ရင်ကိုကုန်ကားကြီးနှင့် တိုက်မိမည့်ဘေးမှ ကယ်တင်ခဲ့ပြီး ၁၆ နှစ်အကြာ တခုသော ညနေခင်းမှာ ဆံပင်တွေဖြူနေသည့် လူးဝစ်နှင့် ရေချယ်တို့သည် အမေရိကန်နိုင်ငံ အတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးသည့် သားဖြစ်သူကို တီဗွီမှတဆင့် ကြည့်ရှုရင်း မျက်ရည်များကြားမှ ဂုဏ်ယူမိကြ၏။ အန်ဘီစီရုပ်သံမှ ကင်မရာ များက ဂေ့ဂျ်ကို အနီးကပ် ဆွဲရိုက်ပြ၏။ ရေကူးဦးထုပ် ဆောင်းထားသော ဂေ့ဂျ်သည် တည်ငြိမ်လေးနက်သော မျက်နှာဖြင့် ကိုယ်ကို မတ်မတ်ရပ်ကာ အလံကို အလေးပြုနေစဉ် နိုင်ငံတော် .သီချင်းသံ ထွက်လာ၏။ ဖဲကြိုးကို လည်ပင်းမှ စွပ်၍ ဆုချသည့်အခါ ရွှေတံဆိပ်ပြားသည် တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ်၊ ချောမွတ်သော သူ့ရင်အုပ်နှင့် လိုက်ဖက်ခန့်ညားလှ၏။ ထို မြင်ကွင်းကို တွေ့ရသည့်အခါ လူးဝစ်ရော ရေချယ်ပါ ဝမ်းသာကြည်နူးလှသဖြင့် မျက်ရည်များပင် လည်ကြရှာ၏။

"ငါ့အထင် အဲဒီဦးထုပ်က အသက်ပဲ"

လူးဝစ်က ခြောက်ကပ်သော လေသံဖြင့် ဆိုလိုက်ရင်း ဇနီးဖြစ်သူဘက် လှည့်၍ ပွေ့ဖက်ရန် ပြင်လိုက်၏။ သို့သော် ရေချယ်က သူ့ကို တုန်လှုပ်ချောက်ချားစွာ ငေးကြည့်နေသည်။ နိုင်ငံတော်သီချင်းသံ တိုးဖျော့သွားသဖြင့် တီဗွီကို ပြန်ကြည့်လိုက်တော့ ဆုယူနေသူက ဆံပင်

လိမ်ကောက်ကောက် နှင့် လူမည်းလေး တယောက် ဖြစ်နေ၏။

အဲဒီဦးထုပ်က အသက်။

ဦးထုပ်။ သူ့ဦးထုပ်က...။

ဘုရားရေ၊ သွေးတွေ ဖုံးနေပါပကောလား။

*****

မိုးရွာနေသောကြောင့် အလင်းရောင်က မှုန်ပျပျ။ အေးစက်သော မနက် ၇ နာရီလောက်မှာ ခေါင်းအုံးကို တင်းကျပ်စွာ ဖက်ရင်း လူးဝစ် လန့်နိုးလာ၏။ ခေါင်းတွေ အုံကာ ရင်တဒိတ်ဒိတ် ခုန်နေသည်။ ဗိုက်ထဲမှာလည်း သရိုးသရီ နှင့်။ ခေါင်းအုံးတခုလုံး သူ့မျက်ရည်များ စိုရွှဲနေသဖြင့် အိပ်နေရင်းက ငို ထားမှန်း နားလည်လိုက်သည်။ အိပ်မက်ထဲ၌ပင် သူ့အတွင်းစိတ်တနေရာ က အမှန်တရားကို သိနေခဲ့သလို ထိုအတွက်လည်း ငိုကြွေးနေခဲ့ပါကကော။

သူ ယိုင်တိယိုင်တိုင်နှင့် ရေချိုးခန်းဆီ ထသွားသည်။ မနေ့ညက အလွန်အကျွံ သောက်ထားသည့် ဘီယာက အိမ်သာခွက်ထိ ရောက်အောင်ပင် မစောင့်တော့ဘဲ အစွမ်းပြလာသဖြင့် တချက် ထိုးအန် လိုက်မိ၏။ ထို့နောက် မတ်မတ်ပင် မရပ်နိုင်တော့သဖြင့် အိမ်သာကမုတ်ခွက်ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ပြီး မျက်လုံးများ မှိတ်ထားရင်းက ရေဆွဲခလုတ်ကို လက်နှင့် စမ်း၍ နှိပ်လိုက်သည်။ မှန်ထဲကို ကြည့်လိုက်တော့ မျက်လုံးမှာ သွေးကြောတွေ ဆိုးဆိုးဝါးဝါး နီရဲနေ၏။

အိုလံပစ်ရေကူးအသင်းဆိုတာ မရှိပါလားဟု ယောင်ချာချာ စဉ်းစားရင်း အိပ်ရာဆီ ပြန်လာထိုင်သည်။ ချဉ်စူးသော ဘီယာအရသာက လည်ချောင်းနှင့် ပါးစပ်ထဲ လေပြန်တက်လာသဖြင့် နောက်ဘယ်တော့မှ ထပ်မသောက် တော့ဟု ဆုံးဖြတ်မိ၏။ သို့သော် ထိုသို့ ဆုံးဖြတ်ခြင်းမှာ ယခုအကြိမ်က ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်း မဟုတ်။

အိုလံပစ်ရေကူးအသင်းလည်း မရှိ။ ကက်သလစ် ဘာသာဝင် မိန်းကလေး ရည်းစားလည်း မရှိ။ အင်္ဂလိပ် လေ့ကျင့်ရေး စခန်းလည်း မရှိ။ ဘာမျှ မရှိ။ သားလေး၏ စနီကာဖိနပ်လေးတွေ စုတ်ပြတ်နေသည်။ ဂျန်ပါ၀တ်စုံက ပြောင်းပြန်လန်နေ၏။ တောင့်တင်းကြံ့ခိုင်သော ခန္ဓာကိုယ် ဝေးစွ၊ အစိတ်စိတ်အမွှာမွှာ ဖြစ်မသွားရုံတမည်သာ။ ဦးထုပ်လေးကတော့ သွေး များ ဖုံးနေ၏။

လူးဝစ်သည် အရက်နာကျသည့်ဒဏ်ကို အန်တုရင်း အိပ်ရာပေါ်မှာ ငူငူငိုင် ငိုင် ထိုင်နေမိ၏။ မိုးရေတွေက သူ့ဘေးက မှန်ပြတင်းမျက်နှာပြင်ပေါ်မှာ လေးတွဲ့စွာ စီးကျနေသည်။ အလျှံတညီးညီး လောင်မြိုက်နေသော သောက မီးတောက်များက သူ့ကို ဒေါသတကြီး ဝါးမျိုလာသဖြင့် လက်ဖဝါးပေါ် မျက်နှာအပ်၍ ဟီးခနဲ ငိုချလိုက်၏။ သူ့တကိုယ်လုံးလည်း ရှေ့တိုးနောက်ငင် ယိမ်းယိုင်လှုပ်ယမ်းနေသည်။

နောက်တကြိမ် ကြိုးစားခွင့်သာရှိလျှင် ဘာမဆို သူလုပ်မည်။

****

အခန်း (၄၁)

ထိုနေ့ မွန်းလွဲ ၂ နာရီမှာ ဂေ့ဂျ်ကို မြေချသည်။ ထိုအချိန်မှာ မိုးတိတ်သွားပြီ။ တိမ်တွေကတော့ ခေါင်းအထက်မှာ အဆုပ်လိုက် လွင့်မျောနေကြဆဲ။ အသုဘရှုလာကြသူအများစုက သုဘရာဇာ ပေးလိုက်သည့် ထီးအနက်တွေ ယူလာကြ၏။

တော်ရုံဝင်ပါလေ့မရှိသော နာရေးစီစဉ်သူက ရေချယ့်တောင်းဆိုမှုအရ သမ္မာကျမ်းစာထဲမှ "ယေရှုက ထိုသူငယ်တို့ကို ရှိစေတော့၊ ငါ့ထံသို့ လာ သည်ကို မဆီးတားကြနှင့်" အစချီသော ရှင်မဿဲခရစ်ဝင် အခန်းကြီး ၁၉၊ အခန်းငယ် ၁၄ အပိုဒ်ကို ဖတ်ပြလေ၏။ လူးဝစ်သည် မြေပုံ တဖက်ခြမ်း က ယောက္ခထီးဖြစ်သူကို မတ်တတ်ရပ်၍ လှမ်းကြည့်နေမိသည်။ ထိုအခိုက် အာဝင်ဂိုးမန်းကလည်း သူ့ကို လှမ်းကြည့်သဖြင့် မျက်လွှာချထား လိုက်၏။ သည်ကနေ့တော့ ဘာခိုက်ရန် ဖြစ်ပွားမှုမှ မဖြစ်လို။

အာဝင်ဂိုးမန်း၏ မျက်အိတ်တွေက ဖောင်းကား မို့မောက်နေပြီး တသုန်သုန် တိုက်ခတ်နေသော လေညင်းကြောင့် ဖွေးဖွေးလှုပ်နေသော ဆံပင်ဖြူများက လေနှင့်အတူ တလွင့်လွင့် ဖြစ်နေသည်။ ပါးပြင်ပေါ်က မီးခိုးရောင် မုတ်ဆိတ် ကျင်စွယ်များကြောင့် အရက်ချိုး အဘိုးကြီးအသွင် ပုံမှန်ထက် ပိုပေါက်နေ၏။ သူက လူးဝစ်ရှိရာ ကြည့်နေပါသော်လည်း မမြင်ရသည့်အလား။ လူးဝစ်က သူ့အား ညှာတာသနား ကြည့်ရန် ကောင်းကွက်ကို လိုက်ရှာပါသော်လည်း မတွေ့။

ချက်ပြန်ပြင်ထားပုံ ရသော ဂေ့ဂျ်၏ ခေါင်းတလား ဖြူဖြူလေးကို တွင်းနှုတ်ခမ်းပေါ်မှာ ချထားသည်။ တွင်းနှုတ်ခမ်းစပ်တွင် အစိမ်းရောင် တောက်တောက် မြက်ခင်းတု ခင်းထားသဖြင့် လူးဝစ် မျက်စိကျိန်းလှ၏။ မြက်ခင်းထိပ်တွင် ရောင်စုံပန်းခြင်းများ ချထားသဖြင့် အရောင်အသွေးတွေ စုံလင်ကာ တမျိုးကြီး ဖြစ်နေသည်။ နာရေး စီစဉ်သူကို ကျော်လွန်၍ သင်္ချိုင်းကုန်းတခုလုံးကို လှမ်းကြည့်မိသည်။

အုတ်ဂူများ၊ ဆွေတော်တသောင်း မျိုးတော်ပေါင်းအလိုက် မြှုပ်နှံရန် မြေ နေရာများ၊ PHIPPS ဟူသော အမည်နာမ ရေးထွင်းထားသော ရောမပုံစံ အနုလက်ရာ ကျောက်စာတိုင်တခု၊ သင်္ချိုင်းသည် ခပ်နိမ့်နိမ့် ကုန်းတခု။

နာရေးစီစဉ်သူက "ခဏတာ တိတ်ဆိတ် ငြိမ်သက်ခြင်းဖြင့် ဦးညွှတ်ကြ ရအောင်" ဟု ပြောလိုက်သည့် အချိန်ထိ သူလိုက်ကြည့်နေမိသည်။ ခဏ ကြာတော့ သူရှာနေတာကို တွေ့သွား၏။ payloader ဟု ခေါ်သော စက်လက်မောင်းတံနှင့် ဝန်ချီစက်။ ထိုယာဉ်ကို အသုဘရှုလာကြသူတွေ မ ကြည့်လောက်သည့် နေရာမှာ ရပ်ထားသည်။ ဂူဖောက်မည့်သူတွေကို လူးဝစ် ကြောက်သည်။ အနည်းဆုံး ရှင်ပြန်ထမြောက်ချိန် မရောက်ခင်ပေါ့ လေ။

ရှင်ပြန်ထမြောက်ချိန်တဲ့လား။ အဲဒီစကားလုံးကို ခေါင်းထဲက ထုတ်စမ်း။ ဘာကြောင့်ဆိုတာ မင်းသိပါတယ်။

နာရေးစီစဉ်သူက "အာမင်" ဟု ဆိုလိုက်သည်နှင့် လူးဝစ်က ရေချယ့်ကို လက်မောင်းက တွဲကာ အဝေးကို ဆွဲခေါ်လာသည်။ သူမက အနည်းငယ် ဆက်နေချင်သေးသလို ဟန့်အင်း၊ လူးဝစ်ရယ် ဘာညာကန့်ကွက်သေး သော်လည်း သူက လက်ကို ခိုင်မြဲစွာ ဆွဲ၍ ခေါ်လာခဲ့၏။ ကားနား ရောက်လာတော့ ဧည့်သည်များက နာရေးစီစဉ်သူလက်ထဲသို့ ထီးတွေ တန်းစီပြန်ပေးနေကြတာ တွေ့ရသည်။ လူးဝစ်က ရေချယ့်ကို ညာ၊ အယ့်ကို ဘယ် တဖက်စီ ဆွဲခေါ်လာ၏။ အယ်လီက နော်မာ့နာရေးတုန်းက ဝတ်ခဲ့သည့် ဝတ်စုံကိုပင် ပြန်ဝတ်ထားသည်။

ဂျထ် ရောက်လာသဖြင့် လူးဝစ်က ရေချယ့်ကို ဂျထ်လက်အပ်ကာ ကားထဲ ဝင်စေ၏။ ဂျထ်လည်း ညက အိပ်မပျော်ဘူး ထင်သည်။

"အဆင်ပြေရဲ့လား လူးဝစ်"

သူ ခေါင်းသာ ညိတ်ပြလိုက်သည်။ ဂျထ်က ကားထဲ ခေါင်းတိုးကာ

"နေကောင်းရဲ့လား ရေချယ်" ဟု မေး၏။ သူမက လေသံတိုးတိုးဖြင့်

"ကောင်းပါတယ် ဂျထ်" ဟု ပြန်ဖြေသည်။

ဂျထ်က သူမ ပခုံးကို ညင်သာစွာ ကိုင်ရင်း အယ်လီဘက် လှည့်ကာ

"သမီးရော နေကောင်းတယ်နော်"

"ကောင်းပါတယ်"

အယ်လီက နှုတ်ခမ်းလေး ကွေးသွားရုံ မသိမသာ ပြုံးပြ၏။

"ဟိုခာတ်ပုံလေးရော"

ထိုခဏ၌ လူးဝစ်သည် အယ်လီပြမှာ မဟုတ်ဟု ထင်လိုက်သော်လည်း သူမက ရှက်ရွံ့နာကျင်စွာ ဂျထ်ဆီ လှမ်းပေးသည်။ ဂျထ်က အကြည့်ရ ဆိုးသော သူ့လက်ချောင်းကြီး များဖြင့် လှမ်းယူကြည့်၏။ ထိုလက်ချောင်း ကြီး များသည် မော်ဆရာတယောက်အလား၊ ခွဲစိတ်ဆရာဝန် တယောက်အလား ဂေ့ဂျ်တွင် စူးနေသော ပျားမြီးကို နုတ်ပေးခဲ့၏။

"လှလိုက်တဲ့ ပုံလေးပါလား။ သမီးက သူ့ကို စွတ်ဖားလှည်းပေါ် တင်ပြီး ဆွဲတာပေါ့။ သူ တော်တော် သဘော ကျမှာပဲနော် ဟုတ်လား"

အယ်လီက ခေါင်းညိတ်ကာ တဟင့်ဟင့်နှင့် စငိုသည်။

ရေချယ်က တခုခုပြောရန် ပြင်လိုက်သော်လည်း လူးဝစ်က ခဏနေပါဦး ဟူသောအဓိပ္ပာယ်ဖြင့် သူမ ပခုံးကို ညှစ်လိုက်၏။ အယ်လီက ငိုရင်းမှ...

"သမီး သူ့ကို ခဏခဏ ဆွဲပေးဖူးတယ်။ သူက ရယ်နေတာပဲ။ နောက် အိမ်ထဲ ဝင်ကြတော့ မေမေက ကိုကိုး ဖျော်တိုက်ပြီး "ဘွတ်ဖိနပ်တွေ ချွတ်ခဲ့ လေ"လို့ ပြောတယ်။ အဲဒီမှာ ဂေ့ဂျ်က ဘွတ်ဖိနပ်တွေကို ဆွဲပြီး "ဘွတ်၊ ဘွတ်"လို့ အကျယ်ကြီး ထအော်တယ်။ မှတ်မိလား မေမေ"

ရေချယ်က ခေါင်းညိတ်ပြသည်။ ဂျထ်က ခာတ်ပုံပြန်ပေးရင်း

"အေးကွယ်။ ပျော်စရာကြီးပဲ။ သူသေသွားတာ ဖြစ်ချင်မှဖြစ်မယ်၊ ဒါပေမဲ့ သူနဲ့ပတ်သက်တဲ့ အမှတ်တရတွေ ကျန်သေးတာပဲ အယ်လီရယ်။ နော်" ဟု

နှစ်သိမ့်သလို ပြောသည်။

အယ်လီက မျက်ရည်များကို သုတ်ကာ

"သမီးလေ…၊ ဂျေ့ဂျ်ကို သမီးချစ်တယ် မစ္စတာ ခရန်ဒဲလ်"

"သိတာပေါ့ သမီးရယ်"

ဂျထ်က သူမပါးကို ကုန်း၍ နမ်းသည်။ ပါးကို နမ်းပြီး ပြန်ခွာသည့်အချိန်တွင် ဂျထ်က လူးဝစ်ကို အဓိပ္ပာယ်ပါသော မျက်လုံးနှင့် ကြည့်သွား၏။ ယင်း ကို ရေချယ် တွေ့သော်လည်း ဇဝေဇဝါနှင့် ဘာသဘောလဲ နားမလည်ချေ။ လူးဝစ်ကတော့ ကောင်းကောင်းကြီး သဘောပေါက်၏။ ဂျထ်၏ မျက်ဝန်းတွေက သမီးအတွက်ကိုရော မင်းဘာလုပ်ပေးသလဲ၊ သားက သေသွားပြီဆို ပေမဲ့ သမီးမှ မသေသေးဘဲ။ မင်း သူ့အတွက် ဘာ လုပ်ပေးလဲဟု မေးနေ၏။ လူးဝစ်က မျက်နှာလွှဲနေလိုက်သည်။ သူအခုထိ အယ်လီအတွက် ဘာမှ လုပ်မပေးမိခဲ့။ အယ်လီလည်း သူ့အတိုင်းအတာနှင့်သူ သောကပင်လယ်ထဲ ကူးခတ်နေရမှာ သေချာ၏။ သူ့အတွေးထဲမှာ သားကသာ အချိန်တိုင်း စိုးမိုးနေ၏။

****

အခန်း (၄၂)

ညနေစောင်းတော့ တိမ်တွေ ပြန်လည်ထူထပ်လာပြီး အနောက်လေ အားကောင်းစွာ တိုက်ခတ်လာ ပြန်သည်။ လူးဝစ်က ဂျာကင်အပါးတထည် ဝတ်ကာ နံရံချိတ်က ကားသော့ကို ယူလိုက်၏။ ရေချယ်က

"ဘယ်သွားမလို့လဲ ကို" ဟု လှမ်းမေးသော်လည်း သိပ်စိတ်ဝင်စားဟန် မရှိပေ။

သူမက အဆာပြေစားသောက်ပြီးချိန်မှာ တချိုင်လိုက်သေးသည်။ တကယ်တော့ ငိုရုံနှင့် ပြီးမသွားဘဲ မတိတ်နိုင်ပုံမျိုး တဟင့်ဟင့်နှင့် ရှိုက်၍ မပြီးနိုင်ဖြစ်နေ၏။ လူးဝစ်က ဗေလီယမ်ဆေးတလုံး အတင်း သောက်ခိုင်း ရသည်။ အယ်လီကတော့ တခြားအခန်းထဲမှာ ဂေ့ဂ်ျပုံကို ပေါင်ပေါ်တင်၍ တီဗွီမှလာသည့် "ပရီရာရီက အိမ်ကလေး" ထိုင်ကြည့်နေ၏။

"ပီဇာလေးဘာလေး သွားဝယ်စားမလားလို့"

"စောစောက စားတာ မဝဘူးလား"

လူးဝစ်က

"အဲဒီတုန်းက ဗိုက်သိပ်ဆာပုံ မရဘူး..." ဟု အမှန်အတိုင်း ပြောပြီးမှ

"...အခုမှ ဆာလာတာ" ဟု လိမ်လိုက်၏။

ထိုညနေခင်း သုံးနာရီနှင့် ခြောက်နာရီကြားဝယ် လဒ်လိုမြို့က အိမ်၌ ဂေ့ဂ်ျ၏ နာရေးအတွက် နောက်ဆုံးအကြိမ် ဝတ်ပြုကြသည်။ အခမ်းအနား အတွက် ဧည့်သည်များက အစားအသောက်များ ယူလာ၏။ စတိဗ်မာစတာတန်နှင့် ဇနီးဖြစ်သူက ဟမ်ဘာဂါနှင့် ခေါက်ဆွဲ ယူလာပြီး ရှာရီတန်က ဌာပနာမုန့် ယူလာ၏။ သူမက ရေချယ့်အား

"ဌာပနာမုန့်က တခါတည်း မကုန်လည်း မွေးစားရတာ လွယ်ပါတယ်" ဟု ဆို၏။

ဒန်နကာတို့မိသားစုက ဝက်ပေါင်ခြောက်ဖုတ်၊ ဂိုးမန်းတို့လင်မယားက အေးခဲထားသော အသားမျိုးစုံနှင့် ချိစ်များ ယူလာသည်။ ဂိုးမန်းတို့က လူးဝစ်ကို စကားမပြော၊ အနားသို့ပင် မသီချေ။ ဂျထ်ကလည်း ချိစ်တွေ ယူလာ၏။ မစ်ဆီဒန်းဒရစ်ဂျ်က သံပရာပိုင်မုန့်၊ ဆာရန်းဒရားဟာဒူးက ပန်းသီး စသဖြင့်။

နာရေးဖြစ်သောကြောင့် ငြိမ်သော်လည်း တိတ်ဆိတ်လွန်း မနေ။ ပုံမှန် ပါတီထက် အသောက်အစား နည်းပါးသော်လည်း ရှိတော့ ရှိသည်။ ဟိုတညက လူးဝစ်တယောက် ဘီယာကို နောက်ထပ် တို့ပင် မတို့တော့ဟု ဆုံးဖြတ်ခဲ့သော်လည်း ထိုအဖြစ်က အလွန်ကြာညောင်းခဲ့ပြီးသလို ခံစား ရ၏။ ဘီယာအနည်းငယ် ဝင်သွားသည့်အခါ စစ္စလီကျွန်း၌ အိမ်ထောင်မ ကျသေးသည့် မိန်းမများသည် တခါတရံ အချစ်ရေးကံ ကောင်းစေရန် ကွယ်လွန်သူတဦး၏ သူကောင်ပတ်စ အပိုင်းလေးတခု ဖြဲယူ၍ ခေါင်းအုံးအောက် ထားအိပ်တတ်ကြကြောင်း၊ အိုင်းရစ်များသည် ရုံဖန်ရုံခါ နာရေးအဆုံးသတ်၌ မင်္ဂလာဆောင်ပါ

ထည့်တတ်ကြကြောင်း၊ အလောင်းကောင်၏ ခြေထောက်များကို အတူတွဲချည်မထားလျှင် ကွယ်လွန်သူ့ ဝိညာဉ်သည် ခြေဦးတည့်ရာ လျှောက်သွားနေတတ်သည်ဟု ရှေးခေတ်ဆဲလ်တစ်လူမျိုးများက ယုံကြည်ကြောင်း၊ အလောင်းကောင်၏ ခြေမတွင် D.O.A.(Dead Or Alive)tag ဟု ခေါ်သော ကတ်ပြားများ ချိတ်သည့် ဓလေ့မှာ နယူးယောက်မှ စခဲ့ခြင်းဖြစ်ကြောင်း၊ အကြောင်းမှာ အစောပိုင်းကာလများက ရင်ခွဲရုံ၌ အလုပ်လုပ်သူ များမှာ အိုင်းရစ်များ ဖြစ်ကြ ကြောင်း၊ သူကတော့ ယင်းမှာ အယူသီးခြင်းမှ ကျန်ရစ်ခဲ့သည့် အလေ့ဟု ယုံကြည်ကြောင်း စသဖြင့် ဦးလေးကားလ် ပြောပြဖူးသည့် အသုဘနှင့် ပတ်သက်သည့် ဖြစ်ရပ် အတိုအစကလေးများကို ပြန်ဖောက်သည်ချသည်။ ထို့နောက် ပရိသတ်မျက်နှာကို ကြည့်ရင်း ထိုဇာတ်လမ်းများ အမှန် မဟုတ်လောက်ဟု အတွေးဝင်လာ၏။

ရေချယ်မှာ တချိတည်း ပြိုလဲကာ မိခင်ဖြစ်သူ ဒို့ပခုံးပေါ် ငိုရှိုက်ရင်း တွယ်ကပ်နေ၏။ သူမပုံစံက အခုထိ ဖြေမဆည်နိုင် ဖြစ်နေတုန်းပင်။ သူ့ အတွေးနှင့်သူ စိတ်ကူးယဉ်လောကထဲ လွင့်မျောနေရှာသော လူးဝစ်က လည်း သူမ၏ သောကကို အားပေး နှစ်သိမ့်နိုင်ခြင်း မရှိသောကြောင့်လည်း ဖြစ်နိုင်၏။ မိခင်ဖြစ်သူ ကိုလည်း သူမက တဖန်ပြန်၍ ဖေးမနှစ်သိမ့်သည်။ သားအမိနှစ်ယောက်သား မျက်ရည်ကလေး စမ်းစမ်း စမ်းစမ်းနှင့် တဦးကို တဦးဖက်၍ နှစ်သိမ့်နေသည်ကို အာဝင်ဂိုးမန်းက မတ်တတ်ရပ်၍သာ ကြည့်နေ၏။ သူက သမီးဖြစ်သူ၏ ပခုံးကို လက်တင်၍ အားပေးရင်းက လူးဝစ်အား အနိုင်ရသူတယောက်၏ မျက်လုံးမျိုးဖြင့် မခံ ချင်အောင် လှမ်းလှမ်းကြည့်တတ်သည်။ အယ်လီသည် ဂေ့ဂျ်ခတ်ပုံကို လက်ထဲမှာ တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ငွေလင်ဗန်းထဲ canapés ဟု ခေါ်သော မုန့်အပြည့်တင်ကာ ဧည့်သည်များအား လိုက်လံဧည့်ခံနေ၏။

လူးဝစ်က ဝမ်းနည်းပူဆွေးကြောင်း သဝဏ်လွှာများကို ခေါင်းတ ညိတ်ညိတ်နှင့် လက်ခံရင်း ကျေးဇူးတင်စကား ပြန်လည်ပြော ကြားနေသည်။ သူ၏ အေးတိအေးစက် အမူအရာ၊ အဝေးကို ငေးနေသလို ရီဝေနေသော မျက်လုံးများကြောင့် လူအများက မတော်တဆမှုအကြောင်း ပြန်ပြောင်းအောက်မေ့ နေသည်ဟုသာ ယူဆကြ၏။ ဂျထ်မှလွဲ၍ မည်သူကမျှ အုတ်ဂူဖောက်ရန် ကြံစည်နေကြောင်း သံသယ မဝင်မိကြ။ အမှန် တကယ် ဖောက်မည်ဟု မရည်ရွယ်သော်လည်း စိတ်ထွက်ပေါက်တခု အနေဖြင့်တော့ စိတ်ကူးယဉ်ကြည့်မိသည်။ သားဖြစ်သူအတွက် ဘာမဆို လုပ်မည်ဟူသော အတွေးကလည်း တကယ်တော့ ဖြစ်မလာခဲ့ချေ။

လူးဝစ်က အော်ရင်တန်ကော်နာစတိုးဆိုင်မှာ ကားရပ်ပြီးနောက် ဘီယာ ခြောက်ဘူးတွဲ နှစ်ကတ်ဝယ်ကာ နာပိုလီကို ပီဇာတချပ် ဖုန်းလှမ်းဆက်၍ မှာသည်။

"နာမည်လေး တဆိတ်လောက် ဆရာ"

ကြီးမြတ်ဆိုးသွမ်းသော အော့ဇ်ပေါ့ဟု လူးဝစ် တွေးလိုက်သည်။ သို့သော်

"လူးဝစ်ခရိဒ်ပါ" ဟုသာ ဖြေလိုက်၏။

"ဟုတ်ပါပြီ။ ကျွန်တော်တို့ တကယ်အလုပ်များနေလို့ နောက်ထပ် ၄၅ မိနစ်လောက်နေမှ အော်ဒါရပါမယ်။ အဆင်ပြေလားခင်ဗျ"

"ပြေပါတယ်"

သူဖုန်းချပြီး ကားထဲ ပြန်ဝင်ကာ စက်နှိုးသည်။

ဘန်ဂါမြို့ဝန်းကျင်မှာ ပီဇာဆိုင် နှစ်ဆယ်လောက် ရှိသော်လည်း သူက ဂေ့ဂျ်မြေပုံရှိရာ ရှုခင်းသာ သင်္ချိုင်းနှင့် အနီးဆုံးဆိုင်ကို ရွေးခဲ့သည်။ ဘာကြောင့်လဲဟု သူ့ဘာသာ ပြန်မေးမိ၏။ အဲဒီဆိုင်က ပီဇာကောင်းလို့ပေါ့။ ဒိုးနပ်ဆို လည်း ခဲမနေဘူး။ မုန့်ကို အပေါ်မြှောက်ပြီး ပြန်ကျလျှင် လက်သီးဆုပ်၍ ဖမ်းလို့ရသည်။ ထိုသို့လုပ်ပြလျှင် တတ်သည်။ ဂေ့ဂျ်တယောက် ရယ်မောနေ

သူ အတွေးကို သည်နေရာမှာတင် ဖြတ်ချလိုက်၏။

နာပိုလီကို ကျော်၍ ရှုခင်းသာရှိရာ မောင်းသွားသည်။ ထိုသို့သွားမိလိမ့်မည်ကို သိပြီးသား။ သွားတော့ရော ဘာများ နစ်နာသွားလို့လဲ။ ဘာမှမဖြစ် တာကို။

ကားကို လမ်းဘေးမှာ ရပ်ထားခဲ့ပြီး တနေ့တာ၏ နောက်ဆုံး အလင်းရောင်ဖြင့် တလက်လက် တောက်ပနေသော သံမဏိဂိတ်တံခါး ဟောင်းကြီးများရှိရာ လမ်းတဖက်သို့ ကူးလိုက်သည်။ စက်ဝိုင်းခြမ်း သဏ္ဌာန် သံပန်းတံခါးအထက်တွင် ရှုခင်းသာဟူသော စာလုံးကြီးများ ရှိသည်။ ရှုခင်း တကယ်သာလား၊ မသာလားတော့ မသိ။ စိတ်ထဲမှာလည်း မ ရှိချေ။

ရှုခင်းသာသင်္ချိုင်းသည် နိမ့်တုံမြင့်တုံ တောင်ကုန်းလေးများပေါ်တွင် ရှိ၏။ ညီညာမြင့်မားစွာ စီတန်း၍ စိုက်ထားသည့် သစ်ပင်တန်း ရှိသည်။ ထီးတည်းရှိနေသော မိုးမခပင် အနည်းငယ်လည်း ရှိသည်။ မကြာမီ နေ့ အလင်းရောင် မှေးမှိန်သွားလျှင် သစ်ပင်တို့၏ အရိပ်များ ရှည်ထွက်လာပြီး ရှုခင်းမသာမယာ ဖြစ်သွားလောက်သည်။ အနီးတွင် အမြန်လမ်းမကြီး ရှိနေ သဖြင့် တိတ်ဆိတ် ငြိမ်သက်မနေဘဲ လေကြောင်း အတိုင်း လွင့်လာသည့် ကားသံများကို ကြားရ၏။ မှောင်ရီလာသော ကောင်းကင်နောက်ခံနှင့် လင်းနေသည့် နေရာကား ဘန်ဂါမြို့ နိုင်ငံတကာလေဆိပ်ဖြစ်သည်။

သူ ဂိတ်တံခါးဆီ လက်လှမ်းပြီးမှ အရက်သမားတွေ၊ လူရမ်းကားတွေ ဝင် လာမှာစိုးလို့ တံခါးကို သော့ခတ်သွားကြမှာပေါ့ဟု တွေးမိသည်။ သို့သော် တကယ်တမ်း၌ သော့ခတ်မထားချေ။ သော့ခတ်ချိန် မတိုင်သေးတာလည်း ဖြစ်နိုင်၏။

သူတွန်းဖွင့်လိုက်သောကြောင့် သံပန်းတံခါးဆီက ကျွီခနဲ မြည်သံတိုးတိုး ထွက်လာ၏။ သူ့ကို ဘယ်သူများ မြင်လိုက်သလဲဟု ဘေးပတ်ဝန်းကျင်ကို မသိမသာတချက် အကဲခတ်ကြည့်ပြီး အတွင်းသို့ လှမ်းဝင်သည်။ ဂိတ်တံခါးကို

သေချာပြန်စေ့ကာ ချက်ထိုးလိုက်ပြီးသော် သချိုင်းကုန်းဆီ မျက်နှာမူကာ မတ်မတ်ရပ်လိုက်၏။

သီးသန့်နေချင်စရာ အတော်ကောင်းတဲ့ နေရာပါလား။ ဘာမှတော့ မရှိဘူးပေါ့လေ။

တကိုယ်တည်း ရောက်တတ်ရာရာ လျှောက်တွေးနေစဉ် "မင်းဒီကို ဘာလာလုပ်တာလဲ လူးဝစ်၊ မသွားချင်တဲ့ လမ်းကို ဘာလို့ လာမျှော်ကြည့်နေ တာလဲ" ဟူသည့် ဂျထ်လေသံနှင့် ပြောလိုက်သော စကားကို နားထဲမှာ ကြားယောင်လာကာ စိုးရိမ်ကြောက်လန့်လာ၏။ မှန်သည်၊ သူကြောက် နေ၏။

သို့သော် ထိုစကားသံကို ဘေးခဏဖယ်ထားလိုက်သည်။ တယောက်ယောက်ကို နှိပ်စက်သည် ဆိုဦးတော့၊ အနှိပ်စက်ခံရသူမှာ လည်း သူကိုယ်တိုင်ပင် ဖြစ်လေ၏။ ညနေစောင်းကြီးမှာ သည်နေရာကို သူ ရောက်လာလိမ့်မည်ဟု ဘယ်သူမှ ထင်မှာ မဟုတ်။

သို့နှင့် ဂေ့ဂျ်၏ မြေပုံကို ဦးတည်သည့် လမ်းအတိုင်း လျှောက်လာလိုက်သည်။ သစ်ပင်တန်းများကြား ရောက်လာစဉ် လေတိုက်၍ သစ်ရွက်လှုပ် ခတ်သံတွေ ကြားရပြီး မသိုးမသန့် ဖြစ်မိ၏။ ရင်ထဲမှာလည်း တဒိတ်ဒိတ်နှင့် ပြင်းစွာ ခုန်ပေါက်လှုပ်ရှားနေသည်။

မြေပုံနှင့် ကမ္ပည်းကျောက်တိုက်များက အတန်းလိုက် စီစီရီရီ ရှိနေကြသည်။ တနေရာရာ မှာတော့ စဏ္ဍာလနေထိုင်ရာ အဆောက်အဦ တခုခု ရှိနိုင်၏။ ထိုအဆောက်အဦထဲမှာ ဧကနှစ်ဆယ်လောက် ကျယ်ဝန်းသော ရှုခင်းသာသချိုင်း၏ မြေပုံ ရှိလိမ့်မည်။ ထိုမြေပုံထဲတွင် မ ရောင်းရသေးသော မြေနေရာများ၊ သချိုင်းမြေပုံများကို အပိုင်းလိုက် ကန့်၍ အမှတ်အသား ပြုထားပေလိမ့်မည်။

မြေရောင်းရန် ရှိသည်။ တယောက်ခန်း။ တသက်တာ အိပ်စက်မည့် သူများအတွက်သာ။ အင်း၊ တိရစ္ဆာန်သချိုင်းနဲ့လည်း မတူပါလား။

ထိုအကြောင်းက ဘယ်က ဘယ်လို ဝင်လာသည် မသိ။ သူ့ဘာသာ အံ့သြကာ လမ်းလျှောက်နေရာမှ တုံ့ခနဲ ရပ်၍ စဉ်းစားကြည့်လိုက်၏။

ဘာကြောင့်ပါလိမ့်၊ မဟုတ်သေးပါဘူး။

တိရစ္ဆာန်သချိုင်းထဲက စီစဉ်တကျ မရှိသော ဖြစ်ကတတ်ဆန်းမြေပုံများ အကြောင်း ခေါင်းထဲ ဝင်လာသည်။ ထိုသချိုင်းထဲက မြေပုံများကို ခရုပတ်ဖွဲ့သဏ္ဍာန် ပေါက်အောင် စက်ဝိုင်းဆန်ဆန် စီစဉ်ထားခြင်း ဖြစ်သည်။ သူတို့မြှုပ်ထားသည့် တိရစ္ဆာန်လေးများကို မြှုပ်နှံစဉ်ကတည်းက ပင်ကိုအသိနဲ့ စက်ဝိုင်းသဏ္ဍာန် ပေါက်အောင် ဖန်တီးခဲ့တာကော ဟုတ်ရဲ့လား။

ထိုခဏတွင် ကာနီဗယ်ပွဲတော်မှာ ထူးဆန်းထွေလာ ပြပွဲတခုထဲ ဝင်မကြည့်ကြည့်အောင် ဆွဲဆောင် သလိုမျိုး တိရစ္ဆာန်သချိုင်းကို ကြော်ငြာအမျိုးအစားတခုလို မြင်မိ၏။ အီဂျစ်လူမျိုးတို့ ဖာရိုဘုရင် ဂူသချိုင်းမှာ သင်္ကေတတွေ ထွင်းထုထားခဲ့သလိုမျိုး မြေပုံများကို ရှေးခေတ် ဘာသာရေး သင်္ကေတဆန်ဆန်

စက်ဝိုင်းသဏ္ဌာန် စီစဉ်ထားရာမှ ကာလရွေ့လျားမှု ကြောင့် ထင်ထင်ရှားရှား သိသာမနေတော့ခြင်း ဖြစ်နိုင်၏။ ခရုပတ်ဗွေ ဟူသည်မှာ တန်ခိုးဣဒ္ဓိပါတ်ကို ဖော်ပြသော ကမ္ဘာလောက၏ ရှေးအကျ ဆုံး သင်္ကေတတခု ဖြစ်သည်ပဲ။

နောက်ဆုံး၌ ဂေ့ဂျ်မြေပုံဆီ သူရောက်သွားသည်။ payloader ကားကြီး မရှိတော့။ မြက်ခင်းတုလည်း မရှိတော့။ အလုပ်သမားတွေလည်း လုပ်ငန်းခွင် သိမ်းကာ ပစ္စည်းကိရိယာ တန်ဆာပလာ များကို သိမ်းဆည်း၍ အရက်ဆိုင်မှာ ဘီယာသွားကစ်နေလောက်ပြီ။ ဂေ့ဂျ်လဲလျောင်းရာ ငါးပေသုံးပေလောက်ရှိသော မြေနေရာက ကွက်ကွက်လေးက မြက်ခင်းမရှိဘဲ ပြောင်တလင်းခါနေ၏။ ကမ္ဗည်းတိုင်တော့ မထောင်ရသေး။

ဒူးထောက်၍ ထိုင်ချလိုက်တော့ သူ့ဆံပင်ကို လေတချက် တိုက်သွား၏။ တိမ်စိုင်တွေ ပြေးနေသော ကောင်းကင်တခွင်လုံးက မှောင်လုလု မှိုင်းနေ လေပြီ။

ငါ့မျက်နှာကို ခတ်မီးနဲ့ လာထိုးပြီး ဒီမှာ ဘာလာလုပ်တာလဲလို့ မေးတဲ့သူ မရှိဘူး။ အစောင့်ခွေးတွေ ဘာတွေလည်း ဟောင်မနေဘူး။ ဂိတ်တံခါးက လည်း ပွင့်နေတယ်။ ရှင်ပြန် ထမြောက်ကြတယ် ဘာညာဆိုတာတွေက ဟိုး အတိတ်မှာ ကျန်ခဲ့ပြီ။ တကယ်လို့ ငါသာ ဒီကို ပေါက်ချွန်းတလက်၊ ဂေါ်ပြား တလက်နဲ့သာ ရောက်လာခဲ့မယ်ဆိုရင်...။

သူ တောင်တောင်ဤဤ လျှောက်တွေးနေရင်းမှ ဆတ်ခနဲ သတိပြန်ဝင်လာ၏။ တကယ်တော့ ညအချိန်တွင် ရှုခင်းသာ၌ အစောင့်အကြပ် မရှိခဲ့ လျှင် ဘယ်လိုနေမလဲဟု လိုက်စဉ်းစားကြည့်ခြင်းသာ ဖြစ်၏။ သားဖြစ်၏ မြေပုံကို တူးနေသော လူးဝစ်ကို သုဘရာဇာ၊ အစောင့်အကြပ် တဦးဦးက မိသွားမည်ဆိုပါစို့။ သတင်းစာထဲတော့ ပါလောက်မည် မထင်။ မဟုတ် သေး၊ ပါချင်လည်း ပါနိုင်၏။ ထိုအခါ ရာဇဝတ်မှု ကျူးလွန်သူအဖြစ် တရား စွဲခံရနိုင်သည်။ ဘာအမှုနဲ့လဲ။ သင်္ချိုင်းမြေပုံကို ခေးပြတိုက်မှုလား။ မဖြစ်နိုင်ဘူး ထင်၏။ လက်ဆော့ရမ်းကားမှု သို့မဟုတ် လူထုအကျိုးစီးပွား ဖျက်ဆီး မှုတို့နှင့် အဆွဲခံရဖို့ ပိုများသည်။ သတင်းစာထဲ ပါတော့ရော ဘာဖြစ်သလဲ။ ဘာမှမဖြစ်၊ ကမ္ဘာကြီးကလည်း လည်မြဲ၊ နေကလည်း ထွက်မြဲ။ လူတွေ ကတော့ ပြောကြလိမ့်မပေါ့။ သို့သော် မြိန်ရည်ယှက်ရည်ပြောလို့လည်း သိပ် ကောင်းသည့် အရာမဟုတ်ပြန်။ ခေါင်းစဉ်က ကားမတော်တဆမှုဖြင့် မ ကြာခင်က သေသွားသည့် နှစ်နှစ်သားကလေးကို ဖခင်ဖြစ်သူ နယ်ခံဆရာဝန်တဦးက အလောင်းဖော်နေစဉ် ဖမ်းမိ။ သူ အလုပ်တော့ ပြုတ်မှာ ပဲ။ မပြုတ်လျှင်တောင် အရက်တကွဲ အကျိုးနည်းစရာ သည်လိုအဖြစ်ကြောင့် ရေချယ် အိပ်ရာထဲ လဲသွားနိုင်သည်။ အယ်လီလည်း ကျောင်းက အပေါင်းအသင်းတွေကြားမှာ ရှက်ရွံ့သိမ်ငယ်စွာ နေရလိမ့်မည်။ သို့သော် အကယ်၍ ဂေ့ဂျ်ကိုသာ အသက်ပြန်သွင်းနိုင်ခဲ့လျှင်ကော...။

သားလေး တဖန် ပြန်ရှင်လာမှာပေါ့။

ပြန်ရှင်လာမယ်လို့ရော သူ တကယ်ယုံပါရဲ့လား။

ယင်းက အဓိက ပြဿနာ ဖြစ်၏။ ဂေ့ဂျ်မသေခင်ရော၊ သေပြီးနောက်ပါ ချာ့သည် တကယ်မသေဘဲ သတိလစ် မေ့မြောနေခြင်းသာ ဖြစ်သည်ဟု သူ့ ကိုယ်သူ အကြိမ်ကြိမ်အခါခါ ပြောနေခဲ့သည်။ ချာ့သည် အပြင်မှာ ဖြစ်ချင် ရာ ဖြစ်ပြီး အိမ်ပြန်လာခဲ့သည်ဟု ဆိုကြပါစို့။

သခင်ဖြစ်သူက သူမွေးထားသော တိရစ္ဆာန်လေး သေပြီအထင်နှင့် ကျောက်ခဲလေးတွေ ပုံကာ မြှုပ်နှံခဲ့သည်။ သစ္စာရှိသော ထိုသတ္တဝါလေး သည် သတိပြန်ရလာသည်နှင့် ကျောက်ခဲပုံအောက်က ထိုးထွက်ကာ အိမ် ပြန်လာ၏။ ဇာတ်လမ်းကတော့ ဒါပဲဖြစ်သည်။ အမှန်အတိုင်း မဟုတ်သည် က လွဲလို့ပေါ့လေ။ အမှန်က ချာ့သေခဲ့ပြီ။ မစ်မက် သုသာန်က သူ့ကို အသက်ပြန်သွင်းပေးခဲ့သောကြောင့်သာ ပြန်ရှင်လာခြင်း ဖြစ်၏။

လူးဝစ်သည် ဂေ့ဂျ်၏ မြေပုံဘေးတွင် ထိုင်ကာ အောက်လမ်းမိစ္ဆာဆန်သော ထိုဖြစ်ရပ်ကို ယုတ္တိဗေဒကျကျ တွေးနေမိသည်။ တင်မီဘတ်တာမန်း အကြောင်းကို စဉ်းစားကြည့်တော့ မေးခွန်းနှစ်ခု ထွက်လာ၏။ ပထမ အချက်က ထိုဇာတ်လမ်းကို သူတကယ်ယုံရဲ့လား။ ဒုတိယအချက်က ထိုသို့ ဖြစ်သွားလျှင် ဘာတွေများ ကွာခြားသွားလို့လဲ။

အမှန်အတိုင်း ဝန်ခံရလျှင် အများစုကို သူယုံ၏။ မစ်မက် - သုသာန်လိုနေရာတခု ရှိနေလျှင်၊ လူတွေကလည်း ထိုသုသာန်၏ အစွမ်းကို သိနေလျှင် အနေးနှင့် အမြန် တယောက်ယောက်ကတော့ စမ်းသပ်ကြည့်မှာပဲ ဖြစ်သည်။ အခုတော့ မစ်မက် သုသာန်လည်း တကယ်ရှိသည်။ ထို သုသာန်၏ အစွမ်းကို သိနေသည့် လဒ်လိုမြို့ခံများလည်း ရှိနေသည်။ လူ့ သဘာဝအရ ထိုသူတို့သည် အိမ်မွေး တိရစ္ဆာန်လောက်နှင့် ရပ်တန့်နေမှာ မဟုတ်မှန်း သူသိသည်။

ကောင်းပြီ၊ ယင်းသို့ဆိုလျှင် တင်မီဘတ်တာမန်းသည် မကောင်းဆိုးဝါး သို့မဟုတ် မိစ္ဆာနတ်ဆိုး တမျိုးမျိုးအဖြစ် ပြောင်းလဲသွားသည်ဆိုတာကို ရော သူယုံကြည်ရဲ့လား။

သည်မေးခွန်းက ဖြေရပိုခက်သည်။ သူ မယုံချင်သောကြောင့် သတိထား၍ ကိုယ့်ကိုယ်ကိုယ် ဖြေကြည့်၏။ သည်အဖြေကို အရင် ကတည်းက သူတွေ့ဖူးပြီးသား မဟုတ်လား။

တင်မီဘတ်တာမန်း တယောက် မကောင်းဆိုးဝါး ဖြစ်သွားသည်ဟု သူမ ယုံချင်ပါ။ ယုံလို့လည်း မရ။ ယုံချင်စရာအကြောင်းလည်း မရှိပါ။

နွားသိုးကြီး ဟန်ရတီအကြောင်း စဉ်းစားကြည့်သည်။ ဂျထ်ပြောပုံအရ ဟန်ရတီသည် ထိန်းမရအောင် လွတ်သွားခဲ့သည်တဲ့။ သူ့စကားအရ တင်မီ ဘတ်တာမန်းလည်း သည်နည်းအတိုင်း ပြောင်းလဲသွားသည်ပေါ့။ ဟန်ရတီ ကို မစ်မက် သုသာန်မှာ မြှုပ်ခဲ့သူက သူ့သခင်ဖြစ်ပြီး တင်ကိုတော့ သူ့ အဖေက မြှုပ်ခဲ့ခြင်း ဖြစ်သည်။

ဟန်ရတီ ဆိုးသွမ်းသွားခြင်းကြောင့် တခြားသေရွာပြန် တိရစ္ဆာန်အားလုံး

ကော ဆိုးသွမ်း သွားကြပါသလား။ မဟုတ်ပါ။ ဟန်ရတုိဖြစ်ရပ်သည် ဖြစ်ရိုးဖြစ်စဉ် မဟုတ်၊ ဖြစ်တောင့်ဖြစ်ခဲသာ ဖြစ်၏။ ဘာမှမဖြစ်သော တခြား တိရစ္ဆာန်များလည်း ရှိကြသည်ပဲ။ ဥပမာ ဂျထ်၏ ခွေးကြီး စပေါ့တ်၊ အဘွားကြီးတယောက်၏ ကြက်တောကြီးနှင့် ချာ့။ သူတို့အားလုံး တခုခု ပြောင်းလဲသွားတာတော့ သိသာသည်။ စပေါ့တ်၏ ပြောင်းလဲခြင်းကတော့ သိပ်ပြီးတောင် သိသာပုံမရ။ ဒါကလည်း ဂျထ်ကိုယ်တိုင်ကိုက ရှင်ပြန် ထမြောက်ခြင်း ဖြစ်စဉ်ကို အောင့်အည်းသည်းခံ ခဲ့သောကြောင့် ဖြစ်နိုင်၏။ "ရှင်ပြန်ထမြောက်ခြင်း"တဲ့။ သူ့လက်ထဲ ရောက်လာသော သည်လိုအခွင့် အရေးမျိုးကို ဘယ်လိုငြင်းဆန်ရမလဲ။

သို့သော် စိတ်ထဲကတော့ ကန့်ကွက်နေမိ၏။

မင်းဟာ လိုရာကိုသာ ဆွဲတွေးနေတာပဲ။ အနည်းဆုံး ချာ့ဟာ အရင်လို မဟုတ်ဘူးဆိုတဲ့ အမှန်တရားကို သိနေမှန်း ကိုယ့်ကိုယ်ကိုယ် ပွင့်ပွင့်လင်း လင်း ဝန်ခံသင့်တယ်။ ကြွက်တွေ၊ ငှက်တွေ သတ်တာကို အသာထားဦး။ ချာ့ရဲ့ ဟန်ပန်အမူအရာ ရွဲပြဲနေတာ ဘယ်လိုလုပ်မလဲ။ ဟုတ်တယ်၊ ဒင်းရဲ့ ပုံစံကို ဖော်ပြရမယ်ဆို ရွဲပြဲနေတယ်ဆိုတဲ့ စကားလုံးနဲ့မှ လိုက်မှာ။ အခင်းဖြစ်တဲ့နေ့က ဂေ့ဂျ်ရဲ့ ပုံပန်းသဏ္ဌာန်ကိုရော မင်းမှတ်မိသေးရဲ့လား။ သူဘယ်လိုတွေတောင် ရှင်မြူးနေလဲဆိုတာလေ။ သားလေးကို အဲဒီလိုလေး ပဲ သတိရနေတာ ပိုမကောင်းဘူးလား။ ဘာလဲ၊ ခပ်ပေါပေါ သရဲကားထဲက ဇွန်ဘီတွေလို သူ့ကို ပြန်ရှင်လာစေချင်တာလား။ အဲဒါဆိုရင် ကျပ်မပြည့်တဲ့ ကလေးလေး တယောက်လိုတောင် ဖြစ်နေဦးမယ်။ သူ့လက်ချောင်း သူ ပြန်စားနေတဲ့၊ တီဗွီဖန်သားပြင်ကို မျက်လုံးဗလာနဲ့ စိုက်ကြည့်နေတဲ့၊ သူ့ နာမည်သူတောင် လုံးဝ မမှတ်မိတဲ့ ကလေးတယောက် ဖြစ်နေမှာပေါ့။ သူ့ ခွေးအကြောင်း ဂျထ်ပြောသွားတာကို ကြည့်။ ငါ့ခွေးငါ ရေချိုးပေးရတာ အသားတုံးကြီးကို ရေဆေးနေရသလိုပဲတဲ့။ မင်းက အဲဒီလိုမျိုး ဖြစ်ချင်တာ လား။ ကဲ ဟုတ်ပါပြီ၊ အဲဒီလိုဖြစ်တာကို မင်းက ကျေနပ်တယ် ထားပါဦး။ မင်းသား သေရာက ပြန်ရှင်လာတာကို မင်းမိန်းမကို ဘယ်လိုရှင်းပြမှာတုန်း။ မင်းသမီးကိုရော ဘယ်လိုပြောပြမှာလဲ။ စတိဗ်မာစတာတန်ကိုရော၊ တလောကလုံး ကိုရော၊ ဟင်။ မစ်ဆီဒန်းဒရစ်ဂ်ျ ခြံဝင်းထဲ ဝင်လာလို့ သုံး ဘီးစီးနေတဲ့ ဂေ့ဂျ်ကို မြင်သွားရင် ဘာတွေ ဖြစ်ကုန်မလဲ။ သူဘယ်လောက်တောင် အော်ဟစ်လိုက်မလဲ။ သူ့မျက်နှာသူ လက်သည်းတွေနဲ့တောင် ကုတ်ခြစ်နေမိဦးမယ်။ သတင်းသမားတွေကို ဘယ်လိုပြောမှာလဲ။ သေရွာပြန် သားကလေးဆိုပြီး Real People တီဗွီအစီအစဉ်က ရိုက်ကူးရေး သမားတွေ မင်းအိမ်ရှေ့ရောက်လာရင် ဘယ်လိုပြောမှာလဲ။

အဲဒီလိုလုပ်ရင် ဒါတွေ တကယ်ဖြစ်လာမှာလား။ ဒါမှမဟုတ် သတ္တိကြောင်ပြီး လျှောက်တွေး နေမိတာလား။ ခုနက ကိစ္စတွေ မုချဖြစ်လာ မယ်လို့ ယုံသလား။ ရေချယ်ကရော၊ သေရွာက ပြန်လာတဲ့ သားလေးကို ဝမ်းသာမျက်ရည်ကျရုံကလွဲလို့ ဘယ်လိုမှ မဖြစ်ဘဲ သဘောတူလက်ခံပါ့မ လား။

လက်ခံလိမ့်မည်။ ဂေ့ဂျ်သာ တကယ်ပြန်လာဖြစ်ခဲ့လျှင် လက်ခံနိုင်ချေ သေချာပေါက် ရှိသည်ဟု သူယူဆသည်။ ဖခင်ဖြစ်သည့် သူ့မေတ္တာ အတိမ်အနက်ရော ပြောင်းလဲသွားမှာလား။ သားတို့ရုပ်ရည် သီတာမည် သားဆိုသကဲ့သို့ မိဘမေတ္တာဟူသည် အကန်းလေးပဲ မွေးမွေး၊ အမြွာပဲ မွေး မွေး၊ ရင်ချင်းပဲဆက်ဆက်၊ ဖင်ချင်းပဲဆက်ဆက် ပြောင်းလဲမှာ မဟုတ်ချေ။ "တောင်းဆိုး၊ ပလုံးဆိုးသာ စွန့်သည်။ သားဆိုး၊ သမီးဆိုးကို စွန့်ပစ်ရိုး မ ရှိ"တဲ့။

အကယ်၍ ဂေ့ဂျ်သည် အသက်ရှစ်နှစ်အရွယ်ထိ သေးခံဝတ်ထားရလျှင် ကော၊ ချစ်ပါဦးမည်လား။ မချစ်နိုင်စရာ ဘာမှမရှိဟု သူယုံ၏။ အသက် ၁၂ နှစ်အထိ မူကြိုပထမတန်းက မတက်ရလျှင်ကော၊ စာလုံးဝသင်မရလျှင် ကော။ လမစေ့ဘဲ မွေးဖွားလာလို့ ဉာဏ်ရည် မမီဘူးဘာညာ ပြောလိုက်ရင် ကောင်းမလား။

လူဆိုတာ အမျှားနဲ့ ကင်းကွာလို့မှ မရဘဲ လူးဝစ်ရာ။ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်လေ။ တခြားသူတွေက ဘာပြောကြမလဲ။

သူဆက်မတွေးတော့ဘဲ အတင်းရပ်ပစ်လိုက်၏။ အခုလောလောဆယ် အကုန်လုံးကို လိုက်မစဉ်းစားချင်။ လူတွေသတိထားမိလာနိုင်ခြင်းက အကြီးမားဆုံးပြဿနာ ဖြစ်လာနိုင်၏။

လူးဝစ်သည် ဂေ့ဂျ်မြေပုံရှိ မြေကြီးများကို ငေးကြည့်ရင်း ကြောက်ရွံ့အံ့သြ စိတ်ဖြင့် ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွား၏။ ထို့နောက် သူ့ကိုယ်သူပင် သတိမ ထားမိဘဲ လက်ညှိုးတချောင်းဖြင့် မြေကြီးပေါ် ခရုပတ်ဗွေ သင်္ကေတန် ရေးဆွဲနေမိသည်။

ယင်းအဖြစ်ကို သူ့ဘာသာ အသိဝင်လာသည်နှင့် မြေကြီးပေါ်က ထို ခရုပတ်ဗွေပုံကို လက်နှစ်ဖက်ဖြင့် ပွတ်သပ် ဖျောက်ဖျက်ပစ်လိုက်၏။ ထို့နောက် ခြံဝင်းထဲ ချိုးဖျက် ဝင်လာခဲ့သူလို အပြေးတပိုင်း ထထွက်သွား သည်။

****

ဆိုင်ကို မှာထားခဲ့သော အော်ဒါသွားယူတော့ သူနောက်ကျနေသဖြင့် ပီဇာက အေးစက်၍ စေးကပ်ကပ် ဖြစ်နေပြီ။ ကားပေါ် ယူလာ၍ တကိုက်သာ ကိုက်စားပြီး ပြတင်းပေါက်မှတဆင့် ဘူးခွံပါမကျန် လွှင့်ပစ်လိုက်သည်။ ပြီးနောက် လဒ်လိုမြို့သို့ ပြန်မောင်းလာ၏။ သူသည် ပုံမှန်အားဖြင့် အမှိုက် ကို ပစ်စလတ်ခတ် လွှင့်ပစ်တတ်သူ မဟုတ်။ သို့သော် မစားထားသလောက် နီးပါး အကောင်းတိုင်းရှိနေသော ပီဇာအား အိမ်က အမှိုက်ခြင်းထဲ လွှင့် ပစ်ထားသည်ကို ရေချယ် မြင်သွားလျှင် မကောင်း။ သူမစိတ်ထဲတွင် လူးဝစ် ဘန်ဂါမြို့ပေါ် တက်သွားခြင်းမှာ ပီဇာစားချင်၍ မဟုတ်ဘဲ တခြားအကြောင်းတခု ရှိနေသောကြောင့်ဟု တွေးနေမှာ စိုး၏။

အခုလောလောဆယ် အချိန်နဲ့ နေရာကို စဉ်းစားကြည့်သည်။ အချိန်...။ တင်မီဘတ်တာမန်းကို သူ့အဖေ မစ်မက် သုသာန်မှာ သွားမြှုပ်ခင် သေပြီးတာ ကြာပြီ။ ၁၉ ရက်နေ့မှာ လိုင်းမ်စတုန်းကို ရောက်သည်။ တင်ကို

မြေမြှုပ်သင်္ဂြိုဟ်တော့ ဇူလိုင် ၂၂ ရက်နေ့လောက်ဟု ဆို၏။ လေးငါးရက်ကြာပြီးနောက် စာပို့သမ မာဂျီဝက်ရှ်ဘန်းက လမ်းပေါ်မှာ လျှောက်သွားနေတဲ့ တင်ကို စတွေ့သည်။

ဟုတ်ပြီ။ ဘေလ်ဘတ်တာမန်းသည် သူ့သားအလောင်းကို ရထားနှင့် ပါလာပြီး လေးရက်ကြာမှ မြှုပ်ခဲ့သည်ဟု ဆိုရမည်။ လေးငါးရက်ကြာတော့ တင်ကို တခြားသူတွေ မြင်ကြသည်ဆိုလျှင် အနည်းဆုံး ၂၅ ရက်နေ့မှာ တင်မီ သေရာက ပြန်ရှင်လာသည်ဟု သတ်မှတ်ရမည်။ ဤသို့ဆိုလျှင် တင့်အသုဘနှင့် ပြန်ရှင်လာချိန်က ခြောက်ရက် ကွာ၏။ တကယ်တော့ ဆယ် ရက်လောက်ပင် ကွာနိုင်သည်။ ဂေ့ဂျ်ကတော့ ကွယ်လွန်တာ လေးရက်သာ ရှိသေး၏။ အချိန်သည် အရေးအကြီးဆုံး ဖြစ်သည်။

အကယ်၍ ချာ့ပြန်ရှင်လာပုံမျိုး အခြေအနေနှင့် တူညီအောင် ဆောင်ရွက်နိုင်လျှင်...။ ချာ့သည် အကောင်းဆုံးသော အခြေအနေနှင့် အချိန်အခါမှာ သေသွားခြင်း ဖြစ်သည်။ ချာ့ ကားတိုက်သွားစဉ်က သူနှင့် ဂျထ်မှလွဲ၍ မိသားစုဝင်များ အိမ်မှာ ရှိမနေခဲ့ကြ။ ရှီကာဂိုသို့ ရောက်နေကြသည်။

သူ့စိတ်ကူးထဲမှာ လစ်ဟာနေသော ကွက်လပ်သည် ခေါင်းထဲ ချက်ချင်း ဝင်လာသော အကြံတခုကြောင့် ဖျတ်ခနဲ အံဝင်ခွင်ကျ ဖြစ်သွား၏။

****

“ဘာရယ်”

ရေချယ်က သူ့ကို တအံ့တသြ ငေးကြည့်ရင်း ပြန်မေးသည်။

ည ၁၀ နာရီ ၄၅ မိနစ် ရှိပြီဖြစ်၍ အယ်လီ အိပ်ရာဝင်သွားပြီ။ လူးဝစ် အိမ်ပြန်ရောက်တော့ ရေချယ်က စျာပနပွဲမှာ ရလာခဲ့သော စိတ်ဒဏ်ရာ အကြွင်းအကျန်တို့ကို ရှင်းလင်းသည့်အနေဖြင့် ဗေလီယမ်တလုံး သောက်ထားသောကြောင့် ရီဝေဝေနှင့် ငြိမ်သက်နေ၏။ သို့သော် သူပြောသော စကားများကိုတော့ အာရုံစိုက်နိုင်သည်။ လူးဝစ်က

“ရေချယ့်မိဘတွေနဲ့အတူ ရှီကာဂိုကို ပြန်လိုက်သွားဖို့လေ။ မနက်ဖြန်ဆို သူတို့ပြန်ကြတော့မှာ မလား။ သူတို့ဆီ အခု ဖုန်းလှမ်းဆက်ထားရင် လေယာဉ်တစီးတည်း အတူတူလိုက်သွားလို့ ရတာပေါ့” ဟု နောက်တခေါက် ထပ်ပြောပြ၏။

“ကို ရူးသွားပြီလား။ အဖေနဲ့ ကို ရန်ဖြစ်ပြီး အခုကျတော့မှ…”

ယခုလို အာသွက်လျှာသွက် ပြောနေခြင်းက သူ့ပင်ကိုစရိုက် မဟုတ်မှန်း လူးဝစ် သူ့ဘာသာ သိပါ၏။ သူသည် ဘယ်တော့မှ ပိပိရိရိ မုသားမဆိုတတ် ခဲ့သဖြင့် အသေးစိတ်ကို လိုက်လံမတွက်ချက်မိချေ။

“ရေချယ်တို့သားအမိကို သူတို့နဲ့ ပြန်လိုက်သွားစေချင်တဲ့ အကြောင်းရင်းတွေထဲမှာ အဲဒီလို ရန်ဖြစ်မိခဲ့လို့လည်း ပါတာပေါ့။ အခုအချိန်က ဝေဒနာ သက်သာအောင် ကုစားရမယ့်အချိန်ပဲလေကွယ်။ ကို သိပါတယ်။ စျာပန ခန်းမထဲမှာ

ရန်ဖြစ်တာလည်း ကို ပြေလည်အောင် ကြိုးစားနေရင်းက ဖြစ် သွားတာပါ”

“ဒါပေမဲ့ ဒီလိုခရီးထွက်ဖို့က မဖြစ်သေးပါဘူး။ ရေချယ်တော့ ဒါကို ပုံမကျဘူးလို့ပဲ မြင်တယ်။ ကျွန်မတို့လည်း ကို့ကို လိုတယ်။ ကိုလည်း ကျွန်မတို့ သားအမိကို လိုအပ်တာပဲ…”

ရေချယ်က ပြောရင်းမှ သူ့အား သံသယမျက်ဝန်းများဖြင့် ကြည့်ကာ

“…အနည်းဆုံးတော့ လိုမှာပဲလို့ ထင်ပါတယ်လေ။ ကျွန်မတို့ ဘယ်လိုပဲနေ ရ…”

“ဘယ်လိုပဲနေရနေရ ဒီမှာတော့ မနေစေချင်ဘူး”

လူးဝစ်က အတင်းအကျပ် ဖြတ်ပြောလိုက်၏။ ပြောရင်းက ဖျားချင်သလို လိုလည်း ဖြစ်လာ၏။

“ကို့ကို လိုအပ်မှန်း သိရလို့ ဝမ်းသာပါတယ်။ ကိုလည်း ရေချယ့်ကိုရော၊ အယ်လီကိုပါ လိုအပ်တာပဲ။ ဒါပေမဲ့ အခုလောလောဆယ် ဒီနေရာက တလောကလုံးမှာ အဆိုးဝါးဆုံးနေရာပဲလေ မိန်းမရဲ့။ ဒီအိမ်ထဲက နေရာ တိုင်း၊ ထောင့်တိုင်းမှာ ဂေ့ဂျ်ရှိနေတယ်လို့ မင်းရောကိုယ်ရော ခံစားရတယ်။ အယ့်အတွက်ဆို ပိုတောင် ဆိုးဦးမယ်လို့ ကိုတော့ ထင်တယ်”

ရေချယ့်မျက်ဝန်းထဲ နာကျင်မှုတို့ ရိပ်ခနဲ ယှက်သန်းသွားသည်ကို တွေ့လိုက်ရသဖြင့် အရှိုက်ထိသွားမှန်း သူသိလိုက်၏။ သည်လိုနည်းဖြင့် အနိုင်ရလိုက်သောကြောင့်လည်း ကိုယ့်ဘာသာ ပြန်ရှက်မိသည်။ သေခြင်းတရား အကြောင်း ဖတ်ဖူးသော စာအုပ်များအရ လူသည် အနိစ္စဒုက္ခနှင့် ကြုံလာသည့်အခါ သောကပရိဝေဒမီးလောင်ရာ နေရာဒေသမှ ဝေးရာသို့ ပြေးခွာချင် စိတ် ပြင်းစွာ ဖြစ်ပေါ်နေတတ်ကြောင်း သူသိထား၏။ ထိုဒဏ်ကို ကြံ့ကြံ့ခံ ရင်မဆိုင်နိုင်လျှင် အန္တရာယ်ရှိသော အပြုအမူများ လုပ်မိတတ်သည်။ အဖြစ်မှန်ကို အမှန်အတိုင်း လက်ခံရင်ဆိုင်နိုင်မှသာ သောကဝေဒနာကို မှတ်ဉာဏ် အစိတ်အပိုင်း တခုအဖြစ် ပြောင်းလဲနိုင်၏။ သို့သော် သူ့ စီမံကိန်း အကောင်အထည် ဖော်နေချိန်မှာ မိသားစုကို အိမ်မှာ ရှိမနေစေ ချင်။ အနည်းဆုံး ခဏလောက်တော့ လူရှင်းနေစေချင်၏။

“ကိုပြောတာ သိပါတယ်။ ဒီမှာ နေနေသရွေ့ ခံစားရမှာပဲ။ ကို ဘန်ဂါကိုသွားတော့ စိတ်အပြောင်းအလဲ ဖြစ်အောင် ဖုန်စုပ်စက်နဲ့ သန့်ရှင်းရေး လုပ်တယ်။ အဲဒီမှာ သူ့ရဲ့ Matchbox အရုပ်ကား လေးခုကို သွားတွေ့တယ်။ အရုပ်လေးတွေကလေ၊ သားလေး ပြန်လာပြီး ဆော့မှာကို စောင့်နေကြ သလိုပဲ သိလား…”

ရေချယ့်လေသံ တိမ်ဝင်သွားကာ မျက်ရည်များက ပါးပြင်ပေါ် ပိုး ပိုးပေါက်ပေါက် စီးကျလာ၏။

“…အဲဒီလို တွေးရင်း ထပ်ငိုမိတာနဲ့ ဗေလီယမ်နောက်တလုံး ထပ် သောက်ရတယ်။ အခုလည်း ငိုမိပြန်ပြီ။ ကိုယ့်ကိုယ်ကိုယ် သောက်မြင်ကတ် လိုက်တာ၊ ဇာတ်မင်းသမီးကျနေတာပဲ။ ကျွန်မကို ဖက်ထားပေးပါလား ကို ရယ်။

ကျွန်မကို ဖက်ထားပေးပါနော်”

သူ ရေချယ့်ကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်သော်လည်း သူ့ကိုယ်ကျိုးအတွက် ရေချယ့်ခမျာ မျက်ရည်များ စတေးရပြန်သည်ကို တွေးမိ ကာ လူလိမ်တယောက်လို ခံစားရ၏။ ရေချယ်က တရှုံ့ရှုံ့နှင့်

“ဒီလိုခံစားရတာ ဘယ်လောက်တောင် ကြာဦးမယ် မသိဘူးနော်။ ပြီးရော ပြီးဆုံးပါ့မလားဟင်။ သူ့ကိုသာ ပြန်ခေါ်လို့ ရမယ်ဆိုရင် ကျွန်မ နောက်တခါ ဘယ်တော့မှ အဲဒီလို မဖြစ်စေရအောင် ကြည့်ရှုစောင့်ရှောက်ပါ့မယ် လို့ ကျိန်ရဲပါတယ်ရှင်။ ကားသမား မောင်းတာကလည်း မြန်လွန်းတော့ ကျွန်မတို့ သူ့ကို ဆွဲဖမ်းချိန်တောင် မရလိုက်ဘူးလေ။ အမှန်တရား ပေမဲ့လို့ လက်ခံရတာ သိပ်နာကျင်တာပဲ ကိုရယ်။ သတိရတိုင်း ရင်ဘတ်ထဲက နာတယ်။ အိပ်ပျော်သွားရင်တောင် အကြိမ်ပေါင်းများစွာ အိပ်မက်ထဲအထိ ရောက်ရောက်လာတယ်။ သားလေး လမ်းမပေါ် ပြေးတက်သွားတာ တွေ့ရတယ်။ ကျွန်မ သူ့ကို အော်ခေါ်တယ်...”

“ရှူး...။ တော်တော့ကွယ်...”

ရေချယ်က မောဟိုက်နွမ်းလျနေသော မျက်နှာငယ်ကလေးနှင့် မော့ကြည့် ရင်း

“ကားသမားအနေနဲ့ ဆိုးဆိုးဝါးဝါး တခုခုဖြစ်သွားတယ်ဆိုရင်တောင် မ ကျေပါဘူး။ သူ့အတွက်တော့ အပျော်အစားတခုသာသာပဲလေ။ ကုန်ကားက အချိန်မဟုတ်၊ အခါမဟုတ် ရောက်လာတာမလား။ ဈာပနပွဲမှာ ကျွန်မငို နေတုန်းက မစ်ဆီက ပြောတယ်။ Ellsworth American သတင်းစာထဲမှာ ကားဒရိုင်ဘာက သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားတယ်လို့ ပါသတဲ့လေ”

“ကားဂိုထောင်ထဲမှာ ကြိုးဆွဲချသေဖို့ လုပ်တယ်တဲ့။ သူက အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေပြီး အကြီးအကျယ် စိတ်ဓာတ်ကျနေတယ်လို့ ပြောတယ်”

“ဩော် သောက်သုံးမကျလိုက်ပုံများ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာ တောင် မအောင်မြင်ဘူးနော်။ ငါ့သားလေးကတော့ သေသွားပြီ။ ဒင်းကတော့ ထောင်မကျဘဲ ဒေါ်လာထောင်ဂဏန်းလောက် ဒဏ်ငွေဆောင်တာနဲ့ လွတ်နေတယ်။ ရက်ကိုးဆယ်လောက် လိုင်စင်သိမ်းပစ်လိုက်မှ အေးမယ်။ စိတ်ဓာတ်ကျပြီး သတ်သေချင်စိတ် ဆက်ပေါက်နေပါလေ့စေ”

လူးဝစ်က ပါးစပ်မှ ထိုကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောလိုက်သော်လည်း နား ထဲမှာတော့ “အဲဒီနေရာက အစွမ်းတခု ရှိတယ်၊ လူးဝစ်။ အရင်တခေါက် ကလည်း ဖြစ်ပြီးပြီ။ မိစ္ဆာစွမ်းအင်တွေက လဆန်းသလိုမျိုး နောက်ထပ်တဖန် ပြန်ပြည့်လာမှာ ငါကြောက်တယ်” ဟူသော ဂျထ်စကားကို ကြား ယောင်ကာ ကြက်သီးများ ဖြန်းခနဲ ထသွားသည်။

ရေချယ်က ရီဝေသော မျက်လုံးအစုံဖြင့်

“မစ်ဆီပြောတာတော့ သူ့မိန်းမက ကလေးတွေ ခေါ်ပြီး အိမ်ပေါ်က

ဆင်းသွားတယ်တဲ့။ အဲဒါကတော့ သတင်းစာထဲ ပါတာ မဟုတ်လောက်ဘူး။ အဲ လ်စ်ဝဲ့သ်မြို့က အသိတယောက်ယောက်ဆီက ကြားတာ ဖြစ်မယ်။ အခင်းဖြစ်တဲ့အချိန်မှာ ကားသမားက အရက်လည်း သောက်မထားဘူး။ မူးယစ်ဆေးလည်း သုံးမထားဘူး။ အရင်ကလည်း ယာဉ်တိုက်မှုမှတ်တမ်း မရှိဖူးဘူး။ သူပြောတာကတော့ အဲဒီအချိန်က လဒ်လိုမြို့ကို ဝင်တာနဲ့ ဘာ ကြောင့်မှန်း မသိ တယောက်ယောက်က ကားကို အသားကုန် အရှိန်မြှင့် ပြီး အတင်းမောင်းခိုင်းသလို စိတ်ထဲမှာ ခံစားရတယ်တဲ့။ နောက်တော့ ဖြစ်တော့တာပဲ”

တယောက်ယောက်က ကားကို အသားကုန် အရှိန်မြှင့်ပြီး အတင်း မောင်းခိုင်းသလို...။

အဲဒီနေရာက အစွမ်းတခု ရှိတယ်...။

လူးဝစ် အတွေးတွေကို ခေါင်းထဲက မောင်းထုတ်လိုက်ပြီး ရေချယ့် လက်မောင်းကို ညင်သာစွာ ဆုပ်ကိုင်ကာ

“ကဲ အဖေနဲ့ အမေ့ဆီ အခုဖုန်းလှမ်းဆက်လိုက်တော့၊ နော်။ ဟောဒီအိမ် မှာ ရေချယ်ရော အယ်လီပါ နေစရာ မလိုဘူး။ တရက်ကလေးတောင် မ နေစေချင်ဘူး”

“ကိုမပါဘဲ မသွားပါဘူး။ ကျွန်မတို့အားလုံး အတူတကွ စုစုစည်းစည်း နေ ချင်တယ်၊ နေမှဖြစ်မယ်လေ ကိုရယ်”

“ကို သုံးရက်လောက် နေပြီးရင် မင်းတို့ဆီ လိုက်ခဲ့မယ်။ အများဆုံး လေး ရက်ပဲ။ တက္ကသိုလ်မှာ အချိန်ပိုင်း လုပ်မယ့်သူပဲရရ၊ ကိုယ့်နေရာကို လူစားထိုးဖို့ တယောက်ယောက်ကို ရှာရမယ်။ အရေးကြီးတဲ့ တာဝန်တွေ ကို ဆာရန်းဒရား တယောက်တည်းနဲ့ ပစ်မထားခဲ့ချင်ဘူး။ ကိုတို့ မရှိတဲ့အချိန် အိမ်ကို ဂျုဒ်က ကြည့်ထားပေးလိမ့်မယ်။ မီးတွေလည်း မှိတ်ထားချင်တယ်။ စားစရာတွေကို မစ်ဆီတို့ရေခဲသေတ္တာထဲ ပေါင်းထည့်ထားလိုက် မယ်”

အကယ်၍ သူ့အကြံအစည်သာ ကောင်းကောင်းမွန်မွန် အထမြောက်သွား လျှင် ၄၈ နာရီအတွင်း မှာပင် ရေချယ်တို့သားအမိကို ပြန်ခေါ်၍ ရလောက်သည်။

“အယ်လီကျောင်းကို ဘယ်လိုလုပ်မလဲ”

“ဟာ...၊ ဘာလုပ်ရမလဲ။ သုံးပတ်လောက်တော့ နားထားရမှာပေါ့။ သူတို့ လည်း ကိုတို့အခု ကြုံနေရတဲ့ အခြေအနေကို နားလည်ကြမှာပါ။ ဒီတော့ ကျောင်းခဏနားဖို့ စီစဉ်ပေးကြမှာပဲ...”

“လူးဝစ်...”

ရုတ်တရက် ရေချယ်က ကြားဖြတ်၍ ခေါ်လိုက်သဖြင့် စကားစပြတ်သွားသည်။

“ဘာလဲဟင်”

“ကို ဘာတွေ ဖုံးကွယ်ထားတာလဲ”

လူးဝစ်က သူမကို မသိနားမလည်ဟန် ကြည့်ရင်း

“ဖုံးကွယ်ထားတယ် ဟုတ်လား။ ရေချယ်ပြောတာ ကိုနားမလည်ဘူး”

“ဘာမှတော့ ဖုံးကွယ်မထားပါဘူးနော်”

“ဟင့်အင်း၊ ဖုံးမထားပါဘူး”

“ထားလိုက်ပါ။ အဲဒါဆို အခု အဖေတို့ကို ဖုန်းဆက်ကြည့်လိုက်မယ်။ ကို တကယ်ရော ဆက်စေချင်လို့လား”

“ဆက်စေချင်ပါတယ်။ အဲဒါက အယ့်အတွက် အကောင်းဆုံး ဖြစ်မယ်ထင်တာပဲ”

ရေချယ်က ဗေလီယမ်အစွမ်းကြောင့် နီရဲမို့မောက်လာသော မျက်လုံးအစုံဖြင့် တချက်ကြည့်သည်။

“ကို့ကို ကြည့်ရတာ ဖျားပြီး ကယောင်ကတမ်းတွေ ပြောနေသလိုကြီး”

လူးဝစ် ဘာမှပြန်မပြောလိုက်နိုင်ခင် ရေချယ်က တယ်လီဖုန်းရှိရာ ထ သွားပြီး သူမ၏ မိဘများ တည်းခိုနေသည့် မိုတယ်သို့ ဖုန်းလှမ်းဆက်သည်။

****

ဂိုးမန်းတို့လင်မယားက ရေချယ့်တောင်းဆိုမှုကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြသလို နောက်သုံးလေးရက်ကျ လူးဝစ် လိုက်လာလိမ့်မည် ဆိုသည်ကိုလည်း မလာနဲ့ဘာနဲ့ မပြောကြချေ။ နိဂုံးချုပ်ရလျှင် သူတို့ မိသားစု စိတ်ပူစရာ ဘာမှမလိုချေ။ တကယ်တော့ လူးဝစ်သည် ရှီကာဂိုကို လိုက်သွားဖို့ ယောင်လို့မျှပင် စိတ်မကူးခဲ့ပါချေ။ လေယာဉ်မီသည် ထားဦး၊ လေယာဉ်လက်မှတ်အရောင်းဌာန တွေဘာတွေက ပိတ်လောက်ပြီထင်၏။ အဆင်ပြေမှ ပြေပါ့မလားဟု သံသယဝင်မိသော်လည်း ကံတရားက သူ့ကို မျက်နှာသာပေးလာသည်။

ဘန်ဂါမှ စင်စင်နတီသို့ ပျံသန်းမည့် လေယာဉ်မှာ ထိုင်ခုံလွတ်နေသေး သလို စင်စင်နတီမှ ရှီကာဂိုသို့ ပျံသန်းမည့် ခရီးစဉ်မှာလည်း ထိုင်ခုံနှစ် နေရာ cancel ဖြစ်သည်ဆို၏။ သဘောက အယ်လီတို့သားအမိ စင်စင်နတီ အထိ ဘိုးအေဘွားအေတွေနှင့် အတူတူ ထိုင်ခွင့်ရခြင်း ဖြစ်သည်။ ရှီကာဂို သို့ လေယာဉ်ထပ်ပြောင်းစီးရမည်ဖြစ်သော်လည်း နောက်တနာရီပင် မကြာလိုက်ဘဲ ရောက်သွားကြမှာ ဖြစ်သည်။

ဒဲလ်တာလေယာဉ်လက်မှတ် စုံစမ်းပေးသော လူးဝစ်က ဖုန်းကိုချကာ”ပဥ္စလက်ဆန်လိုက်တာ” ဟု တွေးရင်း ဂျထ်၏ “အဲဒီနေရာမှာ အစွမ်းတခု ရှိတယ်။ မိစ္ဆာစွမ်းအင်တွေ တဖန် ပြန်အားကောင်းလာမှာ ငါကြောက်တယ်” ဟူသော အသံကို ကြားယောင်မိပြန်၏။ ထိုအခါ စိတ်ပေါက်ပေါက်နှင့် “ဟာ၊ သွားစမ်းပါ။ ထူးဆန်းတယ်ဆိုတာတွေကို လက်ခံနိုင်ဖို့ လွန်ခဲ့တဲ့ ဆယ်လလောက်ကတည်းက ကြိုးစားပြီးပြီလေ မိတ်ဆွေကြီးရဲ့။ ဘာလဲ၊ ဟို သရဲခြောက်တဲ့ သင်္ချိုင်းကြီးက လေယာဉ်လက်မှတ် အရောင်းကောင်တာကို ပါ လိုသလို ထိန်းချုပ်လို့ ရတယ်လို့ ယုံပေးရမလား။ တော်၊ တော်” ဟု စိတ် ထဲက ပြန်ပက်မိ၏။

ရေချယ်က ဖုန်းဘေးရှိ လူးဝစ် ချရေးထားသော လေယာဉ်ခရီးစဉ် အချက်အလက် စာရွက်ကို ကြည့်ကာ

"ဒါဆို အဝတ်အစားတွေ သွားထည့်ဦးမယ်"

"အိတ်ကြီးကြီးသာ ယူသွား"

ရေချယ်က လူးဝစ်ကို မျက်လုံးအဝိုင်းသားနှင့် တအံ့တသြ ကြည့်ရင်း

"ဘာလဲ။ ကျွန်မတို့နှစ်ယောက်လုံးအတွက်လား။ ကိုယ်ကလည်း နောက် နေပြန်ပြီ"

"ဟုတ်ပါပြီဗျာ။ tote bag တွေနဲ့သာ များများထည့်သွား။ တလစာ လောက် ထည့်မနေနဲ့။ တပတ်ဆယ်ရက်စာဆို ရပြီ"

သူ့စိတ်ထဲ၌ "အဆင်ပြေရင် ရေချယ် လဒ်လိုကို ခဏလေးနဲ့ ပြန်လာရမှာ" ဟု ပြောနေမိသည်။

"ချက်လက်မှတ်စာအုပ်နဲ့ ခရက်ဒစ်ကဒ်တွေလည်း ယူသွားဦး။ လိုအပ်တာ ဝယ်ဖို့"

"ဒါပေမဲ့ ကျွန်မတို့မှ မတတ်နိုင်..."

ရေချယ်က ဇဝေဇဝါနှင့် စကားစသည်။ သူမကို ကြည့်ရသည်မှာ စိတ်ရှုပ် ထွေးကာ တခုခုကို စတင်သံသယဝင်လာပုံ ပေါ်၏။ တခုသော မနက် ခင်းတုန်းက ဝင်နီဘတ်ဂိုကားဝယ်ဖို့ ရောက်ရာပေါက်ရာ လျှောက်ပြော ဖူးသည်ကို လူးဝစ် သွားသတိရ၏။

"ကိုတို့မှာ ပိုက်ဆံတွေ ရှိပါတယ်ကွာ"

"အင်းလေ။ ဂေ့ဂျ်ကောလိပ်တက်ရင် ပေးဖို့ စုထားတဲ့ငွေတွေ သုံးလို့ ရပြီ ပဲ။ savings account ကို သုံးဖို့ကျ တရက်နှစ်ရက် စောင့်နေရဦးမယ်။ ပြီးတော့.."

ရေချယ့်မျက်နှာ ရှုံ့ကြီးတငင် ငိုပြန်၏။ တစတစ ပျက်ယွင်းလာကာ တအိအိနှင့်

"မငိုပါနဲ့ ရေချယ်ရယ်။ မငိုပါနဲ့ကွယ်၊ နော်"

သို့သော် ရေချယ် ငိုသည်။ ငိုမှကို ဖြစ်မည်။

*****

အဝတ်အစား ထုပ်ပိုးရန် ရေချယ် အပေါ်ထပ် တက်သွားတော့ တယ်လီဖုန်း ထမြည်လာ၏။ ဇေနတ္တ ဒဲလ်တာလေယာဉ်လက်မှတ်အရောင်း ကောင်တာမှ ခုနက လက်မှတ်ရမည်ဆိုခြင်းမှာ information မှားယွင်းသွား ခြင်းသာ ဖြစ်၍ ရောင်းစရာလက်မှတ် မကျန်တော့ကြောင်း လှမ်းပြောခြင်း ဖြစ်တန်ရာ၏။

လောကကြီးဟာ ကိုယ်မျှော်လင့်သလို ဖြစ်လာလိမ့်မယ်လို့ ထင်ကို ထင်မ ထားသင့်ဘူး။

ဖုန်းသွားကိုင်တော့ ဒဲလ်တာမှ ဆက်ခြင်း မဟုတ်။ အာဝင်ဂိုးမန်းဆက် ခြင်းဖြစ်နေ၏။ လူးဝစ်က"ရေချယ့်ကို သွားခေါ်ပေးမယ်" ဟု ဆိုလိုက်စဉ် တဖက်မှ

"မခေါ်နဲ့" ဟု ကမန်းကတမ်း လှမ်းပြောသဖြင့် ခဏလောက် တိတ်ဆိတ်

သွား၏။

ငါ့ကို ဘယ်လိုခေါ်ရင် ကောင်းမလဲ စဉ်းစားနေတာ ဖြစ်မယ်ဟု လူးဝစ် တွေးနေမိသည်။

အဘိုးကြီး ဂိုးမန်း၏ အသံကို ပြန်ကြားရတော့ အားယူ၍ ပြောနေဟန် ရသည်ဟု ထင်၏။ စကားတခွန်း ပြောထွက်ဖို့ကို စိတ်ထဲက အတော်ကြိုးစားနေရသော လေသံမျိုး။

"ငါပြောချင်တာ မင်းကို။ ဒိုရီက မင်းဆီ ဖုန်းလှမ်းဆက်ပြီး ငါပြောမိဆိုမိတာတွေကို...၊ တောင်း...၊ တောင်းပန်စေချင်လို့လေ။ ငါလည်း...၊ ငါလည်း တောင်းပန်ချင်ပါတယ် လူးဝစ်"

ဘာရယ်။ ဘာကြောင့်လဲ။ ခင်ဗျားက မာနအိုးကွဲကြီးလေ အာဝင်ရဲ့။ ဘုရားရေ၊ အံ့ဩလွန်းလို့ သေးတောင် ပေါက်ချမိပြီလား မသိဘူး။

သို့သော် လူးဝစ်က ခြောက်ကပ်ကပ်နှင့် အသက်မပါသည့်လေသံဖြင့်

"တောင်းပန်စရာ မလိုပါဘူး" ဟု ပြန်ပြောလိုက်သည်။ ဂိုးမန်းက

"ငါ့လုပ်ရပ်က ခွင့်မလွှတ်နိုင်စရာပါလေ"

ဂိုးမန်းသည် စကားလုံးများကို ဖျစ်ညှစ်ပြောနေရသည်နှင့် မတူ၊ မထွေးနိုင် မအန်နိုင် ဖွင့်ဟပြောပြ နေသည်နှင့် တူလာ၏။

"ရေချယ်နဲ့ အယ်လီကို ငါတို့နဲ့ ထည့်ပေးလိုက်ဖို့ စဉ်းစားပေးတာ သိရတော့ မင်းဘယ်လောက် သဘောထားကြီးမှန်း ငါသိလိုက်ရတယ်။ ငါ ဘယ်လောက် သဘောထား သေးသိမ်ခဲ့သလဲ ဆိုတာကိုရောပေါ့"

သည်လေသံကို သိပ်ရင်းနှီးနေသလို ခံစားရသည်။ ကြောက်ဖို့ကောင်းလောက်အောင် ရင်းနှီးနေသလိုမျိုး။ နောက်တော့ သူသဘောပေါက်သွားသည်။ ထိုအခါ သံပုရာသီးကို အစိမ်းလိုက် ဝါးမိသလိုမျိုး ပါးစပ်ကို တင်း နေအောင် စေ့ထားလိုက်မိ၏။

နောက်ဆုံးတော့ ရေချယ်သည် သူမ အမှန်တကယ် အလိုရှိသည့် ဘဝမျိုးကို ပြန်ရောက်ရပြီ။ ဝမ်းသာပျော်ရွှင်မှုကို ဖုံးကွယ်ထားတာကမှ ရေချယ်။

သူတို့သားအဖတတွေ ပြန်လည် ပေါင်းစည်းကြပြီပေါ့လေ။ သောက်ကျင့်မကောင်းတဲ့ အဘိုးကြီး ဖြစ်သွားတာ ဆောရီးပါ လူးဝစ်ရယ်ပေါ့။ အခုတော့ သမီးနဲ့ မြေးက လေယာဉ်ပျံကြီး စီးပြီး သူတို့ကို အမြဲ တောင့်တနေ တဲ့ ဘိုးအေကြီးရင်ခွင်ထဲ ပြေးဝင်လာပြီဆိုတော့ သဘောထားကြီးနိုင်ပါပြီ ပေါ့။

ဟိုးအရင်က အာဝင်ဂိုးမန်းလိုပါပဲ၊ သူနိုင်ပါတယ်ပေါ့လေ။ ဒီတော့ မင်းရဲ့ သားလေးအလောင်း ထည့်ထားတဲ့ အခေါင်းကို တိုက်ချလိုက်တာတွေ၊ မင်း လဲကျသွားတဲ့အချိန်မှာ ဆောင့်ကန်ခဲ့တာတွေ၊ ခေါင်းတလားကို ထိမိလို့ ကလေးလက်တဖက် ဖျတ်ခနဲ မြင်ပြီး သေလုအောင် နာကျင်ခံစားရခဲ့တာ တွေကို မေ့ပစ်လိုက်တော့ပေါ့။ ပြီးခဲ့တာတွေ ပြီးပါစေပေါ့လေ။ ခင်ဗျားဟာ တော်တော်ရက်စက်တဲ့ လူကြီးပါလား အာဝင်ရဲ့။ ဖြစ်နိုင်ရင် အခု လောလောဆယ်

ခင်ဗျားကြီး ဖုန်းဆက်နေလျက်သား ခေါက်ခနဲ လဲသေ သွားရင် ကောင်းမယ်။ နေနှင့်ဦးပေါ့။

လူးဝစ်က

"ရပါတယ် မစ္စတာ ဂိုးမန်း။ အဲဒါက...၊ အဲဒီနေ့က ကျွန်တော်တို့အားလုံး လည်း စိတ်ထိခိုက် နေကြတာကိုး" ဟု ပြေပြေပြစ်ပြစ် ပြန်ဖြေလိုက်သည်။

"မရပါဘူး"

ဂိုးမန်းက မလျှော့ဘဲ အတည်ပေါက်လေသံဖြင့် ပြောသည်။ လူးဝစ် တွေးနေသလိုမျိုး သောက်ကျင့်ယုတ်၍ ခနဲ့နေခြင်း မဟုတ်ကြောင်း လက်မခံချင် ဘဲ လက်ခံရ၏။ ထို့နောက် အဘိုးကြီးက ငိုချလိုက်တော့မလိုမျိုး ချက်ချင်း လိုလို တုန်ယင်လှိုက်ခါသော လေသံဖြင့်

"အဲဒီနေ့ဟာ ငါတို့အားလုံးအတွက် တော်တော်ကို ဆိုးဝါးတဲ့နေ့ပဲ။ သမီးလေး စိတ်နာအောင် ငါလုပ်မိတယ်။ သူ ငါ့အကူအညီ လိုနေတဲ့အချိန်ကျမှ လုပ်မိတာ။ မင်းကိုလည်း နာကျင်အောင် လုပ်မိတယ်။ မင်းလည်း ငါ့ အကူအညီ လိုချင်လိုနေမှာပါပဲ။ ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာမှ အသုံးမဝင်တဲ့ အမှိုက်သက်သက်လို ခံစားရတယ်။ အေးပေါ့လေ၊ ခံစားသင့်ပါတယ်..."

တော်တော့၊ ခင်ဗျားကို အော်မထုတ်မိခင် ဒီစကား ဒီမှာတင် ရပ်လိုက်တော့။

"...ရေချယ် မင်းကို ပြောချင်လည်း ပြောပြမှာပါ။ တို့မှာ နောက်ထပ် သမီး တယောက် ရှိခဲ့တယ်"

"ဇဲလ်ဒါမဟုတ်လား။ သူ့အကြောင်း ရေချယ် ပြောပြဖူးပါတယ်"

ဂိုးမန်းက တုန်ယင်လှိုက်ဖိုသော လေသံဖြင့် ဆက်ပြောသည်။

"အဲဒီအချိန်က တို့အားလုံး နေရထိုင်ရ အတော်ကြီးကို ခက်ခဲခဲ့တယ်။ ရေချယ့်အတွက်တော့ အခက်ခဲဆုံးပေါ့။ ကေနွ္တ ဇဲလ်ဒါ ဆုံးချိန်မှာ ရေချယ် ရှိနေခဲ့တာကြောင့်လည်း ဖြစ်မယ်။ တကယ်တော့ တို့လင်မယားလည်း တရက်မှ စိတ်မချမ်းသာပါဘူးကွာ။ ဒိုရီဆိုလည်း ရှူးမတတ်ပဲ..."

လူးဝစ်စိတ်ထဲ၌ "ဩော် ရေချယ်ရော ဘာဖြစ်သွားလဲ ခင်ဗျား မသိဘူး လားဗျ၊ ဟင်" ဟု အော်မေးလိုက်ချင်၏။

ကလေးတယောက်ကရော

ရူးမသွားနိုင်ဘူးလား။

အနှစ်နှစ်ဆယ်လောက် ကြာပြီးတာတောင် အဲဒီ စိတ်ဒဏ်ရာအရိပ်မည်းကြီးလက်က မ လွတ်နိုင်ဘူး။ အခုတော့ သူ့ခမျာ စိတ်ထောင်းလို့ ကိုယ်ကြေရတာမှ အပိုင်းပိုင်းအစစပဲ။ ဆေးရုံမတင်ရတာပဲ ကံကောင်း။ ဒီတော့ ခင်ဗျားတို့ လင်မယား ဘယ်လောက်စိတ်မချမ်းသာရသလဲဆိုတာလောက်ကို စာလာဖွဲ့ ပြမနေနဲ့၊ ခွေးသူတောင်းစားကြီးရဲ့။

"…ဇဲလ်ဒါ ဆိုးကတည်းက သားသမီးဆိုလို့ ရေချယ်တယောက်ပဲ ငါတို့ မှာ ရှိတော့တာပါ။ ဒါကြောင့်မို့ မျက်စိအောက်က အပျောက်မခံသလို သူ့ ရှေ့ကနေ အမြဲကာကွယ်ပေးချင်ခဲ့တယ်။ သူ့ရဲ့ ဆိုးရွားမှုအတွက်၊ သူရင်ဆိုင်ခဲ့ ရတဲ့ ပြဿနာတွေ အတွက်၊ သူနဲ့အတူ ရှိမနေခဲ့မိတဲ့အတွက် တခုခုပြန် လုပ်ပေးချင်ခဲ့တယ်"

ဂိုးမန်းက ပြောရင်း ငိုချလိုက်လေ၏။ ငိုစရာအကြောင်း ဘာများ ရှိ သနည်း။ သည်လိုဆိုတော့ ဂိုးမန်းအပေါ် ထားရှိသည့် လူးဝစ်၏ အမုန်း တရားများကို အနှောင့်အယှက်ဖြစ်စေ၏။ ပိုဆိုးသည်က ယခုလို အခြေအနေမျိုး လုံးဝဖြစ်နိုင်စရာ မရှိခြင်းပင်တည်း။ မျက်လုံးထဲမှာ ဂျာကင်အင်္ကျီထဲ ချက်လက်မှတ်စာအုပ် နှိုက်နေသော ဂိုးမန်းအသွင်ကို တမင်မြင်ယောင်ကြည့်လိုက်၏။ သို့သော် ဂိုးမန်းနောက်ကွယ်၌ ရောဂါ ဝေဒနာကြောင့် အိပ်ရာပေါ်မှာ သရဲတစ္ဆေနှယ် လူးလွန့်နေသော အရိုးပေါ် အရေတင် ခန္ဓာကိုယ်နှင့် ဇဲလ်ဒါကို ရုတ်တရက် သွားတွေ့သည်။ ဇဲလ်ဒါ သည် ဂိုးမန်းတို့ တမျိုးနွယ်လုံးကို အမြဲ ခြောက်လှန့်နေမည့် တစ္ဆေ၊ ကြီး မြတ်၍ ဆိုးသွမ်းသော မှော်ဆရာ အော့ဇ်ပါပဲ။

"ကျေးဇူးပြုပြီး…၊ ထပ်မပြောပါနဲ့လား မစ္စတာ ဂိုးမန်း။ အဲ…၊ အာဝင်။ ဆိုးတာတွေကို ဒီထက် ပိုဆိုးအောင် မလုပ်ပါနဲ့တော့၊ နော်။ ဟုတ်ပြီလား"

"မင်းက လူကောင်းတယောက်မှန်း အခုတော့ ငါသိပါပြီ။ မင်းကို ငါအထင်မှားခဲ့တယ် လူးဝစ်။ ဒီမယ်၊ မင်းအခု ဘယ်လိုတွေးနေမလဲ ငါသိတယ်။ ငါ အဲဒီလောက် လုပ်မလား၊ မလုပ်ပါဘူး။ လုပ်တော့ လုပ်ခဲ့ပါတယ်၊ ဒါပေမဲ့ အခုလို အခြေအနမျိုးမှာ မင်းထင်သလို ငါမမိုက်ရိုင်းဘူး။ အခု ငါဒီ လိုတွေ ပြောနေတယ်ဆိုတာ ငါ့ဘက်က အလေးသာလို့လို့ မင်းထင်မယ်။ အရင်ကလည်း ရေချယ့်ကို ငါ့ဆီက ငွေနဲ့ဝယ်ဖို့ ကြိုးစားခဲ့တာပဲ၊ အခုတော့ သူလိုချင်တာ ရပြီပေါ့လို့ တွေးမယ်။ ဒါပေမဲ့ လူးဝစ်၊ ငါကျိန်တွယ်ပြောရဲပါ ရဲ့။ ငါလေ…"

"ထပ်မပြောပါနဲ့တော့ဗျာ…"

လူးဝစ်က ညင်သာစွာ ပြန်ပြော၏။ အခုတော့ သူ့လေသံလည်း တုန်ယင် လှိုက်ဖိုလို့ နေပါကလား။

"…ကျွန်တော် တကယ်၊ တကယ်မခံစားနိုင်တော့လို့ပါ။ နော်"

ဂိုးမန်းက သက်ပြင်းချကာ

"ကောင်းပါပြီ" ဟု ဆို၏။

ဂိုးမန်း စိတ်သက်သာရာ ရပြီး သက်ပြင်း ချလိုက်သည်ဟု သူထင်သည်။ ဂိုးမန်းက

"ဒါပေမဲ့ မင်းလက်ခံခံ မခံခံ နောက်တခါတော့ ထပ်တောင်းပန်ပါရစေ။ ဘာလို့လဲဆိုတော့ ငါဖုန်းခေါ်တာ အဲဒီအတွက်ကြောင့်မို့ပါ။ ငါ တောင်းပန် ပါတယ်"

လူးဝစ် မျက်လုံးမှိတ်ထားလိုက်မိသည်။ ခေါင်းနားပန်း ကြီးသွားသလို လည်း ခံစားရ၏။

“ဟုတ်ပါပြီ။ ကျေးဇူးတင်ပါတယ် အာဝင်။ တောင်းပန်တာကို ကျွန်တော် လက်ခံပါတယ်”

“ကျေးဇူးတင်ပါတယ်။ ပြီးတော့ သူတို့ကို လာခိုင်းတဲ့ အတွက်လည်း ကျေးဇူးပါ။ သူတို့ နှစ်ယောက် လုံးလည်း လာချင်နေမလား မသိဘူး။ လေဆိပ်မှာပဲ စောင့်နေမယ်နော်”

“ကောင်းပါပြီ”

ရုတ်တရက် အတော်လေးကို မိုက်မဲရူးနှမ်းသော အတွေးတခု ပေါ်လာသည်။ ပြီးခဲ့တာတွေကို ပြီးပါစေတော့။ ဂေ့ဂျ်ကိုလည်း ရှုခင်းသာမှာ အေးငြိမ်းချမ်းသာစွာ အိပ်စက်နေလိုက်စေတော့မည်။ ခေါင်းတလားကို ဖွင့်မည့်အစား ချက်နှစ်ထပ် ထိုးကာ အသေ ပိတ်ပစ်လိုက်တော့မည်။ သူဘာလုပ်တော့မည် ဆိုတာကို ဇနီးဖြစ်သူအား ဖွင့်ပြောပြလိုက်တော့မည်။ ရှေ့ လျှောက် ဘာဆက်လုပ်ကြမလဲ ပွင့်ပွင့်လင်းလင်း ဖွင့်ဟ တိုင်ပင်ကြမည်။ ရှိုင်းတောင်းကို လေယာဉ်ဖြင့် ပြန်မည်။ သူရယ်၊ သူ့ဇနီးရယ်၊ စိတ်ထား မွန်မြတ်သည့် သမီးကလေးရယ်နဲ့ တနွေလုံး အဲဒီမှာပဲ နေမည်။ တိရစ္ဆာန်ရုံ သွားမည်။ နက္ခတ်တာရာပြခန်း သွားမည်။ ရေကန်ထဲမှာ လှေ စီးမည်။ ဩဂုတ်လလယ်ကျမှ ဒီအိမ်ကို ပြန်လာမည်။ ထိုအခါ..။ ထိုအခါ ဤအိမ်သည် နာကျင်ကြေကွဲဖွယ်ရာများကို တဖန် ပြန်အမှတ်ရစေဦးမှာ လား။ ပြုသူအသစ်၊ ဖြစ်သူအဟောင်း ဆိုသည့်စကားလည်း ရှိသည်မ ဟုတ်လား။ နေရာအနှံ့ ပြန့်ကျဲနေသည့် သွေးစက်တွေသာ အရုပ်ဆိုးစွာ ခြောက်ကပ်၍ ကျန်ခဲ့မှာလား။ ဒါဆိုလျှင်ကော သားကလေး ဒုတိယအကြိမ် သေသွားသလို ခံစားရသည်နှင့် တူမနေဘူးလား။

သူ ဆက်မတွေးတော့ဘဲ ဖုန်းကို ခပ်သွက်သွက် ပြောချလိုက်သည်။

“ကျွန်တော် ဖုန်းချလိုက်တော့မယ် အာဝင်။ ရေချယ် လိုအပ်တာတွေ အကုန်ရော ပါသွားရဲ့လား သေချာအောင် တချက်လောက် သွားကြည့်ချင် လို့။ ပြီးတော့ စောစောအိပ်ခိုင်းလိုက်မလို့”

“ဟုတ်ပါပြီလေ၊ ဂွတ်ဘိုင်နော် လူးဝစ်။ နောက်တခါ ထပ်...”

နောက်တခါ ဆောရီး ထပ်ပြောလို့ကတော့ သူအော်ထုတ်လိုက်မိမှာ သေချာ၏။ သို့နှင့် လူးဝစ်ကပင်

“ဂွတ်ဘိုင် အာဝင်” ဟု အမြန် ဖြတ်ပြောကာ ဖုန်းချပစ်လိုက်လေသည်။

***

အပေါ်ထပ် တက်လာတော့ ရေချယ်က အဝတ်ပုံထဲ မြုပ်နေ၏။ အင်္ကျီတွေက အိပ်ရာပေါ်မှာ၊ ဘရာစီယာတွေက ကုလားထိုင်နောက်မှီမှာ။ ဘောင်းဘီရှည်တွေကို ချိတ်နှင့် ချိတ်ကာ တံခါးလက်ကိုင်ဘုမှာ တွဲလောင်းချိတ်ထား ပြီး ဖိနပ်တွေကို အတန်းလိုက် စီထား၏။ ကြည့်ရတာ လေးတိလေးကန် ထုပ်ပိုးနေပုံ ရသော်လည်း ကျကျနန လုပ်နေဟန် တူ၏။ အနည်းဆုံး လက် ဆွဲသေတ္တာ သုံးလေးလုံး စာလောက်တော့ ရှိလိမ့်မည်ဟု သူတွက်ကြည့် သော်လည်း

ဘာတခွန်းမျှ မဆိုဘဲ သူပါ ဝင်၍ ကူထည့်ပေး၏။

နောက်ဆုံးသေတ္တာထဲ ထည့်စရာ ရှိသည်များ ထည့်၍ ခလုတ်နှိပ် ချက်ချပြီးတော့ လူးဝစ်က သေတ္တာပေါ်တက်ထိုင်သည်။ ရေချယ်က

"လူးဝစ်၊ ကျွန်မကို ပြောစရာ တကယ်ဘာမှမရှိတာကော သေချာရဲ့လားဟင်"

"ဘုရားရေ၊ ဘာများလဲလို့ အချစ်ရယ်"

"ဘာမှန်းမသိလို့ မေးကြည့်တာပါ"

"ကို ဘာလုပ်မယ်လို့ ထင်လို့လဲကွာ။ ဘာလဲ၊ တိတ်တိတ်ကလေး ဖာသွားချမယ် ထင်လို့လား။ ဆက်ကပ်ပွဲထဲ လိုက်သွားမယ် ထင်လို့လား"

"မသိဘူးလေ။ ဒါပေမဲ့ တမျိုးကြီး ဖြစ်နေသလိုပဲ။

ကျွန်မတို့သားအမိကို ပထုတ်ဖို့ လုပ်နေသလားလို့"

"ရယ်စရာ ကောင်းလိုက်တာ ရေချယ်ရယ်"

စိတ်ထဲ၌ အောင့်သီးအောင့်သက် ဖြစ်သွားသဖြင့် လေသံထဲမှာ ဒေါသတဝက် ရောပါသွား၏။ ရေချယ်က ခပ်ယဲ့ယဲ့ ပြုံးကာ

"ကိုက လိမ်တဲ့နေရာမှာ ညံ့ပါသေးတယ်..."

သူက မဟုတ်ကြောင်း ငြင်းရန် ပြင်လိုက်စဉ် ရေချယ်က ဆက်ပြော၏။

"...အယ်လီကလေ ကို့ကို သေသွားတယ်လို့ မနေ့ညက အိပ်မက်မက် သတဲ့။ သူလန့်နိုးလာပြီး ငိုတယ်။ ကျွန်မလည်း သူနဲ့အတူ ရောငိုမိတယ်။ သုံးနာရီလောက်ကြာအောင် သူနဲ့အတူ အိပ်ပြီးမှ အိပ်ရာထဲ ပြန်ဝင်လာတာ။ အယ့်အိပ်မက်ထဲမှာ ကိုက မီးဖိုချောင်စားပွဲမှာ မျက်လုံးအပွင့် သား ထိုင်နေတယ်တဲ့။ ဒါပေမဲ့ ကိုအသက်မရှိတော့ဘူးဆိုတာ သူသိသတဲ့လေ။ ပြီးတော့ စတိဗ်မာစတာတန် အကျယ်ကြီး အော်လိုက်တဲ့ အသံကို ကြားရတယ်တဲ့"

လူးဝစ်က သူမအား တုန်လှုပ် ချောက်ချားစွာ ငေးကြည့်နေမိသည်။

"ရေချယ်ရယ်။ သူ့ခမျာ မောင်လေး ဆုံးထားရတာလေ။ တခြားမိသားစုဝင်တွေလည်း အဲဒီလို ဖြစ်သွားတယ်လို့ အိပ်မက်မက်တတ်တာက သဘာဝ ..."

"ဟုတ်ပါတယ်။ ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် အဲဒီလိုပဲ ဖြစ်မှာပါလို့ အားပေးတာပါပဲ။ ဒါပေမဲ့ သူပြောပုံက ဟိုလေ..၊ ကွက်ကွက်ကွင်းကွင်းကြီး ဆိုတော့ ကျွန်မစိတ်ထဲမှာ နိမိတ်ဖတ်သလိုမျိုး..."

ရေချယ်က ဆက်မပြောဘဲ နုံးချည့်စွာ ရယ်၍

"...ဟိုကို ကိုပါ လိုက်ခဲ့ပါလားဟင်"

"အင်း၊ လိုက်ဖြစ်မှာပါ"

နိမိတ်ဖတ်သလိုမျိုးတဲ့။

"အတူတူ အိပ်ကြရအောင်နော်။ ဗေလီယမ်က လူတအားနုံးတာပဲ။ ထပ်သောက်ရမှာ ကြောက်တယ်၊ မသောက်ချင်တော့ဘူး။ ကျွန်မလည်း ကိုယ့်အိပ်မက်နဲ့ကိုယ်မို့သာ"

“ဘာအိပ်မက်တုံး”

“ဖဲလ်ဒါပေါ့။ ဂေ့ဂျ်ဆုံးကတည်းက ပြီးခဲ့တဲ့ညတွေမှာ ကျွန်မအိပ်ပျော်သွားရင် အိပ်မက်ထဲမှာ ဖဲလ်ဒါ ရောက်ရောက်လာတယ်။ ကျွန်မဆီ လာတာတဲ့။ သူရော ဂေ့ဂျ်ပါ သေရတဲ့အတွက် ကျွန်မကိုပါ လာခေါ်တာတဲ့လေ”

“ရေချယ်ရယ်၊ အဲဒါက……”

“အိပ်မက်မှန်း သိပါတယ်။ အဲဒါမျိုးတွေလည်း ထပ်မမက်ချင်တော့ဘူး။ ကျွန်မနဲ့အတူတူ အိပ်ရာဝင်ရအောင်နော်။ ကိုရှိနေရင် မမက်လောက်ပါဘူး”

****

နှစ်ယောက်သား အမှောင်ထဲက အိပ်ရာပေါ်မှာ လှဲနေမိသည်။

“ရေချယ်၊ မအိပ်သေးဘူးလား”

“အင်း”

“ကို့ကို တခုလောက် မေးချင်လို့”

“မေးလေ”

သူမကို ပို၍ နာကျင်စေဖို့ မရည်ရွယ်သော်လည်း အဖြေကို သူသိရမှ ဖြစ်မည်။

“ဂေ့ဂျ် ကိုးလသားတုန်းက ကိုတို့ သူ့အတွက် စိတ်ပူခဲ့ရတာ မှတ်မိသေးလား”

ဂေ့ဂျ်ကိုးလသားတုန်းက ဦးခေါင်းခွံ အရွယ်အစား ကြီးထွားနှုန်းနှင့် ပတ်သက်ပြီး အကြီးအကျယ် စိုးရိမ်ခဲ့ဖူးသည်။ လေးလသားမှစတင်ကာ ဂေ့ဂျ်၏ ဦးခေါင်းခွံရှိ နောက်စေ့ခုံးပုံက ပုံမှန်ရှိသင့်သည်ထက်ပို၍ အလွန်အမင်း ပြန့်ကားလာသဖြင့် ဦးနှောက်ထဲ ရေအိတ်တည်တာတွေဘာ တွေ ဖြစ်လာမှာစိုးသဖြင့် မစ်ဝက်စ်ရှိ ဦးနှောက်နှင့် အာရုံကြောပါရဂူ ဂျော့တာဒစ်ဖ်ထံ သွားပြကြည့်သည်။ ဆရာဝန်ဖြစ်သည့် လင်သည်ကိုယ်တိုင်က စိတ်ပူတော့လည်း ရေချယ့်မျက်နှာက ဆီးရွက်လောက်သာ ရှိတော့သည်။ သို့သော် တည်တည်ငြိမ်ငြိမ် နေနိုင်ခဲ့၏။

“အင်း၊ မှတ်မိတာပေါ့။ ဘာလို့လဲ။ ကျွန်မအတွက်တော့ သာမန်ဖြစ်ရိုးဖြစ်စဉ်လိုပါပဲ”

လူးဝစ်က ခေါင်းညိတ်ကာ

“ကိုလည်း သူ့အတွက် စိတ်ပူရပါတယ်။ ကိုကတော့ ဒါကို ဥပေက္ခာ ပြုမထားချင်ဘူးကွယ်”

“မပြုရပါဘူး။ ပြုလည်း မပြုပါဘူး”

တာဒစ်က ဂေ့ဂျ်၏ ဦးခေါင်းကို တိုင်းတာ၍ မျက်မှောင်ကြုတ်ပြီး ဂေ့ဂျ် မျက်နှာကို လက်နှစ်ချောင်းနှင့် တို့ကြည့်သည်။ ဂေ့ဂျ်က တွန့်ခနဲ ဖြစ်သွားတော့ တာဒစ်ဖ်က ပြုံးသည်။ သည်လိုတွေ့ရတော့ လူးဝစ် အနည်းငယ် စိတ်အေးသလို ဖြစ်သွား၏။ တာဒစ်ဖ်က ဂေ့ဂျ်ကို ဘောလုံးလေးတလုံး ပေးကိုင်လိုက်တော့ ဂေ့ဂျ်က

ခဏကိုင်၍ လွှတ်ချလိုက်သည်။ တာဒစ်ဖ်က ဘောလုံးကို သွားကောက်ကာ ပုတ်ပြတော့ ဂေ့ဂျ်မျက်လုံးကလေးများက ဘောလုံးကို လိုက်ကြည့်နေ၏။ နောက်ကျတော့ တာဒစ်ဖ်က လူးဝစ်အား သူ့ရုံးခန်းထဲ ခေါ်ပြောသည်။

"ဦးနှောက်ထဲ ရေအိတ်တည်တာမျိုး ဖြစ်နိုင်တာက ၅၀-၅၀ ပဲလို့ ပြောချင်တယ်။ သူက သိပ်သတိရှိပုံ ရပါတယ်။ တကယ်လို့ ပြဿနာတခုခု ရှိလာရင်လည်း shunt operation လုပ်လိုက်ရင် အလွယ်ကလေး ပြီးပါတယ်"

" shunt လုပ်တယ်ဆိုတာ ဦးနှောက်ခွဲစိတ်တာပဲ မဟုတ်လား"

"အသေးစား ဦးနှောက်ခွဲစိတ်မှုပါ..."

သို့သော် ဂေ့ဂျ်၏ ဦးခေါင်းအရွယ်အစားနှင့် shunt operation အကြောင်း သူလေ့လာကြည့် သလောက် ဂေ့ဂျ်အတွက်တော့ အသေးစားခွဲစိတ်မှုဖြစ်ပုံ မရကြောင်း သိထားသည်။ သို့သော် ဤသို့သော ကုသမှုမျိုး ရှိနေခြင်းကပင် ဝမ်းသာရမည်ဟု ကိုယ့်ကိုယ်ကိုယ် အားတင်းကာ ပါးစပ်ပိတ်၍ နေ လိုက်၏။ တာဒစ်ဖ်က ဆက်ပြောသည်။

"...ကိုးလသားအရွယ် ကလေးတယောက်အတွက်တော့ ခင်ဗျားရဲ့သား ဦးခေါင်းက ကြီးတာ ဟုတ်တယ်။ စီအေတီစကင်န် စဖတ်ထားရင်တော့ အကောင်းဆုံးလို့ ထင်တာပဲ။ သဘောတူရဲ့လား"

လူးဝစ် သဘောတူပါသည်။ သို့နှင့် Our Sisters of Charity ဆေးရုံမှာ ဂေ့ဂျ်ကို တည မေ့ဆေးပေးကာ အကျီအခြောက်ခံစက်အကြီးစားနှင့်တူသော စက်ကိရိယာထဲသို့ အိပ်ပျော်နေသော ဂေ့ဂျ်၏ ဦးခေါင်းကို ထည့်ထားရသည်။ သူနှင့် ရေချယ်က ဆေးရုံအောက်ထပ်မှာ စောင့်ကြပြီး အယ်လီကိုတော့ အဘိုးနှင့် အဘွားအိမ် ပို့ထားလိုက်သည်။ လူးဝစ်အတွက်တော့ နာရီ၊ မိနစ်၊ စက္ကန့်တွေ ကြာလေ ရင်မောရလေပင်။ မေ့ဆေးလွန်၍များ သေ သွားမလား၊ shunt operation လုပ်ရင်းများ သေသွားမလား၊ ဦးနှောက် တွင်း ရေအိတ်တည်ခြင်းကြောင့် မျက်စိတွေများ ကန်းကျန်ခဲ့မလား၊ ဝက်ရူးပြန်ရောဂါများ ဖြစ်လာမလား စသည့် ဖြစ်နိုင်ချေပေါင်း သောင်းခြောက်ထောင်လောက်ကို လျှောက်တွေးနေမိ၏။ ဆရာဝန်တယောက်မို့ သာမန်လူတွေ မသိနိုင်သော ရောဂါအမယ်ပေါင်း တသောင်းလောက်ကိုလည်း သိနေရသည်။

မနက် ငါးနာရီဝန်းကျင်မှာ waiting room ထဲကို တာဒစ်ဖ်က ဆေးပြင်းလိပ်သုံးလိပ် ကိုင်ပြီး ဝင်လာသည်။ တလိပ်ကို လူးဝစ်ပါးစပ်ထဲ၊ တလိပ်ကို အံ့အားသင့်၍ အဟောင်းသားဖြစ်နေသော ရေချယ့်ပါးစပ်ထဲ၊ တလိပ်ကို သူ့ပါးစပ် ထည့်သည်။

"ကလေးက ဘာမှမဖြစ်ဘူး။ ဦးနှောက်ထဲမှာလည်း ရေအိတ်တည်မနေဘူး"

ထိုတော့မှ ငိုထားသော မျက်နှာနှင့် ရေချယ် ပြုံးလာကာ

"မီးညှိလိုက်စမ်းပါရှင်။ ကျွန်မ အန်ထွက်တဲ့အထိ သောက်ပစ်လိုက်တော့မယ်" ဟု ဆို၏။

တာဒစ်ဖ်က နှုတ်ခမ်းတဖက် တွန့်၍ ပြုံးကာ ဆေးပြင်းလိပ်ကို မီးညှိပေးသည်။

အဲဒီတုန်းက ဘုရားသခင်ဟာ ဇေ့ဂျ်ကို အမှတ် ၁၅ လမ်းမကြီးအတွက် ကယ်တင်ခဲ့တာပေါ့ ဒေါက်တာ တာဒစ်ဖ်ရယ်။

“ဒီမယ် ရေချယ်။ တကယ်လို့ သူသာ ဦးနှောက်ထဲ ရေအိတ်တည်ခဲ့ရင်၊ shunt လုပ်တာတောင် ကုမရခဲ့ဘူးဆိုရင် မင်း သူ့ကို ချစ်နိုင်ပါ့မလားဟင်”

“ကို့မေးခွန်းကြီးကလည်း…”

“ပြောပါ၊ ချစ်နိုင်ပါ့မလားလို့”

“ချစ်နိုင်တာပေါ့၊ ချစ်မှာပေါ့။ ဇေ့ဂျ် ဘာဖြစ်နေနေ ကျွန်မကတော့ ချစ်မှာပဲ”

“ဉာဏ်ထိုင်းနေရင်ကော”

“ချစ်မှာပါပဲ”

“သူ့ကို ကျောင်းမပို့ဘဲ အိမ်မှာပဲ စာသင်ပေးချင်လား”

ရေချယ်က စဉ်းစဉ်းစားစားဖြင့်

“ဟင့်အင်း၊ အဲဒီလိုဖြစ်မယ်တော့ မထင်ပါဘူး။ ကိုရှာနိုင်တဲ့ ငွေပမာဏနဲ့ ဆို ကျောင်းကောင်းကောင်းမှာ ထားလို့ရတာပဲဟာ။ ဟိုလေ၊ သင်ပေးမှ ရ မယ်ဆိုရင်တော့ သင်ပေးမှာပေါ့။ နေပါဦး၊ ကိုက ဘာဖြစ်လို့ ဒီလိုမေးတာ လဲ”

“ဘာဖြစ်လို့လဲဆိုတော့၊ အင်း။ ကို့စိတ်ထဲ ဇဲလ်ဒါ့အကြောင်း သွားတွေးမိ လို့ဖြစ်မယ်။ တကယ်လို့များ ရေချယ့်အနေနဲ့ အဲဒီလိုအခြေအနေမျိုး နောက် တခါ ထပ်ကြုံရရင် ဘယ်လိုနေမလဲ သိချင်လို့ပါ”

အတော့်ကို သွက်သွက်လက်လက် ပြန်ဖြေလိုက်နိုင်သဖြင့် သူ့ကိုယ်သူပင် အံ့သြမိသည်။ ရေချယ်က

“ဩော် အခြေအနေချင်းမှ မတူဘဲ။ ဇေ့ဂျ်ကျတော့…၊ အင်း။ ဇေ့ဂျ်က ဇေ့ဂျ် လေ၊ ကျွန်မတို့ သားလေ။ ဒီတခုနဲ့တင် အရမ်းကွာသွားပြီ။ ခက်တော့ ခက်ခဲမှာပဲ။ ဒါပေမဲ့…၊ ကိုကရော ဇေ့ဂျ်ကို ကျောင်းမထားချင်ဘူးလား။ ပိုင်း လန်းတို့ဘာတို့လို နေရာမျိုးမှာလေ။ ကဲပါ အိပ်ကြစို့”

“ကောင်းတာပေါ့”

“အခုလောက်ဆို ကျွန်မ အိပ်လို့ ရပြီထင်တာပဲ။ ဒီတညကို မြန်မြန်ကုန် ချင်လှပြီ”

“ကုန်တော့မှာပါ”

အချိန်အတော်ကြာပြီးနောက် ရေချယ်က ငိုက်မြည်းလာသံဖြင့်

“ကိုပြောတာ မှန်တယ်။ အိပ်မက်တွေပါပဲ…”

သူက ရေချယ့်နားသီးကလေးကို နမ်း၍ဒါပေါ့ကွယ်။ ကဲ အိပ်တော့”

ကျွန်မစိတ်ထဲမှာ နိမိတ်ဖတ်သလိုမျိုးတဲ့လား။

အချိန်အတော်ကြီး ကြာတော့မှ သူအိပ်ပျော်သွားသည်။ မအိပ်ခင်မှာ ပြတင်းပေါက်မှတဆင့် သူ့ကို လှမ်းကြည့်နေသော ကောင်းကင်က လက်သည်းရာ

လခြမ်းကွေးကို ငေးကြည့်နေမိခဲ့သည်။

****

အခန်း (၄၃)

နောက်တနေ့သည် မိုးအုံ့သော်လည်း ပူနွေးလှ၏။ ရေချယ်နှင့် အယ်လီတို့၏ အိတ်ကြီးအိတ်ငယ် အသွယ်သွယ်ကို ကွန်ပျူတာရှေ့ တင်၍ လက်မှတ်စစ်ပြီးသောအချိန်တွင် လူးဝစ်တယောက် ချွေးပြိုက်ပြိုက် ကျနေလေပြီ။ သို့သော် ယင်းသို့ အလုပ်ရှုပ်သည်ကိုပင် လက်ဆောင်တခု ရသလို ကျေကျေနပ်နပ် ဆောင်ရွက်လိုက်သည်။ နောက်ဆုံးတော့ ကျေးဇူး တော်နေ့မှာ မိသားစုကို ရီကာဂိုသို့ သွားမည့်လေယာဉ်ပေါ် တင်ပေးလိုက် နိုင်ပြီ။ အယ်လီကတော့ သည်မနက် သူ့ကို ခပ်ခွာခွာ လုပ်နေပြီး ကြည့် လိုက်တိုင်း ဘာမှန်းမသိ တမျိုးဖြစ်နေသည့်အသွင်ကို မျက်နှာမှာ မြင် ရ၏။

မနက်စာ စားနေတုန်း သူတို့လင်မယားက အယ့်အား သားအမိနှစ် ယောက် ရီကာဂိုကို သွားကြမည်၊ တနွေလုံးလည်း နေဖြစ်ချင်နေဖြစ်မည် ဟု အသိပေးတော့ သူမက ဘာမှပြန်မပြောဘဲ ကိုကိုးဘဲရ်ကိုသာ ဆက်စား နေ၏။ စားသောက်ပြီးတော့ အပေါ်ထပ်ကို တိတ်ဆိတ်ငြိမ်သက်စွာ ပြန် တက်၍ အဝတ်အစား လဲသည်။ ရေချယ် ထုတ်ပေးသော ဖိနပ်ကို ဝတ်သည်။ လေဆိပ်ရောက်သည်အထိ ဂွေ့ဂျီခေတ်ပုံကို ကိုင်လာသည်။ လက်မှတ်စစ်ဖို့ လူတန်းထဲ လူးဝစ် ဝင်စီသည့်အခါမှာလည်း အယ်လီက ပလတ်စတစ် ထိုင်ခုံတလုံးမှာသာ ငြိမ်သက်စွာ ထိုင်စောင့်နေ၏။

လေယာဉ်မထွက်ခင် မိနစ်လေးဆယ်မှာ ဂိုးမန်းတို့လင်မယား ပေါ်လာသည်။ အပူချိန် ၆၀ ဒီဂရီလောက် ရှိသည့်တိုင် အာဝင်က ကက်ရှ်မီးယားကုတ်အင်္ကျီ ဝတ်ထားသော်လည်း ချွေးထွက်ခဲ့ပုံ မရဘဲ သပ်သပ်ရပ်ရပ် ဖြစ် နေ၏။ ဒိုရီက ရေချယ်တို့သားအမိနှင့်အတူ ဝင်ထိုင်နေစဉ် အာဝင်က ဗလင် ကောင်တာဆီ သွားကာ သူ့ကားကို စစ်သည်။

လေယာဉ်စောင့်ရန် သွားကြတော့ သူနှင့် ဂိုးမန်းတို့ ဆုံကြသည်။ လူးဝစ် က သူ့အား ဂိုးမန်းက တသားသားနှင့် ခေါ်နေမှာ စိုးရိမ်မိသော်လည်း ဂိုးမန်းက ဟဲလိုဟု ဆိုကာ လက်ဆွဲနှုတ်ဆက်ရုံလောက်နှင့် ရပ်သွား၏။ ဂိုးမန်း၏ လျှင်မြန်၍ ရှက်ကိုးရှက်ကန်းဖြစ်နေသော အကြည့်တချက်တွင် သူ့အား သမက်အဖြစ် အသိအမှတ်ပြု လက်ခံလိုက်ပြီမှန်း သေချာသော အရိပ်အယောင်များကို တွေ့လိုက်ရသည်။ သူက သည်အဘိုးကြီး မူးများ လာသလားဟုပင် ယောင်ရမ်း၍ တွေးမိလိုက်သေး၏။

သူတို့မြေးအဘိုး၊ သားအမိတစု စက်လှေကားနှင့် တက်ကာ လေယာဉ် စောင့် ခန်းမမှာ သွားထိုင်ကြသည်။ စကားတော့ သိပ်မပြောဖြစ်ကြ။ ဒိုရီက အဲရစ်ကာဂျောင်း၏ ဝတ္ထုတအုပ်ကို ကိုင်ထားသော်လည်း ဖွင့်မဖတ်ဘဲ အယ့် လက်ထဲမှာ ကိုင်ထားသော ခေတ်ပုံကိုသာ အနည်းငယ် ထူးဆန်းနေ ပုံမျိုး လှမ်းလှမ်းကြည့်နေ၏။

လူးဝစ်က သမီးဖြစ်သူကို စာအုပ်ဆိုင်သွား၍ ဖတ်စရာတခုခု ယူသွားမ လားဟု မေးတော့ အယ်လီက ထူးဆန်းသော အကြည့်ဖြင့်သာ ငေးကြည့် နေပြန်၏။

ထိုအကြည့်ကို သူမကြိုက်ပါ။ ထိုအကြည့်ကြောင့် စိတ်ထဲမှာ စ နောင့်စနင်း ဖြစ်ရ၏။

"ဘိုးဘိုးနဲ့ ဘွားဘွားဆီမှာ လိမ်လိမ်မာမာ နေမှာလား"

"ဟုတ်ကဲ့။ ကျောင်းစောင့်ကြီးက သမီးကို လာခေါ်မှာလား ဖေဖေ။ သူက ကျောင်းပြေးတဲ့သူတွေကို လိုက်ဖမ်းနေတယ်လို့ အန်ဒီပက်စီရော်ကာက ပြောတယ်"

"ဒီအတွက်တော့ စိတ်မပူနဲ့။ ကျောင်းကိစ္စကို ဖေဖေ့တာဝန်သာ ထား။ ဆောင်းဦးပေါက်ကျရင် ဘာအခက်အခဲမှ မရှိဘဲ ကျောင်းပြန်တက်နိုင် အောင် ဖေဖေ လုပ်ပေးမယ်"

"ဆောင်းဦးပေါက်ကျရင် သမီးလည်း အဆင်ပြေမယ် ထင်ပါတယ်။ အရင်က တခါမှ ပထမတန်း မတက်ဖူးဘူးလေ။ မူကြိုပဲ တက်နေရတာ။ ပထမ တန်းမှာ ဘာလုပ်ရလဲ မသိဘူး။ အိမ်စာပဲ လုပ်ရမှာပါလေ"

"သမီးလေး အဆင်ပြေမှာပါ"

"ဘိုးဘိုးကို ဒေါ်ခီးနေတုန်းပဲလား ဖေဖေ"

အယ်လီအမေးကြောင့် သူပါးစပ်အဟောင်းသား ဖြစ်သွား၏။

"သမီးက ဘာလို့ အဲဒီလို ထင်ရတာတုန်းကွာ။ သမီးအဘိုးကို ဖေဖေက သဘောမကျတဲ့ပုံများ ပေါက်နေသလား"

အယ်လီက သူ့အဖြေကို သိပ်စိတ်မဝင်စားသလိုမျိုး ပခုံးတွန့်ပြကာ

"ဖေဖေ သူ့အကြောင်းပြောရင် ဒေါ်ခီးနေတဲ့ပုံပေါက်နေလို့လေ"

"ဒေါ်ခီးတယ်လို့ ပြောတာ ရိုင်းတယ်လေ အယ်လီရဲ့"

"ဆောရီးပါ ဖေဖေ"

အယ်လီက သူ့အား မကြာခင် သေတော့မှာ သိနေသလိုမျိုး ထူးဆန်းစွာ ကြည့်ရင်း မာဆာမေယာ၊ မောရစ္စဆန်းဒက်၊ ရစ်ချတ်စကာရီ၊ ဘီးထရ စ္စပေါ်တာနှင့် နာမည်ကျော် ဒေါက်တာဆူးတို့၏ စာအုပ်များရှိရာ ကလေးစာအုပ်တန်းဘက် အကြည့်ရွှေ့သွား၏။

ငါ့အကြံကို သူတို့သားအမိ ဘယ်လိုသိသွားပါလိမ့်၊ သိတော့ သိနေမှာပဲ။ အယ်လီက ဘယ်လိုသိသွားတာပါလိမ့်။ သူနဲ့ ဘယ်လိုပတ်သက်လို့လဲ။ အဲဒီ ဖြူရော်နေတဲ့ သမီးလေးရဲ့ မျက်နှာနောက်ကွယ်မှာ ဘာရှိနေသလဲ။

"ဒါတွေ ယူလို့ ရလား ဖေဖေ"

အယ်လီက ဒေါက်တာဆူးတအုပ်နှင့် သူကလေးဘဝကတည်းက မမြင် ဖူးသော စာအုပ်တအုပ်ကို ထောင်ပြ၏။ ကပ္ပလီလေး ဆမ်ဘူးနှင့် ကျား တွေ သူ့အဝတ်အစားများအား ချီသွားကြပုံဟူသော စာအုပ်နာမည်ကြောင့် လူးဝစ်စိတ်ထဲ ရယ်ချင်ပက်ကျိ ဖြစ်သွား၏။

"ရတယ်လေ"

ကောင်တာမှာ ငွေရှင်းဖို့ တန်းစီတော့ သူက အယ့်အား

"သမီးဘိုးဘိုးနဲ့ ဖေဖေတို့ တယောက်နဲ့တယောက် အဆင်ပြေသွားပြီ" ဟု

ပြောရင်း မိခင်ဖြစ်သူ လုပ်ကြံဖန်တီးပြောပြခဲ့သော ကလေးလိုချင်သည့် အခါ ရလာပုံကို သွားသတိရ၏။

ငါ့ကလေးကျလျှင် ဘယ်တော့မှ လိမ်မပြောဟူသော ကိုယ့်ကိုယ်ကိုယ် ပေးထားသည့် ခပ်ကြောင်ကြောင် ကတိစကားကိုလည်း အမှတ်ရမိသည်။ ပြီးခဲ့သည့် ရက်တွေကတော့ ဘယ်လိုလိမ်လျှင် ကောင်းမည်နည်း တွေးနေ ခဲ့ပြီး အခုကျမှ...။ သူ ဆက်မတွေးတော့ဘဲ ရပ်လိုက်သည်။ သို့သော် ငြိမ်နေ ရတာ အဆင်မပြေသောကြောင့် အယ့်အား

"ရှိကာဂိုမှာ ပျော်မယ်ထင်လား" ဟု မေးလိုက်၏။

"ဟင့်အင်း"

"ဘာဖြစ်လို့ မပျော်ရမှာတုန်း"

အယ်လီက သူ့အား ခုနကလို အသွင်မျိုးဖြင့် မော့ကြည့်ရင်း

"သမီးကြောက်တယ်"

လူးဝစ်က အယ့်ခေါင်းပေါ် လက်ဖဝါးတဖက် တင်ကာ

"ကြောက်တယ် ဟုတ်လား။ ဘာလို့ ကြောက်တာလဲကွယ့်။ သမီးကလေယာဉ်စီးတာလည်း မကြောက်တတ်ပါဘူး"

"အဲဒီလို မဟုတ်ဘူး။ ဘာကို ကြောက်မှန်း မသိဘူး ဖေဖေ။ အိပ်မက်ထဲ မှာ သမီးတို့ ဂေ့ဂျ်ရဲ့ စျာပန ရောက်နေတယ်။ နာရေးစီစဉ်တဲ့ လူကြီးက အခေါင်းကို ဖွင့်လိုက်တော့ အထဲမှာ ဘာမှမရှိဘဲ အလွတ်ကြီး ဖြစ်နေတယ်။ နောက်တော့ သမီး အိမ်ကို ရောက်သွားရော။ အဲဒီမှာ ဂေ့ဂျ်ရဲ့ပုခက် ထဲကို ကြည့်လိုက်တော့လည်း မြေကြီးတွေကလွဲပြီး ဘာမှမရှိဘူး"

လာဇရု၊ ထလော့။

လပေါင်းအတော်ကြာပြီးမှ ပထမဆုံးအကြိမ်အဖြစ် ပတ်စ်ကောင်းသေ အပြီး သူမက်သည့် ခြောက်အိပ်မက်၊ အိပ်မက်မက်ပြီး နိုးလာတော့ ခြေထောက်မှာ ပေပွနေသည့် မြေကြီးနှင့် နွံ့စက်များ၊ ထိပ်ချွန် ထင်းရှူးရွက် များ စသည်တို့ကို သွားသတိရကာ လည်ကုပ်က အမွေးအမှင်တွေ ထောင်ထလာ၏။

"အိပ်မက်ပဲဟာ၊ ပြီးရင်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားမှာပါ"

အယ်လီကို နှစ်သိမ့်လိုက်သော သူ့လေသံက သူ့နားထဲမှာတော့ ဘာမှမ ဖြစ်သလိုပင်။

"ဖေဖေ့ကိုလည်း သမီးတို့နဲ့အတူ လိုက်စေချင်တယ်။ ဒါမှမဟုတ် ဒီမှာပဲ နေရစ်ခဲ့တော့မယ်။ သမီးတို့ နေခဲ့လို့ ရတယ်မလား ဖေဖေ။ ဘိုးဘိုးတို့ဆီ မ သွားချင်ဘူး။ ကျောင်းပဲ ပြန်တက်ချင်တယ်။ ရလားဟင်"

"ခဏလေးပဲကို အယ်လီရယ်။ ဖေဖေ့မှာ..."

သူက ပြောရင်းတန်းလန်းနှင့် တံတွေးတချက် မျိုချပြီးမှ

"...လုပ်စရာလေး နည်းနည်း ကျန်နေသေးလို့ပါ။ ပြီးရင် သမီးတို့ဆီ လိုက် လာမှာပဲဟာ။ အဲဒီကျမှ နောက်လုပ်စရာရှိတာ ဆက်ဆုံးဖြတ်လို့ရမှာပေါ့"

အငြင်းအခုံတော့ ဖြစ်တော့မည်ဟု ထင်လိုက်သည်။ အယ်လီသည် သူမ လုပ်နေကျအတိုင်း အော်ငိုလျှင်တောင် ငိုနိုင်၏။ ခုနက အကြည့်ပျောက် သွားလျှင်ပြီးရော၊ ငိုချင်ငိုပါစေ။ သို့သော် အယ်လီသည် တခုခုကို နက်နက်နဲနဲ တွေးနေသည့်ပုံမျိုး ဖြူဖပ်ဖြူရော်နှင့် ငြိမ်သက်နေလေ၏။ အယ်လီက သူကြားချင်တာထက် ပိုပြောထားပြီး ဖြစ်သောကြောင့် တခုခု ထပ်မေးလို့ ရနိုင်သော်လည်း သူမမေးရဲတော့ချေ။

****

ခန်းမထဲ သားအဖနှစ်ယောက် ပြန်ရောက်လာပြီး မကြာခင် လေယာဉ် ထွက်တော့မည်ဖြစ်ကြောင်း ကြေညာသံ ထွက်လာကာ လေယာဉ်ပေါ် တက်ရန် တန်းစီကြသဖြင့် လူးဝစ်က ဇနီးသည်ကို ပွေ့ဖက်၍ နှုတ်ဆက်အ နမ်း ပေးသည်။ ရေချယ်က သူ့ရင်ခွင်ထဲ ခဏလောက် မှီနေပြီးမှ လွှတ်ပေး၏။ သူက အယ့်ကို ချီကာ ပါးကို နမ်းသည်။ အယ်လီက အကြားအမြင်ဆရာမတယောက်၏ မျက်လုံးမျိုးဖြင့် သူ့ကို ရှုတည်တည် စိုက်ကြည့်သည်။

"သမီး မသွားချင်ဘူး။ မေမေ့ကိုလည်း မသွားစေချင်ဘူး"

အယ်လီက လူးဝစ်ကြားလောက်ရုံလေသံဖြင့် တိုးညင်းစွာ ထပ်ပြောသည်။

"အယ်လီကလည်းကွာ၊ အဆင်ပြေသွားမယ့်ဟာကို"

"သမီးက အဆင်ပြေမှာပါ။ ဖေဖေကရော၊ ဖေဖေ့အတွက်ကျတော့ရော"

လေယာဉ်ပေါ် တက်မည့် လူတန်းက စရွေ့လာသည်။ ရေချယ်က အယ့်လက်ကို လာဆွဲတော့ ရှောင်ဖယ်သွားကာ ဖအေဖြစ်သူကိုသာ သေချာ စိုက်ကြည့်နေ၏။ မသွားပါရစေနဲ့ ဖေဖေရယ်၊ နော်ဟုဆိုကာ ဂျီကျနေလျှင်အခက်။

"၈၇၈၇..."

"လိုက်သွားပါ အယ်လီရယ်၊ နော်"

ရေချယ်က အယ့်ကို ကြည့်ရင်း သူမ၏ အိပ်မက်မက်နေသူလို ရီဝေ ဝေးမောနေဟန်ကို အခုမှ စတွေ့သွား၏။

"အယ်လီ..၊ တန်းစီရတော့မယ်လေ သမီး"

ရေချယ့်လေသံက တမျိုးတမည် ထိတ်လန့်နေသည်ဟု သူထင်မိသည်။ အယ်လီက နှုတ်ခမ်းလေးများ တဆတ်ဆတ် တုန်ယင်ကာ ဖြူဖပ်ဖြူရော် ဖြစ်လာ၏။ ထို့နောက် အယ်လီက လူတန်းထဲ သွားစီကာ သူ့ကို သမင်လည် ပြန် လှည့်ကြည့်သည်။ ထိုအခါ အယ့်မျက်နှာပေါ်က တုန်လှုပ် ချောက်ချား နေဟန်ကို သူမြင်ရ၏။ သူ ယောင်တိယောင်နဖြင့် လက်ပြ၍ နှုတ်ဆက်လိုက်သည်။

သို့သော် အယ်လီကတော့ ပြန်မနှုတ်ဆက်ချေ။

*****

အခန်း (၄၄)

လေဆိပ်ထဲက ထွက်လာတော့မှ စိတ်အေးသလို ဖြစ်ကာ ဆက်လုပ်ရမည် တို့ကို အစီအစဉ် ချကြည့်သည်။ ဘန်ဂါမြို့ရှိ ပန်နေ့ဘ်စကော့မြစ်တဖက် ကမ်းက ဘာရူးဝါးမြို့ကို ကားမောင်းသွားသည်။ ကားကို ပါကင်ထိုးကာ လမ်းတဖက်ရှိ Watson's ကုန်မာဆိုင်ထဲ ဝင်သွားတော့ စာရေးက

"ဘာကူညီပေးရမလဲ"

"အင်း၊ လေးထောင့်ပုံစံ ခေတ်မီးကြီးတလက်နဲ့ ဆောင်းလို့ရမယ့်ဟာ တခုခုပေါ့"

စာရေးသည် ပိန်ပိန်ပါးပါး နဖူးပြောင်ပြောင်နှင့် စူးရှသော မျက်လုံးများ ရှိ၏။ သူက ပြုံးပြသော်လည်း ထူး၍ ဖော်ရွေသွားဟန် မပေါ်။

"ဘယ်သွားစားပြတိုက်မလို့လဲ နောင်ကြီးရဲ့"

"ဘာကို ပြောတာလဲ မသိဘူး"

"ဩော် ညကြီးမင်းကြီး သမင်လိုက်ဖမ်းမလို့လားလို့"

လူးဝစ်က မပြုံးမရယ်နှင့်

"မဟုတ်ပါဘူး။ ကျွန်တော့်မှာ အမဲလိုက်လိုင်စင်လည်း မရှိပါဘူး"

စာရေးက သူဆိုလိုသည်ကို လူးဝစ်က သဘောပေါက်ဟန် မတူဟု ယူဆကာ မျက်စိပေကလပ် ပေကလပ်နှင့် ကြည့်ပြီး ရယ်သည်။

"ထားလိုက်ပါတော့ဗျာ။ ပြီးတော့ရော"

ထိပ်ဦးချွန်ဂေါ်ပြားတလက်၊ ပေါက်ချွန်းတလက်၊ ပေါက်တူးတလက်။ " ဂေါ်ပြားကို လက်ကိုင်တိုတာ ပေး။ ပေါက်ချွန်းက လက်ကိုင်အရှည်။ ရှစ်ပေလောက် ရှည်တဲ့ ကြိုးတခွေ၊ လုပ်ငန်းသုံး လက်အိတ်တစုံ၊ ရှစ်ပေ ရှစ်လက်မ "တာပလင်ကင်းဗတ်တစ

"အကုန်ရမယ်ဗျာ"

"မိလ္လာကန်တကျင်း တူးစရာ ရှိလို့လေ။ အိမ်နီးချင်းတချို့ကလည်း သိပ် စပ်စုတော့ ညကျမှ မီးထွန်းပြီး တူးရင် ကောင်းမလားလို့။ မသိပါဘူးဗျာ၊ ကြိုးတော့ ကြိုးစားကြည့်ရမှာပေါ့"

"ဩော် ဒါဆို နှာခေါင်းပိတ်စရာ တခုခု ဆောင်သွားရင် ပိုကောင်းတာ ပေါ့"

လူးဝစ်က ဝတ်ကျေတန်းကျေ ရယ်ပြလိုက်သည်။

အားလုံးပေါင်း ၅၈ ဒေါ်လာနှင့် ၆ ဆင့် ကျသည်။ သူက လက်ငင်းငွေသားဖြင့် ရှင်းလိုက်၏။

****

ဂတ်စ်ဈေးနှုန်းတွေ တက်လာသောကြောင့် စတေရှင်ဝက်ဂွန်းကားကြီး တွေ အသုံးနည်းလာကြသလို အခန့်မသင့်လျှင် wheel-bearing လည်း ပျက် တတ်သေးသည်။ လူးဝစ်ကတော့ စက်ပြင်တာ ဝါသနာပါတာကတကြောင်း၊ ဆိုင်သွားပြင်လျှင် ဒေါ်လာ ၂၀၀ လောက် ကုန်ကျမည်က တကြောင်းကြောင့်

သိမ်း၍သာ ထားတတ်၏။ အခုတော့ ထိုကားကြီးကို ထုတ် သုံးစရာ အချိန်ကျလာချေပြီ။ ဆီးဗစ်ကားက ဖင်တိုသဖြင့် လဒ်လိုကို ပေါက်ချွန်းတွေ၊ ဂေါ်ပြားတွေ ထည့်ပြီး ပြန်မလာချင်ပေ။ ဂျထ်သည် အမြင် အာရုံ စူးရှထက်မြက်သလို မှတ်ဉာဏ်လည်း ချွတ်ယွင်းမနေသေးသော ကြောင့် လူးဝစ်သယ်လာသမျှကို မြင်ရုံနှင့် ဘာဆက်လုပ်တော့မည်ကိုတန်းသိမှာပဲ ဖြစ်၏။

ယင်းသို့ဆိုလျှင် လဒ်လိုကို ပြန်ရန် ဘာအကြောင်းမှ မရှိသလို ဖြစ်နေ၏။ သို့နှင့် ချန်ဘာလိန်းတံတားကို ဖြတ်ကာ ဘန်ဂါမြို့ထဲ ဝင်၍ အော့ဒလင်း လမ်းပေါ်က Howard Johnson's တည်းခိုခန်းမှာ ဒီးဒီးဟူသော အမည်နှင့် အခန်းတခန်း ယူလိုက်သည်။ အခန်းခကိုလည်း ငွေသားဖြင့် လက်ငင်း ရှင်းပေးလိုက်၏။ ထို့နောက် အခန်းထဲ ဝင်၍ လက်မောင်းနှစ်ဖက်ပေါ် ခေါင်းအုံးကာ တရေးအိပ်ဖို့ ကြိုးစားသည်။ သို့သော် ဦးနှောက်ကတော့ ရှေ့ဆက်လုပ်စရာများကို ရှုထောင့်ပေါင်းစုံမှ နေ၍ ရှင်းသထက် ရှင်းအောင် စေ့စေ့စပ်စပ် လိုက်စဉ်းစားနေမိ၏။ စိတ်ထဲ၌ ရှုးသွပ်ခြင်းချောက်ကမ်းပါး စပ်မှာ လမ်းလျှောက်နေရသလို ခံစားမိသည်။ သူ ရူးသွားတော့မှာလား မသိ။

တွမ်ရပ်ရှ်၏ Galveston Flood သီချင်းထဲက “မင်းလက်က စေးထန်းနေ ပါလား သေမင်းအိုကြီးရယ်၊ မင်းက အမေ့ကိုတော့ ခေါ်သွားတယ်။ ငါ့ကို ရော ပြန်လာမခေါ်တော့ဘူးလား” ဟူသော စာသားက ခေါင်းထဲသို့ အိပ်မက်ဆန်ဆန် ဝင်လာ၏။

ရူးသွပ်မှုတွေက သူ့အနားမှာ ဝန်းရံပြီး အနီးကပ် အမဲလိုက်နေတာပဲ။

ရောက်တတ်ရာရာ လျှောက်မတွေးတော့ဘဲ လုပ်စရာတို့ကို သေချာပြန် စဉ်းစားကြည့်သည်။

ဒီည ၁၁ နာရီလောက်မှာ သားလေးရဲ့ မြေပုံကို တူးမည်။ ခေါင်းတလားထဲ က အလောင်းကို ထုတ်ကာ တာပလင်စနှင့် ပတ်၍ ဆီးဗစ်ကားနောက် ထိုင်ခုံပေါ် တင်ယူသွားမည်။ အခေါင်းကို ပြန်မြှုပ်၍ မြေပုံပြန်ဖို့ခဲ့မည်။ လဒ်လိုကို ရောက်လျှင် နောက်ခန်းထဲက ဂေ့ဂျ်အလောင်းကို ထုတ်၍ လမ်း တောက်လျှောက် သယ်သွားရမည်။ ဟုတ်သည်၊ လမ်းလျှောက်သွားရမည်။

ဂေ့ဂျ်ပြန်ရှင်လာခဲ့လျှင် ဖြစ်နိုင်ချေ နှစ်ခုရှိသည်။ တခုက ဂေ့ဂျ်သည် သင်ယူလေ့လာနိုင်စွမ်း နှေးကွေးသော ဂေ့ဂျ်ဖြစ်လာမည်။ ဘာပဲဖြစ်ဖြစ် ဂေ့ဂျ်သည် သူ့သား၊ ရေချယ့်သား၊ အယ့်မောင်လေးသာ ဖြစ်သည်။ တကယ်တော့ သူ့စိတ်ထဲတွင် ထိုသို့သာ ဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့် ထား၏။

နောက်တခုက တောထဲက မကောင်းဆိုးဝါးတမျိုးမျိုး ကပ်ငြိ၍ အပမှီ လာနိုင်သည်။ ယင်းသို့ဆိုလျှင်တော့ သူတို့သားအဖနှစ်ယောက်တည်းသာ နေရမည်၊ ပြီးလျှင် ဂေ့ဂျ်ကို...။

ဂေ့ဂျ်ကို ဘာတွေ ချွတ်ယွင်းနေသလဲ စစ်ဆေးကြည့်မှာပေါ့။

ဟုတ်သည်၊ သည်လိုလုပ်ရမည်။

ဘာတွေ ချွတ်ယွင်းနေသလဲ စစ်ဆေးကြည့်ရမယ်။ သူ့ခန္ဓာကိုယ်ရော၊ အသက်ဝိညာဉ်ကိုပါ စစ်ရမယ်။ ယာဉ်မတော်တဆမှုကြောင့် စိတ်ဒဏ်ရာ များ ရနေသလား၊ မှတ်ကော မှတ်မိရဲ့လား။ ရှေ့က ချာ့ကို ဥပမာ ယူ။ သင်ယူနိုင်စွမ်း နှေးကွေးတာမျိုးပဲ ဖြစ်လာနိုင်ပါတယ်လေ။ ၂၄ နာရီကနေ ၇၂ နာရီအတွင်း ဂေ့ဂျ်ကို မိသားစုထဲ ပြန်လည်ပေါင်းစည်းဖို့ လုပ်လို့ ရ၊ မရ စောင့်ကြည့်ဆုံးဖြတ်ရမယ်။ တကယ်လို့များ တင်မီဘတ်တာမန်းလို မကောင်းဆိုးဝါးပုံစံမျိုးနဲ့ ပြန်လာတယ်ဆိုရင်တော့ ငါကိုယ်တိုင် သတ်ပစ် မယ်။

အကယ်၍ ဂေ့ဂျ်၏ ခန္ဓာကိုယ်ထဲသို့ တခြားဝိညာဉ်တခုခုသာ ဝင်ပူး ထားသည်ဆိုပါက ဆရာဝန်တယောက်အနေဖြင့် ဂေ့ဂျ်ကို သူသတ်နိုင် လောက်သည်ဟု ထင်၏။ သူကတော့ အလှည့်စားလည်း ခံမှာ မဟုတ်၊ သနားသဖြင့်လည်း ချမ်းသာပေးမှာ မဟုတ်။ ပလိပ်ရောဂါ သယ်ဆောင် လာသော ကြွက်တကောင်ကို သတ်သလိုမျိုး ကြက်ကလေး၊ ငှက်ကလေးလို သတ်ပစ်လိုက်မှာပဲ ဖြစ်သည်။ “ဖြစ်ရလေခြင်း သားလေးရဲ့”ဘာညာနဲ့ ငိုချင်းချနေရအောင်လည်း ဇာတ်ကနေတာ မဟုတ်။ အိပ်ဆေးထိုး၍ သတ် လိုက်မည်။ နှစ်လုံး၊ သုံးလုံးလောက်တော့ ထိုးရမည်ထင်၏။ လိုအပ်လျှင် သူ့ ဆေးအိတ်ထဲမှာ မော်ဖင်းရှိသည်။ နောက်ညကျလျှင် အသက်မဲ့နေသော ထို ရုပ်ကို ရှုခင်းသာဆီ ပြန်သွားထားလိုက်ရုံသာ။ သုသာန်ထဲ ပြန်ဝင်ဖို့ ကံ တရားက ဒုတိယအကြိမ် မျက်နှာသာ ပေးလာခဲ့ရင်ပေါ့လေ။ နောက်တခါ ကော အခွင့်အရေး ရလား၊ မရလား ဘယ်သူများ တပ်အပ်ပြောနိုင်လို့လဲ။

ရှုခင်းသာအစား တိရစ္ဆာန်သင်္ချိုင်းတွင် သွားမြှုပ်လိုက်လျှင် လုံခြုံစိတ်ချရ နိုင်သည်ဟု စဉ်းစားမိသော်လည်း ထိုနေရာကို မရွေးရသည့်အကြောင်းရင်း များစွာရှိသည်။ မြှုပ်ထားသည့် အကြွင်းအကျန်များမှာ နောက်ငါးနှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်လောက် ကြာလျှင် ရာသီဥတုနှင့် မြေသားကြောင့် တစွန်းတစ ပေါ်လာနိုင်ပြီး အိမ်မွေးတိရစ္ဆာန် လာမြှုပ်သည့် ကလေး တယောက်ယောက်က ခလုတ်တိုက်မိသွားနိုင်၏။ အရိုးရှင်းဆုံးအချက် ကတော့ လူနေအိမ်များနှင့် နီးကပ်လွန်းခြင်းကြောင့် ဖြစ်သည်။

ကိစ္စပြီးလျှင် ဇနီးနှင့် သမီးရှိရာ ရှီကာဂိုသို့ လေယာဉ်ဖြင့် လိုက်သွားမည်။ မအောင်မြင်သော သူ့စမ်းသပ်မှုကို ရေချယ်နှင့် အယ်လီတို့ လုံးဝ သိကြမှာ မဟုတ်။ ဒါက တလမ်း။

နောက်တလမ်းက သူအမျှော်လင့်ကြီး မျှော်လင့်ထားသည့် စမ်းသပ်မှု အောင်မြင်သော အပိုင်းဖြစ်သည်။ အကယ်၍ ဂေ့ဂျ်သည် သူမျှော်လင့်ထားသလို ဖြစ်လာခဲ့လျှင် လိုအပ်သော စာရွက်စာတမ်းများကို တပါတည်း ယူဆောင်၍ မိုတယ်တခုမှာ သွားနေပြီး လဒ်လိုသို့ လုံးဝ ပြန်မလာတော့ဖို့ ကြံရွယ်ထား၏။

နောက်တနေ့ကျလျှင် ရှိသမျှ ဘဏ်အကောင့်တိုင်းက ပိုက်ဆံတွေအကုန်ထုတ်ပြီး flat cash ESifh American Express ၏ ခရီးသည်

ချက်လက်မှတ်စာအုပ်အဖြစ် ပြောင်းလဲပစ်မည်။ ဟုတ်သည်၊ ချက်လက်မှတ်စာအုပ် မပါဘဲ သေရွာပြန်သားကလေးနှင့် ဘယ်သွားနေရမ လဲ။ ဖလော်ရီဒါတို့ဘာတို့လို တနေရာရာကို လေယာဉ်စီးသွားမည်။ အဲဒီ ကနေမှ သူရောက်နေရာသို့ အယ်လီကို ခေါ်၍ လိုက်လာဖို့နှင့် ဘယ်သွား မည်ကို သူမ၏ မိဘနှစ်ပါးကို မပြောခဲ့ဖို့ ရေချယ့်ထံ ဖုန်းလှမ်းဆက်မည်။ သံသယဝင်မှာတော့ သေချာ၏။

ဘာမှ မမေးနဲ့ဦး ရေချယ်ရယ်။ လာသာ လာခဲ့၊ နော်။

သူတည်းခိုနေသည့် မိုတယ်တခုကို ပြောပြမည်။ ရေချယ်တို့သားအမိ က လေဆိပ်မှ အငှားကားတစီးဖြင့် ရောက်ချလာမည်။ တံခါးခေါက်သံ ကြားသည့်အခါ သူက ဂေ့ဂျ်ကို တံခါးဝသို့ ချီလာမည်။ ထိုအချိန်ဆို ဂေ့ဂျ်က ရေချိုးဝတ်စုံတခု ဝတ်ထားဖြစ်လောက်သည်။ ပြီးတော့...။

အကယ်၍ ထိုအတိုင်းသာ တကယ်ဖြစ်လာခဲ့လျှင် ချက်လက်မှတ်ကတဆင့် အာဝင်ဂိုးမန်း နောက်ကြောင်းလိုက်၍ မရအောင် တမိသားစုလုံး ဘဝသစ် စကြရလိမ့်မည်။ ရလည်း ရလောက်သည် ထင်၏။ မဟုတ်လျှင် လည်း အော်လန်ဒိုအထိ ကားမောင်းသွားကာ ဒစ္စနေးဝါးက ဆေးကုသ ရေးပိုင်းမှာ အလုပ်သွားလျှောက်မည်။ အကျိုးမဲ့တော့ မဖြစ်လောက်ဘူး ထင်၏။ Magic Mountain မိုးပျံရထားကို မိုက်မဲစွာ တက်စီးပြီး သတိလစ် သွားသည့် ကိုယ်ဝန်ဆောင်တယောက်ကို အသက်ရှူထောက်ကူလုပ်နေရ သည့် အဖြူရောင်ဝတ်စုံနှင့် သူ့ကိုယ်သူ မြင်ယောင်မိသည်။ “နောက်ဆုတ် ကြ၊ နောက်ဆုတ်ကြ။ လေရှူလို့ ရအောင် အနားက ဖယ်ပေးကြပါ” ဟု သူက ပြောနေသံကိုလည်း ကြားရ၏။ ထို့နောက် ကိုယ်ဝန်ဆောင်မိန်းမ သည် မျက်လုံးများ ပွင့်လာပြီး သူ့အား ကျေးဇူးတင်စွာ ပြုံးပြ၏။

လူးဝစ်သည် ရောက်တတ်ရာရာ လျှောက်စိတ်ကူးရင်း အိပ်ပျော်သွား လေ၏။

ထိုအချိန်တွင် ရေချယ်တို့ စီးလာသော လေယာဉ်က နိုင်ရာဂရာရေတံခွန် အထက် ကောင်းကင်ယံတနေရာမှာ ပျံသန်းနေဆဲ ဖြစ်သည်။ အယ်လီ သည် လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မျက်လုံး အကြောင်သားနှင့် အိပ်မက်ဆိုးမှ လန့်နိုးလာ၏။ ထိတ်လန့်တကြား စူးရှ ကျယ်လောင်စွာ အော်ဟစ်လိုက်သော အယ့်အသံကြောင့် လေယာဉ်မယ်က ဘာများ ဖြစ်သလဲဟု စိုးရိမ်တကြီး အပြေးလာကြည့်သည်။ ရေချယ့်ခမျာ ရင်တုန်ပန်းတုန်နှင့် ချော့မော့နှစ်သိမ့်ဖို့ ကြိုးစားပါ သော်လည်း အယ်လီက

“မေမေရေ၊ ဂေ့ဂျ်လေ...၊ ဂေ့ဂျ် ရှင်နေတယ်။ ဖေဖေ့အိတ်ထဲက ဓားကြီး ကိုင်လို့၊ သမီးကို မသတ်ဖို့ ပြောပေးပါနော်။ ဖေဖေ့ကိုလည်း မသတ်ပါစေ နဲ့” ဟု အော်ဟစ်ရင်း တငိုတည်းသာ ငိုနေ၏။

နောက်ဆုံး၌ အယ်လီ ငြိမ်သွားကာ ရေချယ့်ရင်ခွင်ထဲ မျက်စိအဝိုင်းသား ပါးစပ်အဟောင်းသားနှင့် တုန်တုန်ယင်ယင် ဖြစ်နေရှာသည်။ အယ် ဖြစ်ပုံ အလုံးစုံကို

တွေ့လိုက်ရသော ဒိုရီသည် ဇဲလ်ဒါကွယ်လွန်စဉ်က ရှေချယ့်အခြေအနေကို သွား၍ အမှတ်ရမိလေ၏။

ညနေ ၅ နာရီ ၁၅ မိနစ်လောက်မှာ လူးဝစ် နိုးလာသည်။ ညနေ တဖြည်းဖြည်း စောင်းလာသဖြင့် နေ့အလင်းရောင်တို့ မှိန်ဖျော့ပျောက်ကွယ် လာ၏။ ညရောက်လာတော့မည်။ အလုပ်စရတော့မှာပဲဟု ယောင်တောင် ပေါင်တောင် တွေးရင်း သူ အိပ်ရာမှ ထလိုက်သည်။

****

အခန်း (၄၅)

အိုဟဲရ်လေဆိပ်သို့ အမေရိကန်လေကြောင်းလိုင်းအမှတ် ၄၁၉ ဆိုက်ကပ်ပြီး ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ခရီးသည်တွေ ဆင်းသက် လာ၏။ အယ်လီက လေယာဉ်ပေါ်ကလောက် မဆိုးတော့သော်လည်း ကယောင်ချောက်ချား ဖြစ်နေသေးသောကြောင့် ရေချယ့်ခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ရင်တထိတ်ထိတ် ဖြစ်နေရသည်။

ယခုအချိန်တွင် အယ့်ကို တယောက်ယောက်က ပခုံးသွားတို့လျှင် ခတ်လိုက်ခံရသကဲ့သို့ လန့်ဖျပ်၍ ထခုန်ကာ တကိုယ်လုံး တုန်ယင်စွာ မျက်လုံးအဝိုင်းသားဖြင့် ကြောင်ကြည့်နေမှာ ဖြစ်သည်။

လေဆိပ်ထဲ ဝင်လာတော့ အယ်လီတယောက် သူ့ခြေထောက် သူ့ ဘာသာ ခလုတ်တိုက်၍ မှောက်လျက်လဲ၏။ အယ်လီ ပြန်၍ ထမလာသဖြင့် ရေချယ်က သွားထူရ၏။

"ဘယ်လိုဖြစ်တာလဲ သမီးရယ်"

အယ်လီက ပြန်မဖြေပါ။ ပစ္စည်းတင်လှည်းများရှိရာမှာ စောင့်နေသော မိဘနှစ်ပါးကို မြင်တော့ ရေချယ်က လက်လှမ်းပြသဖြင့် ဂိုးမန်းတို့ ရောက်လာကြ၏။

"အယ်လီ ဘယ်လိုနေသေးလဲ ရေချယ်"

"မကောင်းဘူး"

ထိုစဉ် အယ်လီက

"သန့်စင်ခန်း ရှိလား မေမေ။ သမီး အန်ချင်တယ်"

"ဘုရားရေ..."

ရေချယ်က အယ့်လက်ကို ကောက်ဆွဲကာ သန့်စင်ခန်းဘက် ခပ်သွက်သွက် ထွက်သွား၏။ ဒိုရီက

"အမေတို့ ထောင့်တနေရာမှာ စောင့်နေရမလား"

"ဟင့်အင်း၊ လက်ဆွဲသေတ္တာတွေသာ ယူသွားပေး။ အဆင်ပြေသွားမှာပါ"

ကံကောင်းထောက်မစွာ သန့်စင်ခန်းမှာ လူတယောက်မျှ မရှိ။ ရေချယ် က အိမ်သာတံခါးတချပ်ကို ခပ်မြန်မြန် ဆွဲဖွင့်ပေးလိုက်တော့ ကိုယ့်ဗိုက် ကိုယ် ဖိထားသော အယ်လီက ဝေါ့ခနဲ ထိုးအန်ချ၏။ သို့သော် လေကလွဲ၍ ဘာမျှ ထွက်မလာချေ။ စိတ်လှုပ်ရှား၍ ပျို့အန်ခြင်းသာ ဖြစ်၏။ အယ်လီက

"နည်းနည်းသက်သာသွားပြီ မေမေ" ဟု ဆိုတော့ ရေချယ်က ဘေစင်ကို ခေါ်၍ အယ့်မျက်နှာကို ဆေးကြောသန့်စင်ပေးလိုက်၏။

အယ်လီသည် မျက်နှာတပြင်လုံး ဖြူလျော်ဖွေးဆုတ်၍ မျက်ကွင်းတွေ ညိုနေ၏။

"ဘယ်လိုဖြစ်တာလဲ သမီးရယ်။ မေမေ့ကို ပြောပါဦး"

"သမီးလည်း မသိဘူး မေမေ။ ဒါပေမဲ့လေ ဖေဖေ ဒီခရီးကို သွားဖို့ ပြောကတည်းက တခုခုလွဲနေတာ သမီးသိတယ်။ ဖေဖေ တခုခုဖြစ်နေပြီ"

လူးဝစ်ရယ်၊ ရှင်ဘာတွေ ဖုံးကွယ်ထားတာလဲ။ ရှင် တခုခုကို ဖုံးကွယ်ထားတာ ကျွန်မ သိတယ်။ အယ်လီတောင် သိနေတယ်။

တချိန်ချိန်တွင် အနေးနှင့် အမြန် ထိုသို့ဖြစ်လာမည်ဟု ရာသီမလာခင် နှစ်ရက်သုံးရက် ကြိုသိနေသလိုမျိုး ရေချယ် တနေ့လုံး အာရုံရနေခဲ့သည်။ မှန်မှာ ပေါ်နေသည့် အယ်လီပုံရိပ်ကို ကြည့်ရင်း"ဘာကို ပြောတာလဲ သမီး။ ဖေဖေ တခုခုဖြစ်နေပြီဆိုတာ ဘာ အဓိပ္ပာယ်လဲ"

"အိပ်မက်လိုပဲ မေမေ။ ဂေ့ဂျ်နဲ့ ပတ်သက်နေတာလား၊ ချာ့နဲ့ ပတ်သက်နေတာလားတော့ မသိဘူး။ မမှတ်မိဘူး"

"သမီးက ဘယ်လို အိပ်မက်မက်တာလဲ အယ်လီ"

"အိပ်မက်ထဲမှာ သမီးက တိရစ္ဆာန်သင်္ချိုင်းထဲ ရောက်နေတယ်။ ဖတ်စ်ကောင်းက ခေါ်သွားတာ။ ပြီးတော့ သူက ပြောတယ်။ ဖေဖေ အဲဒီကို သွားတော့မှာ၊ အဲဒီအခါကျရင် ဆိုးဆိုးဝါးဝါး တခုခုဖြစ်လာလိမ့်မယ်တဲ့"

"ဖတ်စ်ကောင်း ဟုတ်လား"

ထိုနာမည်က သူမနားထဲမှာ မိုးကြိုးပစ်ချလိုက်သလို ဂျိန်းခနဲ မြည်ဟည်းသွား၏။ ထိုနာမည်ကို ရင်းရင်းနှီးနှီး ကြားဖူးသည်။ ဘယ်မှာ ကြားဖူးတာပါ လိမ့်။ တနေရာရာမှာ ကြားခဲ့ဖူးတာတော့ သေချာသော်လည်း အတိအကျ မမှတ်မိ၊ စဉ်းစားလို့ မရ။

"သမီးဆိုလိုတာက အိပ်မက်ထဲမှာ ဖတ်စ်ကောင်းဆိုတဲ့ လူတယောက် က သမီးကို တိရစ္ဆာန်သင်္ချိုင်းထဲ ခေါ်သွားတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်။ သူ့နာမည်က ဖတ်စ်ကောင်းတဲ့။ ပြီးတော့..."

ပြောနေရင်းမှ အယ့်မျက်လုံးများ ရုတ်တရက် ပြူးကျယ်သွား၏။

"ဒီ့အပြင် သမီးမှတ်မိတာ တခြားတခုခုများ ရှိသေးလား"

"သူက သတိပေးဖို့ ရောက်လာခဲ့တာ။ ဒါပေမဲ့ သူက ကြားဝင်လို့ မရဘူးတဲ့။ သူပြောတာက...၊ သမီးလည်း သိပ်နားမလည်ဘူး။ သူက ဖေဖေနဲ့ နီးနီး လေးမှာ ရှိနေတယ်တဲ့။ ဘာလို့လည်းဆိုတော့ ကံနိမ့်လာတဲ့အခါ သူတို့လိုပဲ ခန္ဓာပျက်တာဆိုလား၊ ဘာလား။ မမှတ်မိတော့ဘူး"

"သမီးက ဂေ့ဂျ်အကြောင်း ခေါင်းထဲ ရှိနေတုန်းမို့ တိရစ္ဆာန်သင်္ချိုင်းကို စိတ်စွဲပြီး အိပ်မက်မက်တာ နေမှာပါ။ ဖေဖေ ဘာမှမဖြစ်ပါဘူး၊ အဲဒါတော့ သေချာတယ်။ ကဲ ဒါဆို သမီးစိတ်ထဲ နေရတာ ပိုသက်သာသွားပြီ၊ နော်"

"ဟင့်အင်း၊ သမီး ကြောက်တယ်။ မေမေရော မကြောက်ဘူးလားဟင်"

" ဟာဟ.."

ရေချယ်က အမှုမထားဟန်ဖြင့် ခေါင်းကို ခါသည်ဆိုရုံ ရမ်းကာ ပြုံးပြသည်။ သို့သော် သူမ ကြောက်နေ၏။ ဖတ်စ်ကောင်းဆိုသော နာမည်အား ရင်းနှီးနေသည်ကိုက ကြောက်ဖို့ကောင်းလှ၏။ ဘယ်ခုနှစ်၊ ဘယ်လမှန်းက မသိသော်လည်း ထိုနာမည်ကို စကြားဖူးစဉ်က ထိတ်လန့်ချောက်ချားခဲ့ရ သည်ကို

မှတ်မိနေသလိုလို။ တစုံတရာသည် ပေါက်ကွဲထွက်တော့မတတ် စုဝေးနေသည့်အလား။ ထိုတစုံတရာသည် ရင်ဆိုင်ရန် မသင့်သော မကောင်းဆိုးဝါး အင်အားစု။ သို့သော် ဘယ်လိုအရာမျိုးလဲ မသိ။

"အစစအရာရာ အဆင်ပြေပါတယ် သမီးရယ်။ ကဲ ဘိုးဘိုးတို့ဆီ ပြန်သွား လို့ ရပြီလား"

"ရလောက်ပါပြီ"

ပျူဝါတိုရီကန်အမျိုးသမီးတဦး သူ့သားကလေးလက်ကို ဆွဲကာ ဆူပူကြိမ်းမောင်းရင်း သန့်စင်ခန်းထဲ ဝင်လာ၏။ ကလေးငယ် ဝတ်ထားသော ဘာမြူဒါဘောင်းဘီမှာ စိုနေသော အကွက်ကြီးတကွက် ရှိသည်။ ရေချယ် သည် ထိုသားအမိနှစ်ယောက်မြင်ကွင်းကြောင့် ဂေ့ဂျ်ကို သတိရကာ စူးစူးနင့်နင့် ခံစားလိုက်ရပြီး ကတုန်ကယင် ဖြစ်လာသဖြင့် မျက်နှာလွှဲကာ

"ကဲပါ ဘိုးဘိုးတို့အိမ်ကနေ ဖေဖေ့ဆီ ဖုန်းလှမ်းဆက်ကြမယ်လေ" ဟု ပြောကာ အခန်းထဲက ထွက်ဖို့ ပြင်၏။

ထိုစဉ် အယ်လီက ကလေးငယ်ကို လှည့်ကြည့်လိုက်ပြီး တခုခု အမှတ်ရ သွားသလိုမျိုး ရုတ်တရက်

"သူက ဘောင်းဘီတို ဝတ်ထားတာ" ဟု ထပြော၏။

"ဘယ်သူကလဲ"

"ဖတ်စ်ကောင်းလေ။ အိပ်မက်ထဲမှာ သူက ဘောင်းဘီတို အနီရောင် ဝတ် ထားတာ"

ထိုနာမည်ကို နောက်တခေါက် ထပ်ကြားလိုက်ရသောကြောင့် ရေချယ် ခဏတော့ ကြောက်ဒူးတုန်သွား၏။ ပစ္စည်းတင်လှည်းထားသည့်နေရာ မ ရောက်ခင်မှာပင် ဂိုးမန်း၏ ငှက်မွေးတချောင်း ဦးထုပ်ကို သူမလှမ်းမြင် ရသလို ဒိုရီကလည်း လက်လှမ်းပြသည်။ သူတို့ဆီ ရောက်သွားတော့ ဒိုရီက

"အဆင်ပြေသွားပြီလားကွယ့်"

"နည်းနည်းတော့ သက်သာပါတယ်။ မေမေက..."

အယ်လီက ပြောရင်း ရေချယ့်ဘက် လှည့်ကြည့်ကာ ရပ်သွား၏။ ရေချယ့် မျက်နှာက သွေးဆုတ်ဖြူလျော်နေပြီး မျက်လုံးပြူးမျက်ဆံပြူးနှင့် ပါးစပ်ကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။

ရေချယ် သိသွားပြီ။

ရေချယ်သည် ရုတ်တရက် ဝင်ရောက်လာသော ထိတ်လန့်ချောက်ချားမှု ကြောင့် တကိုယ်လုံး တုန်ခနဲ ဖြစ်သွား၏။ ဟုတ်၊ မဟုတ် အခုချက်ချင်း သိရမှ ဖြစ်မည်။ သို့သော် လောလောဆယ် စိတ်ထဲက ခဏထုတ်ထားဖို့ ကြိုးစားကြည့်၏။

"မေမေ... အဆင်ပြေရဲ့လား"

ရေချယ်က လက်ဖဝါးနှစ်ဖက်ကို ပါးစပ်မှ ခွာကာ အယ်လီဘက် တဖြည်းဖြည်း လှည့်လာသည်။

"သမီးအိပ်မက်ထဲက လူရဲ့ နာမည်အစစာလုံးက ဘာတဲ့လဲ အယ်လီ"

"ရှင်၊ ဘာလဲ မေမေ.."

ဒိုရီက သမီးဖြစ်သူနှင့် မြေးဖြစ်သူကို နှစ်ယောက်စလုံး ရူးများ သွားကြပြီလားဟူသော အကြည့်ဖြင့် တလှည့်စီ လိုက်ကြည့်နေ၏။

ရေချယ်က အယ့်လက်ကောက်ဝတ်တဖက်ကို လက်ထိပ်ခတ်သလို မျိုးဆတ်ခနဲ ဆွဲဖမ်း၍

"သမီးအိပ်မက်ထဲက လူရဲ့ နာမည်အစစာလုံးက ဘာလဲလို့"

"သမီး မမှတ်မိဘူး၊ အား...။ နာတယ် မေမေရဲ့"

ရေချယ်က သတိဝင်သွားသလိုမျိုး လက်လွှတ်ကာ

"ဗစ်တာလား" ဟု မေး၏။

အယ်လီက အသက်ကို ပြင်းပြင်းရှူကာ

"ဟုတ်တယ်၊ ဗစ်တာ။ သူ့နာမည် ဗစ်တာလို့ ပြောတယ်။ မေမေလည်း သူ့ကို အိပ်မက်မက် တာလားဟင်"

ရေချယ်က အယ့်အမေးကို မဖြေဘဲ

"ဖတ်စ်ကောင်း မဟုတ်ပါဘူး။ ပတ်စ်ကောင်းပါ"

"သမီးလည်း ဖတ်စ်ကောင်းလို့ ပြောတာလေ"

ဒိုရီက ရေချယ့်လက်တဖက်ကို လှမ်းကိုင်၍ မျက်လုံးများ မေးစင်းကြည့်ရင်း

"ဘာဖြစ်တာလဲ ရေချယ်။ အယ်လီ ဘာဖြစ်လို့လဲ"

"အယ်လီက ဘာမှမဖြစ်ဘူး။ ဖြစ်တာက လူးဝစ်၊ ဟုတ်မယ်။ လူးဝစ်တခုခုဖြစ်နေပြီ။ ဒါမှမဟုတ် တခုခု ဖြစ်တော့မယ်။ အယ်လီနဲ့ နေပေးပါ ဦး မေမေ။ သမီး အိမ်ကို ဖုန်းတချက် ဆက်ချင်လို့"

ရေချယ်က ပိုက်ဆံအိတ်ထဲ ဖုန်းခေါ်ခ နှိုက်ရင်း တယ်လီဖုန်းများရှိရာဆီ ထသွား၏။ အိမ်ကို ဖုန်းဆက်လို့ ရသော်လည်း လူးဝစ်က လာမကိုင်ချေ။ အော်ပရေတာက

"နောက်မှ ပြန်ခေါ်ကြည့်မလား"

"ဟုတ်ကဲ့"

ရေချယ်သည် စကားပြောခွက်ကို ပြန်ချကာ ဖုန်းကို ကြည့်ရင်း အတွေးပွားနေမိ၏။

သူက သတိပေးဖို့ ရောက်လာခဲ့တာ။ ဒါပေမဲ့ သူဝင်ပြောလို့ မရဘူးတဲ့။ သူပြောတာက...၊ သမီးလည်း သိပ်မသိဘူး။ သူက ဖေဖေနဲ့ နီးနီးလေးမှာ ရှိနေတယ်တဲ့။ ဘာလို့လည်းဆိုတော့ ကံနိမ့်လာတဲ့အခါ သူတို့လိုပဲ ခန္ဓာ...၊ ဘာဆိုလား။ မမှတ်မိတော့ဘူး။

"ခန္ဓာပျက်တာကို ပြောတာလား၊ ဘုရား၊ ဘုရား။ ဘယ်လိုစကားလုံးကြီးပါလိမ့်"

ရေချယ်သည် ပြန့်ကျဲနေသော အတွေးစတွေကို နေသားတကျ ပြန်စီဖို့ ကြိုးစားနေမိ၏။

ဂေ့ဂျ်ကွယ်လွန်မှုအတွက် သူတို့၏ သောကဗျာပါဒများအပြင် ဖုံးကွယ်ထားစရာ ဘာများ ရှိပါသလဲ။ ထိုအရာသည် သူတို့သားအမိကို အခုလို လေယာဉ်နှင့် ပထုတ်ရလောက်သည်အထိ လိုအပ်သတဲ့လား။ လူးဝစ် ပထမဆုံး အလုပ်တက်သည့်နေ့မှာ သေဆုံးသွားသော လူတယောက် အကြောင်းကို အယ်လီ ဘယ်အထိများ သိနေပြီလဲ။

မသိလောက်ပါဘူး။ သိစရာအကြောင်းလည်း ရှိမှ မရှိဘဲ။ သေသည် ဟူသော စကားလုံးကို မသိ၊ မမြင်၊ မကြားရအောင် မျက်စိရော နားပါ ပိတ်ထားခဲ့သလိုမျိုး အယ်လီရှေ့မှာ ဗစ်တာပတ်စ်ကောင်းအကြောင်း တခွန်း တလေမှ မဟမိပါ။ မရဏတရားကို အရင်ကလည်း ကြောက်သည်။ အခု လည်း ကြောက်သည်။ အခုတော့ ဘာတွေ ဖြစ်ကုန်ပြီလဲ မသိ။

လက်တွေ တုန်ယင်လာသောကြောင့် ဖုန်းခေါ်ခအဖြစ် ကိုင်ထားသည့် အကြွေစေ့ကို တင်းကျပ်စွာ ဆုပ်ထားမိ၏။ ဤ၊တကြိမ်တွင် တက္ကသိုလ် ဆေးပေးခန်းကို လှမ်းခေါ်လိုက်သည်။ ထိုအခါ ရှာရီတန်က နဝေ တိမ်တောင်နှင့် ဖုန်းလာကိုင်ပြီး လူးဝစ် ဆေးခန်းကို မလာကြောင်း၊ မမြင်မိ ကြောင်း၊ အကယ်၍ ရောက်လာလျှင်တောင် အံ့သြနေမှာဖြစ်ကြောင်း ပြော၏။ သူလာလျှင် ရေချယ် လောလောဆယ် ရှိနေမည်ဖြစ်သော အိမ်သို့ ဖုန်းပြန်ဆက်ရန် မှာ၍ ဖုန်းချလိုက်သည်။

ရေချယ် ဘယ်လိုတားမြစ်ထားပါစေ၊ အယ်လီသည် ပတ်စ်ကောင်း၏ နာမည်ကို တနေရာရာမှ ကြားလာခဲ့ပုံ ရ၏။ ဘုရားရေ၊ ကလေးတယောက်ကို ဟမ်းစတားလေးတကောင် ဖန်ဘူးထဲ ထည့်မွေးသလိုမျိုး ပြုစု ပျိုးထောင်လို့ မရမှန်း သူမ နားလည်ခဲ့သင့်သည်။ ရေဒီယိုက လွှင့်သော အကြောင်းအရာတခုခုထဲမှာ ပါလာတာလား၊ ကျောင်းက တခြားကလေး တွေ ပြောရင်းက ပါလာတာလား မသိ။ သူမအနေဖြင့်ဆိုလျှင် ခန္ဓာ ပျက်သည်ဟူသော စကားလုံးကိုတောင် နှုတ်ဖျားက ပြောထွက်ဖို့ မရဲချေ။

ကောလိပ်ရှိ စိတ်ပညာနည်းပြဆရာတယောက် ပြောဖူးတာ အမှတ်ရ သွားသည်။ အကြောင်းတရားတို့ တိုက်ဆိုင်သည့်အခါ မှတ်ဉာဏ်သည် မိတ်ဆက်ခဲ့ဖူးသော လူတိုင်း၏ နာမည်၊ စားခဲ့ဖူးသော အစားအသောက်နှင့် နေ့စဉ်ဘဝမှာ ကြုံတွေ့နေသည့် ရာသီဥတုအခြေအနေများကအစ မှတ်မိလာတတ် သည်ဆို၏။ လူ့စိတ်သည် မှတ်ဉာဏ်ချပ်ပြား မရေတွက်နိုင် အောင် ပါဝင်သော ကွန်ပျူတာတလုံး ဖြစ်သည်တဲ့။ ချပ်ပြားတခုလျှင် 16KB, 32KB, 64KB ကဲ့သို့ ကီလိုဘိုက်လောက်သာ ပါသော အခြေအနေမျိုး မဟုတ်၊ ကီလိုဘိုက် သိန်းသန်းကုဋေချီအောင် ပါနိုင်သည်တဲ့။ ထိုအော်ဂဲနစ် မှတ်ဉာဏ်ချပ်ပြား ခေါင်းထဲမှာ ဘယ်လောက်များများ ရှိနိုင်သည်ကို ဘယ် သူမှ မသိ။ ယင်းမှာ

သိစိတ်က လူကို ရူးမသွားအောင် တပ်လှန့်နေသော အကာအကွယ်များလည်း ဖြစ်သည်။ "စွယ်စုံကျမ်းထဲ ပါသမျှ မှတ်သားနိုင်မှတော့ ကိုယ့်ခြေအိတ်ကိုယ် ထားတဲ့နေရာ ထူးပြီး မှတ်နေစရာ လိုပါဦးမ လား" ဟု ဆိုတော့ တတန်းလုံး ပွဲကျသွား၏။ သို့သော် ယခုအဖြစ်က စိတ်ပညာတန်းက သင်ခန်းစာ မဟုတ်။ တခုခုတော့ ဆိုးဆိုးဝါးဝါး လွဲချော်နေမှန်း စိတ်ထဲက သိနေ၊ ခံစားနေရ၏။ ပတ်စ်ကောင်းတို့၊ ဂေ့ဂျ်တို့ နှင့် ပတ်သက်လား၊ မပတ်သက်လား မသိသော်လည်း လူးဝစ်နှင့် ပတ်သက် နေတာကတော့ သေချာသည်။ သူက ဘယ်အရာနှင့် ပတ်သက်နေပါ သနည်း။

ရုတ်တရက် ဝင်လာသော အတွေးတခုကြောင့် ခြေဖျားလက်ဖျားများ အေးစက်သွားပြီး တယ်လီဖုန်းခွက်ကို ကိုင်ကာ အကြွေစေ့ ရှာထည့်လိုက်သည်။ လူးဝစ်တယောက် ကိုယ့်ကိုယ်ကိုယ်များ သေကြောင်းကြံဖို့ လုပ်နေ သလား။ သည့်အတွက် သူတို့သားအမိကို ပထုတ်လိုက်တာလား။ အယ်လီ က စိတ်ချင်းဆက်နေလို့များ ရိပ်မိနေတာလား။ အယ့်မှာ ဆဋ္ဌမအာရုံ တို့ဘာတို့လို စိတ်စွမ်းအင်တခုခုများ ရှိနေသလား။

သည်တခါက် ဂျထ်ဆီ ဖုန်းဆက်လိုက်သည်။ လေးငါးခြောက်ကြိမ်တိုင် အဝင်ဖုန်းမြည်သံ ကြားရသော်လည်း လာမကိုင်သဖြင့် ချမလို့ လုပ်လိုက် ပြီးမှ "ဟလို" ဟု အမောတကော ပြန်ဖြေသံ ကြားရသည်။

"ဂျထ်...၊ ဂျထ်လားဟင်။ ဒီနေ့ လူးဝစ်ကို တွေ့လိုက်သေးလား"

"ဒီနေ့လား။ မပြောတတ်ဘူး ရေချယ်ရဲ့။ မနက်က ဘရူးဝါးကို ဟင်းချက် စရာ တက်ဝယ်နေလို့။ နေ့ခင်းကျတော့ အိမ်နောက်ဘက် ခြံဝင်းထဲ ဆင်း နေတာနဲ့။ ဘာဖြစ်လို့လဲ"

"အထွေအထူးတော့ မဟုတ်ပါဘူး။ အယ်လီက လေယာဉ်စီးရင်း မက်တဲ့ အိပ်မက်တွေ မကောင်းလို့။ သူ့ကိုလည်း စိတ်သက်သာအောင် ပြောပြချင် လို့"

"လေယာဉ်ဟုတ်လား။ မင်းတို့အခု ဘယ်မှာလဲ ရေချယ်"

ဂျထ်လေသံက အံ့အားသင့်သွားပုံ ရ၏။

"အယ်လီနဲ့ ကျွန်မ အဖေတို့နဲ့ ရှီကာဂိုကို လိုက်သွားတာ"

"လူးဝစ်ရော အတူပါမသွားဘူးလား"

"ဒီစနေ၊ တနင်္ဂနွေမှ လိုက်လာခဲ့မယ်တဲ့"

ဂျထ်၏ အမေးကို ကြားကတည်းက သိပ်မကြိုက်လှသည်မို့ ရေချယ် လည်း လေသံကို ပုံမှန်အတိုင်းဖြစ်ရန် မနည်းထိန်းပြောနေရ၏။

"အဲဒီကို သွားရတာ သူ့အကြံမှ ဟုတ်ရဲ့လား"

"အဲ...၊ ဟုတ်တယ် ဂျထ်။ ဘာဖြစ်လို့လဲဟင်၊ တခုခုများ ဖြစ်လို့လား။ ရှင် သိထားတာတွေ ဘာတွေများ ရှိလား"

ဂျထ်က အကြာကြီး ငြိမ်သွားပြီးမှ

"အယ်လီလေး မက်တဲ့ အိပ်မက်ကို အရင်ပြောပြတာ

ကောင်းမယ်ထင်တယ်။ ပြောပြမယ် မဟုတ်လား”

****

အခန်း (၄၆)

ရေချယ်နှင့် ပြောပြီးနောက် ဂျထ်က ကုတ်အကျႌအပါးတထည်ကို ကောက်စွပ်ကာ လမ်းတဖက်ရှိ လူးဝစ်တို့အိမ်ကို ကူးလာလိုက်သည်။ အပြင်မှာ လေတိုက်နှုန်းက ကြမ်းလာ၏။ လမ်းတဖက် မကူးခင် ကုန်ကားတွေဘာတွေများ ဖြတ်လာနေသလားဟု လမ်းပေါ် ဂရုတစိုက် ကြည့်လိုက်သေးသည်။

တိရစ္ဆာန်သင်္ချိုင်းက သူ့အား ဆွဲငင်နေသလို ခံစားရ၏။ ပြီးတော့ ယင်း၏ နောက်ကွယ်က တစုံတရာ။ ထိုတစုံတရာ၏ အိပ်မက်ဆန်ဆန် တိုး ညင်းသိမ်မွေ့သော အတိတ်နိမိတ်မကောင်းသည့် မခိုးမခန့် ခြိမ်းခြောက်သံ ကိုလည်း နားထဲမှာ ကြားမိသလိုလို။

မင်း ဘေးဖယ်နေစမ်းပါ။

သို့သော် သူဘေးဖယ်မနေနိုင်ပါ။ သည်အခြေအနေတွေအတွက် သူ့မှာ အ ပြည့်အဝ တာဝန်ရှိသည်။

ကားရုံထဲမှာ အသုံးမပြုတာ ကြာ၍ ဖုန်တက်နေသော ဖို့ထ်ဝက်ဂွန်းကား ကြီးမှလွဲ၍ လူးဝစ်၏ ဆီးဗစ်ကားလေး မရှိတော့တာ တွေ့ရသည်။ အိမ် နောက်ဘက်ကို ပတ်ကြည့်တော့ နောက်ဖေးတံခါး ပွင့်နေတာ မြင်ရ၏။

"လူးဝစ်ရေ..."

ပြန်ဖြေသံ မကြားရနိုင်မှန်း သိနေသော်လည်း သူခေါ်ကြည့်သည်။ ငြိမ် ချက်သား ကောင်းနေသော ဤအိမ်ကို တနည်းတဖုံ သက်ဝင် လှုပ်ရှားစေရန်လည်း ရည်ရွယ်မိ၏။ အသက်ကြီးလာတော့ ခြေလက်တွေ သယ်ရတာကိုက လေးလံလာသည်။ ဒီနေ့ ခြံထဲမှာ နှစ်နာရီလောက် တကုပ်ကုပ် အလုပ်လုပ်ခဲ့သဖြင့် ကျောတွေ အောင့်နေ၏။ ဘယ်ဘက်ခြမ်းရှိ ခါးထဲက လည်း လွန်ပူဖြင့် အထိုးခံရသလို ကိုက်တက်လာ၏။

သူ အိမ်ထဲကို သတိကြီးစွာ ထား၍ ဝင်လိုက်ရင်း ရှာဖွေရမည့် လက္ခဏာ များကို ရှာဖွေကြည့်သည်။ ငါလေးဟာ ကမ္ဘာ့အသက်ကြီးဆုံး ဖောက်ထွင်းရေးသမား ဖြစ်နေပါပေါ့လားဟု အပျော်အပြက် တွေးမိ သော်လည်း ရယ်ချင်စိတ် ဖြစ်မလာချေ။ တအိမ်လုံး စေ့စေ့စပ်စပ် လိုက် ကြည့်သော်လည်း စိတ်ခုစရာ ဘာမျှမတွေ့။ Salvation Army မှ ပြန်ယူလာသော အရုပ်များ ထည့်ထားသည့် စက္ကူပုံးများ၊ အိပ်ရာအောက်နှင့် တံခါး နောက်မှာ ချထားသည့် ယောကျ်ားလေးဝတ် ကလေးအကျႌများကိုသာ တွေ့ ရ၏။ တွေ့ရသမျှထဲ အဆိုးဆုံးဟု ပြောလို့ရသည်ကတော့ ဂေ့ဂျ်အခန်းထဲမှာ ပုခက်ပြန်ဆင်ထားခြင်း ဖြစ်သည်။ တအိမ်လုံး ဟာလာဟင်းလင်းဖြစ်နေ ပြီး မကြာခင် တခုခု လာဖြည့်ဆည်းတော့မလို ခံစားရသည်က စိတ်မ ချမ်းမြေ့ဖွယ် ကောင်းလှ၏။

ရှုခင်းသာသင်္ချိုင်းကို လိုက်သွားကြည့်ရကောင်းမလား။

သို့သော် အန္တရာယ်အငွေ့အသက် ရနေသည်က ဘန်ဂါမြို့ရှိ ရှုခင်းသာ သင်္ချိုင်းမှာ မဟုတ်။ ဤနေရာမှာ၊ ဤအိမ်မှာ ဖြစ်သည်။

ဂျထ်သည် အိမ်ထဲက ထွက်ကာ သူ့အိမ်ရှိရာ ပြန်ကူးသွားသည်။ ထို့နောက် မီးဖိုချောင်ရှိ ရေခဲသေတ္တာထဲက ဘီယာခြောက်ဘူးတွဲတကတ် ကို ထုတ်ကာ ဧည့်ခန်းထဲ ယူလာသည်။ လူးဝစ်တို့အိမ်ကို မျက်နှာမူထားသော ပြတင်းပေါက်ရှေ့မှာ ထိုင်၍ ဘီယာတဘူးကို ဖောက်၊ စီးကရက် တလိပ်ကို မီးညှိရင်း ထိုင်ကြည့်နေလိုက်သည်။

စိတ်ထဲတွင် အရင်တုန်းက အဖြစ်အပျက်များကို ပြန်ပြောင်းအောက်မေ့ရင်း အတိတ်ပုံရိပ်များ ပြန်မြင်ယောင်လာ၏။ မျက်လုံးတွေ ရဲရဲနီလျက် မြင် မြင်သမျှ လိုက်ဖွေ့နေသော လက်စတာမော်ဂန်၏ န္စွာသိုးကြီး ဟန်ရတီ။ လေတိုက်၍ သစ်ရွက်လှုပ်သည်ကိုပင် မျက်စိနောက်ဟန်ဖြင့် သစ်ပင်ကို တ အားကျုံး၍ ဖွေ့နေသော ဟန်ရတီကို သေလုမျောပါး လိုက်ထိန်းနေရသော လက်စတာမော်ဂန်။ ညနေစောင်းသွားပြီ။ အလင်းရောင်တို့ မှေးမှိန်ပါးလျလာပြီ။ မီးထမဖွင့်သောကြောင့် ဂျထ်၏ ဆေးလိပ်မီးက အမှောင်ထဲမှာ အနီရောင် အစက်အပြောက်ကလေးတခုအဖြစ် ရဲခနဲ တောက်တောက်လာ၏။ သူက ဘီယာသောက်ရင်း လူးဝစ် ကားမောင်းဝင်လာမည့် အချိန်ကို ထိုင်စောင့်နေသည်။ ဘယ်နေရာပဲ သွားသွား၊ အချိန်တန်လျှင် လူးဝစ်သည် သူ့အိမ်ဘက် ကူးလာ ပြီး စကားလေးဘာလေးတော့ ပြောလိမ့်မည်ဟု ယုံထားသည်။ မလုပ်သင့်၊ မလုပ်အပ်သည်ကို လူးဝစ် ကြံစည်နေခြင်းတော့ မဖြစ်တန်ရာ။

မကောင်းဆိုးဝါးတို့နယ်မြေက ပေါက်ဖွားလာဟန်တူသည့် အင်အားတခုက သူ့ကို သတိပေးသလို၊ ခြိမ်းခြောက်သလို ခံစားချက်မျိုး ပြန်ရ၏။

မင်း ဘေးဖယ်နေစမ်းပါ။ မဟုတ်ရင် နောင်တ အကြီးအကျယ် ရသွားမယ်နော်။

သို့သော် ထိုခံစားချက်ကို မသိချင်ယောင်ဆောင်၊ ဥပေက္ခာပြုရင်း ဘီယာသောက်လိုက်၊ ဆေးလိပ်ဖွာလိုက်နှင့် ထိုင်စောင့်နေလိုက်သည်။

*****

အခန်း (၄၇)

ဂျထ်တယောက် ပြတင်းပေါက်မှတဆင့် စောင့်ကြည့်နေစဉ် လူးဝစ်မှာ Howard Johnson စားသောက်ဆိုင်၌ အရသာမရှိသော ညစာကို ထိုင်စား နေ၏။

အပြင်မှာ မှောင်နေပြီ။ ဖြတ်သန်းသွားသော ကားမီးရောင်များက လက်ချောင်းများလို ကားရှေ့မှ ထိုးထွက်နေကြသည်။

ဆိုင်ထောင့်တနေရာတွင် ထိုင်၍ ဝင်ထွက်သွားလာနေသူများကို ကြည့် ကာ အသိမိတ်ဆွေများနှင့် မတွေ့ပါစေနှင့်ဟု ဆုတောင်းရင်း သူ့ခန္ဓာကိုယ် က တောင့်တနေဟန်တူသော အသားကြော်၊ အာလူးပေါင်း၊ ပဲစိမ်း၊ ပန်းသီး မုန့်၊ ရေခဲမုန့် စသည်တို့ကို မှာစားဖြစ်သည်။ မတွေ့ချင်ခါမှ တွေ့တတ်သော သာဓကများလည်း ရှိလေရာ ရေချယ်ရော ဘယ်မှာပါလိမ့်၊ ငါ ဒီမှာ ဘာလာ လုပ်နေမိတာလဲ။ ဘာတွေ ဖြစ်နေတာလဲဟုလည်း တချက်တချက် စဉ်းစားမိသည်။ ခေါင်းထဲမှာ ထိုမေးခွန်းများ ပေါ်လာသည့်အခါတိုင်း စိတ်တွေ ရှုပ်ထွေးလာ၏။ သူကိုယ်တိုင်ကိုက ရှုပ်ချင်နေတာလား မသိ။ ထွက်ပေါက်ကို လိုချင်မိ၏။

ပန်းသီးမုန့်ကို လက်စသတ်၍ ကော်ဖီသောက်နေစဉ် သူသိသော စုံတွဲတတွဲ ဆိုင်ထဲ ဝင်လာ၏။ သူတို့ကား ဘန်ဂါမြို့က ဆရာဝန် ရော့ဘ်ဂရင်နဲလ်နှင့် သူ၏ ဇနီးချော ဘာဘရာတို့ ဖြစ်လေ၏။ လူးဝစ်က သူ့ကို မြင်သည်အထိ ထိုင်၍သာ စောင့်နေရန် ဆုံးဖြတ်လိုက်သော်လည်း ဧည့်ကြိုမလေးက ခပ် ဝေးဝေးက ဝိုင်းများဆီ ခေါ်သွားသဖြင့် ဂရင်နဲလ်၏ ဆံပင်ဖြူစပြုနေသောဦးခေါင်းကိုသာ ရိပ်ခနဲ မြင်လိုက်ရသည်။ ထိုစဉ် စားပွဲထိုးမလေးက လူးဝစ် ကို ကျသင့်ငွေစာရင်း ယူလာ၏။ လူးဝစ်က အခန်းနံပါတ်နှင့် လက်မှတ် ရေးထိုးပေးလိုက်ပြီး ဆိုင်ဘေးတံခါးပေါက်မှ ထွက်လာခဲ့သည်။

အပြင်မှာ လေက အင်နှင့်အားနှင့် တိုက်လာသဖြင့် ခေတ်ကြိုးတွေပင် ယိမ်းထိုးလှုပ်ခါနေ၏။ ကောင်းကင်ယံမှာ ကြယ်လုံးဝမရှိသော်လည်း တိမ် တွေကတော့ လျင်မြန်စွာ အုပ်လိုက်ရွေ့လျားနေကြသည်။ လူးဝစ်က အိတ်ကပ်ထဲ လက်နှိုက်လျက် ပလက်ဖောင်းပေါ် မတ်တတ်ရပ်ကာ လေလာရာ မျက်နှာပေးထားလိုက်၏။ ထို့နောက် သူ့အခန်းဆီ လှည့် ပြန်သွားသည်။

အခန်းထဲ ရောက်တော့ တီဗွီဖွင့်ကြည့်သည်။ အလုပ်စဖို့ စောလွန်းသေး သော်လည်း ညလေတိုက်ပုံက ကြမ်းလှသဖြင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ် မိသည်။ သို့နှင့် တီဗွီကို လေးနာရီလောက် ကြာအောင် တလိုင်းပြီး တလိုင်း ပြောင်းကြည့်လိုက်၏။

ထိုအချိန်၌ ရှီကာဂိုတွင် ဒိုရီဂိုးမန်းက

"ပြန်မလို့ ဟုတ်လား။ ဘာဖြစ်လို့ ပြန်မှာလဲ သမီးရယ်။ အခုမှ ရောက်တဲ့ ဟာကို" ဟု ညည်းညူနေ၏။

လဒ်လိုတွင် ဂျထ်ခရန်ဒဲလ်က ပြတင်းပေါက်ရှေ့မှာ ဘီယာသောက်လိုက်၊ ဆေးလိပ်ဖွာလိုက်နှင့် လူးဝစ်ပြန်အလာကို ထိုင်စောင့်ရင်း အတိတ်ပန်းချီ ကားကို

စိတ်အေးလက်အေး ခြယ်သနေလေ၏။

လူးဝစ်တယောက် လက်စီရုပ်ရှင်ထဲကလို အနေးနှင့် အမြန် ပြန်တော့ ပြန်လာမှာပါပဲ။

တိရစ္ဆာန် သင်္ချိုင်းနှင့် ၄င်းနောက်က ဟိုနေရာကို သွားလို့ရသော တခြားလမ်းကြောင်းများ ရှိသော်လည်း လူးဝစ်တော့ မသိလောက်ဟု တွေးနေမိသည်။

ည ၁၁ နာရီထိုးသတင်းလာတော့ လူးဝစ်က တီဗွီကို ပိတ်ကာ အခန်းပြင် ထွက်လိုက်သည်။ ထိုအခိုက် မျက်လုံးထဲတွင် သွေးစက်တွေ ဖုံးနေသော ဂေ့ဂျ်၏ ဘေ့စ်ဘောဦးထုပ်လေးကို မြင်ယောင်လာပြီး ကျောထဲမှ စိမ့်တက် သွား၏။ သို့သော် သားစိတ်မွှန်နေသောကြောင့် အကြောက်တရားကို မမှုတော့ချေ။ ယင်းကို သားသမီးဇောဟု ခေါ်သလားတော့ မသိ။ ကားအင်ဂျင် ကို စက်နှိုးလိုက်စဉ် တစုံတရာက အတင်းအဓမ္မ စေ့ဆော်တိုက်တွန်းနေ သလိုမျိုး ခံစားလာရသဖြင့် ဂျထ်ပြောခဲ့သည့် “အဲဒီနေရာက အင်အားတွေ ပိုကြီးလာပြီ” ဟူသော စကားကို ပြန်စဉ်းစားရင်း “ငါ ရပ်နိုင်ပါ့မလား။ ရပ် တန့်ချင်ရင်တောင် ရပ်လို့ ရပါ့မလား” ဟု သိချင်မိသည်။

****

အခန်း (၄၈)

"ဘာရယ်...၊ ဘာလုပ်ချင်တယ်။ နေပါဦး၊ သမီးပုံက စိတ်မကောင်းဖြစ်နေသလိုပါလား။ ညက အိပ်လို့ရော ပျော်ရဲ့လား"

ရေချယ် ခေါင်းသာ ခါပြလိုက်၏။

ပြန်ချင်ရသည့်အကြောင်းရင်းကို အမေ့အား မည်သို့ ရှင်းပြရပါမည်လဲ။ စိုးရိမ်စိတ်က လေအဟုန်လို တဖြည်းဖြည်း မြင့်တက်လာသည်။ လေတိုက်ခံရသလိုမျိုး မမြင်ရသော်လည်း ခံစားလို့ ရသည့်အလား အန္တရာယ်ပမာဏကို မမြင်ရသော်လည်း ခံစားသိရှိနေမိ၏။ သို့သော် လေဟုန်ပြင်း၍ မုန်တိုင်းဖြစ်လာလျှင် အရာရာ ပျက်စီးရတတ် သည်လေ။

ရီကာဂို ညနေ ၆ နာရီချိန်သည် ဘန်ဂါရှိ လူးဝစ် ဆိုင်မှာ ညစာထိုင်စားနေချိန် ဖြစ်၏။ ရေချယ်နှင့် အယ်လီကတော့ ညစာကို ဖြောင့်အောင်ပင် မစားနိုင်ကြချေ။ ရေချယ်သည် လူးဝစ်မှာ ကျရောက်နေသည့် ဒုက္ခနှင့် ပတ်သက်၍ မည်သို့လုပ်ရကောင်းမလဲဟူသော အမေးနှင့် အယ်လီကိုသာ ကြည့်ကြည့်နေမိသည်။

လူးဝစ်အိမ်ပြန်ရောက်လျှင် ဖုန်းဆက်ပါဟု ဂျုဒ်ကို မှာထားခဲ့သည်။ ထို့ကြောင့် တယ်လီဖုန်းသံ ထမြည်သောအခါ လန့်ဖျပ်၍ ထခုန်မိသလို အယ့်ခမျာလည်း လက်ထဲမှ နွားနို့ခွက် ဖိတ်ကျတော့မလို ဖြစ်သွား၏။ သို့သော် ယင်းမှာ ဂျုဒ်ဆီက မဟုတ်ဘဲ ဒိုရီတို့၏ bridge club ခူကဘ အသင်းက အမျိုးသမီးတဦး ဆက်သော ဒိုရီတို့ ချောချောမောမော ပြန်ရောက်ကြရဲ့လား ဘာညာစသည့် ဖုန်းဖြစ်နေသည်။

စားသောက်ပြီး၍ ကော်ဖီမြုံ့နေချိန်တွင် ရေချယ်က လက်သုတ်ပဝါကို ကောက်ကာငင်ကာ လုံးချေ၍

"ဖေဖေနဲ့ မေမေ၊ ဆောရီးပါနော်။ သမီး အိမ်ပြန်မှ ဖြစ်မယ်။ လေယာဉ်မီရင် ဒီည ပြန်မယ်"

ဂိုးမန်းတို့လင်မယားက သူမကို ဘာမှနားမလည်ပုံနှင့် ကြောင်ကြည့်နေစဉ် အယ်လီက အခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် မျက်လုံးများကို မှိတ်လိုက်၏။ ရေချယ်က လူးဝစ်ကို စိတ်ပူသည်မှ လွဲ၍ ရေရေရာရာ ရှင်းမ ပြနိုင်သော်လည်း အယ်လီ ဇစ်တာပတ်စ်ကောင်းအကြောင်း သတင်းထဲမှ ကြားဖူးခြင်း ဖြစ်နိုင်သည်ဆိုခြင်းကို သူမကိုယ်သူမ မယုံကြည်နိုင်ပေ။

"ရေချယ်၊ သမီး...။ ဒါတွေက သမီးတို့သားလေး ကွယ်လွန်တာကြောင့် ဖြစ်လာတဲ့ ရလဒ်တွေပါကွယ်။ သမီးရော အယ်လီပါ တအားစိတ်ထိခိုက် နေမှန်း ဖေဖေတို့ သိပါတယ်။ သမီးတို့ကို အပြစ်မတင်ရက်ပါဘူး။ ဒါပေမဲ့ သမီး စိတ်ထင်ရာ လျှောက်လုပ်နေရင်..."

ဂိုးမန်းက ဖြေးညင်းညင်သာစွာ ပြောလိုက်သော်လည်း စိုးရိမ်မကင်းသော လေသံကိုတော့ ဖျောက်မရ။ ရေချယ်က စကားဆုံးအောင် နားမထောင်တော့ဘဲ

လေကြောင်း လမ်းညွှန်စာအုပ်ကို တယ်လီဖုန်းဆီ ယူသွား၏။

ဒဲလ်တာလေကြောင်းလိုင်းဆီ ဖုန်းခေါ်နေစဉ် ဒိုရီက သူမနား လာရပ်စောင့်ကာ

"စဉ်းစားပါဦး သမီးရယ်" ဟု ဆိုသည်။

ဒိုရီ့နောက်တွင် ရပ်နေသော အယ့်မျက်နှာက မှိုင်းမှောင်ရီဝေ နေဆဲ ဖြစ်သော်လည်း အရင်ကလောက် မဆိုးတော့သဖြင့် ရေချယ် အားတက် သွား၏။

ထိုစဉ် ဖုန်းတဖက်မှ သွက်လက်သော လေသံဖြင့်

"ဒဲလ်တာလေကြောင်း လိုင်းကပါ။ အခုပြောနေတာ ကင်မ်ပါ။ ဘာကူညီ ရမလဲရှင့်"

"ရီကာဂိုကနေ ဘန်ဂါအထိ သွားမယ့်လေယာဉ် ဒီည ရှိလားရှင့်။ အရမ်း အရမ်းကို အရေးကြီးနေလို့၊ ဟိုလေ အရေးပေါ်မို့ပါ။ အားတော့ နာပါတယ်"

"အင်း၊ သိပ်တော့ မသေချာဘူး အစ်မရဲ့"

"ဟုတ်၊ တချက် စစ်ကြည့်ပေးပါဦးနော်။ ကျွန်မ ဖုန်းကိုင်ပြီး စောင့်နေ မယ်"

"ဟုတ်ပါပြီ အစ်မ။ ဖုန်းလေး တချက်ကိုင်ထားပါဦးနော်"

ရေချယ် မျက်လုံးများ မှိတ်ထားမိသည်။ ထိုခဏတွင် အေးစက်သော လက်တဖက်၏ အထိအတွေ့ကို ခံစားလိုက်ရသဖြင့် မျက်လုံးဖွင့်ကြည့်တော့ အယ်လီ သူမဘေးနား ရောက်လာတာ တွေ့ရ၏။ အာဝင်နှင့် ဒိုရီက ငြိမ်သက်စွာ ရပ်ရင်း သူတို့သားအမိကို ကြည့်နေသည်။ ရေချယ်က အယ့်ကို အားယူ၍ ပြုံးပြလိုက်၏။

အယ်လီက ရေချယ့်နား ကပ်၍

"အားမလျှော့လိုက်နဲ့နော် မေမေ" ဟု တိုးတိုးလေး ပြောသည်။

"စိတ်သာ ချ၊ ညီမကြီးရေ့"

ရေချယ်က မျက်စိတဖက် မှိတ်ပြလိုက်သည်။

သူတို့ သားအမိ နှစ်ယောက်သည် ဂေ့ဂျ်မွေးပြီးကတည်းက ညီအစ်မလို စနောက်ခေါ်ဝေါ်လေ့ ရှိ၏။ အခုတော့ အယ်လီခမျာ မောင်ရယ်၊ ညီမရယ် ခေါ်ဝေါ်စရာ မရှိတော့။ အယ်လီက "ကျေးဇူးပါ မေမေရယ်"

"ဒီကိစ္စက သိပ်အရေးကြီးသလား သမီးရယ်"

အယ်လီက ခေါင်းညိတ်ပြ၏။

"အရေးကြီးမယ်ဆိုတာ မေမေ ယုံတယ်။ ဒါပေမဲ့ သမီးလေး ဒီထက်ပို ပြောပြနိုင်ရင် ကောင်းမှာပဲကွယ်။ အဲဒါက အိပ်မက်လိုပဲ မက်ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွားတာပဲ မဟုတ်လား"

"ဟင့်အင်း၊ မတူဘူး။ သမီး တကယ်ကြီးလို ခံစားရတာ။ မေမေရော အဲဒီလို မဖြစ်ဘူးလား။ ဟို၊ ဟိုလေ ဘာနဲ့တူလဲဆိုတော့..."

"လေတိုက်သလို မမြင်ရ ပေမဲ့ ခံစားလို့ ရတာမျိုးလား"

အယ်လီက ကတုန်ကယင်နှင့် သက်ပြင်းချသည်။ ရေချယ်က

"ဒါပေမဲ့ ဘာမှန်း သမီးမှ မသိတာ။ ဒီထက်ပိုပြီး မှတ်မိတာ ဘာမှမရှိတော့ဘူးလား"

အယ်လီက မျက်မှောင်ကြုတ်၍ တချက်စဉ်းစားကာ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ခေါင်းခါပြရင်း

"ဖေဖေရယ်၊ ချာ့ရယ်၊ ဂေ့ဂျ်ရယ်။ သမီးမှတ်မိတာတော့ ဒါပဲ။ သူတို့ ဘယ်လိုကြောင့် အတူတူ ဖြစ်သွားတာလဲတော့ မမှတ်မိတော့ဘူး မေမေ"

ရေချယ်က သူမကို တင်းကျပ်စွာ ပွေ့ဖက်ရင်း

"ဘာမှမဖြစ်ဘူးနော်" ဟု ဆိုလိုက်သော်လည်း စိတ်လေးလံမှုက လျော့မသွားချေ။

ထိုစဉ် ဖုန်းတဖက်ရှိ စာရေးမက

"ဟဲလို အစ်မ"

ရေချယ်က လက်တဖက်က အယ်လ့လက်ကို တင်းတင်းဆုပ်၊ တဖက်က ဖုန်းကိုင်ရင်း

"ဟဲလို" ဟု ပြန်ထူးလိုက်၏။

"ဘန်ဂါအထိ ရောက်ဖို့တော့ ရှိတယ် အစ်မ။ ဒါပေမဲ့ တအားနောက်ကျလိမ့်မယ်"

"ရပါတယ်"

"ဖောင်တိန် ရှိလား။ ရှင်းပြရမှာ နည်းနည်းရှုပ်လို့"

"ဟုတ်ကဲ့၊ ရှိပါတယ်"

ရေချယ်က အံဆွဲထဲမှ ဖောင်တိန်တချောင်း ထုတ်ကာ တဖက်က ပြောသမျှကို စာအိတ်တလုံး နောက်ကျောမှာ လိုက်ရေးမှတ်သည်။ လေကြောင်းလိုင်းစာရေးမ စကားဆုံးတော့ ရေချယ်က အယ့်အား ပြုံး ယောင်ပြုကာ အဆင်ပြေတယ်ဟူသော အဓိပ္ပာယ်ဖြင့် လက်ညှိုးနှင့် လက်မ ဝိုင်းပြ၏။

"ဘွတ်ခ်ကင်လုပ်ပေးထားပါနော်။ ကျေးဇူးတင်ပါတယ်"

စာရေးမက ရေချယ့်နာမည်နှင့် ခရက်ဒစ်ကတ်နံပါတ်ကို မှတ်သည်။ နောက်ဆုံး၌ စုံစမ်းမေးမြန်းမှုကြီး ပြီးဆုံးသွားကာ ရေချယ်က စိတ်သက်သာရာ ရသွားဟန်ဖြင့် ပခုံးနှစ်ဖက် လျှော့ချလိုက်ပြီး ဖခင်ဖြစ်သူ ကို ကြည့်ကာ

"သမီးကို လေဆိပ်လိုက်ပို့ပေးမယ်မဟုတ်လား ဖေဖေ"

"ဟင့်အင်းလို့ ဖြေရကောင်းမလား မသိဘူး။ ဒီလိုအရူးထတာကို ဖေဖေ့ အနေနဲ့ တားသင့်တယ် မဟုတ်လား"

ထိုအခါ အယ်လီက

"လုပ်ရဲ လုပ်ကြည့်။ ပြီးတော့ ဒါအရူးထတာ မဟုတ်ပါဘူး" ဟု စူးရှစွာ အော်ဟစ်လိုက်သဖြင့် ဂိုးမန်းတို့လင်မယားနှစ်ယောက်လုံး အံ့အားသင့်ပြီး ငြိမ်ကျသွားသည်။

ဒိုရီက

"ပို့ပေးလိုက်ပါ အာဝင်ရယ်။ ကျွန်မလည်း စိတ်ထဲမှာ စနိုးစနောင့်နဲ့ ဘာဖြစ်မှန်းမသိဘူး။ လူးဝစ် အဆင်ပြေတယ်ဆိုမှပဲ စိတ်အေးရမှာ" ဟု တိုး တိတ်စွာ ပြောလိုက်သည်။

ဂိုးမန်းက ဇနီးဖြစ်သူကိုတလှည့်၊ သမီးဖြစ်သူကိုတလှည့် ကြည့်ရင်း

"ပို့ဆိုလည်း ပို့ပေးပါ့မယ်။ ပြီးတော့ ဖေဖေလည်း…၊ သမီးလိုက်စေချင်ရင် ဖေဖေပါ လိုက်ခဲ့မယ်လေ"

ရေချယ်က ခေါင်းခါ၍

"ကျေးဇူးတင်ပါတယ် ဖေဖေရယ်။ ဒါပေမဲ့ ဖေဖေ လိုက်စရာ မလိုပါဘူး။ ခုံနေရာလည်း မရှိတော့ဘူး။ သမီးအတွက်တောင် ဘုရား မလို့ တခုံစာ ကျန်နေတာ"

အာဝင်ဂိုးမန်းက သက်ပြင်းချသည်။ ထိုအခိုက်မှာ သူ့အသွင်က ချက်ချင်းလိုလို အိုကျသွားပုံ ရပြီး ရေချယ့်စိတ်ထဲတွင် ဂျထ်နှင့် တူလှပါလားဟု အတွေးဝင်မိ၏။

"ယူစရာ ရှိရင် ယူထားတော့။ ဖေဖေက အိမ်ထောင်ကျခါစတုန်းကလို လေဆိပ်ကို မိနစ်လေးဆယ်နဲ့ အရောက်မောင်းမှာနော်။ ကဲ သူ့အိတ်ကို ဝိုင်းကူပြီး ရှာပေးလိုက်ပါ ဒိုရီရေ"

အယ်လီက ချွေးကလေးများ စို့နေသော မျက်နှာဖြင့်

"မေမေ" ဟု ခေါ်သည်။

"ဘာလဲ သမီး"

"သတိထားနော်"

****

အခန်း (၄၉)

တိမ်ထူထပ်သော ကောင်းကင်နောက်ခံမှာ သစ်ပင်များက ယိမ်းထိုး လှုပ်ရှားနေကြ၏။ သိပ်မဝေးလှသော လေဆိပ်ဆီက အလင်းရောင်က ကောင်းကင်ယံကို လှမ်းဟပ်နေသလိုလို။ လူးဝစ်က မောင်းလာသော ဟွန် ဒါကားကို မေဆန်လမ်းသွယ်ထဲမှာ ရပ်လိုက်သည်။ မေဆန်လမ်းသည် ရှုခင်းသာကို ဝိုင်းပတ်ထားသော လမ်းသွယ်ဖြစ်၍ သင်္ချိုင်း၏ တောင်အရပ် တွင် ရှိ၏။ သည်အခြမ်းမှာ လေတိုက်လည်း ကြမ်းသဖြင့် တံခါးကို မနည်း ဆောင့်ပိတ်ရ၏။ ကားနောက်ဖုံးကို မဖွင့်ကာ တာပလင်စကို ဖြတ်၍ လိပ် ပတ်ထားသော ပစ္စည်းကိရိယာများကို ကားထဲမှ ထုတ်ယူလိုက်သည်။

လူးဝစ်သည် ပစ္စည်းထုပ်ကြီးကို ရင်မှာ ပိုက်ကာ လမ်းမီးတိုင်နှစ်ခုကြား အမှောင်ထဲမှာ မတ်တတ်ရပ်၍ ယာဉ်အသွားအလာကို တချက်ကြည့် လိုက်ရင်း သံချေးကိုက်နေသော သံတိုင်များဖြင့် ခြံစည်းရိုး ကာရံထားသော သင်္ချိုင်း အဝင်ဝရှိ ဂိတ်တံခါးဆီ ထွက်လာ၏။ ဖြစ်နိုင်လျှင် သူ့ကို ဘယ်သူမှ မမြင်စေချင်။ သူ့ကို အရေးစိုက်မည့်သူ မဟုတ်လျှင်တောင် လူမြင်မခံချင်ပေ။ အတောမသတ် တိုးဝှေ့တိုက်ခတ်နေသော လေကြောင့် အင်ပင်အို ကြီး၏ သစ်ကိုင်းများဆီမှ ညည်းညူသံများ ထွက်ပေါ်နေရာ ကြားရသူမှာ သွေးလေချောက်ချားမတတ် ကြောက်ရွံ့မိလေ၏။

မေဆန်လမ်း တဖက်ခြမ်းတွင် ဖဲမောင့်ဂရမ်မာကျောင်း ရှိသည်။ ဟောလိုဝင်းမှလွဲ၍ ကျောင်းလွှတ်ချိန် နေ့ဘက်တွင်တော့ စက်ဘီးထွက်စီးသူ၊ ကုလားမစည်း ကစားကြသူ၊ ကြိုးခုန်သူ ကျောင်းသားကျောင်းသူများဖြင့်စည်ကားလျက် အနားမှာ သင်္ချိုင်းကုန်း ကြီးတခု ရှိနေသည်ကို မည်သူမျှ အရေးပင် မစိုက်ကြ။ စက္ကူအရိုးခြောက်ရုပ်ကို တွဲလောင်းကိုင်လျက် သင်္ချိုင်းကုန်းနားက ဖြတ်ရလျှင်လည်း ဟီလာထ၍ သွားရဲကြပေ၏။ သင်္ချိုင်းကုန်းဟူသည်ကား သေမှ ဝင်လာကြရသည်ဖြစ်၍ သက်ရှိထင်ရှား ရှိနေသူများ ရယ်ရယ်မောမော ဖြတ်သွားရခြင်းက ဘာများမှားသနည်း။ သုသာန်၌ သေသောသူသာ ရှိသည်လေ။

"ဂေ့ဂျ်.."

ဟုတ်သည်။ ဂေ့ဂျ်လည်း သံချေးကိုက်နေသော ခြံစည်းရိုးနောက်ကွယ်က ဉာဏ်နေရာရှိ မည်းမှောင်သော မြေသား ခြုံစောင်အောက်မှာ ရှိနေသည်။ ဒါ ရယ်စရာ မဟုတ်။

သားကို အဖေ အပြင်ထုတ်ပေးမယ် ဂေ့ဂျ်။ သေခါမှ သေရော့၊ မရအရ ကြိုးစားမယ် သားရေ။

လူးဝစ်သည် လူသွားလမ်းဘက် နောက်တချက် လှမ်းကြည့်ကာ အထုပ်အား ခြံစည်းရိုး တဖက်ခြမ်းကို ကျော်၍ ပစ်ထည့်လိုက်၏။ ဖုတ်ခနဲ မြေကြီးပေါ် ကျသွားသည့် အသံတချက် ခပ်အုပ်အုပ် ထွက်လာသည်။ လူးဝစ်က နေရာကို

စိတ်ထဲမှာ သေချာမှတ်သားကာ လက်နှစ်ဖက်ကို ဖုတ်ဖက် ခါရင်း ထိုနေရာမှ ခွာလိုက်သည်။ အကယ်၍ နေရာကို မေ့သွားလျှင်တောင် ခြံစည်းရိုးအတိုင်း အထဲမှာ လျှောက်ရင်း သူ့ကားနှင့် မျက်နှာချင်းဆိုင်နေရာ မှာ ရှာရုံပင်။ သို့သော် ဂိတ်တံခါးက သည်အချိန်လောက်ဆို ဖွင့်ထားပါ့မလား။

မေဆန်လမ်းအတိုင်း ခြံစည်းရိုးဘေး ကပ်လျှောက်လာသောအခါ လမ်းမပေါ်မှာ လာထင်သည့် သူ့အရိပ်က တလှုပ်လှုပ်နှင့် ကနေသယောင်ယိမ်းထိုးလှုပ်ရှားနေ၏။ လမ်းထောင့်ရောက်တော့ ကားမီးရောင်ရိပ်ခနဲပေါ်လာသဖြင့် အင်ပင်နောက်ကို လှမ်းဝင်လိုက်သည်။ သို့သော် ပတ္တာရောင်လှည့်သည့် ရဲကား မဟုတ်ဘဲ ဟမ်မွန့်လမ်းဘက်လား၊ အမြန်လမ်းမကြီး ဘက်လားမသိ အပြင်းမောင်းထွက်သွားသည့် ကားတစီး၏ အရိပ်အယောင် ဖြစ်နေ၏။ ထိုကားကျော်သွားတော့မှ သစ်ပင်နောက်က ထွက်၍ ဆက်လျှောက်လာသည်။

တံခါးက ပွင့်နေမှာပါ။ ပွင့်နေမှ ဖြစ်မှာလေ။ ကက်သဒြယ်ဘုရားကျောင်းပုံဖော်ထားသော သံချေးကိုက်နေသည့် ရှည်မျောမျော သံမဏိဂိတ်တံခါးကြီးက လမ်းမီးရောင်နှင့် လေတိုး သံအောက်မှာ တမျိုးတမည် ခံ့ညားထည်ဝါနေ၏။ ဂိတ်တံခါးကို လှမ်း ကိုင်ကြည့်လိုက်တော့ သော့ခတ်ထားတာ တွေ့ရ၏။

သောက်ရူးရယ်၊ သော့ခတ်ထားမှာပေါ့။ ည ၁၁ နာရီကျော်ပြီးမှ ဘယ်သူ က သင်္ချိုင်းထဲ လာမှာမို့ သော့မခတ်ဘဲ ထားခဲ့ရမှာလဲ။ ဘယ်သူ့မှ မယုံရ ဘူး၊ ကိုယ့်လူ။ မင်းမို့ ကံကို ယုံပြီး ဆူးပုံ နင်းဝံ့တယ်။ ကဲ အခုတော့ ဘာ လုပ်ကြမတုန်း။

အခုတော့ သံချေးကိုက်နေသော ဂိတ်တံခါးကို မျောက်လို ဖက်တက်ရုံသာ ရှိတော့သည်။ တခြားသူသာ မြင်လို့ကတော့ ကြည့်ကောင်းဦးမည်။

ဟောဒီမှာဗျို့။ ကလေးမဟုတ်၊ သူငယ်မဟုတ်၊ ရှုခင်းသာသင်္ချိုင်းဂိတ်

တံခါးကို ဖက်တက်နေတာ သေတော့မှာပဲ။ ရဲတွေဘာတွေ လာကြပါဦး။ လူးဝစ်က ရှုခင်းသာလမ်းသွယ်အတိုင်း ဆက်လျှောက်လာရင်း လမ်းဆုံးရောက်တော့ သံမဏိတိုင်ခြံစည်းရိုးတန်းအတိုင်း ညာဘက်ကွေ့လိုက်သည်။ အေးမြသော လေက နဖူးမှ မျက်ခုံးပေါ် ကျလာသည့် ချွေးစက်များကို အငွေ့ပြန်သွားစေ၏။ ခြံစည်းရိုးဆီ ကြည့်လိုက်မိတိုင်း သေချာကြည့်ရန် ကိုယ့် ကိုယ်ကိုယ် အားတင်းရ၏။

တက်တော့မယ်ပေါ့လေ၊ ဟုတ်မှလည်း လုပ်နော်။

လူးဝစ်သည် အရပ်မြင့်သည့်အထဲမှာ ပါပြီး မတ်တတ်ရပ်နေလျှင် ခြောက်ပေ နှစ်လက်မ ကျော်ကျော်လောက် ရှိသော်လည်း ခြံစည်းရိုးက အနည်းဆုံး ကိုးပေလောက် မြင့်နေသည်။ ခြံစည်းရိုးအဖြစ် အလှကာရံထားသော သံမဏိတိုင်အဟောင်းများကလည်း မြားခေါင်းကို မော့၍ ထောင်ထားသည့်နှယ် ရှိ၏။ ပေါင်နှစ်ရာအလေးချိန် ခန္ဓာကိုယ်နှင့် ခြံစည်းရိုးတိုင်ကို ကျော်ခွ၍ တက်နေစဉ် ရုတ်တရက် ခြေထောက်နှင့် ငြိပြီး ချော်လဲခဲ့လျှင် ကား တွေးဝံ့စရာပင် မရှိ၊ တံစို့ထိုးထားသော ဝက်သားကင်နှယ် ဖြစ်သွား မှာ သေချာ၏။

အကျီသည် ချွေးတို့ဖြင့် ရွဲနစ်လျက် ကျောကုန်းနှင့် ကပ်နေ၏။ ဟမ်မွန် လမ်းဘက်တွင် ယာဉ်ကြောပိတ်၍ တီးလိုက်သော ဟွန်းသံတို့ကို ခပ်အုပ် အုပ် ကြားရသည်မှလွဲ၍ ပတ်ဝန်းကျင် တခွင်လုံး တိတ်ဆိတ် ငြိမ်သက်နေသည်။

အထဲဝင်ဖို့ တနည်းနည်းတော့ ရှိရမည်။ ရှိကို ရှိရမည်။

လက်တွေ့ကျကျ ရင်ဆိုင်လိုက်စမ်းပါ လူးဝစ်ရာ။ မင်းဟာ အရူးတော့ ထပေမဲ့ အဲလောက်တော့ မရူးမိုက်ပါဘူး။ ခြံစည်းရိုးကို ကျော်သွားနိုင်တယ် ထားတော့။ ဒါတောင် တော်တော် လေ့ကျင့်ထားတဲ့ အားကစားသမားတယောက်မှ ခြံစည်းရိုးကို လွတ်လွတ်ကျွတ်ကျွတ် ကျော်လွှားလို့ ရမှာနော်။ မင်း အထဲကို ရောက်ပါပြီတဲ့။ ဂေ့ဂျ်အလောင်းကြီးနဲ့ ဘယ်လိုလုပ် အပြင် သယ်ထုတ်မှာလဲကွ၊ ဟင်။

လမ်းလျှောက်နေရင်းမှ သံချိုင်းကို တပတ်ပြီးတပတ် ပတ်နေမိသလို လို သတိထားမိလာသည်။ ယင်းမှလွဲ၍လည်း ဘာလုပ်လို့ လုပ်ရမှန်း မသိ ချေ။

ကောင်းပြီ။ ဒီလို ဖြေရှင်းမယ်။ ဒီညတော့ လဒ်လိုက အိမ်ကိုပဲ ပြန်လိုက်တော့မယ်။ မနက်ဖြန် ညနေစောင်းမှ ပြန်လာမယ်။ ၄ နာရီလောက် ကတည်းက ဝင်ပြီး တနေရာရာမှာ ပုန်းနေလိုက်မယ်။ သန်းခေါင် လောက်ကျတော့မှ ထွက်လာမယ်။ တနည်းပြောရရင် ဒီနေ့ လုပ်ရမှာကို မနက်ဖြန် ရွှေ့လိုက်တာပဲပေါ့။ ကောင်းလိုက်တဲ့ အကြံပါလား ဆွာမိလူးဝစ် ရဲ့။ ခြံစည်းရိုးကို ကျော်ပြီး ပစ်ထည့်လိုက်တဲ့ မင်းရဲ့ ဂူဖောက်တဲ့ တန်ဆာပလာကိရိယာအထုပ်ကို ဘယ်လိုလုပ်မတုန်း။

ချုံထဲ ကျသွားတာပဲဟာ၊ ဘယ်သူတွေ့မှာလဲ။ ဘုရား၊ သိကြားမလို့ ဘယ် သူမှ မတွေ့လောက်ပါဘူး။

သို့သော် မနက်ဖြန် သူပြန်လာဖို့ မသေချာတော့တာကို စိတ်ထဲက လုံးဝ ဥဿုံသိနေ၏။ ဒီညမှ မလုပ်ဖြစ်လျှင် ဘယ်သောအခါမှ လုပ်ဖြစ်တော့မည် မဟုတ်။ နောက်တခါဆို သည်လောက်ထိလည်း အရူးထမိတော့မှာ မဟုတ်။ သူလုပ်ရမည့်အချိန်က ယခုလက်ရှိ ကာလမှာ။

လမ်းအတိုင်း မျှော်ကြည့်လိုက်တော့ အဝေးမှာ မီးမှိတ်တုပ်နှင့် အိမ် အနည်းငယ် ရှိသည်ကို တွေ့ရ၏။ ခြံစည်းရိုးမှတဆင့် အထဲကို လှမ်းကြည့်တော့ အုတ်ဂူတွေက ပို၍ ဟောင်းနွမ်းဆွေးမြေ့နေသလိုလို။ သူစလျှောက် လာရာ မေဆန်လမ်းသွယ်နှင့်အပြိုင် ရှေ့နားမှာ stop ဆိုင်းဘုတ်တခု ရှိသည်။ သူဘာတွေ လုပ်နေမိပါလိမ့်။ ဒေါ်လာနှစ်ရာ စုပြီး နောက်တခေါက် ထပ်ပတ်ရမလား။ လက်လျှော့လိုက်တာကို ဝန်ခံလိုက်မလား။

ကားမီးရောင် ပေါ်လာပြန်သဖြင့် သစ်ပင်နောက်သို့ ကမန်းကတမ်း လှမ်း ဝင်၍ ပုန်းရသည်။ ဒီတခါ ကားက ခပ်နှေးနှေးသာ မောင်းလာ၏။ ကား ထိုင်ခုံနေရာမှ ဓာတ်မီးရောင် အဖြူလင်းတန်းတခု ထွက်လာပြီး ခြံစည်းရိုးတလျှောက် ထိုးကြည့်နေသည်ကို လူးဝစ်

ရင်တထိတ်ထိတ်ဖြင့်ချောင်းကြည့်နေမိ၏။ ယင်းသည် သချိုင်းကို ပတ္တာရောင် လာလှည့်သော ရဲ ကားတစီး ဖြစ်သည်။

သူ့တကိုယ်လုံး သစ်ပင်နှင့် ကွယ်ထားလို့ ရပါစေဟု ဆုတောင်းရင်း ခန္ဓာကိုယ်အား သစ်ပင်နှင့် ပြားနေအောင် ကပ်ထားလိုက်ရာ မာကျောသော သစ်ခေါက်နှင့် သူ့ပါးပြင် အပ်မိလေ၏။ ဓာတ်မီးရောင်က သူ့ဘက်ကို ဖျတ်ခနဲ ရောက်လာစဉ် ဖြူဆုတ်ဖျော့တော့နေသော မျက်နှာကို ဖုံးကွယ်ရန် ကြိုးစားရင်း ခေါင်းကို ပုထားလိုက်မိသည်။ ဓာတ်မီးရောင်က သစ်ပင်ဆီ ရွေ့လာရင်း ခဏပျောက်သွားပြီးမှ လူးဝစ်ညာဘက်မှာ ပြန်ပေါ်လာသည်။

ထိုခဏတွင် ရဲကားခေါင်မိုးပေါ်က မီးနီရောင် တဖျပ်ဖျပ် ထလင်းလာပြီး သူ့အား လက်ညှိုးထိုး၍ "ဟော့၊ သစ်ပင်နောက်မှာ ပုန်းနေတဲ့ ဟိုလူ။ ရှေ့ကို ထွက်လာခဲ့စမ်း။ လက်နှစ်ဖက်လုံး မြှောက်ပြီး အခုချက်ချင်း ထွက်လာခဲ့" ဟုများ ပြောလာမည်လား တွေးကြောက်မိသွား၏။

သို့သော် ရဲကားက ဘယ်ဘက်ချိုးကာ ဆက်လက်ထွက်ခွာသွားသည်။

လူးဝစ်သည် သစ်ပင်ကို ခြေကုန်လက်ပန်းကျစွာ မှီရင်း အသက်ကို ပြင်းပြင်းရှူနေမိ၏။ ပါးစပ်သည် ခြောက်ကပ်၍ ခံတွင်းချဉ်နေသည်။ ရဲကားက လမ်းဘေးမှာ အကျအန ရပ်ထားသော သူ၏ ဟွန်ဒါဆီးဗစ်ကားကို တွေ့ သော်လည်း ဘာပြဿနာမှ ရှာဖို့ ကြိုးစားပုံ မရ။ မေဆန်လမ်းသွယ်ထဲမှာ ညနေ ၆ နာရီမှ ၇ နာရီအတွင်း တရားဝင် ကားရပ်ထားလို့ ရသည်။ မနီးမ ဝေးမှာ သူ့လိုပင် ရပ်ထားသော တခြားကားတွေလည်း ရှိပြီး ထိုကားပိုင်ရှင် များမှာ လမ်းတဖက်ရှိ ဟိုတစသည်တစ ပြန့်ကျဲနေသော တိုက်ခန်း အဆောက်အအုံများမှ ဖြစ်တတ်သည်။

လူးဝစ်သည် သူပုန်းနေရာ သစ်ပင်က သစ်ကိုင်းများဆီ အဓိပ္ပာယ်မဲ့ မော့၍ ငေးကြည့်ရင်း "သူ တကယ်ရော လုပ်နိုင်ပါ့မလား" ဟု စဉ်းစားကြည့်သည်။ သို့သော် ရှေ့ဆက်၍ အတွေးမခံတော့ဘဲ ခေါင်းအထက်က သစ်ကိုင်းကို လှမ်းဆွဲ၍ တွဲလောင်းခိုတက်လိုက်၏။ အကယ်၍များ ရဲကားသာ ပြန်လှည့်လာပြီး ဓာတ်မီးနှင့် လှမ်းထိုးကြည့်လျှင် အင်ပင်ပေါ်မှာ ထူးဆန်းသော ငှက်ကြီးတကောင် နားနေပါလားဟု ထင်သွားနိုင်သဖြင့် အလျင်အမြန် လှုပ်ရှားရသည်။

လူးဝစ်သည် ခြံစည်းရိုးထိပ်ဖျားထက် ပိုမြင့်သော သစ်ကိုင်းရှိရာ ဆွဲတက်သွား၏။ စိတ်ထဲမှာလည်း သူ့ကိုယ်သူ ၁၂ နှစ်အရွယ် ချာတိတ်လိုလို ဘာ လိုလို ထင်မိသည်။ သို့သော် ကြမ်းတမ်းစွာ တိုက်ခတ်နေသော လေကြောင့် သစ်ပင်က မခိုင်ခန့်တော့ဘဲ ယိမ်းယိုင်လှုပ်ရှားနေပြီး သစ်ရွက်အချင်းချင်း ပွတ်တိုက် အော်ညည်းသံ တရှဲရှဲ ထွက်နေ၏။ တွဲလောင်းကျနေသော သူ့ ခြေထောက်နှင့် အောက်ဘက်ပလက်ဖောင်းက ရှစ်ပေလောက် ကွာသည်။

လူးဝစ်သည် သစ်ကိုင်းကို လက်နှင့် မြဲမြဲစွာ ကိုင်ကာ ခြံစည်းရိုးဆီ ကပ် လာ၏။ သစ်ကိုင်းသည် လုံးပတ်အနည်းငယ်သာ ထူသော်လည်း ကျိုးကျမည့် လက္ခဏာတော့ မပြ။ လက်မြှောက်ထားသဖြင့် ပူနွေးနေသော ချိုင်းက လေကြောင့်

ချက်ချင်းအေးစက်သွားသလို နဖူးမှချွေးတို့ လည်ပင်းအထိ စီး ကျနေလျက်သားမှပင် ခိုက်ခိုက်တုန်လာ၏။ သစ်ကိုင်းကလည်း အဖျားနား ရောက်လာလေ ကွေးညွတ်လာလေ ဖြစ်၏။ လက်ကောက်ဝတ်နှင့် လက်မောင်းတွေ တောင့်တင်းကိုက်ခဲလာသော်လည်း ချွေးပြန်လာသော လက်ဖဝါးတွေက ကိုင်ထားသော သစ်ကိုင်းကနေ ချော်ထွက်သွားမှာ ကြောက်သည်။

သို့နှင့် ခြံစည်းရိုးဆီ ရောက်လာပြီး စီးထားသော တင်းနစ်ဖိနပ်နှင့် ခြံစည်းရိုးတိုင်ထိပ်တို့ ထိမိသည်။ မြားဦးထိပ်ချွန်သည် လုံးဝ တုံးမနေဘဲ အလွန်တရာ ချွန်မြလှ၏။ ထိုထိပ်ချွန်များပေါ် ပေါင်ကားယားခွ၍ ပြုတ်ကျလိုက်လို့ကတော့ ဖွားဖက်တော်ပါ ထုတ်ချင်းပေါက် သွားနိုင်၏။ သို့သော် သူစိုးရိမ်ရမှာက ဖွားဖက်တော်တင် မဟုတ်ချေ။ အကယ်၍များ ထိုသို့သာ ပြုတ်ကျသွားခဲ့ပါက ရဲကားတပတ် ပြန်လှည့် လာသည့်အခါ ဟောလိုဝင်း ပွဲအတွက် အစောကြီးကတည်းက ရှုခင်းသာခြံစည်းရိုး၌ လူကို ထုတ်ချင်း ဖောက်၍ အလှဆင်ထားသည်ကို တွေ့မြင်ရဖွယ် ရှိသည်။

သူက ပင့်သက်မရှိုက်ဘဲ အသက်ကို ခပ်မြန်မြန် ရှူရင်း ခြံစည်းရိုး ထိပ်ဖျားကို ခြေထောက်နှင့် လျှောက်စမ်းကြည့်ရာ ထိုခဏတွင် သူ့အသွင် က တွဲလောင်းခို၍ ကနေသည်နှင့်ပင် တူ၏။ ခဏလောက် ထောက်မိစရာ တနေရာရာကို ခြေတို့ရှာသော်လည်း မတွေ့။

ထိုစဉ် အလင်းရောင်တချက် ဖျတ်ခနဲ သူ့ဆီ တိုးဝင်လာ၏။

ဘုရားရေ၊ ကားတစီး လာနေပါလား။

လက်ကို ရွှေ့တိုးဖို့ ကြိုးစားသော်လည်း လက်ဖဝါးများ ချော်ထွက်ကာ ပူးကပ်ထားသော လက်ချောင်းတွေ ကွဲလာ၏။ စမ်းတဝါးဝါး လုပ်နေရင်း တွဲလွဲခိုထားသော လက်မောင်းအောက်မှတဆင့် ဘယ်ဘက်သို့ လှည့်ကြည့်လိုက်တော့ ကားတစီး အရှိန်မလျှော့ဘဲ လမ်းဆုံဘက် အပြင်းမောင်း သွားတာ တွေ့ရ၏။

ကံသီပေလို့ပါလား။ တွေ့များ သွားလို့ကတော့...။

သစ်ကိုင်းမှ အမှုန်အမွှားများ သူ့ဆံပင်ထဲ ကျလာသည်ကို ခံစားရ၏။ ထို အခိုက် ခြေတဖက်က ထောက်စရာ နေရာရသွားသည်။ သို့သော် တခြား ခြေတဖက်ရှိ ဘောင်းဘီစက မြားခေါင်းထိပ်တခုနှင့် သွားငြိနေ၏။ ထို့ထက်ပိုဆိုးသည်က ဒီထက်ပိုကြာအောင် တွဲလောင်းခိုမထားနိုင်တော့ ခြင်းပင်။ ခြေထောက်ကို အသားကုန် ဆောင့်ရုန်းထည့်လိုက်စဉ် သစ်ကိုင်းက ညွတ်ကျလာပြီး ဖြိခနဲ ပြဲထွက်သွားသံ နှင့်အတူ ငြိနေရာမှ လွတ်သွား

ကာ မြားခေါင်းထိပ်နှစ်ခုပေါ် ခြေနှစ်ချောင်းလုံး ထောက်လို့ ရသွား၏။ သို့သော် တခဏချင်းပင် မြားခေါင်းထိပ်ချွန်က တင်းနစ်ဖိနပ်သားထဲ စူးဝင်ပြီး ဖိနင်းလေ နာကျင်လေ ဖြစ်လာ၏။ သို့သော် ခြေဖဝါးဆီက နာကျင်မှုက လက်မောင်းနှင့် လက်ဖဝါးဆီက သက်သာမှုလောက် မကြီးမားသဖြင့် ဘယ်နည်းနှင့်

ဖြစ်ဖြစ် ထောက်ထားရပေမည်။

လူးဝစ်စိတ်ထဲ "ငါ့နှယ် ဖြစ်ရပုံများ၊ မြင်စေချင်စမ်းပါဘိ" ဟု မရယ်ချင့် ရယ်ချင် အပြောင်အပျက် လျှောက်တွေးလိုက်သည်။ သူက ဘယ်လက်နှင့် သစ်ကိုင်းကို ခိုရင်း ညာလက်ကို ဂျာကင်အင်္ကျီနှင့် သုတ်သည်။ ထို့နောက် ညာလက်နှင့် တလှည့်ခိုရင်း ဘယ်လက်ကို သုတ်သည်။

အခုတော့ လက်ချောင်းများကို အေးဆေးသက်သာစွာ ခိုယှက်ထားနိုင်ပြီ ဖြစ်၍ မြားခေါင်းထိပ်ပေါ် ရပ်ရင်း တာဇံကဲ့သို့ သစ်ကိုင်းအတိုင်း တွဲလောင်းခို၍ ရှေ့ဆက်တိုးလာလိုက်သည်။ မြားခေါင်းထိပ်ကို ကျော်လွန်သွားတော့ သစ်ကိုင်းဆီက ကျိုးတော့မည့် အရိပ်အယောင်လို နိမိတ်ပြသည့် ချွတ်ခနဲ အသံ ထွက်လာသည်ကို ကြားလိုက်ရသဖြင့် ကံစီမံရာပဲဟု သဘောပိုက်ရင်း လက်လွှတ်၍ ခုန်ချလိုက်ရာ မြေပြင်ပေါ်သို့ ခွေးကျ ကျသွား၏။ ဒူးခေါင်းက အုတ်ဂူ တလုံးနှင့် တိုက်မိလေရာ နာကျင်မှုက ပေါင်ရင်းအထိ တက်ဆောင့်သဖြင့် သူ့ခများ ဒူးခေါင်းကို ဆုပ်ကိုင်လျက် အံ ကို ကြိတ်ကာ မြက်ခင်းပေါ် လူးလှိမ့်နေမိသည်။ သည်လိုမှန်း သိရင် ဒူးစွပ် ဝတ်လာပါတယ် ဟုလည်း တွေးမိ၏။ နောက်ဆုံး၌ နာကျင်မှုတို့ တဖြည်းဖြည်း လျော့ပါး သက်သာလာပြီး အရိုးအဆစ်တို့ ပြန်ဖြောင့်လာ နိုင်သည်။ လမ်းလျှောက်နေမှ အနာသက်သာမည် ထင်၏။ သက်သာချင်မှ လည်း သက်သာမည်။ သို့နှင့် ပစ္စည်းထုပ် ပြန်ယူရန် မတ်တတ်ထရပ်ကာ မေဆန်လမ်းဘက် ခြံစည်းရိုးအတိုင်း ပြန်လျှောက်ရသည်။ ပထမတော့ ဒူးခေါင်းက အတော်လေး နာသဖြင့် ထော့နဲထော့နဲ့သာ လျှောက်ရသော်လည်း နောက်တော့ တဖြည်းဖြည်း သက်သာသွား၏။ အက်စ်ပရင်ကလည်း ကားထဲက ဆေး သေတ္တာထဲမှာ ကျန်ခဲ့သည်။ ယင်းကို တပါတည်း ယူလာခဲ့သင့် သော်လည်း အခုမှတော့ နောက်ကျသွားပြီ။ ယာဉ်အသွားအလာ လိုက်ကြည့်ပြီးနောက် ကားတစီး ဖြတ်လာလျှင် သင်္ချိုင်းကုန်းရှိ အမှောင်ထုထဲ ဝင်၍ ကိုယ်ယောင်ဖျောက်နေလိုက်၏။

မေဆန်လမ်းပေါ်က သူ၏ ဆီးဗစ်ကားနှင့် မျက်နှာချင်းဆိုင်ရှိ ခြံစည်းရိုးနား ရောက်လာတော့ ချုံပုတ်ထဲ ကျနေသည့် ပစ္စည်းထုပ်ကို ရှာတွေ့သွားသည်။ ထိုအခိုက် ခြံစည်းရိုးနှင့်ကပ်လျက် ပလက်ဖောင်းအတိုင်း လျှောက်လာသည့် ခြေသံများနှင့် မိန်းမတယောက်၏ ခပ်အုပ်အုပ် ရယ်သံကို ကြားလိုက်ရသဖြင့် ဝပ်ချလိုက်ရ၏။ သူက ကမ္ဗည်းတိုင်ကြီး တခုနောက်မှာ ထိုင်ချလိုက်ရာ ဒူးခေါင်းက မျက်ခနဲ နာကျင်သွားသည်။ သို့သော် နာကျင်မှုကို မမှုအားဘဲ ခုနကအတွဲ တယောက်ခါး တယောက်ဖက်ကာ မေဆန်လမ်း အဆုံးရောက်သည်အထိ လျှောက်သွားသည်ကို စောင့်ကြည့်ရသည်။ အခုနေ အလောင်းကောင်တို့၏ မြို့တော်ကြီးထဲမှ လူးဝစ်က ဘွားခနဲ မတ်တတ်ထရပ်ကာ တခုခု အော်ဟစ်လိုက်ပါက ဘယ်လိုနေမလဲ မသိချေ။ ထိုအတွဲက သူ့ကားနောက်ကွယ်ရှိ အလင်းရောင်လေး ကွက်လင်းနေသော နေရာမှာ ရပ်တန့်ကာ ပွေ့ဖက်လိုက်ကြသည်ကို ကြည့်ရင်း စိတ်ထဲမှာ မုန်းတီးရွံရှာလာ၏။

အောင်မာ၊ မသိရင်ပဲ အပေါစားရုပ်ပြစာအုပ်ထဲကလို ငါက ချစ်သူနှစ်ယောက် ချစ်ကြည်နူး တတီတူးနေတာကို ချောင်းမြောင်းမနာလိုနေတဲ့ အောက်တန်းစားကျနေတာပဲ။ နေပါဦး၊ ငါက ချက်ချင်း အဲဒီလိုအတန်းအစားထဲ ရောက်သွားပြီလား။ သစ်ပင်ပေါ် တက်၊ သစ်ကိုင်းကို ခို ဆင်း၊ သင်္ချိုင်းကုန်းထဲ ကျ၊ သမီးရည်းစားနှစ်ယောက်ကို ချောင်း၊ ပြီးတော့ တွင်းတွေ လိုက်တူး၊ ဟယ် မဟုတ်သေးပါဘူး။ ငါ့နှယ် အရူးထလို့၊ ဆရာဝန်ဖြစ်ဖို့ ရှစ်နှစ်လောက် အချိန်ကုန်ခဲ့ရတာဟာ တချီတည်းနဲ့ ဂူ ဖောက်သမား ဖြစ်စရာလား။

လူးဝစ်သည် တောင်တောင်ဤဤ အဓိပ္ပာယ်မဲ့ လျှောက်စဉ်းစားမနေတော့ဘဲ ထိုအတွဲ ဆက်လျှောက်သွားသည့် အထိသာ စိတ်မရှည်စွာ ဆက်စောင့်ကြည့်နေမိသည်။ ထိုအတွဲက တိုက်ခန်းတွဲကြီး တခု၏ လှေကားထစ်များအတိုင်း တက်သွား၏။ အမျိုးသားဖြစ်သူက သေ့ရှာသလိုမျိုး ဟိုသည် လျှောက်နှိုက်ပြီး ခဏနေတော့ နှစ်ယောက်လုံး အထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထိုအခါ လမ်းသည် ပုံမှန် တိုက်ခတ်နေသော လေသံ၊ သစ်ရွက်အချင်းချင်း ပွတ်တိုက်ရိုက်ခတ်သံတို့မှအပ တဖန် ပြန်၍ တိတ်ဆိတ် ငြိမ်သက်သွား၏။ သူ့နဖူးပေါ်မှာတော့ ချွေးစက်များ သီး နေ၏။

လူးဝစ်က ခြံစည်းရိုးဆီ ကုန်းကုန်း ကုန်းကုန်းနှင့် ပစ္စည်းထုပ်ကို အပြေး သွားယူသည်။ အထုပ်ကို ကောက်ဆွဲလိုက်သည်နှင့် အထဲက ကိရိယာ တန်ဆာပလာတို့အချင်းချင်း ထိခတ်သံ ကလောင်ကလင် ထွက်လာ၏။ သူက အထုပ်ကို ပခုံးမှာထမ်းကာ ဂိတ်တံခါးကို လွန်သွားသော ကျောက် ခင်းကားလမ်းမအတိုင်း ဆက်သွားသည်။ လမ်းသုံးခွဆုံရောက်တော့ ဘယ် ဘက်လမ်းသို့ ကွေ့သွား၏။ full-time အလုပ်ဆင်းသည့် သုဘရာဇာတွေ ဘာတွေများ ရှိနေမလား သိချင်စိတ်ဖြင့် ဟိုသည်လျှောက်ကြည့်ရင်း အင် ပင်ရိပ်ထဲမှ လမ်းဆုံးသည်အထိ လျှောက်လာမိသည်။

ဂေ့ဂျ်၏ အုတ်ဂူနှင့် နီးကပ်လာတော့မှ ရုတ်တရက် သူ့သား၏ ရုပ်သွင်ကိုမမှတ်မိတော့မှန်း သတိရလာ၏။ သို့နှင့် လျှောက်နေရာမှ ခဏရပ်ကာ အုတ်ဂူမြေပုံတို့ကို ငေးမောရင်း အပြေးအလွှား ပြန်စဉ်းစားရသည်။ ထိုအခါ ပါးလျကောင်းမွန်သော ရွှေရောင်ဆံနွယ်၊ စောင်းတောင်းတောင်း မျက်လုံးကလေးတွေ၊ ဖြူဖွေးသော သွားသေးသေးလေးများ၊ ရီကာဂိုမှာ နေ တုန်းက ခိုက်မိရာမှ ရလာသည့် မေးစေ့က အမာရွတ်ကလေး စသည်တို့ တခုချင်း ပြန်ပေါ်လာသည်။ သို့သော် ထိုအစိတ်အပိုင်းများကို ပေါင်းစပ်ပုံ ဖော်ကြည့်လို့ မရချေ။ အနောက်ကို တချက်မျှ လှည့်မကြည့်ဘဲ လမ်းမပေါ် ပြေးတက်သွားရင်းက အော်ရင်ကိုကုန်ကားကြီးနှင့် မိတ်ဆက်သွားသည့် ဂေ့ဂျ်၏ နောက်ကျောကိုသာ မြင်သည်။ စွန်လွှတ်သည့် နေ့တုန်းက ညဘက် အိပ်ရာဝင်ချိန် ပုခက်ထဲက ဂေ့ဂျ်အသွင်ကို မြင်ကြည့်ဖို့ ကြိုးစားသော်လည်း သူ၏ စိတ်မျက်လုံးထဲ၌ မှောင်မည်း၍သာ နေ၏။

မင်းဘယ်မှာလဲ သားရယ်။

ကိုယ့်သားကိုယ် ကောင်းတာ တခုခုများ လုပ်ပေးဖူးသလား ပြန်စဉ်းစမ်းကြည့်စမ်းပါဦး လူးဝစ်။ ဂေ့ဂျ်က မင်းတွေးနေသလို မဟုတ်ဘဲ လောလောဆယ် သူရောက်နေရာ ဘုံဘဝတခုခုမှာ ပျော်ချင်လည်း ပျော် နေရောပေါ့။ အိန်ဂျထ်နတ်သားလေးတွေနဲ့လည်း ရှိချင်ရှိနေမယ်။ ဒီအတိုင်း ခရစ်တော်မှာ အိပ်ပျော်ချင်လည်း ပျော်နေမှာပဲ။ သူအိပ်ပျော်နေ တယ်ဆိုရင် မင်းသွားနှိုးလိုက်တာ သူရော ဟုတ်ပါ့မလား။

သားရယ်၊ ဘယ်ဆီဘယ်ဝယ်များ ရောက်နေသလဲ။ သားကို ဖေဖေတို့နဲ့ အတူ ရှိစေချင်လိုက်တာကွယ်။

သူ့လုပ်ရပ်က သူ့စိတ်နဲ့သူ လုပ်နေတာရော ဟုတ်ပါရဲ့လား။ တစုံတရာ က ထိန်းချုပ် စေခိုင်းနေတာများလား။ ဂေ့ဂျ်မျက်နှာသွင်ပြင်ကို ဘာကြောင့် ပုံဖော်လို့ မရတာပါလိမ့်။ သောက စိတ်ကြောင့်လားတော့ မသိ၊ ကိုယ်တိုင်လည်း မကောင်းတာတခုခု ဖြစ်တော့မည်ကို မသိစိတ်ထဲမှာ အစောကြီး ကတည်းက ကြိုတင်ရိပ်မိနေခဲ့သလို ဂျထ်တို့၊ ပတ်စ်ကောင်းတို့ ဝိုင်း သတိပေးတာကို ဘာကြောင့် ဆန့်ကျင်နေချင်မှန်း မသိ။

တိရစ္ဆာန်သင်္ချိုင်းထဲက မြေပုံအမှတ်အသားများ၊ ခရုပတ်ပုံသဏ္ဍာန် ဆန်းကြယ်စွာ ခပ်ကြမ်းကြမ်း ရေးခြစ်ထားသော စက်ဝိုင်းများအကြောင်း ခေါင်းထဲ ဝင်လာတော့ ကျောထဲ စိမ့်ခနဲ ဖြစ်သွား၏။

သူ ဘာလို့ ဒီနေရာမှာ ရပ်ပြီး ဂေ့ဂျ်မျက်နှာကို ပုံဖော်ဖို့ ကြိုးစားနေမိပါလိမ့်။ မကြာခင် တွေ့ရတော့မှာပဲကို။

မြေပုံဆီ ရောက်တော့ "ဂေ့ဂျ်ဝီလျံခရိဒ်" ဟု ရေးထွင်းထားသော ကျောက်စာကမ္ပည်းတိုင်လေးကို မြင်ရသည်။ နာမည်အောက်မှာ မွေးသက္ကရာဇ်နှင့် ကွယ်လွန်သော ခုနှစ်ကို ရေးထား၏။ လတ်ဆတ်သော ပန်းများကို တွေ့သောအခါ ဘယ်သူကများ သူ့မြေပုံပေါ် တခုတ်တရ လာ ထားသွားပါလိမ့်ဟု တွေးမိ၏။ ဘယ်သူရောက်လာခဲ့သေးတာလဲ။ မစ်ဆီ ဒန်းဒရစ်ဂျ်လား။

နှလုံးသည် ရင်ဘတ်ထဲမှာ လေးလံနှေးကွေးစွာ တချက်ချင်း ခုန်နေ၏။ လုပ်မည်ဆိုလျှင်လည်း ယခုပင် စလိုက်တာ ပိုကောင်းသည်။ ညတာက ရှည်ဦးမည်။ ပြီးရင် နေ့အလင်းရောင်လည်း လာဦးမည်။

လူးဝစ်သည် နောက်ဆုံးအကြိမ်အဖြစ် သူ့စိတ်သူ ပြန်ဆန်းစစ်ကြည့်လိုက် သောအခါ "ဆက်လုပ်မည်"ဟူသော အဖြေကို ရ၏။ ထို့နောက် သူ့ဘာသာ မသိမသာ ခေါင်းညိတ်လိုက်မိပြီး လက်ထဲက အိတ်ဆောင်ဓားကို ကျစ်ကျစ် ပါအောင် ဆုပ်ရင်း စကော့ချ်တိတ်ဖြင့် ပတ်ထားသော ပစ္စည်းထုပ်ကို ဖောက်သည်။ တာပလင်စကို ဂေ့ဂျ်မြေပုံခြေရင်းမှာ အိပ်ရာလိပ်ဖြန့်ချသလို ခင်းကာ ခွဲစိတ်မှုအသေးစားတခု လုပ်တော့မည့်နှယ် ပစ္စည်းကိရိယာများကို တန်းစီချလိုက်သည်။

ကုန်မာဆိုင်က စာရေး၏ အကြံပေးသည့်အတိုင်း ခေတ်မီးဝကို သက္ကလတ်စထပ်၍ တိပ်ဖြင့် ပတ်ထားသည်။ မီးအလင်းရောင်မပြန့်စေဖို့ သက္ကလပ်စအပေါ်ကိုမှ ခွဲစိတ်ဓားဖြင့် အဝိုင်းလေးတခုစာ လှီးဖြတ် ထား၏။ လက်ကိုင်အတိုနှင့် ပေါက်ချွန်းကတော့ လိုရမည်ရ ယူလာခဲ့ခြင်း သာဖြစ်၍ ဘာမှ ဖုံးမလာခဲ့။ ပြီးတော့ ဂေါ်ပြား၊ တူရွင်း၊ ကြိုးခွေ၊ လုပ်ငန်း သုံး လက်အိတ်။ သူက လက်အိတ်ကို စွပ်ကာ ဂေါ်ပြားကို ကောက်ကိုင်ပြီး လုပ်ငန်းစသည်။

မြေကြီးက ပျော့သဖြင့်

အလွယ်တကူ တူးလို့ရသည်။ လတ်လတ်ဆတ်ဆတ် ဖို့ထားသော မြေသားက ဂူဖျားက နဂိုရှိရင်းစွဲ မြေ သားထက် ပိုပျော့၏။ စိတ်ထဲ၌ ကျောက်စရစ်ခဲလုံး ထူပြောသော တူးရခက် သည့် ဟိုနေရာရှိ ဖုန်းဆိုးမြေသားနှင့် သွားနှိုင်းကြည့်နေမိသည်။ သည်လို သာ အလွယ်တကူ တူးလို့ရလျှင် ကိစ္စအားလုံး စဉ်းစားထားသည့်အတိုင်း တနည်းမဟုတ် တနည်း ဖြစ်လာပါက နောက်ပိုင်းမှာ သားကို ပြန်မြှုပ်ရ မည် ဆိုလျှင်တောင် သည်တညထဲမှာတင် အဆုံးသတ်နိုင်သည်။ ထို့နောက် စိတ်ကူးပေါက်ရာ လျှောက်တွေးမနေတော့ဖို့ ကြိုးစားသည်။ သူ့ ဟာနဲ့သူ ဖြစ်သွားမှာပါ။

မြေကြီးတွေကို မြေပုံဘယ်ဘက်ခြမ်းသို့ စည်းချက်ကျကျ တူးရင်းမှ တွင်းနက်လာလေ ကော်ထုတ်ရခက်လာလေ ဖြစ်လာ၏။ မြေတွင်းထဲ နစ် လာတော့ နှာခေါင်းထဲမှာ လတ်ဆတ်သော မြေကြီးနံ့ ရလာသည်။ ထိုအခါ နွေရာသီမှာ ဦးလေး ကားလ်နှင့် နေစဉ်က ရသည့် အနံ့ကို သွားသတိရ၏။

မြေတူးသမား။

တူးနေရာမှ ခဏနားစဉ် နဖူးက ချွေးကို သုတ်ရင်း အမေရိကန်မှာသင်္ချိုင်းစောင့် များအား အပြောင်အပြက် ခေါ်သည့် ထိုနာမည်ကို တွေးမိ၏။ ထို့နောက် ဆက်တူးသည်။ ခဏရပ်၍လည်း လက်မှ နာရီကို ကြည့်၏။ ၁၂ နာရီ မိနစ် ၂၀။ အချိန်တွေက လက်မှတဆင့် ချော်ကျနေသလိုလို။

မိနစ်လေးဆယ်လောက် ကြာတော့ ဂေါ်ပြားက တခုခုနှင့် တိုက်မိသည်။ အပေါ်နှုတ်ခမ်း ကိုလည်း သွေးစို့လာသည်အထိ တင်းတင်းကိုက်ထားမိ၏။ ခေတ်မီးသွားယူ၍ ထိုးကြည့်တော့ မီးခိုးရောင်ရင့်ရင့် ကွန်ကရစ်သား အုတ်ဂူအစပ်နှင့် တိုက်မိမှန်း တွေ့ရသည်။ ဂူပတ်လည်မှာ တူးစရာ မြေကြီး တွေ ကျန်သေးသည်။ အခုဟာက ဂူထိပ်ဖျားသာ ဖြစ်၏။ မြေကြီးတွေ ရသ လောက် ကျုံးပစ်သော်လည်း အသံတွေ လိုအပ်သည်ထက် ပိုထွက်နေမှာ စိုးသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ညအလယ်မှာ ဂေါ်ပြားနှင့် ကွန်ကရစ်တို့ ခြစ်မိသံက တဆိတ်ကျယ်လောင်လွန်းသည်ဟု ထင်သည်။

ထို့နောက် ကြိုးယူကာ ကွန်ကရစ်တုံးရှိ သံကွင်းတွေထဲ ထည့်ပြီး အပေါ် ပြန်တက်သည်။ ဖြန့်ထားသော တာပလင်စပေါ် လှဲချကာ ကြိုးအဆုံးကို တင်းနေအောင် လက်ထဲမှာ ဆုပ်ထားလိုက်၏။

ဒါ မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲ လူးဝစ်။

ဟုတ်တယ်။ ငါ့အတွက် နောက်ဆုံးအခွင့်အရေး။ ဒါကြောင့်မို့လည်း အမိအရ ဖမ်းဆုပ်နေတာလေ။

ကြိုးစကို အားနှင့် ဆွဲလိုက်တော့ လေးထောင့်စပ်စပ် ကွန်ကရစ်တုံးက အလွယ်တကူ ကွာ၍ ထောင်မတ်လာသည်။ မြေတွင်းထဲ ဆင်းကာ ကွန်ကရစ်တုံးကို ထိန်း၍ ကြိုးပြန်ဖြည်သည်။ ခဲလုံးတချို့ တွင်းထဲ လိမ့် ဆင်းလာ၏။ ကုန်း၍ အုတ်ဂူအဖုံး ထိပ်တဖက်ကို လက်နှင့် ဖမ်းဆွဲ၍ ထောင်လိုက်စဉ် လက်ချောင်းများအောက်မှ လုံးထွေးနေသော တစုံတခု၏ အေးစက်စက် အထိအတွေ့ကို ရသည်။ သို့နှင့် ငုံ့ကြည့်လိုက်တော့ တွန့်လိမ်နေသော တီကောင်တုတ်တုတ်ကြီးကို တွေ့လိုက်ရပြီး ရွံရှာ မှုနှင့်အတူ လက်ကို အုတ်ဂူဘေးနံရံနှင့် သုတ်ပစ်လိုက်၏။

ဂူအဖုံးကို ဖွင့်ကာ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်တော့ နာရေးဝန်ဆောင်မှု က မှာယူခဲ့သည့် ခေါင်းတလားအဖုံးကို တွေ့ရသည်။ အဖုံးဘေးပတ်လည် ကို အော်ဂလီဆန်စရာ အစိမ်းရောင် မြက်ခင်းတုနှင့် ပတ်ထားသည်။ ဤ အရာသည် သားလေးအတွက် မျှော်လင့်ချက်အားလုံးကို မြှုပ်နှံသိမ်းဆည်း ထားသည့် အလုံပိတ် သေတ္တာဖြစ်ရာ၏။ စိတ်ထဲမှာ မူလက အေးစက်မှုနှင့် ဆန့်ကျင်စွာ ပူလောင်ပြင်းပြလာသည်။

အဲဒီတော့ ဘာလဲ။ အုတ်ဂူကို ပြန်ပိတ်တော့မှာလား။ ပိတ်ရအောင် သောက်ရူးမို့လို့လား၊ မပိတ်ဘူးဟေ့။

လူးဝစ်က ဂေါ်ပြားကို လက်နှင့် လိုက်စမ်းသည်။ ပြီးနောက် ခေါင်းတလားချက်ထဲ ဂေါ်ပြားဖြင့် ချိုးရိုက်ထိုးဖွင့်သည်။ တကြိမ်၊ နှစ်ကြိမ်၊ သုံး ကြိမ်၊ လေးကြိမ်။ သူ့မျက်နှာက ဒေါသကြောင့် နှုတ်ခမ်းပါ ရှုံ့တွနေ၏။ သားကို ဖေဖေ ထုတ်ပေးမယ် ဂေ့ဂျ်၊ ကြည့်နေ။

တကယ်တော့ ချက်က ပထမတချက်မှာတင် ပွဲ့ထွက်သွားပြီး ဖြစ်၍ အင်နှင့်အားနှင့် ဆက်ဖျက်နေစရာ မလိုတော့သော်လည်း သူကတော့ ဆက်၍ ဆောင့်ထိုး ရိုက်ချိုးနေမိသည်။ ခေါင်းတလားကို မပွင့်စေချင်တာလား၊ ချက်ကိုပင် နာကျင်စေချင်တာလား မသိတော့။

နောက်ဆုံး၌ သူ သတိဝင်လာပြီး ရပ်သွားသည်။ ညောင်းချိနေသော ခြေထောက်များကို မြေပုံထဲက ဆွဲထုတ်သည်။ သတိလက်လွတ် ဖြစ်သွား စဉ် ဒေါသက ဒိုင်းခနဲ ဆောင့်ဝင်လာပြီး တမုဟုတ်ချင်း ပြန်၍ ပျောက်ကွယ် သွားကာ ဗိုက်ထဲမှာ မအီမသာ ဖြစ်ကျန်ရစ်၏။ သည့်အစား ဘဝမှာ တခါ မျှ မခံစားဖူးသော လောကကြီးနှင့် အဆက်အသွယ် ပြတ်နေသလိုမျိုးအေးစက်စက် အထီးကျန်မှု ပြန်ရောက်လာသည်။ စိတ်ထဲမှာ ယာဉ်နှင့် ဝေးကွာမျောလွင့်သွားသော အာကာသယာဉ်မှူး တယောက်လို နက်ရှိုင်း မှောင်မိုက်မှုကြီးထဲ အထိန်းအကွပ်မဲ့စွာ စီးမျောနေ၏။

ဘေလ်ဘတ်တာမန်းကော ဒီလို ခံစားခဲ့ရသလား သူသိချင်မိသည်။

ခဏနားသည့်အနေဖြင့် မြေကြီးပေါ် ပက်လက်လှန်ပစ်လှဲကာ ဆက်လုပ်ရန် အသင့်ပြင်၏။ ခြေထောက်ညောင်းသက်သာသွားတော့ ထထိုင်ကာ မြေ တွင်းထဲ လျှောဆင်းလိုက်သည်။ ချက်ကို ဓာတ်မီးနှင့် ထိုးကြည့်တော့ ကျိုး ထွက်မသွား သော်လည်း ပွဲ့ရွဲ့ပျက်စီးနေ၏။ သူက ဂေါ်ပြားနှင့် ရမ်းသမ်း ရိုက်ချလိုက်သည်။ သို့သော် ခုနကတော့ တည့်တည့်မတ်မတ် ရိုက်ချထားသဖြင့် ချက်နားတဝိုက်က သစ်သားစတို့ ပွဲ့ထွက်နေပြီ။

ဓာတ်မီးကို ချိုင်းကြားညှပ်ကာ အနည်းငယ်မျှ ဆောင့်ကြောင့်ထိုင်ကာ ခေါင်းတလား အဖုံးနှုတ်ခမ်းက မြောင်းစပ်အတိုင်း လက်ချောင်းများနှင့် လိုက်သပ်၍ စမ်းသည်။ ထို့နောက် သူ့လက်များက လိုရာကို ရောက်သွား သလိုမျိုး တန့်ခနဲ ဖြစ်သွားပြီး ချီတုံချတုံပင် ဖြစ်မနေဘဲ ခေါင်းတလားကို ဆွဲဖွင့်လိုက်၏။

*****

အခန်း (၅၀)

ရေချယ်သည် ဘော်စတွန်မှ ပေါ့တ်လန်းသို့ သွားမည့် လေယာဉ်ကို မီလုမီ ခင် ဖြစ်ခဲ့၏။

ချီကာဂိုလေဆိပ်မှ နယူးယောက်ရှိ လာဂွာဒီးယားလေဆိပ်သို့ အံ့သြ ဘနန်း ဆန်းကြယ်စွာ အထစ်အငေါ့မရှိ အချိန်မီ ရောက်လာခဲ့ပြီး နယူး ယောက်မှ ပြန်ထွက်ရမည့် အချိန်ဇယားထက် ငါးမိနစ်သာ နောက်ကျ၍ ထွက်သည်။ ဘော်စတွန်လေဆိပ်ကို ဆယ့်ငါးမိနစ် နောက်ကျ၍ ည ၁၁ နာရီ ၁၂ မိနစ်မှ ဝင်သည်။

ကြားထဲမှာ ဆယ့်သုံးမိနစ်လောက် ကွာဟသွား၏။ ဖြစ်ပုံက လိုဂန် လေဆိပ်ဝန်းထဲမှာ လှည့်ပတ်သွားလာနေသော အကြိုအပို့ဘတ်စ်ကား နောက်ကျရာမှ စသည်။ ထို့ကြောင့်သာ မဟုတ်လျှင် connecting flight ကို မီနိုင်လောက်သည်။ ရေချယ်သည် မအေထည့်ပေးလိုက်သော ခရီးဆောင် အိတ်ကို ပခုံးတဖက်မှ တဖက်သို့ ပြောင်းလွယ်ရင်း စိတ်လည်း မရှည်၊ စိတ်လည်း မဖြောင့်သဖြင့် ရေအိမ်ပဲ ဝင်ရတော့မလိုလို ဘာလုပ်ရမှန်း မသိ စောင့်နေမိသည်။

၁၁ နာရီ ၂၅ မိနစ်အထိ ဘတ်စ်ကား ရောက်မလာသောအခါတွင်မူ လက်မှတ်ကောင်တာရှိရာသို့ ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် ပြေးရလေ၏။ ဒေါက်မြင့်ဖိနပ် နိမ့်သဖြင့် ခြေသလုံး ကွေးလိုက်တိုင်း နာသောအခါမှ ခဏရပ်၍ ဖိနပ်ကို ချွတ်သည်။ ပြီးသည်နှင့် အနောက်က ကျား လိုက်လာသလို ပြေးရပြန်၏။ Allegheny နှင့် Eastern Airlines တို့ကို ဖြတ်လာပြီးနောက် ဟောဟဲလိုက်ကာ နံဘေးမှ စူးခနဲ ထိုးအောင့်လာပြီး အသက်ပြင်းပြင်း ရှူနေမိသည်။

လည်ချောင်းတလျှောက်လုံး ခြောက်ကပ်နေသည်မို့ ဝင်သက်ထွက်သက် တို့ပါ ပူလောင်ပြီး နံဘေးမှ ထိုးထိုးအောင့်သည့် ဝေဒနာကလည်း ပို၍စူးရှ ပြင်းထန်လာ၏။ နိုင်ငံတကာ လေဆိပ်ဝန်းကို ကျော်လာပြီး နောက် ဒဲလ်တာ လေကြောင်းလိုင်းကောင်တာ၏ သုံးမြှောင့်ပုံသင်္ကေတဆိုင်းဘုတ်ကို လှမ်း မြင်ရသည်။ မှန်တံခါးကို ဆောင့်တွန်းဖွင့်၍ ဝင်လိုက်ရာ လက်တဖက်မှာ ကိုင်ထားသော ဖိနပ်တဖက် ပြုတ်ကျ၏။ သို့သော် ရေချယ်က လက်မြန်ခြေမြန် ဆတ်ခနဲ ဖမ်းမိလိုက်သည်။

၁၁ နာရီ ၃၇ မိနစ်။

ကောင်တာမှာ ထိုင်နေသော တာဝန်ကျစာရေးတဦးက သူမကို မော့ကြည့်တော့ ရေချယ်က အမောတကောဖြင့်

"Flight 104 လေ၊ ပေါ့တ်လန်းကို သွားမယ့် လေယာဉ်လေ။ ထွက်သွားပြီ လား"

စာရေးက သူ့အနောက်က မော်နီတာကို တချက်လှမ်းကြည့်ကာ

"ဒီမှာတော့ ဂိတ်မှာပဲ ရှိသေးတယ်လို့ ပြနေတာပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ငါး မိနစ်ကပဲ final boarding ခေါ်သွားတယ်။ ကျွန်တော် လှမ်းပြောထားပေး မယ်။

အိတ်စစ်ဖို့ ပါသေးလား”

“မပါဘူး”

ရေချယ်က ဟင်းခနဲ ပင့်သက်ချကာ ချွေးတို့ဖြင့် စိုကပ်နေသော ဆံပင်များကို မျက်စိရှေ့မှ ဖယ်လိုက်သည်။ ရင်ဘတ်ထဲမှာတော့ ကဆုန်ပေါက်နေ၏။

“ကျွန်တော့်အခေါ်ကို စောင့်မနေနဲ့တော့။ ကျွန်တော် လှမ်းပြောလိုက် မယ်။ မြန်မြန်တော့ ပြေးဖို့ လိုမယ်နော်”

သို့သော် ရေချယ် မြန်မြန် မပြေးနိုင်ခဲ့၊ ပြေးလည်း မပြေးနိုင်တော့ချေ။ ကိုယ်စွမ်းသမျှတော့ အမြန်ဆုံး သွားခဲ့ပါ၏။ စက်လှေကားက ညဘက်ဆို ပိတ်ထားသဖြင့် ဒီအတိုင်း တက်ရသည်။ လုံခြုံရေး စစ်ဆေးသည့်နေရာ ရောက်တော့ အထိတ်တလန့် ဖြစ်သွားပုံရသည့် အမျိုးသမီးအစောင့်ဆီ အိတ်ကို လှမ်းပစ်ပေးတော့မိမလို ဖြစ်သွားသည်။ နောက်မှ စက်ခါးပတ်ပေါ် တင်ကာ အိတ်စ်ရေး ဖြတ်မှာကို လက်သီးနှစ်ဖက် ဆုပ်လိုက် ဖြန့်လိုက် နှင့် စောင့်ဆိုင်းရ၏။ စက်အတွင်းမှ တစွန်းတစ ပေါ်လာသည်နှင့် အိတ် ကို ဆတ်ခနဲ ကောက်ဆွဲ၍ ပြေးရပြန်သည်။ အိတ်က သူမတင်ပါးနှင့် ရိုက်ကာ ခုန်ဆွခုန်ဆွနှင့် မြောက်၍ တက်တက်လာ၏။

ပြေးရင်းလွှားရင်း မော်နီတာတခုကို မော့ကြည့်တော့ FLIGHT 104 PORTLAND SCHED 11:25P GATE 31 BOARDING (လေကြောင်းခရီးစဉ် ၁၀၄၊ ပေါ့တ်လန်းသို့၊ ထွက်ခွာချိန်၊ ည ၁၁ နာရီ ၂၅ မိနစ်၊ ဂိတ်အမှတ် ၃၁၊ လေယာဉ်ပေါ် တင်ဆောင်ရန် ခေါ်ယူနေ) ဟု ပြနေတာ တွေ့ရသည်။ ဂိတ် အမှတ် ၃၁ က လျှောက်လမ်းအဆုံးမှာ ဖြစ်ပြီး ဝေးနေသေး၏။ မော်နီတာ ကို လှမ်းကြည့်လိုက်စဉ် ထိုခဏမှာပင် BOARDING ဟူသော စာလုံးမှ DEPARTING (ထွက်ခွာ) အဖြစ်သို့ လျင်မြန်စွာ တဖျပ်ဖျပ် ပြောင်းသွားတာ တွေ့ရသည်။ စိတ်ထဲမှာ အမလေး သွားပါပြီဟု အော်ဟစ်လိုက်မိ၏။ ဂိတ် ဝင်းထဲ ရောက်သွားသည့်အချိန်သည် ဂိတ်စောင့်က FLIGHT 104 BOSTON -PORTLAND 11:25 ဟူသော စာတန်းကို ကောင်တာပေါ်မှ ဖယ်ရှားလိုက် ချိန်နှင့် ကွက်တိ။

ရေချယ်က မယုံနိုင်သည့် အမူအရာဖြင့်

“ထွက်သွားပြီလား၊ တကယ်ထွက်သွားတာလားဟင်”

အစောင့်က သူမကို သနားကရုဏာသက်စွာ ကြည့်ရင်း

“၁၁ နာရီ မိနစ် ၄၀ ကပဲ လေယာဉ်ပြေးလမ်းကနေ ထွက်သွားပါပြီ။ စိတ် မကောင်းပါဘူးဗျာ။ အလာကောင်း ပေမဲ့ အခါနှောင်းသွားပြီ အစ်မရယ်”

သူက ပြောပြောဆိုဆို မှန်ပြတင်းပေါက်မှတဆင့် လက်ညှိုးထိုးပြရာ ကိုယ်ထည်ပေါ်တွင် ၇၂၇ ဟူသော ဂဏန်းနှင့် ဒဲလ်တာအမှတ်အသားများကို ကြီးမားစွာ ပုံဖော်ထားသည့် လေယာဉ်ကြီး ပျံသန်းသွားတာကို ရေချယ် မြင်ရသည်။ ပြေးလမ်းပေါ်မှာတော့ ထွက်ခွာရာပြ မီးလုံးလေးများက လင်း ချည်မှိတ်ချည်။

“ဘုရားရေ၊ ကျွန်မ လာနေတာကို ဘယ်သူမှ ပြောမထားဘူးလား”

“အောက်ထပ်က လှမ်းအကြောင်းကြားတဲ့အချိန်မှာ 104 က ပြေးလမ်းပေါ် စထွက်နေပြီ အစ်မရဲ့။ ပြန်ခေါ်လိုက်ရင် ပြေးလမ်း ၃၀ မှာ အကုန်ပိတ်သွား လိမ့်မယ်။ ပိုင်းလော့ကလည်း ကျွန်တော့်ကို ဆဲလိမ့်မယ်။ လေယာဉ်ပေါ်က လူရာချီဆို ပြောမနေနဲ့တော့။ တကယ်စိတ်မကောင်းပါဘူး။ ဒီထက် လေး မိနစ်လောက်သာ စောရောက်မယ်ဆိုရင်...”

ရေချယ် ဆက်နားမထောင်တော့ဘဲ လှည့်ထွက်လိုက်သည်။ လုံခြုံရေး ဇရိယာဆီ ပြန်အလာ လမ်းတဝက်တွင် မေ့လဲတော့မလို ခေါင်းထဲမှာ ရိပ်ခနဲ ဖြစ်သွား၏။ ဒေါက်ဖိနပ်ကို ပြန်ဝတ်ရင်း ခြေထောက်တွေတောင် ညစ်ပတ်နေပြီပဲ။ အို ဒါကို သောက်ဂရုစိုက်နေစရာလားဟု ခပ်ရိုင်းရိုင်း တွေးမိ၏။

လေဆိပ်ထဲ ပြန်လျှောက်လာစဉ် လုံခြုံရေးအစောင့်အမျိုးသမီးက သူမကို ကရုဏာသက်စွာ ကြည့်ကာ”လေယာဉ်လွတ်သွားတာလား” ဟု မေးသည်။

“ဟုတ်တယ်”

“ဘယ်ကို သွားမှာလဲ”

“ပေါ့တ်လန်းကို၊ အဲဒီကမှတဆင့် ဘန်ဂါကို”

“ဩော် ဒါဆို ကားငှားသွားပေါ့။ အဲဒီကို အမြန်ရောက်ဖို့ အဓိက မဟုတ် လား။ ပုံမှန်ဆို လေဆိပ်နဲ့ နီးတဲ့ ဟိုတယ်တခုခုကို ညွှန်ဦးမလို့ပဲ။ ဒါပေမဲ့ ဟိုကို အချိန်မီ ရောက်မှ ဖြစ်မယ့်ပုံ မြင်ရလို့”

ရေချယ်က တချက်စဉ်းစားကာ

“ဟုတ်ပြီ။ အဲဒီလို သွားတာ ကောင်းမယ်ထင်တယ်။ သွားလို့ ရပါ့မလား။ ကားငှားတဲ့ အေဂျင်စီတွေဘာတွေများ ရှိသလား”

အစောင့်က ရယ်ကာ

“အိုး ရှိတာပေါ့။ ကားမရတဲ့အချိန်က မြူတွေ ပိတ်ပြီး လေယာဉ်တွေ ထွက်မရဘဲ အချိန်တွေ ကုန်မှ”

စိတ်ထဲမှာ တွက်ချက်နေသည်မို့ သူမပြောတာ ကြားတချက် မကြားတချက်။ ပေါ့တ်လန်းကို အချိန်မီ မရောက်လျှင် ဘန်ဂါဆီ လေယာဉ်ဆက်စီးဖို့ မီမှာ မဟုတ်။ တိုးဂိတ်ကို တဖြောင့်တည်း မောင်းသွားလျှင် ဘယ်လောက် ကြာမှာလဲ။ ဒါက ဘယ်လောက်ဝေးလဲ ဟူသည့်အပေါ်မှာ မူတည်သည်။ မိုင် ၂၅၀ လောက်တော့ ရှိနိုင်သည်ဟု ဂျထ်ပြောဖူးသလား မသိ။ အနည်းဆုံး ၁၂ နာရီကျော်မှာ ရောက်သွားနိုင်သည်။ တိုးဂိတ်အရောက် ၁၂ ခွဲပဲ ထားပါတော့။ ကျန်ခရီးတောက်လျှောက် တနာရီ ၆၅ မိုင်နှုန်းနှင့်ဆိုလျှင် ဘန်ဂါ သို့ ရောက်နိုင်၏။

ခေါင်းထဲမှာ ၂၅၀ ကို ၆၅ နှင့် စားကြည့်လိုက်သည်။ လေးနာရီ မပြည့်။

ကောင်းပြီ၊ လေးနာရီပဲ ထားတော့။ အတွေးကို ခဏရပ်ကာ သန့်စင်ခန်း ဝင်လိုက်သည်။ သွားနေတုန်း မအိပ်ချင်ပါစေနဲ့။ ဘလက်ကော်ဖီခွက်ကြီး တခွက်

သောက်လိုက်ရင်တော့ ရတန်ကောင်းပါရဲ့။ သည်လိုဆို လဒ်လိုကို ပင် အရှက်မတက်မီ ပြန်ရောက်နိုင်သည်။ အားလုံးကို တွက်ချက်ပြီးနောက် လှျောက်လမ်းအောက်ထပ်ရှိ ကားအငှားဝန်ဆောင်မှု ပေးသည့်နေရာကို ဆင်းလိုက်၏။ အစောင့်က

“ကံကောင်းပါစေနော်၊ ဂရုစိုက် မောင်းဦး”

“ကျေးဇူး”

သူမကိုယ်သူမလည်း ကံကောင်းခြင်းနှင့် ထိုက်တန်သည်ဟု ရေချယ် ထင်မိသည်။

*****

အခန်း (၅၁)

နှာခေါင်းထဲ လုံးခနဲ တိုးဝင်လာသည့် အနံ့က ရင်ခေါင်းထဲ ပျို့တက်လာသဖြင့် နှာခေါင်းကို ပိတ်လျက် နောက်ဆုတ်လိုက်မိသည်။ စိတ်ကို တင်းထား သော်လည်း မရတော့သဖြင့် အုတ်ဂူဘေးသို့ ထိုးအန်ချလိုက်၏။ ခေါင်းကို ပြန်မော့၍ အသက်ပြင်းပြင်း ရှူလိုက်တော့မှ သက်သာသွားသည်။ သို့နှင့် အံကြိတ်ကာ ချိုင်းကြားမှ ဓာတ်မီးဖြင့် အခေါင်းထဲ ထိုးကြည့်လိုက်သည်။

သွေးပျက်ဖွယ်ရာ မြင်ကွင်းကြောင့် ထိတ်လန့်သွားသော ကြောက်စိတ်က တကိုယ်လုံးသို့ ဖြန်းခနဲ စီးဆင်းသွား၏။ ထိုခံစားမှုသည် တခဏမျှသာ ကြာသော်လည်း လန့်နိုးသည့်တိုင် သတိရနေမည့် အဆိုးဝါးဆုံး အိပ်မက် ဆိုးများကို ဖန်တီးနေတော့မှာ ဖြစ်သည်။

ဂေ့ဂျ်၏ ဦးခေါင်းကို မတွေ့ရတော့။

လက်တွေပါ တုန်ယင်လာသဖြင့် ပစ်မှတ်ကို တည့်တည့်မတ်မတ် ထိအောင် သေနတ်ကို လက်နှစ်ဖက်ဖြင့် ချိန်ရွယ်ရသည့် ရဲသားတယောက် လို ဓာတ်မီးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရသည်။

မဖြစ်နိ်ုင်ဘူး။ မင်းမြင်လိုက်ရတာ ဒီလိုလုံးဝ မဟုတ်ဘူးလို့ တွေးစမ်း။

သူ့ကိုယ်သူ အားတင်းရင်း ဓာတ်မီးရောင်ကို ဂေ့ဂျ်၏ ရှူးဖိနပ်ဆီမှ အထက်သို့ ဖြည်းညင်းစွာ ပင့်တင်လိုက်သည်။ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊ ပွင့် ဟနေသော ကော်လံ။ ပြီးတော့...။

သူ၏ အသက်ရှူသံသည် ဒေါသတကြီး ရှူသွင်းလိုက်သော ပင့်သက်လို ရှူးခနဲ ထွက်လာ၏။ ဂေ့ဂျ်သေဆုံးရခြင်းကြောင့် ဖြစ်ပေါ်လာသော ဒေါသတို့ က ချက်ချင်းလိုလို ကြောက်ရွံ့စိတ်နေရာမှာ အစားပြန်ဝင်လာ၏။

လူးဝစ်က အခေါင်းဖုံးကို ကိုယ်ဖြင့် ထိန်းရင်း ဓာတ်မီးကို လက်တဖက် တည်းဖြင့် ပြောင်းကိုင်၍ ဘောင်းဘီနောက်အိတ်ကပ်ထဲက လက်ကိုင်ပဝါ ကို ဆွဲထုတ်သည်။ အုတ်ဂူဖုံးသာ ပြုတ်ကျလာပါက ဇက်ကျိုးသွားမှာ သေချာ၏။ ဂေ့ဂျ်အရေပြားမှာ စွဲငြိနေသော ရေညှိများကို လက်ကိုင်ပဝါဖြင့် လိုက်သုတ်ပစ်ရင်း ခုနက မှောင်နေသဖြင့် ရေညှိတွေ ဖုံးနေသော ဂေ့ဂျ်၏ ဦးခေါင်း မမြင်ရသည်ကို တမျိုးတမည် ထင်နေမှန်း သဘောပေါက်သွား သည်။

သားဖြစ်သူကို ကြည့်ရတာ လက်ရာမသေသပ်သော အရုပ်လေးတရုပ်နှင့် တူ၏။ ဂေ့ဂျ်၏ ဦးခေါင်းက တမျိုးတမည် ဖောင်းကားနေသည်။ မှိတ် ထားသော မျက်ခွံအောက်က မျက်လုံးတွေက အဆမတန် ခွက်ဝင်နေသည်။ အဲလ်ဘနိုရောဂါသည် ကလေးတယောက် လျှာတစ်လစ်ထွက်နေသလိုမျိုး ဖြူဆုတ်ဆုတ် တစုံတရာက ပါးစပ်ထဲမှ တစ်လစ်ထွက်နေသည်။ ပထမတော့ အလောင်းမပုပ်အောင် ထည့်သည့် ဆေးတွေ များသွားပုံ ရသည်ဟု တွေးသော်လည်း နောက်တော့မှ ဂွမ်းစများ လုံးထည့်ထားမှန်း သဘောပေါက်သွားသဖြင့် ပါးစပ်ထဲ လက်ဖြင့် နှိုက်ထုတ်လိုက်သည်။

နှုတ်ခမ်းသားများက လျော့တိလျော့ရဲနှင့် ကျယ်လွန်းသလို ခံစားရပြီး သူ့လက်က ဂေ့ဂျ်ပါးစပ်ထဲမှ ပလွတ်ခနဲ ပြန်ထွက်လာသည်။ အော်ဂလီဆန် စရာကောင်းလှသော ဖြူလျော်လျော် ဂွမ်းလုံးတွေ ထုတ်ပစ်လိုက်တော့ ဂေ့ဂျ်၏ ပါးတွေက အဘိုးအိုတယောက်၏ ပါးတွေလို ချိုင့်ဝင်သွား၏။ သူက "သားကို အဖေ ဒီထဲက ထုတ်ပေးမယ်နော် ဂေ့ဂျ်" ဟု တိုးတိုးလေး ပြော လိုက်သည်။

၁၂ နာရီခွဲလျှင် တချို့သုဘရာဇာများက တခါတလေ သင်္ချိုင်းကုန်းထဲ ပတ္တရောင် လှည့်တတ်ကြသဖြင့် အခုအချိန်မှာ ဘယ်သူမှ ရောက်မလာပါ စေနှင့်ဟု ဆုတောင်းမိသည်။

ဂေ့ဂျ်ကို ပွေ့ယူလိုက်တော့ အရိုးများ မရှိတော့သလို ပျော့ခွေအိကျ၍ ပါလာသဖြင့် ရုတ်တရက် ဂေ့ဂျ်၏ ခန္ဓာကိုယ်မှ အစိတ်အပိုင်းတို့ တစစီ များ ပြုတ်ပြုတ်ထွက်ကျန်ခဲ့မလားဟု အထိတ်တလန့် ဖြစ်သွားသည်။ ယင်းသို့ဆိုလျှင် အုတ်ဂူပေါ်မှာ မတ်တတ်ရပ်လျက်သားဖြင့် ဂေ့ဂျ်၏ အစိတ်အပိုင်းများကြား သွေးပျက်စွာ အော်ဟစ်မိပေလိမ့်မည်။ ထိုအခါမှ သာ သူ့ကို လူသိသွားလိမ့်မည်။

ဆက်လုပ်လေ၊ ငကြောက်ရဲ့။ လုပ်စရာရှိတာ လုပ်စမ်းပါ။

ဇလုံထဲမှာ ရေချိုးပေးတတ်သော ညနေခင်းတွေအတိုင်း ဂေ့ဂျ်ကို ခါးစောင်းတင်၍ ချီလိုက်စဉ် စိုစိစိနှင့် နံစော်သော အနံ့အသက်ကို သတိထားမိသလို ငိုက်စိုက်ကျနေသော ဂေ့ဂျ်ဦးခေါင်းထိပ်မှ ဖွေးကို မြင် ရ၏။ ပုပ်အဲ့အဲ့ အနံ့အသက်နှင့် အရိုးများ ကင်းမဲ့နေသလို ပျော့ခွေတွဲကျနေသည့် ဂေ့ဂျ်၏ အထိအတွေ့ကြောင့် ဗိုက်ထဲမှာ သရိုးသရီ ဖြစ်လာသည်။

နောက်ဆုံး၌ လူးဝစ်က တွင်းနှုတ်ခမ်းဝမှာ ခြေနှစ်ချောင်း တွဲလောင်းချ ထိုင်ရင်း ဂေ့ဂျ်ကို ပေါင်ပေါ်တင်၍ ကြည့်လိုက်၏။

ဂေ့ဂျ်အား ကရုဏာသက်စွာ၊ သွေးပျက်ချောက်ချားစွာ၊ ယူကျုံးမရဖြစ်စွာ လှုပ်နှိုးရင်း

"သားလေး၊ အားလုံး အဆင်ပြေသွားမှာပါ သားလေးရယ်။ ဖေဖေ ကျိန် ပြောရဲပါရဲ့။ ဘာမှ မဖြစ်တော့ဘူးနော်။ အားလုံး အဆုံးသတ်သွားတော့မှာ ပါ။ ဒီတညပါပဲကွယ်၊ နော်။ ဖေဖေ သားကို ချစ်လိုက်တာ ဂေ့ဂျ်ရယ်။ သား ကို ဖေဖေ သိပ်ချစ်တယ်"

****

၂ နာရီ ၁၅ မိနစ်လောက်တွင် သင်္ချိုင်းကုန်းမှ ထွက်ဖို့အသင့် ဖြစ်သွား၏။

စင်စစ် အလောင်းကိုင်ပုံကိုင်နည်းက အဆိုးဆုံးအပိုင်း ဖြစ်သည်။ သူ့စိတ်ထဲ၌ ယင်းသည် အာကာသယာဉ်မှူးတယောက် ဟင်းလင်းပြင်ထဲမှာ မျောလွင့်ရသလို ခက်ခဲမည်ဟု ထင်သည်။ ဆောင့်မိသည့် အရှိန်ဖြင့် ကြွက်သားတွေ တွန့်လိမ်ကာ ကျောတပြင်လုံး နာကျင်ကိုက်ခဲလာသဖြင့် နဂိုအတိုင်း ပြန်ထားလိုက်ရ ကောင်းမလားဟုပင် စိတ်ကူးမိသည်။

ဂေ့ဂျ်အလောင်းကို တာပလင်စပေါ် တင်၍ လိပ်ကာ တိပ်ဖြင့် ပတ်သည်။

အထုပ်အောက်ခြေကို ကြိုးနှစ်စဖြင့် သပ်သပ်ရပ်ရပ် ချည်သည်။ နောက် တထပ်လောက် ထပ်ပတ်လိုက်မည်ကြံသော်လည်း ထပ်မပတ်ဖြစ်တော့။ အခေါင်းကို ပိတ်ပြီးမှ ခဏလောက် စဉ်းစားကာ ပြန်ဖွင့်၍ ဂေါ်ပြားကို ထည့်သည်။

အခေါင်းထဲမှာ တခုခုတော့ ရှိရမည်။ သားလေးတော့ မဖြစ်စေရ။

အခေါင်းကို ပိတ်ကာ အုတ်ဂူအဖုံးကို တဝက်လောက် ဟသည်။ ပြီးမှ ခါးပတ်ကို ချွတ်၍ သံကွင်းများထဲ လျှိုထည့်ကာ အုတ်ဂူအဖုံးကို နေရာတကျ ပြန်ပိတ်သည်။ တွင်းကို မြေဖို့သော်လည်း မြေကြီးမလောက် သဖြင့် ပြန်ညီအောင် ညှိ၍ မရ။ သည်အတိုင်းဆိုလျှင် မြေအနေအထား ပျက်ယွင်းနေပုံကို တခြားသူများ သတိပြုမိသွားနိုင်၏။ သတိထားမိချင်မှ လည်း ထားမိမည်။ သို့သော် ဒီညအတွက်တော့ အဲ့ဒီလောက်ကြီး လိုက်တွေးမနေတော့ဖို့ ကိုယ့်ကိုယ်ကိုယ် သတိပေးမိသည်။ ရှေ့မှာ ဒီထက်ပို၍ ထူးထူးခြားခြား လုပ်စရာတွေ အများကြီး ရှိသေးသည်။ အခုတောင် အတော်လေး ပင်ပန်းနေပြီ။

သွားစို့လေ။

"ဟုတ်တယ်။ သွားမှ ဖြစ်မယ်"

စိတ်ထဲက တိုက်တွန်းသည့် အသံကို သဘောတူစွာ သူ့ဘာသာ ရေရွတ် လိုက်၏။

သစ်ပင်တွေကြားမှ တိုးဝှေ့တိုက်ခတ်နေသော လေတိုးသံ တရှိုရှိုကြောင့် ပတ်ဝန်းကျင်ကို စိတ်မသက်မသာနှင့် ခိုးကြောင်ခိုးဝှက် ကြည့်လိုက်ရင်း ပေါက်ချွန်း၊ ထိပ်ဦးချွန်ဂေါ်ပြား၊ လက်အိတ်နှင့် ဓာတ်မီးကို အထုပ်ဘေးမှာ တပေါင်းတည်း ချသည်။ ထို့နောက် အလောင်းနှင့် ကိရိယာတန်ဆာပလာ တို့ကို ခဏထားခဲ့ကာ သံမဏိခြံစည်းရိုးဆီ တခေါက်ပြန်သွားကြည့်သည်။ လမ်းဘေးမှာ ရပ်ထားခဲ့သည့် သူ့ကားက ထားခဲ့သည့်အတိုင်း အရာမယွင်း ဘဲ ရှိနေသည်။ ခဏရပ်ကြည့်ပြီးနောက် မေဆန်လမ်းထောင့်က မုခ်ဦးအဝ ရှိရာသို့ ခြံစည်းရိုးအတိုင်း ဆက်ထွက်လာလိုက်သည်။

ထိုနေရာမှာ တသွင်သွင် ရေစီးနေသော မြောင်းတခု ရှိသဖြင့် အနား သွားကြည့်လိုက်တော့ မိုးရေ၊ နှင်းတို့နှင့်အတူ မျောပါလာဟန်ရှိသည့် နွမ်းဖပ်ဆွေးမြည့်နေသော ပန်းပွင့်အပုပ်များကို တွေ့ရ၏။ ပန်းများသည် အထပ်ထပ် စုပုံ၍ အမှိုက်ပုံကြီးလို ဖြစ်နေသည်။ ထိုမြင်ကွင်းကို ကြည့်ရင်း ဘုရားရေ၊ မဟုတ်ဘူး။ ဘုရားကို တရမှာ မဟုတ်ဘူး။ ဒီအကြွင်းအကျန် တွေဟာ နတ်ဘုရားတပါးပါးကို မျက်တော်ဖြေဖို့ ပူဇော်ပသထားတာတွေ ပဲ။ အခြေအနေ အချိန်အခါအလိုက် လူတွေက အမျိုးမျိုး ခေါ်ကြ ပေမဲ့ ရေ ချယ့်အစ်မကတော့ အလိုက်ဖက်ဆုံး နာမည်တခု ပေးသွားခဲ့တယ်။ ကြီး မြတ်၍ ဆိုးသွမ်းသော အော့ဇ်ဆိုတာ ဒါကို ပြောတာနေမယ်။ သေဆုံးသွား ကြတဲ့ မြေကြီးထဲက အရာတွေရဲ့ နတ်ဘုရား။ မြောင်းထဲက ပန်းပွင့်အပုပ် တွေရဲ့ နတ်ဘုရား။ လျှို့ဝှက်ဆန်းကြယ်ခြင်းရဲ့ နတ်ဘုရား။

လူးဝစ်သည် အိပ်မွေ့ချစိတ်ညို့ခံလိုက်ရသလို မြောင်းထဲကို တွေပြီး စိုက်ကြည့်နေမိသည်။ နောက်တော့မှ အချိန်စေ့၍ တယောက်ယောက်က နာမည်ခေါ်နှိုးလိုက်သလိုမျိုး သက်ပြင်းတချက် လေးပင်စွာ ချရင်း အကြည့်ကို လွှဲ၍ ဆက်လျှောက်လာသည်။ သူရှာနေသည့်အရာကို မတွေ့ရသေး သော်လည်း မြန်မြန်ဆန်ဆန် မလျှောက်မိဘဲ ဂေ့ဂျ်ကို မြေချသောနေ့ကို စိတ်ရောက်သွား၏။

လေထန်၍ မှောင်မိုက်သော ဤနေရာမှာ သင်္ချိုင်း၏ မြေတိုက်ဂူ တည်ရှိသည်။

ဆောင်းတွင်း၌ အေးလွန်း၍ ခဲသွားသော မြေကြီးကို payloader ဖြင့် တူးဖော်မရသည့်အခါ မြေတိုက်ဂူထဲမှာ အခေါင်းများ ခဏထည့်ထားတတ်ကြသည်။ လူအသေအပျောက်များသည့် အချိန်ကာလ၌ လက်မလည်အောင် မြှုပ်ရသည့် အခါများတွင်လည်း မြေတိုက်ဂူထဲ ထည့်ထားတတ်ကြသည်။ ထိုအကြောင်းကို ဦးလေးကားလ် တခါပြောပြဖူးသည်။

"မေလမှာ နှစ်ပတ်တကြိမ် လူအသေအပျောက် မရှိဘူးဆိုရင် နိုဝင်ဘာ မှာ နာရေး ၁၀ ခုလောက် ကြုံပြီပဲ။ နိုဝင်ဘာမှာ သေတာ ရှားတယ်။ ခရစ္စမတ်ကာလဆို ဒီပရက်ရှင်ကြောင့် လူအသေအပျောက် များကြမှာပဲလို့ ထင်ကြပေမဲ့ သေတဲ့သူ လုံးဝမရှိဘူး။ မယုံရင် နာရေးစီစဉ်သူကိုသာ မေးကြည့်။ ခရစ္စမတ်ကာလဆို အများစုက ပျော်ကြတယ်။ အသက်ရှင်ချင်ကြတယ်။ အဲဒီအတွက် တကယ်လည်း ရှင်ကြတယ်။ တကယ့်တကယ် ငါတို့ အလုပ်ပိတာက ဖေဖော်ဝါရီပဲ။ ဇန်နဝါရီ ၃၁ ဆို နလံပြန်ထသလို ဖြစ်လာပြီး ဖေဖော်ဝါရီ ၂၄ လောက်ဆို ပုံမှန်အခြေအနေ ပြန်ရောက်ကြတယ်။ သက်ကြီးရွယ်အိုတွေက အဲဒီအချိန်ကျမှ အအေးမိကြ၊ နမိုးနီးယားဖြစ်ကြတာ။ ဒါတွေကြောင့်ချည်းတော့ ဘယ်ဟုတ်ပါ့မလဲ။ ကင်ဆာကို တနှစ်လောက်
တောင့်ခံခဲ့တဲ့သူတွေလည်းအဲဒီအချိန်ကျတော့မှခြေကုန်လက်ပန်းကျပြီး ရောဂါကို အရှုံးပေးလိုက်ကြတာ များတယ်။ ဖေဖော်ဝါရီမှာ နှလုံးဖောက်တာ၊ ကျောက်ကပ်ထိတာ၊ လေဖြတ်တာကြောင့် သေကြတာတွေ ရှိတယ်။ တော်တော်ဆိုးတဲ့ ဖေဖော်ဝါရီပဲ။ ငါတို့တွေ အလုပ်ရှုပ်တဲ့လပေါ့။ ဇွန်နဲ့ အောက်တိုဘာလည်း ဒီလိုပဲ။ ဩဂုတ်လကျတော့ အဲဒီလို မဟုတ်ဘူး။ ဂတ်စ်အိုးပေါက်တာတို့၊ တံတားပေါ်က ဘတ်စ်ကား ချော်ကျတာတို့ မရှိရင်တော့ ဩဂုတ်လမှာ မြေတိုက်ဂူထဲ ထည့်စရာ အလောင်းသိပ်မရှိဘူး။ မြေတိုက်ဂူ မဆံ့လို့ အခေါင်းတွေ ထည့်ဖို့ အပြင်မှာ အခန်းငှားရတဲ့ ဖေဖော်ဝါရီလတွေတောင် ရှိသေး"

ဦးလေးကားလ်က ပြောပြောပြီး ရယ်သလို ဆေးကျောင်းသား လူးဝစ်လည်း အထူးအဆန်း မဟုတ်သည့်နှယ် ရယ်ခဲ့ဖူးသည်။

တံခါးနှစ်ချပ်နှင့် မြေတိုက်ဂူကို မိန်းမတယောက်၏ သဘာဝအလျောက် ဆွဲဆောင်မှုရှိစွာ ဖြစ်ပေါ်နေသော သားမြတ်နှင့် သဏ္ဌာန်တူသည့် တောင်ပို့ တခုထဲ ထည့်ဆောက်ထားခြင်း ဖြစ်သည်။ လူးဝစ်ကတော့ မြက်ထူသော ထိုတောင်ပို့ကို

သဘာဝအလျောက် မို့မောက်နေခြင်း မဟုတ်လောက်ဟု သံသယဝင်သည်။ ထိပ်ပိုင်းမှာ မျက်နှာပြင်ညီညာချောမွေ့သော ထိုတောင် ပို့သည် သံတိုင်အချွန်အတက်များ ကာရံထားသော ခြံစည်းရိုးအပြင်ဘက် အထိ ဆင်ခြေလျှောအတိုင်း တပေ၊ နှစ်ပေလောက်အထိ နိမ့်ဆင်းသွားသည်။

လူးဝစ်က ဘေးဘီဝဲယာကို တချက်ကြည့်ကာ ဆင်ခြေလျှောပေါ် ကုပ်ကပ်တက်သွားသည်။ အခြားတဖက်တွင် နှစ်ကေလောက် ကျယ်သော မြေအလွတ်ကို တွေ့ရ၏။ မဟုတ်သေး၊ မြေအလွတ် မဟုတ်။ တိရစ္ဆာန်များ ထားသည့် ခြံလိုလိုဘာလိုလို အဖီထိုးထားသည့် ရုံတရုံ ရှိသည်။ ကေန္တ သချိုင်းက ပိုင်ဆိုင်သည့်အရာ ဖြစ်ပုံရ၏။ ထိုရုံထဲမှာ မြေတူးသော ပစ္စည်းကိရိယာဘာညာ ထားတာ ဖြစ်နိုင်သည်။

မေဆန်လမ်းမှ လှမ်းကြည့်လျှင် အလွှာပါးပါး ဖုံးအုပ်ထားသယောင် အင်ပင်နှင့် မေပယ်ပင် အိုကြီးများ၏ သစ်ရွက်များကြားမှ လမ်းမီးရောင်ကို တစွန်းတစ မြင်ရသည်။ တခြားလှုပ်ရှားမှု ဘာမှမတွေ့ရ။

လူးဝစ်က ဆင်ခြေလျှောအတိုင်း ဖင်ထိုင်လျက် လျှောဆင်းလိုက်ပြီးမှ ခွေးကျဝက်ကျ အောက်ပြုတ်ကျ၍ ဒူးတွေဘာတွေ နာသွားမှာ တွေးပူမိ၏။ သို့သော် ဘာမှမထိခိုက်မိဘဲ အောက်ရောက်လာသဖြင့် သားဖြစ်သူ၏ မြေပုံ ရှိရာ ပြန်သွားသည်။ ထို့နောက် မြေတိုက်ဂူတောင်ပို့ပေါ်သို့ တာပလင် အလိပ်ကို ပခုံးပေါ် ထမ်းတင်၍တကြောင်း၊ ကိရိယာတန်ဆာပလာများ ချည်းတကြောင်း နှစ်ခေါက်ခွဲ သယ်သည်။ ဂေ့ဂျ်အလောင်းကို ထမ်းလာစဉ် အလိပ်ထဲမှ လှုပ်ရှားသွားသလိုလို ထင်မိလိုက်သော်လည်း အရူးထပြီး ထင်ယောင်ထင်မှား ခံစားရခြင်းသာ ဖြစ်သည်ဟု တွေးကာ လျစ်လျူရှုထား လိုက်သည်။

ခရစ္စမတ်လက်ဆောင်အဖြစ် ရေချယ်ပေးထားသော ဒစ်ဂျစ်တယ်နာရီ အသစ်လေးက ၂ နာရီ ၁ မိနစ်ဟု ပြနေသည်။ လူးဝစ်က လက်အိတ်ကို ထုတ်ဝတ်ကာ ထိပ်ဦးချွန်ဂေါ်ပြားကို ခြံစည်းရိုးအပြင်ဘက် ရောက်အောင် လှမ်းပစ်လိုက်တော့ မြက်တောထဲ ဖုတ်ခနဲ ကျသွားသံ ခပ်အုပ်အုပ် ထွက် လာ၏။ ဓာတ်မီးကို ဘောင်းဘီထဲ ထိုးထည့်ကြည့်ရာ မဆံ့သော်လည်း သံတိုင်နှစ်ချောင်းကြားက ထုတ်လို့ ရသဖြင့် ကျောက်တုံးတွေဘာတွေနှင့် တိုက်မိပြီးသာ ကျိုးပဲ့မသွားပါစေနှင့်ဟု ဆုတောင်းရင်း ခြံစည်းရိုးအပြင် ဘက်သို့ ဆင်ခြေလျှောအတိုင်း လျှောချလိုက်သည်။ ကျောပိုးအိတ် ယူလာမိ ရင် အကောင်းသားဟုလည်း တွေးမိ၏။

ထို့နောက် ပေါက်ချွန်းကို တိပ်တခွေလုံး ကုန်အောင် ပတ်ပစ်လိုက်ပြီးခြံစည်းရိုးကျော်အောင် လှမ်းပစ်လိုက်စဉ် ကျောကုန်းမှ မျက်ခနဲ ဖြစ်သွားသည်။ ကျောနာသက်သာအောင် တပတ်လောက် နားရလိမ့်မည်ထင်၏။ ပေါက်ချွန်းထုပ် အောက်ကျသွားသံ ဖုတ်ခနဲ ထွက်လာတာ ကြားရသည်။ ပြီးနောက် ခြံစည်းရိုးထိပ်ရှိ မြားဦးချွန်သံတိုင်နှစ်ခုကို တင်းတင်းဆုပ်၍ တွယ်တက်ပြီး

ခွကျော်ဆင်းသည်။ ထို့နောက် မြက်ထူသော တောင်စောင်း အတိုင်း ဆင်းလိုက်ရာ သစ်ပင်ကြားမှ ဖြာကျနေသော လမ်းမီးရောင်ကြောင့် သတ္တုရောင် လက်နေသည့် ဂေါ်ပြားကို တွေ့ရသည်။ ဓာတ်မီးကိုတော့ ရှာမရ။ ဘယ်လောက်ဝေးအောင် လိမ့်သွားသလဲ မသိ။ သူထင်ထားသော နေရာနှင့် ငါးကိုက်လောက်အကွာကျမှ ရှာတွေ့သည်။ ခလုတ်ဖွင့်ကြည့်တော့ မီးလင်းလာသဖြင့် ပျက်စီးမသွားမှန်း သိတော့မှ စိတ်အေးသွားသည်။ ပေါက်ချွန်းကို တွေ့တော့လည်း ထုပ်ထားသော တိပ်များကို အိတ်ဆောင် ဓားဖြင့် ပြန်လှီးထုတ်၍ ခွာချရသည်။ ထို့နောက် ပစ္စည်းများကို သစ်ပင်တွေ ဆီ ယူလာပြီး ပုံထားလိုက်၏။

အကြီးဆုံး သစ်ပင်တပင်နောက်တွင် ကွယ်၍ မေဆန်လမ်းကို လှမ်းကြည့်လိုက်တော့ လူသူကင်းမဲ့နေဆဲ။ တလမ်းလုံးတွင် မီးရောင်ဟူ၍ တိုက်ခန်းတွဲအပေါ်ထပ်ရှိ အခန်းတခု၏ ပြတင်းပေါက်က ဝါကျင့်ကျင့် အိပ်ခန်းမီးရောင်သာ ရှိ၏။ အိပ်မပျော်သေးတာလား၊ မီးပိတ်ဖို့ မေ့သွားတာ လား မသိ။

လူးဝစ်က ပစ္စည်းတွေ ကောက် ကိုင်၍ လမ်းဘေးမှတဆင့် ပလက်ဖောင်းပေါ် ပြေးတက်ခြင်းမျိုး မဟုတ်ဘဲ ခပ်သွက်သွက် လှမ်းကူး လိုက်သည်။ မှိန်ဖျော့မည်းမှောင်သော သချိုင်းထဲမှာ နေခဲ့လို့လား မသိ၊ လမ်းမီးရောင်ထဲ ထွက်ရတာ ကြောက်နေသလိုလို။ ဘန်ဂါမြို့၏ ဒုတိယ အကြီးဆုံး သချိုင်းနှင့် ကိုက်အနည်းငယ်သာ ကွာသောနေရာတွင်ပေါက်ချွန်း၊ ဂေါ်ပြား၊ ဓာတ်မီး စသည်တို့ကို ပွေ့ပိုက် ကိုင်ဆွဲလာသော သူ့ ကို အခုနေ တယောက်ယောက်သာ မြင်သွားလျှင် သူဘာလုပ်မည်ကို ရှင်း ပြစရာပင် မလိုအောင် တန်းသိသွားပေလိမ့်မည်။

သူ့ကားနှင့် ကိုက်ငါးဆယ်သာ ကွာသော်လည်း သူ့စိတ်ထဲမှာ ငါးမိုင် လောက် ကွာသည်ဟု ခံစားရ၏။ လမ်းထဲ လှည့်ဝင်လာမည့် ကားစက်သံ သို့မဟုတ် ခြေသံတခုခုများ ကြားရမလားဟု အထိတ်တလန့်ဖြင့် ဇောချွေးပြန်ကာ လျှောက်နေမိသည်။

ကားဆီ ရောက်တော့ ပေါက်ချွန်းနှင့် ဂေါ်ပြားကို ကားဘေးမှာ မှီချလိုက်ပြီး အိတ်ကပ်ထဲ သော့နှိုက်ရှာသည်။ သို့သော် မတွေ့။ နဖူးမှာ ချွေးပေါက် ကြီးငယ်တို့ သီးလာပြီး ရင်အစုံ ပေါက်ထွက်မတတ် နှလုံးခုန်မြန်လာသလို ကြောက်စိတ်ကြောင့် မေးခိုက်ခိုက်တုန်လာ၏။

သော့ပျောက်သွားပြီ။

သစ်ပင်မှာ တွဲလွဲခိုတုန်းကလား၊ အောက်ကို လိမ့်ကျ၍ အုတ်ဂူကို ဒူးနှင့် တိုက်မိတုန်းကလား မသိ။ မြက်တောထဲက တနေရာရာမှာတော့ ရှိနေလိမ့်မည်။ ဓာတ်မီးဖြင့် ထိုးရှာလို့ မရလျှင် ဘယ်လို ပြန်တွေ့ပါတော့မလဲ။ သွားပြီ။ အနည်းငယ်မျှ ကံဆိုးသည်နှင့် အကုန်ရေစုန်မျောသွားလေပြီ။ နေဦး။ အိတ်တွေထဲ တခေါက် ပြန်ရှာကြည့်ပါဦး။ အကြွေစေ့တွေ တောင် ရှိနေသေးတာပဲ။

အကြွေစေ့တောင် ရှိနေသေးရင် သော့က ဘာလို့ ထွက်ကျစရာ ရှိမှာလဲ။

သည်တခါ အိတ်တွေထဲ ခုနကထက်ပို၍ ဖြည်းညင်းသေချာစွာ လိုက်စမ်းရှာကြည့်သည်။ အကြွေစေ့တွေသာ ရှိသည်။ သော့ မရှိ။

လူးဝစ်သည် ဘာလုပ်ရမှန်း မသိတော့သဖြင့် ကားကိုသာ မှီထားလိုက်မိသည်။ အထဲကို ပြန်တွယ်တက်ရဦးမည်။ သားကို ခဏထားဦး။ ခေတ်မီး ကို ယူ၊ ပြန်တွယ်တက်၊ အထဲဝင်၊ တညလုံး သော့ပျောက် ရှာပုံတော် ဖွင့်ရင်း မိုးလင်း...။

စိတ်ထဲမှာ ဖျတ်ခနဲ လက်သွားပြီး ကားထဲကို ငုံ့ကြည့်လိုက်၏။ ကား သော့တွဲသည် စက်နှိုးခလုတ်မှာ တန်းလန်း။

ထိုတော့မှ ဟင်းခနဲ ညင်သာစွာ သက်ပြင်းချမိ၏။ ထို့နောက် မောင်းသူ ဘက်ခြမ်း ပြေးသွားကာ ကားတံခါးကို ဆွဲဖွင့်၍ သော့တွဲကို ဖြုတ်ယူလိုက်သည်။ ရုတ်တရက် နှာခေါင်းပွပွနှင့် မင်းသားကားလ်မာဒန်က ဖာသာ အသွင်ဖြင့် "ကားကို သော့ခတ်၊ သော့ယူသွား၊ လူမိုက်မဖြစ်စေနဲ့" ဟု လာ ပြောသလိုလို ကြားရ၏။

လူးဝစ်က ကားနောက်ဖုံးကို သွားဖွင့်ကာ ပေါက်ချွန်း၊ ဂေါ်ပြားနှင့် ခေတ်မီးကို ထည့်လိုက်ပြီး ခြံစည်းရိုးရှိရာ ပလက်ဖောင်းဘက် ပြန်ကူး လာ၏။ ကိုက် ၃၀ လောက် လျှောက်ပြီးတော့မှ သော့ကို သတိရသည်။ သည်တခါ သော့ကို နောက်ဖုံးတံခါးမှာ တန်းလန်းထားပစ်ခဲ့မိခြင်း။ သို့နှင့် သော့ကို တခေါက် ပြန်ဖြုတ်ယူရသည်။

"တော်တော် မေ့တာပဲ။ ဒီလောက်တောင် မေ့တတ်ရင်လည်း ဒါတွေ အကုန်လုံးပါ မေ့သွားရင် ကောင်းမယ်"

*****

ဂေ့ဂျ်ကိုလည်း ရေးနည်းအတိုင်း ထမ်း၍ ခြံစည်းရိုးမှ ခွကျော်ပြီး ထွက်လာနိုင်ခဲ့သည်။ မေဆန်လမ်းပေါ် တက်ရန် ပြင်လိုက်စဉ် ခွေးဟောင်သံတခု ကြားရ၏။ မဟုတ်သေး၊ စအူသည့် အသံ။ ခွေးတကောင် စအူသံက လမ်းအတိုင်း ပျံ့လွင့်လာ၏။

" အာ..ဝူး.."

ဘက်ဆက်ဖြစ်မယ်မှန်း မသိ၊ ဘာဆက်လုပ်ရမှန်းလည်း မသိသောကြောင့် သစ်ပင်တပင်နောက်သို့ အမြန်ဝင်ပုန်းလိုက်ရင်း တလမ်းလုံး မီး ရောင်တွေ လင်းလာမလားဟု ထင်မိ၏။ သို့သော် လက်တွေ့၌ လူးဝစ်နှင့် မျက်နှာချင်းဆိုင် လမ်းတဘက်ရှိ အိမ်တလုံးဘေးမှ အလင်းရောင်သာ ပေါ်လာသည်။ ခဏကြာတော့ စူးရှစွာ ငေါက်လိုက်သည့် အသံတသံ ထွက်လာ၏။

"ပါးစပ်ပိတ်ထားစမ်း ဖရက်"

" အာ...ဝူး.."

ဖရက်က ခွေးအူသံဖြင့် တုံ့ပြန်သည်။

"သူ့ပါးစပ်ကို ပိတ်ခိုင်းထားစမ်း စကန်လွန်။ မဟုတ်ရင် ငါရဲတိုင်လိုက်မှာ

နော်”

လူးဝစ်ရှိနေသည့် လမ်းဘက်က ထွက်လာသည့်အသံကို ကြားသည့် အခိုက် ဆတ်ခနဲ တုန်သွားကာ တလမ်းလုံး လူသူကင်းမဲ့နေသည်ဟု ထင် မိခြင်းကို နောင်တရသွားသည်။ သူ့ပတ်လည်မှာ လူတွေ ရှိနေသည်။ မျက်လုံးပေါင်း ရာနှင့်ချီ စောင့်ကြည့်နေသည်။ ခွေးက သတိလက်လွတ်နေ မိခြင်းကို လှန့်နှိုးလိုက်သည်ပဲ။ သေလိုက်ပါတော့ ဖရက်ရယ်။

ဖရက်က နောက်တကြိမ် ထပ်အူသည်။ သို့သော် “အာ..”မှာတင် ရပ် သွားပြီး မ”ဝူး…”နိုင်တော့ပေ။ အကြောင်းမှာ ခပ်ပြင်းပြင်း အုပ်၍ ရိုက်နှက် သံတချက် ထွက်လာပြီး နာကျင်မှုဖြင့် ကိန်ခနဲ အော်ကာ တိမ်ဝင်သွား ခြင်းကြောင့်ဖြစ်၏။ ထို့နောက် တံခါးပိတ်သံ ခပ်အုပ်အုပ် ကြားရပြီး ငြိမ် သက်သွားသည်။ ခဏနေတော့ ဖရက်ရှိရာ အိမ်ဆီမှ မီးအလင်းရောင်ဖျတ်ခနဲ ပျောက်သွား၏။

လူးဝစ်သည် မှောင်ရိပ်ခိုရင်းသာ စောင့်နေဖို့ စိတ်ကူးလိုက်သည်။ သို့သော် အချိန်က တရွေ့ရွေ့ ကုန်ဆုံးနေသဖြင့် ဂေ့ဂျ်အထုပ်ကို ပိုက်ကာ လမ်းဖြတ်ကူးသည်။ ဖရက်လည်း ငြိမ်သွားလေပြီ။ အထုပ်ကို တင်းတင်း ပိုက်၊ သော့ကို ကိုင်ရင်း ကားနောက်ဖုံးကို ဖွင့်သည်။

ဂေ့ဂျ်က ကားနောက်ဖုံးနှင့် ကွက်တိကျမနေသဖြင့် ထောင်ကြည့်သည်။ လှဲကြည့်သည်။ ကန့်လန့်ထားကြည့်သည်။ ဆီးဗစ်ကားနောက်အံက သေး လွန်းလှသဖြင့် ခေါက်ထည့်မှ ရလိမ့်မည်ထင်၏။ ဂေ့ဂျ်တော့ စိတ်မဆိုး လောက်ပါဘူးလေ။ သို့သော် သူ့ဘာသာ မလုပ်ချင်။

ကဲ၊ လုပ်စရာရှိတာ လုပ်။ အချိန်ထပ်ဆွဲမနေနဲ့တော့။ ဒီနေရာက မြန်မြန် ထွက်တော့။

သို့သော် ဘာလုပ်ရမှန်း မသိဘဲ သားဖြစ်သူအလောင်းထုပ်ကိုသာ ပိုက်၍ ဆက် မတ်တတ် ရပ်နေမိသည်။ ထိုစဉ် ကားတစီး မောင်းဝင်လာသော အသံကို ကြားရသဖြင့် ဘာမှ စဉ်းစားမနေတော့ဘဲ ကားရှေ့ခန်းတံခါးကို ဖွင့်၍ အထုပ်ကို ခုံပေါ် ပစ်တင်ပြီး တံခါးပြန်ပိတ်လိုက်၏။ ကားနောက်ဖုံးဆီ ပြေးကာ ဆောင့်ပိတ်ချလိုက်ချိန်တွင် ကားက လမ်းခွကို ဖြတ်၍ ဝင်လာ၏။ ထိုကားဆီမှ မူးမူးရူးရူးနှင့် ပြောနေသော စကားသံများ ကြားရသည်။ မောင်းသူနေရာ ဝင်ထိုင်ကာ ကားစက်နှိုးရင်း ရှေ့မီးဖွင့်ဖို့ လက်လှမ်းလိုက် စဉ် ဆိုးဝါးသော အတွေးတခု ခေါင်းထဲ ဝင်လာ၏။

အကယ်၍ ဂေ့ဂျ်၏ ခါးနှင့် ဒူးခေါင်းရိုးတွေသာ ပုံမကျပန်းမကျ ရွဲ့စောင်း နေခဲ့လျှင် ခွက်ဝင်နေသည့် သားလေး၏ မျက်လုံးများက ကားရှေ့သို့ မျက်နှာမူရမည့် အနေအထားအစား ကားနောက်မှန်ဆီ ဇက်ကြီးလိမ်ပြီး ကြည့်နေသလို ဖြစ်နေမလား။

အဲဒီတော့ ဘာဖြစ်လဲ။ ဒါတွေ ခေါင်းထဲ ထည့်နေစရာလား။ အရေးပါတဲ့

ကိစ္စလည်း မဟုတ်ဘဲနဲ့။

လူးဝစ်က အထုပ်ဆီ လက်နှစ်ဖက်ဖြင့် လှမ်း၍ အသာအယာ ဖိလိုက်စဉ် အတွင်းက အထိအတွေ့ကြောင့် မျက်မမြင်တယောက် ထိမိသည့်အရာကို ဘာများ ဖြစ်မလဲ မှန်းဆကြည့်နေသလို ထင်မိသည်။ သို့သော် နှာခေါင်းဟု ထင်ရသည့် အဖုအထစ်လေးတခုကို စမ်းမိရာ မျက်နှာမူရာ တည့်မတ် ကြောင်း သဘောပေါက်သွားသည်။

ထို့နောက် ၂၅ မိနစ်သာ ကြာမည့် လဒ်လိုမြို့ဆီ ကားကို မောင်းထွက်လာ ခဲ့သည်။

*****

အခန်း (၅၂)

မနက် တချက်တီး၌ ရှင်းလင်း တိတ်ဆိတ်နေသော ဂျထ်၏ ညှော့ခန်းထဲ မှ တယ်လီဖုန်း ထမြည်သံက စူးရှစွာ ထွက်ပေါ်လာသည်။ ကုလားထိုင်ပေါ် မှာ မှိန်းနေသော ဂျထ်သည် အိပ်မက် မက်နေပြီး အိပ်မက်ထဲမှာ အသက် ၂၃ အရွယ် ပြန်ဖြစ်နေသည်ဟူ၏။ သူသည် ဂျော့၊ ရီနေးတို့နှင့်အတူ ခုံတန်းလျား တခုမှာ ထိုင်၍ ဂျော်ဂျီယာ ချာဂျာဝီစကီ တပုလင်းကို ဝိုင်း သောက်ကြရင်း ထွေရာလေးပါး ပြောနေကြသည် အိပ်မက်နေစဉ် တယ်လီဖုန်း မြည်သံကြောင့် လန့်နိုးသွားကာ ဆတ်ခနဲ ထထိုင်လိုက် မိသည်။ ယင်းသို့ လန့်ဖျပ် လှုပ်ရှားလိုက်မိသောကြောင့် ဇက်ကြောထဲ မျက်ခနဲ ဖြစ်သွားသလို ခုံမှ ထလိုက်သော အခါတွင်လည်း ကျောတွေ အောင့် နေ၏။

ဖုန်းကို သွားကိုင်တော့ ရေချယ် ဖြစ်နေသည်။

"ဂျထ်လား၊ သူအိမ်ပြန်ရောက်ပြီလားဟင်"

"မရောက်သေးဘူးကွယ့်။ ရေချယ်ကရော ဘယ်ရောက်နေတာလဲ။ အသံ ကို ခန့်မှန်းကြည့်ရတာ အရင်ကထက် ပိုနီးလာတဲ့ပုံပဲ"

"ဟုတ်ကဲ့။ နီးလာပါပြီ။ ဘစ်ဖို့ထ်က မိန်းလမ်းမ တိုးဂိတ်အခြေကို ရောက်နေပြီ"

ရေချယ့်အသံက တကယ်ပင် ရောက်တော့မယ့်ဟန်မျိုး။ သို့သော် ဒီဘက် ကလား၊ သူမဘက်ကလား မသိ၊ လေတိုးသံ တဝူးဝူးကို ကြားရ၏။ ဒီညလေထန်သည်ပဲ။ ထိုလေတိုးသံမျိုး ကြားရလျှင် အလောင်းကောင်များ စကားပြောသံလိုလို၊ သီချင်းဆိုသံလိုလိုနှင့်တူသည်ဟု ထင်မိတတ်သည်။

"ဘစ်ဖို့ထ် ဟုတ်လား"

"ကျွန်မ ရှီကာဂိုမှာ နေလို့ မရဘူး။ တခုခုတော့ တခုခုပဲ။ ဘာမှန်းတော့ မသိပေမဲ့ အယ်လီကို သတိပေးနေသလိုပဲ။ ပြီးတော့ ကျွန်မကိုရော ပဲ။ ဦးလည်း သိနေတယ်မလား။ ဦးရဲ့လေသံထဲမှာ တခုခုကို သိနေသလို ခံစားရတယ်"

" ဟေ"

ဂျထ်က ချက်စတာဖီးစီးကရက်တလိပ် ထုတ်၍ ပါးစပ်ထောင့်မှာ တပ်လိုက်ပြီး မီးခြစ်ဆံ တချောင်းကို ခတ်လိုက်သည်။ သူ့လက်တွေ တုန်ယင်နေသဖြင့် မီးခြစ်ဆံမှ မီးတောက်က ယိမ်းတိမ်း ယိုင်တိုင်။ ခုနက အိပ်မက် ကြောင့်များလား။ မှောင်မိုက်နေသော အိမ်အပြင်ဘက်မှာ တဝူးဝူး တိုက် နေသော လေက သူ့အိမ်ကို ဆွဲကိုင်လှုပ်ခါနေသယောင်ယောင်။

ဟိုစွမ်းအား ကြီးကြီးလာပြီ။ ငါ သိနေတယ်။

ယခင်တုန်းက ကြောက်ရွံ့ခဲ့သလိုမျိုး ရိုးတွင်းခြင်ဆီထဲကပင် မသိမသာ ပြန်ခံစားရသည်။

"ဘာတွေ ဖြစ်နေတာလဲ ပြောပါဦး ဂျထ်ရဲ့"

သူမမှာ သိခွင့်ရှိသည်၊ သိဖို့ လိုသည်ဟု ထင်သည်။ ပြောပြလိုက်လျှင်

ကောင်းမည်။ ဇာတ်ရည်လည်အောင် အစမှ အဆုံးတိုင် ပြောပြလိုက်တော့ မည်။ တခုနှင့်တခု ချိတ်ဆက်နေသည့် သတိမမူမိသော ကွင်းဆက်များ ကို မြင်သာအောင် ပြရမည်။ နော်မာ နှလုံးခုန်ရပ်သည့် ကိစ္စ၊ ကြောင်သေမှု၊ ဟိုနေရာမှာ လူမြှုပ်ဖူးလားဆိုသော လူးဝစ်၏ မေးခွန်း၊ ဇွေဂျိုသေဆုံးမှု..။

ပြီးတော့ လောလောဆယ် လူးဝစ်တယောက် အလုည့်ဖျား ခံနေရပြီလား ဆိုတာကိုတော့ ဘုရားသာ သိလိမ့်မည်။ နောက်ဆုံးမတော့ ရေချယ့်ကို ပြောပြရတော့မည်။ ဖုန်းမှတဆင့်တော့ ပြောလို့ အဆင်မပြေနိုင်။

“လေယာဉ် စီးလာရမယ့်အစား ဘာလို့ ကားမောင်းလာရတာလဲ ရေချယ်”

ရေချယ်က ဘော်စတွန်မှာ လေယာဉ် လွတ်သွားသည့် အကြောင်း ပြောပြ ရင်း

“Avis ကနေ ကားငှားလို့ ရပေမဲ့ ကျွန်မတွက်ထားသလောက် အချိန်မရတော့ဘူး။ လိုဂန်ကနေ လမ်းခွဲဆီ သွားတဲ့လမ်းမှာလည်း နည်းနည်းကြာ သွားတယ်။ မိန်းကိုပဲ ရောက်သေးတယ်။ အဲဒီကို အရုဏ်တက်တဲ့အထိ ရော က်ပါ့မလား မသိဘူး။ ဘာတွေ ဖြစ်နေတာလဲ ပြောပြပါလား ဂျထ်ရယ်။ ကျွန်မ ကြောက်လာပြီ။ ဘာအကြောင်းရင်းမှန်းလည်း အခုထိ မသိရသေးဘူး”

“ဒီမယ် ရေချယ်။ ပေါ့တ်လန်းအထိ ရောက်အောင် မောင်းသွား။ အဲဒီကို ရောက်ရင် မိုတယ်တခုခုမှာ ဝင်နားလိုက်ဦး။ ဟုတ်ပြီလား။ တရေး လောက် ဖြစ်ဖြစ် အိပ်...”

“ဩော် ဂျထ်ကလည်း၊ ကျွန်မ ဘယ်လိုလုပ်...”

“တရေးလောက်တော့ အိပ်လိုက်ချေ။ သိပ်ပြီးတော့လည်း စိုးရိမ်မနေနဲ့ ဦး။ ဒီည တခုခု ဖြစ်နေတာ ဟုတ်ချင်မှလည်း ဟုတ်မယ်။ ဦးထင်တာသာ မှန်ခဲ့ရင် သမီး ဒီကိုတောင် လာချင်တော့မှာ မဟုတ်ဘူး။ ဦးကြည့်လုပ်လို့ ရ မယ်ထင်တာပဲ။ ဦးလုပ်တာ ပိုကောင်းမယ်။ ဘာလို့လည်းဆိုတော့ အခုဖြစ် နေတာက ဦးရဲ့အမှားကြောင့်။ ဘာမှမဖြစ်ရင် နေ့လယ်လောက် သမီး ဒီကို ရောက်လိမ့်မယ်။ အဲဒါ ကောင်းတယ်။ လူးဝစ်လည်း သမီးကို မြင်ရင် ဝမ်းသာမှာပဲ”

“ကျွန်မ ဒီည အိပ်လို့ ရမှာ မဟုတ်ဘူး ဂျထ်ရဲ့”

“ဟုတ်ပါပြီ...”

ဂျထ်လည်း ဤသို့ပင် ယုံပါ၏။ ယေရှုသခင် အချုပ်ကျနေတဲ့ညမှာ ပီတရု လည်း သည်လို ယုံကြည်ကောင်း ယုံကြည်ခဲ့နိုင်သည်။ အိပ်ဖန်စောင့်ပေါ့ လေ။

“ဟုတ်ပါပြီလေ။ ကားမောင်းတယ်ဆိုတာ တချက်လောက် ငိုက်သွားတာနဲ့ လမ်းပေါ်က ချော်ထွက်သွားမှာနော်။ သမီးသာ သေသွားရင် လူးဝစ် ကို ဘယ်လိုနေမလဲ။ အယ့်ကိုရော ဘယ်လိုလုပ်မလဲ”

“ဘာဖြစ်နေတာလဲဆိုတာသာ ပြောပြစမ်းပါ ဂျထ်ရဲ့။ ပြောပြရင်တော့ ပေးတဲ့ အကြံကို လက်ခံမှာပေါ့။ ကျွန်မ သိရမှ ဖြစ်မယ်လေ”

“လဒ်လိုကို ရောက်ရင် ဦးဆီကို အရင်လာစေချင်တယ်။ အိမ်ဘက်ကို

မသွားနဲ့ဦး။ သမီးကို ဦးအကုန်ပြောပြမယ်။ အခုလည်း လူးဝစ်ကို စောင့်ကြည့်နေတာပါပဲ”

“အခု ပြောပါရှင်”

“မရလို့ပါ မယ်မင်းကြီးမရယ်။ ဖုန်းနဲ့ ပြောလို့ မရလို့ပါ။ အခုလည်း လာနေပြီပဲ။ ပေါ့တ်လန်းကို သွား၊ တရေးအိပ်”

ရေချယ့်ဘက်က စဉ်းစားနေသလိုမျိုး အကြာကြီး ငြိမ်နေပြီးမှ

“ကောင်းပါပြီ။ ဦးလုပ်ရပ်က မှန်ကောင်း မှန်ပါလိမ့်မယ်။ တခုတော့ ပြောပြပါ ဂျထ်ရယ်။ အဲဒီကိစ္စက ဘယ်လောက်တောင် ဆိုးလို့လဲဟင်”

ဂျထ်က တည်ငြိမ်စွာဖြင့်

“ဦးကိုင်တွယ်နိုင်ပါတယ်။ ဆိုးချင်သလောက်သာ ဆိုးပါစေ”

အပြင်ကို တချက်လှမ်းကြည့်တော့ ဖြည်းညင်းစွာ ရွေ့လျားလာသောကားရှေ့မီးရောင်တခုကို တွေ့ရသဖြင့် လူးဝစ်များ ဖြစ်နေမလားဟု ဖုန်း ကိုင်လျက်သား ကုန်းကုန်းကွကွနှင့် ထ၍ ကြည့်မိ၏။ သို့သော် မီးရောင်က လူးဝစ်တို့အိမ်ကို ကျော်လွန် မောင်းနှင်သွားသဖြင့် ပြန်ထိုင်လိုက်သည်။

“ဟုတ်ပါပြီ။ တလမ်းလုံးတော့ ခေါင်းကျိန်းနေတော့မှာပဲ”

“မကျိန်းပါနဲ့ကွယ်။ ခေါင်းကိုအေးအေးထား မနက်ဖြန်အတွက် အားတင်းထားချေ။ ဒီရောက်ရင် အကုန်အဆင်ပြေသွားမှာပါ”

“အစအဆုံး မခြွင်းမချန် ပြောပြမယ်လို့ ကတိပေးလား”

“ပေးပါတယ်ကွယ်။ ဘီယာလေးဘာလေး သောက်ရင်း အစအဆုံး တလုံးမကျန် ပြောပြမှာပါ”

“ဒါဆိုရင်လည်း ပြီးရော။ အဲဒီကျမှပေါ့။ အခုတော့ ဂွတ်ဘိုင်နော်”

“အေး။ အေး။ မနက်ဖြန် တွေ့မယ်နော် ရေချယ်”

ရေချယ် ဘာမှ ပြန်မပြောနိုင်ခင် ဂျထ်က ဖုန်းချသွား၏။

*****

ဆေးသေတ္တာထဲမှာ ကဖိန်းဆေးလုံးတွေ ရှိသည်ဟု ထင်သော်လည်း ရှာမတွေ့ချေ။ လက်ကျန်ဘီယာကို ရေခဲသေတ္တာထဲ ပြန်ထည့်လိုက်ပြီး ဘလက်ကော်ဖီတခွက် ဖျော်သည်။ ထို့နောက် ခွက်ကို ပြတင်းပေါက် ပေါင်ပေါ် တင်ကာ ကုလားထိုင်မှာ ထိုင်၍ ကော်ဖီမြုံ့ရင်း အပြင်ကို စောင့်ကြည့်နေ လိုက်သည်။

ကော်ဖီသောက်၍ကော ရေချယ်နှင့် ပြောလိုက်ရ၍ပါ ၄၅ မိနစ်လောက် နိုးနိုးကြားကြား ဖြစ်နေသော်လည်း သည့်နောက်တွင် ငိုက်မြည်းစ ပြု လာ၏။

အိပ်ဖန်စောင့်လုပ်ရင် မအိပ်ရဘူးလေ အဘိုးကြီးရဲ့။ မင်းကို ဟိုဟာကြီးက လာလုပ်သွားလိမ့်မယ်။ တခုခု ဝယ်ပြီဆိုရင် တခုခုတော့ ပြန်ပေးရ မယ်လေ။ မအိပ်နဲ့။

စီးကရက် အသစ်တလိပ် မီးညှိ၍ ရှိုက်ထည့်လိုက်တော့ ချောင်းဆိုးသွား သည်။ သို့နှင့် ပြာခွက်ထဲ ခဏထည့်ကာ မျက်စိကို လက်နှင့်ပွတ်လိုက်၏။ အပြင်မှာ

ဆယ်ဘီးကားကြီး တစီး ဝေါခနဲ ဖြတ်မောင်း သွားသံက လေထန်သော ညအသံကို ဖြိုခွဲ၍ ထွက်လာသည်။

သူ့ကိုယ်သူ အိပ်ငိုက်သွားမှန်း သိသွားသဖြင့် ဆတ်ခနဲ သတိဝင်ကာ ကိုယ့်မျက်နှာကိုယ် နားတွေပါ အူထွက်သွားအောင် ဘယ်ပြန်ညာပြန် ရိုက်ချ လိုက်၏။ လျှို့ဝှက်နေရာသို့ တိတ်တဆိတ် ခိုးဝင်လာသူကို သိသွားသလိုမျိုး အကြောက်တရားက အခုမှ စဝင်လာသည်။

ငါ့ကို အိပ်မွေ့ချနေတာပဲ။ အိပ်ပျော်သွားအောင် လုပ်နေတာ။ တခုခုတော့ တခုခုပဲ။ ငါ့ကို နိုးမနေစေချင်ဘူး။ အဲဒါ မကြာခင် လူးဝစ် ပြန်လာတော့မှာမို့လို့။ ဟုတ်တယ်။ ငါသိနေတယ်။ ငါ့ကို သူ့လမ်းကြောင်းက ရှင်း ပစ်ချင်တာ။

"မရဘူးဟေ့။ လုံးဝ မရဘူး။ ကြားလား။ ငါဝင်ပြီး တားကို တားရမှာပဲ။ ဒီကိစ္စက ပြီးသင့်တာ ကြာပြီ"

လမ်းတဖက်ခြမ်းက သစ်ပင်များက စိတ်ညို့အိပ်မွေ့ချနေသည့်နှယ် သစ်ရွက်တွေကို လှုပ်ရမ်းပြ နေသည်။ သူ့စိတ်သည် ဂျော့တို့နှင့် ဝိုင်းဖွဲ့ သောက်စားခဲ့သော ညဆီ ပြန်ရောက်သွားသည်။ ဘရူဝါမြို့က တဲရုံကြီးတခုထဲမှာ သူတို့ထိုင်ခဲ့သည့် နေရာက ယခုအခါ Evarts Furniture Mart ဖြစ် နေပြီ။ သူရယ်၊ ဂျော့ရယ်၊ ရီနေးရယ် တညလုံး ထိုင်စကားပြောခဲ့ကြသည့် ထိုလူစုထဲမှာ သူတယောက်ပဲ သက်ရှိထင်ရှား ကျန်တော့သည်။ ရီနေး သည် ၁၉၃၉ ခုနှစ်တုန်းက မုန်တိုင်းထန်သော ညတညမှာ ဘောက်စ်ကားနှစ်စီးကြား ညပ်ပြီး ကွယ်လွန်သွား၏။ ဂျော့ချက်ပင်က မနှစ်ကမှ နှလုံးရောဂါနှင့် ဆုံးသည်။ တယောက်တည်း ကျန်ခဲ့တာက အသက်ကြီး လေ တုံးအမိုက်မဲလေ ဖြစ်သည့် ဂျထ်။

ခွက်အဟောင်းကနေ ခွက်အသစ်ကို ပြောင်းထည့်သလိုမျိုး ရှေးက လျှို့ဝှက်ချက်တွေကို လက်ဆင့်ကမ်းပြောပြဖို့ လိုလာသည့်အခါ မိုက်မဲ မှုသည် တခါတလေ ကြင်နာသနား တတ်သယောင် ဆောင်သလို တခါတလေ ငါသိငါတတ် ဟူ၍လည်း မာန်တက်သယောင် ဆောင်၏။

"အဲဒါနဲ့ အဲဒီဂျူးလူမျိုး ဆေးသမားကြီးက အထဲဝင်လာပြီး ပြောပြတယ်။ မင်းတို့ တခါမှ မမြင်ဖူးတာကို ငါမြင်ဖူးတယ်တဲ့။ သူတို့ကို ကြည့်နေလည်း ရေကူးဝတ်စုံ ဝတ်ပြီး ကူးနေသလိုမျိုး အေးဆေးပဲတဲ့..."

ဂျထ်မေးစေ့က ရင်ညွန့်ဆီ တဖြည်းဖြည်း ဆင်းလာပြီး ခေါင်းငိုက်စိုက်ကျ လာသည်။

"...တကယ်တော့ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်တုံးလုံးတွေကွတဲ့။ တကိုယ်လုံး ခြောက်သွားတော့မှ ပြန်ပြီး အဝတ်ကောက်စွပ်ကြတာတဲ့။ ငါသိတာ အဲတခုတည်းတော့ ဘယ်ဟုတ်မလဲ..."

သည်အကြောင်းကို ရီနေးက ပြုံးပြုံး ပြုံးပြုံးနှင့် သူတို့အား ခေါင်းချင်း ဆိုင်၍ ပြန်ပြောပြခြင်း ဖြစ်သည်။ ဂျထ်က လက်ထဲမှာ အရက်ပုလင်း တလုံး ကိုင်ထားသည်။

တကယ်တော့ အိပ်ပျော်သွားသော ဂျထ်သည် ပုလင်းကိုင်ထားသလို ခံစားရခြင်းသာ ဖြစ်ပြီး ဘာမှမရှိသော လက်ကို ပုလင်းကိုင်ထားသလို ကွေး ကွေးလေး လုပ်ထားလေ၏။

ပြာခွက်ထဲက ဆေးလိပ်ကတော့ ဖင်စီခံတိုင်အောင် တငွေ့ငွေ့ ဆက်လောင်နေသည်။ နောက်ဆုံးတွင် တလိပ်လုံးကုန်အောင် ကျွမ်းလောင်သွားသော ပြာသည် ဆေးလိပ်ပုံစံအတိုင်း အရာမယွင်းဘဲ ပြာခွက်ထဲမှာ ကျန်ရစ်ခဲ့၏။

ဂျထ်ကတော့ အိပ်ပျော်သွားသည်။

အပြင်ဘက်မှာ လူးဝစ်၏ ဟွန်ဒါဆီးဗစ်ကားမီးရောင် ပေါ်လာပြီး ခြံထဲမှ တဆင့် ကားရုံထဲ မောင်းဝင်သွား၏။ ဂျထ်ကတော့ ကြားလည်း မကြား၊ နိုးလည်း မလာတော့။

****

အခန်း (၅၃)

လူးဝစ်သည် တိပ်ပတ်စက်အသစ်တခုကို မီးဖိုချောင်အံဆွဲထဲမှာ ရှာတွေ့ခဲ့သည်။ ကြိုးတခွေကိုတော့ ကားရုံထောင့်မှာ တွေ့ထားပြီးသား။ ပေါက်ချွန်းနှင့် ဂေါ်ပြားကို တိပ်နှင့် တပေါင်းတည်း ပတ်ချည်ကာ ကြိုးခွေ မှာ ချိတ်သည်။

ကိရိယာ တန်ဆာပလာများ ချိတ်ထားသော ကြိုးခွေကို စလွယ်သိုင်း၍ ဂေ့ဂျ်ကို လက်ထဲမှာ ပွေ့ယူသွားမည်။

လူးဝစ်သည် ကြိုးခွေကို စလွယ်သိုင်းကာ ကားတံခါးဖွင့်၍ ဂေ့ဂျ်ထည့်ထားသော အထုပ်ကို ဆွဲထုတ်လိုက်၏။ ဂေ့ဂျ်သည် ချာ့ထက် ပိုလေးသည်။ ဂေ့ဂျ်ကို မစ်မက် သုသာန်ပေါ် တင်ဖို့ တွား၍ တက်ချင်လည်း တက်ရ နိုင်သည်။ ကျောက်ခဲထူသော မြေသားကို မြေပုံတခုစာ တူးရဦးမည်။ တနည်းနည်း နဲ့တော့ အဆင်ပြေသွားလိမ့်မည်။

လူးဝစ်က ကားရုံထဲမှ ထွက်လိုက်သည်။ ဂေ့ဂျ်ကို ပွေ့ထားသဖြင့် မီးခလုတ်ကို တံတောင်နှင့် တွက်၍ ပိတ်ခဲ့ရ၏။ အိမ်အပြင် ရောက်တော့ ကားလမ်းမနှင့် မြက်တောစပ်မှ တိရစ္ဆာန်သင်္ချိုင်းသို့ သွားရာ လမ်းကြောင်း ကို ခဏရပ်ကြည့်သည်။ မြက်ပင်တိုများ ပေါက်နေသော သူ့ရှေ့ရှိ လမ်းကြောင်းသည် လမ်းပြနေသည့်အလား အမှောင်ထဲတွင် အလင်းရောင် တမျိုး တောက်နေ၏။

လေတချက် တိုက်၍ ဆံပင်များ လွင့်သွားသည့်အခိုက် အမှောင်ကို လန့်တတ်သော ကလေးဘဝက အကြောက်တရား ဝင်လာပြီး အားမရှိတော့သလိုလို၊ ထိတ်လန့်သလိုလို ဖြစ်လာ၏။ မှောင်ကြီးမည်းကြီးထဲ လေတဝူဝူး တိုက်နေသည့် သစ်ပင်တွေအောက်ကနေ အလောင်းပိုက်ပြီး တောထဲ တကယ်သွားတော့မည်ပေါ့။ ဒီလိုအချိန်ကြီးကို တယောက်တည်း သွား မည်ပေါ့။

လျှောက်မတွေးနဲ့။ လုပ်သာ လုပ်။

သို့နှင့် လူးဝစ်လည်း ဆက်လျှောက်သွားလေတော့သည်။

****

မိနစ် ၂၀ အကြာ တိရစ္ဆာန်သင်္ချိုင်းသို့ ရောက်သွားချိန်တွင် မောဟိုက်၍ လက်မောင်းရော ခြေထောက်တွေပါ တုန်ယင်နေ၏။ သူက အထုပ်ကို အောက်ချကာ အိပ်ချင်မူးတူးနှင့် နောက်ထပ်မိနစ် ၂၀ လောက် နားလိုက် မိ၏။ ပင်ပန်းလွန်း၍ထင့်၊ ကြောက်တာတွေတောင် ဘယ်ရောက်ကုန်သည် မသိ။

နောက်ဆုံးတွင် ပြန်ထကာ အထုပ်ကို ကောက်မသည်။ အထုပ်သည် ပေါင် ၄၀ သာ လေးရမည့်အစား ပေါင် ၂၀၀ လောက် လေးနေသလိုပင်။ စိတ်ထဲတွင် သစ်ခြောက်ပုံကြီးပေါ် တက်ရမည်ဆိုသည့်အစား သူလုပ်ကို လုပ်ရမည့် အရာတခုဟုသာ မှတ်ယူထားလိုက်၏။

အရင်က ဖြစ်ဖူးတာကို နောက်တဖန် ပြန်ဖြစ်နေသလို ခံစားရသည်။ ရုတ်တရက် အိပ်မက်ကို ပြက်ပြက်ထင်ထင် သတိရသွားသလိုမျိုး။ မဟုတ် သေး၊

အိပ်မက်က အသက်ဝင်လာသလိုမျိုး။ ရှေ့ဆုံးက သစ်ခြောက်တုံးပေါ် ခြေချလိုက်စဉ် ဝမ်းသာအားရ ဖြစ်လာသလို ခံစားရ၏။ စိုးရိမ်ကြောက်ရွံ့ နေဆဲ ဖြစ်သော်လည်း သိပ်အရေး မကြီးတော့သလိုလို။

ငါ့နောက်ကသာ လိုက်ခဲ့။ အောက်ကို မကြည့်နဲ့။ တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေနဲ့။ ဖြတ်သွားလို့ ရတဲ့လမ်း ငါသိတယ်။ မြန်မြန်ဆန်ဆန်နဲ့ သေသေချာချာတော့ လုပ်မှ ရမယ်။

မြန်မြန်ဆန်ဆန်နဲ့ သေသေချာချာ။ ဟုတ်သည်။ ဂျထ် ပျားစူးကို နုတ်ပေး တုန်းကလို။

"ဖြတ်သွားလို့ ရတဲ့လမ်း ငါသိတယ်"တဲ့။ ဒီတလမ်းပဲ ရှိတာကို။ ဖြတ် ကျော်ခွင့် ပေး၊ မပေးပဲ လိုတယ်။

အရင်တခေါက်တုန်းက ဤသစ်ခြောက်ပုံကြီးကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တယောက်တည်း တက်ဖို့ ကြိုးစားသော်လည်း မရခဲ့။ အခုတခေါက်မှာတော့ ဂျထ်ပြောပြထားသည့်အတိုင်း အောက်ကို ငုံ့မကြည့်ဘဲ အထက်သို့သာ မြန်မြန်သွက်သွက် တက်သွားလိုက်သည်။

ထိပ်ဆုံးသို့ ရောက်သွားပြီးနောက် ခဏလောက်သာ မတ်တတ်ရပ်ကြည့် လိုက်ပြီး တဖက်ခြမ်းကို လှေကားမှ ဆင်းသလို အမြန်ပြန်ဆင်းသည်။ သူ လှုပ်ရှားလိုက်တိုင်း ကျောမှာ စလွယ်သိုင်းထားသော ပေါက်ချွန်းနှင့် ဂေါ်ပြားတို့ဆီမှ ကလောင်ကလင် အသံထွက်နေ၏။ တမိနစ်ပင် မကြာ လိုက်၊ ထင်းရှူးရွက်ချွန်တွေ ဖုံးနေသော မြေပြင်ပေါ်ကို ရောက်သွားသည်။ သူ့နောက်မှာတော့ တိရစ္ဆာန်သင်္ချိုင်းကို ခြံစည်းရိုးသဖွယ် ကာရံထားသော သစ်ခြောက်ပုံကြီး ကျန်ရစ်ခဲ့လေသည်။

လူးဝစ်သည် သားဖြစ်သူကို ပွေ့လျက် လေတိုးသံကို နားထောင်ရင်း တောလမ်းအတိုင်း တောင်ထွတ်ဖျားဆီ ဆက်လျှောက်သွား၏။ အခုချိန်တွင် ဘာသံကိုမှ သူမကြောက်တော့။ အလုပ်ပြီးခါနီးလေပြီ။

****

အခန်း (၅၄)

C EXIT 8 KEEP RIGHT FOR PORTLAND WESTBROOK (ထွက်ပေါက် ၈၊ ပေါ့ထ်လန်း၊ ဝက်စ်ဘရွတ်ခ်သို့၊ ညာဘက်)ဟူသော ဆိုင်းဘုတ်ကို ကျော်သည်နှင့် အချက်ပြမီးဖွင့်ကာ ထွက်ပေါက်ရှိရာသို့ တည့်တည့်မောင်းသွားလိုက်၏။ အရှေ့၌ Holiday Inn ဟူသော မီးအစိမ်း ရောင်နှင့် ဆိုင်းဘုတ်ကြီးက ညကောင်းကင်ယံနှင့်အပြိုင် လင်းနေသည်။

ခရီးအဆုံးမှာ ဖိစီးတင်းကျပ်နေတာတွေ ဖြေလျှော့အနားယူအိပ်စက်ဖို့ တည်းခိုခန်းပေါ့။ သူမအတွက်တော့ အနည်းဆုံး လူ့လောကမှာ မရှိတော့သည့် သားလေးအတွက် သောကရောက်နေတာတွေ အဆုံးသတ်ဖို့ အနားယူ နိုင်မည့် နေရာပေါ့။

သောကကို ဖြေဆည်ရတာ သွားနှုတ်ခံရသလိုပဲဟု တွေးမိသည်။ အစမှာ သတိလွတ်မတတ် နာကျင်ရသော်လည်း ထုံဆေးထိုးလို့ နာမှာကိုပင် မမှု လောက်အောင် အသားကျသွားမှာပဲ ဖြစ်သည်။

"သူက သတိပေးဖို့ ရောက်လာခဲ့တာ။ ဒါပေမဲ့ သူက ကြားဝင်လို့ မရဘူးတဲ့။ သူပြောတာက...၊ သမီးလည်း သိပ်နားမလည်ဘူး။ သူက ဖေဖေနဲ့ နီးနီး လေးမှာ ရှိနေတယ်တဲ့။ ဘာလို့လည်းဆိုတော့ ကံနိမ့်လာတဲ့အခါ သူတို့လိုပဲ ခန္ဓာ...ဘာဖြစ်တယ်ဆိုလား၊ မမှတ်မိတော့ဘူး"တဲ့။

ဒီကိစ္စကို ဂျထ်က သိပေမဲ့ ပြောမပြဘူး။ တခုခုတော့ ဖြစ်နေပါပြီ။ အဲဒီ တခုခုက ဘာလဲ။ ဆူဆိုက်လုပ်တာလား။ ဟင့်အင်း။ လူးဝစ်က ကိုယ့် ကိုယ်ကိုယ် သတ်သေမှာ မဟုတ်ပါဘူး။ မယုံဘူး။ ဒါပေမဲ့ သူတခုခုကိုလိမ်ထားတယ်။ သူ့မျက်လုံးမှာ ပေါ်နေတယ်။ သေလိုက်ပါတော့၊ သူ့မျက်နှာ မှာ ပေါ်နေတာပဲ။ သူလိမ်နေတာကို ငါသိသွားပြီးတော့ တားစေချင်နေ သလိုမျိုးပဲ။ ငါ့ကို သိလည်း သိစေချင်တယ်။ သိလည်း မသိစေချင်ဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ ကြောက်လို့။ သူ အရမ်းကြောက်နေလို့။ ကြောက်တယ်။ ဘာကို ကြောက်တာလဲ။ လူးဝစ်က ကြောက်မှ မကြောက်တတ်ဘဲ။

ရုတ်တရက် ရေချယ်က ကားစတီယာရင်ကို ဘယ်ဘက်သို့ ဆတ်ခနဲ ဆွဲကွေ့လိုက်ရာ ကားတာယာများမှ ကျွီခနဲ မြည်သံထွက်လာ၏။ ထိုခဏတွင် နောက်ကြောင်းပြန်လှည့်ဖို့ စိတ်ကူးမိသော်လည်း မလှည့်ဖြစ်။ NEXT EXIT ROUTE 12 CUMBERLAND CUMBERLAND CENTER JERUSALEM'S LOT FALMOUTH FALMOUTH FORESIDE (ထွက်ပေါက် - အမှတ် ၁၂ ကား လမ်းမကြီး၊ ကမ်ဘာလန်း၊ ကမ်ဘာလန်းစင်တာ၊ ဂျေရုဆလမ်အဖွဲ့၊ ဖဲလ် မောက်၊ ဖဲလ်မောက်ဖိုးဆိုဒ်)ဟူသည့် ဆိုင်းဘုတ် အသစ်တခုကို မြင်ရသည်။

"ဂျေရုဆလမ်အဖွဲ့"တဲ့။ နာမည်ကလည်း တမျိုးကြီးပဲ။ ခေါ်လို့လည်း မ ကောင်းဘဲနဲ့။ ဘာလဲ၊ ဂျေရုဆလမ်အဖွဲ့ဆီ လာရောက် အိပ်စက်ပါလို့ ကြော်ငြာရမှာလား။

ရေချယ့်အတွက်တော့ ဒီည အိပ်ဖို့ အချိန်မရှိချေ။ ဂျထ်ပြောသလိုဆိုလျှင် သူမအနေဖြင့် တိုက်ရိုက်မောင်းသွားမှ ဖြစ်မည်။ ဂျထ်သည် ဤကိစ္စကို သိ နေပြီး သူလည်း တားဖို့ လုပ်နေသည်။ သို့သော် သူသည် အသက် ရှစ်ဆယ် ကျော် အဘိုးကြီးတယောက် ဖြစ်ပြီး လောလောလတ်လတ် ပြီးခဲ့သည့် သုံး လကမှ ဇနီးဖြစ်သူကို ဆုံးရှုံးထားရသဖြင့် သိပ်ယုံစားလို့ မဖြစ်။ သူမသည် လည်း လူးဝစ် ပထုတ်သည့်အတိုင်း အိမ်မှ ထွက်မလာခဲ့သင့်။ သို့သော် ရေချယ်လည်း ဂေ့ဂျ်ကို ဆုံးရှုံးရသောကြောင့် စိတ်အားငယ်နေခဲ့သည်။ ဂေ့ဂျ်ခာတ်ပုံလေး တကိုင်ကိုင်နှင့် မျက်နှာကလေး ငယ်နေရှာသည့် အငယ် အသွင်က မုန်တိုင်းဒဏ်မှ လွတ်မြောက်လာသည့် ကလေးငယ်နှင့် တူသည်။ တချို့ညတွေမှာ သူမလိုအပ်နေသည့် နှစ်သိမ့်မှုမျိုး မပေးခဲ့သည့် လူးဝစ်ကို သို့မဟုတ် သူမကိုပင် နှစ်သိမ့်ခွင့် မပေးဘဲ ခေါင်းမာနေသည့် လူးဝစ်ကို မုန်းလို့ ရသည့်အချိန်တွေ ရှိသည်။ သို့သော် ရေချယ် မမုန်းမိ၊ မုန်းလို့လည်း မရ။ လူးဝစ်ကို သူမ သိပ်ချစ်သည်။ သူ့မျက်နှာသည် အိပ်ရေးပျက်၍ ဖြူ ဖျော့နွမ်းနယ်နေ၏။

ချက်ဗက်ကားမှ မိုင်နှုန်းပြတံက တနာရီ မိုင်ခြောက်ဆယ်ကို ကျော် လုလု။ တနာရီ မိုင်ခြောက်ဆယ်ဆိုတော့ တမိနစ်ကို တမိုင်။ နှစ်နာရီ ဆယ့်ငါးမိနစ်လောက်ဆိုလျှင်တော့ လဒ်လိုကို ရောက်တန်ကောင်းသည်။ မိုးလင်းမှလည်း ရောက်ချင်ရောက်နိုင်၏။

ရေချယ်က ကားရေဒီယိုခလုတ်ကို လက်နှင့်စမ်း၍ ဖွင့်လိုက်တော့ ပေါ့ထ် လန်းစတေရှင်မှ လွှင့်သည့် ရော့ခ်အင်ရိုးလ်သီချင်းသံ ထွက်လာ၏။ နိုးနိုးကြားကြားဖြစ်အောင် အသံအတိုးအလျှော့ ခလုတ်ကို တင်ကာ လိုက် ဆိုသည်။ တနာရီလောက် ကြာတော့ ရေဒီယိုအသံက တိုးဖျော့၍ ပျောက် သွားသဖြင့် ဩဂတ်စတြာစတေရှင်ကို ပြန်ဖွင့်ရသည်။ ကားမှန်ကို ချလိုက်တော့ ညလေက သူမဆီ တဝူးဝူးနှင့် မရပ်မနား တိုးဝင်လာ၏။

ဒီညက ဘယ်တော့များမှ ကုန်ဆုံးမှာလဲ မသိ။

*****

အခန်း (၅၅)

လူးဝစ်သည် သူကိုယ်တိုင်မေ့ဖျောက်ထားသော အိပ်မက်ထဲ တဖန်ပြန် ရောက်နေသလို ခံစားရသည်။ သူ့လက်ထဲမှာ ပွေ့ထားသော အထုပ်ထဲက အလောင်းသည် ဂွေဂျ်မဟုတ်ဘဲ ချာ့ဖြစ်နေမှာ စိုးသဖြင့် ခဏခဏ ပြန်ငုံ့ကြည့်မိ၏။ ဂျုထ်နှင့်အတူ ချာ့ကို သွားမြှုပ်ကြပြီး နောက်တနေ့မနက်မှာ သူ တို့လုပ်ရပ်ကို ပြက်ပြက်ထင်ထင် စိတ်ထဲ စွဲနေခဲ့သည်။ အခုလည်း ထိုစဉ် က ကြုံခဲ့ရသည့် အာရုံများအတိုင်း တောအုပ်ကြီးတခုလုံး သက်ဝင် လှုပ်ရှားကာ သူနှင့် စိတ်ချင်း ဆက်နွှယ်နေသလိုလို တသဝေမတိမ်း ပြန် ခံစားရ၏။

လူးဝစ်က စိတ်ထဲမှာ မှတ်မိနေသော လမ်းကြောင်းအတိုင်း တက်လိုက် ဆင်းလိုက်နှင့် ရှေ့ဆက်သွားသည်။ တချို့နေရာတွေက အမှတ် ၁၅ လမ်းမ လောက် ကျယ်သော်လည်း တချို့က ခေါင်းလွတ်ရုံ၊ တကိုယ်စာ သွားရုံ လောက်အထိ ကျဉ်း၏။ တချို့နေရာတွင် ထင်းရှူးပင်များက ဂိတ်အဝင်ဝ တခုကဲ့သို့ တန်းစီပေါက်နေ၏။ ရှင်းသန့်သော ထင်းရှူးနံ့နှင့်အတူ ခြေဖဝါးအောက်မှ ထင်းရှူးရွက်ချွန်များကို နင်းလိုက်တိုင်း ထွက်လာသည့် ထူးဆန်းသော တချွတ်ချွတ် အသံကိုလည်း ကြားရ၏။

မတ်စောက်သော တောင်အဆင်းလမ်းတခုကို ကျော်ဖြတ်အပြီးတွင် နွံ့ အိုင်ရှင်များ ရှိသည်ဟု ဂျုထ်ယုံကြည်စွာ ပြောပြဖူးသော ရေစပ်စပ် နွံ့အိုင် တောထဲ ရောက်လာ၏။ ရေသေအိုင်ဖြစ်သောကြောင့် အောက်ကို ငုံ့ကြည့် သည့်အခါ ကျူပင်နှင့် ရေမှော်ပင်တွေကြားမှာ ငြိမ်သက်နေသည့် ရေပြင်ကိုတွေ့ရသည်။ ဤနေရာက အလင်းရောင်က လျှပ်စစ်မီးဆန်ဆန် တခြားည များထက် ပိုတောက်ပ နေတတ်သည်ဟု ပြောပြဖူးတာ မှတ်မိသည်။

ဒီတခုကလည်း သစ်ကိုင်းခြောက်ပုံကို ကျော်တက်ရတာနဲ့ နည်းနည်း ဆင်တယ်။ စိတ်အေးအေးနဲ့ ခိုင်ခိုင် လျှောက်ရမယ်။ ငါ့နောက်ကသာ လိုက် ခဲ့၊ အောက်ကို ငုံ့မကြည့်နဲ့။

ဟုတ်ပြီ။ ပြီးတော့ ဒီလို အပင်တွေကို မိန်းပြည်နယ်မှာ တခါမှ မမြင်ဖူး ဘူးနော်။

တခြားနေရာမှာကော ရှိလား။ ဘာပင်လဲ မသိဘူး။

သွားမှာသာ သွားကြပါစို့ လူးဝစ်ရယ်။

မြက်ဖုတ်တွေ ပေါက်နေသည့် ရေအိုင်စပ်မှတဆင့် ရှေ့သို့ တချက်ကြည့်ရင်း မြက်ပေါက်နေသော မြေသားတနေရာမှ တနေရာသို့ ဆက် လျှောက်သွားလိုက်သည်။

ယုံကြည်မှုဆိုတာ မြေဆွဲအားကို တကယ်ရှိတယ်လို့ လက်ခံတာမျိုးပဲ။ ဖြစ်နိုင်တယ်၊ မှန်တယ်လို့ ယူဆတာကိုး။ ထိုစကားကို ကောလိပ်တက်တုန်း က ဒဿနိကဗေဒမှာရော ဘာသာရေးဗေဒမှာပါ သင်ခဲ့ရခြင်း မဟုတ် သော်လည်း အထက်တန်းကျောင်း တုန်းက အတန်းဆင်းချိန်မှာ ရူပဗေဒ ဆရာ ပြောဖူးသဖြင့်

မှတ်မိနေခြင်း ဖြစ်သည်။

မစ်မက် သုသာန်သည် သေသူများကို ပြန်ရှင်နိုင်စေသည့် အစွမ်းရှိတာ သူ လက်ခံသည်။ ထို့ကြောင့် သားလေးကို ပွေ့ပိုက်ရင်း ဘုရားလေးအိုင်အထိ ဆင်းလာခဲ့ပြီ။ နောက်လှည့်မကြည့်၊ အောက်ငုံ့မကြည့်။ ယခုရွှံ့သံ တဗွက်ဗွက်သည် ဆောင်းဦးရာသီအဆုံးမှာ ထွက်တတ်သည့် ရွှံ့သံထက် ပိုကျယ်သည်။ ကျူပင်တွေ ကြားမှာ ပုန်းကွယ်နေသော ဖားများက မဖိတ်ခေါ်ဘဲ ရောက်လာသော လူးဝစ်ကို ဂြိုဟ်သားတကောင် တွေ့လိုက်ရသည့်အလား စူးရှကျယ်လောင်စွာ အသံပြုကြ၏။ ဖားပြုပ်တကောင် လည်ချောင်းသံဖြင့် ထအော်သံကလည်း တနေရာမှ ထွက်လာသည်။ ခြေလှမ်းနှစ်ဆယ် လောက် လှမ်းပြီးနောက် လင်းနို့တကောင်လားဘာလား မသိ၊ သတ္တဝါ တကောင် သူ့အနားမှ ရုတ်ခနဲ ထပျံသွားသည်။

မြေလျှောက်မြူခိုးတို့က ပထမ ဖိနပ်၊ နောက်တော့ ညို့သကျည်းအထိ ရစ်ပတ်ယှက်နွယ်လာရာ နောက်ဆုံး၌ သူ့သဏ္ဍာန်က အဖြူရောင်အခိုး အလုံးသဖွယ် ဖြစ်လာ၏။ မြူခိုးတို့၏ ဖြူဆွတ်ဆွတ် အလင်းရောင်က ပိုမို တောက်ပလာသလို သူကိုယ်တိုင်လည်း သဘာဝအင်အားတခုနှင့် ပူးပေါင်းသွား သယောင် ခံစားရသည်။ ဤရွှံ့အိုင်သည်လည်း သက်ဝင် လှုပ်ရှားနေပါတကား။ ထို အသိအာရုံ သို့မဟုတ် သဘာဝတရားကြီး သက်ဝင်လှုပ်ရှားနေပုံကို မည်သို့အဓိပ္ပာယ်ဖွင့်ရမှန်း သူမသိ။ သူသိသည် က ထိုအရာသည် အင်အားကြီးမားလှသဖြင့် သူက သေးငယ်သွားရသည်။

ထိုစဉ် အသံတခု ထွက်လာ၏။ ယင်းအသံကို သူမှတ်မိသည်။ ဟက်ဟက်ပက်ပက် ရယ်ချလိုက်ရင်း ပင့်သက်ရှိုက်လိုက်သည့် အသံမျိုး။ ထို့နောက် ခဏတိတ်သွားကာ ခုနက ရယ်သံကြီး နောက်တကြိမ် ထွက် လာပြန်၏။ ဤတကြိမ်တွင် ရယ်သံအဆုံးက သွေးလေချောက်ချားစွာ စူးခနဲ အော်ဟစ်လိုက်သံအဖြစ် ပြောင်းလဲသွားသောကြောင့် လူးဝစ်ကိုယ်ထဲ က သွေးများပင် အေးခဲသွားသည့်နှယ် ထိတ်လန့်သွားသည်။ မြူခိုးတွေ ကတော့ သူ့ကို အိပ်မက်ဆန်စွာ ရစ်သိုင်းလွှမ်းခြုံထားဆဲ။ ရယ်သံသည် တဖြည်းဖြည်း မှေးမှိန်သွားပြီး လေတိုးသံသာ ကျန်ရစ်ခဲ့သည်။ နောက်ထပ် ဘာသံမှ မကြားရတော့သဖြင့် ဘယ်လိုမှ မနေတော့။ ယင်းသည် တော်လဲ သံလိုမျိုး ပထဝီအနေအထား အပြောင်းအလဲ တခုခုကြောင့် ထွက်ပေါ်လာ သောအသံ ဖြစ်ပုံရသည်။ မြေပြင် အပြောင်းအလဲ တခုခုသာဖြစ်လျှင် လေကြောင်းလည်း တမျိုးတဖုံ ပြောင်းလဲကာ ဤနေရာအထိ ထိုးဖောက်ဝင်ရောက်လာနိုင်၏။ မြူခိုးတွေလည်း ကွဲပျက် လွင့်ပြယ်သွားလိမ့် မည်။ ထိုအခါ ဘာကြီး ပေါ်လာမလဲ မသိ။

စကားပြောသံလိုလို ဘာလိုလို အသံတွေလည်း ကြားရတတ်တယ်။ ဒါ တွေကလည်း ဟိုးအောက်ဘက် ပရော့စပက်မြို့ရှိရာ တောင်ဘက်ဆီ ဆင်း

သွားကြတဲ့ တင်ကြီးငှက်တွေရဲ့ အသံတွေပါ။ လေကြောင်းသင့်ရာ လွင့်လာ ကြတာ။

"တင်ကြီးငှက်သံတွေပါ"

သူ့ကိုယ်သူ အားတင်း၍ ပြောလိုက်သံက အက်တက်တက် ဖြစ်နေသော ကြောင့် ကိုယ့်အသံပင် ကိုယ်မမှတ်မိ။ သို့သော် အူမြူးနေသံတော့ ပေါက်သည်။ တကယ်ကို အူမြူးပျော်ရွှင်နေသည့် အသံမျိုး။ ဘုရားသခင်က စိတ်အားမငယ်ရအောင် သူ့ကို ကူညီသည်ထင်၏။

ခဏလောက် ချီတုံချတုံ ဖြစ်သွားသော်လည်း ဆက်သွားသည်။ သို့သော် ချီတုံချတုံ လုပ်မိ၍ထင့်၊ မြက်ဖုတ်နောက်တခုကို လှမ်းကူးလိုက်စဉ် ဖိနပ်တဖက် ကျွတ်ကျတော့မလို ဖြစ်သွား၏။ ဤတကြိမ်တွင် ဘယ်အရာဆီ က ထွက်လာမှန်း မသိသော ခုနက ရယ်သံသည် ဘယ်ဘက်မှ ထွက်လာ ပြန်၏။ ခဏနေတော့ သူ့အနောက်တည့်တည့်မှ ထွက်လာပြန်သည်။ အကယ်၍ သူသာ လှည့်ကြည့်လိုက်လျှင် သူ့ခြေရာကို မြင်ရမည့်အစား သွားတွေ၊ မျက်လုံးတွေ ဖြဲပြနေမည့် အရာတခုခုကိုများ မြင်ရမလား မသိ။ သို့သော် လူးဝစ်က လှည့်လည်း မကြည့်၊ နှေးလည်း မသွားဘဲ ရှေ့တူရူကို သာ တစိုက်မတ်မတ် ဆက်လျှောက်သွား၏။

ရုတ်တရက် မြူခိုးတို့၏ အလင်းရောင် ပျောက်သွားပြီး သူအရှေ့မှာ မျက်နှာကြီးတခု ပေါ်လာမှန်း သိလိုက်၏။ ထိုမျက်နှာကြီးသည် သူ့အား မနှစ်မြို့စွာ ကြည့်လျက် တခုခု ဗလုံးဗထွေး ပြောနေသည်။ မျက်လုံးကြီးများက တရုတ်ဂန္ထဝင်ပန်းချီကားထဲမှ အရုပ်မျက်လုံးများကဲ့သို့ ပြူး ကျယ်ဖောင်းကား၍ ဝါကျင့်ကျင့်အရောင် လင်းနေပြီး အောက်နှုတ်ခမ်းက တွဲရရွဲ ကျနေသည်။ ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲ၍ မထီမဲ့မြင် ပြုံးထားလေ ရာ ညိုညစ်ညစ် သွားများကို မြင်နေရသည်။ လူးဝစ်လန့်သွားသည်က နားရွက်နေရာမှ လိမ်ကောက်ထိုးထွက်နေသည့် ဦးချိုကြီးနှစ်ချောင်းကို ဖြစ်သည်။ ယင်းချိုနှစ်ချောင်းသည် နတ်ဆိုးဦးချိုလို မဟုတ်ဘဲ တောင်ဆိတ် ဦးချိုနှင့် ပိုတူ၏။

ကြောက်မက်ဖွယ်ရာ ထိုဦးခေါင်းကြီးသည် စကားပြောလိုက်၊ ရယ်လိုက် လုပ်နေပုံရသည်။ နှာခေါင်းနေရာတွင် အသက်ရှူနေသလိုမျိုး အဖြူရောင် အခိုးအငွေ့များ ထောင်းခနဲ ထောင်းခနဲ ထနေသည်။ လူးဝစ် အနားကပ်လာတော့ ထိုခေါင်းကြီး၏ ပါးစပ်ထဲက လျှာအရှည်ကြီး ထွက်လာ၏။ ထိုလျှာ ကြီးသည် ဝါညစ်ညစ်နှင့် အကြေးခွံလို အဖတ်များ ဖုံးနေသည်။ အဖတ်တခုအောက်မှ တီကောင်အဖြူတကောင် တွန့်လိမ်တွန့်လိမ်နှင့် တိုးထွက် လာတာ မြင်ရသည်။ လျှာထိပ်ဖျားက လည်စလုတ်အောက် ကျော်သည် အထိ လေထဲမှာ တလျားလျား ရွေ့နေသည်။

လူးဝစ်က ဂေါ်ဂျီကို ကာကွယ်သလိုမျိုး ခပ်တင်းတင်း ပွေ့ထားလိုက်မိ၏။ ခြေဖဝါးက ဒယီးဒယိုင် ဖြစ်လာပြီး မြက်ဖုတ်ပေါ်က ချော်ကျတော့မလို ဖြစ်သွားသည်။ သဘော်သားတွေ ပြောပြောနေကြတဲ့ စိန့်အဲလ်မိုမီးရောင်ကိုတောင်

မြင်ရတတ်တယ်။ ပုံသဏ္ဌာန်ကတော့ အစုံပဲ၊ ဘာတွေမှန်းကို မသိဘူး။ ဒါပေမဲ့ သိပ်ထူးဆန်းလှတယ် ရယ်လည်း မဟုတ်ပါဘူး။ ပေါ်လာတဲ့ တချို့ ပုံသဏ္ဌာန်တွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်လာရင် တခြားဘက်ကို သာ ကြည့်နေလိုက်။

ကြုံနေရသည့် အရာကို ဖြေရှင်းသလိုမျိုး သူ့ခေါင်းထဲမှာ ဂျထ်ပြောခဲ့သော စကားတို့ကို ပြန်ကြားလာသည်။ လူးဝစ်က ဟန်ချက်ပြန်ထိန်းကာ ရှေ့ကို တည်တည်ငြိမ်ငြိမ် ဆက်သွားရန် ကြိုးစားလိုက်သည်။ တခြားဘက်ကိုတော့ မကြည့်။ သူ့ဆီ တိုးကပ်မလာဘဲ ထိုနေရာပင် ရပ်တန့်နေမည့်ပုံ ရသည့် မျက်နှာကြီးကိုတော့ သတိထားနေမိသည်။ ယင်းသည် မြူခိုးများကြောင့် ပုံရိပ်ယောင် ပေါ်လာခြင်းတော့ မဖြစ်တန်ရာ။ သို့သော် စက္ကန့်ပိုင်း သို့မဟုတ် မိနစ်ပိုင်းမျှ ကြာသောအခါ ထိုမျက်နှာကြီးသည် မြူခိုးငွေ့များ စီးဆင်းနေသည့် လမ်းကြောင်းထဲ အသာအယာ ပျော်ဝင် ပျောက်ကွယ်သွား၏။ ဒါ စိန့်အယ်လ်မိုမီးရောင်မှ မဟုတ်ဘဲ။

ယင်းသည် ဂျထ်ပြောသလို စိတ်ထင်ယောင်ထင်မှား ဖြစ်စရာ စိန့်အယ်လ် မိုမီးရောင် လုံးဝမဟုတ်။ ဤနေရာသည် အပယ်ဘုံသားများ တင်းကြမ်းပြည့်နှက်နေသော နေရာဖြစ်ပြီး ပရလောကသားများကြောင့် မှုန်ရီဝေဝါး မှောင်မိုက်နေခြင်း ဖြစ်သည်။ သာမန်လူတယောက်အနေဖြင့် ဘေးပတ်လည်ကို ကြည့်လိုက်လျှင် မြင်ရသည့် အရာများကြောင့် ရူးသွားနိုင်၏။ လူးဝစ်ကတော့ ခေါင်းထဲမှာ ဘာမှ မရှိ။ ရှိစရာလည်း မလို။

ထိုစဉ် တစုံတရာ လာနေသံကို ကြားရသဖြင့် ဆက်မသွားဘဲ ရပ်၍ နားထောင်ကြည့်လိုက်သည်။ ရှင်းရှင်းလင်းလင်း ကြားနေရသည့် တဖြည်းဖြည်း တိုးကပ်လာသော ထိုအသံကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပွင့်ဟသွားသော ပါးစပ်ကို ပြန်ပိတ်နိုင်ဖို့ မည်သည့် အကြောအခြင်ကမျှ မစွမ်းနိုင်တော့။

ထိုအသံကို သူ့တသက်မှာ တခါမျှ မကြားဖူးချေ။ အနီးအနားရှိ ကြီးမားသော သက်ရှိ သတ္တဝါတကောင်ကောင် အနားကို တဖြည်းဖြည်း ကပ်လာသဖြင့် သစ်ကိုင်းများ တဂျွတ်ဂျွတ် ကျိုးပဲ့ ကြေမွသွားသံ။ ခြေဖဝါးတို့ မည်မျှကြီးမားမှန်း ခန့်မှန်းမရသဖြင့် တက်နင်းခံရသော ချုံပုတ်များ ကျိုးကြေသံ။ လူးဝစ်ခြေဖဝါးအောက်ရှိ ပျော့စိစိမြေသားတို့ပါ တုန်ခါလာ သည်ကို သတိထားလိုက်မိသဖြင့် ပါးစပ်မှ ဟာခနဲ ဖြစ်သွားကာ ဂေါ်ဂျံကို တင်းနေအောင် ပိုက်ထားမိသည်။

ဘုရားရေ။ ဘာကြီးလဲ။ မြူထဲကနေ ဘာကြီး ထွက်လာမှာလဲ။

ဖားနှင့် တခြားအကောင်ပလောင်တို့၏ အသံများ ရုတ်ခြည်း တိတ်သွား သည်ကိုလည်း သတိထားမိသည်။ လေထဲမှာလည်း ဝက်သေကောင်ပုပ်နံ့လို အပုပ်နံ့တို့ လှိုင်လှိုင်ထလာသည်ကို သတိထားမိသည်။ ဘာကြီးပဲဖြစ်နေ နေ၊

အရွယ်အစားက အတော်ကြီးမှာ သေချာ၏။

လူးဝစ်သည် ဘယ်အရပ်က ရောက်လာမည်မှန်း မသိသော ဒုံးကျည်ကို လိုက်ရှာသလိုမျိုး ဘေးဘီဝဲယာကို ထိတ်လန့်တုန်လှုပ်စွာ ကျီးကန်းတောင်း မှောက် လိုက်ကြည့်မိ၏။ ထိုအရာကြီးသည် သူ့ရှေ့တည့်တည့်ကို လာနေ ခြင်း ဖြစ်ပြီး မနီးမဝေးက သစ်တပင်လုံး လဲကျသွားသံ အုန်းခနဲ ထွက် လာ၏။

ပြီးနောက် တစုံတခုကို လှမ်းတွေ့လိုက်ရသည်။

အသွင်သဏ္ဍာန်ကို မတွေ့ရသော်လည်း ထိုအရာကြီး လာနေသော လမ်းကြောင်းပေါ်မှာ သူရောက်နေမှန်း သိနေသည်။ အစွယ်ရှည်ဆင်ကြီး တကောင် နင်းလာသလိုမျိုး မြေပြင်က တသိမ့်သိမ့် တုန်နေသည်။ ထို အရာကြီး ဖြတ်သန်းသွားတိုင်း ရွံ့သံ စွပ်ခနဲ ကြားရသည်။

ထိုခဏ၌ သူ့အထက် ပေခြောက်ဆယ်ကျော်အမြင့်တွင် ရဲရဲတောက်နေသော မီးနှစ်ပွင့်ကို မြင်လိုက်ရသည်ဟု ယုံသည်။ မျက်စိနှစ်လုံးနှင့် တူသော မီးနှစ်ပွင့်။

ထို့နောက် ထိုသတ္တဝါကြီးအသံ တဖြည်းဖြည်း တိုးဖျော့သွားသည်။ ငှင်း ထွက်သွားသည်နှင့် ဖားအော်သံတို့ ပြန်ပေါ်လာပြီး မြောက်အရပ်သို့ ရွေ့သွားသည်။ ပြီးနောက် အသံများ တဖြည်းဖြည်း တိုးဖျော့ပျောက်ကွယ် သွား၏။

ထိုအခါမှ လူးဝစ် ရှေ့ဆက်သွားလို့ ရသည်။ သူ့ကျောကုန်းနှင့် ပခုံးက အနှိပ်စက်ခံထားရသလို တောင့်ခဲနာကျင်နေ၏။ ပခုံးမှ ခြေသလုံးအထိ အသားကပ်အင်္ကျီ ဝတ်ထားသော်လည်း ရာသီအစမို့ သွေးဆာနေသော ခြင် အုပ်ကြီးက သူ့ထက်ငါ အလုအယက် ဝင်တွယ်ကြသည်။

ဘုရားရေ။ ဒါ ဝမ်ဒီဂိုးပဲ။ မြောက်ပိုင်းကို ဖြတ်လာတဲ့ ဝမ်ဒီဂိုးဆိုတာ ဒါပဲ လား။ လူကို ထိလိုက်လျှင် ဇာတ်တူသားစားသည့် သတ္တဝါအဖြစ် ပြောင်းလဲ နိုင်သည်ဆိုသော အကောင်ကြီး။ ဝမ်ဒီဂိုးက ငါရဲ့ ကိုက်ခြောက်ဆယ်အကွာ ကနေ ဖြတ်သွားတာပါလား။

သူ့ကိုယ်သူ ရယ်စရာလုပ်ပြောခြင်း မဟုတ်။ ဂျထ်လို တိရစ္ဆာန် သင်္ချိုင်း အလွန်က တောထဲမှာ မြင်ရကြားရသော အရာများမှာ တင်ကြီးငှက်သံ ဖြစ်သည်၊ စိန့်အယ်လ်မိုမီးရောင်ဖြစ်သည်ဆိုသော စိတ်ကူးများကို ရှောင်ရှားဖို့သာ ဖြစ်သည်။ ခုန်သွားသော၊ တွားသွားသော၊ လျှောတိုက်သွားသော အကောင်ပလောင် များမှလွဲ၍ ဘာကြီးပဲဖြစ်ဖြစ် ရှိနေပါစေ၊ စကြဝဠာ၏ ညအမှောင်ခြမ်းမှာ သည်လို ကြောက်မက်ဖွယ်ရာတွေ ဖြစ်မ လာလျှင် ပြီးရော။

လူးဝစ်သည် သားဖြစ်သူကို ပိုက်၍ ဆက်လျှောက်သွားရာ တခဏမျှအ ကြာတွင် လဲကျနေသော သစ်ပင်ကြီးတပင်ဆီ ရောက်လာ၏။ ထိုသစ်ပင်ကြီးကို ရစ်သိုင်းဖွဲ့ခြုံနေသော မြူခိုးများက လူ့ဘီလူးကြီးတကောင် သန့်ရှင်းရေး လုပ်သွား၍ ဖုန်ထကျန်ခဲ့သည်နှင့် တူ၏။ လောလောလတ်လတ် ကျိုးကျထားသောကြောင့် လူးဝစ် ကျော်ခွသွားစဉ် ထိမိသော ဝါကျင့်ကျင့် သစ်ရည်များက

ပူနွေးလတ်ဆတ်နေ၏။ လဲကျနေသော သစ်ပင်၏ တဖက်ခြမ်းတွင် အနင်းခံရသော ချုံပုတ်များသာ ကွက်၍ မြေကြီးထဲ ပိပြားနစ်ဝင်နေသည်။ ယင်းကို လူးဝစ်က ခြေရာဟု လက်မခံနိုင် ဖြစ် နေ၏။

ရွံ့နယ်မြေ အဆုံးသတ်သွားသဖြင့် ဖွိခနဲ နစ်ဝင်သံ ပျောက်သွားပြီး ထင်းရှူးရွက်ချွန်များကို တချွတ်ချွတ် နင်းမိသံ ခပ်တိုးတိုး ထွက်လာပြီး နောက် မြေပြင်သည် ကျောက်သားဆန်လာ၏။ လမ်းဆုံးသို့ ရောက်ခါနီးပြီ။

လမ်းကြောင်းသည် ချက်ချင်းလိုလို အထက်သို့ မြင့်တက်သွားသည်။ ထိုစဉ် ညို့သကျည်းကို အစွန်းထွက်နေသော တခုခုနှင့် တိုက်မိ၍ နာသွားသောကြောင့် လက်နှင့် လှမ်းကိုင်လိုက်မိ၏။

လှေကားထစ်တွေဆီ ရောက်ပြီ။ ကျောက်စတွေ ဆူးမယ်နော်။ ငါ့နောက်ကသာ လိုက်ခဲ့။ တောင်ထိပ်ကို တက်လိုက်ရင် ရောက်ပြီ။

သို့နှင့် မောပန်းစွာပင် ကျောက်လှေကားထစ်တွေပေါ် ဆက်တက်ရသည်။ အေးစိမ့်သော လေကို ဆန်တက်လာရင်း အထစ်တွေကို စိတ်ထဲက ရေနေ မိသည်။ လေက တရစပ် တိုက်နေသဖြင့် ဂေါ်ဂျိကို ထုပ်ထားသော လက်ထဲက ကင်းဗတ်စက ရွက်လွှင့်သလို တလွင့်လွင့် ဖြစ်နေသည်။ အပေါ်ကို တချက်မော့ကြည့်တော့ ကြယ်တွေက ဝိုင်းပတ်ရစ်ခွေနေသယောင်ရှိ သော်လည်း နက္ခတ်ကျနေတာမျိုး မဟုတ်ဟု ယူဆမိသည်။ ဘေးက ကျောက်နံရံသည် ညီညာချောမွတ်ခြင်း မရှိဘဲ သဘော်တစီးလိုလို၊ ခွေးတူဝက်တူတကောင် အသွင်လိုလို၊ ခေါင်းစွပ်ဝတ်ရုံခြုံ၍ မျက်မှောင်ကြုတ်ကြည့်နေသော လူတယောက်မျက်နှာလိုလို ထင်မိ၏။ ချောမွတ်သည့်အရာဟူ၍ ကျောက်သားကို ထွင်းထားသော လှေကားထစ်များသာ ရှိသည်။

တောင်ထိပ်ကို ရောက်သွားသောအခါ အသက်ကို ဝအောင် ရှုသွင်း၍ ခဏမတ်တတ်ရပ်နေမိသည်။ လေတိုက်သံ တဝူးဝူးကို နားထဲမှာ နဂါးတကောင် အော်မြည်သလို ကြားရသည်။ ညအလင်းရောင်သည် ရှိသင့်သည် ထက် ပို၍ လင်းနေသဖြင့် သူ့ကို ကြည့်နေသလို ခံစားရသည်။ ကိစ္စမရှိ။ သူကောင်းကောင်း တွေ့ရသည်ပေါ့။

တိရစ္ဆာန်သင်္ချိုင်းလိုပါပဲ။

ယခင်က ကျောက်စရစ်ခဲအပုံဖြစ်သော်လည်း ယခုမူ အသွင်သဏ္ဍာန်တမျိုးဖြင့် တစစီ ပြိုကျပြန့်ကျဲနေသော ကျောက်စရစ်ခဲများကို သေချာကြည့်ရင်း စိတ်ထဲမှ “အဲဒီကျောက်ခဲပုံ ဘာလို့ ပျက်သွားတာလဲ မင်းသိပါတယ်။ ကျောက်စရစ်ခဲတွေက စက်ဝိုင်းသဏ္ဍာန်မဟုတ်ဘဲ ခရုပတ်ပုံ ပြန့်ကျဲနေတဲ့ အကြောင်းရင်းကိုလည်း မင်းသိပါတယ်” ဟု ပြောနေမိသည်။

ဟုတ်သည်။ ကျောက်ဖျာပုံစံ ဤတောင်ထိပ်သည် အနက်ရောင် ကောင်းကင်ယံက ခရုပတ်ဗွေ သဏ္ဍာန် ရစ်ခွေနေသော ကြယ်တာရာများဆီ မျက်နှာမူထား၏။ ကျောက်ပုံတွေ ပြိုကျနေသည်ကတော့ သူ့အောက်ဘက်မှာ

မြှုပ်ထားသော တစုံတရာ ရှင်သန်နိုးထကာ ရုန်းကန်တိုးထွက်သွား သောကြောင့် ဖြစ်မှန်း သူသိနေသည်။ ယင်းသို့ဆိုလျှင် ကျောက်ခဲများ ပြိုကျစဉ်မှာ သူ့ဟာသူ ခရုပတ်သဏ္ဍာန် ဖြစ်ပေါ်သွားလေသလား။

တယောက်ယောက်များ အပေါ်ကနေ ငုံ့ကြည့်နေသလား။ အင်ဒီယန်းသို့မဟုတ် တောင်အမေရိက လူမျိုးစုတခုခုက ဖန်တီးရေးခြစ်သွားသော ထိုလက်ရာများနှင့် ပတ်သက်၍ ရောက်တတ်ရာရာ တွေးကြည့်မိသည်။ အကယ်၍ သူတို့၏ လက်ချက်သာ ဖြစ်လျှင် ဘယ်စိတ်ကူးနှင့် သည်လိုလုပ် ခဲ့သနည်း။ သူသိချင်လှ၏။

လူးဝစ်သည် စိတ်ကို လျှော့ကာ ဒူးထောက်၍ ဂေါ်အလောင်းကို မြေမှာ ချလိုက်သည်။ စိတ်နှင့် လူနှင့် ပြန်ကပ်လာပြီ။

သူက အိတ်ဆောင်ဓားကို ထုတ်ကာ ကျောမှာ လွယ်ထားသော ပေါက်ချွန်းနှင့် ဂေါ်ပြားကို ချွတ်၍ ပတ်ထားသော တိပ်တွေကို လှီးဖြတ်ပစ်လိုက်သည်။ ထို့နောက် ပက်လက်လှန်လှဲချ၍ ခဏလောက် နားရင်း ကြယ်တွေကို ငေးကြည့်နေလိုက်သည်။

တောထဲက ဟာကြီးက ဘာလဲ လူးဝစ်။ ဒီလိုအရာမျိုး ပါလာလျှင် ဇာတ်သိမ်းလှပါမည်လား။ အခုချိန်မှတော့ နောက်ပြန်လှည့်ဖို့ သိပ်နောက်ကျ သွားပြီမှန်း သိလိုက်သည်။ ပြီးတော့ အရာရာ အဆင်ပြေမှ ပြေပါ့မလား။ အနာမခံဘဲ အသာမစံရ။ မစွန့်စားလျှင် ဘာမှဖြစ်လာမှာ မဟုတ်။ သားသမီးဟူသော မေတ္တာတရားသာ မရှိခဲ့လျှင်လည်း စွန့်စားဝံ့မှာ မဟုတ်။ ပြီးတော့ ဆေးအိတ်လည်း ရှိနေတာပဲ။`အထဲမှာ ဆေးထိုးအပ်တွေ ရှိတယ်။ မကောင်းတာ တခုခု ဖြစ်လာလျှင်လည်း သူမှလွဲ၍ ဘယ်သူမှ သိမှာ မဟုတ်။

အတွေးနှံ့ထဲ နစ်မြုပ်လျက်သားကပင် လူးဝစ်သည် ပေါက်ချွန်းကို လှမ်းယူ၍ ဒူးထောက်ထိုင်ရင်း မြေကြီးကို စတူးသည်။ ပေါက်ချွန်းနှင့် မြေကြီးကို ပေါက်လိုက်တိုင်း ရောမစစ်သားအိုကြီး ဓားလွတ်ကျသလို လက်ထဲမှ ခဏခဏ လွတ်လွတ်ကျ၏။ သို့သော် နည်းနည်း နည်းနည်းနှင့်ပင် ကျင်း ဖြစ်လာပြီး တဖြည်းဖြည်း နက်နက်လာ၏။ ခဲလုံးအကြီးတွေကိုတော့ လက် နှင့် ယက်ထုတ်ကာ ကျောက်စရစ်ခဲတွေ ရောနေသော မြေကြီးပုံဘေးမှာ ချထားလိုက်သည်။ တချို့ကိုတော့ ဖယ်ထားလိုက်၏။

မြှုပ်ပြီးလျှင် အထိမ်းအမှတ်အနေဖြင့် ကျောက်ခဲများ ထပ်၍ ပုံထားဖို့ အတွက် ဖြစ်သည်။

****

အခန်း (၅၆)

ရေချယ်သည် မျက်နှာတွေ ထူပူလာသည်အထိ ကိုယ့်မျက်နှာကိုယ် ရိုက်သော်လည်း တချက်တချက် ငိုက်သွားသည်။ ယခုအခါ ပစ်ဖီးလ်ဒ်မြို့ ရောက်နေပြီ။ တချီတွင် စိတ်ထဲမှာ ဆာလောင် အေးစက်သော မီးတောက် နှင့် တူသည့် ငွေရောင်မျက်လုံးဒါဇင်များစွာက မှိတ်တုပ်မှိတ်တုပ်နှင့် သူမ ကို ဝိုင်းကြည့်နေသလို ခံစားရ၏။ ထို့နောက် ၄င်းတို့သည် လမ်းမဘေးနှစ် ဘက်ရှိ အရံအတား များဆီမှ ရောင်ပြန်ကွက်လေးတွေမှန်း သိသွားသည်။ သူမ၏ ကားက လမ်းအစပ်ကို ရောက်နေပြီကော။

ကားခွေကို ဘယ်ဘက်သို့ ပြန်ဆွဲလိုက်ချိန်တွင် တာယာများဆီက အော် ညည်းသံ ထွက်လာပြီး ကားရှေ့ဘန်ပါနှင့် အရံအတားတခု ပွတ်ဆွဲရာမှ ထွက်လာပုံရသော တခနဲ အသံခပ်တိုးတိုးတချက် ကြားလိုက်ရသည် ထင်၏။ နှလုံးသည် ရင်ဘတ်ထဲမှ ပေါက်ထွက်မတတ် ဒိန်းခနဲ ဆောင့်ခုန် ကာ အမြင်တွေ ဝါးသွားသည်။ သို့သော် ကြောက်လန့်စိတ်က အနိုင်မရရှာ ဘဲ ရေဒီယိုမှ ရောဘတ်ဂေါ်ဒွန်က "ရတ်ဟော့" ဟု အော်နေသည့်ကြားမှပင် မကြာမီ ပြန်၍ ငိုက်မြည်းလာပြန်၏။

ထိုအချိန်တွင် "ဒါ သွေးရိုးသားရိုးရော ဟုတ်ပါ့မလား" ဟု ရှုးမိုက်သော သံသယအတွေးတခု ခေါင်းထဲ ဝင်လာသည်။

"သံသယ…၊ ဟုတ်ပါ့။ သိပ်မှန်တာပေါ့"

ရေခဲ်အင်ရိုးလ်သီချင်းသံကြားမှ ရေရွတ်မိသည်။ ရယ်ဖို့ ကြိုးစား သော်လည်း မရယ်နိုင်။ အရှေ့ကို ပြေးပါသော်လည်း လောက်လေးခွကြီးတခု၏ သရေကြိုးနှင့် ငြိနေသည့် ကာတွန်းရုပ်လိုမျိုး ခံစားရသည်။ သူမ ဘယ်လောက်ပြေးသွားသွား တခုခုက အရှေ့မှ ကာဆီးထားသည့်နှယ်။

ဤတကြိမ်တွင် ကားတာယာတို့၏ အော်သံက ကျယ်လောင်လှသည်။ ကားနံဘေးနှင့် လက်ရန်းမှ သတ္တုကြိုးများ ရုပ်ခြစ်မိသွားသဖြင့် ဘရိတ်ကို အားကုန်ဖိနင်းထားလိုက်မိ၏။ သူမ အိပ်ပျော်သွားခဲ့သည်။ ငိုက်မြည်းရုံသာ မဟုတ်။ တနာရီ မိုင်ခြောက်ဆယ်နှုန်း မောင်းနေလျက်သားကို အိပ်ပျော်၍ အိပ်မက်ပင် မက်နေသေးတော့။ အကယ်၍ လမ်းနှစ်ဖက်ကို ကာရံထားသော သတ္တုကြိုးများသာ မရှိခဲ့လျှင် သို့မဟုတ် ကားက လမ်း ဘေးနှစ်ဖက်မှာ စိုက်ထားသော တိုင်များကိုသာ ကျော်ထွက်သွားခဲ့လျှင်…။

ရေချယ်က ကားကို လမ်းဘေးသို့ ဆင်း၍ ရပ်ကာ ဘာလုပ်ရမှန်း မသိတော့ဘဲ အကြောက် ကြောက်အလန့်လန့်ဖြင့် မျက်နှာကို လက်ဖဝါးနှစ် ဖက်ပေါ် အပ်၍ ငိုသည်။

ဟုတ်ပါပြီ၊ ဟုတ်နေပါပြီ။ ငါ့ကို သူ့ဆီ မရောက်အောင် တခုခုက တား နေတာပါပဲ။

ကိုယ့်စိတ်ကိုယ် ထိန်းချုပ်သွားနိုင်သည့် အခါမှ ကားကို ပြန်မောင်းသည်။

ကားစတီယာရင်က ဘာမှ ထိမိခိုက်မိပုံ မရသော်လည်း မနက်ဖြန် ဘီအိုင် အေကို ကားပြန်ပို့သည့်အခါ ကုမ္ပဏီက သူမကို မေးတာမြန်းတာတော့ လုပ်နိုင်သည် ထင်၏။

အဲဒါကို ခဏထားပါဦး။ တခုပြီးမှ တခုစဉ်းစားတာပေါ့။ ကော်ဖီတော့ သောက်မှဖြစ်မယ်။ ပထမဆုံးလုပ်ရမှာက အဲဒါပဲ။

ပစ်ဖီးလ်ဒ်မြို့က ထွက်လာပြီး တမိုင်လောက် မောင်းပြီးသွားသောအခါ မီးရောင်ထိန်ထိန်ညီးအောင် ထွန်းထားသော ဆီဆိုင်တခုသို့ ရောက်လာသည်။ ကားကို ဆီဖြည့်ပြီးနောက် ညစာအဖြစ် ဆီရွှဲရွှဲနှင့် ကြော်ထားသောကြက်ဥကြော်များ စား၍ ကော်ဖီပြင်းပြင်း သောက်လိုက်သည်။

ဆီဖြည့်ပေးသော အလုပ်သမားလေးက ကားကို ကြည့်ကာ မရဲတရဲဖြင့်

"ကားဘေးခြမ်းကို တယောက်ယောက် ထုသွားတာ အတော်ပြင်းပုံ ရတယ်" ဟု ဆိုသည်။

ရေချယ်သည် ဘလက်ကော်ဖီကို သကြားများများ ထည့်၍ ဆေးသောက်သလို တခွက်ပြီး တခွက် သုံးခွက်တိတိ ဆင့်သောက်ချလိုက်သည်။ ကောင်တာနားမှ ကုန်ကားမောင်းသမား တချို့က စားပွဲထိုးမလေးကို စနေ ကြသည်။ မီးချောင်းအောက်က စားပွဲမလေးအသွင်သည် သတင်းဆိုးများ ဆက်တိုက်ကြားရသဖြင့် ပင်ပန်းနေသော သူနာပြုနှင့် တူ၏။

ပိုက်ဆံရှင်းပြီး ကားပေါ်တက်ကာ စက်နှိုးတော့မှ နိုးမလာတော့ဘဲ ကလစ်ကလစ်နှင့် ခြောက်ကပ်ကပ်အသံသာ ထွက်လာ၏။ ရေချယ့်ခမျာ ကြိတ်မနိုင်၊ ခဲမရဖြင့် ကားစတီယာရင်ကိုသာ လက်သီးဆုပ်ဖြင့် ထုနှက် မိသည်။ တခုခုက သူမကို တားဖို့ ကြိုးစားနေသည်။ ကားက အသစ်စက်စက်ကြီး။ ဘာပြဿနာမှ မရှိ။ မီတာတံမှာ ပြထားတာကလည်း မိုင်ငါးထောင်တောင် မရောက်သေး။ စက်သေစရာ ဘာအကြောင်းမှ မရှိ။ သို့သော် နှိုးမရ။ အိမ်နှင့် မိုင် ၅၀ နီးပါးသာ ကွာသည့် ပစ်ဖီးလ်ဒ်ကနေ တနည်းနည်းဖြင့် ရအောင် ထွက်ရမည်။

ကုန်ကားကြီးများ တဝေါဝေါ ဖြတ်မောင်းသွားသံကို ကြားရသည်။ ထိုအခါ ဤနေရာတွင် သားလေးကို တိုက်သတ်သွားသည့် ကုန်ကားလည်း ရှိချင်ရှိနေလိမ့်မည်။ ၄င်းသည် တနေရာရာမှ နေ၍ သူမကို ကြည့်ရင်း ဆဲဆိုနေမှာတော့ မဟုတ်၊ ရုတ်တရက် အတွေးဝင်လာ၏။ အသံတိတ် လှောင်ရယ်နေလိမ့်မည်ဟု ရေချယ်သည် ရှက်ရွံ့နာကျင်စွာ၊ ဝမ်းနည်းကြေကွဲစွာ ခေါင်းကို ငုံ့၍ ငိုချလိုက်မိလေ၏။

****

အခန်း (၅၇)

လူးဝစ်သည် တခုခုကို ချော်နင်းမိကာ ဟန်ချက်ပျက်၍ မြေကြီးပေါ် ခြေပစ်လက်ပစ် လဲကျသွားသည်။ ထိုခဏတွင် သူ့ကိုယ်သူ ပြန်ထနိုင်တော့မှာ မဟုတ်ဟု ထင်မိသလို အဝေးဆီက ဘုရားလေးအိုင်မှ သံပြိုင်အော်နေသော ဖားသံများကို နားထောင်ရင်း ဤနေရာမှာသာ အိပ်ပျော်သွားသည် အထိ လှဲနေလိုက်ချင်၏။ မနိုးသော အိပ်ခြင်းဖြင့်ပဲ အိပ်ရအိပ်ရ။

ထို့နောက် သူချော်နင်းမိသော အရာမှာ ကျင်းထဲ ထည့်မြှုပ်ထားသော အထုပ်ဖြစ်ပြီး ကျန်မြေသားကို လက်ဖလာနှင့် ယက်ထည့်လိုက်မှန်း သတိရသွားသည်။ မြေပုံပေါ်တွင် ကျောက်ခဲများကို အကြီးက အောက်၊ အသေးက အပေါ်တင်၍ ပိရမစ်လိုမျိုး ပုံထားခဲ့တာ သတိရသည်။

ယင်းမှလွဲ၍ ကျန်တာကို သိပ်မမှတ်မိတော့။ ကျောက်လှေ ကားထစ်များ အတိုင်း ပြန်ဆင်းခဲ့သလား၊ မဆင်းခဲ့ဘူးလား သတိမရတော့သလို ဤ နေရာကို ဘယ်လိုလုပ်ပြန်ရောက်လာသလဲ မသိတော့။ ဘေးဘီကို ကြည့် လိုက်တော့ ထင်းရှူးပင်အိုကြီးများကို တွေ့ရပြီး သစ်ခြောက်ပုံကြီးနှင့် သိပ် မဝေးတော့မှန်း သိလိုက်၏။ ဘုရားလေးအိုင်ကို ဘယ်လိုများ ပြန်ပြီး ဖြတ် ကျော်လာသလဲ မသိ။ ဖြစ်တော့ ဖြစ်နိုင်မှပါ။

ဒီနေရာမှာပဲ အိပ်လိုက်တော့မယ်ကွာ။

သို့သော် ယင်းသည် ဖြစ်ချင်နေသည့် အတွေးသာလျှင် ဖြစ်ပြီး ခြေကို ဆက်လှမ်းနေမိ၏။ အကယ်၍ ဤနေရာမှာသာ ဆက်နေမိလျှင် တောထဲက အရာတခုခုက သူ့ကို တွေ့သွားနိုင်သည်။ အခုတောင် သူ့ကို လိုက်ရှာချင်ရှာနေနိုင်၏။

မျက်နှာကို လက်ဖဝါးတဖက်နှင့် ပွတ်လိုက်စဉ် သွေးတွေပေလာတာ တွေ့ပြီး ကြောင်တောင်တောင် နှင့် အံ့သြသွားသည်။ နှာခေါင်းသွေး လျှံ နေသည်ပဲ။

"သောက်ဂရု စိုက်နေစရာလား"

စူးခနဲ ရေရွတ်ကာ အနားမှာ တွေ့သော ပေါက်ချွန်းနှင့် ဂေါ်ပြားကို လှမ်းကောက်သည်။ ၁၀ မိနစ်လောက်ကြာတော့ သစ်ခြောက်ပုံကြီးဆီ ရောက်သွား၏။ အဆင်းတွင် ယိုင်ထိုးနေသော်လည်း ဘာကြောင့်မှန်း မသိ လဲကျမ သွားချေ။ ဂျထ်က ငုံ့မကြည့်နဲ့ဟု ပြောခဲ့သော်လည်း ခြေဖဝါးကို ငုံ့ကြည့် လိုက်သည့်အခါ သစ်ကိုင်းတခုဆီက ချက်ချင်းလိုလို ဖြောင်းခနဲ အသံထွက်လာသဖြင့် အခြားသစ်ကိုင်း တခုဆီ လှမ်းလိုက်မိသည်။ ထိုအခါ ခြေချော်၍ အောက်ကို ဘေးတစောင်းလဲသွားစဉ် လေဟာနယ်ထဲ ကျသွားသလို ခံစားရ၏။ သို့သော် မြေကြီးပေါ် ဖုတ်ခနဲ ကျလာခြင်း ဖြစ်သည်။

ကြယ်ရောင်နှင့် မြင်ရသော ဘေးဘီကို ကြည့်လိုက်သည့်အခါ စမက် မြေပုံနား ရောက်နေကြောင်း သိသွားသည်။ စိတ်ပေါက်ပေါက်နှင့် "ဩော် အမိန့်နာခံတတ်တဲ့ တကောင်ပဲ" ဟု တွေးမိသည်။ ပြီးတော့ ဟိုင်းဝေး လမ်းမပေါ်မှာ

ကားတိုက်သေသွားသည့် ထရစ်ဇီ။ လေတိုက်နှုန်းက ကြမ်းတမ်းပြင်းထန်ဆဲ။ နားထဲမှာ တတင်တင်နှင့် သတ္တုစတခုအသံ ခပ်တိုးတိုး ကြားရသည်။ သောကရောက်ခဲ့ရှာသော အကောင်ပိုင်ရှင်ကလေး ငယ်က သံဘူးခွံတလုံးကို ဖအေဆီက သတ္တုညှပ် ကတ်ကြေးနှင့် ကိုက်၊ တူနှင့် ပြားအောင် ရိုက်၍ သံမှိုစွဲနှက်သွားခြင်းဖြစ်မည်။ ထိုအတွေးကြောင့် ပြန်ကြောက်လာမိ၏။ ယခုအခါ သူတအားပင်ပန်းနေပြီ။ စည်းချက်မှန်မှန်နှင့် အမှောင်ထဲက ထွက်ပေါ်လာသည့် တတင်တင်အသံက သူ့ကို အိမ်တန်း ပြန်ဖို့ အချက်ပေးသလိုပင်။

သူသည် ၁၉၆၅ ခုနှစ်တွင် သေသွားသော "တို့ရဲ့ ယုန်ကလေး မာရီယာ"နှင့် "ဘိုကြီးပတ်တန်"တို့၏ မြေပုံအနီးမှ ဖြတ်လျှောက်လာရာ တမလွန်မှာ ခိုနားနေသည့် ပိုလီနီးရှား၏ သစ်သားပြားကို တက်နင်းသွား၏။ သတ္တုသံ တတင်တင်က ပိုကျယ်လာပြီး သွားနေရာမှ ခဏရပ်၍ အောက်ငုံ့ကြည့်တော့ မြေကြီးထဲ နစ်ဝင်နေသော သစ်သားပြားတချပ်ပေါ်တွင် "တို့ရဲ့ ဟမ်းစတာ ားလေး ရင်ဂို၊ ၁၉၆၄-၁၉၆၅" ဟု ရေးထားတာကို ကြယ်ရောင်နှင့် မြင် ရ၏။ တတင်တင် ထွက်နေသော အသံမှာ "တိရစ္ဆာန်သင်းဂျိုင်း" အဝင် ဆိုင်းဘုတ်များတွင် တွဲလောင်းချိတ်ထားသော သတ္တုစများ တခုနှင့်တခု တိုက်မိနေခြင်းကြောင့်ဖြစ်သည်။

လူးဝစ်သည် ခပ်ခုံးခုံး အပေါက်ဝအောက်မှ ကုန်း၍ ထွက်လိုက်ပြီး သတ္တုစများကို ပြန်ကြည့်လိုက်စဉ် မျက်လုံးထောင့်မှ သစ်ခြောက်ပုံကြီး၏ တဖက်ခြမ်း၌ တောအုပ်ရှိရာဆီ တရွေ့ရွေ့ နောက်ပြန်ဆုတ် သွားသော တစုံတရာကို တွေ့လိုက်ရသဖြင့် တကိုယ်လုံး တောင့်ခနဲ ဖြစ်သွား၏။ ထင်းရှူးရွက် ချွန်နှင့် သစ်ရွက်ခြောက်များပေါ် နင်းလိုက်သံနှင့် ချုံထဲ တိုးဝင်သွားသံကို ကြားရသဖြင့် ခိုးကြောင်ခိုးဝှက် ပြန်ဆုတ်သွားမှန်း သဘောပေါက်သွားသည်။

လူးဝစ်က ဝမ်းသာအားရ

"ဂေ့ဂျ်လား" ဟု လှမ်းအော်လိုက်၏။

မှောင်ကြီးမည်းကြီးထဲ သချိုင်းကုန်းရှေ့ မတ်တတ်ရပ်၍ ကွယ်လွန်သွားသည့် သားဖြစ်သူကို လှမ်းခေါ်လိုက်မိခြင်း ပါလားဟု အသိဝင်သွားချိန်တွင် ဦးရေပြားက တင်းခနဲ ဖြစ်သွားပြီး ဆံပင်မွေးများ ထောင်ထသွားကာငှက်ဖျားတက်နေသူလို ခိုက်ခိုက်တုန်ယင်လာ၏။

"ဂေ့ဂျ်လား"

ခုနကအသံများ ပျောက်သွားသည်။

မဟုတ်သေးဘူး။ စောလွန်းသေးတယ်။ ဘယ်လိုသိလဲတော့ မမေးနဲ့။ ဟောဟိုက ဟာက ဂေ့ဂျ်မဟုတ်ဘူး။ တခြားဟာ တခုခုပဲ။

ရုတ်တရက် အယ်လီပြောခဲ့ဖူးတာကို သွားသတိရသည်။

"သခင်ယေရှုကသာ "ထလော့"လို့ ပြောလိုက်ရင် သချိုင်းထဲက အလောင်းတွေအကုန် ထလာကြမှာပဲတဲ့။ လာဇရုတယောက်တည်းကိုပဲ

ပြန်ရှင်စေချင်လို့ "လာဇရု၊ ထလော့"လို့ နာမည်ထည့်ခေါ် ရတာ"တဲ့။

အရံအတားသဖွယ် တားဆီးထားသော သစ်ခြောက်ပုံကြီး၏ တဖက် ခြမ်းမှ ခုနကအသံများ ပြန်ပေါ်လာသော်လည်း လေတိုက်သံနှင့် ရောနေ၏။ တစုံတရာသည် ပင်ကိုဗီဇအရ သူ့ကို နောက်ယောင်ခံ လိုက်လာလိုမျိုး။

သွေးပျက်မတတ် ကြောက်ရွံ့နေသော သူ့ဦးနှောက်ထဲမှာ ချုံပုတ်ထဲမှ တောင်ပံထခတ်သည့် လင်းနို့ဘီလူးကြီးတကောင်၊ ပွေးဘီလူးကြီးတကောင် စသည့် ထိတ်လန့်ချောက်ချားဖွယ် ပုံရိပ်မျိုးစုံ ပေါ်လာသည်။

လူးဝစ်သည် အမှောင်ထဲက မကောင်းဆိုးဝါးကြီးတကောင်လို ထင် ထင်ရှားရှားကြီး မြင်ရသော သစ်ခြောက်ပုံကြီးဆီ တချက်မှ လှည့်မကြည့်တော့ဘဲ တိရစ္ဆာန်သင်္ချိုင်းထဲမှသည် အိမ်နားက တောင်ကုန်းလမ်းသို့ ရောက်သည်အထိ ဖနောင့်နှင့် တင်ပါး တသားတည်း ကျအောင် မြန်နိုင် သမျှ အမြန်ဆုံး ထွက်ပြေးလေ၏။ မီတာ ၄၀၀ ကျော်လောက် ပြေးပြီး နောက် အိမ်နောက်ဘက်ရှိ ကွင်းပြင်ထဲ ရောက်လာတော့မှ သူ့မှာ ပြေးနိုင် သည့် အင်အားတော့ ကျန်သေးပါကလားဟု သိသွားလေသည်။

****

ပေါက်ချွန်းနှင့် ဂေါ်ပြားကို ကားရုံထဲ ဟိုတနေရာ သည်တနေရာ ပစ် ထည့်လိုက်ပြီး ခြံဝမှာ ခဏမတ်တတ်ရပ်ကာ သူရောက်လာသည့်လမ်းကို ပြန်လှည့်ကြည့်သည်။ ထို့နောက် ကောင်းကင်ကို မော့ကြည့်သည်။ မနက် လေးနာရီ ဆယ့်ငါးမိနစ် ရှိပြီ။ အရုဏ်တက်ဖို့ သိပ်မလိုတော့။ အလင်းရောင်သည် အတ္တလန္တိတ် သမုဒ္ဒရာကို လေးပုံသုံးပုံ ရောက်နေ ပြီဖြစ်သော်လည်း လဒ်လိုမှာတော့ ညအမှောင်သာ ကြီးစိုးထားဆဲ။ လေက လည်း မှန်မှန်တိုက်နေသည်။

ကားရုံဘေးမှ ပတ်၍ အိမ်ထဲကို ဝင်လာပြီး နောက်ဖေးတံခါးကို သော့ဖွင့် ထားလိုက်သည်။ မီးတချက်မှ မဖွင့်ဘဲ မီးဖိုချောင်နှင့် ထမင်းစားခန်းကြား က သန့်စင်ခန်းငယ်ထဲကျမှ မီးသီးတလုံး ဖွင့်လိုက်၏။ ထိုအခါ ချာ့သည် ကမုတ်ခွက်အဖုံးပေါ်တွင် အမြီးကို ခွေ၍ ငုတ်တုတ်ထိုင်ရင်း ရွှေကြောင်ကြောင် မျက်လုံးစိမ်းများဖြင့် စိုက်ကြည့်နေသည်ကို တွေ့ရ၏။

"ချာ့၊ မင်းကို တယောက်ယောက် အပြင်ထုတ်ပေးလိုက်တယ် ထင်ပါရဲ့" ချာ့က သူ့ကိုသာ မော့ကြည့်နေ၏။ ဟုတ်သည်။ ထိုတယောက်ယောက် မှာ ချာ့ကိုယ်တိုင်ပဲ ဖြစ်မှန်း ရှင်းရှင်းလင်းလင်း မှတ်မိနေ၏။ ချာ့သည် သူ ဝင်ချင်လျှင် အထဲကို ရောက်နေတတ်သည်ပဲ။ အရင်က ချာ့မှ မဟုတ်တော့ ဘဲ။

ကိစ္စမရှိ။ သည်လို ဆိုးဆိုးဝါးဝါးတွေ ဖြစ်ပျက်အပြီးမှာ ဘယ်အရာမှ ထူးဆန်းမနေတော့။ ဂျော့ရှိမီယို၏ ဇွန်ဘီးဖုတ် ကောင်ရုပ်ရှင်တွေထဲကလို လူမဆန်သော ခံစားချက်တမျိုးကို ရနေသည်။ ကိုယ်ပျောက် လူသားတွေ အကြောင်း ရေးစပ်ထားသည့် တီအက်စ်အယ်လီယော့တ်၏ ကဗျာထဲက တစုံတယောက် အပြင်ရောက်လာသည်နှင့် တူ၏။

ဘုရားလေးအိုင်ကို ဖြတ်ပြီး မစ်မက် သုသာန်ပေါ်အထိ မြေတူးစက်နှင့် ထိုးဖွပစ်ခဲ့ရမှာဟု တွေးရင်း ခြောက်ကပ်ကပ်နှင့် ဟက်ခနဲရယ်မိသည်။ ရင်ဘတ်က အင်္ကျီကြယ်သီးကို ဖြုတ်ရင်း ကဗျာစာသား တကြောင်းကို တွေးမိကာ အသံသြသြကြီးဖြင့်...

"ခေါင်းထဲမှာ ကောက်ရိုး မြက်ခြောက်တွေချည်း ပြည့်နေတယ်ဆို အဲဒါ ငါပဲဆိုတာ ယုံထားလိုက်စမ်းပါ ချာ့ရဲ့"

အင်္ကျီချွတ်ကြည့်တော့ နံရိုးအထက် ခန္ဓာကိုယ်ဘယ်ဘက်တခြမ်းလုံး အညိုအမည်း စွဲနေသည်။ ဘောင်းဘီချွတ်ကြည့်တော့ အုတ်ဂူစောင်းနှင့် တိုက်မိသည့် ဒူးခေါင်းက ပူစီဖောင်းကြီး တလုံးလို ဖောင်းပွယောင်ကိုင်း နေပြီး အင်္ဂတေအကိုင်ခံထားသလို နာကျင်တောင့်တင်းကာ ခရမ်းရင့် ရောင် သန်းနေ၏။

သူက စိတ်ပေါ့သွားလိုပေါ့သွားငြား ချာ့ကို ရိုက်ချလိုက်ချင်စိတ်ဖြင့် လက်လှမ်းလိုက်သော်လည်း ဒင်းက ကမုတ်ခွက်ပေါ်မှ ခုန်ဆင်းကာ လူးဝစ် ကို တချက်ကြည့်၍ ယိုင်တိယိုင်တိုင်ဖြင့် တခြားတနေရာ ထွက်သွား သည်။

ဆေးဗီရိုထဲမှာ ဘန်ဂေးရှိသဖြင့် ကမုတ်ခွက်ပေး ထိုင်ကာ ဒူးကို လိမ်း လိုက်သည်။ ပြီးနောက် ကျောကိုလည်း အနည်းငယ် ပွတ်သပ်၍ လိမ်း လိုက်၏။

အိမ်သာထဲမှ ထွက်၍ ညှော်ခန်းထဲ ဝင်ကာ လျှောက်လမ်းမှ မီးကို ဖွင့်ပြီး လှေကားခြေရင်းမှာ ခဏရပ်၍ ဘေးဘီကို အူကြောင်ကြောင်နှင့် ဟိုဟို သည်သည် လိုက်ကြည့်သည်။

ဆန်းကြယ်လိုက်တာ။ ခရစ္စမတ်အကြိုညက ဤနေရာမှာ ရပ်၍ ရေချယ့်ကို နီလာလက်စွပ် ပေးခဲ့ဖူးသည်။ ယင်းသည် ညအိပ်ဝတ်ရုံရှည်ထဲမှာ ရှိ နေ၏။ နော်မာတယောက် လူးဝစ်ကိုယ်တိုင်ပင် လက်ခံနိုင်စရာ အကြောင်းရှာမရသည့် နှလုံးရောဂါ ဖောက်ပြီးနောက် အယ့်ကို မရဏ တရားအကြောင်း တတ်နိုင်သမျှ နားလည်အောင် ထိုင်ရှင်းပြခဲ့ဖူးသည့် ကုလားထိုင်လည်း ရှိသည်။ ခရစ္စမတ်သစ်ပင်ကိုလည်း အခန်းထောင့်မှာ ထောင်ထားခဲ့ဖူးသည်။ ပြတင်းပေါက်မှာ အယ်လီခေါက်ထားသည့် စက္ကူ ကြက်ဆင် ရုပ်ကလေးကို တိပ်ဖြင့် ကပ်ထားခဲ့သည်။ ထိုစဉ်ကတော့ အယ်လီခေါက်မှာ ကျီးကန်းရုပ် ဖြစ်လိမ့်မည်ဟု သူမှန်းကြည့်ခဲ့ဖူး၏။ အစောပိုင်း ကဆိုလျှင် ဘာမှ မရှိသော ဤနေရာမှာ မစ်ဝက်စ်မှ ပြောင်းရွှေ့လာသည့် မိသားစု ပစ္စည်းပစ္စယများ ထည့်ထားသည့် ပုံးတွေ ချထားခဲ့ဖူးသည်။

ဘယ်လောက်များ ဆန်းကြယ်လိုက်သလဲ။ တသက်နှင့် တကိုယ် မိန်း တက္ကသိုလ်ကို ပြောင်းရမည်လည်း မထင်ခဲ့။ လဒ်လိုကို ရောက်မည်း မထင် ခဲ့။ နော်မာ၊ ဂျထ်ခရန်ဒဲလ်တို့နှင့်လည်း ဆုံရမည် မထင်ခဲ့။

လူးဝစ်သည် အောက်ခံဘောင်းဘီတိုဖြင့် အိမ်ပေါ်ထပ် တက်သွားသည်။ ပြီးနောက် ရေချိုးခန်းထဲ ဝင်ကာ ခွေးခြေတလုံး ခု၍ နံရံကပ် ဆေးဗီရို အပေါ်ဆုံးမှာ တင်ထားသော အနက်ရောင် အိတ်ငယ်ကို ယူပြီး အိပ်ခန်းထဲ ခုတင်ပေါ် ထိုင်၍ မွှေနှောက်ရှာဖွေသည်။ ဟုတ်ပြီ။ အိတ်ထဲက ခွဲစိတ်ခန်းသုံးတိပ်၊ ကတ်ကြေးနှင့်

စက္ကူလိပ်များ အလယ်မှာ သူလိုအပ်သော ဆေးပုလင်းနှင့် ဆေးထိုးအပ်များ ရှိနေ၏။

လူးဝစ်က အိတ်ကို ပိတ်၍ ခုတင်ဘေးမှာ ချထားလိုက်သည်။ မျက်နှာကြက်မီးကို ပိတ်၊ အိပ်ရာပေါ် ပက်လက်လှန်ကာ လက်မောင်းကို ခေါင်းအုံးထားလိုက်သည်။ ဤသို့ လဲလျောင်းအနားယူရသည်မှာ ကောင်းလှပါဘိ။

အတွေးတွေက ဒစ္စနေးဝါးလ်ဒ်ဘက် ပြန်လှည့်သွားသည်။ သူ့ကိုယ်သူ ကြွက်နားရွက်လိုဂိုနှင့် ဗန်ကားအဖြူ မောင်းရင်း အပေါ်အောက် အဖြူရောင်ယူနီဖောင်း ဝတ်ထားတာ တွေ့ရသည်။ ဒေ့သည်တွေ ကြောက်လန့်မသွားစေဖို့ ကားအပြင်မှာ ကယ်ဆယ်ရေးသင်္ကေတ လုံးဝ ပြမထား။ နေလောင်အသားအရေ ညိုတိုတိုနှင့် ဂေ့ဂျ်က သူ့ဘေးမှာ ထိုင်နေသည်။ ဘယ် ဘက်မှာ ကောင်လေးတယောက်ကို လက်ဆွဲ နှုတ်ဆက်နေသော ဂူဖီရှိသည်။ ကောင်လေးက အတော်အံ့အားသင့်နေ၏။ ဝင်နီသပ်ပို့ရှ်က ရယ်နေသော အဘွားကြီး နှစ်ယောက်နှင့် ပို့စ်ပေးနေပြီး သူတို့ကို အဘွားကြီးတယောက်က ဓာတ်ပုံရိုက်ပေးနေ၏။ အင်္ကျီအလှဆုံး ဝတ်ထားပြီး “တိုက်ဂါး ကို ချစ်တယ်။ တိုက်ဂါးကို ချစ်တယ်” ဟု အော်နေသော ကလေးမလေး တယောက်လည်း ရှိသည်။

ဤပဉ္စလက်နယ်မြေမှာ သူတို့သားအဖက အစောင့်တွေ ဖြစ်သောကြောင့် ဗန်ကားအဖြူနှင့် နေရာအနှံ့ ပတ္တရောင် လှည့်နေရခြင်း ဖြစ်သည်။ ခေါင်မိုး ပေါ်က အနီရောင်အချက်ပြမီးကိုတော့ မသိသာအောင် သေသပ်စွာ အုပ်ထား၏။ အရေးပေါ်ပြဿနာ လိုက်ရှာနေခြင်း မဟုတ်၊ ရှာလည်း မရှာ။ ဖြစ်လာလျှင် အဆင်သင့်ဖြစ်အောင် ပြင်ထားခြင်းသာ။ သည်လောက်အပြစ် ကင်းစင်သော ပျော်စရာနေရာကိုပင် ချောင်းမြောင်း တိုက်ခိုက် တတ်သည် ကိုး။ မိန်းလမ်းတောက်လျှောက် ဖလင်တွေ လိုက်ဝယ်နေသော လူတချို့က နှလုံးရောဂါ ဖောက်သလိုမျိုး ရင်ဘတ်ကို လက်ဖြင့် ဆုပ်ကာ မျက်နှာတွေ ရှုံ့မဲ့ထားကြသည်။ ကိုယ်ဝန်ဆောင်တဦးတော့ လှေကားထစ်များအတိုင်း ဆင်းလာစဉ် ကလေးမွေးချင်၍ ဗိုက်နာလာသည်။ နော်မန်ရော့ခ်ဝဲလ်လို ချောမောလှပသည့် ဆယ်ကျော်သက် မိန်းကလေးတယောက် ကတော့ ရုတ်တရက် ဝက်ရူးထပြန်သည်။ နေပူ ရုပ်တာ၊ ဦးနှောက်လေဖြတ်တာတွေလည်း ရှိသည်။ အော်လန်ဒိုနွေရာသီ ပြီးသွား၍ထင့်၊ အလင်းရောင်ဖြင့် အထိုးမခံနိုင်တာတွေပါ ရှိသည်။

ကြီးမြတ်၍ ဆိုးသွမ်းသော အော့ဇ်တောင် ရှိသည်။ သူက ထွက်ပေါက်ပြ ထားသည့်နားက မှော်တိုင်းနိုင်ငံထဲ လျှောက်သွားကာ ဆင်ပျံကလေး ဒမ်ဘို တကောင်ပေါ်မှ တဆင့် အောက်ကို အူကြောင်ကြောင်နှင့် လိုက်ကြည့် နေတတ်သည်။ သူ့အောက်မှာတော့ လူးဝစ်နှင့် ဂေ့ဂျ်တို့က ဂူဖီ၊ မစ်ကီ၊ တိုက်ဂါးတို့လို အပန်းဖြေ ကစားကွင်းသင်္ကေတအရုပ် ဘာများ ရှိဦးမလဲ လိုက်ရှာနေကြသည်။ အော့ဇ်သည် ဘယ်သူမှ ကိုယ့်ကလေးနှင့် မိတ်ဆက်မ ပေးချင်သည့်၊ ဓာတ်ပုံတွဲမရိုက်ချင်သည့် ဇာတ်ကောင်တခု ဖြစ်သည်။ သူ တို့သားအဖကတော့ နယူးအင်္ဂလန်မှာတုန်းက သူနှင့် ဆုံဖူးသဖြင့်

ကောင်းကောင်းသိသည်။

အော့ဇ်က လူတွေ ဂေါ်လီလုံးတစ်၍ အသက်ရှူကျပ်အောင်၊ ကျွတ်ကျွတ်အိတ် ခေါင်းစွပ်ပြီး အသက်ရှူမဝအောင်၊ ဓာတ်လိုက်သေအောင် စောင့်နေသည်။ မြေပဲနှင့် ဓာတ်မတည့်၍၊ အသက်ရှူလမ်းကြောင်းထဲ အသားကင်စ ဆို့၍ သေကြသည်ကလည်း လေးပုံတပုံလောက် ရှိသည်။ သူသည် ညစ်ပတ်သော ဆေးထိုးအပ်၊ အဆိပ်ရှိသော အကောင်ပလောင်၊ ရေစိုဓာတ်ကြိုးများ၊ တောမီး စသည့် အသွင်ပုံစံအမျိုးမျိုးဖြင့် တချိန်လုံး မျက်စိဒေါက်ထောက်ကြည့်နေသည်။ သင်ရေချိုးခန်းထဲ ဝင်လျှင် အော့ဇ်က လည်း ရေချိုးဖော်လို အထဲရောက်နေပြီ။ လေယာဉ်စီးမည်ဆိုလျှင် အော့ဇ် က လက်မှတ်ဖြတ်ပြီးပြီ။ သောက်တဲ့ရေထဲမှာလည်း ပါသည်။ စားသည့် အစာထဲမှာလည်း ပါသည်။ တယောက်တည်းမို့ ကြောက်လန့်ကာ အမှောင်ထဲကို "အပြင်က ဘယ်သူလဲ"ဟု သွားမမေးနှင့်။ သူက "မကြောက်ပါနဲ့။ ငါပါ။ ဟိုင်း၊ နေကောင်းလား။ မင်းမှာ အူမကြီးကင်ဆာဖြစ်နေပြီ။ ဘယ်လိုလဲ၊ သိပ်ကြောက်သွားသလား။ ဆောရီးပါကွယ်။ သွေးဆိပ်တက်တာ။ သွေးကင်ဆာလို့ ပြောတာ။ နှလုံးသွေးကြောပိတ်တာ။ ဦးနှောက် အမြှေးရောင်ရောဂါ..." စသဖြင့် ပြန်ပြောလိမ့်မည်။ အိမ်တံခါးဝမှာ ဓားတချောင်း ကိုင်ရပ်နေတဲ့သူလည်း ဖြစ်မည်။ ညကြီးသန်းခေါင် ဆက်လာသော အဝင်ဖုန်းလည်း ဖြစ်နိုင်သည်။ လက်တဆုပ် အပြည့် ဝါးစားစရာ ဆေးလုံးတွေလည်း ဖြစ်နိုင်သည်။

ဟိုင်း၊ ကိုယ့်နာမည်က ကြီးမြတ်ဆိုးသွမ်းတဲ့ အော့ဇ်ပါ။ တိုတိုတုတ်တုတ် ခေါ်ချင်ရင် အော့ဇ်လို ခေါ်ပေါ့။ အခုကစပြီး မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်သွားပြီနော်။ မင်းကို နှလုံးအမောဖောက်ပြီး အသက်ရှူရပ်အောင် ဖြစ်ဖြစ်၊ ဦးနှောက်ထဲက သွေးခဲသွားအောင်ဖြစ်ဖြစ်၊ တခုခုလုပ်ပေးမလို့ လေ။ သြော် ဒီမှာ အကြာကြီး မနေပါဘူး။ ကိုယ်ဝန်ဖျက်ချတဲ့ မိန်းမတယောက်ဆီ သွားကြည့်ရဦးမယ်။ ပြီးရင် အိုမာဟာမြို့မှာ မီးခိုးငွေ့ရှူစရာ လေး လုပ်ဖို့ ရှိသေးတယ်။ ပြီးတော့ အသံလေးတသံ ထွက်လာတယ်။ တို က်ဂါးကို ချစ်တယ်။ တိုက်ဂါးကို ယုံတယ်။ အမြဲချစ်သွားမှာ။ ယုံသွားမှာ။ ငယ်ငယ်လေးပဲ ရှိသေးတာ။ အသည်းထဲမှာ အမြဲရှိနေတဲ့ အော့ဇ်က နီဘ ရားစကားက ဟိုအတုအယောင်ကောင်ပဲလေ။ ချစ်တယ်။ ကျွန်တော်တို့ သားအဖ အပျော်ခရီးထွက်တယ်။ ဘာလို့လဲဆိုတော့ အနှစ်သာရက စစ် မဟုတ်ဘူး၊ လိင်ကိစ္စလည်း မဟုတ်ဘူး။ ကြီးမြတ်ဆိုးသွမ်းတဲ့ အော့ဇ်ကို ဆန့်ကျင်တဲ့ ပွဲ။ ဖလော်ရီဒါရဲ့ တောက်ပတဲ့ ကောင်းကင်အောက်မှာ ဇုန် ကားအဖြူနဲ့ ကျွန်တော်တို့သားအဖ အပျော်ခရီးထွက်ကြတယ်။ အချက်ပြမီး နီကို ဖုံးထားပေမဲ့ လိုအပ်လာရင် ဖွင့်ပြပါတယ်။ ကျွန်တော်တို့ကလွဲပြီး ဘယ်သူကမှ သိစရာမှ မလိုတာ။ ဘာလို့လဲဆိုတော့ ယောကျ်ားတယောက်ရဲ့ စိတ်နှလုံးက ကျောက်ခဲထက် ပိုမာတယ်။ ဆို ပေမဲ့ သူပေါက်စေ ချင်တာ ပေါက်ခိုင်းလို့ ရတယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ သူပေါက်ချင်ရာ ပေါက်တာကို လက်ခံရမှာပဲလေ။

လူးဝစ်သည် ရောက်တတ်ရာရာ အိပ်မက်တဝက်၊ တွေးမိတွေးရာ စိတ်ကူးတဝက်နှင့် ဒုက္ခများရင်း အလွန်အမင်း ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်မက်ပင် မမက်နိုင်တော့ဘဲ လောကကြီးနှင့် အဆက်ပြတ်သွားလေ၏။

****

အရှေ့အရပ်ဆီက ရောင်နီပျို့လာခါနီးတွင်ပင် လှေကားသို့ တက်လာသည့် ခြေသံလေးများ ပေါ်လာသည်။ ခြေသံသည် နှေးကွေး၍ ယိုင်တိယိုင်တိုင် ဖြစ်နေသော်လည်း ဦးတည်ချက်ရှိသည်။ မှောင်ရိပ်ကျနေသော စင်္ကြံန် လျှောက်လမ်းတွင် ခြေသံရှင်၏ အရိပ် ရွေ့လျားလာပြီး အပုပ်နံ့တခု ပျံ့လွင့်လာ၏။ အိပ်မောကျနေသော လူးဝစ်ပင်လျှင် အီးအဲညည်းညူကာ ထိုအနံ့ မှ ဝေးရာသို့ တဖက်လှည့်၍ အိပ်သည်။ ထိုပုံရိပ်ရှင်ထံမှ အသက်ရှူနေ သလိုမျိုး လေအသွင်းအထုတ်တော့ ပုံမှန်ရှိနေ၏။

ပုံရိပ်သည် အိပ်ခန်းအဝတွင် မလှုပ်ရှားဘဲ ခဏလောက် မတ်တတ်ရပ်နေပြီးမှ ဝင်လာ၏။ လူးဝစ်မျက်နှာက ခေါင်းအုံးထဲ နစ်နေသည်။ အဖြူရောင် လက်နှစ်ဖက် လှမ်းလာပြီး ခုတင်ဘေးက ဆရာဝန်ဆေးအိတ်ဇစ်ကို ကလစ်ခနဲ ဆွဲဖွင့်သည်။ အိတ်ထဲကို မွှေနှောက်ရှာဖွေသဖြင့် အထဲက ပစ္စည်းကိရိယာ အချင်းချင်း ထိမိသံ ခပ်တိုးတိုး ထွက်လာသည်။ လက်နှစ် ဖက်က ထိုးဆေးပုလင်းများ၊ ဆေးထိုးအပ်များကို စိတ်မဝင်စားသည့်နှယ် ဘေးသို့ ဖယ်ထုတ်ပစ်လိုက်ပြီးနောက် ၄င်းရှာနေသည့်အရာကို တွေ့သွားသဖြင့် ဆွဲထုတ်ယူလိုက်ရာ မိုးမလင်းတလင်း အလင်းမှိန်မှိန် အောက်တွင် ငွေရောင်တချက် လက်သွားသည်။

ထို့နောက် အရိပ်ရှင် အခန်းထဲမှ ပြန်ထွက်သွားသည်။

****

တတိယပိုင်း

ကြီးမြတ်၍ ဆိုးသွမ်းသော အောင့်ဖ်

ယေရှုသည် အလွန်ညှိုးငယ်သော စိတ်ဖြင့် သင်္ချိုင်းတွင်းသို့ ရောက်တော်မူ၏။ လာဇရု၏ မြေပုံကား တွင်းတခုဖြစ်ပြီးလျှင် အဝကို ကျောက်တုံးဖြင့် ပိတ်ဆို့ထားလေ၏။ ယေရှုက "ကျောက်တုံးကို ရွှေ့လော့"ဟု မိန့်တော်မူ သောအခါ မာသက "သခင်၊ သူသေလွန်ပြီးသည်မှာ လေးရက်ပင် ရှိပြီ။ ယခုသော် အပုပ်နံ့တို့ စ၍ ထွက်နေပါလိမ့်မည်" ဟု လျှောက်၏။ ယေရှုက တခဏမျှကြာအောင် ဆုတောင်းပြီးသောအခါ လေသံကို မြှင့်၍ "လာဇရု၊ ထွက်၍ လာလော့" ဟု ဟစ်အော်၍ ခေါ်တော်မူ၏။ ထိုအခါ သေလွန်သော သူသည် ခြေလက်တို့၌ ပုဆိုးနံ့ငယ်နှင့် ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပဝါ နှင့် စည်းနှောင်လျက် ထွက်လာ၏။ ယေရှုက "သူ့ကို ဖြည်၍ လွှတ်လိုက်ကြ လော့" ဟု မိန့်တော်မူ၏။

ရှင်ယောဟန်ခရစ်ဝင် (အခန်းကြီး ၁၁၊ အခန်းငယ် ၃၈)

အဘွားကြီးက ဂယောင်ချောက်ချားဖြင့် "ကျွန်မတော့ ဒီလိုတွေးမိတယ်။ ဘာလို့များ အစောကတည်းက ဒါကို မတွေးမိပါလိမ့်။ ရှင်ကရော ဘာလို့ မတွေးမိရတာလဲ" ဟု ဆိုသောအခါ အဘိုးကြီးက "ဘာကို တွေးမိရမှာလဲကွ" ဟု ပြန်မေးလေ၏။

ထိုအခါ အဘွားကြီးက "ဆုတောင်းနှစ်ခု ကျန်သေးတာကိုလေ။ ကျွန်မတို့ တခုပဲ ဆုတောင်း ရသေးတာ" ဟု ခပ်သွက်သွက် ပြန်ဖြေ၏။

အဘိုးကြီးက "ဒီတခုနဲ့တင် မလုံလောက်သေးလို့လားကွာ" ဟု စိတ်ထိခိုက်စွာ ညည်းညူလိုက်ရာ အဘွားကြီးက အောင်နိုင်သူတို့လေသံမျိုးဖြင့် "မဟုတ်ဘူး။ ကျွန်မတို့မှာ တခုထက်မက ဆုတောင်းနိုင်တဲ့ အခွင့်အရေး ရှိတယ်လေ။ ကဲ အောက်ဆင်းပြီးသာ မျောက်လက်ကို မြန်မြန်သွားယူစမ်း ပါရှင်။ ကျွန်မတို့သားလေး တဖန်ပြန်ရှင်လာဖို့ ဆုတောင်းကြရအောင်ပါ" ဟု အော်ပြောလိုက်လေ၏။

ဒဗလျူဒဗလျူဂျက်ကော့ဘ်၏ "မျောက်လက်"ဝတ္ထုမှ

အခန်း (၅၈)

ဂျထ်သည် ရုတ်တရက် ဆတ်ခနဲ လန့်နိုးသွားသဖြင့် ထိုင်ခုံပေါ်မှ ပြုတ်ကျတော့မလို ဖြစ်သွား၏။ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားမိလဲ မသိ။ ၁၅ မိနစ်လည်း ဖြစ်နိုင်သလို ၃ နာရီလောက်လည်း ကြာသွားနိုင်၏။ လက်ပတ်နာရီကို ကြည့်လိုက်တော့ ၅ နာရီ ၅ မိနစ် ရှိပြီ။ စိတ်ထဲမှာ အခန်း ထဲက အရာအားလုံး အနေအထား ပြောင်းနေသလို ခံစားရ၏။ ကြာမြင့်စွာ ထိုင်လျက်သား အိပ်မိသောကြောင့် ကျောကုန်းတွေ နာနေ၏။

တော်တော်မိုက်တဲ့ အဘိုးကြီး၊ ခုတော့ ထိပြီ။

ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိ၏။ သို့သော် သူ့ကိုယ်သူ သိသည်။ သတိထားနေသည့်ကြားမှ သည်လိုအိပ်ပျော်သွားမိခြင်းက သူ့ပယောဂ ကြောင့် မဟုတ်။ အိပ်မွေ့ချခံရခြင်း ဖြစ်သည်။

ထိုအသိကြောင့် ထိတ်လန့်သွား၏။ သို့သော် ပို၍ထိတ်လန့်မိသည်က ဘယ်အရာက သူ့ကို နိုးသွားစေသလဲဟူသော မေးခွန်း။ အသံတခုခု ကြားရပြီး နိုးသွားသည်ဟု ထင်မိသဖြင့် ငြိမ်ငြိမ်ကလေး ထိုင်၍ နားထောင်နေ မိသည်။

အသံတခု။ သို့သော် ထိုအသံသည် သူ့ကို နိုးသွားစေသော အသံမဟုတ်၊ တခြားအသံ။ တံခါးပတ္တာဆီက ကျွီခနဲ မြည်သံ တိုးတိုးကလေး။

သူ့အိမ်ထဲမှာ ရှိတတ်သည့် အသံတိုင်းကို သူသိသည်။ ကြမ်းခင်းမြည်သံ၊ လေ့ကားထစ်က ပျဉ်ချပ်အသံ၊ လေတိုးသံ။ ဤအသံကိုလည်း တခြားအသံ များလိုပင် သူသိသည်။ ပေါ်တီကိုနှင့် ဧည့်ခန်း ဆက်ထားသော အိမ်ရှေ့ တံခါးမကြီးက ပွင့်လျက်သား။ ထိုတံခါးပွင့်သံကြောင့် သူနိုးလာသလားဟု ပြန်စဉ်းစားကြည့်၏။ ဖြည်းညင်းစွာ ပွင့်နေသည်။ တံခါးမကြီးနောက်က ခြင်လုံဇကာတံခါးက

"လူးဝစ်လား"

မဟုတ်မှန်းသိသိကြီးနှင့် သူခေါ်ကြည့်လိုက်သည်။ အပြင်မှာ လူးဝစ် ရှိမနေ။ ဧကန္တ သည်လောက် သတိရှိပါသည်ဆိုသော အဘိုးကြီးကို ပညာပေးရတော့မည်ဟု တခုခု ရောက်လာသည့်အလား။ ထိုစဉ် ဧည့်ခန်းဆီက ဖြည်းညင်းစွာ ရွေ့လျားသွားသော ခြေသံများကို ကြားလိုက်ရသည်။

"လူးဝစ်လား"

သူကြိုးစား၍ ခေါ်ကြည့်လိုက်ပြန်၏။ သို့သော် တိုးဖျော့သော ရင်ခေါင်းသံ တခု ထွက်ပေါ်လာသည်ကို ရှင်းရှင်းကြီး ကြားလိုက်ရသည်။ ညနက် သန်းခေါင် သူ့အိမ်ထဲ ဝင်ရောက်လာသည့် ထိုအရာ၏ အနံ့အသက်ကို လည်း သူရသွားပြီ။ ထိုအရာတွင် အောက်သိုးသိုးနှင့် ညစ်ပတ်နံဟောင်သော အနံ့ရှိသည်။

အမှောင်ထဲက မှုန်ရီဝိုးတဝါးအရိပ်များကို ဘာတွေမှန်း ခွဲခြားကြည့်လိုက်၏။ နော်မာ့သစ်သားဗီရိုကြီး၊ ဝေလနယ်လုပ် ပန်းကန်စင်၊ မတ်ရပ် အဝတ်ဗီရို၊ သို့သော် သဲသဲကွဲကွဲ အသေးစိတ်တော့ မမြင်ရ။

သူကြိုးစား၍ မတ်တတ်ရပ်ကာ သောက်ရေရှိရာ ထသွား၏။ သည့်ထက် ပိုအချိန်ယူရမှ ရမည်ဟု စိတ်ထဲမှာ သတိပေးနေ၏။ ဤအရာနှင့် မျက်နှာချင်းဆိုင် ထပ်ရင်ဆိုင်ဖို့ အချိန်ဒီထက်ပိုလိုအပ်သည်။ တင်မီဘတ်တာမန်း ဆိုးသွမ်းတုန်းက ဂျထ်လည်း ငယ်ရွယ်တုန်းမို့သာ။

ဆုံလည်တံခါး ပွင့်သွားပြီး အရိပ်တွေ ဝင်လာ၏။ အရိပ်တခုက အခြား အရိပ်များက ပို၍ ထင်းနေသည်။

ဘုရားရေ...၊ အဲဒီအနံ့ပါပဲလား။

အမှောင်ထဲမှာ လျှောက်လှမ်းလာသည့် ခြေသံများကို ကြားရသည်။

သူလည်း မတ်တတ်ကောင်းကောင်း ရပ်နိုင်သွားသည်။ မျက်လုံးထောင့်က ဂျင် ဘင်းန်တံဆိပ် ပြာခွက်ထဲမှာ စီးကရက်တွေ သပ်သပ်ရပ်ရပ် စီထားတာကို မြင်ရ၏။

“ဂွေဂျ်လား။ ဂွေဂျ်...၊ မင်း..”

ညောင်ခနဲ ပုန်းလျှိုးကွယ်လျှိုး အော်လိုက်သော ကြောင်သံတခု ထွက် လာ၏။ ထိုခဏ၌ အရိုးထဲထိ အေးစက်သွားသလို ခံစားရ၏။ ထိုအရာသည် မြေပုံက ပြန်ထလာသော လူးဝစ်၏ သားလေး မဟုတ်သလို တခြား မကောင်းဆိုးဝါးတကောင်ကောင်လည်း မဟုတ်။ ချာ့ပဲ ဖြစ်သည်။

ချာ့သည် ညှော့ခန်းလျှောက်လမ်းမှာ တညောင်ညောင် အော်နေ၏။ ကြောင်မျက်လုံးများက မီးအိမ်ဟောင်းတွေ လင်းနေသလိုမျိုး လက်နေ၏။ ထို့နောက် ကြောင်မျက်လုံးများသည် ချာ့နှင့်အတူ ဝင်ရောက်လာခဲ့သော တစုံတရာ ရှိနေသည့်နေရာဆီ ရွေ့လျားသွား၏။

ဂျထ်သည် ပြန့်ကျဲသွားသော အတွေးစများကို ပြန်စုစည်းဖို့ ကြိုးစားရင်း ခုနက အနံ့ဆိုး ဘယ်က ထွက်လာသလဲဟု လိုက်စဉ်းစားကြည့်၏။

အေးလိုက်တာ၊ ထိုအရာက အအေးဓာတ်ကိုပါ ဆောင်ယူခဲ့တာပါလား။

ခြေထောက်တွေ ယိမ်းယိုင်လာသဖြင့် ကြည့်လိုက်တော့ ခြေထောက် ကြားမှာ တညောင်ညောင် အော်၍ လာတိုးဝှေ့နေသော ချာ့ကို တွေ့ရ၏။ ဂျထ်က ချာ့ကို ကန်ထုတ်ပစ်လိုက်တော့ သူ့ကို သွားဖြဲ၍ ဠီးခနဲ မာန်ဖီ၏။

စဉ်းစားစမ်း၊ အဘိုးကြီး။ အရမ်းကြီး နောက်မကျလောက်သေးပါဘူး။ ဒင်း ပြန်လာနိုင်ရင်တောင် နောက်မကျလောက်သေးပါဘူး။ မင်းသာ လုပ်နိုင် ခဲ့ရင်...၊ နောက်တခါ သတ်ပစ်နိုင်ခဲ့ရင်...။

သူ မီးဖိုချောင်ဘက် ပြန်လှည့်ရင်း ရုတ်တရက် လက်ဆေးကန်ဘေးက ပန်းကန်ခွက်ယောက် ထည့်သည့် အံဆွဲကို သတိရသွား၏။ ထိုအံဆွဲထဲမှာ အသားခုတ်သည့် ဓားမကြီးတချောင်း ရှိသည်။

ပိန်လှီသော ခြေထောက်များက မီးဖိုချောင် ဆုံလည်တံခါးကို တိုက်မိ သွား၏။ သူက တွန်းဖွင့်၍ ဝင်လိုက်သည်။ သူ့အိမ်ထဲ ဝင်လာသောအရာက အခုထိ ကိုယ်ထင်မပြသေး။ သို့သော် ယင်းအသက်ရှူနေသံ ကို ဂျထ် ကြားရသည်။

ဖြူဆုတ်နေသော လက်တဖက် ရှေ့တိုးနောက်ငင် ရွေ့လျားသွား သည်ကို သူမြင်လိုက်ရသည်။ ထိုလက်ထဲမှာ တခုခု ရှိ၏။ သို့သော် ဘာ မှန်း မစဉ်းစားအားသေး။

ဆိုလည်တံခါးပွင့်သွားသည်နှင့် မီးဖိုချောင်ထဲက အံဆွဲဆီ ပြေးသည်။ အံဆွဲကို ဆွဲဖွင့်လိုက်တော့ ဟောင်းနွမ်းသော သစ်မာသားလက်ကိုင်နှင့် ဓားမကြီးကို တွေ့ရ၏။ ဓားမကြီးကို ကောက်ကိုင်ကာ တံခါးဆီ ပြန်လှည့်၍ တလှမ်း၊ နှစ်လှမ်း လှမ်းမိတော့ အားပြန်တက်လာ၏။

မြဲမြဲမှတ်ထား၊ အဲဒါ ကလေးမဟုတ်ဘူး။ သူဘာကောင်လဲ မင်းသိနေမှန်း သိသွားရင် အော်ရင် အော်၊ မဟုတ်လည်း တခုခုတော့ လုပ်မှာပဲ။ ကလေး လို ငိုရင်လည်း ငိုပြလိမ့်မယ်။ အရှုံးလုပ်မခံနဲ့။ ကြိမ်ဖန်များစွာ အရှုံးလုပ်ခံရ ပြီးပြီ အဘိုးကြီး။ ဒါ မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲ။

ဆိုလည်တံခါး ထပ်ပွင့်သွားတော့ ပထမဆုံး ဝင်လာသည်က ကြောင်ပဲ ဖြစ်သည်။ ဂျထ်က ကြောင်ကို ခဏလိုက်ကြည့်ပြီး တံခါးဆီ ပြန်မော့ကြည့်၏။

မီးဖိုချောင်က အရှေ့အရပ်ကို မျက်နှာမူထားသဖြင့် အရုဏ်တက်ခါစ အလင်းရောင်က ပြတင်းပေါက်က ဝင်လာလေပြီ။ အလင်းရောင်က ဖျော့တော့ ဖြူဝါးနေ၏။ သို့သော် မျက်စိနှင့် သဲသဲကွဲကွဲ မြင်ရအောင်တော့ လုံလောက်သည်။ သိပ်ကို လုံလောက်သည်။

မြေချတုန်းက ဝတ်စုံနှင့်ပင် ဂေ့ဂျ်ခရိဒ် ဝင်လာသည်။ ပခုံးနှင့် ကော်လာ ပေါ်မှာ ရေညှိတွေ တက်နေ၏။ အဖြူရောင် ရှပ်အင်္ကျီပေါ် ရေညှိတွေ တက်နေပုံက ရွံ့စရာ ကောင်းလှ၏။ ရွှေရောင် ဆံပင်ထူထူမှာ သဲတွေ အခဲလိုက် ကပ်နေ၏။ နံရံဘက်ကို စောင်းနေသော မျက်လုံးတဖက်က အသက်မပါသော်လည်း တခြားမျက်လုံးတဖက်က ဂျထ်ကို သေချာစိုက် ကြည့်နေ၏။ ပြီးတော့ နှုတ်ခမ်းတဖက် တွန့်ကွေး၍ ပြုံးပြသည်။

"ဟဲလို ဂျထ်"

ဂေ့ဂျ်အသံက ကလေးသံ ပေါက်နေသော်လည်း ပီပီသသ ထွက်လာ၏။

"အိုမင်းပြီး ညစ်ပတ်နံစော်နေတဲ့ မင်းရဲ့ အသက်ဝိညာဉ်ကို ငရဲပို့ဖို့ ငါ ရောက်လာခဲ့တာ။ မင်းက ငါ့ကို တပတ်ရိုက်သွားတာကိုး။ အနေးနဲ့ အမြန် မင်းဆီ ပြန်လာပြီး ဆော်မှာကိုတော့ မတွေးမိဘူးမဟုတ်လား"

ဂျထ်က ဓားမကြီးကို မြှောက်ကာ

"ဇရှိရင် လာလိုက်စမ်းပါ။ မင်းဘာသာ ဘာကောင်ကြီး ဖြစ်နေနေ။ ဘယ်သူက ဘယ်သူ့ကို ဆော်မှာလဲ ကြည့်ရသေးတာပေါ့"

"နော်မာ သေရှာပြီဆိုတော့ မင်းသေရင် ငိုဖို့ ဘယ်သူမှ မရှိတော့ဘူးကွ။ အဲ့ကောင်မ ဖာဆန်ချက်ကတော့ကွာ။ သူက မင်းသူငယ်ချင်းတွေအကုန်လုံး နဲ့ လိုက်ခံခဲ့တာကိုးကွ။ သူအကြိုက်ဆုံးက နောက်ပေါက် အဖွင့်ခံရတာ 62 အခုတော့ ငရဲမှာ အဆစ်အမြစ်ရောင်ဝေဒနာ ခံစားနေရင်း မီးလောင်တိုက် သွင်းခံနေရပြီ။ ငါ

သူ့ကို ငရဲမှာ တွေ့ခဲ့တယ်ကွ သိလား”

ထိုအရာက သူ့ဆီ ခြေနှစ်လှမ်းလောက် လှမ်းလာရာ ဖယောင်းပုဆိုး ခင်းထားသော ကြမ်းပြင် အပေါင်းမှာ ရွှံ့စက်များနှင့် ခြေရာတွေ ထင်ကျန် ခဲ့၏။ လက်ဆွဲ နှုတ်ဆက်တော့မည့်အလား သူ့ဆီ လက်တဖက် ကမ်းလာ သော်လည်း ကျန်လက်တဖက်က နောက်ကျောမှာ လိမ်၍ ကပ်ကျန်နေခဲ့သည်။

“ဒီမယ် ဂျထ်ရဲ့”

၎င်း၏ အသံက တိုးတိုးသက်သာသာ ထွက်လာသော်လည်း ပါးစပ်က ဟောင်းလောင်း ပွင့်သွားသဖြင့် ကလေးသွားလေးများ ပေါ်လာ၏။ အသံ သာ ထွက်လာသော်လည်း နှုတ်ခမ်းကတော့ လှုပ်ရှားခြင်း မရှိ။ ပြီးတော့ နော်မဲ့အသံ ဖြစ်နေ၏။

“ကျွန်မက ရှင့်ကို လျှောင်နေတာ။ ရှင့်နောက်ကွယ်မှာ အားလုံးရယ်နေကြတာ။ အားလုံးက ရယ်နေတာ”

“တော်စမ်း”

ခေါမကြီး ကိုင်ထားသော လက်က တဆတ်ဆတ် တုန်ယင်လာ၏။

“ကျွန်မတို့ အိပ်ရာထဲမှာ လုပ်ကြတယ်။ ဟာ့ခ်နဲ့လည်း ဖြစ်တယ်။ ဂျော့နဲ့လည်း ဖြစ်တယ်။ သူတို့အားလုံးနဲ့ ဖြစ်တာ။ ရှင်သွားချတဲ့ ဖာတွေကို ကျွန်မ သိတာပေါ့။ ဒါပေမဲ့ ရှင်ကိုယ်တိုင် ဖာသည်မနဲ့ ညားနေတာကိုတော့ လုံးဝမ သိခဲ့ဘူးလေ။ ဘယ်လောက် ရယ်စရာ ကောင်းလိုက်သလဲ ဂျထ်ရယ်။ ဟား ဟားဟား”

“တော်တော့လို့ ပြောနေတယ်”

ဂျထ်က စူးရှကျယ်လောင်စွာ အော်ထည့်လိုက်ရင်း ညစ်ပတ်ပေရေနေသော အသုဘဝတ်စုံလေးနှင့် ပုံရိပ်ဆီ ခုန်အုပ်လိုက်၏။ ထိုအခိုက် အသား ငါးခုတ်သည့် ခုံအောက်မှာ ဝပ်နေသော ကြောင်က ဦးခနဲ မာန်ဖီကာ အ မှောင်ထဲမှ မြားတစင်း ပစ်လွှတ်လိုက်သလို ဝုန်းခနဲ ခုန်ထွက်လာသဖြင့် ဂျထ်တယောက် ဟန်ချက်ပျက်၍ လဲကျသွားလေ၏။

သူ့လက်ထဲက ခေါမကြီးလည်း လွတ်ကျသွားသည်။ ခေါမကြီးသည် ချွင် ခနဲ လည်ထွက်သွားပြီး ဖယောင်း ကြမ်းခင်းအတိုင်း အဝေးသို့ လျှောတိုက် လွင့်စင်ကာ ရေခဲသေတ္တာအောက် ရောက်သွား၏။

သူ နောက်တကြိမ် အရူးလုပ် ခံလိုက်ရပြီမှန်း သဘောပေါက်သွားသည်။ ဒါ နောက်ဆုံးအကြိမ် ဖြစ်ပါစေတော့ဟု ကိုယ့်ကိုယ်ကိုယ် အားပေးနှစ်သိမ့် လိုက်မိ၏။ ကြောင်က သူ့ခြေထောက်ပေါ် တက်လာကာ ပါးစပ်ဖြဲ၍ တဦး ဦးနှင့် ရေငွေ့အိုး ဆူသလို မာန်ဖီနေ၏။

ဂေ့ဂျ်က ပျော့ရွှင် ကျေနပ်သွားသလိုမျိုး စပ်ဖြဲဖြဲ လုပ်ရင်း ကျောနောက်မှာ ဝှက်ထားသော လက်ကို ထုတ်လိုက်၏။ ခုနက မီးဖိုချောင်ထဲ ဝင်လာစဉ် ဖျတ်ခနဲ မြင်လိုက်ရသောအရာကို ဂျထ် သိသွားသည်။ ယင်းမှာ လူးဝစ်၏ သားရေအိတ်ထဲက

ခွဲစိတ်ဓားပါးကလေး ဖြစ်၏။

"ဘုရားသခင် ကယ်တော်မူပါ"

ဂျထ်သည် သူ့အပေါ် အပြုံးကြီးစွာ ကျရောက်လာသော ဂေ့ဂျ်၏ ခွဲစိတ်ဓားပါးကလေးကို လက်နှစ်ဖက်မြှောက်၍ ကာလိုက်ရာ လက်ဖဝါးကို ထုတ်ချင်းဖောက် စိုက်ဝင်သွားသဖြင့် နီရဲပူနွေးသော သွေးစက်များ မျက်နှာ ပေါ် ကျလာ၏။

"ငါ မင်းကို ဆော်ပြီနော် အဘိုးကြီး"

မျက်နှာနား ကပ်အော်လိုက်သည့် ဂေ့ဂျ်နှင့်တူသော ထိုအရာ၏ ဝင်သက်ထွက်သက်ကို သူရသည်။ အသည်းခိုက်အောင် နာကျင်လှသောကြောင့် လက်နှစ်ဖက်ကို ရမ်းထုတ်လိုက်ရာ လက်ဖဝါးမှ အရေပြားတို့ စုတ်ပြတ် ကုန်၏။ ခွဲစိတ်ဓားက သူ့လက်ဖဝါးမှ ထွက်သွားပြီး ထိုအရာ၏

"ဆော်ပြီနော်။ မှတ်ပြီလား၊ ကဲ" ဆိုသော အသံကို ကြားလိုက်ရ၏။ ထို့နောက် ခွဲစိတ်ဓားက အောက်သို့ တရှိန်ထိုး ကျလာပြန်သည်။ တကြိမ်ပြီး တကြိမ်။

*****

အခန်း (၅၉)

ရေချယ်ငှားလာသော ကားကို မောင်းလာသည့် ကုန်တင်ကားမောင်းသမားက အင်ဂျင်ဖုံးဖွင့်ကာ စစ်ဆေးကြည့်ပြီးနောက်

"နှိုးကြည့်ပါဦး အစ်မ" ဟု ဆိုသည်။

ကားသော့ကို လှည့်ဖွင့်၍ စက်နှိုးကြည့်တော့ ဝေါခနဲ နိုးသွား၏။ ကားသမားက ရှေ့ဖုံးကို အုံးခနဲ ပိတ်ချကာ အပြာရောင် လက်ကိုင်ပဝါကြီး တထည်နှင့် လက်သုတ်ရင်း ပြန်ရောက်လာသည်။ နီမြန်းနေသော ထိုသူ့ မျက်နှာက သဘောကောင်းသည့်ဟန် ပေါက်သည်။ ခေါင်းမှာတော့ ကက် ဦးထုပ်ကို နောက်ပြန်ဆောင်းထား၏။ ရေချယ်ခမျာ မျက်ရည်များ ဝဲတက် လာပြီး

"ကျေးဇူးအများကြီး တင်ပါတယ်ရှင်။ ကျွန်မလေ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး" ဟု ဆို၏။

"ဩော်၊ ဒါလေးများ ကလေးတောင် ပြင်တတ်ပါတယ်ဗျာ။ ကားအသစ်ကြီးကို ဒီလိုဖြစ်တာတော့ တခါမှ မတွေ့ဖူးဘူး"

"ဘာလို့လဲဟင်၊ အဲဒါ ဘာကို ပြောတာလဲ"

"ဘက်ထရီတလုံး ကြိုးပြုတ် သွားတာလေ။ ဘယ်သူမှတော့ လာကလိမ သွားဘူးမဟုတ်လား"

"ဟင့်အင်း"

ရေချယ်က မေးရင်းမှ ရာဘာကြိုးနှင့် ဖြတ်အရိုက် ခံလိုက်ရသလို ခံစားမှုကို ပြန်သတိရသွား၏။

"ဒါဆို ကျွန်တော့်စိတ်ထင် စီးနေရင်း ပြုတ်သွားတာ ဖြစ်ရမယ်။ အခုတော့ စိတ်ပူစရာ မလိုတော့ပါဘူး။ ကျွန်တော် သေသေချာချာ ပြန်ချည်ပေး ထားတယ်"

"ကျွန်မ ပိုက်ဆံလေး ဘာလေးများ ပေးလို့ ရမလားရှင်"

ကားသမားက တဟားဟား ထရယ်ကာ

"မလိုပါဘူးဗျာ။ ခင်ဗျားတို့က လမ်းသူရဲတွေပါ"

ရေချယ်က ပြုံးကာ

"ဩော် ဟုတ်ပါပြီ။ ကျေးဇူးနော်"

"ရပါတယ်"

အားရပါးရ ပြုံးနေသော ထိုသူ့မျက်နှာက နေပင် မပွင့်သေးသော မနက်ခင်းနှင့် မလိုက်ဖက်လှချေ။ ရေချယ်က ပြန်ပြုံးပြကာ လမ်းမအတိုင်း ဂရုတစိုက် ဆက်မောင်းလာလိုက်သည်။

လမ်းကြောနှစ်ခုလုံးကို မျက်စိရှင်ရှင် ထား၍ ကြည့်နေရာ ငါးမိနစ်မျှကြာသောအခါ မြောက်ဘက်ကို ဦးတည်သွားသော ကွေ့ကြောတခုကို ထပ်မြင်လိုက်ရ၏။ ကော်ဖီအစွမ်းက သူမမျှော်လင့်ထားသည်ထက် ပို အထောက်အကူရနေသည်။ သူမမျက်လုံးသည် တံခါး လက်ကိုင်ဘု လောက်ကို ပြူးကျယ်နေပြီး အနည်းငယ်မျှပင် အိပ်ငိုက်မသွားသလို သူမကို တစုံတရာက

ကြိုးကိုင်ခြယ်လှယ်နေသလိုလည်း ခံစားရ၏။

ဘက်ထရီကြိုးသည် ဒီလိုပဲ အကြောင်းမဲ့ ပြုတ်ထွက်တတ်သလား။ သည်တခါတော့ ခရီးကြန့်ကြာမနေအောင် ကောင်းကောင်း ကိုင်တွယ်နိုင် လောက်ပါရဲ့။ ဘာအတွက် ခရီးကြန့်ကြာနေရမှာလဲ။ မဖြစ်သင့်တာ မဖြစ်ရအောင်ပေါ့။ ဘာကို မဖြစ်သင့်တာလဲ၊ ရှုံးလိုက်တာ ငါ့နှယ်။

ရေချယ် ကယောင်ချောက်ချား ထရယ်မိသည်။ ထို့နောက် ရေချယ်က ချက်ဇက်ကားလေးကို အရှိန်မြှင့်လိုက်၏။

ဂျထ်တယောက် လူးဝစ်၏ ခွဲစိတ်ခေးဒဏ်ကို အလူးအလဲ ခံနေရချိန်၊ အိပ်ရာထဲ ရောက်နေသော အယ်လီလည်း အိပ်မပျော်ဘဲ သေချာမမှတ်မိသော အိပ်မက်ဆိုးကြောင့် အထိတ်တလန့် ထအော်နေရချိန်တွင် ရေချယ် ကတော့ လမ်းတံတားဖြတ်သန်းခ ကောက်ခံသည့် နေရာကို ကျော်၍ သား ဖြစ်သူ မြှုပ်နှံထားသော သင်္ချိုင်းကုန်းအနီးက ဟန်မွှန်းဖြတ်လမ်းကို ဖြတ်သန်းကာ ဘန်ဂါဘရူးဝါးတံတားပေါ်မှ မောင်းနှင်လာရာ ၅ နာရီ ၁၅ မိနစ်တွင် လဒ်လိုမြို့ကို ဦးတည်သွားသော အမှတ် ၁၅ လမ်းမကြီးပေါ် ရောက်လာ၏။

ရေချယ်က ဂျထ်ဆီ အရင်ဝင်ရန် ဆုံးဖြတ်လိုက်သည်။ လမ်းမှာ ဆီးဇစ် ကားတစီးတလေမှ မတွေ့ရသဖြင့် တိတ်ဆိတ်ငြိမ်သက်သော အသွင်ဖြင့် အိပ်မောကျနေသော နေအိမ်က ကားရုံထဲမှာပဲ ရှိနေလိမ့်မည်ဟု ထင်သည်။ လူးဝစ်တယောက် အိမ်မှာပဲ ရှိနေမှာ မဟုတ်မှန်းတော့ စိတ်ထဲက အလိုလို သိနေ၏။

*****

ရေချယ်က စီးလာသော ချက်ဇက်ကားကို ဂျထ်၏ ပစ်ကပ်ကား နောက်တွင် ရပ်ကာ ဘေးဘီဝဲယာကို ဂရုတစိုက် ကြည့်ရင်း ကားထဲမှ ထွက်လိုက်သည်။ မြံဝင်းထဲက မြက်ခင်းပြင်မှာ တွဲလွဲခိုနေသော နှင်းစက် တို့က ကြည့်စင်ရှင်းသန့်နေသဖြင့် ထွက်ပြူစ အလင်းရောင် အောက်မှာ တ လက်လက် တောက်နေ၏။ တနေရာမှာ တေးသီနေသော ငှက်တကောင်၏ အသံထွက်လာပြီး ချက်ချင်း တိတ်သွားသည်။

ငယ်ရွယ်စဉ်ကာလ မြီးကောင်ပေါက်ဘဝက အရုဏ်တက်ချိန် အိပ်ရာမှ ဘာအကြောင်းရင်း မည်မည်ရရမှ မရှိဘဲ နိုးလာသည့်အခိုက်များဝယ် တလောကလုံး ကိုယ်တယောက်တည်း ရှိနေသကဲ့သို့ ဘဝအသစ်တခု ကို ရောက်နေသလို ခံစားရသော်လည်း အခုတော့ တလောကလုံး ကြည်လင် ရှင်းသန့်နေသည်ဟု လုံးဝ မခံစားရ။ ပြီးခဲ့သည့် ၂၄ နာရီလုံးလုံး ကိုယ်စိတ်နှလုံးကို ဖိစီးနေသည့် စိုးရိမ်သောကလည်း ပျောက်မသွားသေး သဖြင့် စိတ်မအေးနိုင်သလို မကြာမီ ဘဝတပါးသို့ ပြောင်းရွှေ့ရမည် ကို လည်း ယောင်လို့မျှပင် စိတ်မကူးမိချေ။

အိမ်ရှေ့လှေကားထစ်ပေါ် တလှမ်းချင်း တက်လာပြီး ခြင်လဆန်ခါတံခါး နှင့် တံခါးမကြီးကို ဖွင့်၍ ပေါ်တီကိုအောက် ဝင်လိုက်သည်။ ပထမဆုံး အကြိမ် သည်အိမ်ကို ဝင်လာစဉ်က တံခါးနှင့် တိုက်၍ မြည်သွားသော ခေါင်းလောင်းသံမှာ

ထိုစဉ်က သူမကို `ညှို့ယူဖမ်းစားနိုင်ခဲ့သော်လည်း အခုတော့ နေရာမှား၍ ရောက်လာသော ကျယ်လောင်သည့် ဂီတသံတခု အဖြစ်သာ ထင်မှတ်မိလေ၏။

ပေါ်တီကိုကြမ်းပြင်ကို တချက်လှမ်းကြည့်တော့ ကြမ်းခင်းမှာ ရွှံ့စက်တွေနှင့် သွားထားသည့် အလွန်တရာ သေးငယ်သော ခြေရာများကို တွေ့လိုက်ရသဖြင့် မျက်မှောင်ကြုတ်လိုက်မိသည်။ ဟိုသည်လျှောက်ကြည့်တော့ ကလေးငယ်တဦး၏ ခြေရာဖြစ်ပုံရသော လမ်းကြောင်းက ခြင်လုံးဆန်ခါ ကာတံခါးက ဝင်ရောက်လာမှန်း သိသွား၏။ သို့သော် ညဘက် ကား တောက်လျှောက် မောင်းလာသည့် တလမ်းလုံး မိုးမရွာချေ။ လေတိုက် သော်လည်း မိုးမရွာခဲ့။

ထင်ကျန်ရစ်သော ခြေရာများကို အကြာကြီး ငေးကြည့်နေမိသည်။ အကြာကြီးမှ အကြာကြီး။ ပြီးမှ လူခေါ်ခေါင်းလောင်း တီးမှဟု တွေးကာလက်မြှောက်လိုက်သည်။ သို့သော် ပင့်သက်တချက် ရှိုက်ပြီး ပြန်ချမိ၏။

ငါကိုက အသံတခုခု ကြားချင်နေတာ နေမှာပါ။ တိတ်ဆိတ် လွန်းနေ ဘာကို မသိုးမသန့် ခံစားနေရလို့ ဖြစ်မယ်။ သူ အိပ်ပျော်နေရင် နှိုးလိုက် သလို ဖြစ်သွားပါဦးမယ်လေ။

တကယ်တော့ သူမစိုးရိမ်မကင်း ဖြစ်နေသည်က ဒါကြောင့်မဟုတ်။ စိတ်ထဲမှာ စနိုးစနောင့်နှင့် အထိတ်တလန့် ဖြစ်နေသောကြောင့်ပင်။ ခြေရာ လေးများကို မြင်လိုက်ကတည်းက နိုးနိုးကြားကြား ဖြစ်နေသလိုမျိုး မသိစိတ်က ခံစားရသော်လည်း မသဲကွဲဘဲ ဘာမှန်းမသိသော တခြားအရာ တခုခုကို ကြောက်ရွံ့နေမိသည်။ ထိုခြေရာ အရွယ်အစားလေးများသည် “သားလေး၏ ခြေရာများ”ဟု မတွေးမိဖို့ စိတ်ထဲမှာ တခုခုက ပိတ်ဆို့ တားဆီးထား၏။

ဂေ့ဂျ်ရဲ့ ခြေရာလေးတွေလား။ အို မဟုတ်ဘူး၊ မဖြစ်နိုင်တာ။ အဲဒီလို မတွေးနဲ့။

ရေချယ် ဆတ်ခနဲ ဘဲလ်ကို လှမ်းတီးလိုက်သည်။

ခေါင်းလောင်း မြည်သံသည် သာယာနာပျော်ဖွယ် မရှိသလို တိတ်ဆိတ်မှု ကို အော်ဟစ် ဖြိုခွဲလိုက်သည့်နှယ် ထင်ထားသည်ထက် ပို၍ စူးရှကျယ် လောင်၏။ ထိုအသံကြောင့် သူမဘာသာပင် လန့်ဖျပ်၍ ရယ်ရမလို ငိုရမလို ဖြစ်သွား၏။ ဂျထ်တယောက် အိမ်ပေါ်ထပ်မှ ဆင်းလာမည့် ခြေသံကို နား စွင့်နေသော်လည်း မကြားရဘဲ ပြန်၍သာ တိတ်ဆိတ်သွားသည်။ ပိုတောင် တိတ်ဆိတ် ငြိမ်သက်သွားသလိုလို။ ဤအခြေအနေကို မသင်္ကာစရာ ကောင်းသည်ဟု စိတ်ထဲမှာ သံသယဝင်လုလု အချိန်မှာပင် မျှော်လင့်မထား သော ဘာမှန်းမသိသည့် အသံတသံ တံခါးနောက်မှ ထွက်လာ၏။

“ဝု…၊ဝု…၊ဝူး…”

ရေချယ် ဇဝေဇဝါ ဖြစ်သွားကာ အထိတ်ထိတ် အလန့်လန့်နှင့်

“ချာ့လား”

တံခါးအောက်ကို ကုန်းကြည့်လိုက်တော့လည်း ကြောင်ဝင်ပေါက် မရှိဘဲ

နော်မဲ့လက်ရာ လိုက်ကာစ အဖြူနှင့် ကာထားသည့် မှန်တံခါးချပ်သာ တွေ့ရသဖြင့် ဒီက ထွက်လာတာလည်း မဟုတ်လောက်ပါဘူးဟု တွေးမိသည်။

"ချာ့...၊ နင်ရောက်နေတာလား"

"ဝူး..."

တံခါးကို တွန်းကြည့်တော့ သော့ဖွင့်ထားတာ တွေ့ရ၏။ အိမ်ထဲမှာတော့ ချာ့က လျှောက်လမ်းမပေါ်မှာ အမြီးခွေ၍ ငုတ်တုတ်ထိုင်နေသည်။ ကြောင်အမွေးတွေမှာ မည်းညစ်သော အဖတ်အလိပ်များ ကပ်ညိနေသည်ကို တွေ့ ရသဖြင့် ရွံ့တွေ ဖြစ်မည်ဟု ထင်လိုက်သည်။ သို့သော် ကြောင်နှုတ်ခမ်းမွေး တွေမှာ နီရဲသော အရည်စက်တချို့ ပေနေ၏။

ချာ့သည် ရေချယ့်ကို ကြည့်နေရာမှ မျက်လုံးမခွာဘဲ ရှေ့ခြေတချောင်းကို မြှောက်၍ လျှာဖြင့် လျက်သည်။

ထိုအခါမှ အလန့်တကြား ဖြစ်သွားသော ရေချယ်က အိမ်ထဲကို လှမ်းဝင်ကာ

"ဂျထ်ရေ.." ဟု အော်ခေါ်လိုက်၏။

သို့သော် တအိမ်လုံး တိတ်ဆိတ်ငြိမ်သက်ခြင်းမှ လွဲ၍ ပြန်ဖြေသံ မကြား ရ။

ထိုခဏ၌ ရေချယ့်စိတ်တို့ . နောက်ကျိမှုန်ဝါးလျက် ဖဲလ်ဒါလက်များ ကွေးကောက်နေပုံ၊ နံရံနှင့် ခေါင်းနှင့် ဒေါသတကြီး ဆောင့်နေပုံ၊နံရံ ပေါက်ပြဲ၍ ပလာစတာများ ကွာကျလာပုံ စသည့်ပုံရိပ်များ မျက်လုံးထဲ တဖျပ်ဖျပ် မြင်ယောင်လာ၏။ ကလေးတုန်းကတော့ အဝတ်ဗီရိုတံခါး ပွင့်လာ ကာ အထဲမှ မည်းနက်ရှုံ့တွနေသော မျက်နှာကြီးနှင့် ဖဲလ်ဒါ ထွက်လာပုံ၊ ရေချိုးဇလုံထဲ မြုပ်အောင် စိမ်နေသည့် သူမကို ဖဲလ်ဒါက အပြင်မှ မျက်လုံး စိမ်းကြီးများနှင့် စိုက်ကြည့်နေပုံ၊ မြေအောက်ခန်းရှိ မီးပြင်းဖိုနောက်မှာ ဝပ်၍ ချောင်းမြောင်းနေပုံ စသည်တို့ကို ခဏခဏ ခြောက်အိပ် မက်မက် ဖူးသည်။ သို့သော် ဒီအချိန်မှာ ဖဲလ်ဒါ့အကြောင်း တွေးနေဖို့ အချိန်မရှိ။ ဂျထ် တယောက် ဘာများ ဖြစ်နေပြီလဲ မသိ။ အဘိုးကြီးဆိုတော့ ချော်တွေဘာ တွေများ လဲပြုနေသလား။

"ဝေါင်း..."

ထိုအခိုက် ချာ့က ဦးခနဲ အစွယ်ကို ဖြီး၍ မာန်ဖီလိုက်ပြန်၏။

လူးဝစ်ပြောတာ မှန်သည်။ ချာ့ကို သင်းမကွပ်ခဲ့သင့်။

သင်းကွပ်ပြီး ကတည်းက ဒင်းပုံမှန်မဟုတ်တော့။ သင်းကွပ်လိုက်လျှင် မုန်ယိုစိတ်၊ ရန်လို စိတ်တွေဘာတွေ ပျောက်သွားတတ်သည် ဆိုတာ မှားသည်။ ချာ့သည် အခု ထိ အမဲလိုက်ချင်နေဆဲ။

"ဝေါင်း..."

ချာ့က နောက်တခါ ထပ်အော်ကာ လှေကားပေါ် လှစ်ခနဲ ပြေးတက်သွား၏။

"ဂျထ်..။ အပေါ်မှာလား"

"ဝေါင်း..."

ချာ့က သူမမေးခွန်းကို အတည်ပြုသည့်နှယ် လှေကားထိပ်မှ အော်ပြီး စင်္ကြံလမ်းအတိုင်း လှည့်ထွက်ပျောက်ကွယ်သွားသည်။

နေပါဦး၊ ချာ့က ဘယ်လိုလုပ် အိမ်ထဲ ရောက်နေပါလိမ့်။

ဂျထ်ပဲ သွင်းထားတာလား။ ဘာကြောင့်ပါလိမ့်။

ရေချယ်က လှည့်ထွက်ရတော့မလို၊ ဆက်သွားရတော့မလို ဘာလုပ်ရမှန်း မသိဖြစ်နေသည်။ အဆိုးဆုံးက စိတ်ထဲ၌ တစုံတရာက သူမကို ဤ နေရာအထိ ရောက်အောင် တမင်စီမံခေါ်ဆောင်ခဲ့သလို ခံစားရခြင်းပင်။ ပြီးတော့...။

ပြီးတော့ အပေါ်ထပ်မှ ဂျထ်၏ နာကျင်မှုကြောင့် ညည်းနေသလိုမျိုး တ အင်းအင်းနှင့် အသံတိုးတိုးကို ကြားရသည်။

ဂျထ်အသံမှန်း သေချာပါတယ်။ ရေချိုးခန်းထဲမှား ချော်ချက်လဲပြီး ခြေကျိုးနေသလား၊ တင်ပါးဆုံရိုးတွေဘာတွေများ ကျိုးသွားလို့လား။ အသက်ကြီးပြီဆိုတော့ အရိုးအဆစ်တွေက ကြွပ်ဆတ်နေမှာ။ အို... ငါဘာတွေ လျှောက်တွေးနေပါလိမ့်။ ဖွဟဲ့။ အောက်ထပ်မှာပဲ ရပ်နေပြီးတော့ ထင်ချင်ရာ ထင်နေတော့တာပဲ။ ချာ့ကိုယ်မှာလည်း သွေးတွေနဲ့ဆိုတော့ ဂျထ် တခုခုတော့ ခိုက်မိတာ ဖြစ်မယ်။ ဒီမှာပဲ မတ်တတ် ရပ်နေတော့မှာလား။ နင် ဘာလုပ်မှာလဲ။

" ဂျထ်ရေ..."

အင်းခနဲ ညည်းညူသံ ထွက်လာပြန်သောအခါတွင်တော့ သူမ လှေကားပေါ် ကမန်းကတမ်း ပြေးတက်လိုက်၏။ အရင်က အခုလို တခါမှ ဒရောသောပါး ပြေးမတက်ဖူးချေ။ လှေကားဘေးမှ ဖြောင့်တန်း ကျယ်ဝန်းသော လျှောက်လမ်းသည် မြစ်ရှိရာ အနောက်ဘက်သို့ မျက်နှာမူ ပြီး အဆုံးတွင် ပြတင်းပေါက် တခုသာ ရှိသည်။ အပြင်မှာတော့ မှောင်နေ ဆဲ။

လှေကားညာဘက်ရှိ အခန်းတံခါးနောက်မှ အင်းခနဲ ညည်းညူသံကြီး ထွက်လာပြန်သည်။ အခန်းဘေး နံရံတွင် အာခရိုပိုလစ်ရဲတိုက်ပုံ ချိတ်ထား၏။

အဲဒါ နင့်နောက်ကို နှစ်နဲ့ချီအောင် တောက်လျှောက်လိုက်နေတဲ့ ဖဲလ်ဒါပဲ။ နင်အခု တံခါး ဖွင့်လိုက်တာနဲ့ သေးနံ့တွေ နံစော်ပြီး တွန့်လိမ်နေတဲ့ ကျောကုန်းကြီးနဲ့ ဖဲလ်ဒါ့ကို တွေ့ရလိမ့်မယ်။ နောက်ဆုံးတော့ နင့်ကို မိပြီ ပေါ့။

တံခါးရှေ့ ရပ်လိုက်စဉ် အတိတ်က အချိန်ကို ပြန်ရောက်သွားသလိုလို၊ အတိတ်က နေရာကို ပြန်ရောက်သွားသလိုလို ခံစားရ၏။ မဟုတ်သေး၊ အတိတ်က အရွယ်ကို ပြန်ရောက်သွားခြင်း ဖြစ်သည်။ သူမသည် တံခါးလက်ကိုင်ဘုနှင့် မျက်လုံးတို့ တတန်းတည်း ဖြစ်သွားသည်အထိ တဖြည်းဖြည်း သေးပုသွားသဖြင့် နံရံပေါ်က ခေတ်ပုံက အပေါ်ကို မြင့်မြင့် သွား၏။ တံခါးဖွင့်ဖို့ လက်ကိုင်ဘုကို လက်လှမ်းလိုက်စဉ်မှာပင် တံခါးက သူ့အလိုလို ချက်ပွင့်သွားသည်။

အထဲမှာ ဖဲလ်ဒါ မတ်တတ်ရပ်နေသည်။ သို့သော် မတ်မတ်တော့ မဟုတ်။ ကျောရိုးက ဆိုးဆိုးဝါးဝါး အသွင်ပြောင်း၍ တွန့်လိမ်ရှုံ့တွကာ

လက်ပြင်ကုန်းနေသောကြောင့် အရပ်နှစ်ပေလောက်သာ ရှိသော လူပုလေး တယောက်နှင့် တူ၏။ ပြီးတော့ ဘာကြောင့်မှန်း မသိ၊ ဂေ့ဂျ်ကို မြှုပ်နှံ တုန်းက ဆင်ပေးထားသော ဝတ်စုံကို ဝတ်ထားသည်။ သို့သော် ဓဲဒါမှ ဓဲလ် ဒါအစစ်။ သူ့မျက်လုံးများက သွက်သွက်ခါ ရူးနေသလိုမျိုး စူးရှတောက်ပ ကာ မျက်နှာမှာ မြေနီမှုန့်များ ပေကျံ၍ ခရမ်းရောင်သန်းနေ၏။

ဓဲလ်ဒါက စူးရှစွာ အော်ဟစ်လိုက်သည်။

"နောက်ဆုံးတော့ ငါနင့်ဆီ ရောက်လာပြီပေါ့ ရေချယ်ရယ်။ နင့် ကျောကုန်းကိုလည်း ငါ့လို ပုံပျက် ပန်းပျက် တွန့်လိမ်သွားအောင် လုပ်ပစ်မယ်။ တသက်လုံး အိပ်ရာထဲက မထနိုင်စေရဘူး။ အိပ်ရာထဲကဘယ်တော့မှ ထရမယ် မကြံနဲ့"

ထိုစဉ် ချာ့က ဓဲလ်ဒါ့ပခုံးတဖက်ပေါ် ခုန်တက်လိုက်ရာ ဓဲလ်ဒါ့မျက်နှာ တဖြည်းဖြည်း ပြောင်းလဲသွားသည်ကို ထိတ်လန့်အံ့ဩဖွယ်ရာ တွေ့ရသည်။ သူ့မျက်နှာသည် ဓဲလ်ဒါမဟုတ်တော့ဘဲ ဂေ့ဂျ်ဖြစ်လာ၏။ ဂေ့ဂျ်၏ မျက်နှာ သည် မည်းနက်မနေတော့သော်လည်း သွေးစသွေးနများဖြင့် ညစ်ပတ်၍ တခုခုနှင့် ခိုက်မိထားသလို ပွယောင်းယောင်း ဖြစ်နေ၏။ ဂေ့ဂျ်က သူ့ မျက်နှာသူ ညစ်ပတ်နေသော လက်များဖြင့် သုတ်လိုက်သည်။

ရေချယ်သည် ဂေ့ဂျ်ဟု အော်ဟစ်ကာ လက်နှစ်ဖက်ဆန့်တန်းပေးလိုက် မိ၏။ ဂေ့ဂျ်က သူမကို ဖက်ဖို့ ပြေးလာသည်။ လက်တဖက်ကိုတော့ တခုခု ဖွက်ထားသလိုမျိုး ကျောဘက်မှာ ကပ်ထား၏။ ပါးစပ်မှလည်း တတွတ်တွတ် ရေရွတ်နေလေသည်။

"မေမေ့အတွက် ယူလာတာ ရှိတယ်။ မေမေ့အတွက် ပါလာတာ။ မေမေ့ အတွက်"

****

အခန်း (၆၀)

လူးဝစ်သည် နေဖင်ထိုးတော့မှ အိပ်ရာက နိုးလာ၏။ နိုးနိုးချင်း ထဖို့ ကြိုးစားလိုက်စဉ် ကျောကုန်းမှ ဓားထိုးခံရသလို စူးခနဲ နာကျင်မှုကြောင့် မျက်နှာကြီး ရှုံ့မဲ့သွား၏။

နာလိုက်တာ။

သို့နှင့် အိပ်ရာထဲ ပြန်လှဲချကာ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လိုက်သည်။ ညက အဝတ်အစားများ မလဲရသေး။

ဘုရားရေ။

တင်းနေသော ကြွက်သားတွေ လျော့သွားအောင် အချိန်အတော်ကြာသည် အထိ လှဲပြီးမှ ထထိုင်ကြည့်သည်။

"ဟာ လခွမ်းတဲ့မှပဲ"

ကျောကုန်းက ဒိတ်ဒိတ် ဒိတ်ဒိတ်နှင့် သွားကိုက်သလိုမျိုး အောင့်နေ၏။ အုံးလွဲနေသဖြင့် ခေါင်းဘယ်ညာလှည့်ရတာ ခက်နေသည်။ ဒူးတွေက အဆိုးဆုံး။ ဘန်ဂေး အကိုက်အခဲ ပျောက်ဆေးလည်း မစွမ်းနိုင်တော့။ ကော်တီဆုမ်းတလုံးလောက် သောက်အိပ်ခဲ့သင့်သည်။ ခြေသလုံးတွေ ယောင်ကိုင်းနေသဖြင့် ပူစီဖောင်းတလုံး ထည့်ထားသည့်နှယ် ဘောင်းဘီပါ ကျပ်ထုပ်နေ၏။ အိပ်ရာစွန်းမှာ ခြေချထိုင်ဖို့ ဖြည်းဖြည်းချင်း ကုန်းထရစဉ် နှုတ်ခမ်းနှစ်လွှာကို တင်းနေအောင် စေ့ထားမိ၏။ ဘာကြောင့် သည် လောက်အခြေအနေဆိုးရသလဲ ပြန်စဉ်းစားကြည့်တော့...။

ဂေ့ဂျ်။ ဂေ့ဂျ် ပြန်လာပြီလား။

ထိုအတွေးကြောင့် နာကျင်မှုကို မေ့သွားကာ ထရပ်လိုက်မိသည်။ Gunsmoke စီးရီးထဲက မတ်ဒေလွန်၏ မိုက်ဖော်မိုက်ဖက်ကြီး ချက်စတာလို ဒယီးဒယိုင်နှင့် ဘေးတစောင်း လျှောက်ရင်း ဂေ့ဂျ်အခန်းထဲ ဝင်ကြည့်သည်။

အခန်းထဲ ရောက်တော့ ကျီးကန်းတောင်းမှောက် လျှောက်ကြည့်ရင်း တဆတ်ဆတ် တုန်ယင်နေသော နှုတ်ဖျားက "ဂေ့ဂျ်ရေ၊ သား၊ ဂေ့ဂျ်လေး" ဟု တဖွဖွ ရွတ်နေမိ၏။ သို့သော် အခန်းထဲမှာ ဘာမှ မရှိ။ အယ့်အခန်းထဲ ဆင်းကြည့်တော့လည်း ဘာမှ မတွေ့။ ဘယ်သူမှ မနေသော အခန်းလွတ်ထဲ ပါ ဝင်ကြည့်သည်။ ထိုအခန်းက လမ်းမကို မျက်နှာမူထားသည်။ အခန်းထဲ မှာ ဘာမှ မတွေ့သော်လည်း ကားလမ်းမတဖက်က ဂျထ်အိမ်ရှေ့မှာ ရပ် ထားသော ကားတစီးကို ထူးထူးဆန်းဆန်း လှမ်းမြင်ရသည်။ ထိုကားက ဂျထ်၏ ထရပ်ကားနောက်မှာ ရပ်ထားခြင်းဖြစ်၏။

ဘာလဲဟ။

မြင်နေကျ မဟုတ်သော ကားတစီးကို တွေ့ရခြင်းက ပြဿနာ တက် နိုင်သည်။ ဘာပြဿနာ တက်မှာလဲတော့ မသိ။

လူးဝစ်က ပြတင်းပေါက်ကန့်လန့်ကာကို ဆွဲမကာ ထိုကားကို

သေချာကြည့်သည်။ အပြာရောင် ချက်ဗက်ကားလေးတစီးဖြစ်ပြီး ကားခေါင်မိုးပေါ်မှာ ချာ့က ခွေခွေလေး အိပ်နေပုံ ရ၏။

ကန့်လန့်ကာကို မချဘဲ အကြာကြီး စောင့်ကြည့်နေမိသည်။ ဂျထ်မှာ အဖော်ရှိနေပြီပေါ့၊ ဒါပဲ ဖြစ်မှာပါ။ ဘာအတွက် အဖော်ရှိနေရမှာလဲ။ ဂေ့ဂျ်နှင့် ပတ်သက်ပြီး ဘာမှတောင် မဖြစ်သေးဘဲနဲ့ ဘာတွေများ အစောကြီး ကြို စိတ်ပူနေသလဲ မသိ။ မနေ့ညက တချက်တီးသည် အထိ ချာ့အိမ်ပြန်မလာခဲ့။ အခု မနက်ကိုးနာရီ ထိုးပြီ။ မေလ၏ လှပသော မနက်ခင်းလေးတခု။ အောက်ထပ်ဆင်းပြီး ကော်ဖီလေးဘာလေး သောက်၊ ပရုတ်ဒူးစွပ်လေး စွပ်ပြီး..။

နေပါဦး၊ ချာ့က အဲဒီကားပေါ် ဘာတက်လုပ်နေတာလဲ။

"ကဲ...၊ ငါဆိုတာလည်းနော်..."

အတွေးများနေသော သူ့ကိုယ်သူ ပြန်ပြောရင်း ရေချိုးခန်းထဲ ဆင်းလာခဲ့သည်။

ကြောင်ပဲ အိပ်ချင်တဲ့နေရာ အိပ်မှာပေါ့။ တိရစ္ဆာန်ဆိုတာ ဒီလိုပဲဟာ။

နေပါဦး၊ ချာ့က လမ်းတဖက်ကိုတော့ ဒင်းဘာသာ ကူးမသွားလောက်ပါဘူး။

"ဆက်မတွေးနဲ့တော့"

အောက်ထပ်ကို ဆင်းအလာ လမ်းတဝက်မှာ ရပ်ကာ သူ့ဘာသာ ပြောလိုက်ဆိုလိုက် လုပ်နေမိသည်။ ကိုယ့်ကိုယ်ကိုယ် စကားပြောခြင်းက တကယ်တော့ မကောင်းပါ။ အဲဒါက...။

မနေ့ညတုန်းက တောထဲက ဟာက ဘာကြီးလဲ။

ထင်မထားသော အတွေးက ရုတ်တရက် ဝင်လာ၏။ ထိုအခါ အိပ်ရာမှ ထ တုန်းကလို နှုတ်ခမ်းကို တင်းနေအောင် စေ့မိလျက်သား ဖြစ်သွားသည်။ မနေ့ညက တောထဲက တစုံတရာအကြောင်း အိပ်မက်မက်သည်။ ဒစ္စ စနေဝါးလ်ဒ်က အိပ်မက်တွေနှင့် ပေါင်းစပ်ကာ မက်ခြင်း။ ထိုအရာကြီးက သူ့ကို လာထိသည်ဟု အိပ်မက်မက်သည်။ သူ့ကို ထိလိုက်သည်နှင့် ကောင်းသော အိပ်မက်တွေအကုန် လွင့်ပျောက်ကုန်သည်။

ထိုအရာသည် ဝမ်ဒီဂိုးဖြစ်၏။ သူ့ကို လူသားစား အရိုင်းကောင်အဖြစ် ပြောင်းလဲပစ်လိုက်ရုံသာ မဟုတ်၊ ထိုအရိုင်းကောင်များ၏ ဖခင်ကြီးအဖြစ် ပါ ပြောင်းလဲပစ်လိုက်သည်တဲ့။ အိပ်မက်ထဲမှာ တိရစ္ဆာန် သင်္ချိုင်းထဲ ပြန်ရောက်နေခဲ့သည်။ သူတယောက်တည်း မဟုတ်။ ဘေလ်နှင့် တင်မီဘတ်တာမန်းလည်း ပါသည်။ ဂျထ်လည်း ရှိနေသည်။ ဂျထ်သည် သေပြီးခါစ တစ္ဆေတကောင်နှင့် တူပြီး သူ့ခွေးကြီး စပေါ့ထ်၏ လည်ပတ်ကြိုးကို ကိုင် ထား၏။ လက်စတာမော်ဂန်လည်း သူ့နွားသိုးကြီး ဟန်ရတီနှင့်အတူ ရှိ နေသည်။ ဟန်ရတီက ဟိုကြည့်သည်ကြည့်နှင့် သူ့ဘေးမှာ လှဲနေ၏။ ဘာကြောင့်မှန်း မသိ၊ ရေချယ်လည်း ရောက်နေသည်။ သူမကို ကြည့်ရတာ အကျီမှာ အနီရောင် အစက်အပြောက်တွေ စွန်းကွက်နေတာ တွေ့ရသဖြင့် ညစာစားပွဲမှာ မတော်တဆ တခုခု

ဖြစ်လာခဲ့ပုံရသည်။

ထို့နောက် တဖြည်းဖြည်း သစ်ခြောက်ပုံကြီးက မြင့်ကြွလာပြီး ဝမ်ဒီဂိုး ဖြစ်သွားသည်။ ယင်း၏ အသားအရေက တွားသွား သတ္တဝါ တကောင်လို ဝါကျင့်ကျင့်နှင့် ပြောက်ထနေ၏။ မျက်လုံးကြီးများက နှင်းခဲ့မီးအိမ်တွေလို တောက်နေ၏။ နားရွက်နေရာမှာ တွန့်လိမ် ကောက်ကွေး နေသော ချိုကြီး နှစ်ချောင်း ထိုးထွက်နေ၏။ သစ်ခြောက်ပုံကြီးထဲက ကုန်းထလာသော ထို သားရဲတိရစ္ဆာန် ကြီးအသွင်က ဖွတ်ကြီး တကောင် အရှင်လတ်လတ် ဖောက်ထွက်မွေးဖွားလာသည့်နှယ်။ ယင်းက မော့ကြည့်နေသော သူတို့ အားလုံးကို လက်ညှိုးနှင့် ထိုးပြသည်။ လက်သည်းများက ချွန်ထက် ရှည်လျားလိုက်ပါဘိ။

"တော်တော့"

လူးဝစ်ခမျာ တိုးတိတ်စွာ ရေရွတ်မိခြင်းဖြစ်သော်လည်း သူ့အသံသူ ပြန် လန့်ကာ တုန်သွား၏။ မီးဖိုချောင်ထဲက ထွက်ကာ ပုံမှန်နေ့တနေ့လို သဘောထား၍ မနက်စာ ပြင်ဖို့ ဆုံးဖြတ်လိုက်သည်။ ကိုလက်စထရော အပြည့်နှင့် မနက်စာ။ မရောနိ သုတ်၍ ကြက်သွန်ကွင်းနှင့် ကြက်ဥကြော် ညှပ် ထည့်ထားသော ဆင်းဒ်ဝုစ်ချ်နှစ်ခု။ သူ့ကိုယ်မှ ချွေးနှင့် ကြေးညှော်နံ့ကို ရသည်။ နောက်မှပဲ ရေချိုးလိုက်တော့မည်။ အခုတော့ အင်္ကျီတွေပဲ ချွတ်ထား လိုက်တာ ကောင်းမည်။ ယောင်ကိုင်းနေသော ဒူးနှင့် ခြေသလုံးတို့ လွတ်လွတ်လပ်လပ် ဖြစ်သွားအောင် ဘောင်းဘီစကို ဆေးအိတ်ထဲက ခွဲစိတ်ဓားနှင့် ဖြတ်ထုတ်လိုက်လျှင် ကောင်းမည်။ သို့သော် ဂျင်းဘောင်းဘီ အထူသားကို လှီးဖြတ်နိုင်လောက်သည့် ဓားက အိမ်မှာ မရှိ။ ရေချယ့် စက်ချုပ် ကတ်ကြေးနှင့်လည်း ရမှာ မဟုတ်။ အခုတော့ မနက်စာ စားဖို့ အ ရင်လုပ်ရမည်။

သို့သော် လူးဝစ်က ဂျထ်တို့အိမ်က ကားပြာလေးကို အရင်ထွက်ကြည့်သည်။ နှင်းရည်တို့ ဖုံးနေပုံ ထောက်လျှင် ကားရပ်ထားတာ အချိန်အတော် ကြာနေပြီ။ ချာ့က ကားခေါင်မိုးပေါ်မှာ ရှိနေဆဲဖြစ်သော်လည်း သူထင်သလို အိပ်နေခြင်း မဟုတ်။ သူရှိရာကို စိမ်းပြာရောင် တောက်တောက် မျက်လုံး များနှင့် ပြန်ကြည့်နေပုံ ရ၏။

တယောက်ယောက်၏ အကြည့်ကို မခံနိုင်သည့်အလား လူးဝစ်သည် အိမ်ထဲသို့ ကတိုက်ကရိုက် ပြန်ဝင်သွားသည်။ ထို့နောက် မီးဖိုချောင်ထဲ ဝင် ကာ ဒယ်အိုးပြားတချပ် မီးဖိုပေါ် တင်၍ ရေခဲသေတ္တာထဲက ကြက်ဥတွေ ထုတ်သည်။ မီးဖိုချောင်သည် လင်းချင်းကာ သန့်ရှင်းနေ၏။ လေကလေး တမြမြ ချွန်ကြည့်ဖို့ ကြိုးစားလိုက်သည်။ လေချွန်သံသည် မနက်ဘက် တခုခုလုပ်ဖို့ အာရုံစိုက်လို့ ရတန်ကောင်း၏။ သို့သော် ချွန်လို့ မရ။ အရာ ရာ အဆင်ပြေနေသယောင် ရှိသော်လည်း တကယ်တမ်းတော့ မဟုတ်။ အိမ်သည် ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေပြီး မနေ့ညက လုပ်ရပ်က သူ့ကို ဖိစီးနေသည်။ အရာရာသည် အလွဲလွဲအချော်ချော်နှင့် သူ့အပေါ် အရိပ်

တခု အုပ်မိုးနေသလို ခံစားရ၏။ ယင်းကို သူကြောက်သည်။

ရေချိုးခန်းထဲ မဝင်ချင့်ဝင်ချင် ဝင်ကာ အက်စ်ပရင်နှစ်ပြားကို လိမ္မော်ရည်နှင့် မျှောချလိုက်သည်။ ထို့နောက် မီးဖိုချောင်ဘက် ပြန်သွားနေစဉ် ဖုန်းထမြည်လာ၏။

သူက ဖုန်းကို ချက်ချင်း သွားမကိုင်ဘဲ ကြောင်တောင်တောင်နှင့် လှမ်းကြည့်နေမိသည်။

မဖြေနဲ့။ သတင်းဆိုးဆိုရင် မင်းကြားချင်မှာ မဟုတ်ဘူးလေ။ ဖုန်းကိုင်လိုက်တာနဲ့ သွားပြီ။ တဖက်က အမှောင်ထုထဲမှာ ဘာရှိနေမှန်း မင်းမသိချင်ဘူးလေ။ ဟုတ်တယ်မလား။ ဒီတော့ မကိုင်နဲ့။ ပြေး၊ ပြေးတော့။ ကားက ရုံထဲမှာ ရှိသားပဲ။ သွား၊ ကားထဲ ဝင်တော့။ ဖုန်းမကိုင်နဲ့။

လူးဝစ်က ဧည့်ခန်းထဲက ဖုန်းဆီ သွားကာ ဆံပင်အခြောက်ခံစက်ကိုင် သလို ခပ်ခွာခွာ ကောက်ကိုင်လိုက်သည်။ တဖက်မှ အာဝင်ဂိုးမန်း၏ ဟဲလိုဟူသော အသံကြားရ၏။ ထိုအခိုက်မှာပင် မီးဖိုချောင်ထဲကို ဖြတ်သွား ထားသည့် ရွှံ့ခြေရာလေးများကို သူသတိထားမိသွားသည်။ မျက်လုံးတို့က မျက်တွင်းထဲမှ ခုန်ထွက်သွားသကဲ့သို့ ပြူးကျယ်လျက် နှလုံးအခုန် ရပ်၍ တောင့်တင်းအေးခဲသွား၏။ ထိုခဏတွင် အရှူးထောင်ရှိ မှန်တချပ်၌ ကိုယ့် ရုပ်ကိုယ်ကြည့်နေပုံကိုလည်း မြင်ယောင်မိသည်။ ထိုခြေရာများသည် ဂေ့ဂျ်၏ ခြေရာများပင်ဖြစ်သည်။ ဂေ့ဂျ် ဒီကို လာသွားသည်။ ညတုန်းက လာ သွားခြင်း။ ဒါဆို အခု ဘယ်ရောက်နေသလဲ။

"အာဝင်ပါ။ လူးဝစ်...။ လူးဝစ် ရှိနေလား။ ဟဲလို"

"ဟဲလို အာဝင်"

ချက်ချင်းပင် အာဝင်ပြောမည့်စကားကို သူသိလိုက်၏။ ကားပြာလေးအကြောင်းကိုလည်း ရိပ်မိသွား၏။ ပြီးတော့ အရာရာကို သဘောပေါက်သွားသည်။ အမှောင်။ တဖက်ရှိ အမှောင်ထဲက အရာကို သူမသိရခင် ဖုန်း ချရမည်။ သို့သော် ထိုအရာကို သူဝယ်ယူခဲ့ပြီးပြီ။

ဂိုးမန်းက ဆက်ပြောသည်။

"ဩော် ခုနက လိုင်းပြတ်သွားတယ်မှတ်လို့"

"မဟုတ်ပါဘူး။ ဖုန်းက ကျွန်တော့်လက်ထဲက လွတ်ကျသွားလို့"

ပြန်ဖြေသော သူ့အသံက တည်ငြိမ်လျက်။

"ရေချယ် ညက ပြန်ရောက်ရဲ့လား"

"ဩော် ရောက်ပါတယ်"

ကားပြာလေး။ ငြိမ်သက်နေဆဲ ဖြစ်သည့် ကားပြာလေး။ ကားခေါင်မိုးပေါ်မှာ တက်ထိုင်နေသော ချာ့။ လူးဝစ်အကြည့်က ကြမ်းပြင်ပေါ်က ခြေရာလေးများဆီ ရောက်သွားသည်။

ဂိုးမန်းက

"ငါပြောပြရကောင်းမလားလို့။ အယ်လီလေ"

“အယ်လီ ဘာဖြစ်လို့လဲ”

“ငါ့စိတ်ထင် ရေချယ့်ကို ပြောပြတာ ပိုကောင်းမလား…”

“ရေချယ် လောလောဆယ် အိမ်မှာ မရှိဘူး။ နွားနို့နဲ့ ပေါင်မုန့် သွားဝယ်တယ်။ အယ်လီ ဘာဖြစ်လို့လဲဆို။ ပြောပါ အာဝင်ရဲ့”

လူးဝစ်အသံ မြင့်လာသည်။ ဂိုးမန်းက တွန့်ဆုတ်တွန့်ဆုတ်ဖြင့်

“သူ့ကို ဆေးရုံပို့လိုက်ရတယ်။ အိပ်မက်ဆိုးတွေချည်း ဆက်တိုက်မက်နေလို့။ ကယောင်ကတမ်း ဖြစ်ပြီး အပြင်တောင် မထွက်ရဲဘူးဖြစ်နေတယ်။သူ..”

“သူ့ကို ငြိမ်ဆေး တိုက်လိုက်လား”

“ဟ”

လူးဝစ် စိတ်မရှည်တော့။

“ငြိမ်ဆေး တိုက်လိုက်သေးလားလို့”

“ဩော် အင်း။ ဆေးတလုံး တိုက်လိုက်တော့ ပြန်အိပ်ပျော်သွားတယ်”

“သူဘာပြောသေးလဲ။ တော်တော်ကြောက်နေလား”

ထိုသို့ မေးလိုက်စဉ် ဖုန်းကို ကြောက်လန့်တကြား ဆုပ်ထားမိ၏။ အာဝင့်ဘက်မှ ငြိမ်သွားသည်။ အချိန်အတော်ကြာသည်အထိ တိတ်နေသော်လည်း လူးဝစ်က ကြားဖြတ်မပြောတော့။ မပြောတာ ကောင်းမည်။ နောက်ဆုံး အာဝင်က

“ဒိုရီလည်း တော်တော်လန့်သွားတယ်။ အယ်လီပြောတာတွေကို နားမလည်တာ အများကြီးပဲ။ နောက်တော့ အသည်းအသန် ထငိုတယ်။ ဒိုရီ လည်း သူ့ကိုယ်သူတောင်…။ ဟိုလေ၊ သိတယ်မလား”

“အယ်လီက ဘာပြောလို့လဲ”

“ကြီးမြတ်ပြီး ဆိုးသွမ်းတဲ့ အော့ဇ်က သူ့အမေကို သတ်ပစ်လိုက်ပြီတဲ့။ အဲဒီလို တိုက်ရိုက်ကြီး ပြောတာတော့ မဟုတ်ဘူးပေါ့လေ။ သူပြောတဲ့ “ကြီး မြတ်ပြီး ဆိုးသွမ်းတဲ့ အော့ဇ်”ဆိုတာ ငါတို့သမီး ဟိုတယောက် ဇဲလ်ဒါကို ခေါ်နေကျ နာမည်။ ရေချယ့်ကို မေးစရာတွေ ရှိတယ် လူးဝစ်။ မင်းနဲ့ ရေချယ်တို့ အယ်ကို ဇဲလ်ဒါ့အကြောင်း၊ သူသေသွားတဲ့အကြောင်း ဘယ်လောက်များ ပြောပြထားလဲ”

ခြေထောက်အောက်က ကမ္ဘာမြေကြီး သိမ့်ခနဲ တုန်သွားသယောင် ခံစားရ၏။ အာဝင်ဂိုးမန်း၏ လေသံက ထူထပ်သော မြူခိုးတို့ကို ထိုးဖောက်လာရ သောကြောင့် ထင့်၊ တိုးဖျော့နေသည်။

စကားပြောသံလိုလိုဘာလိုလို အသံတွေလည်း ကြားရတတ်တယ်။ ဒါတွေ ကလည်း ဟိုးအောက်ဘက် ပရော့စပက်မြို့ရှိရာ တောင်ဘက်ဆီ ဆင်းသွား ကြတဲ့ တင်ကြီးငှက်တွေရဲ့ အသံတွေပါ။ လေကြောင်းသင့်ရာ လွင့်လာကြတာပေါ့။

“နားထောင်နေရဲ့လား လူးဝစ်”

“သူ နေကောင်းသွားပြီလား။ အယ်လီ အဆင်ပြေမှာလား။ စိတ်ထဲမှာ တခုခုဖြစ်လာတော့မယ်လို့ ခံစားရလား”

“နာရေးတုန်းက သွေးလန့်စရာတွေတော့ လျော့သွားပါပြီ။ လသရော့ဆို တဲ့

မိသားစုဆရာဝန် လာကြည့်ပေးတယ်။ သူလည်း တော်ပါတယ်။ အယ်လီက အဖျားတက်သေးတယ်လေ။ နေ့လယ်ဘက် နိုးလာတုန်းကတော့ ဘာမှတောင် မမှတ်မိသလိုပဲ။ ရေချယ် ပြန်လာလိုက်တာ ကောင်းမယ်။ မင်းရောပဲ လိုက်လာပါလား”

လူးဝစ် ဘာမှ ပြန်မပြောမိချေ။ ယင်းအစား ရွှံ့ခြေရာလေးများကိုသာ မမှိတ်မသုန် ကြည့်နေမိ၏။ ဂိုးမန်းက ဆက်ပြောသည်။

“လူးဝစ်ရယ်၊ ဂေ့ဂျ်က သေသွားပြီပဲ။ မင်းရော ရေချယ်ပါ နှစ်ယောက်လုံး ဒါကို လက်ခံနိုင်ဖို့ ဘယ်လောက် ခက်ခဲမှန်း သိပါတယ်။ ဒါပေမဲ့ သမီးလေး ကတော့ ရှင်နေတုန်းပါ။ အခုသူ မင်းတို့ကို လိုအပ်နေတယ်”

အင်းလေ။ သိတာပေါ့။ လက်ခံပါတယ်။ ခင်ဗျားသာ တုံးအနေတာ ဖြစ် မယ် အာဝင်ရဲ့။ ဧကန္တ ၁၉၆၅ ခုနှစ် ဧပြီလရဲ့ တခုသောရက်မှာ သမီးနှစ် ယောက်ကြားက အိပ်မက်ဆိုးကြီး ပျောက်ကွယ်သွားတာမို့ ထိလွယ်ရှလွယ်မဖြစ်တော့ဘဲ ခံနိုင်ရည်ရှိသွားတာ နေမှာ။ သမီးက လိုအပ် ပေမဲ့ ကျွန်တော် မလာနိုင်ဘူး။ ဘာလို့လဲဆိုတော့ ကြောက်လွန်းလို့။ ကျွန်တော့် လက်မှာ သူ့အမေရဲ့ သွေးတွေ စွန်းနေပြီဗျ။

လူးဝစ် သူ့လက်သူ ဖြန့်ကြည့်မိသည်။ လက်သည်းကြားက ကြေးတွေက ကြမ်းပြင်က ရွှံ့စက်တွေနှင့် တထေရာတည်းနီးပါး တူနေ၏။

“ကောင်းပြီလေ။ ကျွန်တော် သဘောပေါက်ပါတယ်။ တတ်နိုင်သမျှ အ မြန်ဆုံး လိုက်လာခဲ့မယ်။ ဖြစ်နိုင်ရင် ဒီညပေါ့။ ကျေးဇူးပဲ”

“ငါတို့လည်း အကောင်းဆုံး ကြိုးစားပါတယ်။ ကြည့်ရတာ အသက်တွေ ကြီးလာလို့ ထင်ပါရဲ့။ ပြီးတော့ ငါတို့မို့လို့လည်း အဲဒီလို ဖြစ်နေတာ နေ မယ်”

“အယ်လီ နောက်ထပ်ဘာပြောသေးလဲ”

ဂိုးမန်းပြန်ဖြေသံက သူ့ရင်ဘတ်ထဲ၌ အသုဘ ခေါင်းလောင်း ထိုးလိုက်သည့်နှယ်။

“အများကြီးပဲ။ သူပြောတဲ့အထဲ နားလည်လိုက်တာ တခုတော့ ရှိတယ်။ သိပ်နောက်ကျသွားပြီလို့ ဖတ်စ်ကောင်းက ပြောတယ်တဲ့”

သူတယ်လီဖုန်းကို ချကာ မီးဖိုချောင်ထဲသို့ ယောင်ချာချာ ပြန်ဝင်လာခဲ့သည်။ မနက်စာကို ဆက်စားရမှာလား၊ သွန်ပစ်လိုက်ရမလား မဝေခွဲနိုင်တော့ဘဲ လျှောက်လမ်းတဝက်မှာပင် မိုက်ခနဲ ဖြစ်ကာ မြင်ကွင်းတွေ ဝေဝါး၍ ပစ်လဲသွားသည်။ နက်ရှိုင်းသော အခိုးအငွေ့ထုကြီးထဲ ကပြောင်းကပြန် ထိုးကျသွားသလိုမျိုး။ တသက်တာ ထာဝရ ပြန်ထနိုင်တော့မည် မထင်။ ဒူးခေါင်းက နာကျင်မှုက ခေါင်းဆီ ဆောင့်တက်လာသည့် အခိုက် အားခနဲ သွေးရူးသွေးတမ်း ထအော်မိ၏။ ထိုခဏမှာ ပြန်ထမရတော့သဖြင့် တွား၍ သွားရ၏။ မျက်ရည်များလည်း စီးကျလာ၏။ ထို့နောက် ခြေထောက်နှစ်ချောင်းကို ဖက်ကာ ငုတ်တုတ်ထိုင်ပြီး ရှေ့တိုးနောက်ငင် လှုပ်ရှားနေရင်း ခေါင်းထဲမှာ

ပြန်ကြည်လင်လာသည်။ တခုခုဖြစ်တော့မယ်ဆိုတာ ဒါပဲ။

သူ့ဆီမှ လွင့်ပျံသွားသည့် အားအင်တခုက နောက်ဆုံးအကြိမ် ပြန်ဝင်လာသည်။ ယခင်ကထက်လည်း ပိုအားကောင်းလာ၏။ အိတ်ကပ်ထဲ ထည့်ထားသဖြင့် ဖုဖောင်းနေသော ကားသော့ကို သတိရသွားသည်။ ရှီကာဂိုသို့ လိုက်၍ အယ်လီကို သွားခေါ်မည်။ တခုခုတော့ မှားယွင်းနေပြီမှန်း၊ ထိမ်ချန်ထားမှန်း ဂိုးမန်းက ရိပ်မိလိမ့်မည်။ သို့သော် ဘယ်နည်းနဲ့မဆို အယ်လီကို ရအောင်ခေါ်ထုတ်ရမည်။

သူ့လက်က ကားသော့ကို နှိုက်ရန်ပြင်ပြီးမှ မနှိုက်တော့ဘဲ ရပ်သွားသည်။ သူ့စိတ်ကို သတ်လိုက်သည့်အရာက အရာအားလုံး အချည်းနှီး ဖြစ်သွားပြီ ဆိုသည့် အသိမဟုတ်။ အပြစ်မကင်းသည့် ခံစားချက်လည်း မဟုတ်။ အသွေးအသားထဲက ကြောက်ရွံ့နေမိသောကြောင့်လည်း မဟုတ်။ စိတ်ပျက်အားငယ်မိသောကြောင့်လည်း မဟုတ်။ ကြမ်းပြင်ပေါ်က ရွံ့ခြေရာလေးများကြောင့်သာ ဖြစ်သည်။ ထိုခြေရာများ သူတို့သားအဖရှိရာ တကောက် ကောက်လိုက်လာမှာကို မြင်ယောင်မိသည်။ ပထမ အီလီနွိုက်၊ နောက် ဖ လော်ရီဒါ၊ လိုအပ်လျှင် ကမ္ဘာအနှံ့။ ကိုယ်ဝယ်ယူပြီးသော အရာကို ကိုယ်ပိုင် သွားပြီ။ ကိုယ်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မည်။

တနေ့မှာ အိမ်တံခါးဖွင့်လိုက်သည့်အခိုက် ဂေ့ဂျ်ရောက်နေတာကို တွေ့ရမည်။ ကြည်လင်သော မျက်လုံးပြာပြာလေးများက ဝါကြင်ကြင့်အရောင်ပြောင်းချင်ပြောင်းနေလိမ့်မည်။ မဲ့ပြုံးလည်း ပြုံးချင် ပြုံးနေလိမ့်မည်။ သို့မဟုတ် အယ်လီ မနက်ဘက် ရေချိုးဖို့ တံခါးဖွင့်လိုက်စဉ် ရေဇလုံထဲမှာဂေ့ဂျ်ထိုင်နေတာကို တွေ့ရနိုင်သည်။ ချုပ်ရိုးဒဏ်ရာက အမာရွတ်တွေ၊ အနာဖေးတွေ မှေးမှိန်နေချင်နေလိမ့်မည်။ ဖုန်းဆိုးမြေနံ့တော့ နံ့စော်နေ နိုင်၏။

ထိုနေ့မျိုး ရောက်လာမှာတော့ မုချ။ စိုးစဉ်းမျှ သံသယဖြစ်စရာ မလို။

"ငါဘာလို့ ဒီလောက်မိုက်ရတာလဲ"

ဘယ်သူမှ မရှိသော အခန်းထဲမှာ သူ့ကိုယ်သူ ပြန်စကားပြောမိသည်။ ဂရုစိုက်မနေနိုင်တော့။

"ဘယ်လိုဖြစ်သွားတာလဲ"

အဲဒါ မိုက်တာ မဟုတ်ဘူး။ သောကရောက်တာလို့ ခေါ်တယ် လူးဝစ်။ ကွာတော့ ကွာပါတယ်။ စိတ်ဒဏ်ရာဆိုတာ သေးငယ်ပေမဲ့ သေလောက်တာပဲ။ သုသာန်မြေက စွမ်းအင်က ဆက်ပြီး ရှင်သန်နေတယ်။ ဂျုထ်ပြောခဲ့သလိုပဲ။ အင်အားလည်း ပိုကြီးလာတယ်။ သူပြောတာ မှန်တယ်။ အခု မင်းဟာ အဲဒီစွမ်းအားရဲ့ တစိတ်တပိုင်း ဖြစ်နေပြီ။ အဲဒီအရာက မင်းရဲ့ သောကကို စားသောက်ဝါးမျိုလိုက်တာ။ မဟုတ်သေးဘူး၊ အဲဒီထက် ပိုတယ်။ နှစ်ဆ၊ သုံးဆမက အဆပေါင်းများစွာ ပွားပစ်ခဲ့တာ။ သူဝါးမျိုတာ သောကတင် မဟုတ်ဘူး။ မင်းရဲ့ အသိစိတ်ကိုပါ ဝါးမျိုပစ်လိုက်တာ။ အဲဒီချွတ်ယွင်းချက် ကို အသုံးချပြီး

ကမောက်ကမ ဖြစ်အောင် လုပ်တာ။ အဲဒီပြစ်ချက်အတွက် ပေးဆပ်ရမယ့် အဖိုးအခကတော့ မင်းရဲ့ ဇနီး။ ဖခင်တယောက်လို အားကိုးရတဲ့ မင်းရဲ့ မိတ်ဆွေ။ မင်းရဲ့ သားပေါ့။ ညနက်သန်းခေါင် မင်းအိမ် တံခါး လာခေါက်တဲ့ ဧည့်သည်က သွေးရိုးသားရိုးမှ မဟုတ်တာ။ အဲဒါ အမိုက်မှောင်ပဲ။

ငါကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ် ဆိုရင်ရော။ မရဘူးလား။ ဆေးအိတ်ထဲမှာ ခွဲစိတ်ဓား ရှိတယ်လေ။ သုသာန်မြေဖြစ်ဖြစ်၊ ဝမ်ဒီဂိုးဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ အဲဒီအရာက အစကတည်းက အကွက်ချ စီစဉ်ခဲ့တာ ပဲ။ ကြောင်ကို လမ်းမပေါ် ထွက်အောင် လုပ်တယ်။ ဂေ့ဂျ်ကိုလည်း အဲဒီလို လုပ်တာ ဖြစ်မယ်။ ရေချယ့်ကိုလည်း အိမ်ပြန်လာအောင် လုပ်တယ်။ အားလုံး သူ့ဟာနဲ့သူ အချိန်ကိုက်ပဲ။ ပြီးတော့ ငါလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်။ ငါကိုက သေချင်နေတာကိုး။ အခု အရာရာက စီစဉ်ထားတဲ့ အတိုင်း ဖြစ်သွားပြီမဟုတ်လား။

ဟုတ်တယ်။ ဖြစ်သွားပြီ။

ဂေ့ဂျ်ပဲ ကျန်တော့တယ်။ သူအပြင်မှာ ရှိနေသေးတယ်။ ဘယ်များ ရောက်နေသလဲ။

လူးဝစ်က ထမင်းစားခန်း၊ ဧည့်ခန်း၊ ထိုမှတဆင့် လှေကားရှိရာ ခြေရာများအတိုင်း လိုက်သွားသည်။ ခြေရာထင်ကျန်ခဲ့သမျှ နေရာအားလုံး ညစ်ပတ်နေခဲ့သော်လည်း ခုနက မမြင်ခဲ့။ ခြေရာများက အိပ်ခန်းထဲအထိ ရောက်လာသောအခါ အံ့အားသင့်သွား၏။

သူဒီကို ရောက်လာခဲ့တာပဲ။

ထို့နောက် သူ့ဆေးအိတ် ဇစ်ပွင့်နေတာကို တွေ့သွားသည်။

အိတ်ထဲက ပစ္စည်းအားလုံး အမြဲတမ်း သူ့နေရာနှင့်သူ စီစဉ်တကျ ထားခဲ့သော်လည်း အခုတော့ စီစဉ်တကျ ရှိမနေချေ။ ခွဲစိတ်ဓားပျောက်နေမှန်း သိသွားသည့်အခါမှာတော့ လူးဝစ်တယောက် ဟာခနဲ ဖြစ်ကာ မျက်နှာပေါ် လက်ဖဝါးနှစ်ဖက် အုပ်၍ အကြာကြီး ငိုင်နေမိသည်။ နောက်ဆုံး၌ သူ လိုချင်သည့်အရာကို အိတ်ထဲ လက်နှိုက်ရှာပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

****

မီးဖိုချောင်နှင့် တွဲထားသည့် စားစရာသိုလှောင်ခန်းတံခါးဖွင့်သံ ထွက်လာသည်။ နံရံကပ်ဗီရိုဖွင့်သံ ထွက်လာပြီး မရှေးမနှောင်းမှာ သံဘူးဖောက်တံ ရမ်းခါသည့် တဗှစ်ဗှစ် အသံတွေ ထွက်လာ၏။ နောက်ဆုံးထွက်လာသည့် အသံကတော့ ကားထားသည့် ဂိုထောင်ရုံးခါး ဖွင့်သံနှင့် ပိတ်သံဖြစ်သည်။ ထို့နောက် တအိမ်လုံးသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လကအတိုင်း တနေ့ နေ့ တချိန်ချိန်မှာ လူသစ်တွေ ပြောင်းရွှေ့လာမှာကို စောင့်နေသလိုမျိုး တိတ်ဆိတ်ငြိမ်သက်၍ ထီးတည်းကျန်ရစ်ခဲ့၏။

ထိုလူသစ်များသည် ကလေးမရှိသော စုံတွဲတတွဲ ဖြစ်ချင်ဖြစ်မည်။ ကလေးမရှိသော်လည်း ယူဖို့ အစီအစဉ်ရှိသော စုံတွဲလည်း ဖြစ်နိုင်၏။ မွန် ဒါဗီဝိုင်နှင့်

လူးဗင်ဘဟ္ဂိုင်းဘီယာနဲ့ တသင်းသင်း ထွက်နေသည့် ညားခါစ လူငယ်လင်မယားဖြစ်လျှင် ယောကျ်ားလုပ်သူက အရှေ့မြောက်ပိုင်း ဘဏ်၏ ငွေချေးဌာနက အကြီးအကဲတဦး ဖြစ်ချင်ဖြစ်မည်။ မိန်းမလုပ်သူ က သွားသန့်ရှင်းရေး ထောက်ခံချက်ရ သို့မဟုတ် သုံးနှစ်ခန့် အတွေ့အကြုံရှိသော မျက်စိကုဆရာဝန် လက်ထောက် တဦး ဖြစ်ချင်ဖြစ်မည်။

ယောကျ်ားက မီးလင်းဖိုစိုက်ဖို့ ထင်းခွဲနေချိန်မှာ မိန်းမက ကော်ကျူရှိုင်းသား ခါးရှည်ဘောင်းဘီလေး ဝတ်၍ စားပွဲမှာ အလှဆင်ရန် နိုဝင်ဘာလ၏ ဆောင်းမြက်တွေ နှုတ်ဖို့ မစ္စက် ဗင်တန်၏ ကွင်းပြင်ထဲ လမ်းလျှောက် ထွက်ချင်ထွက်နေလိမ့်မည်။ ပိုနီတေးချည်ထားသော သူမဆံပင်တွေက မီးခိုးရောင် ကောင်းကင်အောက်မှ အတောက်ပဆုံး ဖြစ်နေနိုင်သည်။ ခေါင်းအထက်မှာ စွန်လွှတ်လို့ ကောင်းသည့် လေစီးကြောင်း ရှိနေတာကို သတိထားမိမှာ မဟုတ်။

အိမ်၏ နောက်ကြောင်းရာဇဝင်ကို ကြားဖူးသော်လည်း ခေါင်းမာ၍ အယူမသီးသူများမို့ မတန်တဆဈေးနှင့် ရလိုက်တာကိုပင် ဝမ်းသာမိကြောင်း၊ထပ်ခိုးမှာ ခြောက်လှန့်တတ်သည့် တစ္ဆေအကြောင်း ရယ်စရာလုပ်၍ အပေါင်းအသင်းများကို ပြောပြလိမ့်မည်။ ပြီးတော့ သူတို့မှာ ခွေးလည်း တကောင်တလေ ရှိချင်ရှိလိမ့်မည်။

****

အခန်း (၆၁)

ခေတ်မြေဩဇာအိတ်များ အပြည့်တင်ဆောင်လာသော အော်ရင်ကို ကုန်ကားကြီးတစီး လမ်းမ အတိုင်း ဖြတ်မောင်းပြီးသည့်အထိ ခဏစောင့် ပြီးမှ ဂျထ်တို့အိမ်ဘက် ကူးလာလိုက်သည်။ သူ့လက်ထဲမှာ ကြောင်စာတဘူး ကိုင်ထား၏။

ချာ့က သူ့အလာကို ထိုင်စောင့်ရင်း မမှိတ်မသုန် စောင့်ကြည့်နေသည်။ လူးဝစ်က တိတ်ဆိတ်နေသော အိမ်ကို စူးစမ်းရင်းမှ

"ဟိုင်း ချာ့။ မုန့်စားမလား"

သူက ကားပေါ်သို့ ကြောင်စာဘူးကို ချပေးလိုက်ရာ ချာ့က ခုန်ဆင်းလာ ပြီး စားသည်။ လူးဝစ်က ဂျာကင်အိတ်ကပ်ထဲ လက်နှိုက်လိုက်တော့ ချာ့က တောင့်ခနဲ ဖြစ်သွားပြီး သူ့စိတ်ကို ဖတ်လိုက်မိသည့်အလား လှမ်းကြည့်၏။ လူးဝစ်က ပြုံးပြကာ ကားနားမှ ခွာပေးလိုက်တော့မှ ဆက်စားသည်။ လူးဝစ်က အိတ်ကပ်ထဲမှ မော်ဖင်း ၇၅ မီလီဂရမ် ထည့်ထားသော ဆေးထိုးအပ် ကို ထုတ်ပြီး ချာ့ဆီ လျှောက်လာလိုက်၏။

ချာ့က မယုံသင်္ကာသလို မော့ကြည့်တော့ ပြုံးပြလိုက်ပြီး ကျောကို သပ်၍ "စား၊ စား။ ဟုတ်ပြီလား"

အပုပ်နံ့ နံ့နေသော ချာ့က အစာဆီ ပြန်ငုံ့သွားတော့မှ လူးဝစ်က ကျောကုန်းကို ဖမ်းကိုင်ကာ ဆေးထိုးအပ်ဖြင့် တင်ပါးဆီ စိုက်ထည့်လိုက်သည်။ ချာ့က ခေတ်လိုက်ခံရသလို တွန့်ခနဲ ဖြစ်ကာ ကုတ်ခြစ်ရုန်းကန်သော်လည်း လူးဝစ်က အပ်ကို ဖိထိုးပြီး ဆေးကုန်တော့မှ လွှတ်ပေးလိုက်သည်။ ချာ့က ကားခေါင်မိုးပေါ် ခုန်တက်၍ မြစိမ်းရောင်တောက်နေသော မျက်လုံးရိုင်းများနှင့် ကြည့်ကာ ရေရွှေးအိုးဆူသလို ရှီးခနဲ မာန်ဖီ၏။ ထိုအခါ တင်ပါးမှာ တန်းလန်းစိုက်ပါသွားသော အပ်က အောက်ပြုတ်ကျ ကာ ကျိုးပဲ့သွားသည်။ သူသည် အရင်လူးဝစ် မဟုတ်တော့။ အိတ်ထဲမှာ အများကြီး ပါသေးသည်။

ချာ့က လမ်းမဘက် ခုန်ဆင်း၍ ထွက်ပြေးပြီးမှ တခုခုကို သတိရသွား သလိုမျိုး အိမ်ဘက်သို့ ပြန်လှည့်ပြေးသည်။ သို့သော် လမ်းတဝက်မှာတင် ဒယီးဒယိုင် ဖြစ်လာပြီး ခြေကို အနိုင်နိုင် လှမ်းရင်း ပေါ်တီကိုခြေရင်းရှိ လှေကားပထမအထစ်ကို ခုန်တက်ပြီးနောက် လဲကျသွားကာ အသက်ကို မျှင်း၍ ရှူနေ၏။

လူးဝစ်က ကားထဲကို တချက်ငုံ့ကြည့်တော့ ရေချယ့်ပိုက်ဆံအိတ်၊ လည် စီးပဝါနှင့် ဒဲလ်တာလေကြောင်းလိုင်းစက္ကူအိတ်ထဲမှ ထွက်ကျနေသော လေယာဉ်လက်မှတ် အထပ်လိုက်ကို မြင်ရသဖြင့် ရေချယ်စီးလာသော ကား မှန်း အတည်ပြုစရာ မလိုအောင် သေချာသွားသည်။ စိတ်ထဲမှာ လေး လာ၏။

ပေါ်တီကိုဆီ လျှောက်လာကာ ချာ့ကို ငုံ့ကြည့်တော့ လှုပ်ရှားမှု မရှိတော့တာ တွေ့ရသည်။

ချာ့ သေသွားပြီ၊ နောက်တခေါက်ပေါ့လေ။

ပေါ်တီကို လှေကားကို တက်ရင်း

"ဂေ့ဂျ်..." ဟု လှမ်းခေါ်လိုက်သည်။

အိမ်အဝင်က အေးစိမ့်၍ မှောင်နေသဖြင့် စကားလေး တခွန်းကပင်ရေတွင်းထဲ ပစ်ချလိုက်သော ခဲတလုံးလို တိတ်ဆိတ်မှုကို ပြိုကွဲသွားစေ၏။

"ဂေ့ဂျ်"

ဘာသံမှ ပြန်မကြားရ။ ဧည့်ခန်းထဲက နာရီကြီးဆီမှ လက်တံရွေ့လျားသံပင် ရပ်တန့်နေ၏။ သည်တမနက်လုံး မည်သူ့အရိပ်အယောင်မျှ မမြင်ခဲ့ရ။ သို့သော် ကြမ်းပြင်မှာ ခြေရာတွေ ထင်နေ၏။

ဧည့်ခန်းထဲ ဝင်လိုက်တော့ အချိန်အကြာကြီး ကျွမ်းလောင်နေခဲ့ဟန်ရှိသည့် စီးကရက်နံ့ ရသည်။ ပြတင်းပေါက်နားမှာ ဂျထ်၏ ကုလားထိုင်ကို တွေ့ရသော်လည်း ထိုင်ရာမှ ရုတ်တရက် ထသွားပုံမျိုး စောင်းနေ၏။ ပြတင်းပေါက်ဘောင်ပေါ်မှာတော့ ဆေးလိပ်ပြာခွက် ရှိပြီး စီးကရက်တလိပ်ကို မသောက်ဘဲ ညှိထားခဲ့သဖြင့် ပြာဖြစ်နေသော်လည်း အရာမယွင်းချေ။

ဂျထ် ဒီကနေ ထိုင်ကြည့်နေခဲ့တာပဲ။ ဘာကို စောင့်ကြည့်နေခဲ့တာပါလိမ့်။ ငါအိမ်ပြန်လာတာကိုပဲ ဖြစ်မှာပေါ့။ ဒါပေမဲ့ သူမမြင်လိုက်ဘူး။ တနည်း နည်းနဲ့ မမြင်ခဲ့လိုက်ဘူး။

တတန်းတည်း စီထားသော ဘီယာလေးဘူးကို တချက်လှမ်းကြည့် မိသည်။

ဒါလောက် သောက်ရုံနဲ့တော့ အိပ်ပျော်မသွားလောက်ပါဘူး။ အိမ်သာတွေ ဘာတွေများ ထသွားတာလား။ မတော်တဆလို့ ပြောလို့ မရအောင် သပ်ရပ်လွန်းနေတာကိုက တခုခုဖြစ်ခဲ့မှန်း ပြနေတာမဟုတ်လား။

ရွှံ့ခြေရာတွေက ပြတင်းပေါက်နားက ကုလားထိုင်ရှိရာ ကပ်လာပြီး လူကြီးခြေရာနှင့် မေးမိန်သော ကြောင်ခြေရာအနည်းငယ်ကို တွေ့ရ၏။ မသိလျှင် ချာ့က ဂေ့ဂျ်ရှူးဖိနပ်လေးတွေ ချီလာပြီး ဟိုသည်ချထားခဲ့သလိုလို။ ထို့နောက် ခြေရာတွေက မီးဖိုချောင်ဆီ ဦးတည်သွားသည်။

ခြေရာနောက် လိုက်ရင်း သူ့နှလုံးက တဒိတ်ဒိတ် ခုန်လာ၏။

တံခါးရွက်ကို တွန်းဖွင့်လိုက်တော့ လုပ်ငန်းခွင်ဝတ်စုံအစိမ်းရောင် ဘောင်းဘီ ဝတ်ထားသော ဂျထ်၏ ခြေထောက်ကို မြင်ရသည်။ အဘိုးကြီး ခမျာ ခြောက်သွေ့စပြုနေသည့် သွေးအိုင်ထဲ ခြေကားရားလက်ကားရား လဲ နေ၏။ ဂျထ်အဖြစ်ကို မကြည့်ရက်သည့်အလား မျက်နှာကို အုပ်ဖို့ လက်မြှောက်လိုက်သော်လည်း မအုပ်ချေ။ အုပ်စရာလည်း မလိုအပ်ပါ။ ဂျထ်သည် သူ့ကို စွပ်စွဲနေသည့်အလား မျက်လုံးများ ပွင့်နေ၏။ တကယ်တော့ သည်လိုဖြစ်ရခြင်းကို ဂျထ်က စွပ်စွဲနေခြင်း မဟုတ်။ သူ့ကိုယ်သူ စွပ်စွဲနေ ခြင်းသာ ဖြစ်၏။

သူလုပ်တာလား။ တကယ်ပဲ သူလုပ်ခဲ့တာလား။

ဂျထ်ကို စတန်လေက ပြောပြခဲ့သည်။ စတန်လေကို သူ့အဖေက ပြောပြခဲ့သည်။ စတန်လေ့အဖေကို သူ့အဘိုးဖြစ်သူ အင်ဒီးယန်းတို့၏ နောက်ဆုံးမျိုးဆက်ဖြစ်သော မြောက်ပိုင်းဒေသမှ ပြင်သစ်ကြီးတဦးက ပြောပြခဲ့သည်။ ထိုဒေသမှာ ဖရန်ကလင်ပီးယာ့စ် သမ္မတလုပ်ခဲ့ဖူးသည်။

"ဆောရီးပါ ဂျထ်ရယ်"

သူ ခပ်တိုးတိုး ရေရွတ်မိသည်။ ဂျထ်၏ ဗလာမျက်လုံးတွေက သူ့ကို စိုက်ကြည့်နေသလိုလို။

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

ခြေဦးက နောက်သို့ အလိုလို လှည့်ထွက်မိလျက်သား ဖြစ်သွား၏။ ရုတ်တရက် ကျေးဇူးတော်နေ့ညကို ပြန်အမှတ်ရလာသည်။ တိရစ္ဆာန်သင်္ချိုင်းသို့ သွားကြသည့် ည မဟုတ်။ နော်မာနှင့်အတူ တစားပွဲတည်း ပျော်ပျော်ပါးပါး ညစာထိုင်စားကြသည့် ည။ သူတို့နှစ်ယောက် ဘီယာ သောက်နေချိန်မှာ နော်မာက ဝိုင်ဖြူတခွက်နှင့် အကျအန။ သူမက အဖြူ ရောင် စားပွဲခင်းတခု အံဆွဲထဲက ထုတ်ခင်းပေးခဲ့သည်။

လူးဝစ်က အံဆွဲထဲမှ စားပွဲခင်းကို ထုတ်ကာ ဂျထ်၏ အလောင်းပေါ် မျက်နှာဖုံးသည်အထိ အုပ်ပေးလိုက်၏။

"ဆောရီးပါဗျာ။ ကျွန်တော်လေ..."

တတိယအကြိမ်မြောက် တောင်းပန်စကား ဆိုလိုက်စဉ် ခေါင်းအထက်မှ တစုံတရာ ရွေ့လျားသွားသံ ကို ကြားလိုက်ရသဖြင့် တပိုင်းတစနှင့် ရပ်တန့်သွား၏။

ညင်သာ၍ ခိုးကြောင်ခိုးဝှက် ရွေ့လျားသွားသံ။ ထိုအသံထွက်အောင် တမင်တကာ လုပ်လိုက်ခြင်းဖြစ်၏။ သူမျှော်လင့်စောင့်စားနေသည့် အသံ။

သူ့ပလက်တို့ တုန်ယင်လာသော်လည်း ထိန်းလိုက်၏။

စားပွဲကို ကျော်ဖြတ်ရင်း အိတ်ကပ်ထဲ လက်နှိုက်ကာ မြင်းတကောင်သို့မဟုတ် ဟန်ရတီလို နွားသိုးတကောင် ဘိုင်းခနဲ လဲသေသွားစေလောက်သည့် မော်ဖင်း ပမာဏထည့်ထားသော ဆေးထိုးအပ်တွေကို စမ်းကြည့်လိုက်သည်။

မီးဖိုချောင်မှ ထွက်၊ ညေ့ခန်းကို ဖြတ်ကာ လှေကားခြေရင်းမှာ မတ်တတ်ရပ်၍

"ဂေ့ဂျ်" ဟု ခေါ်လိုက်၏။

မှောင်ရိပ်ကျနေသော တနေရာက တခစ်ခစ်ရယ်သံ ထွက်လာသည်။ ကြက်သီးဖြန်းဖြန်း ထ၍ လည်ကုပ်မွေးတွေ ထောင်သွားစေသည့် အေးစက်သော ရယ်သံ။

သူ တောင့်ခနဲ ဖြစ်သွား၏။

လက်တဖက်ကို အိတ်ကပ်ထဲ နှိုက်ရင်း အိမ်ပေါ်ထပ်က နံရံကို သတိနှင့်စောင့်ကြည့်ကာ လှေကားထိပ်ပေါ် တက်ရတာ ကြာညောင်းလှသည်ဟု ထင်၏။ ဂေ့ဂျ်တယောက် ထိုနေရာမှာ ဘယ်လောက် ကြာအောင် ရပ်စောင့်နေခဲ့သလဲ မသိ။

စိတ်ဖောက်ပြန်သွားခြင်း မဟုတ်မှန်းလည်း သူ့ကိုယ်သူ သိသည်။ အမှန်တကယ် ဖြစ်ပျက်နေမှန်း စိတ်က သိနေ၏။

“ဖလော်ရီဒါကို ဖေဖေနဲ့ လိုက်မယ်မလား ဂေ့ဂျ်”

တခစ်ခစ်ရယ်သံ ထွက်လာပြန်သည်။

အိမ်ပေါ်ထပ်ကြမ်းပြင်ကို စမြင်ရသောအခါ တခါက နှင်းဆီပန်းတပွင့် ကိုက်၍ ချစ်သက်လက်ဆောင် ပေးဖူးသော ဇနီးသည် ရေချယ်တယောက် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရ၏။ သူမ၏ ခြေထောက်များက ဂျထ် လိုပင် ကိုးရိုးကားရား ဖြစ်နေသည်။ ရေချယ်သည် အိပ်ရာပေါ်မှာ စာဖတ် နေသည့် မိန်းမတယောက်ပုံစံမျိုး နံရံဘက် မျက်နှာမူကာ ဘေးတစောင်း လဲနေ၏။

အချစ်ရေ မင်းအိမ်ပြန်ရောက်ပြီလေ။

သူ၏ ခွဲစိတ်ဓားဖြင့် အချက်နှစ်ဆယ်ကျော်လောက် အထိုးခံရသဖြင့် သွေး စက်များက နံရံကပ်စက္ကူပေါ်မှာ ပုံပျက်ပန်းပျက် စွန်းကွက်နေသည်။ ရေချယ့်ကို ရုတ်တရက် မြင်လိုက်ရသည့်ခဏမှာ အားခနဲ စူးရှစွာ အော်ဟစ် လိုက်မိ၏။

တအော်တည်း အော်နေသော သူ့အသံက အိမ်ထဲမှတဆင့် တိရစ္ဆာန် သင်္ချိုင်းနောက်ကွယ်ရှိ မစ်မက် သုသာန်အထိ ပဲ့တင်ထပ်သွားသည် ထင်ရ၏။ ဆံပင်မွေးတွေ ထောင်လာသလို ခံစားရပြီး မျက်လုံးအိမ်မှ မျက်စိကျွတ်ထွက်မတတ် မျက်နှာကြီး နီမြန်းလာသည်အထိ အော်သည်။ သွက်သွက်ခါ ရှုံးသွပ်သွားသည့်နှယ် လည်ချောင်းကို ခြစ်ကုပ်၍ အော်နေသော သူ့အသံက ငရဲခေါင်းလောင်းများ ထိုးနေသည့်အလား ကျယ်လောင် စူးရှလှသည်။

ထိုအော်သံကြောင့် ကတ္တီပါကော်ဇောပေါ် လဲကျသေဆုံးသွားသော ဗစ်တာ ပတ်စ်ကောင်း၊ ပလတ်စတစ်အိတ် အစိမ်းစများ ကပ်ငြိလျက် အိမ်ပြန်လာသောချာ့၊ လမ်းပေါ်မှာ ကျနေသော သွေးကွက်များနှင့် ဂေ့ဂျ်၏ ဘေ့စ်ဘောကပ်ဦး ထုပ်လေး၊ အထူးသဖြင့် အသေကောင်များကို ထိလိုက်သည် နှင့် ပြန်လည် နိုးထနိုင်စွမ်းရှိသည့် ဘုရားလေးအိုင်မှာ မြင်ခဲ့ရသော မြောက် ပိုင်းဒေသက ဝမ်ဒီဂိုးဆိုသည့် မျက်လုံးအဝါနှင့် ဘာမှန်းမသိသော သတ္တဝါ ကြီး၊ စသည့် စိတ်ထဲမှာ ကြိတ်မှိတ်ဖုံးကွယ်ထားသော ပုံရိပ်များ တမဟုတ် ချင်း လွင့်ထွက်သွားသယောင်ယောင်။ ရေချယ်သည် အသတ်ခံခဲ့ရရုံတင် မဟုတ်။ တစုံတရာက သူမကို အပိုင်ယူခေါ်ဆောင်သွားခဲ့လေပြီ။

ကလစ်...။

ထိုကလစ်ခနဲ မြည်သံသည် တံခါးတချပ် ပွင့်ဟသွားသံဖြစ်သလို သူ့ ခေါင်းထဲက ထွက်ပေါ်လာသော အသံလည်းဖြစ်၏။ ဖျူစ့်ပြတ်၍ ဖောင်းခနဲ မီးထတောက်သည့်နှယ် အသိစိတ်တို့ ဖျတ်ခနဲ လွတ်ထွက် ကင်းကွာသွား ရာမှ သောကမီးလျှံတို့ ဟုန်းခနဲ ထ၀ရ လောင်မြိုက်တော့မည့် အသံ ဖြစ်၏။

လည်ချောင်းခြစ်၍ အော်ဟစ်ရင်းမှ နားဝေတိမ်တောင်နှင့် မော့ကြည့်တော့ သူ့ရှေ့မှာ မတ်တတ်ရပ်နေသော ဂေ့ဂျ်ကို မြင်ရသည်။ မကောင်းဆိုးဝါးဆန်စွာ

မဲ့ပြုံးပြုံးနေသည့် ငှေ့ဂျဲ၏ နှုတ်ခမ်းမှာ သွေးစများစွန်းနေပြီး မေးစေ့မှ တစက်စက် ကျနေ၏။ လက်တဖက်မှာတော့ လူးဝစ်၏ ခွဲစိတ်ဓားကို ကိုင်ထားသည်။

ငှေ့ဂျဲက သူ့ကို ဓားဖြင့် ထိုးစိုက်လိုက်ရာ ခေါင်းထဲမှာ ဘာအတွေးမှ မရှိတော့ဘဲ တွန်းထုတ်ပစ်လိုက်၏။ ဓားက သူ့မျက်နှာကို ရှပ်၍ ထိသွားသည်။ ငှေ့ဂျဲလည်း ဟန်ချက်ပျက်သွား၏။ သူလည်း ချာ့လို ဒယီးဒယိုင်ပါလားဟု အတွေးဝင်လာသဖြင့် ခြေထောက်ဖြင့် ဆောင့်ကန်ချလိုက်ရာ ငှေ့ဂျဲခများ ပုံပျက်ပန်းပျက် လဲကျသွားလေ၏။ ငှေ့ဂျဲပြန်ထမလာခင် လူးဝစ်က အပေါ် မှ နေ၍ ဓားကိုင်ထားသော လက်ကို ဒူးတဖက်ဖြင့် ဖိထားလိုက်သည်။

"မလုပ်နဲ့။ မလုပ်နဲ့။ မလုပ်နဲ့"

ထိုအရာက မျက်နှာကို ရှုံ့မဲ့၍ ရုန်းကန်ရင်း အော်သည်။ ၎င်း၏ အကြည့် က အင်းဆက်တကောင် လူသားတွေကို မုန်းနေသလိုမျိုး။ လူးဝစ်က ဆေးထိုးအပ်ကို လိုက်စမ်း၍ တချောင်းဆွဲထုတ်လိုက်သည်။ မြန်မြန်လုပ် မှ ဖြစ်မည်။ သူ့အောက်က သတ္တဝါသည် ငါးတကောင်လို ချော်ထွက်ဖို့ ရုန်းကန်နေသော်လည်း ခွဲစိတ်ဓားကိုတော့ မလွှတ်။

၎င်း၏ မျက်နှာသည် လှိုင်းဂယက်ထကာ အသွင်အမျိုးမျိုး ပြောင်းလဲ နေ၏။ ဂျထ်၏ အလောင်းမှ မျက်စိအပွင့်သားနှင့် မျက်နှာဖြစ်သွားလိုက်၊ ဗစ်တာပတ်စ်ကောင်း၏ ရုပ်ပျက်ဆင်းပျက် မျက်နှာဖြစ် သွားလိုက်နှင့် တချို့ တွင် လူးဝစ်၏ ဖြူဖျော့ရှုံးသွပ်နေသော ကြောက်စရာမျက်နှာအသွင် ပြောင်းသွားရာ မှန်ကြည့်နေရသည်နှင့် တူ၏။ ထို့နောက် တောအုပ်ထဲမှာ တွေ့ခဲ့သော သတ္တဝါ၏ မျက်နှာဖြစ်သွား၏။ ထိုအခါ မျက်လုံးအဝါကို ပြူး၍ လျှာအရှည်ကြီးကို တစ်လစ်ထုတ်ကာ ရှီးခနဲ မာန်ဖီသည်။ လက်ကို ပုတ် ထုတ်လိုက်သဖြင့် ဆေးထိုးအပ် ပြုတ်ကျကာ ကြမ်းပြင်အတိုင်း လိမ့် သွား၏။ သူက နောက်တချောင်းကို လှမ်းဆွဲ၍ ငှေ့ဂျဲ၏ ကျောသေးသေးလေးကို စိုက်ချလိုက်သည်။ ထိုအခါ ယင်းသတ္တဝါက အော်ဟစ်၍ တွန့်လိမ် နေသဖြင့် လူးဝစ်ပင် လွင့်ထွက်သွားတော့မလို ဖြစ်သွား၏။ လူးဝစ်က မောဟိုက်နေသည့်ကြားမှ ဆေးထိုးအပ် နောက်တချောင်းကို လှမ်းဆွဲကာ ဖိ ထားသော ငှေ့ဂျဲလက်မောင်းကို စိုက်ချ၍ ထိုးသွင်းလိုက်ပြီး ကိုယ်ပေါ်မှ ဖယ်၍ နောက်သို့ တဖြည်းဖြည်း ဆုတ်သွားသည်။

ငှေ့ဂျဲက ဖြည်းညင်းစွာ ထရပ်ပြီး သူ့ဆီကို ဓားဖြင့် ရွယ်၍ ဒယီးဒယိုင် ရှေ့တိုးလာသည်။ ငါးလှမ်းခန့် လှမ်းပြီးသည့်နောက် လက်ထဲမှဓား လွှတ်ကျကာ ကြမ်းပြင်မှာ ဒုတ်ခနဲ သွားစိုက်၏။ ဆယ်လှမ်းခန့် လှမ်းပြီးသည့် နောက် မျက်လုံးထဲက ဝါကျင့်ကျင့်အရောင် မှိန်ဖျော့လာပြီး ဒူးထောက်ကျ သွား၏။

ငှေ့ဂျဲက သူ့ကို မော့ကြည့်သည့်အခိုက် ငှေ့ဂျဲအစစ်ကို မြင်ရသလို ခံစားရသည်။ သား၏ မျက်နှာသည် နာကျင်မှုကြောင့် စိတ်မချမ်းမသာ ဖြစ်နေ၏။ ငှေ့ဂျဲက "ဖေဖေ" ဟု တချက်အော်ကာ ကြမ်းပြင်ဆီ မျက်နှာအပ်၍

မှောက်လျက်လဲကျသွားလေသည်။

လူးဝစ်က ခဏလောက် မတ်တတ်ရပ်ကြည့်နေပြီး တခုခုလုပ်စားရန် ကြိုးစားသည်ဟု သံသယဝင်မိသောကြောင့် ဂေ့ဂျ်အနားသို့ ဂရုတစိုက် တိုးကပ်သွား၏။ သို့သော် လှုပ်စားခြင်းလည်း မဟုတ်၊ ရုတ်တရက်လည်း ခုန်ထမလာချေ။ ဂေ့ဂျ်၏ လည်ပင်းအောက်ကို လက်လျှို၍ စမ်းကြည့်လိုက်သည်။ ဘာလှုပ်ရှားမှုမှ မရှိ။ ပြီးသွားပြီ။ လူးဝစ်သည် စကြ်န်ထောင့်တနေရာဆီ တရွေ့ရွေ့ လျှောက်သွားပြီး လှဲချလိုက်သည်။ ထို့နောက် ဘောလုံးတလုံးကဲ့သို့ ဒူးတုပ်၍ တင်းကျပ်စွာ ခွေနေလိုက်၏။ လက်မကို ပါးစပ်ထဲ ထည့်ရင်း သူ့ကိုယ်သူ သေးငယ်သွား သလို ခံစားရသည်။

နှစ်နာရီကျော် ကြာအောင် ထိုအတိုင်း နေပြီးနောက် အမှောင်ဖုံးနေသော စိတ်ကူးလေးတခု ခေါင်းထဲ ရောက်လာသည်။ သို့နှင့် ပါးစပ်ထဲက လက်မကို ပလွတ်ခနဲ ထုတ်ကာ သူ့ကိုယ်သူ ပြန်လွှတ်ပေးလိုက်လေ၏။ သူသည် ဂေ့ဂျ်ပုန်းနေသော အခန်းထဲမှ အိပ်ရာခင်းစကို သွားယူကာ ဇနီးသည်၏ အလောင်းကို တယုတယ လိပ်ပတ်လိုက်သည်။ သူ့နားထဲမှာ အသံ တွေ ကြားနေရသော်လည်း ဘာမှ နားမလည်ချေ။

****

ဂျထ်၏ ကားရုံထဲမှာ ငါးဂါလံ ဓာတ်ဆီပုံးအနီကို ရှာတွေ့သည်။ လိုထက် တာတောင် ပိုနေသေးတော့။ သူက ဓာတ်ဆီကို ဂျထ်လဲလျောင်းရာ မီးဖိုချောင်ထဲက စဖြန်းသည်။ ထို့နောက် ဧည့်ခန်းရှိ ကြမ်းခင်းနှင့် ဆိုဖာခုံ၊ မဂ္ဂဇင်းစာအုပ်ပုံ၊ ကုလားထိုင်များမှသည် အိမ်နောက်ဖေးက အိပ်ခန်းအထိ လိုက်ဖြန်းသည်။ တအိမ်လုံး ဖုံးနေသော ဓာတ်ဆီနံ့က မွှန်ထူပြင်းထန် လှ၏။

ဂျထ်၏ မီးခြစ်ဆံများက အိမ်တံခါးဝရှိ ကုလားထိုင်ဘေးက စီးကရက်ဘူး ပေါ်မှာ တင်လျက်သား။ လူးဝစ်က မီးခြစ်ဆံတချောင်းကို ညှိကာ တောက် ထုတ်လိုက်ရာ ချက်ချင်းလိုလို မီးတောက်ကြီးတစ်ခု ဟုမ်းခနဲ ထတောက် လာ၏။ မီးအပူရှိန် ပြင်းထန်လှသဖြင့် အရေပြားတွေ သေးကျုံ့သွားသလို ခံစားရ၏။ အိမ်တံခါးကို အကျအန ပိတ်လိုက်ပြီးနောက် ပေါ်တီကိုသို့ ထွက်ကာ နော်မာ့လက်ရာ ခန်းဆီးကန့်လန့်ကာ များမှတဆင့် အတွင်းက လိမ္မော်ရောင်မီးတောက်များကို ကြည့်နေလိုက်သည်။ အပြင်ကို ထွက်ရန် ပြင်ပြီးမှ ပေါ်တီကိုမှာ ဂျထ်နှင့် သူတို့ ဘီယာသောက်ခဲ့ဖူးတာကို သတိရမိ သဖြင့် ခဏရပ်၍ အိမ်ထဲမှာ လောင်မြိုက်နေသော မီးတောက်သံကို နားစွင့်သည်။ ထို့နောက် အိမ်အပြင်သို့ ထွက်သွားလေ၏။

*****

အခန်း (၆၂)

လူးဝစ်အိမ်ဘက် လှည့်ဝင်လာသော စတိဗ်မာစတာတန်သည် လမ်းထဲ မရောက်ခင်မှာပင် မီးခိုးများကို လှမ်းတွေ့ရသည်။ သို့သော် မီးခိုးတွေက လူးဝစ်တို့အိမ်မှ မဟုတ်။ လမ်းတဖက်ရှိ အိမ်မှ ဖြစ်သည်။

လူးဝစ်ကို အလွန်အမင်း စိတ်ပူနေသဖြင့် လိုက်လာခြင်းပင်။ တနေ့က လူးဝစ်ဘယ်ရောက်နေလဲ မသိဟု ရေချယ် ဖုန်းဆက်လာကြောင်း ရှာရီတန် က သူ့ကို ပြောပြသည်။ အခုတော့ သိရပြီ။ စိတ်ပူသင့်၊ မပူသင့် မသေချာ သော်လည်း အပြင် ထွက်လာသည်အထိ စိတ်တထင့်ထင့် ဖြစ်နေ၏။

နွေဦးရာသီဆိုလျှင် လူနာဆောင်က ပါးသည်။ ဆာရန်းဒရားက လိုက်သာ သွားပါ။ ကျန်တာ သူ့တာဝန်ထားဟု ဆိုသဖြင့် စတိဗ်မာစတာတန်က ကားပေါ် အပြေးအလွှား တက်၍ လိုက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် ပြီးခဲ့သည့် ဆောင်းတွင်းက ပတ်စ်ကောင်းအမှုလို အားလုံး နောက်ကျသွားပြီဟု စိတ် ထဲမှာ တနုံ့နုံ့ ဖြစ်နေ၏။ ထိုစဉ်ကလို ခံစားချက်မျိုး ပြန်ရနေသည်ကို အံ့ အားလည်း သင့်၊ စိတ်လည်း ရှုပ်မိသည်။ တကယ်တော့ သူသည် ဘာသာတရားကို နည်းနည်းကလေးမျှ ယုံကြည်သက်ဝင်သူ မဟုတ်ချေ။ ကောလိပ်တုန်းက semester နှစ်ခုစာလောက်အထိ ဘာသာမဲ့အဖွဲ့အစည်း တခုမှာ ပါဖူးသော်လည်း ယင်းမှတ်တမ်းရှိလျှင် ဆေးကျောင်းဆက်တက် ဖို့ စကောလားရှစ် ပြုတ်တတ်သည်ဟု တိုးတိုးတိတ်တိတ် ကြားသိရသဖြင့် ထွက်လိုက်သည်။ သို့သော် သူလည်း အခြားသော လူသားများလိုပင် အတိတ်နိမိတ်တချို့ကို သိရှိခံစားရပုံ ပေါ်သည်။

ပတ်စ်ကောင်း သေဆုံးမှုက တနှစ်တာလုံးရှိ အခြားအမှုတွဲများမှာပါ တနည်းတဖုံ လာခိုက်နေသလားဟု သံသယဝင်မိသော်လည်း ထို အတွေးကို အမိပ္ပာယ်မရှိဟု ထင်၏။ ဆာရန်းဒရား၏ အမျိုးနှစ်ယောက်မှာ နိုင်ငံရေးပြစ်မှုတခုကြောင့် ထောင်ကျသွားသည်။ ထိုအထဲမှ ဆာရန်းဒရား သိပ်ဂရုစိုက်သော ဦးလေးမှာ ကွယ်လွန်ရှာပြီဟု ယုံကြည်ကြောင်း သူ့ ကို ပြောပြ၏။ နူးညံ့သိမ်မွေ့သော အိန္ဒိယလူမျိုးတဦး ရှိုက်ကြီးတငင် ငိုတာ တွေ့တော့ စတိဗ်မာစတာတန် လန့်သွားမိသည်။ ရှားလ်တန်၏ မိခင် ကတော့ ရောဂါကြောင့် သားမြတ်ကို အရင်းမှ ဖြတ်ထုတ်လိုက်ရ၏။ စတိဗ် မာစတာတန်ကိုယ်၌ကတော့ ပတ်စ်ကောင်း သေပြီးကတည်းက နာရေး လေးခု တက်လိုက်ရသည်။ တဦးက ကားမတော်တဆမှုဖြင့် ကွယ်လွန် သွားသော သူ့ခယ်မဖြစ်သည်။ တူတယောက်မှာ အရက်ဝိုင်းတွင် မတော်တဆ လက်လွန်ပြီး သေသွား၏။ ပြီးတော့ အဘိုးတယောက်နှင့် အခု သူ့မိတ်ဆွေ၏ သားကလေး။

စတိဗ်မာစတာတန်က လူးဝစ်ကို အတော်ကြည်ညိုသဖြင့် လူးဝစ်တယောက် အဆင်မပြေပါ့မလား သေချာချင်သည်။ သည်လိုနှင့် လူးဝစ်တို့ခြံ ဝင်းထဲ ကားဝင်ရပ်ကာ တဖက်အိမ်ကို လှမ်းကြည့်မိသည်။ လူတယောက်က

ပေါ်တီကိုဆီ သွားကာ အိမ်တံခါးနား ကပ်ဖို့ ကြိုးစားရင်း အနောက်ပြန်ဆုတ်လာသည်ကို တွေ့ရ၏။ ခဏနေတော့ တံခါးအလယ်က မှန်ချပ်ကြီး အုန်းခနဲ ပွင့်ကာ မီးညွန့်တွေ ထွက်လာသဖြင့် ခုနကလူ အနောက်ပြန်ဆုတ်သွားတာ မှန်သည်ဟု ဆိုရမည်။ အကယ်၍ တံခါးသာ ဖွင့်ဝင်လို့ ရခဲ့လျှင် ကျောက်ပုစွန်ဟင်းချက်သလို ဖြစ်သွားမှာပင်။

ကားပေါ်မှ ဆင်းကာ မီးလောင်ပုံကို ငေးနေမိသဖြင့် လူးဝစ်ကို ခဏမေ့သွားသည်။ ဂျထ်တို့ ခြံဝင်းထဲမှာ ရစ်သီရစ်သီ လုပ်နေသည့် သူရဲကောင်းအလောင်းအလျာက လွဲလျှင် လူခြောက်ယောက် လောက်တော့ ရှိမည်။ ကြည့်နေရင်းမှ ပေါ်တီကိုနှင့် အိမ်ကြားက ပြတင်းပေါက်တွေပါ ဝုန်းခနဲ ပွင့်ထွက်ကုန်သဖြင့် မှန်စတွေ လွင့်ကျလာ၏။ ထိုအခါမှ သူရဲကောင်း အလောင်းအလျာက ခေါင်းငုံ့၍ သုတ်ခြေတင်ပြေးတော့သည်။ သူ့ပါးစပ်မှ “ကုန်ပါပြီဗျာ။ ကုန်ပါပြီ။ အထဲမှာ ဂျထ်သာ ရှိရင်တော့ သွားပြီ။ အိမ်ထဲမှာ ခွာတ်ဆီအိုးတွေ မထားပါနဲ့လို့ ပြောထားရဲ့သားနဲ့ဗျာ” ဟု အော်ဟစ်နေသံ က မီးလောင်၍ တဖျစ်ဖျစ် မြည်နေသံများကြားမှ ထွက်လာ၏။

ထိုသူအား မီးသတ်ကား ခေါ်ပြီးပြီလားဟု မေးရန် ပြင်လိုက်သော်လည်း တဖြည်းဖြည်း အနားကပ်လာသော ဥသြဆွဲသံများကို ကြားလိုက်ရသဖြင့် မမေးမိတော့ချေ။ လူးဝစ်ကို သတိရသွားသဖြင့် အိမ်ဘက်လှည့်လိုက်သည်။

လူးဝစ်သာ အိမ်မှာ ရှိလျှင် ထွက်လာမှာပဲ။

ထိုအခိုက် မျက်လုံးထောင့်မှတဆင့် တစုံတရာကို လှမ်းမြင်လိုက်၏။

လူးဝစ်တို့အိမ်အဝင်လမ်းမအဆုံးရှိ ကွင်းပြင်မှ ပြေပြေကလေး မြင့်တက်သွားသော တောင်ကုန်းတခု ရှိသည်။ မေလဖြစ်၍ တောထနေသော မြက်ပင်များက စိမ်းလန်းနေဆဲ။ သို့သော် မြက်တောထဲက ဖြတ်သွားလို့ ရသည့် လမ်းကြောင်းကို သူမြင်ရသည်။ ကွေ့ကောက်သွားသော ထိုလမ်း အတိုင်း ဆက်သွားလျှင် မိုးကုပ်စက်ဝိုင်းတဆုံး အပေါ်စီးမှ မြင်ရသည့် တောအုပ်ထူထူစိမ်းစိမ်းကြီးထဲ ရောက်သွားမည်ကို သူသိသည်။ ထိုမြက် တောထဲမှာ ဖျတ်ခနဲ ရွေ့လျားသွားသော ဖြူလွလွ အရာတခုကို မြင်လိုက် မိခြင်းဖြစ်သည်။ ထိုမြင်လိုက်သော အချိန်ခဏလေးမှာပင် ယင်းသည် အဖြူရောင် အထုပ်တခုကို ထမ်းသွားသော လူတယောက်မှန်း သူသိ လိုက်၏။

ဒါ လူးဝစ်ပဲ။

ရုတ်တရက် သူ့စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်လာ၏။

ဒါ လူးဝစ်ပဲ။ သူ့နောက်ကို မြန်မြန်လိုက်သွားတာ ကောင်းမယ်။ ဆိုး ဆိုးဝါးဝါးတွေ ဖြစ်သွားပြီ။ မင်းသူ့ကို လိုက်မတားရင် ဒီထက်ပိုဆိုးတာတွေ ဖြစ်လာတော့မှာ။

စတိဗ်မာစတာတန့်ခမျာ အိမ်အဝင်ဝ၌ မတ်တတ်ရပ်ရင်း ရှေ့တိုးရမလို နောက်ဆုတ်တော့မလိုနှင့် မဆုံးဖြတ်နိုင်ဖြစ်နေသည်။

မင်းကြောက်နေတာမဟုတ်လား။

ဟုတ်သည်။ သူကြောက်သည်။

ဘာအကြောင်းပြချက်မှ မရှိဘဲနှင့် ကြောက်နေမိ၏။ သေချာတာကတော့ သူ့ကို တခုခုက ဆွဲငင်နေသည်။ ဟုတ်သည်။ ထိုလမ်းကြောင်းမှာ ဆွဲငင်အားတခုခု ရှိနေ၏။ တောင်ကုန်း ပေါ် တက်ပြီးလျှင် တောအုပ်ကို ဆက်သွားချင်စိတ် ဖြစ်လာမှာလား မသိ။ လမ်းကတော့ တနေရာရာမှာ အဆုံးသတ်မှာပင်။

ဒါပေါ့။ လမ်းတိုင်းဟာ တနေရာရာမှာ အဆုံးသတ်ရစမြဲပဲ။

လူးဝစ်ကို ပစ်မထားနဲ့လေ ငကြောက်ရဲ့။ ခုလိုက်လာတာ သူ့ကို တွေ့ဖို့ မဟုတ်လား။ ဘာလဲ၊ ဟိုသောက်တောအုပ်ကို စူးစမ်းလေ့လာဖို့ လဒ်လိုကို လာတာလား။

"အဲဒီမှာ ဘာဖြစ်တာလဲ ရန်ဒီ"

သူရဲကောင်းအလောင်းအလျာက ရန်ဒီဆိုသူကို လှမ်းမေးသည်။

ရန်ဒီ့ ပြန်ဖြေသံက ဥသြဆွဲသံတွေနှင့်မို့ သဲသဲကွဲကွဲ မကြားရ။

"ကြောင်အသေပါ"

"မီးလောင်ပြီး သေနေတာလား"

"မီးလောင်လို့ သေတဲ့ပုံ မဟုတ်ပါဘူး။ သူ့ဘာသာ သေနေတာ"

စကားသံများကြောင့် ပြတ်တောက်သွားသော အတွေးစတို့ကို မကျေမချမ်း ဆက်တွေးသည်။ လမ်းတဖက်က အဖြစ်အပျက်နှင့် လူးဝစ်တို့ ဘာများ ဆက်နွယ်နေသနည်း။ မာစတာတန်က မီးလောင်သည်ကို ဂရုစိုက်မနေတော့ဘဲ တောအုပ်ဆီ သွားသော လမ်းကြောင်းအတိုင်း ခပ်သုတ်သုတ် လိုက်လာသည်။ တောစပ်ကို ရောက်တော့ ချွေးပြန်စ ပြုနေပြီ။ သစ်ပင်ရိပ်များကြောင့် အေးမြကာ သက်သာသွားသည်။ ဝက်သစ်ချနှင့် ထင်းရှူးပင်တို့၏ ချိုမြမြ သစ်ခေါက်နံ့၊ သစ်ရည်နံ့ကိုလည်း ရသည်။

တောအုပ်ထဲ ဝင်လိုက်မိသည်နှင့် သူစပြေးသည်။ ဘာကြောင့် ပြေးမိမှန်း လည်း သူ့ကိုယ်သူ မသိ။ သူ့နှလုံးက ဘာကြောင့် ပုံမှန်ထက် နှစ်ဆလောက် ပိုခုန်နေမှန်းလည်း မသိ။ သူ့အသက်ရှူသံက တရှိုက်ရှိုက် ဖြစ်လာ၏။ အဆင်းမှာ လမ်းရှင်းသဖြင့် လွှားခနဲ လွှားခနဲ ပြေးသွားလိုက်သည်။ ထို့နောက် ပုံမှန်ထက် ခပ်မြန်မြန် လျှောက်လာရင်း တိရစ္ဆာန်သင်္ချိုင်း ဟု ရေးထားသော ဆိုင်းဘုတ်ရှိရာ အပေါက်ဝသို့ ရောက်လာ၏။

မာစတာတန်သည် မြေကြီးမှာ ခရုပတ်ဗွေသဏ္ဌာန် အဝိုင်းများ ဝိုင်းထားသည့် သံဘူးခွံများ၊ ဘုတ်ပြားများကို ကြည့်ရင်း ခပ်ဝေးဝေးရှိ ပြန့်ပြူးသော မြေကွက်လပ်တခုဆီ အကြည့်ရောက်သွား၏။ ထိုနေရာတွင် မြေဆွဲအား ကို ဆန့်ကျင်ကာ မြေကြီးထဲမှ ထိုးထွက်နေဟန် တူသည့် သစ်ခြောက်ပုံကြီး တခုပေါ် တွယ်တက်နေသော လူးဝစ်ကို တွေ့ရသည်။

လူးဝစ်သည် မတ်စောက်သော သစ်ခြောက်ပုံကြီးထိပ်ဖျားဆီသို့

တလှမ်းချင်း အသာအယာ တက်သွား၏။ သူ့အသွင်က စိတ်ညို့ခံရသလိုလို၊ sleepwalking ဖြစ်နေသလိုလို။ လက်ထဲတွင် မာစတာတန် မျက်လုံးထောင့်က လှမ်းတွေ့လိုက်သည့် အဖြူရောင် အရာတခုကို ပွေ့ချီထား၏။

သေချာကြည့်လိုက်တော့ အဝတ်ဖြူပတ်ထားသော အလောင်းတလောင်း ဖြစ်နေတာ သေချာမြင်ရသည်။ တစွန်းတစ ထွက်နေသော ခြေတဖက် တွင် အနက်ရောင် ဒေါက်နိမ့်ရှူးဖိနပ်ကို ဝတ်ထားသဖြင့် လူးဝစ် ပွေ့ထားသော အလောင်းမှာ ရေချယ်မှန်း ရုတ်တရက် သဘောပေါက်သွား၏။ ထိုသို့ သော သေချာမှုကြောင့်လည်း ရူးချင်သလိုလို ဖြစ်လာ၏။ ပြီးတော့လည်း လူးဝစ်၏ ဆံပင်များ ဆွတ်ဆွတ် ဖြူနေသည်။

"လူးဝစ်..."

မာစတာတန် အော်ခေါ်လိုက်သော်လည်း လူးဝစ်က တုံ့ဆိုင်းမသွားဘဲ ဆက်တက်သွားလေရာ ထိပ်ဖျားကို ရောက်၍ တဖက်သို့ ပြန်ဆင်းရန် ပြင်နေ၏။ သို့သော် မာစတာတန်က မသိဘဲ ပြုတ်ကျတော့မှာပဲဟု ထင် လိုက်မိသည်။

အမလေး၊ ကံသီလို့။ ဒါပေမဲ့ မကြာခင် ပြုတ်ကျမှာပါပဲ။ ခြေထောက်ကျိုးပြီ…။

သို့သော် လူးဝစ်က ပြုတ်မကျသည့်အပြင် သစ်ခြောက်ပုံတဖက်ခြမ်းကို ရောက်သွားသဖြင့် မာစတာ တန်၏မြင်ကွင်းမှ ခဏပျောက်သွားသည်။ ပြီး နောက် သစ်ခြောက်ပုံ နောက်ကွယ်ရှိ တောအုပ်ရှိရာ ဆက်လျှောက်သွားသော လူးဝစ်ကို လှမ်းမြင်ရ၏။

"လူးဝစ်..."

ဤတကြိမ်တွင် လူးဝစ်က ပြန်လှည့်ကြည့်သည်။

မာစတာတန်သည် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကြက်သေသေသွား၏။

လူးဝစ်သည် ဆံပင်တွေသာ ဖြူနေသည် မဟုတ်။ မျက်နှာသည်လည်း အဘိုးကြီး တယောက်ကဲ့သို့ အိုမင်းရင့်ရော်သွားပါကလား။

ပထမတော့ လူးဝစ် မဟုတ်ဘူးဟုပင် ထင်လိုက်မိတော့မလို ဖြစ်သွားသည်။ လူးဝစ်က နှုတ်ခမ်းတွန့်ပြသည်။ သူ့အမူအရာကို ခဏနေတော့မှ သဘောပေါက်သွားသည်။ လူးဝစ်သည် သူ့အား ပြုံးပြဖို့ ကြိုးစားနေခြင်း ဖြစ်၏။

"စတိဗ်..."

လူးဝစ်လေသံက အက်ကွဲနေ၏။

"...ဟဲလို စတိဗ်။ ငါသူ့ကို သွားမြှုပ်မလို့။ ငါ့လက်နဲ့ ကိုယ်တိုင်မြှုပ်မှ ရမယ် ထင်တာပဲ။

မြှုပ်ပြီးတဲ့အထိဆို မှောင်သွားလိမ့်မယ်။ မြေကြီးက ကျောက်ခဲထူတယ်။ မင်းငါ့ကို ကူဖို့တော့ စိတ်မကူးထားပါဘူးနော်"

စတိဗ်မာစတာတန်တယောက် ပါးစပ်အဟောင်းသား ဖြစ်သွားသော်လည်း

ဘာစကားမျှ ထွက်ကျမလာချေ။ အံ့အားသင့်၍ ကြောက်ရွံ့ တုန်လှုပ်နေသော်လည်း လူးဝစ်ကို သူတကယ်ကူညီချင်ပါ၏။ အပေါ်ဘက် ရှိ တောအုပ်သည် ပုံမှန်မဟုတ်သည့် ဘာအရိပ်အယောင်မျှ မရှိ၊ သဘာဝ အတိုင်းပင်။

နောက်ဆုံး၌ စတိဗ်မာစတာတန်က အသံကို ခပ်ညြညြဖြစ်အောင် လုပ်ကာ...

"ဘာတွေ ဖြစ်ကုန်တာလဲ လူးဝစ်ရာ။ ဘုရား၊ သိကြားမလို့ ဘာတွေ ဖြစ်ကုန်တာတုန်း။ သူ...၊ သူ မီးထဲ ပါသွားခဲ့တာလားဟင်"

"ဝေ့ဂျ်တုန်းက အခြေအနေပေးဖို့ စောင့်လိုက်တာ ကြာသွားတယ်။ ငါစောင့်တာ ကြာသွားလို့ ထင်ပါရဲ့။ ဝေ့ဂျ်ထဲကို တခုခု ဝင်သွားတယ်။ ရေချယ် ကတော့ မတူဘူးလေ။ အဲဒီလောက်မှ မကြာသေးတာ။ အလုပ်ဖြစ်မယ်မှန်း သိတယ်"

လူးဝစ်ပုံစံက ပြောနေရင်း မဆိုစလောက် ဒယိမ်းဒယိုင် ဖြစ်သွားလေရာ မျက်တောင်မခတ်တမ်း ကြည့်နေသော စတိဗ်မာစတာတန်သည် လူးဝစ် တယောက် စိတ်ဖောက်ပြန်သွားပြီမှန်း ရှင်းရှင်းကြီး သိလိုက်ရ၏။ လူးဝစ်သည် လောကကြီးကို အဆုံးစွန်ထိ စိတ်ကုန်ကာ ရူးသွားရှာချေပြီ။ သို့သော် တနည်းနည်းနှင့်တော့ အသိစိတ်ကလေး အနည်းငယ် ကျန်နေပုံ ရ၏။

"ငါ့ကို ကူပေးမယ်ဆိုရင်လည်း ရပါတယ်"

"ကျွန်တော် ခင်ဗျားကို ကူညီချင်ရင်တောင် ဒီသစ်ခြောက်ပုံကြီးပေါ်ကို တက်မှ မတက်နိုင်ဘဲ လူးဝစ်ရယ်"

"ဩော် တက်လို့ ရပါတယ်။ သွက်တော့ သွက်ရမယ်။ အောက်ကို မကြည့်နဲ့။ လျှို့ဝှက်ချက်က အဲဒါပဲ စတိဗ်ရဲ့"

လူးဝစ်က ပြောပြီးပြီးချင်း လှည့်ထွက်သွားသဖြင့် စတိဗ်မာစတာတန်သာ လူးဝစ်နာမည်ကို တကြော်ကြော် အော်ခေါ်ရင်း ကျန်ရစ်ခဲ့၏။ လူးဝစ် ကတော့ တောအုပ်ထဲ ဆက်လျှောက်သွားသည်။ သစ်ပင်များကြားထဲ တဖျပ်ဖျပ် လွင့်သွားသော အဝတ်ဖြူစလေးကို ခဏသာ တွေ့လိုက်ရပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။

စတိဗ်မာစတာတန်က ဘာမှ စဉ်းစားမနေတော့ဘဲ သစ်ခြောက်ပုံကြီးဆီ ပြေးတက်သည်။ ပထမတော့ လက်ကို မြဲမြဲကိုင်ထားနိုင်မှ တွယ်တက်လို့ ရ မည် ထင်ခဲ့သည်။ နောက်တော့ ခြေဖဝါးကို ခပ်သွက်သွက် လှမ်းနိုင်ဖို့က အဓိကမှန်း သိသွား၏။ ဘယ်ကဘယ်လို လုပ်ရဲကိုင်ရဲသည့် စိတ်တွေ ဝင်လာသည် မသိ။ သူတက်နိုင်သည်ဟု ယုံကြည်လာသည်။ တက်လည်း တက်နိုင်ခဲ့၏။ ခပ်သွက်သွက် လှမ်းတက်ရင်းမှ သစ်ခြောက်ပုံထိပ်ဖျားကို သူ ရောက်သွားသည်။ ထိပ်မှာ ခဏရပ်ရင်း လူးဝစ်ဆင်းသွားသည့် လမ်းကိုမျှော်ကြည့်သည်။

ထိုအခါ ခပ်ဝေးဝေးမှာ ရောက်နေပြီဖြစ်သော လူးဝစ်က သူ့ကို ပြန်လှည့် ကြည့်ရင်း

"စကားပြောသံလိုလိုဘာလိုလို အသံတွေလည်း ကြားရတတ်တယ်။ ဒါတွေကလည်း ဟိုးအောက်ဘက် ပရော့စပက်မြို့ရှိရာ တောင်ဘက်ဆီ ဆင်းသွားကြတဲ့ တင်ကြီးငှက်တွေရဲ့ အသံတွေပါ။ လေကြောင်းသင့်ရာ လွင့်လာကြတာပေါ့။ ရယ်ရတယ်နော်"

"လူးဝစ်.."

သို့သော် လူးဝစ်က ပြန်လှည့်သွားသည်။ စတိဗ်မာစတာတန်က သူ့နောက်ကို ပြေးလိုက်၏။

ငါသူ့ကို ကူလို့ ရတာပဲ။ သူဖြစ်ချင်တာ အဲဒါဆိုရင် ငါကူညီပေးချင်တယ်။ ဟုတ်တယ်။ ဘာဆိုတာလဲ သိချင်တယ်။ သိပ်အရေးကြီးတာ တခုခုမို့ ဖြစ်မယ်။ လျှို့ဝှက်ချက်တခုလည်း ဖြစ်နိုင်တယ်။ မယုံကြည်နိုင်စရာ ဆန်းကြယ်တဲ့ ဖြစ်ရပ်တခုလည်း ဖြစ်နိုင်တယ်။

စတိဗ်၏ ခြေဖဝါးအောက်မှ သစ်ကိုင်းတချောင်းကျိုးသံ ဖြောင်းခနဲ ထွက်လာသည်။ ခြောက်ကပ်၍ ဖုန်ထူသော ထိုအသံသည် ပြိုင်ပွဲစရန် အချက်ပေးသည့် သေနတ်သံနှင့် တူ၏။ ထိုအသံကြောင့် စတိဗ်သည် သူ့ လုပ်ရပ်နှင့် ရောက်နေသည့်နေရာကို ပြန်အသိဝင်လာ၏။ ထိုအခါမှ အကြောက်တရားက သူ့ဆီ ခုန်ဝင်လာပြီး သူလိုက်နေမိသော လူးဝစ်ကို ပြန်သုံးသပ်ကြည့်သည်။ လူးဝစ်သည် မြင့်မတ်လှသော တောင်စွန်းတခု ပေါ်သို့ အိပ်ရာမှ ယောင်၍ လမ်းလျှောက်နေသလိုမျိုး နိုးနေလျက်နှင့် တက်နေ၏။

ရေချယ် သေပြီ။ လူးဝစ် သတ်လိုက်တာများလား။ သူက သွက်သွက်ခါအောင် ရူးနေပြီ။ ဒါပေမဲ့...။

သို့သော် သည်နေရာမှာ ရူးသွပ်ခြင်းထက် အဆမတန် ပိုဆိုးသော အရာတခု ရှိသေးသည်။ တောအုပ်ထဲရှိ တနေရာရာမှ သံလိုက်တုံးဖြင့် ဆွဲငင် နေသလိုမျိုး သူ့ဦးနှောက်ထဲက တခုခုကို ဆွဲငင်နေ၏။ ထိုအရာသည် ရေ ချယ့်ကို လူးဝစ်ခေါ်ဆောင်သွားသော နေရာဆီ သူ့ကို ဆွဲငင်နေ၏။

လျှောက်၊ လမ်းအတိုင်း လျှောက်သွား။ ဘယ်ကို ရောက်တယ်ဆိုတာ လိုက်ကြည့်ချေ။ မင်းကို ပြစရာ ရှိတယ် စတိဗ်။ လိခ်ဖောရက်စ်က ဘာသာမဲ့အဖွဲ့အစည်းမှာ မင်းကို ဘယ်တော့မှ မပြောပြတဲ့ အကြောင်းအရာပေါ့။

ထို့နောက် ယင်းသည် စတိဗ်ကို စိတ်မဝင်စားတော့သလိုမျိုး ထိုနေရာသို့ လာရန် မဖိတ်ခေါ်တော့။ စိတ်ထဲမှ ခေါ်သံပျောက်ကွယ်သွားသည်နှင့် စတိဗ်လည်း လူးဝစ်နောက်သို့ ဆက်မလိုက်တော့ဘဲ သစ်ခြောက်ပုံကြီးရှိရာသို့ ပြန်လှည့်ပြေးသည်။ အောက်ကို အမြန်ရောက်အောင် ကမန်းကတန်း ခုန်ဆင်းလိုက်သဖြင့် တချီတွင် ကြွပ်ဆတ်၍ သစ်ကိုင်းခြောက်ပုံထဲ ခြေ တဖက် ကျွံဝင်သွား၏။ စတိဗ်က အမြန်ပြန်ဆွဲနှုတ်လိုက်နိုင်သော်လည်း ချွန်ထက်သော သစ်ကိုင်းစများက ဘယ်ဘက်ခြေဖဝါးမှာ စီးထားသော စနီ ကာရှူးဖိနပ်ကို ဖောက်ဝင်ကာ အသားကို ရှသွားသောကြောင့် တိရစ္ဆာန် သင်္ချိုင်းမြေပြင်ကို

ရောက်သည်နှင့် လဲကျသွားသည်။

ထို့နောက် စတိဗ်က မတ်တတ်ပြန်ရပ်ကာ သူ့ကိုယ်သူ ငါဘာဖြစ်သွားတာ ပါလိမ့် သို့မဟုတ် တခုခုများ ဖြစ်ခဲ့သလားဟု ဇဝေဇဝါနှင့် ဘေးပတ်လည် ကို လိုက်ကြည့်နေမိသည်။ ခုနက ဖြစ်ခဲ့သမျှကို စိတ်ထဲမှာ အိပ်မက်တခု မက်နေသလို ခံစားရ၏။ ထိုအခိုက် သစ်ခြောက်ပုံကြီးနောက်ကွယ်ရှိ စိမ်းစို နေသော တောအုပ်ထဲမှ တဟင်းဟင်းနှင့် မခိုးမခန့် ရယ်သံကြီးတခု ပျံ့လွင့်လာသည်။ မည်ကဲ့သို့သော သတ္တဝါမျိုးက ဤမျှကြီးမားသော ရယ်သံကြီး ကို ဖန်တီးနိုင်မလဲ သူစဉ်းစားမရချေ။

စတိဗ်သည် ဖိနပ်တဖက် ချွတ်၍ ကြောက်လန့်တကြား အော်ပြေး လေ၏။ သို့သော် သူ့အသံက ထွက်မလာတော့ချေ။ သူသည် လူးဝစ်တို့အိမ် ရောက်သည်အထိ မရပ်မနား ပြေးသည်။ ကားပေါ် တက်၊ စက်နှိုး၍ လမ်းမ ပေါ် မောင်းထွက်သည်အထိလည်း အော်ဟစ်ဖို့ ကြိုးစား၏။

အော်ရွှန်နိုရှိ သူ့တိုက်ခန်းသို့ ပြန်ရောက်သောအခါ လဒ်လိုသို့ သွားခဲ့သည် ကို သူလုံးဝ မမှတ်မိတော့။ ကျောင်းက လူနာဌာနကို ဖျားနေကြောင်း ဖုန်း ဆက်လိုက်ပြီး ဆေးတလုံး သောက်ကာ အိပ်ပျော်သွားသည်။

သူသည် ထိုနေ့အကြောင်းကို မနက်အစောပိုင်း မက်တတ်သည့် အိပ်မက် များလွဲ၍ တကယ်ပင် မမှတ်မိတော့ချေ။ အိပ်မက်ထဲတွင် နှင်းခွဲမီးအိမ်လို ဝါကျင့်ကျင့် မျက်လုံးကြီးများနှင့် ဘာမှန်းမသိသော အရာတခုက သူ့ကို တို့ထိရန် လက်ညှိုးတချောင်း ထုတ်ရင်း လှမ်းလာသည်။ သို့သော် ထို အရာကြီးကို လောကမှာ အစစ်အမှန် တည်ရှိသည်ဟု သူမယုံကြည်ပေ။ ထိုအခါ ၎င်းသည် သူ့ကို တို့ထိရန် သီသီကလေး လိုတော့မှ မထိတော့ဘဲ လက်ပြန်ရုတ်သွားလေ၏။

ထိုအိပ်မက်ကြောင့် တခါတလေ ကြောက်လန့်တကြား အော်ဟစ်ရင်း မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အိပ်ရာက လန့်နိုးလာတတ်သည်။ ထိုအခါ မျိုး၌ “မင်းစိတ်ထဲမှာ မင်းကိုယ်မင်း အော်လိုက်တယ် ထင်မှာပေါ့။ ဒါပေမဲ့ တကယ်တော့ အဲဒါက ဟိုးအောက်ဘက် ပရော့စပက်မြို့ရှိရာ တောင်ဘက် ဆီ ဆင်းသွားကြတဲ့ တင်ကြီးငှက်တွေရဲ့ အသံတွေပါ။ လေကြောင်းသင့်ရာ လွင့်လာကြတာ။ ရယ်စရာကောင်းလိုက်တာနော်” ဟု အတွေးဝင်လာ၏။ ထိုအတွေးက ဘာကို ဆိုလိုမှန်း သူ့ကိုယ်သူပင် မသိသလို ထိုစကားကိုဘယ်နေရာမှာ ကြားခဲ့ဖူးသလဲ မမှတ်မိချေ။

နောက်တနှစ်တွင် စိန့်လူးဝစ်မြို့မှာ လျှောက်ထားသော အလုပ်တခု ရသွားသည်။ စတိဗ်မာစတာတန်သည် လူးဝစ်ခရိဒ်ကို နောက်ဆုံးအကြိမ် တွေ့ခဲ့ရပြီးနောက် အလုပ်ကြောင့် ပြောင်းရွှေ့သွားရချိန်အထိ လဒ်လိုမြို့ကို လုံးဝ မသွားတော့ချေ။

****

နိဂုံး

ထိုညနေစောင်းမှာ ရဲတွေ ရောက်လာ၏။ သူတို့က ဟိုမေးဒီမေး လျှောက်မေးသော်လည်း လူးဝစ်ကို သံသယဝင်သည့် လေသံမျိုး မရှိ။ ပြာများက ပူနွေးဆဲ၊ မီးလောင်မှုအဆင့်မည်မျှရှိမှန်း မသတ်မှတ်ရသေး။ သူတို့ တတွေ အိမ်ပြင်ဘက်မှာ စကားပြောပြီးကြတော့ ရဲများဘက်က ကျေနပ် သွားဟန် ရှိ၏။

လူးဝစ်ကတော့ ဦးထုပ်တလုံး ဆောင်းထား၏။ ဒါလည်း ကောင်းသည်။ အကယ်၍ သူ့ဆံပင်တွေ ဖွေးဖွေးဖြူနေသည်ကို တွေ့သွားလျှင် အပိုတွေ ထပ်မေးကြပေလိမ့်မည်။ ယင်းသို့ဆိုလျှင် အခြေအနေ ဆိုးသွားနိုင်၏။ ဥယျာဉ်ခြံမြေသုံး လက်အိတ်များလည်း စွပ်ထား၏။ ဒါလည်း ကောင်းသည်။ သို့မှသာ သူ့လက်မှာ သွေးတွေ ပေကျံနေသည်ကို သူတို့တွေ့ရတော့ မှာ မဟုတ်ချေ။

ထိုညမှာ သန်းခေါင်ကျော်သည့်တိုင်အောင် သူတယောက်တည်း ဖဲကစားသည်။

အိမ်သစ်ကို ဖဲဝေနေစဉ်မှာပင် အိမ်နောက်ဖေးတံခါး ပွင့်သွားသံကို ကြားရ၏။

ကိုယ်စိုက်သည့်အပင် ကိုယ်ရိတ်သိမ်းရမည်။ လိုချင်လျှင် ဝယ်ရမည်။

ကိုယ်ဝယ်ယူပြီးသော အရာကို ကိုယ်ပိုင်သွားပြီ။

ကိုယ်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မည်။

လူးဝစ် ထိုသို့ပင် တွေး၏။

သူ အနောက်ကို လှည့်မကြည့်ဘဲ လက်ထဲက ဖဲချပ်များကိုသာ စိုက်ကြည့်နေလိုက်သည်။ ဖြည်းညင်းစွာ ရှပ်တိုက်လျှောက်လာသော ခြေသံက အနားကို တဖြည်းဖြည်း ကပ်လာ၏။ ဖဲချပ်ပေါ်မှ ညှင်းကွင်းကို မြင်ရတော့ လက်ဖြင့် အုပ်ထားလိုက်သည်။

ခြေသံက သူ့နောက်တည့်တည့်မှာ ရပ်တန့်သွား၏။

အရာအားလုံး တိတ်ဆိတ်နေသည်။

သူ့ပခုံးပေါ် အေးစက်စက် လက်တဖက် ကျလာပြီး ပါးစပ်ထဲမှာ မြေကြီးအပြည့်နှင့် ပြောလိုက်သလိုမျိုး စူးရှအက်ကွဲသော ရေချယ့်အသံကို ကြားရ၏။

“ကိုရေ…”တဲ့။

လင်းခန့်

ဒီဇင်ဘာလ၊ ၂၀၁၉။

Whisper Of Words